ဓမ္မစက္ကဝိဟာရ
မိဂဒါဝုန် မြန်မာကျောင်းတိုက် မော်ကွန်း




THE PROCLAIMATION OF DHAMMACHAKKA VIHARA MIGADAWON MYANMAR TEMPLE

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ် - ၂၀၁၀

သာသနာတော်ထွန်းကားမြို့ပွားရေးဦးစီးဌာန
အမှတ် ၂၇၉၅၂၂
ရက်စွဲ

ဓမ္မစက္ကဝိဟာရ
မဟာဓိပုန် မြန်မာကျောင်းတိုက် မော်ကွန်း



DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ် - ၂၀၁၀

THE PROCLAIMATION OF DHAMMACHAKKA VIHARA MIGADAWON MYANMAR TEMPLE




Published by Migadawon Myanmar Temple
မှ ရိုက်နှိပ်ထုတ်ဝေသည်။

First edition - 2010, October, Printed 1000 copies
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၀ ..... လ၊ အုပ်ရေ ၁၀၀၀အုပ်။

Copyright © Migadawon Myanmar Temple
မူပိုင်ခွင့် @ မိဂဒါဝုန် မြန်မာကျောင်းတိုက်

Printed in India, by arrangement with Creative Design & Prints, Delhi
နိုင်ငံတွင် ရိုက်နှိပ်သည်။

All rights reserved. Please contact the above for permision to reproduce any portion of this book.
မူပိုင်ဆိုင်ခွင့်အားလုံးကို လက်ဝိုင်ထားသည်။ ဤစာအုပ်မှ အချို့အစိတ်အပိုင်းကို ပြန်လည်ရိုက်နှိပ်ဖော်ထုတ်လိုပါက အထက်ပါ မူလရိုက်နှိပ်ထုတ်ဝေသူထံမှ ခွင့်ပြုချက် တောင်းခံစေလိုပါသည်။



Venerable U Chandramani Mahthera


Founder & First Chief resident monk, Dhammachakka Vihara Migadawon Myanmar Temple

Second Chief resident monk, Kushinagar Burmese Buddhist Temple

ဆရာစောတော် ဦးစန္ဒြမဏိ-(၁၈၇၅-၁၉၇၂)

ကုသိနာရုံမြန်မာဗုဒ္ဓဘာသာကျောင်းတိုက် ဒုတိယကျောင်းထိုင်ဆရာတော်၊

မမွေစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက် စတင်တည်ထောင်သည့် ပထမဦးဆုံး ကျောင်းထိုင်ဆရာတော်



Venerable U Kittima

Second Chief resident monk

Dhammachakka Vihara Migadawon Myanmar Temple

ဆရာတော် ဦးကိတ္တိမာ-(၁၉၀၃-၁၉၈၃)

ဒုတိယကျောင်းထိုင်ဆရာတော်

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်



Venerable U Teikkheindriya


Third Chief resident monk

Dhammachakka Vihara Migadawon Myanmar Temple

ဆရာတော် ဦးတိက္ခိန္ဒြိယ-(၁၉၀၀-၁၉၈၇)

တတိယမြောက်ကျောင်းထိုင်ဆရာတော်

မမွစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်



Venerable U Wannadhaza (Maha Saddhamma Jotikadhaja)

Incumbent Chief resident monk

Dhammachakka Vihara Migadawon Myanmar Temple, Sarnath, Varanasi

ဆရာတော် ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ)

လက်ရှိကျောင်းထိုင်ဆရာတော်

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်

" ဓမ္မစက္ကဝိဟာရမိဂဒါဝုန် မြန်မာစေတီတော် "



"DHAMMACHAKKA VIHARA MIGADAWON MYANMAR TEMPLE"

စိုပြေဆင်ကူးစကားဦး

ဤစာအုပ်ဖြစ်ထွန်းလာခြင်းကို အမည်သညာခေါ် စရာအဖြစ် **'ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်မော်ကွန်း'** ဟူ၍ အနှစ်ချုပ်သိမှတ်စေလိုပါသည်။ ဤစာအုပ်၌ မိဂဒါဝုန်၏ အတိတ်မှ ပုံရိပ်နှင့် ပစ္စုပ္ပန်၏ဂုဏ်ဟိတ်တို့ကို မော်ကွန်းတင်ကြခြင်းသည် ဝေနေယျသတ္တဝါအနန္တ၏ ကျေးဇူးကြီးရှင် မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကို ချီးကျူးခြင်းနှင့် မြတ်ဗုဒ္ဓ၏ သာသနာတော်တစ်ခုလုံးအား (ရေအားစွမ်းအင်ဖြင့်) အမွှမ်းတင်ကြခြင်းဟုဆိုလျှင် သင့်မြတ်ပါမည်။

ကြည့်သူတို့သတိမထားမိ၊ ကသူတို့သာသိသော ဇာတ်ခုံပေါ်၌ ရှိတတ်သော အားနည်းချက် သဘာဝသည် မိဂဒါဝုန်မြန်မာကျောင်း မော်ကွန်း၌ ထင်ဟပ်နေမည်ကို ခံစားသိအသိမှ တစ်ဆင့် နားလည်မှု ပေးကြဖို့ ပြည်ဖုံးကား အဖွင့်ကာလကပင် စကားဦးအနေဖြင့် ညွှန်းဖွင့်စကားအဖြစ် ခွန်းဆင့်ကြားအပ်ပါသည်။

အားရှိ၊ အားမဲ့ မည်သည့်သားကောင်ကို မဆိုဖမ်းပါစေ ပင်ကိုယ် စွမ်းအားကို အပြည့်အဝ အသုံးချခြင်းသည် သားတို့သနင်းခြသော့်မင်းတို့၏ ထုံးတမ်းစဉ်လာ ဖြစ်ပါသည်။ ယင်းသဘောကို တရားဓမ္မ ဟောကြားရာ၌ 'ရှင်တော်မြတ်ဗုဒ္ဓ' သုံးချခဲ့ပါသည်။ကျွန်ုပ်တို့သည် အထက်ပါ သဘောကို ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်မော်ကွန်း ထုတ်ဝေခြင်း လုပ်ငန်း၌ ထင်ဟပ်စေခဲ့ရာ ချွတ်ယွင်း အားနည်းချက်သည် ပုထုဇဉ်တို့နှင့် ဆက်နွယ်သောအရာဟု ဝန်ခံ၍ 'သဒ္ဓါ'မှ ဆင့်ပွါးဖြစ်ပေါ် လာသော ကျွန်ုပ်တို့၏ စေတနာကို ကြီးမားမြင့်မြတ်သော ဒါနပါရမီစွမ်းအားဖြင့် အချီးညီစေလျှက် **'ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက် မော်ကွန်း'** ဟူသောအမည်ဖြင့် ဓမ္မဒါနအဖြစ် ထုတ်ဝေ ဖြန့်ချိလိုက်ရပါသတည်း။ ။ ။

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်းစာအုပ်ကော်မတီ

မာတိကာ

မျက်နှာစာကဏ္ဍ ဆောင်းပျူး

- မိဂဒါဝုန်စခန်းကဗျာ
  ဘဒ္ဒန္တ ကိတ္တိမာ ၂၃
- မိဂဒါဝုန် မြန်မာကျောင်းမော်ကွန်း
  ဦးမင်းကြည် ၂၄
- အလင်းပြသခင်၏ မြတ်မော်ကွန်း
  မြေလတ်မင်းလွင် ၂၅
- နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ် မိဂဒါဝုန်
  ဦးဝဏ္ဏဓဇ ၂၆
- ဓမ္မအလင်း
  မောင်ဘုန်းဝေ (တောင်ကုတ်) ၂၈
- အလင်းအိမ်
  တပည့်ဝတီပျံ (မဟာမြေ) ၂၈

ဂုဏ်ပြုကဏ္ဍ ဆောင်းပျူး

- ရင်ဖွင့်သံ
  မပေါက် + မသော် ၁၁၁
- မြတ်သာသနာ
  မောင်ယဉ်ပန် ၁၂၅
- အို-မြတ်အရှင်သို့ ကန်တော့ပန်း
  မောင်ယဉ်ဦး (ခနုဖြူ) ၁၃၅
- မြတ်ဆရာတော်
  သဇ္ဇာမြင့်ယဉ် ၁၄၃
- ဘဒ္ဒန္တဝဏ္ဏဓဇ သက်တော်(၆၀)ပြည့်ဂုဏ်ယူဖွာ
  အရှင်စန္ဒဝရ(မြောင်းမြ) ၁၆၄
- သံဝေဇနိယလေးဌာန
  ဧသေန်း ၁၇၄
- မြတ်နေရာ
  အင်္ဂလန်ဆရာတော် ဘဒ္ဒန္တဉာနိက ၁၇၅
- ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ
  ဦးမင်းကြည် (ဓမ္မာစရိယ ဘိအေ
  မဟာသဒ္ဓမ္မဇောတိကဓဇ) ၁၇၆
- မိဂဒါဝုန် မြန်မာကျောင်းနှစ်တစ်ရာပြည့်ပွဲတော်
  ဦးမောင်မောင်လေး ၂၄၁
- မိဂဒါဝုန်မြတ်ရိပ်မြုံ
  မောင်ဘုန်းဝေ (တောင်ကုတ်) ၃၂၉
- ဂုဏ်ပြုဖော်ညွှန်း တည်မော်ကွန်း
  ရွှေမှီ (ရွှေမှီပရိဘောဂ) ၃၃၀

- ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ၏ မိဂဒါဝုန်မော်ကွန်း
  မောင်ဘုန်းဝေ (တောင်ကုတ်) ၃၃၁
- ကုသိုလ်စိတ်ထား ပုံရိပ်များ
  တင်တင် (ရွှေမြို့ပရိဘောဂ) ၃၃၂
- အဝေးက ကန်တော့ပန်း
  တင်ရွှေဦး (ရွှေ့နေ) ၃၃၃
- မိဂဒါဝုန်အား ဂုဏ်ပြုပူဇော်ခြင်း
  မိဂဒါဝုန်မော်ကွန်းဝိုင်းတော်သားများ ၃၃၄

သာသနာ့မော်ကွန်းဆောင်းပါးများ

- ပုဒ္ဓမာတ်တော်များ ကမ္ဘာအနှံ့ခရီးဆန့်ပြီ
  အရှင်ကေလာသ (U.S.A) ၄၅
- ပရဟိတ အစ အဆုံး
  မဟာကုန္ဒာစာရ M.A(UK) ၅၄
- မျိုးစေ့လည်းမှန် အပင်သန်
  ညိုထွေး(ခေါ်)ဗိုလ်ချုပ်စိန်ထွား (ငြိမ်း) ၆၄
- ရွှေဝါရောင်လွှမ်း ဒီပါကျွန်းသို့
  အသျှင်သူရိယ(ပါဠိပါရဂူ-ဘီအေ) ၇၀
- မိဂဒါဝုန်ကျောင်းတိုက်နှင့် အမျိုးဘာသာစောင့်ထိန်းမှုများ
  မောင်ကျော်စိန် ၉၃
- ဖြည့်စွက်သင့်သော ကွက်လပ်တစ်ခု
  အရှင်သုစိတ္တာဘိဝံသ
  (နာယကချုပ် ဓမ္မာစရိယတက္ကသိုလ် ရန်ကုန်) ... ၉၇
- ပုဒ္ဓသာသနာတော်နှင့် သံဃရတနာ
  အရှင်သူရိယ (သာသနဓဇဓမ္မာစရိယ) ၁၂၀
- နိဗ္ဗာန်ဆိပ်ဦးနေရာထူးပေမို့
  အရှင်နန္ဒသေနာလင်္ကာရ
  ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်) ၁၂၃
- မိဂဒါဝုန်နှင့် လောကအမြင်သစ်
  ဦးပညာစက္ခ (အမ်း) Dip(B.Dh)B.A(Eng) ... ၁၂၆
- ထိုက်မှ တန်ပါသည်
  ဦးအောင်သိန်းညွှန့်(သာသနာရေး) ၁၃၀
- တန်ဖိုးသိသူတို့အတွက်သာ
  ခိုင်မြဝါ ၁၃၂
- မိဂဒါဝုန်မှ ရောင်ခြည်တော်များ
  မဟာရံသီ အရှင်ကဝိန္ဒ ၁၃၆

- ပုဒ္ဓဘာသာနှင့် ပုဒ္ဓဂယာ
  ခင်မောင်ထွေး(ပျဉ်းမနား)ပုဒ္ဓဂယာပြန်(၂၀၀၈).. ၁၃၉
- သားသမင်တို့ပျော်ရာ မိဂဒါဝုန်မှ သာသနာ့အာဇာနည်
  ခင်သန့်ဇင် (ရွှေတောင်ကြားရိပ်သာ) ၁၄၁
- မိဂဒါဝုန်
  ဂန္ဆဘုန်း (မင်္ဂလသုခ ပါဠိတက္ကသိုလ်) ၁၄၈
- ပျောက်ကွယ်လုဆဲ သာသနာမှသည်
  အရှင်ဓမ္မစက္က (သာသနဓဇ ဓမ္မာစရိယ) ၁၆၁
- ကျေးဇူးရှင်ဆရာတော်ကြီး အသျှင်စန္ဒိမာ
  ဦးကျော်စိန် ၁၆၅
- ကြည်ဖြူနှလုံးအေးနိုင်ပြီ
  လုမ္ဘိနီအင်ဂျင်နီယာ-ဦးမောင်မောင်လေး ၁၆၉
- ဆဋ္ဌသံဂါယနာတင်ပွဲတော်၌ ကုသိနာရုံဆရာတော်
  ဦးစန္ဒြမဏိ၏ သန္ဓေသကတာ
  အယ်ဒီတာအဖွဲ့ ၂၀၂
- ပန်းဝါခရီး
  အောင်ဆန်းတောရဆရာတော် ၂၀၃
- ဘဒ္ဒန္တ တိက္ခိန္ဒြိယ၏ သာသနာပြုခရီး
  ဦးကောသလ္လ(ရွှေပြည်သာ) ၂၃၂
- သာသနာပြုစိတ်
  အရှင်သုဇာတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ... ၂၃၅
- မဇ္ဈိမဒေသမှ စစ်မှန်ဖြူစင်မေတ္တာရှင်များ
  ရွှေအိမ်တော် မိရွှေသက် ၂၄၂
- ထူးခြားဂုဏ်ရှင် မှတ်တမ်းတင်
  သာကေတမြို့ ရွှေစာရံဆရာတော် ၂၅၀
- မမြင်မှီရှေးဦးက ကျေးဇူးပြုတတ်သောဆရာတော်
  အရှင်စန္ဒာဝရ(မြောင်းမြ) ၂၁၄
- ရက်ခဲတသဇင်ပြည်ဗာရာတွင်ပွင့်ပါသည်
  အရှင်သာသနသီရိ(မေယမြေ) ၂၁၇
- ဘဒ္ဒန္တဝဏ္ဏဓဇ၏ သာသနာပြုခရီး
  သီရိထွန်း ၂၃၂
- ပူဇော်ပွဲ
  မင်းကြည် (ဓမ္မာစရိယ၊ ဘီအေ) ၂၈၃
- ဘဒ္ဒန္တဝဏ္ဏဓဇ၏ မြန်မာပြည်ခရီးကျောင်းခြံမြေအလှူခံမှတ်တမ်း
  ဘဒ္ဒန္တသုဇာတ ၃၂၂

သမိုင်းမော်ကွန်းဆောင်းပါးများ

- ချုံမြဆင့်ကူးစကားဦး
  မိဂဒါဝုန်မော်ကွန်းစာအုပ်ကော်မတီ ၁၃
- မမွှစက္ကဝိဟာရ မြန်မာကျောင်းတိုက်မော်ကွန်းစာအုပ်
  ထုတ်ဝေခြင်းအကြောင်း
  စာတည်းအဖွဲ့ ၁၈
- ဘဒ္ဒန္တစန္ဒြမဏိရုပ်တုတော်နှင့် မော်ကွန်းစာ
  ဘဒ္ဒန္တဝဏ္ဏဓဇ ၂၉
- မိဂဒါဝုန်မြန်မာကျောင်းတိုက်အကြိုမော်ကွန်း
  မြတ်စွာန် ၅၀
- ဝသုန္ဓရေ
  နန္ဒိယ ၅၈
- မဟာတော်ဝင်ဘုရင်မျိုးနွယ်တော်များ
  သူမြတ် (မဟာအောင်မြေ) ၆၁
- မဇ္ဈိမဒေသ စတုတ္ထသံဂါယနာ မော်ကွန်းတင်
  မေဓပညာမော်ကွန်းလက်ာ
  မောင်ကျော်ကျော် ၇၆
- ရှေးခေတ် ရကၡသ္ဘဒေသ (အာရကန်)နှင့် သီတိုင်
  အိန္ဒိယနိုင်ငံသို့ သာသနာဆက်ဆံရေး
  သမိုင်းရှင် (မြောက်ဦး) ၉၉
- မိဂဒါဝုန်မမွှစက္ကြာမုဒြာနှင့် ရခိုင်ဗုဒ္ဓယဉ်ကျေးမှု
  ပါမောက္ခ၊ ဒေါက်တာစောထွန်းအောင် ၁၀၃
- မဇ္ဈိမဒေသယဉ်ကျေးမှုမှသည် ကစ္ဆပနှင့်အဥ္ဇနမဟီများဆီသို့
  ခိုင်ကျော်မျိုး (ဓညဝတီ) ၁၀၆
- ရခိုင်တို့၏ အတိတ်ကာလဂေါတမမြတ်စွာဘုရား မပွင့်မီနှင့်
  ပွင့်ပြီးစ တတိယဓညဝတီကာလ
  ဦးရွှေဇံ ၁၁၂
- ခေတ်သမိုင်းအလိုက် သင်္ကေတများ
  ခိုင်ကျော်ကျော် ၁၅၄
- မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ၏ ညှိနှိုင်းပွဲ
  မှတ်တမ်းမော်ကွန်း
  ဆရာတော်ဘဒ္ဒန္တသုဇာတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
  အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်
  ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း ၁၃၅

တရုပ္ပတ္တိ မဟာမော်ကွန်းဆောင်းပါးများ

- အာဇာနည်ပုဂ္ဂိုလ်ထူးများကို ပူဇော်ဝတ်ပြုခြင်း
  စာတည်းအဖွဲ့ ၃၆
- စန္ဒြမဏီဘာဘာ
  ပန်းချီမင်းညို ၁၇၇
- စန္ဒြမဏီ (သို့) အိန္ဒိယဗုဒ္ဓဘာသာနာမီးရှူးတန်ဆောင်ကြီး
  ဦးအောင်ထွတ် (ရန်ကုန်တက္ကသိုလ်) ၁၈၀
- ဘဒ္ဒန္တစန္ဒြမဏီ (သို့) မရှိမှအရှိသို့ ဖော်ဆောင်ပေးသူ
  ဒေါက်တာရာဇိန္ဒ ၁၉၁
- ဓမ္မစက္ကဝိဟာရကျောင်းတိုက်ကြီး တည်ထောင်သူ
  အရှင်စန္ဒြမဏီ(ဂုရု ဂုရု မဟာဂုရု)၏ သမိုင်းဝင်မှတ်တမ်းများ
  မောင်ကျော်ကျော် (သရီခြောင်း) ၁၉၆
- ဆရာတော်ဦးစန္ဒြမဏီ၏ ထေရုပ္ပတ္တိ
  အယ်ဒီတာအဖွဲ့ ၂၀၈
- ဆရာတော်ဦးကိတ္တိမာ၏ ထေရုပ္ပတ္တိ (၁၉၀၃-၁၉၈၇)
  ဦးသူရိယ ၂၁၉
- မိဂဒါဝုန် ဦးကိတ္တိမာ
  ကျော်လှိုင် ၂၂၄
- ဒုတိယမြောက်ဆရာတော် ဦးကိတ္တိမာ၏ ထေရုပ္ပတ္တိအကျဉ်း
  အယ်ဒီတာအဖွဲ့ ၂၂၈
- အသျှင်တိကွဲန္ဒြိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း
  ဦးရွှေဇံ ၂၃၀
- ဆရာတော်တိကွဲန္ဒြိယ ထေရုပ္ပတ္တိအကျဉ်း
  အယ်ဒီတာအဖွဲ့ ၂၃၃
- မိဂဒါဝုန်မှ သာသနာပြုဆရာတော်ဦးဝဏ္ဏဓဇ
  ဦးဘသွင် ၂၃၉
- စတုတ္ထမြောက် ဆရာတော်ဦးဝဏ္ဏဓဇ ထေရုပ္ပတ္တိ
  အယ်ဒီတာအဖွဲ့ ၂၆၄
- စတုတ္ထမြောက် ဆရာတော်ဦးဝဏ္ဏဓဇ ထေရုပ္ပတ္တိအကျဉ်း
  (မြန်မာ/အင်္ဂလိပ်) အယ်ဒီတာအဖွဲ့ ၂၆၉

ကွန်ပျူတာစာစီစာရိုက်

ဦးကျော်စိန်နှင့် 3 stars stationary copy & DTP -
အမှတ် ၂၃၊ ညောင်တုန်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်။

ကွန်ပျူတာ Layout ဒီဇိုင်း

ဦးသူရိယ (စာချ အောင်ဆန်းတောရ)
ကိုဇော်မင်းဦး၊ မောင်ခင်ဇော်ဝင်း
မောင်စိုးမိုးဌေး၊ မနှင်းသဇင်အေး

မျက်နှာဖုံး Digital ဒီဇိုင်း

ကိုဇော်မင်းဦး၊ မောင်စိုးမိုးဌေး

Layout ဒီဇိုင်း စီစဉ်ဖြန့်ကြားသူ

မြောက်ဦး မောင်ထွန်း (မြတ်သာထွန်း)

ထုတ်ဝေ နှုန်

၂၀၁၀ ခုနှစ်

အုပ်ရေ

၁၀၀၀ အုပ်

တန်ဖိုး

၀မွဒါန

ဘတိုင်ပင်ခံ ဘယ်ဒီတာ

- ဘဒ္ဒန္တ ဝဏ္ဏဓဇ M.A (အဂ္ဂမဟာသဒ္ဓမ္မဇောဓိကဓဇ) မိဂဒါဝုန်ကျောင်း၊ အိန္ဒိယ။
- ဦးရွှေဇံ [ပြည်နယ်တရားသူကြီး (ငြိမ်း)] ၊ ရန်ကုန်။
- ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)။
- မောင်ဘုန်းဝေ (တောင်ကုတ်)

တာဝန်ခံ ဘယ်ဒီတာ

- ဘဒ္ဒန္တ သုဇာတ၊ အောင်ဆန်းတောရစာသင်တိုက်၊ ရွှေပြည်သာ၊ ရန်ကုန်။

ဘယ်ဒီတာ အဖွဲဝင်

- ဘဒ္ဒန္တ ဣန္ဒာစာရ
- ဘဒ္ဒန္တ အရိယဝံသ
- ဘဒ္ဒန္တ သုစိတ္တာဘိဝံသ၊ အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်။
- ဒေါက်တာရာဇိန္ဒ
- ဦးကျော်စိန်၊ စမ်းချောင်း၊ ရန်ကုန်။

စတုတ္ထမြောက်မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ ၏ သက်တော် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း

စာအုပ်ထုတ်ဝေရခြင်းအကြောင်း



ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၌ ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇော်အုပ်အတွက် ဆွေးနွေးကြစဉ် (၁-၃-၂၀၀၈)

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကုသိနာရုံမြန်မာကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒိမဇာဓိမဟာထေရ်မြတ်သည် ၁၉၀၈-ခုနှစ်ကပင် ထက်သန်သော ဇွဲလုံ့လ သဒ္ဓါတရားရှေ့ထား၍ အခက်အခဲများစွာကို ကျော်လွှားလျက် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့ပါသည်။

ထိုမိဂဒါဝုန်မြန်မာကျောင်းတိုက်ကို ဆရာတော် ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယ၊ ဦးဝဏ္ဏဓဇတို့က အဆက်ဆက် ပဓာနနာယကအဖြစ်ဖြင့် သီတင်းသုံးကာ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် နှစ် (၁၀၀) ပြည့်မြောက်ခဲ့ပါသည်။

ယခုလက်ရှိ စတုတ္ထမြောက် မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် နှစ် (၁၀၀)ပြည့် အခမ်းအနားကို ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထို နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် ပြည်တွင်းပြည်ပနိုင်ငံပေါင်းစုံမှ ထေရဝါဒ သာသနာပြု ဆရာတော်များအား ပင့်ဖိတ်ခဲ့ရာ ပွဲတော်တွင် သံဃာတော် (၁၀၀)ခန့် ကြွရောက်ချီးမြှင့်တော်မူခဲ့ပါသည်။

ဓမ္မစက္ကဝိဟာရ မြန်မာကျောင်းတိုက် နှစ်(၁၀၀)ပြည့်ပွဲတော် အထူးထုတ်မဂ္ဂဇင်း စာအုပ်ကြီးကိုလည်း ကြီးကျယ်ခမ်းနား ကောင်းမွန် လှပသေသပ်စွာဖြင့် ဖြန့်ဝေနိုင်ခဲ့ပါသည်။

ထိုအထူးထုတ်မဂ္ဂဇင်း ဖြစ်ပေါ်လာရန် အမေရိကန်နိုင်ငံ ဓမ္မသုခဝိဟာရကျောင်း ဆရာတော် ဦးသဇ္ဇနာဘိဝံသ ဒွိပိဋ္ဌကဓရ၊ ဒွိပိဋ္ဌကကောဝိဒ၊ သိရိပဝရ ဓမ္မာစရိယ ပါဠိပါရဂူ က ဦးဆောင်၍ ဦးကေလာသ (အမေရိကန်နိုင်ငံ)၊ ဦးတင်ထွန်း (အမေရိကန်နိုင်ငံ)၊ ဦးသန်းစိန် (နယူးဇေလန်ပြည်)၊ ဟဲရီသန်းထွတ် (ကနေဒါ နိုင်ငံ)၊ ဟင်နရီကောင်း (အမေရိကန်နိုင်ငံ)၊ ဒေါက်တာမြသန်း (ထိုင်းနိုင်ငံ)၊ ဒေါက်တာမောင်မောင်လွင် (အင်္ဂလန်နိုင်ငံ)တို့ ပါဝင်သော စာအုပ်ဖြစ်မြောက်ရေးကော်မတီမှ ကြွေသားစက္ကူဖြင့် မလေးရှားနိုင်ငံတွင် ပုံနှိပ်၍ ထုတ်ဝေခဲ့ကြပါသည်။

ထိုနှစ် (၁၀၀)ပြည့်ပွဲ အထူးထုတ် မဂ္ဂဇင်းသည် နိုင်ငံခြားတွင် စီစဉ်ထုတ်ဝေရခြင်း၊ အဆောတလျင် စီစဉ်ရခြင်းစသည် အကြောင်းကြောင်းကြောင့် စာမူများပြည့်စုံလုံလောက်မှုမရှိခြင်း၊ တချို့စာမူများ မဖော်ပြနိုင်ခဲ့ခြင်းတို့ကြောင့် ရာပြည့်အောင်ပွဲနှင့် ဂုဏာပူဇာမဂ္ဂဇင်းကို တဖန် ၁၃၇၀-ပြည့်နှစ်၊ (၇-၁၂-၂၀၀၈) ဂုဏာပူဇာပွဲအမှီ ထုတ်ဝေရန် မိဂဒါဝုန်မြန်မာကျောင်းတိုက်တွင် မိဂဒါဝုန်ဆရာတော်နှင့် ပြည်တွင်းပြည်ပ ဆရာတော်များက (၂၈. ၂. ၂၀၀၈)နေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ (၁. ၃. ၂၀၀၈)နေ့တွင် အစည်းအဝေးထိုင်လျက် စာအုပ်ဖြစ်မြောက်ရေးကော်မတီကို သံဃာတော်(၉)ပါးဖြင့် ဖွဲ့စည်းခဲ့ကြပါသည်။ -

၁။ ဆရာတော် ဦးသူရိယ၊ မင်းကျောင်းစာသင်တိုက်၊ ပဲခူးမြို့
၂။ ဆရာတော် ဦးသုဇာတ၊ အောင်ဆန်းတောရစာသင်တိုက်၊ ရွှေပြည်သာမြို့
၃။ ဆရာတော် ဦးသုစိတ္တာဘိဝံသ၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ ဆိပ်ကမ်းမြို့နယ်
၄။ လှရတနာ ဆရာတော် ဦးနာရဒါဘိဝံသ၊ ဗဟန်းညောင်တုန်းကျောင်းတိုက်
၅။ ဆရာတော်ဦးဝိလာသ၊ (ဝေမိုး၊ ကျွန်းလှ) သယ်နန်းကျွန်းမြို့နယ်
၆။ ဒေါက်တာရာဇိန္ဒ၊ မဏ္ဍာလာကံယုံကျောင်း၊ ဗဟန်းမြို့နယ်
၇။ ဦးယသ၊ ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့
၈။ ဦးပညာစက္ခ၊ ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့
၉။ ဦးဉာဏဗလ၊ ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်၊ ဗာရာဏသီမြို့

ထိုစာအုပ်ဖြစ်မြောက်ရေးကော်မတီတွင် စာအုပ်ထုတ်ဝေမှုအတွေ့အကြုံရှိသူ ဆရာတော်ဦးဝိလာသ (ဝေမိုး-ကျွန်းလှ) လှရတနာဆရာတော် ဦးနာရဒါဘိဝံသ (ဗဟန်း၊ ညောင်တုန်း)တို့အား တာဝန်ပေးလျက် ကျန်ဆရာတော်များနှင့် တိုင်ပင်နှီးနှော၍ ဆောင်ရွက်ပေးရန် ဆရာတော် ဦးဝဏ္ဏဓဇမှ မေတ္တာရပ်ခံ အပ်နှင်းခဲ့ပါသည်။

ထိုဆရာတော်များကလည်း စေတနာ၊ သဒ္ဓါ ထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြမည်ဟု တာဝန်ယူ ဝန်ခံခဲ့ကြပါသည်။

အကြောင်းအမျိုးမျိုးကြောင့် ထိုရာပြည့်အောင်ပွဲနှင့် ဂုဏာဝိသိဋ္ဌပူဇာမဂ္ဂဇင်းသည် (၂၆. ၁၁. ၂၀၀၈) နေ့တွင်မှ စာမူချောကို တွေ့ခဲ့ရပြီး ပွဲတော်ရက် မတိုင်မီ (၂)ရက်အလိုမှ စာအုပ်ထွက်ပေါ်လာနိုင်ခဲ့ပါသည်။

မဂ္ဂဇင်းထွက်ပေါ်လာရေးအတွက် ပါဝင်စည်းဝေးခဲ့သော ဆရာတော်များ၏ ဆောင်းပါးများနှင့် ဆရာတော်ကြီး ဦးစန္ဒိမဏိစသော ကျောင်းတိုက်ထူထောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြသော ရခိုင်ဆရာတော် အဆက်ဆက်တို့၏ အကြောင်းအရာများကို အတွင်းကျကျသိရှိကြသော ဒေသခံ ရဟန်းရှင်လူများ၏ ဆောင်းပါးများ မပါရှိခဲ့သည့်အတွက် မပြည့်စုံမလုံလောက်ဟု ခံယူကြသည့်အလျောက် သမိုင်းဝင်မည့် စာအုပ်အဖြစ် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်မော်ကွန်းစာအုပ်ကို ထပ်မံထုတ်ဝေရန် သင့်သည်ဟု ဆန္ဒဖြစ်ပေါ်လာခဲ့ကြပါသည်။

ထို အများဆန္ဒကို မိဂဒါဝုန်မြန်မာကျောင်း စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇမှလည်း သဘောပေါက် လက်ခံသည့်အတွက် ဆက်လက်အကောင်အထည်ဖော်ရန် ၁၃၇၁-ခုနှစ် နယုန်လဆန်း(၇)ရက် သောကြာနေ့ (၁၅. ၅. ၂၀၀၉) နေ့လည် (၃)နာရီ အချိန် ဒဂုံဆိပ်ကမ်းမြို့နယ် အလိုတော်ပြည့် ဓမ္မာစရိယ တက္ကသိုလ်ကျောင်းတိုက်တွင် ပထမအကြိမ် ညီနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကြပါသည်။

ထို့နေ့ အစည်းအဝေးသို့-
၁။ မိဂဒါဝုန် မြန်မာကျောင်းဆရာတော် ဦးဝဏ္ဏဓဇ
၂။ အောင်ဆန်းတောရစာသင်တိုက်ဆရာတော် ဦးသုဇာတ
၃။ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်ဆရာတော် ဦးသုစိတ္တာဘိဝံသ
၄။ ရွှေစာရံ ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးအရိယဝံသ
၅။ ပုညသီရိအောင်ချမ်းသာကျောင်းဆရာတော် ဦးတေဇဝန္တ
၆။ မိဂဒါဝုန်မြန်မာကျောင်းနေ ဦးယသ၊ ဦးဉာဏဗလ၊ ဦးပညာစက္ကု၊ ဦးရာဇိန္ဒတို့နှင့်
ဦးရွှေဇံ၊ ဦးပေါ်ထွန်း၊ ဦးအောင်သိန်းတို့ တက်ရောက်ဆွေးနွေး ညီနှိုင်း တိုင်ပင်ခဲ့ကြပါသည်။



မွေဝက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း တာအုပ်ဖြစ်မြောက်ရေး ကော်မတီဝင်များ

ထိုအစည်းအဝေးမှ မိဂဒါဝုန်မြန်မာကျောင်းတိုက် လက်ရှိ ပဓာန နာယကဆရာတော်၏ သက်တော် (၆၀)ပြည့် အထိမ်းအမှတ်အနေဖြင့် စာအုပ်တစ်အုပ်ထုတ်ဝေရန်၊ ထိုစာအုပ်အမည်ကို "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် မော်ကွန်း"ဟု အမည်ပေးရန်၊

၁။ သာသနာရေး ၂။ ဘာသာရေး ၃။ လူမှုရေးဆောင်းပါးများ ၄။ ယခင်ထွက်ပြီး မဂ္ဂဇင်းစာအုပ်အတွက် ရေးသားထားပြီး ကျန်နေသော ဆောင်းပါးများ ၅။ ကျောင်းတိုက်၏ ကျေးဇူးများသော ဒကာ, ဒကာမများ ရေးသားထားသည့် ဆောင်းပါးများကို ထည့်သွင်းရိုက်နှိပ်ရန်၊ အဓိကအားဖြင့် ကျောင်းတိုက်သမိုင်း၊ မိဂဒါဝုန် ဆရာတော်ကြီး (၄)ပါး သမိုင်းဆောင်းပါး၊ ၎င်းတို့နှင့် ဆက်သွယ်နေသော ဆောင်းပါးများကို အဓိကပါဝင် ထည့်သွင်းရေးသားကြရန် ဆုံးဖြတ်ကြပါသည်။

၁၃၇၁-ခုနှစ် ဝါဆိုလဆန်း(၁၁)ရက် (၂. ၇. ၂၀၀၉)နေ့တွင် သာကေတမြို့(၇)ရပ်ကွက် မင်္ဂလာသီရိ ကျောင်းတွင် မိဂဒါဝုန်ဆရာတော်နှင့် စာအုပ်ဖြစ်မြောက်ရေးကော်မတီများ ဒုတိယအကြိမ် တဖန် ဆွေးနွေး တိုင်ပင်ကြပါသည်။ ဤအစည်းအဝေးတွင် ပထမအကြိမ်အစည်းအဝေးသို့ မတက်ရောက်နိုင်ခဲ့သော မင်္ဂလာသီရိဆရာတော် ဦးကုန္ဒာစာရ၊ စမ်းချောင်း၊ ကျွန်းတောလမ်းနေ ဦးကျော်စိန် တို့လည်း တက်ရောက်ကြပါသည်။ ဆရာတော်ဦးသုစိတ္တာဘိဝံသမှာမူ စက်ပူတွင် ကျန်းမာရေးစစ်ဆေးခံနေ၍ မပါဝင်နိုင်ခဲ့ပါ။

ထိုအစည်းအဝေးမှ

၁။ စာမူများကို မင်္ဂလာသီရိကျောင်းဆရာတော် ဦးကုန္ဒာစာရထံသို့ပို့ရန်။
၂။ ဆရာတော်ကြီးလေးပါးနှင့် စပ်သောအကြောင်းအရာ
၃။ မဇ္ဈိမဒေသအကြောင်းအရာများ
၄။ ကျောင်းတိုက်တည်ထောင်စောင့်ရှောက်ခဲ့သော ဆရာတော်ကြီးလေးပါး၏ ထေရုပ္ပတ္တိကို မြန်မာ/အင်္ဂလိပ်ဘာသာဖြင့်ရိုက်ရန်
၅။ ရန်ကုန်မှ စာမူများကို ကွန်ပျူတာအချောစာစီ၍ စီဒီသွင်းပြီး အပြီးစီးဆောင်ရွက်ပေးရန်။
၆။ စာမျက်နှာ ၂၅၀/၃၀၀ ခန့် သတ်မှတ်ရန်။
၇။ အိန္ဒိယနိုင်ငံတွင် စာအုပ်ရိုက်ရန် တို့ဖြစ်ပါသည်။

တဖန် ၁၃၇၁-ခုနှစ် တော်သလင်းလပြည့်ကျော် (၂)ရက် (၅. ၉. ၂၀၀၉)နေ့တွင် သာကေတမြို့၊ မင်္ဂလာသီရိကျောင်းတွင် တတိယအကြိမ်အစည်းအဝေးကျင်းပပြီး ဆွေးနွေးတိုင်ပင်ကြပြန်ပါသည်။

ဤအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမင်းကြည် (ဓမ္မာစရိယ-BA) လည်း တက်ရောက် အကြံပေးဆွေးနွေးတင်ပြခဲ့ပါသည်။

၁၃၇၁-ခုနှစ် တန်ဆောင်မုန်းလဆန်း (၂) (၁၉. ၁၀. ၂၀၀၉)နေ့တွင် သာကေတမြို့၊ မင်္ဂလာသီရိ ကျောင်းတိုက်တွင် စတုတ္ထအကြိမ်အစည်းအဝေးကျင်းပခဲ့ကြပါသည်။ ထိုအစည်းအဝေးမှ စာအုပ်အရွယ်အစား သတ်မှတ်လျက် မူကြမ်းကို မင်္ဂလာသီရိဆရာတော်နှင့် ရွှေစာရံဆရာတော်တို့မှ ဖတ်/ပြင်ဆင်၍ ဦးကျော်စိန်က မူကြမ်းများကို တာဝန်ယူရိုက်ရန် ဆုံးဖြတ်ကြပါသည်။

၁၃၇၁ ခုပြာသိုလပြည့်(၃၀. ၁၂. ၂၀၀၉)နေ့တွင် မင်္ဂလာသီရိကျောင်း၌ မိဂဒါဝုန် ဆရာတော် ပါဝင်လျက် ပဉ္စမအကြိမ် အစည်းအဝေးထိုင်ကြပါသည်။ ထိုအစည်းအဝေးမှ ရွှေပြည်သာမြို့အောင်ဆန်းတောရ စာသင်တိုက်၌ အောင်ဆန်းတောရဆရာတော်နှင့် ဦးမင်းကြည်၊ဦးကျော်စိန်၊ဦးမောင်ထွန်းတို့မှ ကိုဇော်မင်းဦးနှင့်တိုင်ပင်၍ စာအုပ်ဖြစ်ပေါ်လာရေး စီစစ်ပြင်ဆင် စီစဉ်ဆောင်ရွက်ကြရန် ဆုံးဖြတ်တော်မူကြပါသည်။

ဦးကျော်စိန်နှင့် 3Stars Stationary,Copy & DTP အမှတ် ၂၃၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ မိသားစုသည် စာမူကြမ်းလက်ခံခြင်း၊ စာမူချောရိုက်နှိပ်ခြင်း၊ စာတည်းအဖွဲ့ဝင်များသို့ စာမူများ ဖြန့်ဝေနိုင်ရန် မိတ္တူငါးစုံစီကူးယူခြင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ် စက်တင်ဘာလမှ စ၍ လုပ်အားဒါနအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

(၂၀. ၂. ၂၀၁၀)နေ့မှစ၍ အောင်ဆန်းတောရဆရာတော်နှင့် ဦးကျော်စိန်၊ ဦးမင်းကြည်၊ ဦးမောင်ထွန်း (မြတ်သာထွန်း)၊ ကိုဇော်မင်းဦး၊ မောင်စိုးမိုးဌေး၊ မောင်ခင်ဇော်ဝင်းတို့အဖွဲ့မှ စာအုပ်ကောင်းမွန်ရေးအတွက် အထူးအားစိုက်ပြီး စီစစ်ပြုလုပ်ခဲ့ကြပါသည်။

ဦးကျော်စိန်၊ ဦးမောင်ထွန်း(ဦးမြတ်သာထွန်း)တို့ (၂)ဦးလည်း နေ့စဉ်ပင် လာရောက်လျက် Layout ဒီဇိုင်းသမားများနှင့် တိုင်ပင်၍ ဆောင်ရွက်ကြပါသည်။ စာမူများတွင် အိန္ဒိယသမိုင်းသာမက ရခိုင်ပြည်သမိုင်းများလည်း ပါရှိနေသည်မှာ ကျောင်းတိုက် တည်ထောင်သူအရှင်စန္ဒိမဏိနှင့် ဒုတိယ၊ တတိယ၊ စတုတ္ထ ဆရာတော်ကြီး (၄)ပါးတို့သည် ရခိုင်ဒေသမှ ရခိုင်မျိုးနွယ် ဆရာတော်ကြီးများဖြစ်ကြခြင်း၊ကုသိနာရုံနှင့် မိဂဒါဝုန်မြန်မာကျောင်းတိုက်တို့ကိုထူထောင်တော်မူခဲ့သော ဆရာတော် ဦးစန္ဒိမဏိသည် ရခိုင်ပြည်၏နောက်ဆုံးမင်းဆက် မဟာသမ္မတ ရာဇာမှ ဆင်းသက်လာသော "တီတော်" တော်စပ်သည့် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်ခြင်းတို့ကြောင့် ထိုဆရာတော်ကြီးနှင့် သက်ဆိုင်သော အကြောင်းအရာကွင်းဆက်များ မပျောက်ပျက်ရအောင်၊ တတ်နိုင်သမျှ ပြည့်စုံအောင် ဆရာတော်ကြီး၏ဘဝဖြစ်စဉ်များကို ရနိုင်သမျှ စုဆောင်း၍ တင်ပြရန်တာဝန်ရှိလာသည့် အလျောက် ဤ"ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းမော်ကွန်း"တွင် ရခိုင်အကြောင်းအရာများကို အကျဉ်းချုပ်ပြီး ထည့်သွင်းရခြင်းဖြစ်သည်ဟု တင်ပြလိုပါသည်။


တစ်နည်းအားဖြင့် ဆရာတော်ကြီးများကို ချစ်ခင်ကြည်ညိုလေးစားကြသည့် တပည့်ဒကာ ဒကာမ များနှင့် နောင်မျိုးဆက်သစ်များအနေဖြင့် ဆရာတော်ကြီးများ၏ ဇာတိမြေ၊ သမိုင်းနောက်ခံစသည်တို့ကို ဗဟုသုတရစေရန် တင်ပြသင့်သည်ဟုလည်းယုံကြည်သည့်အလျောက် သိသင့်သိထိုက်သည်များအနက်မှ တစ်စွန်းတစ်စမျှလောက်ကိုသာ ဖော်ပြထားခြင်းဖြစ်သည်ဟုလည်း ဖြည့်စွက် တင်ပြလိုပါသည်။

ဆရာတော်ကြီးသည် အမျိုးဘာသာသာသနာအရေးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည့် သာသနာ့အာဇာနည်ကြီးဖြစ်သော်လည်း မိခင်နိုင်ငံသားအဖြစ်ကို စွန့်လွှတ်ပြီး နိုင်ငံခြားသား (အိန္ဒိယနိုင်ငံသား) ခံယူခြင်းအပေါ် တစ်ချို့ပုဂ္ဂိုလ်များအနေဖြင့် အမြင်မကြည်လင်မှုများ ရှိကောင်းရှိနိုင်ပါသည်။ အမှန်စင်စစ်မူ ဆရာတော်ကြီးအရှင် စန္ဒိမဏိမထေရ်မြတ်ကြီးသည် အမျိုးကို မချစ်သောကြောင့်မဟုတ်ဘဲ အမျိုးကို ချစ်သည့်အတွက် အိန္ဒိယနိုင်ငံတော်အစိုးရ၏ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ထိထိရောက်ရောက် တရားဝင် ဗုဒ္ဓသာသနာပြုခွင့်ရလိုသောကြောင့်သာ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူခဲ့သည်ဟု ယုံကြည်ပါသည်။ ဤသို့ ဆရာတော်ကြီးအနေဖြင့် အိန္ဒိယနိုင်ငံသားအဖြစ်ခံယူ၍ သာသနာပြုခွင့်ရရှိခဲ့ခြင်းကြောင့်လည်း ယခုအခါ ဗုဒ္ဓဘာသာဝင်များ မည်သည့်နိုင်ငံကပင်မဆို လာရောက်ပြီး မြတ်ဗုဒ္ဓ၏သံဝေဇနီယ(၄)ဌာန၊အဝိဇဟိတ (၄)ဌာန တို့ကို ကိုယ်တိုင် မြင်တွေ့ဖူးမြော် လေ့လာ ဗဟုသုတအဖြာဖြာပွားများ၍ ကုသိုလ်ထူးများရရှိနေခြင်းက ဆရာတော်ကြီး၏ ရည်ရွယ်ချက်၊ ခံယူချက်ကို သက်သေထူလျက် ရှိနေပြီဖြစ်ပါသည်။

ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင် ကူညီလုပ်အားပေးလျက် စာမူများရေးသားပေးပို့ကြသောဆရာတော်များ ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရန် ဝိုင်းဝန်းကြိုးပမ်း ပေးကြသူများအားလည်းကောင်း၊ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ စာမူများကို အချောစီစစ် ဖတ်ရှုပေးသော (တောင်ကုတ်)မောင်ဘုန်းဝေကိုလည်း အထူးပင် ကျေးဇူးတင်အပ်ပါသည်။

ထို့အပြင် ဤမော်ကွန်းစာအုပ်တွင် ချို့ယွင်းချက်၊ လိုအပ်ချက်များရှိခဲ့ပါကလည်းကောင်း၊ အချို့ဖော်ပြချက်များတွင် လူပုဂ္ဂိုလ်ပိုင်းဆိုင်ရာ တိုက်ဆိုင်မှုများရှိပါကလည်းကောင်း ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို နစ်နာစေလို၍ ဖော်ပြချက်များမဟုတ်ဘဲ၊ အဖြစ်မှန်သဘောကိုပေါ်လွင်စေလိုခြင်း၊ နောင်သတိပြုနိုင်ရန် ဖော်ပြပေးခြင်းမျှသာဖြစ်၍ မေတ္တာ၊စေတနာရှေထားလျက် သည်းခံ ခွင့်လွှတ်ပေးကြပါရန် ကြိုတင်၍အနှုးအညွတ် ပန်ကြားအပ်ပါသည်။

မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ



မိဂဒါဝုန် စခန်းကဗျာ

၁။ ဓမ္မစက္ကာ၊ ဟောပြမိန့်ချွေ
မိဂဒါယ၊ တောဝမြိုင်ခြေ
ဓာတ်တော်ဖွင့်ခန်း၊ ရွှင်လန်းလှပေ။
ဗောဓိထူး၊ ဆုဦးမိန့်မြွတ်ချွေ။

၂။ နှံ့သိကျော်တက်၊ ဘဝဂ်ဘုံဘွေ၊
စန္ဒာပေါ်ထွန်း၊ ကျွန်းမြတ်မဇ္ဈေ
တန်ဆောင်ဆီမီး၊ ညီးညီးထိန်ပေ။
ဂုဏ်တော်ထူး၊ ချီးကျူးကြရပေ။

၃။ နန္ဒိယဟု၊ နာမကျော်ထင်
သူကြွယ်ဆောက်လတ်၊ ကျောင်းမြတ်ပလ္လင်
ဗြဟ္မာလူနတ်၊ ယူလတ်မဂ္ဂင်
ပဉ္စဝဂ်၊ လေးချက်ဖိုလ်တိုင်ပင်။

၄။ ကျောက်စေတီကြီး၊ ကျောက်ထီးလွင်လွင်
မူလဂန္ဓ၊ ဆန်းလှပြုပြင်
တရားစက်ကြီး၊ လှည့်နည်းပုံသွင်
လက်ျာပတ်၊ ဖူးလတ်ကြိမ်ကြိမ်ပင်။

၅။ ရတနာပြာသာဒ်၊ ရောင်လျှပ်ထိန်ဝေ
ဓာတ်တော်အပေါင်း၊ ကိန်းအောင်းရာပေ
သိမ် ပိဋ္ဌကတ်၊ တိုက်မြတ်ထွေထွေ
ရဂုံတော၊ ရှုမောလွန်တင့်လေ။

၁၂၉၉ / ၁၉၃၇ ခုနှစ် ရေးသား၍
၁၃၀၀-ပြည့် / ၁၉၃၈ - ခုနှစ်
ပထမအကြိမ်ထုတ်ဝေခဲ့သော
ဒုတိယ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာ
မဟာထေရ်မြတ်ရေးသားအပ်သော
'မဟာဗောဓိပွတ္တိကထာ' စာအုပ်မှ ကဗျာဖြစ်ပါသည်။

မိဂဒါဝုန် မြန်မာကျောင်း မော်ကွန်း

၁* မဟာသက္ကရာဇ်ထုံး တစ်ရာ့သုံး ခု-နှစ်တွင် (၁၀၃)
ပုန်းညက်ဖြူ ပွင့်စုံပန်းတို့မှာ (ကွယ်)
လန်းလို့မြူးရွှင်၊

* ဝါဆိုလပြည့်နေ့ ညချမ်းတွင် နေဝင်ဘို့ တာစူတုန်း။
လဝန်းသော်တာ ထွက်ပြူ စ မှာဖြင့်
မြို့ဗာရာဏသီအနီး တောရဂုံ မိဂဒါဝုန် မြတ်ဌာနမှာလ
တရားဦးဓမ္မစကြာ ဒေသနာဓမ္မကိုဖြင့်
ပဉ္စဝဂ္ဂိငါးဦးတို့နော် နာယူကြစေဘို့
မြတ်စိန္တေ မိန့်ချေဟ ခဲ့တယ် (ကွယ်)
အေးမြရွှင်ပြုံး။

၂* တရားဦးဓမ္မစကြာ ဒေသနာဓမ္မကိုလ
မြတ်စိန္တေ ဟ ခဲ့တဲ့
မြို့ဗာရာဏသီအနီး တောရဂုံ မိဂဒါဝုန်မြတ်ဌာနမှာဖြင့်
ထောင့်ကိုးရာရှစ် ခရစ်နှစ်ချိန်ကာလဆီက (၁၉၀၈)
ဘဒ္ဒန္တစန္ဒြမဏိထေရ်မဟာ တည်လာတဲ့ မိဂဒါဝုန်မြန်မာကျောင်း၊

*ဘဒ္ဒန္တကိတ္တိမာ
ဘဒ္ဒန္တတိက္ခိန္ဒြိယ ထေရ်မဟာနှင့်
ဘဒ္ဒန္တဝဏ္ဏဓဇတို့ စေတနာကြောင့်
မိဂဒါဝုန်မြန်မာကျောင်း စဉ်တည်လာဘို့
ပခုံးပြောင်းကာ တာဝန်ကိုယ်စီထမ်းတဲ့၍
သာသနာပြုပုံ ရှိန်အဟုန်စွမ်းကြတယ်(ကွယ်)
ဝမ်းမြောက်ဖို့ကောင်း။

၃*ဘဒ္ဒန္တဝဏ္ဏဓဇ စတုတ္ထထေရ်မဟာ
ခရစ်နှစ် နှစ်ထောင့်ရှစ် (၂၀၀၈)
တွက်စစ်ရောက်လာ

* မိဂဒါဝုန် မြန်မာကျောင်း
တည်နှစ်ပေါင်း ပြည့်တစ်ရာ ရောက်လာလို့ပူဇော်ပွဲ
* နိုင်ငံစုံ သံဃာတော်များကိုလ
ပင့်တစ်ရာ သဒ္ဓါပွားစေဘို့
ရာပြည့်ပွဲသဘင် ကျင်းပ သွားပုံက
အများ တူပျော်ရွှင်လို့
သမိုင်းဝင် သည်မှတ်တမ်းကိုဖြင့်
အံ့ဩကာ စိတ်ရွှင်လန်းကြတယ် (ကွယ်)
ဝမ်းမြောက် ရွှင်ဆဲ၊

၄*ဘဒ္ဒန္တစန္ဒြမဏိထေရ်မဟာ အမှူးထားတဲ့၍
လေးပါးသော မိဂဒါဝုန်မြန်မာကျောင်းဆရာတော်
* မြန်မာပြည် ရခိုင်နွယ်ဖွားတွေမို့
သာသနာ့အာဇာနည် မဟာထေရ်များရယ်ဟု
စေတနာ သဒ္ဓါပွားလို့ရယ် (ကွယ်)
အားကျ ဖူးမျှော်။

* မိဂဒါဝုန် မြန်မာကျောင်း စတုတ္ထဆရာတော်
ဘဒ္ဒန္တဝဏ္ဏဓဇမှာဖြင့်
ရွှယ်သက်တော် ခြောက်ဆယ်ရပြီမို့
သင်္ကေတ ထိမ်းအမှတ် သရုပ်ဖော်
ထွက်ပေါ်လာတဲ့ မိဂဒါဝုန်မြန်မာကျောင်း မော်ကွန်း၊

*မော်ကွန်းစာစောင် ထွက်ပေါ်ရေးကိုလ
သာသနာ့သမိုင်းဝင်အောင် မျှော်မြင်အတွေးတွေနှင့်
အားလုံးညီညီ အားထုတ်ပေးကြတယ် (ကွယ်)
လေးနက်တည်ထွန်း။ ။

ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ

အလင်းပြဿဒ်၏ မြတ်မော်ကွန်း
(မဟာကဗျာ လေးချိုးကြီး)

* နွှတ်ဟအခါခါ အထူးကြံဆ အသိတရားတွေနဲ့
ဗုဒ္ဓသာသနာမှာ ဦးစန္ဒြမဏိဘာဘာ ရယ်က
မုတ္တာစာဂါ ကျူးရန်စမရှိအောင် တားကာပ
မျူးစံပြ ကဝိတစ်ပါးပေမို့ စိန်၏အလှရတီပမာ . . . . .
(အလိုဗျာ)
ကျူးရန်မှန်သမျှတို့ကိုဖြင့် မူးမာန်မခကြစေဖို့
အထူးကြံဆဆပြီးတော့လည်း ခွင်းခဲ့ပါရဲ့
အိန္ဒိယပြည်မှာ . . . . . ။

* မပျက်ဇဲကိုစေ
အခက်အခဲတွေဟာ နေရာတကာမှာစုံတကာစေ့ပါပဲ
ဆက်မြဲအထွေထွေပါ
ထေရ်ဆရာကြုံကာတွေ့ရသော်လည်း
ရက်ဆွဲမနေသာ မြေကမ္ဘာမှာ ဘုံဓမ္မတာဓလေ့တို့ကိုဖြင့်
ထုံကာ့ မမွေ့စရာ ခွာတန်ခွာ၍
သဒ္ဓါလျှံသန်စွာ ဆရာထေရ်မျှသခင့်ရယ်က
မြန်မာဆန်ဆန်ပါ ဂါရဝေကျူးရင့်ကာဖြင့်
ကမ္ဘာယံမှာ သာသနေအထူးတင့်လှစေဖို့
ဘဂဝါအမွေမွန် ကျင့်မြတ်ကောင်းတို့ကိုဖြင့်
သတ္တဝါတွေထံ ဆင့်ထပ်လောင်းကြကာပ
အဟောင်းမိစ္ဆာရုံ ဖယ်ခွာရှင်းကြပါလို့
ကောင်းစိတ်မှာထုံ တွယ်တာခြင်းတွေနဲ့
နယ်တကာမှာ အလင်းကို ရကြပါစေ ဟု
'ဓမ္မစာအမွေတွေ အလှဖြာတဝေဝေ
ဘဝသာစေ' ဌဝေပေးတော့တယ် . . . . . .
(အိုကွယ်. . . .) အေးမာတ်ဝေဆာ . . . . . တဲ့မှ
မွေးမြတ်စေတနာ . . . . . ။


* အသက်နဲ့ခန္ဓာမှာ ရန်ဘယာအလီလီတွေ့ခဲ့သော်လည်း
ထက်ခဲ့လျှံသဒ္ဓါ စံပါရမီ မွေ့ခဲ့တာကြောင့်
အမျက်မဲ့သံသရာမှာ မာန်တဏှာမသီမတွေ့ကြရစေဖို့
ကံကြမ္မာ အညီအငွေတို့ကိုဖြင့် ကင်းလွတ်စေရာ
ဝင်းမွတ်စေတနာဖြင့် တရားရေစင်သွန်း . . . . . ၊

(သူတော်ကောင်းတို့ရေ)'**မှားပြစ်ချိုင်ချ၊ အားသစ်မြိုင်လှ၊**
တရားချစ်ရခိုင်မှ' သာသနာ့အာဇာနည် ပေါ်ကာထွန်း
. . . . . ။

* ကောင်းမြတ်ကြည်သာ
သောင်းရပ်ဇမ္ဗူဒီပါမှာ မင်္ဂလာတရားတွေနဲ့
အကြောင်းဓာတ်တူညီစွာ အယဉ်တကာပွားကြကာပ
အကြင်နာများစွာ ဘဂဝါပရမေမြတ်ရယ်က
အစဉ်သာ သနားကာ သတ္တဝါတွေမှတ်ကြစေဖို့
သုံးရပ်သာသနာ တည်ကာထောင်ခဲ့တာက
အမုန်းဓာတ်ခွာကာ မသတီစရာအမှောင်ကွာ ပကြစေဖို့
နောင်အနာဂတ်ကို မြော်မြင်ရှုပြန်တော့
အဖော်မင် သမုတွေ မာန်တဏှာတောမှာဖြင့်
ပျော်ရွှင်မှုအထွေထွေ လှုံကာလည်းမမောကြစေဖို့
သံသရာတစ်ကြောမှာ စိတ်သတိခလုတ်တွေနဲ့
ဒိဋ္ဌိဖြုတ်ခွာ အယူစင်ကြယ်ကြပါမှ
ဇမ္ဗူတစ်ခွင်ဝယ် သောကဘေးတွေမှ
မြူမတင်ဖွယ် အမောပလို့ အေးကြမှာမို့
တွေးဆအခါခါ အရှင်စန္ဒြမဏိဘာဘာရယ်က
အေးမြစရာ အစဉ်ကြံဆ သတိတရားတွေနဲ့
ခြားတစ်မြေ မဇ္ဈိမဒေသမှာဖြင့်
တရားတွေဝေ အပြစ်မရှိကြစေဖို့
ဘဝကိုနှံကာလည်း မြှုပ်ခဲ့ပါရဲ့
နာမ်ရုပ်နှစ်ဖြာ ကင်းကွာခြင်းသို့တိုင်
'အဆင်းလှစေ ပျော်စရာယွန်းကြစေဖို့
မယွင်းဓမ္မအမွေ သော်တာဝန်းကိုလ
အလင်းပြစေ ဖော်ကာလည်းညွှန်းခဲ့သူမို့'
(ကွယ်တို့ရယ်)
'အပြစ်တွေအခါခါလွှင့်ပါကြ သစ်နေပမာအရှင့်
သဘာဝ စစ်တွေဆရာသခင့်ဂါရဝ' မြတ်မော်ကွန်း
. . . . . ။

မြေလတ်မင်းလွင်

မိဂဒါဝုန် မြန်မာကျောင်းတိုက်
နှစ်တစ်ရာပြည့်ပွဲတော်



နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ်
မိဂဒါဝုန်

ချမ်းမြေ့သာယာ၊ ဤနေရာကား
ဟရာဇာသီ၊ မင်းဌာနီ၏
မဟီချက်မ၊ အနှံ့။
* ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့
အာကာယံတွင်း၊ ဝဲပျံဆင်းလျက်
တက်ခြင်းတဖုံ၊ ပြုကြကုန်၍
ခေါ်တုံမည်ရ၊ ဣသိပတန။
* ရှေးကမင်းပေါင်း၊ မေတ္တာလောင်း၍
အေးကြောင်းမြော်မြင်၊ သားသမင်ကို
ပျော်ရွှင်စေရေး၊ ဘေးမဲ့ပေးသော်
အလေးပြုတုံ၊ မိဂဒါဝုန်။
* ရဂုံတော၀၊ အေးကြည်မြသား
မိဂသမ္မဒါ၊ မြစ်ကမ်းသာတွင်
နှစ်ဖြာမိဘ၊ လုပ်ကျွေးရ၍
မြားခမွေနွမ်း၊ အဆိပ်မွမ်းလည်း
သေလမ်းမရောက်၊ သက်မပျောက်ဘဲ
လွတ်မြောက်ခဲ့ပြန်၊ လောင်းသုဝဏ်ကား
ရှေးလွန်လေခါ၊ အောက်မေ့စရာတည်း။

* ပွင့်လာသမျှ၊ မြတ်ဗုဒ္ဓတို့
လှမ်းကြွ၍ ခို၊ ငါးဝင်္ကိုကို
အညီပေါင်းလျက်၊ ဓမ္မစက်နှင့်
ဖြည့်စွက်ခေါင်ချုပ်၊ အနတ္တသုတ်ကို
ဟောထုတ်အထူး၊ တရားဦးတွင်
ကျေးဇူးဂုဏ်ထွန်း၊ မြတ်ဥဒါန်းဖြင့်
ရဟန်းသမိုင်း၊ သံဃာဂိုဏ်းလည်း
ပြည်တိုင်းမှာပေါ်၊ ဘဝင်ကျော်သား
အာသဝေါ်ကင်းကွာ၊ ရဟန္တာတည့်။

* ဗြဟ္မာနတ်လည်း၊ တစ်ခါတည်းပင်
ရုံးစည်းဖွဲ့၍၊ အားလုံးထည့်သော်
စုံပြည့်တွက်ရေ၊ ဆယ့်ရှစ်ကုဋေတည့်။

* ဤမြေထွတ်မြတ်၊ တောအရပ်တွင်
ဝါကပ်ပထမ၊ မြတ်ဗုဒ္ဓသည်
ယသသူဌေးသား၊ ခွတ်လေငြား၍
နှစ်ပါးမိဘ၊ တဝါစိကဖြင့်
ပထမတည်ကုန်၊ သရဏဂုံတည့်။
နောက်တုံယသ၊ သဟာယတို့
ဗုဒ္ဓသာသနာ၊ ဝင်ရောက်လာ၍
မဟာက္ကဒ္ဓိ၊ တန်ခိုးရှိသည်။
ဟေဘိက္ခူ။ ခေါ်တော်မူက
အဆူမျှားစွာ၊ သာသနာတွင်
ရဟန္တာခြောက်ဆယ်၊ ဂုဏ်ဝင့်ထယ်၏။

* အနယ်နယ်အရပ်ရပ်၊ ကြွခြီလတ်၍
အမြတ်တရား၊ လူတို့အားလျှင်
ဟောကြားသမူ၊ သာသနာပြုရန်
ရွှေ့ရှုကြွလေ၊ ဘုရားစေသော်
များထွေအကျိုး၊ ဖွံ့ဖွံ့ဖြိုး၍
ပြန့်တိုးပွားလာ၊ သာသနာသည်
ရောင်ဝါချင်းချင်း၊ နေသို့လင်း၏။

* တောခင်းစိမ်းစို၊ အေးရိပ်ခိုသည်
ထိုထိုမြတ်စွာ၊ ရဟန္တာတို့
ချမ်းသာစေကြောင်း၊ နေရာကျောင်းကို
သူကောင်းနန္ဒိယ၊ စွန့်ကြဲချသို့
စိုးထအာဏာ၊ ကျွန်းလက်ျာတွင်
မဟာရာဇ၊ အသောကလည်း
များလှစီရီ၊ မွေသရီနှင့်
စေတီဘုရား၊ကျောင်းကန်များကို
တည်ထားသည့်ပြင်၊ ဘုရားရှင်သည်
ဤတွင်အထူး၊ တရားဦးကို
ဟောဖူးအမှန်၊ သက်သေခံဖို့
မြို့ငယ်ကမူ၊ ကျောက်တိုင်ထူ၏။

* နည်းယူကောင်းရာ၊ မြတ်သဒ္ဓါနှင့်
ကုမာရဒေဝီ၊ မဟေသီလည်း
စာဂီမျိုးမွန်၊ ကျောင်းလှူပြန်၏။

* ထုတ်ပြန်သေချာ၊ ဤနေရာ၌
မြတ်စွာဘုရား၊ ဟောမြွက်ထားသည်
တရားပန်းကုံး၊ အလှဆုံးတို့
စုရုံးကောက်ငင်၊ လူတိုင်းဆင်သော်
အမြင်လည်းရှင်း၊ အသိလင်းလျက်
ထိုးထွင်းဉာဏ်ပေါက်၊ နိဗ္ဗာန်ရောက်အောင်
ခိုးမြောက်မချို့၊ အမှန်ပို့လိမ့်။

* ဤသို့များဖြင်၊ အမွှမ်းတင်၍
ကျမ်းတွင်ဖော်ပြ၊ ဤဒေသကား
ပွင့်ကြသောင်းသောင်း၊ ဘုရားပေါင်းတို့
စွန့်ကြောင်းမရှိ၊ လေးပြုဘိသည်
အဝိဇ္ဇာတံ၊ နေရာမွန်နှင့်
နိဗ္ဗာန်ခရီး၊ ကြွခါနီးတွင်
ရေးကြီးခွင့်ကျယ်၊ အမှာသွယ်၍
မှတ်ဖွယ်စကား၊ ဗျာဒိတ်ထားလျက်
ဘုရားစိန္တေ၊ ထိတ်လန့်စေသား
သံဝေဇနီယ၊ တမည်ရသည်
သာသနာ့အောင်မြေ အစစ်တည်း။ ။

မိဂဒါဝုန်ဆရာတော်
ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ဓမ္မအလင်း

➤ ပုဏ္ဏမာသ၊ ဝါဆိုလတည့်
အလှယ့်ကာဖြာ၊ မိဂဒါဝယ်
တစ်ရာ သုံးခု၊ နှစ်အစုဏ်
အမြတေတွင်၊ ရှုဖွယ်ထင်သည့်
နေဝင်ညဦး၊ လရောင်မြူး၍
ပေါင်းကူးအလင်း၊ မြေပြင်ဆင်းလည်း
မှောင်ခွင်းဝဋ္ဌာ၊ အလင်းသာသည်
စကြာဓမ္မ စွမ်းအားကို .....

မောင်ဘုန်းဝေ (တောင်ကုတ်)

အလင်းအိမ်

➤ အမှောင်စိုးပါတဲ့
ညမျိုးချိန်ခါ
➤ မီးရှူးဆောင် လင်းရောင်ပေးမှ
ညဉ့်အမှောင် ပျောက်ကွယ်ဝေးတယ်
တွေး ဥပမာ။
➤ တို့များရဲ့ထေရ်ဆရာ
မှောင်ခွါ၍ လင်းရောင်ထွန်း။
ဘဝမှောင်လင်းရောင်ရအောင်(ကွယ်)
အေးမြစေညွှန်း။

ဤလေးချိုးကဗျာဖြင့် ဆရာထေရ်မြတ်အား
ပူဇော်ကန်တော့လျက်. . . .


တပည့် ဝတီပျံ (မဟာမြေ)

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်

နှစ်(၁၀၀)ပြည့် တည်ထောင်ရှင်

ဘဒ္ဒန္တစန္ဒိမဏိ ရှင်တဏှာနှင့် မော်ကွန်းစာ

အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့ခ်္ပြည်နယ်၊ ဗာရာဏသီမြို့အနီးရှိ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း တော်ကြီးသည် ၂၀၀၈ခုနှစ် နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပေပြီ။ ကျောင်းတော်ကြီး၏ အနှစ်(၁၀၀)ပြည့် အောင်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ်၊ဖေဖော်ဝါရီလ (၂၇)(၂၈)ရက်နေ့များတွင် ကျင်းပခဲ့ရာအိန္ဒိယနိုင်ငံတော်အစိုးရ (Minister for Tourism & Culture)၊ မြန်မာနိုင်ငံအစိုးရ (Minister for Religious Affair)၊အိန္ဒိယနိုင်ငံ (L.K. Advani, Leader of opposition, Parliament House)တို့မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြပြီး၊ (S.N. Goenka, Vipassana Organization Worldwide) မှလည်းဝမ်းမြောက်ကြောင်းနှုတ်ခွန်းဆက်လွှာကိုပေးပို့ခဲ့ပါသည်။အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်း ပဓာနနာယက ကမ္ဘာဗုဒ္ဓဘာသာ သံဃာ့ကောင်စီ အမြဲတန်းအဖွဲ့ဝင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃာ့အသင်း၊ ဗုဒ္ဓဘာသာ လူငယ်အသင်းတို့၏ နာယကချုပ်၊အိန္ဒိယနိုင်ငံရောက်မြန်မာရဟန်းတော်များ (ပရဒေသီသံဃနာယက)အဖွဲ့ကြီး၏ ဥက္ကဋ္ဌကြီးဖြစ်တော်မူသော ဘဒ္ဒန္တဒေါက်တာဉာဏိသရ (PhD,Pali) အမှူးပြုသောဆရာတော်သံဃာတော် အရှင်မြတ်များ၊ ဥတ္တရာပရာဒေ့ခ်္ပြည်နယ် ကော်မရှင်နာမင်းကြီး၊ ဗာရာဏသီမြို့တော်ဝန်နှင့် အရာရှိကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး၊ မြန်မာနိုင်ငံမှ ဖိတ်ကြားထားသည့် ရန်ကုန် အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် အရှင်မြတ်များကြွရောက်ချီးမြှင့်တော်မူပြီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ အောင်ချမ်းသာဘုရားဖူးအဖွဲ့၊ အပါအဝင်မြန်မာနိုင်ငံမှ ဘုရားဖူးအဖွဲ့ဝင်များလည်း တက်ရောက်ချီးမြှင့်ကြည်ညိုခဲ့ကြပါသည်။



ဘဒ္ဒန္တစန္ဒိမဏိ ရှင်တဏှာ

နှစ်(၁၀၀)ပြည့်အခမ်းအနားတွင်ဓမ္မစက္က ဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို စတင်တည်ထောင် ခဲ့သူ(Founder)အရှင်စန္ဒိမဏိ (ဂုရုဂုရုမဟာဂုရု)ဆရာတော်ကြီး၏ ရုပ်တုတော် နှင့် ကျောင်းတိုက်ကြီး တည်ထောင်သည့် မော်ကွန်းကမ္ပည်းစာကို ဗာရာဏသီမြို့တော်ဝန် ကောင်စီဆန်းကဖွင့်လှစ်ပေးသည်။ ကမ္ပည်းစာကို ဟိန္ဒီဘာသာ၊ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့်ရေးသားထားသည်။ အများပြည်သူလေ့လာကြည်ညိုနိုင်ရန်ဖော်ပြအပ်ပါသည်။

म्याँमार बौद्ध मन्दिर, सारनाथ

संक्षिप्त इतिहास

(१९०८ - २००८)

सारनाथ स्थित म्याँमार बौद्ध मन्दिर की स्थापना और उसकी निर्माण के अग्रणीय नायक श्रद्धेय यू० चन्द्रमणि महाथेरो सर्वप्रथम देवरिया जिले में कुशीनगर स्थित बर्मी बौद्ध मन्दिर के प्रभारी भिक्षु थे, जहाँ भगवान बुद्ध ने महापरिनिर्वाण प्राप्त किया था। श्रद्धेय सारदावग्गी थेरो उपर्युक्त मन्दिर के प्रभारी भिक्षु थे ।

श्रद्धेय भिक्षु यू० चन्द्रमणि महाथेरा सन् १९०८ ई० में तीर्थ यात्रा के लिए कुशीनगर से सारनाथ आये और कुछ जमीन खरीदा तथा एक मठ की आधार शिला रखी जिसे बर्मा के अल्यास के संघाजाचू क्वाटर के यू० म्रातोउ महोदय के उदार दान की सहायता से सन् १९१० ई० में पूरा किया गया । श्रद्धेय महाथेरा ने पेयजल की सुविधा हेतु दो कुआं खुदवाया और ग्रामवासियों के उपयोग के लिए ग्राम पूरहुपुर तक जाने वाली एक संयोजक सड़क का निर्माण भी करवाया । तदोपरान्त श्रद्धेय यू० चन्द्रमणि महाथेरा के भतीजे यू० कीर्तिमा, बर्मा अर्कान से उनके साथ ठहरने के लिए सारनाथ आये। श्रद्धेय महाथेरा इस विचार से कि श्रद्धेय यू० कीर्तिमा स्थानीय भाषा को सीखने में समर्थ हो जायेगे तथा मठ के कार्यों का प्रबन्ध करने मे भी समर्थ होगे, मठ का सम्पूर्ण दायित्व उनको सौप दिया और वे स्वयं कुशीनगर लौट गये ।

सन् १९४५ मे द्वितीय विश्व युद्ध के समय मे सुन्दरवन (बंगला देश) से आकर कुछ लोग वाराणसी मे सिगरा पर एक भवन का निर्माण किये और उसे श्रद्धेय यू० कीर्तिमा को उपहार स्वरूप दे दिया जो उस समय सारनाथ स्थित बर्मी मठ के प्रभारी भिक्षु थे। चूँकि उन दिनों वाराणसी मे सिगरा पर कोई निवासी भिक्षु नहीं था इसलिए श्रद्धेय यू० कीर्तिमा स्वयं वहाँ रहने लगे । वे सन् १९१० से सन् १९४५ तक सारनाथ मठ पर रहे और सन् १९८७ई० में २३ अप्रैल को वाराणसी के सिगरा स्थित मन्दिर में उनका स्वर्गवास हो गया ।

श्रद्धेय भिक्षु यू० कीर्तिमा के पूर्व श्रद्धेय भिक्षु यू० तिखेन्द्रिया महाथेरा को सन् १९६८ में सारनाथ बर्मी बौद्ध मन्दिर का प्रभारी भिक्षु नियुक्त किया गया। चूँकि श्रद्धेय यू० तिखेन्द्रिया बहुत बूढे हो गये थे और मन्दिर के कार्यों का प्रबन्धन करना उनके सामर्थ्य के बाहर था । अतएव उन्होने सन् १९७८ मे श्रद्धेय भिक्षु यू० धम्मधज को अपनी मृत्यु के कुछ वर्ष पूर्व अपने सहायक के रूप में नियुक्त कर लिया । प्रभारी भिक्षु श्रद्धेय यू० तिखेन्द्रिया महाथेरा का ३ जुलाई १९८७ ई० को स्वर्गवास हो गया।

श्रद्धेय भिक्षु यू० तिखेन्द्रिया महाथेरा के परिनिर्वाण के बाद सारनाथ स्थित बर्मी बौद्ध मन्दिर जिसे वर्तमान में म्याँमार बौद्ध मन्दिर के नाम से जाना जाता है का आगामी भिक्षु प्रभारी श्रद्धेय यू० धम्मधज को नियुक्त किया गया जब से श्रद्धेय भिक्षु यू० धम्मधज ने इस मन्दिर के प्रभारी भिक्षु का कार्यभार सम्भाला है तब से वे इस विहार के सर्वांगीण विकास के लिए अथक भरसक प्रयास करते रहे है, उनके अनवरत प्रयास से मन्दिर परिसर के भीतर और बाहर नवीनीकरण का कार्य तथा अनेक नये निर्माण हुये है, जो निम्नलिखित है:-

१. मन्दिर के नूतन प्रवेश द्वार का निर्माण ।
२. धर्मचक्र कक्ष एवं मन्दिर का नवीनीकरण ।
३. भोजन कक्ष के साथ रसोई घर का निर्माण ।
४. पुराने मन्दिर के ऊपर बुर्जी का निर्माण ।
५. भवन के साथ घण्टाघर का निर्माण ।
६. धर्मचक्र मुद्रा में ९ फीट ऊँची भगवान बुद्ध की प्रतिमा की स्थापना ।
७. श्रद्धेय यू० चन्द्रमणि स्मारक विहार का निर्माण ।
८. अनेक्सी समेत नेपाली धर्मशाला का निर्माण ।
९. भिक्षु कक्ष का नवीनीकरण ।
१०. संलग्न बाथरूम के साथ पुराने अतिथि गृह का नवीनीकरण ।
११. ध्यान कक्ष का निर्माण
१२. यू० चन्द्रमणि स्मारक विद्यालय भवन का निर्माण ।
१३. स्वर्गीय यू० चन्द्रमणि महाथेरा की प्रतिमा के साथ नवीन विहार का निर्माण ।
१४. नवीन ध्यान कक्ष का निर्माण ।
१५. वैशाली–विहार में म्याँमार (बर्मी) बौद्ध विहार का निर्माण ।
१६. संकिसा–उत्तर प्रदेश में म्याँमार (बर्मी) बौद्ध विहार का निर्माण ।

सामाजिक विकास कार्य

१७. श्रद्धेय यू० चन्द्रमणि महाथेरा के नाम पर ८ किलोमीटर लम्बी सारनाथ –मुनार्ड सड़क का नामकरण ।
१८. यू० चन्द्रमणि स्मारक विद्यालय सारनाथ का सचालन एवं प्रबन्धन ।

सारनाथ में म्याँमार (बर्मी) बौद्ध मन्दिर का प्रभारी भिक्षु का पद सुशोभित करने के साथ–साथ श्रद्धेय भिक्षु यू० धम्मधज सन् २००० से म्याँमार बौद्ध संघ के प्रमुख (प्रधान) सचिव के पद को सुशोभित किये हुए है । म्याँमार की सरकार ने १९९७ में इन्हे *"महासद्धम्म जोतिकाधम्भ धज्ज"* एवं २००८ में *"अग्गमहासद्धम्म जोतिकाधम्भ धज्ज"* सम्मान से विभूषित किया ।

वर्तमान में यह विहार यू० कीर्तिमा मेमोरियल चेरिटेबल ट्रस्ट के अध्यक्ष भिक्षु यू० ज्ञानेश्वर (कुशी नगर) के दिशा निर्देश में संचालित है ।

အိန္ဒိယရဋ္ဌေဥတ္တရာပရာဒ္ဓိဒေသေ၊ တရာဏာသီနဂရေ

ဣသိပတနေ မိဂဒါယေ ဓမ္မစက္ကပ္ပဝတ္တနသုတ်

ဥပ္ပတ္တိသခ်ိပ် ကထာ။

ဧဝမျိတ္တ - စန္ဒြမဏိနာမ မဟာထေရော မိဂဒါယေန မဂ္ဂမုဋ္ဌိကာ ဗိဟာရသ္မိံ သမုဋ္ဌာပကော ဘဂဝတော မဟာပရိနိဗ္ဗာနဒဿနတ္ထာယ ဒေဝိဋိယာမတ္တာလေ ကုသိနာရာယံ မှာရမုဋ္ဌိကာ ဗိဟာရဿ ပစ္စန္တဘူတော ဧကော မဟာနာဂယကော အဟောသိ၊ သောစ ရက္ခိပ္ပရရဋ္ဌေ မြောက်ဦးနဂရေ ဇာတိကော ဟောတိ။

သော အဇ်ဇဒိဂ် အဠသဲစေကသဟဿေ ကေဒိဝသံ ဗုဒ္ဓသ္သ ပူဇနတ္ထာယ ကုသိနာရာယံ မိဂဒါဝနံ. (ဆာရဂိနာထံ) အာဂတော၊ တတော မိဂဒါဝနေ မရဏ္မိကဗိဟာရဿ ဘူမိဋ္ဌာနံ မှလေန ကိဏိတ္တာ ကေဿ အာဘိနဝဂိဟာရဿ ပတိဋ္ဌာပနတ္ထာယ (မူလံ) ကာရာဇဲပေသိ၊ သော (ဂိဟာရော) မရဏ္မရဋ္ဌေ ရက္ခပ္ပရိမဏ္ဍလေ (စစ်တွေ) နဂိရသံ (သုဂ်ာဇာ) သခ်ိတော နဂရပဒေသေ (ဦးမြထွန်) နာမ ဒါယကပမုခဉ်ာတီဟိ ဒိန္နော ဝုဒ္ဓပ္ပဋိကာနံ အတ္ထာယ ပတိဋ္ဌာဝိတော ဂိဟာရော တော်တိ၊ တံ (ဂိဟာရ္ဂ ကာရာပနံ) ဒဿဂိက နဝသတေကဝဿာဝသာသေ နိဋ္ဌာပေသုံ။

တတ္ထ မဟာထေရော ပါနီယသုဒ္ဓတ္ထာယ အန္တောပရိဝေဏေ ဒွေ ပေါက္ခရဏိယော (ဉဒပါနာနိ) ဆာပေသိ၊ အတ္တနော နိဝတ္ထဒေသေ ဂါမိကာနံ ဂမနာဂမနသုခတ္ထာယ မိဂဒါယဝနတော (ဂန္ဓရဟ္ဒပ္ပရိ) ဂါမံ မဂ္ဂံ သမံ ကာရာပေသိ၊ တံတော ပစ္ဆာ မဟာထေရေန သဒ္ဓိ ဝသနတ္ထာယ မရဏ္မရဋ္ဌေ ရက္ခပ္ပရိမဏ္ဍလတော မဟာထေရဿ ဘာဂိနေယျော ကိတ္တိမာသဒ်ီတော့ နဝကောဘိက္ခု မိဂဒါယံ သမ္ပတ္တော၊ အတ္တနော ဘာဂိနေယျဿ တဿ (ကိတ္တိမဿ ဘိက္ခုနော) ဒေသိယဘာသဒ္ဓံယ ဥဂ္ဂဟဏတ္ထာယ ဗိဟာရဒ္ဓံ ဗ ဝေယျာဝစ္စာနိ သံဝိဒဟနေ ကုသလတ္ထာယံ မဟာထေရော ဒီဃဇဿိ ဟုတ္ဝာ ဗိဟာရဿ သဗ္ဗံ ဘာဂံ နိယျာတေတွာ ကုသိနာရာယ္ဃမေဝ ပစ္ဆာဂတော၊

ပဌမဝဿိကေ အဠသဲစေကသဟဿေ ဒုတိယဝဿိကေပိ တထေဝ ဘဂီလားဒေဂ်ီရဋ္ဌတော (ဆုန်ဒါရိဘာဂ်) နာမ သမုဋ္ဌမုခဒီပါ (အဝဂ္ဂါန်) ကေစိ ရက္ခပ္ပရိဂမနုဿာ ဘာရာဏာသီနဂရမဇ္ဈေ (ဆီဂရာသဒ်ီတော်) ကော် ဗိဟာရံ ကာရေတွာ ပတိဋ္ဌာပေသုံ။ မာတုလဘူတော "မဟာထေရောပိ ကိတ္တိမဿ ဘိက္ခုနော မိဂဒါယေ မရဏ္မရဋ္ဌေ ဂါမံ ပဏ္ဍနဒါယကဘာဝေန ဘာရံ ဝဟာပေသိ၊ တဒါ ဘာရာဏာသီယံ (ဆီဂရာ) ပဒေသေ မရဏ္မိကဗိဟာရော ဝသန္တာ ဘိက္ခူ နတ္ထိ၊ တတော ထေရော ကိတ္တိမာယေဝ သယမေဝ နိဝါသီ ကမ္မေသိ၊ သော တတ္ထ ဒဿဂိက နဝသတေကသဟဿံ ဝဿတော ဝဋ္ဋတ္တာလီသဝဿိက နဝသတေကသဟဿေ ဂ္ဂဟေတွီ ယေဝ ဂိဟာရော ဒါဂဂိတော ဖာဟောသိ၊

တေဋ္ဌာ ဂဏနဝသေန ဒဿဂိတာ ဗိဟာရာဒယော ထေရေန သမုဋ္ဌာပိတာ ဖောန်ဖြဲ့ တောန် ပန.

၁။ ဘာရာဏာသီနဂရေ (ဆီဂရာ) မရဏ္မဗိဟာရော - ဘဂီလားရဋ္ဌ ဆုန်ဒါရိဘာဂ်ဒေသတော် ရက္ခပ္ပရိကာနံ ကာရာပိတာ ဂေဟ ဓမ္မသာလာ။

၂။ တတ္ထေဝ ဆာဠိဿွင် ပမုခကုလေဟိ ဒိန္နာ (ဆာဠိးသွင် ဓမ္မမဏ္ဍလမာလာ)။

၃။ ဒဿဂိကနဝသတေကသဟဿေ (ဦးမြထွန်း) ပမုခကုလေဟိ ဒိန္နံ ဗုဒ္ဓပ္ပဋိကာနံ ဂေဟ အာဝသထာဂါရံ။

၄။ စတုတ္ထိ သာဓိက နဝသတေကသဟဿေ (ဒေါ်ပြု-ဦးကွမ်း) ကုလေဟိ ဒိန္နာ မဟာဗိဓိတာဝိနာမ သိမာ။

၅။ တတ္ထေဝ ဝဿေ (ဦးရွှေဝင်း - ဒေါ်သောင်းမေ) ပမုခကုလေဟိ ဒိန္နံ မိဂဒါယေ ကေဋ္ဌ အာဝါဠံ။

၆။ ဆတ္ထိ သာဓိက နဝသတေကသဟဿေ (ဦးရွှေဝံ-ဒေါ်ဒဲလှဦး) ပမုခကုလေဟိ ဒိန္နော ကော စမ္ပစက္ကဝိဟာရော ဟုသိသံဃဿိသော်ဝိတော။

ကိတ္တိမာ ထေရော ဟတ္ထ ဝိဝါသံ ကမ္မေတွာ ကိသဂ္ဂေါတမကနဝသတော်ကသဟဿေတော်ရ် တိက္ခိတ္တိယံ မိဂဒါယေ မရဏ္မိကဗိဟာရဿ အာဝါသိက်. ဝဝါနံ ကာရာပေသိ။ သော (တိက္ခိတ္တိယော ထေရော) သယမေဝ ဗိဟာရဿ ဝေယျာဝစ္စာနိ သံဝိဒဟိတွာပိ သမဏ္ဍော ပဋိသဘ္ဘာဂိက နဝသတေကသဟဿေ ဂ္ဂဟေတွာ ဝဋ္ဋတ္တာလီသာဓိက နဝသတေကသဟဿေ ဂ္ဂဟေတွီ ယေဝ ဂိဟာရော ဒါဂဂိတော ဖာဟောသိ။

တေဋ္ဌာ ဂဏနဝသေန ဒဿဂိတာ ဗိဟာရာဒယော ထေရေန သမုဋ္ဌာပိတာ ဖောန်ဖြဲ့ တောန် ပန.

၁။ တာရာဏာသီနဂရေ (ဆီဂရာ) မရဏ္မဗိဟာရော-

HISTORY OF DHAMMACHAKKA VIHARA MIGADAWON MYANMAR TEMPLE

(1908 - 2008)
Samath, Varanasi, U.P State, India

Venerable U Chandramani Mahathera, the pioneer of establishment and construction of Myanmar Buddhist Temple Sarnath, was primarily a Bhikkhu-in-charge of Burmese Buddhist Temple at Kushinagar in the district of Deoria where the Lord Buddha attained Mahaparinibbana.

Venerable Bhikkhu U Chandramani Mahathera came to Sarnath from Kushinagar on pilgrimage in 1908 and laid the foundation stone of a monastery which was completed in 1910 with benevolent donation of Mr. U Mra Tun of Thingazarsu Quarter of Akyab (Sittwe), Rakhine State, Myanmar. Ven. Mahathera also got two wells dug here to facilitate the availability of drinking water, as well as constructed a connecting road leading to the village Ghurahupur for use of villagers. Later on, Ven. U Kittima, his nephew from Arakan (Rakhine), Myanmar, came to Sarnath to stay here with Ven. U Chandramani Mahathera. The Ven. Mahathera, with this valuable outlook in his mind that Ven. U Kittima would be able to learn the local language and also be able to manage the affairs of the monastery, entrusted him with the entire responsibility of the monastery and he himself returned to Kushinagar.

During the time of the Second World War in 1945 some people from Sundervan, Bangladesh constructed a building at Sigra in Varanasi and engaged Ven. U Kittima with the duty of Abbot of Myanmar Buddhist Temple of Sarnath. As there was no any resident monk at Sigra Myanmar Buddhist Temple, Varanasi those days, Ven. U Kittima himself began to live there. He lived at the Sarnath monastery from 1910 to 1945 and passed away on the 23rd April, 1987 at Sigra Myanmar Buddhist Temple, Varansi

Ven. U Kittima constructed the following buildings:

(1). Sir U Thwin's Dhamma Hall at Sigra Myanmar Buddhist Temple: donated by Sir U Thwin and family,
(2). Rest House for pilgrims in 1910: donated by U Mra Tun and his family.
(3). Mahawizitawi Sima (Ordination Hall) in 1934: donated by Daw Phyu, Daw Gwen and family.
(4). Saddhammaransi Pitaka Library and a well in 1934: donated by U Shwe Win – Daw Thaung May and family.
(5). Dhammachakka Vihara Monks' Residence in 1936: donated by U Shwe Zan – Daw Hla Oo and family.

While Ven. U Kittima was living at Sigra Myanmar Temple in Varanasi, Ven. U Tikkheindriya Mahathera was appointed as the abbot of Myanmar Temple of Sarnath in 1965. Although Ven. U Tikkheindriya was old enough to manage the affairs of the Temple, he appointed Ven. U Wanndhaza as his assistant monk in 1975. Ven. U Tikkheindriya passed away on 3rd July, 1987.

After demise of Ven. U Tikkheindriya Mahathera. Ven. U Wanndhaza was appointed as the successor abbot of the Temple of Sarnath. Since Ven. U Wannadhaza has taken over as the chief monk of this Temple, he had been trying his best to make all round development of the monastery. By his consistent efforts, he had contributed to the renovation works and several new constructions in and out of the monastery premises which are as follows:

(1). Construction kitchen and dinning hall attached with U Mra Tun's Rest House for pilgrims in 1990: donated by U Sein Tun Aung – Daw Hla Hla and family, England.
(2). Renovation Mahawizitawi Sima (Ordination Hall) by decoration and installation with pinnacle and multi-tired roof in 1991: donated by U Kyu – Daw Khin Hla and family.
(3). Renovation ground floor of Dhammachakka Vihara Monks' Residence: donated by Thet Paing Soe Co. in 2005. Shrine room inside Dhammachakka Vihara: donated by Dr. U Ko Ko (WHO - South Asia), New Delhi and his Dhamma friends in 1991.
(4). Construction Nepalese Dhammasala in 1991: donated by Nepalese nun Daw Dhammawadi (Thamee Chit) and her Nepalese devotees.
(5). Renovation of U Mra Tun's Rest House in 1992: donated by Mr. N.K.Bhatt – Daw May May khin and son Anil Kumar (U.K.)
(6). Construction Main Entrance Gate of the monastery in 1993: donated by U Pho Kyaw – Daw Tin Myint and family.
(7). Construction Gate way to Isipatana Deer Park in 1993: donated by Dr. Khin Maung Win – Dr. Way Way and family.
(8). Construction water tank and trestle in 1995: donated U Thein Han – Daw Shu Win and family.
(9). Construction Meditation Rooms in 1996: donated by Trade Minister Gen. Tun Kyi and Ministry of Trade pilgrimage groups.
(10). Construction of kitchen/ dinning building extension in 1996 donated by U Khin Maung Oo – Daw Thin Thin Soe and family.
(11). Erection Dhammachakka Razamuni Buddha Statue measuring 9 feet high in preaching posture (Dhammachakka mudra) in 1997: donated by Col. Hting Aung – Daw Myint Myint Thein and family Shrine room for the Razamuni Statue: donated by U Pwint Kaung Daw Nwe Yee, U Tin Hla – Daw Aye Aye Kyi and Mahasi family
(12). Construction Sayadaw U Chandramani Memorial Three Storey Residential Building in 2000: donated by Myanmar Buddhist pilgrimage groups – 2000.
(13). Construction Suwannasama Dhamma Hall in 2002: donated by Aung Chan Thar pilgrimage groups.
(14). Renovation Saddhammaransi Pitaka Library in 2004: donated by the pilgrims from Myanmar.
(15). Renovation of U Mra Tun's Rest House in 2005 –2007: donated by the donors from Myanmar and pilgrims.
(16). Construction Sunlun Dhamma Vihara in 2007: donated by Sunlun Sayadaw U Winaya and his devotees.
(17). Renovation the bridge leading to Deer Park in 2007: donated by Col. Tin Shein (Retd.) – Daw Aye Moh Shein and family.
(18). Construction Peace Bell Tower: donated by Shwe Myin Tin U Nyo; Shwe Hmi furniture U Shwe Hmi and Shwepin Ngwepin U Than Tun and their families.
(19). Peace Bell: donated by Major Aye Cho – Daw Nwe Ni Hlaing and family.
(20). Construction of Myanmar (Burmese) Buddhist Temple at Sankasya in Uttar Pradesh State in 2001.
(21). Construction of Myanmar Buddhist Temple at Vaishali in Bihar State in 2003.

Social Development Works:

(1). Eight kilometer long Sarnath-Munari Road named after Ven. U Chandramani Mahathera in
(2). Construction U Chandramani Memorial School Building.

Besides holding the post of chief monk of Myanmar Buddhist Temple of Sarnath, Ven. U Wannadhaza holds the post of General Secretary of Myanmar Buddhist Sangha Council of India since the year 2000.

The Government of the Union of Myanmar honored him with the titles of "Maha Saddhamma Zawtikadhaza" in the year 1997 and "Aggamaha Saddhamma Zawtikadhaza" in 2008.

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်
မိဂဒါဝုန်၊ဗာရာဏသီမြို့၊ ဥတ္တရာပရာဒေ၌ပြည်နယ်၊ အိန္ဒိယနိုင်ငံ
သမိုင်းအကျဉ်းချုပ်
(၁၉၀၈-၂၀၀၈)

မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သူ ဆရာတော် ဘဒ္ဒန္တစန္ဒိမဏိသည် ပုဒ္ဓဘုရားရှင်မဟာ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်နေရာဖြစ်သော ဒေအိုရိယာခရိုင် ကုသိနာရုံ မြန်မာကျောင်းတိုက်၏ပဓာနနာယက ဆရာတော် အဖြစ် သီတင်းသုံးနေထိုင်ခဲ့ပေသည်။ ဆရာတော်ကြီး ဦးစန္ဒိမဏိသည် ၁၉၀၈ ခုနှစ်တွင် ကုသိနာရုံမှ မိဂဒါဝုန် (ဆာရာနာထ်) သို့ ဘုရားဖူးအဖြစ်ကြွရောက်လာပေသည်။ ထို့နောက် ယခု မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ မြေနေရာကို ဝယ်ယူ လိုက်ပြီး ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ရန်အတွက် ပန္နက်ချထားခဲ့ပေသည်။ ၎င်းကျောင်းဆောင်သည် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သင်္ဃာစုရပ်ကွက်နေဦးမြထွန်းမိသားစုမှ လှူဒါန်းသည့် ဘုရားဖူးများတည်းခိုဆောင်ဖြစ်ပေသည်။ ၁၉၁၀ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးလေသည်။ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ဆရာတော်ကြီးသည် ကျောင်းပရိဝုဏ်အတွင်း ရေတွင်းနှစ်တွင်း တူးဖော်ခဲ့ပေသည်။ ထို့အပြင် ဒေသအတွင်း ရွာသူရွာသားများအဆင်ပြေစွာ သွားလာနိုင်ရေး အတွက်ကိုလည်း မိဂဒါဝုန်မှ ဂူရဟူပူရ်ရွာသို့ သွားရာလမ်းကိုဖောက် လုပ်ခဲ့ပေသည်။ နောက်ပိုင်းတွင် ဆရာတော်ကြီးနှင့် အတူ သီတင်းသုံးနေထိုင်ရန် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ ဆရာတော်ကြီး၏တူဖြစ်သူ ဆရာတော်ဦးကိုတ္တိမာသည် မိဂဒါဝုန်သို့ ကြွရောက်လာခဲ့ပေသည်။ ဒေသခံဘာသာစကား သင်ယူတတ်မြောက်နိုင်ရေးနှင့် ကျောင်းတိုက်ရေးရာကိစ္စ အဝဝတို့ကိုလည်း စီမံခန့်ခွဲနိုင်ရေး အလို့ငှာ ဆရာတော်ကြီး ဦးစန္ဒိမဏိသည် အမျှော်အမြင်ကြီးစွာဖြင့် တူဖြစ်သူ ဆရာတော် ဦးကိုတ္တိမာအား ကျောင်းတိုက်တစ်ခုလုံး၏ တာဝန်များကို လွှဲအပ်ကာ ကုသိနာရုံသို့ ပြန်ကြွလာခဲ့ပေသည်။ ၁၉၄၅ ခုနှစ်ဒုတိယကမ္ဘာစစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆုန်ဒါရ်ဘင် (အဝကျွန်း)မှ ရခိုင်လူမျိုးအချို့သည် ဗာရာဏသီမြို့ လယ်ဆီဂရာ၌ ကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြလေသည်။ ဆရာတော်ဦးကိုတ္တိမာအား မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ပေးအပ်ထားပေသည်။ ဗာရာဏသီမြို့ ဆီဂရာမြန်မာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သည့် ရဟန်းသံဃာ မရှိသဖြင့် ဆရာတော်ဦးကိုတ္တိမာ ကိုယ်တိုင် သီတင်းသုံးနေထိုင်ခဲ့ပေသည်။ ဆရာတော် ဦးကိုတ္တိမာသည် မိဂဒါဝုန်မြန်မာ ကျောင်းတိုက်တွင် ၁၉၂၈ ခုနှစ်မှ ၁၉၄၅ခုနှစ် အထိ သီတင်းသုံးနေထိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်ဧပြီလ(၂၃) ရက်နေ့တွင် ဗာရာဏသီမြို့ ဆီဂရာ မြန်မာကျောင်း တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပေသည်။ ဖော်ပြပါအဆောက်အဦများမှာ ဆရာတော်ဦးကိုတ္တိမာ ဆောက်လုပ်ခဲ့သည့် အဆောက်အဦများ ဖြစ်ပေသည်။

(၁) ဗာရာဏသီမြို့၊ ဆီဂရာမြန်မာကျောင်းတိုက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆုန်ဒါရ်ဘင်(အဝကျွန်း) ရခိုင် လူမျိုး လှူဒါန်းသည့် ဆုန်ဒါရ်ဘင် ဓမ္မသာလာကျောင်းတော်

(၂) ဗာရာဏသီမြို့၊ ဆီဂရာမြန်မာ ကျောင်းတိုက်အတွင်း ဆာဦးသွင်မိသားစုလှူဒါန်းသည့် ဆာဦးသွင်ဓမ္မခန်းမဆောင်။

(၃) မိဂဒါဝုန်မြန်မာကျောင်းတိုက်အတွင်း ၁၉၁၀ ခုနှစ်တွင် ဦးမြထွန်း မိသားစုမှ လှူဒါန်းသည့် ဘုရားဖူးများတည်းခိုဆောင် (ဦးစန္ဒိမဏိလက်ထက်)

(၄) ၁၉၃၄ ခုနှစ်တွင်ဒေါ်ဖြူ။ ဒေါ်ဂွမ်းမိသားစုများမှ လှူဒါန်းသည့်မဟာဝိဇ္ဇာဝိသိမ်တော်

(၅) ၁၉၃၄ခုနှစ်တွင် ဦးရွှေဝင်း၊ ဒေါ်သောင်းမေမိ သားစုမှ လှူဒါန်းသည့် သဒ္ဓမ္မရံသီပိဋကတ်တိုက်နှင့်ရေတွင်း

(၆) ၁၉၃၆ ခုနှစ်တွင်ဦးကျော်ဇံ၊ ဒေါ်ဒါလှဦးမိသားစုမှလှူဒါန်းသည့် ဓမ္မစက္ကဝိဟာရ သံဃာ့ကျောင်းဆောင်

ဆရာတော်ဦးကိုတ္တိမာသည် ဗာရာဏသီမြို့ ဆီဂရာမြန်မာကျောင်းတွင် သီတင်းသုံးနေထိုင်ပြီး ၁၉၆၃ခုနှစ်တွင် ဆရာတော်ဦးတိက္ခိန္ဒြိယအား မိဂဒါဝုန်ကျောင်းတိုက်၏ကျောင်းထိုင် ဆရာတော်အဖြစ် တာဝန်ပေးအပ်ပေသည်။ ဆရာတော် ဦးတိက္ခိန္ဒြိယသည် တာဝန်ကိစ္စအဝဝကို မိမိကိုယ်တိုင်စီမံခန့်ခွဲ အုပ်ချုပ်နိုင်သေးသော်လည်း ၁၉၇၅ ခုနှစ်တွင် ဆရာတော် ဦးဝဏ္ဏာဓဇအား သူ၏လက်ထောက် ဆရာတော်အဖြစ် တာဝန်ပေး ခန့်အပ်ပေသည်။ ဆရာတော်ကြီးသည်

၁၉၈၇ ခုနှစ် ဇူလိုင် လ(၃)ရက်နေ့တွင် ဘဝနတ်ထံ ပို့လွှတ်တော်မူပေသည်။ ဆရာတော်ဦးတိက္ခိန္ဒြိယ ဘဝနတ်ထံပို့ လွှတ်တော်မူပြီးနောက် ဆရာတော်ဦးဝဏ္ဏဓဇအား မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ပေးအပ်ပေသည်။ ဆရာတော်ဦးဝဏ္ဏဓဇသည် ကျောင်းထိုင်ဆရာတော်ဖြစ်လာပြီးကတည်းက ကျောင်းတိုက်၏ ဘက်ပေါင်းစုံ တိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ပေသည်။ ဆရာတော်၏ အမြဲမပြတ် ကြိုးစားအားထုတ်မှုများကြောင့် ကျောင်းတိုက်၏ အတွင်းအပြင်၌ အဆောက်အဦအများအပြား အသစ်တည်ဆောက်ခြင်း၊ ရှိပြီးသား အဆောက်အဦများကိုလည်း ပြန်လည် မွမ်းမံပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပေသည်။

(၁) ၁၉၉၀ ခုနှစ်တွင်ဦးမြထွန်း ဘုရားဖူးများ တည်းခိုဆောင်နှင့်တွဲလျက် ဆွမ်းချက်ဆောင်နှင့်ဆွမ်းစားကျောင်းဆောင်ကို ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ မိသားစု အင်္ဂလန်နိုင်ငံမှဆောက်လုပ်လှူဒါန်းသည်။

(၂) ၁၉၉၁ ခုနှစ်တွင် မဟာဝိဇိတာဝီသိမ်ကို ဘုံအဆင့်ဆင့်ပြာသာဒ်များတပ်ဆင်၍ ဦးကြူ၊ ဒေါ်ခင်မြင့်မိသားစုမှ မွမ်းမံပြုပြင်လှူဒါန်းသည်။

(၃) ၁၉၉၁ ခုနှစ်တွင် မဟာဝိဇိတာဝီသိမ်မင်္ဂလာဆောင်ခန်းမကြီးကို ဦးသိန်းဟန်၊ဒေါ်ရှုဝင်းမိသားစုမှ ရေတိုင်ကီကိုလှူဒါန်းသည်။

(၄) ၁၉၉၆ ခုနှစ်တွင်ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဘုရားဖူးအဖွဲ့များမှ ကမ္မဋ္ဌာန်းကျောင်းဆောင်ကိုဆောက်လုပ်လှူဒါန်းသည်။

(၅) ၁၉၉၆ ခုနှစ်တွင်ဦးခင်မောင်ဦး၊ ဒေါ်သင်းသင်းစိုးမိသားစုမှ တိုးချဲ့ဆွမ်းချက်ဆောင်နှင့်ဆွမ်းစားကျောင်းဆောင်ကို ဆောက်လုပ် လှူဒါန်းသည်။

(၆) ၁၉၉၇ခုနှစ်တွင်ဦးဘဏ်တော် အမြင့် (၉)ပေရှိ ဓမ္မစက္ကရာဇမုနိ ဘုရားကြီးကို ဗိုလ်မှူးကြီးထင်အောင်၊ ဒေါ်မြင့်မြင့်သိန်း မိသားစုမှ လှူဒါန်းသည်။ ဘုရားကြီးကျောင်းဆောင်ကို ဦးပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီ၊ ဦးတင်လှ+ဒေါ်အေးအေးကြည်နှင့် မဟာစည် မိသားစုမှလှူဒါန်းသည်။

(၇) ၂၀၀၀ ခုနှစ်တွင် ဆရာတော်ဦးစန္ဒိမဏီ သုံးထပ်ကျောင်းဆောင်ကို ၂၀၀၀ခုနှစ်မြန်မာဘုရားဖူး အဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၈) ၂၀၀၂ ခုနှစ်တွင် သုဝဏ္ဏသာမ ဓမ္မဗိမာန်ဆောင်ကို အောင်ချမ်းသာဘုရားဖူးအဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၉) ၂၀၀၄ ခုနှစ်တွင်သဒ္ဓမ္မရံသီပဋ္ဌကတ်တိုက်ကို မြန်မာဘုရားဖူးများမှပြုပြင် လှူဒါန်းသည်။

(၁၀) ၂၀၀၅-၂၀၀၇ခုနှစ်များတွင် ဦးမြထွန်း ဘုရားဖူးများတည်းခိုဆောင်ကို မြန်မာနိုင်ငံမှ အလှူရှင်များနှင့် ဘုရားဖူးများမှပြုပြင်လှူဒါန်းသည်။

(၁၁) ၂၀၀၇ ခုနှစ်တွင် ဆရာတော်ဦးစန္ဒိမဏီ သုံးထပ်ကျောင်းဆောင်ကို ၂၀၀၀ခုနှစ်မြန်မာဘုရားဖူး အဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၂) ၂၀၀၂ ခုနှစ်တွင် သုဝဏ္ဏသာမ ဓမ္မဗိမာန်ဆောင်ကို အောင်ချမ်းသာဘုရားဖူးအဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၃) ၂၀၀၄ ခုနှစ်တွင်သဒ္ဓမ္မရံသီပဋ္ဌကတ်တိုက်ကို မြန်မာဘုရားဖူးများမှပြုပြင် လှူဒါန်းသည်။

(၁၄) ၂၀၀၅-၂၀၀၇ခုနှစ်များတွင် ဦးမြထွန်း ဘုရားဖူးများတည်းခိုဆောင်ကို မြန်မာနိုင်ငံမှ အလှူရှင်များနှင့် ဘုရားဖူးများမှပြုပြင်လှူဒါန်းသည်။

(၁၅) ၂၀၀၇ ခုနှစ်တွင်သစ္စာဗောဓိဘုရားကြီးကို ဗိုလ်မှူးကြီးတင်ရှိန် (အငြိမ်းစား) ဒေါ်အေးမွန်ရှိန်မိသားစုမှ ပြုပြင်လှူဒါန်းသည်။

(၁၆) ၂၀၀၇ ခုနှစ်တွင် စွန်းလွန်းဓမ္မဝိဟာရကျောင်းဆောင်ကို စွန်းလွန်းဆရာတော်ဦးဝိနယနှင့်တပည့် ဒါယကာဒါယိကာမ များမှဆောက်လုပ်လှူဒါန်းသည်။

(၁၇) ၂၀၀၇ ခုနှစ်တွင်ဓမ္မစကြာကုန်းသို့သွားရာ တံတားကို ဗိုလ်မှူးကြီးတင်ရှိန် (အငြိမ်းစား) ဒေါ်အေးမွန်ရှိန်မိသားစုမှ ပြုပြင်လှူဒါန်းသည်။

(၁၈) ငြိမ်းချမ်းရေးခေါင်းလောင်းစင်ကို ဦးညီ (ရွှေမြင်တင်ဆေးတိုက်) ဦးရွှေမို့ (ရွှေမို့ပရိဘောဂ)နှင့် ဦးသန်းထွန်း (ရွှေပင်ငွေပင်ပရိဘောဂ)မိသားစုများမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၉) ငြိမ်းချမ်းရေးခေါင်းလောင်းကို ဗိုလ်မှူးအေးချို၊ ဒေါ်နွယ်နီလှိုင် မိသားစုမှ လှူဒါန်းသည်။

(၈) ၁၉၉၅ ခုနှစ်တွင် ဦးသိန်းဟန်၊ဒေါ်ရှုဝင်းမိသားစုမှ ရေတိုင်ကီကိုလှူဒါန်းသည်။

(၉) ၁၉၉၆ ခုနှစ်တွင်ကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်နှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဘုရားဖူးအဖွဲ့များမှ ကမ္မဋ္ဌာန်းကျောင်းဆောင်ကိုဆောက်လုပ်လှူဒါန်းသည်။

(၁၀) ၁၉၉၆ ခုနှစ်တွင်ဦးခင်မောင်ဦး၊ ဒေါ်သင်းသင်းစိုးမိသားစုမှ တိုးချဲ့ဆွမ်းချက်ဆောင်နှင့်ဆွမ်းစား ကျောင်းဆောင်ကို ဆောက်လုပ် လှူဒါန်းသည်။

(၁၁) ၁၉၉၇ခုနှစ်တွင်ဘဏ်တော် အမြင့် (၉)ပေရှိ ဓမ္မစက္ကရာဇမုနိ ဘုရားကြီးကို ဗိုလ်မှူးကြီးထင်အောင်၊ ဒေါ်မြင့်မြင့်သိန်း မိသားစုမှ လှူဒါန်းသည်။ ဘုရားကြီးကျောင်းဆောင်ကို ဦးပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီ၊ ဦးတင်လှ+ဒေါ်အေးအေးကြည်နှင့် မဟာစည် မိသားစုမှလှူဒါန်းသည်။

(၁၂) ၂၀၀၀ ခုနှစ်တွင် ဆရာတော်ဦးစန္ဒိမဏီ သုံးထပ်ကျောင်းဆောင်ကို ၂၀၀၀ခုနှစ်မြန်မာဘုရားဖူး အဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၃) ၂၀၀၂ ခုနှစ်တွင် သုဝဏ္ဏသာမ ဓမ္မဗိမာန်ဆောင်ကို အောင်ချမ်းသာဘုရားဖူးအဖွဲ့များမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၄) ၂၀၀၄ ခုနှစ်တွင်သဒ္ဓမ္မရံသီပဋ္ဌကတ်တိုက်ကို မြန်မာဘုရားဖူးများမှပြုပြင် လှူဒါန်းသည်။

(၁၅) ၂၀၀၅-၂၀၀၇ခုနှစ်များတွင် ဦးမြထွန်း ဘုရားဖူးများတည်းခိုဆောင်ကို မြန်မာနိုင်ငံမှ အလှူရှင်များနှင့် ဘုရားဖူးများမှပြုပြင်လှူဒါန်းသည်။

(၁၆) ၂၀၀၇ ခုနှစ်တွင် စွန်းလွန်းဓမ္မဝိဟာရကျောင်းဆောင်ကို စွန်းလွန်းဆရာတော်ဦးဝိနယနှင့်တပည့် ဒါယကာဒါယိကာမ များမှဆောက်လုပ်လှူဒါန်းသည်။

(၁၇) ၂၀၀၇ ခုနှစ်တွင်ဓမ္မစကြာကုန်းသို့သွားရာ တံတားကို ဗိုလ်မှူးကြီးတင်ရှိန် (အငြိမ်းစား) ဒေါ်အေးမွန်ရှိန်မိသားစုမှ ပြုပြင်လှူဒါန်းသည်။

(၁၈) ငြိမ်းချမ်းရေးခေါင်းလောင်းစင်ကို ဦးညီ (ရွှေမြင်တင်ဆေးတိုက်) ဦးရွှေမို့ (ရွှေမို့ပရိဘောဂ)နှင့် ဦးသန်းထွန်း (ရွှေပင်ငွေပင်ပရိဘောဂ)မိသားစုများမှ ဆောက်လုပ်လှူဒါန်းသည်။

(၁၉) ငြိမ်းချမ်းရေးခေါင်းလောင်းကို ဗိုလ်မှူးအေးချို၊ ဒေါ်နွယ်နီလှိုင် မိသားစုမှ လှူဒါန်းသည်။

(၁) ၁၉၉၀ ခုနှစ်တွင်ဦးမြထွန်း ဘုရားဖူးများ တည်းခိုဆောင်နှင့်တွဲလျက် ဆွမ်းချက်ဆောင်နှင့်ဆွမ်းစားကျောင်းဆောင်ကို ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ မိသားစု အင်္ဂလန်နိုင်ငံမှဆောက်လုပ်လှူဒါန်းသည်။

(၂) ၁၉၉၁ ခုနှစ်တွင် မဟာဝိဇိတာဝီသိမ်ကို ဘုံအဆင့်ဆင့်ပြာသာဒ်များတပ်ဆင်၍ ဦးကြူ၊ ဒေါ်ခင်မြင့်မိသားစုမှ မွမ်းမံပြုပြင်လှူဒါန်းသည်။

(၃) ၁၉၉၁ ခုနှစ်တွင်ဓမ္မစက္ကဝိဟာရသံဃာ့ကျောင်းဆောင်အတွင်းရှိ ဘုရားကျောင်းဆောင်ကိုဒေါက်တာဦးကိုကို (ကမ္ဘာ့ကျန်းမာရေးအဖွဲ့) အရှေ့တောင် အာရှ ဒေသနှင့်သူ၏ ဓမ္မမိတ်ဆွေများမှပြုပြင်လှူဒါန်းသည်။ ၄င်းသံဃာ့ ကျောင်းဆောင်၏ မြေညီထပ်ကို ၂၀၀၅ ခုနှစ်တွင် သက်ပိုင်စိုး ကုမ္ပဏီမှပြန်လည်ပြုပြင်လှူဒါန်းသည်။

(၄) ၁၉၉၁ ခုနှစ်တွင် နီပေါလ်ဓမ္မသာလာအဆောင်ကို နီပေါလ်လူမျိုး ဆရာလေး ဒေါ်ဓမ္မဝတီ(သမီးချစ်)နှင့်ဒါယကာ၊ ဒါယိကာမများမှဆောက်လုပ်လှူဒါန်းသည်။

(၅) ၁၉၉၂ ခုနှစ်တွင် ဦးမြထွန်းဘုရားဖူးများတည်းခိုဆောင်ကိုမစ္စတာအန်ကောဘတ် ဒေါ်မေမေခင်၊သားအနီကုမာ၊ ယူကေနိုင်ငံမှ ပြုပြင်လှူဒါန်းသည်။

(၆) ၁၉၉၃ ခုနှစ်တွင်ကျောင်းတိုက်ဝင်ပေါက်မုခ်ဦးကို ဦးဖိုးကျော့၊ ဒေါ်တင်မြင့်မိသားစုမှ ဆောက်လုပ်လှူဒါန်း သည်။

(၇) ၁၉၉၃ ခုနှစ်တွင်ဓမ္မစကြာကုန်းသို့သွားရာမုခ်ဦးကို ဒေါက်တာခင်မောင်ဝင်း၊ ဒေါက်တာဝေဝေမိသားစုမှ ဆောက်လုပ် လှူဒါန်းသည်။

(၂၀) ၂၀၀၁ ခုနှစ်တွင်သက်ဿနဂိုရ်၌ သက်ဿနဂိုရ်မြန်မာကျောင်းတိုက်ကို ဆောက်လုပ်တည်ထောင်သည်။

(၂၁) ၂၀၀၃ ခုနှစ်တွင် ဝေသာလီ၌ ဝေသာလီမြန်မာကျောင်းတိုက်ကို ဆောက်လုပ်တည်ထောင်သည်။

လူမှုရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) ဆရာတော်ကြီးဦးစန္ဒိမကို ဖောက်လုပ်ခဲ့သော(၈) ကီလိုမီတာရှည်လျားသည့်လမ်းကို ၂၀၀၅ခုနှစ်တွင် ဗာရာဏသီမြို့ကော်မစ်ရှနာမှ ဆရာတော်ဦးစန္ဒိမကိုလမ်းအဖြစ် အသိအမှတ်ပြုဖွင့်လှစ်ပေးသည်။

(၂) ၂၀၀၆ ခုနှစ်တွင် ဆရာတော်ဦးစန္ဒိမကိုစာသင်ကျောင်းကိုဆောက်လုပ်သည်။

(၃) ၁၉၉၇ ခုနှစ် မင်းပြားမြို့နယ်၊ ကြံတောရွာ၊ အလယ်တန်းကျောင်း ဆောက်လုပ်လှူဒါန်းသည်။

ဆရာတော်ဦးဝဏ္ဏဓဇသည် မိဂဒါဝုန်မြန်မာ ကျောင်းတိုက်၏ ပဓာနနာယကတာဝန်အပြင် ၂၀၀၀ ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံဆိုင်ရာ ပရဒေသိသံဃနာယက အဖွဲ့၏ အထွေထွေအကျိုးတော်ဆောင်ချုပ်အဖြစ်လည်း တာဝန်များကိုထမ်းဆောင်လျက် ရှိနေပေသည်။ မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရမှ ဆရာတော် ဦးဝဏ္ဏဓဇအား ၁၉၉၇ ခုနှစ်တွင် "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပြီး ၂၀၀၈ ခုနှစ်တွင် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပေသည်။

ဘဒ္ဒန္တဝဏ္ဏဓဇ(ပဓာနနာယကဆရာတော်)
မိဂဒါဝုန်မြန်မာကျောင်းတိုက်




မှတ်ချက်

ကျောက်စာတွင် သက္ကရာဇ်အချို့ မှားယွင်းနေပါသည်။
ဥပမာ - ဦးကိတ္တိမာသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်တွင် ၁၉၁၀ ခုနှစ်တွင် ကျောင်းစထိုင်သည်ဟု မှားယွင်းနေပါသည်။ ၁၉၀၃ ခုနှစ် မွေးဖွားခဲ့ပြီး ၁၉၂၈ ခုနှစ် သက်တော် (၂၅)နှစ်တွင် - ကျောင်းထိုင်ခြင်း ဖြစ်ပါသည်။

(စာတည်းအဖွဲ့)

သာသနာ့အာဏာနည်းပုဂ္ဂိုလ်ထူးများကို ပူဇော်ပုံအခြင်း

ကေသရ




ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ ။
(ဓမ္မပဒ၊ ၁၉၃။)

ယောက်ျား အာဇာနည်သည် လူမျိုးတိုင်း၌ မဖြစ်ထွန်း မပေါ်ပေါက်။ အာဇာနည်ယောက်ျား ဖြစ်ထွန်း ပေါ်ပေါက်လာသော အမျိုးသည် ချမ်းသာကြီးပွားခြင်းသို့ ရောက်၏။

ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ် မြောက်ဦးခေတ်ဟူသည့် သမိုင်းတင်ခေတ်ကြီးများ၊ ဘုရင့်အင်ပါယာနိုင်ငံတော်ကြီးများဖြင့် ထည်ထည်ဝါဝါ နေထိုင်လာခဲ့ကြသည့် ရခိုင်လူမျိုးတို့သည် ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဓညဝတီပြည်ကြီးသို့ ကြွရောက် ခြီးမြှင့်တော်မူသည့်ဂုဏ်၊ ဘုရားရှင်ကိုယ်စား ကိုးကွယ်နိုင်ရန် မဟာမုနိရုပ်ရှင်တော်မြတ် သွန်းလောင်း ပူဇော်ရသည့် ဂုဏ်ဒြပ်တို့ကို ဆောင်လျက်၊ မဇ္ဈိမဒေသ၏ဘာသာ၊သမိုင်း၊ယဉ်ကျေးမှုများ ယနေ့တိုင် ပုံရိပ်ထင်ဟပ်လျက်ရှိသော အဘ ရက္ခိုင်ပြည်ကြီးသည်ကား ရခိုင်လူမျိုးတို့ဖြင့် တင့်တယ်လျက်ရှိနေပေသည်။ ဘုရင်အုပ်ချုပ် ရေးစနစ်ပုံစံများ ကွယ်ပျောက်သွားပြီဖြစ်သော်လည်း ရခိုင်လူမျိုးတို့၏ စိတ် အစဉ်၌ကား မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ထားရှိအပ်သော မေတ္တာ ကရုဏာတော်ကြောင့် အေးချမ်းသာယာမှု ရရှိကြသည်မှာ အမှန်ဇကောပင် ဖြစ်ပေသည်။ အာဇာနည်ပုဂ္ဂိုလ်တို့သည် လူမျိုးတိုင်း၌ မဖြစ်ထွန်းဟူသကဲ့သို့ အာဇာနည်ယောက်ျား ဖြစ်ထွန်းလာသော လူမျိုးသည်လည်း ကြီးပွားခြင်းသို့ ရောက်ရမည်ဖြစ်ပေသည်။ ဤစကားသည် မှန်၏။ အကျွန်တို့၏အမျိုး၌ ခေတ်အဆက်ဆက်က အမျိုးကို စောင့်သိသော အာဇာနည်ယောက်ျားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ရာ၊(၂၀)(၂၁)ရာစုကာလများတွင်လည်း အမျိုးဘာသာ သာသနာရေးကို ထူးချွန်စွာ ဆောင်ရွက်တော်မူသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းခဲ့သည်ကို တွေ့ရပေသည်။ အဆိုပါ သာသနာ့အာဇာနည် ပုဂ္ဂိုလ်များအား အကျွန်ုပ် ဦးခိုက်ရိုသေ ရှိခိုးအပ်ပါသည်-




ဘခင် ဦးကျော်အောင် + မိခင် မိဝင်းယေ ဖြစ်သည်။ ၁၂၃၇-ခုနှစ် ကဆုန်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့တွင် မွေးဖွားသန့်စင်သည်။ နှမ မိနှင်းညိုနှင့် ညီငယ် သာပန်း အောင်ဟူ၍ မွေးချင်း (၂)ယောက် ရှိသည်။ သာပန်းဦး၏ မွေးရပ်မြေကား ရက္ခပူရတိုင်း ရခိုင်တို့၏ နောက်ဆုံး မင်းနေပြည်တော် တည်ရှိရာ "မြောက်ဦးမြို့တော်" ဒေသ ဖြစ်လေသည်။ ရခိုင်လူမျိုးတို့၏ အဖွဲ့ဖြိုးအတိုးတက်ဆုံး စာပေ၊ သမိုင်း၊ ယဉ်ကျေးမှု အထွန်းကားဆုံးဖြစ်သော ဝေသာလီ ခေတ်၏ ပုံရိပ်များသည်လည်း ဤမြောက်ဦးနယ်မြေ အတွင်း၌ပင် ထင်ဟပ်လျက် ရှိနေပေသည်။ ထို့ကြောင့် ဘုမ္မိနက်သန်မြေမဟာ၌ မွေးဖွားသန့်စင်ရသည့် အသျှင် စန္ဒြမဏိ မဟာထေရ်မြတ်ကား ဇဲ၊ သတ္တိအရာ၌ လည်းကောင်း၊ အမျိုးကို ချစ်မြတ်နိုးသည့် အရာ၌ လည်းကောင်း၊ ဘာသာသာသနာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည့် အရာ၌လည်းကောင်း မြောက်ဦးနေပြည်တော်ကို ကျော်လွန်လျက်၊ ရက္ခပူရ ရက္ခိုင်ပြည်ကို ကျော်လွန်လျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နယ်နိမိတ်ကို ကျော်လွန်လျက်၊ ဂေါတမဗုဒ္ဓ ပွင့်တော်မူရာ မဇ္ဈိမဒေသကို ကျော်လွန်လျက်၊ ကမ္ဘာဗုဒ္ဓ သာသနာပြုတည်းဟူသော ကမ္ဘာကျော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်အဖြစ် ရောင်ဝါထွန်းလင်း တောက်ပခဲ့ပေသည်။ အသျှင် စန္ဒြမဏိမှာ အိန္ဒိယနိုင်ငံတော် အစိုးရက ဆက်ကပ်ပူဇော် သည့် "ဂုရုဂုရုမဟာဂုရု" ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့ သည့်အပြင်၊



အသျှင်စန္ဒြမဏိ မဟာထေရ်မြတ်

ရန်ကုန်-စစ်တွေ လမ်းမကြီးအတိုင်း သွားပါက မြောက်ဦးမြို့မှ (၄)မိုင်အကွာတွင် ရခိုင်တို့၏ ဝေသာလီ ကျောက်လှေကား မြို့တော်ဟောင်းကို တွေ့ရပေမည်။ ယင်းမှ(၆)မိုင်ခန့်ဆက်သွားလျှင် တိန်ညိုတံတားနှင့် တိန်ညိုကျေးရွာကို တွေ့ရမည်။ တိန်ညိုတံတားသည် ရမ်းချောင်းကို ဖြတ်ကျော်၍ တည်ဆောက်ထားသည်။ ယင်းမှ ရန်ကုန်-စစ်တွေလမ်းအတိုင်း ဆက်သွားလျှင် လင်းမြိတောင်ကို ဦးစွာ တွေ့ရမည်။ ယင်းတောင်ကို ဖြတ်ကျော်၍ ဆက်လက်သွားရောက်လျှင် မြောက်ဦးမြို့နယ်အဆုံး တောင်ဦးကျေးရွာ၊ ယင်းမှ ကျိုရာပြင်ကျေးရွာအနီး ရမ်းချောင်း၏ အရှေ့ ဘက်ကမ်းခြေရှိ ပေါက်ပင်ကွင်း ကျေးရွာသို့ ရောက်ရှိ နိုင်ပေ သည်။ဤ ပေါက်ပင်ကွင်းကျေးရွာသည် အာဇာနည် ပုဂ္ဂိုလ် ထူး အသျှင်စန္ဒြမဏိလောင်းလျာဖြစ်သော "သာပန်းဦး" ၏ မွေးဖွားရာဇာတိမြေပင် ဖြစ်လေသည်။





၁၄-၁၀-၅၆ နေ့က အိန္ဒိယပြည် နာဂပူရ်မြို့တွင် ဒေါက်တာအမ်မေဒကာနှင့် လူပေါင်းနှစ်သိန်းကျော် တို့အား ပုဒ္ဓဘာသာအဖြစ်သွတ်သွင်းချီးမြှင့်ပေးနေပုံ


အားလုံးက စံပြုထိုက်ပေသည်။ ဂုဏ်ပြုထိုက်ပေသည်။ ဂုဏ်ယူသင့်ပေသည်။

အသျှင်ကိတ္တိမာ မဟာထေရ်မြတ်

အသျှင်ကိတ္တိမာ လောင်းလျာကို ၁၉၀၃-ခု နှစ်ဩဂုတ်လ(၂၄)ရက်နေ့(၁၂၆၅ ခုနှစ်တော်သလင်း လဆန်း ၃ ရက်)တနလ်ာနေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊မြောက်ဦးမြို့နယ်၊ ထိပ်ဝပြင်ကျေးရွာအုပ်စု၊ ရုပ်ချောင်း ကျေးရွာ၌ ခမည်းတော် ဦးကြာထွန်းနှင့် မယ်တော် မိနှင်းညိုတို့မှ ဖွားမြင်တော်မူသည်။ မယ်တော် မိနှင်းညိုမှာ ဆရာတော်ကြီး အသျှင်စန္ဒိမဏိ၏နှမအရင်းဖြစ်၍ အသျှင်ကိတ္တိမာမှာ ဆရာတော်ကြီး၏ တူအရင်းဖြစ်သည်။ ငယ်မည်မှာ "အောင်ကျော်ခိုင်" ဖြစ်သည်။ အသက်(၁၈)နှစ် အရွယ်တွင် အိန္ဒိယနိုင်ငံ ဦးရီးတော်ထံသို့ ရောက်ရှိပြီး နာဂရီ ဘာသာကို သင်ကြားပြီးနောက် အိန္ဒိယနိုင်ငံ Lucknow, Haridwa နှင့် Laho, Gorakhpur မြို့များတွင် ပါဠိ၊ သင်္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ် အစရှိသည့် ဘာသာရပ်များကို ဆက်လက်သင်ကြားသည်။ အသျှင်သူမြတ်သည်



ခရစ် ၁၈၆၃-ခုနှစ်က ရိုက်ကူးသော မဟာဗောဓိ စေတီတော်ပုံ (မပြုပြင်မီ)



ခရစ် ၁၉၃၇-ခုနှစ်က ရိုက်ကူးသောမဟာဗောဓိ စေတီတော်ပုံ (ပြုပြင်ပြီး)

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်အပေါင်း တို့၏အကြီးအကဲ မဟာဥက္ကဋ္ဌလည်း ဖြစ်တော်မူသည်။ အသျှင်စန္ဒိမဏိမှာ ၁၉၇၂ခု နှစ်ပျံ့ လွန်တော်မူရာ အရိုက်အရာဖြစ်သော ကုသိနာရုံကျောင်းတိုက်ကို ကျောင်းထိုင်ဆရာတော်အဖြစ် တူအရင်းတော်စပ်သူ အသျှင်ကိတ္တိမာ မဟာထေရ်မြတ်က သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူခဲ့ပါသည်။ ဤစန္ဒိမဏိ အသျှင်မြတ်သည် ရခိုင်ပြည်မှ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်ဖြတ်သွားရောက်ပြီး အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကြီး ပြန်လည်ထွန်းကားလာရေး ဗုဒ္ဓဝါဒအား မူရင်းဒေသသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းခဲ့သူ၊ အိန္ဒိယတိုင်းသားများကပင် မဆောင်ရွက်နိုင်သည့် သာသနာပြုလုပ်ငန်းကြီးကို စတင်တည်ထောင်သူ (Founder) ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်သဖြင့်၊ ရခိုင်လူမျိုးနှင့်တကွ မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်



ဘာသာစကား အမျိုးမျိုးကို တတ်သိ ကျွမ်းကျင်တော်မူသည့်အပြင် သာသနာဝင်၊ ရာဇဝင်၊ ဗောဓိဝင်၊ ဒီပဝင် စသော ရှေးဟောင်းကျောက်စာသမိုင်းနှင့် မှတ်တမ်းများကိုပါ ကြည့်ရှုမှတ်သားနိုင်သော ဘာသန္တရ၊ ဂန္ထန္တရဗဟုသုတနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်ထူး ဖြစ်သည်။ ဆရာတော်ရေးသားခဲ့သော မဟာဗောဓိပ္ပတ္တိကထာကျမ်းသည် မဇ္ဈိမဒေသရှိ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓဘာသာဝင်များလက်ထဲသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ချက်များကို စနစ်တကျ မှတ်တမ်းတင်ခဲ့သော ကျမ်းဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များလက်ထဲသို့ အရောက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချီပေးနိုင်ခဲ့သည်။ ယင်းကြောင့် မဟာဗောဓိစေတီတော်မြတ်ကြီးသည် ဗုဒ္ဓဘာသာဝင်များ လက်ထဲသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ဆရာတော်ကြီး ဦးစန္ဒိမဏီအရှင်မြတ်က ၁၉၀၈-ခုနှစ်တွင် မိဂဒါဝုန် ဗုဒ္ဓဘာသာအဖွဲ့ကို တည်ထောင်တော်မူခဲ့သည်။ ဦးရီးတော် ဖြစ် သည့် ဆရာတော်ဦးစန္ဒိမဏီ၏ သာသနာ့အမွေကို ဆက်ခံ တော်မူသော မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်ဦးကိုတို့မာ သည် မဟာဝိဇိတာဝိသိမ်၊ သဒ္ဓမ္မရံသီပိဋကတ်စာကြည့်တိုက်

ဆရာတော်ဦးကိုတို့မာ ထူထောင်ခဲ့သော



မဟာဝိဇိတာဝိသိမ်တော် ၁၉၃၄ ခု



သဒ္ဓမ္မရံသီ ပိဋကတ်စာကြည့်တိုက် ၁၉၃၄ ခု




ဓမ္မစက္ကဝိဟာရ ၁၉၃၆ ခု



နှင့် ဓမ္မစက္ကဝိဟာရကျောင်း တော်များကို တည်ဆောက်တော်မူခဲ့သည်။ ဦးရိုးတော်၏ သာသနာ့အမွေကို ဆက်ခံလျက် ဦးရိုးတော်လိုလားတော်မူသည့် သာသနာ့တာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့ပြီး ၁၉၈၇ခုနှစ် ဧပြီလ (၂၃) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ဗာရာဏသီမြို့၊ ဆီဂရာကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

အသျှင်တိကွိန္ဒြိယ မဟာထေရ်မြတ်

စစ်တွေမြို့မှ ဘူးသီးတောင် သင်္ဘောလမ်းကြောင်းအတိုင်း မယူမြစ်ကို ဆန်တက်လိုက်လျှင် ဦးစွာ ရသေ့တောင်မြို့သို့ ဆိုက်ရောက်လေသည်။ ရသေ့တောင်မြို့နယ်အတွင်း တိုက်နယ်အဆင့်ကျေးရွာကြီးများရှိရာ မယူမြစ်ကမ်း၏အနောက်ဘက်၊ မယူ တောင်တန်းကြီး၏ အရှေ့ဘက်တွင် လောင်းချောင်း ကျေးရွာကြီးကို တွေ့ရှိရမည်ဖြစ်ပေသည်။ ယခုအခါ ရဲစခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ အခြေခံပညာ အထက်တန်းကျောင်းများ ဖွင့်လှစ်ထားရှိသည်။ တောင်ဘက်သို့ မိုင်အနည်းငယ်မျှ သွားရောက်လျှင်ပင် မယူမြစ်နှင့် ဘင်္ဂလားပင်လယ်တို့ ဆုံရာအင်္ဂမော်ကို တွေ့ရ



ကြီလျက် နဂါးဘုံသို့ ပင့်ဆောင်၍ ရတနာသုံးပါးတို့အား ပူဇော်သက္ကာရကိုပြု၏။ မြတ်စွာဘုရားသည်တရားဟောတော်မူ၍ နဂါးဘုံမှ ထွက်တော်မူ၏။ ထိုနဂါးမင်းသည်- "အရှင်ဘုရား . . အကျွန်ုပ်အား အမြဲမပြတ်ဆည်းကပ်ကိုးကွယ်ဖွယ်ကို ပေးသနားတော်မူပါ-" ဟုလျှောက်၏။ မြတ်စွာဘုရားသည်လည်း နမွဒါမြစ်၏ ထိပ်ဦးကမ်းနဖူး(ကျောက်ဖျာအပြင်)၌ ပါဒစေတီကိုပြတော်မူ၏။ ခြေတော်ရာကို နင်းနှိပ်ချပေးတော်မူ၏။ ထို ခြေတော်ရာသို့ လှိုင်းများ တက်လာလျှင် ပိတ်လေ၏။ လှိုင်းများကျလျှင် ခြေတော်ရာမှာ ပြန်ပေါ်လာ၏။ ခြေတော်ရာသည် ကြီးစွာသော ပူဇော်သက္ကာရသို့ ရောက်လေသတည်း။" ဤသို့မှတ်တမ်းများ၌ တွေ့ရပေသည်။ ဤခြေတော်ရာမှာ ဘုရားရှင်၏ ခြေတော်ရာ အစစ်အမှန်ဖြစ်ကြောင်းကို ပညာရှိ ဆရာတော်ကြီးများကလည်း အတည်ပြု မိန့်ကြားထားသည်ကိုလည်း သိရှိရပေသည်။ မြန်မာပြည်မှ အဂ္ဂမဟာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော်ရ သင်္ဃာ ဆရာတော်ကြီးသည် ပါဒခြေတော်ရာကို ရှာဖွေရန် ကြွရောက်လာခဲ့၏။ ဒကာဒကာမ ကျွန်းသူကျွန်းသား အပေါင်းတို့ကပါ ဝိုင်းဝန်း ရှာဖွေခဲ့ကြသော်လည်း မတွေ့ခဲ့ချေ။ ထိုအခါ ဒကာ၊ဒကာမတို့အား- "သင်တို့သည် ခြေတော်ရာကို ဆက်လက်ရှာကြပါလေ။ သင်တို့ ကုသိုလ် ကောင်းလျှင် ခြေတော်ရာကို တွေ့ရ ကုန်လိမ့်မည်။ ငါသည်ကား ကံမကောင်း၍ မတွေ့ရပေ" ဟုမိန့်ကြားပြီး မြန်မာပြည်သို့ ပြန်ကြွသွားလေသည်။ ၁၂၄၂ခုနှစ်တွင် မုန်စဲကျွန်းသားများ တွေ့ရှိ ဖူးမျှော်ကြရလေသည်။

၁၂၃၅ ခုနှစ် မင်းတုန်းမင်းတရားကြီး၏ ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် ၁၂၄၆ ခုနှစ် သီပေါမင်းတရား၏ ဝိသုဒ္ဓါစာရ ဘိဓဇ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားသည် ၁၂၆၀ ပြည့်နှစ်တွင် မယူကမ်း အောင်ဆိပ်ကျောင်း သိမ်ကို သမုတ်ပြီး၍ အပြန်တွင် ဖူးမျှော်တော်မူသည်။ မှန်ဘီလူး ဖြင့်လည်း စေ့စေ့စပ်စပ် ကြည့်ရှုတော်မူလျက် မျက်မြင်နှင့် ပိဋကတ် နှီးနှောဆက်စပ်ကာ စဉ်းစား တော်မူပြီးလျှင် 'ဤခြေတော်ရာသည် ဘုရားသခင်၏ ခြေတော်ရာပင်' ဟု ထင်မြင်ချက် မွှက်ကြား တော်မူခဲ့သည်။

၁၂၉၇-ခုနှစ်က သမုပ္ပါဒနိရောဓ ကျမ်းကြီး အစရှိသော ဝိပဿနာ ကျမ်းကြီး၊ ကျမ်းငယ်များကို ရေးသားပြုစု၍ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အနှံ့တွင် ဝိပဿနာလုပ်ငန်းများကို ပထမဆုံး ထူထောင်ပြသတော်မူသော အနာဂါမ်ဟူ၍ ကျော်ဇောကိတ္တိ ရှိတော်မူသော ရခိုင်လူမျိုး စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက် ဇာတိဖြစ်တော်မူသော အသျှင် တိက္ခိန္ဒြိယသည် စစ်တွေမြို့မှ သူဌေးသူကြွယ်များနှင့် ပရိသတ်များ ပါဝင်လျက် နှစ်ထပ်သင်္ဘောစီးလုံးငှားပြီး ခြေတော်ရာကို ဖူးမျှော်ရန် ကြွရောက်တော်မူခဲ့သည်။ ထိုစဉ် အသျှင်သူမြတ် က "ဒါယကာတို့ သင်တို့သည် ဤ ခြေတော်ရာ၌ သံသယ မရှိကြကုန်လင့်၊ ဤခြေတော်ရာသည် ဘုရားသခင်၏ ခြေတော်ရာ အစစ်ပင် ဖြစ်သည်"ဟူ၍ မိန့်တော်မူခဲ့လေသည်။

၁၂၉၈-ခုနှစ်တွင် နိုင်ငံတော်မဟာကထိက ရမ္မာဝတီ အသျှင် အာသဘ ဆရာတော်နှင့် ပိဋကတ္တယ ကောဝိဒ မောင်တောမြို့ ဆရာတော် အသျှင် ကေတုတို့ ခြေတော်ရာကို ကြွရောက်ဖူးမျှော်ခဲ့ရာ ဆရာတော်တို့က ဘုရားသခင်၏ ခြေတော်ရာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်ကြောင်း မွှတ်ကြားတော်မူခဲ့လေသည်။



မှန်စဲကျွန်းရှိ ဘုရားခြေတော်ရာ

မှန်ဘီလူးဖြင့်လည်း စေ့စေ့စပ်စပ် ကြည့်ရှုတော်မူလျက် မျက်မြင်နှင့်ပိဋကတ် နှီးနှောဆက်စပ်ကာ စဉ်းစားတော်မူပြီးလျှင် ဤခြေတော်ရာသည် ဘုရားသခင်၏ ခြေတော်ရာပင် ဟု




ဤ မုန်စဲကျွန်းခြေတော်ရာမှာ ယခုအခါ ပိုမိုထင်ရှား လျက်ရှိပြီး စစ်တွေ မြို့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး များဖြင့် စည်ကားလျက် ရှိပေသည်။ စစ်တွေ-ဘူးသီးတောင် သွား ပြည်တွင်း ရေကြောင်းသင်္ဘောများသည် ခြေတော် ရာသို့ ဝင်ရောက် ဆိုက်ကပ်ကာ ဘုရားဖူးများသွားလာရေး လွယ်ကူအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရ ပေသည်။

အသျှင်တိကွဲန္ဒိယ မဟာထေရ်မြတ်သည် ၁၉၈၇-ခုနှစ်၊ ဇူလိုင်လ (၃)ရက် သောကြာနေ့တွင် ဗာရာဏသီမြို့ မိဂဒါဝုန် မြန်မာကျောင်း၌ ပျံလွန်တော်မူပါသည်။

အသျှင်ဝဏ္ဏဓဇ မဟာထေရ်မြတ်

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်သည် ကား ဆန်ရေစပါးပေါများခြင်း၊ ဥယျာဉ်ခြံထွက် သီးနှံများ ထွက်ရှိခြင်းတို့ကြောင့် စည်ကားသည့်အပြင် ကျိန်းတော်ခါတ် စေတီတော်မြတ်၏ တန်ခိုးတော်ကြောင့်လည်းကောင်း၊ ရှေး ရခိုင်သမိုင်းကြောင်းအရ ထူးခွန်ကျော်ဇောသည့်ပုဂ္ဂိုလ်ထူး များ ပေါ်ထွန်းသည့်ဒေသဖြစ်၍လည်းကောင်း ထင်ရှားကျော် ကြားသည့် ဒေသတစ်ခုဖြစ်သည်။ ကျိန်းသမိုင်းကြောင်းကို လေ့လာဆန်းစစ်လျှင် ကျိန်းဒုန်းညိုသည် စန္ဒဝိဇယရာဇာ ဘုရင်မင်းမြတ်ဘွဲ့အမည်ဖြင့် မြောက်ဦးခေတ်တွင် ထင်ရှား သော ဘုရင်တစ်ပါးအဖြစ် (၂၁)နှစ်တိုင်တိုင် စိုးစံတော်မူခဲ့ သည်ကို တွေ့ရပေသည်။ မြောက်ဦးရွှေမြို့တော်ကို စတင် တည်ထောင်သော ဘုရင်မင်း စောမွန်မင်းမြတ်၏ မိဖုရားကြီး စောစစ်ဒေဝီမှာ ကျိန်းရိပ်သူဖြစ်ပြီးလျှင် ရခိုင်အမျိုးသားခေါင်း ဆောင်ကြီး မင်းသားကြီးရွှေဘန်း၏ အိမ်သူမှာလည်း ကျိန်း ရိပ်သူပင်ဖြစ်လေသည်။ယင်းအပြင် ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး (၁၂၉၂-ခု) ရခိုင်တိုင်းအတွင်း မြေပိုင်ရှင်စနစ် ဖျက်သိမ်းရေး ဦးဆောင်ခဲ့သူ မြန်မာနိုင်ငံတွင် ဂျပန်နယ်ချဲ့များကို ရခိုင်ပြည်မှဦးဆောင်တော်လှန်ခဲ့သည့် တစ်ပါးတည်းသော အမျိုးဘာသာသာသနာတော်ကို ထိန်း သိမ်းစောင့်ရှောက်သူ ဆရာတော်ဦးစန္ဒာ မဟာ ထေရ်မြတ် သည်လည်း ကျိန်းရိပ်မြေဒေသ ရင်းဘွယ်ရွာတွင် မွေးဖွား သန့်စင်ခဲ့သည်ကို တွေ့ရပေသည်။

ရန်ကုန်-စစ်တွေလမ်းမကြီးအတိုင်း မင်းပြားမြို့မှ မြောင်းဘွေမြို့သို့ အတန်ငယ်သွားရောက်လျှင်ပင် လမ်းမကြီး မလှမ်းမကမ်း၌ ကြံတောကျေးရွာကို တွေ့ရှိရမည်ဖြစ်သည်။



မင်းပြားမြို့နယ်ပြမြေပုံ။

ဆရာတော်ဦးဝဏ္ဏဓဇ လက်ထက် ဆောက်လုပ်သော အဆောက်အအုံအချို့




နီပေါ(လ) ကျောင်းဆောင်သစ်



မမွစတ္ကရာဇမုနိ ဆုတောင်းပြည့်ဘုရား



ငြိမ်းချမ်းရေးခေါင်းလောင်းပေါ့စင်



မိဂဒါဝုန်ဘက်မှ ဝင်ပေါက်မုခ်ဦး

ကြံတောကျေးရွာသည် သာမန်အားဖြင့် ကျေးရွာအုပ်စုတစ်ခုပင်ဖြစ်သော်လည်း သာသနာ့အာဇာနည်၊ ရခိုင်အမျိုးသားပုဂ္ဂိုလ်ထူး ရဟန်းတစ်ပါးပေါ်ထွန်းမည့် မြေကောင်းမြေမှန်ဖြစ်သည်အားလျော်စွာ ကျိန်းရိပ်မြေ မင်းပြားမြို့နယ် ကြံတောကျေးရွာ၌ အသျှင်ဝဏ္ဏဓဇဟု ကမ္ဘာ့ဗုဒ္ဓဘာသာရေးလောကတွင် ထင်ရှားကျော်ကြားလာမည့် သာသနာ့အာဇာနည်လောင်းလျာကို ခမည်းတော် ဦးမောင်ထွန်းဦး+ မယ်တော် မိစိန်စိန်တို့မှ ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက် ဗုဒ္ဓဟူးနေ့တွင် သန့်စင်ဖွားမြင်တော်မူခဲ့သည်။ မွေးချင်းမောင်နှမ(၉)ယောက်အနက် သတ္တမမြောက် သားရတနာဖြစ်သည်။

၁၉၇၅-ခုနှစ်ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီး ထရိပူရပြည်နယ်၌ (၂) နှစ်ကျော်မျှ တောင်တန်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ကာ ၁၉၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ပညာဆက်လက်သင်ယူတော်မူသည်။ ၁၉၇၉-ခုနှစ်တွင် ဗာရာဏသီမြို့ Sampurnanand Sandskrit University သက္ကတ တက္ကသိုလ်သို့ တက်ရောက်၍ ၁၉၈၂ ခုနှစ်တွင် (M.A) Buddhist Philosophy (Sanskrit) ဘွဲ့ကို ရရှိခဲ့သည်။ မိဂဒါဝုန်ကျောင်း ဆရာတော် အသျှင် တိကွဲန္ဒြိယသူမြတ်ပျံလွန်တော်မူသဖြင့် အသျှင်ဝဏ္ဏဓဇသည် ၁၉၈၇-ခုနှစ် ဇူလိုင်လမှစ၍၊ မိဂဒါဝုန်၏ သမိုင်းပေးတာဝန်ကို



ကမ္ဘဏ်း ကျောင်းဆောင်



စွန်းလွန်းဝမ္မဝိဟာရ

ထမ်းဆောင်လျက် မိမိတို့၏ အမျိုးဘာသာ၊ သာသနာရေး လုပ်ငန်းများကို ရွှင်ရွှင်ခွံ့ခွံ့ ဆောင်ရွက်တော်မူလျက်ရှိသည်။ ဆရာတော်သည် အမေရိကန်၊ အင်္ဂလန်၊ စင်္ကာပူ၊ ဗီယက်နမ် အစရှိသည့်နိုင်ငံများသို့ ကြွရောက်ကာ ဗုဒ္ဓသာသနာ စည်ပင်တိုးတက်ရေး ကမ္ဘာ့သာသနာပြုလုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူလျက်ရှိကြောင်းကို အသိပေးတင်ပြလျက် အသျှင်သူမြတ်၏ သက်တော် (၆၀)ပြည့် အထိမ်းအမှတ် အဖြစ် ပူဇော်ဂုဏ်ပြုအပ်ပါသည်။ အသျှင်ဝဏ္ဏဓဇ မဟာထေရ်မြတ်သည် အမျိုးဘာသာ သာသနာရေးလုပ်ငန်းများကို ယခုထက်ပိုမို တိုးတက်အောင်မြင်စွာ ဆက်လက် ဆောင်ရွက်သွားနိုင်ပါစေ ဟုလည်း ဆုမွန်ကောင်း တောင်းအပ်ပါသတည်း။

ကေသရ



စင်္ကာပူနိုင်ငံရောက် ဆရာတော်အမှတ်တရ



ကမ္ဘောဒီးယားနိုင်ငံရောက် ဆရာတော်အမှတ်တရ

ဗုဒ္ဓဓာတ်တော်များ ကမ္ဘာအနှံ့ ခရီးဆန့်ပြီ

အရှင်ကေလာသ (U.S.A)




ခင်းကျင်းပြသထားသော ဗုဒ္ဓဓာတ်တော်များ

ဗုဒ္ဓသာသနာတော်သည် ကမ္ဘာတစ်လွှားသို့ ငြိမ်းချမ်းစွာ ပြန့်ပွားလာသည်နှင့် အမျှ ဗုဒ္ဓစာပေများ၊ ရဟန်းတော်များကိုလည်း နိုင်ငံတကာတွင် တွေ့မြင်လာကြရသည်။ မကြာသေးမီအချိန်က ဗုဒ္ဓဓာတ်တော် မွေတော်များ ကမ္ဘာတစ်ခွင် သို့ လှည့်လည်ကြွချီသည့်သတင်းများကို ကမ္ဘာ့သတင်းစာများ၌ဖတ်ရှုရသည်။ သို့ဖြစ်၍ ဗုဒ္ဓဓာတ်တော် မွေတော်များအကြောင်း ကမ္ဘာ့သတင်းစာတို့၌ ဖော်ပြထားပုံအချို့ကို ထုတ်နှုတ်၍ ဖော်ပြလိုပါသည်။ ရှေးဦးစွာ အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေသည့် ဝါရှင်တန်ပို့စ်သတင်းစာ၌ အမေရိကန်ပြည်နယ်အချို့တွင် ဗုဒ္ဓဓာတ်တော်များကို ပြသထားမည့်အကြောင်း သတင်းထောက်ဘီလ်ဗရုတ်ဒ်ဝေး ရေးသားပုံမှာ ဤသို့ဖြစ်သည်-

ယခုနှစ်ဆောင်းဦးပေါက် ရာသီတွင် ကမ္ဘာ့ဘာသာကြီးများ၌ပါဝင်သည့် ဗုဒ္ဓဘာသာကို တည်ထောင်ခဲ့သူ သိဒ္ဓတ္ထဂေါတမဗုဒ္ဓ၏ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်အချိန်က ဓာတ်တော်များကို ကြုံတောင့်ကြုံခဲ ဖူးမြော်ခွင့်ရသူများအဖို့ အံ့သြဖွယ်ဖြစ်ပါလိမ့်မည်။

အခြားများစွာသော ဘာသာတရားဆိုင်ရာ သူတော်စင်တို့၏အရိုးများနှင့်မတူဘဲ ဗုဒ္ဓ၏ဓာတ်တော်များတွင် ပုလဲလုံးကဲ့သို့သော ဓာတ်တော်များပါဝင်သည်။ ပုံဆောင်ခဲအသွင်ရှိသော အဆိုပါ ဓာတ်တော်များသည် ရဟန္တာပုဂ္ဂိုလ်များကို မီးသင်္ဂြိဟ်သောအခါ ဖြစ်ပေါ်လာပြီး၊ နှလုံးသားပန်းပွင့်၊ခရုသင်းနှင့် အခြား ပုံသဏ္ဌာန်များအသွင် ကျန်ရစ်သည်ဟုဆိုသည်။ ဓာတ်တော်အဖြစ် တည်ရှိခြင်းမှာ ထိုရဟန္တာသူတော်စင်များ၏ ကိလေသာ (စိတ်အညစ်အကြေး)မှ အမှန်တကယ်လွတ်မြောက်မှုကို ပေါ်လွင်စေသည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ကြသည်။(မြတ်စွာဘုရား၏အလောင်းတော်ကို မီးရှို့သောအခါ အသား၊အရေ၊ အကြော အစေး တို့သည် ပြာမဖြစ်၊ မှုိင်းမဖြစ်ဘဲ သရီရဓာတ်တော်ဖြစ်သွားသည်။ (ဒီ-မြန် ၂၊ ၁၅၇)။ ဓာတ်တော်များသည် မြတ်လေးပန်း၊ သန့်စင်သည့်ပုလဲ၊ ရွှေအဆင်းသဏ္ဌာန်ရှိသည်။ စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ ဥဏှာလုံမွေး



အိန္ဒိယနိုင်ငံ ကပိလဝတ္ထု ကျောက်သေတ္တာထဲမှတွေ့ရှိရသော ဓာတ်တော်ကြွတ်များ

ရှင်တော်ပေါင်း ၇-ဆူမှာ ပကတိအတိုင်းကျန်ပြီး၊ ကျန်ကိုယ်ခန္ဓာ အစိတ်အပိုင်းများမှာ အငယ်ဆုံး မုန်ညင်းစေ့၊ အကြီး ဆန်ကျို၊ ***အကြီးဆုံး ပဲနောက်စေ့ကျိုးခန့် ပမာဏရှိသော ဓာတ်တော်များဖြစ်သွား*** *သည်၊ ဒီ-၄ ၂၊ ၁၉၆။)*

သကျမုနိဘုဒ္ဓ ဟုလည်း ခေါ်တွင်သည့် ဂေါတမဘုဒ္ဓ၏ အရိုးအပိုင်းအစများနှင့် ကျောက်ဖြစ်ရုပ်ကြွင်းသဖွယ် သွေးသားအစိုင်အခဲ ဓာတ်တော်များနှင့် အခြားရဟန္တာသူတော်စင်များ၏ ဓာတ်တော်များကို ဝါရှင်တန်မြို့ ဂီအက်ဟိုအန် တိဗက်ဘုရားကျောင်း၌ ပြသထားသည်။ ရှေ့လတွင် အဆိုပါဓာတ်တော်များကို မြောက်ကာရိုလိုင်းနားပြည်နယ် ချာလိုတီ(Charlotte)မြို့၊ ကျော်ဂျီယာပြည်နယ်အတ္တလန်တာမြို့၊ ဖလော် ရီဒါ ပြည်နယ် အိုလန်ဒိုမြို့နှင့် တက္ကဆပ်စ်ပြည်နယ် ဒါးလက်စ်မြို့ တို့၌ ခင်းကျင်းပြသထားမည် ဟု သိရသည်။

ဘုဒ္ဓ၏ဓာတ်တော်များစစ်မှန်ကြောင်း အာမခံပါသလား ဟု မေးမြန်းကြည့်သောအခါ မန်ချက်ချူးဆပ်စ်နည်းပညာတက္ကသိုလ် (M.I.T) မှ ဧည့်ပညာရှင်လည်းဖြစ် ဘုဒ္ဓဘာသာရဟန်းတော်လည်း ဖြစ်သူ တင်ဇန်ပိယဒဿီသုခလ ပုဂ္ဂိုလ်က "ဒါဟာ မေးသင့်တဲ့ မေးခွန်းပါဘဲ"ဟုဆိုသည်။ လွန်ခဲ့သော (စက်တင်ဘာလ) က တိဗက် ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမား အမေရိကန်သို့ လည်ပတ်ခြိန်အတွင်း ဓာတ်တော်များကို ထိုတက္ကသိုလ်၌ပြသခဲ့ဖူးသည်။

ဓာတ်တော်ကြွတ်ကို ကြည့်ရှုလာသူများ၏ ဦးခေါင်းပေါ်တွင်တင်ထားလျက်ဆုတောင်းမေတ္တာ ပို့သပေးသူ သုခလရဟန်းတော်က မိမိအနေဖြင့် အိန္ဒိယမြောက်ပိုင်း မိတ္တေယျစီမံကိန်း (Maitreya Project)မှ ဦးဆောင်ပြုလုပ်သည့် ဟဒယ စေတိယ ဓာတ်တော်များ လှည့်လည်ပြသပွဲ(Heart Shrine Relics Tour Exhibit)တွင် ပါရှိသည့် ဓာတ်တော်များ၏စစ်မှန်မှုကို မေးမြန်းခဲ့ပြီးဖြစ်ကြောင်း ဆိုသည်။

ဘုဒ္ဓဓာတ်တော်များ တည်ရှိဆဲဖြစ်သည့် အိန္ဒိယနှင့် နီပေါနိုင်ငံများ၌ စေတီများတည်ဆောက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သူ သုခလရဟန်းတော်က ယခုပြသထားသည့်ဓာတ်တော်များမှာ သကျမုနိဘုဒ္ဓ၏ ဓာတ်တော်အစစ်အမှန်များဖြစ်ကြောင်း၊ ဤ ဘုဒ္ဓဓာတ်တော်များမှာ အခြားနေရာအားလုံးတွင် တွေ့ရသည့် ဓာတ်တော်များနှင့် သွင်ပြင်တူညီကြောင်း ဆိုသည်။

ကမ္ဘာအနှံ့ရှိ ဘုရားကျောင်းများ၌ ဘုဒ္ဓဓာတ်တော်များရှိကြပြီး အထူးနေ့ရက်များ၌သာ ယင်း ဓာတ်တော်များကို အများပြည်သူရှုမြင်နိုင်အောင် ပြသကြသည်။ သို့ရာတွင် ဓာတ်တော်များကို လှည့်လည်ပြသမှုမှာ ရှားပါးသည် သာမက ဓာတ်တော်အများအပြားကို ယခု ဓာတ်တော်များကဲ့သို့ လှည့်လည်ပြသခြင်းလုံးဝမရှိခဲ့ဖူး ဟု ၎င်းက ဆိုသည်။

ဓာတ်တော်များကိုဖူးမြော်ရခြင်းသည် မင်္ဂလာရှိပါကြောင်း၊ ဘုဒ္ဓသက်တော်ထင်ရှား မရှိတော့သဖြင့် ယင်းဓာတ်တော်များမှာ သက်တော် ထင်ရှားမြတ်ဘုဒ္ဓနှင့် ပမာတူကြောင်းလည်း အဆိုပါ ရဟန်းတော်ကဆိုသည်။

ဝေးစ်လေယန်တက္ကသိုလ်မှ လူသိများသည့်ပါမောက္ခ

ကုလသမဂ္ဂက ပုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီး တစ်ခုအဖြစ် တရားဝင် အသိအမှတ်ပြုပေးခဲ့သည်။ ထို့ကြောင့်ကဆုန်လပြည့် ပုဒ္ဓနေ့လည်း တရားဝင် ကုလသမဂ္ဂ၏ ရုံးပိတ်ရက် ဖြစ်သွားသည်။

တစ်ဦးဖြစ်ပြီး တိဗက်ပုဒ္ဓဘာသာကို လိုက်နာကျင့်သုံးသူ ပညာရှင် ဂျန်ဝီးလစ်စ်(Jan Willis) က ပုဒ္ဓဘာသာဝင်မဟုတ်သူများအနေဖြင့် ရုပ်လောကကို ကျော်လွန်ခြင်း၏ အရေးပါမှုကို ဟောကြားသည့် ဘာသာတရားသည် ဓာတ်တော်များကို အလေးဂရုပြုခြင်းအတွက် အံ့သြဖွယ် တစ်ရပ်ဖြစ်သွားနိုင်သည်။ သို့ရာတွင် ပုဒ္ဓဓာတ်တော်များသည် ဘုရားခန်းများသို့မဟုတ် အခြား အလေးပြုရာနေရာများ၌ ကိန်းဝပ်ပါက အရှိအသေပြုခံရသည့်နေရာဖြစ်သွားပြီး ယင်းသည်ကြည်ညိုသူတစ်ယောက်အဖို့ အသက်ရှိစဉ်က ကိုယ်တိုင်လည်း သဗ္ဗညုတဉာဏ်ကို ရရှိခဲ့သည်သာမက အခြားပုဂ္ဂိုလ်များအားလည်း အသိဉာဏ်ပွင့်လန်းအောင် ကူညီခဲ့သော ဆရာအရှင်(ပုဒ္ဓမြတ်စွာ)အား ပိုမိုနီးကပ်စွာ သိမြင်ခံစားနိုင်မည်ဖြစ်သည် ဟု ဝီးလစ်စ်ကဆိုသည်။

အမေရိကန်ပြည်ထောင်စု၌လူဦးရေ၂၇၈ သန်း(၂၀၀၁)ရှိပြီး အွန်လိုင်းသတင်းတစ်ခု၌ ဖော်ပြသည့် ၂၀၀၀-ပြည့်နှစ်ဇယားအရ ခရစ်ယန် ၇၈-ရာနှုန်း၊ဘာသာမဲ့ ၁၃-ရာနှုန်း၊ဖန်ဆင်းရှင်မဲ့ ၂-ရာနှုန်း၊ကျွန် ၁-ရာနှုန်း၊ ပုဒ္ဓဘာသာ ၁. ၅ ရာနှုန်း၊ မူဆလင် ၀. ၅ ရာနှုန်းအနက် သုံးပုံနှစ်ပုံ လောက်မှာ ပုဒ္ဓတရားကို လိုက်နာ၊သို့မဟုတ် ယုံကြည်စိတ်ဝင်စားသူများဖြစ်မည်ဟု ထင်ပါသည် ။

ယခုနှစ်(ခရစ် ၂၀၀၃)၊ဇွန်လတုန်းကလည်း တောင်အမေရိကတိုက်အနောက်စွန်းရှိ ချီလီနိုင်ငံသို့ ပုဒ္ဓဓာတ်တော်များကြွရောက်ခဲ့သည်။ ချီလီ နိုင်ငံတွင် ရိုမန်ကက်သိုလစ် ၈၉-ရာနှုန်း၊ ပရိုတက်စတင့် ၁၁-ရာနှုန်းရှိသည်။ ချီလီနိုင်ငံသားတို့ ပုဒ္ဓဓာတ်တော် နှင့်ပတ်သက်၍ ခံစားချက်ကို ရိုက်တာသတင်းတစ်ပုဒ် (ဇွန်လ ၂၈၊၂၀၀၃)၌ အောက်ပါအတိုင်း ဖတ်ရသည်-

ကမ္ဘာ့ငြိမ်းချမ်းရေးခရီးစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ကက်သိုလစ်ခရစ်ယန် ဘာသာဝင် အများစု နေထိုင်ရာ ချီလီနိုင်ငံသို့ပင့်ဆောင်လာခဲ့သည့် ပုဒ္ဓ၏ဓာတ်တော်များကို ဖူးမြော်ရန် ချီလီ နိုင်ငံသား ရာပေါင်းများစွာတို့ တန်းစီလျက်ရှိကြသည်။ ရဲနှင့်လုံခြုံရေးဝန်ထမ်းများလိုက်ပါ စောင့်ကြပ် လျက် ပုဒ္ဓဘာသာ ရဟန်းတော်များသည် ရွှေကြူတော်ကြီး တွင်ထည့်သွင်းအပူဇော်ခံထားသော သက်တမ်းနှစ် ၂၅၀၀ ကျော်ခန့် ရှိပြီဖြစ်သည့် ပုဒ္ဓဓာတ်တော်များကို ချီလီနိုင်ငံ၊ ဆန်တီယာဂိုမြို့တော် ယဉ်ကျေးမှုပြတိုက်ကြီးအတွင်းရှိ ခမ်းနားစွာတန်ဆာဆင်ထားသည့် စင်မြင့်ပေါ်သို့ ပင့်ဆောင်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် တရားဓမ္မများ ရွတ်ဆိုပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

ပုဒ္ဓဘာသာဝင်များသည် ချီလီတွင်လူနည်းစုဖြစ်သော်လည်း ဤဖန်ပေါင်းချောင်အတွင်းမှရွှေခွက်ငယ် အပြည့်ရှိ ပုဒ္ဓဓာတ်တော်များကို အုန်းအုန်းကျွက်ကျွက် လာရောက်ဖူးမြော်ကြသည်မှာ အံ့အားသင့်စရာကောင်းကြောင်း ရိုက်တာသတင်းထောက်က ရေးသားသည်။


"ဒါဟာ ဘဝတစ်သက်တာမှာ ရတောင့်ရခဲအခွင့်အရေးပဲ။ ကက်သိုလစ်ခရစ်ယန်ဘာသာဝင်များ ဂျေရူးဆလမ်းမြို့သို့သွားကြသလိုပေါ့" ဟု ချီလီလူမျိုးပုဒ္ဓဘာသာဘုန်းတော်ကြီး အရှင်လူးဝစ် ဖလောရက်စ် (Luis Flores)က သတင်းထောက်အား ပြောကြားသည်။

အဆိုပါ ပုဒ္ဓဓာတ်တော်များကို မြန်မာ၊ သီရိလင်္ကာ နှင့်ယိုးဒယားနိုင်ငံတို့က ၁၉၉၉-ခုနှစ်တွင် ကုလသမဂ္ဂသို့ လျှောက်ထားခဲ့သည်။ **ယင်းနှစ်တွင် ကုလသမဂ္ဂက ပုဒ္ဓဘာသာကို ကမ္ဘာ့ဘာသာကြီးတစ်ခုအဖြစ် တရားဝင် အသိအမှတ်ပြုပေးခဲ့သည်။ ထို့ကြောင့်ကဆုန်လပြည့် ပုဒ္ဓနေ့လည်း တရားဝင် ကုလသမဂ္ဂ၏ ရုံးပိတ်ရက် ဖြစ်သွားသည်။**

သမိုင်းတွင်ထင်ရှားခဲ့သည့် ပုဒ္ဓရှင်တော်မြတ် သို့မဟုတ် သိဒ္ဓတ္ထဂေါတမပုဒ္ဓကို ယခုအခေါ် နီပေါနိုင်ငံတွင် မင်းမျိုးမင်းနွယ်မှ ဘီစီ ၅၆၃ (ထေရဝါဒနိုင်ငံတို့ အလို ဘီစီ ၆၂၃) တွင် ဖွားမြင်ခဲ့သည်။ ပုဒ္ဓဘာသာဝင်များက ပုဒ္ဓသည် အသက် ၃၅-နှစ်တွင် ဗောဓိဉာဏ်ကို ရရှိခဲ့ပြီး ဘဝတစ် လျှောက်လုံး တရားဓမ္မများဟောကြားလျက် သက်တော် ၈၀-တွင်

ပရိနိဗ္ဗာန်စံလွန်သည် ဟု ဆိုကြသည်။တင်းကျပ်သည့် အစောင့်အကြပ်များဖြင့် ၁၅-နှိုင်ငံမျှ ဒေသစာရီကြွခဲ့ပြီး ဖြစ်သည့် ဓာတ်တော်များသည် နောက်နှစ်(၂၀၀၄-ခုနှစ်) မေလမှ စတင်၍၊အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိကုလသမဂ္ဂဌာနချုပ်၌ အမြဲတန်းကိန်းဝပ် စံပယ်မည်ဖြစ်သည်။

တိဗက်လူမျိုး ရောဂါကုသသူ လားမား ဘုန်းကြီး ဂန်ချင်ရင်ပိုချီ(Gangchen Rinpoche)က ဤ ဓာတ်တော်များကို တိဗက်ရှိ မိမိကျောင်းသို့ ရေရရှိရေးအတွက် ကူညီပေးခဲ့သည့် အင်ဂျင်နီယာအုပ်စုတစ်စု အပါအဝင် မိမိမိတ်ဆွေများ



ခင်းကျင်းပြသထားသော ဗုဒ္ဓဓာတ်တော်များ

လိမ့်မည်ဖြစ်ကြောင်း' အဆိုပါ လားမားဘုန်းတော်ကြီးက ရိုက်တာသို့ မိန့်ကြားသည်။

ဗုဒ္ဓဓာတ်တော်များကို ဖူးမြော်ရန် စင်မြင့်ပေါ်သို့ ပထမဆုံးရောက်လာသူများမှာ ရဲအရာရှိ များဖြစ်ပြီး ယင်း နောက်လုံခြုံရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်များကမူ ဗုဒ္ဓဓာတ်တော်များ ယခု အပတ် ဆန်တီယာဂိုမြို့တော်သို့ ရောက်ရှိချိန်မှစ၍ အံ့ဖွယ် ဖြစ်ရပ်များ ဖြစ်ပေါ်ခဲ့ကြောင်း ပြောဆိုကြသည်။

ဗုဒ္ဓဓာတ်တော်များ မြို့တော်သို့ရောက်ရှိသည့် တိုတောင်းသည့်အချိန်ကာလအတွင်း ဗုဒ္ဓအကြောင်း မသိဖူးကြသည့်ပုဂ္ဂိုလ်များတွင် လုံးဝပြောင်းလဲမှုများကိုတွေ့ရ ကြောင်း၊ ဥပမာအားဖြင့် ကျွန်ုပ်တို့ကိုကူညီစောင့်ရှောက်သည့် လုံခြုံရေး တာဝန်ခံများနှင့် ကျွန်ုပ်တို့တည်းခိုနေသည့် ဟိုတယ်မှဝန်ထမ်းများ၏ တုန့်ပြန်မှုမှာလည်း အံ့သြစရာပင်ဖြစ်ကြောင်း ပြပွဲဖြစ်မြောက်အောင်စီစဉ် သူ ဟေဒီဒက်ဝစ်လာ (Heidy Dettwiler) က ရိုက်တာသို့ ပြောကြားသည်။

ချီလီနိုင်ငံ၊ ဆန်တီယာဂိုမြို့၌ ပြသခဲ့သည့် ဓာတ်တော်များကိုပင် အာဖရိကတိုက် အရှေ့ဖျားရှိ ကင်ညာနိုင်ငံသို့ ပင့်ဆောင်မည်ဖြစ်ကြောင်း ဒေးလီးနေးရှင်းသတင်းစာ(ဇူလိုင် ၃၁၊၂၀၀၃)၌ ဖော်ပြခဲ့သည်။ ကင်ညာ နိုင်ငံ၌ ပရိုတက်စတင့် ၃၈-ရာနှုန်း၊ကက်သိုလစ် ၂၈-ရာနှုန်းနှင့်မူဆလင် ၇-ရာနှုန်း နေထိုင်သည်။ ယင်း သတင်းစာဖော်ပြချက်မှာ အောက်ပါ အတိုင်းဖြစ်သည်-

ဗုဒ္ဓဓာတ်တော်များထည့်ထားသည့် ဓာတ်တော် ကြုတ်ကို ရှေ့တစ်ပတ်တွင် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ ပြသမည်ဖြစ်သည်။

ယင်းဓာတ်တော်များကို နိုင်ရိုဘီမြို့ လိုရေရိုရိန်ကျ လမ်းရှိ ထေရဝါဒဗုဒ္ဓဘာသာကျောင်း တစ်ခု၌ ဗုဒ္ဓမွေးနေ့၊ သဗ္ဗညုတဉာဏ်ကိုရသည့်နေ့နှင့် ပရိနိဗ္ဗာန်စံသည့်နေ့ကို အထိမ်းအမှတ်ပြုသည့် ဝိဆက်ဒေးကာလအတွင်း ခင်းကျင်း ပြသထားမည်ဖြစ်သည်။ ယင်းအခမ်းအနားမှာ အာဖရိက တိုက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်း အခမ်းအနားသည် ၁၉၉၉-ခုနှစ်က ကုလ သမဂ္ဂတွင် ကမ္ဘာ့အရေးပါသည့်နေ့အဖြစ် သတ်မှတ်ပေးခဲ့သော ဝိဆက်ဒေးကို အသိအမှတ်ပြုသည့် အထိမ်းအမှတ် လည်းဖြစ်သည်။ ၇၉-ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဝိဆက်ဒေးကို ကုလသမဂ္ဂဌာနချုပ်နှင့် ၎င်း၏ စေတနာကို တုန့်ပြန်ရန် ချီလီနိုင်ငံသို့ပင့်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်းရှင်းပြသည်။

'ဗုဒ္ဓ၏ဓာတ်တော်များ ချီလီသို့ ကြွရောက်ခြင်းမှာ ဗုဒ္ဓဘာသာဝင်များအတွက်သာ မဟုတ်ဘဲ အားလုံးအတွက် ဖွင့်ထားကြောင်း၊ အကြောင်းမူ ဗုဒ္ဓကိုယ်တိုင်က လူသားအားလုံးကို ပွင့်လင်းစွာ ဖိတ်ခေါ်ခဲ့ကြောင်း၊ ဓာတ်တော်များသည် အကြမ်း မဖက်မှုကို တည်ဆောက်ရန် အထောက်အပံ့ပြု

အခြားရုံးများ၌ အပြည်ပြည်ဆိုင်ရာကလက်ခံ အသိအမှတ်ပြုသည့်နေ့ရက်အဖြစ် ဆုံးဖြတ် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။

ဗုဒ္ဓဓာတ်တော်များကို ထည့်သွင်း ထိန်းသိမ်းထားသည့် ဓာတ်တော်ကြုတ်ကိုစောင့်ရှောက်သူ ဥပါသကာ ဆီအန်ဆာအေခန့်သည်-၂၀၀၁ ခု နှစ်ဩဂုတ်လကတည်းက ကမ္ဘာတစ်လွှားသို့ ခရီးလှည့်လည်ခဲ့ပြီးဖြစ်သည်။ ၎င်း၏ခရီးစဉ်မှာ ၂၀၀၄ ခုနှစ် ဝိဆက်ဒေးတွင် ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်၌ ပြီးဆုံးမည်ဖြစ်ပြီး ယင်း ဓာတ်တော်များကို ယင်းဌာနချုပ်တွင် အမြဲတန်းထိန်းသိမ်းထား မည်ဖြစ်သည်။

နိုင်ရိုဘီမြို့၌ သီတင်းသုံးနေထိုင်သူ ထေရဝါဒရဟန်းတော် အရှင်အရိယဝံသအဆိုအရ ဗုဒ္ဓဓာတ်တော် များနှင့်အတူ မစ္ဆတာဆာအေခန့် ရောက်ရှိလာခြင်းမှာဗုဒ္ဓဘာသာဝင်များအဖို့ ဘဝတစ်သက်တာတွင် တစ်ကြိမ်သာ ဗုဒ္ဓဓာတ်တော်များကို နီးကပ်စွာဖူးမြော်ခွင့်ရသည့် အခွင့်အလမ်း ဖြစ်သဖြင့် အလွန်အရေးပါသည့် စိတ်ပိုင်းဆိုင်ရာ ဖြစ်ရပ်တစ်ခုဖြစ်သည်ဟုဆိုသည်။ ထိုင်း၊ သီရိလင်္ကာ နှင့် နီပေါလို ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ၌ လူအများသည် ဓာတ်တော်များကို ဖူးမြော်ရန် နေ့ပေါင်းများစွာ တန်းစီရကြောင်း၊ဓာတ်တော်များမှာ ဗုဒ္ဓဝါဒ၌ အထူးဟောကြားချက် တစ်ရပ်ဖြစ်ကြောင်း အရှင်အရိယဝံသကဆိုသည်။

ဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ်တော် နိဂုံး၌ ဗုဒ္ဓဓာတ်တော်မွေတော်များ၏ ဂုဏ်ရည်နှင့် ပတ်သက်၍ ရှေးခေတ် သီဟိုဠ်မထေရ်ကြီးများက အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့ကြသည်-

ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤမဟာပထဝီမြေပြင်သည် မြတ်သောဓာတ်တော် ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင် မြတ်စွာဘုရား၏ ဤသရီရဓာတ်တော်ကို မြတ်ထက်မြတ်ဖြစ်သော နတ်လူတို့သည် ကောင်းစွာ အရိုအသေပြုကြကုန်၏။

(အကြင်)သရီရဓာတ်တော်ကို နတ်မင်း၊နဂါးမင်း၊လူမင်းတို့သည် ပူဇော်ကြလေပြီ။ထို့အတူပင် မင်းထက်မင်းမြတ်တို့သည် ပူဇော်ကြလေပြီ။ ထို(သရီရဓာတ်တော်)ကိုရရှိလတ်သော် လက်အုပ်ချီမိုး ရှိခိုးကြကုန်လော့။ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ်တွေ့ရခဲ၏။ (ဒီ-မြန် ၂၊ ၁၆၀)။

သက်တမ်းတိုသည့် ဗုဒ္ဓဘုရားရှင်တို့ ပရိနိဗ္ဗာန်ပြုပြီးနောက် ဓာတ်တော် မွေတော်များ ကျန်ရစ်ရုံး ထုံးစံဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ဓာတ်တော်မွေတော်များမှာ မြတ်ဗုဒ္ဓကိုယ်တိုင် ထားခဲ့သည့် ဗုဒ္ဓကိုယ်စား အရိုအသေပြုရမည့် အရာဖြစ်သည်။ 'အသက်ထင်ရှားမြတ်စွာဘုရား၌ဖြစ်စေ၊ ပရိနိဗ္ဗာန်စံ ဘုရားရှင်၌ဖြစ်စေ၊ စိတ်ထားညီမျှသော် အကျိုးပေး တူ၏။ စိတ်ထားကောင်းခြင်းကြောင့် သတ္တဝါတို့ဘဝကောင်းသို့ရောက်ကြရသည်။'

ဓာတ်တော်မွေတော်များကို ဖူးတွေ့လိုက်ရသည့် ခဏ၌ စိတ်အစဉ်သည် ကြည်နူးဆွတ်ပျံ့၍ သွားနိုင်မည်ဆိုလျှင် ယင်းကြည်လင်သည့် စိတ်ထားသည် မည်သည့်ဘာသာကို ကိုးကွယ်သူများမဆို တစ်ကိုယ်ရေငြိမ်းချမ်းမှု ပေးပါလိမ့်မည်။ ထို ကြောင့် ဓာတ်တော်မွေတော်များ ကမ္ဘာအရပ်ရပ်သို့ ကြွချီခြင်းမှာ ငြိမ်းချမ်းသည့် လူ့ဘောင်တစ်ရပ်၏ သင်္ကေတဖြစ်လာမည်ဟု ယုံကြည်မိပါသတည်း။

အရှင်ကေလာသ

Sources:

1. *Reuters, June 28,2003*
2. *Daily Nation, July 31, 2003*
3. *The Washington Post, Oct 25, 2003.*

အလေးအမြတ်ပြုထိုက်သော စေတီလေးမျိုးပူဇော်အကျိုး

တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပကိမိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ။ (ဝိမာနဝတ္ထု - ၆၆ - နှာ)

သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူကြကုန်သော ဘုရားရှင်တို့၏ ဓာတု ဓမ္မ ဥဒ္ဒိဿက ပရိဘောဂ ဟူသော စေတီတော်လေးမျိုး၌လည်းကောင်း၊ သဒ္ဓါ ပညာ တူညီမျှလျက် ကိုးကွယ်ဆည်းကပ် အလေးအမြတ်ပြုလျှင် အကျိုးပေးခြင်း တူညီ၏။ လူရွာ နတ်ပြည် ရောက်နိုင်၏။

မိဂဒါဝုန် မြန်မာကျောင်းတိုက်
အကြိုပော်ကွန်း

မြတ်ဗျာန်

ဗာရာဏသီမြို့. မိဂဒါဝုန်မြန်မာကျောင်းတိုက် ရာပြည့်ပွဲတော်
ဓမ္မစက္ကပဝတ္တနသုတ်(ဓမ္မရာဇိက)စေတီတော်တွင်အမှတ်တရ
၂၈.၂.၀၈



ပုဒ္ဓဂယာမြတ်မဟာ ဘုရားဖူးခရီးစဉ်ရှိ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မြန်မာကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏဓဇကို (၃၀. ၆. ၀၉) ရက်နေ့တွင် ကြည်ညိုပူဇော်ကာ နေ့ဆွမ်းဆက်ကပ်ခွင့် ရရှိခဲ့သည်။နေရာက ရန်ကုန်မြို့ ဇဝကလမ်းအမှတ် (၁၀/၁)ရှိ (ဗိုလ်မှူးကြီးထင်အောင်)+ဒေါ်မြင့်မြင့်သိန်း၏ နေအိမ်ဖြစ်သည်။ မယ်တော်ကြီး ဒေါ်မြင့်မြင့်သိန်းက စာရေးသူတို့ ပုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၂၅)ဦ့ ပါဝင်ခဲ့သည်။

ဆွမ်းဘုဉ်းပေးရင်း ဆရာတော်က "ဘုန်းကြီးတို့ မြန်မာကျောင်းတိုက်မှာ ရာပြည့်အောင်ပဲနှင့် ဂုဏာပူဇာ ပူဇော်ပဲ့ကြီးကို ကျင်းပလှူဒါန်း ပူဇော်ခဲ့ပါတယ်။ အထိမ်းအမှတ် မဂ္ဂဇင်းလည်းထုတ်ခဲ့တယ်။ အခုတော့ **သာသနာပြုမော်ကွန်း** အဖြစ် စာရေးချင်တယ်"ဟုမိန့်ကြားသည်။ အနီးရှိ ဒါယကာ၊ဒါယိကာမတို့က သွက်သွက်လက်လက်ဖြင့် "ဘုန်းဘုန်းက သာသနာပြုနေတာပဲ၊ ဘုန်းဘုန်းရေးပါဘုရား" ဟု အားပေးလျှောက်ထားကြသည်။ ဆရာတော်က ခေတ္တခန့် စဉ်းစားပြီးမှ "သာသနာပြုမော်ကွန်းကို နှုတ်နဲ့ပြောပြရင် လည်း ရေးလို့ဖြစ်ပါတယ်" ဟုမိန့်ကြားလိုက်သည်။ ဆရာတော်၏မိန့်ကြားချက်က ဤမျှသာ ဖြစ်သည်။ ဘုန်းဘုရားရဲ့ မိန့်ကြားချက်က "ဒါယကာရင်းဖြစ်သူ စာပေသမားရှေ့၌ အရိပ်ပြ အကောင်ထင်လားဘုရား" ဟုလျှောက်ထားရမလို မိမိရင်တွင်း၌ ခံစားမိသည်။ (၅)နှစ်တာဝေးကွာခဲ့ကြပြီး ယခုမှ ကြည်ညိုခွင့်ရရှိသည့် ဆရာတော်ကို နှုတ်ဖြင့် မလျှောက်မိတော့ပါ။ ဤသို့ဖြင့် မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ (၂၇)နှစ်တာကာလအတွင်းဘုရားဖူးခရီးစဉ်ဖြင့် လေးကြိမ်တိုင် ရောက်ရှိဖူးမြော်ရပုံ၊ ဆရာတော်သံယာတော်များ၏ သာသနာပြုနေပုံ အဖုံဖုံတို့ကိုပြန်လည်မှန်းဆကာ ကြည်ညိုနေမိပါသည်။

၁. ၁၂. ၈၂ သီတင်းကျွတ်လပြည့်နေ့ (၂) နာရီကျော်တွင် စာရေးသူတို့ သာသနာရေးဝန်ကြီးဌာန၊ ပုဒ္ဓဂယာဘုရားဖူးအဖွဲ့(၂၅)သည် မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ရောက်ရှိကြသည်။ကျောင်းတိုက်ဆရာတော်ကြီးဦးတိကွဲန္ဒြိယသည် သက်ရွယ်တော်ကြီးနေပြီဖြစ်သည်။ တိုက်အုပ်ရဟန်းတော် အရှင်ဝဏ္ဏဓဇက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်နေသည်။ ဘုရားဖူးများ၏နေထိုင်စားသောက်ရေးနှင့် လှူဒါန်းဖူးမြော်ပူဇော်နိုင်ရေးအတွက် ဆရာတော်၊ သံယာတော်များ၏ ကြိုတင် စီစဉ်ဆောင်ရွက်ထားမှုကိုတွေ့မြင်နေရသည်။

ဆရာတော်ကြီးကို စုပေါင်းပူဇော်မှု ပြုကြစဉ် ဆရာတော်ကြီးက ယခုနှစ်ဘုရားဖူးရာသီမှာ ပထမအသုတ်အဖြစ် ရောက်ရှိလာသည့်အတွက် ဝမ်းမြောက်ကြောင်း တပြုံးပြုံးဖြင့် မိန့်ကြားသည်။ ညနေပိုင်းတွင် ဆရာတော်ကြီး၏ ဆန္ဒတော်နှင့် အညီ မိဂဒါဝုန်ဒေသ၌(၃၇)နှစ်ကြာ နှစ်မြုပ်နေသည့် သံဃာတော်များ ပဝါရဏာပွဲကို ကျောင်းတိုက်ရှိ ဆရာတော်သံဃာတော်များ၊ ဘုရားဖူးအဖွဲ့နှင့်အတူလိုက်ပါလာကြသည့် ဆရာတော်များ၊ဒုလ္လဘရဟန်းများစုဝေးကာ ကျင်းပပူဇော်နိုင်ခဲ့ကြသည်။ ညနေပိုင်းတွင် တိုက်အုပ်ဆရာတော်နှင့် ရင်းနှီးသည့် မိဂဒါဝုန်ဥယျာဉ်စောင့်၏ ကူညီမှုဖြင့် ဥယျာဉ်အတွင်းရှိဓမ္မစေတီကြီး၌ ဘုရားဖူးအဖွဲဝင်များသည် ဖယောင်းတိုင်မီးများ ထွန်းညှိလျက် ဆီမီး(၁၀၀၀) ပူဇော်ပွဲကြီးကို ကျင်းပပူဇော်ကြသည်။

နောက်နေ့နံနက်ခင်းတွင် မြန်မာကျောင်းတိုက်ဝင်း နှင့် မိဂဒါဝုန်ဥယျာဉ်ဝင်း နှစ်ခုကြားရှိ တူးမြောင်းငယ် တံတား ပေါ်မှ ဖြတ်သန်းလျက် တိုက်အုပ်ဆရာတော်က ဘုရားဖူး များကို ဥယျာဉ်အတွင်းသို့ လိုက်ပါပို့ဆောင်ပေးသည်။ (ယင်း တူးမြောင်းငယ်မှာ ရှေးအခါက အလောင်းတော် သုဝဏ္ဏ သာမ ရေခပ်ဆင်းရာ မိဂသမ္မဒါမြစ် ဟု အဆိုရှိသည်) ဥယျာဉ်အတွင်းရှိ တရားဦး ဓမ္မစကြာတရားတော်ဟောကြား တော်မူရာ ဓမ္မရာဇိက စေတီနှင့် အနတ္တလက္ခဏသုတ် ဟောကြားတော်မူရာ ဓမ္မေခစေတီကြီးများ၌ ပုဒ္ဓဘုရားရှင် တရားဦး ဟောကြားပုံနှင့်တရားတော်၏ အနှစ်သာရများကို ဆရာတော်က စီကာပတ်ကုံး ဟောကြားတော်မူသည်။ ပုဒ္ဓဘုရားရှင် တရားဦးဟောရာ၊ တရားရတနာပေါ်ထွန်းရာ၊ သံဃာ့ရတနာတော်ပေါ်ထွန်းရာ မိဂဒါဝုန် မြေမြတ်မဟာ ပါတကားဟူသော အသိဖြင့်ရှိခိုးပူဇော်မှုပြုကြသည်။ဥယျာဉ် အတွင်းရှိ ဘုရား၊စေတီ၊ရုပ်ပွားတော်များနှင့် အနီးရှိ ဘုရား၊ စျေး၊ပြတိုက်တို့ကို ဖူးမြော်ပူဇော် လေ့လာကြသည်။ ဆက်လက်၍ ဗာရာဏသီမြို့ကြီးရှိ မြို့လယ် မြန်မာကျောင်း (ဆာဦးသွင်ကျောင်း)သို့ ရောက်ရှိကြသည်။ ဆရာတော်ဦးကိတ္တိမာကို လှူဖွယ်ပစ္စည်းများဖြင့်ကန်တော့ကြသည်။ ဆေးဝက်ဘာကျောင်း ဆရာတော်နှင့်တပည့်များ လှူဒါန်းသည့် အရှင်အဂ္ဂဓမ္မကျောင်းကိုရောက်ရှိကြသည်။ ဟိန္ဒူ ဘုရားကျောင်းများ၊ဂင်္ဂါရေချိုးဆိပ်နှင့်ဗာရာဏသီ စျေးကြီး ပင်မကျန်၊ဆရာတော်၊သံဃာတော်များက ပြည့်စုံအောင် ပို့ဆောင်ပေးသည်။

ညနေပိုင်း၌ မြန်မာကျောင်းတိုက်အတွင်း လှည့်လည် ကြည့်မိသည်။ ဆရာတော်ကြီးသီတင်းသုံးရာ (၂) ထပ်တိုက်

ကျောင်း၌ ‘ဓမ္မစက္ကဝိဟာရ-၁၂၉၇’ဟုကမ္ပည်းထိုးထားသည်။ ဘုရားဖူးများနားခိုရာ နှစ်ထပ်တိုက်ကျောင်းဆွမ်းစားဆောင်နှင့် မီးဖိုအုတ်တိုက်၊ကျောင်းတိုက်တွင်း အဝင်ဝရှိ အိန္ဒိယအမျိုးသားမိသားစုများ အခြေချ နေထိုင်နေကြသည့် နှစ်ထပ်တိုက်ကြီးတို့ကို တွေ့မြင်ရသည်။ လက်ရှိ တိုက်ကျောင်းများသည် ယခင်ခေတ်က ကျောင်းထိုင်ဆရာတော်ကြီးများ၏ ကြီးပမ်းတည်ဆောက်ခဲ့မှုများ ဖြစ်ပုံရသည်။ ယင်းကျောင်းတိုက်များကို အခြေပြုလျက် တိုက်အုပ်ဆရာတော်အရှင်ဝဏ္ဏဓဇ ၏ မွမ်းမံကြိုးပမ်းဆောင်ရွက်နေမှုဟု ဖွင့်ဆိုရပေမည်။

ခရစ် ၁၉၈၂ ခုနှစ်တွင် တိုက်အုပ်ဆရာတော် အရှင်ဝဏ္ဏဓဇသည် ဘုရားဖူးခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသည်။ ၈-၁-၈၂ ရက် နေ့တွင် ရန်ကုန်မြို့၊ ကျားကူးကျောင်းတိုက်ကြီး၌ အရှင်ဝဏ္ဏဓဇ၏ ဥပသမ္ပဒကံဆောင်သိက္ခာထပ် ရဟန်းခံပွဲကို ကျင်းပခဲ့သည်။ ကမ္ဘာ့သာသနာပြုကုသိနာရုံဆရာတော်ကြီး ဦးစန္ဒိမဏိသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့သော ဆရာတော်ကြီးလည်း ဖြစ်သည်။ အရှင်ဝဏ္ဏဓဇသည် ရဟန်း(၈)ဝါတော်အရတွင် ကုသိနာရုံ (ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာ ဌာန) မြန်မာကျောင်းသို့ ရောက်ရှိပြီး စာပေပညာများကို ဆည်းပူးသင်ယူခဲ့သည်။ ရဟန်းတော်(၁၀)ဝါအရတွင် မိဂဒါဝုန် မြန်မာကျောင်းတိုက် ဆရာတော်ကြီး ဦးတိက္ခိန္ဒြိယ၏ တိုက်အုပ်ရဟန်းတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ရင်း ဗာရာဏသီမြို့လယ်ကျောင်း ဆရာတော်ဦးကိတ္တိမာ၏ ဝေယျာဝစ္စသာသနာ့ ရေးရာများကိုပါ ပူးတွဲသာသနာပြုခဲ့သည်။ ပညာဆက်လက် သင်ယူရာ (BA)(MA)ဘွဲ့များကို ရရှိခဲ့သည်။ (ဆရာတော်ဦးကိတ္တိမာသည်ကုသိနာရုံ ဆရာတော် ဦးစန္ဒိမဏိ၏ တာဝန်ပေးချက်အရ ၁၉၂၈ ခုနှစ်တွင် ကျောင်းတိုက် ဆရာတော်ကြီးအဖြစ် စတင် သာသနာပြုခဲ့သည်။ ဆရာတော်သည် ဟိန္ဒူစာပေ၊ အင်္ဂလိပ်စာပေနှင့် ကျောက်စာဘက်ဆိုင်ရာ များ၌ ကျွမ်းကျင်မှုရှိသည်။ ဗုဒ္ဓဂယာမဟာဗောဓိစေတီနှင့် သက်ဆိုင်သည့် ‘မဟာဗော ဓုပ္ပတ္တိကထာ’ ကျမ်းစာအုပ် အပါအဝင် သာသနာပြု စာအုပ်များ ပြုစုရေးသားခဲ့သည်။)

မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်ကြီးများ ဖြစ်ကြသည့် ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယနှင့် လက်ရှိ ကုသိနာရုံဆရာတော် ဦးဉာဏိသရ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တို့သည် ပါရမီတော် ကြီးမားမှုဖြင့် ကြိုးပမ်းသာသနာပြုကြသည့် ဆရာတော်ကြီးများ ဖြစ်ကြသည်။ ထူးခြားစွာသာသနာပြုနိုင်မည့် ပါရမီရှင်တပည့်ကြီး အရှင်ဝဏ္ဏဓဇကိုလည်း ခရစ် ၁၉၈၇-ခုနှစ်၊ ဇူလိုင်လတွင်မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ကျောင်းထိုင်ဆရာတော်အဖြစ်သို့ ရောက်ရှိအောင် အဆင့်ဆင့် ချီးမြှောက်ခဲ့လေသည်။ ဆရာတော်ကြီးများ အစဉ်အဆက်၌ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ် ဘုရားဖူးများက အဖွဲ့လိုက် လာရောက်နိုင်ခြင်း မရှိသေးချေ။ အရှင်ဝဏ္ဏဓဇ တိုက်အုပ်ဆရာတော်အဖြစ် တာဝန်ယူ သာသနာပြုသည့် နောက်ပိုင်းကာလတွင်ကျမှ မြန်မာနိုင်ငံ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်များကို သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စတင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘုရားဖူးခရီးစဉ်ခေတ်သည် ဆရာတော်ဦးဝဏ္ဏဓဇအတွက် ကံ၊ ဉာဏ်၊ ဝီရိယ(၃)မျိုးစုံစွာ စတင်ကာ သာသနာပြုနိုင်ခဲ့သည်။ ဆရာတော်၏ ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်သည် ငွေခေတ်၊ ရွှေခေတ် ဟု တင်စားရမည့် သာသနာပြုခေတ် ဟုဆိုရပေမည်။ ဆရာတော်သည် အိန္ဒိယနိုင်ငံရောက် မြန်မာ ရဟန်းတော်များ၏ (ပရဒေသိသံဃနာယကအဖွဲ့)၌ အကျိုးဆောင်အဖြစ် သာသနာပြုနိုင်ခဲ့သည်။ ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရမှ ဆရာတော် ဦးဝဏ္ဏဓဇကို ခရစ်-၁၉၉၇ ခုနှစ်တွင် (မဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့တံဆိပ်တော်နှင့်ခရစ် ၂၀၀၈-ခုနှစ်တွင် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်များကို လှူဒါန်းခဲ့လေသည်။

၁၀. ၁၁. ၉၄ ရက်နေ့ ည(၈)နာရီခန့်တွင် ရန်ကုန်မြို့၊ ဓမ္မဇေယျာကျောင်းတိုက် ဆရာတော် ဦးဥက္ကံသ ဦးဆောင်သည့် စာရေးသူတို့ဘုရားဖူး အဖွဲ့ဝင်(၁၃)ဦးတို့သည် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်ဖြင့် မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ရောက်ရှိကြသည်။ နောက်နေ့နံနက်တွင် မိဂဒါဝုန်ဥယျာဉ်အတွင်းရှိ ဘုရား၊စေတီများ၊ ပြတိုက်များကိုလှည့်လည် ဖူးမြော်ကြသည်။ မြန်မာနိုင်ငံမှကုသိုလ်ရှင်များ လှူဒါန်းထားကြသော ဗုဒ္ဓဘုရားရှင် ပဉ္စဝဂ္ဂီ(၅)ဦးတို့အား တရားဦးဟောကြားနေဟန်ရုပ်တုတော်များကို ဖူးမြော်ကြရသည်။ အချိန်ရ၍ ကျောင်းတိုက် အတွင်း၌ ကြည့်ရှုလေ့လာမိသည်။ ကျောင်းတိုက် သိမ်ကြီးနှင့် မျက်နှာချင်းဆိုင်ရှိ တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တစ်ဆူကို ပူဇော်ရတော့မှ မယ်တော်ကြီးဒေါ်မြင့်မြင့်သိန်း မိသားစု၏ ကုသိုလ်တော် ဖြစ်ကြောင်းသိရှိရသည်။ ကျောင်း ထိုင်ဆရာတော်ဖြစ်နေသည့် ဦးဝဏ္ဏဓဇသည် ဓမ္မစက္ကဝိဟာရ ကျောင်းအောက်ထပ်၌

သီတင်းသုံးနေသည်။ စာရေးသူတို့ ပထမရောက်ရှိစဉ်က အိန္ဒိယနိုင်ငံသား မိသားစုများ အခြေချ နေထိုင်နေကြသည့် နှစ်ထပ်တိုက်ကျောင်းကြီးမှာ ဘုရားဖူး အဖွဲ့ဝင်များ၏ အဆောင်များဖြစ်နေသည်။ ရေမီးအစုံအလင် ဖြင့် မွမ်းမံထားသဖြင့် စာရေးသူတို့အဖွဲ့ဝင်များ အနားယူခွင့် ရရှိကြသည်။ ကျောင်းတိုက်တွင်း အဝင်ဝ ဘယ်ဘက်ခြမ်း၌ လည်း နှစ်ထပ်တိုက်သစ်ကြီး တည်ဆောက်ထားသည်။ ကျောင်းတိုက်အတွင်းရှိ ကျောင်းဆောင်များတစ်လျောက်၌ အင်္ဂတေခင်းလမ်းများကို သွယ်တန်းဖောက်လုပ်ထားသည်။ သင့်တော်သည့်နေရာများ၌ နားနေရန်အုတ်ခုံငယ်များ၊ ခရီး လမ်းညွှန်မြေပုံ၊ စိမ်းမြနေသည့်မြက်ခင်း၊ သစ်ပင်၊ပန်းပင် များဖြင့် ရောင်စုံဖြာလျက်စိတ်ဝယ် အေးချမ်းမှုဖြင့် ချမ်းမြေ့ သွားသည်။ မြန်မာကျောင်းတိုက်၏တိုးတက်မှုသည် ဆရာ တော်၏ ဦးဆောင်ကြိုးပမ်းသာသနာပြုမှုပင်ဖြစ်ပေသည်။

သာသနာရေးဝန်ကြီးဌာန အောင်ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ (၁၂/၂၀၀၃) ၏ ခရီးစဉ်သည် စာရေးသူ၏ တတိယမြောက် ဖူးမြော်ခွင့်ရရှိမှုဖြင့် ၂၅. ၃. ၂၀၀၃ ရက်နေ့ ညနေ(၄/၃၀) ကျော်တွင်မဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ရောက်ရှိကြသည်။ ကျောင်းတိုက်၌ အသစ်တည်ဆောက် ထားသည့် သုံးထပ်ကျောင်းသစ်၌ တည်းခိုကြရသည်။ ဆရာ တော်ဦးဝဏ္ဏဓဇ သီတင်းသုံးရာ ကျောင်းတိုက်အနီးတွင် တိုးချဲ့ တည်ဆောက်နေဆဲ 'သုဝဏ္ဏသာမဓမ္မသာလာကြီး' ကိုတွေ့ မြင်ရသည်။

စာရေးသူ မဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ရောက်ရှိ တိုင်း ကျောင်းတိုက်အတွင်း၌ သာသနာ့ အဆောက်အအုံများ က တိုးလို့သာနေတယ်၊ ဆရာတော်၊ သံဃာတော်များက သာသနာတော်ကြီးကို ကြိုးပမ်းဆောင်ရွက်၊ လာကြသမျှ ဘုရားဖူးများက သဒ္ဓါတွေတိုးလာကြ၊လှူဒါန်းဖွယ်လှူဒါန်းမှု များက တိုး၍မဝဖြစ်နေတော့သည်။

သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန် ဗုဒ္ဓဂယာဘုရား ဖူးအဖွဲ့ သီးသန့်၅/၆(၂၀၀၄) ဘုရားဖူးခရီးစဉ်ဖြင့် ၁၇. ၇. ၀၄ ရက်နေ့ညနေတွင် မိဂဒါဝုန်မြန်မာကျောင်းတိုက် သို့ စာရေးသူ စတုတ္ထအကြိမ်အဖြစ် ရောက်ရှိခဲ့သည်။ စာရေးသူတို့ ဦးဆောင်သည့် ဘုရားဖူးအဖွဲ့ဝင် အင်အားဦး ရေက များသည်။ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗောဓိပင်နှင့် ပလ္လင်တော်မြတ်၌ ဘုရားဖူးများက သာမဏေဝတ်ကြသည်။ သီလရှင်ဝတ် ကြသည်။ ယခုမိဂဒါဝုန်ကျောင်းတိုက်သို့ ရောက်ရှိပြန်တော့လည်း လူဝတ် မလဲကြ၊ ဆက်လက်၍ ကုသိုလ်ယူနေကြသည်။ နောက်နေ့နံနက်ပိုင်း၌ မိဂဒါဝုန် ဥယျာဉ်အတွင်းသို့ လှည့်လည်၍ဘုရားဖူးမြော်ကြစဉ် တစ်လျှောက်၌ သံဃာတော်များ၊ သီလရှင်များတို့၏ ဝတ်ရုံထားကြသော သင်္ကန်းတော် အရောင်တို့ဖြင့် ဝါဝင်း နေပါတော့သည်။ ယခု အခေါက်ရောက်ရှိသည့် မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ အဝင်ဝ၌ စုလစ်မွန်ချွန် ဘုံသုံးဆင့် တို့ဖြင့် တည်ဆောက်ထားသည့် ကျောင်းတိုက် မုခ်ဦးကြီးကို ကြိုးမားခဲ့ညားစွာ တွေ့မြင်နေရသည်။ အနီရောင်၊ အဝါရောင် နှင့် အညိုရောင်တို့ဖြင့် သာသနာ့ရောင်ဝါတို့ကို ဆက်စပ် ခြယ်သလျက် မုခ်ဦးကြီးကို မွမ်းမံထားသည်။ မုခ်ဦးကြီး ထိပ်ပိုင်း၌ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် မိဂဒါဝုန် မြန်မာကျောင်းတိုက် အမည်ကို ကမ္ပည်းတင်ထားသည်။ ဆရာတော် ဦးဝဏ္ဏဓဇသည် သာသနာပြုကမ္ပည်းကြီးကို တင်လှူနိုင်ပြန်ချေပြီ။

စာရေးသူ၏ ဘုရားဖူးခရီးစဉ် တစ်ခုဖြစ်သော ဝေသာလီဒေသ၌ ဆရာတော်ဦးဝဏ္ဏဓဇ၏ တိုးချဲ့သာသနာ ပြု မြန်မာဘုန်းတော်ကြီးကျောင်းသစ်ကို တွေ့မြင်ခဲ့ရသည်။ သဒ္ဓါတရားပွားများလိုကြသည့် ဘုရားဖူး သူတော်စင်များ အတွက် ကျောင်းကန်၊ ဘုရား၊ စေတီရံများ လှူဒါန်း ကုသိုလ်ရယူနိုင်ရန် အသင့်ဖြစ်နေသည်။ ဆရာတော်သည် တပည့် ရဟန်းတော်များ စာပေပရိယတ္တိဆိုင်ရာ ဆည်းပူး သင်ယူနိုင်ရန် စီစဉ်ပေးခဲ့မှုကြောင့် ဘွဲ့ရသည့်သံဃာတော် များဖြင့် သာသနာ့အကျိုးအတွက် အားတက်ဖွယ်ဖြစ်စေခဲ့ သည်။ ဆရာတော် ကိုယ်တိုင်လည်း ပြည်တွင်းပြည်ပ ခရီးစဉ် များဖြင့် ကမ္ဘာ့နိုင်ငံကြီးများသို့ပါ လှည့်လည် သာသနာပြု လျက်ရှိသည်။ ဆရာတော်သည် မြန်မာကျောင်းတိုက်ကြီး၏ သာသနာပြုမော်ကွန်း ကမ္ပည်းတင်ဆဲ၊ သာသနာပြု ကြိုးပမ်း ဆဲ ဟုဖွင့်ဆိုမိပါသည်။

ထိုထိုသော မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာ တော် ဦးဝဏ္ဏဓဇ ကြိုးပမ်း မျှော်မှန်းလျက်ရှိ သော 'သာသနာ ပြုမော်ကွန်းကြီး' ပေါ်ထွန်းရေးကို ဦးတင်လျက် မိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ ဘုရားဖူးခရီးစဉ်(၄)ကြိမ်အတွင်း စာရေးသူရောက်ရှိ ပူဇော်ခွင့်ရရှိမှုကို မိဂဒါဝုန်မြန်မာကျောင်း တိုက်ကြီး၏ 'အကြိုသာသနာပြုမော်ကွန်း' အဖြစ် ရေးသား ပူဇော်အပ်ပါတော့သတည်း။

မြတ်စွာန်



ပရဟိတ အစ အဆုံး

မဟာကွန္ရွာစာရ M.A (UK)

မိမိအကျိုးကို မငဲ့ဘဲ အများအကျိုးရှိအောင် လုပ်ဆောင်သော အလုပ်သည် "ပရဟိတအလုပ်" ဖြစ်သည်၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းသည် ဤအလုပ်ကို မလုပ်နိုင်ကြ၊ လုပ်ပြန်သော်လည်း အောင်မြင်မှုရရန် ခဲယဉ်းပါသည်။

ဂေါတမမြတ်ဗုဒ္ဓသည် ဤ"ပရဟိတအလုပ်"ကို မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၊ နေဝင် လထွက်စအချိန်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်ဒေသ၌ ပဉ္စဝဂ္ဂီတို့အား တရားဦးဓမ္မစကြာကို ဟောတော်မူခြင်းဖြင့် စတင် လုပ်ဆောင်တော်မူခဲ့ပါသည်။ ထို့နောက် မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အဂ်ါနေ့ မိုးသောက်ယာမ်တွင် အိန္ဒိယနိုင်ငံ ကုသိနာရုံမြို့အနီးရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော၌ သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံးရဟန္တာဖြစ်စေတော်မူခြင်းဖြင့် "ပရဟိတအလုပ်"ကို အဆုံးသတ်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ ပရဟိတအလုပ် အစသည် မိဂဒါဝုန်ဒေသ၊ ပရဟိတအလုပ်အဆုံးသည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော ဖြစ်ပါသည်။

ပရဟိတ အကြံ

ဂေါတမ မြတ်ဗုဒ္ဓသည် "ပရဟိတအလုပ်"ကို မိမိကိုယ်တိုင် လက်တွေ့ကျင့်သိ အကျိုးရှိရှိ လုပ်ဆောင်အောင်မြင်တော်မူပြီးမှ မိမိ၏ဝါဒကို လိုက်နာကျင့်ကြံကြသော ပုဂ္ဂိုလ်များအား ဤအလုပ်ကို လုပ်ဆောင်ကြရန် တိုက်တွန်းတော်မူခဲ့ပါသည်။ ဆက်ပါဦးမည်၊ ဂေါတမမြတ်ဗုဒ္ဓသည် သုမေဓာပညာရှိ ရသေ့ဖြစ်စဉ်ကပင် ဤ"ပရဟိတအလုပ်"ကို လုပ်ဆောင်ရန် ကြံစည်ခဲ့ပါသည်။ ယင်းဘဝ၌ မိမိတစ်ဦးတည်း အတွက်ဆိုလျှင် ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာနှင့်တွေ့စဉ်ကပင် ကျင့်ကြံ ကြိုးကုတ်အားထုတ်ပါက ရဟန္တာဖြစ်၍ အငြိမ်းဓာတ် နိဗ္ဗာန်ကို ရနိုင်မျက်မှောက်ပြုနိုင်ပါသည်။ သို့သော်လည်း မိမိတစ်ဦးတည်းသာ နိဗ္ဗာန်ကို ရလို မျက်မှောက်ပြုလိုစိတ်မရှိ၊ ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာကဲ့သို့ ဘုရားဖြစ်အောင် ကျင့်ဆောင်ပြီး လောကသားများ ကောင်းကျိုးချမ်းသာကိုရအောင် ပရဟိတ အလုပ်ကို လုပ်ဆောင်ပြီးမှ ပရိနိဗ္ဗာန်ဝင်စံတော် မူမည်ဟု ဘုရားဖြစ်ရန် စိတ်အကြံဖြစ်သည်။ ထို့ကြောင့် ဒီပင်္ကရာမြတ်ဗုဒ္ဓနှင့် ရဟန္တာပေါင်း လေးသိန်းတို့

ရွှံ့ညွန်(ရွှံ့ဗွက်)ကို နင်းခြင်းမှ လွတ်ကြစေရန် မိမိကိုယ်ကို ဝမ်းလျားမှောက်လျက် တံတားအဖြစ် လှူဒါန်းပါသည်။ ရှင်ရသေ့၏ စိတ်အကြံကို သိတော်မူသော ဒီပင်္ကရာဗုဒ္ဓမြတ်စွာက လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအလွန်တွင် "ဂေါတမဗုဒ္ဓ" ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။ သို့ဖြစ်၍ ဂေါတမမြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်" သည် သုမေဓာ ပညာရှိ ရသေ့ဘဝကပင် ကြံစည်ခဲ့သော အကြံဖြစ်ပါသည်။

အလောင်းတော်ဘဝ ပရဟိတ

ဒီပင်္ကရာ မြတ်ဗုဒ္ဓထံမှ ဗျာဒိတ်စကား ကြားရပြီးနောက် ဘုရားအဖြစ်သို့ မရောက်သေးမီ ကျင်လည်ခဲ့သမျှ ဘဝများစွာတို့၌ မိမိအတွက် ဘုရားဖြစ်ရန်လည်း ပါရမီ ဖြည့်ကျင့်သည်။ အများအတွက်လည်း "ပရဟိတအလုပ်"ကို လုပ်ဆောင်ခဲ့ပါသည်။

ဆုတောင်းပြည့်နေ့ ကဆုန်လပြည့်

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီများကို ဖြည့်ကျင့်တော်မူပြီးနောက် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်တွင် အိန္ဒိယနိုင်ငံ ဂယာမြို့အနီး ဂယာ ဒေသအရပ်ရှိ မဟာဗောဓိညောင်ပင်ရင်း၌ သဗ္ဗညုတဉာဏ်ရှင်အစစ် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ သို့ဖြစ်၍ ကဆုန်လပြည့်နေ့သည် ဂေါတမ မြတ်ဗုဒ္ဓ အလောင်းတော်၏ဆုတောင်းပြည့်သော နေ့ဖြစ်ပါသည်။

ပရဟိတ ခရီးစဉ်

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိပင်၏အနီး၌ (၄၉)ရက်မျှသာ ဖိုလ်ချမ်းသာကို ခံစားတော်မူပြီးနောက် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် ပဉ္စဝဂ္ဂိတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူရန် ဂယာဒေသမှ (၁၈)ယူဇနာဝေးသော ဗာရာဏသီမြို့အနီးရှိ "မိဂဒါဝုန်ဒေသ"သို့ ခြေလျင်ခရီး စတင်ကြွချီတော်မူခဲ့သည်။ ဆက်ပါဦးမည်၊ ရှေးရှေးသော ဘုရားရှင်တို့သည် ဂယာဒေသမှ မိဂဒါဝုန်ဒေသသို့ ဝေဟင်မှ စွာန်ယာဉ်ခရီးဖြင့် ကြွချီတော်မူကြပါသည်။ ဂေါတမမြတ်ဗုဒ္ဓသည် ဥပက အာဇီဝက တက္ကတွန်း၏ နောင်အခါ အနာဂါမ်ဖြစ်မည့် ပရဟိတ အကျိုးကို မြင်တော်မူ၍ မြေပြင်မှ ခြေလျင်ခရီးဖြင့် သာ ကြွတော်မူခြင်းဖြစ်ပါသည်။

ပရဟိတတရား စတင်ဟော

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ နေဝင် လထွက်စအချိန်တွင် သံဝေဇနီယဌာန၊ အဝိဇဟိတဌာနဖြစ်သော မိဂဒါဝုန်မြေ၌ ဓမ္မစကြာတရားတော်ကို ပဉ္စဝဂ္ဂိတို့အား အကျယ်ဟောခြင်းဖြင့် ပရဟိတအလုပ်ကို စတင်၍ လက်တွေ့ဆောင်ရွက်တော်မူပါသည်။ ယင်းတရားပွဲသို့ ဗြဟ္မာတစ်ဆယ့်ရှစ်ကုဋေလည်း လာရောက်၍ တရားနာကြပါသည်။

ဓမ္မစကြာတရား ပွင့်အားများ

တရားဒေသနာတော်အဆုံး၌ ကောဏ္ဍညနှင့် ဗြဟ္မာတစ်ဆယ့်ရှစ်ကုဋေ သောတာပန်တည်ကြပါသည်။ ဘုမ္မဇိုးနတ်မှစ၍ နေဝသညာနာသညာယတန ဗြဟ္မာဘုံတိုင်အောင် နတ်ဗြဟ္မာများ အဆင့်ဆင့် ကြွေးကြော်(သာဓုခေါ်)ကြသည်။ ဓမ္မစကြာ တရားတော်အသံသည် အောက်ဆုံးအဝီစိငရဲမှ အထက်ဆုံး နေဝသညာနာသညာယတန ဗြဟ္မာဘုံတိုင်အောင် စကြာဝဠာတိုက် တစ်သောင်းလုံးသို့ ပျံ့နှံ့သွားသည်။ စကြာဝဠာတိုက်တစ်သောင်းလုံး ပြင်းပြင်းထန်ထန် တုန်လှုပ်သွားသည်။ မြတ်ဗုဒ္ဓ၏ ဓမ္မရောင်ခြည်တော်သည် နတ်ဗြဟ္မာတို့၏ အရောင်များကို ကျော်လွန်၍ လောကသုံးပါးလုံးကို လွှမ်းမိုးသွားသည်။

ဝမ်းမြောက်ကြည်နူး ဥဒါန်းကျူး

ကောဏ္ဍည သောတာပန်ဖြစ်သောအခါ မြတ်ဗုဒ္ဓကိုယ်တော်တိုင် "အချင်းတို့. . . ကောဏ္ဍည သောတာပန်ဖြစ်ပြီ၊ အချင်းတို့. . . ကောဏ္ဍည သောတာပန်ဖြစ်ပြီ" ဟု မိမိ၏ "ပရဟိတအလုပ်" စတင်အောင်မြင်ခြင်းအတွက် ဝမ်းမြောက်ကြည်နူး ဥဒါန်းကျူးတော်မူပါသည်။

သံဃရတနာ စငါလာ

ကောဏ္ဍည သောတာပန်ဖြစ်ပြီးနောက် မြတ်ဗုဒ္ဓထံ ရဟန်းပြုရန် တောင်းပန်လျှောက်ထားသည်။ မြတ်ဗုဒ္ဓက "ဧဟိ ဘိက္ခု" ခေါ်တော်မူသဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်၌ ပထမဆုံး ရဟန်းအဖြစ်ကို ရရှိသည်။ မြတ်ဗုဒ္ဓသည် ဝါဆိုလပြည့်ကျော် တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်နေ့တို့၌

ရွှင်ရသေ့၏ စိတ်အကြံကို သိတော်မူသော ဒီပင်္ကရာ ဗုဒ္ဓမြတ်စွာက လေးအသချေ်နှင့် ကမ္ဘာတစ်သိန်းအလွန်တွင် 'ဂေါတမ ဗုဒ္ဓ' ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

ဓမ္မစကြာတရားတော်ကို ဆက်လက်ဟောကြားတော်မူသော အခါ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိတို့ အစဉ်အတိုင်း အသီးသီး သောတာပန်ဖြစ်ကြသည်။ ထို့နောက် ရဟန်း အဖြစ်ကို ရရှိကြသည်။ ပဉ္စဝဂ္ဂီတို့ ရဟန်းအဖြစ်ကို ရရှိကြသည့်အခါမှစ၍ မြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်"ကို လက်တွဲလုပ်ဆောင်ကြမည့် ရဟန်းတော်များ (သံဃရတနာ)သည် "မိဂဒါဝုန်ဒေသ"မှ စတင်ပေါ်ပေါက်လာသည်။ တစ်နည်းအားဖြင့် မြတ်ဗုဒ္ဓသည် ဘိက္ခုသံဃာကို "မိဂဒါဝုန်ဒေသ"မှ စတင်တည်ထောင်တော်မူခဲ့ပါသည်။

ရဟန္တာ စတင်ပေါ်ရာ မိဂဒါ

ဗုဒ္ဓမြတ်စွာသည် ဝါဆိုလပြည့်ကျော်ငါးရက် ကြာသပတေးနေ့၌ အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူသည့်အခါ၌ ပဉ္စဝဂ္ဂီတို့အားလုံး အာသဝေါကင်းကွာ ရဟန္တာများဖြစ်ကြပါသည်။ သို့ဖြစ်၍ "မိဂဒါဝုန်ဒေသ"သည် ရဟန္တာစတင်ဖြစ်ပေါ်ရာ ဒေသဖြစ်ပါသည်။

ဟရာဇာသိပြည်သား ရဟန္တာများ

ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်ကြပြီးနောက် ယင်းဝါတွင်း၌ပင် ဟရာဇာသိမြို့နေ ယသ သူဌေးသားသည်လည်းကောင်း၊ ယင်းသူဌေးသား၏ မြို့နေ သူငယ်ချင်းလေးယောက်တို့သည်လည်းကောင်း၊ ဇနပုဒ်နေ သူငယ်ချင်းငါးဆယ်တို့သည်လည်းကောင်း မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ရှိလာကြ၍ ရဟန်းအဖြစ်ကို ရရှိကြသည်။ သစ္စာလေးပါးမြတ်တရားကို နာကြားကြရ၍ ရဟန္တာဖြစ်ကြသည်။ ယင်းပုဂ္ဂိုလ်(၅၅)ပါးတို့သည် ဟရာဇာသိပြည်သား ပထမဝါတွင်းဖြစ် ရဟန္တာများဖြစ်ကြပါသည်။

ရတနာသုံးပါးစုံရာ မိဂဒါ

ဗုဒ္ဓမြတ်စွာသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ အရဏ်တက်ချိန်တွင် သဗ္ဗညုတအစစ်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်းကြောင့် လောကသုံးပါး၌ "ဗုဒ္ဓဂယာဒေသ" တွင် အတုမရှိသော ဗုဒ္ဓရတနာနှင့် ဓမ္မရတနာတို့ စတင်ပေါ်ပေါက်လာပါသည်။ ယင်းနှစ် ဝါဆိုလပြည့် စနေနေ့ အရှင်ကောဏ္ဍည ရဟန်းအဖြစ်သို့ ရောက်ရှိသည့်အခါမှစ၍ "မိဂဒါဝုန်ဒေသ"၌ သံဃရတနာ စတင် ပေါ်ပေါက်လာပါသည်။ သို့ဖြစ်၍ ရတနာသုံးပါးလုံး ပထမဆုံး စုံညီရာဒေသသည် "မိဂဒါဝုန်ဒေသ"ဖြစ်ပါသည်။

ပရဟိတ စတင်ရာ မိဂဒါ

မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း၊ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူခြင်း၊ ယသသူဌေးသားနှင့် သူငယ်ချင်းများအား သစ္စာလေးပါး မြတ်တရားကို ဟောတော်မူခြင်းစသည်ဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေသည့် တရားတော်များကို "ပရဟိတအကျိုး"အတွက် မိမိ၏ "ပရဟိတအလုပ်"ကို အထက်၌ဖော်ပြခဲ့သည့်အတိုင်း မိဂဒါဝုန်ဒေသမှ စတင်ဆောင်ရွက်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်" စတင်ရာသည် "မိဂဒါဝုန်ဒေသ" ဖြစ်ပါသည်။

ပရဟိတအတွက် တိုက်တွန်းချက်

သုမေဓါ ပညာရှိရသေ့ဘဝကပင် ကြုံစည်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်"သည် "မိဂဒါဝုန်ဒေသ" ၌ ပထမဝါအတွင်း ရဟန္တာ(၆၀) ဖြစ်စေတော်မူခြင်းဖြင့် အောင်မြင်တော်မူပြီးနောက် ဆက်လက်၍ အောင်မြင်မှုရရှိစေရန် မိမိ၏ သာဝက ရဟန္တာ(၆၀)တို့အား ပရဟိတအလုပ်ကို နောက်မဆုတ်ဘဲ ဆောင်ရွက်ကြရန် "ချစ်သားတို့... လူနတ်ဗြဟ္မာသတ္တဝါတို့ စီးပွားချမ်းသာရရန်၊ လောကကို စောင့်ရှောက်ရန်အတွက် ခရီးထွက်ကြ၊ တစ်လမ်းတည်းကို နှစ်ပါးအတူ မသွားကြနှင့်၊ မိမိရောက်ရာအရပ်၌ အစအလယ်အဆုံး ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံနိုင်သော တရားကိုဟောကြား၊ တရားမနာရလျှင် မဂ်ဖိုလ်နိဗ္ဗာန်ရထိုက်သူများ မဂ်ဖိုလ်နိဗ္ဗာန်မှ ဆုံးရှုံးကြလိမ့်မည်၊ ငါဘုရားလည်း ဥရုဝေဠတောအနီးရှိ သေနနိဂုံးသို့ တရားဟောရန် သွားမည်"ဟု တိုက်တွန်းတော်မူပါသည်။



ဘ၀-ဘ-၉၃ မဟစကြာဟောရာဌာန

ပရဟိတဆုံးရာ ကုသိနာ

မဟာသက္ကရာဇ်(၁၀၃)ခုနှစ် မိဂဒါဝုန်ဒေသမှ စတင်၍ မြတ်ဗုဒ္ဓနှင့် တပည့်သာ၀ကများ ကြိုးစား ဆောင်ရွက်တော်မူကြသော "ပရဟိတအလုပ်"သည် မြတ်ဗုဒ္ဓအတွက် (၄၅)နှစ်သာ ရှည်ကြာခဲ့ပါသည်။ မှန်၏၊ မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ် (၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ မိုးသောက်ယာမ်တွင် ကုသိနာရုံမြို့သား သုဘဒ္ဒပရိဗိုဇ်အား နောက်ဆုံး ရဟန္တာဖြစ်စေတော်မူခြင်းဖြင့် "ပရဟိတအလုပ်"ကို အဆုံးသတ်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ "ကုသိနာရုံဒေသ"သည် တိတိကျကျ ဆိုရပါလျှင် ကုသိနာရုံမြို့အနီးရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မြေသည် မြတ်ဗုဒ္ဓ၏ "ပရဟိတ အလုပ်" ဆုံးရာ မြေဒေသဖြစ်ပါသည်။

မဆုံးသေးသော ပရဟိတ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော်လည်း မြတ်ဗုဒ္ဓတိုက်တွန်းတော်မူခဲ့သော "ပရဟိတအလုပ်"ကို မြတ်ဗုဒ္ဓ၏ တပည့်သာ၀က အစဉ်အဆက်တို့က ယနေ့တိုင် ဆက်လက်ဆောင်ရွက်နေကြဆဲပင်ဖြစ်ပါသည်။ သို့ဖြစ်၍ မြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်"မပြီးဆုံးသေးပါ။

ဆန္ဒမှန်

မြတ်ဗုဒ္ဓ၏ "ပရဟိတအလုပ်" စတင်ရာဖြစ်သော မိဂဒါဝုန်ဒေသနှင့် ပရဟိတအလုပ် ဆုံးရာဖြစ်သော ကုသိနာရုံဒေသတို့၌ လက်ရှိမြင်တွေ့ နေကြရသော "မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်း"နှင့် "ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်း"တို့သည် (၁၉၇၂)ခုနှစ်တွင် ဘ၀နတ်ထံပုံလွှန်တော်မူပြီးသော စံပြ သာသနာပြုအကျော် ဘဒ္ဒန္တ စန္ဒိမဏိဆရာတော်ဘုရားကြီး တည်ထောင်တော်မူခဲ့သော ကျောင်းတိုက်ကြီးများဖြစ်ကြပါသည်။ (အခြားကျောင်းများလည်း ရှိပါသေးသည်။) ဆရာတော်ဘုရားကြီးသည် ဤ ကျောင်းတိုက်ကြီးများကို တည်ထောင်နိုင်ရန် (၁၈၉၀)ခုနှစ် အသက်၀ယ် ရွယ်သာမဏေရွင်စန္ဒဘ၀ကပင် စစ်တွေမြို့ဦးစန္ဒိမာကျောင်းတိုက်မှ အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး ပညာသင်ဘ၀မှ စ၍ အခက်အခဲမျိုးစုံလောကဓံ ဒုက္ခအဖုံဖုံတို့ကို ကြံ့ကြံ့ခိုင် ရင်ဆိုင်၍ မိမိ၏ရည်ရွယ်ချက် အောင်မြင်မှုရရှိအောင် ကြိုးစားခဲ့ရပါသည်။ အမြော်အမြင်ကြီးစွာဖြင့် အောင်မြင်စွာ တည်ထောင်ပြီးသော ကျောင်းတိုက်များကို ဆက်လက် ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်လည်း ကြိုတင်စီမံကိန်းများ ချထားခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်၊ စီမံချက်များအတိုင်း မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်းကို (၁၉၈၇) ခုနှစ်မှစ၍ လက်ရှိ စတုတ္ထမြောက် ဆရာတော် ဘဒ္ဒန္တ၀ဏ္ဏမဏိ၊ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းကို လက်ရှိ ဆရာတော် ဘဒ္ဒန္တဉာဏိသရတို့က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နေကြပါသည်။

ဤအရှင်မြတ်တို့သည်လည်း မြန်မာနိုင်ငံမှ ဘုရားဖူးများနှင့် နိုင်ငံအရပ်ရပ်မှ ရောက်ရှိလာကြသူများအား နားလည်သိရှိအောင် အစွမ်းရှိသမျှ အကျိုးဆောင်ရွက်ပေးခြင်းဖြင့် မြတ်ဗုဒ္ဓတိုက်တွန်းတော်မူခဲ့သော ပရဟိတအလုပ်ကို ဆက်လက် ဆောင်ရွက်နေကြပါသည်။ ဘဒ္ဒန္တ၀ဏ္ဏမဏိ၏ အကျိုးဆောင်ရွက်ပေးမှုကြောင့် စာရေးသူနှင့် ရွှေပြည်သာမြို့အောင်ဆန်းတောရ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇာတ၊ သာကေတမြို့ ရွှေစာရံ ပရိယတ္တိဆရာတော် ဘဒ္ဒန္တအရိယာ၀ံသတို့သည် ၁၉၉၂/၉၃ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သုံးလနေ၍ ဘုရားဖူးကုသိုလ်ပြုခွင့်ရရှိခဲ့ကြပါသည်။ အရှင့်ကျေးဇူးကား ကြီးမားပါပေစွ။ ပရဟိတအလုပ် အကျိုးတော်ဆောင် ဘဒ္ဒန္တ၀ဏ္ဏမဏိသည် (၁၃၇၁) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၂)ရက်၊ (၁၆. ၁၁. ၂၀၀၉) ဗုဒ္ဓဟူးနေ့တွင် သက်တော်(၆၀) ပြည့်ပါပြီ၊ အသက်ရှည်သမျှလည်း ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ပရဟိတအလုပ်ကို ဆက်လက်ဆောင်ရွက်နိုင်ပါစေ ဟု အားပေးထက်သန်ဆန္ဒမွန်ဖြင့် မွေးနေ့ရှင်၏ သက်တော်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ် "မိဂဒါဝုန် မြန်မာကျောင်း မော်ကွန်း"တွင် မှတ်တမ်းတင်အပ်ပါသည်။

မဟာကုန္ဒာစာရ M.A (U.K)

ဝသုန္ဓရေ

နှဒိယ



ဝသုန္ဓရေ

ပြည်တွင်း ပြည်ပ သုတေသီကြီးများ၊ ဆရာတော်သမားတော်ကြီးများ၊ စာရေးဆရာကြီးများသည် နိုင်ငံအနှံ့ရှိ ဝသုန္ဓရေ မြစောင့်နတ်များအကြောင်းကို ရှာဖွေလေ့လာဖော်ထုတ်တင်ပြရေးသားခဲ့ကြသည်မှာ ကြာခဲ့ပါပြီ။ အချို့ပိဋကတ်တော်၌မလာ-မရှိ၊ ထေရဝါဒတွင်လည်းမတွေ့ရ၊ မဟာယာနတွင်လည်းမတွေ့ရ၊ ဟိန္ဒူ နတ်ဘုရား တစ်ပါးလော။ ဘယ်နိုင်ငံက စတင်ပေါ်ပေါက် ခဲ့သလဲ။ ဘယ်ခေတ်တွင် ပေါ်ပေါက်ခဲ့သလဲစသည်ဖြင့် အမျိုးမျိုးဝေဖန် ရေးသားတင်ပြခဲ့ကြပါသည်။ ကျွန်တော်သည် ဤစကားဝိုင်းတွင် ပါဝင်ဆွေးနွေးမည် မဟုတ်ပါ။ ရခိုင်၌ တွေ့ရသမျှသော ဝသုန္ဓရေနှင့် ပတ်သက်သည့် အကြောင်းအရာများကို သာ ဤဆောင်းပါး၌ ရေးသားတင်ပြသွားရန် ရည်ရွယ်ပါသည်။

ရခိုင်တို့က ဝသုန္ဓရေကို ဝသုန္ဓရာ၊ဝသုန္ဓရီ၊ ဝသုန္ဓရေဟူ၍ ဝေါဟာရသုံးမျိုးလုံးဖြင့် ခေါ်ဝေါ် ပြောဆိုနေကြသည်။ ဤဝေါဟာရသုံးမျိုးလုံးမှာ ပါဠိဘာသာမှ ဆင်းသက်လာပြီး ပါဠိဘာသာ မူရင်းအတိုင်း ရခိုင် ဝေါဟာရအဖြစ် တိုက်ရိုက်ပြောဆို သုံးနှုန်းနေကြသော စကားလုံးများပင် ဖြစ်ကြသည်။ ဤကဲ့သို့ပါဠိဘာသာ မူရင်းအတိုင်း သုံးစွဲနေကြသော ရခိုင်စကားပေါင်း မြောက်မြားစွာပင် ရခိုင်သားတို့ နှုတ်ဖျားတွင် ယနေ့တိုင်ရှိ နေပေသေးသည်။ ဝသုန္ဓရေ၊ ဝသုန္ဓရီ၊ ဝသုန္ဓရာဟူသောပါဠိစကား၏ အဓိပ္ပါယ်မှာ မြစောင့်နတ်ပင်ဖြစ်သည်။

ပါဠိဘာသာ၌ မြစောင့်နတ်၏ အခြားအမည်တစ်ခုမှာ **ဘုမ္မာ** ပင်ဖြစ်သည်။ ဘုမ္မာခေါ် မြစောင့်နတ် သည် ဘုရားရှင်ဟောကြားတော်မူသော မဟာသမယသုတ် တော်၊ ပရိမိတ္တဇာလသုတ်တော်၊အာဠာနာဋိယသုတ်တော် များတွင် အထင်အရှား တွေ့ရပေသည်။

ဘုရားလောင်းသိဒ္ဓတ္ထသည် ကဆုန်လပြည့်နေ့တွင် သောတ္ထိယ မြက်ရိတ်သမားလှူဒါန်းသော မြက်ရှစ်ဆုပ်မှ ပေါ်ပေါက်လာသော အပရာဇိတ ပလ္လင်ပေါ်၌ တရားကြိုးစားနေစဉ်၊ မာရ်နတ်သည်စစ်သည်ဗိုလ်ပါများနှင့် လာရောက်ပြီး ပလ္လင်ကိုလုသည်။ အပရာဇိတပလ္လင်ကို သူသာပိုင်သည်ဟု သူ့တွင်ပါလာသော စစ်သည် ဗိုလ်ပါများကို သက်သေထား ပြီး၊သိဒ္ဓတ္ထအား ပလ္လင်မှ မောင်းထုတ်ခဲ့သည်။ သိဒ္ဓတ္ထကလည်း ငါသည်ဘုရားဆုကို ပန်သည့်နေ့မှ လေးသခြော်နှင့် ကမ္ဘာတစ်သိန်းဘဝ အဆက်ဆက်ပြုခဲ့ဘူးသော ဒါနစသော ပါရမီကို ဤကမ္ဘာမြေကြီးသည် သက်သေအရာ၌ တည်ပါစေဟု မြေကြီးကိုလက်ဖြင့်ထိကာ သက်သေတိုင်တည်လိုက်သည်။ ထိုအခါ မြေကြီးသည်ကြီးစွာ သောအသံမြည်ဟီးပြီး ပြင်းထန်စွာတုန်လှုပ်သဖြင့် မာရ်နတ်စစ်သည်များ ဖရိုဖရဲပြု ကွဲလျက် တိမ်းရှောင်ထွက်ပြေးသွားကြသည်ဟု ပိဋကတ်တော်၌ ပါရှိသည်။

အချို့က ဘုရားအလောင်းတော် သစ္စာဆိုလိုက်သော အခါ ပလ္လင်အောက်ရှိ မြေကြီးမှ ဝသုန္ဓရေ နတ်သမီး ထွက်ပေါ်လာခဲ့သည်။ ဘဝအဆက်ဆက် ရေစက်ချသွန်းလောင်းခဲ့သောရေများမှာ သူ၏ခေါင်းတွင် ယနေ့တိုင် စိုရွှဲနေသေးသည်။ စိုရွှဲနေသောဆံပင်ကို လက်ဖြင့်အရည်ညှစ်ချလိုက်သောအခါ စီးကျလာသောရေများသည် ဂင်္ဂါမြစ်ရေပမာ ပြင်းထန်စွာစီးဆင်းသွားသည်။ မာရ်နတ်နှင့်အပေါင်းပါတို့မှာ ဆံရည်ဖြင့် မျောပါသွားကြသည် ဟု ဆိုကြသည်။

ဤအခန်းသည် ဗုဒ္ဓဝင်၌ဖောဓိပင်နှင့် ရွှေပလ္လင်ကို

ဝသုန္ဓရေနင့်ပတ်သတ်၍၊ရခိုင်၏၊ ထူးခြားချက် တစ်ခုမှာ ဝသုန္ဓရီအမနင့် ဝသုန္ဓရာအထီး ပိုမ နှစ်မျိုး စလုံးရှိနေခြင်း ပင်ဖြစ်သည်။ ဤသို့ရခိုင်၌ ဝသုန္ဓရီ အမနင့် ဝသုန္ဓရာအထီး ရှိနေခြင်းကို လေ့လာဖော်ထုတ်ခဲ့သူမှာ ဆရာကြီး ဦးဦးသာထွန်း ပင်ဖြစ်သည်။

အောင်မြင်တော်မူခန်း၊ မာရ်နတ်ကိုအောင်မြင်တော်မူခန်းပင် ဖြစ်ပါသည်။ အလွန်အဓိကကျသော အခန်းတစ်ခန်းလည်း ဖြစ်သည်။ ဤ အခန်းကို ကြည်ညိုသဒ္ဓါ ပွားများလိုသူတို့က ဗုဒ္ဓဆင်းတုတော်ကို ဘူမိဖဿမုဒြာပုံတော်မျိုး ထုလုပ် ကိုးကွယ်တတ်ကြသည်။ ဇာတ်လမ်း ဇာတ်ကွက်ကို ပိုမိုထင်ရှား စေရန်အတွက်လည်း ပလ္လင်အောက်ခြေတွင် ဝသုန္ဓရေနတ်ရုပ်ကို ဆံရည်ညှစ်ဟန် ထည့်သွင်း ထုလုပ်တတ်ကြ သည်။ ဝသုန္ဓရေနတ်ရုပ်ကို ထည့်သွင်းထုလုပ်ခြင်းသည် နတ်တစ်ပါးအနေဖြင့် ကိုးကွယ်လို၍ ထုလုပ်ခြင်းမဟုတ်ပေ။ ဇာတ်လမ်း ဇာတ်ကွက်တစ်ခုကို ပိုမိုပီပြင်အောင် နိမိတ်ပုံ အဖြစ် ဝသုန္ဓရေ ရုပ်ကို ဖြည့်စွက် ထုလုပ်ခြင်းမျိုးသာဖြစ်သည်။ ဓမ္မစကြာတရားတော် ဟောတော်မူခန်းတွင် ဓမ္မစက္ကမုဒြာ အပြင် လှည်းဘီးပုံစံ စကြာပုံ မဂဒါဝုန်၏ နိမိတ်ပုံအဖြစ် သမင်ရုပ်တို့ကို ထည့်သွင်း ထုလုပ်ခြင်းမျိုးပင် ဖြစ်သည်။ အသျှင်စန္ဒြမဏီ ဆရာတော်ကြီးသည် ဗုဒ္ဓရှင်တော်မြတ်က ဗုဒ္ဓဆိုသည့်စကားကို စတင်မွှက်ကြားသည့်နေရာ၊ဓမ္မစကြာတရားဦးကို ဟောတော်မူသည့်နေရာ၊ ရဟန္တာ စပေါ်သည့်နေရာ၊ ဘုရားတရား သံဃာ ကိုးကွယ်ရာအစုံ သရဏဂုံ သုံးပါး ပြည့်စုံစွာ ပေါ်ပေါက်သည့်နေရာဖြစ်သည့် မိဂဒါဝုန် ဘေးမဲ့ဇုံ၏ နိမိတ်ကောင်းကိုယူပြီး၊ ဗာရာဏသီမြို့၊မိဂဒါဝုန်ကျောင်း တိုက်ကြီး၏ မုခ်ဝတွင် လှည်းဘီးကို အထွတ်အမြတ်ထား ပုံဖော်ထားသည်ကို တွေ့ရပေသည်။

အချို့ကဘုရားလောင်းသည် မြေကြီးကို လက်ညှိုး ညွှန်ပြီး "ဝသုန်" မြေကြီး " စရ " သက်သေ ထွက်ဆောင် လော့ဟု သစ္စာဆိုခဲ့သဖြင့် ဝသုန္ဓရ အမည်ဖြင့်မြေစောင့်နတ် ကိုသရုပ်ဖော်ထုလုပ်ခဲ့သည်ဟုလည်း ဆိုကြသည်။

ရှေးအကျဆုံးတွေ့ရသော ဝသုန္ဓရာ ရုပ်မှာ ကမ္ဘောဒီး ယားနိုင်ငံ အန်ကောဝပ်(Angkorvat)နှင့် ဝတ်နိုကော(Vat Nokor)မှ ရုပ်တုနှစ်ခုဖြစ်သည် ဟုဆိုသည်။ ဆရာမောင်စွမ်း ရည်က ရခိုင်တွင် ဝေသာလီခေတ် အေဒီ-၆ ရာစု၊ ၇-ရာစုခန့်ကပင် ဝသုန္ဓရေရုပ်ကို တွေ့ရသည်ဟုဆိုသည်။ (ဇောတိသဝေဒ မဂ္ဂဇင်းတွင် ဝသုန္ဓရေ - မြေစောင့်နတ်သမီး) ဆရာ နီမင်းသျှင်က ဝသုန္ဓရေရုပ်ကို မြောက်ဦးခေတ် မင်းစောမွန် လက်ထက်မှစ၍ တွေ့ရသော်လည်း ယင်းခေတ်ထက် စောသော ရုပ်တုကို ယနေ့ထိ မတွေ့ရသေးဟုဆိုသည်။ (လခြမ်းမြိမဂ္ဂဇင်း အမှတ်-၃ ဝသုန္ဓရီ၊ ဝသုန္ဓရာ ဆိုင်ရာ ရခိုင် အယူအဆများ။)

ရခိုင်တွင်ဝသုန္ဓရာရုပ်တုကို ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်အထိ စဉ်ဆက်မပြတ် တွေ့နေရပေသည်။ ယနေ့ထိ ဝသုန္ဓရာ ရုပ်တုတစ်ခုမှာ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ဆရာတော်ဦးဥာဏစက္ကာ ကျောင်းတိုက်တွင် မကြာသောအခါနှင်းကမှ တူးဖော်တွေ့ရှိထားသော အရုပ်ပင်ဖြစ်သည်။ ကျောက်ဖြင့် ထွင်းထုထားသော ကျောက်ဆင်းတုတော်တစ်ဆူ၏ပလ္လင် အောက်ခြေတွင် မတ်ရပ် ဝသုန္ဓရေရုပ်တစ်ရုပ် ပါရှိသည်။ ဤရုပ်တုတော်၏ ပလ္လင်ပတ်လည်၌ ဗြဟ္မာအက္ခရာဖြင့် ရေးထိုးထားသော စာများပါရှိသည်။ စာများမှာ အလွန်ပျက်ပြယ်နေပြီး မဖတ်သာသော်လည်း လက်ရေးလက်သားမှာ အေဒီ-၂ရာစု၊ သို့မဟုတ် ၃-ရာစုထက် နောက်မကျနိုင်ပေ။ သို့ နှင့် ဤဆင်းတုတော် ဤစာနှင့်အတူ ထုလုပ်ခဲ့သော **"ဝသုန္ဓရေရုပ်သည် ဓညဝတီခေတ်ပင် ဖြစ်သည်"** ဟုသုတေသီများက ယူဆထားကြသည်။ဤ အဆိုသာ မှန်ခဲ့ပါလျှင် ရခိုင်၌ဝသုန္ဓရာ ရုပ်ကို-ဓညဝတီခေတ်မှ ပင် ထုလုပ်ခဲ့ကြပြီဟုဆိုရ ပေမည်။

ကမ္ဘာပေါ်၌ မတ်တပ်ရပ် ဆံရည်ညှစ်နေသော ဝသုန္ဓရေ၊ ထိုင်လျက် ဆံရည်ညှစ်နေသော ဝသုန္ဓရေ၊ ပန်းအိုး၊ သို့မဟုတ်၊ ရေခွက်ကိုပွေ့ပိုက်ထားသော ဝသုန္ဓရေ ဟူ၍ သုံးမျိုးသုံးစားရှိသည်ဟု သိရသည်။ ပုဏ္ဏားကျွန်းမြို့ ဆရာတော် ဦးဥာဏစက္ကာ ကျောင်းရှိ ဝသုန္ဓရေနှင့် ရွာဟောင်းတောရွာ စေတီပျက်တစ်ဆူတွင်ရှိ (ယခုမူလနေရာ) ဝသုန္ဓရေ ရုပ်တို့မှာ မတ်တပ်ရပ်လျက် ဆံရည်ညှစ်နေဟန် ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ (Angkor Vat) ဝသုန္ဓရေနှင့်တူညီကြသည်။ ထိုင်လျက် ဆံရည်ညှစ်နေသော ဝသုန္ဓရေရုပ်များမှာ ရခိုင်ဒေသ နေရာအနှံ့အပြားတွင် တွေ့ရသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးတွင်လည်းရှိသည်။ မြောက်ဦးမြို့ နိမ္မူဇာစေတီမှ တွေ့ရသော ရေခွက်ကို ပွေ့ပိုက်ထားသော ဝသုန္ဓရေ (ယခု မြောက်ဦး



ဃုန္ဓရာ

ပြတိုက်) မှာ အိန္ဒိယနိုင်ငံ ဆင်မလာကဆာနတ်(သ်) ရှေးဟောင်းပစ္စည်း တိုက် ကတ်တလောက်စာအုပ်စာမျက်နှာ ၉၁-၉၄ မှာ ပါရှိသော ဝသုန္ဓရေနှင့် တူညီသည်။

ဝသုန္ဓရေနှင့်ပတ်သက်၍ ရခိုင်၏ ထူးခြားချက်တစ်ခုမှာ ဝသုန္ဓရီအမနှင့်ဝသုန္ဓရာအထီး ဖိုမ နှစ်မျိုး စလုံးရှိနေခြင်းပင်ဖြစ်သည်။ ဤသို့ရခိုင်၌ ဝသုန္ဓရီ အမနှင့် ဝသုန္ဓရာအထီး ရှိနေခြင်းကို လေ့လာဖော်ထုတ်ခဲ့သူမှာ ဆရာကြီး ဦးဦးသာထွန်းပင်ဖြစ်သည်။ ဆရာကြီးသည်ပြည်တွင်း ပြည်ပ သုတေသီများကို ဝသုန္ဓရီ နှင့်ဝသုန္ဓရာအထီးအမ ကွဲကွဲပြားပြားသိရှိစေရန် ခွဲခြား၍ ပြသခဲ့သည်။ ဆရာကြီး၏ အဆိုအရ၊ ဝသုန္ဓရီမ အရုပ်သည် မိန်းမထိုင် ထိုင်လေ့ရှိသည်။ သားမြွတ်ပေါ်လွင်သည်။ နွဲ့နွဲ့ပျောင်းပျောင်းမိန်းမပီသလှသည် ဟူ၍ ကွဲကွဲပြားပြားခွဲခြား၍ ပြသခဲ့သည်။

ဝသုန္ဓရီအမနှင့် ဝသုန္ဓရာအထီးရုပ်များကို သျှစ်သောင်းပုထိုးတော်ကြီးအတွင်း၌ အများဆုံး လေ့လာတွေ့ရှိနိုင်ပေသည်။ ဘေလက္ကာရစေတီမှ ရရှိသော ဝသုန္ဓရီနှင့် ဝသုန္ဓရာရုပ်(ယခု မြောက်ဦးပြတိုက်)နှင့် အခြား ဝသုန္ဓရီ၊ ဝသုန္ဓရာ ရုပ်များကို မြောက်ဦးမြို့ရှိ ဘုရားပုထိုးစေတီများနှင့် ဌာပနာတိုက်များမှ ထွက်ပေါ်လာသော ကြေးသွန်း ဆင်းတုတော်များ၏ အောက်ခြေတွင်လေ့လာ တွေ့ရှိနိုင်ပေသည်။

ဝသုန္ဓရေ နှင့်ပတ်သက်၍ ရခိုင်တို့၏ နောက်ထပ်ထူးခြားချက်တစ်ခုမှာ ဝသုန္ဓရေတွင်း ရှိနေခြင်းပင်ဖြစ်သည်။ ရှေးခေတ်အဆက်ဆက်ကပင် ဘုရားပုထိုးစေတီတိုင်းတွင် ဝသုန္ဓရေတွင်းများ ရှိခဲ့သည်။ ယနေ့တိုင် လောကမာရ်အောင်၊ ဇနမာရ်အောင်၊ ဘုရားပေါ် ဘုရား တို့တွင် ဝသုန္ဓရေတွင်းများ ရှိနေပေသေးသည်။ သျှစ်သောင်းမှ ဝသုန္ဓရေတွင်းကိုမူ များမကြာခင်က ပိတ်လိုက်ကြသည်။ ဘုရားရှေ့မလှမ်းမကမ်းတွင် အချင်း (၃) လက်မခန့် တွင်းငယ်တစ်တွင်း တူးထားသည်။ ယင်းတွင်း၏အနက်မှာ ဝါးတစ်ဖျား၊ နှစ်ဖျားခန့် နက်သည်။ အချို့က အဝီစိထိနက်သည်ဟု ဆိုသည်။ ဤတွင်းတွင် ဘုရား၌ အလှူပြုသူတို့သည် ဝသုန္ဓရေ မြေစောင့်နတ်အား သက်သေတိုင်တည်ပြီး ရေစက်ချအမျှပေးဝေကြသည်။ ရခိုင်ဘုရင်တို့ နန်းတက်ဒဂိုး ခတ်နှိပ်သည့် အခါ၌လည်းကောင်း ဘိသိက်မင်္ဂလာခံယူသည့် အထိမ်းအမှတ်ဒဂိုးများ ခတ်နှိပ်သည့်အခါ၌လည်းကောင်း၊ မိမိဘွဲ့ထူးဖြင့် ခပ်နှိပ်ထားသော ဒဂိုးများကို နန်းစဉ် ဒဂိုးအဖြစ် မဟာမုနိရှိ ဝသုန္ဓရေတွင်းတွင် ထည့်ပြီး ရေစက်သွန်းချ လှူဒါန်းရသည်ဟု အဆိုရှိသည်။

ရမ်းပြဲတောင်ကျောင်းဆရာတော်ရေးသားသော ရခိုင်ရာဇဝင်သစ်ကျမ်း ရခိုင်ဘုရင်မဟာသမ္မတရာဇာ (အင်္ဂါပုည်စောရာဇာ) သည်သူ၏ နန်းစဉ်ဒဂိုး များကို မဟာမြတ်မုနိရှိ ဝသုန္ဓရေတွင်း၌ ရေစက်သွန်းလောင်းလှူဒါန်းခဲ့ကြောင်း ရေးသားထားပေသည်။ နိဂုံးရွာ ဦးမောင်စံလှ၏ မြောက်ဦးခေတ်ရေး-မဟာမုနိဘုရားလက်ဝတ်လည်း မဟာမုနိရှိ ဝသုန္ဓရေတွင်းအကြောင်း ရေးစပ်သီကုံးထားသည်ကို တွေ့ရသည်။ ရခိုင်သည် ဝသုန္ဓရေနှင့်ပတ်သတ်၍ ရှည်လျားသော သမိုင်းကြောင်းရှိသည်။ အမျိုးအမည်အားဖြင့်စုံလင်များပြားလှသော ရုပ်တုများကို ထုလုပ်ခဲ့ကြသည်။ ထူးထွေဆန်းပြားသော အယူအဆ ဓလေ့ထုံးစံများရှိခဲ့သည်။ဗုဒ္ဓဘာသာပီပီ ဘုရားဆုကိုပန်သော ဘုရားလောင်းများ၊ ဘုရားရှင်များ၏ ထုံးကို နှလုံးမူ၍၊ ကုသိုလ် ကောင်းမှုပြုရာ၌ ဝသုန္ဓရေ မြေစောင့်နတ်ကို တိုင်တည်ပြီး ရေစက်သွန်းချ အမျှပေးဝေသောအလေ့အထကို ကျင့်သုံးခဲ့ကြသည်။ ကျင့်သုံးဆဲလည်းဖြစ်သည်။ သို့နှင့် ဝသုန္ဓရေနှင့်ပတ်သက်လျှင် ရခိုင်တို့၏ ယဉ်ကျေးမှု အမွေအနှစ် သမိုင်းရုပ်ကြွင်းများမှာ ထုနှင့်ထည်နှင့်ပင် ရှိနေပေသေးသည်။ ဘုရားရှင် တရားဦး ဟောတော်မူရာ မိဂဒါဝုန် အရပ်ကို ဖော်ညွှန်းလိုရှိလည်းကောင်း၊ ဤမိဂဒါဝုန်အရပ်၌ ဘုရားနှင့် ဗုဒ္ဓတရားတော်များ ပြန့်ကြဲ၍ ရန့်မွေးထုံသင်းနိုင်ရန် သတ္တိဖဲလုံလ၊ အနစ်နာခံမှု အဝဝတို့ဖြင့်နှစ်ပေါင်း(၁၀၀)ကျော်တိုင် သာသနာ ပြုတော်မူကြသည့် ရခိုင်အမျိုးသား အသျှင်သူမြတ်တို့အားလည်းကောင်း ဤဆောင်းပါ ဖြင့် ပူဇော်အပ်ပါသည်။

နန္ဒိယ

[illegible]

သူမြတ်(မဟာအောင်မြေ)



ဗုဒ္ဓဘာသာအတွက် အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှံပြီး ဗုဒ္ဓဝါဒပြန့်ပွားရေးအတွက် ဘဝကို မြှုပ်နှံဆောင်ရွက်ခဲ့သူမှာ သာသနာ့အာဇာနည် ဆရာတော် အသျှင်စန္ဒိမဏိပင် ဖြစ်ပေသည်။ ဗုဒ္ဓဘာသာသမိုင်းထဲတွင် မှတ်ကျောက်တင် ခံရလောက်အောင်ထိ စွမ်းဆောင်နိုင်ခဲ့ပေသည်။ အိန္ဒိယနိုင်ငံ၌ ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ဗုဒ္ဓဘာသာဝင်တို့၏ ရုပ်ပိုင်းဆိုင်ရာ ဗုဒ္ဓမဏ္ဍိုင်ကြီးကို အခက်အခဲမျိုးစုံကြား ထဲမှ အသက်ကို ပဓာနမထား ကြိုးပမ်းထိန်းသိမ်းဖော်ထုတ် နိုင်ခဲ့ပေသည်။ ကြီးကျယ်ထက်မြက်သော ဇွဲလုံ့လ၊ တည်ငြိမ် နက်ရှိုင်းသော သတ္တိ၊ ဗျတ္တိ၊ မျိုးရိုးဗီဇသွေးတို့ကြောင့် အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ကုသိနာရုံ ဆရာတော်ကြီး စန္ဒိမဏိဟု ကမ္ဘာသိထင်ရှားကျော်ကြားခဲ့လေသည်။

ဆရာတော်ဘုရားအတွက် ထုတ်ဝေသည့် စာအုပ်စာစောင်တို့တွင်ကား ဆရာတော်၏ မွေးရပ်ဇာတိမှသာ ပါရှိကြလေသည်။ ဆရာတော်၏မျိုးရိုးဗီဇကို မဖော်ပြကြသည်မှာ အဓိကအကြောင်းအရာတစ်ခု ထင်ရှားစွာ ပျောက်ကွယ်နေရသည်ဟု ထင်မိရပါသည် ထို့အတွက်ကြောင့် ဆရာတော် အသျှင်မြတ်၏ မျိုးရိုး အနွယ်တော် ဗီဇသွေးအစဉ်အလာကို စုဆောင်းရှာဖွေ တင်ပြရေးသားရခြင်းဖြစ်ပါသည်။

ရခိုင်ဘုရင် မဟာသမ္မတရာဇာမင်း၏ မျိုးရိုးရာဇဝင် စာအုပ် ရေးသားနိုင်ဖို့ရန် ဆယ်စုနှစ် တစ်စုကျော်အချိန်အထိ ကွင်းဆင်းလေ့လာ ဆည်းပူးခဲ့ပါသည်။ ယင်းကြောင့် ၎င်းနှင့် ပတ်သက်ဆက်နွယ်သော မျိုးနွယ်တော် အစဉ်အဆက်တော်ကို ရှာကြံစုဆောင်း ဖော်ပြလိုက်ရပေသည်။

ဆရာတော်အသျှင်မြတ် လောင်းလျာကို မြန်မာနိုင်ငံ၊ မြောက်ဦးမြို့နယ်အတွင်း၊ ရမ်းချောင်းကမ်းနံဘေး ပေါက်ပင်ကွင်းဟု အမည်တွင်သော ကျေးရွာတွင် မွေးဖွား သန့်စင်ခဲ့ပါသည်။ ခမည်းတော် ဦးဦးဂျအောင် (ခ)ဦးဦးကျော်အောင်၊ မယ်တော် မိဝင်းယေတို့မှ ခရစ်နှစ်ဝစ္ဂ၅၅ခု၊ မေလ (၂၅) ရက်နေ့၊ သင်္ကြာဇ ၁၂၃၇-ခု၊ ကဆုန်လဆုတ်(၆)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့ပါသည်။ အကြီးဆုံးသော သားဦးဖြစ်၍ ရခိုင်လူမျိုး၏ ဓလေ့ထုံးတမ်းအရ သာပန်းဦး ဟု နာမည်တွင်ထင်ရှားခဲ့သည်။ သာပန်းအောင် ဟု ညီတစ်ယောက်ရှိပြီး မနှင်းညိုဟု ညီမတစ်ယောက် ရှိသည်။ စုစုပေါင်း မွေးချင်းသုံးယောက်သာ ရှိခဲ့၏။

ငယ်စဉ်အချိန်ကပင် ဗေဒင်တတ်ပုဏ္ဏားတို့က ဤလူငယ်သည် ဘာသာတရား၌သော်လည်းကောင်း၊ မင်းမဟာဇကရာဇအဖြစ်သော်လည်းကောင်း၊ ကမ္ဘာသိ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်လိမ့်မည်ဟု ဟောကြားခဲ့ကြလေသည်။ ဘမျိုးဘိုးတူ ဆိုသကဲ့သို့ မျိုးနွယ်တော်အစဉ်သည်ကား အလွန်ပင် အရေးကြီးပေသည်။ ကြက်မှာအရိုး၊ လူမှာအမျိုး ဆိုသကဲ့သို့ မျိုးရိုးသမိုင်းကို ရခိုင်လူမျိုးတို့က အလွန်စောင့်ရှောက်ကြပေသည်။ ထို့ကြောင့် ဆရာတော်စန္ဒိမဏိ၏ မျိုးရိုးသည်လည်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဆရာတော်စန္ဒိမဏိ မျိုးရိုးသည် ရခိုင်ဘုရင်၏ မဟာတော်ဝင် မျိုးနွယ်တော်ကြီးတစ်ခုပင် ဖြစ်ပေသည်။ သင်္ကြာဇ ၁၁၄၄-ခု၊ခရစ်နှစ် ၁၇၈၄-ခုနှစ်ထိ ရခိုင်ပြည် မြောက်ဦးရွှေနန်းတော်၏ အသျှင်သခင် မဟာသမ္မတရာဇာမင်း၏ တိတော်ဒုတိယအနွယ်တော် အမှတ်စဉ်(၁)မျိုးရိုးပင်ဖြစ်ပေသည်။

၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော်(၇)ရက် စနေနေ့တွင် ရခိုင်ပြည်သည် အင်းဝဘုရင်ဘိုးတော်မင်း၏လက်အောက်သို့ ကျရောက်ခဲ့ရလေသည်။ ယင်းအချိန် ရခိုင်မင်းသည် မိမိအလွန်တရာ ချစ်မြတ်နိုးတော်မူသော မြသန္ဓာမိဖုရားနှင့်အတူ မိဖုရားမှ မွေးဖွားသည့် သမီးတော်ကြီး မောက်တော်ကြီး၊ ဒုတိယသမီးတော် မောက်တော်လတ်၊ မောက်ရဲဘော်၊ သား

တော်ငယ် မောက်ရဲကျော်(ခ)ဝက်တောင်းတို့ကို ခေါ်ယူပြီး တိုက်လှေ အစင်း(၄၀)နှင့်အတူ ညီတော် အိမ်ရှေ့မင်း ချစ်လှရွှေ၊ အနောက်ဝင်းမှူးကြီးနှင့် ပါနိုင်သမျှမိဖုရား မှူးမတ်တို့ကို တင်ဆောင်ယူကာ ကျွန်းသာယာ (မြေပုံမြို့နယ်တောင် ဘက်ပိုင်းပင်လယ်ကမ်းခြေအနီး၌တည်ရှိသည်)သို့ ရှောင်တိမ်းခဲ့လေသည်။ မဟာသမ္မတရာဇာ ခိုလှုံရာကျွန်းသာယာကို အင်းဝတပ်မှ တပ်မှူးကာမမြို့စားသည် တပ်အင်အား အထူအထပ်ဖြင့် ၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော် (၁၅)ရက်နေ့တွင် ဝန်းရံတိုက်ခိုက်ပြီး မဟာသမ္မတရာဇာမင်းနှင့် မြသန္တာမိဖုရားမိသားစုအားလုံးကိုအင်းဝမြို့သို့ ခေါ်ဆောင်ခဲ့လေသည်။

မဟာမုနိ ရုပ်ရှင်တော်မြတ်ကို သိမ်းမြန်းယူဆောင်နိုင်ဖို့ရန် အခက်အခဲများစွာဖြစ်ရကားရှင်ကျော် မုနိ၊ ပလ္လမုနိ၊ ပန်းဝါစားမုနိ၊ မဟာကျန်မုနိတို့ကိုပါ ပင့်ဆောင်ခဲ့ကြလေ သည်။ ၄င်းဆင်းတုတော် များထဲတွင် မဟာမုနိဟု အမည် တွင်ရသောဆင်းတုတော်သည် ကြီးမားလှသည်ဖြစ်၍ တောင်ကုတ်တောင်ကြားလမ်းအတိုင်း ခက်ခဲပင်ပန်းစွာ ပင့်ဆောင်သွားခဲ့ကြရလေသည်။

အင်းဝရောက် မဟာမုနိဘုရား၌ ရခိုင်ပြည်သူ အများနှစ်သိန်းကျော်ကို အစေအပါးရွာ တည်ထားခဲ့သည်။ ရခိုင်ဘုရင်မဟာသမ္မတရာဇာမင်းကို ညီတော် ပခန်းစား အိမ်တွင် အစောင့်အရှောက်ထူထပ်များပြားစွာဖြင့် ထားရှိ လေသည်။ ရုပ်ရည်ရူပါ ပြည့်စုံလှစွာသော မြသန္တာမိဖုရားကြီး ကို ဘိုးတော်မင်း သိမ်းမြန်းလေသည်။ ယင်းသို့ပြုလုပ်နိုင် စေရန် အမတ်ကြီးလေးဦးအား တစ်ဦးကို ငွေစင်တစ်ထောင် ကျစီ ဘုရင်ထံမှ လာဘ်ထိုးပေးရသည် ဟု ဆို၏။ ဤသို့ဖြင့် မိဖုရားမြသန္တာ၊ မဟာ သမ္မတရာဇာမင်း၏ သားတော် သမီးတော်တို့သည် ရှင်ကွဲ ကွဲခဲ့ကြရလေ သည်။

ရခိုင်ဘုရင်မဟာသမ္မတရာဇာမင်းသည် ကားတိုင်းပြည်လည်းပျက်ပြုန်း၊ မိဖုရားလည်းဆုံးရှုံးရ သည်ဖြစ်၏။ သားတော်၊ သမီးတော်တို့အား တွေ့ချင်မြင်ချင်ဇောဖြင့် စိတ်ရောကိုယ်ပါ မခံမရပ်နိုင် ဖြစ်ပြီး နတ်ရွာစံမြန်းခဲ့ရလေသည်။ မဟာ သမ္မတ ရာဇာဆုံးရှုံးရသည့် သဘောအတိုင်းပင် မြသန္တာမိဖုရားသည်လည်း စိတ်ရောကိုယ်ပါ ဝေဒနာစွဲကပ်ရင်တွင် အထပ်ထပ်သော သောကပရိဒေဝမီးလောင်ကျွမ်းပြီး လောင်ကျွမ်းခဲ့ရ၏။ လှပစိုပြေနုကိုရုပ်ရည် များး ကွယ်ပျောက်ပျက်စီးခဲ့ရလေသည်။ မြသန္တာမိဖုရားသည် မိမိ၏ မွေးရပ်ဌာနေ ရမ္မာဝတီမြေ၌ ခေါင်းချသေဆုံးလိုသည့် တောင်းဆိုမှု ခွင့်ပြုရရှိသဖြင့် သားတော် မောက်ရဲဘော် တစ်ဦးတည်း လိုက်ပါပြီး မိမိဇာတိမြေ၌ အနိစ္စရောက်ခဲ့ရလေ သည်။

ရခိုင်ဘုရင်မဟာသမ္မတရာဇာမင်းနှင့် မိဖုရား မြသန္တာတို့၏ သားတော် မောက်ရဲဘော်သည် ရမ္မာဝတီ သံသမ ကြီး၏သမီးထွေး အိုဇာဖြူနှင့်စုလျားရစ်ပတ် လက်ထပ်ခဲ့လေသည်။ သားတော်ကြီး စံရွှေဦး၊ သားတော်ငယ် စံကျော်အောင်၊ သမီးတော် မြနှင်းခိုင်ဟု မဟာသမ္မတရာဇာမင်း၏ သွေး မြေးတော်(၃)ဦးကို ပထမအနွယ်တော်(၁)(၂)(၃)ဟု နာမည်ပေးမှတ်တမ်းတင်ထားလိုက်ရပေသည်။ ဤဖော်ပြပါ အနွယ်တော် (၁)နှင့် (၃)ကိုမူကား ရှာကြံစုဆောင်းနေဆဲ ဖြစ်ပါ၍ ပထမအနွယ်တော်(၂) စံကျော်အောင် ဇနီး ရွှေခိုင်ဦးတို့မှပေါက်ဖွားလာသည့် သားတော် သမီးတော်(၄)ဦးကို မဟာသမ္မတမင်း၏ မြစ်တော်များအဖြစ် ဒုတိယ အနွယ်တော်ဟု မှတ်တမ်းပြုစု ပေးပါသည်။ ယင်းတို့ကား ဒုတိယအနွယ်တော်(၁)သားတော်ကြီး ဦးကျော်အောင်(အသျှင် စန္ဒိမဏိ၏ခမည်းတော်)၊ ဒုတိယ အနွယ်တော်(၂)မှာ သမီးတော်စိန်ခိုင်ဖြူဖြစ်ကာ ဒုတိယ အနွယ်တော်(၃)မှာ သားတော်ထွန်းစံအောင်(အသျှင် စန္ဒိမာဆရာတော်)ဖြစ်ပြီး ဒုတိယအနွယ်တော် (၄)မှာ သားတော်ငယ် ရွှေညို့အောင်ပင်ဖြစ် သည်။ သားတော် သုံးဦး၊ သမီးတော်တစ်ဦး ထွန်းကားခဲ့ပါ သည်။

ဒုတိယအနွယ်တော်(မဟာသမ္မတရာဇာမင်း၏ မြေးတော်)(၃)ထွန်းစံအောင်သည် အသျှင်စန္ဒိမာ အဖြစ် အသက်




မြောက်ဦးမြို့ရှိ ရခိုင်တို့၏နောက်ဆုံးနန်းတော်နေရာ

ထက်ဆုံး ရဟန်းဘဝဖြင့် ဘဝနှတ်ထံ ပံ့လွန်တော်မူခဲ့ပါသည်။ ထို့ကြောင့်မဟာသမ္မတရာဇာ မင်းမှစ၍ အနွယ်တော်ကို မျိုးနွယ်စဉ်ဆက် အောက်တွင် မှတ်တမ်းအဖြစ် ဖော်ပြလိုက်ပါသည်။

ရခိုင်ဘုရင် မဟာသမ္မတရာဇာ၏ မျိုးရိုးရာဇဝင်ခေါ် "ရခိုင်မဟာသမ္မတရာဇာ" စာအုပ်၌သာ မျိုးနွယ်အားလုံး၏ နေရာဌာန၊ အသက်အပိုင်းအခြား၊ လုပ်ကိုင်စားသောက်၊ ရာထူးဌာန တိကျစွာ ဖော်ပြမည် ဖြစ်ပါသည်။ ယခုကား အသျှင်စန္ဒြမဏိ၏ မျိုးစဉ်ဆောင်းပါးဖြစ်၍ အကျဉ်းချုပ်ရေး သားဖော်ပြလိုက်ရခြင်းသာ ဖြစ်ပေသတည်း။

သူမြတ်မဟာအောင်မြေ

ဆရာတော်ကြီး၏ မျိုးရိုးစဉ်ဆက်ဇယား



မျိုးစေ့လည်းမှန် အပင်သန်

ညီးထွေး (ခ) ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)



ယမ်ယမ်ခေါက်ဆွဲ ကုမ္ပဏီ မိသားစုမှ ကန်တော်ကြီး ပုပ္ပါးဟိုတယ်တွင် နေ့ဆွမ်းကပ်လှူတော်မူစဉ်

မြန်မာအပါအဝင် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ ဖွား၊ ပွင့်၊ ဟော၊ စံ လို့ သိမှတ်ခေါ်ဆိုကြတဲ့ မြတ်ဗုဒ္ဓ ဖွားမြင်တော်နေရာ၊ လုမ္ဗိနီ၊ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူရာ ပွင့်တော်မူရာ ဗုဒ္ဓဂယာ၊ တရားမြတ်ဓမ္မစကြာကို ဟောကြားတော်မူရာ မိဂဒါဝုန်၊ ပရိနိဗ္ဗာန် စံမြန်းတော်မူရာ ကုသိနာရုံ စတဲ့ သံဝေဇနီယလေးဌာနကို သွားရောက်ဖူးမျှော် ကြည်ညိုလေ့ရှိကြပါတယ်။

ဒီလို သွားရောက်ကြည်ညို ပူဇော်တဲ့နေရာမှာလည်း မြတ်ဗုဒ္ဓရဲ့ဂုဏ်တော်တွေကို လေးလေးနက်နက် ပွားများရင်း သံဝေဇနီယ(၄)ဌာနနဲ့ကိုက်ညီတဲ့ တရားတော်များ၊ သုတ္တန် ဒေသနာတော်များ၊ ပရိတ်တော်၊ ပဌာန်းတော်များ၊ မေတ္တာပို့များ၊ သံဝဂ အလင်္ကာများ စသည် စသည်အားဖြင့် လိုက်လျောညီထွေ ရွတ်ဖတ်ပူဇော်ကြရမှာ ဖြစ်ပါတယ်။ တရားဒေသနာ သုတ္တန်တွေမှာလဲ. . .

“အာနန္ဒာ၊ ထိုထိုဌာန စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သော သူတို့သည် ကြည်ညိုသောစိတ်ရှိလျက် သေကုန်ငြားအံ့။ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏” လို့ မှတ်သားဖူးခဲ့ရပါတယ်။ ဒါကြောင့် သံဝေဇနီယ(၄)ဌာနဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် အထွတ်အမြတ် နေရာဧကန် စင်စစ်ဖြစ်ပါတယ်။

သမိုင်းကြောင်းကို ပြန်လည်လေ့လာရင်း မြတ်ဗုဒ္ဓရဲ့ မဇ္ဈိမဒေသအတွင်းမှာ ဗုဒ္ဓရဲ့သာသနာတော်နဲ့ တရားတော်များဟာ အကြောင်းအမျိုးမျိုးကြောင့် ပျက်သုဉ်းပျောက်ကွယ်ခဲ့ရပါတယ်။ မူလ မြတ်ဗုဒ္ဓရဲ့ဇာတိနယ်မြေမှာ နိဗ္ဗာန်ရောက်ကြောင်း မြတ်တရားတော်ဟာ အတိုင်းအတာအရ ပျောက်

ကွယ်ခဲ့ရတာလဲ အထူးကြေကွဲဝမ်းနည်းဖို့ကောင်းပါတယ်။ အဲဒါ ဘာသာအယူဝါဒရှိသူများရဲ့အနှိုင်အထက် ဖျက်ဆီးနှိပ်ကွပ်မှု ခံရခြင်းများကြောင့် ရှေးဟောင်းစေတီပုထိုး၊သာသနာ့အဆောက်အအုံ၊ ကျောင်း၊စာပေ စတဲ့ ဗုဒ္ဓနဲ့ပတ်သက်တဲ့ တန်ဖိုးကြီးမားလှတဲ့ အမွေအနှစ်များဟာလဲ ဝမ်းနည်း ကြေကွဲဖွယ်ရာ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။

ဒါပေမဲ့ အဓမ္မရှိရင် ဓမ္မရှိခြင်းဆိုတဲ့နိယာမ တရားအရသော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်သူတော်စင်၊ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ အစိုးရ စတဲ့ပုဂ္ဂိုလ်အဖွဲ့အစည်းများရဲ့ ကြိုးပမ်း ဖော်ထုတ်မှု၊ ၎င်းတို့ရဲ့ သာသနာ့အာဇာနည်စိတ်ဓာတ်နဲ့ ပြန်လည်ရှင်သန်လာအောင် ကြိုးစားအားထုတ်မှုအရသော်လည်းကောင်း၊ အမျိုးမျိုးသော ဆန့်ကျင်တိုက်ခိုက်သည့် စိန်ခေါ်မှုအမျိုးမျိုးကို ရဲဝံ့စွာ ရင်ဆိုင်အံတုမှု စတာတွေကြောင့်သော်လည်းကောင်း ဒီနေ့ ဒီအချိန်မှာ မြတ်ဗုဒ္ဓနဲ့ ပတ်သက်ရာ မြတ်ဌာနများနဲ့ တရားဓမ္မများဟာ ပြန်လည်ပီပြင်စွာ ရှင်သန်လာနေပါတော့တယ်။

အစဉ်အဆက် သာသနာအတွက် အသက်ကိုပင် ပဓာနမထားဘဲ သာသနာ့ဇာနည်စိတ်ဓာတ်နဲ့ သာသနာပြုကြတဲ့ ရဟန်းတော်များလဲ ရှိခဲ့ကြပါတယ်။ ယနေ့ ဗာရာဏသီဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးဝဏ္ဏဓဇရဲ့ သက်တော်ပင်လျှင် နှစ်(၆၀) ပြည့်မြောက်ခဲ့ပြီး ဖြစ်ပါတယ်။

ဆရာတော်ဟာ ၁၉၇၅-ခုနှစ်က စတင်ပြီး အိန္ဒိယနိုင်ငံကို ရောက်ရှိလာခြင်းကြောင့် ပြည်ပမှာ သာသနာပြုနေတာ နှစ်ပေါင်း(၃၅)နှစ် ရှိပြီ ဖြစ်ပါတယ်။ ထေရုပွတ္တိကျဉ်းကို ဖော်ပြရရင် ၁၉၄၉-ခုနှစ် နိုဝင်ဘာလ (၁၆)ရက်နေ့မှာ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကြံတောရွာနေ ဖခမည်းတော် ဦးမောင်ထွန်းဦး၊ မယ်တော်ကြီး ဒေါ်စိန်စိန်တို့ရဲ့ ပဉ္စမမြောက် သားရတနာဖြစ်ပါတယ်။ ငယ်ဘဝမှာ ကြံတောရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တပညာသာမိထံမှာ အခြေခံစာပေများ သင်ကြားခဲ့ပါတယ်။ ဒီနောက် (၁၄)နှစ်အရွယ်မှာ မင်းပြားမြို့၊ သိဂုံတွရ ရေတံခွန်ကျောင်းသစ် ဆရာတော် ဘဒ္ဒန္တပညာဝံသထံတော်မှာ သာမဏေအဖြစ်ခံယူပြီး အခြေခံသဒ္ဒါ သဂြိဟ်နဲ့ ပိဋကတ်စာပေများကို လေ့လာသင်ယူခဲ့ပါတယ်။ ၁၃၃၀-ခုနှစ်မှာ မိဘနှစ်ပါးတို့ရဲ့ ပစ္စယာ နုဂ္ဂဟကို ခံယူပြီး ဆရာတော် ဦးဂုဏိစ္ဆိတကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်တဲ့ရဟန်းဘဝ ရောက်ရှိခဲ့ပါတယ်။ ၁၃၃၀-ခုနှစ်မှာ သထုံမြို့ ဟိတကာရိပါဠိတက္ကသိုလ်မှာ ပညာသင်ကြားရင်း ပထမငယ်၊ ပထမလတ်တန်းများကို ဖြေဆိုအောင်မြင်ပါတယ်။ ၁၉၇၃-ခုနှစ်မှာ မြောင်းမြမြို့ ပဇ္ဇောတာရုံပါဠိတက္ကသိုလ်မှာ ပရိယတ္တိစာပေများကို ဆည်းပူးလေ့လာရင်း ပထမကြိုးတန်းကို အောင်မြင်တော်မူခဲ့ပါတယ်။

ဒို့နောက် (၁၉၇၇) ခုနှစ်မှာ အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းကို ရောက်ရှိပြီး၊ အလယ်တန်းပညာကို (Hindustan) ဘာသာဖြင့် သင်ကြားခဲ့ပါတယ်။ ၁၉၇၉-ခုနှစ်မှာ ဗာရာဏသီမြို့ (Sumpurnanand Sanskrit University)သက္ကတတက္ကသိုလ်သို့ တက်ရောက်ပြီး (M.A)ဘွဲ့ကို (၁၉၈၂)ခုနှစ်မှာ (Buddhist Philosophy)(Sanskrit) ဘာသာနဲ့ အောင်မြင်ခဲ့ပါတယ်။ ဒီနောက် ဖော်ပြပြီးဖြစ်တဲ့ ကျေးဇူးရှင် ဆရာတော်ကြီးများရဲ့ခိုးမြောက်မှုနဲ့ (၁၉၈၇) ခုနှစ်မှာ မိဂဒါဝုန်မြန်မာကျောင်းတိုက်ရဲ့ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူခဲ့ရပါတယ်။

ဒါက တခြား အခက်အခဲ အဆင်းရဲ မျိုးစုံကို ကျော်ဖြတ်ပြီး ရုန်းကန်လှုပ်ရှားရင်း ကျောင်းထိုင်ဆရာတော်ဘဝ ရောက်ရှိ တာဝန်ယူခဲ့တဲ့ ဖြစ်စဉ်ကို အကျဉ်းမျှဖော်ပြရခြင်းရယ်ပါ။ ဆရာတော်ရဲ့ ဆင်းရဲ ပင်ပန်းခြိုးခြံစွာ ရပ်တည်လှုပ်ရှားခဲ့ရတဲ့ ဖြစ်စဉ်လေးများလည်း ရှိပါတယ်။

အဲဒီလိုဆင်းရဲပင်ပန်းကြီးစွာနဲ့ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ဆောင်ရွက်လျက်ရှိတဲ့ ဆရာတော်ရဲ့ ရှေးဦးကျေးဇူးရှင် ဆရာတော်ကြီးများရဲ့ သာသနာ့အာဇာနည်စိတ်ဓာတ်၊ ဇွဲသတ္တိနဲ့ ဆောင်ရွက်ချက်တွေကို သတိရကျေးဇူးပြုကြရမှာ ဖြစ်ပါတယ်။

<u>ပထမဆရာတော်ဦးစန္ဒိမာဘိ</u>။ ဆရာတော်ကို ၁၈၇၅ ခုနှစ် မေလ(၂၅)ရက် အင်္ဂါနေ့မှာ ခမည်းတော် ဦးကျော်အောင်၊ မယ်တော် ဒေါ်ဝင်းယေတို့မှ မြို့ဟောင်းမြို့ (ယခုမြောက်ဦးမြို့)နယ်၊ ပေါက်ပင်ကွင်းကျေးရွာမှာ မွေးဖွားခဲ့ပါတယ်။ ငယ်အမည် "မောင်သာပန်းဦး" ဖြစ်ပါတယ်။

-အသက်(၁၀)နှစ်မှာ စစ်တွေမြို့၊ စန္ဒိမာရာမကျောင်းတိုက်၌ စာပေကျမ်းဂန်များ စတင်သင်ကြားပြီး (၂) နှစ် အကြာတွင် သာမဏေအဖြစ်ခံယူ။ ဘွဲ့အမည် ရှင်စန္ဒ။

-၁၈၉၉ခုနှစ်မှာ သီရိလင်္ကာအနာဂါရိက ဓမ္မပါလနဲ့ အင်္ဂလန်မှ ပိုလ်မှူးကြီးအော်ရက(လ်)တို့ရဲ့ မဟာဗောဓိ အသင်းခွဲများဖွဲ့စည်းရန် ဆွဲဆောင်မှုနဲ့ ကိုယ်ကျင့်သီလကောင်းတဲ့ သာမဏေရှင်စန္ဒကို ရွေးချယ်ပြီး အဖော်အဖြစ် သာမဏေရှင်ငယ်သူရိယကိုရွေးချယ်။

-၁၈၉၀ ခုနှစ်မှာ အစိုးရအရာရှိ ဦးသာဒိုးဝေနှင့်အတူ သာမဏော(၂)ပါး ကာလကတ္တားမှတစ်ဆင့် ပုဒ္ဓဂယာရှိ မဟာဗောဓိအသင်းကိုရောက်။

-၁၈၉၃ ခုနှစ်မှာ ဟိန္ဒူမဟာန်တို့ရဲ့ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ထွက်ပြေးတိမ်းရှောင်ရ။ ကာလကတ္တားပြန်ရောက်။ မဟာဗောဓိအသင်းတိုက်တွင် ဘိက္ခုဇိန နန္ဒထံမှ ပုဒ္ဓကျမ်းစာများ သင်ယူ။ ကျောင်းတိုက်ပြုကျပျက်စီး၍ မရမကြီးဆရာတော် ဦးမဟာဝိရထံခိုလှုံ။

- ဦးမဟာဝိရအနေဖြင့် ကုသိနာရုံမှာနေရာတစ်ခု ရှာဖွေ။ အလှူရှင် ဦးခိုးစားရှိ၏ ရှုပီး(၁)ထောင်ဖြင့် ပထမဆုံးကုသိနာရုံ မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့။

- ထိုအချိန် အိန္ဒိယတွင် ဝမ်းရောဂါများဖြစ်၍ ရှင်စန္ဒကို မော်လမြိုင်သို့ ခေတ္တပြန်ပို့ပြီး၊ ၎င်းမှ မန္တလေးမြတောင်တိုက်၊ ပတ္တမြားတိုက်၊ မြောက်ပြင်ခင်မကန်တိုက်နဲ့ ဝိသုဒ္ဓါရုံကျောင်းတိုက်များမှာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကျမ်းစာများကို သင်ကြားစေခဲ့။

- ၁၉၀၄ ခုနှစ်မှာ ပန်းဝါမြို့မှာ ရဟန်းအဖြစ်ခံယူ။

- စစ်တွေမြို့မှာရဟန်းခံပွဲပြုလုပ်ပြီး ဆရာတော် ဦးမဟာဝိရနဲ့ အတူနေထိုင်ရန် ကုသိနာရုံကိုပြန်လည်ကြွရောက်ခဲ့။ ဟိန္ဒူသက္ကတဘာသာများ သင်ကြားပြီး အိန္ဒိယရဟန်း(၄)ပါးကိုလည်း ပုဒ္ဓစာပေကျမ်းဂန်များကိုပို့ချပေးခဲ့။

- အထူးသဖြင့် မဟာသတိပဋ္ဌာနသုတ်၊ အနတ္တလက္ခဏသုတ်နဲ့ သိဂၤီတိသုတ်တော်များကို ပြန်ဆိုရေးသားပြုစုခဲ့။ ဆရာတော်ဟိန္ဒူဘာသာဖြင့် ပြန်ဆိုရေးသားခဲ့တဲ့ ပုဒ္ဓဘာသာကျမ်းစာများ၊ မှတ်တမ်းများနဲ့ ဂျာနယ်များကြောင့် ဟိန္ဒူဘာသာဝင်များ ပုဒ္ဓဘာသာကို စိတ်ဝင်စားလာခဲ့ပါတယ်။

- ၁၉၂၀ခုနှစ်မှစ၍ ဦးမဟာဝိရဆရာတော် ပျံလွန်တော်မူပြီးနောက် ကုသိနာရုံမြန်မာကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့။

- ကုသိနာရုံ သံဃအဖွဲ့အစည်းဖွဲ့ပြီး မြေဧက (၅၀) ဝယ်ခဲ့ကာ၊ မူလတန်းကျောင်းဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ပြီး ပြည်သူ့ကျောင်းအဖြစ် အသုံးပြုရန် အစိုးရကိုလွှဲခဲ့။ ကျောင်းသား(၅၀၀)လက်ခံနိုင်သည့် ကုသိနာရုံဒီဂရီကောလိပ်အဖြစ် တည်ထောင်နိုင်ခဲ့။

- မဖြိမဒေသ သံဃအဖွဲ့ ဖွဲ့စည်းခွင့်တောင်းရာ နိုင်ငံသားမဟုတ်သူများ ဖွဲ့စည်းခွင့်မရှိဟု ဆိုသောကြောင့် သာသနာအတွက် ဦးစန္ဒြမဏိနှင့်ဦးစန္ဒိမာတို့ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူ။

- ၁၉၅၈ ခု အောက်တိုဘာလတွင် ဇာတ်နိမ့်လူမျိုး ခေါင်းဆောင် (Dr. Ambedkar)နှင့်အတူ အိန္ဒိယလူမျိုး(၂)သိန်းက ဆရာတော်ထံ ပုဒ္ဓဘာသာအဖြစ် ခံယူ။

- ၁၉၀၅ ခုနှစ်တွင် မိဂဒါဝုန်ရှိ ဓမ္မဓဇတိတော်အနီးတွင် ကျောင်းတိုက်တစ်ခု ဆောက်ရန် စီမံခဲ့။ ပုဒ္ဓလက်ထက်နန္ဒိယသူဌေးလှူဒါန်းခဲ့သည့် နန္ဒိယကျောင်းတော်ရာ၏အနောက်ဘက်တွင်ဖြစ်သည်။ ဦးမြထွန်းနှင့် ရခိုင်မိသားစု၏လှူဒါန်းမှုဖြင့် ဘုရားဖူးများ နားနေဆောင်ကို ၁၉၁၀ခုနှစ်တွင်ဆောက်လုပ်ပြီးခဲ့။

- ၁၉၆၉ ခုနှစ်တွင် ကုသိနာရုံမြန်မာကျောင်းတိုက်ကို အရှင်ဉာဏိသရသို့ လွှဲပြောင်းပေးပြီး ၁၉၇၂ခုနှစ် သက်တော်(၉၇)နှစ်တွင် ကုသိနာရုံမြန်မာကျောင်းတိုက်၌ပင် ပျံလွန်တော်မူပါတယ်။

- အဓိကအားဖြင့် ဆရာတော်ဟာ ပုဒ္ဓဘာသာနှင့် ပတ်သက်သည့် သာသနာ စေတီပုထိုး၊ ကျောင်းကန်၊ ဘုရားများကို ပုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ရောက်ရှိရေး၊ မြန်မာပုဒ္ဓဘာသာဝင်များ အေးချမ်းစွာ ဘုရားဖူးလာရောက်နိုင်ရေးနှင့် အခြား လူမှုရေးကိစ္စအဝဝကိုပါ မဆုတ်မနစ် တိုက်ပွဲဝင်ဆောင်ရွက်ခဲ့တဲ့ ကျေးဇူးရှင်ဆရာတော်ကြီးအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရမည်သာ ဖြစ်ပါသည်။

ဒုတိယဆရာတော်ဦးကိုတ္တိမာ

- စစ်တွေခရိုင်၊ ရုပ်ချောင်းကျေးရွာတွင် ၁၉၀၃-ခုနှစ်၌ ခမည်းတော်ဦးကြာထွန်းနှင့် မယ်တော်ဒေါ်နှင်းညို တို့မှ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်ကျော်ခိုင် ဖြစ်ပါတယ်။

- ၁၉၂၀-ခုနှစ်မှာ သာမဏေဝတ်၊ ၁၉၂၁-ခုနှစ် (၁၈) နှစ်သားအရွယ်မှစ၍ အိန္ဒိယရောက်ကာ ဆရာတော် ဦးစန္ဒြမဏိထံ နာဂရီဘာသာသင်ကြားခဲ့၊ ၎င်းနောက် Lucknow နှင့် Laho မြို့များတွင် စာပေများ လေ့လာဆည်းပူးခဲ့။

-၁၉၂၄-ခုနှစ်တွင် စစ်တွေပြန်၍ရဟန်းခံ၊ ၎င်းနောက် အိန္ဒိယပြန်ကြွပြီး ဟိန္ဒီ၊ သက္ကတ၊ ပါဠိနှင့် အင်္ဂလိပ်ဘာသာရပ်များကို Gorakhpur ၌ လေ့လာသင်ကြား။

-၁၉၀၈-ခုနှစ်တွင် ဆရာတော်ဦးစန္ဒြမဏိ မိဂဒါဝုန် ပုဒ္ဓဘာသာအဖွဲ့ တည်ထောင်ပြီးနောက်ပိုင်း ဆက်လက်၍ မဟာဝိဇ္ဇာဝိသိမ်၊ သဒ္ဓမ္မရံသီပဋ္ဌကတ် စာကြည့်တိုက်နှင့် ဓမ္မစက္ကဝိဟာရ ကျောင်းတော်များ တည်ဆောက်ခဲ့။

- ၁၉၂၀-ခုနှစ်ဝန်းကျင်တွင် ဗာရာဏသီမြို့ Sigaraၦ Sigara မြန်မာဘုန်းတော်ကြီးကျောင်း တည်ဆောက်ခဲ့။
၁၉၈၅-ခုနှစ်တွင် ဆာဦးသွင်မိသားစုက ဓမ္မာရုံတစ်ခုလျှဒါန်းခဲ့။
- ဆရာတော်သည် ဘာသာစကားအမျိုးမျိုး တတ်သိကျွမ်းကျင်ပြီး၊ သာသနာဝင်၊ ရာဇဝင်၊ ဗောဓိဝင်၊ ဒီပဝင် စတဲ့ ရှေးဟောင်းကျောက်စာသမိုင်းများ ဖတ်ရှုနိုင်။
-မဟာဗောဓိစေတီတော်မြတ်ကြီး ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ရောက်ရှိအောင် မဟာဗောဓုပပတ္တိကထာကျမ်းကို ၁၉၃၇-ခုနှစ်တွင် သမိုင်းအထောက်အထားများနှင့် ပြည့်စုံစွာ ပြုစုပုံနှိပ်နိုင်ခဲ့။ တကယ့်သတ္တိရှင် စွမ်းအားရှင် သာသနာ့အာဇာနည်တစ်ပါး ဖြစ်ပါတယ်။
-၁၉၈၇-ခုနှစ်အထိ မဇ္ဈိမဒေသတွင် သာသနာ့တာဝန်ကို အရည်အချင်းရှိရှိ ရဲဝံ့စွာ ထမ်းဆောင်ခဲ့မှုကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်ရမည်လည်း ဖြစ်ပါတယ်။
-ဒုတိယကမ္ဘာစစ်မဖြစ်မီ ရန်ကုန်ရောက်ခိုက် အမျိုးသမီးကယ်ဆယ်ရေးစခန်းတစ်ခု ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

<u>တတိယဆရာတော် ဦးတိက္ခိန္ဒြိယ</u>။ ဆရာတော်ကြီးဟာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံစွာဖြင့် ဦးကိတ္တိမာ၏ နောက်တွင် ကျောင်းတိုက်၌ စီမံအုပ်ချုပ် သီတင်းသုံးနေထိုင်ပြီး၊အထူးအားဖြင့် ပဋိပတ္တိကျင့်စဉ်ကို ကျင့်ပွားအားထုတ်ခဲ့သော ဆရာတော်ကြီး ဖြစ်ပါတယ်။

<u>စတုတ္ထမြောက် လက်ရှိဆရာတော်ဦးဝဏ္ဏဓဇ</u>။ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ဖော်ပြပြီးဖြစ်သလို ဆရာတော်၏ ၎င်းတာဝန်ယူရသော အချိန်ကာလများတွင် ဆင်းရဲပင်ပန်း စွာ ရုန်းကန်ကြိုးစား လှုပ်ရှားမှုများလည်း ကြီးမားများပြားလှပါတယ်။ ဆင်းရဲပင်ပန်း၊ ခြိုးခြံချွေတာပြီး သာသနာတော်နဲ့ ကျောင်းတော်ကြီးအတွက် သာသနာပြုလုပ်ငန်း လုပ်ခဲ့တဲ့ ဖြစ်စဉ်များအနက် အောက်ဖော်ပြပါဖြစ်စဉ်တချို့ကိုသာ ဖော်ပြရရင်-
-ရှေးယခင်ကျောင်းထိုင်ဆရာတော်များရဲ့ အစိအစဉ်နဲ့ မိဂဒါဝုန် ရှိမြန်မာသံဃာတော်များ အဆင်ပြေစေရန် တိဗက်ကျောင်းသား(၆၄)ဦးကို တစ်လလျှင် ရူပီးငွေ (၄၀၀)ကျပ်ဖြင့် လည်းကောင်း၊ ပြဟ္မဏပုဏ္ဏား အိန္ဒိယလူမျိုးမိသားစု(၃)စုအား တစ်လလျှင် ရူပီးငွေ(၃၀၀)ကျပ်ဖြင့်လည်းကောင်း၊ အခြား တိဗက်ဘုန်းတော်ကြီး(၁)ပါးအား တစ်လလျှင် ရူပီးငွေ (၁၀) ကျပ်ဖြင့်လည်းကောင်း ငှားရမ်းခဲ့ပြီး ရူပီး ငွေ(၅၁၀)ဖြင့် ကျောင်းတိုက်၏ ကုန်ကျစရိတ်အဝဝကို ပင်ပန်းခက်ခဲစွာ မျှတခြိုးခြံသုံးစွဲခဲ့ရပါတယ်။
- အဲဒီအချိန်အခါက မြန်မာဘုရားဖူးများကို တွေ့မြင်ရဖို့ အထူးခက်ခဲပြီး ဘာသန္တရနဲ့ ဒေသန္တရ မကျွမ်းကျင်သေးမှုများကြောင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ခဲ့ရပါတယ်။
ဒါ့အပြင် ငွေရေးကြေးရေးအရ အိုင်အိုဒင်းမပါတဲ့ တန်ဖိုးနည်းဆားခဲဆားကြမ်းများကို ဝယ်ယူသုံးစွဲခဲ့ရတာတွေကြောင့် ကျန်းမာရေးတွေပါချို့တဲ့လာခဲ့ပါတယ်။
-အဲဒီအချိန်မှာ အိန္ဒိယတောင်ပိုင်း ဘန်ဂလိုမြို့မှာ တိုင်းရင်းဆေးပညာ လာရောက်သင်ယူနေကြတဲ့ ရန်ကုန်မြို့မှမြန်မာတိုင်းရင်းဆေးဆရာမ ဒေါ်မြင့်မြင့်ကြည်နဲ့ မန္တလေးမှဆရာဦးလှမြင့်တို့(၂)ဦး မိဂဒါဝုန်ကို ခက်ခက်ခဲခဲ ဘုရားဖူးလာရောက်ရင်း ဂိလာနဘဝ ရောက်နေတဲ့ ဆရာတော်ဦးဝဏ္ဏဓဇကို ဆေးဝါးကုသပေးတာ အတော်အသင့် သက်သာရာရခဲ့ပါတယ်။
- သို့သော် ဖော်ပြပါ ဆေးဆရာများမှာလည်း တာဝန်အရပြန်ကြရတော့ ဆရာတော်ဟာ ရောဂါ ဝေဒနာများကို လုံးဝမပျောက်သေးဘဲ ကြိတ်မှိတ် ခံစားကာ သာသနာပြုနေထိုင်ခဲ့ရပါတယ်။
-ကျောင်းသားဘဝ ဗာရာဏသီမြို့တွင်းသို့ ဘုန်းကြီးကျောင်းမှ လိုင်းကားဖြင့် တက်ရပါတယ်။ ရူပီး(၂)ကျပ်သာ ပါရှိရာ အသွားအပြန်ကားခ (၁)ကျပ် ဖြစ်ပါတယ်။ ကျန်တဲ့ရူပီး (၁)ကျပ်ကို အာဟာရအဖြစ် ချို့တဲ့စွာ သုံးစွဲခဲ့ရပါတယ်။ နေ့တစ်နေ့မှာ အပြန်ခရီးအတွက် ပြား(၅၀)သာ ကျန်ရှိတဲ့အတွက် ၎င်းကားခ ပြား(၅၀)ပျောက်မှာစိုးလို့ ကားစပယ်ယာကို မြန်မြန်ကားခပေးအပ်ပြီးမှ ဆရာတော်ရင်ထဲက စိတ်အေးချမ်းသာစွာနဲ့ ပြန်ခဲ့ရတဲ့ ဖြစ်စဉ်လေးကိုလည်း ဆရာတော် မိန့်ကြားချက်အရ သိရှိရပါတယ်။ ဘာသာခြားသူများရဲ့နိုင်ငံမှာ "ဒကာကြီး၊ ကားခလေး အလှူခံပါတယ်" လို့လဲ ပြောလို့မှမရတာကိုး။
-၁၉၈၃-ခုနှစ်မှာ တိဗက်ကျောင်းသားတွေ သုံးသွားတဲ့ လျှပ်စစ်မီတာခကလဲ ရူပီပေါင်း (၁၃၀၀၀) အကြွေး အဖြစ် ကျန်ရှိနေတော့ ပေးချေဖို့ကလည်း အခက်အခဲ ဖြစ်နေပါတယ်။ ဒီကိစ္စအတွက် ကျောင်းထိုင်ဆရာတော် ဦးတိက္ခိန္ဒြိယနဲ့ ဦးဝဏ္ဏဓဇတို့ဟာလည်း တစ်ပါးနဲ့တစ်ပါး အားနာပြီး

"ငါတို့ဆရာ တပည့် ဒုက္ခကို သိကြားမင်းသိလို့ လာရောက် စောင့်ရှောက် ကူညီတာဘဲ"

မျက်နှာချင်း မဆိုင်ရဲလောက်အောင် ခံစားနေခဲ့ကြရပါတယ်။

- အဲဒီအချိန်မှာ ကံအားလျော်စွာ စက်ပူနိုင်ငံက အင်ဂျင်နီယာအရာရှိ ဦးဝင်းသိန်းဆိုသူနဲ့ဇနီး ဒေါ်ညွှန့်ညွှန့်ရီ (ခ) ဒေါ်ချိုချို၊ ညီမ ဒေါ်မြဝတ်ရည်၊ ဒေါ်ဝင်းဝင်းကြူ သားမောင်ဝေဖြိုးတို့အဖွဲ့ မိဂဒါဝုန်ကို ဘုရားဖူးရန် ရောက်ရှိလာပါတယ်။ ကျောင်းတိုက်မှာ တိဗက်ကျောင်းသားတွေရှိနေလို့ သူတို့အားလုံး ဟိုတယ်မှာတည်းခိုကြပါတယ်။ ဦးဝင်းသိန်းက မည်သည့်အခက်အခဲမျှား ရှိပါသလဲ ဘုရား လို့ လျှောက်ထားတဲ့အခါမှာ ဆရာတော်ဦးတိက္ခိန္ဒြိယက မိတာအကြွေးကိစ္စပြောပြမိသလို ဦးဝဏ္ဏဓဇကလည်း ကျောင်းတိုက်မှာမီးစက်တစ်လုံးလိုအပ်ကြောင်း ရိုးသားစွာပဲ ပြောကြားမိပါ တယ်။ ဦးဝင်းသိန်းက မိတာခ ရူပီ(၁၃၀၀၀)ကိုချက်ချင်းပေးလှူသွားပြီး မီးစက်အတွက် ငွေကို စက််ပူရောက်မှ ချက် လက်မှတ်ဖြင့် ပေးပို့ပါမည် ဟု လျှောက်ထားပြီး တကယ် လည်း သဒ္ဓါထက်သန်စွာနဲ့ လှူဒါန်းခဲ့ပါတယ်။

-ဒါကြောင့်ဆရာတော် (၂)ပါး ခေါင်းခဲခဲ့ရတဲ့ လိုအပ်ချက် ပြည့်ဝသွားလို့ ဆရာတော်ကြီးက အင်မတန်ရိုးရှင်းစွာနဲ့ ငါတို့ ဆရာတပည့်(၂)ဦးစလုံး မသိကျွမ်းရတဲ့ပုဂ္ဂိုလ်တွေလာရောက် လှူသွားတာ သူတို့ဟာ လူရိုးရိုးတွေမဟုတ်။ "ငါတို့ဆရာတပည့် ဒုက္ခကို သိကြားမင်းသိလို့ လာရောက် စောင့်ရှောက် ကူညီတာဘဲ" လို့ ရိုးရိုးရှင်းရှင်းနဲ့ ကျေနပ်ဝမ်းမြောက်စွာပြောကြားခဲ့ပါတယ်။

- အမှန်တော့ အဲဒီအချိန်က ဆရာတော်များမသိခဲ့တဲ့ အလှူရှင်များဟာ ယခုရန်ကုန်မြို့နေ ယမ်ယမ်ခေါက်ဆွဲ ပိုင်ရှင်များပါပဲလေ။

- အဲဒီလို အခက်အခဲ၊ ဆင်းရဲဒုက္ခ၊ ခြိုးခြံရောင့်ရဲရမှု စတာများနဲ့ အရင်းအနှီးပြုရုန်းကန်လှုပ်ရှား ကြိုးစားခဲ့ရတဲ့ ဘဝများကနေ၊ ယနေ့ ကျောင်းထိုင်ဆရာတော်အဖြစ် တာဝန်ယူနေတဲ့ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝဏ္ဏဓဇလက်ထက်မှာ ကျောင်းအဆောက်အအုံအဟောင်းများကို စနစ်တကျ ပြင်ဆင်ခြင်း၊ ဘုရားခန်းမဆောင်၊ ဆွမ်းစားဆောင်၊ ဧည့်ဆောင်၊ ဓမ္မာရုံခန်းမများကို တိုးချဲ့ဆောက်လုပ်ခြင်းစတဲ့ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဗုဒ္ဓဘာသာဝင်သူတော်စင်များက စေတနာထက်သန်စွာနဲ့ လှူဒါန်းငွေများနဲ့ ဖော်ဆောင်နိုင်ခဲ့ပါတယ်။

-ဒါ့အပြင် သင်္ကန်ဂိုရ်အရပ်မှာ သက္ကနိမ္မိတာရုံကျောင်းကို တည်ထောင်တော်မူနိုင်ခဲ့ခြင်း၊

-၂၀၀၁-ခုနှစ်မှာ ကျေးဇူးရှင် ပထမဆရာတော် ဦးစန္ဒြမဏိ ဖောင်ဒေးရှင်းကို တည်ထောင်ပြီး ဆရာတော်ကြီးအထိမ်းအမှတ်အဖြစ်(U Chandramani Memorial High School) ကိုဖွင့်လှစ်ပေးနိုင်ခဲ့ခြင်း၊ ယခုအခါကျောင်းသား(၉၀၀)ခန့်ရှိနေခြင်း၊

-၂၀၀၂ ခုနှစ်မှာ ဝေသာလီဒေသ၌ မြေ(၁)ဧကကျော်ကို ဝယ်ယူပြီး၊ ကူရာဂါရဝိဟာရ မြန်မာကျောင်းတော်ကိုတည်ထောင်ပေးတော်မူနိုင်ခဲ့ခြင်း၊

- ၂၀၀၃-ခုနှစ်မှာ မိဂဒါဝုန်ပြတိုက်မှ(Munari)အရပ်ထိ(၈)ကီလိုမီတာအရှည်ရှိတဲ့ လမ်းကို မူလကျေးဇူးရှင် ဆရာတော်ကြီးကို အမှတ်တရ ပူဇော်တဲ့အနေနဲ့ (Chandramani Road) အမည်ဖြင့် ပြောင်းလဲသတ်မှတ်နိုင်အောင် ဖော်ဆောင်ခဲ့ခြင်း၊ ၎င်းအခမ်းအနားသို့ ဗာရာဏသီ ကော်မရှင်နာကိုယ်တိုင် တက်ရောက်ဖွင့်လှစ်စေနိုင်ခဲ့ခြင်း၊

- ၂၀၀၈-ခုနှစ်တွင် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ နှစ်(၁၀၀)ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ခြင်း၊ ဤသို့ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ဓမ္မကို ပူဇော်ရာရောက်သလို၊ရှေးရှေးသော ဆရာတော်များ၏ ဂုဏ်ကျေးဇူးများကိုလည်း ပြန်လည်ကျေးဇူးပြုရာ ရောက်ခြင်း၊ ကျောင်းတော်ကြီးရဲ့ အနာဂတ်ဂုဏ်သရေကိုလည်း ပွဲတော်ကြီးကြောင့် မြင့်မားတိုးတက်စေခဲ့ခြင်း၊

-၁၉၉၇-ခုနှစ်အတွင်း လူဘဝမှာ မမေ့အပ်သော ဒေသအဖြစ်ပါရှိတဲ့ မိမိရဲ့မွေးရပ်မြေ မင်းပြားမြို့နယ်၊ ကြံတောကျေးရွာမှာ အလယ်တန်းကျောင်း တစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းပြီး၊ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခဲ့ခြင်း စတဲ့

သာသနာရေး၊ လူမှုရေးလုပ်ငန်းအဝဝကို တစ်စိုက်မတ်မတ် ဖော်ဆောင်ပေးနိုင်တဲ့ စွမ်းအားရှင် ဆရာတော် ဖြစ်ပါတယ်။ -ယခုအခါ ဆရာတော်ရဲ့သက်တော်ဟာလဲ (၆၀) ရှိပါပြီ။ အိန္ဒိယကိုရောက်ရှိပြီး သာသနာပြုခဲ့တဲ့ နှစ်ပေါင်းကလည်း (၃၅)နှစ်ရှိပါပြီ။ ပြည်ပမှာ သာသနာပြုလုပ်ငန်းဆောင်ရွက်ရခြင်း၊ အထူးအားဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများရဲ့ နေရာဒေသအတွင်း မိမိဘဝကိုမြှုပ်နှံပြီး သာသနာပြုရခြင်း လုပ်ငန်းဟာ အထူးဆင်းရဲ ခက်ခဲလှပါတယ်။ ဆရာတော်နဲ့ စာရေးသူဟာ သာမန်တွေ့မြင်ဆက်ဆံရမှု အနေအထားသာ ရှိခဲ့ပါတယ်။ ဒါပေမယ့် မိမိအနေနဲ့ အငြိမ်းစားယူပြီး အကြောင်းအမျိုးမျိုးသင့်လို့ ဗုဒ္ဓဂယာခရီးစဉ်ကို ဘုရားဖူးအနေနဲ့ လိုက်ပါခဲ့ပါတယ်။ ဗာရာဏသီရောက်တဲ့အခါ ထုံးစံအတိုင်း ဆရာတော်ကျောင်းတိုက်မှာ တည်းခိုရင်း ဗုဒ္ဓမြတ်စွာရဲ့ ဂုဏ်တော်တွေကို မှန်းဆကြည်ညိုပွားများရင်း မိဂဒါဝုန်နဲ့ ပတ်သက်တဲ့ အထင်ကရ နေရာဌာနများမှာ တရားရှုမှတ် ခြင်း၊ သက် ဆို င် ရာ တရားတော် များ၊ ပရိတ် တော် များ၊ ပဌာန်းတော်များ ရွတ်ဖတ်ပွားများခြင်းနဲ့ ရင်ထဲမှထူးကဲစွာ ကုသိုလ်ပြုရခြင်း ပီ ဂိအဟုန်ကို အနန္တစကြဝဠာအတွင်းက အနန္တသတ္တဝါအ လုံးကို လှိုက်လှိုက်လှဲလှဲ မေတ္တာပို့သ နိုင်ခဲ့ခြင်းစတဲ့ ၈ သိုလ်တရားများကို ဆရာတော်ကျေးဇူးနဲ့ ပြုလုပ်နိုင်ခဲ့ပါတ ပ်။

- ဆရာတော်ဲ့ ဆွေးခြားတဲ့ဝိသေသကတော့ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး ဘာသာမရွေး အားလုံးသောလူသားများအပေါ် မျှတစွာစောင့်ရှောက်ပေးကမ်းခိုးမြောက်တတ် တဲ့စိတ်အားရှိခြင်းပါဘဲ။ ယောနိသော မနသိကာရ အတိုင်း ကောင်းမွန်သောဘဝင်နှလုံးသွင်းပြီး သာသနာ့တာဝန်အပြင် လူမှုရေးတာဝန်များကိုပါ ဆောင်ရွက်လျက်ရှိသူ ဖြစ်ပါတယ်။

မိဂဒါဝုန်၏ ဝိသေသ

- မြတ်စွာဘုရားရှင်အနေနဲ့ ဘုရားစင်စစ်ကောန်ဖြစ်ပြီးတဲ့နောက်မှာ ဤမြင့်မြတ်သော မိဂဒါဝုန် မဟာမြေမှာ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏသုတ်၊ ပထမမာရပါသသုတ်၊ ဒုတိယမာရပါသသုတ်၊ ဓမ္မဒိန္နသုတ်၊ သစ္စဝိဘင်္ဂသုတ်၊ သစေတနသုတ်၊ ကဋ္ဌဝိယသုတ်၊ ဒုတိယသမယသုတ်၊ ဟတ္ထိသာရိပုတ္တသုတ်၊ မဂ္ဂေသုတ်တော်များကို ဤမိဂဒါဝုန်၌ဟောကြားခဲ့ပါတယ်။ ဒါ့အပြင် အရှင်မဟာကောဋ္ဌိက မေးသည်များကို အရှင်သာရိပုတ္တရာဖြေကြားတော်မူသည့် နဠကလာပိသုတ္တ၊ သုတဝန္တသုတ္တ၊ သီလဝန္တသုတ္တများနှင့် အရှင်သာရိပုတ္တရာမေးသည်ကို အရှင်မဟာကဿပ ဖြေကြားတော်မူသော ပရိမရဏသုတ္တ၊ အနောတ္တပ္ပိသုတ္တ စသောသုတ္တန်များကိုလည်း ဤမိဂဒါဝုန်၌ပင် ဖြေကြားတော်မူခဲ့ပါတယ်။

-ပဉ္စဝဂ္ဂီ(၅)ပါးတို့ ဤမိဂဒါဝုန်၌ပင် မြတ်ဗုဒ္ဓ၏ တရားနာပြီးနောက် ရဟန္တာဖြစ်ခြင်း၊ သူကြွယ်သား ယသနှင့် အပေါင်းပါ (၅၀)တို့ ရဟန်းဖြစ်ကာ ၎င်းတို့အား မြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက်အရ တရားဓမ္မအမွေများ ဖြန့်ကြက်စောင့်ရှောက်စေရန် ကမ္ဘာနေရာအသီးသီးသို့ တစ်ယောက်စီ ခွဲဝေသွားရောက်ကာ အစ၊ အလယ်၊ အဆုံးသုံးပါးလုံးနှင့် လှပကောင်းမွန်သော တရားဒေသနာများကို ဟောကြားစေရန်ကိုလည်း ဤမိဂဒါဝုန်၌ပင် ဖြစ်ပေါ် ခဲ့ပါတယ်။

ဖော်ပြပြီးဖြစ်သလို ဝိသေသထူးများနဲ့ တည်ရှိခဲ့တဲ့ ဤမိဂဒါဝုန်မြေမြတ်မဟာမှာ ကျောင်းထိုင်ဆရာတော်အဖြစ် ဆင်းရဲဒုက္ခ အဝဝကို ရင်ဆိုင်ပြီး သာသနာပြုနေရတဲ့၊ ပြုခွင့်ရတဲ့ ဆရာတော်ဦးဝဏ္ဏဓဇရဲ့ ရှေးရှေးပါရမီ ပဌာန်းကုသိုလ်ဆက်ကလည်း ကြီးမားခန့်ထည်လှပါတကားလို့ ကုသိုလ်စိတ်ဖြစ်မိပါတယ်။

ဗုဒ္ဓရဲ့တရားစခဲ့တဲ့ ဤဒေသ၊ဗုဒ္ဓ၏ တရားဒေသနာများကို စတင်ဖြန့်ကြက်စေတဲ့ ဤဒေသဟာ ဖော်ပြပြီးဖြစ်တဲ့ ဝိသေသထူးများကြောင့် ဆရာတော်ဦးဝဏ္ဏဓဇဟာ ဗုဒ္ဓ၏ တရားတော်ဒေသနာတော်များကို ရှေးရှေးသော ကျေးဇူးရှင် ဆရာတော်ကြီးများ၏ စောင့်ရှောက်မှုနဲ့ ကျေးဇူးတရားများကို မမေ့မလျော့ ဦးထိပ်ပန်ဆင်လျက် ဆက်လက်ရှင်သန်ပြန့်ပွား ခိုင်မြဲအောင် သာသနာပြုနေသည့် သာသနာ့အာဇာနည်တစ်ပါးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ဆရာတော်ဟာ သက်တော်(၆၀)မှသည် သက်တော်(၁၂၀)တိုင် သက်ရှည်ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေ။ ဗုဒ္ဓရဲ့တရားဓမ္မများစတင် ဖြစ်ပေါ် ရာ ဤမိဂဒါဝုန် မြေမြတ်မဟာတွင် ဗုဒ္ဓစတင်ဟောကြားညွှန်ပြသည့် တရားဒေသနာ မျိုးစေ့များလဲ စတင်ရှိခဲ့ခြင်း၊ အခက်အခဲအမျိုးမျိုးဖြင့် ရှေးရှေးဆရာတော်ကြီးများ၏ လမ်းဖော်ဆုံးမ ညွှန်ကြားမှုများအတိုင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးကုတ်အားထုတ်နေခြင်းများကြောင့် မူလဓမ္မမျိုးစေ့နဲ့ ဆရာမျိုးစေ့များကလဲ မှန်ကန်ပြီးဖြစ်တော့ မိဂဒါဝုန်လို့ဆိုတဲ့ မြင့်မြတ်မဟာမှာသာသနာပြုနေတဲ့ ဆရာတော် ဦးဝဏ္ဏဓဇ တည်းဟူသော သစ်ပင်ဟာလဲ မလွဲဧကန် ဆက်လက်ရှင်သန်နေမည် ဟု ယုံကြည်စွာဖြင့် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝဏ္ဏဓဇအား ရိုသေစွာဖြင့် ဦးထိပ်ပန်ဆင်လျက် . . . ။

ညီထွေး (ခ)ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)

ရွှေဝါရောင်လွှမ်း ဒီပါကျွန်းသို့

အာသျင်သူဂီယ(ပါဠိပါရဂူ-ဘီအော)





သီဂီရလင်္ကာရှိ ဗုဒ္ဓမြတ်စွယ်တော်ကြီးနှင့် မြတ်စွယ်တော်

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသနာပြု ဆရာတော်ကြီး(ဘဒ္ဒန္တစန္ဒြမဏိ) မဟာထေရ် မြတ်ကြီး တည်ထောင်ခဲ့သော ဟရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့် (ရာပြည့်)ပွဲတော်သို့ ကြွရောက်ပါရန် ယခု ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အရှင်မြတ်၏ ပင့်လျှောက်ချက်အရ မြို့တော်မြို့ ထားဝယ်ကမ်း ဆရာတော်ကြီး၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အောင်ဆန်းတောရဆရာတော်တို့နှင့်အတူ ဟရာဏသီမြို့သို့ ယခုတဖန် ဒုတိယအကြိမ် ရောက်ခဲ့ရပြန်ရာ ပထမတစ်ခေါက် (၁၉၉၇) ခုနှစ်က ရောက်ခဲ့စဉ်ကလောက် "ယောင်လည်လည်" မဖြစ်တော့၊ ၁၉၉၇-ခုနှစ် အောက်တိုဘာလ ရောက်ခဲ့စဉ်ကလည်း မိဂဒါဝုန်ဆရာတော်ထံမှာ တစ်ပါးတည်း ကျန်ရစ်ခဲ့ပြီး၊ လေးလကျော်ကျော် ကြာခဲ့ပါသည်။ မိဂဒါဝုန် ဆရာတော်ကမူ ပေးလည်းပေး သည်၊ ကျွေးလည်းကျွေးထားခဲ့သည်၊ ရောက်သင့် ရောက် ထိုက်ရာ (နန်းတော်ရာ၊ ရေတံခွန်စသည့်) နေရာများကို လည်း လိုက်ပို့ပေးခဲ့၍ ဘုန်းကြီးအား အထူးကျေးဇူးတင်နေရ ပါသည်။ ယခုလည်း ဘုန်းကြီး၏ မေတ္တာကြောင့် ဒုတိယ တစ်ကြိမ် ရောက်ခဲ့ရပြန်ပြီ။

ဖေဖော်ဝါရီလ(၂၈)ရက်၌ ရာပြည့်ပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးသွားလေပြီ။ အတူ ကြွလာသော ဆရာတော်သုံးပါးလုံး အဝိဇ္ဇာဟိတဘဒ္ဒာန နှင့် သံဝေဇနီယဘာန၊ ဒေလီ၊အဂရာ၊ခတ္တာမန္ဒူ စသည့် နေရာများသို့ ရောက်ဖူးကြပြီးဖြစ်၍ မရောက်ဖူးသေးသော(သီဟိုဠ်ကျွန်း)သီရိလင်္ကာနိုင်ငံသို့ သွားရောက် လည်ပတ်ကြရန် ဆန္ဒတူ ဆုံးဖြတ်ကာ မိဂဒါဝုန် မြန်မာကျောင်းဆရာတော်နှင့် တပည့် ဦးယသ (ဓမ္မာစရိယ M.A.)တို့၏ အကျိုးဆောင်ပေးမှုကြောင့် (Chennai) (ချနိုင်း-မဒရပ်)မြို့မြန်မာကျောင်း ဆရာတော် ဦးဝါသဝနှင့် သီရိလင်္ကာနိုင်ငံ အနုရာဓ မကုဋ္ဌာရာမကျောင်း ဆရာတော် ဦးသုန္ဒရတို့အား ဆက်သွယ်၍ မတ်လ(၁၈)တွင်

ဘုန်းကြီး ဦးဝါသဝ ကျောင်းသို့ ရောက်ရှိကာ သီရိလင်္ကာသံရုံးတွင် (Visa)ကိုစွဆောင်ရွက်ရန် နှစ်ရက်နေခဲ့ကြသည်။ သံရုံးတွင် (၁) နာရီ ကျော်ကျော် စောင့်ဆိုင်းနေကြရာ ဆွမ်းစားချိန် နီးကပ်လာသည်၊ အပေါ်ထပ်တွင် လူကြီးများအစည်းအဝေးပြုလုပ်နေသည်၊ မပြီးတတ်သေးဟု သိရသည်။ သို့သော် သံရုံးမှ အရာရှိတစ်ယောက်က အပေါ်ထပ်သွား၍ ဤကိစ္စကို တင်ပြရာ ဗုဒ္ဓဘာသာပီပီ သံယာတော်များကို ရိုသေလေးစားသည့်အနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးလိုက်ရာ ဘုန်းကြီး ဦးဝါသဝ ကျေးဇူးကြောင်း အလွယ်တကူ ရရှိခဲ့ပါသည်။

မတ်လ(၂၀)ရက် နံနက်(၇)နာရီ (Chennai) လေဆိပ်မှ စတင်ပျံသန်းသော လေယာဉ်သည် (စး၂၀)ခန့်တွင် (Colombo)လေဆိပ်သို့ ရောက်ရှိခဲ့ရာ မကုဋ္ဌာရာမကျောင်းတိုက် ပဌမနာယက ဦးသူရိယ (မွန်) ဆရာတော်နှင့် ကျောင်းသား ရဟန်းတော်များ လာရောက်ကြိုဆိုနေကြသည်ကို တွေ့ရသည်။ ကျောင်းရောက်၍ ဆွမ်းစားပြီး နေ့လည်ပိုင်းတွင် မြန်မာတိုင်းလိုလို သိနေကြသော (မဟာကလျာဏီသိမ်တော်)ရှိရာသို့ သွားရောက်ကြသည်။ ကလျာဏီ မြစ်ကမူ ချောင်းငယ်ပမာ ဖြစ်နေလေပြီ၊ မြစ်၌ ရဟန်းခံခဲ့ကြသော မထေရ်တို့သည်ပင် ဟံသာဝတီ ရာဇာမိပတိ (ဓမ္မစေတီ)မင်းလက်ထက် ပဲခူးကလျာဏီသိမ်တော်ကြီးကို (စ၃၈)ခုနှစ်က သမုတ်ခဲ့ကြသည် မဟုတ်ပါလော။ ကိုလံဘို မကုဋ္ဌာရာမကျောင်းတွင် နာယက (၄)ပါးအုပ်ချုပ်၍ ပိနံဆရာတော်ကြီးနှင့် သံရုံးဝန်ထမ်းများက စုပေါင်း၍ ထောက်ပံ့နေကြသည်ဟု သိရသည်။ ဤကျောင်းတိုက်ကို စတင် တည်ထောင်ခဲ့သော မထေရ်ကြီးက မွန်ဆရာတော်ကြီး ဦးဝိနယာစာရ ဖြစ်သည်။


မတ်လ(၂၁)ရက် နံနက်စောစော (မိုးမလင်းမီ)ကိုလံဘိုမြို့တော်မှ ကားဖြင့် စတင်ထွက်ခွာပြီး ပဌမ နာယက မွန်ဆရာတော်ဦးသူရိယနှင့် နောက်ပါရဟန်းတော် (၄)ပါး လိုက်ပါလျက် ကန္ဒီမြို့တောင်တက် ခရီးကို စတင်ပါသည်။ တောင်တက်ခရီး ဆိုသော်လည်း မြို့တွင်းလမ်းကဲ့သို့ပင် လမ်းကောင်းသည်။ လမ်းတွင် နွေရာသီဖြစ်သော်လည်း စိမ်းစိုနေ

မာတလေ ဂါမရှိ စတုတ္ထာသံဂါယနာတင်
(Aluviharaya) **ဟု ခေါ်သော**
အာလောကလေဏ တောင်ခြေသို့
ရောက်ရှိကြရာ တောင်စောင်းပေါ်သို့
တက်ရောက် လေ့လာကြရသည်။ ကျောက်တုံးကြီးများ
အကြားတွင်သံဂါယနာ တင်ခဲ့ကြဟန် တူသည်။



သော တောင်တန်းများနှင့် ဝိတိုရိယရေကန်ကြီးကို မြင်တွေ့ခဲ့ရသည်။ တောင်ကြားကို ဆည်ထားသော တစ်ဘက် ဆည်ကန်ကြီး ဖြစ်သည်။ နံနက် (၁၀)နာရီခန့်တွင် မာတလေ ဂါမရှိ စတုတ္ထသံဂါယနာတင် (Aluviharaya)ဟု ခေါ်သော အာလောကလေဏာ တောင်ခြေသို့ ရောက်ရှိကြရာ တောင်စောင်းပေါ်သို့ တက်ရောက်လေ့လာကြရသည်။ ကျောက်တုံးကြီးများ အကြားတွင် သံဂါယနာ တင်ခဲ့ကြဟန်တူသည်။ ထို နေရာ၌ ကျောက်ထွင်းဂူအတွင်း၌ လျောင်းတော်မူ ရုပ်ပွား တော်တစ်ဆူရှိပြီး ပေ(၃၀)ကျော်ခန့် မြင့်သော ကျောက်တုံး ကြီးတစ်ခုသည် ထက်ခြမ်းကွဲနေရာ ရဟန္တာအရှင်မြတ်ကြီး များ မထိုင်လောက် (မဆံ့) ၍ မိုးကြိုးခသဖြင့် ကွဲသွားခြင်း ဖြစ်သည်ဟု ဆိုစမှတ်ရှိကြောင်းသိရသည်။ ကန့်မြို့အသွား တောင်ပေါ်ဒေသ ကားလမ်းဘေးရှိ သီရိလင်္ကာ-မြန်မာ ကပြား (ဒေါ်ပေါက်စ) အိမ်တွင် နေ့ဆွမ်းကပ်၍ ပရိတ်တရား နာယူကြသည်။ သားနှစ်ယောက် အမေရိကမှာ ရောက်နေ ကြသည်။ အိမ်မှာ သမီးအငယ်သာ ရှိသည်။ ဒါယကာကြီးက လည်း မြန်မာနိုင်ငံမှ ဆရာတော်များအား ဆွမ်းကပ်ခွင့်ရ၍ ဝမ်းသာပြုံးပြုံးနေသည်။ ဒေါ်ပေါက်စ၏ ဖခင်က မြန်မာနိုင်ငံ မှာ နေဖူး၍ မြန်မာနိုင်ငံသားများကို အလွန်ခင်တွယ်သည်ဟု ဆိုသည်။ မြန်မာဟင်းဖြင့် ဆွမ်းကပ်လိုက်သော ဤမိသားစု အား တစ်သက် မေ့ဖွယ်ရာမရှိဘဲ အမြဲကျေးဇူး တင်နေရပေ တော့မည်။ နေစောင်းချိန်တွင် ကန့်မြို့သို့ ရောက်ရှိကြရာ ဦးစွာတောင်ပေါ်ရှိ ဂျပန် ရုပ်ပွားမတ်ရပ်ကိုယ်တော်ကြီးကို ဖူးမြော်ကြပြီး၊ ကန့်မြို့ရှခင်းကို တောင်ပေါ်မှ တဝကြီး ရှုစားရင်း မြန်မာနိုင်ငံ လွတ်လပ်ရေး မရမီက ဗိုလ်ချုပ်အောင်ဆန်းတို့ ချုပ်ဆိုခဲ့သော (ကန့်)စာချုပ်ကို အမှတ်ရမိပါသည်။ ကန့်မြို့၌ စွယ်တော်ကိန်းဝပ်ရာ စွယ်တော်တိုက်ရှိသည်။ ဤ စွယ်တော်တိုက်ကို မြန်မာနိုင်ငံမှ မွန်ဆရာတော်ကြီး ဦးဝိနယာစာရ ကိုယ်တိုင် ပုံစံထုတ်၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသတဲ့၊ ဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံသားများအပေါ် အလွန် သြဇာညောင်း၍ တန်ခိုးလည်းကြီးသည်ဟု ဆိုသည်။ ဆရာ တော်ကြီးသည် ကိုလံဘို၊ ကန့်မြို့ အနုရာဓပူရရှိ မြန်မာ ကျောင်းများကို စတင်တည်ထောင်တော်မူခဲ့သော အာဒိကမ္မိက ပုဂ္ဂိုလ်ကြီးဖြစ်ပါပေသည်။ ကန့်မြို့၌ တစ်ညတာ တည်းခိုခဲ့ကြ ပါသည်။

တပေါင်းလပြည့်နေ့ဖြစ်၍ တရားနာသူ၊ စွယ်တော် ဖူးသူများဖြင့် အတော်ပင် စည်ကားနေပေသည်။ စွယ်တော်



ဝင်းတစ်ခုလုံး ဖြူဖွေးနေသည်။ သီရိလင်္ကာနိုင်ငံသားတို့သည် အရွယ်မရွေး အဖြူကိုသာ ဝတ်ကြသည်မှာ ကျွန်ုပ်တို့နိုင်ငံ ထက် ထူးခြားသည်။ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တို့သည် အဖြူကို ဝတ်ရန် ဝန်လေးကြသည်။ သိမ်ငယ်သည် ထင်မြင် ကြဟန်ရှိသည်။ ဤ ကျွန်းနိုင်ငံ၌မူ သူနာပြုအစ သမ္မတအဆုံး လူအားလုံးသည် ဖြူစင်သော သဘောကို ဆောင်သော အဖြူ ရောင်ကို ဝတ်ဆင်နေကြသည်။

နေလုံးပျောက်ချိန် စွယ်တော်ဖူး ပရိတ်သတ်များ ကြိတ်ကြိတ်တိုး စည်ကားနေသည့်ကြားက အကြာကြီးစောင့် နေပြီးမှ စွယ်တော်ကိန်းဝပ်ရာအခန်းထဲထိ အနီးကပ် ခပ် သုတ်သုတ် ဖူးမြော်ခွင့်ရခဲ့သော်လည်း စွယ်တော်ကို မတွေ့ရ ဘဲ ရွှေစေတီကိုသာ မြင်ခဲ့ရပါသည်။ သီရိလင်္ကာနိုင်ငံသား တို့သည် ကန့် စွယ်တော်နှင့် အနုရာဓပူရရှိ ဒက္ခိဏာသာခါ ဗောဓိပင်ကိုမူ အထွတ်အမြတ်ထား၍ အမြတ်တနိုးထိန်း သိမ်းလျက် ပူဇော်နေကြသည်မှာ အားကျစရာ ကောင်းလှ သည်။ ဤ အမွေအနှစ်နှစ်ခုသည် ဤနိုင်ငံ၏အောင်လံ တံခွန်ဖြစ်၍ အသက်ပေးစောင့်ရှောက်နေကြပြီး သူတို့ နိုင်ငံ တည်ရှိနေသရွေ့ ဤအမွေသည် မည်သည့်အခါမှ ပျောက် ပျက်တော့မည် မဟုတ်ပေ။

စွယ်တော်တိုက်နှင့် ဒက္ခိဏာသာခါဗောဓိသို့ စစ်ဆေး ရေး ဂိတ်မှ စစ်ဆေးပြီးမှသာ ဝင်ကြရသည်။ လုံခြုံရေး တင်း ကြပ်ထားသည်။ မြို့တော်ဖြစ်သော ကိုလံဘိုမြို့တွင် မြို့ အလယ်ရှိ ညောင်ပင်ရင်းတို့၌ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော် ကြီးများ ထုလုပ်ထားသည်ကို တွေ့မြင်နိုင်သည်။ ဗောဓိပင်နှင့် ဗောဓိကိုင်းကို မည်သူမျှ၊ မည်သည့်အကြောင်းကြောင့်မျှ ခုတ် ဖြတ်ခွင့် ရှိဟန်မတူ။ ဗောဓိပင်ကို အထူးမြတ်နိုး တန်ဖိုးထား သော နိုင်ငံဖြစ်ပေသည်။

တပေါင်းလပြည့်ကျော် (၁)ရက်တွင် မြတ်ဗုဒ္ဓသီဟဠ ဒီပသို့ ဦးစွာကြွရောက်စဉ်က ခရီးမြင့်ခဲ့သော ဆံတော် (၈) ဆူနှင့် ပရိနိဗ္ဗာန်စံပြီးနောက် လည်ရိုးတော် (ဂီဝဋ္ဋ)ကို ဌာပနာထားခဲ့သော မဟိယင်္ဂဏစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ကန်တော့ကြသည်။ စာထဲမှာသာ တွေ့နေရသော အသိနှင့် ယခု မျက်မြင် ကိုယ်တွေ့ဖူးတွေ့လိုက်ရသော အသိသည် အတိုင်းအဆမရှိ ကြည်နူးမှုကို ဖြစ်စေပါသည်။ နေ့လည်ဆွမ်းကိုကြဲရာ တစ်နေရာ၌ဖြစ်သလို သုံးဆောင်ကြကာ၊ နေ့လည်ပိုင်း တွင် ရှေးဟောင်းမြို့ကြီး တစ်မြို့ဖြစ်သော (Polornaruva) ပေါလောနရုဝမြို့သို့ ရောက်ရှိကြရာ ရှေးဟောင်းအမွေအနှစ် များအနက် ပရက္ကမဗာဟုမင်းကြီး နန်းတော်ရာနှင့် ထိုနန်းတော် ရာနှင့် တဆက်တည်း ရှိနေသော အရှင်အနုရုဒ္ဓါ မထေရ်မြတ် တို့ သီတင်းသုံးခဲ့သော (မူလသောမ) ကျောင်းဝင်းကြီးကို တွေ့ရသောအခါ မိမိတို့နှင့် ငယ်ငယ်က ရင်းနှီးပြီးဖြစ်သော အမည်နှစ်ခုကို အကောင်အထည်အဖြစ် တွေ့ရခြင်းဖြစ်သည်။ နန်းတော်ကြီးလည်း မရှိပြီ၊ ကျောင်းတိုက်ကြီးလည်း နေရာမှသာ ကျန်တော့သည်၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် ဤဘုရင်လက်ထက်၌ အဘိဓမ္မာ (၇)ကျမ်း၏ အနှစ်ချုပ်ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟ ခေါ် လက်သန်းအဋ္ဌကထာကို ဤ ကျောင်းတိုက်အတွင်း၌ ပြုစုခဲ့သည် မဟုတ်ပါလော။ အရှင်မြတ်၏ ကျေးဇူးကား ကြီးလှပါ၏။ ဤမြို့၌လည်း ရေကန်ကြီး တစ်ကန်တွေ့ရသည်။ ရှေးဘုရင်များသည် ဤနိုင်ငံ၌ မိုးခေါင်သောဒဏ်ကို (၁၆)နှစ်တိုင်တိုင် ကြုံခဲ့ရဖူးသည့်အတွက် နောင်အခါ ရေရှားသော ဒုက္ခမကြုံရလေအောင် တစ်ဘက်ဆည်ကန်ကြီးများ ဆည်ထားခဲ့ကြသည်မှာ ကြည်ညိုစရာ အားကျစရာ အတုယူစရာ ကောင်းလှပါဘိသည်။ မတ်လ(၂၃)ရက်တွင် အနုရာဓပြို့ရှိ မကုဋာရာမကျောင်းသို့ ညဉ့်နက်မှ ရောက်ရှိကြရာ ကျောင်းထိုင်ဆရာတော်မှာ အရှင်သုန္ဒရ သဒ္ဓံ-အပေါင် ဇာတိဖြစ်သည်။ စိတ်ကောင်းရှိသော မထေရ် တစ်ပါး ဖြစ်သည်။ ကျောင်းတစ်ဆောင်(မြေရိုက်)သာ ရှိသည်။ သီရိလင်္ကာမှာ မြန်မာနိုင်ငံမှာကဲ့သို့ အလှူအတန်းပေါများပုံမရ။ မြတ်ဗုဒ္ဓ ပွင့်ရာဒေသနှင့်မူ မိုးနှင့် မြေမျှကွာခြားနေဟန်ထင် မိသည်။ နိုင်ငံခြားမှာ နေထိုင်ရသည် ဆိုသော်လည်း ဒုက္ခသုခအမျိုးမျိုးကို ရင်ဆိုင်ကာ ဘဝပေးတာဝန်အရ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်နေကြသော ဆရာတော်များကို ကျေးဇူးတင် လေးစားမိပါသည်။

မတ်လ(၂၄)ရက်တွင် ထေရဝါဒသာသနာ စတင်မြစ်ဖျားခံရာ မဟာဝိဟာရကျောင်းတိုက် မဟာစေတီတို့ကို သွားရောက်လေ့လာ ဖူးမျှော်ကြရာ စေတီရင်ပြင်၌ စေတီတော် ဒါယကာ (ဒုဋ္ဌဂါမဏိမင်းကြီး)နှင့် မယ်တော် (မဟာဝိဟာရ ဒေဝီ)တို့ ရုပ်တုကိုပါ တွေ့မြင်ရသည်။ မဟာဝိဟာရကျောင်းတိုက်သည် ဥယျာဉ်မျှသာ ကျန်တော့သည်။ အဋ္ဌကထာ ဆရာကြီး ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာများကူးယူပြုစုရာဖြစ်သော ကြေးပြာသာဒ် (လောဟပါသာဒ)ကို လည်း နိုင်ငံတော်က အထိမ်းအမှတ်အနေဖြင့် ကြေးပြားမိုးလျက် အဆောင်သေးသေးတစ်ခု ဆောက်လုပ်ထားသည်ကို တွေ့မြင်ရသည်။ အနီးအနားတစ်ဝိုက်တွင် ထူပါရာမ စေတီ၊ မရီစဝဋ္ဋီစေတီမှာ မဟိန္ဒပရိနိဗ္ဗာန စေတီရာ၊ မဟာမေဃဝန်ဥယျာဉ်တို့ ရှိသည်။ မရီစဝဋ္ဋီစေတီမှာ ဒုဋ္ဌဂါမဏိမင်းကြီးသည် သံဃာတော်များအား ဆွမ်းကပ်စဉ် သံဃာတော်များမစားမီ ငရုတ်သီးတစ်တောင့် ယူစားမိ၍ ထိုကြွေးကို ဆပ်သောအားဖြင့် တည်ထားခဲ့သော စေတီတစ်ဆူ ဖြစ်ကြောင်း၊ မင်းကြီး၏စိတ်ဓာတ်သည် နောင်လာနောက်သားများ သာသနာတော်နှင့်စပ်၍ အတုယူစရာ နမူနာကောင်းတစ်ခုဖြစ်ကြောင်း မှတ်သားဖွယ် ဖြစ်သည်။

အနုရာဓပူရ မဟာယာနဗုဒ္ဓဘာသာ၏ မြစ်ဖျားခံရာဖြစ်သော အဘယဂီရိကျောင်းတိုက် ဧရိယာသည် ဧက (၁၀၀၀)ခန့် ရှိ၍ သံဃာတော်(၅၀၀၀)ခန့် သီတင်းသုံးခဲ့ကြောင်း သိရသည်။ ကျောင်းဝင်းအတွင်း ရှေးဟောင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ထား၍ လေ့လာကြည့်ရှုစရာ အတော်များများ ကျန်ရှိနေသေးသည်။ စေတီတော်ကြီးကို ဂျပန်ပြည်မှ ပြန်လည်ပြုပြင်နေသည်ကို တွေ့ခဲ့

သံဃာတော်များ
မစားမီ ငရုတ်သီးတစ်တောင့်
ယူစားမိ၍ ထိုကြွေးကို
ဆပ်သောအားဖြင့်
တည်ထားခဲ့သော
စေတီတစ်ဆူ



သီရိလင်္ကာနိုင်ငံ အနုရာဓပြို့ မဟာစေတီတော်

ရသည်။ အဘယဂီရိဝါသီဂိုဏ်းသည် မဟာဝိဟာရဝါသီ +ဇေတဝနဝါသီ ဂိုဏ်းတို့ထက်ပို၍ ဘုရင်၏ အားပေးခြီးမြောက်မှုကို ရခဲ့၍ အထူးအောင်မြင်ခဲ့ဟန်ရှိသည်။ ဆွမ်းစားကျောင်း တစ်နေရာ၌ ဆွမ်းထည့်ခွက်ဖြစ်သော (ကျောက်ဇလားကြီး)တစ်ခုသည် အလျားပေ(၂၀)ကျော်၊ အနံ(၂)ပေခန့်နှင့် အမြင့်(၂)ပေခွဲခန့်ရှိမည်၊ ကျောက်ကို ထုဆစ်၍ ဆွမ်းထည့်ခွက် လုပ်ထားခြင်းဖြစ်သည်။ ရှေးအခါက မထေရ်မြတ်တို့၏ လုံ့လဝီရိယကြီးတော်မူကြပုံကို ကြည်ညိုမိတော့သည်။

သီရိလင်္ကာနိုင်ငံတော်၌ ရှေးဟောင်းစေတီတော်များကို ရွှေသင်္ကန်းကပ်ခွင့် မပြုခြင်းမှာ ထူးခြားသော (ဝိသေသ) လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သတိထားမိသည်။ ထုံးသင်္ကန်းကိုလည်း တစ်နိုင်ငံလုံးရှိ စေတီများကို တပြိုင်တည်း (တစ်ရက်တည်း) စတင်၍ ကပ်ကြရသည်ဟု သိရသည်။ မြန်မာနိုင်ငံမှာကဲ့သို့ နေရာတကာ နောက်တည်စေတီများကို မတွေ့မိပါ။ ဂျပန်-တရုတ်တို့က လာရောက်တည်ကြသော ထိုင်တော်မူ၊ရပ်တော်မူ ရုပ်ပွားကြီးများကိုမူ တောင်ထိပ် များပေါ်တွင် တစ်ဆူ၊ နှစ်ဆူခန့် တွေ့မိသည်။ နောက်တစ်ခုက လမ်းဘေး(သို့)စေတီရင်ပြင်တို့၌ အလှူခံနေသည်ကို မတွေ့မိပါ။ ထုံးသင်္ကန်းကပ်၍ ကုန်ကျစရိတ်ကို နိုင်ငံတော်မှ ကျခံသည်ဟု ဆိုသည်။ အလှူခံပုံးကိုလည်း မတွေ့မိဟု ထင်သည်။ ဤနှင့် စပ်၍ ဘုရားမကြိုက်သော အလှူခံစားသောဓလေ့ (အော်ဟစ်၍ တောင်းခြင်း) မြန်မာနိုင်ငံအရပ်ရပ်မှာ ဘာကြောင့် ထွန်းကားနေပါလိမ့်ဟု အတွေးနယ်ချဲ့မိသည်။

သီဟဠဒီပ၌ ဦးစွာအစ သာသနာ့အောင်လံ စိုက်ထူရာ မြေမြတ်မဟာဖြစ်သော မဟိတလေ (စေတိယ=မိသက) တောင်သို့လည်း အရောက်လှမ်းခဲ့ ကြသည်။ သျှင်မဟိန္ဒရဟန္တာအရှင်မြတ် ဇမ္ဗူဒိပ်မှ ကောင်းကင်ခရီးဖြင့်ကြွ၍ သက်ဆင်းတော်မူရာ တောင်မြတ်ဖြစ်၍ ထိုတောင်ထိပ်၌ လက်ျာညှပ်ရိုးတော်ကို စေတီကြီးတစ်ဆူ တည်ထားသည်ကို ဖူးတွေ့နိုင်သည်။ဤတောင်ထိပ်၌ပင်သီဟိုဠ်ဘုရင်ဒေဝါနံပိယတိဿမင်းကြီး၏ လက်မောင်းကို ဆွဲကိုင်ခဲ့သည် မဟုတ်ပါလော။ ထို့ပြင် ဤတောင်၌ (သုမနသာမဏေ) သီဟိုဠ် တစ်ကျွန်းလုံးကို တရားနာရန် ကြွေးကြော်ခဲ့သော ကျောက်တောင်ထိပ်ကိုလည်း တက်ရောက်၍ အာရုံပြု ကြည်နူးဝမ်းသာ ပီတိဖြာခဲ့ရသည်။ ကျောက်တောင်ထိပ်သို့ ရောက်နိုင်စေရန် နိုင်ငံတော်မှ စီမံထားသည်။ စေတီတော်ကြီး၏ တောင်စောင်းတွင်လည်း သျှင်မဟိန္ဒတပည့် အရှင်မြတ်များ သီတင်းသုံးခဲ့ရာ (သိလာဂုဟာ) ကျောက်ဂူအလုံး (၆၀) ခန့် ရှိသည် ဟု သိရသည်။ နှေးခေတ် ရဟန်းတော်များ၏ ဗဟိဒ္ဓသာသနာထက် အဇ္ဈတ္တိက သာသနာက ပို၍ အရေးပါကြောင်း နမူနာပြခဲ့သော ဂူကျောင်း များပင်ဖြစ်ပါတော့သည်။

အထူးခြားဆုံး တွေ့ရသည်မှာ သီရိလင်္ကာသူတို့သည် ဘုရားရှိခိုး၊ တရားနာသောအခါ ခြေကိုဘုရားဘက် ဘုန်းကြီးဘက်သို့ ဆန့်၍ (ခြေစင်း၍) ထိုင်သော အလေ့အထ ဖြစ်သည်။ မြန်မာတို့ အမြင်မှာ ရိုင်းပျသည်ဟု ယူဆသော်လည်း သူ့ဓလေ့ သူ့ယဉ်ကျေးမှု မဟုတ်ပါလား။ ထို့ပြင် သီရိလင်္ကာဆရာတော်များသည် ရွှေဝါ(နီ)ရောင် အင်္ကျီလက်ရှည်ကို ဝတ်ကြသည်မှာ လည်း တမူထူးနေသည်။ ပါဠိဘာသာစကားနေရာတွင် အင်္ဂလိပ်ဘာသာစကား အစားထိုးဝင်ရောက်လာ၍ ပါဠိဘာသာစကားတတ်သူ မရှိသလောက်ဖြစ်သည်။ သို့သော် ရွာနာမည်၊ မြို့နာမည်များက ပါဠိအမည်များသည်။ ကုရုနဂ် လ၊ ကတ္တရဂါမ စသည် စသည်။ ဒက္ခိဏာသာခါ ဗောဓိပင်မှ ပွားလာသော (၃၂) ပင်သော ဗောဓိပင်များကိုလည်း အနုရာဓပူရနှင့် အနီးတဝိုက်တွင် မှတ်မှတ်သားသား ထိန်းသိမ်း စောင့်ရှောက်ထားသည်ကို တွေ့နိုင်ပါသည်။

တောကြီး တောင်ကြီးထဲ တောင်ထိပ်များ ပေါ်တွင် လူနေအိမ် တိုက်တာ အိမ်ခြေအဆောက်အအုံများကို မြင်နေ

ရသည်မှာ အဆန်းအပြားဖြစ်နေသလိုပင်။ တောင်ထိပ်တွင် လူနေသည်သာမက အုန်းတော ရှိသည်။ ကျွန်းနိုင်ငံဖြစ်သည့် အတွက် အုန်းပင်အမျာအပြား ပေါက်ရောက်၍ အုန်းနှင့် သီရိလင်္ကာ ခွဲ၍မရ ကောင်းပေ။ အုန်းသီးသည် သီရိလင်္ကာ တွင် အဓိက အစားအစာဖြစ်နေသည်။ တောင်ပေါ်ရောက် နေသော်လည်း မြေပြန့်မှာကဲ့သို့ ခံစားမိသည်။ တောထဲ တောင်ပေါ် ရောက်နေသော်လည်း မြို့ထဲနေရသလား အောက်မေ့မိသည်။ ဤနိုင်ငံမှာက လူနေလျှင် (တောထဲ တောင် ပေါ်ဖြစ်စေကာမူ) လမ်းပေါက်သည်။ မီးရောက် သည်၊ ရေရသည်။ လိုင်းကားများ တောင်ပေါ်တွင် ပြေးဆွဲ နေကြသည်ကို တွေ့ရသည်။ တောနှင့်မြို့ အစစအရာရာ ကွာဟမှု နည်းပါးအောင် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်ပေး ထားမှု ဖြစ်မည်။ နှစ်ပတ်လည် မီးရှ၍ တစ်နိုင်ငံလုံး စိမ်းစိုနေ သည်။ ခြောက်သွေ့နေသော တော၊ သစ်ပင်မရှိသော တောင် ထိပ်ဟူ၍ မရှိတန်ရာ။ သစ်ကြီးဝါးကြီးများကို မခုတ်ရန် ဥပဒေဖြင့် တားမြစ်ထားသည်။ (ကျား၊ ဆင်၊ သမင်)တောရိုင်း တိရစ္ဆာန်များကိုလည်း မသတ်ရဟု ဆိုသည်။ ဆင်ကြီးများ ကားလမ်းကို ဖြတ်သွားစဉ် လူနှင့် ပက်ပင်းတိုးနေလျှင် လူတွေက အစာကျွေး၍ မိတ်ဆက်နေကြသည်ကို ကြည့်နူး ဖွယ်မြင်ကွင်းအဖြစ် တွေ့နိုင်သည်။ လူတို့ကာ ရန်မပြုသော အခါ တိရစ္ဆာန်များကလည်း တုန့်ပြန်သောအားဖြင့် (တန်ပြန် နိယာမသဘောအရ) ရန်မူလိုသောစိတ် ရှိဟန်မတူတော့ ပေ။ အိမ်ပေါ် ကျောင်း ခေါင်မိုးတို့တွင် မြွေများကို တွေ့နိုင် သည်။ ဥယျာဉ်ထဲမှာလည်း ဖွတ်၊ မြွေပါတို့ သွားလာနေကြ သည်။

တောင်ပေါ် ဒေသတွင် နာမည်ကျော် (ပရာဒနိယ) တက္ကသိုလ်ကြီးကို တွေ့ရသောအခါ အတော်အံ့သြမိသည်။ သီရိလင်္ကာနိုင်ငံ တက္ကသိုလ်များတွင် ရဟန်းသာမဏေများ (ဘွဲ့ရသည်ထိ) ပညာသင်ခွင့်ရှိ၍ သီရိလင်္ကာရဟန်းတော် များသည် အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ပြောနိုင်ကြသည်။ ဘွဲ့ရ ရဟန်းတော်များသည် ကျေးရွာများ၌ ကျောင်းထိုင်ပြန် လျှင် (မူလတန်း + အလယ်တန်း) ကျောင်းအုပ်ကြီးများဖြစ်၍ အစိုးရထံ မှ လခရပေမည်။ မြို့ကြီးများက ကျောင်းတိုက်များ သည်လည်း တပည့်ပရိသတ် (စာသင်သား) များလာသော အခါ (သာမန်ကျောင်းတိုက်အဆင့်မှ) University အဆင့်သို့ တိုးမြှင့်လာကာ ကျောင်းထိုင်ဆရာတော်များမှာ (ပါမောက္ခ ချုပ်) ဖြစ်လာနိုင်သည်။

ရဟန်းတော်များသည် လခစားများဖြစ်၍ အလှူ အတန်း လျှောနည်းနေဟန်ရှိသည်။ ပညာရေးကို အားပေး သည်။ ပညာရေး အလွန်ကောင်းသည်။ သို့သော် နိုင်ငံခြား ကျောင်းသားများအဘို့မှာ စရိတ်ကြီးလှသည်။ အတန်း ကျောင်းများတွင် ကျောင်းတက်ခါနီး သစ်ပင်ရိပ်တွင် ဆရာမ များပါ တန်းစီလျက် မတ်တပ်ရပ်ကာ ဘုန်းတော်ကြီး ရှေ့တွင် သီလခံယူ ဆောက်တည်နေကြသည့် မြင်ကွင်းသည် ရင်ကို အလွန် အေးမြစေခဲ့သည့်အလျောက် အတုယူဖွယ် ကောင်း လေစွ ဟု အတွေးနယ်ချဲ့မိသည်။

နိုင်ငံတကာဗဟုသုတများ ရစေရန် ကူညီဆောင် ရွက်ပေးခဲ့ကြသော (အထူးအားဖြင့်) မိဂဒါဝုန် မြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇအားလည်းကောင်း၊ တပည့်ဖြစ်သူ ဦးယသ (ဓမ္မာစရိယM.A)နှင့် (Chennai)မြို့မြန်မာကျောင်း ဆရာတော်ဦးဝါသဝအား လည်းကောင်း၊ အနုရာဓပုရ မကု ဋ္ဌာရာမကျောင်း ဆရာတော်ဦးသုန္ဒရနှင့် ကိုလံဘိုမြို့ မကုဋ္ဌာ ရာမကျောင်း(ပ)နာယက(မွန်ဆရာတော်) ဦးသူရိယနှင့် ရခိုင် သား ပညာတော်သင်ကျောင်းသား (ညီတော်များ)အားလည်း ကောင်း မေ့မရသော ကျေးဇူးတင်ခြင်းဖြင့် ကျေးဇူးတင်ပါ ကြောင်း ဖော်ပြရင်း ရွှေဝါရောင်လွှမ်း ဒီပါကျွန်းမြတ်မှ (တစ် ပတ်ခန့်နေပြီး၍) ဝေဟင်ခရီးဖြင့် လေယာဉ်စီးကာ ခွဲခွာခဲ့ပါ သတည်း။

အရှင်သူရိယ(ပါဠိဓိပါရဂူB.A.)

မိဘကျေးဇူးဆပ်ပါ

မိဘနှစ်ဖြာ ရှိနေပါလည်း
ကျေးဇူးမသိ မဆပ်မိက
တစ်သက်လုံးလုံး လူဖြစ်ရှုံး၏။။

မဇ္ဈိမဒေသ စတုတ္ထသံဂါယနာမော်ကွန်းတင် မေဓပညာမော်ကွန်းလက်ာ

မောင်ကျော်ကျော်

ရှေးခေတ် ဓညဝတီရခိုင်ပြည်ကြီးသည် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့နှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့သဖြင့် ကိုးကွယ်မှု၊ ဘာသာမှအစ ယဉ်ကျေးမှု၊ စာပေများတွင်ပါ အပြန်အလှန် နှီးနွယ်လျက်ရှိသည်ကို တွေ့ရပေသည်။ ရခိုင်လူမျိုးတို့၏ သမိုင်းတင်သောခေတ်များအနက် ဝေသာလီခေတ်သည် ဒုတိယရှေးကျသည့် ခေတ်ကြီးဖြစ်သည်။ အေဒီ ၃၂၇ မှ အေဒီ (၈၁၈)ထိ ကြာမြင့်ခဲ့သည်။ ဝေသာလီခေတ်သည် ဓညဝတီခေတ်ကို ဆက်ခံသောကြောင့် ဝေသာလီတည် ပထမမင်း ဖြစ်တော်မူသော မဟာတိုင်းစန္ဒြားမင်းကြီး၏ အလှူတစ်ခုကို မဟာမုနိဘုရားကုန်းတော် အလယ်ပစ္စယံတွင် တွေ့ရပါသည်။ အလှူနှင့်အတူ အလှူပြုလုပ်သည့် ကမ္ဘည်းကျောက်စာကိုလည်းရေးထိုးခဲ့ပါသည်။ ကျောက်စာမှာ ယက္ခသေနာပတိကျောက်ဆစ်ရုပ် ကျောက်စာဖြစ်ပြီး မူရင်း (သက္ကတ)မှာ "မဟာသ္ဘရိယေသ္ဘန္ဒြရော နာမနော သ္ဘပဒါနေ ပကရတော" ဖြစ်၍ ပါဠိဘာသာဖြင့်ဆိုလျှင် "မဟာသူရိယေ စန္ဒရော နာမနော သဗ္ဗဒါနေ ပကရကေ" ဖြစ်သည်။ အဓိပ္ပာယ်မှာ (မဟာသူရိယတိုင်းမင်းကြီးသည် ဤကုန်းတော်၌ ဒါန ဝတ္ထုအစုစုကို လှူဒါန်း၍ ပြီးပြည့်စုံပြီ) ဖြစ်ပါသည်။



ယက္ခသေနာပတိ ပနာဒ ကျောက်ဆစ်ရုပ်တု



ကျောက်စာ

ဝေသာလီခေတ်တွင် ဗုဒ္ဓသာသနာတော်သည် အလွန်စည်ပင်ထွန်းကားခဲ့သည်။ သီရိစန္ဒြားမင်းကြီး (အေဒီ-၆၃၀)သည် ရခိုင်ပြည်မှ သံဃာတော်(၁၀၀၀)ပါးနှင့် သီဟိုဠ်နိုင်ငံမှ သံဃာတော်(၁၀၀၀)ပါး ပင့်ပြီးလျှင် ဝေသာလီအနီးရှိ ရွှေတောင်ကြီးထိပ်၌ စတုတ္ထသံဂါယနာကို (၃)နှစ်တိုင်တိုင် တင်တော်မူခဲ့သည်။ ကြေးနီ၊ ကြေးဝါချပ်ရေ(၅၀၀၀)၌ ကြေးထက်အက္ခရာ တင်ခြင်းဖြစ်ပြီး၊ ယင်းကြေးပြားအချို့မှာ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ ကျောက်စာဌာန၌ ထိန်းသိမ်းထားလျက်ရှိကြောင်း သိရပေသည်။

ရခိုင်ဝေသာလီ၌ စတုတ္ထအကြိမ်တင်ခြင်းကို ယင်းခေတ်၌ထင်ရှားသည့် မေဓပညာ ပညာရှိအမတ်ကြီးက မော်ကွန်းလက်ာဖြင့် မှတ်တမ်းတင်ထားခဲ့လေသည်။ မော်ကွန်းလက်ာအရ သံဂါယနာတင် သီရိစန္ဒြားမင်းကြီးသည် သက္ကရာဇ် ဖြို့ခဲ့ကြောင်းကိုလည်း တွေ့ရပေသည်။ ဤသံဂါယနာတင်ပွဲတော်သည် မဇ္ဈိမဒေသ၏ စတုတ္ထအကြိမ်မြောက် သံဂါယနာဖြစ်ပြီး ရခိုင်ဘုရင်မင်းမြတ်တို့၏ ပထမအကြိမ် သံဂါယနာပွဲတော်ကြီးလည်း ဖြစ်ပေသည်။ ရခိုင်သာသနာတော်သည် အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ သာသနာများနှင့် ပြိုင်တူဆက်ဆံမှုရှိနေကြောင်းကို "မေဓပညာမော်ကွန်း" တွင် ဤသို့တွေ့ရပေသည်။

ဓမ္မပညာဖော်ကွန်းလင်္ကာ

. . . ကမ္ဘာစဉ်လာ၊ ဓမ္မတာဖြင့်၊ ဝိဒွါသမုတ်၊ စတုယုဂ်ကိန်း၊ လေးသိန်းသုံးသောင်း၊ နှစ်ထောင်ဆောင်းအယ်။ နှစ်ပေါင်းကိုချုပ်၊ ကလိယုဂ်တည့်။ ထိုယုဂ်နှစ်ပြန်၊ ဒွါပရန်ဟု၊ သုံးပြန်တြေတာ၊ လေးဖြာကတာ၊ ပေါင်းကြ လေးထပ် ရွိုးအပ်သိမှု၊ အအဥအီ၊ ရာဂီဘြု၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း၊ ခေါက်ပြောင်းပြန်လှန်၊ ကပ်ဆုံးလွန်အောင် လူဘောင်ပွားဆုတ်၊ လေးပါးယုဂ်တွင်၊ အယင်ကတာ၊ ဓမ္မသစ္စာ၊ ပြည့်လာဉသုံ၊ ကောင်းကိန်း ကြုံအယ်။ သုံးပုံတြေတာ ယုတ်မာတခု၊ ကောင်းမှုသုံးဖြာ၊ ဒွါပရာစက်၊ တဝက်ကောင်းဆိုး၊ တမျိုးကလိ၊ အသိကော၊ သုံးဝဋ္ဋတ်ယွင်း၊ တရားကင်းအယ်။ ယင်းကလိသက်၊ ထိုနှစ်ထပ်မှာ၊ ဝိက္ခာဝိက္ခ၊ ဂဏန်းကျခါ၊ ရာသက်ကာလ၊ ဟာယနမြို၊ သာကီသက္ယ၊ ဂေါတမဟု၊ လောကလူရွှာ၊ ဖြစ်ပွင့်လာရွယ်၊ ဒေဝါမနု၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ပြည့်ရေခါကား၊ ဩဆာဂါရ သာခပုဏ္ဏမီ၊ ငြိမ်းလီနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ဂေါစာဖြူရှု၊ ဒါတုဋ္ဌီကာ၊ ရောက်ခါ ပေါင်းကြ၊ နဝတြို၊ သတ္တဂိ ဂေါတမပူရမ်၊ ကျမ်းညွှန်အလာ၊ ရက္ခပူရ၊ ဓညသခင်၊ ဘုရင်ရာဇာ၊ ရာလမာယု၊ မင်းဟုသမိုက်၊ ဘိသိက်ကြိုက်ခါ ဂေါစာဘိန္နု၊ သာဓကကျမ်း၊ ကိန်းခန်းအရ၊ မိဘစံဇီ၊ ဖြိုလီကြွင်းနှစ်၊ သကြစ်မဟာ၊ တရာသုံးခု၊ ပွင့်မှုတွိကြုံ၊ ကဆုန်ပုဏ္ဏ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ ဖြစ်လာဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်တေခါကား၊ ရာလေးဆယ့်ယှစ်၊ ပြည့်ခိုက်ကဆုန် နိကြုံအဂီ၊ နိဗ္ဗုတာသို့၊ မှန်စွာရောက်ဟိ၊ ခတ္တိငါးဆက်၊ မဟုက်စဉ်လာ၊ စန္ဒသူရိယ၊ ဇီဝကကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလိုက်၊ သကြစ်လာ၊ သာသနာနှင့်၊ စဉ်လာမဟုက်၊ ဆယ့်ခြောက်ဆက်ခါ၊ သူရိယာစိတြ၊ ဓနဥကိန်း၊ မယိမ်းဖြိုလေ သုံးဆယ်နှစ်ဆက်၊ မဟုက်ရောက်ဘိ၊ သီရိစန္ဒြ၊ ဥတ္တာမကိန်း၊ ဖြိုသိမ်းပေါင်းပြု၊ ဒါတုဋ္ဌီကာ၊ ဂေါစာ ဂလော၊ ရောက်ကေ မှန်စွာ၊ သာသနာနှစ်၊ အတိတ်ဖြစ်ခါ။

ထိုနှစ်မှာပင်၊ စိတြာပုဏ္ဏို၊ ပဋိ ပဒါ၊ ဆုတ်စတစ်ရက်၊ ယင်းနိလက်တွင်၊ မြသွင်မှိုင်းအိ၊ တန်ခိုးဟိသည် ဘုမ္မိရွှိတောင်၊ ဗွိထက်ခေါင်ကို၊ ညီအောင်ပြုကာ၊ ဝိဟာတမျက်၊ လေးဘက်အညီ၊ ငါးဆောင်စီဖြစ်၊ တစ်ကျောင်း နှိုက်ဝယ်၊ ငါးဆယ်သံဃာ၊ တစ်မျက်နှာဟု၊ နှစ်ရာ့ငါးဆယ်၊ လေးသွယ်ရဟန်း၊ သီဟိုဠ်ကျွန်းက၊ ဓူရနှစ်ဖြာ၊ ငါးရာစီမျှ ရို့ပြည်မမှ၊ ဓူရတစ်ထောင်၊ ပဉ့်ဆောင်ကျွေးမွေး၊ လျှုပ္ပဲကျင်းပ၊ လယ်ကထူးဆန်း၊ နတ်နန်းတမျှ၊ တူစွရွှိကျောင်း အပေါင်းများစွာ၊ သံဃာနှစ်ထောင်၊ ပဉ့်ဆောင်ပြီးမှ၊ စူဠဋ္ဌရော၊ နာယကကား၊ ဓမ္မသဘင်၊ သဂီယနာ၊ တင်ရာအစ ပဉ္စဝိနယာ၊ နှစ်ရာ့ငါးဆယ်၊ သုတ္တံကျယ်ဘိ၊ နာဝိကော၊ ကိုးရာဆယ်တိ၊ အဘိဓမ္မာ၊ ကျမ်းလာသတ္တ၊ ယှစ်ရာ့ လေးဆယ် ဗုဒ္ဓဟောတိ၊ ပါဠိနယ၊ တာမြပတ္တာ၊ ကြီးဝါချပ်ပြား၊ နှစ်ထောင်အားဖြင့်၊ ရွိုးထားသေချာ၊ တစ်နှစ်ကြာအယ်။

တဖြာဖွင့်ပြု၊ အဋ္ဌကထာ၊ ဝိနယာမှာ၊ ခုနစ်ရာငါးဆယ်၊ သုတ်ဝယ်အလာ၊ ထောင့်ငါးရာတိ၊ အဘိဓမ္မာ ခြောက်ရာကိုးဆယ်၊ အဓိဟ္မာယ်ပေါင်းစုံ၊ အကုန်ဖော်ဟိ၊ ဝိသုဒ္ဓိမဂ်၊ သျှင်ပျက်မရာ၊ လိဇ္ဇာမှာနှိုက်၊ ချပ်ဖြစ်လေးဆယ် ဒွယေနိစ္ဆယ၊ ကခ်ဝိတရဏီ၊ ချပ်ရွိလေးဆယ်၊ နိကာယ်ငါးဝ၊ အဋ္ဌကထာ၊ နှစ်နှစ်ကြာပြု၊

ပ-ဒု-တမြို၊ စတုတ္ထကျ၊ မဟိသဟု၊ မည်ရသမိုင်း၊ ရက္ခိုင်တိုင်းသို့၊ စိယ်ခိုင်းလိဘိ၊ မောဂ္ဂလိပုတ္တ၊ တိဿထေရ် သျှင်၊ သိခင်ရော၊ ထေရငါးဖြာ၊ ရဟန္တာရို့၊ ကြွလာထိုခါ၊ သူရိယာစက္က၊ ရို့ရာဇအား၊ ဟောကြား ဒေသနာ၊ ဒေဝါဓူတ သတ္တံအဆုံး၊ လေးသောင်းလုံးမှာ၊ ဓမ္မာစက္ခု၊ ရမူဟိကြောင်း၊ လေးသောင်းရဟန်း၊ ကျွတ်တန်းဝင်ကြ၊ ထိုကစရွယ် သာသနာဝန်ထမ်း၊ ရဟန်းသံဃာ၊ စဉ်လာပွားထ၊ သီဟဠနယ်၊ ဝါဒတူဘိ၊ ဂုဏ်သိဒ္ဓိမှာ၊ ပတ္တာပစ္စမိ၊ ကြီးရွှိချပ်ပြား ငါးထောင်အားဖြင့်၊ ရွိုးထားသေချာ၊ သုံးနှစ်ကြာလျှင်၊ အောင်မြင် ပြီးစီး၊ သီရိစန္ဒရား၊ ရို့မင်းဖျားကား၊ ရုပ်ပွားပုထိုး စေတီမျိုးနယ်၊ နောက်တိုးကန်တူး၊ ကောင်းမှုဖြာဖြာ၊ ပြည်ရွာချွန်ဘဏ်၊ ယွပြန်တစ်ဝက်၊ ရန်မျက်ကင်းငြိမ်း၊ မယိမ်း မယုတ်၊ ကြိုးကုပ်ဒါန၊ သီလတဖြာ၊ ဘာဝနာ တစ်ရပ်၊ ဝိပဿနာ၊ များစွာအားထုတ်၊ လောကုတ်သဘင်၊ မဂ်ပွဲယင် သည်၊ ဖိုလ်ဝင်နိဗ္ဗာန် ရောက်ကြောင်းတည်း။ ။

အဓိပ္ပာယ်ဖွင့်ဆိုချက်

(၁) ဝိဒွါသမုတ် - ပညာရှိသမုတ်သော
(၂) စတုယုဂ် - ယုဂ်လေးပါး
(၃) ကလိယုဂ် - ဆုတ်ယုတ်သောယုဂ်
(၄) ဒွါပရန် - ဒွါပရယုဂ်
(၅) တြေတာ - တြေတာယုဂ်
(၆) ကတ - ကတယုဂ်
(၇) အအဥအီ ရာဂီဘြု - ၄၃၂၀၀၀ ပိဋ္ဌကတ်သခ္ခါနည်း
(၈) ပြည့်လာဥသုံ - အားလုံးပြည့်စုံသည်
(၉) ဝိက္ခာ ဝိက္ခ - ၂၅၂၅ ကလိယုဂ်နှစ်-ပိဋ္ဌကတ်သခ္ခါနည်း
(၁၀) ဟာယန - အသက်တစ်ရာတန်းကပ်
(၁၁) ဒေဝါမန - နတ်-လူ
(၁၂) ဩဆာဂါရ - ၂၅၇၀-ပိဋ္ဌကတ်သခ္ခါနည်း
(၁၃) သာခပုဏ္ဏာမိ - ကဆုန်လပြည့်နေ့
(၁၄) ဓာတုဋီကာ - ၁၁၆၉ ပိဋ္ဌကတ်သခ္ခါနည်း
(၁၅) နဝတြိသတ္တဂိ - ၃၃၃၉-ကလိယုဂ်ခေတ်
(၁၆) ဂေါစာဘိန္ဒ - သက္ကရာဇ်ဖြိုခြင်း
(၁၇) မိဘစံဇီ - ၈၆၄၅ ပိဋ္ဌကတ်သခ္ခါနည်း
(၁၈) ခတ္တိငါးဆက် - ခတ္တိယအနွယ် မင်း ၅-ဆက်
(၁၉) ဇဝက - ၁၄၈ ပိဋ္ဌကတ်သခ္ခါနည်း
(၂၀) ဓနဥ္ဇ - ၆၀၉ ပိဋ္ဌကတ်သခ္ခါနည်း
(၂၁) ဥတ္တမ - ၅၆၀ ပိဋ္ဌကတ်သခ္ခါနည်း
(၂၂) စိတြာပုဏ္ဏိ ပဋိ ပဒါ - တန်ခူးလဆုတ် ၁
(၂၃) ဝိဟာတမျက် - တစ်မျက်နှာ၌ကျောင်းဆောင်
(၂၄) ပဥ္စဝိနယာ - ဝိနည်းငါးကျမ်း
(၂၅) နာဝကော - ကိုးရာတစ်ဆယ်
(၂၆) တာမြုပတ္တာ - ကြေးကိုခတ်ထားသည့်အပြား
(၂၇) ဒါယေဝိနဒ္ဓယ ကခ်ဝိတရဏီ - ဝိနိစ္ဆယနှင့်ကခ်ဝိတရဏီကျမ်းပေါင်း
(၂၈) ဒေဝါဠုတ - ဒေဝဠုတသုတ်တံဒေသနာတော်
(၂၉) ပတ္တာပဥ္စမိ - ငါးထောင်သောကြေးချပ်ရေ

ပိဋ္ဌကသခ္ခါယူနည်း။ ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသခ္ခါ ပကာသိတာ။
ပဥ္စ သခ္ခါ ပကာရာဒိ၊ သုညာ နာမ သရ ည နာ။

မောင်ကျော်ကျော်



မဟာမုနိ (မန္တလေး)



မဟာမုနိ (ကျောက်တော်)



ဟောင်းတောမြို့မကျောင်းမှ မဟာကျန်မုနိ

ရှေးခေတ် ရကွသျှဒေသ (အာရကန်)နှင့် သီဟိုဠ် အိန္ဒိယနိုင်ငံတို့၏ သာသနာဆက်ဆံရေး

သမိုင်းရှင်(မြောက်ဦး)

ရခိုင်တို့သည် ရှေးနှစ်ပေါင်း (၅၀၀၀)ကျော် ကာလကပင် ရခိုင်လူမျိုးအဖြစ် ဖြစ်တည်နေထိုင်လာခဲ့ကြသော ရှေးကျသည့် လူမျိုးကြီး တစ်မျိုးဖြစ်သည်။ သမိုင်းတင်သောခေတ်အနေဖြင့် ခေတ်ဒဉ်ခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်များရှိခဲ့သည်။ သမိုင်းပညာရှင်တို့က ခေတ်ဒဉ်ခေတ်ကို မာရယုမင်းတည် ပထမ ခေတ်၊ ကံရာဇာကြီး (ကမ္မရာဇာ)မင်းတည် ဒုတိယ ခေတ်နှင့် စန္ဒသူရိယမင်းတည် တတိယခေတ် ဟူ၍လည်းကောင်း၊ လေးမြို့ခေတ်ကို ပဉ္စာမင်းဆက်ခေတ်၊ ပရိန်မင်းဆက်ခေတ်၊ ခြိတ်မင်းဆက်ခေတ်၊ စမ္ဘဝက်မင်းဆက်ခေတ်၊ နေရဉ္ဇရာ တောင်ငူမင်းဆက်ခေတ်နှင့် လောင်းကြက်မင်းဆက်ခေတ် ဟူ၍လည်းကောင်း ခွဲခြားမှတ်တမ်းတင်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

အိန္ဒိယနိုင်ငံ၌ ပွင့်ထွန်းတော်မူသည့် ဂေါတမ ဗုဒ္ဓ ဘုရားရှင်အား ခညဝတီ ရခိုင်ပြည့်ရှင် စန္ဒသူရိယ ဘုရင်မင်းမြတ်က အလွန်တရာကြည်ညိုလွန်းလှသဖြင့် မနောအာရုံဖြင့် ပင့်ဖိတ် လျှောက်ထားခဲ့ရာ ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၂၃ ခုနှစ် ကဆုန်လဆန်းတွင် ရဟန္တာအသျှင်မြတ် (၅၀၀) ခြံရံလျက် ခညဝတီ ရခိုင်ပြည်ကြီးသို့ ကောင်းကင်ခရီးဖြင့် ကြွရောက်တော်မူခဲ့ပါသည်။ ဘုရားရှင်အား စန္ဒသူရိယဘုရင်မင်းမြတ်က ဘုရားရှင် ပြန်လည်ကြွမြန်းတော်မူပါက ရခိုင်ပြည်သူများ ထာဝရကိုးကွယ်ပူဇော်နိုင်မည့် ရုပ်ပွားတော်တစ်ဆူကို ခီးမြွင့်သနားတော်မူပါရန် လျှောက်ထားခဲ့ပါသည်။ ဘုရားရှင်က ကိုယ်စားတော်တည်ထားရန် ခွင့်ပြုတော်မူသဖြင့် သက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေအချိန်ကစတင်၍ ရုပ်ပွားတော်ကို ပဉ္စလောဟာဖြင့်သွန်းလုပ်တော်မူ




ရှင်ကျော် မုနီ (ရွှေနတ်တောင်)



ဇလွန် မာန်အောင်မြင့် ဘုရား



စန္ဒမုနီ (မြောက်ဦး)



စကြာမုနီ (စစ်တွေ)

ရာ နောက်တစ်နေ့ ကဆုန်လပြည့်ကျော်(၁)ရက် ကြာသပတေးနေ့ နံနက်၌ ဘုရားသခင်ကိုယ်တော်မှ ရင်ငွေ့တော်ခုနစ်လက်ခွေ့ကို ထည့်တော်မူမှ ဘုရားရှင်တော်နှင့် တစ်ဆံခြည်မျှ မယွင်းဘဲ ပြကတ္တဝ်တူညီသော မဟာမုနီ သွန်းစက်တော်ကို ပြီးစီးတော်မူလေသည်။

စန္ဒသူရိယမင်းကြီးနှင့်တကွ ဓညဝတီ ရခိုင်ပြည်သူပြည်သားတို့သည် ဘုရားရှင်ကြွရောက်လာတော်မူသည့်နေ့မှစ၍ သရဏဂုံတည်လျက် ထေရဝါဒဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည် ကိုးကွယ်ဆည်းကပ်တော်မူခဲ့ကြလေသည်။ အိန္ဒိယနိုင်ငံ သီရိဓမ္မာသောကမင်းကြီး လက်ထက် သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် တတိယ သံဂါယနာတင်ပွဲတော်အပြီး၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ သာသနာပြုလုပ်ငန်းအစီအစဉ်အရ၊ မဟာရေဝတ ထေရ်သည် နောက်ပါရဟန်း(၄)ပါးနှင့်အတူ မဟိသကတိုင်းသို့ သာသနာပြုရန် ထွက်ခွာခဲ့ပါသည်။ ယင်းအချိန်တွင် မဟိသကတိုင်း ဓညဝတီရခိုင်ပြည်ကြီး၌ သူရိယစက္ကမင်းကြီး စိုးစံနေသည့် အချိန်အခါပင်ဖြစ်ပေသည်။ သူရိယစက္ကမင်းကြီးသည် မဟာရေဝတထေရ်ထံမှ ခရီးမြင့်တော်မူသည့် ဓာတ်တော် မွေတော်များဖြင့် ဗုဒ္ဓဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည့် ဘုရားစေတီပုထိုးမြောက်များစွာကို ဓညဝတီပြည်ကြီးအတွင်း တည်ထားတော်မူခဲ့လေသည်။ သူရိယစက္ကမင်းကြီးသည် ရုပ်တုတော် များကိုပါသွန်းလုပ်ရန် စိတ်အကြံတော်ဖြစ်ပေါ်လာသဖြင့် မဟာမုနိရုပ်ရှင်တော် သွန်းလုပ်ပြီး၍ ကျန်ရှိသော မဟာကျန်ရတနာများဖြင့် မုနိ(၅)ဆူကို သာသနာသက္ကရာဇ် (၂၅၈)ခုနှစ်တွင် သွန်းလုပ် ကိုးကွယ်တော်မူခဲ့ပေသည်-

(က) **စန္ဒမုနိ** တောင်ဦးကျေးရွာ၊ မြောက်ဦးမြို့နယ်
(ခ) **သကျမုနိ** ကျောက်ကျပ်ကျေးရွာ၊ မြောက်ဦးမြို့နယ်
(ဂ) **ရာဇမုနိ** ရွာမပြင်ကျေးရွာ၊ ကျောက်တော်မြို့နယ်
(ဃ) **စူဠာမုနိ** ညောင်ချောင်းကျေးရွာ၊ ကျောက်တော်မြို့နယ်
(င) **ဒေဝမုနိ** စပါးဆိပ်ကျေးရွာ၊ ကျောက်တော်မြို့နယ်

ဓညဝတီခေတ် သာသနာ့ဆက်ဆံရေး

အိန္ဒိယနိုင်ငံတောင်ပိုင်း ဩက္ကာမင်းများ ရေးထိုးခဲ့ကြသော မာဂအတ္ထုနကုဏ္ဍာလ ကျောက်စာအရ၊ ဓညဝတီ ရခိုင်ပြည်ကြီးသည် အေဒီ(၂)ရာစုကပင် သီဟိုဠ်နိုင်ငံနှင့် ထေရဝါဒသာသနာရေး ဆက်ဆံမှုရှိခဲ့သည်ကို တွေ့ရသည်။

ဓညဝတီမြို့တည် စန္ဒသူရိယမင်းကြီး၏ မင်းဆက်ဖြစ်သော သူရိယသီရိမင်းကြီး (အေဒီ ၂၀၁-၂၂၁) လက်ထက်တွင် ဓညဝတီမြို့မှ ဇနမာရ်အောင် ဆရာတော်ကြီး အသျှင်ဉာဏသီရိ ဓိပတိသူမြတ်သည် အဖော်သံဃာ (၁၂) ပါးနှင့်အတူ ပထမအကြိမ် သာသနာပြု ကြွရောက်တော်မူခဲ့ပါသည်။

ဝေသာလီခေတ်

သီရိစန္ဒြ (သီရိဓမ္မဝိဇယမင်း) (အေဒီ-၆၃၈) မင်းကြီး စိုးစံတော်မူစဉ် အိန္ဒိယပြည်၌ ဗောဓိသတ္တဝါဒ မဟာယာနတို့ အင်အားကောင်းလာခဲ့ရာ ထိုဝါဒသမားများသည် ဝေသာလီနေပြည်တော်ရှိ ဗြဟ္မဏများနှင့် ပူးပေါင်းလျက် မဟာယာန



ဝေသာလီ ဘုရားကြီး (မြောက်ဦး)



အာဘယမုဒြာမုဒြာ (ရှင်ကြီးရွာ - ကျောက်တော်)



အာနန္ဒစန္ဒာကျောက်စာ

ဝါဒများ ဝင်ရောက်လာမည်ကို ကြိုတင်သိမြင်သည့် အလျောက် သီရိစန္ဒာမင်းကြီးသည် ရဟန္တာ မဟာထေရ်မြတ် စူဠရေဝတ ထံမှ ဩဝါဒကိုခံယူကာ ဥတ္တာမကိန်း (၅၆၀) ကို ဖြူ၊ ကြွင်း (၂) ခု၊ သာသနာသက္ကာရ၏ ဓာတုဋ္ဌီကာ (၁၁၆၉)-ခု၊ တန်ခူးလပြည့်ကျော်(၁)ရက်နေ့တွင် ဝေသာလီမြို့တော် အရှေ့ဘက်ရှိ ရွှေတောင်ကြီးတောင်ထိပ်၌ စတုတ္ထအကြိမ် သံဂါယနာတင်ခဲ့ပါသည်။ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံမှ သံဃာတော် အပါး (၁၀၀၀)ကို ပင့်ဆောင်တော်မူပြီး၊ ရခိုင်ပြည်မှ သံဃာ တော် (၁၀၀၀)ပါးတို့ ပါဝင်လျက်(၃)နှစ် ကြာမြင့်စွာ ကြေးနီ၊ ကြေးဝါ ချပ်ရေ(၅၀၀၀)ဖြင့် မှတ်တမ်းတင်တော်မူခဲ့ပါသည်။ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံမှ ကျောက်စာမင်းကြီးနှင့် အဖွဲ့သည် မြောက်ဦးမြို့သို့ ရောက်ရှိခဲ့စဉ် ဝေသာလီခေတ် သံဂါယနာတင် ကြေးပြားအချို့မှာ သီဟိုဠ်နိုင်ငံတွင် ထိန်းသိမ်းထားရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အာနန္ဒစန္ဒာကျောက်စာဂါထာ အပိုဒ် ၆၂ တွင် "ဂိလာမေယမင်း၏ တိုင်းပြည်ရှိ အရိယာရဟန်းသံဃာများထံသို့ တရားပလ္လင် ကောင်းမြတ်သော ဆင်မယာဥ်သာ တစ်စီးနှင့်ပြီး သင်္ဘန်းတို့ကိုပို့လွှတ် လှူတော်မူအပ်ပြီ" ဟူ၍လည်းကောင်း၊ ဂါထာအပိုဒ် ၆၃ တွင် "နတ်မျိုးနွယ်တို့မှ ဆင်းသက်ခဲ့သော ထိုမင်းကြီး၏ ကျော်ကြားသည့် ရဲရင့်ခြင်းဂုဏ် ဘာသာတရားနှင့် ကျော်စောခြင်းတို့ကို နှစ်သက်သဖြင့် ရှိသေလေးမြတ်စွာ ဦးညွတ်သော ဘုန်းကျက်သရေ ရှိသည့် တာမြပတ္တာနပြည့်ရှင်မင်းက မိမိ၏သမီးတော် ဓနဒ္ဒာကို အလွန်ရိုသေစွာဖြင့် (အာနန္ဒစန္ဒြမင်းကြီးအား)ဆက်သအပ်ပြီ" ဟူ၍ လည်းကောင်း၊ ဂါထာ အပိုဒ် ၆၅ တွင် "ရိုသေကျိုးနွံစွာဖြင့် (အာနန္ဒစန္ဒြမင်း၏) အမိန့်တော်ကို နာခံလေ့ရှိသော (အာနန္ဒ စန္ဒြမင်း၏) မိတ်ဆွေကောင်းအဖြစ်သို့ ရောက်ရှိလာသော ဂဲဝဓန္ဒြမျိုးနွယ်မှ ဆင်းသက်ခဲ့သော ဘုန်းတန်ခိုးကြီးများသော ဘုန်းကျက်သရေနှင့် ပြည့်စုံသော မနောဓိရမင်းသည်" ဟူ၍လည်းကောင်း ဂါထာအပိုဒ် ၆၆ တွင် "ဂြိပတ္တာန (ဂြိတာမြ ပတ္တာန) အမည်ရှိ မိမိ၏မြို့တော်နှင့် သက်ဆိုင်သည့် နယ်မြေအတွင်း၌ ရေတွင်းနှင့် ကျောင်းကို အလျင်အမြန် ပြုလုပ်စေပြီးလျှင် မိန်းမ များ၏ ရတနာဖြစ်သော မိမိ၏သမီးတော် ဓနဒ္ဒာကို အတုမရှိသော ဥစ္စာရတနာများနှင့်တကွ အလွန်ရိုသေမြတ်နိုးစွာဖြင့် ဤအရပ်သို့ (အာနန္ဒစန္ဒြမင်းထံသို့) ပို့လွှတ်ဆက်သအပ်ပြီတည်း" ဟူ၍လည်းကောင်း တွေ့ရှိရသဖြင့် ရခိုင်ပြည်နှင့် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတို့မှာ ထေရဝါဒသာသနာတူဖြစ်၍ ယခုကဲ့သို့ နှစ်နိုင်ငံ အပြန်အလှန် သာသနာပြုမှုများ ရှိခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။

လေးမြို့ခေတ်


လေးမြို့ခေတ် ပဉ္စာမင်းဆက် ဖြစ်သော မင်းရင်ဖြူမင်းကြီး(အေဒီ-၈၄၃)လက်ထက် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံမှ ဝဠဂါမဏိမင်း လက်ထက် ပေထက် အက္ခရာတင်ခဲ့သော စတုတ္ထသံဂါယနာတင် ပေမူအတိုင်း ပဉ္စာမြို့တော်၌ သံဂါယနာတင်တော်မူခဲ့သည်။ အရှင်ဥတ္တမသီရိ၊ အရှင်နန္ဒိယ၊



မင်းရင်ဖြူ သံဂါယနာတင် အထိမ်းအမှတ် ဘုရား



ရာဇာဓိသေက သောဠ အသရာဇ ဘုရား



မဟာတေဇောတိကောဏ်မြတ်ရှိ ရဒိန်မင်း ကျောက်စာ (ရက္ခဝတ္ထု)

အရှင်ဘဒ္ဒိယ၊ အရှင်ရေဝတ၊ အရှင်ပဒုမစသော အရှင်သူမြတ်များ ကြီးမျူးလျက် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ သံဃာတော်အပါး(၈၀၀)နှင့် ရခိုင်ပြည်မှ သံဃာတော်အပါး(၈၀၀)တို့က ရွှေပေရွက်၌ ရေးထိုး၍ ဧကာဒသမမြောက် သံဂါယနာတင်ခြင်းဖြစ်ပါသည်။ ရခိုင်ရာဇဝံသကျမ်းတွင် "ပဉ္စာမြို့ကို အစိုးရသော မင်းကြီး မင်းရင်ဖြူနှင့် စောမုခီ မိဖုရားခေါင်ကြီးတို့သည် ကောဇာသက္ကရာဇ် ၂၀၉ ခုနှစ်တွင် စန္ဒသူရိယမင်းကောင်းမှုတော် ပဉ္စလောဟာ ရတနာအစုအပုံတို့မှ ယူ၍ ဘုရားသွန်းလုပ်တော်မူသည်။ ဆူရေကား(၂၈ဆူ)နှစ်ကျိပ်ရှစ်ဆူတည်း" ဟုတွေ့ရသည်။ အဆိုပါ နှစ်ကျိပ်ရှစ်ဆူထဲမှ တစ်ဆူမှာ ယခုအခါ စစ်တွေမြို့၊ သင်္ဃာစု ရပ်ကွက်၊ ခေါင်းလောင်းဘုန်းတော်ကြီးကျောင်း၌ ကိန်းဝပ် စံပယ်တော်မူလျက် ရှိပေသည်။

လေးမြို့ခေတ် ပရိန်မင်းဆက်ဖြစ်သော ဒဿရာဇမင်းကြီး(အေဒီ၁၂၃-၁၁၃၉)လက်ထက် ကာလ၌ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံတွင် အဓမ္မဝါဒီ ဂိုဏ်းသားတို့ကြောင့် ဗုဒ္ဓသာသနာတော် ညစ်နွမ်းပြန်ရာ၊ ဒဿရာဇမင်းကြီးသည် အသျှင်အတုလာ ဝိဇယ ဂဏ္ဌပါမောက္ခ ဆရာတော်ကြီးအား (၂၆)ပါးသော အဖော်သံဃာတော်များနှင့်အတူ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ ကြွရောက်တော်မူစေလျက် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ပြန်လည်ပြုစု ပျိုးထောင်ပေးတော်မူခဲ့သည်။

လေးမြို့ခေတ် နေရွှေရာတောင်ငူမင်းဆက် ဖြစ်သော ငရမန်မင်းကြီး (အေဒီ ၁၁၆၆-၁၁၆၈)လက်ထက်၌ အသျှင်ဥတ္တရမဓမ္မသံဃာ့ဓိပတိ ဆရာတော်ကြီးသည် တပည့်သံဃာတော်(၃၆)ပါး နှင့်အတူ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြုရန် ကြွရောက်တော်မူခဲ့ပါသည်။

လေးမြို့ခေတ် လောင်းကြက်မင်းဆက် ဖြစ်သော အလောမာဖြူမင်းကြီး (အေဒီ-၁၂၅၀) သည် ရခိုင် ရေတပ်မတော် သင်္ဘောများဖြင့် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ မဟာ



ဗုဒ္ဓအုံတော်မြတ် (မြောက်ဦး)

မိုးတော်မှ အသျှင်ဓမ္မဝိလာသ(၂) ပါးတို့အား သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြုရန် စေလွှတ်တော်မူခဲ့သည်။ ဆရာတော်ကြီးများ အပြန်တွင် အံတော်တစ်ဆူ ပင့်ဆောင်လာခဲ့ပြီး မင်းဗာကြီးအား ပေးအပ်ခဲ့ကြောင်း ရာဇဝင်များ၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

မင်းဗာဘုရင်မင်းမြတ်သည် အေဒီ ၁၅၃၂ ခုနှစ်တွင် ဗုဒ္ဓဂယာအနီး မဟာဗောဓိပင်ကြီးကို သွားရောက်ဖူးမျှော်ပြီး ရွှေပန်း၊ ငွေပန်း၊ ထီး၊ တံခွန်တို့ဖြင့် ပူဇော်တော်မူခဲ့သည်။ ၎င်းအပြင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် အရှည် တည်တံ့ရေးကို ရည်ရွယ်လျက် ကျောက်ဆင်းတုတော်မြတ် (၄၀)ကို လည်း လှူဒါန်းပူဇော်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြနေသည်ကို တွေ့ရပေသည်။

မင်းဖလောင်းမင်းကြီး(အေဒီ၁၅၇၁-၁၅၉၃) လက်ထက်၌ မြောက်ဦးမြို့တော်မှ မြောက်တန်ဆောင်ဆရာတော် အရှင်နန္ဒိစက္က ဦးဆောင်ပြီး တပည့်သံဃာတော်(၄၀)ပါးနှင့် အတူ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြု ကြွရောက်တော်မူခဲ့သည်။

ဘုရင်မင်းရာဇာကြီး(အေဒီ ၁၅၉၃-၁၆၁၂) လက်ထက်၌ သီဟိုဠ်(သီရိလင်္ကာ) ဘုရင်ပထမ ဝိမလဓမ္မသူရိယ (အေဒီ ၁၅၉၂-၁၆၀၄)၏ အကူအညီတောင်းခံချက်အရ၊ အရှင်စန္ဒဝိလာသ ဆရာတော်ဦးဆောင်ပြီး တပည့်သံဃာတော် (၂၀)ပါးနှင့်အတူ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ ကြွရောက် သာသနာပြုတော်မူခဲ့သည်။

မာရုပ္ပိယမင်းကြီး (အေဒီ ၁၆၉၆-၁၆၉၇) လက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)ဘုရင် ဒုတိယ ဝိမလဓမ္မသူရိယ (အေဒီ၁၆၈၇-၁၇၀၇)၏အကူအညီ တောင်းခံချက်ကြောင့်၊ သတ္တဋ္ဌာနဆရာတော် အရှင်ကဿပမဟာသာမိနှင့် လောင်းကြက်ဆရာတော်တို့ ဦးဆောင်ပြီး သံဃာတော်(၄၀)ပါးနှင့်အတူ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြု ကြွရောက်တော်မူခဲ့သည်။

မိတ်အဖြစ် သွားရောက်ကာ သာသနာရေး ဆက်ဆံမှုများ ပြုလုပ်ခဲ့ကြောင်း တွေ့ရပေသည်။

လေးမြို့ခေတ် လောင်းကြက်မင်းဆက်ဖြစ်သော မင်းထီးမင်းကြီး(အေဒီ-၁၂၈၃)သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ပျက်စီးနေသော မဟာဗောဓိစေတီတော်မြတ်ကြီးအား ကောဇာသက္ကရာဇ်(၆၅၇-၆၆၀) အတွင်း မွမ်းမံတည်ဆောက်ခဲ့ကြောင်း မဟာဗောဓိ ကျောက်စာအရ သိရှိရပေသည်။ (**စကားချပ်**။ ကျောက်စာကို အိန္ဒိယ နိုင်ငံရှိဆရာတော် အရှင်သူမြတ်များက ကွင်းဆက်မပြတ်ထိန်းသိမ်းထားသင့်ပါသည်။)

မြောက်ဦးခေတ်

ဘစောဖြူမင်းကြီး(အေဒီ-၁၄၅၉-၁၄၈၂) ကာလ အတွင်း အသျှင်သိဒ္ဓတ္ထထေရ်ကျော် ဆရာတော်ကြီးသည် အဖော်သံဃာတော်(၅၀) ပါးဖြင့် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြုကြွရောက်တော်မူခဲ့သည်။

ဘစောသီရိ(ခေါ်) မင်းဗာကြီးသည် အိမ်ရှေ့စံအဖြစ်(အေဒီ ၁၅၂၅ ခုနှစ်) သံတွဲမြို့တော်၌ စိုးစံနေတော်မူစဉ် သံတွဲမြို့မှ အသျှင်တေဇောသာရ ဆရာတော်နှင့် မြောက်ဦးမြို့တော်မှ အသျှင်ဓမ္မဝိလာသ(၂) ပါးတို့အား သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြုရန် စေလွှတ်တော်မူခဲ့သည်။ ဆရာတော်ကြီးများ အပြန်တွင် အံတော်တစ်ဆူ ပင့်ဆောင်လာခဲ့ပြီး မင်းဗာကြီးအား ပေးအပ်ခဲ့ကြောင်း ရာဇဝင်များ၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

မင်းဗာဘုရင်မင်းမြတ်သည် အေဒီ ၁၅၃၂ ခုနှစ်တွင် ဗုဒ္ဓဂယာအနီး မဟာဗောဓိပင်ကြီးကို သွားရောက်ဖူးမျှော်ပြီး ရွှေပန်း၊ ငွေပန်း၊ ထီး၊ တံခွန်တို့ဖြင့် ပူဇော်တော်မူခဲ့သည်။ ၎င်းအပြင် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် အရှည် တည်တံ့ရေးကို ရည်ရွယ်လျက် ကျောက်ဆင်းတုတော်မြတ် (၄၀)ကို လည်း လှူဒါန်းပူဇော်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ဖော်ပြနေသည်ကို တွေ့ရပေသည်။

မင်းဖလောင်းမင်းကြီး(အေဒီ၁၅၇၁-၁၅၉၃) လက်ထက်၌ မြောက်ဦးမြို့တော်မှ မြောက်တန်ဆောင်ဆရာတော် အရှင်နန္ဒိစက္က ဦးဆောင်ပြီး တပည့်သံဃာတော်(၄၀)ပါးနှင့် အတူ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြု ကြွရောက် တော်မူခဲ့သည်။

ဘုရင်မင်းရာဇာကြီး(အေဒီ ၁၅၉၃-၁၆၁၂) လက်ထက်၌ သီဟိုဠ်(သီရိလင်္ကာ) ဘုရင်ပထမ ဝိမလဓမ္မသူရိယ (အေဒီ ၁၅၉၂-၁၆၀၄)၏ အကူအညီတောင်းခံချက်အရ၊ အရှင်စန္ဒဝိလာသ ဆရာတော်ဦးဆောင်ပြီး တပည့်သံဃာတော် (၂၀)ပါးနှင့်အတူ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ ကြွရောက် သာသနာပြုတော်မူခဲ့သည်။


မာရုပ္ပိယမင်းကြီး (အေဒီ ၁၆၉၆-၁၆၉၇) လက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)ဘုရင် ဒုတိယ ဝိမလဓမ္မသူရိယ (အေဒီ၁၆၈၇-၁၇၀၇)၏အကူအညီ တောင်းခံချက်ကြောင့်၊ သတ္တဋ္ဌာနဆရာတော် အရှင်ကဿပမဟာသာမိနှင့် လောင်းကြက်ဆရာတော်တို့ ဦးဆောင်ပြီး သံဃာတော်(၄၀)ပါးနှင့်အတူ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ သာသနာပြု ကြွရောက်တော်မူခဲ့သည်။ ညစ်ညမ်းနေသော သာသနာတော်ကို ပြန်လည်သန့်စင်စေခဲ့ပြီး သီဟိုဠ်သားများကို ဥပသမ္ပဒကံဆောင်ပေးလျက် သန့်ရှင်းမြင့်မြတ်သော ရဟန်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ရခိုင်သံဃာတော် အရှင်မြတ်များ လင်္ကာဒီပ(ခေါ်)သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ သာသနာပြုကြွရောက်တော်မူခဲ့ရာတွင် ရဟန်းအဖြစ် ဥပသမ္ပဒကံဆောင်ပေးနိုင်ရန် ကန္ဒီမြို့အနီး **ပေရာဒနိယဒေသ** ရှိ မဟာဝေလီဂင်္ဂါ (ခေါ်)မဟာဝေလီမြစ် ဥဒကုဂ္ဂေါပသီမာ = ရေသိမ်တော်၌ပင် ရဟန်းခံပွဲများ

ကျင်းပခဲ့သည် ဟု စူဠဝံသကျမ်း အဆိုကို ကိုးကား၍ **အရှေ့တောင်အာရှထေရဝါဒ ဗုဒ္ဓဘာသာ သမိုင်းစာအုပ်** (၁၉၈၁ခုနှစ် ထုတ်)တွင် ဖော်ပြထားသည်ကို တွေ့ရသည်။ တဖန် ရခိုင်သံဃာတော် အရှင်သူမြတ်များ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ကြွရောက် ခဲ့စဉ်က၊ သီရိလင်္ကာ နိုင်ငံတွင် သိမ်သမုတ်ဖူးခဲ့ကြောင်းနှင့် သိမ်အမည်ကို **ဓညဝတီသိမ်** ဟု ခေါ်တွင်ကြောင်း သီရိလင်္ကာနိုင်ငံသမိုင်း ပညာရှင်တစ်ဦးက ပြောကြားဖူးကြောင်း ရခိုင်+မြန်မာ ပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းက ပြောကြားခဲ့ကြောင်း သိရပါသည်။ ၎င်းအပြင် သီရိလင်္ကာနိုင်ငံတွင် ရခိုင်မှ သံဃာဂိုဏ်း (၂)ဂိုဏ်း ရှိနေသည်ဟုလည်း ရခိုင်ရိုးမမဂ္ဂဇင်း အမှတ် (၄)၊ ၂၀၀၃ ခုနှစ်၊ မတ်လထုတ်တွင် ရေးသားထားသည်ကို တွေ့ရပေသည်။ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ၌ ထိန်းသိမ်းထားရှိသော ရခိုင်သံဃာတော်များ တည်ထားတော်မူခဲ့သည့် **"မဟာဝေလီမြစ်ရေသိမ်တော်"** နှင့် **"ဓညဝတီသိမ်"** ပုံတော်များကို ဓာတ်ပုံများဖြင့် ဖော်ပြထားပါသည်။

ဆရာတော်အရှင်သူမြတ်များသည် သီဟိုဠ် (သီရိလင်္ကာ)၌ သီတင်းသုံးနေတော်မူစဉ်အနုရုဒ္ဓါမြို့ရှိ မြတ်စွာဘုရားရှင်၏ စွယ်တော်ကို ဖူးမျှော်ရန် ကြွရောက်တော်မူရာ အစောင့်အရှောက်တို့က စွယ်တော်တိုက်၏ တံခါးကို လုံးဝဖွင့်လှစ်ပေးခြင်း မပြုကြချေ။ ထိုအခါ သတ္တဌာနဆရာတော်ကြီးက အဓိဋ္ဌာန်ပြုပြီး "ရဇနတလ အာကာသံ၊ နက္ခတ္တာရပရိက္ခေတ္တံ" အစရှိသော(၁၄)ဂါထာတို့ဖြင့်ရွတ်ဆိုပြီး ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို ခမ်းကျူးထောပနာပြုတော်မူလေလျှင် ပိတ်ထားသော သော့ခလောက်သီးများမှာ အလိုလိုပွင့်လေတော့သည်။ ထိုအခါမှသာ ဆရာတော်ကြီးတို့မှာ ဘုရားရှင်၏ စွယ်တော် မြတ်ကို မျက်ဝါးထင်ထင် ဖူးမြော်ခဲ့ကြရလေသည်။ ဤသို့ထူးဆန်းမှုကို မြင်ကြလေသော် ဆရာတော်ကြီးများကို အစောင့်တို့က အထူးပင် ဝန်ချတောင်းပန်ကြလေသည်။

သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံသို့ အင်္ဂလိပ်များ ရောက်ရှိလာပြီးနောက် ဗုဒ္ဓသာသနာတော်မှာ ချီးနှိမ်ခြင်းခံရသဖြင့်၊ ဗုဒ္ဓသာသနာတော် ပျက်စီးလာကာ ဂိုဏ်းပြည့်ရုံမျှပင် သံဃာတော်များကိုစုဝေး၍ မရနိုင်သဖြင့် ဝိမလဓမ္မသူရိယမင်းနှင့် ဝိမလမဟာရာဇာမင်းတို့လက်ထက်တွင် ရခိုင်ပြည်မှ သံဃာတော် အရှင်သူမြတ်များကို ပင့်ဆောင်၍ သာသနာတော် ကို ပြန်လည်ပြုစုခဲ့ရကြောင်း သာသနာလင်္ကာရ စာတမ်း၌ တွေ့ရပါသည်။

မြန်မာနိုင်ငံ ဟင်္သာတမြို့ အဂ္ဂမဟာပဏ္ဍိတ အရှင်သောဘဏရေသားသော "မဟာဒွါရနိုကာယ သာသနဒီပနီ" ကျမ်း၌၊ "သာသနာသက္ကရာဇ် (၂၁၃၅)ခုတွင် နန်းတက် သော ဝိမလဓမ္မသူရိယမင်းလက်ထက်တွင် သီဟိုဠ် (သီရိ လင်္ကာ)၌ ရဟန်းတို့ပင် အလျဉ်းမရှိလေသောကြောင့် ရခိုင် ပြည်မှ ရဟန်းတို့ကို ပင့်ဆောင်၍ သီရိဝမုနမြို့၌ သီတင်းသုံးနေထိုင်စေလျက် ရှိသေစွာ လုပ်ကျွေးသည်။ သာသနာနှစ် ၂၁၄၀ တွင် ဝါလုကမြစ် ကဏ္ဍမွှေဆိပ်၌ နှလုံးမွေ့လျော်ဖွယ်ရှိသော ဥဒကုက္ခေပသိမ်တော်ကို ပြု၍ ရဟန်းတို့ကို ထိုအရပ်သို့ ပင့်ဆောင်လျက် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံအမျိုးသားကောင်းတို့ကို ရဟန်းခံစေသည်။ ရှင်လည်းပြု၍ သာသနာတော်မြတ်ကို စောင့်ရှောက်တော်မူသည်" ဟုတွေ့ရပါသည်။ သာသနာသက္ကရာဇ် (၂၂၂၇)ခုနှစ်တွင် နန်းတက်သော ဒုတိယဝိမလဓမ္မသူရိယမင်း လက်ထက်၌လည်း ရခိုင်ပြည်မှ ရဟန်းသံဃာ(၃၃)ပါးကို ပင့်ဆောင်၍ ရှေးနည်းတူသာသနာပြုရကြောင်းလည်း ဖော်ပြထားပေသည်။



ဓညဝတီ သိမ်တော်



ဥဒကုက္ခေပ သိမ်တော်

"Subsequently during the reign of King Wimaladharmasooriya 1, higher ordination of Sangha was taken to Sri Lanka from Myanmar as which was then known as **Arakan** or **Rekkhanga Desa** . Similarly, monks from Sri Lanka came to Myanmar and Secured higher ordination from Venerable monks of Myanmar. **The two Myanmar Sets of Snagha now we have in Sri Lanka** have had their roots in Myanmar for which we are indebted to this great Buddhist country. The world respects Myanmar as a country, which has preserved Theravada Buddhism."

အထက်ပါ သီရိလင်္ကာနိုင်ငံ ဘာသာရေးဌာန အတွင်းဝန်၏ လျှောက်ထားချက်အပေါ် ၁၉၉၈ -ခုနှစ်၊ ဒီဇင်ဘာလ (၉)ရက်နေ့ ပြန်ကြားရေး ဝန်ကြီးဌာန၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာက အောက်ပါအတိုင်း ဘာသာပြန်ဆို ထုတ်ဝေခဲ့သည်ကိုတွေ့ရပါသည်-

"နောက်ပိုင်း ဘုရင်ဝိမလဓမ္မသူရိယ(၁) လက်ထက်မှာ မြန်မာနိုင်ငံ **ရှင်အရဟံ** ထံမှ သီရိလင်္ကာနိုင်ငံသို့ သွတ်သွင်းပြန်ပါတယ်။ အလားတူ သီရိလင်္ကာနိုင်ငံမှ သံဃာတွေ မြန်မာနိုင်ငံသို့ ပြန်ကြွလာပြီး မြန်မာမထေရ်မြတ်ကြီးများထံ မှာ ရဟန်းပြုကြပါတယ်။ မြန်မာနိုင်ငံက သံဃာ့ဂိုဏ်းကြီး နှစ်ဂိုဏ်းဟာ ယခုအခါ သီရိလင်္ကာနိုင်ငံမှာ ထင်ရှားရှိနေပါတယ်ဘုရား။ ဒါကြောင့် ဗုဒ္ဓဘာသာ ထွန်းကားရာ မြန်မာနိုင်ငံကို တပည့်တော်တို့ ကြွေးတင်နေပါတယ်။ မြန်မာနိုင်ငံကို ထေရဝါဒသာသနာ ထိန်းသိမ်းရာနိုင်ငံအဖြစ် ကမ္ဘာကလေးစားကြပါတယ် ဘုရား"

အိန္ဒိယနိုင်ငံမှ ၂၀၀၁-ခုနှစ် ထုတ်ဝေသည့် မဇ္ဈိမအလင်းရောင်မဂ္ဂဇင်း(The Light of Majjhimadesa)တွင်မူ အောက်ပါအတိုင်း ဘာသာပြန်ဆို ဖော်ပြထားသည်ကို တွေ့ရပါသည်။

"နောက်ပိုင်း ဘုရင်ဝိမလဓမ္မသူရိယ(1) လက်ထက်မှာ သံဃာများ မြင့်မြတ်သော ရဟန်းခံ ဥပဇ္ဈာယ်ပြုတဲ့ အခမ်းအနားအတွက် (မြန်မာနိုင်ငံ) ရခိုင်ဒေသ (Rekkhanga Desa) သို့မဟုတ် **အာရကန်**(**Arakan**) လို့လူသိများတဲ့ မြန်မာနိုင်ငံ၊ ရခိုင်ပြည်မှ သံဃာများကို သီရိလင်္ကာနိုင်ငံသို့ ပင့်ယူ၍ သွတ်သွင်းစေခဲ့ပြန်ပါတယ်။ အလားတူပဲ သီရိလင်္ကာနိုင်ငံမှ သံဃာတွေ မြန်မာနိုင်ငံသို့ ပြန်ကြွလာပြီး မထေရ်ကြီးများထံမှာ ရဟန်းပြုကြပါတယ်။ မြန်မာနိုင်ငံမှ သံဃာ့ဂိုဏ်း နှစ်ဂိုဏ်းဟာ ယခုအခါ သီရိလင်္ကာနိုင်ငံမှာ ထင်ရှားရှိနေပါတယ် ဘုရား ဒါကြောင့်လည်း ဗုဒ္ဓဘာသာထွန်းကားရာ မြန်မာနိုင်ငံကို ထေရဝါဒသာသနာ ထိန်းသိမ်းရာနိုင်ငံအဖြစ် ကမ္ဘာကလေး စားကြပါတယ်ဘုရား။"

အထက်ပါ ရခိုင်ပြည်နှင့် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတို့၏ ထေရဝါဒ သာသနာရေးဆိုင်ရာ ဆက်ဆံရေးများကို အများသိရှိနိုင်စေရန် ကောက်နုတ်တင်ပြခြင်းသာဖြစ်ပါသည်။ ဤတင်ပြချက်မှာ လေ့လာတွေ့ရှိမှု အနည်းအကျဉ်းမျှလောက်ကိုသာ တင်ပြထားခြင်းဖြစ်ပြီး ရခိုင်သမိုင်းတင် ခေတ်ကြီး (၄)ခေတ်၏ ရှည်လျားပြီး နှစ်ထောင်ချီသော ကာလအတွင်း အခြားထူးခြားသည့် သမိုင်းဝင် သာသနာဆက်ဆံရေး အများအပြားပင် ရှိနေဦးမည် ဖြစ်ပါသည်။ ဤနေရာတွင် ရခိုင်ဘုရင့်နိုင်ငံတော် ကျဆုံးပြီး နောက်ပိုင်း၌လည်း ရခိုင်အမျိုးသား ရဟန်းသံဃာတော်များက အိန္ဒိယနိုင်ငံ၌ သာသနာပြုလုပ်ငန်းရပ်များကို ဆက်လက်တင်ပြလိုပါသေးသည်။

အသျှင်စန္ဒိမဏိ

အိန္ဒိယနိုင်ငံရှိ ဂေါတမဗုဒ္ဓဘုရားရှင်၏ ထေရဝါဒသာသနာတော်မှာ အဓမ္မဝါဒီတို့၏ ဖျက်ဆီးမှုကြောင့် ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ရပေသည်။ ဗုဒ္ဓသာသနာတော် စတင်ခဲ့ရာ မူရင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၌ သာသနာတော် ပြန်လည်ထွန်းကားလာရေးအတွက် ရခိုင်ပြည်၊ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ရမ်းချောင်းတိုက်နယ်၊ ပေါက်ပင်ကွင်းကျေးရွာ ဇာတိ ဖြစ်သော အသျှင်စန္ဒိမဏိ ဆရာတော်ကြီး

သည် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူခဲ့သည်။ အိန္ဒိယနိုင်ငံ အစိုးရက မိဂဒါဝုန်ကို ရှေးဟောင်းသုတေသနဌာနပိုင် မြေအဖြစ် မကြေညာသေးမီ ၁၉၀၅-ခုနှစ်ကပင် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် မြေနေရာရရှိရေး စီမံဆောင်ရွက်ခဲ့သည်။ ယင်းမြေနေရာမှာ မိဂဒါဝုန်နှင့် ဆက်စပ်နေပြီး ပုဒ္ဓဘုရားရှင် လက်ထက်တော်က နန္ဒိယသူဌေး လှူဒါန်းသည့် ကျောင်းတော်ရာနှင့် ကပ်၍နေပေသည်။ မိဂဒါဝုန်ကျောင်း တိုက်သစ်တွင်မူ ရခိုင် စေတနာသူဌေးကြီး ဦးမြထွန်းတို့ မိသားစုက လှူဒါန်းသည့် ကျောင်းတိုက်ကြီးသည်လည်း သူဌေးကြီးနန္ဒိယကို ကိုယ်စားပြုလျက် ရှိနေသည်ကို တွေ့ရမည် ဖြစ်ပေသည်။ ဆရာတော်ကြီးသည် ၁၉၀၈-ခုနှစ် ဧပြီလ (၁၆)ရက်နေ့တွင် မိဂဒါဝုန် ပုဒ္ဓဘာသာအဖွဲ့ကို တည်ထောင်တော်မူခဲ့သည်။ မင်းတုန်းမင်း၏အလှူ ဖြစ်သော ဇရပ်ကြီးအား မဟန့်တို့က အပိုင်စီးထားသည်ကို ပုဒ္ဓ

(Sri Lanka)

Most Venerable Chief Sangha Nayaka of Myanmar,
Venerable Members of Maha Sangha,
Rector, Venerable Sri,
Your Excellencies,
Distinguished guests,
Dear students,
Ladies and Gentlemen,

I consider it a privilege to be here to attend this historic occasion of inaugurating the International Theravada Buddhist Missionary University. This is the Red Letter Day in the history of Buddhist world when the Government of Myanmar is establishing a University which is the first and only one of its kind in the entire Theravada Buddhist world and which is a fulfillment of a long-felt need in the region. I wish the new university every success.

Let me thank sincerely organizers for giving Sri Lanka this opportunity to share the joy of being a partner to this important event and express the very best wishes for the project of Her Excellency Chandrika Bandaranaike Kumaratunga, President of the Democratic Socialist Republic of Sri Lanka, Hoa-Lakshman Jayakody, Minister of Buddha Sasana, Cultural and Religious Affairs and the people of Sri Lanka of whom the majority are Buddhists. As the Secretary to the Ministry of Buddha Sasana I give you the assurance of extending Sri Lanka's co-operation to this endeavour in whatever way the university seeks.

The cordial relationship particularly based on Buddhism, between Myanmar and Sri Lanka is at least 500 years old. Accordating to the Kalayani Inscription higher ordination of Sangha was sought for and brought into Myanmar from Sri Lanka during the 15th Century.


Subsequently during the reign of King Wimaladharmasooriya I, higher ordination of Sangha was taken to Sri Lanka from Myanmar as which was then known as Arakan. or Rekkhanga Desa (Rakhaing). Similarly, monks from Sri Lanka came to Myanmar and secured higher ordination from venerable monks of Myanmar. The two Myanmar Sects of sangha now we have in Sri Lanka have had their roots in Myanmar for which we are indebted to this great Buddhist country. The world respects Myanmar as a country, which has preserved Theravada Buddhism.

Buddhism will be the only doctrine that can face the challenges of the new millennium. It is necessary to produce a group of Dhammadutas who can take the timeless message of Buddha across the world.

We must appreciate the fact that now the enlightened academic and education communities all over the world, and especially in the West, have evinced a renewed interest in Buddhism and that their approach is primarily intellectual and incisive. Buddhism has never encouraged blind faith as we all are well aware of what the Tathagata said in the Kalama Sutra "Accept not because I say it or because your traditional teachers have said Analyse well and bring to bear your sense of criticism on anything you are taught and accept that alone which is consonance with reason and wisdom".

Today's world is not prepared to accept dogma. They seek the aid of reason and logic to test the validity of any proposition. And I boldly say that Buddhism can stand any such incise examination and

ထေရဝါဒဗုဒ္ဓသာသနာထိန်းသိမ်းကာကွယ်ရေးအဖွဲ့ မြန်မာနိုင်ငံအား တမ်ဘာတလေးစား ထေရဝါဒဗုဒ္ဓသာသနာလောကမြေပထမဆုံးနှင့် တစ်ခုတည်းသောတက္ကသိုလ်ဖြစ် ပြီးအဆိုးရွားဆုံးလိုဘ်သော လန်ဒန်မြို့ ဘာသိမ်ဘုရားကျောင်း



အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာ့ပြုတက္ကသိုလ်မဖွင့်ပွဲ အခမ်းအနားတွင် သီရိလင်္ကာသမ္မတနိုင်ငံခွဲ ဩစတေးရှားနေအထူးခန့် Mr. Nimal Samara Sundera သဝင်လာ ထောက်ခံစကားပြော (ဓာတ်ပုံ-ဦးဇော်ဝင်း)

ရန်ကုန် ဒီဇင်ဘာ ၉

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာ့ပြုတက္ကသိုလ်ဖွင့်လှစ်ပွဲ အခမ်းအနားတွင် သီရိလင်္ကာသမ္မတနိုင်ငံ ဩစတေးရှားနေအထူးခန့် ကျွန်းတိုက်ဆိုင်ရာ ရေးရာဝန်ကြီး Mr. Nimal Samara Sundera သဝင်လာ ထောက်ခံစကားပြောကြားခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးအမှူးပြုသော ဩဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ ပါမောက္ခချုပ် ဆရာတော် ဘုရားကြီးတို့ဘုရား။ ဧည့်သည်တော် များနှင့် စာသင်သားများဂုဏ်သရေရှိလှကြီးလှကောင်းများခင်ဗျား။

ယခုလို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာ့ပြု တက္ကသိုလ်ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက်ခြင်းဟာ အထူးအခွင့်အရေး တခုရပ်လို့ ယူဆပါတယ် ဘုရား။ ဒေသတွင်းမှာ အချိန်ကြာမြင့်စွာ ကတည်းက တောင့်တနေတဲ့လိုအပ်ချက် တစ်ခုကို ဖြည့်ဆည်းသလို ထေရဝါဒ ဗုဒ္ဓသာသနာလောက တစ်ခုလုံးမှာ ပထမဆုံးနဲ့ တစ်ခုတည်းသော တက္ကသိုလ်ကို မြန်မာအစိုးရက ဖွင့်လှစ်ပေးလိုက်တဲ့ ဒီနေ့ဟာ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဂုဏ်မာသမိုင်းမှာ နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်ပါတယ်။ အရှေ့ မွန်လှန်လိုက်တဲ့ တက္ကသိုလ်ကြီး အဝေး ဆောင်မြင့်ပါဆယ်ကြောင်း ဆုမွန်ကောင်းဆောင်းလိုက်ပါတယ်ဘုရား။

အခုလို အရေးပါတဲ့ အခမ်းအနားသို့ တက်ရောက်ပြီး ပိတ်သောမနုဿမျှဝေခံစားရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်များကို ဂုဏ်သားမွှာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ဒီကိစ္စနဲ့ ပတ်သက်ပြီး သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီး ချန်ဒရိကာ ကမ္ဘာနိုက်ကေး ကုမာရတွန်ဂါ၊ ဗုဒ္ဓသာသနာ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးရာဝန်ကြီး လက်စမန်ဂျာယာကို ဒီနှင့်တကွ ဗုဒ္ဓ ဘာသာဝင် အများစု ဖြစ်ကြတဲ့ သီရိလင်္ကာ ပြည်သူတို့က အစစ အဆင်ပြေအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ကြတဲ့အကြောင်းစကားလက်ဆောင်ပါးလိုက်ကြပါတယ် ဘုရား။ ဒီတက္ကသိုလ်ကြီးနဲ့ ပတ်သက်လို့ သီရိလင်္ကာနိုင်ငံက ဂုဏ်ယူဝင်းဆောင်ရွက်ပါမည်ဆိုသည်ကို သာသနာရေးရာနှင့်ကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယဒါရိုက်တာဦးသန်းထွန်းက ဆိုတဲ့ကိစ္စအတွက် တယ်လီဖုန်းကြိုဆိုတန်ဖိုးထားကြရမှာဖြစ်ပါတယ် ဘုရား။ ဗုဒ္ဓဘာသာဟာ ရှမ်းသမိုင်းယဉ်ကြည့်ရှိ အားမလေးပါဘူး။ ကာလမသုတ်မှာ တထွာတားမြစ်ကြားခဲ့သလို "ကျွန်ုပ်ပြောကြားလည်းမယုံနဲ့ ဆရာသမားများပြောသည်ဆိုရုံဖြင့်လည်းမယုံနဲ့ ကိုယ့်ဉာဏ်နှင့်ကိုယ် စေးဆေးနှိုးပြီး ယုတ္တိရေးရှုပ်ရဲ့ ဘုရားပညာဖြင့်ဆုံးဖြတ်ပြီးမှလက်ခံ" ဟူသောဩဝါဒကိုတပည့်တော်တို့ကောင်စွာမှတ်မိနေပါတယ်ဘုရား။

မျက်မှောက်ကမ္ဘာကြီးကတော ရှားသော ဝါဒကိုလက်ခံနေတော့ပါဘုရား။ ဤသည်အကြောင်းကိုဥတစ်ခုပဲပြုကိုဆုံးဖြတ်ရန်အကြောင်းမပြည့်စုံရဲရဲကြီး လျှောက်ထားအပ်ပါတယ်ဘုရား။ သုတ္တန်တွေမှာမြတ်စွာဘုရားသက်တော်ဆင်ရှာရှိဝဉ်က ဖဲသလိုယောကြားခဲ့တဲ့ဓာတ်တော်ဆယ်ပါးအပြည့်ပါပါတယ်။ အားသာပြီး ဆုတ်ယုတ်လွယ်လွယ်ကူကူမရှိတဲ့ ဓမ္မရှုတ ပို့သင်ပါတယ်ဘုရား။

ဒါ့ကြောင့် ဤအပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာ့ပြုတက္ကသိုလ်ကြီးအနေနဲ့ ဗုဒ္ဓတရားပြန့်ပြောရာမှာ ချဉ်းကပ်မှုအသစ်ဖြင့်အောင်မြင်သော ပထမဆုံးသောရေ့ဆောက်ပြုးတက္ကသိုလ်ကြီးဖြစ်ပါစေဟု မျှော်လင့်ဆုမွန်ကောင်းတောင်းအပ်ပါတယ်ဘုရား။ ကျေးဇူးတင်ပါတယ်။

သတ္တဝါအားလုံး ချမ်းမြေ့ပျော်ရွှင်ပါစေး

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(သဃင်းစဉ်)

ဘာသာဝင်များက ပြန်လည် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အတွက် ၁၉၀၉-ခုနှစ် ဧပြီလ(၅) ရက်နေ့တွင် သီဟိုဠ်နိုင်ငံသား အနာဂါရိကဓမ္မပါလနှင့်အတူ သီပေါမင်းရှိရာ ရတနာဂိရိမြို့သို့ ကြွရောက်တော်မူပြီး တရားရုံးတော်ဆိုင်ရာ အထောက်အထားများကို ညှိနှိုင်းဆွေးနွေးတော်မူကြသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းဂန် စာပေများ ပြန်လည် ပေါ်ပေါက်ထွန်းကားလာရေးအတွက် ၁၉၀၉-ခုနှစ် အတွင်း ဓမ္မပဒပါဠိတော်ကို ဟိန္ဒီဘာသာသို့ ပြန်ဆိုရေးသားထုတ်ဝေခဲ့သည်။ သောရောဒယကျမ်းနှင့် အဋ္ဌနိဒါန်းဆေးကျမ်းကြီးတို့ကို သင်္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုတော်မူခဲ့ပြီး မဟာသတိပဋ္ဌာနသုတ်၊ အနတ္တလက္ခဏသုတ်၊ သိဂၤီတိသုတ် တို့ကိုလည်း ပါဠိဘာသာမှ ဟိန္ဒီဘာသာနှင့် သင်္ကတဘာသာတို့သို့ ပြန်ဆိုရေးသားတော်မူခဲ့သည်။ ဆရာတော်ကြီး၏ ဟိန္ဒီဘာသာဖြင့် ရေးသားတော်မူခဲ့သော ဗုဒ္ဓဘာသာကျမ်းစာများ၊ မှတ်တမ်းများနှင့် ဂျာနယ်များ ကြောင့် ဟိန္ဒူဘာသာဝင်များသည် ဗုဒ္ဓဝါဒကို စိတ်ဝင်စားလာ ကြသည်။ ၁၉၁၀-ခုနှစ်တွင် ရခိုင်ပြည်၊ စစ်တွေမြို့၊ သင်္ဃာစု ရပ်ကွက်မှ ဦးမြထွန်းတို့မိသားစုက မိဂဒါဝုန်ကျောင်း တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းသည်။ မိဂဒါဝုန် သာသနာပြုအဖွဲ့ခွဲကို ထူထောင်ပြီး တူတော် အသျှင်ကိတ္တိမာ အား ကျောင်းတိုက်ကို လွှဲအပ်ပေးသည်။ မိဂဒါဝုန် ဗုဒ္ဓဘာသာ အဖွဲ့သည် ပိဋကတ်သုံးပုံကို ဟိန္ဒီဘာသာသို့ ပြန်ဆိုပြီး မြန်မာ ဘာသာဖြင့် ကျမ်းစာအချို့ကို ထုတ်ဝေခဲ့သည်။ ၁၉၂၀-ခုနှစ် တွင် ကုသိနာရုံဆရာတော်ကြီး အသျှင်မဟာဝီရ ပျံလွန်တော်မူသဖြင့် အသျှင်စန္ဒြမဏိက ကျောင်းတိုက်တစ်ခုလုံးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ ၁၈၇၇-ခုနှစ်က အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနမှ တွေ့ရှိခဲ့သော ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့် နေရာကို ထိန်းသိမ်းစောင့်ရှောက်တော်မူသည်။ ၁၉၂၄-ခုနှစ်တွင် မဟာဗောဓိပင်အောက်၌ မြတ်စွာဘုရားရှင် သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူသည့် အထိမ်းအမှတ်အနေ ဖြင့် ကဆုန်လပြည့်နေ့မှ နယုန်လပြည့်နေ့အထိ တစ်လကြာ ဗောဓိညောင်ပင်ကြီးအား ရေသွန်းပွဲတော်ကို စတင်ကျင်းပသည်။ ဆရာတော်ကြီးသည် ၁၉၃၀-ခုနှစ်တွင် မဇ္ဈိမဒေသ သံဃအဖွဲ့ကို ဖွဲ့စည်းပြီး၊ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတော်များအားလုံး အဖွဲ့တွင် ပါဝင်ကြရန် နှိုးဆော်တော်မူသည်။ ဆရာတော်ကြီးမှာ အိန္ဒိယနိုင်ငံသား မဟုတ်သဖြင့် အသင်းအဖွဲ့ ထူထောင်ခြင်းကို အိန္ဒိယအစိုးရက လက်ခံမည် မဟုတ်သောကြောင့် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူခဲ့ရသည်။

ဆရာတော်ကြီးသည် ၁၉၅၄-ခုနှစ်တွင် အိန္ဒိယအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ပရိနိဗ္ဗာန စေတီတော်မြတ်ကို ပြုပြင်တော်မူပြီး လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်မြတ်ကြီး သီတင်းသုံးရန် ဂူကျောင်းတော်ကို တည်ဆောက်သည်။

ဆရာတော်ကြီးသည် ၁၉၅၄-ခုနှစ် မေလ (၁၇) ရက်နေ့ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည့် ဆဋ္ဌသံဂါယနာတင်ပွဲတော်သို့ အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်အဖြစ် ကြွရောက်တော်မူကာ ဖွင့်ပွဲအခမ်းအနားတွင် သန္နေသကထာကို ဟိန္ဒီဘာသာဖြင့် မွှက်ကြားတော်မူခဲ့သည်။ ၁၉၅၅-ခုနှစ်တွင် နီပေါနိုင်ငံ ကာဌမဏ္ဍု (ခတ္တမန္ဒု)မြို့၌ နီပေါဘုရင်မင်းမြတ်ကိုယ်တိုင် ဦးစီးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်များ အစည်းအဝေးသို့ ကြွရောက် ချီးမြှင့်တော်မူခဲ့သည်။ နီပေါနိုင်ငံရှိ ရဟန်းသံဃာ သီလရှင် (သာသနာ့နွယ်ဝင်) များမှာ ဆရာတော်ကြီး၏ တပည့်များနှင့် ယင်းတို့၏ အနွယ်ဝင်များပင် ဖြစ်ကြလေသည်။ ဆရာတော်ကြီးသည် ၁၉၅၆ -ခုနှစ်တွင် ဗုဒ္ဓသာသနာတော် နှစ် (၂၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဇယန္တီပွဲတော်ကို စတင်ကျင်းပပြီး အိန္ဒိယအစိုးရ၏ ထောက်ပံ့မှုဖြင့် ဗုဒ္ဓဇယန္တီပွဲတော်ကို အခြားနေရာများသို့ပြန့်နှံ့ကျင်းပလာအောင် ဆောင်ရွက်တော်မူခဲ့ရာ ယခုတိုင် အိန္ဒိယနိုင်ငံနေရာအနှံ့အပြား၌ ကျင်းပနေဆဲဖြစ်ပေသည်။ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ အခြေခံများကို ကောင်းမွန်စွာ ပြန်လည်တည်ထားနိုင်ရန်အတွက် ဗုဒ္ဓဘာသာအဖွဲ့များ ရပ်တည်နိုင်ရန်အလို့ငှာ သာသနာ့လယ်ယာ(၈၄)ဧက ကျော်ကို ဖော်ထုတ်ခဲ့သည်။ ကုသိနာရုံအခလွတ်မူလတန်းကျောင်းမှအစပြု၍ ကုသိနာရုံ ဒီဂရီကောလိပ်ဖြစ်မြောက်အောင်အထိ တည်ထောင်နိုင်ခဲ့ပေသည်။ အိန္ဒိယနိုင်ငံ တရားရေးဝန်ကြီး၊ ဥပဒေပါရဂူ (Dr.Ambedkar ဒေါက်တာ အမ်ဘေဒကာနှင့် ဇနီး မိသားစု အပါအဝင် သိန်းပေါင်းများစွာသော ဟိန္ဒူဘာသာဝင်များအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းစေနိုင်ခဲ့သည်။ ဆရာတော်ကြီးသည် မြောက်များလှစွာသော သာသနာပြုလုပ်ငန်းများကို ဇွဲသတ္တိအပြည့်ဖြင့် မတုန်မလှုပ် ဆောင်ရွက်တော်မူခဲ့သဖြင့် အိန္ဒိယနိုင်ငံသားတို့က ဆရာတော်ကြီးအား အသျှင် စန္ဒြမဏိဘာဘာ ဟု

ချစ်မြတ်နိုးဖွယ် ခေါ်ဝေါ်ကြသည်။ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံတော်၏ "ရှေးဦး သာသနာ့အာဇာနည်" ပုဂ္ဂိုလ် ထူးကြီး တစ်ပါးလည်း ဖြစ်သည်။ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံးသော ဂုရုဂုရုမဟာဂုရု ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့သည်။


ဤသို့ ဗုဒ္ဓဘုရားပွင့်တော်မူရာဌာနဒွိ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်မြတ်ကြီး ပြန်လည် စည်ပင် ထွန်းကားလာအောင် ဆောင်ရွက်တော်မူခဲ့သော အသျှင်စန္ဒြမဏိ ဆရာတော်ကြီးသည်ကား ၁၉၇၂-ခုနှစ်မေလ (၈) ရက်နေ့ သက်တော် (၉၇)နှစ်တွင် ဘဝနတ်နန်း စံမြန်းတော်မူခဲ့လေသည်။ ဆရာတော်ကြီး ပျံလွန်တော်မူသွားသဖြင့် အိန္ဒိယနိုင်ငံတော်ရှိ ပါလီမန်နှစ်ရပ်စလုံးက ဆရာတော်ကြီး ပျံလွန်တော်မူသည့် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပြုလုပ်ကြပြီးလျှင် ကမ္ဘာ့နိုင်ငံ ပေါင်း(၃၂)နိုင်ငံတို့မှ ဝမ်းနည်းကြောင်း ကြေးနန်းစာ(၅၆၉) စောင်၊ ရိုးရိုးစာ(၇၀၉)စောင်တို့ကို ပေးပို့ခဲ့ကြသည့်အပြင် နိုင်ငံတကာသတင်းစာများကလည်း ဆရာတော်ကြီး ပျံလွန်တော်မူခြင်းအတွက် ဝမ်းနည်းခြင်း အမှတ်တရဆောင်းပါးများကို ရေးသားပူဇော် ဂုဏ်ပြုခဲ့ကြပေသည်။

အသျှင်ကိုတ္တိမာ

အသျှင်ကိုတ္တိမာသည် ဆရာတော်ကြီး အသျှင်စန္ဒြမဏိ၏နှမ မိနှင်းညို၏သား တူအရင်း ဖြစ်သည်။ ရခိုင်ပြည်၊ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ရုပ်ချောင်းကျေးရွာဇာတိ ဖြစ်သည်။ ၁၉၂၁- ခုနှစ်တွင် အသျှင်စန္ဒြမဏိက အသျှင်ကိုတ္တိမာအား အိန္ဒိယနိုင်ငံသို့ခေါ်ယူပြီး မိမိထံပါးဌ အသျှင်ကိုတ္တိမာအား နာဂရီဘာသာကို သင်ကြားပေးပြီး Lucknow, Haridwa, Laho မြို့များတွင် ပညာဆက်လက် သင်ကြားစေသည်။ အသျှင်ကိုတ္တိမာသည် ၁၉၂၄-ခုနှစ်တွင် ဟိန္ဒီ၊ သက္ကတ၊ပါဠိနှင့် အင်္ဂလိပ်ဘာသာရပ်များကို Gorakhpur ၌ လေ့လာ သင်ကြားခဲ့သည်။ ၁၉၀၈-ခုနှစ်တွင်မဂဒါဝုန် ဗုဒ္ဓဘာသာအဖွဲ့ကို အသျှင်စန္ဒြမဏိ၏ ဦးဆောင်မှုဖြင့် တည်ထောင်ပြီးနောက်၊ အသျှင်ကိုတ္တိမာသည် မဟာဝိဇ္ဇာဝိသိမ်၊ သဒ္ဓမ္မရံသီ ပိဋကတ်စာကြည့်တိုက်နှင့် ဓမ္မစက္ကဝိဟာရကျောင်းတော်ကို တည်ထောင်ခဲ့သည်။ အသျှင်ကိုတ္တိမာသည် ဘာသာစကားအမျိုးမျိုးကို တတ်ကျွမ်းတော်မူသည့်အပြင် သာသနာဝင်၊ ရာဇဝင်၊ ဗောဓိဝင်၊ ဒီပဝင် စသော ရှေးဟောင်းကျောက်စာသမိုင်းနှင့် မှတ်တမ်းများကိုပါ ကြည့်ရှုမှတ်သား နိုင်သော ဒေသန္တရ၊ ဂန္ထန္တရ ဗဟုသုတနှင့် ပြည့်စုံသည်။

၁၉၂၈-ခုနှစ်တွင် မိဂဒါဝုန် ဓမ္မစက္က ဝိဟာရကို တာဝန်ယူ အုပ်ချုပ်ရသည်။ ဒုတိယမြောက် မိဂဒါဝုန် ဆရာတော်ဖြစ်သည်။ ဆရာတော်သည် မဟာဗောဓိစေတီတော်မြတ်ကြီးအား မဟန္တများ လက်ထဲမှ ဗုဒ္ဓဘာသာဝင်များ လက်ထဲသို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ချက် သမိုင်းရာဇဝင်ကို စနစ်တကျ ဖော်ပြထားသည့် "မဟာဗောဓုပ္ပတ္တိကထာကျမ်း" ကို ၁၉၃၈-ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ မဇ္ဈိမဗုဒ္ဓသာသနာ၏အရေးကြီးသော မိလိန္ဒပဉ္ဉာပါဠိတော်အား ဟိန္ဒူဘာသာပြန်ကျမ်းအဖြစ် ထုတ်ဝေခဲ့သည်။ သဇ္ဇထ္ထပကာသကျမ်း၊ ရာမာယဏကျမ်းများသည်လည်း ကျမ်းကြီးကျမ်းခိုင်များ ဖြစ်ကြသည်။ မြန်မာနိုင်ငံ ဟိန္ဒူအဖွဲ့ချုပ်မှ ထုတ်ဝေသော ဝါလမိကီ၏မူရင်း ရာမာယဏသက္ကတ မြန်မာပြန် ခြောက်တွဲသည် အသျှင်ကိုတ္တိမာ၏ ကြိုးပမ်းအားထုတ်ချက်ပင် ဖြစ်သည်။ ဆရာတော်သည် သူရိယနှင့် တိုးတက်ရေးဆောင်းပါးများကအစ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေး၊ စာပေရေး ဘက်စုံပါဝင်သည့် ကျမ်းပေါင်း (၂၀) နီးပါးမျှ ရေးသားပြုစုခဲ့သည်။ ပိဋကတ်တော်ထဲမှ တချို့သုတ်များကို ဟိန္ဒီဘာသာသို့ ပြန်ဆိုသည်။ ဟိန္ဒီဘာသာပြန်များနှင့်အတူ ကိုယ်ပိုင်ရေး ဟိန္ဒီစာအုပ်တစ်အုပ်လည်း ထုတ်ဝေခဲ့သေးသည်။

ဆရာတော်၏ သာသနာဆိုင်ရာ ဇာတိမာန်တစ်ခုမှာ ဒုတိယကမ္ဘာစစ် မဖြစ်မီကာလက ရာဟုလာသံကိစ္စသည် တတိယအကြိမ် တိပဋကမှ ပြန်ကြွလာစဉ် ဗာရာဏသီ ကာသိဝိဒျာပီဌ တက္ကသိုလ်မှ ရာဟုလာသံကိစ္စအား "မဟာပဏ္ဍိတ" ဘွဲ့ပေးတော်မူရာ အခမ်းအနား၌ ရာဟုလာ သံကိစ္စသည်းက မိန့်ခွန်းပြောကြားသည်။ ယင်းမိန့်ခွန်းကို ဣန္ဒိယာရမန်သျှာစတရီ ဆိုသူက ဗုဒ္ဓဘာသာကို ဆန့်ကျင် ပြက်ရယ်ပြုသည်။ အသျှင်ကိုတ္တိမာသည် ချက်ချင်းပင် စာတမ်းတစ်စောင်ရေးသားပြီး ထိုပုဂ္ဂိုလ်ကို တုန့်ပြန်လိုက်ရာ ထိုပုဂ္ဂိုလ်သည် နာမည်ကျော် ဗုဒ္ဓဘာသာပညာရှင် ကောသမ္ဗီကို ခေါ်လာခဲ့ပြီး အသျှင်ကိုတ္တိမာ ကို ဝန်ချတောင်းပန်လာရ သည်။ ၁၉၅၄-ခုနှစ်(ကဆုန် လပြည့်နေ့) မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည့် ဆဋ္ဌသံဂါယနာ တင်ပွဲတော်သို့ ကြွရောက်ပြီး အသျှင် စန္ဒြမဏိ ဟိန္ဒီဘာသာ ဖြင့် အခမ်းအနားဖွင့် သန္နေသကထာ မိန့်ကြားတော်မူသည်ကို မြန်မာဘာသာသို့ ပြန်ဆိုပေးတော်မူခဲ့သည်။



ARAKAN ရက္စသူဒေသနှင့် အိန္ဒိယ သီဟိဠ် သာသနာ ဆက်ဆံရေးပြ မြေပုံ

အသျှင်တိက္ခိန္ဒြိယ

အသျှင်တိက္ခိန္ဒြိယကို ရခိုင်ပြည်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ မယူကမ်း၊ လောင်းချောင်း ကျေးရွာတွင် မွေးဖွားသည်။ ရခိုင်ပြည်နှင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ဗုဒ္ဓစာပေများကို သင်ကြားခဲ့ပြီး အမျိုးဘာသာသာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဖက်ဆစ်ဂျပန်များ ရခိုင်ပြည်သို့ ဝင်ရောက်စဉ် ဆရာတော်သည် ဂျပန်စာရေးတတ်၊ ဖတ်တတ်၊ ပြောတတ်သဖြင့် ဂျပန်အရာရှိများ၏ ယုံကြည်လေးစားမှုကို ခံရပြီး မိမိဒေသအတွင်း မတရားမှုများကို ကာကွယ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းကြောင့် ဆရာတော်အား ဂျပန်ဘုန်းကြီးဟုပင် ခေါ်ကြသည်။ ၁၉၄၀-ခုနှစ်က ကုလား-ရခိုင် အဓိကရုဏ်းဖြစ်ပွားရာ မတရားခိုးဝင် လာသည့် ဘင်္ဂလီကုလားများကို နှင်ထုတ်နိုင်ရန် ရခိုင်အမျိုးသားများအား ထုံးမန်းသုတ်ပြီး ဇာတိသွေးမာန် တက်အောင် ဆောင်ရွက်ပေးခဲ့သည်။ ဗြိတိသျှအစိုးရ တက်လာသည့်အခါ အင်္ဂလိပ်တို့၏ ထောက်လှမ်းမှုကို ခံရသဖြင့် လည်းကောင်း၊ အသျှင်စန္ဒြမဏိ၏ ဖိတ်ခေါ်ချက်အရ လည်းကောင်း အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူခဲ့ပြီး ဆရာတော်ကြီး အသျှင်တိုင်ပင်လျက် ဗုဒ္ဓသာသနာ အရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။ ဟိန္ဒီ၊သင်္ကတ၊ ပါဠိဘာသာများကို ကျွမ်းကျင်တော်မူပြီး ဘာသာရေးဆိုင်ရာ ကျမ်းဂန်စာအုပ်များကိုလည်း ရေးသားခဲ့သည်။ ဆရာတော်သည် လောကီ လောကုတ္တရာ နှစ်ပါးလုံး၌ ကျွမ်းကျင်တော်မူသည်။ ဆရာတော်မှာ အသျှင်ကိတ္တိမာ ပုံလွန်တော်ပြီးနောက် တတိယမြောက် မိဂဒါဝုန် ဆရာတော်အဖြစ် တာဝန်ယူ သီတင်းသုံးတော် မူခဲ့ရသည်။

အသျှင်ဝဏ္ဏဓဇ

ရခိုင်ပြည်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ကြံတောကျေးရွာ၌ မွေးဖွားသည်။ ၁၉၇၅- ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီး ထရိပူရ ပြည်နယ်တွင် (၂)နှစ် သာသနာပြုသည်။ ၁၉၇၇-ခုနှစ်တွင် ကုသိနာရုံကျောင်းသို့ ရောက်ရှိပညာသင်ကြားသည်။ ၁၉၈၂-ခုနှစ်တွင် ဗာရာဏသီမြို့ Sampurnanand Sanskrit University မှ Buddhist Philosophy (Sanskrit) ဘာသာဖြင့် (M.A.)ဘွဲ့ကို ရရှိသည်။ အသျှင်ကိတ္တိမာ၊ အသျှင်တိက္ခိန္ဒြိယနှင့် ကုသိနာရုံဆရာတော် အသျှင်ဉာဏိသရတို့၏ ခိုးမြောက်မှုဖြင့် မိဂဒါဝုန်ကျောင်း

တိုက်၏ စတုတ္ထမြောက် ကျောင်းထိုင်ဆရာတော်အဖြစ် ၁၉၈၇-ခုနှစ် ဇူလိုင်လမှစ၍ တာဝန်ယူသီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်သည် ဆရာတော်ကြီးများတည် ထောင်တော်မူခဲ့သော မမွစက္ကဝိဟာရကျောင်းတိုက် အတွင်းအပြင် ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့အသစ်တည်ဆောက်ခြင်းများကို ဆောင်ရွက်တော်မူသည့်အပြင် ၂၀၀၀ ခုနှစ်တွင် သက်ဿနဂိုရ် အရပ်၌ သက္ကနိမ္မိတာရုံ ကျောင်းတိုက်ကို တည်ထောင်သည်။ ၂၀၀၁-ခုနှစ်တွင် ဦးစန္ဒြမဏိဖောင်ဒေးရှင်းကို ဦးစီး တည် ထောင်ဖွဲ့စည်းပြီး အသျှင်စန္ဒြမဏိ အထိမ်းအမှတ် အထက်တန်းကျောင်းသစ်ကြီး (U Cahndramani Memorial High School)ကို ဖွင့်လှစ်သည်။ ၂၀၀၂ -ခုနှစ်တွင် ဝေဿလီ၌ ကူဋာဂါရ ဝိဟာရကို တည်ထောင်တော်မူပြီး ၂၀၀၃-ခုနှစ် တွင် မိဂဒါဝုန်ပြတိုက်မှ Munari အရပ်ထိ (၈)ကီလိုမီတာ ရှည်သောလမ်းကို(Chandramani Road)လမ်းအမည်သို့ ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ ၁၉၇၇-ခုနှစ်တွင် မိမိ မွေးရပ်မြေ ဖြစ်သော မင်းပြားမြို့နယ်၊ ကြံတောကျေးရွာ၌ အလယ်တန်း ကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်း ခဲ့ပြီး ယခုအခါ ဆရာတော်သည်၊ အိန္ဒိယနိုင်ငံရောက် မြန်မာ ရဟန်းတော်များ(ပရဒေသိသံဃနာယကအဖွဲ့)၌ အကျိုး တော်ဆောင်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူ လျက် ရှိပါသည်။

အသျှင်ဉာဏိသရ

ရခိုင်ပြည်၊ စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ငဇင်ရိုင်း ချောင်း၊ ဇီးပင်ကြီးကျေးရွာ၌ မွေးဖွားသည်။ ၁၉၆၃- ခုနှစ်တွင် အသျှင်စန္ဒြမဏိ၏ ဖိတ်ခေါ်ချက်အရ ကုသိနာရုံသို့ ရောက်ရှိ ပြီး ပုဒ္ဓဘာသာ စာပေများကို လေ့လာသည်။ (B.A)ဘွဲ့၊ (M.A) (သမိုင်း)ဘွဲ့၊ (Ph.D (Pali Sahitro-ratana))ဘွဲ့တို့ကို ရရှိတော်မူသည်။ ဆရာတော်သည် (Tibetan) ဒီပလိုမာ၊ LLB(Law) နှင့် (BAMS) (ရိုးရာဆေးပညာ)ဘွဲ့တို့ကိုပါ ရရှိခဲ့သည်။ ၁၉၆၉-ခုနှစ်တွင် ကုသိနာရုံကျောင်းကို အသျှင် စန္ဒြမဏိက လွှဲအပ်ပေးသည်။ ဆရာတော်သည် အသျှင် စန္ဒြမဏိ အခလွတ် ပညာသင်ကျောင်း၊ ပုဒ္ဓတက္ကသိုလ် ယသောဓရာ မိန်းကလေးကျောင်းများကို တာဝန်ယူစီမံ ဆောင်ရွက်ပြီး ကုသိနာရုံတစ်ဝိုက်ရှိ ဇာတ်နိမ့်များအတွက် ပညာပေးအစီအစဉ်များကို ပြုလုပ်ပေးလျက် ရှိသည်။ ဆရာတော်သည် အိန္ဒိယပြည်လုံးဆိုင်ရာ သံဃအသင်း၊ ပုဒ္ဓ ဘာသာ လူငယ်များအသင်းတို့၏ နာယကချုပ် ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ပုဒ္ဓဘာသာအစည်းအဝေးများသို့ တက် ရောက် မိန့်ခွန်းမြွက်ကြားခဲ့သည်။

အသျှင်ဥတ္တမ

ရခိုင်ပြည်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၌ မွေးဖွားသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရက ပူးတွဲ အုပ်ချုပ်စဉ်၌ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ဦးဆောင် အလင်းပြခဲ့သည့် သာသနာ့အာဇာနည်ဖြစ်သည်။ အိန္ဒိယ၌ ကွန်ဂရက် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ပြီး ပုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားလာရေးအတွက် ဆောင်ရွက်တော်မူခဲ့သည်။ ဟိန္ဒီကဗျာ ဆရာပဏ္ဍိတ(Kalyan Dutt Dube)က ဆရာတော်အား ဂုဏ်ပြုခဲ့ကျူးသောအား ဖြင့် အောက်ပါအတိုင်း ကဗျာစပ်ဆို ဂုဏ်ပြုခဲ့သည်ကို ဆရာကြီးဂိုအင်ကာနှင့် ကျောင်းသား(၆)ယောက်တို့က လူထု စည်းဝေးပွဲများတွင် သီဆိုခဲ့ရကြောင်း Sayagyi U Ba Khin Journal တွင် ရေးသားဖော်ပြခဲ့သည်။

အသင်သည်
ထူးကဲသော ဥတ္တမ
ထိုနည်းတူ
အကျွန်ုပ်တို့လည်း
ဥတ္တမ ဖြစ်ပါစေ

သာကီနွယ်ဖွား ရခိုင်သာသနာ့အာဇာနည်များ

ထေရဝါဒ ပုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားရေး အတွက် ရှေးရခိုင်ဘုရင်မင်းမြတ်အဆက်ဆက်က လည်း ကောင်း၊ မြောက်ဦးခေတ် နောက်ပိုင်းကာလများ၌ လည်း ကောင်း ရခိုင်တို့၏ပုဒ္ဓသာသနာတော်အပေါ် ထိန်းသိမ်း စောင့်ရှောက်မှုလုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်ပါက ဘုရားရှင်ပွင့်တော်မူရာ မူရင်း မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ သာသနာပျောက်ကွယ်လုဖြစ်နေသည်ကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် သီဟိုဠ်နိုင်ငံ၌ သာသနာ ပျောက်ကွယ် လုဖြစ်နေသည်ကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့် လည်း ရခိုင်သာသနာသည် ပျောက်ကွယ်နေသော အိန္ဒိယ သာသနာနှင့် ပျောက်ကွယ်လုနီးဖြစ်နေသော သီဟိုဠ်

(သီရိလင်္ကာ) နိုင်ငံ သာသနာတို့ကို မပျောက်ကွယ် မပျက်စီး ရလေအောင် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်နိုင်ခဲ့သည် ဟု ဆိုနိုင်ပေသည်။ ဆိုလည်း ဆိုရပေမည်။

ဤသို့ သမိုင်းကပြောနေသော ရခိုင်သာသနာတော်၏ တာဝန် (သို့မဟုတ်) ရခိုင်သံဃာတော် အရှင်သူမြတ်များ၏ လက်ရှိ အမျိုးသားရေးတာဝန်မှာ ဖော်ထုတ်ရရှိထားသော သမိုင်းစာပေ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် သမိုင်းရာဇဝင်၊ ကျမ်းဂန်၊ ကျောက်စာ၊ ပေစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ ကြေးနီပြားစာ၊ဒင်္ဂါးစာ၊ ကဗျာ၊လင်္ကာ မော်ကွန်း ရတုစာများက ပြောပြနေသော သမိုင်း စာပေ ယဉ်ကျေးမှုများကို ဖော်ထုတ်ရန်ဟု ယုံကြည်ပါသည်။ ပညာရှင်များ ဖြစ်တော်မူကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ် သုတေသီကြီးများသည် ရခိုင်ပြည်၏ ထေရဝါဒ သမိုင်းစဉ်များကို ပြန်လည်လေ့လာသုံးသပ်လျက် ဖော်ထုတ် ရန်လိုအပ်ချက်များကို ဖော်ထုတ်ပြီး၊ ထိန်းသိမ်းရန် လိုအပ် သည်များကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သက်ဆိုင်ရာဌာန များနှင့် ညှိနှိုင်းကာ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းများအဖြစ် ထိန်းသိမ်းဆောင်ရွက်သင့်သည် ဟု ယူဆပါသည်။ အထူး သဖြင့် ရခိုင်ပြည်နှင့် အိန္ဒိယနိုင်ငံ၊ ရခိုင်ပြည်နှင့် သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံတို့၏ ထေရဝါဒဗုဒ္ဓသာသနာ ဆက်ဆံရေး သမိုင်းမှတ်တိုင်ကြီးကို အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံတော်များ၌ သာသနာပြုရင်းလည်းကောင်း၊ ပညာသင် ကြားရင်းလည်းကောင်း၊ သုတေသနပြုရင်းလည်းကောင်း သီတင်းသုံးတော်မူပြီး အမျိုးသီလ နှစ်ဌာနကို စောင့်ထိန်း လျက်ရှိတော်မူကြသည့် ရခိုင်သံဃာတော်ပညာရှင်ကြီးများ ကဲ့ဆောင်လျက် ကြီးပမ်းစီစဉ်ဆောင်ရွက်သွားသင့်ပါ ကြောင်း၊ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးခေတ် ကြီး (၄)ခေတ်မှ သာသနာပြု မင်းကောင်းမင်းမြတ်များ၊ သာသနာပိုင် ဆရာတော်ကြီးများနှင့်တကွ ဆရာတော်ကြီး အသျှင်စန္ဒိမဇောတိမဟာထေရ်မြတ်ကြီး၏ ကုသိနာရုံ၊ မိဂဒါဝုန် တို့ကို သက်သေပြုလျက် တင်ပြလိုက်ရပါသတည်း။

သမိုင်းရှင်(မြောက်ဦး)

ကိုးကား

(၁) ရခိုင်ရာဇဝင် (ဦးအောင်သာဦး- ဘီအေ)

(၂) ဗုဒ္ဓသာသနာတော်နှင့်ရက္ခိုင်ပြည် (ဦးအောင်သာဦး-ဘီအေ၊ ဘီအီးအက်စ်)

(၃) ရခိုင်သမိုင်းခေတ်ကာလပိုင်းခြားမှု မြေကြီးက သက်သေ တည်သရွေ့ (ဦးရွှေဇံ)

(၄) ရခိုင်သဟာယအသင်းမဂ္ဂဇင်း(ရန်ကုန်) အမှတ်(၃)

(၅) ရခိုင်သဟာယအသင်းမဂ္ဂဇင်း(ရန်ကုန်) အမှတ်(၄)

(၆) မြောက်ဦးမြို့ ရတနာစံဦးတိုက် ရတနာ့မာန်အောင်တောရ ဓမ္မရိပ်သာ (၁၀)နှစ်ခရီး ဓမ္မဒူတစာစောင် (၁၉၉၉ခု)

(၇) ရခိုင်ရိုးမ မဂ္ဂဇင်းအမှတ်(၄)၊၂၀၀၃ခု မတ်လထုတ်။

ကောဇာသက္ကရာဇ် ၄၆၈-ခုနှစ် ရေးထိုးခဲ့သော ရခိုင်မင်းကျောက်စာ(မြန်မာပြန်)

ဘုရားသခင် သာသနာ ၂၁၈ လွန်လေပြီးသောအခါ၌။ ဇမ္ဗူဒီပ်ကျွန်းကို အစိုးရသော သီရိဓမ္မာသောက မည်သော မင်းကြီး စေတီ ရှစ်သောင်းလေးထောင် အနက်၌၊ ဆွမ်းတော်ဘုဉ်းပေးရာ ပါယာသဘတ်ကို အခါလေးမြင့် ပျက်၍ပြင်သော သခင်ပင့်သကူကြီး တယောက်။ ထိုပြီးတချက် ပျက်ခဲ့ရကား သတိုးမင်း ပြု၏။ ထိုပြီးတချက် ပျက်ခဲ့တုံရကား၊ ဆင်ဖြူသခင် တရားမင်းကြီး၊ မိမိကိုယ်စားဆရာ သီရိဓမ္မရာဇဂုရုကို စေတော်မူလတ်သောအခါ၌၊ ပါလတ်သော တပည့်သား "သီရိကဿပ" သည်၊ လုပ်အံ့သည်ဥစ္စာရှိလျက် မလုပ်ရတတ်ရကား။ "ဝရတသိသခင်ထေရ်" ကို ခံဝန်ခံစေရကား၊ ပြူတသိန်းမင်းကူ၍ လုပ်စေက ပြူသခင်ငယ်ကို အမတ်ကြီးရထကို အခွင့်ပြုရကား၊ သက္ကရာဇ် ၄၆၇ ခု၊ ပြာသိုလဆန်း ၁၀ ရက် ၆ နေ့ ပြုကုန် ၏။ သက္ကရာဇ် ၄၆၈၊ တန်ဆောင်မုန်း လဆန်း ၈ ရက် တနင်္ဂနွေနေ့ လှပသော တံခွန်ကုက္ကား တံခွန်များကိုလည်း ပူဇော်၏။ သင်ပုတ်တော် ဆီမီးထောင်ကို အကြိမ်များစွာလျှင် ပူဇော်၏။ သား သမီးဟု မှတ်၍ သူငယ် ၂၁ ယောက်နှင့်ပန်၍၊ ပန်းခွက်၊ ပုဆိုးဆွဲသော ပဒေသာလည်း ပူဇော်၏။ အခါခပ်သိမ်းလျှင် သင်ဗုတ်ဝတ် မပြတ်တည်စိမ့်သောအကြောင်းကို အကျွန်ုပ်ဘို့ ကိုလေး ဝယ်၍ လှူခဲ့၏။ ဤပြုသော ကောင်းမှုကား၊ နိဗ္ဗာန်ပစ္စည်း အထောက်အပင့် ဖြစ်ချင်သတည်း။ အရိမတေးဘုရားသခင်လက်ထက်လျှင် ရဟန္တာဆုလိုသတည်း။ (စာမျက်နှာ-၉၅)



မိဂဒါဝုန်ကျောင်းတိုက်နှင့် အမျိုးဘာသာသာသနာစောင့်ထိန်းမှုများ



မောင်ကျော်စိန်

အိန္ဒိယနိုင်ငံ မိဂဒါဝုန် ကျောင်းတိုက် ဟု ဆိုလျှင် ကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သည့် အသျှင် စန္ဒြမဏိဘာဘာကို အားလုံးက သတိရကြမည်ဖြစ်သည်။ အသျှင်စန္ဒြမဏိဘာဘာ မထေရ်မြတ်သည် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရခိုင်လူမျိုးတို့၏ နောက်ဆုံး မင်းနေပြည်တော်ကြီးဖြစ်ခဲ့သော မြောက်ဦးမြို့နယ် ရမ်းချောင်းဖျား၊ ပေါက်ပင်ကွင်းကျေးရွာဇာတိဖြစ်ပြီး၊ ခမည်းတော် ဦးကျော်အောင်+မယ်တော်မိဝင်းယေတို့မှ သက္ကရာဇ် ၁၂၃၇-ခု၊ကဆုန်လပြည့်ကျော် ၆-ရက်(၂၅-၅-၁၈၇၅)အင်္ဂါနေ့တွင် မွေးဖွားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးကို ရခိုင်၊မြန်မာလူမျိုးတို့က "အသျှင်စန္ဒြမဏိ"ဟု မိမိတို့ဓလေ့ရိုးရာအနေဖြင့် ခေါ်ဆိုကြသော်လည်း အိန္ဒိယတိုင်းသား တို့ကမူ "စန္ဒြမဏိဘာဘာ"ဟု ရိုးသေမြတ်နိုးစွာခေါ်ဝေါ်ကြသည်။ ဆရာတော်ကြီးသည် ပါဠိ၊ သင်္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီ စကားများကို ကျွမ်းကျင်စွာ တတ်မြောက်တော်မူသည်။ အိန္ဒိယနိုင်ငံတွင် ဟိန္ဒီဘာသာဖြင့် ရေးသားသည့် ဗုဒ္ဓဘာသာ ကျမ်းစာများမရှိ သလောက်ဖြစ်နေချိန်၌ ဆရာတော်ကြီးသည် ဓမ္မပဒဋ္ဌကာ ကျမ်းကြီးကို ဟိန္ဒီဘာသာဖြင့် ရေးသားထုတ်ဝေခဲ့သဖြင့် ထင်ရှားကျော်ကြားလေသည်။

သာသနာပြုခရီး

အသျှင်စန္ဒြမဏိမဟာထေရ်မြတ်သည်ကား ဘုန်းတော်ကြီးမြတ်တော်မူ၍ သက်တော်ရှည် ပါရမီရှင်ပုဂ္ဂိုလ်ထူးတစ်ပါးပင်ဖြစ်ပေသည်။အိန္ဒိယနိုင်ငံတော်အစိုးရက ဆက်ကပ်တော်မူသည့် သာသနာရေးဆိုင်ရာ "ဂုရု ဂုရု မဟာ ဂုရု" ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူခဲ့သည်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်အပေါင်း တို့၏အကြီးအကဲ မဟာဥက္ကဋ္ဌကြီးလည်းဖြစ်သည်။ ဆရာတော်ကြီးသည် မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာပြု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရန် မဇ္ဈိမဒေသ မဟာသံဃာအဖွဲ့ချုပ်ကို အိန္ဒိယနိုင်ငံ၌ ထင်ရှားသည့် ဆရာတော်ကြီးများဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရသည်-

မဇ္ဈိမဒေသမဟာသံဃာအဖွဲ့ချုပ်

ဥက္ကဋ္ဌ အသျှင်စန္ဒြမဏိ (ကုသိနာရုံကျောင်းတိုက်)
ဒုဥက္ကဋ္ဌ အသျှင်မဟိန္ဒ (သာဝတ္ထိဇေတဝန်ကျောင်းတိုက်)
အကျိုးတော်ဆောင် အသျှင်စန္ဒိမာ (ဟရဏသီဗုဒ္ဓဘာသာကျောင်းတိုက်)
ဘဏ္ဍာရေးမှူး အသျှင်ကိတ္တိမာ (ပါဠိ၊ သင်္ကတ၊ ဟိန္ဒီ၊ အူရ်ဒူ၊ ကျောက်စာ၊ အင်္ဂလိပ်စာ၊ ရခိုင်+မြန်မာစာ ပါရဂူ(မြန်မာမိဂဒါဝုန်ကျောင်း ဟရဏသီ)

နိပေါဘုရင်ဖူးမျှော်

နိပေါနိုင်ငံ ခတ္တမန္ဒူမြို့တော်၌ ၁၃၁၇-ခု (၁၉၅၅-ခု)နှစ်ကျင်းပသည့် ဘုရင်မဟိန္ဒရ ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်သော တစ်ကမ္ဘာလုံး ဆိုင်ရာ ဗုဒ္ဓဘာသာ အစည်းအဝေးကြီးသို့ ကြွရောက်တော်မူပြီး ဘုရင်မင်းမြတ်၏ လျှောက်ထားတောင်းပန်ချက်အရ ဆရာတော်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူ ပရိတ်သတ် (၁) သိန်းကျော်တို့ကို သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောသီလတော်မြတ်ကို ချီးမြှင့်ပေးတော်မူကာ ပရိသတ်ကြီးအား ထေရဝါဒ သာသနာတော်၏ အနှစ်သာရကို ဟိန္ဒီဘာသာစကားဖြင့် ရှင်းလင်းပီသစွာ ဟောကြားတော်မူခဲ့ပါသည်။ နိပေါနိုင်ငံ၌ လက်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာရဟန်းသာမဏေ များနှင့် ဥပါသကာ၊ ဥပါသိကာမတို့မှာ ဆရာတော်ကြီး၏တပည့်ရင်းများနှင့် အဆက်အနွယ်များပင် ဖြစ်ကြပေသည်။

မြန်မာဘုရင် အဖူးမျှော်ခံခွင့်ရ

ဗမာတို့၏ နောက်ဆုံး ဘုရင်ဖြစ်သော သီပေါမင်းသည် အိန္ဒိယပြည်၊ ရတနာဂီရိအရပ်၌ရှိနေစဉ် အသျှင်စန္ဒြမဏိအား ကြုံတောင့်ကြုံခဲ ဖူးမျှော်ခွင့်ရရှိခဲ့သည်။ ဤဖြစ်ရပ်အပေါ် ဆရာတော်ကြီးက "ရတနာဂီရိ ခရီးသွား မှတ်တမ်း" အမည်ဖြင့် မှတ်တမ်းတင်ထားခဲ့သည်ကိုတွေ့ရပါသည်။

၁၉၀၈-ခု၊ ဧပြီလ ၂၅ ရက်နေ့ည နေ ၆း၀၀ နာရီအချိန်တွင် ဝန်ထောက်မင်းက လျှောက်ထားသည့်အတိုင်း စံအိမ်တော်သို့ သွားကြလေရာ နီမြန်းသောအဝတ်ကို ဝတ်ဆင်ကုန်လျက် လက်တစ်ဖက်တစ်ချက်တွင် တံခွန်တိုင်များကို စွဲကိုင်ကြကုန်သော ဒေါင်းတံဆိပ်ခပ်နှိပ်ထားသော ဦးထုပ်များကို ဆောင်းထားသည့် သီပေါဘုရင်၏ အသုံးတော်ခံများသည် လမ်းတစ်ဖက်တစ်ချက်၌ စစ်တပ်ကဲ့သို့ စီတန်းကာကြိုဆိုနေကြသည်။ ဤသို့ နှစ်ပေါင်းအတော်ကြာ လေပြီးမှ မြန်မာမင်းတို့ အဆောင်အယောင် ဒေါင်းတံဆိပ် စသည်တို့ကို ရုတ်တရက် တွေ့မြင်ကြရသော ကျွန်ုပ်တို့မှာ ပျော်ရွှင်ဝမ်းမြောက်ခြင်း မရှိနိုင်ဘဲ လှိုက်လှိုက်လဲလဲ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ပြီးလျှင် မည်သူမျှ စကားမပြောနိုင်တော့ဘဲ တိတ်ဆိတ်စွာ အိမ်ဝင်းအတွင်းသို့ ဝင်သွားကြရာ ၎င်းကြိုဆိုနေသော တပ်သားတို့အနက်မှ လူကြီးတစ်ယောက်သည် ရှေ့သို့ တိုးလာပြီး အစပထမ ကုသိနာရုံ ဆရာတော်ဘုရားကို "ကြွတော်မူပါဘုရား" ဟု ဆိုလျက် ရိုသေစွာပင့်ဆောင်သွား၍ အိမ်တော်တံခါးဝသို့ ရောက်သောအခါ လက်အုပ်ချီလျက် အသင့်စောင့်ဆိုင်း ကြိုဆိုနေသော သီပေါမင်းကို စိတ်မချမ်းသာသောအမူအရာ ညှိုးငယ်သော မျက်နှာနှင့် ပက်ပင်းပါတွေ့ရသောအခါ၌မူ ယူကျုံးမရ မျက်ရည်များပင် ကျမိကြတော့ကြောင်း၊ မင်းတရားကြီးမှာ ဝမ်းနည်းကြေကွဲစွာပင် အိမ်တော်တွင်းသို့ ကြွတော်မူပါဘုရား"ဟု ပင့်လျှောက်သည့်အတိုင်း ကောင်းမွန်စွာ ခင်းကျင်းထားအပ်သော နေရာသို့ ကြွရောက်ထိုင်နေတော်မူသည်။ လျှောက်ထားညှိနှိုင်းဖွယ်ရာကိစ္စရပ်များ ပြီးမြောက်ပြီးနောက်-သီပေါ မင်းက "ဤအရပ်ဒေသ၌ ဒကာတော်မှာ သံယာတော်များကို ဖူးမျှော်ရန်အလွန်ပင် ခဲယဉ်းလှပါသည်။ ယခုဆရာတော်တို့နှင့် တွေ့ဆုံဖူးမြော်ရသည့်အတွက် အထူး ဝမ်းမြောက်လှပါကြောင်း" လျှောက်ထားရာ ကုသိနာရုံ ဆရာတော်ကြီးက "ဗုဒ္ဓသာသနာတော်အရေးအတွက် ဤရတနာဂီရိမြို့ကို ကြွရောက်လျက် တကာတော်နှင့် တွေ့ဆုံနှီးနှောရပြန်သဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ရှိကြောင်း" ပြန်လည် မိန့်ကြားတော်မူခဲ့ပါသည်။

သမိုင်းတင်အောင် သာသနာပြုနိုင်ခဲ့

ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းရပ်များတွင် အိန္ဒိယနိုင်ငံ၌ ဘာသာအမျိုးမျိုး ကိုးကွယ်လျက် ရှိနေကြသူ အမြောက်အများအား ဗုဒ္ဓဘာသာသို့ကူးပြောင်းအောင် သမိုင်းတင် ဆောင်ရွက်ချက်များအနက်မှ အချို့ကို အောက်ပါအတိုင်း တွေ့ရပေသည်။

နေ့ရက်	နေရာ	ဗုဒ္ဓဘာသာဝင်ရောက်ထားသူဦးရေ
၁၄ · ၁၀ · ၁၉၅၆	နာဂပူရ်မြို့	ဒေါက်တာအမ်ဘေဒကာဇနီးမောင်နှံ အပါအဝင် လူထုပရိသတ်(၂)သိန်းကျော်
၁၄ · ၄ · ၁၉၅၇	နာဂပူရ်မြို့	လူထုပရိသတ်(၈)သောင်းကျော်
	လက္ကနောင်မြို့	လူထုပရိသတ်(၈)သောင်းကျော်

ဤသို့ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းရပ်များ ကျယ်ပြန့်လာသည်နှင့်အမျှ အခြားသော ဘာသာရေးခေါင်းဆောင်များကပါ ဆရာတော်ကြီးအပေါ်၌ အထူးအာရုံစိုက်လာကြသည်။ ၁၉၅၆-ခုနှစ်၊အောက်တိုဘာလ (၁၆)ရက်နေ့တွင် ဆရာတော်ကြီးသည် အာလောရာ၊ အာဂျင်ဒါ၊ ဧလာရာဘုရားများကို ဖူးမျှော်ရန် ကြွလာတော်မူစဉ် ဧလာရာဘုရား၌ ခရစ်ယာန်သာသနာပြု အမေရိကန်လူမျိုး(၆၀)နှင့် တွေ့ဆုံလေရာ၊ နိုင်ငံခြားသားတို့က ဆရာတော်ကြီး၏ ဘွဲ့တော်ကို မှတ်သားယူကြလျက် ဆရာတော်ကြီးအား ဦးညွတ် အရိုအသေပေးကာ ဓာတ်ပုံ ရိုက်ယူကြလေသည်။ ထိုစဉ်ခရစ်ယာန်သာသနာပြုအဖွဲ့က "တပည့်တော်တို့သည် လူအား ငွေအားဖြင့် အမျိုးမျိုး ကြီးစားအားထုတ်ပါသော်လည်း တစ်နှစ်လျှင် အများဆုံးလူပေါင်း(၁၀၀)(၂၀၀) လောက်ကို ရဖို့ပင် များစွာခက်ခဲလှပါသည်။ ဆရာတော်ကြီးမှာ မူကား လူအားငွေအား ပင်ပန်းစိုက်ထုတ်ရန် မလိုအပ်ဘဲ တစ်နေ့တည်း၌ပင် လူပေါင်း(၂)သိန်းကျော်ကို ဗုဒ္ဓဘာသာသို့ သွတ်သွင်းနိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းဖြစ်ပါသည်။ အရှင်ဘုရား၏ဓာတ်ပုံကို သတင်းစာမှတစ်ဆင့် ကမ္ဘာတစ်ဝန်းသို့ဖြန့်ချိပါမည်" ဟု လျှောက်ထားကြသည်ဟု ဆိုပါသည်။

အိမ်တော်တံခါးဝသို့ ရောက်သောအခါ
လက်အုပ်ချီလျက်
အသင့် စောင့်ဆိုင်း ကြိုဆိုနေသော
သီပေါမင်းကို
စိတ်မချမ်းသာသောအမူအရာ
ညှိုးငယ်သော မျက်နှာနှင့်
ပက်ပင်းပါတွေ့ရသောအခါ၌မူ
ယူကျုံးမရ မျက်ရည်များပင်
ကျမိကြတော့ကြောင်း...

ဒေါက်တာ အမ်ဘေဒကာသည် အိန္ဒိယနိုင်ငံ၏ ဇာတ်နိမ့်ခေါင်းဆောင်ဖြစ်ပြီး အိန္ဒိယနိုင်ငံတော်၏ တရားရေးဝန်ကြီးဌာန ဝန်ကြီးလည်းဖြစ်သည်။ ၎င်းအပြင် အိန္ဒိယနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ဗိသုကာကြီးလည်းဖြစ်သည်။ ၁၉၅၆-ခုနှစ်က ဒေါက်တာအမ်ဘေဒကာ ကိုယ်တိုင်ဦးဆောင်သော အိန္ဒိယနိုင်ငံမှ အဖိနှိပ်ခံ ဇာတ်နိမ့်များသည် လူဦးရေသန်းချီပြီး အသျှင်စန္ဒိမဏိ ရှေ့တော်မှောက်၌ သရဏဂုံရွတ်ဆိုကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြသည်။ ဤအဖြစ်အပျက်ကြီးသည် အသျှင်စန္ဒိမဏိဘာဘာ မဟာထေရ်မြတ်ကြီးအား အိန္ဒိယနိုင်ငံအဖိနှိပ်ခံတို့၏ သမိုင်းနှင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ ဗုဒ္ဓဘာသာတိုးတက်ရေးသမိုင်းနှင့်လည်းကောင်း၊ ကမ္ဘာ့ဗုဒ္ဓဘာသာသမိုင်းမှတ်တမ်းများနှင့်လည်းကောင်း ဆက်စပ်စေခဲ့လေသည်။

ဆဋ္ဌသံဂါယနာ အိန္ဒိယနိုင်ငံကိုယ်စားလှယ်

သာသနာသက္ကရာဇ် ၂၄၉၈-ခု၊မြန်မာ၊ရခိုင် သက္ကရာဇ် ၁၃၁၆-ခု၊ခရစ်သက္ကရာဇ် ၁၉၅၄-ခုနှစ်၊ မြန်မာနိုင်ငံ၊ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်၌ ကျင်းပသည့် ဆဋ္ဌမသံဂါယနာတင် ပွဲတော်သို့ ကြွရောက်ချီးမြှင့်တော်မူပါရန် မြန်မာနိုင်ငံအစိုးရကိုယ်စား ဗုဒ္ဓသာသနာ့အဖွဲ့ကောင်စီမှ ပင့်ဖိတ် လျှောက်ထားချက်အရ အိန္ဒိယအစိုးရ ကိုယ်စားလှယ်တော်အဖြစ် ဆရာတော်ကြီး အသျှင်စန္ဒိမဏိမဟာထေရ်မြတ်ကြွရောက်တော်မူပြီးလျှင်၊ ဖွင့်ပွဲအခမ်းအနားတွင် သန္ဒေသကထာကို ဟိန္ဒီဘာသာစကားဖြင့် ချီးမြှင့်တော်မူပြီး အသျှင်ကိတ္တိမာသူမြတ်က မြန်မာဘာသာသို့ ပြန်ဆို မိန့်ကြားတော်မူခဲ့ပေသည်။

ပညာပါရမီ

ဆရာတော်ကြီးသည် သီရိလင်္ကာ (သီဟိုဠ်)နိုင်ငံသားဥပုသ်သည် နုယောကော်ဒါနှင့် ညှိနှိုင်းပြီးလျှင် သာသနာပြုရာ၌လွယ်ကူသည့် လူငယ်များကို အခြေခံသော ပညာသင်ကြားရေးကို စတင်လေသည်။ ရှေးဦးစွာ ကုသိနာရုံကျောင်းတိုက်အတွင်း၌ "တိုင်းရင်းသားဘာသာ အခလွတ် မူလတန်းကျောင်း"ကို ဝါးတိုင်၊ သက်ကယ်မိုးလျက် စတင်ဆောက်လုပ်ခဲ့သည်။ ဒေသခံ မလိုလားသူ အဖျက်သမားများ၏ ကြားမှကျောင်းကို ဖြစ်မြောက်အောင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် ဖလံ မင်းသမီးထံမှ လျှုဒါန်းငွေကျပ် ၂၀၀ ကို မ,တည် အရင်းအနှီးပြုကာ တရုတ်ဘုရားဖူးအဖွဲ့ထံမှ လျှုဒါန်းငွေကျပ် ၅၀၀၊ ဗာရာဏသီမြို့သူဌေးကြီးကလျှုဒါန်းငွေကျပ် ၁၀၀၀ တို့ဖြင့် "စန္ဒိမဏိမူလတန်းကျောင်း"ကို ကမ္ပည်းရေးထိုးဆောင်ရွက်ဖွင့်လှစ်နိုင်ခဲ့လေသည်။ တဖန် ဆရာတော်ကြီးသည် အလယ်တန်းကျောင်း တစ်ဆောင်ကိုထပ်မံ၍ တည်ဆောက်ကာ နိုင်ငံတော်အစိုးရသို့ လွှဲအပ်ပေးပြန်သည်။ ယင်းအပြင် ဆရာတော်ကြီးသည် အထက်တန်းကျောင်းဆောင်သစ်ကြီးတစ်ဆောင်ကိုလည်း ကျောင်းသုံးပရိဘောဂ အပြည့်အစုံဖြင့် နိုင်ငံတော်အစိုးရသို့ ဆက်လက်လွှဲအပ်ခြင်းဖြင့် အစိုးရအထက်တန်းကျောင်းအဖြစ် တက်လှမ်းနိုင်ခဲ့လေသည်။ ဆရာတော်ကြီးမှ ဤမျှနှင့်ပင် ရောင့်ရဲမှု မရှိသေးဘဲ ဂေါပူရ မြို့မှ ကြံစက်သူဌေးနှင့် မြို့မိမြို့ဘများ၏ ဒါနအထောက်အပံ့ဖြင့် "ကုသိနာရုံဒီဂရီကောလိပ်ကြီး" ကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ပြန်လေသည်။

တပည့်ကောင်းတို့၏ သမိုင်းကောင်း

အသျှင်စန္ဒိမဏိဘာဘာ မဟာထေရ်မြတ် ၁၉၇၂-ခုနှစ်တွင် ပုံလွန်တော်မူပြီးနောက် ဆရာတော်ကြီး၏ တူ အရင်းဖြစ်တော်မူသော အသျှင်ကိတ္တိမာမဟာထေရ်မြတ်နှင့် အသျှင်တိက္ခိန္ဒြိယ မဟာထေရ်မြတ်တို့သည် ဆရာတော်ကြီး၏ အမျိုးဘာသာ သာသနာပြုလုပ်ငန်းရပ်များကို အခြေ မပျက်

ဆက်လက် ထိန်းသိမ်းကြိုးပမ်းတော်မူခဲ့ကြလေသည်။ ယခုလက်ရှိ တပည့်ကောင်း ပုဂ္ဂိုလ်မှာကား အသျှင် ဝဏ္ဏဓဇ မဟာထေရ်မြတ်ပင် ဖြစ်သည်။ အသျှင်ဝဏ္ဏဓဇ မဟာထေရ်မြတ်သည် အသျှင်စန္ဒိမဏိဆရာတော်ကြီးတည်ထောင်တော်မူခဲ့သည့် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတော်ကို ဆက်ခံ သီတင်းသုံးတော်မူစဉ်အခါကပင် ကျောင်းသာသနိက အဆောက်အအုံအဟောင်းများအား မွမ်းမံပြုပြင်ခြင်း၊ အသစ် တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန်မပျက် ဆက်လက် ဆောင်ရွက်တော်မူလျက်ရှိပေသည်။ ၂၀၀၀-ပြည့်နှစ်တွင် သင်္ကန်းမိုးတာရုံကျောင်းတော်ကို တည်ထောင်တော်မူခဲ့ပြီး ၂၀၀၁-ခုနှစ်တွင် ဦးစန္ဒိမဏိ ဖောင်ဒေးရှင်းကို ဦးစီးတည်ထောင်ဖွဲ့စည်းခဲ့ သည်။ တစ်ဆက်တည်းမှာပင် ဆရာတော်ဘုရားသည် ဆရာတော်ကြီး၏ ဦးစန္ဒိမဏိအထိမ်းအမှတ် အထက်တန်းကျောင်း ဆောင်သစ်ကြီး "U Chandramani Memorial High School" ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရပေသည်။ ၂၀၀၂-ခုနှစ် တွင် ဝေသာလီဒေသ၌ ကူဋာဂါရ ဝိဟာရကျောင်းတော်ကို တည်ဆောက် လှူဒါန်းခဲ့သည့်အပြင် ဆရာတော်ဘုရားသည် ဤမျှနှင့် ကျေနပ်နှစ်သိမ့်မှုမရရှိသေးဘဲ ၂၀၀၃-ခုနှစ်တွင် မိဂဒါဝုန်ပြတိုက်မှ Munari အရပ်ထိ (၈) ကီလိုမီတာ ရှည် သောလမ်းကို Chandramani Road လမ်းအမည်သို့ ပြောင်း လဲသတ်မှတ်လျက် Varanasi Commissioner ကိုယ်တိုင် ဖွင့်လှစ်နိုင်စေခဲ့ပေသည်။

အသျှင်ရာဇိန္ဒ (ကျောက်ဖြူ) က မိဂဒါဝုန်ကျောင်း တိုက်၌ သီတင်းသုံးနေထိုင်လျက်ရှိနေစဉ် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသည့် အခမ်းအနားသို့ ဘဒ္ဒန္တ ဝဏ္ဏဓဇ ဦးဆောင်ကာ အကြိမ်ကြိမ် တက်ရောက်ခဲ့ရကြောင်း သမိုင်းမှတ်တမ်းကို ဖတ်ရှုရ၍ လက်ရှိ မိဂဒါဝုန် ဆရာတော် အသျှင်ဝဏ္ဏဓဇသည် ရှေးဆရာတော်ကြီးများ၏ သာသနာပြုလမ်းကြောင်းအတိုင်း လိုက်နာ သာသနာပြုတော်မူလျက်ရှိကြောင်းတွေ့ရပေသည်။

ကျေးဇူးဆပ်ပေ မွေးရပ်မြေ

ပညာရှိသူတော်ကောင်းအပေါင်းတို့သည် မိမိ၏ မွေးရပ်ဇာတိမြေကို မမေ့မူလျက် ကျေးဇူးဆပ်လေ့ရှိကြသည် မှာလည်း မြင့်မြတ်သည့် ချစ်စဖွယ် ဓလေ့တစ်မျိုးပင် ဖြစ်ပါသည်။ ဆရာတော်ဘုရား ကား မိမိမွေးရပ်မြေနှင့် ဝေးလံသည့် အိန္ဒိယနိုင်ငံ၌ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု လုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း မိမိ မွေးရပ်ဇာတိ အဘရက္ခိုင်ပြည်၊ မင်းပြားမြို့နယ်ကို သတိလက် လွတ် မထားရှိပေ။ ပညာရှိသူတော်ကောင်းတို့ပီပီ မွေးရပ်မြေ ကို ကျေးဇူးဆပ်လိုသော ဆန္ဒပြင်းပြလာခဲ့လေသည်။ တစ် ဘက်မှလည်း ကျေးဇူးတော်အရှင်စန္ဒိမဏိ မဟာထေရ်မြတ် ကြီး၏ ပညာပါရမီကိုလည်း ထပ်မံဖြည့်တင်းပေးလိုသည့် ဆန္ဒများ ထင်ဟပ်လာနေပြန်၏။ သို့ကြောင့် ဆရာတော် ဘုရားသည် ပညာပါရမီကို ဖြည့်ဆည်းသည့်အနေဖြင့်လည်း ကောင်း၊ မွေးရပ်မြေကို ကျေးဇူးဆပ်သည့် အနေဖြင့်လည်း ကောင်း မင်းပြားမြို့နယ်ဇာတိရွာတွင် အခြေခံပညာအလယ် တန်း ကျောင်းဆောင်သစ်တစ်ဆောင်ကို ၁၉၉၇-ခုနှစ်က ဆောက်လုပ်လှူဒါန်းပြီး မြန်မာနိုင်ငံအစိုးရ ပညာရေးဝန်ကြီး ဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

ဘုမ္မိနက်သန်မြေ

ဆရာတော်ဘုရားမှာ မင်းပြားမြို့နယ်ဇာတိ ဖြစ်၍၊ မင်းပြားမြို့၏ ကျိန်းသမိုင်းကြောင်းကို ပြန်လည်၍ ဆန်းစစ် ကြည့်ပါက မင်းပြားကျိန်းဒေသမှ ကျိန်းဒုံးညှိသည် စန္ဒဝိဇယ ရာဇာဘုရင်မင်းမြတ်ဘွဲ့အမည်ဖြင့် မြောက်ဦးနန်းဆက်ကို (၂၁)နှစ်တိုင်တိုင် ဆက်ခံစိုးစံခဲ့သည်ကိုတွေ့ရပြီး မြောက်ဦး မြို့တည်မင်း စောမွန်ဘုရင်မင်းမြတ်၏ မိဖုရားကြီး စောစစ် ဒေဝီမှာ ကျိန်းရိပ်သူပင် ဖြစ်သည်။ ရခိုင်အမျိုးသားခေါင်း ဆောင်ကြီး မင်းသားကြီးရွှေဘန်း၏ အိမ်သူမှာလည်း ဤ ကျိန်းရိပ်သူပင်ဖြစ်သည်ကို တွေ့ရပေသည်။ ၎င်းအပြင် ရခိုင် ပြည်နယ်မှ ဂျပန် နယ်ခဲ့တို့အား စတင် တော်လှန်နှင်ထုတ်ခဲ့ သူ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး အသျှင်ဦးစန္ဒာမှာလည်း မင်းပြားမြို့နယ် ရင်းဘွယ်ကျေးရွာ ဇာတိဖြစ်သည်ကို သိရှိရပြန်သည်။ သို့ဖြစ်၍ ဆရာတော် ဘုရား၏ ဇာတိမြေသည်ကား အမျိုးဘာသာသာသနာတော် အကျိုးအတွက် ရွတ်ရွတ်ခွဲခွဲ ထူးထူးကဲကဲ ဆောင်ရွက်တတ် သော အမျိုးသားကောင်းတို့၏ မွေးဖွားရာမှန် ဘုမ္မိနက်သန် မြေကြီးပင် ဖြစ်ပါကြောင်း မိဂဒါဝုန်ဆရာတော် အသျှင် ဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏ သက်တော်(၆၀) ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုပူဇော်လိုက်ရပါသည်။

မောင်ကျော်စိန်

ဖြည့်စွက်သင့်သော ကွက်လပ်တစ်ခု

အရှင်သုစိတ္တာဘိဝံသ (နာယကချုပ်)မွာစရိယတက္ကသိုလ်၊ရန်ကုန်။

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသတွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန်လည်နိုးထလာရေးအတွက် ဘဝကို ရင်းနှီးမြှုပ်နှံပြီး စွမ်းစွမ်းတမံ သာသနာပြုလျက်ရှိသော နောင်တော်ဦးဝဏ္ဏဓဇ၏ သက်တော် ခြောက်ဆယ်ပြည့် အထိမ်းအမှတ် စာစောင်တွင် စာရေးဖို့ တိုက်တွန်းတောင်းဆိုလာသည်။ တောင်းဆိုလာသူက ကာယကံရှင်ဖြစ်၍ မဖြစ်မနေ ရေးဖြစ်ဖို့ အကြောင်းပေါ်လာတော့သည်။ ဘာအကြောင်းအရာကို ရေးရလျှင် ကောင်းမလဲ?-ဟု အထပ်ထပ် စဉ်းစားမိသည်။ ရေးနေကျမဟုတ်၍ အစီအစဉ်မကျ ဖြစ်တော့မှာ သေချာသည်။

ရှေးဆရာတော်ကြီးများက စာလည်းချ၊ တရားလည်းဟော၊ စာလည်းရေး တာဝန်စုံအောင် လုပ်ကြဖို့ တိုက်တွန်းကြသည်။ သို့သော် . . . မိမိက စာချတာဝန် လောက်သာ အဓိပတိတပ် လုပ်ဆောင်သည်။ တရားဟောခြင်းကိစ္စကိုတော့ ကွက်တိကွက်ကြားလောက်တော့ ဟောမိသည်။ မိမိကိုမှီနေကြသည့် တပည့်ပရိသတ်များလာမှ ကြောင့်သာ ဟောမိသည်။ တစ်ကိုယ်ရေ တစ်ကာယ စာချနေစဉ်ကဆို တရားမဟောဖြစ်ခဲ့။ ဟောပြန်တော့လည်း ပါဠိတော်ကြီး ရွတ်လိုက်၊ နိဿယလှည့်ပေးလိုက်၊ အဋ္ဌကထာ, ဋီကာလာ အဆိုအမိန့်တွေနှင့် ညှိနှိုင်းဖွင့် ဆိုလိုက် စသည်ဖြင့် ဟောချလား မသိ၊ လူထုပရိသတ်ကြား ပေါ်ပြူလာမဖြစ်ခဲ့တာတော့ သေချာသည်။ ထိုသည်မှာ မိမိအားနည်းချက် ဖြစ်နေသည်။

စာရေးသည့် တာဝန်ကိုတော့ အမြဲလိုလို ရေးဖြစ်သည်။ ဝါသနာလည်းရှိသည်။ သို့သော် မိမိရေးသည့် စာများက ပရိယတ္တိစာသင်တိုက်သုံး (ကျောင်းသုံး) စာပေမျိုး



မြတ်စွာဘုရားပွင့်တော်မူခဲ့ရာ တေဓညောင်ပင်

ဖြစ်သည်။ မိမိမကျွမ်းကျင်သော အခုလို စာစောင်မျိုးတွင် ဆောင်းပါးရေးပေးပါ ဟု တိုက်တွန်းလာသောအခါ ဘာ အကြောင်းအရာတွေ ရေးရကောင်းမည်နည်း ဟု တွေး လိုက်တိုင်း လက်တွန့်မိသည်။ ဆောင်းပါးခေါင်းစဉ်ကိုပင် ကြိုတင် မစဉ်းစားနိုင် ဖြစ်ရသည်။ ရေးဖြစ်တာတွေ ရေးပြီးမှ ခေါင်းစဉ်ကိုလည်း ဆီလျော်အောင် တပ်ရပေတော့မည်။ သည်အခြေအနေမျိုး ဆိုလျှင်တော့ မိမိစာကိုဖတ်ပြီး စိတ် ပျက်လက်ပျက် ဖြစ်သွားတန်ရာ၏။

သည်တော့ -- မိမိစဉ်းစားမိသည်။ ဟိုဟို သည် သည် အတိတ်ကို အာရုံပြုကြည့်သည်။ ပစ္စုပ္ပန်ဖြစ်ဆဲ သဘောတရားကိုလည်း အာရုံပြုကြည့်သည်။ မဖြစ်သေး သော အနာဂတ်ကိုလည်း ကြိုတွေးမိသည်။ တရေးရေးဖြင့် အတိတ်က အာရုံများ မိမိထံသို့ ကူးလူးဆက်စပ်လာတော့ သည်။ ပစ္စုပ္ပန်ပုံရိပ်များနှင့် အနာဂတ်တွင် ဖြစ်တည်ကျန်ခဲ့ နိုင်သည့် သာသနာရေးကိစ္စများ စသည်ဖြင့် အစီအရီ ဝင်ရောက် နေရာယူလာကြတော့သည်။

မိမိအာရုံထဲ တိုးဝင်လာသော အတိတ်ပုံရိပ်တစ်ခုကို သာ စိစစ်လက်ခံလိုက်တော့သည်။ ထိုအတိတ်က ပုံရိပ်သည် သေးမယောင်နှင့် ကြီးလာသည်။ လွယ်မယောင်နှင့် ခက်လာသည်။ တိမ်မယောင်နှင့် နက်လာသည်။ မိမိတို့က ပရိယတ္တိနယ်ပယ်တွင်သာ နက်နက်နဲနဲ ပျော်မွေ့လေ့ရှိ၍ အရာရာတိုင်း လိုလို ပရိယတ္တိပေတံနှင့် စံထိုးလေ့ရှိတတ်၏။ သာသနာရေး ကိစ္စတိုင်းတွင် မိမိကိုယ်တိုင် ဆောင်ရွက် ရသည်ဖြစ်စေ၊ မိမိက အခြားသူများအား ပြုလုပ်စေသည် ဖြစ်စေ၊ ပရိယတ္တိ စံနှုန်းပေတံဖြင့် တိုင်းတာလေ့ရှိသော ဝသီတစ်ခုက သံမှိုစွဲသလို ဖြစ်နေတော့သည်။ ပရိယတ္တိ ပေတံနှင့် တိုက်ဆိုင် လုပ်တာကိုပဲ ကြား၍၊ သိ၍၊ မြင်၍သည်။ သူတစ်ပါးကိုလည်း မိမိလိုဖြစ်စေလိုသည်။ ဤသည်မှာ မိမိတို့ ပရိယတ္တိ နယ်ပယ်အတွင်း မွေ့လျော် နေကြသူတို့ ဓလေ့ဟု ဆိုရမည်။ ပရိယတ္တိပေတံစံနှုန်းမရှိလျှင် ကိုယ်ထင်ရာကိုယ်စိုင်း လုပ်ကြပေမည်။ သဘောရိုးဖြင့် လုပ်ကြစေကာမူ ကိုယ်စီးသည့် မြင်း စစ်ကိုင်းရောက်ရောက်၊ ပဲခူး ရောက်ရောက် ဖြစ်သွားပေမည်။

ဗုဒ္ဓ၏ လမ်းညွှန်ချက် အဓိကမကျဘိုင် ပန်းတိုင်နှင့် ဝေးမှန်းမသိ ဝေးသွားနိုင်သည်။ အသက်သွေးချွေးများစွာ ဖြင့် ပါရမီဖြည့်ဆည်း၍ ရရှိလာသော ဗုဒ္ဓမြတ်စွာ သာသနာ တော်သည် ဖိုးသူတော်တစ်ဖြစ်လဲ သာသနာသို့ ကူးပြောင်း သွားနိုင်သည်။ အဘယ့်ကြောင့် ဤရွေ့ဤမျှညွှန်း ဆိုရပါသနည်း။ စာဖတ်သူတို့က မိမိကို တီးတိုး ပြစ်တင် ဝေဖန်နေကြပေမည်။

အကြောင်းကား သည်လိုရှိသည်။ အတိတ်ကား သည်လိုရှိသည်ဆိုသည့် အချက်ကို စာဖတ်သူတို့အား သိစေ လိုသည်။ လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုနီးပါးက ဖြစ်ရပ်မှန် ပုံရိပ်တစ်ခုကို ပြောပြပါမည်။

၁၉၉၉ ခုနှစ်တွင် မိမိသည် အိန္ဒိယနိုင်ငံ၊ ကာလ ကတ္တားမြို့သို့ ပထမဆုံးအကြိမ်ရောက်ရှိခဲ့သည်။ မိမိတို့ အလိုတော်ပြည့် ဆရာတော် တည်ထောင်ထားသည့် ဗောဓိသုခပရဟိတကျောင်းတွင် တိလောကဝိဇယသယမ္ဘူ စေတီတော် ရွှေထီးတော်တင်ပွဲကိစ္စကြောင့် အိန္ဒိယရောက် ဖြစ်ခဲ့သည်။ စေတီတော်၏ ဉာဏ်တော်မှာ (၁၈)တောင် ရှိသည်။ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ရွှေတိဂုံ စေတီတော်နှင့် ပုံစံတူ ပူဇော်ထားပါသည်။ ထိုစေတီတော် ထီးတော်တင်ပွဲသို့ နိုင်ငံတော် သံဃမဟာနာယက အကျိုး တော်ဆောင်ဆရာတော် ဘဒ္ဒန္တဝိဇိယာဘိဝံသ ဦးဆောင် သော နိုင်ငံဥသျှောင်ဆရာတော်များ၊ နိုင်ငံတော် အကြံပေး ဆရာကြီး ဦးအုံမောင်နှင့် ညွှန်ကြားရေးမှူးချုပ် စသော ခေါင်းဆောင်ကြီးများပါ ကွဲရောက်လာကြ၍ ပြည်ပတွင် သာသနာရေးပွဲ ပြုလုပ်ရသည်မှာ မိမိတို့ မြန်မာပြည်နှင့် မခြား အထူးစည်ကားလျက်ရှိပါသည်။ ဗုဒ္ဓဂယာဘုရားဖူး အဖွဲ့ကလည်း ထူးထူးခြားခြား (၇)ဖွဲ့ဖြစ်၍ မြန်မာပရိသတ် (၂၀၀)ကျော်ရှိသည်။ မြန်မာပရိသတ် (၂၀၀)ကျော် စုဝေး ဖို့ဆိုသည်မှာ မလွယ်ကူ။ တည်းခိုစရာ အခက်အခဲရှိနိုင် သည်။ သို့သော် ဆရာတော်ကြီးများ၏ ဘုန်းတော် ကံတော် နှင့် နိုင်ငံတော်လူကြီးများ၏ စီမံညွှန်ကြားမှု ကောင်းသော ကြောင့် အဆင်ပြေလှသည်။ ဤသို့ဖြင့် တိလောကဝိဇယ သယမ္ဘူစေတီတော် ထီးတင်ပွဲကား ရှောရှောရှူရှူ အောင်မြင် ခဲ့ပါသည်။

ထီးတော်တင်ပွဲ ပြီးဆုံးသောအခါ ဆရာတော်ကြီး များ၏ လမ်းညွှန်တိုက်တွန်းမှုကြောင့် ဘုရားဖူးအဖွဲ့များအား အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓဝင်သမိုင်းအထင်အရှားရှိ ဌာနတိုင်းတွင် တစ်ဌာနလျှင် နာရီဝက်ခန့် သမိုင်းကြောင်းနောက်ခံ ပန်းချီ ကားများကို ရှင်လင်းဟောပြောခွင့်ရခဲ့သည်။ ခရီးစဉ်တစ် လျှောက်လုံးတွင် ဂိုက်လုပ်ပေးခဲ့ရာ သံဝေဇနီယ လေးဌာန၊ အဝီဇဟိတလေးဌာနကို ရှင်းပြရသည်မှာ မိမိရင်တွင်

ပီတိသောမနဿများ ဖြစ်ရသည်။

သံဝေဇနီယလေးဌာနဆိုသည်မှာ ---

၁။ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်။

၂။ ဘုရားပွင့်ထွန်းတော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိ မဏ္ဍိုင်။

၃။ တရားဦးဓမ္မစကြာဟောတော်မူရာ ဣသိပတန မိဂဒါဝုန်။

၄။ ပရိနိဗ္ဗာန်စံတော်မူရာ မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံ တို့ဖြစ်သည်။

ရှေးရှေးသော ဘုရားရှင်တို့ မစွန့်လွှတ်ဘဲ သုံးဆောင်တော်မူရာ အဝိဇဟိတလေးဌာနဆိုသည်မှာ-

၁။ ဗုဒ္ဓဂယာမဟာဗောဓိပင်၏ အရှေ့ဘက် အခက်တော်အောက်၌ ပါရမီတော်အဟုန်တို့ကြောင့် ပေါ်ပေါက်လာရသော ဝဇိရာသန ရတနာဗောဓိပလ္လင်တော် နေရာဌာန။

၂။ ဣသိပတနမိဂဒါဝုန်တော ဓမ္မစကြာဟောတော်မူရာ ဌာန။

၃။ ကောသလတိုင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်တော်အတွင်း ခင်းကျင်းထားသော ညောင်စောင်း၏ ခြေလေးခုကျရာ နေရာဌာန။

၄။ သင်္ကဿနဂိုရ်ပြည်၌ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့၏ ခြေဦးကျရာ နေရာဌာန တို့ဖြစ်သည်။

အထက်က ပြဆိုခဲ့ပြီးသည့် သံဝေဇနီယလေးဌာန၊ အဝိဇဟိတလေးဌာနတို့တွင် နှစ်မျိုးလုံးပါဝင်သည့်-

၁။ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်။

၂။ တရားဦး ဓမ္မစကြာဟောကြားတော်မူရာ ဣသိပတနမိဂဒါဝုန်နေရာဌာနသို့ မိမိတို့ရောက်ရှိသွားကြစဉ် ဘုရားဖူးလာကြသူ ဒကာဒကာမများ သဒ္ဓါတရားထက်သန်လာကြသည်။ အချို့ မျက်ရည်ကျသည်အထိ ပီတိသောမနဿဖြစ်ကြသည်။ ထိုတွင် သဒ္ဓါသမ္ပတ္တိလွန်ကဲသူ၊ ငွေကြေးပြည့်စုံသူအချို့က မိမိတို့နိုင်ငံမှ ပရိက္ခရာ (၈)ပါး အဆင်သင့် ယူဆောင်လာကြသည်ကို တွေ့ရသည်။

အချို့က ရှင်ပြု၊ သီလရှင်ဝတ်ကြသည်။ အချို့က ဥပသမ္ပဒ ရဟန်းပဋိဉာဏ်အဖြစ်ခံယူကြသည်။ အချို့အထင် ကရဆရာတော်ကြီးများကလည်း ဒကာဒကာမများ ဆန္ဒ အတိုင်းရှင်ပြု၊ သီလရှင်ဝတ်၊ ဥပသမ္ပဒရဟန်းပဋိဉာဏ်အဖြစ် ဆောင်ရွက်ပေးကြသည်။

သည်နေရာတွင် ရှင်ပြု၊ သီလရှင်ဝတ်သည့် ကိစ္စကို အထူးမပြောလိုပေ။ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်အောက်တွင် ကမ္မဝါစာရွတ်ဖတ်ပြီး ရဟန်းပဋိဉာဏ်ခံပေးသည့် ကိစ္စကို ကျိုး+ကြောင်းပြသ ပြောဆို ဆွေးနွေးစရာရှိလာသည်။

မိမိသည် မန္တလေး၊ မစိုးရိမ်စာသင်တိုက်တွင် စာသင်သားဘဝဖြင့် ပါရာဇိကဏ်စာဝါပို့ချသော ဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသထံ စာလိုက်စဉ်က အမှတ်မထင် ဖတ်ရသော ကဗျာလေးကို သတိရလာသည်။ ထိုစဉ်က မိမိတို့ စာသင်သားများ ဆရာတော်စာဝါမချမီ ဆရာတော်၏ ကျောင်းတွင် ဖွင့်လှစ်ထားသည့် လင်းရောင်ခြည်စာကြည့်တိုက်ကို ရောက်မိသည်။ ထိုစဉ်က ဖတ်ခဲ့သော ကဗျာလေး မှာ ဤသို့ဖြစ်သည်။

ကမ္မဿကာ၊ လူဗိုလ်ပါတို့
ငါနှင့် မဆိုင်၊ မတတ်နိုင်ဟု
မပြုင်ခင်ရုံး၊ စိတ်နှလုံးကို
ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ
ဗုဒ္ဓသာသနာ(အမျိုးဘာသာ)၊ ကွယ်ပျောက်ရာ၏-

ဟူ၍ ဖြစ်သည်။

ကဗျာရေးသူမှာ တောင်တော်သာသနာပိုင်လား? ဇီးပန်းနီဆရာတော်လား? သဲသဲကွဲကွဲ မမှတ်မိတော့ပေ။ မန္တလေး၊ သက္ကသီဟအသင်းစာမေးပွဲ ပေါ်ပေါက်လာရေးတပ်လှန့်နှိုးဆော်ခဲ့စဉ်က ဖြစ်မည်ထင်သည်။ လူတိုင်းဘာသာ၊ သာသနာ၊ အမျိုးသာရေးကိစ္စတိုင်းတွင် တာဝန်အသို့ရှိပုံကို မီးမောင်းထိုးပြထားသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၃၅)နှစ်ခန့်က စတင်ပြီး စာရေးသူ၏ အသက်(၁၈)နှစ်အရွယ် သာမဏေဘဝကပင် ဘာသာရေး၊ သာသနာရေး၊ အမျိုးသားရေးကိစ္စများကို အသိရှိရှိဖြင့် တပ်လှန့်တွန်းလှန် ချေမှုန်းရမည် ဟူသော သန္နိဋ္ဌာန်က ယနေ့တိုင် သံမှိုစွဲ နေသည်။ နောင်လည်း သံမှိုစွဲသလို စွဲထင်နေမည်။

မဟာဗောဓိပင်ရင်းတွင် ဥပသမ္ပဒရဟန်းပဋိဉာဏ်အဖြစ်ခံယူကြသူများက မသိနားမလည်၍ ခွင့်လွှတ်နိုင်စွမ်းရှိသော်လည်း ရဟန်းပဋိဉာဏ်အဖြစ်ကို ပြုလုပ်ပေးကြသူ

အထင်ကရ ဆရာတော်ကြီးများအနေဖြင့် နားလည်ဖို့ကောင်းသည်။ ဆင်ခြင်တုံတရားရှိသင့်သည်။ စိစစ်တတ်ဖို့လိုသည်။ မဟာဗောဓိပင်အောက်တွင် ကမ္မဝါစာဖြင့် ရဟန်းခံပေးကြရာ၌ မိမိက ပရိယတ္တိပေတံဖြင့် ချိန်ကြည့်သည်။ အတိတ်သမိုင်းကို စိစစ်သည်။ ပစ္စုပ္ပန်အနေအထား စသည် နောက်ခံပန်းချီကားကို စိစစ်သည်။ ဆင်ခြင်သည်။ တိုက်ဆိုင်သည်။ ထိုစဉ် ထိုအချိန်က ဥပသမ္ပဒကံဆောင် ပေးကြသူ ဆရာတော်ကြီးများကို မိမိက မေးလျှောက်ပါသည်။ ဒီနေရာဟာ သမိုင်းကြောင်းအရ သိမ်ဖြစ်ခဲ့ပါသလား? ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတွေထဲမှာတော့ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ခြေရင်းမှာ ကမ္မဝါစာဖြင့် သမုတ်ထားခဲ့တဲ့ ဗဒ္ဓသိမ်ဖြစ်တယ်ဆိုတာလည်း အထောက်အထားမတွေ့ရှိရပါ။ အိန္ဒိယနိုင်ငံမှာ နှစ်ပေါင်းများစွာ သီတင်းသုံးတော်မူခဲ့တဲ့ ထေရာထေရအဆက်ဆက် သီတင်းသုံးတော်မူခဲ့တဲ့ ဘုန်းတော်ကြီးများကို လျှောက်ထားကြည့်ခဲ့စဉ်ကလည်း ဒီနေရာဟာ သိမ်ဖြစ်ခဲ့ဖူးတယ်ဆိုတာ မကြားဖူးပါ။ အဘယ့်ကြောင့် ဒီနေရာမှာ ရဟန်းခံမှုပြုပေး ကြတာလဲ ဘုရား ဟု လျှောက်ပါသည်။ ဘာသာရေး သာသနာရေးကိစ္စဖြစ်၍ မိမိနှလုံးသားထဲတွင်လည်း အလွန်တရာ ခံစားမိသည်။

ဤသို့ လျှောက်တင်သောအခါ ဆရာတော်ကြီးတစ်ပါးက ဝစီကံကုသိုလ်တော့ ဖြစ်တာပေါ့ကွာဟု ဖြေလာသည်။ နောက်ဆရာတော်ကြီးတစ်ပါးကလည်း ဒီလိုဆိုရင် ပကတိဂါမသိမ်ကော မဖြစ်နိုင်ဘူးလား ပကတိ ဂါမသိမ်ဟူသည် ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်ထားသော ဗဒ္ဓသိမ်မဟုတ်သည့်အတွက် အဗဒ္ဓသိမ်ပင်ဖြစ်တယ်။ အဗဒ္ဓသိမ်ဆိုလျှင် ကမ္မဝါစာဖြင့် ဖတ်ပြီး ရဟန်းခံပေးလျှင် မရနိုင်လော-ဟု ဆရာတော်ကြီးများက ဆက်လက်ဆိုပြန်ပါသည်။

အဖြေက ရပါသည် ဟူ၍ ရှင်းရှင်းဖြေရုံသာ။ သို့သော် ထိုပကတိဂါမခေတ်တစ်ခုလုံးမှာ ရှိသည့် ရဟန်း သံဃာအားလုံးကို နှစ်ထောင့်တစ်ထွာဟတ္ထပါသ်စပ်မိအောင် သိမ်းရပါမည်။ သိမ်းဖို့ဆိုသည်မှာ ဘယ်လိုနည်းနှင့်မျှ မဖြစ်နိုင်၊ မိမိတို့နိုင်ငံ မိမိတို့တိုင်းပြည်တွင် အာဏာပိုင် အဖွဲ့အစည်းဖြင့် အကူအညီရယူပြီး ဆောင်ရွက်လျှင် ရနိုင်စရာ အကြောင်းရှိသော်လည်း တိုင်းတစ်ပါးခြား အိန္ဒိယတွင် ဂါမခေတ်တစ်ခုလုံးကို သိမ်းဖို့ဆိုသည်မှာ မဖြစ်နိုင်။ ကိုယ့် နိုင်ငံလည်း မဟုတ်၊ ကိုယ့်လူမျိုးလည်း မဟုတ်၊ ဘုရားဖူး တစ်ဖွဲ့နှင့် တစ်ဖွဲ့ကလည်း မတူညီ-စသည့် အချက်အလက် များကြောင့် ဆရာတော်ကြီးများပြောသည့် စကားလည်း ထောက်ခံချက်ပေးလို့ မရနိုင်။ သည်နေရာတွင် ရဟန်း ပဋိဉာဉ်နေကြစဉ် အခြားတစ်နေရာ၌ ရဟန်းသံဃာတော်များ ရောက်ချင် ရောက်နေကြမည်။ အခက်အခဲများစွာ ရှိနိုင်သည်။

တကယ့်ကမ္မဝါစာဖြင့် သမုတ်ထားသော ဗဒ္ဓသိမ်ဖြစ်ခဲ့လျှင် ကိစ္စမရှိ၊ ကမ္မဝါစာဖြင့် သမုတ်ထားခြင်း မရှိသော ဗဒ္ဓသိမ်မရှိခဲ့လျှင် ဘုရားပွင့်တော်မူရာ အပရာဇိတပလ္လင် မြေမြတ်မဟာဌာနဖြစ်ပါစေ၊ ရဟန်းပဋိဉာဉ်အဖြစ်ကို ရနိုင်သည့်ဌာန မဖြစ်သင့်ပေ။

ထိုထိုအခြေအနေအရပ်ရပ်များကို မိမိက အကျိုး+အကြောင်းပြ၍ လျှောက်မိသည်။ နောက်ဆုံး ဆရာတော်ကြီးတစ်ပါးက မသိဘူးကွာ၊ ဒို့လည်း သူများလုပ်လို့ လုပ်လိုက်တာပဲ-ဟု ဆိုပါတော့သည်။ ဩော် --- ပရိယတ္တိအမြင်အားနည်းကြ၍ ပြုလုပ်မိကြသော သာသနာပြုပုံရိပ်ကို ကရုဏာသက်မိသည်။ နောက်ဆုံးတွင် မိမိက အရှင်ဘုရား တို့ ဤနေရာဟာ သိမ်လားဘုရား ဟု လျှောက်ပါသည်။ သည်တော့ ဆရာတော်ကြီးတစ်ပါးက သိမ်ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ သဗ္ဗညုတဉာဏ်တော်ကို ရရာဌာနဖြစ်တယ်၊ ဒီနေရာမျိုးမှာ ရဟန်းဖြစ်ဖို့ဆိုတာ မလွယ်ကူဘူး ဟု ဆင်ခြေပေးလာပြန်သည်။

မိမိပြောလိုသည်မှာ ဗောဓိပင် ပေါက်သည် ဖြစ်စေ၊ မပေါက်သည် ဖြစ်စေ၊ ပညာဓိက ဘုရားဖြစ်အံ့၊ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီပြည့်လျှင် ဧကန်ဧက ဘုရားဖြစ်ကို ဖြစ်ရမည်။

သဒ္ဓါဓိကဘုရားဖြစ်ခဲ့လျှင် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီပြည့်လျှင် ဧကန်ဧက ဘုရားဖြစ်ကို ဖြစ်ရမည်။

ဝီရိယာဓိကဘုရားဖြစ်ခဲ့လျှင် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီပြည့်ခဲ့လျှင် ဧကန်ဧက ဘုရားဖြစ်ကို ဖြစ်ရမည်။

ဤနေရာတွင် ဗောဓိပင်ပေါက်မှ ဘုရားပွင့်မည် မဟုတ်၊ ဗောဓိပင် ပေါက်သည်ဖြစ်စေ၊ မပေါက်သည် ဖြစ်စေ၊ ဗောဓိပင်အစား အခြား ကုက္ကို၊ မကျည်းပင်ပေါက်လည်း ပါရမီသာပြည့်လျှင် ဧကန်ဧက ဘုရားဖြစ်မည်။ ဤသည့်ကိစ္စမှာ မိမိတို့နှင့် ဘုရား ဘာမှမဆိုင်၊ မနှိုင်းယှဉ်အပ်သော

ကိစ္စဖြစ်သည်။

ဤသို့ဆိုလျှင် ဘယ်အရပ်မှာ ရဟန်းပဋိုင်း ခံယူကြမည်နည်းဟု ဒကာဒကာမတွေက ဆိုလာတော့သည်။ မိမိသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ လာရှိသည့်အတိုင်း ဤဗောဓိမဏ္ဍိုင်နှင့် ကပ်လျက်ရှိသော နေရာဌာနအနီးတွင် နေရွှေရာမြစ်ရှိကြောင်း၊ ထိုနေရွှေရာမြစ်မှာ ဥဒကုက္ခေပသိမ်အနေဖြင့် (ရေသိမ်အနေဖြင့်) ရဟန်းပဋိုင်းအဖြစ်ခံယူနိုင်ကြောင်း ရှင်းပြလိုက်သည်။ သည်တစ်ခါ ဆရာတော်ကြီးတစ်ပါးက စောဒနာလာသည်မှာ အရှင်ဘုရားလေးရယ် နေရွှေရာမြစ်ဆိုသည်မှာ တစ်နှစ်မှ ရေက ခြောက်လလောက်ရှိတာဆိုတော့ အခုလို ဒီဇင်ဘာမှာ ရေမရှိတော့ဘူးလေ၊ ဘယ်လိုလုပ်မှာလဲ ဟူ၍ဖြစ်သည်။

မိမိစိတ်တွင် အလွန်ရယ်စရာ ကိစ္စတစ်ခုလို ဖြစ်လာတော့သည်။ သို့သော် မိမိက ဆက်လက်ရှင်းပြပါသည်။ ဆရာတော်တို့ဘုရား၊ ခြောက်လတောင် ရေရှိတယ် ဆိုမှတော့ နှစ်လတောင် ပိုနေသေးတယ်။ လေးလ ရေရှိရင် ရတာပဲ၊ မိုးလေးလ ရေရှိလျှင် ဒူးအောက် လက်ရှစ်သစ်ခန့်ရှိခဲ့ရင် ရဟန်းပြုပေးလို့ရပါတယ်။ ဘိက္ခုနီမတွေ သွားတဲ့အခါ သင်းပိုင်ချလိုက်လို့ တစ်လက်မခန့် ရှိလျှင် ဥပုသ်ပြုလို့ရပါတယ်။ အခု ရေရှိတာ မရှိတာနဲ့ မဆိုင်ပါ။ မိုးလေးလ ရေရှိလျှင် ရတယ်၊ နောက်ဆုံးကုန်ကုန် ပြောရရင် သဲသောင်ပြင် လွင်တီးခေါင် ဖြစ်နေပါစေ၊ ရဟန်းခံလို့ ရနိုင်ပါတယ်ဟု ရှင်းပြလိုက်သည်။

ဤသို့ဖြင့် ရဟန်းခံမှုကိစ္စအခြေအတင်ပြောကြပြီး ထိုထိုကိစ္စ ပြီးဆုံးသွားပါတော့သည်။ ရဟန်းလောင်း အားလုံးလည်း ရဟန်းစစ်စစ် ဖြစ်သွားပါတော့သည်။ ကျေနပ်သွားပါတော့သည်။ အကယ်၍သာ မိမိက တာဝန်မဲ့ခဲ့ချေက ထိုစဉ်က ရဟန်းလောင်းများ ဖိုးသူတော်ဖြစ်သွားကြမှာတော့ သေချာသည်။ အလွန်တရာမှ ရင်လေးဖွယ် ဖြစ်ရပါသည်။

အထက်ပါကိစ္စများ အကြောင်းအဆက်ပြု၍ မိမိသည် ၁၉၉၉-ခုနှစ်မှစ၍ နှစ်စဉ် တစ်နှစ်တခေါက် အိန္ဒိယသို့ ဘုရားဖူးရောက်ဖြစ်ခဲ့သည်။ မိမိသည် အိန္ဒိယကို ရောက်တိုင်း ဤကဲ့သို့သော ကိစ္စကို လေ့လာကြည့်မိသည်။ ဗုဒ္ဓဂယာ မဟာဗောဓိပင်မှာသာ မဟုတ်၊ ဣသိပတန မိဂဒါဝုန် ရုံသာမော စုံမြိုင်တောဟု ခေါ်သည့် ဗာရာဏသီမြို့အနီး ဓမ္မရာဇိကကုန်း (ဓမ္မစကြာဟောရာဌာန)မှာလည်း ရှင်ပြု ပေးနေသည်ကို တွေ့ရသည်။ ကမ္မဝါစာကိုင်ပြီး ရဟန်းခံပေး နေတာ မျိုးကိုတော့ မတွေ့ရသေးပေ။ သို့သော် မိမိက တစ်နှစ်မှ တစ်ကြိမ်သာ ရောက်ဖြစ်သည်။ မိမိမရှိခိုက် ကမ္မဝါစာကိုင်ပြီး ရဟန်းခံပေးခြင်းမျိုး ရှိ၊ မရှိ တပ်အပ် မပြောနိုင်၊ ရှိချင်လည်း ရှိနိုင်သေးသည်။

အထူးတိုက်တွန်းလိုသည်မှာ အိန္ဒိယဗုဒ္ဓဂယာတွင် တာဝန်ရှိသူများက ဤနေရာသည် သိမ်မဟုတ်၍ ရဟန်းပဋိုင်း မခံယူသင့်၊ ရှင်ပြုရုံသာ ပြုသင့်သည် ဟု စာတန်းချိတ်ထားလျှင် ကောင်းမလား ဟုပင် တွေးမိပါသေးသည်။

မြန်မာနိုင်ငံမှ အိန္ဒိယဗုဒ္ဓဂယာရောက်ရှိစဉ် ထောင်ဂဏန်းခွဲပြီး ဒုလ္လဘရဟန်းခံမှုမျိုး ရှိနိုင်လောက်သည်။ အကယ်၍များ ထိုပုဂ္ဂိုလ်များတွင် တစ်ပါးတစ်လေခန့် သာသနာတော်တွင် ကျန်ရှိခဲ့ပြီး အထင်ကရ ဦးဆောင်နေသော ဆရာတော်ကြီးအဆင့်ရောက်ရှိခဲ့ပါမူ မတွေးရဲစရာ၊ ရင်လေးစရာ ကိစ္စများ ဖြစ်ရပေမည်။ မဟာဗောဓိပင်နေရာဌာနပဲ ဖြစ်ဖြစ်၊ ဓမ္မစကြာတရားဟောရာ ဌာနပဲဖြစ်ဖြစ်၊ ရှင်အဖြစ်ကိုသာ ရသင့်သည်။ ရဟန်းအဖြစ်မခံယူထိုက်ကြောင်း သိသင့်ပါသည်။ ရဟန်းအဖြစ်ကို ခံယူလိုသောသူများသည် ဗုဒ္ဓဂယာတွင် မြန်မာကျောင်းများရှိသည်။ သိမ်တွေရှိသည်။ နေရွှေရာမြစ်ရှိသည်။ ဝိနည်းဒေသနာတော်နှင့်အညီ ရဟန်းပြုသင့်သည်။ ရဟန်းခံယူမှုနှင့်ပတ်သက်၍ အဂၤါငါးချက် စုံညီဖို့တော့ လိုမည်။ ထိုသည်မှာ --

၁။ **ဝတ္ထုသမ္ပတ္တိ** = ရဟန်းလောင်း၏ ပြည့်စုံမှု
၂။ **ဉတ္တိသမ္ပတ္တိ** = ဉတ်၏ပြည့်စုံမှု
၃။ **အနုဿဝနသမ္ပတ္တိ** = ကမ္မဝါစာ၏ ပြည့်စုံမှု
၄။ **သီမာသမ္ပတ္တိ** = သိမ်၏ ပြည့်စုံမှု
၅။ **ပရိသသမ္ပတ္တိ** = ရဟန်းခံပေးမည့် သံဃာပရိသတ်ပြည့်စုံမှုတို့ဖြစ်သည်။

ယခုပြဆိုခဲ့သော အင်္ဂါငါးရပ်ပြည့်စုံမှု ရဟန်းဖြစ်ကြောင်း ပဉ္စင်္ဂ-ဟုလည်းကောင်း၊ ပဋိုင်း-ဟူ၍လည်းကောင်း ခေါ်ဝေါ်လာကြသည်။ လေးစားထိုက်၊ လေးစားအပ်သော ပုဂ္ဂိုလ်များဖြစ်၍ ဦး-တပ်ဦး ဦးပဋိုင်းဟု ခေါ်ကြသည်။ ဝတ္ထုသမ္ပတ္တိဆိုသည်မှာ ရဟန်းလောင်းအပေါ်မူတည်၍ဖြစ်ရသည်။ ရဟန်းလောင်းကို ရဟန်းခံမှုကိစ္စ၏ တည်ရာ မှီရာဖြစ်သောကြောင့် ဝတ္ထုသမ္ပတ္တိ-ဟု ခေါ်သည်။ ရဟန်းလောင်းသည် ပဋိသန္ဓေတည်သည်မှ စ၍ ရေတွက်

လျှင် အသက် (၂၀) တင်းတင်းဖြစ်ရမည်။ ပါရာဇိက ကျပြီး သူလည်း မဖြစ်စေရ၊ ပဏ္ဏာဇ်စသော ရှင်ရဟန်းမဖြစ်ထိုက်သူ အဘဗ္ဗပုဂ္ဂိုလ် (၁၁)ယောက်တွင် မပါဝင်စေရ။ ဤအင်္ဂါများစုံလျှင် ဝတ္ထုသမ္ပတ္တိဖြစ်တော့သည်။ ထိုအင်္ဂါများအပြင် လူဇာတ်ရှိသူ ယောကျ်ားဖြစ်ခြင်း အင်္ဂါကို အပိုထည့်ရသေးသည်။ **ဥတ်ကမ္မဝါစာပြည့်စုံမှုဆိုသည်မှာ** ဥတ်နှင့် ကမ္မဝါစာ ပါဠိများကို စနစ်တကျ မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရွတ်ဆိုလျှင် လုံလောက်သွားတော့သည်။ **သိမ်၏ ပြည့်စုံမှု ဆိုသည်မှာ** နယ်ပယ်အပိုင်းအခြားကို သိမ်ဟုခေါ်သည်။ ထိုသိမ်သည်

၁။ ရဟန်းတော်များက ကမ္မဝါစာဖြင့် ရွတ်ဖတ်သမုတ်ထားသော ဗဒ္ဓသိမ်၊

၂။ ကမ္မဝါစာဖြင့် မရွတ်ဖတ် မသမုတ်ရဘဲ ပင်ကိုကပင် သိမ်ဖြစ်နေသော သိမ်-ဟု နှစ်မျိုးရှိသည်။
(ထိုသိမ်မျိုးဖြစ်ခဲ့သော် ဟတ္ထပါသ်စပ်အောင် နယ်သိမ်းရပါမည်။)

ပရိသတ်၏ ပြည့်စုံမှုဆိုသည်မှာ မြတ်စွာဘုရားရှင်သည် သံဃာညီညွတ်ရေးကို အမြဲဦးစားပေးသည်။ လုပ်ငန်းတိုင်းတွင် စိတ်တူကိုယ်တူ ဖြစ်စေရန် ညွှန်ကြားတော်မူသည်။ ညီညွတ်မှုကို ရှေးရှုပြီး ပရိသတ်အရ သံဃာပရိသတ်ကို ရည်ညွှန်းသည်။ သံဃာညီညွတ်ရေးနှင့် ပတ်သက်၍ အင်္ဂါသုံးချက်လိုအပ်သည်။

၁။ ရဟန်းခံကိစ္စဆောင်ရွက်ရာ အစည်းအဝေးသို့ လုံလောက်သော သံဃာအရေအတွက် ပါဝင်တက်ရောက်ရပါသည်။

၂။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိပါလျက် မတက်ရောက်နိုင်သူများ၏ ဆန္ဒသဘောထားကို ခံယူရပါသည်။

၃။ အစည်းအဝေးတက်ရောက်သူ သံဃာများတွင် တစ်ဦးတစ်ယောက်မျှ ကန့်ကွက်မှု မရှိစေရ။

မြန်မာနိုင်ငံတွင် အနည်းဆုံး သံဃာ(၅)ပါးလိုအပ်သည်။ အိန္ဒိယမဇ္ဈိမဒေသတွင် အနည်းဆုံး (၁၀)ပါး လိုအပ်ပါသည်။ အိန္ဒိယလိုနေရာတွင် ဤကဲ့သို့သော လုပ်ငန်းကအစ သတိချပ်ရသည်။ အမှတ်တမဲ့လုပ်၍ မရပါ။ ရဟန်းဖြစ်ကြပုံမှာ တစ်ပါးနှင့် တစ်ပါး မတူကြပါ။ ရဟန်းဖြစ်လာကြပုံ ရဟန်းအဖြစ်ရောက်ပုံ ရှစ်မျိုးရှိသည်။

၁။ **ဧဟိဘိက္ခုရဟန်း** - (ချစ်သားရဟန်းလာလော့) -ဟု မြတ်စွာဘုရား၏ စကားတော်ကြောင့် ရဟန်းအဖြစ်သို့ ရောက်လာသူ။

၂။ **သရဏာဂမနရဟန်း** = သရဏဂုံဖြင့် ရဟန်း ဖြစ် လာသူ။

၃။ **ဩဝါဒပဋိဂ္ဂဟဏရဟန်း** = မြတ်စွာဘုရား၏ ဩဝါဒကို လက်ခံသဖြင့် အရှင်မဟာကဿပ တစ်ပါးတည်း သာ ခွင့်ပြုအပ်သော ရဟန်း။

၄။ **ပဉ္စာဗျာကရဏရဟန်း** = ပြဿနာဖြေဆိုနိုင်သဖြင့် သောပါကသာမဏေအတွက် ခွင့်ပြုအပ်သော ရဟန်း။

၅။ **ဂရုဓမ္မပဋိဂ္ဂဟရဟန်း** = ဂရုဓမ် (၈)ပါးကို ခံယူသဖြင့် မဟာပဇာပတိဂေါတမီအား ခွင့်ပြုသောရဟန်း။

၆။ **ဒူတေနရဟန်း** = အမှကာသီ အမျိုးသမီးအား တမန်သည်မှ တစ်ဆင့် ခွင့်ပြုသော ရဟန်း။

၇။ **အဋ္ဌဝါစိကာ ရဟန်းမ** = ဘိက္ခသံဃာထဲမှ တစ်ကြိမ်၊ ဘိက္ခုနီသံဃာထဲမှ တစ်ကြိမ် ဥတ္တိစတုတ္ထကံပြုရသဖြင့် ဥတ်နှင့်ကမ္မဝါစာ (၈)ကြိမ်ဖတ်မှ ရဟန်းဖြစ်သော ဘိက္ခုနီများ။

၈။ **ဥတ္တိစတုတ္ထရဟန** = ဥတ္တိစတုတ္ထကံ ဖြင့် ရဟန်းဖြစ်လာကြသော ယခုမျက်မှောက်ခေတ် ရဟန်းများ။

ယခုပြဆိုခဲ့ပြီးသော ရဟန်း (၈)မျိုးတွင် ယခုကာလ၌ ဥတ္တိစတုတ္ထရဟန်းတစ်မျိုးသာ ရရှိနိုင်တော့သည်။

အထက်ပါပြဆို ညွှန်းဆိုခဲ့သည့်အတိုင်း ရဟန်းခံရှင်ပြုသည့် ကိစ္စမှာ လွယ်မယောင်နှင့် ခက်၊ တိမ်မယောင်နှင့် နက်ပါသည်။ မြတ်စွာဘုရားရှင်၏ ပိဋကတော်များကို အခြေခံ၍ ဖြစ်သင့်ဖြစ်ထိုက်မှ ဖြစ်သင့်ပါသည်။ သဒ္ဓါတရားအားကောင်းပြီး ဖြစ်သင့် မဖြစ်သင့် ဆင်ခြင်းတွေးတောတတ်သော ဉာဏ်မရှိလျှင် အလွဲလွဲအမှားမှားဖြစ်နိုင်သည်။ ထို့ကြောင့် ပရိယတ္တိပေတံဖြင့် သင့်မသင့် စိစစ်ကာ ဗုဒ္ဓဂယာ ရောက် မြန်မာများနှင့် ရဟန်းတော်များ စိစစ်ဝေဖန်သုံးသပ်လျက် ထေရဝါဒသာသနာ အစွန့်ရှည်အောင် ဆောင်ကျဉ်းနိုင်ကြပါစေ။ ဖိုးသူတော် သာသနာအဖြစ်မှ လွတ်ကင်းအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ဟု အာသီသ ပြုလိုက်ပါတော့သည်။

အရှင်သုစိတ္တာဘိဝံသ (နာယကချုပ်)
အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်။

မိဂဒါဝုန်၊ ဓမ္မစကြာမြှောနှင့် ရခိုင်ဗုဒ္ဓယဉ်ကျေးမှု

ပါမောက္ခ ဒေါက်တာစောထွန်းအောင်

မိဂဒါဝုန်မြန်မာကျောင်းမှထုတ်ဝေမည့် အထိမ်းအမှတ် မော်ကွန်းစာစောင်၌ ဆောင်းပါးတစ်စောင် ချီးမြှင့်ပါရန် မိတ်ဆွေကြီးဦးအောင်သိန်း(မာန်အောင်)မှ မေတ္တာရပ်ခံလာသောကြောင့် ရေးသားရမည့် အကြောင်းအရာတို့ကို ရှာဖွေလိုက်သောအခါ၊ ဗုဒ္ဓဘုရားရှင်၏ ဓမ္မစကြာတရားဦးဟောကြားခဲ့ရာ နေရာဖြစ်သဖြင့်၊ရခိုင်ဗုဒ္ဓယဉ်ကျေးမှုတွင်ပါဝင်သော ဓမ္မစကြာနှင့်ပတ်သက်သည်များကို ရေးသားရန် ရွေးချယ် လိုက်ပါသည်။

ဗုဒ္ဓဝင်တွင် ဗုဒ္ဓဖွားတော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတောသည်လည်းကောင်း၊ တရားထူးတရားမြတ်များရှာဖွေရာမှ "မဇ္ဈိမပဋိပဒါ" လမ်းစဉ်ဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရရှိရာ ဗုဒ္ဓဂယာသည် လည်းကောင်း၊ပဉ္စဝဂ္ဂီ ငါးဦးအား ဓမ္မစကြာတရားဦးဟောကြားရာ သမင်များပျော်ပါးကျက်စားသည့် မိဂဒါဝုန်သည်လည်းကောင်း၊ ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံသည်လည်းကောင်း "သံဝေဇနိယလေးဌာန" အဖြစ် ထင်ရှားလေသည်။

ဤသည်တို့အနက် မိဂဒါဝုန်သည် ဆာရ်နတ် ဟူ၍ လူသိများသော ဗာရာဏသီအနီးတည်ရှိလေသည်။ မိဂဒါဝုန်သည် အများသိရှိပြီးဖြစ်သည့်အတိုင်း သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးနောက် ဗုဒ္ဓမြတ်စွာဘုရားသည် မူရင်းသာဝကကြီးများဖြစ်သည့် ပဉ္စဝဂ္ဂီငါးဦးအား ဝါဆိုလပြည့်နေ့တွင် တရားဦးဟောကြားရာဖြစ်လေသည်။ အဆိုပါပဉ္စဝဂ္ဂီငါးဦးတို့သည် မူလက ဥရုဝေလတောတွင် ဂေါတမဘုရားရှင်ထံ တပည့်ခံယင်း ဒုက္ကရစရိယာကို အပြင်းအထန်လေ့ကျင့်ကာ တရားထူးတရားမြတ်ကို (၆) နှစ်တာမျှ အတူတကွ ရှာဖွေခဲ့သည်။ သို့ရာတွင် ထိုနည်းလမ်းကို ကျင့်သုံး၍ တရားထူးတရားမြတ်ကို မရရှိနိုင်ကြောင်း သိရှိလာသော ဂေါတမဗုဒ္ဓသည် အလယ်အလတ်(မဇ္ဈိမပဋိပဒါ)လမ်းစဉ်ကို ပြောင်းလဲ လိုက်နာရန် ဆုံးဖြတ်ပြီးသည့်နောက်တွင် ပဉ္စဝဂ္ဂီငါးဦးတို့သည် ဗုဒ္ဓကို ဖဲကြဉ်ခဲ့ကြလေသည်။

သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီးသောအခါ ဗုဒ္ဓသည် အဆိုပါ တရားထူးတရားမြတ်ကို ဟောကြားရမည့် သူများကို လိုက်လံရှာဖွေရာ ဦးစွာပထမ ဆရာရင်းကြီး



ကျောက်တော်တောင်မှ ရရှိသည့် ဗုဒ္ဓဂေါတမနှင့် စန္ဒာသူရိယဘုရင်မင်းကြီး

များဖြစ်ကြသော ကာလာမအမျိုးဌဖြစ်သောအာဠာရ ရသေ့၊ ရာမပုတ္တားတို့၏ သားဖြစ်သော ဥဒက ရသေ့ တို့ကို သတိရလိုက်လေသည်။ သို့သော် ထိုအချိန်၌ ယင်းဆရာကြီး နှစ်ဦးစလုံးပင် ကွယ်လွန်ကြပြီဖြစ်ရာ မူလက စွန့်ခွာသွားခဲ့ဘူးသည့် ပဉ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်တွင် တွေ့ရှိဟောကြားခွင့် ရရှိခဲ့လေသည်။

ဗုဒ္ဓဘုရားရှင်သည် ထိုသို့ဟောကြားရာတွင် သတ္တဝါအပေါင်းတို့သည် သံသရာစက်ဝိုင်းတွင် လည်ပတ်နေကြကြောင်း၊ အကြောင်းတရား အကျိုးတရားတို့ဖြင့် အဆက်မပြတ်လည်နေသော အဆိုပါသံသရာ စက်ဝိုင်း အလည်ရပ်သွားလျှင် နိဗ္ဗာန်ချမ်းသာကို ရရှိမည်ဖြစ်ကြောင်း ထိုဓမ္မစကြာလှည်းဘီးဝိုင်းဖြင့် ဥပမာပေး၍ သစ္စာလေးပါး၊မဂ္ဂင်ရှစ်ပါး တို့ဖြင့်

ပုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိခဲ့စဉ်အခါက စန္ဒသူရိယမင်းကြီး၏ ပြင်းပြသောဆန္ဒကို သိရှိသည့်အလျောက် ရဟန္တာငါးရာဖြင့် ခညဝတီသို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွခဲ့ကြောင်းကို ဖော်ပြခဲ့သည့် သေလာဂိရိ ထုံးတမ်းစဉ်လာသည် ရခိုင်တို့အတွက် များစွာအရေးပါလှပေသည်။

အသေးစိတ်ဟောကြားခဲ့လေသည်။ ဗုဒ္ဓ၏တရားတော် တွင် ပဌာန်းဒေသနာတော်ကိုလည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ကို လည်းကောင်း ဓမ္မစကြာလှည်းဘီးဝိုင်း ပုံသဏ္ဌာန်ဖြင့်ပင် ပြသလေ့ ရှိလေသည်။

သို့အတွက် ဓမ္မစကြာစက်ဝိုင်းပုံသဏ္ဌာန်သည် ဗုဒ္ဓဘာသာ၏ အဓိကအမှတ်လက္ခဏာတစ်ရပ် အဖြစ် ထင်ရှားစွာ ပါဝင်ခဲ့လေသည်။ ရခိုင်ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာဆင်းတု၊ ကျောက်ချပ် အစရှိသည်တို့ တွင်လည်း ဓမ္မစကြာပုံအတိုင်း ဖော်ပြထားသည်များ ပါဝင်နေလေသည်။ ယင်းတို့အနက် ဓမ္မစကြာ စက်ဝိုင်းပုံအတိုင်း ဖော်ပြထားသည်များရှိသကဲ့သို့၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များတွင် ဓမ္မစကြာမုဒြာဖြင့် ထုဆစ်ထားသည်များလည်း ရှိနေပါသည်။

ဓမ္မစကြာစက်ဝိုင်းပုံဖြင့် ပုံဖော်ထားသည်ကို သျှစ်သောင်းဘုရားကျောက်စာတိုင်ကို ဝင်းခတ်ထားသောရုံငယ် အနောက်ဘက်ရှိ ကျောက်ချပ်ကြီး၌ တွေ့ရလေသည်။ ယင်းကျောက်ချပ်ကြီး၏ အောက်အစွန်းဘက်တွင် ထွင်းထုထားသော လက်ျာရစ်ခရုသင်း၏ ထိပ်မှကြာပွင့်၏ အဖျားသည် ဓမ္မစကြာ အဝိုင်းကို ထိလျက်ရှိနေလေသည်။ ကျောက်စာဝန်ဒေါက်တာဖော်ချမ်မာ၏ အလိုအရ ဤပုံ၏ အဓိပ္ပာယ်မှာ ဗြဟ္မာမင်းအယူဝါဒကို ကိုယ်စားပြုသော ခရုသင်းမှဗုဒ္ဓဝါဒ ကို ကိုယ်စားပြုသော ကြာပွင့်တစ်ပွင့် ထွက်လာပြီး ဓမ္မစကြာတရားတော်ဖြစ်ပေါ်လာခြင်းကို ဆိုလိုကြောင်း ဆိုထားပါသည်။

သျှစ်သောင်းဘုရားကျောက်စာတိုင်ရှိ မျက်နှာလေးဘက် အနက်မှ ရှေးအကျဆုံးဖြစ်သော အရှေ့ဘက်မျက်နှာတွင် အေဒီ ၆ ရာစု မတိုင်မီက ဗြဟ္မီပွားအက္ခရာများဖြင့် ရေးထိုးထားခဲ့ရာ ယင်းအချက်အရ ထိုခေတ်အခါကာလကပင် ဗြဟ္မဏအယူဝါဒကိုလက်ခံသော နန်းတွင်းမင်းမှုထမ်းများတွင် ပါဝင်သည့် ပုဏ္ဏားများ၏ အာဘော်များပါဝင်နေကြောင်း ယူဆနိုင်ဘွယ်ရာဖြစ်ပါသည်။

ရခိုင်ရှေးဟောင်း ဗုဒ္ဓယဉ်ကျေးမှုလက်ရာများတွင် ပါဝင်သော ဗုဒ္ဓဆင်းတုများစွာရှိရာ၊ ယင်းတို့အနက် ကျောက်ဆစ်ဖြင့်ထုလုပ်ထားသောဆင်းတုများရှိသကဲ့သို့၊ ကြေးသွန်းရုပ်ပွားတော်များကိုလည်း တွေ့ရှိနိုင်ပါသည်။ အဆိုပါရုပ်ပွားဆင်းတုတော်များတွင် မကိုင်ဆောင်းထားသော ရုပ်ပွားတော်များပါဝင်သကဲ့သို့၊ မကိုင်ဆောင်းထားသော ရုပ်ပွားတော်များလည်း ရှိနေပါသည်။ ထို့အပြင် လက်ဟန်နှင့် ခြေဟန်ပုံစံ မုဒြာအမျိုးမျိုးကိုလည်း တွေ့ရပါသည်။ မုဒြာများတွင် ဘူမိဖဿ၊ စျာန၊ အဘယ၊ အတွင်းနှင့်အပြင် တို့အပြင် ဓမ္မစကြာမုဒြာများလည်း ပါဝင်လျက်ရှိနေပါသည်။

ဤသည်တို့အနက် ဓမ္မစကြာမုဒြာသည် ရခိုင်ရှေးဟောင်း ဗုဒ္ဓယဉ်ကျေးမှုတွင် ကြွေးသွန်းဆင်းတုတော်များ၌ မတွေ့ရှိရဘဲ၊ ကျောက်ဆင်းတုတွင်သာ တွေ့ရှိထားပါသည်။ ရခိုင်ရှေးဟောင်း ဗုဒ္ဓအနုပညာဆိုင်ရာ အနုလက်ရာများတွင် ဓမ္မစကြာစက်ဝိုင်းကို ရည်ညွှန်းဖော်ပြသော မုဒြာပုံပါဝင်သည့် ဆင်းတုကျောက်ချပ်တို့၌

မြတ်စွာဘုရားမှ စန္ဒသူရိယမင်းကြီးအား ဗျာဒိတ်ပေးတော်မူခန်းပါ ကျောက်ချပ် -

- ဗုဒ္ဓဝင်ရှစ်ခန်းပါ အနွဂူကျောက်ချပ်
- ဗုဒ္ဓဝင်ဆယ်ခန်းပါ အနွဂူကျောက်ချပ်နှင့်
- ပြာလမ္ဘာန ပုံတော်ပါ ဆင်းတုပုံတို့တွင် တွေ့ရှိနိုင်ပါသည်။

မြတ်စွာဘုရားမှ စန္ဒသူရိယမင်းကြီးအား ဗျာဒိတ်ပေးတော်မူခန်းပါ ရုပ်တုသည် ၁၉၂၃ ခုနှစ်က ကျောက်တော် မြို့၏ တောင်ဘက်ကမ်းရှိ သေလာဂိရိတောင်ခြေမှ တွေ့ရှိခဲ့ ခြင်းဖြစ်ပါသည်။ ထိုရုပ်တု၏ မြတ်စွာဘုရားဆင်းတုတော်တွင်ပါဝင်သော ဆံနွယ်ခွေနှင့် ခရုပတ်ခွေအဖုငယ်များ၏ ပုံစံကို မထူရာ ဗုဒ္ဓလက်ရာများတွင် တွေ့ရလေ့ရှိပါသည်။ ထို့အတူ ယင်းခရုပတ်ခွေ အဖုငယ်များသည် နဖူးတော်၏ အောက်ဘက်သို့ အနည်းငယ်ရောက်ရှိနေသည်မှာ ဆာ(ရ)နတ် ဗုဒ္ဓပုံစံမျိုးဖြစ်၍နေပါသည်။ ဗုဒ္ဓဆင်းတုတော်၏ ဓမ္မစကြာမုဒြာပုံ လက်တော်၏ပုံစံမှာ ဂုပ္တပုံစံထက် ဂန္ဓာရ ပုံစံမျိုး သက်ရောက်နေပါသည်။

ယင်းတို့အနက် မထူရာဗုဒ္ဓပုံစံ လက်ရာများသည် ဘီစီ ၂ ရာစုခန့်တွင် ပေါ်ပေါက်ခဲ့သော ဂန္ဓာရ လက်ရာနှင့် မရှေးမနှောင်းပင် ပေါ်ပေါက်လာခြင်းဖြစ်၏။ ယင်း၏နောက်ပိုင်းတွင်မူ၊ ဗာရာဏသီလက်ရာ ပုံစံများ တစ်ဆက်တည်း ပေါ်ပေါက်လာပါသည်။ အဆိုပါ ဗာရာဏသီလက်ရာများကို မာဂဓလက်ရာဟူ၍လည်း ဖော်ပြကြပြီး၊ ယင်းတို့ကို ဆာ(ရ)နတ်၊ နာလန္ဒ၊ ဘီဟာ၊ စသည့် အရပ်ဒေသများတွင် တွေ့ရှိရလေသည်။ ယင်းလက်ရာများသည် အေဒီ ၅ ရာစု မတိုင်မီကပင် ပေါ်ပေါက်ထွန်းကားခဲ့ကြလေသည်။

အလားတူပင် ဗုဒ္ဓဝင်ရှစ်ခန်းပါ အနွဂူကျောက်ရုပ် တွင် ဗုဒ္ဓ၏ အဓိကဖြစ်စဉ်ကြီး ရှစ်ရပ်ကို ဖော်ပြထားရာ ယင်းတွင်လည်း ဓမ္မစကြာမုဒြာပုံစံဖြင့် ထုဆစ်ထားသည့် ရုပ်ပုံတစ်ခုကို တွေ့ရသည်။ ယင်းအနွဂူ အုတ်ခွက်များကို ဝေသာလီတွင် တွေ့ရှိခဲ့ရပြီး၊ ယခုအခါ မြောက်ဦးမြို့တွင်ထား ရှိပါသည်။ အဆိုပါဗုဒ္ဓဝင် ရှစ်ခန်းပါ အနွဂူအုတ်ခွက်၏ လက်ရာမှာ ၈ ရာစု (သို့မဟုတ်) ၉ ရာစုအေဒီခန့်ကဟု ခန့်မှန်းကြပါသည်။

နောက်ထပ်တွေ့ရှိခဲ့ရသော ဓမ္မစကြာမုဒြာမှာ ကျောက်တော်တောင်ခြေတွင် တွေ့ရှိခဲ့ရသည့် ပြာလမ္ဘာနသာနပုံစံဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်တုပင် ဖြစ်သည်။ ယင်း ပြာလမ္ဘာနသာန ဟူသည် အခြားဗုဒ္ဓရုပ်တုများနှင့်မတူဘဲ၊ ဥရောပပုံစံ (ကုလားထိုင်ပေါ်တွင်ထိုင်နေပုံ)ဖြစ်၏။ အဆိုပါရုပ်တု၏ဦးခေါင်းတော်၏ ပုံစံသည် မြတ်စွာဘုရားမှ စန္ဒသူရိယ မင်းကြီးအား ဗျာဒိတ်တော်ပေးနေပုံနှင့် ခပ်ဆင်ဆင်တူနေကြောင်းကိုပါ တွေ့ရလေသည်။

ယင်း ပြာလမ္ဘာနသာန ပုံစံဖြင့် သီတင်းသုံးတော်မူနေပုံများကို အေဒီ ၂ ရာစု မထူရာဗုဒ္ဓလက်ရာများတွင် ပါဝင်သည့် ဗောဓိသတ္တရုပ်တုများတွင် လည်းကောင်း၊ အိန္ဒိယအနောက်ပိုင်းမဟာသျှတ္တရှိ အာဂျန်တာ၊ အီကိုရာ၊ ကိန္နရီ အစရှိသည့် ဒေသများတွင် လည်းကောင်း၊ ဗာရာဏသီ (ဆရနတ်)ရှိ ရုပ်တုများတွင် လည်းကောင်း တွေ့နေရပါသည်။ သို့အတွက် ပြာလမ္ဘာနသာန ပုံစံဖြင့်တွေ့ရသော ကျောက်တော်ရှိ ဗုဒ္ဓရုပ်တုသည် အေဒီ ၅ ရာစု ဝန်းကျင်ကဟု ခြုံငုံသုံးသပ်၍ ခန့်မှန်းနိုင်ပါသည်။ ဓမ္မစကြာမုဒြာဖြင့် တွေ့ရှိရသော ရခိုင်ဝေသာလီမှ ဗုဒ္ဓရုပ်ပွားတော်များသည် အထက်တွင်ဖော်ပြခဲ့သော စန္ဒသူရိယမင်းကြီးအား ဗုဒ္ဓမြတ်စွာဘုရားမှ ဗျာဒိတ်တော်ပေးတော်မူခန်းနှင့် ပြာလမ္ဘာနသာန ပုံစံဖြင့် စံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်တို့သည် အထင်ကရ ဖြစ်၍နေပါသည်။ ထို့အပြင် နောက်ထပ်ထူးခြားချက် တစ်ရပ်မှာ ယင်းဓမ္မစကြာဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်များကို သေလာဂိရိတောင်ခြေ၌ တွေ့ရှိခဲ့ရခြင်းပင် ဖြစ်လေသည်။

သေလာဂိရိတောင်တော်သည်ကား ရခိုင်အမျိုးသားတို့အတွက် အထွတ်အမြတ်ထားရာ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး စံပယ်ကိန်းဝပ်ခဲ့ရာ နေရာလည်းဖြစ်၍ နေပါသည်။ ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိခဲ့စဉ်အခါက စန္ဒသူရိယမင်းကြီး၏ ပြင်းပြသောဆန္ဒကို သိရှိသည့် အလျောက် ရဟန္တာငါးရာဖြင့် မည်ဝတီသို့ ကောင်းကင်ခရီးဖြင့် ဒေသစာရီ ကြွခဲ့ကြောင်းကို ဖော်ပြခဲ့သည့် "သေလာဂိရိ" ထုံးတမ်းစဉ်လာသည် ရခိုင်တို့အတွက် များစွာအရေးပါလှပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သေလာဂိရိတောင်ပေါ်မှ တစ်ဆင့် ရွေးဘဝအဆက်ဆက် ကျင်လည်ခဲ့သည်များကို ဟောကြားခဲ့၏။ ထို့အပြင် စန္ဒသူရိယမင်းကြီး၏ လျှောက်ထားတောင်းပန်ချက်အရ သွန်းလုပ်ခဲ့သော မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား ရင်ငွေ့လုံစေကာ ရုပ်ရှင်တော်မြတ်ကြီးအဖြစ် ပြောင်းလဲစေခဲ့ပေသည်။

အဆိုပါ "သေလာဂိရိ" ထုံးတမ်းစဉ်လာ ယုံကြည်ချက်ကို ရခိုင်အမျိုးသားတို့က နှစ်ပရိစ္ဆေဒကြာမြင့်စွာကပင် လက်ခံခဲ့ကြောင်း၊ သေလာဂိရိတောင်ခြေမှ တွေ့ရှိခဲ့ရသည့် မြတ်စွာဘုရားမှ စန္ဒသူရိယ မင်းကြီးအား ဗျာဒိတ်ပေးတော်မူခန်း၊ ဓမ္မစကြာမုဒြာရုပ်တုမှ သက်သေခံနေပေသည်။ ယင်းရုပ်ပွားတော်သည် အေဒီ ၅ ရာစုမတိုင်မီကပင် ထုလုပ်ထားကြောင်း အထောက်အထားများက ခိုင်လုံစွာ ညွှန်ပြနေ ပေရာနှစ်ပေါင်းအားဖြင့် ထောင်စုနှစ်နှင့်ချီ၍ ကြာရှည်ခဲ့ပြီဖြစ်ပေသည်။

မြတ်စွာဘုရား၏ ထင်ရှားသောဖြစ်စဉ်များတွင် ပါဝင်သည့် တရားဦးဟောရာ မိဂဒါဝုန်၏ အမှတ်အသားဖြစ်သည့် ဓမ္မစကြာမုဒြာသည် ရခိုင်ရှေးဟောင်း ဗုဒ္ဓယဉ်ကျေးမှုတွင် များစွာအရေးပါသော "မဟာမြတ်မုနိ" ဖြစ်စဉ်နှင့် ဆက်စပ်လျက်ရှိကြောင်း သေလာဂိရိတောင်ခြေမှ တွေ့ရှိခဲ့ရသည့် ဓမ္မစကြာမုဒြာ ဗုဒ္ဓရုပ်ပွားတော်များက သက်သေခံလျက်ရှိနေ ပေတော့သည်။

ပါမောက္ခဒေါက်တာစောထွန်းအောင်

မဇ္ဈိမ ဒေသ ယဉ်ကျေးမှုမှသည် ကစ္ဆပနှင့် အဥ္ဇန မဟိများဆီသို့

နိုင်ကျော်မျိုး(ညောတီ)

ရခိုင်လူမျိုးတို့၏ မျိုးရိုးဖြစ်ပေါ်လာပုံကို ရှေးရခိုင်သမိုင်းနှင့် သုတေသီများက အမြင်အမျိုးမျိုး တွေ့ရှိချက်အမျိုးမျိုးကို အခြေခံပြီး ရေးသားမှတ်တမ်းတင်ထားကြသည်ကို တွေ့ရသည်။

(၁)အသမ္ဘိန္နု၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းမှစ၍၊ ကစ္ဆပနဒီ၊ မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊ တည်ခဲ့ပေမှ. . .

(၂) ရခိုင်လူမျိုးသည် လူတို့၏ အသက်နှစ်သောင်း သက်တမ်းကာလ၌ မဇ္ဈိမဒေသမြောက်ပိုင်း ဥတ္တရပထတိုင်း၊ ကံသမင်းတို့၏ အနွယ်ဖြစ်သော ဝါသုဒေဝမင်းမှစ၍ သမ္မတ မင်း အဆုံးရှိသော မင်းဆက်၊ မင်းပေါင်း (၂၅၇)ပါး တည်ထောင်ကာ အစဉ်သဖြင့် ကြီးပွားလာခဲ့ကြသော လူမျိုးဖြစ် သည်။

(၃) ရခိုင်ရှေးဦးလူတို့သည် ရခိုင်ပြည်နှင့်နယ်နိမိတ်ချင်း ဆက်စပ်နေသော အိန္ဒိယပြည် အရှေ့မြောက်ပိုင်းဒေသမှ ဝင်ရောက်လာသူများ ဖြစ်ကြသည်။ အာရိယန်များသည် ယခုခေတ် အဂရာနှင့်အူးဒ်တွင်ရှိသော မဇ္ဈိမဒေသ၌ ပုံနှံ့စွာ နေထိုင်ခဲ့ကြသည်သာမက၊ ဂင်္ဂါမြစ်ဝှမ်းဒေသ၊ ဘင်္ဂလားနယ်အထိ တစ်စတစ်စ ရှေ့သို့တိုး၍ ရွှေ့လျားကာ နေထိုင်ခဲ့ကြသည်။

(၄)ရခိုင်လူမျိုးတို့သည် ရှေးမဇ္ဈိမဒေသ မာဂဓနှင့် ဆက်စပ်နေသော ရခိုင်နယ်မြေထဲသို့ ဝင်ရောက်လာသူများဖြစ်ခြင်းကြောင့် **မောင်** ဟူသောအမည်ကို ရကြ၏ဟု(R.B. Pearn) ကဆိုသည်။

(၅)ရှေး အင်ဒိုအာရိယန်လူမျိုးတို့သည် ဂင်္ဂါမြစ်ဝှမ်းမဇ္ဈိမဒေသ မာဂဓမှ ရက္ခိုင်တောင်ကုန်းဒေသသို့ ဝင်ရောက်လာကာ တောင်ပိုင်းသို့ဆင်းလာ၍ ဒွါရာဝတီ၌ ဝါသုဒေဝ၊ ဗလဒေဝ စသော ညီနောင်တစ်ကျိပ်၊ နှမတော်အဥ္ဇနကုမ္မာရီ၊ ဗြဟ္မဏပုရောဟိတ်နှင့် ခွေရံသင်းပင်းတို့နေထိုင်ကြသည်ဟု ရှေးဟောင်းသုတေသနအရာရှိ ဦးစံရွှေပုက ဆိုထားသည်။

(၆)အဥ္ဇနကုမ္မာရီနှင့် ဗြဟ္မဏပုရောဟိတ်တို့ဒွါရာဝတီမှ ထွက်ခွါ၍ ရက္ခိုင်အလယ်ပိုင်းဒေသ ရှေးဝေသာလီသို့ ရောက်သောအခါ အဥ္ဇနကုမ္မာရီကို မိဖုရားမြောက်ကာ ဗြဟ္မဏရာဇာအမည်ဖြင့် မင်းပြုလေ၏ဟု ရခိုင်ရာဇဝင်က ဆိုသည်။

(၇)**ရက္ခိုင်** ဟူသောအမည်သည် အလွန်ရှေးကျဟန်ရှိသည်ဟု၍ ဒေါက်တာကွန်နင်ဂိုက ရေးသားသည်။

မည်သို့ပင်ဆိုစေကာမူ တူညီမှုတစ်ရပ်မှာ မဇ္ဈိမဒေသမှ ဆင်းသက်လာသော အာရိယန်မျိုးနွယ်ဖြစ်သည် ဟူသော အချက်ပင်ဖြစ်ပါသည်။


ရခိုင်လူမျိုးသည် ခေတ်အဆက်ဆက်၌ မဇ္ဈိမ ဒေသနှင့် အပြန်အလှန်ဆက်သွယ်လာခဲ့ပြီးသမိုင်း၊ ယဉ် ကျေးမှု၊ စာပေ၊ ဘာသာစသည်တို့သည်လည်း ဆက်နွယ် လျက်ရှိပေသည်။ ရခိုင်တို့၏ တတိယမည်ဝတီခေတ်တွင် မည်ဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီးသည် အိန္ဒိယနိုင်ငံ၊ ဘုရင်သုဒ္ဓါဒန မင်းကြီး၏ သားတော် သိဒ္ဓတ္ထမင်းသားကို မဟာသက္ကရာဇ် (၆၈)တွင် ဖွားမြင်တော်မူ၍ ဘုရင်စန္ဒသူရိယ ကို



ဓညဝတီမြို့တော် ကောင်းကင်မြင်ပုံ



မဟာမုနီ (ကျောက်တော်)



မင်းရင်ဖြူဘုရင်၏ သံဂါယနာတင်အထိမ်းအမှတ် ဝဒွဆင်းတုတော်၏ ရက္ခဝတ္ထုအကွက် ကပွညီးစာ

မဟာသက္ကရာဇ် (၇၂)ခုနှစ်တွင် မွေးဖွားတော်မူရာ သိဒ္ဓတ္ထမင်းသားသည် ဘုရင်စန္ဒသူရိယထက် (၄)နှစ် ကြီးသည်။ သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် (၉၇) ခုနှစ်တွင် တရားကျင့်ကြံရန် တောထွက်တော်မူပြီး၊ မဟာသက္ကရာဇ် (၁၀၃)ခု နှစ်တွင် ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ် (၁၂၃)တွင် ဓညဝတီရက္ခိုင်ပြည်ကြီးသို့ ဒေသစာရီကြွခိုတော်မူလာခဲ့ပြီး မဟာသက္ကရာဇ် (၁၄၈)တွင် ပရိနိဗ္ဗာန်ပြုတော်မူသည်။ ဘုရင်စန္ဒသူရိယမှာ မဟာသက္ကရာဇ် (၉၇) ခုတွင် နန်းတက်တော်မူပြီး၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက်တစ်နှစ်ဖြစ်သော မဟာသက္ကရာဇ် (၁၄၉)တွင် နတ်ရွာလားတော်မူသည်။

ဗုဒ္ဓဘုရားရှင်က ဓညဝတီ ရခိုင်ပြည့်ရှင် ဘုရင်စန္ဒသူရိယ၏ မနောဖြင့် ပင့်လျှောက်ချက်ကို သိရှိသောအခါ ဓညဝတီပြည်ကြီးနှင့် စန္ဒသူရိယမင်းကြီးတို့အပေါ် ပြန်လည် သတိရမိလာသည်။ ဘုရားအလောင်းတော်သည် ဗာရာဏသီပြည် ဗေဒင်ကျမ်းကျင်သော ပုဏ္ဏားကြီး၏ သားတော်ဖြစ်ခဲ့ရာ စန္ဒသူရိယ အလောင်းတော်မှာနွားကျောင်းသား ဘဝဖြစ်ခဲ့သည်။ တစ်နေ့တွင် နွားများကို ခိုးသားများ ဝှက်ထားသဖြင့် ပျောက်ဆုံးလေရာ ပူဆွေးသောကရောက်နေလေသည်။ ထိုအခါ ပုဏ္ဏားငယ်က မိမိ တတ်ကျွမ်းသည့်ပညာဖြင့် တွက်ချက်ပြီး ဝှက်ထားသည့် နေရာအား ညွှန်ပြခဲ့သဖြင့် နွားများကို ပြန်လည် တွေ့ရှိခဲ့လေသည်။ ထိုအခါမှစ၍ တစ်ဦးနှင့်တစ်ဦး အလွန်တရာပင် ရင်းနှီးချစ်ခင်သွားကြရာ ဘုရားအလောင်းတော် တစ်ခြားရပ်ရွာများသို့ အလုပ်ကိစ္စဖြင့် ရက်ရှည်လများသွားရောက်သည့် အခါများတွင် စန္ဒသူရိယ အလောင်းတော်ကမခွဲနိုင်၍ ရွှံ့ဖြင့် ပြုလုပ်ထားသည့် အလောင်း တော်ရုပ်တုကို နွားကျောင်းသားအား ပေးထားခဲ့ရလေသည်။ တစ်ခါသော် နွားကျောင်းသားငယ်အားပေးထားသော ညောင်ပင်ဂဠ္ဍ တင်ထားသည့် ရုပ်တုမှာ ယင်းတို့နှစ် ဦးရင်းနှီးချစ်ခင်သည်ကို မလိုလားသော ညောင်ပင်စောင့် နတ်ကဝှက်ထားလေရာ၊ ရှာမတွေ့သဖြင့် နွားကျောင်းသား ငယ်မှာ ကိုးကွယ်ရာမဲ့ ပူဆွေးဝေဒနာခံစားရကာ အလောင်းတော်ခရီးသွားရာမှ ပြန်မရောက်မီတွင်ပင် ဘဝကူးပြောင်းသွားခဲ့လေသည်။ သို့ဖြစ်၍ ဘုရားရှင်သည် စန္ဒသူရိယဘုရင်၏ ခံစားရမည့်ဝေဒနာကို ရှေ့ရှုလျက် ဓညဝတီပြည်ကြီးသို့ မဖြစ်မနေ ကြွရောက်လာခြင်းလည်း ဖြစ်ပေသည်။

ဘုရားရှင်သည်ဓညဝတီပြည်ကြီး၏ ကျောက်တော်တောင်ထိပ်ပေါ်သို့ ကြွမြန်းရောက်ရှိတော်မူသည့်အခါ အရပ်လေးမျက်နှာကို ကြည့်ရှုသုံးသပ်တော်မူပြီး ပြုံးတော်မူရာ၊ ညီတော်အာနန္ဒာက လျှောက်ထားသဖြင့်၊ ဓညဝတီပြည်ကြီးနှင့်ဘုရားရှင်၏ဆက်စပ်မှုရှိသည်များကို အောက်ပါအတိုင်း မြွက်ဟတော်မူခဲ့ပေသည်-


ချစ်သားအာနန္ဒာ- မစ္ဈိမဒေသအနီးရှိ ဤဓညဝတီပြည်သည် အလွန်ထင်ရှား မြင့်မြတ်သော တိုင်းဖြစ်ပေသည်။ မြစ်ကြီးကစ္ဆပနဒီ၏ အရှေ့၊ အနောက်နှစ်ဘက်သောကမ်းပါး ၌ (၉၉)မြို့စီဖြင့် နောင်လာမည့်ကာလတွင် အလွန်စည်ကားထင်ရှားသော ပြည်ထောင်ဖြစ်လတ္တံ့၊ ထိုမြို့များ၌ စိုးစံကြ သော

ဆွေဝင်မင်းတို့သည်လည်း အသမ္ဘိန္နခတို့ယမင်းမျိုးတို့သာဖြစ်ကြသောကြောင့်လည်းကောင်း၊ ငါတို့သာကီဝင်မင်း၏ အနွယ်တော်(နန်းစွန့်) ကပိလဝတ်မင်း အဇ္ဈနရှင်ရသေ့က ဆင်းသက်လာသောကြောင့်လည်းကောင်း ဤပြည်ထောင်ကြီးသည် မြင့်မြတ်သော တိုင်းပြည်ဖြစ်ပေ၏။

ငါဘုရားနုစဉ်က ဤမည်ဝတီမြို့တော်၌လည်း များစွာသောတပည့်တပန်းတို့၏ အကြီးအကဲပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့ကာ၊ စန္ဒသူရိယမင်းဖြင့်(၇)ဆက်ဆုံစည်းခဲ့ရာ. . ” ကြောင်းဆက်ခုနစ်ခါ၊ပါဘူးရာဝယ်၊ တကာသုံးခါ၊ဆရာတစ်ခေါက်” ဟုမှတ်တမ်းတင်ရှိပေသည်။ သို့ဖြစ်သောကြောင့် မည်ဝတီမြို့တော် သီရိဂုတ် တောင်ကုန်းပေါ်၌ ငါ၏ကိုယ်စားသဏ္ဌာန်တူ သွန်းလုပ်တော်မူလတ္တံ့သော မဟာမုနိရုပ်ရှင်တော်သည် ငါ၏ရင်ဝွေတော်ဓာတ်ဖြင့် သွန်းလောင်းထားမည်ဖြစ်၍ ငါ၏သာသနာတော်နှစ်(၅၀၀၀)ပတ်လုံး ကိန်းဝပ်တော် မူလတ္တံ့။ ငါ ပရိနိဗ္ဗာန်ပြုပြီးနောက်ဝယ်၌လည်း ငါ၏ဓာတ်တော်မွေတော်များအား ဓာတုစေတီတော်များ



မင်းရင်ဖြူဘုရင်၏ သမိုင်းကြောင်း၌ တည်ထားခဲ့သော ဆင်းတုတော်ငါးဆူတွေ့ပြသည့်မြေပုံ



တောင်ကုတ်မြို့နယ် အိုးထိန်းရွာမှ ကျောက်စာ (အေဒီ-၅/၆ရာစု)

ဤကျောက်တော် တောင်အပါအဝင် မည်ဝတီရခိုင်ပြည်၌ ကျင်လည်ခဲ့သည့် အရပ်ဒေသများ၌တည် ထားကိုးကွယ်ရလိမ့်မည် ဟုဗျာဒိတ် တော်မိန့်တော်မူသည်။

အမျိုးဘာသာ သာသနာအကျိုး

ဘုရားရှင်သည် မိမိမဇ္ဈိမဒေသ၌ မိစ္ဆာဒိဋ္ဌိမင်းတို့ ပိုင်စိုးလာသည့်အခါ၌ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးအံ့သည်ကို မြင်သိတော်မူသည့်အတွက်လည်းကောင်း၊ စန္ဒသူရိယဘုရင်အနေဖြင့် ကိုယ်စားတော်တစ်ခုခုကို မရရှိခဲ့ပါက နတ်ရွာစံမည့်အရေးကို တွေးမြင်တော် မူလျက်လည်းကောင်း ကိုယ်စားတော်ကို မည်ဝတီနေပြည်တော်၌ တည်ထားခဲ့ပါက ဘုရားရှင်ဗျာဒိတ်တော်အတိုင်း သာသနာနှစ်(၅၀၀၀) အရှည်တည်တံ့ မည်ကိုရှုမြင်တော်မူလျက်လည်းကောင်း မဟာမုနိရုပ်ရှင်တော်မြတ်ကို အမျိုးဘာသာသာသနာတော် အကျိုးအလို့ငှာ သွန်းလုပ်တည်ထားကိုးကွယ်ရန် ဘုရားရှင်က စန္ဒသူရိယဘုရင်မင်းမြတ်အား ခွင့်ပြုတော်မူခြင်း ဖြစ်ပေ သည်။

သာကီဝင်မင်းမျိုးမင်းနွယ်

မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော် မိန့်ကြားချက်ကို ဦးစိန်ညိုထွန်း(ICS Retd)က (Review of the Most Ancient Rakhaing History)တွင်-

“အာနန္ဒာ-မဇ္ဈိမတိုက်ဖြစ်သော သောနုသနဂိုဠ်တွင်ကား ဤရက္ခပူရတိုင်းပြည်သည်လျင် ကြီးကျယ်တင့်တယ်စွာ၏။ အဘယ်ကဲ့သို့ ကြီးကျယ်ထင်ရှားစွာ ဖြစ်သနည်းဟူမူကား ငါးရာစင်းတွင် အကျုံးဝင်သော ဤကစ္ဆပနဒီမြစ်ကြီး၏ အရှေ့ဘက်သည်လည်း မင်းနေမြို့ဖြစ်ခဲ့သည်။ ကိုးဆယ့်ကိုးမြို့၊ အနောက်ဘက်သည်လည်း မင်းနေမြို့ ကိုးဆယ့်

ကိုးမြို့နှင့် ခွင့်ပြည့်စုံသောကြောင့်ကား ကြီးကျယ်ထင်ရှားသည်ဖြစ်သတည်း။ ထိုမင်းကိုးဆယ့်ကိုးမြို့ဖြစ်သော မင်းအပေါင်းတို့သည်ကား မဟာသမ္မတစသော အသမ္ဘိန္နခတို့ယတို့ အစဉ်သာလျှင် အဆက်မပြတ် ထီးရိုးနန်းစည်တို့သည် တည်ကြည်ကုန်လျက် မင်းထက်မင်းချည်းဖြစ်ကုန်သောကြောင့် ငါတို့ သာကီဝင်မင်းတို့၏အနွယ်လည်း အဇ္ဈနကပိုလမင်းဆက်သည် မိလာသောကြောင့် ပြည်ကြီးကို မြတ်၏ဟူ၍ ဆိုကုန်သတည်း။ ထိုသို့မြတ်သောကြောင့် ငါဘုရားသည် ရှေးအနန္တ ဘဝက သုံးဆယ်သောအရပ်တို့ကို ဖြစ်တော်မူသောဘဝ၌ ဤရွှေပြည်သာတွင် အကြိမ်များစွာကျင်လည်တော်မူဘူးသည်” ဟုတွေ့ရှိရရာ ဘုရားရှင်သည် သာကီဝင်မင်းမျိုးမင်းနွယ်ဖြစ်သော ဓညဝတီရခိုင်ပြည်သူများအပေါ် သာကီဝင် သွေးသားများအဖြစ် တစ်သားတည်းရှုမြင်တော်မူခဲ့သည်ကို တွေ့ရပေမည်။

ဘုရားရှင် အဆက်ဆက် ဗျာဒိတ်တော်ရ ဓညဝတီ

ဒေါက်တာဖော်ချမ်မာက ‘သပ္ပဒါန ပကာရဏ’ ကျမ်းမှ ကောက်နုတ်ဖော်ပြရာတွင် “ဓညဝတီ-ဂေါတမမြတ်စွာဘုရားမတိုင်မီ ပွင့်တော်မူခဲ့သော ကကုသန်၊ ဂေါဏာဂုံ၊ ကဿပ သုံးဆူသောဘုရားရှင်တို့က ဤဒေသကို ‘ဓညဝတီ’ ဟု ခေါ်တွင်ရန် ဗျာဒိတ်တော် မိန့်ကြားခဲ့သကဲ့သို့ ဘုရားရှင်ကလည်း ရှင်အာနန္ဒာနှင့် ရဟန်း(၅၀၀)တို့ အားဗျာဒိတ်တော်ပေးတော်မူခဲ့သော တိုင်းပြည်ဖြစ်သည်။ **ဓညဝတီ** ဟူသည်ကား ဆန်ရေစပါး ပေါကြွယ်ဝသော တိုင်းပြည်ဟု အဓိပ္ပာယ်ရသည်” ဟု တွေ့ရပါသည်။

သွေးသားသံယောဇဉ်

ရခိုင်ဘုရင်မင်းမြတ်အပေါင်းတို့သည် ဘုရားရှင် ဗျာဒိတ်တော် မိန့်တော်မူခဲ့သည့်အတိုင်း ဗုဒ္ဓသာသနာတော်ကွယ်ပျောက်မည့်အရေးကို အလွန်တရာစိုးရိမ် ပူပန်တော်မူခဲ့ကြသည်။ သီရိစန္ဒြ(သီရိဓမ္မဝိဇယ)မင်း (အေဒီ-၆၃၈) လက်ထက်တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၌ ဗောဓိသတ္တဝါဒမဟာယာနတို့ အင်အားကြီးများ ပြန့်ပွားလာခဲ့ရာ ဘုရင်မင်းမြတ်မှာ လွန်စွာစိုးရိမ်မိသည်ဖြစ်၍ သာသနာပိုင်များ၏အဆုံးအမကိုခံယူပြီး စတုတ္ထအကြိမ် သံဂါယနာတော်ကို တင်တော်မူလျက် သာသနာတော် မမှေးမှိန်မပျောက်ကွယ်ရအောင် ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓဘုရားရှင် သာကီဝင်မျိုးနွယ်တို့၏ သွေးသား သံယောဇဉ်ကို ပြသတော်မူခဲ့သည်။ လေးမြို့ခေတ် ပဉ္စာမင်းဆက် မင်းကြီးမင်းရင်ဖြူ(အေဒီ-၈၄၃) သည်လည်း ဘုရားရှင်၏သာသနာတော်တည်တံ့ခိုင်မြဲရေးကို အလေးထား ရှေ့ရှုလျက် ပဉ္စမအကြိမ် သံဂါယနာကိုတင်ပြီးလျှင် သံဂါယနာငယ်ကို ဧကာဒသမမြောက် အကြိမ်တင်မြောက်သည်ဟု သမိုင်းမှတ်တမ်းများက ဖော်ပြနေသည့်အတွက် ရခိုင်ဘုရင်မင်းမြတ်များသည် ဗုဒ္ဓဘုရားရှင်သာသနာတော်အနှစ် (၅၀၀၀)မက တည်တံ့နိုင်ရေးအတွက် တွေ့ရှိထားပြီးသည့်မှတ်တမ်းများအရ ဓညဝတီ၊ ဝေသာလီခေတ်များနှင့် လေးမြို့ခေတ် ပဉ္စာမင်းဆက်မင်းကြီးမင်းရင်ဖြူ အထိ ကာလအတွင်း၌ သံဂါယနာကြီး(၂)ကြိမ်၊ သံဂါယနာငယ်(၁၁)ကြိမ်အထိ တင်ခဲ့ကြောင်းတွေ့ရှိရရာ သာကီဝင်မျိုး ဗုဒ္ဓဘုရားရှင်အပေါ်၌ လည်းကောင်း၊ ဘုရားရှင်၏ ဗုဒ္ဓသာသနာတော်အပေါ်၌ လည်းကောင်း သာကီမျိုးနွယ်ဝင် ရခိုင်အမျိုးသားကောင်းတို့သည် သွေးသားသံယောဇဉ် မည်မျှကြီးမားစွာ ထားရှိခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။

သာသနာပြု မင်းမြတ်များထွန်းကား

သာကီမျိုးဝင်ရခိုင်ဘုရင်မင်းမြတ်များသည် ဗုဒ္ဓဘုရားရှင်၏သာသနာတော် တည်တံ့ရေးအတွက် သံဂါယနာတင်ထိန်းသိမ်းခဲ့ကြသကဲ့သို့၊ သာသနာ ပျောက်ကွယ်လုဖြစ်ခဲ့သောလင်္ကာဒီပ(ခေါ်)သီဟိုဠ် (ခေါ်)သီရိလင်္ကာနိုင်ငံသို့လည်း သာသနာပိုင် ဆရာတော်ကြီးများကို သာသနာပြုစေလွှတ်တော်မူလျက် ဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားလာအောင် ဆောင်ရွက်ခဲ့ကြပါသည်။ တွေ့ရှိထားသည့်သမိုင်းမှတ်တမ်း အချို့အရ ဓညဝတီခေတ်တွင်(၂)ကြိမ်၊ ဝေသာလီခေတ်တွင် (၂)ကြိမ်၊ လေးမြို့ခေတ်တွင်(၅)ကြိမ်၊ မြောက်ဦးခေတ်တွင် (၆)ကြိမ်ရှိခဲ့ကြောင်း တွေ့ရပေသည်။ ၎င်းအပြင် လေးမြို့ခေတ်မှ မင်းထီးဘုရင်မင်းမြတ်(အေဒီ-၁၂၈၃) သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ ပျက်စီးယိုယွင်းနေသော မဟာဗောဓိစေတီတော်မြတ်ကြီးအား မွမ်းမံတည်ဆောက်ခဲ့ပြီး၊ မြောက်ဦးခေတ်မှ မင်းဗာဘုရင်မင်းမြတ် (အေဒီ-၁၅၃၂) သည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိမဟာဗောဓိပင်ကြီးကိုသွားရောက် ဖူးမျှော် ကာ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော်တည်တံ့ ခိုင်မြဲရေး အတွက် ဗုဒ္ဓကျောက်ဆင်းတုတော်မြတ် (၄၀)ဆူကို လှူဒါန်းခဲ့ သည်ကို တွေ့ရပါသည်။

ရခိုင်လူမျိုးသည် သာကီဝင်မင်းမျိုးနွယ်များဖြစ်၍ သာကီမျိုးဝင် အရှင်အဇာနစတင် တည်ထောင်တော်မူခဲ့သည့် အဘရက္ခိုင်ပြည်ကြီးမှ စတင်လျက် နှစ်ပေါင်း (၅၀၀၀)ကျော် တိုင်တိုင်၊ ဘုရင့်နိုင်ငံတော်အင်ပါယာကြီးကို ထူထောင်နိုင်ခဲ့သော်လည်း သာကီဝင်သွေးများဖဲကြဉ်သည့်အခါ၌ အဘရက္ခိုင်ပြည်ကြီး ပျက်သုဉ်းကာ အချုပ်အချာအာဏာ ဆုံးရှုံးခဲ့ရသည်ကို ဆရာကြီးဦးအောင်သာဦး(B.A)က သူ၏ "ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ ဒွါရာဝတီ ဝတီလေးရပ်ပေါင်း စည်းအပ်သော ရက္ခမဏ္ဍာလ"ရခိုင်ရာဇဝင်စာအုပ် စာမျက်နှာ ၁၄/၁၂တွင် အောက်ပါအတိုင်း မှတ်တမ်းပြုထားသည်ကို တွေ့ရပါသည်-

"ရခိုင်ပြည်၏ ကံကြမ္မာညှိုးချိန်ကို ပြန်ကြည့် လျှင်တိုင်းပြည်၏ တာဝန်ခံဖြစ်သော နရပတိကြီး၏ အမှားတော်ကို ရှေးဦးစွာ တွေ့ကြရပေမည်။ မျူးမျိုး၊ မတ်မျိုး၊ မြို့စားမျိုးဖြစ်ပါလျက်နှင့် မိမိအား သီရိသုဓမ္မရာဇာမင်းက ပေးသနားတော်မူသော လောင်းကြက်မြို့စား ရာထူးနှင့် မတင်းတိမ်နိုင်ဘဲ မိဖုရားနတ်သျှင်မယ်နှင့်ကြိုက်ချစ်ကာ မဖွယ်မရာသောအလုပ်ဖြင့် မင်းကိုနံနှိပ်လျက် ပုန်စား ပုန်ကန်ပြုလုပ်ခြင်းမှာ လုံးလုံးမသင့်တော်သော အလုပ်ဖြစ်ပေသည်။ ယင်းကဲ့သို့ပုန်စား ပုန်ကန်ပြုလုပ်သည်သာမက မိမိ၏အသက်အန္တရာယ်လုံခြုံမှုမျှလောက်နှင့် တိုင်းပြည်၏ မျက်နှာကိုမထောက်၊ မင်းဆွေမင်းမျိုး၊ မျူးကြီးမတ်ရာ ပညာရှိများကို ရသမျှ သတ်ဖြတ်ခြင်းမှာ တိုင်းပြည်အတွက် အနာကြီးနာလှပေသည်။ မင်းဟူသမျှ၊ အကြီးအကဲတာဝန်ရှိသူမှန်သမျှ၊ မည်သည့်ခေတ်၊ မည်သည့်အချိန်မှာမဆို မလုပ်အပ်သောအလုပ်ပေတည်း။ ဤသည်ကား နရပတိကြီး၏ အမှားတော်ပုံပင်ဖြစ်ချေသည်။ ။ ယင်းကဲ့သို့ သတ်ဖြတ်ရာ၌ အသက်ဘေးမှလွတ်မြောက်သွားသော သက္ကသာကီဝင် မင်းဆွေ မင်းမျိုး တချို့နှင့် ရဟန်းပညာရှိ လူပညာရှိ တစ်ချို့သည် ရခိုင်ပြည်မြောက်ဘက် ကံသာမြို့၌ စည်းရုံးကာ၊ မြို့ပြပြည်ရွာ တည်ထောင်၍နေထိုင်ကြပါ၏။ သို့သော် ထိုပုဂ္ဂိုလ်တို့မှာ ရခိုင်ပြည်ကိုကယ်တင်ရန် ကြံရွယ်ခြင်းမရှိကြတော့ချေ။ မျိုးစောင့်တရားအားကြီးသူများ ဖြစ်ကြပါလျက် ယခုကဲ့သို့တိုင်းပြည်နှင့် အမျိုးဖရိုဖရဲပြု ကွဲချိန်၌ မိမိတို့နှင့် လုံးလုံးမစပ်ဆိုင်ဘိသကဲ့သို့ အေးအေးစက်စက်နေနိုင်ရက်ခြင်းသည်ပျက်ကိန်းကြုံ၍ပင်လောဟု တွေးတောစဖွယ်ရှိခဲ့သည်။ ရခိုင်ပြည်မငြိမ်မသက်ပျက်စီးချိန်၌ ကံသာမြို့ ကား စည်ပင်သာယာဝပြောလှစွာ၏။ ပညာရှိများစုဝေးရာလည်းဖြစ်တော့၏။ သို့သော်ပညာရှိများမှာ တစ်ပြည်လုံးအတွက်ကြိုးပမ်းမှုဟူ၍ မရှိခဲ့တော့ချေ။ ဤသည်လည်း ၎င်းပညာရှင်တို့၏ အမှားတော်ပုံ တစ်ရပ်ဖြစ်ပေသည်။

"မျိုးကြားလျှင် သူစိမ်းဝင်၊ ပုပ်ကြားလျှင် နွားချေးဝင်"

ဟူဘိသကဲ့သို့ မိမိတို့၏မျိုးရိုးကို မေ့ပျောက်လာလျှင်၊ မိမိတို့မျိုးရိုးထဲသို့ သူစိမ်းဝင်လာမည်၊ ထိုအခါ သွေးသားရောစပ်၍ မျိုးမသန့်တော့သောအခါ မိမိမျိုးရိုးကို မစောင့်ထိန်းတော့ဘဲ ပျက်စီးခြင်းကြုံလာရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း နောက်ဆုံးတွင် အမျိုးပါ နိုင်ငံတော်အင်ပါယာကြီးပါ ဆုံးရှုံးခဲ့ရလေပြီ မဟုတ်ပါလား။ သို့ဖြစ်၍ လူမျိုးတစ်မျိုးသည် မိမိတို့၏မူလဗီဇ သက္ကသာကီဝင်မျိုးဟူသည်ကို မေ့ပျောက်နေကြသည့်အတွက် အမျိုးသီလ နှစ်ဌာနကို စောင့်ထိန်းကြရန် အရေးကြီးကြောင်း ရှေးပညာရှိများက မိန့်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ဤသည်များကို လေ့လာသုံးသပ်ပါက မဇ္ဈိမဒေသမှ စီးဆင်းလာသည့် ဗုဒ္ဓဘုရားရှင်၏ သာသနာ၊ ဘာသာ၊ သမိုင်းယဉ်ကျေးမှုများသည် ဓညဝတီနိုင်ငံတော်ကြီး စတင်



ကြေးနီပြားတာ (အေဒီ-၅/၆ရာစု)



ခေါင်းလောင်းတာ (အေဒီ-၅/၆ရာစု)





ဒဂိုးစာ စန္ဒြာနန္ဒဒဂိုးပုံ (အေဒီ-၅/ပဏာစု)

ခဲ့ရာ ကစ္ဆပနဒီမြစ်မဟီမှ အဋ္ဌနနဒီမြစ်ဝှမ်းဒေသ တစ်လျှောက်အထိ မည်မျှလွှမ်းမိုးထားခဲ့ကြောင်းနှင့် သာကီဝင်သွေးသား သံယောဇဉ်မည်မျှကြီးမားနေခဲ့ကြကြောင်းကို မြေပြင်၌ တွေ့ရှိထားပြီးသည့် ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သော ကျောက်စာ၊ ပေစာ၊ ကြေးနီပြားစာ၊ ခေါင်းလောင်းစာ၊ ဒဂိုးစာ၊ ရတု၊ ကဗျာ၊ ဓေးချင်းစသည်များနှင့် မြေကြီးသက်သေ များက ဖော်ပြလျက်ရှိပါကြောင်း တင်ပြလိုက်ရပေသတည်း။

ခိုင်ကျော်မျိုး(ဓညဝတီ)

ကိုးကား

(၁) ရွှေခေတ်ရခိုင်သမိုင်းစဉ်နှင့်ခေတ်အဆက်ဆက် ယဉ်ကျေးမှု (ဓညဝတီခေတ်) ဦးရွှေဇံ (B.Sc, B.C.S.)

(၂) ရခိုင်ပြည်နယ်အတွင်းသာသနာတော် ထွန်းကားပြန့်ပွားရေး (ဦးတင်ဖေ၊ရခိုင်သဟာယအသင်းမဂ္ဂဇင်းအမှတ်-၃)

(၃) ရတနာ့မာရ်အောင်တောရဓမ္မရိပ်သာ(၁၀)နှစ်ခရီးဓမ္မဒူတ စာစောင် ရွှေခိုင်ကျော်၏ဆောင်းပါး

(၄) ရခိုင်ရာဇဝင်(ဦးအောင်သာဦး၊ဘီအေ)

ရင်ဖွင့်သံ

ဆရာတော်ဘုရား အထင်မှား
အလှူခံပုံးကြောင့် ထွက်မသွား
ကိုယ်စောင့်နတ်ကို သက်သေထား
လှူချင်စိတ်က သဒ္ဓါပွား
ဘောင်ဘင်ခတ်မည့် နေရာများ
တပည့်တော်လှူဖို့ စိတ်မဝင်စား
လိုအပ်နေသော နေရာများ
သဲတစ်ပွင့်အဖြစ် ခံယူထား
ဒါကိုသိမည့် မြတ်ဘုရား
သာဓုခေါ်မည် ယုံကြည်ထား။ ။

ဘုန်းဘုန်း မိန့်စကား နားမှာကြား
မလှူနိုင်တော့ အားငယ်သား
လျှောက်လှမ်းနေသော ခြေထောက်များ
ရှေ့မတိုးဘဲ နောက်ဆုတ်သွား။ ။

မပေါက်+မသော်

ရခိုင်တို့၏အတိတ်ကာလ

ဂေါတမမြတ်စွာဘုရား မပွင့်ထွန်းမီအချိန်အခါနှင့် ပွင့်ပြီးစ တတိယ ဆည်ဝတီကာလ

ဦးရွှေဇံ

ရှေးခေတ် ရခိုင်သမိုင်းကို ဂေါတမ မြတ်စွာဘုရားပွင့်ထွန်းပြီးနောက်နှင့် မပွင့်ထွန်းမီ ကာလဟူ၍ ခွဲခြားပြီး တင်ပြလိုပါသည်။ ဂေါတမဗုဒ္ဓ မွေးဖွားချိန်မှာ မဟာသက္ကရာဇ်(၆၈)၊ တောထွက်ချိန်မှာ မဟာသက္က ရာဇ်(၉၇)(သက်တော် ၂၉နှစ်)၊ ဘုရားဖြစ်ချိန်မှာ မဟာသက္ကရာဇ်(၁၀၃) (သက်တော် ၃၅နှစ်)၊ ပရိနိဗ္ဗာန်စံနှစ်မှာ မဟာသက္ကရာဇ်(၁၄၈)(သက်တော် ၈၀နှစ်) တွင်ဖြစ် ပါသည်။

ဤကဲ့သို့ ဂေါတမမြတ်စွာဘုရားရဲ့သက်တမ်းကို သိလာရသည့်အချိန်မှာ ဘယ်ကစလဲဆိုတာကို ဆန်းစစ်ကြည့်လျှင် ရခိုင်တို့၏ ဒုတိယဆည်ဝတီခေတ် ကံရာဇာကြီးခေါ် ကမ္မရာဇာ မင်းဆက်၏ (၂၄)ဆက်မြောက် ရာလမာရု လက်ထက်တွင် ရှေးသုံးသက္ကရာဇ် ၈၆၄၅(ကုသမင်းသက္ကရာဇ်)ကို ၂ ကြွင်းထား၍ ပထမဆုံးအကြိမ်ဖြိုပြီး ပြန်လည်တက်လာသော သက္ကရာဇ်ဖြင့် ရေတွက်သောအခါဂေါတမမြတ်စွာဘုရား၏ သက္ကရာဇ်အဖြစ် အထက်ဖော်ပြပါ အတိုင်းတွေ့လာရပါသည်။

ယင်းအချိန်သည်ပင် ရခိုင်တို့၏ တတိယဆည်ဝတီခေတ်ကို ရခိုင်မင်းကြီး စန္ဒသူရိယစိုးစံတော်မူချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့လာရသည်။ စန္ဒသူရိယ မင်းကြီးဖွားမြင်ချိန်ကို တင်ပြရပါလျှင် ဖွားသည့်နှစ်မှာ မဟာသက္ကရာဇ်(၇၂)၊ နန်းတက်သည့် နှစ်မှာ မဟာသက္ကရာဇ် (၉၇)၊ အနိစ္စရောက်သည့်နှစ်မှာ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ နောက်တစ်နှစ်ဖြစ်သော မဟာသက္ကရာဇ် (၁၄၉)တွင် ဖြစ်နေသည်ကို တွေ့ရပါသဖြင့် ဂေါတမမြတ်စွာဘုရားနှင့် ရခိုင်မင်းစန္ဒသူရိယ တို့မှာ ရှေးသက္ကရာဇ်ကို ဖြိုခွင်း၍ အနီးဆုံးပေါ် ထွန်းလာသည့် မဟာသက္ကရာဇ်အတွင်းမှာ အပြိုင်ရှိနေသည်ကို တွေ့နေရပေသည်။



မဟာမုနိ သိမ်တော်နှင့် ဓညဝတီ မြို့တော်ဟောင်း တူးဖော်မှု



indus and Hydaspas မြစ်ကမ်းပါး ဒေသများ၌ ခြေကုပ်ယူကာ
Harapea and Mohenjodaro မြို့များ၌ အာရိယ် အနွယ်များ တော်ပြုပုံ

ထို့ကြောင့် ဤ မဟာသက္ကရာဇ်မတိုင်မီ ရခိုင်ပြည်နှင့် မဟာသက္ကရာဇ် ကုန်ဆုံးပြီးနောက် ဖြစ်ထွန်းလာသော ရခိုင်ပြည်နယ် အခြေအနေကို ဆန်းစစ်ကြည့်ကြပါစို့။

နောက်ကြောင်းပြန်သမိုင်း


ဒုတိယဓညဝတီမင်းဆက် ၂၄ ရာလမာရုမင်းဆက်မှ နောက်ဆုတ် ကြည့်လိုက်လျှင် ကံရာဇာကြီးခေါ် ကမ္မရာဇာ မင်း၏ဒုတိယဓညဝတီခေတ်ကို စတင်ခြိန် (BC,1507)ကို ရောက်ပါမည်။ နောက်ခြေတစ်လှမ်းဆုတ်လိုက်လျှင် မာရယု မင်းတည် ပထမဓညဝတီ ခေတ်ကောင်းခြိန်(BC 3325)ကို ရောက်ပါမည်။ ဤအခြိန်ကာလအထိကို မှတ်တမ်းတင်ထားနိုင်သောခေတ်ဟု ဆိုပါသည်။

မှတ်တမ်းမတင်နိုင်သောခေတ်

ဤ ပထမဓညဝတီခေတ် မစတင်မီခေတ်မှာ ဝေသာလီ သာရဘန်းခေတ်ဟုခေါ် ပါသည်။ ဤခေတ် မတိုင်မီခေတ်မှာ ဝါသုဒေဝ၊ ဗလဒေဝညီနောင်တစ်ကျိပ် ကြီးစိုးခဲ့သော ဒွါရဝတီသံတွဲဟု ခေါ် သောခေတ် ဖြစ်ပါသည်။ ယင်းခေတ်မတိုင်မီ "ရမ်း" ခေါ် ရာမ္မာဝတီ ရမ်းပြိမြို့ ခေတ်တစ်ခေတ် ထွန်းကားခဲ့ပါသေးသည်။

ဤမြို့တော်၊ ဤခေတ်သို့ ရောက်ရှိလာသော သူများမှာ အနောက်မြောက်ဘက် အိမ်နီးချင်းမှ(Indo- Aryan) ပြည်သူ့ကျင့်ဝတ်နှင့်အညီ စိုးမိုးအုပ်ချုပ်လာမှုကြောင့်၊ အနောက်မဇ္ဈိမပြည်ထောင်တွင် နတ်ဘုရားများ ကိုးကွယ်သည့် အာရိယံ ဟိန္ဒူဘာသာရေးဝါဒကို လိုက်နာကျင့်သုံးကြသည့် မင်းများအုပ်ချုပ်သော ပြည်ထောင်များကဲ့သို့ အဖန်တလဲလဲ ပျက်စီးပြိုကွဲခြင်း မရှိဘဲ၊ ကာလကြာရှည်စွာ ရခိုင်ပြည်ထောင်မြို့တော်များ တည်တံ့ အေးချမ်းသာယာစွာဖြင့် ရပ်တည်နိုင်ခဲ့သည် ဟု ၎င်းပုဂ္ဂိုလ်များက ထောက်ပြထားပါသည်။

ထိုကဲ့သို့ပင် ဦးစိန်ညိုထွန်း(ICS) ပြုစုရေး သားသော စာမူအခန်းတစ်ခု၌ "ကျွန်ုပ်သည် ရခိုင်ရာဇဝင်ကို သင်သောကာလမှာ ဘယ်ကဲ့သို့ တရားစောင့်ရှောက်သော တိုင်းပြည်ဖြစ်လာကြောင်း ဦးစွာရှာရ၏" ဟုပါရှိရာ ရာမပူရမြို့တော်၌ မင်းနှင့်ပြည်သူများ ဂဝံပတိရသေ့ကြီးအား ကိုးကွယ်အားထားမှုမှ ရခိုင်ပြည်တွင် ရသေ့ကြီး ကိုးကွယ်မှု စတင်ခဲ့ကြောင်း၊ ထိုအခြိန်မှအစပြု၍ မင်းနှင့်ပြည်သူပြည်သားများ ရခိုင်ပြည် အဝှမ်း ကိုးကွယ်မှုပြုလာကြကာ ရသေ့ကြီးများ မြောက်မြားစွာပေါ် ထွန်းခဲ့၍ မင်းကလည်း မင်းကျင့်တရား၊ ပြည်သူများကလည်း ပြည်သူ့ကျင့်ဝတ်နှင့်အညီ စိုးမိုးအုပ်ထိန်းလာကြမှုကြောင့် အနောက်မဇ္ဈိမ ပြည်ထောင်တွင် နတ်ဘုရားများအား ကိုးကွယ်သည့် အာရိယံဟိန္ဒူဘာသာရေးဝါဒကို လိုက်နာကျင့်သုံးကြသည့် မင်းများအုပ်ချုပ်သော ပြည်ထောင်များကဲ့သို့ ဖန်တလဲလဲ ပျက်စီးပြိုကွဲခြင်း မရှိဘဲ၊ ကာလကြာရှည်စွာ



တတိယ မည့်တီမြို့တော်

ရခိုင်ပြည်ထောင်မြို့တော်များ တည်တံ့အေးချမ်းသာယာစွာဖြင့် ရပ်တည်နိုင်ခဲ့ သည်ဟု ၎င်းပုဂ္ဂိုလ်က ထောက်ပြထားပါသည်။ ရသေ့ကြီးများကို ကိုးကွယ်မှုမှာ ဂေါတမ မြတ်စွာ ဘုရားမပွင့်မီ နှစ်ထောင်ပေါင်းများစွာကပင် အနောက်မဖျိမ အိန္ဒိယ၌လည်း ရှိခဲ့ပါသည်။ ဥပမာ-ဘုရား အလောင်းတော် ကပိုလရသေ့ကြီး သခ်မ်းရာ၌ ရသေ့ကြီး၏ဩဝါဒအရ ကပိလဝတ်ပြည်ကို တည်ထားခဲ့သည်။ ရခိုင်ပြည်ထောင်၌ မာရယုမင်းသား၏ ခမည်းတော်မှာ နန်းစွန့်ကပိလဝတ်ပြည့်ရှင် မင်းအဖျန ရသေ့ကြီးဖြစ်ပြီး၊ မာရယုက ဓညဝတီမြို့တော်ကို နာဂိန္ဒ ရသေ့ကြီး၏ ညွှန်ပြချက်နှင့်ဩဝါဒအရ တည်ထားကာ ဓညဝတီ ဟုခေါ်ဝေါ် သမုတ်ခဲ့သည်။ (ဒွါရာဝတီ၌လည်း ကဏ္ဏာဒီပါယန. . ရသေ့ရှိသည်။) သို့ဖြစ်ခြင်းကြောင့် လွန်ခဲ့သော ဘီစီ-၄၀၀-၅၀၀ ခန့်ကပင် အာရိယံ၊ အာရိယိုဒြာဗီဒီယံနတ်ဘုရားများ ကိုးကွယ်မှုကို ချုပ်ကိုင်သည့် ဟိန္ဒူဗြဟ်မ် ဘုန်းဘုရားတော်ကြီးများနှင့်အတူ ဗုဒ္ဓဘာသာ အခြေခံအကျင့်သိက္ခာ၊ သီလ၊ သမာဓိကို ကြိုးပမ်းကျင့်ကြံ အားထုတ်သည့် ရသေ့ကြီးများ၊ ဗြဟ်မဘုန်းတော်ကြီးများနှင့် ခေတ်ပြိုင်ဆိုသလို ရှေးပဝေသဏီကပင် ရှိနေခဲ့သည်မှာ ထင်ရှား ပေါ်လွင်ပါသည်။ ဤရသေ့ကြီးများမှာလည်း ဗုဒ္ဓဘာသာအယူဝါဒ အစစ်အမှန် ဂေါတမမြတ်စွာဘုရားနှင့်အတူ ပေါ်ထွန်းမလာမီ နှစ်ထောင်စုများစွာကြာကာလ အတွင်းကပင် ရှိနေပြီး သာသနာတော်ထွန်းကားပေါ်ပေါက်လာရေးအတွက် အထောက်အကူပြုခဲ့ပါသည်။ ဗုဒ္ဓဂေါတမမြတ်စွာဘုရားမပွင့်မီခေတ်က ဤရသေ့ကြီးများသည် ရခိုင်ပြည်ထောင်အတွက် အထူးအရေးကြီးသည့်ကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။ ရမ္မာဝတီမြို့တော်နှင့်ပတ်သက်၍ အထူးမှတ်တမ်းတင်ထားရှိ သည့် အချက်များမှာ-

၁။ အင်ဒိအာရိယံနွယ်ဝင်ရခိုင်မင်းနှင့်ပြည်သူ ပြည်သားများ၏ ယုံကြည်ကိုးကွယ်အားထားမှု ဘာသာအယူဝါဒမှာ နတ်ဗြဟ္မာဘုရားကြီးများအား ကိုယ်စားပြုနေသည့် နေ၊ လ၊ တော၊ တောင်၊ မြစ်၊ ချောင်း စသည်တို့ကို ကိုးကွယ်သည့် သာမန်အာရိယံကိုးကွယ်မှု တစ်ခုတည်းမဟုတ်ဘဲ၊ အဘိညာဏ်(၁)ဆင့်မှ (၅)ဆင့်ထိ ပေါက်မြောက်သော ရသေ့ကြီးများအား မိမိတို့၏ ကယ်တင်ရှင်များအဖြစ် ယုံကြည်အားထား ကိုးကွယ်မှု စတင်ရှိနှင့်ပြီးဖြစ်ကာ၊ နတ်ဗြဟ္မာကြီးများကို ကိုးကွယ်မှုမှာ တစ်ဆင့်နိမ့်သော ဘာသာအယူဝါဒသာဖြစ်ခြင်း၊

၂။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ကြသည့် ရာဇာဘုရင်များမှာ မင်းကျင့်တရားနှင့်အညီအုပ်ချုပ်ကြရပြီး ပြည်သူပြည်သားများကလည်း ပြည်သူ့ကျင့်ဝတ်နှင့်အညီ ပြုကျင့်လိုက်နာကြရခြင်း။

၃။ ဤဗုဒ္ဓဝါဒအခြေခံ အကျင့် သစ္စာ၊ သိက္ခာ၊ သမာဓိနှင့် ရသေ့ကြီးများအား ကိုးကွယ်ဆည်းကပ်မှု အယူဝါဒကပင် နောင်တွင် ရခိုင်ဒေသ၌ အိန္ဒိယကျွန်းဆွယ်အနှံ့ဟိန္ဒူအယူဝါဒကျင့်သုံးကြသည့် လူမျိုးကြီးမှ သီးသန့်ခွဲခြားကာ သက္ကသာကီဝင်မင်းများ အုပ်စိုးသည့် ရခိုင်ပြည်ထောင်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်း၊

၄။ အသန္တိန္နခတ္တိယ သက္ကသာကီဝင် မင်းရိုးနှင့် ပြည်ထောင်မှ ဆင်းသက်လာခြင်း ဖြစ်လင့်ကစား ရခိုင်ပြည်ထောင်မှာ ဟိန္ဒူအယူဝါဒအား ကျင့်သုံးခဲ့ကြသည့် ဩဇာအာဏာ ကြီးမားပြီး၊ လူအဆင့်အတန်း ခွဲခြားသတ်မှတ်မှုတွင် အမြင့်ဆုံးအဆင့်ဝင်များဖြစ်ကြသော ဟိန္ဒူဗြဟ်မ် ဘုန်းတော်ကြီးများကြီးစိုး သိမ်းသွင်းချယ်လှယ်မှုလွတ်ကင်းခြင်း။

၅။ လူအဆင့်အတန်းခွဲခြားအယူသည်းမှု ရခိုင်ပြည်ထောင်၌ အနောက်မဖျိမဒေသမှာကဲ့သို့ ပြင်းထန်မှု မရှိဘဲ၊ ရခိုင်လူမျိုးများနှင့် ကိုးကွယ်မှုကိုသာ မျိုးချစ်ပြည်ချစ်ဇာတိမာန်

အပြည့်အဝဖြင့်စောင့်ရှောက် ကာကွယ်ကြသည်။ ဗုဒ္ဓဘာသာ အခြေခံဝါဒီများဖြစ်၍ အဆင့်အတန်းခွဲခြားပြီး တင်းကျပ်စွာ မင်းနှင့် ဘုန်းတော်ကြီးများကဲ့သို့ စိစစ်ကြီးကြပ်မှုလုံးဝမရှိခြင်း၊ တစ်ခြားကိုးကွယ်မှုဘာသာ အယူဝါဒများကျင့်သုံးခြင်းကို လည်း ပိတ်ပင်တားဆီးခြင်းမပြုကြောင်း အထူးပီပြင်လာပြီဖြစ်သော မြောက်ဦးခေတ်များ၌ တွေ့လာရခြင်း၊

ဒွါရာဝတီနှင့် ပထမဝေသာလီမြို့တော်များ

ခရစ်တော်(သက္ကရာဇ်)မပေါ်မီ ဘီစီ-၄၀၀၀ခန့် အချိန်က အနောက် မဇ္ဈိမတစ်ခွင် စစ်ရေးစစ်ရာ၌ အောင်ပွဲဆင်ကာ နောက်လိုက်ဗိုလ်ပါ ကျေးကျွန်များစွာဖြင့် အနောက်မဇ္ဈိမ ဥတ္တရာပထတိုင်းမှ အသိထဉ္စနမြို့တွင် မင်းပြုနေကြသော ဥပဿမင်းနှင့် မိဖုရား ဒေဝ ဂဗ္ဘာတို့၏ သားတော်၊သမီးတော် (၁၂)ယောက် အနက်မှ အကြီးဆုံးသမီးတော် ဥဒုမ္ဗရဒေဝီ အနိစ္စ ရောက်ပြီးနောက် ဝါသုဒေဝ၊ ဗလဒေဝအစရှိသည့် မောင်တော် တစ်ကျိပ်နှင့် အငယ်ဆုံးနှမတော် အဉ္စနဒေဝီ၊ မင်းသား မင်းသမီး (၁၁)ပါးတို့သည် ဇမ္ဗူဒီပါကျွန်း အားလုံး၌ရှိသော မင်းအဖြစ်ကိုယူအံ့ဟု မိခင်ဖခင် နှစ်ပါးကို ထားပြီး ကဏ္ဍာဒီပါယန အမည်ရှိသော ရသေ့အား ချည်းကပ်ပြီး ရသေ့ကြီးအကြံပြုချက်အရ ဒွါရာဝတီကို အောင်နိုင်ခဲ့၍ မင်းပြုစိုးစံကြလေသည်။

ထိုမင်းညီနောင်များ ပျက်စီးချိန်တန်၍ ကဏ္ဍာဒီပါယနရသေ့အား ပြစ်မှားမိသည့်အတွက် အချင်းချင်းမသင့်မမြတ်ဖြစ်ကာ မင်းညီမင်းသားများမှာလည်း သေကုန်ကြပြီး၊ ဒွါရာဝတီမြို့တော်မှာလည်း ပျက်သုဉ်းသွားခဲ့သဖြင့် ဝါသုဒေဝ၊ ဗလဒေဝ နှမတော် အဉ္စနဒေဝီနှင့် ၎င်းတို့၏ ပညာရှိ ပုရောဟိတ်ပုဏ္ဏား ဗြဟ္မဏတို့လေးဦး ဒွါရာဝတီကို စွန့်ခွာကာ မြောက်ဘက်အရပ်သို့ ထွက်ခွာလာကြရာ နောင်တော်နှစ်ပါးလမ်းခရီး၌ အနိစ္စရောက်ခဲ့၍ နှမတော် အဉ္စနကုမ္မာရီ (အဉ္စနဒေဝီ)နှင့် ပုရောဟိတ် ဗြဟ္မဏပုဏ္ဏားတို့သာ ဝေသာလီမြို့သို့ရောက်ရှိခဲ့ကြလေသည်။

ထိုအချိန်အခါ၌ ဝေသာလီမြို့မှာလည်းမင်းကြီးနတ်ရွာစံတော်မူ၍ နန်းလျာမရှိဖြစ်နေသည့်အချိန်အခါနှင့်ကြုံကြိုက်ခဲ့ရာ မျှူးမတ်ပြည်သူများက မင်းမျိုးရာဇာ ရုပ်အဂါနှင့်ပြည့်စုံသော အဉ္စနဒေဝီမင်းသမီးနှင့် ပညာ ဗဟုသုတကြွယ်ဝသော ဗြဟ္မဏပုဏ္ဏားကြီး တို့အား ၎င်းတို့၏ ပြည်ထောင်တွင် မင်းပြုရန် ပန်ကြားလာကြ၍ ဗြဟ္မဏပုဏ္ဏားကြီးက ဗြဟ္မဏရာဇာ အမည်ဖြင့် ဝေသာလီမြို့တော်တွင် မင်းပြုကာ အဉ္စနဒေဝီအား မိဖုရားမြှောက်ပြီး စိုးစံခဲ့ကြလေသည်။

ဗြဟ္မဏရာဇာမင်းနှင့် မိဖုရား အဉ္စနဒေဝီတို့ လက်ထက်တွင် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော် မူကြ၍ တိုင်းပြည် စည်ပင်ဝပြောအေးချမ်းသာယာပြီး ၎င်းတို့မှ သားတော်(၆)ပါးမွေးဖွားခဲ့သည်။ ၎င်းတို့မှဖွားမြင်သော သားတော်(၆)ပါးနှင့် ၎င်းတို့၏ နွယ်ဝင် မင်း (၁၆)ဆက်တို့က သာရာဗာန်(Tharaban Dynasty) မင်းနွယ်ဆက်အဖြစ် သားစဉ်မြေးဆက် စိုးမိုးအုပ်ချုပ်ခဲ့ကြရာ နောက်ဆုံးစွန် ဗြဟ္မသဒ္ဒိမင်းလက်ထက် မင်းကျင့်တရားပျက်ပြားပြီး တရားလက်လွတ် အုပ်ချုပ်သော မင်းတစ်ပါးဖြစ်သည့်အားလျော်စွာ မကောင်းမိစ္ဆာ လူသားစား လူရိုင်း ဧဆဒ္ဒန်နှင့် နောက်လိုက် နောက်ပါတို့က သေလာဂိရိ ကျောက်တော်ဒေသတွင် အခြေပြုလျက် ဝေသာလီမြို့ကို နှောင့်ယှက်နေကြခြင်းကြောင့် ဘုရင်ဗြဟ္မသဒ္ဒိမင်း ကိုယ်တိုင် ဦးစီးပြီး ဧဆဒ္ဒန်နှင့် နောက်လိုက်နောက်ပါ





တတိယ ဧည့်ဝတီမြို့တော် တူးဖော်မှု ပုံရိပ်လွှာများ

ရက္ခိုက်လူရိုင်းများအား သွားရောက်နှိမ်နင်းရာ၌ ဘုရင်မင်းဖြဟ္မသိဒ္ဓိ အနိစ္စ ရောက်ခဲ့ပါသည်။

ဝေသာလီမြို့တော်မှာလည်း မင်းမဲ့မြို့တော် ဖြစ်နေပြီး နန်းတော်၌ မိဖုရားသီဒါဘီနှင့် သမီးတော် ရုစိတ္တမာလာ (ရုစ်မာလာ)နှစ်ပါးသာကျန်ခဲ့၍ အရိုက်အရာဆက်ခံရန် မင်းဆက် နန်းလျာမရှိဖြစ်ကာ ပြည်သူပြည်သားများမှာလည်း ကျိုးလန့်စာစား ပြည်ရွာ ခြောက်ခြားကာ မငြိမ်မသက်နှင့် တဖြေးဖြေးပျက်လုဆဲဆဲ အခြေအနေသို့ ကျရောက်နေပြီး ရက္ခိုက် လူရိုင်းများက မကြာခဏ ဆက်လက်ဝင်ရောက် တိုက်ခိုက် နှောင့်ယှက် လျက်ရှိနေကြပါသည်။ ဤအချိန်မှာ ဘီစီ-၃၂၈၇ ခန့်ကဖြစ်သည်။ အဋ္ဌနဒေဝီ၏ ဝေသာလီမြို့တော်ဟောင်းမှာ သေလာဂိရိတောင်မှ (၆)မိုင်အကွာ အရှေ့ဘက်ကမ်းရိုး ဓညဝတီ အရပ်ဒေသမှ တောင်ဘက် (ကစ္ဆပနဒီအရှေ့ဘက် ကမ်းလွန်) (၁၃)မိုင် ကျော်မျှ အကွာတွင် တည်ရှိသည်။

ဤအရပ်ဝန်းကျင်၌ အေဒီ ၃၆၄ ခုနှစ်တွင် ဒွေဇစန္ဒြမင်းက ၄င်း ဝေသာလီ ကျောက်လှေကား (ဒုတိယ ဝေသာလီဟု လည်းခေါ်သည်။) မြို့တော်ကို ဓညဝတီမြို့တော်အား မြို့သက်ကုန်ပြီဟုဆိုကာ စွန့်ပစ်ပယ်ပြီး မြို့သစ်တည်၍ ပြောင်းရွှေ့ထိုးနှန်း စိုက်ထူကာ စိုးစံတော်မူသည်။၄င်းမှာ မြောက်ဦး မြောက်ဘက် မှ(၅)မိုင်ခန့် ကွာဝေးသည်။ ဘီစီ-၃၂၈၇ ခန့်တွင် မာရယုမင်းသားက မြောက်ဘက်မှ ဆင်းသက်လာပြီး ငဆဒ္ဒန် လူရိုင်းများရန်ကို ဖြိုခွင်းကာ ဝေသာလီမြို့



တော်ကို ရက္ခိုက်များရန်မှ ကာကွယ်ကယ်တင်ပေးပြီး ၎င်းမြို့၌ပင် မင်းဖြစ်လာကာ ဝေသာလီမင်းသမီး ရုစ်မာလာအား မိဖုရားကြီးအရာ တင်မြှောက်ခဲ့လေသည်။

ပျက်သုဉ်းလုဆဲဆဲ ပထမဝေသာလီ၌ မာရယုမင်းနန်းတက်ပြီးများမကြာမီ ၎င်းနှစ်တွင်ပင် ဓညဝတီမြို့တော်သစ်ကိုတည်ထောင်၍ ပြောင်းရွှေ့စံတော်မူ သဖြင့် ဘီစီ-၃၂၈၇ တွင် ပထမ အဋ္ဌနဒေဝီ ဝေသာလီမြို့တော် ဆုံးခန်းတိုင်သို့ ရောက် ရှိခဲ့ပါသည်။

ရှေးအကျဆုံး မြို့တော်သုံးမြို့တော် အကြောင်းနှင့် စပ်လျဉ်းပြီး သုတေသီအချို့၏ အရေးအသားများကို အောက်ပါအတိုင်း ဖော်ပြလိုပါသည်-

သုတေသီ ဦးစံရွှေပုက၊ ရှေး အင်ဒိုအာရိယံ (Indo-Aryan)လူမျိုးများက ဂင်္ဂါမြစ်ဝှမ်း မဇ္ဈိမဒေသ၊ မာဂဓမှ ရက္ခိုင် တောင်ကုန်းဒေသသို့ ဝင်ရောက်လာကာ တောင်ပိုင်းသို့ ဆင်းသက်လာ၍ ဒွါရာဝတီ၌ ဝါသုဒေဝ၊ ဗလဒေဝအစရှိသည့် မောင်တော် တစ်ကျိပ်နှင့် အငယ်ဆုံးနှမတော် အဋ္ဌနကုမ္မာရီ၊ ဗြဟ္မဏပုရောဟိတ်ပုဏ္ဏားနှင့် ခြွေရံသင်းပင်းတို့ နေထိုင်ကြ၏ဟု ဆိုပါသည်။

(ဦးစံရွှေပုမှာ ဂုဏ်ထူးဆောင် ရှေးဟောင်း သုတေသနဌာနအရာရှိအဖြစ် ဤဒေသတွင် ၁၉၁၇-၁၉၂၃အထိ တာဝန်ထမ်းဆောင်ခဲ့လေသည်။)

သုတေသီဦးချန်ထွန်းကလည်း ဝါသုဒေဝနှင့် ညီနောင် (၉)ပါးတို့က အိန္ဒိယတစ်ခွင် အောင်ပွဲ ဆင်လာပြီးနောက်ဆုံး ဒွါရာဝတီကို အောင်မြင်သိမ်းပိုက် မင်းပြုနိုင်ခဲ့ကြသည် ဟု ဆိုပါသည်။ အိန္ဒိယလူမျိုးများက ၎င်းအား ခရစ်ရှနာ(Krishna) နတ် ဘုရားအဖြစ် ကိုးကွယ်ဆည်းကပ်မှုပြုကြသည်။ သို့သော် ရခိုင်လူမျိုးများက ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော မိမိတို့၏ဘုရင်မင်းမြတ် တစ်ပါးအဖြစ်သာ ခံယူကာ ရိုသေသတ်မှတ် ဂါရဝပြုကြသည်ဟု အဆိုရှိပါသည်။ ဝါသုဒေဝညီနောင်(၉)ပါး ဖြစ်နေရခြင်းမှာ ရရှိသည့် အခွန်အတုတ်တို့အား ညီတူညီမျှ ခွဲဝေကြသည့်အခါ ညီမအငယ်ဆုံးဖြစ်သည့် အဋ္ဌနဒေဝီမင်းသမီးလေးအား မေ့လျော့ပြီးကျန်ခဲ့ရာ နောက်ထပ်ဝေစုကို(၁၁)စုပြုပြင်ရန် လုပ်သည့်အခါ၌ ညီအငယ်ဆုံး အကိုရမင်းသားက ၎င်း၏ဝေစုကို ညီမငယ်အား ပေးရန်နှင့် ၄င်းအားလည်း ကူးသန်းရောင်းဝယ်မှုနှင့် သက်မွေးဝမ်းကြောင်းပြု လုပ်မည်ဖြစ်၍ အခွန်အကောက်မှခွင့်လွှတ်ရန် ခွင့်ပန်ပြီး သီးခြားခွဲထွက် သွားခဲ့ခြင်းကြောင့်ဖြစ်သည်။

ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီမှ ပြုစုထားသော ပြည်နယ်ဖြစ်စဉ်သမိုင်းအရ-

ရခိုင်တို့၏သမိုင်းဦးခေတ်သည် အခြားလူမျိုးများကဲ့သို့ပင် ဒဏ္ဍာရီပုံပြင်များနှင့် ရောနှောလျက် ရှိပေသည်။ ရခိုင်ရှေးဦးကျမ်းများအရဆိုလျှင် ရခိုင်တို့သည် ခရစ်တော်မပေါ်မီ (ဘီစီ)နှစ်ပေါင်းများစွာကပင် ထွန်းကားခဲ့သည်။ ရခိုင်နယ်သို့ နောက်ထပ်ဝင်ရောက်လာသောသူများမှာ အိန္ဒိယပြည်မှ အုပ်စု နှစ်စုဖြစ်သည်။ ထို အုပ်စုနှစ်စုတို့မှာလည်း ဆွေမျိုးများ (နွယ်တူအာရိယံများ)ပင်ဖြစ်ကြဟန် တူသည်။ ပထမ အုပ်စုဝေသာလီ အရပ်တွင်လည်းကောင်း၊ ဝါသုဒေဝ ညီနောင်တစ်ကျိပ်ခေါင်းဆောင်သော ကျန်တစ်စုသည် ဒွါရာဝတီအရပ်တွင်လည်းကောင်း အခြေချနေထိုင်ခဲ့ကြသည်။ထို့နောက် ဒွါရာဝတီတွင် အခြေချနေထိုင်သူတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး ဒွါရာဝတီ ပျက်သုဉ်းသွားခဲ့သည်။ ကြွင်းကျန်သောသူ အချို့တို့ မှာ ရခိုင်ပြည်မြောက်ပိုင်းအရပ်ရှိ ဝေသာလီနှင့် ဘီစီ-၃၂၈၇ အထိ ဆက်လက်တည်ရှိခဲ့သည်ဟု ရခိုင်သမိုင်းမှတ်တမ်းများက ပြဆိုကြသည်။အချို့သုတေသီများက ဘီစီ-၃၃၀၃ ဟု လည်း ဆိုကြသည်။

ဘီစီ-၃၃၀၃ မှာ ဗြဟ္မသိဒ္ဓိမင်း အနိစ္စရောက်ခဲ့ချိန် ဖြစ်နိုင်ပေသည်။ နောက် မှတ်သားရန်အချက် တစ်ချက်မှာ အိန္ဒိယ၌ လိစ္ဆဝီမျိုးရိုး မင်းများစိုးစံသည့် ဗုဒ္ဓမပွင့်မီ ရှေးပဝေသဏီက အမည်တူ မြို့တော် ဝေသာလီလည်း ရှိခဲ့သည်။ ၎င်းမြို့တော်၌ ဘုရင်မင်း၏ သမီးတော်မှာ ပုဂံမှအနော်ရထာမင်းက မင်းလှာ မိဖုရားမြောက်ရန် တောင်းခံခဲ့၍ ပေးပို့ခဲ့သော ပဉ္စကလျာဏီ ကုလားမင်းသမီးဖြစ်ပြီး၊ ကျန်စစ်သားမင်း၏ မယ်တော်ရင်းဖြစ်သည်။ အေဒီ-၁၀၁၈ ခန့်တွင် အနော်ရထာ ဓညဝတီမြို့တော်သို့ လာရောက်ကြိုဆိုပြီး (၅)လနေထိုင်ကာ-ဘူးရွက်မည်းလမ်းဖောက်လုပ်ပြီး မှ ပြန်သွားခဲ့သည်ဟု အဆိုရှိပါသည်။

အာရိယံနွယ်အုပ်စုများ အိန္ဒြမြစ်ညာတွင်အခြေပြုကာ ၎င်းနောက် ဝင်လာကြသူများက ဂင်္ဂါမြစ်ညာ မြစ်ဝှမ်းလွင်ပြင်နှင့် ဗြဟ္မပုတ္တရမြစ် ညာမြစ်ဝှမ်းမှ နောက်ဆုံး ကစ္ဆပနဒီမြစ်ညာအထိနှင့် အဆုံးစွန်အုပ်စု တို့က ဒွါရာဝတီဆီသို့ ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဤအာရိယံ(အင်ဒိုအာရိယံ)အုပ်စုများမှာ ဘီစီ-၅၀၀၀ ခန့်ကပင် အိန္ဒိယအနောက်မြောက်ဘက်တောင်ကြားလမ်း ဝင်ပေါက်များမှ စတင်ဝင်ရောက်ခဲ့သော အုပ်စုကြီးမှ ဖြစ်ပေသည်။သို့ဖြစ်၍ အိန္ဒိယသို့ ဝင်ရောက်ချိန်မှ နှစ်ရာစု(၄)စု (၅)စုခန့် နောက်ကျပြီးမှ ဝင်ရောက်နေရာယူခဲ့သည်ဟု ယူဆပါသည်။ ဘီစီ-၄၅၀၀ ခန့်ကပင်ဖြစ်ပေမည်။ ၎င်းအချိန်၌ အိန္ဒိယ အနောက်မြောက်ဘက်၌ အလွန်ထင်ရှားသော မြို့ကြီးနှစ်မြို့ ထွန်းကားနေပြီဖြစ်သည်။

ရခိုင်ရာဇဝင်တွင်လည်း အစ္စနကုမ္မာရီနှင့် ဗြဟ္မပုဏ္ဏားတို့ ဒွါရာဝတီမှ ထွက်ခွာခဲ့ကြသည်။ ရခိုင် အလယ်ပိုင်းဒေသရှေ့ပထမဝေသာလီသို့ ရောက်သောအခါ၌ ပညာရှိပုရောဟိတ်ပုဏ္ဏားက အစ္စနဒေဝီအား မိဖုရားမြောက်ပြီးလျှင် ဗြဟ္မဏာရာဇအမည်ဖြင့် မင်းပြုလေသည်ဟု ကျမ်းဂန်သုတေသီများက တညီတညွတ် တည်းဆိုပါသည်။

ရှေးခေတ် ရခိုင်လူမျိုးတို့၏ မျိုးရိုးပေါ်ပေါက်လာပုံ

အာသမ္ဘိန္န၊ ခတ္တိယဟု၊ ဝါသုဒေဝ၊ မင်းမှစ၍၊ ကစ္ဆပနဒီ၊
မြစ်ကိုမှီလျက်၊ လက်ဝဲလက်ယာ၊ များစွာမြို့ပြည်၊
တည်ခဲ့ပေမှ . . .

ရခိုင်လူမျိုးများသည် လူတို့၏ အသက်နှစ်သောင်းတမ်းကာလ၌ မဇ္ဈိမဒေသမြောက်ပိုင်း ဥတ္တရ ပထတိုင်း ကံသမင်းတို့၏ အနွယ်ဖြစ်သော ဝါသုဒေဝ မင်းမှစ၍ သမ္မတမင်းအဆုံးရှိသော မင်းဆက်ပေါင်း (၁၉)ဆက် မင်းဦးရေပေါင်း (၂၅၇)ပါး (အချို့ မင်းဆက်ပေါင်း ၂၄၀ ဆက်) တို့ဖြင့် တည်ထောင်ကာ အစဉ်သဖြင့် ကြီးပွားလာခဲ့ကြသော လူမျိုးများဖြစ်ကြသည်။

ရခိုင် ရှေးဦးလူတို့သည် ရခိုင်ပြည်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော အိန္ဒိယပြည် အရှေ့မြောက်ပိုင်းဒေသမှ ဝင်ရောက်လာသူများဖြစ်ကြသည်။ အိန္ဒိယနိုင်ငံအတွင်းသို့ အာရိယံများသည်လည်းကောင်း၊မွန်ဂိုလွိုက်များသည်လည်းကောင်း၊ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက် နေထိုင်ခဲ့ကြသည်။ ထိုအုပ်စုများသည် အိန္ဒိယနိုင်ငံအတွင်းသို့ မည်သည့် အချိန်မှစ၍ ဝင်ရောက်နေထိုင်သည်ကို တိတိကျကျပြောရန်ခဲယဉ်းပေသည်။

အာရိယံများသည် ယခုခေတ် အဂရာနှင့် အူးဒ်တွင်ရှိသော မဇ္ဈိမဒေသတွင် ပျံ့နှံ့စွာနေထိုင်ခဲ့ကြသည် သာမကယင်းတို့သည် ဂင်္ဂါမြစ်ဝှမ်းဒေသ၊ ဘင်္ဂလားနယ်အထိပင် တစ်စတစ်စ . . .

တတိယဓညဝတီခေတ် စန္ဒသူရိယမင်း လက်ထက်မှာ ဗုဒ္ဓဂေါတမ မြတ်စွာဘုရားရှင်သည် ဘီစီ-၅၁၇ အချိန်တွင် ရဟန်းတော်(၅၀၀)နှင့်အတူ ရခိုင်သို့ ကြွလာခဲ့သည်ကို တွေ့ရ

ပါသည်။ အခြိန်မှာ မဟာသက္ကရာဇ်(၁၂၃)ခုဖြစ်ပါသည်။ ဤအခြိန်မှာ မြတ်စွာဘုရားကဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီးနှင့်ရခိုင်ပြည်သူများကို နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို စတင်ဟောပါတော့သည်။ ဤအခြိန်မှစ၍ မင်းနှင့် ပြည်သူတို့မှာ ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်ကိုးကွယ်မှု စတင်လာပါသည်။ စန္ဒသူရိယမင်းကြီး၏ လျှောက်ထား တောင်းပန်ချက်ကို လိုက်လျောသောအားဖြင့် မဟာမုနိရုပ်တုတော်ကို ပဉ္စလောဟာ သတ္တုဖြင့် သွန်းလုပ်ခဲ့ပါသည်။ ယင်း အခြိန်မှာ ပင် ဆက်လက်သွန်းလုပ်ခွင့်ပြုခဲ့သော ဆင်းတုများမှာ ရှင်ကျော်မုနိ၊ မာန်အောင်မြင်မုနိ၊ ရွှေဘုံသာမုနိနှင့် မဟာမုနိပုံစံ မုနိနှင့် (၃၃)ဆူသော မဟာကျန်မုနိများနှင့် အများအပြားသော ဆင်းတုတော်အသေးငယ်များကို သွန်းလုပ်ခွင့်ပြုခဲ့ကြောင်း တွေ့ရပါသည်။

တဖန် စန္ဒသူရိယမင်း၏ ခြောက်ဆက်မြောက်မင်း သူရိယစက္ကမင်းကြီး လက်ထက်တွင်လည်း ပဉ္စလောဟာဆင်းတု(၅)ဆူ သွန်းလုပ်ခဲ့ပါသည်။ ၎င်းအနက် ယခုတိုင် ဖူးမျော်နိုင်သည့် တစ်ဆူတည်းသော စန္ဒမုနိဆင်းတုတော်မြတ်မှာ ယခုအခါ မြောက်ဦးမြို့ စန္ဒမုနိဘုန်းကြီးကျောင်းပရိဝုဏ်အတွင်း တောင်ကုန်းတစ်ခုပေါ်တွင် ဖူးတွေ့နိုင်ပါသည်။ ကျန်(၄)ဆူကို ရှာမတွေ့တော့ပါ။



သမိုင်းဦးဘတ် ရဒိုင်ငြှိ လှုပ်ရှားများဝင်ရောက်လာပုံ

ထိုသူရိယစက္ကမင်းကြီး စိုးစံခြိန် အတွင်းမှာပင်ဖြစ်ပေါ်ခဲ့ပါတလိပုတ်ပြည့်ရှင် အသောကမင်းကြီး စေလွှတ်သော သာသနာပြုအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်ကို တွေ့ရပါသည်။ မဟာရေဝတထေရ်နှင့် ဝါရင့် ဘုန်းတော်ကြီး(၄)ပါး ခေါင်းဆောင်သော သာသနာပြုအဖွဲ့သည် အသောကမင်း ဦးစီးဦးဆောင်ပြုလုပ်ခဲ့သော တတိယသံဂါယနာတင်ပွဲ ပြီးဆုံးခြိန် နောက်ဝယ် (၉)တိုင်း(၉)ဌာနသို့ စေလွှတ်သော သာသနာပြု အဖွဲ့များအနက်မှ အဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။ ဤသို့လာ ရောက်ခြင်းမှာ သူရိယစက္က မင်းကြီး၏ ဆင်းတု(၅)ဆူ သွန်းလုပ်ချိန်နှင့် တိုက်ဆိုင်နေ ကြောင်းကိုလည်း တွေ့ရပါသည်။ ၎င်းနောက် တတိယဓညဝတီခေတ်၏ တတိယ ဗုဒ္ဓသာသနာပြု မင်းတစ်ပါး မှာ သူရိယကုလ မင်းကြီး ဖြစ်ပါသည်။ ဤမင်း သွန်းလုပ်သောဆင်းတု တစ်ဆူမှာ သက္ကြ(စကြာ)မုနိ ကြေးဆင်းတုတော် ဖြစ်ပါသည်။ ဤဆင်းတုတော်၏ပုံစံနှင့် ထူးဆန်းစွာ ဆင်ယင်ထားပုံမှာ အလွန်ထူးဆန်းသောဘုရားတစ်ဆူ ဖြစ်ပါသည်။ ဦးခေါင်းတော်နှင့်ကိုယ်ခန္ဓာ ရှေ့နောက် အားလုံးတွင် အများအပြားသော ဗုဒ္ဓဆင်းတုငယ်များကို ဖောင်းပွပုံစံများဖြင့် သွန်းလုပ်ထားကြောင်း တွေ့ရပါသည်။ ယခုအခါ ဤသက္ကမုနိဆင်းတုတော်ကို စစ်တွေမြို့ရှိ လောကနန္ဒာစေတီ ပရိဝုဏ်အတွင်း သပ္ပာယ်စွာ ဖူးမြော်နိုင်ပါသည်။ အထက်ဖော်ပြချက်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် တတိယဓညဝတီခေတ် အခြိန်အခါကပင် ရခိုင်တို့သည် ပဉ္စလောဟာနှင့် သတ္တုသွန်းလုပ်မှုအတတ်ပညာများကို နိုင်နင်းစွာ တတ်မြောက်လျက်ရှိနေပြီဟု ပြောပြနေခြင်းသာမက၊ ခေတ်ပြိုင် ဥရောပတိုက်ဂရိ အေသင်မြို့တွင် တည်ဆောက်ခဲ့သော(Acropolis) ခံတပ်တွင် သွန်းလုပ် စိုက်ထူပြထားသော နတ်ဖုရားရုပ်တုကြီးများ၏ စက်မှု အတတ်ပညာထက် ရခိုင်တို့ နောက်မကျကြောင်း ပေါ်လွင်နေပါသည်။

ဤကဲ့သို့ပင် ယင်းအခြိန်အတွင်းမှာ ကျောက်ဆစ်ထုလုပ်ခြင်းပညာကိုလည်း ကောင်းမွန်စွာ ကျွမ်းကျင်တတ်မြောက်လျက်ရှိနေပြီကို တွေ့ရသည့်အပြင်၊ ပါဠိစာပေနှင့်ဗြဟ္မဏအကွဲရာရေးသားမှုကိုလည်း ကျွမ်းကျင်နေပြီဆိုသည်ကို ဗိုက်ပူဘုရားကျောက်စာ ‘သစ္စက ပရိဗ္ဗာဇကဇိန‘နှင့် တောင်ပေါက်ကြီးကျောက်စာပါ ဂေါတမဗုဒ္ဓမြတ်စွာဘုရား ရဟန်းတော် ငါးရာနှင့်အတူတကွ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်၌ရှိသော သေလာဂိရိ ကျောက်တောင်တွင် ဆင်းသက်ခဲ့ပြီး ဓညဝတီ ပြည့်ရှင် စန္ဒသူရိယမင်းကြီးအား နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို

ပြသခဲ့ကြောင်းကို ရေးသားထားသည့် ပါဠိစာနှင့် ပြဟ်ိုအကွာရာဖြင့် ရေးသားထားခြင်းကိုထောက်ရှုလျှင် ရခိုင်တို့သည်တတိယမည၀တီအချိန်ကပင် ပါဠိစာပေပြဟ်ိုအကွာရာကို ကျွမ်းကျင်နေပြီဖြစ်ကြောင်း ဖော်ပြနေခြင်းပင် ဖြစ်ပါတော့သည်။

ယခု တင်ပြနေသော 'မည၀တီ' ဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ဂေါတမမြတ်စွာဘုရားမတိုင်မီ ပွင့်တော်မူခဲ့သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ သုံးဆူသောမြတ်စွာဘုရားတို့က ဤဒေသကို မည၀တီဟု ခေါ်ဆိုခဲ့ကြသည်။ ဂေါတမမြတ်စွာ ဘုရားကလည်း မည၀တီ ဟုခေါ်တွင်ရန် ရှင်အာနန္ဒာနှင့် ရဟန်းတော် (၅၀၀)တို့အား ဗျာဒိတ်ပေးတော်မူခဲ့သော တိုင်းပြည် ဖြစ်သည်။ မည၀တီ ဟူသည် ဆန်ရေစပါး ပေါကြွယ်၀သောတိုင်းပြည်ဟု အဓိပ္ပာယ်ရသည်။

ဤ မည၀တီခေတ်တွင် အထူးမှတ်သား ဖွယ်ရာအချက်တစ်ချက်မှာ သင်္ကာရာဇ်ဖြိုခြင်း ကိစ္စပင် ဖြစ်သည်။ စာဖတ်ရှုသူများ သိကြသည့်အတိုင်း ဒုတိယမည၀တီခေတ် မင်းဆက်(၂၄)ရာလမာရုက ရှေးသင်္ကာရာဇ်(၈၆၄၅)ကို ပထမဆုံးအကြိမ် (၂)ကြွင်း ထား၍ ဖြိုခဲ့ပါသည်။ အသစ်တက်လာသော သင်္ကာရာဇ်ကို မဟာသင်္ကာရာဇ်ဟု ခေါ်တွင်ခဲ့သည်။ ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံချိန် မဟာ(၁၄၈)ကိုတတိယမည၀တီ ပြည့်ရှင်စန္ဒသူရိယမင်းကြီးကဒုတိယအကြိမ် ဖြိုချေခဲ့ပြီးနောက် သာသနာသင်္ကာရာဇ်(၁)နှင့်ကောဏာ သင်္ကာရာဇ် အသစ်ကိုတစ်ပြိုင်တည်း ထပ်မံစတင်ရေ တွက်လာသည်။ ၎င်းနောက် ဤတတိယ မည၀တီ ခေတ်အတွင်း ကောဏာသင်္ကာရာဇ်(၆၀၉) ရောက်သောအခါ သူရိယစိတြမင်းကြီးက တတိယအကြိမ် သင်္ကာရာဇ်ဖြိုခဲ့ပြန်ပါသည်။ စတုတ္ထနှင့် နောက်ဆုံးအကြိမ် သင်္ကာရာဇ်ဖြိုခြင်းကို ၀ေသာလီခေတ် သီရိစန္ဒရားမင်းကြီး(ခေါ်)သီရိမမွဝိဇယမင်းကြီးက ကောဏာ(၅၆၀) ကို ဖြိုခဲ့ပါသည်။ နောက်ဆုံးအကြိမ်ကိုဖြိုခဲ့ပြီးနောက် ပြန်လည် တိုးတက်လာသော ကောဏာသင်္ကာရာဇ်သစ်မှာ ယနေ့ ရခိုင်၊ မြန်မာတို့ သုံးစွဲလျက်ရှိနေသော သင်္ကာရာဇ်ပင်ဖြစ်ပါတော့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့်လည်း တတိယမည၀တီအချိန်ကပင် ရခိုင်တို့သည် အိန္ဒိယနှင့်အတူ သုံးစွဲလာသော ပြက္ခဒိန်စနစ်ကို ကျွမ်းကျင်လျက်ရှိကြောင်း ပေါ်လွင်နေပါသည်။ အတုယူသောပြက္ခဒိန်စနစ်များမှာ ကလိယုတ်နှင့် ဗိုက်ကာ ရန်ဆန်းဘက်ခေါ် အသောကခေတ်သုံးစွဲသော ဗုဒ္ဓဘာသာကို အခြေခံသော ပြက္ခဒိန်စနစ်ပင် ဖြစ်ပေသည်။

တတိယမည၀တီကို ဆက်ခံသော ခေတ်သုံးခေတ်မှာ (၁)၀ေသာလီကျောက်လှေကားခေတ်(၂) လေး မြို့ခေတ်နှင့်(၃) မြောက်ဦးခေတ်တို့ဖြစ်ပါသည်။ ဤအချိန်မှစ၍ မြို့ပြနိုင်ငံအဆင့်ကို ကျော်လွန်၍ နယ်နိမိတ်သတ်မှတ်ချက်နှင့်ရှိလာသော တိုင်းနိုင်ငံအဆင့် ကို ရောက်ခဲ့ပေပြီ။ ယဉ်ကျေးမှု၊ စာပေ၊ လူမှုရေး၊ စီးပွားရေး၊စစ်ရေး၊ပညာရေး၊နိုင်ငံတကာဆက်ဆံရေးစသည်တို့တွင် အဖက်ဖက်က တိုးတက်လာခဲ့ပါသည်။ မြောက်ဦးခေတ်တွင် အထွတ်အထိပ်သို့ရောက်ခဲ့သည်ကို တွေ့ရပါသည်။ ဤမြောက်ဦးခေတ် တတိယပိုင်းတွင်ပင် အစစအရာရာ ကျဆင်းလာသည်ကို တွေ့ရပါသည်။ မင်းများကလည်း မင်းကျင့်တရားပျက်ပြားလာပြီး ပြည်သူလူထုမှာလည်း လူ့ကျင့်ဝတ်တရား ပျက်ပြားလာသဖြင့် စည်းလုံးညီညွတ်မှုနှင့် ကင်းကွာလာသည့်အတွက် လွတ်လပ်ရေး ဆုံးရှုံးရသည့် အခြေအနေသို့ ရောက်ခဲ့ရပါတော့သည်။

တစ်နည်းပြောရသော် တတိယ မည၀တီ ကာလသည် ဂေါတမမြတ်စွာဘုရားပွင့်ထွန်းပြီးနောက် မြတ်စွာဘုရားကိုယ်တော်တိုင် ရဟန်းသံဃာ(၅၀၀)နှင့် အတူ ဗုဒ္ဓသာသနာပြန့်ပွားအောင် ရှေးဦးစွာရောက်ရှိလာသော အချိန်ဖြစ်သည်။ ဤအချိန်မှာ ဂေါတမမြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို ဗျာဒိတ်ပေးချက်များအနက် အိန္ဒိယနိုင်ငံတွင်သာသနာ ကွယ်ပျောက်ရန်ရှိသည်ကို အကြောင်းပြု၍ မဟာမုနိဆင်းတုတော်မြတ်ကို ဘုရင်စန္ဒသူရိယမင်းကြီးအား သွန်းလုပ်ခွင့်ပြုခဲ့ကြောင်းကိုပါ သိခဲ့ရပါသည်။ ဤအချက်များနှင့်ဆက်စပ်၍ တွေးဆကြည့်လျှင် သာသနာ့အာဏာနည် ဆရာတော်ကြီးများ ဖြစ်ကြသော စန္ဒြမဏိ အရှင်ဦးဆောင်တော်မူသည့် ဆရာတော်ကြီးများသည်မြတ်စွာဘုရားမွေးဖွားနေရာ၊ မြတ်စွာဘုရား တောထွက်ရာနေရာ၊ ပရိနိဗ္ဗာန်စံတော်မူသည့်နေရာများတွင် သာသနာ ကွယ်လုမတတ်ဖြစ်နေသော အနေအထားကို ယခုကဲ့သို့ ဖယ်ရှားနိုင်ခဲ့သည်မှာ ရခိုင်တို့၏ တတိယမည၀တီခေတ် အချိန်ခါမှာ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင်နှင့် အသောကမင်းကြီးက စေလွှတ်သော သာသနာပြုခဲ့ခြင်းများကို ပြန်လည်၍ သာသနာပြုခြင်းပြုလုပ်ရာ မည်ပေသည်ဟု ခံယူသင့်သည်ဟု ယုံကြည်မိပါသည်။ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ပါဘုရား။

(မိဂဒါဝုန်တွင် ဦးစန္ဒြမဏိ၊ဦးကိတ္တိမာ၊ဦးတိက္ခိန္ဒြိယတို့ သီတင်းသုံးတော်မူခဲ့ပြီး၊ယခုအခါဦး၀ဏ္ဏာဓဇက သီတင်းသုံးနေတော်မူလျက်ရှိသည်)

ဦးရွှေဇံ

ဗုဒ္ဓသာသနာတော်နှင့် သံဃရတနာ

အရှင်သူရိယ(သာသနဓဇမဟာစရိယ)

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၏ ပါရမီ ဖြည့်ကျင့်ပြီး မဟာသက္ကရာဇ်(၁၀၃)ခု ဘီစီ(၅၂၈) ခုနှစ် ကဆုန်လပြည့်နေ့ မဟာဗောဓိပင်အောက်၌ တရားအားထုတ် နှလုံးသွင်းတော်မူရင်း နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၍ ညဉ့်ပထမယာမ်၌ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ ဒုတိယယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်၊ တတိယယာမ်၌ အာသဝက္ခယဉာဏ်တော်ကို ရ၍ မာရ်ငါးပါးကို အောင်မြင်တော်မူပြီး တရားအလုံးစုံကို ကိုယ်တော်တိုင် ကိုယ်ပိုင် ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူသော အမြတ်ဆုံးပုဂ္ဂိုလ်ကို 'ဗုဒ္ဓ' ဘုရားဟုခေါ်သည်။

ဘုရားအဖြစ်သို့ရောက်တော်မူပြီးသည်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် လေးဆယ့်ငါးဝါ ကာလပတ်လုံး နေ့မအား ညမနား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော အဆုံးအမတရားတော်တို့သည် 'သာသနာ'မည်၏။

မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက် ခုနစ်သတ္တာဟမြောက်တွင် မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်ဆည်းကပ်သော တပုဿနှင့် ဘလ္လိကတို့ကို ဥပါသကာတပည့်သာဝကအဖြစ် ပထမဆုံး လက်ခံတော်မူ၏။ ထိုအချိန်တွင် တပည့်သံဃာ မပေါ်ပေါက်သေးပေ။ တပုဿနှင့် ဘလ္လိကတို့သည် ဒွေဝါစိက သရဏဂုံတည်သူ ဥပါသကာများဖြစ်ကြ၏။

ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပြီးသောအခါ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရ၍ အရိယာပုဂ္ဂိုလ်ဖြစ်သွားသော အရှင်ကောဏ္ဍညက ရဟန်းအဖြစ်ကို လျှောက်ထားတောင်းပန်၍ ဟိဘိက္ခု ရဟန်း အဖြစ်ကိုရမှပင် ဗုဒ္ဓသာသနာတော်၌ အစဦးဆုံး သံဃာတော်ပေါ်ပေါက်လာပါသည်။ အရှင်ကောဏ္ဍညကား သံဃာ၏ အမွန်အစပုဂ္ဂိုလ်ဖြစ်ပါသည်။

သံဃာဆိုသည်မှာ အသိအမြင်ချင်း၊ သီလချင်း၊ တူညီကြသော ပုဂ္ဂိုလ်အပေါင်းကို ခေါ်ဝေါ်ခြင်းဖြစ်၏၊ ဤအနက်အဓိပ္ပာယ်အရ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုရပြီးသော အရိယာပုဂ္ဂိုလ်ကို သာလျှင် "သံဃာ"ဟု မုချအားဖြင့် ခေါ်ဝေါ်ရ၏။ အဘယ်ကြောင့်ဆိုသော် အရိယာပုဂ္ဂိုလ်များသည်သာလျှင် အချင်းချင်း မဂ်အသိအမြင်၊ ဖိုလ်အသိအမြင်၊ ပစ္စဝေက္ခဏာ အသိအမြင်ဟူသော အသိအမြင် (သမ္မာဒိဋ္ဌိမဂ္ဂင်)အားဖြင့်လည်းကောင်း၊ အရိယကန္တသီလ ပြည့်စုံစင်ကြယ်မှုအားဖြင့်လည်းကောင်း၊ မျက်မှောက်မျက်ကွယ် အမြဲတစေ တူညီကြ၍ ပုထုဇဉ်များမှာကား ထိုကဲ့သို့ မတူညီနိုင်သောကြောင့်ဖြစ်လေသည်။

သို့သော် မဂ်ဖိုလ်ရရှိရေးအတွက် သီလ၊ သမာဓိ၊ ပညာအကျင့်တို့ကို စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်ကြသော ပုထုဇဉ် ရဟန်းတော်တို့ကိုလည်း အရိယာသံဃာတော်၏ အနွယ်ဝင်ဖြစ်၍ သံဃာတော်ဟု ခေါ်ဝေါ်ကြရ၊ အသိအမှတ်ပြုကြရ၏။ ထို့ကြောင့်ပင် အရိယာရဟန်းတော်များကို ပရမတ္ထသံဃာဟု ခေါ်ဝေါ်သုံးနှုန်းကြ၍ ပုထုဇဉ် ရဟန်းတော်များကို သမ္မုတိသံဃာ (သမုတ်ထား အသိအမှတ်ပြုထားသော သံဃာ)ဟု ခေါ်ဝေါ်သုံး နှုန်းကြ၏။

အရိယာသံဃာသည် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ် ပုဂ္ဂိုလ်အားဖြင့် မဂ်ပုဂ္ဂိုလ်လေးယောက်။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်အားဖြင့် ဖိုလ်ပုဂ္ဂိုလ်လေးယောက် ဤသို့ အရိယာရှစ်ဖော် သံဃာတော်ကို ဗုဒ္ဓဘာသာဝင်များ အားကိုးရာကိုးကွယ်ရာအဖြစ် ယုံကြည်ဆည်းကပ်ခွင့်ရကြ၏။

သံဃရတနာဟူသည် ဘုရားရှင်၏ သာသနာတော်ကို တရားစစ်တရားမှန်များဖြစ်ကြောင်း ကိုယ်ကျိုးစွန့်၍ ကျင့်ပြကြကုန်သော ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ထိုသံဃာသည် တစ်မြို့တစ်ရွာ တစ်နိုင်ငံအတွက်သာမဟုတ်၊ တစ်လောကလုံးအတွက် စံပြခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထိုသံဃရတနာသည် မိမိတို့၏ မေတ္တာဓာတ် ကျရောက်ရာ ရပ်ရွာနိုင်ငံတိုင်းဝယ် မေတ္တာတရား ကိုယ်ချင်းစာတရား လိမ္မာရေးခြားရှိခြင်း စသော လောကငြိမ်းချမ်း

သာယာရေးအတွက် အစားထိုးမရလောက်အောင် ဖြည့်စွမ်းပေးနိုင်သော ငြိမ်းချမ်းမှု၏ ခေါင်းဆောင်ကြီးများလည်း ဖြစ်ပါသည်။

ပစ္စုပ္ပန်တမလွန် ကောင်းစားရေးလောကုတ္တရာ ဂုဏ်ကျေးဇူးတို့ကို အဘယ်နတ်လူပြဟ္မာတို့မှ မပေးနိုင်ပါ။ သံသရာနှင့်ခြို၍ အတုမဲ့ကောင်းကျိုး ချမ်းသာကို ပေးစွမ်းနိုင်ကြသော ပုဂ္ဂိုလ်များမှာလည်း သံဃာတော်များပင် ဖြစ်ပါသည်။

အတုမဲ့ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်သော သံဃာတော်၏ ကျေးဇူးကို သိ၍ ဘုရားရှင်သည် မိထွေးတော်ဂေါတမီအား (သံယေ ဒိန္နံ မဟပ္ဖလံ) "သံယေ ဂေါတမိ ဒေဟိ၊ သံယေ တေ ဒိန္နေ အဟဉ္စေဝ ပုဇိတော ဘဝိဿာမိ သံယောစာ" တိ။ 'ဂေါတမိ သင်ကိုယ်တိုင် ရက်လုပ်သော ဤသက်နှံ များကို သံဃာတော်အား လှူဖျော သံဃာတော်ကိုလှူလျှင် ငါဘုရားကို လှူရာရောက်သည်' ဟု မိန့်တော်မူခဲ့၏။(မ၁၃။ ၂၉၆)

ဘုရားတရားသံဃာတို့သည် လူနတ်ဗြဟ္မာ သတ္တဝါတို့ စိတ်နှလုံးကို နှစ်သက်မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုရပါသည်။ ထိုသံဃာ ရတနာကို ရိုသေလေးမြတ် ဆည်းကပ်ကိုးကွယ်သူများ လောကသံသရာနှစ်ဖြာသော အကျိုးကို ရရှိနိုင်ပါသည်။

သံဃရတနာသည် " ပဗ္ဘဇိတဘာဝေါ ဒုလ္လဘော " ရဟန်းအဖြစ်သည် ရခဲ၏။ ဘုရားရှင်ဟောကြားခဲ့သော ဒုလ္လဘငါးပါးတွင် တစ်ပါးအပါအဝင် ဖြစ်ပါသည်။ ဗုဒ္ဓ ရတနာပေါ်ထွန်းခြိန်၌သာ တွေ့ကြုံရခြင်း၊ ဖူးမြင်ရခြင်းကြောင့် အလွန်တွေ့ကြုံခဲရသော ရတနာဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂိငါးဦးတို့အား မဇ္ဈိမဒ္ဓိပဒါ အလယ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါးသစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူလေသည်။ ထိုတရားတော် အဆုံးတွင် အရှင်ကောဏ္ဍညမထေရ်သည်(၁၈) ကုဋေသော နတ်ဗြဟ္မာတို့နှင့်အတူ၊ သောတာပန်တည်တော်မူသည်။

မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ဝါဆိုလပြည့် စနေနေ့ အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပြီး နောက်လပြည့်ကျော် (၁)ရက်နေ့မှစ၍ (၄)ရက်တိုင်တိုင် ဓမ္မစကြာတရားတော် အတိုင်း ကျင့်ကြံ အားထုတ်တော်မူရာ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိ လေးဦးတို့သည် တစ်ရက်ပြီးတစ်ရက် တစ်ပါးပြီး တစ်ပါး သောတာပန်တည်လေသည်။ ဝါဆိုလပြည့် ကျော်(၅)ရက်နေ့တွင် အနတ္တလက္ခဏသုတ်ကို ဟောတော်မူရာ ပဉ္စဝဂ္ဂိငါးပါးစလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

ထိုအခါမှစ၍ ကမ္ဘာလောကကြီးအတွင်းဝယ် သံဃရတနာပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ယသ သတို့သားနှင့် သူငယ်ချင်း(၅၄)ယောက်တို့ ရှေ့ဆင့်နောက်ဆင့် ရဟန်းဘောင်သို့ ဝင်ကြရာ သံဃာ(၆၀)ဖြစ်လာသည်။

ဥရုဝေလကဿပ ရဿေတစ်ထောင်တို့ကို ဆက်လက် ချေခွဲတော်တော်မူရာ ဘုရားသာသနာဝယ် ရဟန်းသံဃာများ တဖြည်းဖြည်းတိုးပွားလာခဲ့ပြီး သံဃရတနာသည်လည်း မြတ်ဗုဒ္ဓသာသနာဝယ် ထင်ရှားလာခဲ့တော့သည်။

ဘုရားရှင်တည်ထောင်အပ်သော သာသနာတော်ဟူသည် "မကောင်းမှုအကုသိုလ်တရားတို့မှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကုသိုလ်တရားတို့ကို ပြည့်စုံခြင်း၊ မိမိ၏စိတ်ကို ကိလေသာတို့မှ ကင်းဝေးစေခြင်း"ဟူသော ဤသုံးပါးသည် ဘုရားရှင်တိုင်း ဟောကြားဆုံးမအပ်သော အကျင့်ချုပ် သာသနာတော်ပင်ဖြစ်သည်။ တရားကိုယ်အနေဖြင့် သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါးသည်ပင် ဘုရားရှင်၏ သာသနာတော်မည်၏။

တစ်နည်းအားဖြင့် သာသနာသည် ပရိယတ္တိ သာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ ဟု သုံးပါးရှိသည်။ ထိုတွင် ဘုရားရှင်ဟောကြားတော်မူအပ်သော စာပေကျမ်းဂန်တို့ကို သင်အံလေ့ကျင့်ခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်းစသည်တို့သည် ပရိယတ္တိသာသနာမည်၏။ သင်ကြားနာယူမှု အသိကို အခြေခံလျက် သိရှိသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် ပဋိပတ္တိသာသနာ မည်၏။ ကျင့်ကြံကြိုးကုတ်အားထုတ်သဖြင့် မဂ်ဖိုလ် နိဗ္ဗာန်အကျိုးသည် ပဋိဝေဓသာသနာမည်၏။

သာသနာသုံးရပ်တို့တွင် ပရိယတ္တိသည် သာသနာတော်၏မူလပဓာနဖြစ်၍ ဝိပဿနာ၏ ပါဒက အခြေခံ ကျင့်ဝတ်ပဋိပတ်၏တည်ရာဖြစ်သော ပရိယတ်တို့ကို မြတ်စွာဘုရားအထံတော်မှ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ စသော ရဟန္တာအရှင်မြတ်တို့ သင်ကြားနာယူမှတ်သားခဲ့ကြ၍ ပဌမသံဂါယနာတင်ပြီးသောအခါ ပရိယတ္တိ ပျောက်ပျက်တိမ်ကော၍ သာသနာကွယ်ပမည်ကို မြင်တော်မူကြသဖြင့် ရဟန္တာအရှင်တို့သည် ပရိယတ္တိကို တာဝန်ခွဲ၍ သင်ကြားပို့ချ

လျက် ဆရာအဆက်ဆက်တို့ ဆောင်ယူတော်မူခဲ့ကြလေသည်။

အကယ်၍ ရှေးရှေးက သံဃာတော်များသည် ကိုယ်ကျိုးအတွက် သက်သက်ကြည့်၍ တရားကိုချည်း အားထုတ်နေခဲ့ကြ၍သော်လည်းကောင်း၊ ရဟန်းသံဃာများကို အဆက်ဆက်စာပေ မပို့ချဘဲ အေးအေးနေခဲ့ကြသော်လည်းကောင်း၊ ဒါယကာ၊ ဒါယိကာမများကိုသာ ဟောပြော၍ နေခဲ့ကြသော်လည်းကောင်း ဤသာသနာသုံးရပ်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် မကြာခင် ကွယ်ပျောက်ခဲ့ရာ၏။ စာချဆရာတော်တို့၏ အပင်ပန်းခံလျက် ကျမ်းဂန်ပြုခြင်း၊ အဆက်ဆက်စာပေပို့ချခြင်းကြောင့်သာ ယခုထက်တိုင်အောင်ပင် ဤသာသနာတော်ကြီးကို အားလုံးကြုံတွေ့ရပေသည်။ သာသနာတည်တံ့ရေးကို သတိပြုမိကြသောအခါ ကျမ်းဂန်ပြုစာချဆရာတော်များသည် အထူးကြည်ညိုစရာကောင်းလှပါသည်။ ထို့ကြောင့် ကျမ်းဂန်တတ်သိ ပညာရှိပုဂ္ဂိုလ်များကို "ဘုရားအရာထား၍ ဘုရားကိုယ်တော်စား သာသနာပြုပုဂ္ဂိုလ်များ"ဟု မြှောက်စားကြပေသည်။

မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယလမ်းကြောင်း မတိမ်းစောင်းဘဲ သာသနာတော်ကြီး အရှည်တည်တံ့ဖို့အတွက် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလကြာ မာဂဓတိုင်း ရာဇဂြိဟ်၌ အရှင်မဟာကဿပ ကိုယ်တော်တိုင်ကြီးကြပ်၍ ပဉ္စကတ်တော်များ စီစဉ်ကာ ပထမအကြိမ် သင်္ဂါယနာ တင်တော်မူခဲ့၏။

အနှစ်တစ်ရာလောက်ကြာသောအခါ ဝေသာလီမြို့ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို ပယ်နုတ် လိုသောဆန္ဒ ဖြစ်ပေါ်ကြကုန်သောကြောင့် "အရှင်မဟာ ယသထေရ" ဦးစီးမှုဖြင့် ဒုတိယအကြိမ် သင်္ဂါယနာ တင်ခဲ့ရပြန်သည်။

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံ၍ အနှစ်(၂၃၅)ခုနှစ်တွင် ဓမ္မာသောကမင်းကြီးလက်ထက်မှာ သာသနာတော်သို့ ဝင်၍ တိတ္ထိတို့နှောင့်ယှက်မှုကြောင့် "အရှင်မောဂ္ဂလိပုတ္တတိဿ" အမှူးပြုလျက် တတိယအကြိမ် သင်္ဂါယနာတင်ခဲ့ရပြန်သည်။

ထိုသံဃာယနာတင်ပြီးနောက် သာသနာတော်သည် သီဟိုဠ်ကျွန်းနှင့်တကွ အရပ်ရပ်သို့ ပြန့်နှံ့လေ၏။ သီဟိုဠ်ကျွန်း၌ သာသနာထွန်းကားစဉ် "ဗြဟ္မဏတိဿ"သူပုန် ဘေးကြီးဖြစ်ပေါ်လာ၍ ပြည်ရွာမငြိမ်မသက်ရကား ရဟန်းတော်များပင် မလွှဲမဒေသ အိန္ဒိယသို့ ကူးသွားရလေသည်။ ထိုသူပုန်ဘေးကြီးအေးငြိမ်းသွားသောအခါ သံဃာတော် များအားလုံးသည် သီဟိုဠ်ကျွန်းသို့ ပြန်ရောက်လာကြသဖြင့် နောင်အခါယခုလို ဘေးကြီးဖြစ်လာခဲ့လျှင် နောင်လာ နောင်သားတို့ ပဋိကတ်တော်ကို နှုတ်တက်ဆောင်နိုင်ရန် ခဲယဉ်းမည်ကို မြင်တော်မူကြ၍ သာသနာတော်အနှစ်(၄၅၀) လောက်မှာ ဝဋ္ဋဂါမဏိမင်းလက်ထက်၌ မဟာထေရ သံဃရက္ခိတထေရ ဦးစီးအကြီးအမှူးပြုလျက် ပဋိကတ်တော်များကို ပေရွက်ပေါ်ရေးစေ၍ စတုတ္ထအကြိမ်သင်္ဂါယနာ တင်တော်မူခဲ့ရပြန်သည်။

သာသနာတော်နှစ် ၂၄၁၅ခုနှစ်တွင် မြန်မာနိုင်ငံ မန္တလေး၌ မင်းတုန်းမင်းလက်ထက် ဘုရားကြီးဆရာတော် အရှင်ဇာဂရ မထေရ် အကြီးအမှူးပြု၍ ပဉ္စမအကြိမ် သံဂါယနာတင်ခဲ့ကြသည်။

ဆဋ္ဌမသံဂါယနာကို သာသနာတော်နှစ် ၂၄၉၈ ခုနှစ် ကောဇာ-၁၃၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် သံဃာတော် (၂၅၀၀)တို့ဖြင့် စတင်ကျင်းပလေသည်။ ထိုသင်္ဂါယနာတင်ပွဲ၏ ဦးစီးဦးဆောင် အရှင်မြတ်များမှာ ညောင်ရမ်းဆရာတော်အရှင်ရေဝတ၊ မစိုးရိမ်ဆရာတော် အရှင်သူရိယာဘိဝံသ၊ မဟာစည်ဆရာတော် အရှင်သောဘန၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဓမ္မနာဒ ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသတို့ ဖြစ်ကြပါသည်။

ဤကဲ့သို့ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ ဗုဒ္ဓသာသနာတော်ကြီး မကွယ်ပျောက်ရလေအောင် စောင့်ရှောက်တော်မူလာကြကုန်သော သံဃာတော်များသည် ဗုဒ္ဓသာသနာတော်နှင့် ဗုဒ္ဓဘာသာဝင်များအတွက် လွန်စွာကျေးဇူးများကြောင်း တင်ပြအပ်ပါသည်။

အရှင်သူရိယ(သာသနဓဇဓမ္မာစရိယ)

ဗုဒ္ဓ၏အခြေခံသွန်သင်ဆုံးမမှု

ကိုယ်ကျိုးရှာ တပ်မက်မှုကင်းခြင်း (Liberation from Selfish and Craving) ဖြင့် နူးညံ့သိမ်မွေ့မှု (Gentleness)၊ အေးချမ်းတည်ငြိမ်မှု (Serenity) နှင့် ကရုဏာ (Compassion) ထားမှုများ ရှိကြပါစေ။

ဤသည်တို့မှာကား အရှေ့တိုင်းဘာသာရေးဖြစ်သည့် ဗုဒ္ဓဝါဒ၏ အခြေခံသွန်သင်ဆုံးမမှုများ ဖြစ်ပေသည်။

E.A Burtt

The Compassionate Buddha

နိဗ္ဗာန်ဆိပ်ဦး နေရာထူးပေမို့

အရှင်နန္ဒသေနာလင်္ကာရ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

ကလေးအရွယ်တုန်းက အဖိုးအဖွားလူကြီး သူမတွေ ပုံဝတ္ထုပြောတာကို တမြတ်တနိုးနားထောင်ခဲ့ဖူးပါတယ်။ အခု မှတ်မိတာတွေလည်း ရှိပါရဲ့၊ မမှတ်မိတော့တာက အများအပြား ဖြစ်ပါလိမ့်မယ်။ အဲဒီထဲက 'ဟိုရှေးရှေးတုန်းကပေါ့၊ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းလုပ်သတဲ့၊ အဲဒီအခါမှာ' စတဲ့စကားလုံးတွေကိုတော့ စွဲစွဲလန်းလန်း မှတ်မိနေပါတယ်။ ပုံဝတ္ထုအများစုကို စကားလုံးတွေနဲ့ အစပျိုးထားလို့ပါ။ ဒီလိုနဲ့ ဗာရာဏသီပြည် ဆိုတဲ့ ဝေါဟာရဟာ ကလေးအရွယ်ကတည်းက ယဉ်ပါးနေတဲ့ ဝေါဟာရ ဖြစ်ပါတယ်။

ကျောင်းသားအရွယ် ရောက်ပြန်တော့ ဆရာတော်သံဃာတော်များ တရားဟောတော်မူကြတဲ့အခါ-'အတိတေ ဗာရာဏသိယံ ဗြဟ္မဒတ္တော ရဇ္ဇံ ကာရေန္တေ= ရှေးရှေးအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူစဉ်က' ဆိုတဲ့စကားရပ်တွေ။ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ=မြတ်စွာဘုရား ဗာရာဏသီမြို့အနီး ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောမှာ သီတင်းသုံးတော်မူစဉ်က' စတဲ့ စကားရပ်တွေကို မကြာမကြာ ကြားနာရပါသည်။ ဒါကြောင့် ဗာရာဏသီဆိုတဲ့စကား၊ မိဂဒါဝုန်ဆိုတဲ့စကားရပ်တွေဟာ ရင်းနှီးကျွမ်းတဲ့စကားရပ်တွေ ဖြစ်နေပါတော့တယ်။ စာရေးသူလိုပဲ အခြားသူတွေအဖို့လည်း ဒီလိုပဲ ဖြစ်ကြလိမ့်မယ် လို့ ယူဆပါတယ်။

ဗာရာဏသီမြို့ဟာ ဘုရင်ထီးနန်းစိုက်တဲ့နေပြည်တော်မို့ အထူးစည်ကားတဲ့ မြို့ကြီးတစ်မြို့ ဖြစ်လိမ့်မယ်၊ မိဂဒါဝုန်တောဟာလည်း စိမ့်စမ်းရေတံခွန်တွေ သစ်ပင်ကြီးငယ်တွေ အုပ်ဆိုင်းပြီး ဘေးမဲ့ပေးထားတဲ့ ကျေးငှက်ပေါင်းစုံ၊ သမင်၊ ဒရယ်စတဲ့ သားကောင်ပေါင်းစုံ လွတ်လွတ်လပ်လပ် နေထိုင်ကျက်စားရာ အေးချမ်းသာယာတဲ့ တောအုပ်ကြီးတစ်ခု ဖြစ်လိမ့်မယ်လို့ အာရုံထဲမှာ စွဲထင်နေပါတယ်။

ပိဋကတ်စာပေတွေကို သင်ယူလို့ ပါဠိတော်၊အဋ္ဌကထာ ဋီကာတွေကို ကြည့်ရှုနိုင်တဲ့အခါကျတော့ ဗာရာဏသီ၊ ဣသိ ပတန၊ မိဂဒါဝုန်တို့ရဲ့ အခြေအနေကို စိတ်ဝင်တစားလေ့လာကြည့်မိပါတယ်။ ဘာကြောင့် ဗာရာဏသီလို့ခေါ်သလဲ ဆိုတဲ့ အကြောင်းနဲ့ ပတ်သက်လို့-ဗာရာဏသီမြစ်ကမ်းအနီးမှာတည်ရှိလို့မို့ ဗာရာဏသီခေါ်တယ်(ပဋိသံ-ဋ္ဌ)။ ရသေ့မုနိဆယ့်နှစ်ဦး (အသိန်းမကတဲ့ သဗ္ဗညုဘုရားရှင်များ ဓမ္မစက္ကာတရားဟောတော်မူဖို့ရာ) ဆင်းသက်ရာအရပ် ဖြစ်လို့မို့ ဗာရာဏသီခေါ်တယ် (အပဒါန-ဋ္ဌ)၊ မျောက်ဦးခေါင်းနှင့်တူတဲ့ ကျောက်ရှိရာအရပ် ဖြစ်လို့မို့ ဗာရာဏသီခေါ်တယ်(အဘိ ဓာန်-ဋီ)၊ မြို့တည်စတုန်းက မင်းနှစ်ပါး စစ်ထိုးရာအရပ်မို့လို့ ဗာရာဏသီ ခေါ်တယ် (ဇာတက-ဋီ)၊ ဝရုဏာမြစ်၊ အာသီမြစ်နှစ်ခုတို့ရဲ့ အကြားမှာ တည်ရှိလို့မို့ ဗာရာဏသီ ခေါ်တယ် (ထောမနိဓိ)စသည်ဖြင့် ကျမ်းဂန်တွေမှာပြဆိုထားတာ တွေ့ရပါတယ်။ နောက် စိတ်ဝင်စားစရာကောင်းတဲ့အချက်က ဘုရားအလောင်းတော် ပါရမီ ဖြည့်စဉ်ကာလတွေမှာ ဒီဗာရာဏသီမြို့ဟာ အခြားနာမည်တွေနဲ့ ကြီးကျယ်ခမ်းနားတဲ့ မြို့တစ်ခုဖြစ်နေတာကို တွေ့ရတဲ့ အချက်ပါပဲ။

ဥပမာ-ဥဒယဘဒ္ဒဇာတ်တော်မှာ ဥဒယဘဒ္ဒမင်းထီးနန်းအုပ်ချုပ် မင်းလုပ်တဲ့ သုရုန္ဓနမြို့တော်(ဇာတက-ဋ္ဌ)၊ ယုဓဉ္စယဇာတ်တော်မှာ သဗ္ဗဒတ္တမင်း ထီးနန်းအုပ်ချုပ် မင်းလုပ်တဲ့ ရမ္မမြို့(ဇာတက-ဋ္ဌ)၊ စူဠဥသုတသောမဇာတ်တော်မှာ ဗြဟ္မဒတ်မင်း ထီးနန်းအုပ်ချုပ် မင်းလုပ်တဲ့ သုဒဿနမြို့(ဇာတက-ဋ္ဌ)၊ သောမနဿဇာတ်တော်မှာ မနောဇမင်း ထီးနန်းအုပ်ချုပ် မင်းလုပ်တဲ့ ဗြဟ္မဝမ္ဗနမြို့(ဇာတက-ဋ္ဌ)၊ စန္ဒ ကုမာရ ဇာတ်တော်မှာ ဧကမင်းထီးနန်းအုပ်ချုပ် မင်းလုပ်တဲ့ ပုပ္ပဝတီမြို့(ဇာတက-ဋ္ဌ) စသည် ဖြစ်ပါသည်။ ပြီးတော့ နောင်အခါ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူတဲ့အခါမှာလည်း ကေတုမတီ-ဆိုတဲ့ နာမည်နဲ့ ကြီးကျယ်တဲ့ မြို့ကြီးတစ်ခု ဖြစ်ဦးမှာဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါက ဗာရာဏသီ-နှင့် ပတ်သက်လို့ လေ့လာကြည့်တာပါ။

မိဂဒါဝုန်တောနဲ့ ပတ်သတ်လို့လည်း-ဗာရာဏသီမြို့အနီးက မိဂဒါဝုန်တောအပြင် ဘုရားလက်ထက်တော်အခါက အခြားမိဂဒါဝုန်တောများ ရှိသေးတာကိုလည်း တွေ့ရပါတယ်။ ဥပမာ-သုသုမာရဂိရိမြို့အနီးက ဘေသကဠာဝန အမည်ရတဲ့ မိဂဒါဝုန်တော(မဇ္ဈိမ-၁)။ ဥရုဉ္ဇာမြို့အနီးက ကဏ္ဏကတ္ထလ

အမည်ရတဲ့ မိဂဒါဝုန်တော(မဇ္ဈိမ-၂)၊ ရာဇဂြိုလ်မြို့အနီးက မဒ္ဒကုစ္ဆိအမည်ရတဲ့ မိဂဒါဝုန်တော(သံ-၁)၊ သာကေတမြို့အနီးက အဉ္ဇနဝနအမည်ရတဲ့ မိဂဒါဝုန်တော(သံ-၁) တို့ ဖြစ်ပါသည်။ ဒါပေမယ့် မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်လောကမှာတော့ မိဂဒါဝုန်လို့ ပြောလိုက်ရင် ဟရာဇာသီမြို့အနီးက ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောကို အသိများတာ တွေ့ပါတယ်။

ဘုရားရှင်နှင့်ဆက်စပ်လို့ ဗုဒ္ဓဘာသာဝင်တွေမှာ အထူးအလေးထားတဲ့ နေရာဒေသတွေ ရှိပါတယ်။ မဟာဗောဓိပင်အနီးက ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ ပလ္လင်တော်နေရာ၊ မိဂဒါဝုန်တောက မမွေစကြာတရား ဟောတော်မူခဲ့တဲ့နေရာ၊ ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋိကျောင်းက ဘုရားသီတင်းသုံးတော်မူတဲ့ ညောင်စောင်းတော် နေရာ၊ တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရား ဟောတော်မူပြီး ပြန်ကြွတော်မူတဲ့အခါ သင်္ကဿမြို့အနီးမှာ ခြေတော်ကို ပထမချတော်မူတဲ့ နေရာတွေ ဖြစ်ပါတယ်။ ဒီနေရာတွေဟာ စာရေးသူတို့ရဲ့ ဘုရားတစ်ဆူတည်းနဲ့ ဆက်စပ်တဲ့ နေရာတွေ မဟုတ်ပါဘူး။ ပွင့်တော်မူပြီးသမျှ ဘုရားရှင်ဆူဆူတို့က ဒီနေရာတွေမှာဘဲ ဘုရားအဖြစ်သို့ ရောက်တော်မူမှု၊ မမွေစကြာတရား ဟောကြားတော်မူမှု စသည်ဖြင့် ဆက်စပ်တဲ့နေရာတွေ ဖြစ်ပါတယ်။ နောင် ပွင့်တော်မူမယ့်ဘုရားရှင် အဆူဆူလည်းပဲ ဒီနေရာတွေမှာပဲ ဘုရားအဖြစ်သို့ ရောက်တော်မူမှု၊ မမွေစကြာတရား ဟောတော်မူမှု စသည် ပြုတော်မူကြဦးမှာ ဖြစ်ပါတယ်။ ခေတ်ကာလ အမည်နာမ အနေအထားတွေ ပြောင်းလဲကောင်း ပြောင်းလဲပေမယ့် ဒီနေရာတွေကိုပဲ ဘုရားရှင်အဆူဆူ အသုံးပြုတော်မူ ကြမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီနေရာတွေကို 'အဝိဇဟိတ= ဘုရားရှင်အဆူဆူ မစွန့်ပယ်အပ်တဲ့နေရာ' လို့ စာပေမှာ သုံးထားတာကို တွေ့ရပါတယ်။ (မဟာဝဂ္ဂ-အဋ္ဌကထာ)။

ပြီးတော့ မြတ်စွာဘုရား ဖွားမြင်တော်မူတဲ့နေရာ၊ မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူသောနေရာ၊ မမွေစကြာတရားဟောတော်မူတဲ့နေရာ၊ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့နေရာတွေဟာ၊ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာတို့အတွက် 'သံဝေဇနိယ=သံဝေဂဖြစ်ပွါးစေရာနေရာများ ဖြစ်လိမ့်မယ်လို့ မြတ်စွာဘုရား ကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့တာရှိပါတယ်။ (မဟာပရိနိဗ္ဗာန်သုတ်)။ ဒီနေရာတွေကို အခုအခါမှာ'သံဝေဇနိယလေးဌာန'လို့ ပြောဆိုသုံးနှုန်းကြပါတယ်။

ဟရာဇာသီမြို့အနီး မိဂဒါဝုန်တောက မမွေစကြာဟောတော်မူတဲ့နေရာဟာ 'အဝိဇဟိတ-ဌာနမှာရော၊ သံဝေဇနိယ -ဌာနမှာရော ပါနေတာကို တွေ့ရလို့ ပိုပြီးတော့စိတ်ဝင်တစား ရှိလှပါတယ်။

ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်နေခဲ့တဲ့ ဟရာဇာသီမြို့အနီးက ဣသိပတန မိဂဒါဝုန်ဆီသို့ (၁၉၉၆) ခုနှစ်မှာ ရောက်ခွင့်ကြုံခဲ့ပါတယ်။ ပါဠိတော်တွေ အဋ္ဌကထာတွေ ဋီကာတွေမှာ မကြာမကြာ တွေ့နေရတဲ့ သာဝတ္ထိ ရာဇဂြိုဟ် ကပိလဝတ် လုမ္ဗိနီ ဝေသာလီ ဂယာ ဥရုဝေလ ကုသိနာရုံ စတဲ့ ထင်ရှားတဲ့နေရာတွေ၊ နေရွှေ့ရာ ဂဂီ၊ အစိရဝတီစတဲ့ မြစ်ကြီးတွေကို ကိုယ်တိုင်မြင်တွေ့ရတော့မှာမို့ ရင်ထဲမှာ အထူးလှုပ်ရှားမိပါတယ်။ ကာလကတ္တားကနေ ရထားစီးပြီး ဟရာဇာသီသို့ ခရီးစတင်ခဲ့ပါတယ်။ ဟရာဇာသီရောက်ရင် မိဂဒါဝုန်ကျောင်းမှာ တည်းခိုဖို့လည်း စီစဉ်ထားပါတယ်။

ဗုဒ္ဓဘာသာဝင်အလွန်နည်းပါးပြီး ကူညီထောက်ပံ့သူရှားပါးလှတဲ့ အရပ်ဒေသမှာ ဘုန်းကြီးကျောင်းတစ်ခုအဖြစ် ရပ်တည်ရတာကြောင့် မိဂဒါဝုန်ကျောင်းဟာ သာမန်အနေအထားလောက်ပဲ ရှိလိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ ဟရာဇာသီဘူတာမှာ ရထားကဆင်းပြီး မိဂဒါဝုန်သို့ ကားစီးရပါတယ်။ ကျောင်းအနီး ရောက်သွားတဲ့အခါမှာတော့ စာရေးသူအထင်နဲ့တခြားစီ ဖြစ်နေပါတယ်။ ကျောင်းဝင်းကြီးက ကျယ်သလောက် ခိုင်ခံ့ကြီးမားတဲ့ တံတိုင်းကြီးတွေ ထည်ဝါတဲ့ မုခ်ဦးကြီးတွေကို တွေ့ရပါတယ်။ ကျောင်းဝင်းထဲရောက်သွားတဲ့အခါမှာလည်း ခမ်းနားထယ်ဝါတဲ့ ကျောင်းဆောင်ကြီးတွေကို သေသေသပ်သပ် ဆောက်လုပ်ထားတာ တွေ့ရပါတယ်။ ဆရာတော်များရဲ့ သာသနာစိတ်ပြင်းပြမှု၊ ဇွဲလုံ့လဘုန်းကံတို့ရဲ့ အခြေအနေကို ကြည့်ပြီး စာရေးသူ ဝမ်းသာပီတိဖြစ်ရပါတယ်။

ကျောင်းဝင်းထဲရောက်တော့ ဆရာတော်သီတင်းသုံးတော်မူရာ ကျောင်းဆောင်ဆီသွားပြီး ဆရာတော်ကို ဦးချကန်တော့ပါတယ်၊ ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)ဟာ အဲအချိန်က သက်တော်လေးဆယ်ကျော်ရုံလောက်ပဲ ရှိဦးမှာပါ။ တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးပေမဲ့ ဆွေမျိုးအရင်း ညီအစ်ကိုအရင်းတွေနှင့် တွေ့ရသလို ဆရာတော်က လှိုက်လှိုက်လှဲလှဲ ဝမ်းပမ်းတသာ ကြိုဆိုနှုတ်ဆက်ပါတယ်။ စာရေးသူတို့ တည်းခို၊ စားသောက်ရေးသွားလာရေးအတွက်လည်း လိုလေသေးမရှိအောင်

ဆောင်ရွက်ပေးပါတယ်။ ဆရာတော်ရဲ့ ကျေးဇူးတွေက စာရေးသူတို့အပေါ် အလွန်များလှပါတယ်။

မိဂဒါဝုန်ကျောင်းဟာ မိဂဒါဝုန်ဒေသ ရှေးဟောင်း သုတေသန နယ်မြေအဖြစ် သတ်မှတ်ထားတာနဲ့ ခြံစည်းရိုး ချင်း ကပ်ရက်အနေအထားပါ။ ကျောင်းဝင်းထဲက လှမ်းကြည့် လိုက်ရင်ပဲ ဓမ္မစကြာဟောတော်မူတဲ့နေရာ၊ အနတ္တလက္ခဏ သုတ် ဟောတော်မူတဲ့နေရာ၊ နန္ဒိယသူဌေး ကျောင်းနေရာ စသည် တွေကို အထင်သား မြင်နေရပါတယ်။ ဒီနေရာဟာ ကျောင်းတိုက်မှာ တည်းခိုဘုရားဖူးကြတဲ့ အသိန်းသန်းမကတဲ့ ဘုရားဖူးတွေအတွက် နိဗ္ဗာန်ဆိပ်ဦးလို့ ခေါ်ဆိုနိုင်တဲ့ နေရာ မြတ်ပါ။ ဒီနေရာကနေ သဗ္ဗညုဘုရားရှင်များရဲ့ အကြောင်း အရာတွေ၊ ဂုဏ်တော်တွေကို အာရုံပြုပွားများရင်း သံဝေဂ ဉာဏ်ဖြစ်ပေါ်သူတွေ၊ ဝိပဿနာဉာဏ်ရင့်သန်သူတွေ၊ သဗ္ဗညုဘုရားဆု၊ ပစ္စေကဗောဓိဆု၊ အဂ္ဂသာဝကဆု၊ မဟာ သာဝကဆု၊ ပကတိသာဝကဆုတွေပန်ပြီး ပါရမီအလုပ်ကြိုး စား အားထုတ်သူတွေ စသည်ဖြင့် နိဗ္ဗာန်ကို ဦးတည်တဲ့ လုပ်ရပ်တွေကို လုပ်ဆောင်သူတွေ အမြောက်အများ ရှိမှာ ဖြစ်လို့ပါ။ ဒီလိုနေရာမျိုးကို ကျောင်းမြေအဖြစ် ရွေးချယ်တော် မူခဲ့ကြတဲ့ ဆရာတော်များရဲ့ အမြင်ကျယ်မှုကို အံ့သြချီးကျူး ရသလို ကျောင်းဖြစ်အောင် ဆောင်ရွက်တော်မူတဲ့ ဇွဲလုံ့လ သာသနာစိတ်ပြင်းပြမှုတို့ကိုလည်း အကြိမ်ကြိမ်ဦးချ ကန်တော့မိပါတယ်။ ဒီကျောင်းတိုက်ကို ၁၉၀၈-ခုမှာ စတင် တည်ထောင်ခဲ့တာမို့ ၂၀၀၈-ခုနှစ်မှာ နှစ်တစ်ရာပြည့်ခဲ့ပြီး ဖြစ်ပါတယ်။ ရာပြည့်ပွဲတော်ကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ကြောင်း ကြားသိရပါတယ်။ လက်ရှိကျောင်းထိုင် ဆရာတော်ဘုရား၏ အမြော်အမြင်ကြီးမားမှု၊ စီမံဆောင်ရွက် ကျွမ်းကျင်မှု၊ ဘုန်းကံကြီးမားမှုတွေကြောင့် ဒုတိယရာပြည့်၊ တတိယရာပြည့် စသည်ဖြင့် ရာပြည့်ပေါင်းများစွာတိုင်အောင် ကျောင်းတိုက်ကြီး တိုးတက်နေဦးမှာကို မြင်ယောင်နေမိပါ တယ်။

ဗာရာဏသီမြို့ မိဂဒါဝုန်ကျောင်းကနေ စတင်ခဲ့တဲ့ အိန္ဒိယခရီးစဉ်ဟာ အစကောင်းတဲ့ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါ တယ်။ ဆရာတော်ရဲ့စောင့်ရှောက်မှု၊ ကူညီမှုတွေကြောင့် သာဝတ္ထိ၊ ကုသိနာရုံ၊ လုမ္ဗိနီ၊ ပတ္တနား၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာစတဲ့ ခရီးစဉ် တစ်လျှောက်လုံး အခက်အခဲမရှိဘဲ စိတ်ချမ်းသာစွာ သွားလာ နိုင်ခဲ့ပါတယ်။ ရောက်တဲ့နေရာတိုင်းမှာလည်း ဘုရားဖူးတာ ဒေသန္တရလေ့လာတာတွေကို စိတ်တိုင်းကျ ဆောင်ရွက်နိုင်ခဲ့ ပါတယ်။

အဝီဇဟိတဌာန၊ သံဝေဇနီယဌာန တွေမှာပါဝင်ပြီး ဘုရားဖူးများစွာတို့ရဲ့ နိဗ္ဗာန်ဆိပ်ဦးဖြစ်တဲ့ မိဂဒါဝုန်ကျောင်း တိုက်ကြီး သာသနာတည်သရွေ့ တည်တံ့တိုးတက်ပါစေ။ ကျောင်းထိုင်ဆရာတော် အဆက်ဆက်လည်း သာသနာ့ ကျက်သရေဆောင် ကျောင်းတိုက်ကြီးကို လက်ရှိအခြေအနေ ထက် တိုးတက်ကြီးကျယ်အောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းနေရပါတယ်။

အရှင်နန္ဒသေနာလင်္ကာရ

မြတ်သာသနာ

* မြတ်သာသနာ၊ ကျွန်းလက်ျာဝယ်
ရှည်ကြာမြင့်မား ကျင့်တရားနှင့်
ထင်ရှားပေါ်ထွန်း ရချေပြီ။
* ကြည်အေးနိမိတ်၊ အောင်အတိတ်ငဲ့
သောင်းထိပ်ဇမ္မူ။ ကောင်းမှုထူလိမ့်
များလူခပင်း ကောင်းခြင်းနှင်းဝေ
ပျံ့သင်းလှိုင်လှိုင် ပိတိမြိုင်မို့
မတ်ခိုင်ချမ်းအေး မွှေးလှသည်။
* ဗုဒ္ဓမြွက်ဆို ဟောမိန့်ကြိုခဲ့
ပင်ကိုယ်နှလုံး တော်ဖြောင့်သုံးတည့်
မြတ်ဆုံးနိဗ္ဗာန် ရည်စိတ်သန်လျက်
နာခံကြိုးကုတ် အင်အားထုတ်ခဲ့
ဂုဏ်ပုဒ်ထင်ရှား၊ ကျင့်မြတ်များသည်
ပန်းများ လန်းပွင့် ဝင့်ချေပြီ။
သြော်. . .
မြတ်သည့်လမ်းဖွေး၊ အမြိုက်ဆေးကို
တိုက်ကျွေးအစဉ်၊ သမ္မဇဉ်ဖြင့်
ချစ်ခင်မြတ်နိုး၊ သဒ္ဓါတိုးစွာ
ဖြန့်မိုးပြည့်စုံ၊ လောကီဘုံဝယ်
သင်းထုံမွှေးပြန့်၊ သည်ရနံ့သည်
ခန့်ခန့်တည်ကြည် ကမ္ဘည်းညီမင့်
ပန်းချီမှုန်းသ ပိတိလှသည်
လောကအရာ ပြည့်စေသော်. . . ။

မောင်ယဉ်ပန်

ဗိကခြီဝန်နှင့်
လောကအမြင်သစ်

ဦးပညာစက္ကာ(အမ်း) Dip(B.Dh), B.A.(Eng)

အတ္တာ ဟိ အတ္တနော နာထော၊
ကော ဟိ နာထော ပရော သိယာ။

လူသည် ကိုယ့်သမိုင်း ကိုယ်ရေး၏ တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်၏ သမိုင်းကို မရေးနိုင်။

ဗုဒ္ဓ ဒေသနာတော်အရ အရာရာတိုင်း၌ သာယာဖွယ်-အသာဒ၊ ငြီးငွေ့ဖွယ်-အာဒီနဝနှင့် ယင်းတို့မှ လွတ်မြောက်မှု နိဿရဏာ ဟူ၍ အပိုင်းသုံးပိုင်း ရှိသည်။ နိဿရဏာကို ရှာဖွေခြင်းသည် ဘာသာတရားကို စတင်စေခြင်းပင်ဖြစ်မည်။ ဘာသာ တရားဟူသည် ဥာဏ်အလင်းရောင် (မှန်ကန်သော အမြင်)ကို ပေးစွမ်းနိုင်သော တစ်ခုတည်းသော မီးရှူးတန်ဆောင် ဖြစ်သည်။ အားထားရာဖြစ်သောကြောင့် "နာထ" လည်း မည်၏။ ကျင့်အပ်ရာ ဖြစ်သောကြောင့် စရဏာလည်း မည်၏။ "နာထ"-အရ "ယုံကြည်ခြင်း" "သဒ္ဓါ" နှင့် စရဏာ-အရ "သီလ သမာဓိ"တို့ ပေါင်းစပ်လိုက်လျှင် "ဝိဇ္ဇာ" ဟူသော "လွတ်မြောက်ခြင်း အသိ" သည် ဖြစ်လာရသည်။ ၎င်းသည် "ပညာ" ပင် ဖြစ်သည်။

လူ့သမိုင်း တစ်လျှောက်၌ လူတို့သည် အိမ်ရာ တည်ထောင်ခြင်း၊ စီးပွားဥစ္စာရှာဖွေခြင်း ဟူသော သမားရိုးကျ လမ်းဟောင်းကြီး၌ လောဘ ဒေါသ မောဟ အရင်းခံသော ကိလေသာတို့၏ ကျေးကျွန်အဖြစ်ကို ခံယူရင်း ပေါ့ပေါ့တန်တန် ဘဝကို အဆုံးသတ်လာကြသည်။ တချို့လူတို့သည် လူ့အဖွဲ့အစည်း၏ အရည်အသွေးဖြစ်သော "လွတ်လပ်ခြင်း၊ စည်ပင်ခြင်းနှင့် ရိုင်းပင်းခြင်း" သဘောများကိုပင် မိမိအတွက် တစ်ခုအတွက် စတေးရင်း လောကကို ကျေးဇူးမဲ့စွာ ဘဝနိဂုံး ချုပ်သွားကြသေးသည်။ ထိုသို့ ဖြစ်ရခြင်းသည် "တဏှာ မာန ဒိဋ္ဌိ" အမြင်များကို ချိုးဖဲ့ဖောက်ထွင်းနိုင်သော လောကအမြင်သစ် မရှိ၍ပင် ဖြစ်သည်။ လူတို့၏ လောကအမြင်သစ် မရှိခြင်းကို ဓမ္မပဒ-၁၇၄ ၌ "ဤလောကသည် အမိုက်တိုက်ဖြစ်သည်၊ အနည်းငယ်သော သူတို့သည်သာ ရှင်းလင်းစွာ မြင်နိုင်ကြသည်။ ပိုက်ကွန်မှ လွတ်သော ငှက်ကဲ့သို့ အနည်းငယ်သာ ချမ်းသာခြင်းသို့ ဆိုက်ရောက်ကြသည်" ဟူ၍ ဟောတော်မူပါသည်။

"သမ္မာဒိဋ္ဌိ" ဟူသော "လောကအမြင်သစ်" မရှိသောကြောင့် လောကကြီးသည် အတိုင်းမသိသော အလင်းရောင်မဲ့ အမိုက်တိုက်ကြီးဖြစ်၍ နေ၏။ ဝေရဉ္ဇာ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ တရားစကားကို နာကြားပြီးတဲ့နောက် "အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ" စသည်ဖြင့် နှစ်သက်ဝမ်းမြောက်ကြောင်းကို ဆိုသည်။ "အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိလိုက်သကဲ့သို့" ဟူသော ထိုစကားကပင် လောကကြီး၏ သမ္မာဒိဋ္ဌိအမြင် မရှိခြင်းကို သက်သေထူနေလေတော့သည်။

မိစ္ဆာဒိဋ္ဌိ-ဟူသော လောကြီး၌ တဏှာသည် ရှုပ်ချင်တိုင်း ရှုပ်နေတော့သည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ တဏှာသည် အပြင်အာရုံ (၆)ပါး၌လည်းကောင်း၊ အတွင်း အာယတန၌လည်းကောင်း ရောယှက်မြေးတင် အရှုပ်အထွေးကို ပြုတတ်သောကြောင့် "အန္ဓောဇဋော အတွင်းရှုပ်၊ ဗဟိဇဋော အပြင်ရှုပ်" မည်၏ဟု ပြဆိုထားပါ သည်။ တပ်မက်လိုချင်ခြင်း "တဏှာ" ထောင်လွှားခြင်း "မာန" နှင့် ငါသည်သာလျှင် မှန်၏ ဟူသော လွဲမှားသောအယူ "ဒိဋ္ဌိ" အမြင်များကြောင့် လောကကြီးသည် မှောင်မည်းရှုပ်ထွေး ပွေလီနေ၏။ ထို အရှုပ်အထွေးကို ဖြေရှင်းဖို့ အဖြေရှာရင်း အမြင်များ တဖြည်းဖြည်း ပြောင်းလဲလာကြသည်။ ထိုအပြောင်းအလဲသည် ယဉ်ကျေးမှုအနေနဲ့လည်းကောင်း၊ ဘာသာတရားအနေနဲ့ လည်းကောင်း လောက၌ နေရာယူလာကြသည်။ ဘီစီ (၆)ရာစုထိ အိန္ဒိယနိုင်ငံသည် အမြင်များ ပြောင်းလဲရာတွင် ထိပ်တန်းမှ ရှိနေခဲ့သည်။

ထိုခေတ် ထိုအခါ၌ ဂရိ၊ ရောမ စသော နိုင်ငံများ၌ ဒဿနပညာရှင်များ ရှိကောင်း ရှိမည်၊ သို့သော် အိန္ဒိယ၌ ပေါ်ထွက်ခဲ့သော အာဠာရ၊ ဥဒက ရသေ့တို့လောက် အမြင်များ စူးရှထက်မြက်လိမ့်မည် မဟုတ်။ စင်စစ် ထိုရသေ့ တို့သည် ပင် လောကအမိုက်တရား အဝိဇ္ဇာကို မဖောက်ထွက်နိုင်ခဲ့ပေ။ ထို့ကြောင့် ဘီစီ(၆)ရာစုထိ လောက၌ အမြင်သစ် သည်လည်း ကောင်း၊ ဘာသာသစ်သည် လည်းကောင်း မပေါ်ပေါက်ခဲ့ဟု မှတ်ယူရမည်။ ဗုဒ္ဓမတိုင်မီ ခေတ်ကာလ အတော်ကတည်းက အိန္ဒိယ၌ လောကအမြင်သစ်ကို ရှာဖွေရင်း ဘာသာတရား (၀၀၃) အမျိုးမျိုး၊ ပညာရှိ အမျိုးမျိုး ပေါ်ပေါက်ခဲ့ဖူးသည်။ ခေတ်ကာလအားဖြင့်မူ ဝေဒခေတ်၊ ဗြဟ္မဏခေတ်နှင့် ဥပနိသ္သခေတ်တို့ ဖြစ်ကြသည်။

ထိုခေတ်မတိုင်မီကပင် ဘာသာတရားရှိကြောင်း ဗုဒ္ဓ၏ နိပါတ်တော်များအရ သိရသည်။ လောက၌ လူတို့ အကြောက်ဆုံးအရာသည် "ကြောက်ခြင်း" ပင်ဖြစ်သည်။ လူတို့သည် ကြောက်လန့်မှုကို ဘယ်နည်းနဲ့မှ သည်းမခံနိုင်ကြ။ ကြောက်လန့်ကြသောအခါ အားကိုးရာ အားကိုးရှာကြစမြဲပင် ဖြစ်သည်။ ထို့ကြောင့် အားကိုး အားထားပြုရာ ဘာသာတရား သည် "ကြောက်ခြင်းမှ လွတ်မြောက်လိုခြင်း" မှ စတင်လေ သည်။ ထိုအကြောင်းကို ဓမ္မပဒ၊ အဂ္ဂိဒတ္တဗြာဟ္မဏဝတ္ထု၌

ဗဟုံ ဝေ သရဏံ ယန္တိ ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

"ကြောက်ခြင်းကြောင့် လူတို့သည် တောတောင် ဥယျာဉ် သစ်ပင်တို့ကို ကိုးကွယ်ကြသည်" ဟု ဆိုထားသည်။ သမိုင်းအမြင်အားဖြင့် ထိုကဲ့သို့ ကိုးကွယ်မှုမျိုးကို (Animism) ဟု ခေါ်သည်။ သက်မဲ့(Animism) ကို ကိုးကွယ်မှုမှ တစ်ဆင့် သက်ရှိနယ်ကို ပြောင်းလဲ ကိုးကွယ်လာကြသည်။ ၎င်းကို နတ်ပူဇော်မှုကို ဦးစားပေးသော "ဝေဒခေတ်" ဟုခေါ်သည်။ အာရုံ ဖြင့် နတ်ပူဇော်မှုမှတစ်ဆင့် လက်တွေ့ကျကျ တိရစ္ဆာန်တို့၏ အသက်ကို စတေး၍ "ယစ်ပူဇော်"မှုကို ပြုကြသည်။ ၎င်းကို "ဗြဟ္မဏခေတ်"ဟုခေါ်သည်။ အသိဉာဏ် ရင့်လာသောအခါ ကိုးကွယ်ရာအစစ်သည် (Animism Vedic belief) နှင့် (Brahmanic belief)များ မဟုတ်ဘဲ "အတ္တကို ရှာဖွေခြင်းသာ ဖြစ်သည်"ဟု အမြင်ချဲ့ထွင်လာကြသည်။ ၎င်းကို "ဥပနိသ္သ ခေတ်" ဟုခေါ်သည်။

ဥပနိသ္သခေတ်၌ လူတို့သည် လောကကို ဒုက္ခအဖြစ် သုံးသပ်လာကြသည်။ ထို့ကြောင့် ဒုက္ခဖြစ်သော လောကမှ ထွက်မြောက်မှု "မောက္ခ" ကို ရှာဖွေလာကြသည်။ လောကကို မာယာအဖြစ် သတ်မှတ်၍၊ ထို၏အလွန်၌ "အမတ" ရှိမည်ဟု သိလာကြသည်။ သို့သော် ထိုသူတို့၏ "အမတ" သည် ဗြဟ္မာဟူသော "အတ္တ" ပင် ဖြစ်သည်။ မသေသော "ထာဝရ အတ္တ"ကို ရဖို့ တဏှာကို ပယ်ရမည် ဟူသော အမြင်သို့ တိုးတက်လာသောအခါ ပြင်းထန်စွာ ကျင့်ကြံခြင်းဖြင့် တဏှာကို ပယ်နိုင်အောင် ကြိုးစားကြသည်။ ၎င်းကို "တပ" အကျင့်ဟုခေါ်သည်။ "တပ" ကျင့်စဉ်သည် "အတ္တဒိဋ္ဌိ" ဟူသော အစွန်းတစ်ဖက်၌ တည်နေသောကြောင့် တရားထူး ရစရာအကျင့်မဟုတ်ဟု ရှုမြင်၍ "အတ္တကိလမထ-ကိုယ် ပင်ပန်းအကျင့်" ဟုသတ်မှတ်လျက်၊ ဗုဒ္ဓက ပစ်ပယ်ခဲ့သည်။

"အတ္တဒိဋ္ဌိ" ကို အခြေခံသော အမြင်မျိုးသည် လူတို့၏ သန္တာန်၌ အစမထင် သံသရာမှ စ၍ ကိန်းအောင်းရှိနေပြီး ဖြစ်သည်။ ထို့ကြောင့် ဘယ်သူဘဲဖြစ်ဖြစ် ပုထုဇဉ်တို့၏ အမြင်သည် အမြင်သစ်မဟုတ်၊ အမြင်ဟောင်းသာ ဖြစ်သည်။ ထိုအမြင်သည် "ငါသာ ပဓာနကျသော အမြင်မျိုး" တည်း။ ဧတံမမ- ငါ့ဥစ္စာ (တဏှာ)၊ ဧသော ဟ-မ-သ္မိ-ငါ (မာန)၊ ဧသော မေ အတ္တာ- ငါ့အတ္တ (ဒိဋ္ဌိ)ဟူသော အမြင်မျိုးဖြင့်သာ လူတို့ သည် မသေရာ အမတ ကို ရှာဖွေခဲ့ကြသည်။ သို့ရာတွင် ထိုသူတို့သည် အတ္တ၏ ဥခွံထဲမှ မလွတ်မြောက်နိုင်ကြသကဲ့သို့ "အမတ" သဘောသို့လည်း မသက်ဝင်နိုင်ခဲ့ကြပေ။ ဤသို့ဖြစ်ရသည်မှာ ထိုသူတို့၏ အယူဝါဒသည် လောက၌ စွဲမြဲစွာ နှောင်ဖွဲ့တတ်သော အတ္တဝါဒ ဖြစ်နေသောကြောင့် ဖြစ်သည်။ ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ ဗြဟ္မဇာလ၊ သာမညဖလ၊ ပေါဋ္ဌပါဋ္ဌ စသော သုတ်တို့၌ ပုထုဇဉ်တို့၏ အယူကို အတ္တဝါဒ အဖြစ် ပြဆိုထားလေသည်။

စင်စစ် စစ်မှန်သော "အမတ" သည် အနတ္တ ဟူသော သမ္မာဒိဋ္ဌိ၏ အဆုံး၌သာ ရှိ၏။ အတ္တ ဟူသော မိစ္ဆာဒိဋ္ဌိ၏ အတွင်း၌ကား မရှိပေ။ ထိုကြောင့် "အမတ" ကို ရလိုလျှင် အမြင်ဟောင်းဖြစ်သော "တဏှာ မာန ဒိဋ္ဌိ" အမြင် တို့ကို "နေတံ မမ- ငါ့ဥစ္စာ မဟုတ် (အနိစ္စ)၊ နေသော ဟ မသ္မိ- ငါမဟုတ် (ဒုက္ခ)၊ န မေ သော အတ္တာ-ငါ့အတ္တ မဟုတ် (အနတ္တ)" ဟူသော ယထာဘူတ-သမ္မာဒိဋ္ဌိဉာဏ်အဖြစ်သို့ ပြောင်းလဲပစ်ရမည် ဖြစ်သည်။ မှန်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိကို အခြေခံသော အယူဝါဒသည် ဗုဒ္ဓခေတ် မတိုင်မီ လူတို့ လက်ခံ

"ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊
ဧဝံ ဝါဒီ မဟာသမဏော။ (၀ိ၊ ၃။ ၅၃။)" ဟု ပြဆိုလေသည်။


ဆိုလိုသည်မှာ ကမ္ဘာစဉ်ဆက် မူမပျက်ဘဲ ကျန်ရှိနေသော လောက အရိုတရားဒုက္ခ၊ ထို ဒုက္ခကို ဖြစ်စေတတ်သော သမုဒယ (လောဘ)နှင့် လောကီနယ်ကို ကျော်လွှား ထိုဒုက္ခ သမုဒယတို့၏ ပျောက်ပျက်ချုပ်ငြိမ်းရာ နိရောဓတို့သည် "အမှန်ရှိသော သစ္စာတရားများ" အဖြစ် လက်ခံယုံကြည်ခြင်းနှင့် ထိုနိရောဓကို ဖြစ်စေတတ်တဲ့ ကျင့်စဉ် မဂ္ဂင် (၈) ပါး အကျင့်တရားကို လက်ခံခြင်းသည် ဗုဒ္ဓဝါဒ ဖြစ်သည် ဟူ၍ ဖြစ်သည်။

မဂ္ဂင်(၈)ပါးအကျင့်တရား ဟူသည် အကျဉ်းအားဖြင့် ကိုယ် နှုတ် နှစ်ပါးကို ထိန်းသိမ်းစောင့်ရှောက်လျက် သမာဓိနှင့် ပညာတို့ကို ထက်သန်အောင် ပြုသောနည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်နှုတ်နှစ်ပါးဖြင့် အကုသိုလ်ကို မလွန်ကျူး၊ စိတ်ဖြင့်လည်း အကုသိုလ် အတွေးကို မတွေးဘဲ တရားမျှတစွာ နေထိုင်နိုင်သော နည်းစနစ်တစ်ခု ဖြစ်သည်။ ကိုယ်နှုတ်ကို ထိန်းသိမ်းခြင်းဟူသော သီလ လုံမယ်၊ သမာဓိစိတ်ကလည်း ထက်သန်နေမယ်၊ ပညာဖြင့်လည်း အဆိုးအကောင်းကို ဆင်ခြင်နိုင်မယ်ဆိုရင် ဒီကျင့်စဉ်ဟာ ကမ္ဘာမှာ ထိပ်တန်းဖြစ်တဲ့ တစ်ခုတည်းသော တရားကို သတ်နိုင်တဲ့ ကျင့်စဉ်ပါပဲ။ ဒါကြောင့် သံယုတ်ပါဠိတော်မှာ "သီလလည်း လုံမယ်၊ သမာဓိ၊ ပညာတို့ကိုလည်း လေ့ကျင့်ထားမယ်၊ မလျော့သော လုံ့လလည်းရှိမယ်ဆိုရင် ဒီပုဂ္ဂိုလ်သည်သာ တရား အရှုပ် အထွေးကို ဖြေရှင်းနိုင်မှာ ဖြစ်တယ်" လို့ ဟောတော်မူပါတယ်။

ထို သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်သည် အယူဝါဒ အားလုံးနဲ့ ဆိုင်သော အမှန်တရားတစ်ခု ဖြစ်သည်။ ထို့ကြောင့် ၎င်းကို (Universal Truth) ဟုခေါ်သည်။ ထိုကျင့်စဉ်သည် အဝိဇ္ဇာ ဥခွံမှ ထွက်မြောက်စေပြီး "အမတ" မည်သော နိရောဓ သစ္စာကို မျက်မှောက်ပြုစေနိုင်သည်။ ထို့ကြောင့် ပါရာဇိကကဏ္ဍ ပါဠိတော်၌ "ပုဏ္ဏား ငါသည် အဝိဇ္ဇာ ပိတ်ဖုံးထားသော သတ္တဝါ အပေါင်းတို့တွင် ခွန်ထက်သော နှုတ်သီးဖြင့် အဝိဇ္ဇာဥခွံကို ခွာ၍ တစ်ယောက်တည်းသာလျှင် လောက၌ အတုမရှိသော သဗ္ဗညုတဉာဏ်ကို သိပြီ၊ ရပြီ" ဟု ဗုဒ္ဓက ဝန်ခံထားလေသည်။ အစ ဟူသော သီလ၊ ကျင့်သုံးနေသော အယူဝါဒ ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော အယူဝါဒသည်ကား ဘီစီ(၅၈၈) ခုမှသာ လောကၦ ပေါ်ထွက်လာသော ဝါဒသစ်၊ အမြင်သစ် ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် သူ၏ ဝါဒအသစ်ဖြစ် ကြောင်းကို "ဓမ္မစက္က ပဝတ္တနသုတ်" ၌ "ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု- ငါ ဒီတရားတွေကို ယခင် မကြားဖူး (မမြင်ဖူး)" ဟု ဝန်ခံထားလေသည်။ ဗုဒ္ဓ မတိုင်မီ လူတို့သည် "သတ္တဝါသည် မြေ၏ ဟူ၍လည်းကောင်း၊ လောကသည် မြေ၏ဟူ၍လည်းကောင်း၊ အသက်ဇီဝသည် မြေ၏ဟူ၍ လည်းကောင်း၊ ဝိညာဏ်သည် မြေ၏ဟူ၍ လည်းကောင်း" အယူ ရှိကြ၏။ ထိုဝါဒအရ ရုပ်နာမ်ကို ရုပ်နာမ် ဟု မမြင်ဘဲ ပုဂ္ဂိုလ်၊ သတ္တဝါ အသက် ဇီဝ၊ ဝိညာဏ်အဖြစ် မြင်ကြသည်။

ဤသို့အားဖြင့် ဗုဒ္ဓသည် ထိုခေတ်က လူတို့၏ လက်ခံကျင့်သုံးနေသော အတ္တဝါဒကို ပယ်မြစ်သောအားဖြင့် ထို၏ ဆန့်ကျင်ဘက် အနတ္တဂါဒကို မဟာသကၠရာဇ် (၁၀၃) ခု(ဘီစီ-၅၈၈ ဇူလိုင်လ) ဝါဆိုလပြည့်နေ့ ညနေဆည်းဆာချိန်တွင် စကြဝဠာပေါင်း တိုက်တစ်သောင်းအား အတိအလင်း ကြေညာလိုက်လေသည်။ မိဂဒါဝုန်၌ စတင်ခဲ့သော ထိုဝါဒသည် (ဘီစီ-၆)ရာစုမှစ၍ ယနေ့(အေဒီ ၂၁) ရာစုခေတ်ထိ အစဉ်းသပ်ခံ (၄ဟိ ပသိက) ဂုဏ်ဖြင့် တည်ရှိနေဆဲပင်။ ဗုဒ္ဓသည် ထိုခေတ် ကျင့်စဉ်ဖြစ်သော ကိုယ်ကို ညှင်းဆဲ၍ ကျင့်ခြင်းကို "အတ္တကိလမထကျင့်စဉ်" အဖြစ်လည်းကောင်း၊ ကာမဂုဏ်ကို ပိတ်ပယ်ခြင်းမရှိသော ဗြဟ္မဏတို့၏ကျင့်စဉ်ကို "ကာမသုခလ္လိက အကျင့်" အဖြစ် လည်းကောင်း၊ ရှုတ်ချ ပယ်မြစ်မတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓသည် အနတ္တဝါဒကိုသာ လက်ခံသည် သာမက မဇ္ဈိမပဋိပဒါ ဟူသော မဂ္ဂ-မွန်မြတ်သော ကျင့်စဉ်ကိုပါ ဖော်ထုတ်ခဲ့လေသည်။ အမှန်မှာ ထိုမဂ္ဂင် (၈)ပါး အကျင့်သည်သာလျှင် အနတ္တသဘောနှင့်တကွ သစ္စာတရားတို့ကို သိစွမ်းနိုင်သော ကျင့်စဉ် ဖြစ်သည်။ ထို့ကြောင့် **သာ** မဂ္ဂင်(၈)ပါး၏ စွမ်းရည်တွေထဲမှာ "သမ္မောမာယ-သစ္စာတရားကို သိဖို့ နိဗ္ဗာနာယ-နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့" ဟု အချက်နှစ်ချက်ကို ဖော်ပြထားခြင်း ဖြစ်သည်။

လောက၌ ဗုဒ္ဓဝါဒသည်သာ အနုသယအဆင့်ဆင့်ဖြင့် ကိန်းအောင်းလာသော ကိလေသာဖြင့် ဖွဲ့ထားသော လောကီ မာယာကျော့ကွင်းကို ဖြတ်နိုင်သော တစ်ခုတည်းသော လောကအမြင်သစ် ဖြစ်သည်။ ဗုဒ္ဓဝါဒကို အရှင် အဿဇိ မထေရ်မြတ်က



အေဒီ(၆)ရာစုတွင်ရေးထိုးခဲ့သော ယေဓမ္မဂါထာတော်

အလယ် ဟူသော သမာဓိ၊ အဆုံး ဟူသော ပညာ ဤသိက္ခာသုံးပါး၌ နှုတ်ပယ် ထည့်သွင်းစရာမလို အလုံးစုံ ပြည့်စုံသောကြောင့် ဓမ္မသည် အကာလိက ဂုဏ်တော်အရ အခါမလင့်အကျိုးပေးနိုင်သည်။ ထို့ကြောင့် မဂ္ဂသုတ္တန်၌ "သတ္တဝါတွေ စိတ်စင်ကြယ်ဖို့၊ သောက ပရိဒေဝ ကို ကျော်လွှားဖို့၊ ဒုက္ခဒေါမနဿကို ချုပ်ငြိမ်းစေဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့" တစ်ခုတည်းသော မဂ္ဂင်ကျင့်စဉ် ဟု ပြဆို ထားပါသည်။

ဘီစီ(၆) ရာစု၌ အခြို့လူတို့သည် အတ္တ လောကမြဲ၏ ဟူသော သဿတ ဒိဋ္ဌိကို ယူကြသည်။ သို့သော် ဗုဒ္ဓသည်ကား ယင်းဝါဒနှစ်ရပ်လုံးကို တော်လှန်လျက် သရုပ်မှန်၊ သဘောမှန် ပရမတ္ထကိုသာ လက်ခံသည်။ ထိုခေတ်က အိန္ဒိယ၌ မဟာဝိရ အစရှိသော ဂိုဏ်းဆရာကြီး(၆) ယောက်တို့သည် သဿတဝါဒနှင့် ဥစ္ဆေဒဝါဒကို လက်ခံယုံကြည်သော "ရုပ်ဝါဒီ၊ အတ္တဝါဒီ" များ ဖြစ်ကြသည်။ အတ္တကို ပစ်မှတ်ထားသော သူတို့၏ဝါဒသည် သဘာဝကို သဘာဝအတိုင်း မမြင်ဘဲ အသက်ဇီဝ၊ အတ္တအဖြစ် မှားမှားယွင်းယွင်း ယူဆကြသည်။ (ဝိပွလ္လာသ)။ ထို့ကြောင့် ထိုသူများ အပါအဝင် လောကကြီးသည် "အမတ"ကို အမည်အားဖြင့်သာ သိကြသော်လည်း အနှစ်သာရအားဖြင့် မရရှိကြပေ။ ထိုသူတို့ကို ဗုဒ္ဓက "အသာရေ သာရမတိနော - အနှစ်သာရမရှိသည်ကို အနှစ်သာရဟု အထင်ရှိကြသူများ" အဖြစ် ထောက်ပြခဲ့လေသည်။ ဗုဒ္ဓသည်သာ သူကိုယ်တိုင်လည်း သိသည်၊ သူများကိုလည်း သိစေခဲ့သည်၊ ထို့ကြောင့် သူသည် "သမ္မာသမ္ဗုဒ္ဓ" ဟု တွင်လေသည်။

ဗုဒ္ဓသည် မိဂဒါဝုန်တော၌ အတ္တကို အနတ္တ ဟု ရှုမြင်စေနိုင်သော မဂ္ဂင်တရားနှင့်တကွ လောကကြီး၏ အနတ္တ ဖြစ်စဉ်ကို သက်သေထူခဲ့လေသည်။ ထိုအနတ္တဝါဒကို လက်ခံ ယုံကြည်ပြီးနောက် "စရဏ" အရ သီလနှင့် သမာဓိကို မဖြစ်မနေ ကျင့်သုံးရမည် ဖြစ်သည်။ သီလ၊ သမာဓိတို့ အခြေးညီကြလျှင် "ဝိဇ္ဇာ" ဟူသော အနတ္တကို ထိုးထွင်းသိသော "ပညာ" သည် အားကောင်းလာ၏။ ထိုအခါ "အမတ"ကို မျက်မှောက် အား ဖြင့် သိမြင် ဖြစ်၏။ ဒိသဘောကို ဗုဒ္ဓသည် မိဂဒါဝုန်၌ အတိအလင်း ကြေညာခဲ့သည်။ ထို့ကြောင့် မိဂဒါဝုန်သည် မမေ့အပ်သော အရာဌာန၌ တစ်ခု အပါအဝင် ဂန္ဆဝင် ကမ္ဘာတွင် သမိုင်းအသစ်ဖြင့် ခေတ်စနစ်တိုင်းကို ဖိတ်ခေါ်နေဦးမည် ဖြစ် သည်။

မိဂဒါဝုန်သည် ဘာသာရေးသမိုင်းအားဖြင့် "လောကအမြင်သစ်" ၏ အစပြုရာ ဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံ၏ (၂၀) ရာစု သာသနာကို ပြန်လည်၍ စတင် အသက်သွင်းပေးခဲ့ရာ နေရာလည်း ဖြစ်ပေသည်။ ထို့ကြောင့် မိဂဒါဝုန်သည် လောကအတွက်လည်းကောင်း၊ သာသနာအတွက်လည်းကောင်း မျက်ကွယ် မပြုအပ်သော အရာမကသော ကျေးဇူးတို့၏ တည်ရာ၊ ထို့ထက် ဆိုရမူ ဗုဒ္ဓတိုင်း ဗုဒ္ဓတိုင်း၏ တရားဦးဓမ္မစကြာကို ဟောတော်မူရာ ဖြစ်သောကြောင့် "ဘူမိနက်သန်မြေ" အစစ် ဖြစ်နေလေတော့သည်။ (ထိုဘူမိနက်သန်မြေ၌ သစ္စာအလံသည် Changability သဘောတရားအရ အခါမလင့်မိ ချိုးဖဲ့ခံခဲ့ရ၏။ ထိုသစ္စာအလံကို ထပ်မံလွှင့်ထူနိုင်ဖို့ ၁၉၀၈-ခုနှစ်မှ အစပြုကာ အရှင်စန္ဒိမဏိမှစ၍ ယခု လက်ရှိသီတင်းသုံးနေသော အရှင်သူမြတ် အဆက်ဆက်တို့သည် တွန့်ဆုတ်ခြင်းမရှိဘဲ ပဋိပက္ခသဘော မှန်သမျှကို ဂရုမမူဘဲ အားထုတ်ခဲ့ကြ၏။ ထိုထေရ် အရှင်တို့၏ Missionary Spirit သည်ကား အိန္ဒိယတိုင်းသားတို့၏ အားထားရာအစစ် ဖြစ်ခဲ့ပြီ။ အို-ကရုဏာ ကြီးပါပေစွ ထေရ် အရှင်. .)

ဦးပညာစက္ကု(အမ်း)

ကျမ်းကိုး

What Buddhist believe by Dr. K. Sri. Dhammananda
The first sermon of the Buddha by Re wata Dhamma
Buddhist India by T.W. Rhys Favid

“ထိုက်” မှ “တန်” ပါသည်

ဦးအောင်သိန်းညွန့်(သာသနာရေး)

လေးသခြေနှင့် ကမ္ဘာတစ်သိန်းကာလတစ်လျှောက်လုံး ဖြည့်ဆည်းခဲ့ရသော ပါရမီ စွမ်းအားများ၏ အရှိန်အဟုန်တို့သည် သိဒ္ဓတ္ထမင်းသားဘဝသို့ ရောက်ရှိသည့်အခါ အစွမ်းကုန် အကျိုးပေးခဲ့ကြသောကြောင့် သာမန်လူသားဘဝမှ မြင့်မြတ်သော မဟာလူသားဘဝ=ဥတ္တရိမနုဿ=မဟာပုရိသဘဝသို့ ရောက်ရှိခဲ့၏။ “ထိုက်”သော ပါရမီအဟုန်တို့က “တန်”သော မြတ်ဗုဒ္ဓဘဝသို့ ပို့ဆောင်ခဲ့ကြခြင်းပင်ဖြစ်ပေမည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော် ဝင်ပြီးနောက် ၂၃၅ နှစ် အကြာ တတိယသင်္ဂါယနာတင်နိုင်ရေးအတွက် ရဟန္တာအရှင်မြတ်ကြီးတို့က တိဿဗြဟ္မာကြီးအား လူ့ပြည်၌ ပဋိသန္ဓေယူ၍ တတိယသင်္ဂါယနာတင်ပေးခြင်းဖြင့် သန့်ရှင်းစင်ကြယ်သော သာသနာတော်၏ အသက်ကိုဆက်ပေးရန် တောင်းပန်ခဲ့ကြရ၏။ တိဿဗြဟ္မာကြီးသည် ‘ထိုက်’သော ပုဂ္ဂိုလ်ထူး ဖြစ်သောကြောင့် ‘တန်’သော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး တတိယသင်္ဂါယနာကို အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အဖြစ် ဦးဆောင်တင်ပေးနိုင်ခဲ့ရုံမျှမက ကိုယ်တော်တိုင် သာသနာပြုမထေရ်များကို ရွေးချယ်လျက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြန့်ပွားရေး ကြိုးပမ်းတော်မူခဲ့၏။ ထိုကာလမှစတင်၍ ဗုဒ္ဓသာသနာတော်ကြီးသည် မဇ္ဈိမဒေသ အိန္ဒိယတိုက်ပြင်ပသို့ ဖြာထွက်ပျံ့နှံ့လာခဲ့၏။

‘ထိုက်’သော ပုဂ္ဂိုလ်ထူးမှန်သမျှ ‘တန်’သော မွန်မြတ်သည့်လုပ်ငန်းများကို လုပ်ခွင့်ရတော်မူကြ၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပြီးနောက် နှစ်ပေါင်း ၂၅၀ ကျော်အကြာတွင် တရားဦး ဓမ္မစကြာဒေသနာဟောကြားတော်မူခဲ့ရာ မိဂဒါဝုန်သည် သီရိဓမ္မာသောကမင်းကြီး၏ ပြင်းထန်သော သဒ္ဓါစေတနာ လုံ့လစွမ်းအားများကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ် ကြည်ညိုဖွယ်ရာ အရပ်ဒေသအဖြစ် တစ်ဖန် စိမ်းလန်းစိုပြေလာခဲ့၏။ ယင်းနောက် မိဂဒါဝုန်ဒေသသည် အတိတ်သမိုင်းခေတ်ကာလတစ်လျှောက်လုံး မထင်မရှား လင်းတစ်ချို့ မှောင်တစ်လှည့်ဖြင့် ခရီးဆက်လာခဲ့ရ၏။

၁၈၉၃ ခုနှစ်တွင် သီဟိုဠ်သား လူသူတော် အနာဂါရိက ဓမ္မပါလနှင့် အမေရိကန်ဗိုလ်မှူးကြီး အော်လက(ဒ်)တို့ မဟာဗောဓိအသင်း ထူထောင် ရန်စစ်တွေ့မြို့သို့ ရောက်ရှိလာခဲ့ခြင်းသည် မိဂဒါဝုန်ဒေသ တစ်ဖန် ပြန်လည်ရှင်သန်လာစေရန် အဓိကအကြောင်းတစ်ခု ဖြစ်နိုင်ဖွယ်ရှိသည်။ စစ်တွေမဟာဗောဓိအသင်းက ကိုရင်စန္ဒနှင့် အဖော် ကိုရင်သူရိယတို့ကို မဇ္ဈိမဒေသသို့ ရွေးချယ်စေလွှတ်လိုက်ခြင်း ကပင် ဒုတိယအဓိကအကြောင်း ဟု ဆိုနိုင် ပြန်သည်။

၁၉၀၈ ခုနှစ်တွင် အနာဂါရိက ဓမ္မပါလက မဟာဗောဓိ စေတီတော်နှင့် မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ကျောင်းစသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံ များကို ဗုဒ္ဓဘာသာဝင်များလက်တွင်းသို့ ပြန်လည် အပ်နှံရန် ဟိန္ဒူဘုန်းကြီးများအား တရားစွဲ



တရားသူကြီးချုပ် - ဦးအောင်တိုးမှ ဘွဲ့တံဆိပ်ဆင်ကပ်လှူဒါန်းစဉ်

ဆိုလိုက် ခြင်းက သိရှိသူ ဗုဒ္ဓဘာသာဝင်အားလုံးကို ဘာသာသွေးများ နိုးကြွစေခဲ့၏။

အနာဂါရိကဓမ္မပါလနှင့် အရှင်စန္ဒ (ဦးစန္ဒြမဏိ) ဦးဆောင်သောအဖွဲ့က ရတနာဂီရိတွင် ရှိနေသော မြန်မာ နန်းကျဘုရင် သီပေါမင်းကို သွားရောက်တွေ့ဆုံ၍ မဟာဗောဓိတွင် လျှုဒါန်းခဲ့သော နှုတ်သက်သေအထောက် အထားစာရင်းများကို သွားရောက်မေးမြန်းကာ သက်သေ ယူခဲ့ကြသည်အထိ ကြိုးစားအားထုတ်ခဲ့ကြသည်။

၁၉၀၅ ခုနှစ်တွင် အိန္ဒိယအစိုးရက မိဂဒါဝုန်ဒေသကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဌာနအဖြစ် မကြေညာမီကပင် အရှင်စန္ဒြမဏိက မိဂဒါဝုန်ဒေသ၊ ဓမ္မစကြာတရားဦး ဟောရာ ဓမ္မေခစေတီတော်အနီးတွင် မိဂဒါဝုန်မြန်မာကျောင်းတိုက် တည်ထောင်ရန် စီမံနေပြီးဖြစ်သည်။ ၁၉၀၈ ခုနှစ်တွင် မိဂဒါဝုန်ဗုဒ္ဓဘာသာအဖွဲ့ကို တည်ထောင်ခဲ့ သည်။ ၁၉၁၀ ခုနှစ်တွင် ဘုရားဖူးများ နားနေဆောင်ကိုပင် ဆောက်လုပ်ပြီး ဖြစ်နေသည်။

'ထိုက်'သော အလုပ်များကို 'တန်'သော ပုဂ္ဂိုလ်တို့က စီမံဖန်ဆင်းရာတွင် လုပ်ငန်းစဉ်ကွင်းဆက်သည် လွန်စွာ အရေးကြီးလှသည်။ ထိုကွင်းဆက်အတွင်းသို့ 'ထိုက်တန်'သော အရည်အသွေးများ ဆက်လက်ပါဝင် စီးဆင်းနေမှသာလျှင် ထိုလုပ်ငန်းစဉ် ဆက်လက်ရှင်သန်ကြီးထွားတိုးတက်၏။

ဆရာတော် ဦးစန္ဒြမဏိသည် ၁၈၇၅တွင် ဖွားမြင်သန့်စင်ခဲ့ပြီး ၁၉၇၂ တွင် ပျံလွန်တော်မူခဲ့၏။

မိဂဒါဝုန်မြန်မာကျောင်းကို ဒုတိယမြောက် ကျောင်းထိုင် ဆရာတော် ဦးကိတ္တိမာ (၁၉၀၃-၁၉၈၇)က ဆက်လက် တာဝန်ယူတော်မူခဲ့သည်။ ဟင်ဒီ၊ သက္ကဋ္ဌ၊ ပါဠို၊ အင်္ဂလိပ်တို့ကို တတ်မြောက်တော်မူသည်။ သာသနာဝင်၊ ရာဇဝင်၊ ဗောဓိဝင်၊ ဒီပဝင် စသော ရှေးဟောင်းသမိုင်းမှတ်တမ်းများတွင် ကျွမ်းကျင်တော်မူသည်။ ၁၉၃၈ ခုနှစ်တွင် ရေးသားထုတ်ဝေသော ဆရာတော်၏ မဟာဗော ဓုပ္ပတ္တိကထာသည် မဟာဗောဓိစေတီတော်ကြီးကို ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ချက် သမိုင်းမှတ်တမ်း ဖြစ်၍ အထောက်အထားခိုင်လုံစွာ တင်ပြထားသဖြင့် ပညာရှင်များ လေးစားအားကိုးကြရသည်။

တတိယမြောက် မိဂဒါဝုန်မြန်မာကျောင်းထိုင်ဆရာတော်မှာ ဦးတိက္ခိန္ဒြိယဖြစ်ပြီး ၁၉၈၇ ခုနှစ်၊ ဇူလိုင်လတွင်



ရန်ကုန်မြို့နယ် ဓမ္မာရုံ ထိန်းသိမ်းစောင့်ရောက်ရေးဂေါပကအဖွဲ့ (ရန်ကုန်)မှ မိဂဒါဝုန်ဆရာတော်အားဂုဏ်ပြုပူဇော်ပွဲကျင်းပစဉ်

လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏဓဇက ဆက်ခံခဲ့၏။

ဆရာတော် ဦးကိတ္တိမာလက်ထက်တွင် သိမ်၊ ပိဋကတ်တိုက်နှင့် သီတင်းသုံးရန် ကျောင်းဆောင်များကို တည်ထောင်နိုင်ခဲ့ပြီး ဦးဝဏ္ဏဓဇလက်ထက်တွင် လက်ရှိ အဆောက်အအုံများကို သေသပ်လှပ ခိုင်ခံ့အောင် မွမ်းမံခဲ့သည့်အပြင် အဆောက်အအုံ (၁၁)ခုကို အသစ်တိုးချဲ့ ဆောက်လုပ်နိုင်ခဲ့ပြီး ဖြစ်သဖြင့် ယခုအချိန်တွင် မိဂဒါဝုန် မြန်မာကျောင်းတိုက်မှာ သန့်ရှင်းသပ်ယပ်လှပ စိုပြေလျက်ရှိသောကြောင့် ဘုရားဖူးများ ချမ်းချမ်းသာသာ တည်းခိုခွင့်ရနေကြပြီ။

အရှင်ဝဏ္ဏဓဇသည် သထုံ၊ ဟိတကာရီပါဠို တက္ကသိုလ်၊ ရန်ကုန်၊ စမ်းချောင်း၊ ဗားကရာတိုက်၊ မြောင်းမြပဇ္ဇောတာရုံစာသင်တိုက်တို့တွင် ပိဋကစာပေများ သင်ယူခဲ့ပြီး ပထမကြီးတန်း အောင်မြင်တော်မူခဲ့၏။

Sampurnanard Sanskrit University မှ ၁၉၈၂ ခုနှစ်တွင် M.A ဘွဲ့ ရရှိခဲ့သည်။

အရှင်သည် ၁၉၄၉ခုဖွားဖြစ်၍ ၂၀၀၉ တွင် သက်တော် (၆၀)ပြည့်သို့ ရောက်ပြီ။

လူ့ဘဝတာ၏နှစ်ပေါင်း(၆၀)ကာလအတွင်း ယနေ့ အထိ ပြုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြန်လည် သတိရဝမ်းမြောက်နိုင်ပါစေ။

သာသနာပြုကုသိုလ်ကောင်းမှုအမျိုးမျိုးတို့ကို နှစ်ပေါင်းသက်ရာကျော်ကာလတိုင် ဆက်လက်၍ ဆည်းပူးအားထုတ်နိုင်ပါစေ။

'ထိုက်'သူမှန်သမျှ 'တန်'သော သာဓကပြယုဂ် ကို ဆက်လက်ဖော်ထုတ်နိုင်ပါစေ။

ဦးအောင်သိန်းညွန့်. (သာသနာရေး)

တန်ဖိုး သိသူတို့ အတွက်သာ

နိဒါန်း

လောကတွင် တန်ဖိုးရှိသော အရာတန်ဖိုးကြီးသော အရာ တို့သည် တန်ဖိုးကိုနားလည်သူတို့အတွက် ဖြစ်၏။ တန်ဖိုးကို မသိနားမလည်သူတို့အတွက် ပတ္တမြားကျောက်တုံး ကိုပင် ကလေးများဆော့ကစားသော ခဲတစ်လုံးလောက် တန်ဖိုးထားမည် မဟုတ်ပေ။ ထို့ကြောင့် တန်ဖိုးထိုက်သော အရာဟူသမျှတို့၏ တန်ဖိုးဂုဏ်ကို နားလည်ရသည်။

ပုဒ္ဓရတနာစတင်ပေါ်ပေါက်သောနေရာ

သိဒ္ဓတ္ထ မင်းသားသည် မဟာသက္ကရာဇ်(၁၀၃) ခုနှစ် ကဆုန်လပြည့် ပုဒ္ဓဟူးနေ့တွင် အိန္ဒိယနိုင်ငံ၊ ဗီဟာရ်ပြည်နယ်၊ ဗောဓိမဏ္ဍိုင် (ပုဒ္ဓဂယာ)၌ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။ ထို့ကြောင့် ထိုနေ့၊ ထိုနေရာသည် လောကတွင် ပုဒ္ဓရတနာ စတင်ပေါ်ထွန်းခဲ့သောနေ့၊ နေရာအဖြစ် သတ်မှတ်ခံခဲ့ရ၏။ ဤနေရာသည် သံဝေဇနိယ (၄) ဌာနတွင် တစ်ခုအပါအဝင်ဖြစ်၏။

တရားရတနာနှင့် သံဃရတနာ စတင်ပေါ်ပေါက်သောနေရာ

ပုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် (၁၀၃)ခု နှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် (ဥတ္တရာပရာ ဒေ့ရှ်ပြည်နယ်) ဗာရာဏသီမြို့အနီး မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစက္ကာတရားဒေသနာတော်ကို ဟောကြားခဲ့၏။ ထိုနေ့၌ အရှင်ကောဏ္ဍညသည် ဗော ဘိက္ခု ရဟန်းအဖြစ်ကို ခံယူခဲ့၏။ ထို့ကြောင့် ထိုနေ့ ထိုနေရာသည် လောကတွင် ဓမ္မရတနာနှင့် သံဃရတနာ စတင်ပေါ်ထွန်းခဲ့သောနေ့ နေရာဖြစ်၏။



ထို့ကြောင့် ဗာရာဏသီပြည် မိဂဒါဝုန်တော မမ္မစကြာတရားဦးဒေသနာ ဟောတော်မူခဲ့သော ယခု ဆရာတော်ဦးဝဏ္ဏဓဇတို့ ထိန်းသိမ်း စောင့်ရှောက်နေသော နေရာသည် တရားဦးဓမ္မစကြာတရားဟောကြားသော နေရာလည်း ဖြစ်၏။ သံဃရတနာ စတင်ပေါ်ပေါက်ခဲ့သော နေရာလည်း ဖြစ်၏။ သံဃေဇနိယ လေးဌာနတို့တွင် တစ်နေရာအပါအဝင် ဖြစ်၏။

ပုဒ္ဓဘာသာဝင်တို့အတွက် မမေ့အပ် မမေ့သင့်သော သွားရောက်ဖူးမြော် သဒ္ဓါတရားကို ဖြစ်စေနိုင်သော သံဃေဇနိယ လေးဌာန ရှိ၏။ ထိုနေရာတို့ကို ပုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ သဒ္ဓါ ဝီရိယစွမ်းအားတို့ဖြင့် မပျောက်မပျက်စီး ရအောင် ထိန်းသိမ်းခဲ့သည်မှာ ယနေ့တိုင်အောင်ဖြစ်၏။ ထို့ကြောင့် ပုဒ္ဓဘာသာဝင်တို့အတွက် အားရဝမ်းမြောက်စရာ ပင်တည်း။

အဘယ်ကြောင့် ထိုနေရာများကို ထိန်းသိမ်း စောင့်ရှောက်ကြရပါသနည်းဆိုလျှင် တိုတိုနှင့် ပြောပါက တန်ဖိုးရှိ၍ ထိန်းသိမ်းကြရခြင်းဖြစ်သည်ဟု ဖြေရပါလိမ့်မည်။ တန်ဖိုးရှိသော အရာကို တန်ဖိုးသိသူတို့က စောင့်ရှောက်နေကြခြင်း ဖြစ်၏။

ယခင်က ဤသံဃေဇနိယနေရာတို့သည် ဤမျှထိ မဖွံ့ဖြိုး မတိုးတက်သေးပေ။ လူမျိုး ဘာသာ နိုင်ငံ မတူသော နေရာတို့၌ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ရှေးရှေးသော ပုဂ္ဂိုလ်ကြီးများနှင့် ယနေ့ထိ ထိန်းသိမ်း စောင့်ရှောက်နေသူတို့အား အထူးပင် လေးစားထိုက်ပါ၏။ ထိုပုဂ္ဂိုလ်တို့ ဖြတ်သန်းကျော်လွှားလာခဲ့ရသော အခက်အခဲများကိုလည်း ကိုယ်ချင်း စာနာမိပါ၏။ အိန္ဒိယနိုင်ငံ၏ ဥပဒေသဘောအရ အိန္ဒိယနိုင်ငံသား ဖြစ်ပါမှ အိမ်ပိုင်မြေပိုင် ဖြစ်ခွင့်ရှိ၏။ ထို့ကြောင့် အချို့မြန်မာနိုင်ငံမှ မထေရ်တို့သည် အိန္ဒိယနိုင်ငံသား အဖြစ်ခံယူကာ စောင့်ရှောက်ထိန်းသိမ်းကြလေ၏။

ဤသို့ စသော အကြောင်းများကြောင့် အိန္ဒိယနိုင်ငံ၌ သံဃေဇနိယစသော နေရာများသည် မိမိလူမျိုးတို့၏ လက်ထဲ၌ တည်ရှိနေကြခြင်းဖြစ်သည်။ ထိုသို့ဖြင့် မြတ်ဗုဒ္ဓ၏ တရားဦး ဓမ္မစကြာဟောရာ မိဂဒါဝုန် စသော နေရာတို့သည် ပုဒ္ဓဘာသာဝင်တို့အတွက် သံဃေဇနိယနေရာလည်းဖြစ်၊ ရှေးဟောင်း အမွေအနှစ်လည်း ဖြစ်လာရပေသည်။ ထို့ကြောင့် ဤနေရာတို့သည် တန်ဖိုးရှိ၏။ တန်ဖိုးရှိသောနေရာတို့ကို တန်ဖိုး သိသူတို့က စောင့်ရှောက်ထိန်းသိမ်းနေကြခြင်းဖြစ်၏။ ထို့အတွက် တန်ဖိုးသိသူတို့မှာ တန်ဖိုးရှိလာ၏။တန်ဖိုးရှိသည်ဟု ဆိုခြင်း ထက် ၎င်းတို့အား လေးစားအသိအမှတ်ပြုအပ်သော ဂုဏ်ရှိသည်ဟုဆိုက ပို၍ သင့်လျော်ရာ၏။

ဤဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်ကျောင်းကို ၁၉၀၈-ခုနှစ်မှ စ၍ ဆရာတော်ကြီး စန္ဒိမဘိဘာဘာက စတင်တည်ထောင်ခဲ့ပါသည်။ ဆရာတော်ကြီးသည် ထိုနေရာကို ပုဒ္ဓဘာသာပိုင်နယ်မြေ ဖြစ်လာအောင် အမျိုးမျိုး အဖုံဖုံ ကြိုးပမ်း စွမ်းဆောင်ခဲ့ရ၏။ဆရာတော်ကြီး၏ ပုဒ္ဓဘာသာလူဦးရေ အလွန်နည်းပါးသော အိန္ဒိယနိုင်ငံ၌ ဘာသာသာသနာအတွက် ကြိုးစားဆောင်ရွက်ခဲ့သည်တို့ကို ဓမ္မာစရိယ ဦးဌေးလှိုင်၏ ဆောင်းပါးတို့မှတစ်ဆင့် သိရပါ၏။ ဆရာတော်ကြီးသည် ဓမ္မစကြာဒေသနာတော်ကို ဟောကြားရာ (ဓမ္မရာဇိကစေတီအပါအဝင်) နေရာများကို စောင့်ရှောက်မည်ဟူသော ဆန္ဒဖြင့် မိဂဒါဝုန်ကျောင်းကိုလည်း ထိုနေရာနှင့် အနီးတွင် ဆောက်လုပ်ခြင်းဖြစ်သည်။ ဤသို့ အနီးအနားတွင်ကျောင်းဆောက်ခြင်းဖြင့် ထိုသာသနိကအဆောက်အအုံတို့ကို စောင့်ရှောက်ရာ၌ လွယ်လွယ်ကူကူကြည့်ရှုနိုင်ခြင်း၊ ချက်ခြင်းပြုပြင်နိုင်ခြင်း စသည် တို့ကို ဆောင်ရွက်နိုင်ပါသည်။ ရှေးဆရာတော်ကြီးတို့၏ အမြော်အမြင်ကား အလွန်လေးနက်မှုရှိပါ၏။

ထိုမှစ၍ လက်ဆင့်ကမ်းစောင့်ရှောက် ထိန်းသိမ်းလာခဲ့ရာ မိဂဒါဝုန်ကျောင်းကို ယခုအခါ ဆရာတော် ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထိန်းသိမ်းစောင့်ရှောက်နေပါ၏။ ဆရာတော် ဦးဝဏ္ဏဓဇ လက်ထက်တွင် ဘုရားဖူးသူများမှာ ယခင်ကထက် ပိုမိုများပြားလာ၏။ ခရီးသည်များလည်း စည်ကားလာ၏။ ခရီးစဉ်လည်း များလာ၏။ ထို့ကြောင့် မြန်မာအပါအဝင် ဘုရားဖူးခရီးသည်တို့သည် ဆရာတော် ဦးဝဏ္ဏဓဇ၏ စီစဉ်မှုကြောင့် မိဂဒါဝုန်တွင် သက်သောင့်သက်သာ အဆင်ပြေစွာဖြင့် တည်းခိုနားနိုင်ကြ၏။ တည်းခိုကြသူများလည်း အစစအရာရာ အဆင်ပြေ၍ စိတ်ချမ်းမြေ့ကြ ရ၏။

ဤသို့ ဆရာတော်များထိန်းသိမ်းစောင့်ရှောက်ထားသော နေရာမျိုးမရှိပါက ခရီးသည်များသည် ဟိုတယ်၊မိုတယ် စသည်တို့၌ တန်ဖိုးများများပေးပြီး တည်းခိုကြရမည်ဖြစ် သည်။ ထိုသို့ တည်းခိုကြရလျှင် အဖိုးအခလည်း ပို၍ကုန်ကျ၊ အနေအထိုင်လည်း ကျဉ်းကျပ်၏။ အစားအသောက်အတွက်လည်း ယခုလောက် အဆင်ပြေမှုရှိမည် မဟုတ်ပေ။

ယခုမူ ဘုရားဖူးခရီးသည်များအား ဆရာတော်မှ အစစအရာရာပြည့်စုံအောင် ဖန်တီးပေးထားမှုကြောင့် အိန္ဒိယနိုင်ငံသို့ ရောက်နေသော်လည်း မိမိတို့ ပြည်မှ ဘုန်းတော်ကြီး

ကျောင်းတွင် နေထိုင်ရသည်ဟု မှတ်ထင်ရလောက်အောင် လွတ်လပ်ပါ၏။ စိတ်လည်း ပေါ့ပါး၏။ ထို့ပြင် ဆရာတော် ဦးဝဏ္ဏဓဇသည် ဤ နေရာဒေသနှင့် ပတ်ဝန်းကျင်အခြေအနေ၊ ဘုရားရှင် သီတင်းသုံးတော်မူခဲ့သည့်နေရာ ဒေသစာရီလှည့်လည်တော်မူခဲ့သော နေရာများနှင့် စပ်၍ အသေးစိတ်ရှင်းလင်း ပြောပြ၍ အထူးပင် ကျေနပ်ကြရပါ၏။

ဘာသာအသီးသီးတွင် သူ့နည်းနှင့်သူ သာသနာပြုနည်း ရှိကြ၏။ အချို့ ဘာသာများက ပစ္စည်းဥစ္စာ ငွေကြေးပေးပြီး စည်းရုံး၍ သာသနာပြုကြ၏။ အချို့ဘာသာများက လူမှုရေး၊ ပညာရေး စသည်တို့၌ အခမဲ့ ကူညီပြီးသာသနာပြုကြ၏။ အချို့က ဘာသာ တရားအပေါ် စိတ်ဝင်စားမှု ရှိလာအောင် ဟောပြော၍ သာသနာပြုကြ၏။ ထိုသို့ ဘာသာအသီးသီးတို့ သာသနာပြုကြရာ ဗုဒ္ဓဘာသာတို့အနေဖြင့် သူများထံမှ အထောက်အပံ့ကို ခံယူပြီး သာသနာပြုနိုင်သည်ကများ၏။ အချို့သော ဘာသာများမှာ သူတစ်ပါးတို့အား လိုအပ်သည့်အရာများကို ကူညီပံ့ပိုးပြီး သာသနာပြုကြ၏။ အကျဉ်းချုပ်ဆိုရသော် ပေးပြီး သာသနာပြုနည်းနှင့် သူများထံမှ ယူပြီး သာသနာပြုနည်း နှစ်မျိုးတွင် လူတို့အနေဖြင့် မည်သည့်နည်းကို လက်ခံနိုင်ပါမည်နည်း။

သို့သော် ဗုဒ္ဓဘာသာဝင်တို့သည် လောကီ လူမှုရေးအရ ပစ္စည်းဥစ္စာငွေကြေး စသည်ပေးပြီး သာသနာမပြုစွမ်းနိုင်ကြပေ။ ဗုဒ္ဓဘာသာဝင်များ ပေးနိုင်သည်မှာ အသိတရားပင်ဖြစ်၏။ ထို အသိတရားကို လူတိုင်း မလိုလားပေ။ ပါရမီရှိသူတို့သာ လိုလားနိုင်ပါသည်။ ဗုဒ္ဓဘာသာက အသိဉာဏ်ပေးပြီး သာသနာပြုနိုင်၏။ ထိုအသိတရားသည် မည်သို့သော အသိတရားပါနည်းဟုမေးက မြတ်ဗုဒ္ဓ၏ မြင့်မြတ်သော ဓမ္မအသိတရားပင် ဖြစ်၏။

မြတ်ဗုဒ္ဓသည် သတ္တဝါတို့အား ဓမ္မအသိ ရရှိရေးအတွက် တရားတော်များကို ဟောကြား၍ သာသနာပြုတော်မူခဲ့ပါ၏။ မြတ်ဗုဒ္ဓ၏ မြတ်သောအကျင့်ကို သိမြင်လာသူတို့သည် မြတ်ဗုဒ္ဓအပေါ် ကြည်ညိုလေးစားကာ ဗုဒ္ဓဘာသာဖြစ်လာကြ၏။ ထိုကဲ့သို့ ဗုဒ္ဓသာသနာတော် ထွန်းကားစည်ကားပြန့်ပွားလာအောင် စတင်၍ သာသနာပြုခဲ့သော နေရာကား ဤမိဂဒါဝုန် နေရာပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် ပထမဆုံးသော ဝါကို ဤ မိဂဒါဝုန်၌ ပဉ္စဝဂ္ဂိငါးဦး၊ ရှင်ယသ(သတို့သားရဟန်း) အပါအဝင် သူငယ်ချင်း ရဟန်း(၅၅) (ငါးကျိပ်ငါးပါး) စုစုပေါင်း ရဟန်းတော်အပါး (၆၀) နှင့် ဝါဆိုခဲ့ပါ၏။ သီတင်းကျွတ်သောအခါ ဗုဒ္ဓမြတ်စွာက ထိုရဟန်း ခြောက်ကျိပ်တို့အား တစ်လမ်းကို နှစ်ပါး မသွားကြဘဲ၊ တစ်ပါး တစ်လမ်းစ သွားပြီး ငါ ဘုရား၏ အစ အလယ် အဆုံး ကောင်းခြင်း သုံးပါးနှင့်ပြည့်စုံသော အနက် သဒ္ဒါ ပုဒ် ဗျည်း (အဓိပ္ပာယ်)နှင့် ပြည့်စုံသော ထက်ဝန်းကျင်ပြည့်စုံသော သီလ သမာဓိ ပညာ ဟူသော မြတ်သော အကျင့်ကို ထင်ရှား ပြပြီး သာသနာ ပြုကြပါ (ဝိ၊ခု၊၂၇) ဟု မိန့်ကြားတော်မူလေသည်။ ထို့ကြောင့် ဤနေရာသည် ဗုဒ္ဓသာသနာ သမိုင်းတွင် တရားရတနာနှင့် သံဃ ရတနာ စတင်ပေါ်ထွန်းခဲ့သောနေရာ သာသနာ တော် ပြန့်ပွားအောင် စတင် သာသနာပြုရာနေ ရာလည်း ဖြစ်ပေသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့အတွက် ထိုနေရာနှင့် ထိုနေရာကို စောင့်ရှောက်နိုင်သူတို့၏ တန်ဖိုးကား။ ကြီးမားလှပါပေ၏။

ခိုင်မြဝါ



အို . . . မြတ်အရှင်သို့ ကန်တော့ပန်း

* လောကဝန်းကျင်၊ ကြည်မြွေ့ရွှင်လိမ့်
သန့်စင်မြတ်မွန်၊ အောင်တံခွန်လွှင့်
ကျေပွန်ရွက်ထမ်း၊ ဓမ္မလမ်းဝယ်
မြစမ်းသီတာ အေးခြိမ့်မည်။
* သီလအကျင့်၊ သမ္ဘာရင့်ကျက်
ကောင်းဆင့်တမန်၊ ထက်နဘံက
ဆက်ဆံကြိုဆို၊ မြတ်နိုးလိုသည့်
ကြည်ညိုလေးစား၊ မြတ်တရားဖြင့်
ရှုစားအာရုံ၊ မနောကုန်ဖွင့်
နေကုန်မိုးချုပ်၊ ဘဝရုပ်နှယ်
ကြိုးကုတ်ဖြည့်လျက်၊ သဒ္ဓါစက်ငှဲ့
တိုးတက်ဖွံ့ဖြိုး၊ မေတ္တာတိုးနေ
အကျိုးနန္တ ရှိခြိမ့်မည်။
* ဆရာအရှင်၊ မြတ်အရှင်တို့
ထိပ်တင်ခယ၊ မြတ်ဗုဒ္ဓမှ
ညွှန်ပြသတိ၊ အစဉ်ရှိနေ
ဘုမ္မိနက်သန်၊ မုချမှန်သား
ကျင့်ကြံပီတိ၊ ရင်ဝယ်ငြိသို့
သုခိဘဝ၊ ထင်ကရသာ
တည်စွဖြစ်မိ ရှိခြိမ့်မည်။
* မိဂဒါဝုန်၊ ပွင့်မျိုးထုံစွာ
ပြည့်စုံသီးပွင့်၊ ဂုဏ်ထပ်တင့်နေ
ကောင်းခွင့်သာခိုက်၊ လွန်နှစ်ခြိုက်လျက်
ပျော်ပိုက်ဘိခြင်း နေခြိမ့်မည်။

* ဥိးဝဏ္ဏဓဇ၊ မြတ်သီလဖြင့်
ပင်မကိုင်းခက်၊ တည်ထောင်လျက်နေ
ကျောက်ထက်အက္ခရာ၊ ကျောင်းမြန်မာ ဟု
ခေါ်စွာသမုတ်၊ ဂုဏ်ဖော်ထုတ်အံ့
မိုးကုတ်မြင့်ခေါင်၊ မြန်ပြည်ဘောင်ဝယ်
ရှေ့ဆောင်လမ်းပြ၊ ကြယ်စင်လှနေ
လောကခြင်းရာ တင့်ခြိမ့်မည်။
သာသနာ့ခရီး၊ ဆန္ဒကြီးလျက်
မညီးမည်။ သဘောဖြူလိမ့်
ရည်တူစိတ်ရည်၊ ကမ္ဘာတည်စေ
ကြာရှည်မြဲမြံ၊ သန္ဓိဌာန်ဖြင့်
မှန်မှန်ခရီး၊ လျှောက်လှမ်းပြီးရဲ့
အံ့ချီးဘွယ်ရာ၊ ဂုဏ်လင်းဖြာသည်
နေရာအနှံ့ ရှိခြိမ့်မည်။
အို . . . မြတ်အရှင်ငဲ့
လူသားမွန်မြတ်၊ ကျင့်စိတ်ဓာတ်ဖြင့်
သုံးရပ်လောကီ၊ ခွန်းဆင့်ချိုင့်
စာစီမဆုံး၊ တော်ဖြောင့်သုံးတည့်
သီကုံးနွဲ့နွဲ့၊ မေတ္တာဖွဲ့ဝေ
ညွှန်းသွဲ့ကဗျာ မြတ်ထေရာမို့
ဒီပါကောင်းခြင်း တင့်စေသော် . . . ။
(သက်တော် ၆၀ ပြည့် ဘဒ္ဒန္တဝဏ္ဏဓဇ သို့)

မောင်ယဉ်ဦး(ဓနုဖြူ)



မိဂဒါဝုန်မှ ရောင်ပြည်တော်များ

မဟာရံသီအရှင်ကဝိန္ဒ

မိဂဒါဝုန် နှစ်(၁၀၀)ပြည့် မော်ကွန်းစာအုပ် ထုတ်ဝေမည်ဖြစ်၍ ပါဝင်ရေးသားရန် သူငယ်ချင်း ရဟန်းတော် တစ်ပါးထံမှ ကောင်းမြတ်သော မနသီစိတ်ထားဖြင့် အကြောင်းကြားလာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကာ မအားလပ်သည့်ကြားက ဆောင်းပါးတစ်ပုဒ် ရေးသား ပူဇော်မည်ဟု ဆုံးဖြတ်ချက်ချကာ မိဂဒါဝုန်နှင့် ပတ်သက်သည့် ဗဟုသုတ ဖြစ်စရာ သဒ္ဓါတရား တိုးပွားစရာ အချက်အလက်များကို ရှာဖွေစုဆောင်းပြီး "မိဂဒါဝုန်မှ ရောင်ခြည်တော် များ" ခေါင်းစဉ်ဖြင့် ရေးသား ပူဇော်လိုက်ပါသည်။

ထူးခြားမှုစုံတဲ့ မိဂဒါဝုန်

ဝရုဏနှင့် အာသီမြစ် နှစ်ခုဆုံရာ၌ တည်ရှိသောကြောင့် ဗာရာဏသီ(ဝရုဏ+အာသီ)အမည်ရသော မြို့အနီး(၆)မိုင် အကွာတွင်ရှိသော ဤတောရိပ်မြုံကို ဟိမဝန္တာမှ စျာန်ယာဉ် ခရီးဖြင့် ကြွလာတော်မူကြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ဆင်းရာတက်ရာ နေရာဖြစ်သောကြောင့် "ဣသိပတန" ဟူ၍ လည်းကောင်း၊ ပွင့်တော်မူကြကုန်ပြီးသော သမ္မာသမ္ဗုဒ္ဓ ဘုရားအဆူဆူတို့ တရားဦးဓမ္မစက်ကို ဟောတော်မူရာဖြစ်၍ ဗာရာဏသီမင်း အဆက်ဆက်က သမင်တို့ကို ဘေးမဲ့ပေးရာ နေရာဖြစ်သောကြောင့် "မိဂဒါဝုန်" ဟူ၍ လည်းကောင်း ခေါ်ဆိုကြောင်း ကျမ်းဂန်များ၌ တွေ့ရသည်။ ၎င်းပြင် ဤတောရိပ်မြုံသည် ဂဂီဝါဠုသဲစုမက ပွင့်တော်မူကြသည့် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ မစွန့်သော နေရာမြတ် အဝီဇဟိ တ(၄) ဌာနတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မြတ်စွာဘုရား ကိုယ်တော်တိုင် ပရိနိဗ္ဗာန် စံခါနီးတွင် ဤနေရာမြတ်၏ အနာဂတ်ကာလ၌ သဒ္ဓါတရားနှင့် ပြည့်စုံကြသည့် ပုဂ္ဂိုလ်များအတွက် သံဝေဂပွားရာ သံဝေဇနီယဌာနအဖြစ် ဖြင့် ကျေးဇူးကြီးမားနေလိမ့်မည်ကို အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

"အာနန္ဒာ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂ ရစေနိုင်သော ဌာနတို့သည် ဤလေးပါးတို့ပေတည်း။ အာနန္ဒာ သဒ္ဓါတရားရှိ

ကုန်သော ရဟန်း, ရဟန်း မိန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် "ဤ လုမ္ဘိနီဌာနဌ် မြတ်စွာဘုရား ဖွားမြင်တော်မူ၏" ဟူ၍ လည်းကောင်း၊ "ဤမဟာဗောဓိဌာနဌ် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏"ဟူ၍လည်းကောင်း၊ "ဤ မိဂဒါဝုန်ဌာနဌ် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်မဟုစက်ကို ဟောကြားလည်စေတော်မူ၏" ဟူ၍လည်းကောင်း၊ "ဤ ကုသိနာရုံဌာနဌ် မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းအေးခြင်းပေးသော 'အနုပါဒိသေသနိဗ္ဗာနဓာတ်'ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏"ဟူ၍ လည်းကောင်း(အောက်မေ့လျက်) လာရောက်ကုန်လတ္တံ့။ အာနန္ဒာ-စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သော သူတို့သည် ကြည်ညိုသော စိတ်ရှိလျက် သေကုန်ငြားအံ့၊ ထိုသူ အားလုံးတို့သည် ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ၌ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့။

အမှောင်လွှမ်းသောကာလ

မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလသည်"အမှောင်လွှမ်းသောကာလ"ဟု ဆိုရမည့် ကာလပင် ဖြစ်သည်။ သဟမွတိဗြဟ္မာသည် အဇပါလညောင်ပင်ရင်း၌ စံတော်မူနေသော မြတ်စွာဘုရားအား ဤအချက်ကို အောက်ပါအတိုင်း တင်ပြလျှောက်ထားကာ တရားဟောတော်မူပါရန် တောင်းပန် လျှောက်ထားခဲ့သည်။

"ရှေးအခါက မဂဓတိုင်း၌ (ရာဂစသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာကြီးတို့သည် ကြံဆအပ်သော မစင်ကြယ်သော မိစ္ဆာအယူတရားများ ထင်ရှားဖြစ်ခဲ့ပါပြီ။ အမြိုက်နိဗ္ဗာန်တရားကို ဖွင့်လှစ်တော်မူပါ။ အညစ်အကြေးကင်းတော်မူသော မြတ်စွာဘုရားသည် သဘာဝနှင့်အလျော်သိတော်မူအပ်သော (သစ္စာလေးပါး) တရားတော်ကို (သတ္တဝါ အများ) နာကြား ကြပါစေကုန်လော"

ဘုရားရှင် ပွင့်တော်မမူမီကပင် မဂဓတိုင်း၌ ပူရာဏကဿပ ဂိုဏ်းဆရာကြီး၏ အကြိယဝါဒ (ကောင်းမှု, မကောင်းမှုကိုလုပ်သော်လည်း ပြုရာမရောက် ဟူသော အယူဝါဒ)၊ မက္ခလိဂေါသာလ ဂိုဏ်းဆရာကြီး၏ အဟေတုကဝါဒ (ကံ, အကျိုး နှစ်မျိုးလုံးကို ပယ်သောဝါဒ)၊ အဇိတဂိုဏ်းဆရာကြီး၏ နတ္ထိကဝါဒ (အကျိုးကိုပယ်သောဝါဒ)၊ ပကုဒဂိုဏ်း ဆရာကြီး၏အကတဝါဒ (ပထဝီ အာပေါ တေဇော ဝါယော သုခ ဒုက္ခ ဇီဝ ဟူသော ကာယ (၇) ပါးသည် သဘာဝအတိုင်း အမြဲတည်ရှိ၏၊ ဤ (၇) ပါးကို မည်သူမျှ မပြုလုပ်နိုင်ဟု ယူသောဝါဒ)၊ နိဂဏ္ဌနာဋပုတ္တဂိုဏ်းဆရာကြီး၏ စတုယာမသံဝရ ဝါဒ (ရေအေးကို မသုံးစွဲရဟု တားမြစ်ခြင်း၊ မကောင်းမှုအားလုံးကို တားမြစ်ခြင်း၊ မကောင်းမှုအားလုံးကို ခါချနိုင်အောင် ကျင့်ခြင်း၊ မကောင်းမှု အားလုံးကို ခါချမှု ပြီးဆုံးခြင်းသို့ ရောက်ခြင်းဟူသော စောင့်စည်းမှုလေးမျိုးကို ဟောကြားသောဝါဒ)၊ သိဉ္စည်းဂိုဏ်းဆရာကြီး၏ အမရာဝိက္ခေပဝါဒ (မေးသမျှကို 'ငါ့မှာ ဒီအယူမရှိပါ'ဟု ရှောင်လွဲသောဝါဒ)များ လွှမ်းမိုးလျက် ရှိကြသည်။ ဤဂိုဏ်းဆရာကြီး(၆)ယောက်၏ ဝါဒများ လွှမ်းမိုးနေခြင်းကို ရည်ရွယ်လျက် သဟမွတိဗြဟ္မာသည် အထက်ပါအတိုင်း တရားဟောတော်မူပါရန် လျှောက်ထားလေသည်။

ဗာရာဏသိသို့ ဒေသစာရီ

မြတ်စွာဘုရားသည် ဗြဟ္မာ၏ လျှောက်ထား တောင်းပန်ခြင်း၊ ကိုယ်တော်တိုင်၏ သတ္တဝါများအပေါ်၌ သနားတော်မူခြင်းတို့ကြောင့် တရားဟောရန် ဆုံးဖြတ်ချက် ချတော်မူ၍ အမြန်ဆုံး တရားသိမည့် ပုဂ္ဂိုလ်ကို ရွေးချယ်တော်မူသည်။ ပထမ အာဠာရ ရဿေကို ရွေးတော်မူသည်။ ထိုပုဂ္ဂိုလ်ကြီး အာဠာရကား လွန်ခဲ့သော(၇)ရက်က အနိစ္စရောက်ကာ အာကိဉ္စ ညာယတနဘုံ၌ အရူပဗြဟ္မာ ဖြစ်သွားခဲ့ပြီ။ ဒုတိယ ဥဒကရဿေကို ရွေးချယ်တော်မူပြန်သည်။ ထိုပုဂ္ဂိုလ်ကြီး လည်း ညသန်းခေါင်ယံ က အနိစ္စရောက်၍ နေဝသညာနာ သညာယတနဘုံ၌ အရူပ ဗြဟ္မာကြီး ဖြစ်ခဲ့ပြန်ပြီ။ ထို့ကြောင့် တတိယ ပဉ္စဝဂ္ဂိတို့ကို ရွေးချယ်တော်မူသည်။ သို့သော် ပဉ္စဝဂ္ဂိတို့သည် ကိုယ်တော်မြတ်အနီး၌ မရှိကြတော့၊ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ရောက်နေကြသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ စောစောကပင် (၁၈) ယူဇနာ ဝေးကွာသော မိဂဒါဝုန်သို့ ကြွတော်မူသည်။ လမ်းခရီးတွင် ဥပကတက္ကဒွန်းနှင့် ဆုံမိကြသည်။ တင့်တယ်တော်မူလှသော မြတ်စွာဘုရားကို ကြည့်ပြီး မေးခွန်းတသီတစ်တန်းကြီးမေးသည်။ မြတ်စွာဘုရားက အမှောင်လွှမ်းနေသော လောက၌ တရားစည်ကြီး ရိုက်တီးရန် ကာသိတိုင်း ဗာရာဏသီသို့ ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထို့နောက် ခရီးဆက်ခဲ့ရာ ညနေအချိန်တွင် မိဂဒါဝုန်တောရိပ်မြုံသို့ ရောက်တော်မူသည်။

လောကကို အလင်းပေးမည့် တရားစက်ရုံ ဖွင့်လှစ်တော်မူခြင်း

ၛင်းလပြည့် နေဝင် လထွက်အချိန် "ဒွေ မေ ဘိက္ခဝေ အန္တာ"အရှိသော ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောတော်မူ၍ လောကကို အလင်းရောင်ပေးမည့် ဓမ္မစက်ရုံကြီးကို ဖွင့်လှစ်တော်မူသည်။ ထိုတရားတော်၏ နိဒါန်း၌ အောက်ပါအတိုင်း တိကျ၍ အားတက်ဖွယ်ကောင်းသော အာမခံချက်များ ပါရှိသည်။

"ရဟန်းတို့ အစွန်းနှစ်ဘက်သို့ မကပ်ရောက်မူ၍ ငါဘုရား ထူးခြားစွာသိတော်မူအပ်သော အလယ်အလတ် ကျင့်စဉ်သည် ပညာမျက်စိကို ပြုလုပ်ပေးနိုင်၏။ ဉာဏ်အမြင်ကို ပြုလုပ်ပေးနိုင်၏။ ကိလေသာကို ငြိမ်းအေးစေနိုင်၏။ ထူးခြားစွာ သိနိုင်စွမ်းကို ဖြစ်စေ၏။ အမှန်သစ္စာ(၄)မျိုးကို သိစေနိုင်၏"။

ဤ၌ အလယ်အလတ် ကျင့်စဉ်ဟူသည် သမ္မာဒိဋ္ဌိစသော မဂ္ဂင်(၈)ပါး (တစ်နည်း) သိက္ခာ(၃)ပါး အကျင့်တရားပင် ဖြစ်သည်။ ထိုတရားတော်ကို နာကြား ကျင့်ကြံခွင့်ရသော ပဉ္စဝဂ္ဂီ(၅)ပါးနှင့် နတ်ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေတို့သည် ထူးသော အသိဉာဏ်ကို ရရှိကြကာ ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် တွေ့မြင်နိုင်သော သောတာပန် အရိယာပုဂ္ဂိုလ်မြတ်များဘဝကို ရရှိခဲ့ကြလေပြီ။

လောကကို အလင်းဖြန့်ပြီ

သောတာပန်အရိယာအဖြစ်သို့ ရောက်ပြီးကြသော ပဉ္စဝဂ္ဂီငါးပါးတို့သည် ဝါဆိုလဆုတ်(၅)ရက်နေ့တွင် အနတ္တလက္ခဏသုတ်တော်ကို ဆက်လက်နာကြားခွင့်ရကြပြီး ရဟန္တာပုဂ္ဂိုလ်မြတ်များ အဖြစ်သို့ ရောက်တော်မူကြသည်။ ၎င်းဝါတွင်းမှာ ရဟန္တာပုဂ္ဂိုလ်များ ဆက်လက်ပေါ်ထွန်းလာရာ သီတင်းကျွတ်ချိန်တွင် ဤလောက၌ ဘုရားအပါအဝင် ရဟန္တာ(၆၁)ပါး ပေါ်ထွန်းလေပြီ။ မြတ်စွာဘုရားသည် ထို ရဟန္တာအရှင်မြတ်တို့အား လောကကို ဉာဏ်အလင်းဖြန့်ရန် တစ်ပါးလမ်းကြောင်း တစ်ခုစီဖြင့် တာဝန်ပေးစေလွှတ်တော်မူသည်။ ရဟန္တာအရှင်မြတ်တို့ ဒေသအသီးသီးသို့ မထွက်ခွာမီ သာသနာပြုပုဂ္ဂိုလ်များမှာ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ၊ ဦးတည်ချက်များနှင့် သတ္တဝါ အပေါင်း၏ အခြေအနေကို ဖော်ပြသည့် သာသနာပြုမိန့်ခွန်းတော် ကိုလည်း မိဂဒါဝုန်မှာပင် အောက်ပါအတိုင်း မိန့်ဟတော်မူခဲ့သည်။

"ရဟန်းတို့-ငါဘုရားသည် လူနတ်တို့၌ဖြစ်သော (ကိလေသာ)ကျော့ကွင်းတို့မှ လွတ်မြောက်ခဲ့ပြီ။ သင်တို့လည်း လူနတ်တို့၌ ဖြစ်သော (ကိလေသာ)ကျော့ကွင်းတို့မှ လွတ်မြောက် ခဲ့ကြကုန်ပြီ။ ရဟန်းတို့ များစွာသော လူတို့၏ အစီး အပွားဖြစ်ခြင်းငှာ, ချမ်းသာခြင်းငှာ, လောကကို စောင့်ရှောက်ရန် အလို့ငှာ, နတ်လူတို့၏ အကျိုးစီးပွား ဖြစ်ခြင်း, ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကြ ကုန်လော့၊ ခရီးတစ်ကြောင်းမှာ နှစ်ပါးမသွားကြကုန်လင့်။ ရဟန်းတို့ အစကောင်းခြင်း, အလယ်ကောင်းခြင်း, အဆုံးကောင်းခြင်းရှိသော, အနက် သဒ္ဒါနှင့် ပြည့်စုံသောတရားကို ဟောကြားကုန်လော့။ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကို ပြသကြကုန်လော့။ မြတ်သော အကျင့်ကို ပြသကြကုန်လော့။ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးသော သဘောရှိကုန်သော သတ္တဝါတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါတို့သည် တရားမနာရသဖြင့် တရားမှ ဆုတ်ယုတ်နေကြကုန်၏။ တရားတော်ကို သိလွယ်သော သူတို့ ရှိကြလိမ့်မည်။ ငါဘုရားသည်လည်း သေနနိဂုံးသို့ တရားဟောရန်သွားမည်"။

ဤသို့ မိန့်ကြားပြီးနောက်တွင် ရဟန္တာ အပါး (၆၀) တို့သည် လောကကို ဉာဏ်အလင်းဖြန့်ရန် မိဂဒါဝုန်မှ ဒေသအသီးသီးသို့ ထွက်ခွာသွားကြလေသည်။ မြတ်စွာဘုရားသည်လည်း မိဂဒါဝုန်မှာ ရက်အတန်သီတင်းသုံးတော်မူပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ရာ ဗောဓိမဏ္ဍိုင် အနီးရှိ သေနနိဂုံး ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချွတ်ရန် ကြွသွားတော်မူပါသည်။

ဤသို့ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ် (၆၀) တို့ မိဂဒါဝုန်မှစတင် ထွန်းညှိခဲ့သော ဓမ္မအလင်းရောင်များသည် ယနေ့တိုင် အမှောင်ထုကို ထွင်းဖောက်၍ ကမ္ဘာအနှံ့ ထိုးဖောက် ဝင်ရောက်လျက် ရှိကြသည်။ အကြောင်းအမျိုးမျိုးကြောင့် ဓမ္မရောင်ခြည်များ မှေးမှိန်ခဲ့ရသော မူလနေရာ မဇ္ဈိမဒေသမှာလည်း ဓမ္မအလင်းရောင်များ ပြန်လည် ထွန်းညှိနိုင်ရန် များစွာသော သံဃာတော်များ ရောက်ရှိလျက် ရှိကြပြီ။ ထိုအရှင်တို့၏ ကြိုးစားမှုဖြင့် မဇ္ဈိမဒေသ၌ ဓမ္မအလင်းရောင်များ ပြန်လည် ပေါ်ထွန်းနိုင်ပါစေ ဟု ပတ္ထနာပြုလျက် နိဂုံးချုပ်အပ်ပါသည်။

မဟာရံသီအရှင်ကဝိန္ဒ

ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဂယာ


ခင်မောင်ထွေး (ပျဉ်းမနား) ဗုဒ္ဓဂယာပြန်(၂၀၀၈)

စာရေးသူသည် ကံကောင်းထောက်မစွာဖြင့် "ဗုဒ္ဓဂယာ" သို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလအတွင်းက ဘုရားဖူးသွားခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓဂယာအပါအဝင် မိဂဒါဝုန် လုမ္ဗိနီနှင့် ကုသိနာရုံဒေသများသို့ ကိုယ်တိုင် ကိုယ်ကျသွားရောက် ဖူးမျှော်လေ့လာသင့်ကြပါသည်။

စာရေးသူ အထူးသတိပြုခဲ့မိသည်မှာ ဗုဒ္ဓဂယာ ခရီးစဉ် တစ်လျှောက် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသာမက နိုင်ငံခြားသားဗုဒ္ဓဘာသာဝင်များကို အထူး အထောက်အကူ ပြုကြသည်မှာ အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင် သီတင်းသုံးနေထိုင်လျက် သာသနာပြုနေတော်မူကြသော ဆရာတော် အရှင်မြတ်များနှင့် ဘုန်းတော်ကြီးကျောင်းများပင် ဖြစ်ပါသည်။ ဆရာတော်သံဃာတော်များနှင့် မြန်မာဘုန်းတော်ကြီးကျောင်းများသာ အိန္ဒိယနှင့် နီပေါနိုင်ငံတွင် မရှိခဲ့ပါလျှင် ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်မှာ လွယ်ကူချောမွေ့မည်မဟုတ်သည်မှာ သေချာလှပေသည်။

မြန်မာဗုဒ္ဓဘာသာဝင်ဆရာတော်၊ သံဃာတော်များ ဗုဒ္ဓပွင့်တော်မူရာ မူလဇာတိဖြစ်သည့် အိန္ဒိယနိုင်ငံတွင် နေထိုင်သီတင်းသုံး၍ သာသနာပြုနိုင်ရန်အတွက် ကျောင်းသခ်ိမ်းများ ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် မြန်မာနိုင်ငံမှ စေတနာရှင်များ၏ကောင်းမှုမှာလည်း သာမုခေါ်စရာပင် ဖြစ်ပါသည်။

ဆရာတော်၊ သံဃာတော်များ မရှိပါဘဲလျက် သာသနာတော်ထွန်းကားရေးဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ပါ။ ယင်းဆရာတော်၊ သံဃာတော်များမှာလည်း အစဉ်သဖြင့် သီတင်းသုံးနေထိုင်ရန် ကျောင်းသခ်ိမ်းများမရှိလျှင် မည်သို့မျှ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတွင် သာသနာပြုလုပ်ငန်းများကို ဖြောင့်ဖြောင့်တန်းတန်း လုပ်ဆောင်နိုင်တော်မူကြမည် မဟုတ်ပါ။ သို့ဖြစ်၍ စေတနာရှင်များ၏ မွန်မြတ်သော ကုသိုလ်ကောင်းမှုကြောင့် ယခုအခါ အိန္ဒိယနိုင်ငံမှ ဗုဒ္ဓနှင့် ပတ်သက်ဆက်နွယ်ခဲ့သည့် နေရာဌာနတိုင်းတွင် မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ ငွားငွားစွင့်စွင့် ပေါ်ထွန်းနေကြပြီ ဖြစ်ပါသည်။



ယင်းဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတိုက်များထဲတွင် မြတ်ဗုဒ္ဓ ဓမ္မစကြာတရားဦးဟောတော်မူသည့် မိဂဒါဝုန်တည်ရာ ဗာရာဏသီမြို့မှ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်သည်လည်း အပါအဝင်ဖြစ်ပါသည်။

စာရေးသူသည် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလထဲတွင် ဗုဒ္ဓဂယာသို့ ဘုရားဖူးလေ့လာရေးခရီးရောက်ခဲ့ပါသည်။ မြန်မာစာစကား ရှိပါသည်။ "ဘုရားလည်းဖူး လိပ်ဥလည်းတူး" ဟူ၍ဖြစ်ပါသည်။ စာရေးသူကတော့ သတင်းစာဆရာဟောင်း၊ စာရေးဆရာလက်သစ်ဖြစ်သည့် အားလျော်စွာ၊ ဗုဒ္ဓဂယာခရီးစဉ်တွင် ဘုရားလည်းဖူးပါသည်။ ပြီးတော့ လက်လှမ်းမီသလောက် လေ့လာခဲ့ပါသည်။ စာရေးသူ အများဆုံးလေ့လာမိခဲ့သည်မှာ အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးများနှင့် မြန်မာဘုန်းတော်ကြီး ကျောင်းများပင် ဖြစ်ပါသည်။

ထိုသို့ လေ့လာရာတွင် အိန္ဒိယနိုင်ငံ SARNATH (သို့မဟုတ်) မြန်မာဗုဒ္ဓဘာသာဝင်များ အသိများကြသည့် ဗာရာဏသီရှိ "ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း တိုက်သည်လည်း အပါအဝင်ဖြစ်ပါသည်။

နှစ်(၁၀၀)

မိဂဒါဝုန်ရှိ မြန်မာဘုန်းတော်ကြီးကျောင်းမှာ အထူး စိတ်ဝင်စားစရာကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ရောက်ရှိသွားခဲ့သည့် ၂၀၀၈ခုနှစ် ဇန်နဝါရီလမှာ ယင်း မြန်မာဘုန်းတော်ကြီးကျောင်းတိုက် စတင်တည်ထောင်သည့် နှစ်ပေါင်း(၁၀၀)ပြည့်သည့်ကာလ ဖြစ်သောကြောင့် ဖြစ်ပါသည်။

တိုင်းခြား၊ ပြည်ခြား၊ ဘာသာကွဲ၊ လူမျိုးမတူ သူတို့ကြားထဲတွင် ဗုဒ္ဓဘာသာသာသနာပြုရန်အတွက် ဘေးဒုက္ခ အသွယ်သွယ်ကို ရင်ဆိုင်ကာ ဗုဒ္ဓမြတ်စွာဘုရား တရားဦးဟောရာ ဒေသဖြစ်သည့် ဗာရာဏသီမြို့တွင် မြန်မာဗုဒ္ဓဘာသာ ကျောင်းတိုက်တစ်တိုက်ကို ၁၉၀၈ ခုနှစ်တွင် စတင်တည် ဆောက်ခဲ့သည့် ဆရာတော်မှာ ဘဒ္ဒန္တစန္ဒိမဏိ ဖြစ်ပါသည်။

မိဂဒါဝုန်

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် မိဂဒါဝုန်သည် ကမ္ဘာတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာကိုးကွယ်သူ အမြတ်တနိုးထားရှိရာ ဘုရားဖူးဒေသတစ်ခုအဖြစ် ထင်ရှားကျော်ကြားခဲ့ပါသည်။

ခေတ်အဆက်ဆက်မှ အုပ်စိုးသူများ၊ ရဟန်းသံဃာတော်များနှင့် စေတနာရှင်များက အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓနှင့် စပ်လျဉ်းသည့် သမိုင်းဝင်နေရာများကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရုံမျှမက စည်ပင် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

အာဇာနည်

ယင်းသို့ ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံမှ ရခိုင်တိုင်းရင်းသားဆရာတော်တစ်ပါးသည် ရှေးဦးစွာပေါ်ပေါက်လာခဲ့သည်။ ယင်းဆရာတော်မှာ ဆရာတော်ဦးစန္ဒိမဏိပင် ဖြစ်ပေတော့သည်။ ဆရာတော်သည် မူလက ရခိုင်ပြည်မှ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီး ကုသိနာရုံမြန်မာဘုန်းတော်ကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်၊ ယင်းမှတစ်ဆင့် မိဂဒါဝုန်တွင် မြန်မာဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးကို အထူးတလည် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ တိုက်ပွဲဝင်ခဲ့ရသည်။

ဒေသခံငွေရှင်များ ဘာသာအယူဝါဒကွဲများ၏ ဆန့်ကျင်မှုကို ခါးစီးခံခဲ့ပြီး ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပေးခဲ့သည်။ ဆရာတော်ဦးစန္ဒိမဏိ ပံ့လွန်တော်မူပြီးနောက် ဗာရာဏသီရှိ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို ဆရာတော် ဦးကိတ္တိမာ၊ ဆရာတော် ဦးတိက္ခိန္ဒြိယတို့အစဉ် အဆက် မိဂဒါဝုန်မြန်မာကျောင်းတိုက် တစထက်တစ ကြီးပွားတိုးတက်အောင် ကြိုးပမ်းခဲ့ရာ လက်ရှိဆရာတော်ဦးဝဏ္ဏဓဇ လက်ထက်တိုင်အောင် နှစ်ပေါင်း ၁၀၀ ကျော်တိုင် အောင်ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့သည်။ ဗုဒ္ဓဘာသာ သာသနာတော် ပြန့်ပွားအောင် ဆောင်ရွက်တော်မူလျက်ရှိပါသည်။

အမှန်တော့ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားမှုပြင်းထန်သော၊ မဟန့်များ၏ စိုးမိုးမှုမချုပ်ငြိမ်းသေးသော၊ ငွေရှင်ကြေးရှင်များ၏ ချယ်လှယ်မှုမပျောက်ပျက်သေးသော နိုင်ငံရပ်ခြားတိုင်းတပါးတွင် ဗုဒ္ဓဘာသာသာ သနာတော် မပျောက်ကွယ်အောင်၊ ရှင်သန်အောင်အတွက် ယနေ့ အိန္ဒိယနိုင်ငံရှိ မြန်မာဗုဒ္ဓဘာသာရဟန်းတော်များက မဆုတ်မနစ်သောကြိုးစားမှုဖြင့် ဆောင်ရွက်နေကြသည်မှာ အထူးပင် သာဓုအနုမောဒနာခေါ်စရာ ကောင်းလှပါသည်။

ယနေ့ ဗုဒ္ဓဂယာနှင့် မြန်မာနိုင်ငံသည် မစိမ်းတော့ပါ။ မိုးလေကင်းလွတ်၍ ဆောင်းဦးရာသီ အောက်တိုဘာလ ဆန်းသည်ဆိုလျှင်ပင် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ဗုဒ္ဓဂယာသို့ ဘုရားဖူးထွက်ကြစမြဲ ပင်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓဘာသာ ဝင်အပေါင်းတို့သည် ဗုဒ္ဓဂယာသို့ဘုရားဖူးထွက်ရုံမျှသာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါး၊ လူမျိုးကွဲများကြားတွင် ဗုဒ္ဓသာသနာ အရှည်တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြသည့် မြန်မာဗုဒ္ဓဘာသာရဟန်းတော်များကိုလည်း ဦးစားပေး၍ ကူညီထောက်ပံ့လှူဒါန်းသင့်ကြောင်း စာရေးသူ၏ မိဂဒါဝုန်ဘုရားဖူးခရီးစဉ်အရ ခံစားမိကြောင်းပါ။

ခင်မောင်ထွေး(ပျဉ်းမနား)
ဗုဒ္ဓဂယာပြန်(၂၀၀၈)

သားသမင်တို့ပျော်စံရာ
မိဂဒါဝုန်မှ သာသနာ့အာဏာနှည်

ခင်သန့်ဝင်း (ရွှေတောင်ကြားရိပ်သာ)

မိဂဒါဝုန်နှင့် ဗာရာဏသီတွင် ဖူးတွေ့လေ့လာ စရာတွေများထဲမှာ၊ အရေးပါတဲ့နေရာတွေက. . .

- မြတ်စွာဘုရားသခင် ဓမ္မစကြာတရားဦး ဟောကြားရာဌာနဖြစ်တဲ့ ဓမ္မရာဇိကစေတီတော်နေရာ၊
- မြတ်စွာဘုရား အနတ္တလက္ခဏသုတ် ဟောကြားရာနေရာဖြစ်တဲ့ ဓမ္မဇစေတီတော်၊
- မြတ်စွာဘုရားရှင် ပထမဦးဆုံးဝါဆိုရာဖြစ်သော မူလဂန္ဓကုဋီတိုက်၊
- မြတ်စွာဘုရား နိရောဓသမာပတ်ဝင်စားရာ တိုက်ခန်းငယ်၊
- နန္ဒိယသူကြွယ်ရဲ့ ကျောင်းတော်နေရာ၊
- အသောကကျောက်တိုင်၊
- အနာဂါရိကဓမ္မပါလဦးဆောင်၍ ဆောက်လုပ်ထားသော မူလဂန္ဓကုဋီတိုက်သစ်၊ စသည် စသည်ဖြင့်

မရပ်မနား ဘုရားဖူးအဖွဲ့ဝင် ဒကာ ဒကာမ အပေါင်းတို့အား မမောနိုင် မပမ်းနိုင် ရှင်းလင်း ပြောပြနေသူမှာ မိဂဒါဝုန်မြန်မာ ကျောင်းမှ ဦးပဉ္ဇင်းလေး ဦးဝဏ္ဏဓဇပင် ဖြစ်ပါသည်။

စာရေးသူတို့ ဘုရားဖူးသွားစဉ်က လွန်ခဲ့သော (၂၄) (၂၅)နှစ်ကာလ ၁၉၈၅ ခုနှစ် မိဂဒါဝုန်မြန်မာကျောင်း၌ ကျောင်းထိုင်ဆရာတော်ဦးတိကွဲန္ဒြိယ ရှိပါသည်။ ဆရာတော်ကြီးမှာ ရောဂါဝေဒနာဖိစီးခံရခြင်း၊ အသက်အရွယ်ကြီးရင့်ခြင်းတို့ကြောင့် အိပ်ယာထက်တွင်ပင် နားနေရပါသည်။ ကျန်းမာရေးလွန်စွာနုံနဲ့နေသော ဆရာတော်ကြီးအား ဦးပဉ္ဇင်းလေး ဦးဝဏ္ဏဓဇက မျှတသောအာဟာရ၊ သင့်လျော်သော ဆေးဝါးများ စီစဉ်၍ ကိုယ်တိုင်ဆက်ကပ်ပြုစုပေးနေသည်ကို တွေ့ရပါသည်။ ဆရာတော်ကြီးအား ထူမခြင်း၊ ရေပူရေချမ်းကမ်းခြင်း၊ ဆေးများလူးပေးခြင်း၊ နှိပ်နယ်ပေးခြင်း စသည့် ဝတ်ကြီးဝတ်ငယ်များကို နေ့စဉ်ပြုစုနေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

ဦးပဉ္ဇင်းလေးမှာ ဆရာတော်ကြီးအား ဝတ်ဖြည့် ပြုစုဆောင်ရွက်ရင်း တဖက်မှလည်း မိမိကျောင်းနှင့် (၆)မိုင်ခန့် ဝေးကွာသော ဗာရာဏသီတက္ကသိုလ်တွင် အချိန်ဇယားအတိုင်း ပညာသင်ကြားရန် အပြေးအလွှား သွားရပါသေးသည်။ ဆရာတော်ကြီးမှာ လာရောက်ဖူးမြော်သော ဒကာဒကာမ တို့အား များများမိန့်ဆိုနိုင်ခြင်းမရှိဘဲ မိမိအခန်းကုတင်ပေါ်မှပင် အပူဇော်ဖူးမြော်ခံယူရပါသည်။ ဦးပဉ္ဇင်းလေးမှာ အရုဏ်ယာဂုဆွမ်း၊ နေ့လည်ဆွမ်းတို့ကို ဆရာတော်ကြီးနှင့် သင့်လျော်ရာကို စီစဉ်၍ ကိုယ်တိုင်ထူမပြီး ခွံ့ကျွေးဆက်ကပ်သည်မှာ မိမိ၏ မွေးသဖခင်အား ယုယစွာ ပြုစုနေဘိသကဲ့သို့ပင် မှတ်ထင်ရပါသည်။ ဆရာတော်၏ ကျေးဇူးကို ဦးပဉ္ဇင်းလေးက အပတ်တကုတ် ကြိုးစားဆပ်နေခြင်းအဖြစ်လည်း တွေ့ရှိရပါသည်။ ဦးပဉ္ဇင်းလေး၏ မျက်နှာကလည်း မိမိဆရာတော်၏ ကျန်းမာရေးကို စိုးရိမ်စွာဖြင့် အမြန်ကောင်းမွန်လာစေရန် စိတ်မှ ဆုတောင်း မေတ္တာထားပုံ ပေါ်လွင် နေပါသည်။

ဘုရားဖူးအဖွဲ့ဝင်ဦးသည်များအား အိပ်ရန်အခန်း နေရာများ၊ စားသောက်ရန်ကိစ္စများ၊ သွားလာ လေ့လာရန် နေရာများကို စီစဉ်ခြင်း၊ မိမိကိုယ်တိုင် လိုက်ပါ၍ နေရာဌာနအလိုက် ရှင်းလင်းဟောပြောပေးပါသည်။ မိမိမလိုက်ပါနိုင်သောနေရာများသို့ ကျောင်းရှိအခြားသံဃာငယ်များအား အဖွဲ့ခွဲ၍ လိုက်ပါစေခြင်း၊ ရှင်းလင်းပြောပြစေခြင်းများကို စီစဉ်ဆောင်ရွက်ပေးပါသည်။ စာရေးသူမှာလည်း မိဂဒါဝုန်ကျောင်း၌ နေရသမျှအချိန်တွင် ဦးပဉ္ဇင်းလေးတို့၏ သက်နှံးများကို ဖွတ်လျှော်ပေးခြင်းဖြင့် ဝေယျာဝစ္စ ကုသိုလ်ယူပါသည်။ အာရုံအချိန်တွင် ဧည့်သည်များမှ ဘုရားဆွမ်းတော်ကပ်ရန်မေးရာ ဦးပဉ္ဇင်းလေးက ဧည့်သည်များမှ မချက်စေရဘဲ ကျောင်းရှိ ကိုရင်လေးအား ဆွမ်းချက်စေပြီး ဘုရားဖူးတို့ အရုဏ်ဆွမ်းကပ်ရန် စီစဉ်ပေးခဲ့ပါသေးသည်။ နေ့စဉ်ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ် ဖြည့်ခြင်း၊ ဧည့်ဘုရားဖူးများအား လေ့လာရေးကိစ္စမှအစ စားသောက်ရေးကိစ္စများအထိ စီစဉ်ပေးခြင်းတို့ဖြင့် တချိန်မျှ မနားရဘဲ ဆောင်ရွက်နေလင့်ကစား ပင်ပန်းနေသည့်ဟန်မပြ၊ ထို့ပြင် ဘုရားဖူးအဖွဲ့ဝင်များမှ သိရှိလိုသည်များ၊ မေးမြန်းလာသမျှကိုလည်း ထက်ထက်သန်သန် ရှင်းလင်းပြောပြပါသည်။ စာရေးသူအနေဖြင့် စာတွေ့သာ သိခဲ့ရသော (ဟိုစဉ်က) ရောက်ရန်ခက်ခဲသော၊ အလွန်ဖူးချင်၊ တွေ့ချင်၊ ရောက်ချင်နေသော နေရာဖြစ်၍ သိလိုသည်များကို အဆက်မပြတ် မေးမြန်းမိပါသည်။ ဦးပဉ္ဇင်းလေးမှာ အမေးအမြန်းထူသည့် မိမိတို့တူဝရီးများအား အလုပ်များသည့်ကြားမှ မငြီးမငြူ ဖြေကြားပေးပါသည်။ သူ၏ ကိုယ်ပိုင်အချိန် မကျိန်းစက်မိ သူ၏အခန်းသို့ လာခွင့်ပြုပါသည်။ အတူသွားသည့် အမကြီးနှင့် တူမောင်တို့အား ခေါ်၍ ဦးပဉ္ဇင်းလေးအခန်းသို့ ညဦးပိုင်း၌ သွားရောက်မေးမြန်းရာ စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြပါသည်။

မြတ်စွာဘုရားသခင် သဗ္ဗညုတဉာဏ်တော်ကို ရရှိအောင်မြင်တော်မူပြီးနောက် ရှေးယခင်အခေါ် ကာသိတိုင်း၊ သားသမင်တို့ ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၊ ဣသိပတနခေါ် ပစ္စေကဗုဒ္ဓါတို့ သက်ရာ၊ တက်ရာဖြစ်သောတော (ယခုအခါ ဥတ္တရပရာဒ့ေရှ်ပြည်နယ်၊ ဗာရာဏသီမြို့အနီးဆာရနတ်)သို့ မြတ်စွာဘုရားရှင်သည် ကြွလှမ်းလာပါသည်။



၂၁ - ၁၁ - ဂ၅ ဦးဝဏ္ဏဓဇမှ ဘုရားဖူးလှည့်လည်ပြီးစဉ်

ပဉ္စဝဂ္ဂိငါးပါးတို့အား ဓမ္မစကြာတရားဦး သစ္စာလေပါးတရား၊ သစ္စာကမ္မဋ္ဌာန်း၊ မဂ္ဂင်လမ်း အလယ်အလတ်လမ်းစဉ်ဟော ကြားရာမှ အစပြု၍ "တရားရတနာ"ပေါ် ပေါက်လာပါသည်။ ပထမဦးဆုံး ကောဏ္ဍညပုဏ္ဏား သောတာပန်တည်၍ မြတ်စွာဘုရားရှင်မှ "ဧဟိဘိက္ခု" ခီုးမြှောက်ကျူးရင့် ခေါ် ဆိုရာတွင် ပရိက္ခရာရှစ်ပါးအပြည့်အစုံဖြင့် သိက္ခာသမာဓိတည်ကြည်သော ရဟန်းအသွင် ဖြစ်သည်မှစ၍ "သံဃရတနာ"ပေါ် ပေါက်လာရသည်။

ဓမ္မစကြာတရား ဟောကြားအပြီး (၅)ရက်မြောက်တွင် ယခုဓမ္မေခစေတီတည်ရာနေရာဝယ် ယင်းရဟန်းငါးဦးအား "အနတ္တလက္ခဏ သုတ္တန်" အား ဟောကြားရာ ရဟန်း(၅)ဦးတို့မှာ 'ငါ၏ဥစ္စာ၊ ငါ၏ကိုယ်မယူမှတ်ဘဲ အတ္တကွာ၍ အာသဝေါတရား လေးပါးကင်းပျောက် ရဟန္တာဖြစ်မြောက်တော်မူပါသည်။ ဦးပဉ္စင်းလေးမှာ မိမိကိုယ်ပိုင် အခြံန်လေးမှာ စာရေးသူတို့ မေးမြန်းသမျှ နားလည်သဘောပေါက်အောင် ရှင်းလင်းဟောပြ ပေးခဲ့ပါသည်။

လေ့လာဖူးတွေ့ရာနေရာတိုင်း ဘုရားရှင် လက်ထက်မှ အကြောင်းအရာ ဗုဒ္ဓဝင်အား ဦးပဉ္စင်းလေးမှ ရှင်းလင်းပြောပြသဖြင့် စာရေးသူတို့ ဘုရားဖူးအဖွဲ့ဝင်အားလုံးမှာ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရခြင်း၊ ဘုရားရှင်အား ပို၍ကြည်ညိုခြင်းနှင့် မိဂဒါဝုန်၏ ထူးခြားပြောင်မြောက်သော ဝိသေသဂုဏ်ထူးများကို ပိုမိုသိရှိ နားလည်ခွင့်ရခဲ့ပါသည်။

ဦးပဉ္စင်းလေးမှာ နံနက်စောစောထ၍ ဆရာတော်ကြီးအား အဟာရခွံ့ကျွေးခြင်း၊ ကိုယ်လက် သုတ်သင်ပေးခြင်းစသည့် ဝတ်ကြီးဝတ်ငယ်ပြုစု ပေးပြီးလျှင် စာရေးသူတို့ ဘုရားဖူးအဖွဲ့ဝင်များအား လေ့လာရန်နေရာအလိုက် စီစဉ်ပို့ဆောင်ပေးပါသည်။ ဘိက္ခုနီမများ၏ ကျောင်းတော်ရာ နေရာဟောင်းများ၊ ရေခဲ့ူးဆင်းရာ မြေအောက်လမ်း၊ မိဂသမ္မဒါမြစ်ငယ်နှင့် ဗာရာဏသီရှိ ဇြဟ္မဒတ် မင်းဆက်တို့နန်းတော်ရာ၊ မြန်မာဗုဒ္ဓဘာသာကျောင်း နှစ်ကျောင်း၊ ဟိန္ဒူတက္ကသိုလ်နှင့် အခြားလေ့လာ သင့်သည့် နေရာများ၊ ဗာရာဏသီစျေးပါမကျန် ပို့ဆောင်ပြသပေးပါသည်။ ထိုစဉ်က ဘုရားဖူးပို့ဆောင်ပေးသော အကျိုးဆောင်အဖွဲ့အစည်းဟူ၍ မရှိသေးပါ။ ဟိုတယ်ခရီးသွားလုပ်ငန်း၊ မြန်မာ့ခရီးသွားလုပ်ငန်း၏ အစီအစဉ်တစ်ခုတည်းသာ ရှိပါသည်။ ယခုအခါ ဘုရားဖူးပို့ဆောင်ရေး၊ လေ့လာရေးခရီးအကျိုးဆောင်အဖွဲ့အစည်းများ ပေါ် ပေါက်လာရာ ဘုရားဖူး ခရီးသွားများ အမြဲ ရှိနေပါသည်။ ရာသီအလိုက်ရောက်ရှိလာသော ထိုဘုရားဖူးအဖွဲ့ဝင်တို့အား တည်းခိုနေထိုင်ရေး၊ အစားအသောက် အဆင်ပြေစေရေး လှည့်လည် ကြည့်ရှုလေ့လာရေးစသည့် ကိစ္စအဝဝကို စီစဉ် ပေးခြင်း၊ လိုက်ပါပို့ဆောင် ရှင်းလင်းပေးခြင်း၊ ဟောပြောခြင်း၊ စောင့်ရှောက်ခြင်းဖြင့် အမြဲမပြတ် မအားလပ်ရအောင် လုပ်ဆောင်လျက်ရှိပါသည်။ အဆင့်အတန်းမရွေး၊ ဘုရားဖူးဧည့်ခရီးသည်တို့အား လိုအပ်ရာရာကူညီစောင့်ရှောက်ခြင်း၊ ဧည့်သည်အလိုရှိရာကို ဖြစ်အောင်စီစဉ်ဆောင်ရွက်ပေးမှုကြောင့်လည်း ဘုရားဖူးဧည့်သည်တို့မှာ စိတ်ချမ်းသာပြီး ဦးပဉ္စင်းလေး၏ စေတနာကို တန်ဖိုးထားကြပါသည်။ နောက်ပိုင်းဆရာတော်ကြီး လွန်တော်မူပြီး မိဂဒါဝုန်မြန်မာကျောင်းအား ဦးပဉ္စင်းလေးမှ အုပ်ချုပ်မှု၊ ထိန်းသိမ်းမှုနှင့် ဝေယျာဝစ္စကိစ္စအဝဝ လုပ်ငန်းများကို လွှဲပြောင်း တာဝန်ယူရသည့်အချိန်မှ အစပြု၍ ကိုယ်အား ဉာဏ်အားရှိသမျှ လုံ့လပြု၍ ဆောင်ရွက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာဝင်တို့၏ ပံ့ပိုးလှူဒါန်းမှုအစုစုဖြင့် အဆောက်အအုံများ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ရေ၊ မီးအစုံအလင် ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းသာစွာဖြင့် သန့်သန့်ရှင်းရှင်း အေးအေး ချမ်းချမ်း တည်းခိုရပြီး တရားအာရုံပြုနိုင်ရန် အစွမ်းကုန်ဆောင်ရွက်ခဲ့ပါသည်။

လေယာဉ်ပျံစီးရန် မဝံ့ရဲသော မြန်မာပြည် မွေးဌာနိမှ အသက်အရွယ်ကြီးရင့်ပြိုဖြစ်သော မိခင် မယ်တော်ကြီးအား မကြောက်အောင် တရားဟောပြီး ရန်ကုန်မှတဆင့် ဗုဒ္ဓဂယာဘုရားပွင့်ရာ ဒေသ၊ တရားဦးဟောရာ မိဂဒါဝုန် မိမိကျောင်းသို့ ခေါ် ယူပြီး သံဝေဇနိယလေးဌာနသို့ ပို့ဖြစ်အောင် ပို့ဆောင်တော်မူခဲ့ပါသည်။ မွေးမိခင် မယ်တော်ကြီး၏ ကြီးမားသော မေတ္တာဂုဏ်ကျေးဇူးအား ဓမ္မခရီး ပို့ဆောင် ခြင်းဖြင့် ကျေးဇူးဆပ်ပါသေးသည်။ ဦးပဉ္စင်းလေးဘဝ ပညာ ကြိုးစားသင်ယူခြင်း၊ ဆရာတော်ကြီးအား ပြုစုခြင်းတွင် မွေးရပ်မြေမှ မွေးဖခင် ခမည်းတော် ကွယ်လွန်ကြောင်း သတင်းစကား ရောက်လာခဲ့သည်။ အဲဒီအချိန်မှာ "မိမိ မွေးမိခင်၏မျက်နှာကို ပြန်မြင်မိတယ်၊ အိန္ဒိယနိုင်ငံ၏ နွေရာသီ လေအပူသည် မီးကျည်ခဲ ရဲရဲနှင့် ပစ်ပေါက်တာ ခံရသကဲ့သို့ ပူလှတယ်၊ အဲသလို မိမိရင်ထဲမှာ တလှပ်လှပ် ပူလောင်နေပါတယ်၊ လူဝတ်လဲပြီး အိမ်ပြန်ချင်စိတ်က တဖွားဖွား ဖြစ်လာတယ်၊ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ငါဟာ ဘုရားသားတော်ပဲ၊ ဒီလိုသေခြင်းတရားဟာ သတ္တဝါ အားလုံးရင်ဆိုင် ရမယ်၊ ဖြစ်လာရင် ပျက်ရမှာ ဓမ္မတာ သဘော ဘာလို့အား လျော့ရ

'တို့ဘုရားက တောမှာမွေးတယ်၊
တောမှာ တရားကျင့်တယ်၊
တောမှာဘုရားဖြစ်တယ်၊
တောမှာ ပရိနိဗ္ဗာန်ပြုတယ်၊
တို့ဘုရားက
တောကို ချစ်တယ်၊
တို့လည်း တောကိုချစ်တယ်'

ရွက်ပါသည်။ ချီကာဂိုမြန်မာဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်မှ တရားဒေသနာ ဟောပြောချီးမြှင့်ခဲ့ပါသည်။

ဦးပဉ္စင်းလေးဘဝမှစ၍ အများအကျိုးအား စေတနာ မေတ္တာအပြည့်ဖြင့် ဆောင်ရွက်ကူညီပေးခြင်း၊ ကျောင်းဝေယျာဝစ္စများ ဦးလည်မသုံ ဆောင်ရွက်ခြင်း၊ သာသနာပြုလုပ်ငန်းများ ကိုယ်ရောစိတ်ပါ အားတက်စွာ ဆောင်ရွက်ခြင်းကြောင့်ပင် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်တိုင်းပြည်များမှလည်း ဆရာတော်အား ပူဇော်လှူဒါန်းလာကြပါသည်။ မိမိတိုင်းပြည်မှ ဘုရားဖူးများကလည်း ရောက်ဖူးပြီးသူတိုင်း စိတ်ကျေနပ်ကာ၊ ဆရာတော် ကြွလာလေရာ မရအရ ပင့်ကြခြင်း၊ လှူဒါန်းကြခြင်းဖြင့် ပူဇော်ကြသည်။ ဦးပဉ္စင်းလေးဘဝမှ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်လာပြီး မိဂဒါဝုန်ကျောင်းမှာလည်း အဖက်ဖက်မှ ပြည့်စုံတိုးတက်လာသည်။ ကျောင်း၏နှစ်(၁၀၀)ပြည့်လည်း ပူဇော်ဖြစ်ခဲ့ကြပါသည်။ ဆရာတော်၏ ဂုဏ်ကျေးဇူးကိုသိပြီး ဒကာဒကာမ အားလုံးမှ ကြည်ညိုကြခြင်း၊ ပူဇော်ကြခြင်း၊ လှူဒါန်းကြခြင်းမှာ ဆရာတော်၏မေတ္တာတရား၊ စေတနာသဒ္ဓါတရားတို့ကြောင့် ဖြစ်ပါသည်။ ဆရာတော်သည် ဦးပဉ္စင်းလေးဘဝမှသည် ယခုအချိန်အထိ မာန်မရှိ၊ ဟန်မရှိ အားလုံးသော ဒကာဒကာမအပေါင်းအပေါ် ၌လည်း ကြီးသည်ငယ်သည် မဟူ၊ ဆင်းရဲချမ်းသာမရွေးအားလုံးကို မှန်ကန်သော၊ တူညီသော မေတ္တာထားသည်ကို တွေ့ရှိခဲ့ရပါသည်။ တွေ့ဆုံသည့် ဒကာ၊ ဒကာမများ စိတ်ချမ်းသာရန် တတ်နိုင်သမျှ ကူညီဖြည့်စွမ်းပေးခဲ့သည်ကို တွေ့ရပါသည်။ ထို့ကြောင့်လည်း

မလဲ "သတိ"ဆိုပြီး ကျလာတဲ့ မျက်ရည်သိမ်းလို့ ရင်ထဲက အပူမီးကို တရားရေအေးအမြိုက် ဆေးနဲ့ ငြိမ်းသတ်ခဲ့ရတယ်"လို့ ဦးပဉ္စင်းလေးက သူ့ကိုယ်တွေ့ ပြောပြချက်လေးကို နားထောင်ခဲ့ရပါသည်။ "တရားသတိ" ရှိတဲ့ ဦးပဉ္စင်းလေးမှာ ဆွေဝေးမျိုးဝေးဒေသ တွင် တပည့်မရှိ၊ မိခင်တိုင်းပြည်က ဒကာများလည်း မရောက်ပေါက်သေးသောအချိန် မိမိကိုယ်ကို သည်းခံပြီး ကြိုးစားရုန်းကန် သာသနာပြုခဲ့သော ဇွဲသတ္တိကို ချီးကျူးမိခဲ့ရပါသည်။

ဦးပဉ္စင်းလေးဘဝမှာ မိမိပညာကို ကြိုးစား၊ မိမိဆရာတော်အား ပြုစု၊ ကျောင်း၏အခြားဝေယျာဝစ္စများ ဆောင်ရွက်ရင်း ပညာရဲရင့်ပွဲလယ်တင့် ဆိုဘိသကဲ့သို့ ယခုဘွဲ့ထူးဂုဏ်ထူးများဖြင့် အပူဇော် ခံရပါသည်။ မိခင်တိုင်းပြည်ရောက်လာစဉ်ကလည်း ငယ်ဆရာရင်း ဆရာတော် ဦးစန္ဒြနှင့် အဆက်အသွယ် ပြတ်နေကြောင်း၊ ရှာလိုကြောင်း အမိန့်ရှိ၍ စာရေးသူမှာ ခင်ပွန်းဖြစ်သူ ဦးမြသိန်း၊ အစ်ကိုကြီးဖြစ်သူ ဦးဘသွင်တို့နှင့် မြန်မာပြည်အလယ်ပိုင်း ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ငါးခူအိုင် ကျေးရွာသို့ ဦးဇင်းနှင့်အတူ သွားရောက်ရှာဖွေပေးခဲ့ရသည်။ ဆရာတော်အား တွေ့ရှိ၍ ဝမ်းသာစွာ မိဂဒါဝုန်ကျောင်း၌ တစ်ဝါ ဝါဆိုရန် ပင့်ဆောင်၍ ဆရာ့ဂုဏ်ကျေးဇူးဆပ်သည့် အနေဖြင့် ပူဇော်ခဲ့ပါသည်။

ဦးပဉ္စင်းငယ်ဘဝမှစ၍ မြန်မာပြည်ရောက်လာ ချိန်တွင် စာရေးသူမှာ မိမိအိမ်အား ကျောင်းအဖြစ် လှူဒါန်းကာ ဦးပဉ္စင်းအား ပြုစုပါသည်။ ဦးပဉ္စင်း ပြောသည့်အတိုင်းဆို လျှင် ဘဝါဘဝက ရေစက်ရှိသည်ဟု ထင်ရပါသည်။ အသက်(၂၀)ကျော် ဦးပဉ္စင်းငယ်ဘဝမှ စတင်သိကျွမ်းခဲ့ပြီး ရန်ကုန် ရောက်ချိန်တွင် ဆွမ်းကပ်လှူခြင်း၊ သင်္ကန်း၊ ဖိနပ်စသည့် အသုံးအဆောင် ကပ်လှူခြင်း၊ လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားလိုရာကို လိုက်ပါပို့ဆောင်ပေးခြင်း၊ ယာဉ်အလှူပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဦးပဉ္စင်းမှာ စာရေးသူ မိသားစု၊ အကိုကြီးမိသားစုနှင့် အမကြီးမိသားစုများ အားလုံးက မိမိတို့ညီငယ်၊ မောင်ငယ်အဖြစ် ရောက်လာတိုင်း ဖူးမြော်လှူဒါန်းပူဇော်ခဲ့ကြပါသည်။

၂၀၀၇ခုနှစ်၊ စာရေးသူ အမေရိကန်နိုင်ငံ ရောက်စဉ်ခဏဝယ် ဦးပဉ္စင်းမှာ နယူးယောက်မြို့သို့ ရောက်မည်ဖြစ်ကြောင်း အကြောင်းကြား၍ စာရေးသူတို့ရှိရာ ချီကာဂိုမြို့သို့ ဆရာတော်အား ပင့်ဆောင်ပါသည်။ ဒေသန္တရဗဟုသုတ အလို့ငှာ ပို့ပေးသင့်သည့်နေရာများအား ပို့ဆောင်ပေးခြင်း၊ ဆွမ်းနှင့် ဝေယျာဝစ္စကုသိုလ်များ ယူခြင်းစသည်တို့ ဆောင်

ဘွဲ့ထူးဂုဏ်ထူးများ ဆက်ကပ်ပူဇော်ခံရပြီး ပြည်တွင်းပြည်ပ သာသနာပြုအကျော်အမော်အဖြစ် ကျော်ကြားသည်ကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူ သာမုခေါ် ကြည်ညိုရပါသည်။ ရတနာသုံးပါးတွင် "တရားရတနာ". . . ပေါ်ထွန်းရာဒေသ၊ "သံဃ ရတနာ". . . ပေါ်ထွန်းရာဒေသဖြစ်ပြီး သားသမင်တို့ ပျော်စံရာ၊ ဣသိပတနခေါ်မိဂဒါဝုန်ဥယျာဉ်ရှိ မြန်မာကျောင်းသည် (ဦးပဉ္စင်းလေး) ဆရာတော်ကြီး ဦးဝဏ္ဏဓဇ၏ ဘူမိနက်သန် နေရာမှန် ဖြစ်သည် ဟု ယုံကြည်ပါသည်။

မိဂဒါဝုန်ဥယျာဉ်ဝန်းကျင် တောအုပ်တစ်ခုလုံးကို လေ့လာစဉ်က တောရိပ်တောင်ရိပ်နှင့် အေးချမ်းခြင်း၊ သားသမင်တို့ အန္တရာယ်ကင်းစွာဖြင့် ပျော်ရွှင်စွာ ကျက်စားလျက်ရှိနေသည်ကို တွေ့ရ ခြင်း၊ ကျယ်ပြန့်သော ပြုပြင်ထားသော မြက်ခင်းလွင်ပြင်နှင့် တရားဦးဟောရာ စေတီနေရာ သီးခြားကုန်းမို့မို့ကို ကြည်ညိုလွမ်းဆွတ်ဖွယ်တွေ့ရခြင်း၊ ချောင်းရေစမ်းရေမျှသာရှိပြီး မှန်မှန်စီးဆင်းနေသော မိဂသမ္မဒါမြစ်ငယ်နှင့် ဘုရားရှင်လက်ထက်က ဘိက္ခုနီတို့သွားရာလမ်းမှခြေရာလေးများ၊ မထင်ရှားသော ရဟန်းတော်များ၏ စေတီငယ်များကို ဖူးတွေ့ရခြင်း၊ သစ်ကြီးဝါးကြီးများဖြင့် စိမ်းညို့ပိုင်းမှိုင်းနေသော တောတစ်ခွင်ကို မျက်စေ့တဆုံးကြည့်ပြီး ဘုရားရှင်လက်ထက်တော်က ရဟန်းများ ဘိက္ခုနီများလှုပ်ရှားဟန်၊ မြတ်စွာဘုရားထံ တရား နာရန်၊ တရားလျှောက်ရန် ကြွလာကြဟန် ပုံရိပ်များကို စာရေးသူ၏အတွေးအာရုံဝယ်စွဲထင်နေပါတော့သည်။

"တို့ဘုရားက တောမှာမွေးတယ်၊ တောမှာတရားကျင့် တယ်၊ တောမှာဘုရားဖြစ်တယ်၊ တောမှာပရိနိဗ္ဗာန်ပြုတယ်၊ တို့ဘုရားကတောကိုချစ်တယ်၊ တို့လည်း တောကိုချစ်တယ်" ဟူသော တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ အဆိုအမိန့်ကို မှတ်သားမိပြီး သတိတရဖြစ်ရပါသည်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန (ကိလေသာ)၊ တဏှာထူပြောပူလောင်သော လောကီလူသားတို့နေရာနှင့် ကင်းရာ အေးချမ်းသာယာဆိတ်ငြိမ်သော တရားအလုပ်ကို သာ စိတ်အာရုံစူးစိုက်၍ လုပ်နိုင်သော တောကို အရိယာသူတော်ကောင်းတို့မြတ်နိုးတာပဲဖြစ်မည်ဟု မိသမျှဉာဏ်လေးနှင့် တွေးမိခဲ့ရပါသည်။

ယခုလည်း တိတ်ဆိတ်ငြိမ်သက်၍ လူတို့ရပ်ရွာနှင့် ဝေးသော တော၊ သားသမင်တို့ အန္တရာယ်ကင်းစွာ၊ ပျော်မွေ့စွာ ကျက်စားနေထိုင်ရာ တော၊ သစ်ပင်ကြီးငယ်တို့ အုပ်ဆိုင်းမှိုင်းညို့စွာဖြင့် သာယာလှပသော တော၊ ဘုရားရှင်တို့ တရားဦးဟောရာ နေရာထူးဖြစ်သော တောဝယ် ဆရာတော်ဦးဝဏ္ဏဓဇသည် အေးချမ်းသာယာစွာသာသနာပြုလျက်ရှိနေပါသည်။ သို့ပါ၍ ဆရာတော်ဦးဝဏ္ဏဓဇအား မိဂဒါဝုန်တောရဂုံ၏ သာသနာ့အာဇာနည်တစ်ပါး (သို့မဟုတ်)တောကိုချစ်သူ သာသနာ့အာဇာနည် တစ်ပါးဟုသာ ခိုးကျူးကော်ရော် ပူဇော်ရပါသည်။ ယခု ဆရာတော်ကြီးဖြစ်ပြီး သက်တော်(၆၀)ပြည့်ပြီ ဟု သိရပါသည်။ စာရေးသူကိုယ်တိုင်ပင် ဇရာဗျာဓိ၏ ထောင်းထုမှုဒဏ်ရှိနေပြီဖြစ်ပါသည်။ လွန်ခဲ့သော (၂၄)(၂၅)နှစ်. . . က ဆရာတော်မှ ဓမ္မစကြာတရားဦးဟောရာ ဓမ္မရာဇိကစေတီတော် နေရာတွင် ဘုရားဖူးများအား စုရုံးဝိုင်းထိုင်စေပြီး သီလပေးပါသည်။ မြတ်စွာဘုရားသခင်ရှိစဉ်က ဤနေရာဤဒေသတွင်. . . ဟု အစချီကာ "နေတစိတ်အဝင် . . လတစိတ်အထွက်". . . အချိန်တရားဦးကို မြတ်စွာဘုရားရှင်က ဟောပြော မြွက်ကြားခဲ့ကြောင်း ရှင်းလင်းမိန့်ကြားသည်များ. . ယနေ့တိုင် မြင်ယောင်ကြားယောင်မိနေပါသည်။

ဆရာတော်နှင့်အတူ အမေရိကန်နိုင်ငံတွင်

ဆရာတော်၏ဂုဏ်ရည်၊ မေတ္တာစေတနာ သဒ္ဓါတရား



အောင်ဆန်းတောရဆရာတော်နှင့်အတူ ယော်ဆရာဦးစန္ဒနှင့် တွေ့ဆုံခြင်းအမှတ်တရ

တို့အား ရေးသားဖော်ကျူး၍ ကုန်နိုင်ဖွယ် မရှိပါ။ စာရေးသူထိတွေ့မိသမျှ ထောင့်မှ တစ့ေတစောင်းမျှသာ ဆရာတော်၏သက်တော်နှစ် (၆၀)ပြည့်တွင် မှတ်မှတ်ရရ ဤစာတမ်းလေး ပြုစုရေးသား၍ နောင်နှစ်(၁၂၀)ကျော်တိုင် ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေ ဟု မေတ္တာရည်လျက် ဆုတောင်းပူဇော်လိုက်ရပါသည်။

ခင်သန့်ဇင် (ရွှေတောင်ကြားရိပ်သာ)

သီလကို မြတ်နိုးပါ

ရစ်မသည် ဥအတွက် အသေခံသည်။
စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။
ရဟန်းသည် သီလအတွက် အသေခံသည်။
ပုထုဇဉ်သော်လည်း သီလရှိလျှင် အရိယာနှင့် တူ၏။
အပါယ်မရောက်။ စာပေပို့ချနိုင်လျက်
သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏။
တရားဟောကောင်းလျက် သီလမရှိလျှင်
အနှံ့မရှိသော သစ်ပင်နှင့်တူ၏။
ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသော
သစ်ပင်နှင့် တူ၏။

(ပထမရွှေကျင်ဆရာတော်)

မြတ်ဆရာတော်



ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာဝယ်
သြဘာနိမိတ်၊ အောင်အတိတ်ဖြင့်
ခတ်နှိပ်ရောင်ဝါ၊ အလင်းဖြာသည်
ရှည်ကြာနေသို့တင့်စေသော်။

ပါရမီဆက်၊ မြင့်မြတ်ထက်စွာ
ပြုံးလျက်အစဉ်၊ မေတ္တာဝင်လျက်
သန့်စင်မွန်မြတ်၊ ကျင့်စိတ်ဓာတ်ဖြင့်
မပြတ်သယ်ပိုး၊ နိုင်ငံဟိုးကျော်
အမျိုးသာသနာ၊ စောင့်ထိန်းလာသည်
ရင်မှာရွှင်လန်း တည်စေသော်။

စွန့်လွှတ်ရဲရဲ၊ ဆန္ဒဇွဲဖြင့်
ရခဲလှစွာ၊ ပင်ပန်းရှာလိမ့်
အခါမလပ်၊ လောကရပ်ဝယ်
သုံးသပ်ဆင်ခြင်၊ သမွေဇဉ်ဖြင့်
ဉာဏ်ရွှင်တွေးဆ၊ ဘဝမှသည်
သြချလောက်စွာ၊ ရှည်လျားလာခဲ့
မင်္ဂလာမြင့်မို့၊ ရွှန်းရွှန်းစိုသည်
ကြိုဆိုလက်ကမ်း စွမ်းစေသော်။

ဝဏ္ဏဓဇ၊ ဘွဲ့မည်ရလျက်
ပင်မကိုင်းခက်၊ ဓမ္မစက်ဖြင့်
အားတက်ကြိုးကုတ်၊ ပွဲလယ်ထုတ်ခဲ့
ကျွန်ုပ် စာဆို၊ ပူဇော်လိုသည်
ကြည်ညိုဆယ်ဖြာ၊ အလင်္ကာဖြင့်
ဖွဲ့စာရေးဖွဲ့၊ ဂုဏ်ပြုခဲ့သည်
ရွှန်းလဲ့ကြည်သာ အေးလိမ့်တကား။ ။

(ဘဒ္ဒန္တဝဏ္ဏဓဇဆရာတော်ကြီးသို့ ဦးညွတ်လျက်)

သဇ္ဇာမြင့်ယဉ်

မိဂဒါဝုန်


ဂန္ဆာဘုန်း မဂ်လသုခပါဠိတတ္ထသိုလ်၊ ရန်ကုန်

အဝိဇ္ဇာဓိတဌာန မိဂဒါဝနဝိဟာရ

မိဂဒါဝုန်ဟူသောစကားကို ကြားသိလိုက်ရတာနဲ့ (တပြိုင်နက်) ဗုဒ္ဓဘာသာဝင်သူတော်စင်များ နားဝင်ချိုမြ ပီတိသောမနဿ လွှမ်းခဲ့ရသည်မှာ ဗုဒ္ဓမြတ်စွာ၏ အဝိဇ္ဇာဓိတ (၄)ဌာနနှင့် သံဝေဇနီယ (၄)ဌာန အပါအဝင် တစ်ခုဖြစ်သောကြောင့် ဖြစ်ပါသည်။ ယင်းဌာနကား အိန္ဒိယနိုင်ငံ (U-P) ဥတ္တရာပရာဒေ့ရှ် ပြည်နယ်၊ ဗာရာဏသီမြို့တော်ကြီး၏ မြောက်ဘက်အရပ်အနီးမှာ တည်ရှိပြီး အရေးကြီးသည့် ဌာနတစ်ခု ဖြစ်ပါ သည်။ ဗုဒ္ဓသျှင်တော်မြတ် ဦးစွာပထမ သာသနာတော်ကို ဖြန့်ခို ရာဌာနကြီးလည်း ဖြစ်ပါသည်။ ဤနေရာ ဤဒေသမှာ ဗုဒ္ဓရှင်တော်မြတ်သည် ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်းသကျရာဇ် (၁၀၃)နှစ်၊ တနည်းအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း (၂၅၉၈)ခု နှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ ညနေချမ်းအချိန်ကာလမှ စတင် ပြီး ပဉ္စဝဂ္ဂီ (၅)ဦးနှင့် စကြဝဠာပေါင်း တစ်သောင်းမှ ဆိုက် ရောက်လာကြသည့် နတ်ဗြဟ္မာအပေါင်း (၁၈)၊ ကုဋေတို့အား တရားဦးဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ္တန် တရားတော် များကို စတင်ဟောကြား မြွက်ဖော်ရာဌာနထူး ဌာနမြတ်လည်း ဖြစ်ပါပေသည်။ ထိုတရားတော်များကို ကြားနာရုံမျှမက အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ်မှ အထက်ဆုံး အရဟတ္တမဂ်ဖိုလ်ထိ (၀၀) အရဟန္တ (ရဟန္တာ)ထိ၊ အထွတ်ဆုံး အမြတ်ဆုံး တရားထူး တရားမြတ်ကို ရရှိကြပြီး နောင်တဖန် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်း စသော တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့ ငြိမ်းအေးရာဌာနဖြစ်သော သန္တိ သုခ နိဗ္ဗာနဓာတ်ချမ်းသာကို ဦးစွာပထမ ထုတ်ဖော်ပြရာ ဒေသထူးလည်း ဖြစ်ပါသည်။

ပထမသာသနာပြုရာဌာန ဤဒေသ

(သာသနာတော်သက္ကရာဇ်) ဦးစွာ ပထမနှစ် သီတင်းဝါလကျွတ်သောအခါ သုဒ္ဓပဝါရဏာပြုကြရာတွင်ပဉ္စဝဂ္ဂီ၅ပါး သာမဏေ အသျှင်ယသနှင့် သူငယ်ချင်း ရဟန္တာ (၅၅)ပါး အပါအဝင် ရဟန္တာ (၆၀) ကျိပ် တို့သည် သုဒ္ဓပဝါရဏာ ပြုနိုင်ခဲ့ကြရာ နေရာဒေသထူးလည်း ဖြစ်ပေသည်။ ထို့နောက် ဗုဒ္ဓရှင် တော်မြတ်က "စရထ ဘိက္ခဝေ စာရိကံ" ချစ်သား ရဟန်းများတို့ ထိုထိုအရပ်ဒေသများဝယ် ပညာမျက်စိ၌ ကိလေသာမြူ အညစ်အကြေး နည်းပါးသော ပါရမီပြည့် ပုဂ္ဂိုလ်များစွာ ရှိနေကြပေသည်။ ထိုသူတို့အား သနားသောအားဖြင့် သာသနာပြုခရီးထွက်ကြ၊ ခရီးတစ်ကြောင်းတည်းကို နှစ်ပါးမသွားကြလေနှင့်၊ နဲနဲနှင့် ကြကြဝိုင်းသည့်အနေဖြင့် လူစုခွဲကာ သွားကြ၊ ချစ်သားတို့ ထိုထိုဝေနေယျသတ္တဝါပေါင်း များစွာတို့သည် တရားတော်ကို မနာကြားရသဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာမှ ဆုတ်ယုတ်ကြရပေလိမ့်မည်။ ချစ်သားတို့ ငါဘုရားလည်း မကြာမြင့်မီ သာသနာပြုခရီးထွက်ဦးမှာဖြစ်သည်ဟု မြတ်ဗုဒ္ဓသည် ဤနေရာ ဤဌာနမှာပင် သာသနာပြုခရီးကို စတင်တော်မူခဲ့ကြပါသည်။ ထို့ကြောင့် "သာသနာပြုရာဌာန အစ


ဘေးမဲ့တော်
ကုမာရဒေဝီကျောင်းတော်ရာ
နန္ဒိယကျောင်း
မြက်ခင်း
ဓမ္မစေတီတော်
ဓမ္မစက်ရံ
ဓမ္မစက်ရံ
ဓမ္မစက်ရံ

မိဂဒါဝုန်တောက”ဟု ရှေးသူတော်ကောင်းများ ဆောင်ပုဒ်ဖြင့် မှတ်တမ်းတင်ခဲ့ကြလေသည်။

သဒ္ဓါတက်ကြွ ကျောင်းဒါယကာကြီး ဦးနန္ဒိယ

ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ်အခါက ဤနေရာဌာနမှာ ကျောင်းဒါယကာကြီးဦးနန္ဒိယသည် သံဃာတော် (၇၀၀) ကျော် သီတင်းသုံးနေနိုင်လောက်အောင် နန္ဒိယအုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။ တစ်ချိန်သောကာလမှာ သံဃာတော်များ ရှေးဝိပါကဝဋ္ဋကြွေးကြောင့် မီးလောင်ဒဏ်ခံရသည့်အတွက် အသက်ဇီဝိန်ချုပ်ဆုံးခဲ့ရပြန်သည်။ သာသနာတော်နှစ်ပေါင်း (၂၀၀)ကျော် အချိန်ကာလတွင် သီရိဓမ္မာသောက ဘုရင်မင်းမြတ်သည် အမှတ်တရ သာသနာကျောက်တိုင်ကြီးကို ဤနေရာဌာနမှာ စိုက်ထူလှူဒါန်းပြီး ဓမ္မစကြာတရားဦး ဟောတော်မူခဲ့သည့်နေရာမှာ “ဓမ္မရာဇိက စေတီတော်နှင့် ယင်းမှ မနီးမဝေးအရှေ့မျက်နှာအရပ်မှာ အနတ္တလက္ခဏသုတ္တန်တရားတော်ကို ဟောဖော်မြွက်ကြား တော်မူခဲ့သည့်နေရာမှာ - (၀၂) ပဉ္စဝဂ္ဂိအသျှင်မြတ် (၅)ပါးနှင့် နတ်ဗြဟ္မာအများတို့ အထွတ်မြတ်ဆုံး အရဟတ္တမဂ်ဖိုလ် အမြိုက်တရားထူးကို ရရှိသည့်နေရာမှာ “ဓမ္မေခစေတီတော်ကြီး”ကိုလည်း တည်ထားကိုးကွယ် တော်မူခဲ့လေသည်။ ယင်းနေရာများကား ယခုတိုင် ထင်ရှားရှိနေသေးသည်။ အိန္ဒိယနိုင်ငံတော်အစိုးရသည် ယင်းနေရာမှရရှိသည့် ဓမ္မစကြာအထိမ်းအမှတ် ကျောက်တိုင်ထိပ်မှ ခြင်္သေ့ရုပ်ပါရှိ သည့် ဓမ္မစကြာ တံဆိပ်ပုံတော်ကို နိုင်ငံတော်၏အထွတ်အမြတ်တံဆိပ်တော်အဖြစ်ဖြင့် သတ်မှတ်ထားရှိလေသည်။ ထို့အပြင် တတိယအကြိမ်ဆောက်လုပ် လှူဒါန်းခဲ့သော “ကုမာရဒေဝီ”မိဖုရားနှင့် နန္ဒိယကျောင်းတော်ရာများလည်း ယခုတိုင် အစအနများ ထင်ရှားရှိနေပါသေးသည်။ ထို့အပြင် ဤနေရာမှ တူးဖော်ရရှိသည့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ပစ္စည်းများကို ပြသထားသည့် ပြတိုက်ကြီးလည်း ထင်ရှားစွာ ရှိနေပါလေသည်။

အိန္ဒိယဗုဒ္ဓသာသနာတော်ဆုတ်ယုတ်လာခြင်း

ဤမိဂဒါဝုန်ဌာနသည် ယခင်အခါက ဗုဒ္ဓဘာသာဝင် သူတော်စင်များသာမက ကမ္ဘာသူ ကမ္ဘာသား လူ-နတ်-ဗြဟ္မာသတ္တဝါများတို့ အထူးတလည်အလေး အမြတ်ဂရုပြုရာ ဌာန ဖြစ်ခဲ့ပါသော်လည်း နှစ်ပရိစ္ဆေဒ ကြာညောင်းလာခဲ့သည့် အတွက် ယိုယွင်းပျက်စီးခြင်း၊ ဗုဒ္ဓရှင်တော်မြတ်၏ တရားဓမ္မအဝဝကို မသက်ဝင် မကြည်ညိုနိုင်သူများ၏ ပယောဂကြောင့် တစတစ ပျက်စီးယိုယွင်းခြင်းဟူသော သဒ်ါရသဘောသို့ရောက်ရှိကာ တိမ်ကောလုမတတ် ဖြစ်ခဲ့ရပါသည်။ စာရှုသူ သူတော်စင်များ (၁)ရှေးအခါက ရမ်းပြေမြို့တောင်ကျောင်းတိုက် (ဒက္ခိဏာရုံ) ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒမာလာရေးသားတော်မူခဲ့သော “ဇမ္ဗုဒီပ အိန္ဒိယနယ်ပုံကျမ်း” (၂) မော်လမြိုင်တောင်ပေါက်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တစက္ကပါလရေးသားတော်မူခဲ့သော “ဗုဒ္ဓသာသန ပထဝီဝင်ကျမ်း” (၃)မေယျဝတီ ဦးနာရဒရေးသားတော်မူခဲ့သော “ဗုဒ္ဓဂယာကျမ်း”စာနှင့် (၄)ဆရာတော်ဦးကိုတ္တိမာရေးသည့် မဟာဗောဓိပွတ္တိကထာကျမ်း၊ (၅)အိန္ဒိယနိုင်ငံ သာဝတ္ထိမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဩဘာသမထေရ် ရေးသားတော်မူခဲ့သော “မဇ္ဈိမဒေသ မြို့ရွာသမိုင်း ရုပ်ကြွင်းပုံရိပ်လွှာ” စသော လက်လှမ်းမီရာ ကျမ်းစာများကို ဖတ်ရှုခဲ့ပါလျှင် သဒ်ါရသဘောမမြဲပုံနှင့် မိဂဒါဝုန်သာသနာဌာနနှင့်တကွ တခြားတခြားသော ဗုဒ္ဓသာသနိကဌာနများ၏ ဖြစ်ပျက်ခဲ့ရပုံများကို နှလုံးသွင်း သတိသံဝေဂ ယူနိုင်ကြပါလိမ့်မည်။

မိဂဒါဝုန်

ရှေးလွန်ခဲ့သည့် နှစ်ပေါင်း (၂၅၀၀)ကျော်က သူတော်ကောင်းများ တရားဓမ္မနှင့် မွေ့လျော်ရာဌာနဖြစ်သည့် အိန္ဒိယ (မဟာဘာရတ်) နိုင်ငံတော်တဝိုက်ရှိ ဗုဒ္ဓသာသနိက နေရာဒေသအရပ်ရပ်တို့သည် အသားထဲက လောက်ကောင်များဖြစ်လာသလို ခေတ်ဆန်ချင်သော ဘုရားသားတော်ရဟန်းသံဃာတော်အချို့ ခေတ်ပေါ်ဝါဒအဝဝတို့ကို လက်ခံလာခြင်းစသော အယူဝါဒအမျိုးမျိုးကြောင့် ခေတ်ဆန်ချင်သူများနှင့် ထေရဝါဒ အာစရိယ ပရမ္ပရအတိုင်း ကျင့်သုံးလိုသူများ မညီညွတ် ဝိဝါဒ ကွဲပြားမှုကြောင့် လည်းကောင်း၊ ဘာသာဝါဒ အသစ်များ ပေါ်ပေါက်အားကြီးလာမှု၊ ရှိရင်းစွဲတခြားဘာသာများ အင်အားကြီးမားလာမှု စသည်တို့ကြောင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာ တော်သည် တဖြည်းဖြည်းနေရာကျဉ်းလာကာ ဤမိဂဒါဝုန်ဗုဒ္ဓသာသနာတော်ဌာနသည် လည်း သဒ်ါရသဘော ဓမ္မတာကို မလွန်ဆန်နိုင်ဘဲ တဖြည်း ဖြည်း ယိမ်းယိုင်လာကာ သာသနာ့အဆောက်အအုံများ ယိုယွင်းတိမ်းပါးလာရလေတော့သည်။

မိဂဒါဝုန်ကျောင်းတော်တဖန်ပေါ်ပေါက်လာခြင်း

ယင်းသို့ အိန္ဒိယနိုင်ငံတော်က မြတ်ဗုဒ္ဓသာသနာတော်ကြီး ပျောက်ကွယ်လုမတတ် အရောင်အဝါ ညှိုးနွမ်းနေသည်ကို ပြန်လည်ဖော်ထုတ်ရန်အတွက် မဟာဗောဓိဆိုဆိုက်တီးခေါ် မဟာဗောဓိအသင်းကို စတင်ထူထောင်ကြသော သီရိလင်္ကာနိုင်ငံသား "အနာဂါရိက ဓမ္မပါလ"၊ အမေရိကန်နိုင်ငံသား "ကာနယ်လ်အော်ရက(လ်)"နှင့် ကျောက်စာဝန် ကာနင်ဂန်၊ သီရိလင်္ကာနိုင်ငံသား "မဟာဝိရမထေရ်နှင့် တပည့် မြန်မာနိုင်ငံသား ဆရာတော်ဘဒ္ဒန္တစန္ဒိမဏိတို့က စတင်ဖော်ထုတ်ခဲ့ကြပါသည်။ စန္ဒိမဏိမထေရ်သည် သူ့ဆရာတော်ကြီး မဟာဝိရပုံလွန်တော်မူပြီးနောက် ကုသိနာရုံကျောင်းတော်ကြီးကို အခိုင်အမာ တည်ဆောက်ကာ သာသနာပြုလုပ်ငန်း နေသားတကျတိုးတက်လာအောင် အားထုတ်တော်မူနိုင်ခဲ့ပါသည်။ ဗုဒ္ဓသာသနမာမက ဘုရားသားတော် အာဇာနေယျ ပုဂ္ဂိုလ် ဖြစ်ပါသည်။ ယင်းနောက်မှာ ဤမိဂဒါဝုန် ဓမ္မစက္ကဋ္ဌာနမှာ ကျောင်းကန်မရှိ၊ ရဟန်းသံဃာတော်များ နေစရာ၊ ထိုင်စရာ မရှိ၊ ပစ္စည်းလေးဖြာ မပြည့်စုံဖြစ်နေသည့်အတွက် ဗုဒ္ဓဘာသာဝင်ဘုရားဖူးဧည့်များ တည်းခိုစရာလုံးဝမရှိ အခက်အခဲများစွာ ကြာမြင့်ခဲ့လေပြီ၊ သို့အတွက် ဆရာတော်ကြီးသည် ဤနေရာဌာနမှာ သာသနာပြုရန်အတွက် ကျောင်းတော်နှင့် ပရိသတ်များ တည်းခိုနားနေဘို့ရန် အဆောက်အအုံများကို ငါကြိုစားအားထုတ်မှ ဖြစ်ပေတော့မည်ဟု အနုလုံ ပဋိလုံစဉ်းစားကာ ဤမိဂဒါဝုန်ဓမ္မစက္ကဝိဟာရကို (ခရစ်သက္ကရာဇ် - ၁၉၀၈)ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါသည်။

မြန်မာပြည်မှ မူလကျောင်းဒါယကာ

လွန်ခဲ့သော အတိတ်သာသနာတော် သက္ကရာဇ်(၂၄၅၂)၊ ကောဇာသက္ကရာဇ် (၁၂၇၁)ခုနှစ်က စစ်တွေမြို့၊ သင်္ဃာစုရပ်နေ ကုန်သည်ကြီး ဦးမြထွန်းသည် အိန္ဒိယနိုင်ငံသို့ ဘုရားဖူးရန် လာရောက်ခဲ့ပါသည်။ ယင်းအခါမှာ မိဂဒါဝုန် အဝိဇဟိတဌာနသည် ရဟန်း၊ ရှင်၊ လူ၊ ဗုဒ္ဓဘာသာဝင်သူတော်စင်များ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် တည်းခိုနားနေရန်နှင့် ဘုရား၊ တရား၊ သံဃာ့ဂုဏ်တော်များကို အာရုံပြုနေထိုင်ဖို့ရန်၊ နေရာအခက်အခဲရှိနေခြင်းကို ကိုယ်တိုင်တွေ့ကြုံ ခဲ့ရပါပေသည်။ သို့အတွက် ဤနေရာ ဤဌာနမှာ "ငါသည် အများတည်းခိုနားနေနိုင်ရန် ကျောင်းအဆောက်အအုံတစ်ခု ဆောက်လုပ်လှူဒါန်းရလျှင် ကောင်းမှာပဲလို့" ပုဗ္ဗစေတနာကုသိုလ်တရားထူးဖြစ်ပေါ်လာခဲ့လေသည်။ ကုသိနာရုံသို့ ပြန်ရောက်လာသည့်အခါ ကုသိနာရုံဆရာတော်ကြီးထံ သူ၏ စေတနာတရား ဖြစ်ပေါ်လာပုံကို လျှောက်ထားလေတော့သည်။ ထိုအခါ ဆရာတော်ကြီးက "ဒါယကာကြီး ဘုန်းကြီး အနေနှင့်လည်း ဒကာကြီးလိုပဲ စိတ်စေတနာ ပေါ်ပေါက်နေသည်မှာ ကြာမြင့်ခဲ့ပေပြီ၊ အချိန်အခါက မပေးသေးလို့သာ ယခုအချိန်ထိ စောင့်ဆိုင်းနေရခြင်းဖြစ်ပါပေသည်။ ယခုအခါ ဒကာကြီး၏ စေတနာ သဒ္ဓါတရားကို ဖြည့်ဆည်းပေးဖို့ရန် ဆရာတော်အနေဖြင့် အဆင်သင့်ပင်ရှိနေပေသည်။ ဒကာကြီး အနေဖြင့် ဘုန်းကြီးအပေါ်မှာ ဘာမှအားနာမနေပါနှင့်၊ ဘုန်းကြီးဖြစ်မြောက်အောင်ဦးဆောင်ပေးပါ့မယ်"ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ကြားသံကို ကြားနာရသည့်အခါ ဒါယကာကြီး ဦးမြထွန်းကား ဖရဏာပီတိ ဂွမ်းဆီထိပမာ လွန်စွာပင် ဤသာသနာပြုလုပ်ငန်းကို ဝမ်းသာအားရပါလေတော့သည်။

မိဂဒါဝုန်ကျောင်းတော် စိမ်ဆောက်လုပ်ခြင်း

ထို့နောက် ဆရာတော်ကြီးသည် ဤမိဂဒါဝုန် တောနေရာသို့ ကိုယ်တိုင်ကြွရောက်လာပြီးလျှင် ယခုလက်ရှိ ကျောင်းတိုက်မြေနေရာ နှစ်ကေခွဲ (၂½)ကို ဆရာတော်မဟာဝိရ၏ အကူအညီဖြင့် တန်ဖိုးရှုပိဂ္ဂေ (၁၀၀၀)ပေးကာ ကုလားအမတ်ကြီးတစ်ဦးထံမှ ဝယ်ယူခဲ့လေသည်။ ယင်းကိစ္စကို ကျောင်းဒါယကာ ဦးမြထွန်းထံသို့ အကြောင်းကြားတော်မူလေသည်။ ကျောင်းဒါယကာကြီးကလည်း အလွန်ပင် ဝမ်းမြောက်ဝမ်းသာရှိလှပါကြောင်း "ဆရာတော်အသျှင်ဘုရားရှေ့သို့ သာဆက်လက်ပြီး ကျောင်းတော်ကြီးပြီးမြောက်အောင် ဆောင်ရွက်တော်မူပါဟု" ပြန်လည် လျှောက်ထားခဲ့လေသည်။ ထိုအခါ ဆရာတော်ကြီးသည် ယခုလက်ရှိ ကျောင်းတော်ကြီးများကို စတင် ဆောက်လုပ်လေတော့သည်။ ယင်းနှစ်ထပ်အုတ်ကျောင်းတော်ကြီးတွင် ကုသိနာရုံဆရာတော်ကြီးသည် ကျောင်းဒါယကာကြီး၏ စေတနာသဒ္ဓါတရားကို ချီးမြှောက်သည့်အနေဖြင့် (၃)နှစ် (၃)ဝါတိုင်တိုင် သီတင်းသုံးနေထိုင်တော်မူခဲ့လေသည်။ ယင်းအချိန် ကာလမှာ သိမ်တော်တစ်ဆောင်နှင့် မဟာရံတံတိုင်းများကို ဘင်္ဂလားအဝကွန်းနေမြန်မာဒါယကာ၊ ဒါယိကာမများ၏ စုပေါင်းကုသိုလ်အဖြစ် ဖြင့်နေချင်စဖွယ် အပြီးတိုင် ဆက်ဆောက်လုပ်တော်မူခဲ့ပါပေသည်။

ဆရာတော်ဘဒ္ဒန္တကိတ္တိမာအား လွှဲအပ်တော်မူခြင်း

ထို့နောက် ဆရာတော်ကြီးသည် လောကီလောကုတ္တရာပညာရပ်များကို အထွတ်အထိပ်သို့ရောက်အောင် သင်ကြားတတ်မြောက်ပြီးဖြစ်သော တပည့်တူတော်ရင်း ဆရာတော်ဦးကိတ္တိမာအား ထိုမိဂဒါဝုန် ကျောင်းတိုက်ကို ယုံမှတ်လွှဲအပ်တော်မူကာ မိမိသီတင်းသုံးနေရင်း ဌာနကုသိနာရုံသို့ ပြန်ကြွတော်မူခဲ့ပါသည်။ ထိုဆရာတော် ဦးကိတ္တိမာကား ပဋ္ဌစာပေ ပိဋကတ်၌သာမက အင်္ဂလိပ်၊ ဟိန္ဒူ၊ သက္ကဋ္ဌ၊ ဥရဒူ စသော ဘာသန္တရများ၌လည်း လွန်စွာကျွမ်းကျင်တော်မူပါပေသည်။ ထို့ကြောင့် အိန္ဒိယအစိုးရစာစစ် ဘုတ်အဖွဲ့ဝင် မိဂဒါဝုန်ကောလိပ်ကျောင်းအုပ်ချုပ် ရေးအဖွဲ့ဝင် ဖြစ်တော်မူသည်မက ကမ္ဘာ့ဟိန္ဒူဘာသာဝင်တို့၏ ဂရုကတအလေးအမြတ်ပြုအပ်သော "ရာမာယန"ခေါ် ကမ္ဘာကျော်ဟိန္ဒူဘာသာရေးကျမ်းကြီးကို သက္ကဋ္ဌဘာသာမှ ပါဠိဘာသာသို့လည်းကောင်း၊ ယင်းမှဆက်ကာ မြန်မာဘာသာသို့လည်းကောင်း လွယ်လင့်တကူ အများတကာ ဖတ်ရှုနိုင်အောင် ဘာသာပြန်ဆိုတော်မူခဲ့လေသည်။ သည်မျှသာမကသေးမဟာဗောဓိပုတ္တိကထာကျမ်းနှင့် ဓမ္မပဒ ဇာတက၊ မိလိန္ဒပဉှ စသော ပါဠိဘာသာ ပဋ္ဌဒေသနာတော်များစွာကိုလည်း ဟိန္ဒူဘာသာသို့ ပြန်ဆိုခြင်းစသော သာသနာပြုလုပ်ငန်းများကို လွန်စွာပင် အားထုတ်ကာ မြတ်ဗုဒ္ဓသာသနာတော် တိုးပွားစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့လေတော့သည်။

တတိယဆရာတော် ဘဒ္ဒန္တကိတ္တိမာ

ထိုမှတဖန် ဘဒ္ဒန္တကိတ္တိမာဆရာတော်သည် မိမိနှင့်သမာနသံဝါသိကဖြစ်သော ဘင်္ဂလားအဝကျွန်း (ရောက်မချောင်း) ဆရာတော် ဘဒ္ဒန္တတိက္ခိဿိယမထေရ်အား ဤမိဂဒါဝုန် ဗုဒ္ဓအဝိဇဟိတဌာနကြီးကို မိမိကိုယ်စား ဆက်လက်စောင့်ရှောက်ပေးဘို့ရန် ယုံမှတ် လွှဲအပ်တော်မူကာ၊ မိမိမူကား ဗာရာဏသီမြို့တော်ရှိ "ဆီဂရာ" ကျောင်းတော်၌ အမြဲသီတင်းသုံးနေတော် မူလေသည်။ "အာဂတဘာရောအဝသံ အာဝဟိတဗ္ဘော" ဟူသော ဒေသနာတော်လာရှိသည် အားလျော်စွာ အဝကျွန်းဆရာတော်သည် မိမိထံမှောက် ရောက်ရှိလာသည့် တာဝန်အရပ်ရပ်ကို စေ့စပ်သေချာစွာ သဒ္ဓိဝိဟာရိက ဖြစ်သော ဘဒ္ဒန္တဝဏ္ဏဇေနှင့် တွဲဘက်ကာ ဦးလည်မသုံ ဆောင်ရွက်တော်မူခဲ့သည်။

စတုတ္ထဆရာတော် ဘဒ္ဒန္တဝဏ္ဏဇ

ဤသို့အားဖြင့် စဉ်ဆက်မပြတ် ဤမိဂဒါဝုန်ကျောင်းတော်မြတ်ကို တာဝန်ကျေပွန်စွာ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြရာ ဆရာတော် ဘဒ္ဒန္တတိက္ခိဿိယမထေရ်သူမြတ်သည် သက်တော်ရွယ်တော် သိက္ခာတော်ကြီးရင့်လာသဖြင့် စိတ်သွားတိုင်း ကိုယ်မပါ လိုရာသို့မရောက်နိုင်တော့ပါသဖြင့် ပြုဘွယ်ကိစ္စ အဝဝတို့ကို အတူနေ သဒ္ဓိဝိဟာရိက တပည့် ဘဒ္ဒန္တဝဏ္ဏဇမထေရ်အား လွှဲအပ်တော်မူခဲ့လေသည်။ ထိုအရှင်မြတ်ကား သာသနာရေးကိစ္စကို အလေးဂရုပြုတတ်ရုံသာမက၊ လောကုတ်လောကီနှစ်လိ ကောင်းကျိုးတိုးပွားဖို့ရန် အစဉ်ရှေ့ရှုပြုတတ်သည့် ခေတ်မှီပညာတတ် ဗုဒ္ဓသားတော်ရဟန်းတော်သူမြတ်ဖြစ်သည်ကို ဤစာရေးသူကိုယ်တိုင် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလ အိန္ဒိယသို့ရောက်စဉ်က တွေ့ရှိခဲ့ရပါသည်။ အနည်းငယ်ဆိုပါဦးမည်။ ဤစာရေးသူ လွန်ခဲ့သည့်နှစ်ပေါင်း (၂၀)လောက် အချိန်ကစပြီး ဘာသာရေး၊ သာသနာရေး၊ ဘုရားဖူးရန်ကိစ္စဖြင့် ယိုးဒယား၊ အိန္ဒိယ၊ နီပေါနိုင်ငံများသို့ နှစ်ကြိမ်တိုင် သွားရောက်ခဲ့ပါသည်။ ရောက်သည့်အချိန်တိုင်းမှာပင် ထိုအသျှင်ထံမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ တည်းခိုခဲ့ဘူးပါသည်။

ကျောင်းတိုက်ကြီးလည်း အစဉ်တိုးတက်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလ ဒုတိယအခေါက်မှာ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ တည်းခိုဘို့ရန် ခန့်ငြားထည်ဝါစွာ (၃)ထပ်ကျောင်းတော်ကြီးအသစ်ပြာသာဒ်မုခ်ဝ တည်ဆောက်ထားသည်ကို တွေ့ရှိခဲ့ရပြန်သည်။ ဒုတိယအခေါက် ထိုဆရာတော်ကျောင်းမှာပင် စုပေါင်းဘုံကထိန်လျာသင်္ကန်းလှူဒါန်းပွဲတော်ကို ကျင်းပခဲ့ကြပါသည်။ ဤအကြိမ်ကား သင်္ကန်နဂိုရိ၊ အာဂရာ၊နယူးဒေလီ၊ ကမ္ဘာသမမွှ နိဂုံးရှိ ဗုဒ္ဓသျှင်တော်မြတ် မဟာသတိပဋ္ဌာနသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားခဲ့သည့်နေရာသို့ သွားရောက်ဖူးမြော်ခဲ့ပါသည်။ ယင်းမှအပြန်ခရီးတွင် ကုသိနာရုံဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထံမှာ (၇) ရက်ခန့် ချမ်းသာစွာနေထိုင်ခဲ့ပါသည်။ ယင်းမှတဖန် မိဂဒါဝုန်ဆရာတော်ထံမှ ကပ္ပိယဒါယကာတစ်ဦးကို အကြိုလွှတ်ပေးသည့်အတွက် သူ့ထံမှာ (၁)လနီးပါး နေထိုင်ခဲ့ပြန်သည်။ ယင်းသို့နေစဉ်ကာလမှာ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ္တန်တရားတော်များ ဟောကြားတော်မူခဲ့နေရာ

များသို့ နေ့စဉ်သွားရောက် ဖူးမျှော်ကာ ချမ်းသာစွာ နေထိုင်ခဲ့ရပါသည်။ ဤမျှမက ဗာရာဏသီရှိ ဘီအိခ်ျတက္ကသိုလ်၊ ကျောက်ခန္ဓီစေတီ (Chaukhanti Stupa) စသော နေရာဒေသများသို့ ဆရာတော်ကိုယ်တိုင် လိုက်ပို့ပေးသဖြင့်လည်း အတော်စုံလင်စွာ ဗဟုသုတဖြစ်ခဲ့ရပါသည်။

ဗာရာဏသီ ဟိန္ဒူ-ဗွေကျောင်းတော်ကြီး

ဗာရာဏသီမြို့တွင် လမ်းဆုံ လမ်းခွ စသည့် ကွက်လပ် နေရာများတွင် နွားများသည် တစုံတခု ဘေးအန္တရာယ်မရှိ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေထိုင်နေကြသည်ကို လည်းကောင်း၊ မျောက်သတ္တဝါများလည်း လွတ်လပ်စွာ ဟိုအပင်မှ သည်အပင်သို့ကူးကာ သန်းကာ လွတ်လပ်ပျော်ရွှင်စွာ ဘေးမဲ့လွှတ်ရှား သွားလာနေကြသည်ကိုလည်းကောင်း၊ မင်္ဂလာလှည့်လည်ပွဲနှင့် အသုဘအခမ်းအနားပွဲတို့ ရှေ့ဆင့်နောက်ဆင့် သွားလာနေကြသည်ကိုလည်းကောင်း၊ မကြုံစဖူး အထူးတွေ့ကြုံခဲ့ရလေသည်။ ဟိန္ဒူ-ဗွေဘုရားကျောင်းသို့ ရောက်လာသည့်အခါမှာ ကျောင်းတော်မျက်နှာကျက်ကို ရွှေပြားဖြင့် ကြက်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ အထူးဆန်းဆုံးကတော့ လိင်္ဂပူဇာ (လိင်္ဂပူဂျာ) ခေါ် ဗီဿနိုး (ဘိရှနူး) ဘုရားထိး၏ ယောကျ်ား အင်္ဂါကျောက်တုံးနှင့် ပါရာဝတီ (ပါရာဗတီ) ခေါ် ဘုရားမ၏မိန်းမအင်္ဂါရုပ်တုကို တစ်ပေါင်းတည်းပြုကာ အမွှေးနံ့သာတို့ဖြင့် ထုံးမွှမ်းပြီး ပူဇော်ဖို့ရန် အကြိမ်းအငယ် အရွယ်အလတ်တို့ကို "ပူဂျာကရော" ဟု နှုတ်က တတွတ်တွတ် ရွတ်ဆိုပြီး ရောင်းချနေသည်ကို အံ့သြဖွယ်ရာတွေ့ရှိခဲ့ရပါသည်။ ဗာရာဏသီ (ဘီ-အိခ်ျ) တက္ကသိုလ်သို့လည်း ဗဟုသုတ အဖြစ် လည်ပတ်ခဲ့ပါသည်။ ယင်း၌ မြန်မာနိုင်ငံတော် ပထမဝန်ကြီးချုပ်ဦးနု ရုပ်ပုံကိုလည်း အထင်ကရ တွေ့မြင်ခဲ့ရပါ သည်။

ကောသမ္ဗီ ဃောသိတာရုံကျောင်းတော်ရာသို့

နောက်တနေ့တွင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇသည် သူ၏ဒရိုင်ဘာအား ဆရာတော်များကို ကောသမ္ဗီသို့ သူ့ကားနှင့်လိုက်ပို့ရန် စီစဉ်ပေးပြန်သည်။ မိဂဒါဝုန်နှင့် ကောသမ္ဗီကား အလွန်ခရီးမဝေးမနီး ကီလိုမီတာ (၂၀၀)နီးပါးပင်ဖြစ်ပါသည်။ နံနက်စာ စားပြီးနောက် ခရီးစတင်ထွက်ကြပါသည်။ လမ်းခရီးတွင် "ဘယ်လာဟာဘတ်မြို့"ရှိ "ရှရိနေရူး"မိသားစုနေထိုင်ခဲ့သည့် တိုက်တာကြီးကို ခြံဝင်းကျယ်ကြီးနှင့် တွေ့ခဲ့ရပါသည်။ ယခုအခါ အစိုးရပြတိုက် ပြုလုပ်ထားသည်။ နံနက် (၉)နာရီ ကျော်အချိန်မှာ ကောသမ္ဗီမြို့တော်ဟောင်း နေရာသို့ ဆိုက်ရောက်ပါတော့သည်။ မြို့ရိုး အုတ်တံတိုင်းကြီးနှင့် အသောကမင်းတရားကြီး စိုက်ထူခဲ့သည့် ကျောက်တိုင်တစ်တိုင်ကို တွေ့ခဲ့ရပါသည်။ ယင်းနောက် ဃောသိတာရုံကျောင်းနေရာသို့ သွားရောက်ကာ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိ စဉ်ကာလကို မျှော်မှန်းကာ ဗုဒ္ဓါရမ္မဏပီတိကို ပွားများခဲ့ကြပါသည်။ အိန္ဒိယနိုင်ငံသား ဘုရားဖူးအဖွဲ့ကိုလည်း ငါးပါးသီလချီးမြှင့်ပေးခဲ့ပါသည်။ ယင်းမှ အနီးရှိ နိဂဏ္ဌနာဋပုတ္တ (ဂျိန်း) ဘုရားကျောင်းသို့ သွားရောက်ကာ ဗဟုသုတအဖြစ် လေ့လာခဲ့ကြပါသည်။ ထိုဘုရားကျောင်းထဲတွင် အစေလက (အဝတ် မဝတ်ကြသော) ဂျိန်းဘုန်းကြီးရုပ်များကိုလည်း တွေ့မြင်ခဲ့ရပါ သည်။ ဂျိန်းဘုရားရုပ်ထုများကား ယေဘုယျအားဖြင့် ဗုဒ္ဓရုပ်ပွားတော်နှင့် ဆင်တူယိုးမှားဖြစ်ပါသည်။ သေချာစွာ လေ့လာမှသာ အဝတ်လုံးဝမရှိသည်ကို သတိပြုမိပါသည်။

ဆန်ချီထူပါ အုံဖွယ်ရာ

ဤမျှသာမကသေး ထိုဆရာတော်၏ ထက်သန်သောစေတနာ၊ သဒ္ဓါတရားကို လေးစားကာ ဗာရာဏသီမှ ကီလိုမီတာ (၁၃၀၀)ကျော်မျှ ဝေးကွာသည့် ဆန်ချီထူပါသို့လည်း ဘုရားဖူးရန် ခရီးတစ်ခေါက် ရောက်ခဲ့ရပြန်ပါသည်။ ဦးဆောင်ဖြစ်သော တပည့်ဦးသုပိယ (Ph. D) နှင့် ဦးပညာဝံသ (M.A)တို့အား အတူတကွထည့်ပေးလိုက်ပါသည်။ ယင်းစေတီများအား ယခုအခါ မဒယာရာဒ့ေရှ်ပြည်နယ် ဝေဒိယာ (ဝေဒိသက)မြို့အနီးမှာ တည်ရှိပါသည်။ ယင်းဒေသသည် ရှေးအခါက ဥဇ္ဇေနီပြည်ဖြစ်သည်ဟု သိရှိရပါသည်။ ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ်က အကျဉ်းသခင်ပမာအားဖြင့် ဟောကြားတော်မူသော တရားဒေသနာတော်ကို ဝိတ္ထာရ အကျယ်တဝင့် ဝေဖန်ဟောကြားသည့် အရာဌာနဌ်အထူးမြတ်ဆုံး ဇေတဒင်ဘွဲ့ထူး ရတော်မူခဲ့သည့် အရှင်ကစ္စည်း (ကစ္စာန) မထေရ်မြတ်နှင့် သီရိလင်္ကာသာသနာပြုပုဂ္ဂိုလ်ကျော်မောင်နှမများဖြစ်ကြသော အရှင်မဟိန္ဒနှင့် နှမတော် သင်္ဃမိတ္တာထေရီတို့၏ မွေးဖွားရာဇာတိဒေသလည်း ဖြစ်သည်ဟု သိရှိရခဲ့ပါသည်။

ထိုနေရာဒေသတဝိုက်မှာ ရှေးဟောင်းသာသနအဆောက်အအုံပျက်ကား များပြားလှပါသည်။ အကောင်းအဖြစ်ကျန်ရှိနေသေးသော စေတီတော် (၃) ဆူနှင့် ကျောက်သား ကျောက်တုံးဖြင့် ဆောက်လုပ်ထားသည့် (၃)ထပ်

ကျောင်းတော်တစ်ခုကို ဖူးမြင်ရခဲ့ပါသည်။ ထိုတွင် အလယ်က စေတီတော်ကြီးကား ဗုဒ္ဓသျှင်တော်မြတ်ဓါတ်တော်များကို ဌာပနာထားသည့်စေတီဖြစ်ပါသည်။ လက်ျာဘက်စေတီ၌ကား အဂ္ဂသာဝက အရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို ဌာပနာထားပြီး လက်ဝဲစေတီ၌ကား ဒုတိယအဂ္ဂသာဝက အသျှင်မောဂ္ဂလာန်ဓာတ်တော်များကို ဌာပနာထားခြင်းဖြစ်ပါသည်။ စေတီ (၃)ဆူတို့ကား ပုံစံရိုးရိုးပင်ဖြစ်သော်လည်း တခြားတစ်ပါးသောစေတီများနှင့် မတူဘဲ တမူထူးခြားပြီး လွန်စွာပင်ကြည်ညိုဖွယ်ရာဖြစ်ပါသည်။ ထိုတွင် မြတ်စွာဘုရားသျှင်၏ စေတီတော် အထက်ပစ္စယံကား လှည့်လည်ဖူးမျှော်ရန် ပတ်လမ်းနှင့် လက်ရမ်းများရှိပြီး ဗုဒ္ဓါရမ္မဏပိတိဖြစ်ရာ အလွန်သင့်လျော်လှပါသည်။ အနီးအနားမှာ သီရိလင်္ကာဘုန်းတော်ကြီးကျောင်းတိုက်လည်း ရှိနေပါသည်။ တည်းခိုရန်လည်း လွယ်ကူပါသည်။ ထိုဆရာတော်ဘဒ္ဒန္တ ဝဏ္ဏဓဇ၏ ကုသိုလ်စေတနာကို ခံယူရရှိပါသဖြင့် ခရီးတစ်လျှောက် အဖုအထစ်မရှိ ချောမောလွယ်ကူစွာ ကုသိုလ်ထူးကို ရရှိခဲ့ပါသည်။ ယနေ့တိုင် မမေ့နိုင်အောင် သတိရကြည်နူးဝမ်းမြောက်လျက်ပင် ရှိနေဆဲဖြစ်နေရပါသည်။

ခြိမ့်ခြိမ့်သဲနှစ် (၁၀၀)ပြည့်ပွဲတော်

ထိုဆရာတော် အရှင်သူမြတ်သည် "ယဿ ရုက္ခဿ ဆာယာဝ နိသီဒေယျ သယေယျဝါ" ဒေသနာတော်လာရှိသည့် အားလျော်စွာ မိမိနေရာဒေသကို အစဉ်သဖြင့် တိုးတက်စည်ပင်လာအောင် အမြဲအားထုတ်နေသော ကလျာဏမိတ္တ ပုဂ္ဂိုလ်၊ စွမ်းဆောင်ရည်ရှိသော ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ လွန်ခဲ့သည့်နှစ် အတိတ်သာသနာတော် (၂၅၅၂)ခု၊ ကောဇာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ်က မိဂဒါဝုန်ကျောင်းတည်ထောင်သည့် နှစ် (၁၀၀)ပြည့်ပွဲတော်ကို ခြိမ့်ခြိမ့်သဲမျှ ကမ္ဘာကျော်အောင် ဆင်ယင်ကျင်းပတော်မူခဲ့လေပြီ။ ဤသို့စဉ်ဆက်မပျက် တစ်ဆင့်တက်ကာ တိုးတက်လာအောင် ထိုဆရာတော်၏ ဗုဒ္ဓသာသနာပြုဂုဏ် ရည်ထူးကြောင့် မြန်မာနိုင်ငံ အစိုးရမင်းတို့က စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထိုဆရာတော်အား ဒုတိယအကြိမ် "အဂ္ဂမဟာသဒ္ဓဇောတိကဓဇ"ဘွဲ့ တော်ကို ဆက်ကပ်တော်မူ ခဲ့လေသည်။ သူတော်ကောင်းများဂုဏ်တို့ကား ချီးကျူးမကုန်နိုင်ပါ။ ဤမျှဖြင့် ဤထုတိထောမနာစာတမ်းကို အကျဉ်းချုပ်ကာ ပါဠိ-မြန်မာနှစ်ဘာသာဖြင့် နိဂုံးအုပ်လိုက်ပါတော့သည်။

ဂန္ဆဘုန်း

မဂ်လသုခပါဠိတက္ကသိုလ်၊ ရန်ကုန်။

မြင့်မြတ်မှန်ကန်မှုတရားတော်

လှည်းဘီး၏ ဘီးထောက်တို့သည် လှည်းဝင်ရိုးအုံပေါ်တွင် အခြေတည်နေသကဲ့သို့ ဗုဒ္ဓ၏ တရားတော်အမျှားစုသည် သစ္စာ လေးပါးပေါ်တွင် အခြေတည်နေပါသည်။

သစ္စာလေးပါးရှိခြင်းကြောင့်လည်းကောင်း၊ ဤသစ္စာလေးပါးကို သဘောပေါက်နားလည်သူတို့အား စင်ကြယ်စေခြင်းကြောင့်လည်းကောင်း၊ သစ္စာလေးပါးသည် အမြဲမှန်ကန်ခြင်း (ပရမတ္ထသစ္စာ) ကြောင့်လည်းကောင်း မြင့်မြတ်မှန်ကန်သော သစ္စာလေးပါး ဟု အဆိုပြုကြပါသည်။

ဗုဒ္ဓဘာသာရဟန်းတော် အရှင်ဓမ္မိက

Good Question Good Answer

ခေတ်သမိုင်းအလိုက်သင်္ကေတများ

နိုင်ကျော်ကျော်

တတိယ မည်ဝတီခေတ်(ဘီစီ ၅၀၀-အေဒီ ၃၂၆)

(က)သေလာဂီရိကျောက်တော်တောင်။ မည်ဝတီပြည့် ရှင်စန္ဒသူရိယမင်းကြီး၏ မနောအဓိဋ္ဌာန်ဖြင့် ပင့်လျှောက် ချက်အရ ဂေါတမမြတ်စွာဘုရားရှင်သည် ရဟန္တာ ၅၀၀-ခြံရံလိုက်ပါလျက်မည်ဝတီ ရခိုင်ပြည်ကြီးသို့ မဟာသင်္ကာရဇ် ၁၂၃-ခုနှစ်တွင် ကြွရောက်တော်မူခဲ့သည်။ ဘုရားရှင်သည် စန္ဒသူရိယဘုရင်၏ ဖူးမြော်ခြင်းကိုမခံယူရမီ ဤ မောရပဗ္ဗတ သေလာဂီရိ ကျောက်တော် တောင်ထိပ်၌ ဦးစွာဆင်းသက် ရပ်တန့်တော်မူခဲ့သဖြင့် ဤတောင်တော်မှာ ရခိုင်လူမျိုးနှင့် ထေရဝါဒဗုဒ္ဓဘာသာ သမိုင်းအတွက် ရှေးဦးအထွတ်အမြတ်ထားရာ နေရာဖြစ်သည့်အပြင်၊ ဘုရားရှင်၏မည်ဝတီသို့ ဒေသစာရီ ခရီးစဉ်အား တောင်ပေါက်ကြီးကျောက်စာ၌ ဦးစွာမှတ် တမ်းတင်ခံရသည့် နေရာမြတ်လည်း ဖြစ်သည်။ ရခိုင်ပြည်မြောက်ပိုင်း၊ ကစ္ဆပနဒီမြစ်၏ အရှေ့ဘက်တွင်တည်ရှိပြီး အနောက် ဘက်တည့်တည့်၌ ကျောက်တော်မြို့တည်ရှိသည်။ ဘုရားရှင် ဗျာဒိတ်တော်ထားခဲ့သည့် ကျောရိုးတော်ဓာတ်မှာ ကျောက်တော်စေတီတော်၌ ကိန်းဝပ်လျက်ရှိသည်။ မဟာမုနိဘုရားကြီး နှင့် ၅-မိုင်ခန့်ကွာဝေးပြီး၊ ဤတောင်ပေါ်မှ အရှေ့အရပ်သို့ မျှော်ကြည့်လျှင် မဟာမုနိပြာသာဒ်တော်ကို ထင်ထင်ရှားရှား ဖူးမြင်နိုင်ပါသည်။

(ခ) မဟာမုနိစက်တော်။ ဘုရားရှင်သည် မည်ဝတီ ပြည်ကြီးသို့ကြွရောက်တော်မူစဉ် စန္ဒသူရိယဘုရင်မင်းမြတ်၏ တောင်းပန်လျှောက်ထားချက်အရ ပဉ္စလောဟာရတနာဖြင့် သွန်းလုပ်တော်မူခဲ့သော သွန်းစက်တော်မြတ်ဖြစ်သည်။ ဘုရားရှင်၏ ရင်ငွေ့တော် (၇)လက်ခွေ့ဖြည့်ဆည်းပေးမှသာ အောင်မြင်ပြီးမြောက်တော်မူသဖြင့် ဘုရားရှင်ကိုယ်တော်တိုင် သွန်းလုပ်တော်မူခဲ့သည်ဟု ဆိုနိုင်ပါသည်။ ဗုဒ္ဓဘုရားရှင်၏သာသနာနှစ်(၅၀၀၀) တည်တံ့ခိုင်မြဲစေရန်အဓိဋ္ဌာန်ဖြင့် သွန်းလောင်းတော်မူခဲ့သည့်ဘုရားရှင်၏ ကိုယ်စားတော်လည်းဖြစ်သည်။ ကျောက်တော်မြို့မှ ၅-မိုင်ခန့်အကွာ၊ ရန်ကုန်-စစ်တွေကားလမ်း၊ သရီခြောင်းဖျား- မဟာမုနိ ကျေးရွာအနီး သီရိဂုတ္တတောင်ကုန်းပေါ်တွင်စံပယ်လျက်ရှိသည်။

(ဂ) တောင်ပေါက်ကြီးကျောက်စာ။ ဗုဒ္ဓဘုရားရှင် မည်ဝတီပြည်ကြီးသို့ကြွရောက်တော်မူစဉ် မောရပဗ္ဗတ သေလာဂီရိတောင်ထိပ်၌ ရပ်တန့်တော်မူခဲ့သည်ကို ပထမဦးစွာမှတ်တမ်းတင်သော ကျောက်စာဖြစ်သည်။ ဂုဏ်ထူးဆောင်ကျောက်စာဝန် ဦးစံရွှေပုနှင့် တပည့်ဦးဦးသာထွန်း(ရခိုင်+မြန်မာပဏ္ဍိတ်) တို့က ၁၉၃၂-ခုနှစ် ဧပြီလတွင် ကျောက်တော်တောင်မှ မဟာမုနိဘုရားကြီးသို့ သွားရာလမ်းရှိ တောင်ပေါက်ကြီးကျေးရွာအနီး၌တွေ့ရှိရသဖြင့် တောင်ပေါက်ကြီးကျောက်စာ ဟုခေါ်ဆိုကြသည်။ ပြဟ္မီ အက္ခရာ၊ ပါဠိဘာသာဖြင့်ရေးထိုးထားပြီး စာကြောင်းရေ ၂၅-ကြောင်းပါရှိသည့်အနက် ၅-ကြောင်းသာ ပေါ်လွင်ထင်ရှားဖတ်ရှု၍ရသည်။ ဤကျောက်စာသည် ဘီစီ-၃ရာစု၌ ရေးထိုးခဲ့သော အသောက ကျောက်စာထက် နောက်ကျမည်မဟုတ်ဟု ခန့်မှန်းကြသည်။

ဝေသာလီခေတ်(အေဒီ ၃၂၆-၈၁၀)

(က) အာနန္ဒစန္ဒြမင်းကြီးနှင့်ကျောက်စာ။ အာနန္ဒ စန္ဒြမင်းကြီး မင်းသက်၉-နှစ်ကာလ၌ ရေးထိုးခဲ့သော ကျောက်စာဖြစ်သည်။ ၁၁-ပေခန့် မြင့်ပြီး လေးထောင့်သဏ္ဌာန်ဖြစ်သည်။ မျက်နှာစာ တစ်ဖက်စီသည် ၂-ပေ ၄-လက်မကျယ်သည်။ မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်အဝင်ဝအနီးတွင်သီးခြားထိန်းသိမ်းထားရှိသည်။ ဂါထာအမှတ်(၄)မှ(၆၆) အထိသာကောင်းမွန်စွာ ဖတ်ရှုရရှိပြီး၊ ဂါထာ(၄၄)မှ (၆၆)ထိမှာ အာနန္ဒစန္ဒြမင်းကြီး၏ ဗုဒ္ဓသာသနာပြုလုပ်ငန်းများနှင့် ယင်းစဉ်က သီဟိုဠ်နိုင်ငံနှင့် သာသနာဆက်ဆံရေးတို့ကို မော်ကွန်းတင်ထားခဲ့သည်ကို တွေ့ရသည်။

(ခ) စတုတ္ထ သံဂါယနာတင်ခြင်း။ သီရိစန္ဒြမင်းကြီး (အေဒီ ၆၂၂-၆၅၈) လက်ထက်တွင် အိန္ဒိယနိုင်ငံမှ ဗောဓိသတ္တ

မဟာယာန ဝါဒဝင်ရောက်လာမည်ကို ကြိုတင်ကာကွယ်သည့် အနေဖြင့် မင်းကြီးသည် စူဠဥရေဝတရဟန္တာအရှင်မြတ်၏ သြဝါဒကိုခံယူကာ၊ ဥတ္တမကိန်း(၅၆၀)ကိုဖြု ကြွင်း(၂)ခု၊ သာသနာသက္ကရာဇ် ဓာတုဋ္ဌကာ(၁၁၆၉)တန်ခူးလပြည့်ကျော် (၁)ရက်နေ့တွင် ဝေသာလီမြို့တော်ကြီး၏အရှေ့ဖက် ရွှေတောင်ကြီးထိပ်၌ ရခိုင်သံဃာတော်(၁၀၀၀)ပါးနှင့် သီဟိုဠ်သံဃာတော် (၁၀၀၀) ပါး ပါဝင်တော်မူလျက်၊ ရခိုင်စတုတ္ထသံဂါယနာကိုတင်တော်မူခဲ့သည်။ ထို သံဂါယနာတင်ခဲ့သည့် ကြေးပြား အချို့မှာသီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ၌ ယနေ့တိုင် ထိန်းသိမ်းထားရှိကြောင်းသိရှိရ သည်။

လေးမြို့ခေတ် (အေဒီ ဂ၁ဂ-၁၄၃၀)

(က) မင်းရင်ဖြူမင်းကြီးနှင့် ပဉ္စမသံဂါယနာ။ ပဉ္စာမင်းဆက်ဖြစ်သော မင်းရင်ဖြူမင်းကြီး (အေဒီ ၈၄၃)သည် အရှင်ဥတ္တမ သီရိ၊ အရှင်နန္ဒိယ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရေဝတ၊ အရှင်ပဒုမ စသော ရဟန္တာအရှင်သူမြတ်များ၏ သြဝါဒကို ခံယူလျက်၊ စတုတ္ထတင်မူအတိုင်း၊ ပဉ္စာမြို့တော်၌ ပဉ္စမသံဂါယနာတင်တော်မူခဲ့သည်။ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ သံဃာတော် အပါး (၈၀၀)နှင့် ရခိုင်ပြည်မှ သံဃာတော် အပါး (၈၀၀)တို့ ပါဝင်တော်မူသည်။ ရခိုင်ပြည်အတွင်း ရွှေပေထက်၌ တင်သည့် သံဂါယနာဖြစ်ပြီး ကောဒဿမမြောက် သံဂါယနာဟုလည်း မှတ်တမ်းတင်ခဲ့ကြသည်။ သံဂါယနာတင် အထိမ်းအမှတ် အဖြစ် ဘုရားဆင်းတုတော် နှစ်ကျိပ်ရှစ်ဆူကို သွန်းလုပ်တော်မူခဲ့သည်။

(ခ) ရက္ခဝဏ္ဏရခိုင်စာ။ ယနေ့ထိတွေ့ရှိပြီးသည့် အထောက်အထားများမှာ လေးမြို့ပဉ္စာခေတ်၌ အစောဆုံးဖော်ပြသည့် ကျောက်စာ(၂)ချပ်ဖြစ်သည်။ ကောဇာသက္ကရာဇ်(၁၈၀-၄၆၅) (အေဒီ ၈၁၈-၁၁၀၃)အတွင်း သွန်းလုပ်တော်မူသည့် မင်းရင်ဖြူမင်းကြီး၏ ကောဒဿမမြောက် သံဂါယနာတင်အထိမ်းအမှတ် နှစ်ကျိပ်ရှစ်ဆူသော ဆင်းတုတော်များအနက်မှ တစ်ဆူဖြစ်သည်။ စစ်တွေမြို့ ခေါင်းလောင်းဘုန်းတော်ကြီးကျောင်းရှိ မဟာကျန်ဆင်းတုတော် ဓမ္မခဏ်တွင် ဘုရင့် ကောင်းမှုတော် အတွက်

'သက္ကရာဇ် ၂၀၉ ကဆုံလွဆန်း ၆ ရက်၊ တနလ်ာနေ့ ၅ါး နာရီကျော်အချိန် ရောက်သောအခါ ကြီးသွန်း အဲသည် မောင်ရ်ဖြူကောင်းမှုဘုရားကို ပဉ္စလောဟာဖြင့် ပြီးပြည့်စုံသည်၊ ဘုရားပြုသွော အကျိုဝ် (ဖြင့်)ဘုရား မင်္ဂလာ ဖြစ်စေ သွော' ဟူ၍ ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးထားသည့် ကမ္ဘည်းစာနှင့် မာန်အောင်မြို့နယ်၊ ဗူးတောင်းကွဲကျေးရွာမှ တွေ့ရှိပြီး ယခုအခါ စစ်တွေမြို့၌ထိန်းသိမ်းထားရှိသည့် ဗူးတောင်းကွဲ ကျောက်စာတို့ဖြစ်သည်။ ရာဇကုမ္မာကျောက်စာ ရေးထိုးချိန်မှာ အေဒီ-၁၀၉၂-ခုနှစ်ဖြစ်ရာ၊ မင်းရင်ဖြူမင်းကြီး သွန်းလုပ်ခဲ့သည့် ဘုရားဆင်းတုတော်၌ ရေးထိုးထားသည့် ရက္ခဝဏ္ဏစာမှာ အေဒီ-၈၄၇ ခုနှစ်ဖြစ်၍၊ ရက္ခဝဏ္ဏ အက္ခရာသည် နှစ်ပေါင်း (၂၄၅) နှစ် (သို့)၃-ရာစုခန့် စောလျက် ထွန်းကားခဲ့သည်ကို တွေ့ရပေသည်။

(ဂ) တရားစောင့်သော မင်းထီးဘုရင်မင်းမြတ်။ လောင်းကြက် မင်းဆက်ဖြစ်သောမင်းထီးဘုရင်ကြီး (အေဒီ-၁၂၈၃)သည် ရင်ခွင်ပိုက်ဘုရင်လက်ထက် ကပင်တိုင်းပြည်ကိုမင်းကျင့် တရားနှင့်အညီအုပ်ချုပ်ခဲ့သည်။ အကျင့်သီလရှိခြင်း၊ ဘုရား ပုထိုးသိမ် ကျောင်းဇရပ်ရေတွင်းရေကန် ဆောက်လုပ်တူးဖော် လျှဒါန်းခြင်း၊ အဂတိမလိုက်စားဘဲ မင်းကျင့်တရားနှင့် အညီ ဖြောင့်မတ်စွာကျင့်ဆောင်ခြင်း၊ သားမကောင်းလျှင် အဖ၊ သမီး မကောင်းလျှင် အမိ၊ တပည့် မကောင်းလျှင် ဆရာ၊ မယား မကောင်းလျှင်လင်၊ ကျွန်မကောင်းလျှင် အရှင်ဟူ၍ မင်းအာဏာ (၅)ရပ် ထုတ်ပြန်အုပ်ချုပ်ခဲ့၍ တိုင်းပြည် အေးချမ်းသာယာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ယိုယွင်းပျက်စီးနေသော မဟာဗောဓိစေတီတော်မြတ်ကြီးကို ကောဇာ(၆၅၇ -၆၆၀) အတွင်း ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ကြောင်း မဟာဗောဓိ ကျောက်စာက မှတ်တမ်း တင်ထားသည်။

မြောက်ဦးခေတ်(အေဒီ ၁၄၃၀-၁၇၈၂)

(က) မင်းဗာဘုရင်မင်းမြတ်။ မြောက်ဦးမြို့တော် ထီးနန်းကို သက္ကရာဇ် (၈၉၃)ခုနှစ်တွင် သိမ်းပိုက်လျက် သီရိသူရိယစန္ဒမဟာဓမ္မရာဇာဘွဲ့ဖြင့် ဘိသိက်ခံယူတော်မူသည်။ သက္ကရာဇ် (၈၉၄)ခု တန်ဆောင်မုန်းလတွင် ကုလားပြည်သို့ ကုန်းတပ်၊ ရေတပ်တို့ဖြင့် ချီတက်တော်မူကာ မောက်သူဇာမြို့အထိသိမ်းပိုက်ခဲ့သည်။ အပြန်တွင်အိန္ဒိယနိုင်ငံ၊ မဟာဗောဓိသို့သွားရောက်အလှူပေးပြီးလျှင် ကမ္ဘည်းကျောက်စာတိုင်ကို ရေးထိုးခဲ့သည်။ မင်းဗာမင်းမြတ် လက်ထက်တွင် ယခင်ကရခိုင်တို့သိမ်းပိုက်ထားပြီး၊ ကုလားတို့လက်ထဲသို့ ပြန်ပါသွားခဲ့သည့် ဘင်္ဂါ (၁၂)မြို့ကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်သာမက ကုလားများနှင့် ဆက်စပ်နေသည့်လွှမ်းမိုးမှုများကိုလည်း လုံး၀

တောင်ပေါက်ကြီးကျောက်စာ

၁။ ဘုန်းကံကြီးသော ဗုဒ္ဓသာသနာတော်ရဟန်းတော်များသည် မြေ

ကြီးတွင် ဝေဖန်ခြင်းမရှိသော ဘုရားတရားတော်ကို ကြိုးစား

ကျင့်သုံးကြသည်ဖြစ်၍ ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၂။ ပုဂံပြည်ကို အုပ်စိုးသော ဘုရင်ကြီးများသည် ဘုရားတရား

တော်ကို ကြိုးစားကျင့်သုံးသောကြောင့် ဘုရားတရားတော်

သည် ကြာရှည်တည်တံ့ခိုင်မြဲ၏။ ပုဂံပြည်ကို အုပ်စိုးသော

၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၂၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၃၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၄၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၅၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၆၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၇၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၈၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၉၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၀၉။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၀။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၁။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၂။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၃။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၄။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၅။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၆။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၇။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၈။ ဘုရင်ကြီးများသည် ဘုရားတရားတော်ကို ကြိုးစားကျင့်သုံး

သောကြောင့် ဘုရားတရားတော်သည် ကြာရှည်တည်တံ့ခိုင်မြဲ

၏။ ပုဂံပြည်ကို အုပ်စိုးသော

၁၁၉။ ဘုရင်ကြီးများသည် ဘုရားတရား



ဘုရင်မင်းရဲဖြူ၏သံဂါယနာတင် နှစ်ကျိပ်ရှစ်ဆူ ပဋ္ဌလောဟာဆင်းတုတော်
(ပလ္လင်ထော်တွင် ရက္ခဝတ္ထုအကွက်ရေးခြယ် ကပ္ပလင်းထိုးထားပါသည်။)

ကျောက်ဆစ်လက်ရာများဖြင့် တည်ဆောက်ထားသည့်အ တွက် နိုင်ငံခြားသားများ အလွန် စိတ်ဝင်စားသည့် ကမ္ဘာကျော် ရှေးဟောင်းအနုပညာလက်ရာ ဖြစ်သည်။ ရခိုင်တို့၏ ယဉ်ကျေး မှု ဘဏ္ဍာတိုက်လည်းဖြစ်သည်။

(ဂ) အဘိုးသျှင်ဦးမြဝါ။ သျှင်မြဝါလောင်းလျာကို သက္ကရာဇ် (၈၅၄)ခု ဝါဆိုလပြည့် ကြာသပတေးနေ့၌ အဖစိုင်းတင်မြို့စား မဟာနန္ဒသင်္ကြံ၊ အမိ ဆင်ကဲကြီး ဦးအောင်တင်နှင့်စောသန္တာ တို့၏သမီးတော် ဇေယျခေမာတို့မှမွေးဖွားသည်။ မင်းဗာဘုရင် ထက်(၃) ရက်ကြီး၍ ညီအစ်ကိုတော်စပ်သည်။ ရသေ့ဘဝ ဖြင့် ဗာရာဏသီမြို့၊ မိဂဒါဝုန်တို့၌ဗိဿနိုးဆရာတို့ထံ နှစ်ပေါင်း (၂၀) ခန့်လောကီပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့ သည်။ သျှင်မြဝါသည် မြောက်ဦးမြို့တော်ကို နန်းသက် (၁၀၀၀) နှစ်ရှည်စေခြင်းငှာ အင်းအိုင်မန္တရားများဖြင့် စီမံ ဆောင်ရွက်ရာ၌ ကြာသပတေးနံ လိုအပ်နေရာ၊ လိုအပ်ချက် ကိုရှာဖွေနေပါက အချိန်လွဲကာ လုပ်ငန်းပျက်စီးသွားမည်ကို စိုးရိမ်ရသည့်အတွက် ကြာသပတေးမှာ ငါပင်ဖြစ်သည် ဟုဆို ကာ မိမိရင်ဝကို ဓားဖြင့်ခွဲစိပ်လျက် အူကို မြို့ကွန်ချာတိုင်၌ ရစ်ပတ်စေပြီးလျှင်၊ ငှါအား ကွယ်လွန်သည့် နေရာ၌မြှုပ်နှံကြ ရန် မှာကြား၍ ကွယ်လွန်သွားခဲ့လေသည်။ ဘုရင်မင်းမြတ်မှာမူ မိမိ၏ ဆွေမျိုးရင်းချာဖြစ်နေသည် သာမက၊ ငယ်သူငယ်ချင်း၊ နိုင်ငံကို စောင့်ရှောက်သည့် မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်၊ မိမိ၏ အသက်ကို တိုင်းပြည်နှင့် လဲလှယ်သွားသူဖြစ်နေရာ၊ သေဆုံး သည့် နေရာ၌ပင် ခွေးသေ ဝက်သေမမြုပ်နှံရက်ပေ။ ထိုအခါ ပြည်သူပြည်သားတို့က ရုပ်အလောင်းကို ရထားပြုလုပ်လျက် သူ့ဖက် ကိုယ့်ဖက်ပါအောင် အပြိုင်ဆွဲလှုကြရာ၊ ရခိုင်ပြည် တွင် ရထားပြိုင်ပွဲ၊ ရထားအားကစားတစ်မျိုး ပေါ်ထွန်းခဲ့လေ သည်။

(ဃ) မဟာပညာကျော်အမတ်ကြီး။ သက္ကရာဇ် (၈၄၅)ခုနှစ် ဖွားမြင်ပြီး၊ငယ်မည်မှာ မြတ်သာထွန်းဖြစ်သည်။ မင်းဗာဘုရင်၊ သျှင်မြဝါတို့နှင့်အတူ၊ မြောက်ဦးမြို့တော်၊ တောင်ညိုတိုက် အဂ္ဂစိန္တေယျ ဆရာတော်ထံပညာသင်ယူခဲ့ပြီး၊ အသက်(၁၆) နှစ်အရွယ်တွင် မိတ်ဆွေ (၃)ဦးတို့သည် အိန္ဒိယနိုင်ငံ ဗာရာဏ သီမြို့သို့ ပညာတော်သင်သွားရောက်ခဲ့ကြပြီး မင်းဗာဘုရင်နှင့် မဟာပညာကျော်တို့မှာပညာသင်ကြားပြီးနောက် မြောက်ဦး မြို့တော်သို့ ပြန်လာကြသည်။ မဟာပညာကျော်အမတ်ကြီး သည် သျှင်မြဝါညွှန်ကြားသည့်အတိုင်း ကုလားပြည်ကိုတိုက် ခိုက်သိမ်းယူနိုင်ရန်အတွက် လိုအပ်သည့်စစ်အင်္ဂါရုပ်များကို

ကင်းရှင်းစေခဲ့သည်။ အသျှင်မြဝါ၊ မဟာပညာကျော် အမတ်ကြီးတို့နှင့်အတူ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၌ စာပေပညာများ သင်ကြားခဲ့သည်။ မင်းဗာမင်းမြတ် တည်ထားခဲ့သည့် ရန်အောင် ဇေယျ(ခေါ်)သျှစ်သောင်းပုထိုးတော်ကြီးသည် ကမ္ဘာကျော် ရခိုင့်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ကြီးဖြစ်ပေသည်။

(ခ) သျှစ်သောင်းပုထိုးတော်ကြီး။ သက္ကရာဇ်(၈၉၇) ကဆုန် လဆန်း၅-ရက်နေ့စတင်၍ သျှင်မြဝါကိုယ်တိုင် စီမံတည် ဆောက်ခဲ့သည်။ ဘုရား၏တံတိုင်းမှာ မြောက်ဖက်မှ တောင် ဖက်သို့(၁၈၀)ပေ၊ အရှေ့ဖက်မှ အနောက်ဖက်သို့ (၂၂၅)ပေ ရှိ၍ ကုန်းတော်အမြင့်မှာ ပေ(၄၀)ရှိသည်။ပထမအဓိပတိ မဏ္ဍိုင်၊ ဒုတိယအဓိပတိမဏ္ဍိုင်၊ တတိယအဓိပတိမဏ္ဍိုင်၊ စတုတ္ထ အဓိပတိမဏ္ဍိုင်နှင့်ပဉ္စမအဓိပတိမဏ္ဍိုင်တို့ ပါဝင် သည်။ မြေ အောက်ဌာပနာခန်းတွင် ဓာတ်တော်ပေါင်းရှစ် သောင်း၊ ဘုရားဆင်းတုတော်ရှစ်သောင်းတို့အား ရည်မှန်းပူ ဇော်သည့်အတွက် သျှစ်သောင်းပုထိုးတော်ဟု ခေါ်သည်။ ကုလား၊ ပေါ်တူဂီတို့ရန်ကိုအောင်မြင်သည့်အထိမ်းအမှတ် အဖြစ် တည်ထားခြင်းဖြစ်၍လည်း ရန်အောင်ဇေယျ ဟု လည်း ခေါ်ကြသည်။ အိန္ဒိယယဉ်ကျေးမှုနွယ်သော အဆင့်မြင့်



ကမ္ဘာကျော် ရန်အောင်ဇေယျ(ခေါ်) သျှစ်သောင်းပုထိုးတော်ကြီး

စီမံလျက်၊ ကုန်းတပ်ရေတပ်ခိုင်ခိုင်မာမာ တည်ဆောက်ပေးကာ၊ ဘုရင့်သားတော် မင်းဖလောင်းအား ရေတပ်ဗိုလ်ချုပ်အဖြစ် လည်းကောင်း၊ မယူစားဝိမလပညာရှိအား ကြည်းတပ်ကို အပ်နှင်း၍ လည်းကောင်းတိုက်ခိုက်စေခဲ့ရာ၊ စစ်ပွဲကိုချောမောအောင်မြင်ခဲ့လေသည်။ မဟာပညာကျော် အမတ်ကြီးသည် လျှောက်ထုံးပေါင်းများစွာကိုပြဋ္ဌာန်းနိုင်ခဲ့၍၊ မဟာပညာကျော်ဖြတ်ထုံးအဖြစ် ထင်ရှားခဲ့သည်။ သက္ကရာဇ်(၉၅၉)ခုတွင် တောင်ငူ မင်းရဲကျော်ထင်က ဘုရင်မင်းရာဇာကြီးထံ စစ်ကူတောင်းခံလာရာမင်းရာဇာကြီးသည်သက္ကရာဇ် (၉၆၀)ပြည့်နှစ်တွင် ကုန်းတပ်၊ ရေတပ်တို့ဖြင့်ချီတက်တိုက်ခိုက် လေရာအောင်မြင်ခဲ့သည်။ တဖန်ယိုးဒယားမင်း ဗြနရစ်က ဟံသာဝတီကိုထိပါးလာပြန်ရာမင်းရာဇာကြီးသည်နေပြည်တော်သို့မပြန်သေးဘဲ၊ ယိုးဒယား ကိုနှိမ်နင်းခဲ့ရပြန်သည်။ မင်းရာဇာကြီး သည် ဆက်သရရှိသည့် လက်ဆောင်ပဏ္ဏာများဖြင့် မြောက်ဦးရွှေမြို့တော်သို့ အပြန်ခရီး မော်တင်စွန်းသို့ အရောက်တွင် အမတ်ကြီးမဟာပညာကျော်မှာ များစွာနာမကျန်းဖြစ်ပြီး ကွယ်လွန်လေသည်။ ကွယ်လွန်သည့်နေရာ၌ပင် မင်းခမ်းမင်းနားဖြင့် သင်္ဂြိုဟ်ပြီး အမှတ်တရစေတီတော် တစ်ဆူတည်ထားခဲ့သည်။ ၄င်းစေတီကို ယနေ့တိုင် မော်တင်စေတီဟု ခေါ်ဝေါ်လျက် ရှိကြလေသည်။


(ဂ) ဇန္တာတ်လက်ျာပျံချီစစ်သူကြီး။ မြောက်ဦးခေတ် ဘုရင့်တပ်တော်မှစစ်သူကြီးကို ဇန္တာတ်ဟုခေါ်သည်။ ရခိုင်သမိုင်းနှင့် ကျောက်စာများတွင် ဇန္တာတ်လက်ျာပျံ ချီ၊ဇန္တာတ်စစ်သူကြီး၊ဇန္တာတ်လေးကိုင်၊ ရှိတင်ဇန္တာတ်၊ ရေ တပ်/ကုန်းတပ်ဇန္တာတ် ဟူ၍တွေ့ရသည်။ ဇန္တာတ်ရာထူးသည် စစ်သူကြီး (ဗိုလ်မှူးကြီး) အဆင့်ရှိ၍၊ မင်းနေပြည်တော်လုံခြုံရေးကို တာဝန်ယူရသည်။မင်းကြီးညီလာခံတွင်မူကုန်း ဇန္တာတ် ငါးယောက်နှင့် ရေ ဇန္တာတ် လေးယောက်တို့ တက်ရောက်ကြရသည်။ ဇန္တာတ်၏ အဓိပ္ပာယ်မှာ စစ်သူကြီးဖြစ်၍၊ လက်ျာပျံချီမှာဘွဲ့ဖြစ်သည်။ ပျံချီဘွဲ့ကို စစ်ရေးပြိုင်ပွဲကျင်းပပြီး ဘုရင်မင်းမြတ်ကိုယ်တိုင် လက်ဝဲဘက်သန်သူကို လက်ဝဲပျံချီဘွဲ့၊ လက်ျာဘက်သန်သူကို လက်ျာပျံချီဘွဲ့ကို ချီးမြှင့်ပေးတော်မူသည်။

ဒြတိယလက်အောက်ခေတ်

(က) အိန္ဒိယဗုဒ္ဓသာသနာ့မီးရှူးတန်ဆောင် အသွင်စန္ဒမကို။ ရခိုင်ပြည်၊ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊

ပေါက်ပင်ကွင်း ကျေးရွာ၌ ဦးကျော်အောင် + မိဝင်းယေတို့မှ ၁၂၃၇-ခုနှစ် ကဆုန်လပြည့်ကျော် ၆-ရက် (၂၅-၅-၁၈၇၅) အင်္ဂါနေ့တွင်မွေးဖွားသည်။ ၁၉၀၅ -ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ပုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း စတင်ဆောက်လုပ်ရန်စီမံသည်။ ၁၉၀၈-ခု နှစ်တွင် မိဂဒါဝုန်ပုဒ္ဓဘာသာအဖွဲ့ကို ထူထောင်သည်။ ၁၉၂၀-ခုနှစ်ကုသိနာရုံကျောင်းတိုက်၏ ပဓာန နာယက တာဝန်ယူသည်။ ပုဒ္ဓကျမ်းစာပေါင်းများ စွာကို ဟိန္ဒူဘာသာသို့ ပြန်ဆိုတော်မူပြီး၊ ကျမ်းအချို့ကို သင်္ကတဘာသာမှ မြန်မာဘာသာသို့ပြန်ဆိုတော်မူခဲ့သည်။ ၁၉၃၀-ခုနှစ်တွင် မဇ္ဈိမဒေသ သံဃာ့အဖွဲ့ကို ဖွဲ့စည်းပြီး၊ ၁၉၅၄-ခုနှစ်တွင်မြန်မာနိုင်ငံ၌ ကျင်းပသည့် ဆဋ္ဌသံဂါယနာ တင်ပွဲသို့ အိန္ဒိယနိုင်ငံကိုယ်စား ကြွရောက်ချီးမြှင့်တော်မူသည်။ ၁၉၅၅-ခုနှစ် နီပေါဘုရင်ဦးစီး ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပုဒ္ဓဘာသာဝင်များအစည်းအဝေးသို့ ကြွရောက်ချီးမြှင့်ပြီး၊ ၁၉၅၆-ခုနှစ်တွင်သာသနာနှစ် (၂၅၀၀)ပြည့် အထိမ်းအမှတ် ပုဒ္ဓပူဇနိယပွဲတော်ကိုအိန္ဒိယ နိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် စတင်ကျင်းပသည်။ အိန္ဒိယနိုင်ငံ၊ တရားရေးဝန်ကြီး၊ ဥပဒေပါရဂူ ဒေါက်တာအမ်ဘေဒကာ နှင့် ဟိန္ဒူဘာသာဝင် သိန်းပေါင်းများစွာကိုပုဒ္ဓဘာသာသို့ ကူးပြောင်းစေနိုင်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယသားတို့က ဆရာတော်ကြီးအား 'စန္ဒြမဏိဘာဘာ 'ဟုချစ်မြတ်နိုးစဖွယ်ခေါ်ဝေါ်ကြသည်။ဆရာတော်ကြီး သည် အိန္ဒိယနိုင်ငံတော်၏ 'ရှေးဦးဓမ္မအာဇာနည်' ပုဂ္ဂိုလ်ထူးဖြစ်ပြီး၊ အိန္ဒိယအစိုးရက 'ဂုရုဂုရုမဟာဂုရု' ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းကို ခံယူတော်မူခဲ့သည်။ ၈-၅-၁၉၇၂ နေ့ တွင်ဘဝနတ်ထံပျံလွန်တော်မူရာ၊ အိန္ဒိယနိုင်ငံ အစိုးရ၏ လွှတ်တော်နှစ်ရပ်စလုံးက ဆရာတော်ကြီး ပျံလွန် တော်မူသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ခဲ့ကြသည်။ကမ္ဘာ့နိုင်ငံ ပေါင်း(၃၂)နိုင်ငံမှ ဝမ်းနည်းခြင်းဝန္ဒနာပြုသောအားဖြင့် သံကြိုးစာ(၅၆၉) စောင်၊ရိုးရိုးစာ(၇၀၉) စောင် ပေးပို့ခဲ့ကြသည်။

(ခ) လွတ်လပ်ရေးမီးရှူးတန်ဆောင် အာရှနေဝန်း အသျှင်ဦးဥတ္တမ။ စစ်တွေမြို့၊ ရှုပရပ်ကွက်၌ ၁၈၈၀-ခုနှစ်တွင် မွေးဖွားခဲ့ပြီး ဆယ်မြောက်တန်းအောင် ဖြစ်သည်။ မြန်မာ နိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် နိုင်ငံတကာသို့ လှည့်လည် သွားရောက်ကြိုးပမ်းခဲ့သည်။ ၁၉၁၄-ခုနှစ်က 'ဂျပန်ပြည်' စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် 'ဘုရားသခင်နှင့်စစ်ကြီး' စာအုပ်ကို ဘာသာပြန်ပုံ နှိပ်ခဲ့ရာ အစိုးရ၏ ဖမ်းဆီး ပိတ်ပင်ခြင်းခံရသည်။ ၁၉၂၀-ခုနှစ်တွင် မြန်မာနိုင်ငံကို



လွတ်လပ်ရေး မီးရှူးတန်ဆောင် အသျှင်ဥတ္တမ

အိုင်ယာလန်ကဲ့သို့ မဖြစ်ရအောင်ကယ်တင်ရန်အတွက် ဘုရင် ခံSir Reginald Creddock မြန်မာနိုင်ငံမှထွက်သွားရန် စာတစ်စောင်ရေး သားဖြန့်ဝေခဲ့သည်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်အစည်းအဝေးများသို့တက်ရောက်ပြီး ပုဒ္ဓဘာသာ အရေးနှင့် မြန်မာနိုင်ငံလွတ်လပ်ရေးတို့အတွက် စွမ်းဆောင်ခဲ့သည်။၁၉၂၉-ခုနှစ် ဇွန်လတွင် နန်ကင်းမြို့၌ပြုလုပ်သည့် ဒေါက်တာဆွန်ယက်ဆင်၏ အသုဘအခမ်းအနားသို့အိန္ဒိယ အမျိုးသားကွန်ဂရက်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၃၂-ခုနှစ်တွင် ဆရာတော်က နိုင်ငံခြားသို့သွား ရောက်ရန် နိုင်ငံကူးလက်မှတ်တောင်းဆိုခဲ့ရာ အစိုးရက ထုတ်မပေးခဲ့ချေ။ နိုဝင်ဘာလကလည်း ဂျာမနီနိုင်ငံသို့ သွား ရောက်ရန် နိုင်ငံကူးလက်မှတ်တောင်းဆိုခဲ့ရာ ပယ်ချခံခဲ့ရပြန် သည်။ 'ဦးဥတ္တမသည်ထက်မြက်သော ဉာဏ်စွမ်းရှိရုံမျှမက အင်အားကြီးမားပြီး တွန်းအားလည်းကြီးမားလှသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ သူသည်ပြောမကုန်နိုင်လောက် အောင် စိတ်ထားသန်မာခက်ထန်ပြီး အလွန်အကျွံခေါင်းမာသူတစ်ဦး ဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ကြိုးပမ်းရာတွင် ဖြစ်နိုင်သည့် နည်းလမ်းအားလုံး ဖြင့်လုပ်မည့်သူ ဖြစ်သည်။ နိုင်ငံရေး လူထုများအတွင်း အများကြိုက်၊ ပို့တိုင်းကြိုက်ဖြစ်နေခြင်း၊

သက်နိုးဝတ်လျက်နေခြင်း၊ အလွန်အစွန်းရောက်သော အယူများရှိနေ ခြင်းစသည်တို့ကြောင့် သူသည်မြန်မာနိုင်ငံတွင် အန္တရာယ် အကြီးမားဆုံးသော နိုင်ငံရေးဆူပူ လှုံ့ဆော်သူ အစစ်အမှန်ပင် ဖြစ်နေပါသည်' ဟု (C.I.A. Burma) ထောက်လှမ်းရေးဌာန (အင်းစိန်)၏ လျှို့ဝှက်မှတ်တမ်းတွင် ဖော်ပြထားကြောင်း သိရသည်။ သို့သော်အိန္ဒိယပညာရှင်ကြီး ဆရာကြီး ဂိုအင်ကာကမူ **'အသင်သည် ထူးကဲသောဥတ္တမ၊ ထိုနည်းတူ အကျွန်ုပ်တို့လည်း ဥတ္တမ ဖြစ်ပါစေ'** ဟုဂုဏ်ပြုထားပါသည်။ နှစ်စဉ် စက်တင်ဘာလ ၉-ရက်နေ့သည် ကျေးဇူးရှင် **အသျှင်ဥတ္တမနေ့** ဖြစ်ပါသည်။

ပျက်မောက်ခေတ်

(က) အသျှင်ဉာဏိသရ။ ရခိုင်ပြည်၊စစ်တွေခရိုင်၊ မင်းပြားမြို့နယ်၊ ဇီးပင်ကြီးကျေးရွာ၌ဖွားမြင်သည်။ ၁၉၆၃-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်း တိုက်သို့ရောက်ရှိပြီး စာပေပညာများသင်ယူကာ ၁၉၇၃-ခုနှစ်တွင်(B.A)ဘွဲ့၊ ၁၉၇၄-ခုနှစ်တွင်(M.A) (သမိုင်း)ဘွဲ့၊ ၁၉၇၅-ခုနှစ်တွင်(Ph.D, Pali Sahitro-ratana)ဘွဲ့တို့ကိုရရှိသည်။(Tibetan) (ဒီပလိုမာ) (LLB, Law)နှင့် (BAMS)(ရိုးရာဆေးပညာ) ဘွဲ့တို့ကိုလည်း ရရှိသည်။ ၁၉၇၂-ခုနှစ်တွင် ကုသိနာရုံ ဆရာတော်အဖြစ် သီတင်းသုံးပါသည်။ ဆရာတော်ကြီးအသျှင်စန္ဒိမဏိ ချမှတ်ခဲ့သည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ပြီး၊ ဆရာတော်သည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃအသင်း၊ ဗုဒ္ဓဘာသာလူငယ်အသင်းတို့၏နာယကချုပ်အဖြစ်လည်းကောင်း၊ အိန္ဒိယနိုင်ငံရောက် မြန်မာရဟန်းတော်များ(ပရဒေသီသံဃနာယကအဖွဲ့)၏နာယကအဖြစ် လည်းကောင်း ထမ်းဆောင်တော်မူလျက်ရှိသည်။ မြန်မာနိုင်ငံ အစိုးရမှဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ခံယူထားပါသည်။

(ခ) အသျှင်ဝဏ္ဏဓဇ။ စစ်တွေခရိုင်၊ မင်းပြားမြို့၊ ကြံတောကျေးရွာတွင် ဖွားမြင်သည်။ ၁၉၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံ ကျောင်းတိုက်သို့ ရောက်ရှိပြီး ပညာသင်ယူခဲ့ရာ၊ ၁၉၈၂-ခုနှစ်တွင် ဗာရာဏသီမြို့(Sampurnanad Sanskrit University)မှ(M.A)ဘွဲ့ကိုရရှိသည်။ ၁၉၈၇-ခုနှစ်တွင် မိဂဒါဝုန်ဓမ္မစက္ကဝိဟာရကျောင်းတိုက်၏ စတုတ္ထမြောက် ဆရာတော်အဖြစ် သီတင်းသုံးတော်မူသည်။ ကျောင်းတိုက်အတွင်း အပြင်ပြုပြင် ဆောင်ရွက်ခြင်း၊ သက္ကနိမ္မိတာရုံ ကျောင်းတိုက်တည်ထောင်ခြင်း၊ ဦးစန္ဒြမဏိဖောင်ဒေးရှင်းကိုဦးစီးတည်ထောင်ခြင်း၊ ဦးစန္ဒြမဏိအထက်တန်းကျောင်းသစ်ကြီးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ကူဋ္ဌာဂါရဝိဟာရကိုတည်ထောင်ခြင်း၊Chandramani Road လမ်း ကိုဖွင့်လှစ်ခြင်း၊မင်းပြားမြို့နယ်၊ဇာတိမြေ၌ အခြေခံပညာအလယ်တန်းကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်းတို့ကိုအောင်မြင်စွာဆောင်ရွက်ပြီးဖြစ်သည်။ ဆရာတော်သည် ဆရာတော်ကြီးများချမှတ်တော်မူခဲ့သည့် သာသနာပြုလုပ်ငန်းရပ်များနှင့် အတူ အိန္ဒိယနိုင်ငံရောက် မြန်မာရဟန်းတော်များ(ပရဒေသီ သံဃနာယကအဖွဲ့)အကျိုးတော်ဆောင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရက ဆက်ကပ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇနှင့် 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့ တံဆိပ်တော်တို့ကို ခံယူထားပါသည်။

နိုင်ကျော်ကျော်

ဗုဒ္ဓဝါဒသည် (နေ) နှင့် (လ) ရှိနေသမျှ
ဤကမ္ဘာပေါ်၌ (လူ) ရှိနေသမျှ ကာလပတ်လုံး
တည်ရှိသွားမည့် ဘာသာတရားဖြစ်သည်။

Bandaranaike, Prime Ministery of Srilanka

ပျောက်ကွယ်လုဆဲ သာသနာမှသည်

အရှင်ဓမ္မစက္က(သာသနဓဇဓမ္မာစရိယ)

မြတ်ဗုဒ္ဓသည် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀) ကျော်က လောကသားတို့၏ အကျိုးစီးပွားအလို့ငှာ သာသနာတော်ကြီးကို တည်ထောင်တော်မူခဲ့ပေသည်။ သို့သော် တစ်ချိန်ကနေမင်း၏အရောင်ကဲ့သို့ ထွန်းလင်းတောက်ပခဲ့သော မြတ်ဗုဒ္ဓ၏ သာသနာတော်သည် အချို့သောဒေသများ၌ နေဝင်တောင်သို့ ဦးတည်နေသည်။ နေဝင်တောင်သို့ လုံးဝမရောက်သေးသော်လည်း နေဝင်တောင်သို့သွားရာ အမှောင်လမ်းကြောင်းဆီသို့ ခရီးဆက်နေသည်။ ဝင်လုဆဲ နေမင်း၏အရောင်ကဲ့သို့ ဖြစ်နေသည်ကို စိတ်မကောင်းစွာဖြင့် မြင်တွေ့နေရ၏။ ဤအနိဋ္ဌာရုံများသည် ဗုဒ္ဓဘာသာဝင်များအတွက် ရင်နာဖွယ်ရာ ကြီးမားသော တုန်လှုပ်ချောက်ချားဖွယ် တစ်ခုဖြစ်ပေသည်။

အထူးသဖြင့် မြတ်ဗုဒ္ဓ၏ သာသနာတော်နှင့် ပတ်သက်၍ ရင်နာဖွယ်ရာ ကြောက်မက်ဖွယ်ရာ ကောင်းသည်မှာ အိန္ဒိယနိုင်ငံ၏ သာသနာပင် ဖြစ်ပေသည်၊ မှန်ပေသည်။ အိန္ဒိယဟုဆိုလိုက်သည်နှင့် ဗုဒ္ဓဘာသာဝင်များ၏ ရင်ထဲ အသိထဲတွင် ဗုဒ္ဓ၏ဂုဏ်တော်များ အမွေအနှစ်များသည် ယနေ့ထိ ရှင်သန်နေကြပေသည်။ စင်စစ်သော် အိန္ဒိယနိုင်ငံသည် ဗုဒ္ဓ၏ အမွေအနှစ်များ သာသနာ့အဆောက်အအုံများ ကိန်းဝပ်တော်မူသောကြောင့် မြင့်မြတ်သော သာသနာ့ အောင်မြေများကို ပိုင်ဆိုင်ခွင့်ရသော နိုင်ငံတစ်ခုဖြစ်ပေသည်။ ဗုဒ္ဓရှိတော်မူစဉ်က အိန္ဒိယနိုင်ငံ၏ သာသနာနှင့် ဗုဒ္ဓပရိနိဗ္ဗာန် ဝင်စံပြီးနောက် သာသနာသည် အလင်းနှင့် အမှောင်၊ မြေကြီးနဲ့ ကောင်းကင်ကဲ့သို့ ကွာဟနေပေသည်။ ဤမြင်ကွင်းသည် ကောင်းသော မြင်ကွင်းမဟုတ်ပေ။ ဗုဒ္ဓရှိတော်မူစဉ်က သာသနာနှင့် ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံပြီးနောက် သာသနာသည် အဘယ်ကြောင့် ယခုကဲ့သို့ ကြီးကြီးမားမား ကွာဟနေရပါ သနည်း။ ဗုဒ္ဓနှင့် ဗုဒ္ဓတရားတော်ကို တန်ဖိုးထားသူတိုင်း မှန်ကန်သော အဖြေတစ်ခုရရှိရန် ကြိုးစားရမည့် အချိန်ပင် ဖြစ်ပေသည်။

ဤနေရာ၌ စာရေးသူအထင်ကို တင်ပြရပါမူ ထိန်းသိမ်းစောင့်ရှောက်ခြင်း တာဝန်ဟု ထင်မြင်မိပါသည်၊ မှန်လေသည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အသင်း အဖွဲ့အစည်းစသော လုပ်ငန်းများ၌ အလွန်အရေးကြီးပေသည်။ အသင်းအဖွဲ့အစည်းတစ်ခု ရေရှည်ရပ်တည်နိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းအပိုင်းကို အရေးကြီးသောကဏ္ဍအဖြစ် သတိကြီးစွာထား၍ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အဖွဲ့အစည်းတစ်ခုမှာ ထိန်းသိမ်းရေး ညှဉ့်ဖျင်းခြင်း၊ အတွေ့သမားများ များပြားလာခြင်း၊ အယုံအကြည်နည်းပါးလာခြင်း စသည့်အကြောင်းအရာများ များလာလျှင် ယင်းအဖွဲ့အစည်းသည် မုချပြိုကွဲ ပျက်စီးမည်ဖြစ်ပေသည်။

ပမာဏအားဖြင့် Date ပေးထားခြင်းခံရသော ကင်ဆာရောဂါရှင်သည် ယင်းရောဂါပျောက်ကင်း သက်သာမည့်ဆေးကို ပုံမှန်မှီဝဲရပေမည်။ သို့မဟုတ်ပါက ရောဂါ၏ ကြမ်းတမ်းသော နှိပ်စက်ခြင်းနှင့်အတူ သတ်မှတ်ချိန်သို့ မရောက်မီပင် သေနိုင်ပေမည်။ အကယ်၍ ဆေးကို ပုံမှန်မှီဝဲပါလျှင် ရောဂါသက်သာမည်။ သတ်မှတ်ချိန် (သို့) ထို့ထက် ကျော်လွန်စွာလည်း နေနိုင်ပေမည်ဖြစ်ပေ၏။ ယင်းသို့လူနာကို ဆေးဖြင့် စောင့်ရှောက်ခြင်း၊ အသင်းအဖွဲ့အစည်းကို သက်ဆိုင်သူများမှ ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို အဓိကအနေဖြင့် လုပ်ဆောင်ကြရမည်၊ သို့မှသာ ယင်းတို့၏ ရေရှည်အနာဂတ်ကို လှုပခိုင်ခံ့စေမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ဗုဒ္ဓ၏အဖြစ်ကို ခံယူသည့်နေ့မှ စ၍ (၄၅)နှစ်တာကာလပတ်လုံး မနားမနေ ကြိုးစားတည်ထောင်တော်မူသော အိန္ဒိယနိုင်ငံ၏ သာသနာသည် ဗုဒ္ဓရှိတော်မူစဉ်သာ အောင်မြင်ခဲ့သည်။ ဗုဒ္ဓပရိနိဗ္ဗာန်ဝင်စံပြီးနောက်မှာကား ပျက်စီးဆုံးရှုံးခြင်းများသို့ အတားအဆီးမဲ့ရွေ့လျားနေခဲ့သည်။ ကြက်သီးမွေးညှင်း ထစရာဖြစ်ပေ၏။

အနည်းငယ် ရှင်းလင်းဦးအံ့၊ အဓမ္မဝါဒီများသည် မြတ်ဗုဒ္ဓရှိတော်မူစဉ်အခါကပင် ပရထက် အတွက်ကို လွှမ်းမိုးရန် ကြိုးစားကြခြင်းများရှိနေသည်။ အမျိုးမျိုးသော နည်းပရိယာယ်များဖြင့် တိုက်ခိုက်မှု များလည်းရှိနေ၏။ သို့ဆိုလျှင် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး အခါ၌ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ပဲ့ထိန်းမဲ့လှေ၊ အတားအဆီးမရှိသော ရေစီးကြောင်းကဲ့သို့ ဖြစ်ခဲ့သည်မှာ အံ့ဩစရာမဟုတ်ပေ။ ဗုဒ္ဓသက်တော်ထင်ရှားရှိတော်မူစဉ်က အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓ၊ ဓမ္မအပေါ် ယုံကြည်သူများ ပွားများပါ၏။

ထိုသူတို့၏ နှလုံးသားသည်လည်း အလွန်နူးညံ့ပေ၏။ အရာရာမှာ သဘောထားကြီးဟန်တူပေသည်။ ဤသည်ကို အခွင့်ကောင်းယူပြီး အဓမ္မ ဝါဒီများသည် သူတို့၏ ဝါဒကို လွှမ်းမိုးရန် ဘက်စုံထောင့်စုံမှ ကြိုးစားလာခဲ့ကြသည်။

သဘာဝဘေးအန္တရာယ်များလည်း မကြာခဏ ဆိုသလို နှောင့်ယှက်မှုများရှိလာပေသည်။ အနှောင့်အယှက် အဖျက်အဆီး အန္တရာယ်များကြားတွင် အိန္ဒိယနိုင်ငံ၏ သာသနာကား ပျက်စီးဆုံးရှုံးခြင်းများနှင့်အတူ အမှောင်ဖုံးလွှမ်းခဲ့ရသည်။ ဤသည်ကို သခ်ါရဟုဆိုမည်လော။ နေထွက်ပြီး နေဝင်ခြင်းသည် သဘာဝဟု ဆိုသည်မှာ မှန်ပေ၏။ သို့သော် နေဝင်ခြင်း၏နောက်တွင် လမင်း၏ အလင်းရောင်ကို ရရှိနေမည်ဆိုပါက ပကတိ လူသားများသည် မျက်ကန်းတစ်ယောက်ထက် သာလွန်သော လှုပ်ရှားမှုကို ကောင်းစွာဖန်တီးနိုင်မည် ဖြစ်ပေသည်။ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမဏိသည် အိန္ဒိယသာသနာ၏ အမှောင်ကျဆင်းနေမှုများကို လမင်း၏ အရောင်ကဲ့သို့ အလင်းရောင် ပေးစွမ်းသော အရှင်သူမြတ်ဟု စာရေးသူ တင်စားပါ၏။

ထိုအရှင်သူမြတ်သည် ရခိုင်ပြည်ဖွား မြန်မာ ဘုန်းကြီးတစ်ပါးဖြစ်သည်။ ထိုအရှင်သူမြတ်၏ နှလုံးသားထဲတွင် ဗုဒ္ဓ၏သာသနာသည် အစဉ် ကိန်းအောင်းနေသည်ဟု ဆိုရပေမည်။ သာသနာတော်၏ တိုးတက်ရာတိုးတက်ကြောင်းကို ဆောင် ရွက်ရန် အလိုရှိသည်မှာလည်း သာသနာတော်အတွက် ဂုဏ်ယူစရာပင်။ ထိုအရှင်သူမြတ်သည် ငယ်ရွယ်စဉ်ကပင် ဗုဒ္ဓစာပေများကို သင်ယူရာတွင်လည်း အတိတ်ပါရမီထူးကဲမှုကြောင့် အခက်အခဲမရှိ သင်ကြားတတ်မြောက်ခဲ့ပေသည်။ ထို့ပြင် သာသနာ့တာဝန်ကို ဆောင်ရွက်ခွင့်ရရှိရေး ဟူသော အာသီသဖြင့် အချိန်တစ်ခုဆီသို့ မျှော်လင့်နေပေ၏။ ဆရာတော်ဘုရား၏ ဆန္ဒသည် သိကြားမင်း ဖန်ဆင်းအပ်သည့်အလား အံ့သြဖွယ် ပြည့်စုံလာခဲ့၏။

အချိန်အားဖြင့် (၁၈၈၉/၉၀)ဝန်းကျင်ဖြစ်ပေမည်။ အနောက်မဇ္ဈိမဒေသတွင် ဗုဒ္ဓသာသနာ၊ ဗုဒ္ဓအဆောက်အအုံများ မြင်မကောင်း၊ ကြားမကောင်းအောင် ပျက်စီးဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်နေရသောအချိန် ဖြစ်ပေသည်။ ယင်းအချိန်တွင် သာသနာတော်၏ တိုးတက်ရာ တိုးတက်ကြောင်းကို အလိုရှိတော်မူကြသော သာသနာတော်၏ တိုးတက်ရေးနှင့် တိုးချဲ့ဖွံ့စည်းရေးအဖွဲ့မှ ယင်းတာဝန်ကို ထမ်းဆောင်ရန် အကျင့်သိက္ခာ၊ ပညာ၊ သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသော သာမဏေတစ်ပါးကို အပူတပြင်း လိုက်ရှာနေကြသော အချိန်ပင်ဖြစ်ပေသည်။ ယင်းအဖွဲ့အစည်းသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ရောက်ရှိလာကြသည်။ ထို့နောက် ရခိုင်ပြည်နယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးကြပေသည်။ တွေ့ဆုံဆွေးနွေးအပြီးမှာ ဘဒ္ဒန္တစန္ဒိမဏိလောင်းလျာ ရှင်စန္ဒသည်လည်း ဝမ်းသာအားရဖြစ်ပြီး ပေးအပ်လာသော တာဝန်ကို ချက်ချင်းပင် လက်ခံလိုက်၏။ ယခုကဲ့သို့ ကြီးလေးသော တာဝန်တစ်ခုကို လက်ခံခြင်းသည် သာမဏေတစ်ပါး အနေဖြင့် ရဲတင်းလွန်းသည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား ဆရာတော်လောင်းလျာ၏ အသက်မှာ ဆယ်ကျော်သက်မျှသာ ရှိသေး၏။ ယင်းအချိန်တွင် အိန္ဒိယနိုင်ငံအတွင်း၌ သာသနာရေး အစွန်းရောက် အဓမ္မဝါဒများသည် သူတို့၏ဝါဒကို လွှမ်းမိုးရန် လက်နက်ဆွဲရင်း ကြိုးစားနေကြသောအချိန် ဖြစ်ပေသည်။ တစ်ဖန် သဘာဝဘေးအန္တရာယ်များမှာလည်း မညှာမတာ တိုက်ခိုက်ဖျက်ဆီးနေကြသည့်အချိန်ဖြစ်၏။ ယင်းကဲ့သို့ သက်ရှိသက်မဲ့ အန္တရာယ်များကြောင့်ပင် ဆရာတော်လောင်းလျာ၏ ဆုံးဖြတ်ချက်သည် ရဲတင်းလွန်းသည် ဟု ဆိုရခြင်းဖြစ်ပေသည်။

ဆရာတော်လောင်းလျာသည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တော်ကို (၁၈၉၀) ခုနှစ်၊ နိုဝင်ဘာလတွင် ကြွရောက်တော်မူသည်။ အခက်အခဲအနှောင့်အယှက် အမျိုးမျိုးကြားမှ ပညာရေးကို ကြိုးစားသင်ယူသည်။ ထို့နောက် သာသနာ့တာဝန်များကို စတင်၍ ထမ်းဆောင်လေသည်။ အခက်အခဲ အနှောင့်အယှက်များ မကြာခဏ ကြုံရတတ်သလို အဓမ္မဝါဒီများ ရန်ရှာခြင်း၊ သဘာဝဘေးအန္တရာယ်များ၏ အနှောင့်အယှက်ပေးခြင်းများရှိနေ၏။ ဆရာတော်သည် ထိုအခက်အခဲဘေး အန္တရာယ်များကို ကြံ့ကြံ့ခံသည်။ အသက်ဘဝနဲ့ရင်း၍ ပေးဆပ်ခဲ့သည်။ အန္တရာယ်အတားအဆီးများ မည်မျှပင် ကြုံတွေ့ရပါသော်လည်း ဆရာတော်လောင်းလျာ၏စိတ်သည်ကား တုန်လှုပ်ခြင်း အလျဉ်းမရှိ၊ သာသနာအတွက် ပို၍ပို၍ ကြိုးစား၏။

ရဲရင့်သူတို့၏စိတ်သည် မည်သည့်အခက်အခဲကိုမဆို ကျော်ဖြတ်ရန် အသင့်ရှိနှင့်နေသည်။ ဆရာတော်၏ စိတ်သည်ကား မာကျောလှပေ၏။ သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံသော ဆရာတော်သည် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ရသော်လည်း မိမိ၏ ကြီးမားသော ရည်ရွယ်ချက်ဖြစ်သော ဤသာသနာ

ပြုလုပ်ငန်းကြီးကို စွန့်လွှတ်ရန် လုံးဝဆန္ဒမရှိပေ။ မြတ်ဗုဒ္ဓ တည်ထောင်ခဲ့သော သာသနာတော်၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ငါ ပါဝင်မည် ဟူသော ဆုံးဖြတ်ချက်ကား အလွန်ပင်ကြည်ညိုစရာ၊ အတုယူ အားကျစရာဖြစ်လှပါပေ၏။ ဤသည်မှာ ဆရာတော်ဘုရား၏ အတွင်းထက် ပရကို အားသန်ခြင်းပင်ဖြစ်သည်။ ဆရာတော်ဘုရားသည် အထူးသဖြင့် အိန္ဒိယနိုင်ငံ၏သာသနာ့တာဝန်ကို ဆယ်ကျော်သက် အရွယ်သာမဏေမှသည် ပျံလွန်တော်မူသည့်(၁၉၇၂) ခုနှစ် တိုင်အောင် မနားမနေ ကြိုးစားဆောင်ရွက်တော်မူခဲ့သည်ကို မှတ်တမ်းများအရ သိရှိရပေသည်။ ဆရာတော်ဘုရားသည် ဗြဟ္မစိုရ်တရားနှင့်အညီ ကျင့်ကြံကြိုးစားခဲ့ရာ ဆရာတော်ဘုရား၏ သာသနာပြု ရှေးဦးလုပ်ငန်းမှာ အောင်မြင်မှုများစွာ ရရှိခဲ့ပေသည်။ ဤသည်မှာ သံသယဖြစ်စရာ မလိုအောင် အိန္ဒိယနိုင်ငံတွင် သမိုင်းသက်သေအဖြစ် ယခုထိ တည်ရှိနေပေသည်။

ဆက်ပါဦးအံ့။ ဆရာတော်ဘုရားသည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တော်သို့ ရောက်ပြီးနောက် ၁၉၀၅-ခုနှစ်ကစ၍ မြန်မာဘုန်းကြီးကျောင်းများကို တည်ထောင်ခြင်း၊ မိဂဒါဝုန်ဗုဒ္ဓသာသနာအဖွဲ့ကို ဖွဲ့စည်းခြင်းများကို ပြုခဲ့သည်။ တစ်ဖန် သာသနာ့အဆောက်အအုံများ၊ ယိုယွင်းပျက်စီးနေသော စေတီပုထိုးများကို ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများကို အထူးကြိုးစားဆောင်ရွက်ခဲ့၏။ (၁၃၅၄)ခုနှစ်တွင် အိန္ဒိယအစိုးရ၏ ယုံကြည်လေးစားမှုများကို ရယူနိုင်ခဲ့ပြန်သည်။ ထို့နောက် အိန္ဒိယအစိုးရ၏ အကူအညီများ ရယူကာ ဆင်းရဲသော ကလေးသူငယ်များ ပညာန္ဓိသောက်စို့နိုင်ရန် ရည်ရွယ်ချက်ဖြင့် 'စန္ဒြမဏိ'ဟူသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို ခန့်ညားထည်ဝါစွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့နောက် ကုသိနာရုံဒီဂရီ ကောလိပ်ကျောင်းကိုလည်း ဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ပြန်၏။ အထူးသဖြင့် ဆရာတော်ဘုရား၏ ကြီးမားသော မေတ္တာဓာတ်ကို ခိုလှုံခွင့်ရရှိခဲ့ပြီးဖြစ်သော အိန္ဒိယနိုင်ငံမှ ဘာသာရေးအစွန်းရောက်(အဓမ္မဝါဒီ)သမား ထောင်ပေါင်းများစွာတို့ကို ဗုဒ္ဓဘာသာအဖြစ် ခံယူစေသည်။ တစ်ဖန် ဘာသာရေးအစွန်းရောက်ဇာတ်နိမ့်များ၏ ခေါင်းဆောင် Dr. Ambedkar နှင့်တကွ လူပေါင်း နှစ်သိန်းတို့မှာ ဆရာတော်ဘုရား၏ထံတော်၌ ဝပ်စင်းကာ ဗုဒ္ဓဘာသာအဖြစ် ခံယူကြခြင်းစသည့် သာသနာပြုလုပ်ရပ်များသည် အိန္ဒိယနိုင်ငံ၌အကြီးကျယ်ဆုံး သာသနာ့အောင်ပွဲကြီးအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ပေသည်။

အချုပ်ဆိုရသော် အိန္ဒိယနိုင်ငံ၏သာသနာသည် ဒုတိယကမ္ဘာစစ်စသော သဘာဝဘေးအန္တရာယ်၊ အစွန်းရောက်ဝါဒီများ၏ အနှောင့်အယှက် အတားအဆီးအမျိုးမျိုးကြားတွင် ပျောက်ကွယ်လုဆဲ ဖြစ်ခဲ့ရပေသည်။ ဆရာတော်ဘုရားကြီးသည် အိန္ဒိယနိုင်ငံ၌ မြတ်ဗုဒ္ဓ၏ ပျောက်ကွယ်လုဆဲသာသနာတော်ကို ပျောက်ကွယ်မသွားစေရန် အခက်အခဲမျိုးစုံ လောကဓံ ဒုက္ခအဖုံဖုံတို့ကို ကြံ့ကြံ့ခံကာ ဗုဒ္ဓသားတော်ပီသစွာဖြင့် မားမားမတ်မတ် သာသနာတော်အတွက် ရပ်တည်လျက် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့် ယခုအချိန်တွင် အိန္ဒိယနိုင်ငံ၌ ထေရဝါဒသာသနာကို ဖူးတွေ့နေကြရသည်။ ကြည်ညိုနေကြရသည်။ ထေရဝါဒမြန်မာဘုန်းကြီးကျောင်းများကို ခန့်ညားစွာ မြင်တွေ့နေကြရသည်။ ဗုဒ္ဓ၏ ဆင်းတုတော်ပုထိုးတော်များကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ခွင့်ရကြသည်။ နိုင်ငံတကာမှ ဗုဒ္ဓဘာသာဝင်များနှင့် ဘာသာရေးသုတေသီများအနေဖြင့်လည်း ဘုရားဖူးခွင့် လေ့လာခွင့်များကို ရရှိကြသည်။

စင်စစ်အားဖြင့် ဤအရှင်သူမြတ်သည် ဗုဒ္ဓ၏ သာသနာတော်အတွက်လည်းကောင်း၊ အမှောင်ဖုံးပြီး ပျောက်ကွယ်လုဆဲဖြစ်နေသော အိန္ဒိယနိုင်ငံ သာသနာတော်အတွက်လည်းကောင်း၊ အထူးပင် ကျေးဇူးကြီးမားလှပါသည်။ တစ်နည်းအားဖြင့် ဆရာတော်ကြီးသည် ပျောက်ကွယ်လုဆဲ အိန္ဒိယနိုင်ငံ သာသနာတော်အတွက် နေဝင်ချိန်တွင် လမင်းက အရောင်ပေးသကဲ့သို့ အလင်းရောင်ပေးခဲ့သော စံပြသာသနာပြုပုဂ္ဂိုလ်ထူးအဖြစ် အတုယူထိုက်သော ဆရာတော်ဖြစ်ပါသည်။ ဆရာတော် ဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များသည် နောင်သံသရာများစွာထိ တည်ရှိမည်ကို စာရေးသူအနေဖြင့် ရဲရဲဝံ့ဝံ့လျှောက်တင်ပူဇော်ပါ၏ဘုရား။

ဆရာတော်ကြီးပေးတော်မူခဲ့သော သာသနာ့ အလင်းရောင်ကို အမှောင်ဖုံးလွှမ်းမှုမခံရအောင် ဆရာတော်ကြီး တည်ထောင်ခဲ့သော မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်း၌ စတုတ္ထမြောက်ဆရာတော်အဖြစ် လက်ရှိသီတင်းသုံးနေတော်မူသော ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာတော်သည်လည်း သက်တော်(၆၀)ပြည့်မွေးနေ့မှသည် အသက်ရှည်သမျှ အိန္ဒိယနိုင်ငံ၏ သာသနာ့အရောင်ပို၍ တောက်ပြောင်လာအောင် ဆောင်ရွက်နိုင်ပါစေ။

အရှင်ဓမ္မစက္ကာ(သာသနဓဇဓမ္မာစရိယ)

အိန္ဒိယနိုင်ငံ၊ဗာရာဏသီမြို့၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်
ပမာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်
သက်တော်(၆၀)ပြည့် ဂုဏ်ပူဇော အခ်ီအခ်၊ ပဒသီ၊ မင်္ဂလာပိုဒ်စုံရတု

၁။ **ထေရထေရာ**။ မြတ်ဆရာ၏၊ ဝေဖြာစုံလင်၊ ဂုဏ်အလျဉ်ကို၊ သဘင်ဝိဇာ၊ ပွဲမဟာဌ်၊
ဆယ်ဖြာလက်ယှဉ်၊ လျှောက်ဆိုတင်အံ့၊ မြတ်ရှင်သာသနာ၊ ပွင့်လင်းဖြာသား၊ များစွာစေတီ၊ မွေသရီတို့၊
ဝေစည်ဖြိုးကြွယ်၊ ရခိုင်နယ်၏၊ ဂုဏ်ဝယ်မြင့်မား၊ **မြို့မင်းပြား**တွင်၊ ထင်ရှားမည်သာ၊ **ကြံတောရွာ**၌၊
သဒ္ဓါကွန့်မြူး၊ **ဦးမောင်ထွန်းဦး** နှင့်၊ လွန်းထူးဂုဏ်ရှိန်၊ **ဒေါ်စိန်စိန်** တို့၊ စိုးရိမ်ကင်းပ၊ ရှေးပုညကြောင့်၊
သားလှပုတ္တာ၊ ထေရ်လောင်းလျာအား၊ ဆွေညာစုံလင်၊ ဖွားသန့်စင်ခဲ့၊ ငယ်စဉ်ကာလ၊ ချိန်ခါကပင်၊
ကြည်စွဖိတ်စဉ်၊ မဲဖြူစင်၍၊ ချစ်ခင်သီလာ၊ ဝါသနာကြောင့်၊ နှစ်ဖြာမိဘ၊ မြတ်ဒါနဖြင့်၊
သာသနဒါယာ၊ ခံယူပါသည်။ **ထေရာဘောင်သို့တည်ဖြီဘုရား**


၂။ **တေဇတေဇာ**။ ထွန်းလင်းဖြာသား၊ ဆရာထေရ၊ ငယ်စဉ်ကပင်၊ အစပျိုးကာ၊
မြတ်ပညာအား၊ ဖွေရှာ**မင်းပြား၊ "မြောင်းဘွေ"** အားဖြင့်၊ ဝင့်ကြား**"သထုံ"**၊ မြို့ **ရန်ကုန်** တည့်၊
တဖုံ **မြောင်းမြ**၊ ပြောင်းကာကြွလျက်၊ ဓမ္မစာပေ၊ နည်းစုံဖွေ၍၊ ထွေထွေဂုဏ်ပန်း၊ ဖူးပွင့်လန်းရှင့်၊
ဂုဏ်ပန်းဝေဝေ၊ ကြိုင်လှိုင်လေသော်၊ မိမြေမှခွာ၊ **အိန္ဒိယာ** သို့၊ မြန်းကာတလီ၊ **"ဗာရာဏသီ"** ၏၊
ယူနီဗာစီတီ၊ ကျောင်းမဟီ၌၊ ဘွဲ့မည် **အမ်အေ**၊ အောင်ပန်းခွေ၍၊ မြတ်ထေဆရာ၊ **ကုသိနာ** ၏၊
မေတ္တာဖြူလွှ၊ သြဝါဒဖြင့်၊ ဓမ္မစက်တော်၊ ဟောမြွက်ဖော်သည့် မြေမော်မဟာ၊ ကျောင်းမြန်မာ၌၊
သာယာနှစ်ခြိုက်၊ သိမ်းပျော်ပိုက်လျက်၊ အမြိုက်ဓမ္မာ၊ ကမ်းလင့်ပါသည်။ **တေဇာရောင်ပျို့စည်ဖြီဘုရား**

၃။ **ခေမခေမာ**။ အောင်ကြောင်းဖြာသား၊ များစွာကျေးဇူး၊ တင်ပေဖူးကို၊အထူးခွင့်ကောင်း၊
ဆပ်သင့်ကြောင်းတည့်၊ ကျိုးကြောင်းထွေထွေ၊ ဟောမိန့်ခြေသည့်၊ စိန္တေမြတ်စွာ၊ ဆုံးမလွှာကို၊
ရင်မှာသိုထား၊ တပည့်များတို့၊ တင်ငြားဖုံဖုံ၊ ကျေးဇူးဂုဏ်ကို၊ ကြည်ယုံညွတ်ကာ၊ မြတ်ဆရာအား၊
ဆပ်ပါလိုမှု၊ အကြောင်းပြု၍၊ ပေါင်းစုမင်္ဂလာ၊ မွေးနေ့ခါ၌၊ ထွေလာဆန်းကြယ်၊ နည်းစုံခြယ်လျက်၊
သွယ်သွယ်စားစား၊ ကောင်းမှုများဖြင့်၊ ဆပ်ားလွန်သာ၊ ကုသိုလ်ဖြာရှင့်၊ သက်ရာကျော်ရှေ၊ တိုင်ပါစေဟု၊
ဘုန်းထေတွက်တာ၊ ရည်ရွယ်ကာဖြင့်၊ ညီညာစုပေါင်း၊ အားသစ်လောင်းသား၊ အောင်ကြောင်းအောင်စေ၊
တောင်းဆုခြွေ၍၊ စိန္တေမြတ်ထံ၊ ဦးညွတ်ပန်လျက်၊ စီမံလေရာ၊ ဤသဘာသည် **ခေမာအောင်မြို့ရည်ဖြီဘုရား**

ဆန္ဒမွန်ဖြင့်
အရှင်စန္ဒဝရ(မြောင်းမြ)

ကျေးဇူးရှင် ဆရာတော်ကြီး အာသျှင်စန္ဒိမာ

ဦးကျော်စိန်



ဆရာတော်ကြီး အာသျှင်စန္ဒိမာ

အသျှင် စန္ဒိမာ လောင်းလျာဖြစ်သော ထွန်းစံအောင်ကို ခမည်းတော်ဦးစံကျော်အောင် မယ်တော် မိရွှေခိုင်ဦးတို့မှ ဖွား မြင်တော်မူသည်။ မွေးရပ်ဇာတိမှာ မြောက်ဦးမြို့နယ်၊ ရမ်း ချောင်းတိုက်နယ်၊ ပေါက်ပင်ကွင်းကျေးရွာ ဖြစ်သည်။ မြောက်ဦး မြို့နယ်သည် မြောက်ဦးခေတ် ဘုရင် အဆက်ဆက် ထီးနန်း စိုက်တော်မူသည့် မြောက်ဦးနေပြည်တော်ကြီး တည်ရှိရာ ဘုမ္မ နက်သန်အရပ် ဖြစ်ပေသည်။

ထွန်းစံအောင်၏မျိုးရိုးကို စိစစ်ကြည့်လျှင် မဟာ တော်ဝင် မဟာသမ္မတရာဇာမင်းကြီး၏ မျိုးနွယ်တော်ဝင် ဖြစ် သည်ကို တွေ့ရလေသည်။ ခမည်းတော် ဦးစံကျော်အောင်မှာ မင်းကြီး၏ ပထမအနွယ်တော်(၂)ဖြစ်၍၊ မင်းသားတော် မောက်ရဲဘော်နှင့် မိအိုဇာဖြူတို့၏ သားတော် ဖြစ်သည်။ မယ် တော်မိအိုဇာဖြူမှာလည်း မင်းမျိုးမင်းနွယ် သံသမကြီး၏သမီး အထွေးဆုံးဖြစ် လေရာ ဦးစံကျော်အောင်သည် မင်းမျိုးမင်းနွယ် နှစ်ဘက်မိဘမှ မွေးဖွားလာသည့် တော်ဝင်မျိုးရိုးစစ်စစ်ဖြစ် သည်ကို တွေ့ရပေသည်။

ဦးစံကျော်အောင်၏ မိခင်ဖခင်ခမည်းတော်၊ မယ်တော် တို့မှာကား မဟာသမ္မတရာဇာ မင်းကြီးနှင့် မိဖုရားကြီးမိမြသန္ဓာ တို့၏ သားသမီး (၄)ပါးအနက် တတိယမြောက် သားတော်ဖြစ် သည်။ ပထမနှင့်ဒုတိယတို့မှာ သမီးတော်များ ဖြစ်ကြပါသည်။

ယင်းကြောင့် ဦးထွန်းစံအောင်မှာ မဟာသမ္မတရာဇာ မင်းကြီး၏သားတော် မောက်ရဲဘော်၊ ယင်း၏ သားတော်

ဦးစံကျော်အောင် (မြေးတော်) တို့မှ ဖွားမြင်လာသူဖြစ်သဖြင့် မဟာသမ္မတရာဇာမင်းကြီး၏ (မြစ်တော်) ဖြစ်ပေသည်။ ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ဝင် ရောက်ပြီး ဘွဲ့တော်မှာ အရှင်စန္ဒိမာဖြစ်ပါသည်။ ဗုဒ္ဓ ပိဋကတ်ကျမ်းဂန် စာပေများကို ထူးချွန်စွာ သင်ယူတတ်မြောက်တော်မူသည့်အလျောက် စစ်တွေမြို့၊ လမ်းမတော်ရပ်ကွက်တွင် ဦးစန္ဒိမာ ပရိယတ္တိ ကျောင်းတိုက်ကို ၁၈၈၀-ခုနှစ်တွင် စတင်တည်ဆောက် ထူထောင်တော်မူပြီး ပထမဆုံး ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးတော်မူသည်။ ကျောင်းအဝင်ဝတွင် ခြင်္သေ့နှစ်ကောင် ရုပ်တု ရှိသဖြင့် ခြင်္သေ့နှစ်ကောင်ကျောင်း ဟုလည်း အများက ခေါ်ဝေါ်ကြပေသည်။

ဆရာတော်ဦးစန္ဒိမာသည် စစ်တွေမြို့တွင် ပရိယတ္တိ စာသင်တိုက်ဖွင့်လှစ်၍ ပရိယတ္တိကျမ်းစာများကို သင်ကြားပေးရင်း အစ်ကိုကြီး ဦးကျော်အောင်၏ သားတော် သာပန်းဦးအား ပေါက်ပင်ကွင်းကျေးရွာမှ စစ်တွေမြို့သို့ ခေါ်ယူ၍ ဗုဒ္ဓစာပေများကို သင်ယူစေသည်။ သာပန်းဦးအား (၂) နှစ်ခန့် ပရိယတ္တိစာပေများကို သင်ကြားပေးခဲ့ပြီးနောက် ဆရာတော်ကိုယ်တိုင် သာမဏေဘောင်သို့ သွတ်သွင်းပေးခဲ့သည်။ သာပန်းဦး၏ ရှင်ဘွဲ့အမည်မှာ ရှင်စန္ဒ ဖြစ်ပါသည်။

၁၈၉၀-ခုနှစ်တွင် အိန္ဒိယနိုင်ငံမှ (သီဟိုဠ်) သီရိလင်္ကာ နိုင်ငံသား အနာဂါရိကဓမ္မပါလနှင့် အင်္ဂလန်နိုင်ငံမှ (Colonel Oracle) တို့ စစ်တွေမြို့သို့ ရောက်ရှိလာကြပြီး၊ အိန္ဒိယနိုင်ငံ၌ ပျောက်ကွယ်နေသည့် ဗုဒ္ဓသာသနာတော်မြတ်ကို ပြန်လည် ထွန်းလင်းလာအောင် ဖော်ထုတ်တည်ထောင်နိုင်ရန် အရည် အချင်းထူးချွန် ကောင်းမွန်သည့် ရဟန်းသာမဏေများ လိုအပ်ကြောင်းကို စစ်တွေမြို့လူထုထံမှ တောင်းခံခဲ့ကြသည်။ အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးသည် ဦးစန္ဒိမာ ပရိယတ္တိကျောင်းတိုက်သို့ ရောက်ရှိလာကြရာ ရှင်စန္ဒအား အရွယ်နှင့်မလိုက်အောင် ကျမ်းဂန်စာပေများ ရွတ်ဖတ်နေသည်ကို အံ့ဩဖွယ်တွေ့ ရှိကြလေသည်။ ထိုအခါ အနာဂါရိကဓမ္မပါလနှင့် ဗိုလ်မှူးကြီး အော်ရက(လ်) တို့က ဆရာတော်ဦးစန္ဒိမာအား ရှင်စန္ဒကို အိန္ဒိယနိုင်ငံသို့ သာသနာပြုစေလွှတ်ပါရန် တောင်းပန် လျှောက်ထားကြလေတော့သည်။

ဆရာတော်ကြီးက မတတ်သာတော့ဘဲ ရှင်စန္ဒ၏ ဆန္ဒသဘောထားကို မေးမြန်းရာ၊ ရှင်စန္ဒက သူမှာ အလွန်ပင် အသက်အရွယ်ငယ်ရွယ်သေးသူ ဖြစ်သည့်အလျောက် အဖော်တစ်ဦးဦး လိုက်ပါနိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံသို့ လိုက်ပါလိုကြောင်း ဆန္ဒပေး လျှောက်ထားလေသည်။ ဆရာတော်က အဖော်ခေါ်ယူနိုင်ကြောင်းအမိန့်ရှိရာ၊ ရှင်စန္ဒမှာ မိမိနှင့်စိတ်တူကိုယ်တူ ငယ်သူငယ်ချင်းလည်းဖြစ်သော ရှင်သူရိယအား အတူလိုက်ပါရန် ဖိတ်ခေါ်လိုက်လေတော့သည်။ ရှင်သူရိယကလည်း ရှင်စန္ဒနှင့် အတူလိုက်ပါရန်သဘောတူညီသဖြင့်



ခြင်္သေ့နှစ်ကောင် ဦးစန္ဒိမာပရိယတ္တိကျောင်းတိုက် (စစ်တွေ)

ရှင်စန္ဒသည် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားလာရေးအတွက် အသက်နှင့် ခန္ဓာကို အပ်နှင်းကာ ဆောင်ရွက်မည့်ကတိကို အနာဂါရိကဓမ္မပါလနှင့် ဗိုလ်မှူးကြီး အော်ရက(လ်) တို့အား ခိုင်ခိုင်မာမာ ပေးလိုက်လေတော့သည်။


ဦးရိုးတော် ဦးစန္ဒိမာဆရာတော်ကြီး အနေဖြင့် ရှင်စန္ဒအား အိန္ဒိယနိုင်ငံသို့ စေလွှတ်ရုံမျှဖြင့် တာဝန်မပြီးဆုံးသေးပေ။ ရှင်စန္ဒအား မြင့်မြတ်သည့် ရဟန်းအဖြစ်သို့ သွတ်သွင်းရန် တာဝန်ကြီး ကျန်ရှိနေပေသေးသည်။


၁၉၀၄-ခုနှစ် ဇန်နဝါရီလတွင် ဖြစ်သည်။ ပန်းဝါမြို့ပွဲစားကြီးဦးချိုးစားရှိက မိမိဇာတိဖြစ်သည့် ရခိုင်တိုင်း၊ ပန်းဝါမြို့တွင် ရှင်စန္ဒအား ဥပသမ္ပဒကံဆောင် ရဟန်းပြုရန် ဦးရိုးတော် ဦးစန္ဒိမာနှင့်တိုင်ပင်ညှိနှိုင်းလေသည်။ ဦးချိုးစားရှိ မိသားစုက ပစ္စယာနုဂ္ဂဟခံယူကာ၊ ရှင်စန္ဒအား ရဟန်းခံပွဲကျင်းပရန် အစီအစဉ်များကို ပြုလုပ်သည်။ ရန်ကုန်မြို့ရှိ ညီဖြစ်သူ ပွဲစားကြီး ဦးဒိုးအောင်အား မြန်မာပြည်မှ အထင်ကရထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများကို ပင့်ဖိတ်လျှောက်ထားရန် တာဝန်ပေးအပ်သည်။ လျှုဒါန်းမည့်အစီအစဉ်မှာ ပထမအနေဖြင့် ရှင်စန္ဒရဟန်းခံပွဲသို့ ကြွရောက်ချီးမြှင့်ရန်နှင့် ဒုတိယအနေဖြင့် ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား အိန္ဒိယနိုင်ငံ အနှံ့အပြားသို့ ဘုရားဖူးပို့ဆောင်ပေးရန် ဖြစ်ပါသည်။

၁၉၀၄-ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့သည်ကား ရှင်စန္ဒအတွက် အလွန်ထူးခြားသည့် နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်လေသည်။ ပန်းဝါ ရခိုင်မြို့သည်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းပရိသတ်၊ လူပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။ နေရာအနှံ့တွင်လည်း မြတ်ဗုဒ္ဓ၏ ဓမ္မတရားသံများကလွှမ်းမိုးထားသည်။ သတ်မှတ်ချိန် တနလ်ာနေ့ နံနက် ၈နာရီရောက်ရှိသည်နှင့် ရှင်စန္ဒအား ရဟန်းခံပွဲကို စတင်လေသည်။ ပစ္စယာနုဂ္ဂဟ ထောက်ပံ့သူမှာ ပွဲစားကြီး ဦးချိုးစားရှိ မိချမ်းမြတ်၏ မိသားစုဖြစ်၍၊ ဥပဇ္ဈာယ်ဆရာမှာ ဦးရိုးတော် ဦးစန္ဒိမာ ဖြစ်ပေသည်။ ပါဝင်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများမှာ မြန်မာပြည်မှ ဒုတိယရွှေကျင် သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်၊ တတိယရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော်၊ ပတ္တမြားဆရာတော်၊ စံကင်းဆရာတော်၊ ကန္ဒီဆရာတော်၊ အရှေ့ဝိသုဒ္ဓါရုံ ဖန်ချက်ကျောင်းဆရာတော် အပါအဝင် သံဃာတော် အပါး(၄၀)ကျော် ရှိသည်။ မကြာမီတွင်ပင် ဥပသမ္ပဒကံဆောင်ရဟန်းခံပွဲတော်ကြီး အောင်မြင်စွာ ပြီးမြောက်တော်မူသည်။ ရှင်စန္ဒ၏ ရဟန်းဘွဲ့နာမကား အရှင်စန္ဒိမကို ဖြစ်လေတော့သည်။


ဆရာတော်ကြီး ဦးစန္ဒိမာသည် အရှင်စန္ဒိမကို အပေါ်၌ မွေးမိဘများထက်ပင် ကျေးဇူးကြီးမားသည် ဟု ဆိုရပေမည်။ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားလာရေး၊ တစ်နည်းအားဖြင့် ကမ္ဘာတစ်ခွင်၌ ဂေါတမဗုဒ္ဓ၏ အဘိဓမ္မာ (Philosophy) များ ကျယ်ပြန့်လာရေး၊ ဗုဒ္ဓသာသနာတော်ကြီးကို ကမ္ဘာက အသိအမှတ်ပြု ကြည်ညိုလေးစားအားထားလာရေးတို့အတွက် လူမျိုးနှင့်အသက်ကို အပ်နှင်းကာ ဆောင်ရွက်တော်မူခဲ့သည့် ဓမ္မအာဇာနည်ပုဂ္ဂိုလ်ထူးကြီးတစ်ပါး ပေါ်ထွန်းလာအောင် မြေတောင်မြှောက်ပေးခဲ့ခြင်းသည် အရှင်စန္ဒိမကိုအပေါ်၌ ကျေးဇူးတရား များပြားခဲ့သည် ဟုဆိုရခြင်းထက် ကမ္ဘာ့ဗုဒ္ဓဘာသာတစ်ရပ်လုံးအတွက်၊ ကမ္ဘာကြီးအတွက် အလွန်တရာ ကျေးဇူးများပြားလှသည် ဟု မှတ်တမ်းတင်ထိုက်သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူးတစ်ပါးပင် ဖြစ်ပါကြောင်း ဂုဏ်ပြုတင်ပြအပ်ပါသည်။

ဦးကျော်စိန်





ဒုတိယမြောက် ကျောင်းထိုင်ဆရာတော် ဦးမာဏဝ




တတိယမြောက် ကျောင်းထိုင်ဆရာတော် ဦးဒေဝိန္ဒ



စတုတ္ထမြောက် လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝိစိတ္တ (စမ္မာစရိယ)

ကြည်ဖြူနေလုံး အေးနိုင်ဖြို

လုမ္ဘိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး







မဇ္ဈိမဒေသရှိ ဝေသာလီကား မြတ်ဗုဒ္ဓ ဟောကြား ခဲ့သော သံဝေဂယူဖွယ်ရာ သံဝေဇနီယလေးဌာနနှင့် ဘုရား တိုင်းတို့ မစွန့်အပ်သော အဝိဇဟိတ လေးဌာနတွင် မပါဝင် သော်လည်း ဘုရားဖူးများ သွားရောက်လေ့လာသင့်သော ဌာနတစ်ခု ဖြစ်ပါသည်။

ဟိုစဉ်က ဝေသာလီမှာ ကြီးကျယ်စည်ကား ထင်ရှားခဲ့ သော ဒေသတစ်ခုဖြစ်ပါသည်။ ဗုဒ္ဓဂယာ ဘုရားဖူးသွားလျှင် လက်ယာရစ် လှည့်ဖူးပါက ကုသိနာရုံဒေသပြီးလျှင် ဝေသာလီကို ရောက်ရှိနိုင်ပါသည်။ လက်ဝဲရစ်ဘုရားဖူးလှည့် လည်မည် ဆိုပါက ပတ္တနားပြီးလျှင် ဝေသာလီကိုရောက်ရှိမည် ဖြစ်ပါသည်။ ထို ဝေသာလီမှာ ဘုရားရှင်လက်ထက် တော်အခါက ဝဇ္ဇီတိုင်း ဖြစ်ပါသည်။

ဝေသာလီဖြစ်ပေါ်လာပုံမှာ-

ရှေးအခါက ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီးမှ သားဖွားသောအခါ လူ မဟုတ်ဘဲ သားတစ် တစ်ခု ဖွားမြင်ခဲ့ပါသည်။ ရှက်တော်မူသဖြင့် ထို သားတစ်ကို အိုးထဲတွင်ထည့်ကာ မင်းတံဆိပ်ခတ်နှိပ်လျက် မြစ်တွင်း မျှောချခဲ့ပါသည်။ ထို အိုးကို ဂင်္ဂါမြစ်ကမ်းတွင် သီတင်းသုံးနေတော်မူသော ရသေ့တစ်ပါးက ရေချိုးရင်း ဆယ်ယူရရှိသဖြင့် သိမ်းဆည်းထားခဲ့ပါသည်။ ထိုသို့သိမ်း ဆည်းစောင့်ရှောက်ထား၍ များမကြာမီပင် သားတစ်မှ အပိုင်း (၂)ပိုင်းခွဲ ထွက် လာခဲ့ပါသည်။ ရသေ့ကြီးက ဆက် လက်စောင့်ကြည့်ရာ ထိုသားတစ်(၂)မြွာမှ ခြေ၊ လက်၊ခေါင်း စသည့်အင်္ဂါများ တဖြည်းဖြည်း ပေါ်ပေါက်ခဲ့ပြီး မကြာမီတွင် သားတစ်တစ်ခုမှ သားယောကျ်ားလေး ဖြစ်လာပါသည်။ ကျန်သားတစ် တစ်ခုမှာမူ မိန်းကလေးဖြစ်လာကြောင်း အံ့သြဖွယ်ရာ တွေ့မြင်လာခဲ့ရပါသည်။

ထိုယောကျ်ားလေးနှင့် မိန်းကလေးတို့အား ရသေ့ကြီး အနေဖြင့် အဓိဋ္ဌာန်ပြု၍ လက်ညှိုးမှ ထွက်လာသည့် နို့ရည်ကို တိုက်ကျွေးလျက် မွေးမြူပြုစု စောင့်ရှောက်ခဲ့ပါသည်။ လက်ညှိုးမှထွက်လာသည့် နို့ရည်မှာ အလွန်ပင်နူးညံ့သည့် အလျောက် ကလေးငယ်များ ဝိုက်ထဲသို့ဝင်သွားသည့် နို့ရည် များကို အပြင်မှ အထင်အရှား မြင်တွေ့ရသည်ဟုဆိုပါသည်။

ရသေ့ကြီးကလည်း ကလေးငယ်တို့ကို ပြုစုစောင့် ရှောက်ရသည့်အတွက် တရားမမှအားထုတ်ရန်ပင် အခက် အခဲဖြစ်ရင်းပင် ကလေးများတဖြည်းဖြည်း ကြီးပြင်းလာခဲ့ပေ သည်။ ရသေ့ကြီးက ကလေးငယ်များ မွေးထားသည်မှာ အမြင်မတော်သဖြင့် အနီးရပ်ရွာမှမွေးစားရန် ကလေးငယ် များကို တောင်းခံလာရာ ရသေ့ကြီးက သူတို့မှာ ရှေးဘုန်းကံ ပါရမီထူးရှိသူများ ဖြစ်ကြကြောင်း၊သူတို့ဘုန်းကံရိပ်ကိုပင် ပြန်လည် မှီခိုရန်ရှိကြောင်း၊ အရွယ်ရောက်သည့်အခါ အချင်း ချင်း ထိမ်းမြားပေးစေလိုကြောင်း၊ သီးခြားမြို့ပြ ထူထောင်

ပေးရန်အတွက် ဗာရာဏသီမင်းကြီးထံ မြေတောင်းခံ၍ မြို့ရွာထူထောင်ပြီး ဘိသိက်သွန်းကာ မင်းပြုစေလိုကြောင်း မှာကြားလျက် ရွာအကြီးအကဲလက်သို့ အပ်နှံခဲ့ပါသည်။


ဝေသာလီမြို့ ကူဋာဂါရကျောင်းအဝင်မုခ်ဦး

ထိုသို့သားတစ်မှဖြစ်လာသော ကလေးနှစ်ဦးမှာ လီနဆဝီ ခေါ် အရေတွန့်ခြင်းရှိ၍ လိစ္ဆဝီ ဟု ခေါ်တွင်ကြပါသည်။ မင်းသားငယ်မှာ ငယ်ရွယ်စဉ်ကပင် ခွန်အားဗလနှင့် ပြည့်စုံ၍ အခြားကစားဖော်သူငယ်ချင်းများကို နှိပ်စက် ညှဉ်းပန်းကြမ်းတမ်းလှသဖြင့်အများက ရှောင်ကြဉ် ပယ်ရှားကြသောကြောင့် ဝဇ္ဇီ ဟုခေါ်ဆိုကြပါသည်။ ဤသည်ကို အစွဲပြုလျက် ထိုမင်းသားတို့ တိုင်းပြည်ကိုလည်း ဝဇ္ဇီတိုင်း ဟု ခေါ်ဆိုကြပါသည်။

မင်းသားလေးနှင့် မင်းသမီးလေးတို့ အရွယ်ရောက်လာသောအခါ အချင်းချင်း သင့်မြတ်ထိမ်းမြားလက်ထပ်ကာ မင်းပြုကြပါသည်။ ထိုမင်းနှင့် မိဖုရားတို့မှ (၁၆)ကြိမ် တိုင်တိုင် မီးဖွားပြီး တစ်ကြိမ်မီးဖွားတိုင်း မင်းသားတစ်ဦးနှင့် မင်းသမီး တစ်ဦးစီ ဖွားမြင်ရာ သုံးကျိပ်နှစ်ယောက်သော မင်းသား မင်းသမီးတို့ ဖြစ်ထွန်းခဲ့ကြပါသည်။ မွေးဖွားလာသည့်မင်းသား နှင့်မင်းသမီးတို့ကိုလည်း အချင်းချင်း စုံဖက်ကြ၍ တဖြည်းဖြည်း လိစ္ဆဝီမျိုးများတိုးပွားလာခဲ့လေသည်။ မြို့ရွာကိုလည်း တိုးပွားလာသည့် လူဦးရေနှင့်အဆင်ပြေစေရန် တိုးချဲ့ခဲ့ရပါသည်။ မြို့တော်နေရာကို (၃) ကြိမ်တိုင်အောင်(၁)ဂါဝုတ် အတိုင်းအရှည်ဖြင့် ချဲ့ထွင်ခဲ့ရသောကြောင့် ၎င်းမြို့တော်ကို (ဝိသာလ)ဝေသာလီ ဟု ခေါ်တွင်ပါသည်။

အသားအရေတွန့်သော လိစ္ဆဝီတို့ နေထိုင်သည့် တိုင်းပြည်မှာ ကြမ်းတမ်းလှသဖြင့် အများက ရှောင်ကြဉ် ပယ်ရှားကြသည့်အတွက် ထိုနေရာကို **ဝဇ္ဇီ**ဟု အမည်ခေါ်တွင်ပြီး၊ တိုင်းပြည်ကိုချဲ့ထွင်ရခြင်း ရှိသဖြင့် **ဝေသာလီ** ဟုခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

လိစ္ဆဝီတို့ နေထိုင်ရန် အိမ်ကြီးအိမ်ကောင်းများ တည်ဆောက်ကြရာ တိုက်အိမ်ပေါင်း ခုနစ်ထောင့် ခုနစ်ရာ ခုနစ်လုံးရှိပြီး၊ နေအိမ်တစ်လုံးစီတွင် ဥယျာဉ်နှင့်ရေကန်(၁) ခုစီပါရှိသည်။ အိမ်တစ်လုံးနှင့် တစ်လုံးဆက်သွယ်ရန် လမ်းမ၊ လမ်းသွယ်၊ လမ်းဆွယ်များကိုလည်း ဖောက်လုပ်ထားကြပါသည်။

လိစ္ဆဝီတို့သည် အရပ်အမောင်းကောင်းပြီး ကြံ့ခိုင်မှုရှိကြသည်။ ရဲစွမ်းသတ္တိ ရှိကြသည့်အပြင် ဆွေမျိုးသားချင်းသာဖြစ်၍ တိုင်းပြည်အတွက် အသက်ပေး ကာကွယ်တတ်ကြသည်။ မင်းမျိုးနွယ်များဖြစ်သည့်အလျောက် မာန်မာန ရှိပြီး အခြားလူမျိုးများနှင့် ရောနှောခြင်းမပြုဘဲ သီးသန့် နေထိုင်ကြသည်။ အရွယ်ရောက်သည့် ယောကျ်ားတိုင်း စစ်ရေးစစ်ရာများကို မသင်မနေရ သင်ယူကြရသည်။

တိုင်းပြည်ကို ဂဏစံနစ် (လွှတ်တော်စံနစ်) ဖြင့် ခုနစ်ထောင့်ခုနစ်ရာခုနစ်ဦးတို့က အချင်းချင်း စည်းဝေးတိုင်ပင်ပြီး အုပ်ချုပ်ကြသည်။ ထို့ကြောင့် ဝေသာလီသည် ကြီးကျယ်၏၊ စည်ကား၏၊ ဝပြော၏၊ လူဦးရေပေါများသလောက် အစာရေစာလည်း ပေါများ၏၊ တိုက်ပြာသာဒ်ပေါင်း၊ အိမ်ပေါင်း၊ အိမ်ဝင်း ရာဝင်းပေါင်း၊ ရေကန်ပေါင်း (၇၇၀၇)ခုစီ ရှိသည်။

မြတ်စွာဘုရားရှင် ဝေသာလီတိုင်းသို့ ကြွရောက်တော်မူလာရာ ဝေသာလီတိုင်းသားတို့သည် ဘုရားရှင်ကို ဖူးမြော်အံ့သောငှာ အမျိုးမျိုးသော ယာဉ်ရထားများ၊ အလံများ၊ အဝတ်အစားများဖြင့် မြို့တော်မှ ထွက်လာကြသည်ကို ဘုရားရှင်တွေ့မြင်တော်မူ၍ ဝေသာလီသည် စည်ပင်ဝပြောလျက် အစားအသောက်ပေါများကြောင်း၊ လိစ္ဆဝီမင်းများမှာ အလွန်တင့်တယ်ကြကြောင်းကို မဟာပရိနိဗ္ဗာနသုတ် (ဒီ၊ ၂၊၈၃)၌ "ရဟန်းတို့ တာဝတိံသာနတ်သားများ မမြင်ဘူးကြသောရဟန်းများ ဤ လိစ္ဆဝီမင်းသားတို့ကို ကြည့်ကြကုန်၊ ရဟန်းတို့ လိစ္ဆဝီပရိသတ်ကို အထပ်ထပ်ကြည့်ကြကုန်၊ ရဟန်းတို့ လိစ္ဆဝီတို့ကို တာဝတိံသာနတ်များနှင့်အတူထား၍ မှတ်သားကြကုန် " စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ဝေသာလီမြို့တော်တွင် ကျောင်းတိုက်များစွာ ရှိပြီး ထင်ရှားသောကျောင်းတိုက်များမှာ မဟာဝနကူဋာဂါရသာလာ

ကျောင်းတော် နှင့် အမွှပါလိဝန ဝိဟာရ သရက်ဥယျာဉ် ကျောင်းတော် ဟု မြို့တော် ဂေါစရဂါမ်ပြသောကျောင်းတော် တို့ဖြစ်သည်။ မဟာဝနကုဋ္ဌာဂါရသာလာ ကျောင်းတိုက်၏ အလှူရှင်ကို ထင်ထင်ရှားရှား မသိရသော်လည်း ယင်း ကျောင်းတိုက်မှာ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မှကြွလာ တော်မူစဉ် သီတင်းသုံးကာ များစွာသောသိက္ခာပုဒ်တော်များ ကို ပညတ်တော် မူခဲ့သည့်အပြင် များပြားလှစွာသော သုတ် တော်များကို ဟောကြားတော်မူခဲ့သည်။ အမွှပါလိဝန ဝိဟာရ သရက်ဥယျာဉ်ကျောင်းတော်မှာကား မြတ်စွာဘုရားသည် ဒေသစာရီကြွခြီတော်မူသောအခါ ပါဋ္ဌလိဂါမမှ ဝဇ္ဇီ တိုင်း ကောဋိဂါမသို့ ကြွရောက် သီတင်းသုံးတော်မူစဉ် ဝေသာလီ တွင်ထင်ရှားသော ပြည့်တန်ဆာမ အမွှပါလိသည် ဘုရားရှင် ကို ဖူးမြင်ရ၍ တရားတော်နာကြားရသဖြင့် မြတ်ဗုဒ္ဓ အမှူးပြုသော သံဃာတော်တို့အား ဆွမ်းဖိတ်ပြီး အပြန်လမ်း တွင် လိစ္ဆဝီမင်းများတွေ့၍ ၎င်းဆွမ်းကို အဖိုးများစွာ ပေး ဝယ်ကြသော်လည်း မရောင်းမပေးဟူ၍ လိစ္ဆဝီမင်းတို့က အမွှပါလိသည် ငါတို့အား အောင်နိုင်ခဲ့ပေပြီ ဟု လက်ဖျစ်တီး ကာ ချီးကျူးခဲ့သည် ဟုဆိုပါသည်။ အမွှပါလိသည် မြတ်စွာ ဘုရားအား ဆွမ်းလုပ်ကျွေးပြီးသောအခါ မိမိ၏သရက် ဥယျာဉ်အရာမ်ကို လှူဒါန်းပြီး ထိုဥယျာဉ်တွင်း ကျောင်း ဆောက်လုပ်လှူသဖြင့် ထိုကျောင်းကို အမွှပါလိဝနဝိဟာရ သရက်ဥယျာဉ်ကျောင်းဟု ခေါ်ဆိုကြပါသည်။

ထိုမှတပါး ဝေသာလီမြို့တော်ကြီးကား အထူးထူး အပြားပြား ဆောင်နန်းပြာသာဒ်များဖြင့် တင့်တယ်ပျော်မွေ့ ဖွယ်ရှိသည့်အပြင် မြို့တော်၏ပတ်ဝန်းကျင်၌လည်း ကြီးကျယ် တင့်ဆန်းသော နတ်ကွန်း၊ နတ်နန်းကြီးများဖြင့် နှစ်လို မွေ့လျော်ဖွယ်ရှိသော ဥဒေန နတ်ကွန်း၊ ဂေါတမ နတ်ကွန်း၊ သတ္တမွနတ်ကွန်း၊ ဗဟုပုတ္တနတ်ကွန်း၊ သာရန္ဒရ နတ်ကွန်း၊ စာပါလနတ်ကွန်းတို့မှာလည်း မွေ့လျော်ဖွယ်ရှိကြောင်း မြတ်ဗုဒ္ဓ မိန့်ကြားဖူးပါသည်။

အထူးအားဖြင့် ထို စာပါလနတ်ကွန်းတွင် မြတ်စွာ ဘုရား နေ့သန့်တော်မူစဉ် ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်မင်း လာရောက်လျှောက်ထားတောင်းပန်ဖူးပါသည်။


ထိုအခါ မြတ်ဗုဒ္ဓက "မာရ်နတ်ယုတ်၊ သင် ကြောင့် ကြမဲ့နေလော့၊ မကြာမီ ငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူမည်၊ ဤအခါမှ (၃)လလွန်လျှင် ဘုရားရှင် ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်လတ္တံ့"ဟု မဟာပရိနိဗ္ဗာနသုတ်တော်၌ မိန့်ကြားခဲ့ပါ သည်။ ထိုသည်ကိုထောက်၍ ဝေသာလီမြို့တော်၏ ပတ်ဝန်း ကျင်တွင် ပျော်ရွှင်မွေ့လျော်ဖွယ်ကောင်းသော နတ်နန်း၊ နတ်ကွန်းကြီးများ ရှိကြ၍ ၎င်းတို့၌ တစ်ခါတစ်ရံ နေ့သန့် တော်မူပြီး တရားဓမ္မဆုံးမတော်မူဖူးသောဌာနများ ဖြစ် ကြောင်း မှတ်သားနိုင်ပါသည်။

ထို စာပါလနတ်ကွန်းမှ မဟာဝုန်ကုဋ္ဌာဂါရ ကျောင်း တော်သို့ ကြွတော်မူပြီး ရှင်အာနန္ဒာအား ဝေသာလီရှိ ရဟန်းသံဃာများအား စည်းဝေးစေကာ နောက်(၃)လမြောက် ၌ ပရိနိဗ္ဗာန်ပြုတော်မူမည်ဖြစ်ကြောင်း မိန့်ကြားပြီး 'ဟန္ဒဒါနိ ဘိက္ခဝေ' အစချီ နောက်ဆုံး ပစ္ဆိမ ဝစန စကားတော်ဖြင့် ဆုံးမတော်မူခဲ့ပါသည်။

ထို့ပြင် မြတ်ဗုဒ္ဓသည် သာရန္ဒရ နတ်ကွန်း၌ နေတော် မူစဉ် လိစ္ဆဝီမင်းတို့အား မဆုတ်ယုတ်ကြောင်း၊ တိုးပွား ကြောင်း အပရိဟာနိယတရား (၇)ပါးကိုလည်း ဟောကြား တော်မူခဲ့ပါသည်။ ထိုအပရိဟာနိယ ခေါ် မဆုတ်ယုတ် ကြောင်း၊ တိုးပွားကြောင်း တရား(၇)ပါးမှာ (၁) မကြာမကြာ စည်းဝေး ခြင်း (၂) အညီအညွတ်ပြုလုပ်ဆောင်ရွက်ကြခြင်း (၃) ရှေး ဝဇ္ဇီဓမ္မသတ်ဟောင်းတို့ကို မဖျက်ဆီးဘဲ ကောင်းစွာ နာယူခြင်း(၄) သက်ကြီးဝါရင့်အဆင့်ဆင့် ရိုသေလေးစား ကြခြင်း (၅) အမျိုးကောင်းသမီးများအား မဖျက်ဆီးဘဲ စောင့်စည်းခြင်း (၆) အတွင်းအပ ရှေးက ကိုးကွယ်မြဲနတ်များ ကိုးစားခြင်း (၇) ရဟန်းတော်အရှင်မြတ်တို့အား တရားသဖြင့် စောင့်ရှောက် ကိုးကွယ်ခြင်းတို့ ဖြစ်ကြပါသည်။

ရှေးက ဝေသာလီဆိုသည်မှာ ကြီးကျယ်ခမ်းနား စည်ကားသာယာသော နိုင်ငံတော်ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ ဝေသာလီမြို့တော် ဝန်းကျင်တို့၌ မြတ်ဗုဒ္ဓသီတင်းသုံးရာဌာန များ၊ သုတ္တန်ဝိနည်းပညတ်ခဲ့ရာဌာနများ၊ သာသနာတော်တွင် ထင်ရှားသော မထေရ်ကြီးများ၊ အနာထပိဏ်(နောင်အခါ သာဝတ္ထိသို့ ပြောင်းရွှေ့ရသူ) ဇောတိက တို့ကဲ့သို့ထင်ရှားသော သူဌေးကြီးများ၊ သီဟစစ်သူကြီး စသော ထင်ရှားသည့် အရိယာဉပါသကာကြီးတို့ရှိကြသဖြင့် ထင်ရှားလှပါသည်။

ဝါဒဆန့်ကျင်လျက် ဟောပြောနေကြသော ဆရာ တစ်ဆူ ပြုလုပ်နေကြသော နိဂဏ္ဌာအယူရှိသူများ သစ္စက ပရိဗိုဇ် စသော အယူကွဲပြားထင်ရှားသော ပရိဗိုဇ်ဆရာကြီး များ၏ အယူဝါဒတို့ကို ချိုးဖဲ့နှိမ်နင်းလျက် လေးနက် ဆန်း ကြယ်သော ဓမ္မဒေသနာတော်ကြီးဖြင့် သတ္တဝါအပေါင်းတို့ အား ကယ်တင်ဆယ်မ ပေးခဲ့သောဌာနလည်း ဖြစ်ပါသည်။



ကူဇာဂါရကျောင်း ဆရာတော်ဒေါက်တာ ပညာသုတ

ထိုမှတပါး ပညာရှိသောအားဖြင့် ကျော်ကြား၍၊ လိစ္ဆဝီမင်းတို့ဆရာဖြစ်သော မဟာလိ လိစ္ဆဝီမင်း စသော ထင်ရှားသည့်လိစ္ဆဝီများ၊ မနာပဒါယကာ ဧတဒဂ်ရဂုဏ် အံ့ဖွယ် (၈)ဖြာနှင့် ပြည့်စုံသော ဥဂ္ဂသူကြွယ်များ စသည့် သာသနာဘက်တွင်လည်းကောင်း၊ လောကဘက်တွင်လည်းကောင်း ထင်ရှားသောသူများနှင့်ပြည့်စုံကြွယ်ဝသော တိုင်းနိုင်ငံမြို့တော်ကြီးလည်း ဖြစ်ပါသည်။

အထူးအားဖြင့် ပရိတ်ကြီးတွင်လာသော ရတနသုတ်မှာ ဝေသာလီပြည်တွင် ဘီလူးဘေး ရောက်စဉ် မြတ်စွာဘုရားကြွလာတော်မူပြီး ရှင်အာနန္ဒာအား ရတနသုတ်ကို တံတိုင်းသုံးထပ်ကြား လှည့်လည်ရွတ်ဖတ်ပူဇော်စေသဖြင့် ဘီလူးဘေးမှ ကင်းဝေးစေခဲ့သော အရပ်ဌာနထူးကြီး ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးအား အရှည်ခံ၍ တည်တံ့စေရန်အတွက် ခေတ်အဆက်ဆက် သံဂါယနာ တင်ခဲ့ကြရပါသည်။ သံဂါယနာဆိုသည်မှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ စသော ပိဋကတ်တော်များ မပျောက်ပျက်ရအောင် မမှားမယွင်း စုပေါင်းရွတ်ဆိုခြင်း (ထိန်းသိမ်းခြင်း) ကို သံဂါယနာတင် သည်ဟု ခေါ်ဆိုကြပါသည်။ ထိုသို့ သံဂါယနာတင်ခဲ့သည့် အနက် ဒုတိယသံဂါယနာကို ဝေသာလီပြည်၌ သာသနာနှစ် (၁၀၀) တွင် တင်ခဲ့သဖြင့် ဝေသာလီမှာ သာသနာ့သမိုင်း အတွက် မမေ့အပ်သော ဌာနထူးကြီးလည်း ဖြစ်ပါသည်။

မိထွေးတော်ဂေါတမီက မြတ်ဗုဒ္ဓကို တောင်းပန် လျှောက်ထားသဖြင့် မြတ်ဗုဒ္ဓ ငြင်းပယ်တော်မူခဲ့သော်လည်း ရှင်အာနန္ဒာ၏တောင်းပန်တင်လျှောက်မှုကြောင့် ဘိက္ခုနီသံဃာစတင်ဖြစ်ပေါ်ခဲ့ရာဒေသကြီးလည်း ဖြစ်ပါသည်။ သာဝတ္ထိမှ စစ်သူကြီး မဟာဗန္ဓုလက သူဇနီး မလ္လိကာချဉ်ခြင်းတပ်၍ လိစ္ဆဝီတို့ မင်္ဂလာကန်တော်တွင် လာရောက်ရေခိုးပြီးအပြန်တွင် လိစ္ဆဝီမင်းတို့ လိုက်လံတိုက်ခိုက်ရန် အသွားလိစ္ဆဝီတို့၏ဆရာစစ်သူကြီးဖြစ်သော မျက်စိကွယ် နေသော မဟာလိကတားမြစ်သော်လည်း နာယူမှုမရှိကြ၍ လိစ္ဆဝီမင်းသားတို့ အသက်သေဆုံးခဲ့ရာနေရာလည်း ဖြစ်ပါသည်။

ၚင်းအပြင် ယနေ့ထက်တိုင်ရှိသော ခြသေ့ရုပ်ပါ ကျောက်တိုင်ကြီးအနီး မျောက်မင်းရေကန်နေရာတွင် မြတ်ဗုဒ္ဓအား ပျားသလက်လှူခဲ့သောမျောက်ကြီးမှာ သူ့ပျားသလက်ကို မြတ်ဗုဒ္ဓလက်ခံတော်မူ၍ ဝမ်းအာသာကြီး သာကာ သစ်ပင်တစ်ပင်မှ တစ်ပင်ကူးရင်း လိမ့်ကျသေဆုံး၍ နတ်ပြည်သို့ရောက်ခဲ့ရပြီး ကုသိုလ်ကို ပြန်စဉ်းစားရာ မြတ်ဗုဒ္ဓကျေးဇူးတော်ကို သိရှိရသဖြင့် သူ့ဗိမာန်နှင့်တကွ နတ်အခြွေအရံတို့ပါ လူ့ပြည်ဆင်းသက်ပြီး မြတ်ဗုဒ္ဓကို ကိုယ်ထင်ပြကာ လာရောက်ဖူးမြော်သည် ဟု အဆိုရှိရာနေရာဖြစ်ပါသည်။

သို့သော် ဖြစ်ရပျက်ပြန်လောကဓံအရ သွေးစည်းညီညွတ်သော အပရိဟာနိယတရားလက်ကိုင်ထားကြသော လိစ္ဆဝီမင်းတို့မှာ မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင်မှ အဇာတသတ်၏ မင်းတိုင်ပင်ပုဏ္ဏား ဝဿကာရပုဏ္ဏား၏ သူလှူကိုယ့်ဘက်သားလုပ်ကာ သွေးခွဲသောကြောင့် စည်းရုံးမှုပြိုပျက်ခါ တိုင်းပြည် ပျက်ခဲ့ရပါသည်။

ထိုဝေသာလီတွင် ယခင်က ဘုန်းတော်ကြီးကျောင်း မရှိခဲ့သော်လည်း ယခုအခါ မိဂဒါဝုန် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဦးဝဏ္ဏဓဇမှ မြန်မာဘုရားဖူးများလာလျှင် တည်းခိုရန် အတွက်မြေဝယ်ယူပြီး ဝင်းခြံခတ်ကာ ကျောင်းဆောက် နေပါပြီ။

တစ်ခန်းလျှင် ၂၅၀၀ ဒေါ်လာနှုန်းဖြင့် စုပေါင်း ၅၅ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ လျှုဒါန်းခွင့် ရရှိပြီ ဖြစ်ပါသည်။ ရှေးယခင်က ဘုရားဖူးသွားခဲ့ကြသော ဗုဒ္ဓဂယာ ဘုရားဖူး အဖွဲဝင်ပေါင်း သူတော်ကောင်းတို့ လျှုဒါန်းမှုကြောင့် အိန္ဒိယ နိုင်ငံ၊ မဇ္ဈိမဒေသတွင် မြတ်ဗုဒ္ဓ၏ ဌာနနေရာများတို့တွင် မြန်မာဘုန်းတော်ကြီးကျောင်းများ အသီးသီးပေါ်ပေါက်ခဲ့၍ တည်းခိုနေထိုင်ရေး၌ များစွာအဆင်ပြေခဲ့ရပါသည်။

ရှေးက ကုန်းတစ်တန် ရေတစ်တန် ခက်ခဲပင်ပန်းစွာ သွားလာကြရသော်လည်း ယခုအခါ လေယာဉ်စီးကာဝေဟင်ခရီးဖြင့် သက်သာလွယ်ကူစွာ သွားလာနိုင်ကြပြီ ဖြစ်ပါသည်။

ဟိုစဉ်က ဗုဒ္ဓဂယာဘုရားဖူးသွားလျှင် မြန်မာကျောင်းများမရှိ၍လည်းကောင်း၊ ရှိသော်လည်း မပြည့်စုံသောကြောင့်လည်းကောင်း ဘုရားဖူးသွားရာတွင် ကိုယ်စိတ်ပင်ပန်းဆင်းရဲကြရပါသည်။ တစ်ခါတစ်ရံ ရောက်ရာနေရာဒေသတို့တွင် မြန်မာဘုန်းကြီးကျောင်းများ မရှိ၍ သစ်ပင်ရိပ်အောက်တွင် နားခိုချက်ပြုတ်ရာ၌ အိန္ဒိယသားတို့က အရိပ်ခိုခိုတောင်းခံခြင်းမျိုးလည်း ကြုံခဲ့ရပါသည်။

ရှေးက ဘုရားဖူးခရီးသွားတို့ လျှုဒါန်းခဲ့မှုကြောင့် ယခုဘုရားဖူးခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ခွင့်ရကြသလို ယခုဘုရားဖူးများအနေဖြင့် ဝေးမြေရပ်ခြား တိုင်းတစ်ပါးတွင် ဘုရားဖူးများအတွက် တည်းခိုဆောင်များ ဆောက်လုပ်လျှုဒါန်းခြင်းအားဖြင့် နောင်လာကြမည့် ဘုရားဖူးခရီးသွားများ အတွက် အဆင်ပြေပြေသက်သာသာဖြင့် တည်းခိုခွင့်ရရှိနိုင်ကြမည်ဖြစ်ပါသည်။

အဆောက်အအုံကို လျှုဒါန်းရာတွင် တည်းခိုနေထိုင်သူများအတွက် လေဒဏ်၊ မိုးဒဏ်မှကင်းဝေးစေသ ဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန်စေနိုင်ခြင်းကြောင့် အာယုဒါန ခေါ် အသက်အလှူကို ပေးလှူခြင်းလည်း ဖြစ်ပါသည်။ အရိပ်အောက်တွင် နေထိုင်ခွင့်ရရှိကြသဖြင့် အာဝါသဒါန ခေါ် အရိပ်အလှူလည်း မည်ပါသည်။

ထိုသို့ ကျောင်းဆောက်လှူရခြင်းအကျိုးကို ကျေးဇူးတော်ရှင် တိပိဋကဓရဆရာတော်ဘုရားကြီးက

"သုံးတန် စေတနာ၊ ညီညွတ်စွာဖြင့်၊
သာသနိက ကျောင်း၊ တန်ဆောင်း အလှူ၊
ဆောက်လှူသူတို့၊ ကြီးထူကဲဝှန်၊
ကျိုးရဟန်ကို၊ ကျမ်းဂန်ထောက်ချင့်၊
နိဒါန်းဖွင့်သော်၊ နတ်နှင့် လူနှယ်၊
သန္ဓေတွယ်၍၊ စိတ်ဝယ်တောင့်တ၊ ဆောက်အုံရင်၊
မထကြွက်သီး၊ ကိုယ်လည်းမလှုပ်၊
ကြောက်ရုပ်မထင်၊ ထိတ် လန့်စင်၏၊
ခြသေ့၊ သစ်၊ ကျား၊ သားရဲများနှင့်၊
ဖမ်းစားကလူ၊ နှိပ်စက်မူသား၊
တောသူဘုတ်ပြိတ်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့် ကင်းကၤ၊
အဆင်းဖောက်ပြန်၊ ကုမ္ဘာန်ရက္ခိုဿ်၊
နတ်မိုက် ရန်ပေါင်း၊ ဘေးလွတ်ရှောင်း၏၊
မကောင်းအိပ်မက်၊ မမြင်မကံဘူး၊
ထင်လျက်သတိ၊ ခိုင်မြဲဘိ၍ ၊
ဝိပရီဏာ၊ ဖောက်ပြန် စိတ်ရင်း၊ ရှုးသွပ်ခြင်းမှ၊
ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက် ကောင်း၏၊
နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊
ဂုဏာကဲပို၊ အရဟတ္တဖိုလ် ဟု၊
ထိုထိုကျေးဇူး၊ လွန်ပြန်ပြုသည်၊
ဆောက်ဦးလှူကျိုး ခုနစ်တည်း ဟု
ခွန်းချုပ်တော်ဆင့် မှာတမ်းဖွင့်ခဲ့ဖူးပါသည်။

သို့ပါ၍ အရိပ်အလှူ၊ အသက်အလှူ၊ ပေးလှူခြင်းဖြင့် အကျိုးထူးများရှိနိုင်ကြမည်မှာ မလွဲဧကန် မှန်လှပါသည်။ မြန်မာဗုဒ္ဓဘာသာများအဖို့ မဇ္ဈိမဒေသ ဘုရားဖူးသွားပါက စကားမတူ၊ အယူကွဲပြား ဘာသာခြားများရှိရာ ဟိုတယ်များ တည်းခိုခန်းများတွင် တည်းခိုကြမည့်အစား ကိုယ့်ဘာသာ၏ အထွတ်အမြတ်ထားရာ သံဃာတော်များရှိရာ ကျောင်းများ၌ တည်းခိုရခြင်းက သံဃာ့အရိပ်ခိုခွင့်ရခြင်း၊ မြန်မာစကားသံများဖြင့် ကြည်နူးမှုရနိုင်ခြင်း၊ မြန်မာစကားပြောရခြင်းဖြင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ခြင်းတို့ကြောင့် ရှေးယခင်ကပင် အမြော်အမြင်ရှိခဲ့ကြသော ရှေးမြန်မာများကိုယ်တိုင် အိန္ဒိယတွင် ကျောင်းတိုက်ကြီးများ ဆောက်လုပ်ထားခဲ့ကြခြင်း ဖြစ်ပါသည်။

သို့ပါ၍ ယခုအခါ မြန်မာဘုန်းတော်ကြီးကျောင်း မရှိသေးသော "ထူးမြတ်လှသည်၊ ဝေဿာလီ၌၊ ကျောင်းတည်ဆောက်ထား၊ အကျိုးအားကြောင့်၊ ဘုရားဖူးမှာ၊တည်းခိုရာ၌၊ များစွာလွယ်ကူ၊ ကုသိုလ်ယူ၍၊ **ကြည်ဖြူနှလုံးအေးနိုင်ပြီ**" ဟူ၍သာ ဆိုလိုက်ချင်ပါတော့သတည်း။

လုမ္ဘိနီအင်ဂျင်နီယာ ဦးမောင်မောင်လေး

သံဝေဇနီယ လေးဌာန

လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က
ဗုဒ္ဓမြတ်စွာ၊ ဖွားရာသန့်စင်
ဟိမဝန္တာတောင်ခြေတစ်ခု
ဥယျာဉ်လုမ္မီနီကား
ကပိလဝတ်ပြည်မှ
ပဌမဌာန
ဆယ့်နှစ်မိုင်ကွာဖြစ်၏။
မယ်တော်မာယာမိဖုရား
ဖွားမြင်ခါနီး အချိန်ကာလ
အာသာဆန္ဒ၊ ဖြစ်ပေါ်လာရ
ဒေဝဒဟ အမိအဘတို့ထံ
သွားရောက်လည်ပတ်တွေ့ဆုံရန်။
သိကြားမင်း၏ ဥယျာဉ်ရိပ်မြုံ
လုမ္မီနီအင်ကြင်းတောအုပ်ဒေသ
ညွှတ်အိတွဲကျ အင်ကြင်းကိုင်းအခက်အလက်
ဆွဲယူဆုပ်ကိုင် တွေ့ထိလျက်ပင်
ဖွားမြင်ကိစ္စ ပြီးမြောက်ရ၏
လေးမျက်နှာသောအရပ်
နတ်များစုံညီ ရွှင်ကြည်ဝမ်းမြောက်
လက်ဖြင့်ခံကြကုန်၏။
ထိုမှတစ်ဆင့်
လူတို့ကသာခံယူကြရကုန်၏။
ဘုရားအလောင်းတော်
မြေပေါ်သက်ဆင်းမတ်တပ်ရပ်ကာ
ခြေလှမ်းခုနစ်လှမ်း လှမ်းပြီးသည့်အခါ
ဝမ်းသာအားရကြေညာစကား
မိန့်မြွက်ကြား၏။

'ငါသည်ကား၊ လောက၏
အထွတ်အမြတ်ဆုံးပါတကား' ဟူသတည်း
လောကုတ္တရာဉာဏ်ကိုဆိုက်ရောက်အောင်မြင်ရာ
ဂယာမြို့အနီး
ဥရဝေလတောအုပ်သစ်ပင်
ညောင်ပင်ဗောဓိတွင်ရစ်ပါ၏
ဖွားဖက်တော်ခုနစ်ဦးတွင်
ပါဝင်တစ်ခု
ဒုတိယဌာန
ဗုဒ္ဓဂယာ မည်ရပါ၏။
ဝဇီရာသနခေါ်
စိန်ပလ္လင်တော်ကို
ညွှတ်တွားရွှင်ပျော်၊ ပူဇော်ကန်တော့ပါ၏ဘုရား။
ဆိတ်ငြိမ်အေးချမ်းရာ
မိဂဒါဝုန်တောတွင် ပဌမ
ဒုက္ခ၏ဆန်းကြယ်ပုံကို
ဖော်ထုတ်ဟောပြော
ဓမ္မစက္ကပဝတ္တန'တရားဓမ္မစကြာ
နာယူကြရာ
အရှင်ကောဏ္ဍည
အရှင်ဝပ္ပ
အရှင်ဘဒ္ဒိယ
အရှင်မဟာနာမ် . . . အရှင်အဿဇိန
ပဉ္စဝဂ္ဂီငါးဦးတစ်ဖန်
မည်ပြန်ပါ၏
ဘုမ္မစိုးနတ်
စတုမဟာရာဇ်နတ်

တာဝတိံသာနတ်
ယာမာနတ်
တုသိတာနတ်
နိမ္မာနရတီနတ်
ပရနိမ္မိတဝသဝတ္တီနတ်
ဗြဟ္မာအပေါင်း
ကောင်းချီးကြွေးကြော်ကြကုန်၏
သုတ္တန်ပေါင်း ဆယ့်တစ်သုတ်ကိုဟောကြားတော်မူဘိ
ဣတိပတနခေါ်ဆာရ်နတ်မြို့ဆီ
ကာယဒွါရတစ်လီ
ဝစီဒွါရတစ်လီ
မနောဒွါရတစ်လီ
သုံးလီစုပေါင်း
ညွှတ်ပျောင်းကန်တော့ပါ၏ဘုရား။
သက်တော်ရှစ်ဆယ်

ဝါတော်လေးဆယ့်ငါး
တရားဓမ္မများ၊ ဟောပြပြီးကာ
စတုတ္ထဇ္ဈာန
ပရိနိဗ္ဗာန်စံတော်မူရာ
ကုသိနာရုံ အင်ကြင်းတောစပ်အရိပ်
'ဟန္ဒ ဒါနိ ဘိက္ခဝေ
အာမန္တယာမိ ဝေါ၊
ဝယဓမ္မာ သခါရာ
အပ္ပမာဒေန သမ္မာဒေထ" ဟု
နောက်ဆုံးစကား၊ ဟောကြားဆုံးမခဲ့ပေ၏။
ဝိနည်း သုတ္တန် အဘိဓမ္မာ
သုံးရပ်သာသနာ
ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်
အနှစ်ငါးထောင် ထားရစ်ပေငြား
ထို့ထက်ရှည်လျား တည်စေသော်။

ဓေသန်း

မြတ်နေရာ

➤ ကြီးမြတ်သူ ဟူသမျှတို့
ယုံကြည်သည့် မြတ်နေရာ
➤ ရောင်တခင် ခုချက်ချင်း
လျှင်း မရပါ။။
➤ များသူတို့ အိပ်နေရာ
ညခါပင် သူမနား
➤ အမြင့်ကို သူမြင်လို့
သူ့အစဉ် နှစ်ဆတိုးလို့ရယ်
ကြိုးကုတ် လေသား။။

အင်္ဂလန်ဆရာတော်
ဘဒ္ဒန္တဉာနိက

ဘဒ္ဒန္တဝဏ္ဏဓဇမဟာထေရ်မြတ်၏ ထေရုပ္ပတ္တိ မင်္ဂလာ စည်တော်သံ

၁။* မြန်မာနိုင်ငံတော်တွင် ရခိုင်ပြည်နယ် တစ်လွှားမှာလ
မင်းပြားမြို့ကြံတောရွာ
* ဗုဒ္ဓသာသနာတော်ရောင် ထိန်ပြောင်ဝင်းတာကြောင့်
ကြံတောရွာတွင် နေထိုင်သူလူခပင်းတို့မှာ (ကွယ်)
တွင်းစိတ်ကြည်သာ။
* ကြံတောရွာနေ လူအများမှာလ
ဗုဒ္ဓသာသနာတော် အဆုံးအမတရားတွေကြောင့်
သုံးပါးရတနာသို့ ယုံကြည်မှုအမြင်အတွေးအဖြာဖြာ
ယဉ်ကျေးပါဘိ ကြံတောရွာနေ ရွာသူရွာသား။
*ကြံတောရွာတွင် ရှေးကံပေးလေတော့
ဦးမောင်ထွန်းဦး+ဒေါ်စိန်စိန် နေထိုင်ရေးမှာဖြင့်
သုံးစုံရတနာ ဆည်းကပ်ရေးတွေနှင့်
တူနှစ်ကိုယ် အသက်မွေးကြတယ် (ကွယ်)
အေးမြစိတ်ထား။
၂။*ထောင့်သုံးရာတစ်ဆယ့်တစ်ရယ်ဟူ(၁၃၁၁)
သက္ကရာဇ်ကောဇာခွင်
* တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်ကူးပြီမို့
စပါးနှံတွေ ရွှေဝါရောင်အဖူးတို့ဖြင့်
*ဆောင်းနှင်းစို လေသင့်ရာကိုယ်စီ
လွန်ကာလူးကြတယ်(ကွယ်)
မြူးကြွလန်းရွင်။
*အဲဒီလိုအချိန်ထူးမှာလ
မီးရှူးလို့သန့်စင် ဖွားမြင်တဲ့ပဉ္စမမြောက်ဗုဒ္ဓဟူးသား

* ဦးမောင်ထွန်းဦး+ဒေါ်စိန်စိန် မိဘနှစ်ဦးမှာဖြင့်
သားရွှေစင် ရုပ်ရည်ထူးရယ်ကြောင့်
ရှင်ပြုရန် ရွှေစိတ်ကူးပါလို့
တူနှစ်ကိုယ် လွန်ကြည်နူးကြတယ် (ကွယ်)
မြူးကြည့်ရွှင်ပွား။
၃။*အဲဒီလို မိဘများမှာလ
ရွှင်အားရသားကိုနော် ဖွားမြောက်ထွန်းပေါ်
*ခုလိုချိန် ခါသမယမှာဖြင့်
အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ မိဂဒါဝုန်တောမှာ
အခြေချပါလို့
မိဂဒါဝုန်မြန်မာကျောင်း စတုတ္ထဆရာတော်
အရှင်ဝဏ္ဏဓဇရယ်ဟု
ဘွဲ့နာမထင်ပေါ် ဖူးမြော်ကြလူအများ၊
* M.A ဘဒ္ဒန္တဝဏ္ဏဓဇ ဆရာတော်ကို
ဖူးမြော်ဆဲမှာဖြင့်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဂုဏ် ပူဇော်ပွဲကိုလ
(နှ. ပ. သ)ဘွဲ့နှင်းသဘင်ခန်းမကြီးထဲတွင်
ရွှေလက်တွဲပါလို့
ပြည်နိဗ္ဗာန် ရည်ရွယ်မလွဲအောင် (ကွယ်)
နွဲစိတ်ရွှင်ပွား။

ဦးမင်းကြည်(ဓမ္မစရိယဘီအေ
မဟာသဒ္ဓမ္မဇောတိကဓဇ)

စန္ဒမဏိ ဘာဘာ

ပန်းချီ-မင်းညို



အသျှင်စန္ဒမဏိ ရပ်တော်မူ ကြေးရုပ်တုတော်
(ဦးဟန်တင် သွန်းလုပ်ခဲ့သည်)

သီရိဘဒ္ဒန္တစန္ဒမဏိဘာဘာဆရာတော်ကြီး ကြေးရုပ်တုတော် ဉာဏ်တော်(၈)ပေခန့်ရှိ ရပ်တော်မူ ရုပ်တုတော်မှာ အဆောင်အယောင် ကင်းမဲ့စွာဖြင့် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး သိမ်တော် နောက်နား တစ်နေရာတွင် မထင်မရှား ညှိုးငယ်စွာဖြင့် ဆယ်စုနှစ် သုံးကြိမ်နီးပါးသီတင်းသုံးလျက် ရှိနေပါသည်။ ဆရာတော် ကြီး၏ သမိုင်းကြောင်းကို သိသူများမှာ စို့တသက်သက် စိတ်မ ချမ်းမြေ့ကြသော်လည်း သမိုင်းကို မသိသူများမှာ ကပ်ကျော် ၍ ဖြတ်သန်းသွားလာခဲ့ကြပါသည်။

ဆရာတော်ကြီး၏အတ္ထုပ္ပတ္တိထွက်ပြီဖြစ်၍ သတင်းဆောင်းပါးအဖြစ် အကျဉ်းသာ ရေးသားပါမည်။ အိန္ဒိယနိုင်ငံတွင် ပုဒ္ဓဘာသာပြန်လည်ထွန်းကားလာရေးအတွက် ထွန်းကားခဲ့သည့် သူရဲကောင်းဆန်စွာ မည်သို့မည်ပုံ လုပ်ဆောင်ခဲ့ရသည်ကို လေ့လာသူအများ ဂုဏ်ယူချီးကျူးကြပါသည်။ အသက်အန္တရာယ်ကို ပဓာနမထားဘဲ အရဲစွန့်ခဲ့ရသည့် စွန့်စားခန်းများမှာ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိ အကျယ်တွင် ပါရှိပြီးဖြစ်ပါသည်။ တစ်ချိန်က အိန္ဒိယတွင် အုပ်ချုပ်ခဲ့သော မင်းမှာပုဒ္ဓဘာသာဝင် မင်းမဟုတ်ဘဲ ဇာတ်ကြီးဇာတ်နိမ့် ပဋိပက္ခများ ထူပြောလာပြီး ပုဒ္ဓဘာသာပျောက်ကွယ်ခဲ့ရပါသည် ။ ယင်း၏ အနိဋ္ဌာရုံကို ဆရာတော်ကြီးမှာ ကယ်တင်ရှင်အဖြစ် စွန့်စားခဲ့ရပါသည်။

ရခိုင်ပြည်နယ်၏ တစ်ချိန်က ရခိုင်မင်းနေပြည်တော်-မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်းကျေးရွာတွင် အဘဦးကျော်အောင်+ အမိ မိဝင်းယေမှ ၁၂၃၇-ခု၊ကဆုန်လပြည့်ကျော် (၆)အင်္ဂါနေ့၌ သားဦးအဖြစ် သာပန်းဦးကို မွေးဖွားသန့်စင်ခဲ့သည်။ ရှင်အရွယ်တွင် စစ်တွေမြို့ ဦးစန္ဒိမာခြသော့်နှစ်ကောင် ကျောင်းတွင် ရှင်သာမဏေပြုခဲ့သည်။ ငယ်စဉ်ကပင် ပညာရည်ထူးချွန်ခဲ့သဖြင့် ရှင်စန္ဒမဏိအား ချစ်မြတ်နိုးကြသဖြင့် မဏိကိုချန်လှပ်ပြီး ချစ်စနိုးဖွယ် စန္ဒဟုခေါ်ကြသည်။ ၎င်းနှင့်အတူ ရှင်သာမဏေတစ်ပါးမှာ သူရိယ ဖြစ်၍ တစ်ဦးကို တစ်ဦး ချစ်ခင်ကြပါသည်။

မြောက်ဦးမြို့ ဘုရားဖူးလေ့လာရေးအပြန် အိန္ဒိယနိုင်ငံသားများက ဦးစန္ဒိမာကျောင်းသို့ ရောက်ရှိလာစဉ် ရှင်စန္ဒကို ရင်ငယ်အား စိတ်ဝင်စား၍ အိန္ဒိယသို့လိုက်ရန် ပင့်ဖိတ်ပါသည်။ အိန္ဒိယတွင် ပုဒ္ဓဘာသာ ဆိတ်သုဉ်းနေသည်ကို ပုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာရေးအတွက် ကယ်တင်ရှင် စိတ်အပြည့်ရှိသူ ရေတပ်နေသည့်အခါ ရေတိုက်ကျွေးသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြင့် အိန္ဒိယသို့လိုက်ရန်ကတိပေးခဲ့သည်။ ရခိုင်သမိုင်းစာမျက်နှာတွင် ကျေးဇူးရှင် စန္ဒသူရိယမင်းကြီးမှ ဘုရားရှင်အား ပင့်ဖိတ်ခဲ့ သဖြင့် ရခိုင်များ ပုဒ္ဓဘာသာဖြစ်ခဲ့ရသည့် သမိုင်းအစဉ် အလာကောင်း ရှိနေသဖြင့် ရခိုင်သို့ ဘုရားရှင်ကိုယ်တော် တိုင်ကြွလာသည်ကို အသိဝင်ပြီးသူ ပုဒ္ဓ၏နှလုံးသားသွေး ခိုင်မာသူဖြစ်ရကား အိန္ဒိယသို့ လိုက်ပါရန် ကတိပေးခဲ့သည်။ စန္ဒ၏သူငယ်ချင်း

ရခိုင်များ ဗုဒ္ဓဘာသာဖြစ်ခဲ့ရသည့် သမိုင်းအစဉ်အလာကောင်း ရှိနေသဖြင့် ရခိုင်သို့ ဘုရားရှင်ကိုယ်တော်တိုင်ကြွလာသည်ကို အသိဝင်ပြီးသူ ဗုဒ္ဓ၏ နလုံးသားသွေးခိုင်မာသူဖြစ်ရကား အိန္ဒိယသို့ လိုက်ပါရန် ကတိပေးခဲ့သည်။

ငန်းများ၌ အထောက်အကူရရှိလာသည်။ ဆရာတော်ကြီးအား အိန္ဒိယအစိုးရ၏ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖြစ် ၁၉၅၄-ခုနှစ် မြန်မာနိုင်ငံ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌမ သံဂါယနာတင်ပွဲတော်သို့ကြွရောက်ခဲ့ပြီး အခမ်းအနားတွင် ဟိန္ဒီဘာသာစကားဖြင့် သာရဏီယကထာ မြွက်ကြားတော်မူခဲ့သည်။

ဘာဘာ ဟူသောဝေါဟာရမှာ ဟိန္ဒူဘာသာစကားအရ ဘခင်ကို ခေါ်ဆိုသော ဝေါဟာရ ဖြစ်သည်။ ရခိုင်တွင် အဖကို ပါပါ ဟု ခေါ်သကဲ့သို့ မြန်မာတွင် အဖကို အဖေ ဟု ခေါ်ဆိုသည့် အဓိပ္ပာယ် ဆောင်ပါသည်။ စန္ဒြမဏိအရှင်သူမြတ်အား ကြည်ညိုး၍လည်းကောင်း၊ ဖခင်တမျှ ကျေးဇူးကြီးသောပုဂ္ဂိုလ်ဖြစ်၍လည်းကောင်း ဘာဘာ ဟူသော ဝေါဟာရကို အသုံးပြုခဲ့ပါသည်။ အိန္ဒိယမှ အသိအမှတ်ပြုသကဲ့သို့ ဆရာတော်ကြီးအား နိုင်ငံပေါင်း(၃၀)ကျော်မှလည်း အသိအမှတ်ပြုကြပါသည်။

သက်တော် (၉၇)နှစ် ၈-၅-၁၉၇၂ ခုတွင် အိန္ဒိယပြည် ကုသိနာရုံဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတော်ကြီး၌ ပျံလွန်တော်မူခဲ့ပါသည်။ ဆရာတော်ကြီး၏ ဘာသာရေးလုပ်ငန်းကို အသိအမှတ်ပြုသော နိုင်ငံ(၃၂) နိုင်ငံနှင့် အသင်းအဖွဲ့(၁၂၇)ဖွဲ့ တို့အပြင် ဗုဒ္ဓဘာသာသို့ အသွင်ကူးပြောင်းလာကြသည့် ဟိန္ဒူအမျိုးသားတစ်ရပ်လုံးမှ ဝမ်းနည်းကြေကွဲသည့် သဝဏ်လွှာများကိုပေးပို့ခဲ့ကြပါသည်။ ဆရာတော်ကြီး၏ ကျောင်းပတ်ဝန်းကျင်ကျေးရွာ(၂၆)ရွာမှ ရွာသူရွာသားများမှာ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ စည်ကားသိုက်မြိုက်စွာ သင်္ဂြိုဟ်ခဲ့ကြပါသည်။

အိန္ဒိယနိုင်ငံတွင် ပျောက်ကွယ်ခဲ့သော ဗုဒ္ဓဘာသာကို ပြန်လည်အသက်သွင်းခဲ့သည့် ဗုဒ္ဓ၏ သားကောင်းအာဇာနည် ပီပီ စစ်တွေမြို့သူ မြို့သားများနှင့် မြန်မာပြည်သူပြည်သား သူရိယလည်း စိတ်တူကိုယ်တူ ဖြစ်၍ ကိုရင်သူရိယအား စည်းရုံးခဲ့သည်။ စန္ဒနှင့် သူရိယ နှစ်ပါး အမည်ကို ပေါင်းလျှင် မြတ်စွာဘုရားရှင်ကို ပင့်ခဲ့သည့် စန္ဒသူရိယမင်း၏ အမည်နှင့်တူနေသည်။ ထိုမင်းကြီး၏ အမည်နာမကို အတိတ်ကောက်ပြီး ကိုရင်နှစ်ပါး ပေါင်း၍ ဆောင်ရွက်လျှင် ဗုဒ္ဓသာသနာ အိန္ဒိယတွင် ပြန်လည် ထွန်းကားလာမည်ဟု ယုံကြည်လာသည်။

ဖိတ်ခေါ်လာသောပုဂ္ဂိုလ်များထံ ကိုရင်နှစ်ပါး အိန္ဒိယသို့လိုက်ပါရန် ကတိပေးခဲ့သဖြင့် မန္တလေး သတင်းစာတွင် ရခိုင်မှ ကိုရင်နှစ်ပါး အိန္ဒိယတွင်ဗုဒ္ဓဘာသာထွန်းကားရန် အိန္ဒိယသို့ ထွက်ခွာကြောင်း သတင်းကောင်းပါလာသည်။ ကိုရင်နှစ်ပါး မှာ ဗုဒ္ဓဘာသာကင်းမဲ့သည့် အိန္ဒိယတွင်ဒုက္ခမျိုးစုံကို ခံစားလာရသည်။ အသက်အန္တရာယ် မလုံခြုံသည့် နောက်ဆုံးဖြစ်ရပ်တွင် နှစ်ပါးလုံး ရခိုင်ပြည်သို့ ပြန်လာခဲ့ကြသည်။ ရှင်စန္ဒကိုရင်မှာ ပြန်လာခဲ့သော်လည်း မကျေမနပ်ဖြစ်ကာ မန္တလေးသတင်းစာ၌ သူတို့အားခိုးကျူးဂုဏ်ပြုသည့် သတင်းကို အရှက်ရသည်ကတစ်ကြောင်း၊ အသက်ပင်သေပါစေ ဗုဒ္ဓဘာသာ အိန္ဒိယတွင် မထွန်းကားသမျှ ပြန်မလာဟူသည့် အစွဲအလန်း သန္နိဋ္ဌာန်ကိုစွဲမှတ်ပြီး အိန္ဒိယသို့ ပြန်ရန် စိုင်းပြင်းလေသည်။ တကာများ၏ ကူညီပံ့ပိုးမှုဖြင့် အိန္ဒိယသို့ သာသနာပြုရန် ရှင်စန္ဒ တစ်ပါးတည်း ကြွသွားခဲ့ပါသည်။

တောကြီးမျက်မဲ ဘုရားရှင် ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံတွင် တောရှင်းပြီး သာသနာပြုရန် အစပျိုးလေသည်။ပထမဆုံးတွင် လူမှုရေးလုပ်ငန်းများဖြင့် ဇာတ်နိမ့်သူ ဆင်းရဲသားတို့အား အခလွတ် ပညာသင်ကျောင်း ပညာဒါနပြု လုပ်ငန်းဖြင့် စတင်ခဲ့ရသည်။ ရေတွင်းရေကန်များတူးဖော်၍ လူမှုရေးရင်းနှီးမှုများရယူသည်။ ဟိန္ဒီဘာသာ၊ ပါဠိဘာသာ စသည်များကို သင်ယူပြီး၊ ဒီဂရီကောလိပ်ကျောင်းအထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထိုအခါမှ ဟိန္ဒူ ဇာတ်မြင့်ဇာတ်နိမ့်များကလေးစားကြည်ညိုလာကြသည်။ ဆရာတော်ကြီးအား စန္ဒြမဏိအမည်တွင် နောက်မှ ဘာဘာကို တွဲ၍ စန္ဒြမဏိဘာဘာဟူ၍ခေါ်လာကြသည်။ ဗုဒ္ဓဘာသာသို့ အလုံးအရင်းဖြင့် ကူးပြောင်းလာကြသည်။ အိန္ဒိယအစိုးရမှ အသိအမှတ်ပြုလာပြီး လယ်ယာမြေများကို လျှဒါန်းလာသည်။

လယ်ယာမြေများရရှိလာသဖြင့် ဆင်းရဲသားများသို့ လယ်မြေငှားခ ရသည့် ငွေကြေးများဖြင့် လည်းကောင်း၊သီးနှံများဖြင့်လည်းကောင်း စန္ဒြမဏိအရှင်မှာ ဘာသာရေးလုပ်

အပါအဝင် ရခိုင်ပြည်နယ်တစ်ဝှမ်းလုံးမှအလှူငွေများဖြင့် မှတ်တမ်းတင် ကြေးဆင်းရုပ်တုတော်ကို သွန်းလုပ်ခဲ့ကြပြီး အသွင်စန္ဒမဏိ ဗိမာန်တော်ကြီးတစ်ခု တည်ဆောက်ရန် စီစဉ်လျက် ရှိပါသည်။စစ်တွေမြို့၊ ဓညဝတီ(ခ) ရပ်ကွက်၊ မေယုလမ်း၊ ဦးပိုင်အမှတ်(၂၀)အကွက်(၁၈၈) (၁၈၉)(၁၉၀) တွင် ၂၀၀၁-ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ဂိုဏ်းပေါင်းစုံ မှဆရာတော် သံဃာတော် (၁၀၈)ပါး အမှူးထားလျက်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင်ဦးဆောင်သော ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရခိုင်ပြည်နယ် ရှိ မြို့နယ်(၁၇) မြို့နယ်မှ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဗိမာန်တော်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ တက်ရောက်ပြီး အုတ်မြစ်စီ အခမ်းအနားကို အောင်မြင်စွာ ပြုလုပ်ခဲ့ပါသည်။ အလှူခံရရှိ ငွေကျပ်(၂၂)သိန်းကို မ တည်၍ ကွန်ကရစ်တိုင်(၂၃)တိုင်ကို စိုက်ထူထားပြီး ဖြစ်ပါသည်။ ကျန်အလှူခံရရှိ ငွေကျပ်သိန်း (၄၀)ဖြင့် ပြီးမြောက်နိုင်မည်ဟု ခန့်မှန်းထားပါသည်။

ဗိမာန်တော်ကြီး အမြန်ဆုံး အပြီးသတ် တည်ဆောက် နိုင်ရန် အဖက်ဖက်မှ ပါဝင်လှူဒါန်း ကူညီဆောင်ရွက်ပေးကြ ပါရန် တင်ပြ နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ပန်းချီ-မင်းညို

“ဝဋ်လည်မည် သတိထား”

ဆရာသမားကို စော်ကားသောတပည့်

မိဘကို ဒုက္ခပေးသော သားသမီး

ကျေးဇူးရှင်ကို ကျေးဇူးကန်းသော

သူတို့သည်

မည်သည့်အခါမှ မကြီးပွား

ကြီးပွားသော်လည်း တာရှည်မခံ

ထိုသူတို့သည်

မကြာမီ ဝဋ်ပြန်လည်လိမ့်မည်။

ဦးစန္ဒမဏိ (သို့)
အိန္ဒိယဗုဒ္ဓသာသနာ မီးရှူး တန်ဆောင်ကြိုး

ဦးအောင်ထွတ်(ရန်ကုန်တက္ကသိုလ်)

ရဟန်းတို့- လောက အကျိုးစီးပွားအတွက်၊ လောက ချမ်းသာရေးအတွက်၊ လောကကို စောင့်ရှောက်ရေးအတွက် ခရီးဒေသစာရီထွက်ကြ။ တစ်ကြောင်းတည်းသောခရီးကို နှစ်ပါးမသွားကြနှင့်။ အစ အလယ် အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသောတရားမမှကို ဟောကြားကြ။ ငါကိုယ်တိုင်လည်း ဥရုဝေလတော သေနာနိုဂုံးသို့ ကြွမည်။ (ဝိနယမဟာဝဂ်၊၂၇)

အပိုင်း (၁)
မြတ်ဗုဒ္ဓသာသနာတည်ထောင်ပုံ

ခရီးအစ

ဤစကားရပ်မှာ သာသနာပြုရေးအတွက် မြတ်ဗုဒ္ဓ ဘုရားဖြစ်စ ပထမဝါမှာပင် မိန့်ကြားခဲ့သောစကား ဖြစ်၏။ မြတ်ဗုဒ္ဓသည် ပဉ္စဝဂ္ဂိငါးဦးအပါအဝင် ခြောက်ကျိပ်သော ရဟန်းတို့အား ဤသို့ မိန့်မြွက်ခဲ့ခြင်း ဖြစ်သည်။ ထိုစကားမှာ မည်မျှလေးနက်ပါသနည်း။ "တစ်ကြောင်းတည်းသောခရီးကို နှစ်ပါးမသွားကြနှင့်" တဲ့။ နှစ်ပါးသွားလျှင် စကားပြောဖြစ်မည်၊အချိန်ကုန်မည်၊ အချိန်ကုန်လျှင် အလုပ်မပြီး၊ ခရီးမတွင်၊ အလုပ်တစ်ခုကို နှစ်ပါးလုပ်မည့်အစား တစ်ပါးတည်းလုပ်ပါက ကျန်တစ်ပါးက အခြားလုပ်ငန်းတစ်ခုကိုလုပ်နိုင်မည်၊ ခရီးတွင်မည်၊ မြန်မြန် သာသနာပြုနိုင်ပါမှ သတ္တဝါတို့ အမှန်တရားကို မြန်မြန်သိရှိမည်။ ဗုဒ္ဓသည် ဤစကားအတိုင်း ကိုယ်တော်တိုင် ကျင့်သုံးတော်မူသည်။မိဂဒါဝုန်မှ ဥရုဝေလတောသို့ တစ်ပါးတည်းထွက်ခဲ့သည်။ အဖော် မဆိုထားဘိ၊ တန်ခိုးပြာဋိဟာကိုပင် အသုံးမပြုခဲ့။ ခြေလျင်ခရီးဖြစ်၏။ လောကဥယျာဉ်၏ သာသနာပြုခရီး အစကား ကြည်ညိုဖွယ်၊ အတုယူဖွယ် အတိဖြစ်ပေသည်။

ခရီးအလယ်

ဤအချိန်မှစတင်ခဲ့သော မြတ်ဗုဒ္ဓ၏ သာသနာပြုခရီးသည်(၄၅)နှစ် ကြာမြင့်ခဲ့သည်။ သက်တော်(၅၅)နှစ်တိုင်တိုင် တစ်နေရာတည်း မနေ၊ မနေ-မနား ခရီးဒေသစာရီကြွခဲ့သည်။ တစ်ဦးတစ်ယောက် အသိတရားရရှိရေးအတွက် နံနက်၊နေ့၊ည ဟူ၍ မရွေး။ အချိန်အခါမရွေး ကြွချီတော်မူသည်။ သက်တော်ရှစ်ဆယ် နောက်ဆုံး ကုသိနာရုံမလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ လဲလျောင်းသည်အထိ ရပ်ချိန်မရှိ။ နားချိန်မပါ။ အားလပ်ချိန်ဟူ၍ မထား။ တစ်သမတ်တည်း တလစပ်တည်း သာဖြစ်၏။

တစ်နေ့တာတွင်(၂၄)နာရီရှိသည့်အနက် ညှ၏ နောက်ဆုံးပိုင်း(ပစ္ဆိမယံ)ကိုပင် သုံးပိုင်းခွဲလိုက်၏။ ပထမပိုင်းတွင် တစ်နေ့တာ ပင်ပန်းသမျှ ကိုယ်ခန္ဓာကြီး ပြေလျော့စေရန် ခေတ္တမျှ စက်ဘီးကြ၏။ ဒုတိယပိုင်းတွင် ခေတ္တမျှ ကျိန်းစက်၏။ တတိယပိုင်း အရုဏ်တက်စ ရောက်လာလျှင်ပင် နောက်တစ်နေ့တာ လုပ်ငန်းစရန် လောကကို ရှုကြည့်တော်မူသည်။ ထိုအချိန်မှ စတင်၍ လောကသားတို့၏ အကျိုးစီးပွားကို နံနက်ကိစ္စ၊ နေ့လယ်ကိစ္စ၊ ညနေချမ်းကိစ္စ၊ ညဉ့်ဦးယံကိစ္စ၊ သန်းကောင်းယံကိစ္စ၊ မိုးသောက်ယံကိစ္စဟူ၍ အပိုင်းပိုင်း အဆစ်ဆစ်ခွဲကာ ကြိုးပမ်းတော်မူသည်။ ညဉ့်၏ နောက်ဆုံးမိုးသောက်ယံ အစပိုင်းသို့ ရောက်သည်အထိ ဖြစ်၏။ ကိုလေသာ အညစ်အကြေးတို့ ကင်းစင်သည့် ပုဂ္ဂိုလ်ဖြစ်၍သာ ဤရွေ့ဤမျှ စွမ်းပကားကို အသုံးချနိုင်ခြင်းဖြစ်ပေသည်။

"ငါ ဘုရား မရှိသည်နောက်
ဆရာမရှိ ဟူ၍ မမှတ်နှင့်
ဓမ္မနှင့်ဝိနယတို့သည်
ငါမရှိသော်
ငါ၏ ကိုယ်စား
သင်တို့၏ဆရာ(သတ္ထာ)ဖြစ်သည်"

ခရီးအဆုံး

ဤသို့ လည်ပတ်ခဲ့သောခရီးသည် (၄၅)နှစ်တာကြာ မြင့်ခဲ့ပြီး ကုသိနာရုံတွင် ပြီးဆုံးခဲ့၏။ သက်တော်(၈၀) ပူပြင်းလှသော ကဆုန်လ နွေရာသီ။ နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်၊ နောက်ဆုံးနာရီ စကန့်တို့ ဖြစ်၏။

ပါဝါနှင့် ကုသိနာရုံသည် မဝေးလှ။ ယခုခေတ် ခရီးမိုင်အားဖြင့် (၆)မိုင် ဝန်းကျင်သာ ရှိ၏။ (အနောက်တိုင်းသားတို့၏ယူဆချက်အရ တစ်ယူဇနာတွင် ၇. ၅ မိုင် ခန့်ရှိ၏) မြတ်ဗုဒ္ဓသည် နေ့ဆွမ်းကို စုန္ဒ၏အိမ်တွင် ဘုဉ်းပေးခဲ့၏။ မကြာမီ ဝမ်းသွေးလွန်သော ဝေဒနာဖြစ်သည်။ သို့သော် ခရီးဆက်တော်မူ၏။ နုပျိုစဉ်က ရာဇဂြိဟ်မှ ကပိလဝတ် နေပြည်တော်အထိ နှစ်လတာခရီးရှည်ကြီးကို တစ်နေ့လျှင် ၁၄-မိုင် နှုန်းဖြင့် ကြွခဲ့တော်မူခဲ့၏။ ယခုခေတ် ၆-မိုင်မျှသော ခရီးကို (၁၅) ကြိမ်တိတိ ရပ်နားခဲ့ရ၏။(ဥဒါန၊၅၊၃၆၄)။ ပင်ပန်းတော်မူသဖြင့် ကကုဓာမြစ်တွင်းသို့ ဆင်း၍ ရေသုံးသပ်တော်မူရ၏။ သစ်တစ်ပင်ရင်းတွင် အရှင်စုန္ဒကခင်းပေးသော ဒုကူဋ္ဌသင်္ကန်းကြီးပေါ်တွင် ခေတ္တလဲလျောင်းခဲ့ရ၏။ (ဒီ နှာ ၁၁၁)

ကုသိနာရုံသို့ဝင်သော် နေခြည်ညှိုး၍ မှောင်ရီပျိုးစဖြစ်နေပေပြီ။ "အာနန္ဒာ၊အင်ကြင်းပင်ပျိ နှစ်ပင်တို့၏ အကြားမြောက်ဘက်သို့ ဦးခေါင်းပြု၍ ညောင်စောင်းကိုခင်းလော့၊ ငါဘုရား ပင်ပန်းလှပြီ၊ လဲလျောင်းဦးအံ့" (ဒီဃ၊မဟာဝဂ္ဂ၊ ၁၁၃)ဟု မိန့်ကြားလိုက်သော်လည်း တကယ်တမ်း အနားယူခွင့်ကိုကား မရခဲ့ပါချေ။ ဤကုသိနာရုံမြို့ကလေးသည် မြတ်ဗုဒ္ဓလောင်းလျာ စကြာဝတေးမင်းအဖြစ် ခြောက်ကြိမ်တိတိ ဦးခေါင်းချခဲ့ရာ ဖြစ်၏။ယခု ခုနစ်ကြိမ် မြောက်တွင်ကား နောက်ဆုံးဦးခေါင်းချရမည့် နေရာဖြစ်၏။ သခ်ါရ ရေစီးကြောင်းတွင် မျောပါနေရသူ မှန်သမျှ ဆွေးမြေ့ပျက်စီးခြင်းအနိစ္စဓမ္မတွင် လိုက်ပါနေရမည်သာ ဖြစ်၏။ နိစ္စဓမ္မကို ဖော်ညွှန်းသည့် **မဟာသုဒဿနသုတ္တန်**ကို ဟောကြား၍ အရှင်အာနန္ဒာ၏ ပူဆွေးသောကမီးကို ငြိမ်းသတ်ရဦးမည်။ အယူဝါဒသံသရာတွင် ယုံမှားခြင်း ဝိစိကိစ္ဆာဖြင့် အချိန်ကုန်ခဲ့ရသည့် သုဘဒ္ဒ ပရိဗိုဇ်ကို နောက်ဆုံး တပည့် (ပစ္ဆိမသက္ခိသာဝက) အဖြစ် ခီးမြောက်ရဦးမည်။

မြတ်ဗုဒ္ဓသည် ဤနှစ်ခုသောရည်ရွယ်ချက်ဖြင့် ကုသိနာရုံသို့ ကြွရောက်ပရိနိဗ္ဗာန်ပြုခြင်း ဖြစ်၏။ ဤသို့သော ဓမ္မရေးရာ သာသနာရေးရာတို့ကို ဆောင်ရွက်ပြီးစီးမှသာ ပရိနိဗ္ဗာန် ပြုခဲ့ခြင်း ဖြစ်၏။ ထိုနှစ် ထိုအချိန်ကား ထေရဝါဒီတို့ ယူဆချက်အရ ဘီစီ ၅၄၄-ဖြစ်၏။ သုတေသီတို့အလိုအရ ဘီစီ ၄၈၃ သို့မဟုတ် ဘီစီ ၄၈၆ ဖြစ်၏။

အပိုင်း(၂)

နှစ်ပေါင်း ၁၇၀၀ သာသနာ့ခရီး

စာပေထိန်းသိမ်းမှုနှင့် သာသနာပြန့်ပွားမှု

ဘီစီ-၅ရာစုတွင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသောအခါ မြတ်ဗုဒ္ဓကိုယ်စား ဓမ္မနှင့်ဝိနယတို့ ကျန်ရစ်ခဲ့သည်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် "ငါ ဘုရား မရှိသည့်နောက် ဆရာမရှိဟူ၍ မမှတ်နှင့်။ ဓမ္မနှင့်ဝိနယတို့သည် ငါမရှိသော် ငါ၏ကိုယ်စား သင်တို့၏ဆရာ(သတ္ထာ)ဖြစ်သည်။ (ဒီဃ၊ မဟာဝဂ္ဂ၊ ၁၂၆)။ ဓမ္မသည် လောကသားအားလုံးအတွက် လမ်းပြဆရာ ဖြစ်၏။ ဝိနယအတွက် မြတ်ဗုဒ္ဓသည် တင်းတင်းကျပ်ကျပ်ပင် မိန့်မှာခဲ့၏။ ဝိနယအတွက် ထုတ်ပယ် နှုတ်ပယ်လိုသောအချက်များ ရှိပါက ငါ ဘုရားရှေ့တော်မှောက်မှာပင် ပြုလုပ်ကြ" ဟု မှာထားတော်မူ၏။

သာသနာ့နောင်ရေးကို မျှော်တွေးတော်မူကြသည့် အရှင်ကဿပ စသော ရဟန္တာမထေရ်ကြီးတို့သည် ဓမ္မနှင့် ဝိနယတို့ကို ချက်ချင်းပင် စုပေါင်းရွတ်ဆို၍ မှတ်တမ်းတင်ခဲ့ကြ၏။ **ပထမသံဂါယနာ** ဟုခေါ်သည်။ ဤသံဂါယနာသည် ယနေ့တည်ရှိနေသည့် ပိဋကတ်သုံးပုံ(ဓမ္မ၊ဝိနယ)၏ တိကျခိုင်မာမှုကို ဖော်ပြနေပေသည်။

ယင်းမှနှစ်(၁၀၀)အကြာ ဘီစီ ၄-ရာတွင် ဒုတိယသံဂါယနာတင်ခဲ့၏။ ဒုတိယအကြိမ် စာပေ စိစစ်မှု၊ သာသနာသန့်ရှင်းမှုတို့ကို မှတ်တမ်းတင်ခဲ့ကြခြင်းဖြစ်၏။ ထို့ နောက် နှစ်(၁၀၀)ကျော် ကြာပြန်သောအခါ တတိယအကြိမ် သံဂါယနာတင်ခဲ့ကြ၏။ တတိယအကြိမ် စာပေကိစ္စ၊ သာသနာ့ကိစ္စတို့ကို မှတ်တမ်းတင်ကျန်ရစ်ရန် လုပ်ဆောင်ကြခြင်းဖြစ်၏။ ဤ သံဂါယနာ၏ တာဝန်များမှာ ကြီးကျယ်လှ၏။ သံဂါယနာကို အာဏာစက်ဖြင့် ကြီးကြပ်ပေးသူ အသောက(သီရိ ဓမ္မာသောက)ဘုရင်သည် အိန္ဒိယသမိုင်း၌ အကြီးကျယ်ဆုံး လက်နက်နိုင်ငံရှင်ကြီး ဖြစ်၏။ သူ၏နိုင်ငံသည် ယနေ့အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်သုံးနိုင်ငံ ပေါင်းစပ်ခြင်းနှင့် ညီမျှ၏။ ဗုဒ္ဓသာသနာသည် သူ၏လက်ထက်တွင် အထွတ်အထိပ်ရောက်ခဲ့၏။ သူ၏သာသနာသည် အိန္ဒိယ (ဇမ္ဗူဒိပ်)ကို ကျော်လွန်၍ တမ္ဗပဏ္ဏိဒိပ(သီဟိုဠ်)နှင့် သုဝဏ္ဏဘူမိ (အရှေ့တောင်အာရှ နိုင်ငံများ) တိုင်အောင် ပျံ့နှံ့ခဲ့၏။ စာပေ

မရေးရာနှင့် စပ်လျဉ်း၍ကား ပုဒ္ဓစာပေ(ပါဠိစာပေ)ထက် တိကျခိုင်မာမသော အထောက်ထားရှိသည့် စာပေဟူ၍ မည်သည့် ဘာသာတွင်မှ မရှိပေ။

သာသနာ့ပြုကွဲပျောက်ကွယ်သွားခြင်း

ဤသည်မှာ အကောင်းဘက်မှ ရှုမြင်သုံးသပ်ချက် ဖြစ်၏။ အဆိုးဘက်မှရှုမြင်သော် ဤသို့ တွေ့ရပေမည်။ မြတ်ဗုဒ္ဓသာသနာသည်အကြီးကျယ်ဆုံးအဖွဲ့အစည်းကြီး (သံဃ)ဖြစ်၏။အကောင်းလည်းပါ၏။အဆိုးလည်းပါသည်။ စရိုက်အမျိုးမျိုး အသွင်အမျိုးမျိုးရှိသော ပုထုဇဉ်လူသားသည် အထိန်းအကျောင်းရ အခက်ခဲဆုံးဖြစ်၏။ သူသည် အသိဉာဏ်ပါသောလူသားဖြစ်ပေရာ အကောင်းအဆိုး နှစ်မျိုးလုံးကို အသိဉာဏ်ပါပါ ပြုလုပ်တတ်၏။ အကောင်းဆုံးကို ပြုလုပ်တတ်သကဲ့သို့ အဆိုးဆုံးကိုလည်း ဖန်တီးတတ်သူ ဖြစ်၏။ မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် ဒေဝဒတ်ကဲ့သို့ လောဘကို မသတ်နိုင်သူ၊ သုဘဒ္ဒ တောထွက်ရဟန်းကဲ့သို့ အငြိုးအထားကြီးမားသူတို့ စောစောကပင် စိမ့်ဝင်နေပြီးဖြစ်သည်။

ထိုသူများသည် အရေအတွက်များပြားလာသောအခါ ပေါက်ကွဲမှုကြီး ပေါ်လာလေတော့သည်။ ဒုတိယသံဂါယနာ (ဘီစီ၄-ရာစု)တွင် ပေါ်လာသည့် ဒသဝတ္ထုက ဖန်တီးရှင်ရဟန်းဆိုးများသည် အင်အားကြီးမားလှသည်။ ထို့ကြောင့် ပုဒ္ဓသာသနာသည် ထေရဝါဒနှင့် မဟာသံဃိကဟူ၍ ၂-ဂိုဏ်းကွဲသွားတော့သည်။ မဟာသံဃိကဂိုဏ်းသည် မဟာယာနပုဒ္ဓဘာသာ၏ မျိုးစေ့ပင် ဖြစ်သည်။ တတိယသံဂါယနာ (ဘီစီ၃-ရာစု)တင်သောအခါ နိုင်ငံကလည်း ကျယ်ဝန်း၊ သာသနာပျံ့ပွားမှုကလည်း ကြီးမားလှသဖြင့် ဂိုဏ်းကွဲများ အစိပ်စိပ်အမြှောက်မြှော် ပေါ်လာတော့သည်။ ထေရဝါဒဂိုဏ်းတွင်းမှာပင် ဂိုဏ်းကွဲပေါင်းများစွာ ရှိနေပေပြီ။ ဤအချက်မှာ အိန္ဒိယနိုင်ငံ၌ ပုဒ္ဓဘာသာ ပျောက်ကွယ်သွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပေသည်။ အတွင်း အင်အားစု ပြိုကွဲသွားသောအခါ အပြင်ပ ပယောဂများ ပူးကပ်ဝင်လာမြဲ ဖြစ်သည်။ ဤအချိန်အခါမျိုးတွင် ခေတ်ပြိုင်အယူဝါဒဖြစ်သောဗြဟ္မဏဘာသာ (နောင်-ဟိန္ဒူ)နှင့် ကိုန်းဘာသာတို့က အနုနည်းဖြင့် ပုဂံအနိုင်ယူခြင်း၊ အချို့ဗြဟ္မဏနွယ်ဝင်ဘုရင်တို့က ရက်ဇက်စွာ သတ်ဖြတ်ညှင်းပန်းခြင်း၊ မီးရှို့ခြင်းတို့ ပေါင်းစပ်လိုက်သောအခါ ပုဒ္ဓသာသနာသည် တဖြည်းဖြည်းညှိုးလာသော ပန်းပမာဖြစ်ခဲ့ရသည်။ နောက်ဆုံး ၁၂-ရာစုတွင် မူဆလင်တို့က အကြွင်းမဲ့ ဖျက်ဆီးလိုက်သောအခါ အိန္ဒိယမြေပေါ်တွင် ပုဒ္ဓသာသနာ မဆိုထားဘိ ပုဒ္ဓဘာသာဟူ၍ပင် လက်ညှိုးညွှန်စရာ မကျန်လောက်သော အခြေအနေသို့ ရောက်ခဲ့ရပေသည်။ ဤသို့ဖြင့် အိန္ဒိယနိုင်ငံ ပုဒ္ဓဘာသာတွင် အမှောင်ထုကြီး လွှမ်းခြုံသွားပေတော့သည်။

အပိုင်း(၃)

အမှောင်ထုတွင်းမှ နီးထလာသော ပုဒ္ဓသာသနာ

အနာဂါရိကဓမ္မပါလ (သို့) အမှောင်ထုကို စတင်ပြိုခွင်းသူ(၁၈၆၄-၁၉၃၃)

ဤသို့ရာစုနှစ်များစွာ အမှောင်ထုတွင် နစ်မြုပ်နေ သော အိန္ဒိယပုဒ္ဓသာသနာအလင်းရောင်ကို စတင်ထွန်းညှိသူ တစ်ဦးပေါ်လာသည်။ သူကား အနာဂါရိကဓမ္မပါလဖြစ် သည်။ ခရစ်ယာန်ကျောင်းတွင် နေရသဖြင့် ဒေးဗစ် အမည် ခံရသော်လည်း သူ၏ မိဘများမှာ ရတနာသုံးပါးကို လွန်စွာကိုင်းရှိုင်းသူများဖြစ်ကြသည်။ သူကိုယ်တိုင်မှာလည်း ကလေးဘဝကပင် ငါးပါးသီလမြဲသူဖြစ်၏။ ဒေးဗစ်သည် ဘာသာရေးအစွဲကြီးသူဖြစ်၏။ ထို့ကြောင့် ပုဒ္ဓစာပေများကို လက်လှမ်းမီသရွေ့ ဖတ်ရှုလေ့လာသည်။ ထိုအချိန်က၊သီဟိုဠ်ကျွန်းတွင် ခရစ်ယာန်နှင့် မူဆလင်တို့ ကြီးစိုးနေသည်။ အင်္ဂလိပ်လူမျိုး ပိုလ်မှူးကြီး အော်ရက်(လ်)(Col. Oracle) သည် သီဟိုဠ်ကျွန်းတွင် ပုဒ္ဓဘာသာ ပြန့်ပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်နေသည်။ သူတို့နှစ်ဦးသည် ယုံကြည်ချက်ကို အရင်းတည်၍ ပေါင်းမိသွားကြသည်။ ဒေးဗစ်သည် အသက်(၂၀)အရွယ်တွင်ငါးပါးသီလနှင့် အပြဟ္မစရိယသိက္ခာပုဒ်ကို အပြည့်အဝဆောက်တည်၍ သူ၏ဘဝကို ပိုလ်မှူးကြီးအော်ရက်(လ်) ၏ မဟာဗောဓိအသင်းတွင် မြှုပ်နှံလိုက်သည်။

၁၈၉၀-ခုနှစ်၊ဇန်နဝါရီလတွင် ဒေးဗစ်သည် ပုဒ္ဓဂယာသို့ ရောက်၍ သွားသည်။၂၇နှစ်အရွယ်ဖြစ်၏။ ပုဒ္ဓဂယာတွင် သူတွေ့ရသည့် မြင်ကွင်းမှာ အနိဋ္ဌာရုံ သက်သက်ဖြစ်၏။ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှ၏။ အင်္ဂလိပ်ကဗျာဆရာကြီး ဆာအက်ဒွင်အာနိုးရေးသားဖော်ပြထားသည်ထက်ပင် ဆိုးဝါးလေ၏။ ပုဒ္ဓဂယာ စေတီကြီးသည် မြင်မကောင်းအောင် ပျက်စီးနေပြီ။ ပုဒ္ဓရုပ်ပွားတော် နေရာများတွင် ဟိန္ဒူနတ်ဘုရားများက နေရာယူနေ၏။ ဗိဿနိုး နတ်ရုပ်၊သိဝနတ်ရုပ်များက အမွေးနုံသာ ပန်းဝေဝေဆာဆာ ရှိနေကြ၏။ အဆိုးဆုံးမှာ လိင်္ဂကိုးကွယ်မှု ဖြစ်၏။ ပုဒ္ဓဘာသာတို့၏မျက်စိတွင်ကား ရွက်ဖွယ်လိလိ ဖြစ်၏။

ထေရဝါဒဂိုဏ်းတွင်း မှာပင်
ဂိုဏ်းကွဲပေါင်းများစွာရှိနေပေပြီ၊
ဤအချက်မှာ အိန္ဒိယနိုင်ငံ၌
ပုဒ္ဓဘာသာပျောက်ကွယ်သွားရခြင်း၏
အဓိက အကြောင်းရင်းဖြစ်ပေသည်၊

မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ၁၂၆၅ - ခုနှစ် (၁၉၀၄-ခု)တွင် မဇ္ဈိမဒေသသို့ ရောက်သွားသောအခါ ဘာသာရေးရှုကွင်းကို ဤသို့ သံဝေဂပြင်းစွာဖြင့် ရေးဖွဲ့ခဲ့သည်-

-ဧတေ၊ ထိုမဇ္ဈိမတိုက်သားကုလားလူမျိုးတို့သည် မဟာဒေဝဿ၊ မဟာဒေဝနတ်မင်း၏ ကာဋ္ဌ၌၊ ယောက်ျား နိမိတ်ပုံကိုလည်းကောင်း။ စန္ဒိယာစ၊ စန္ဒိ နတ်သမီး၏။ ကေဋ္ဌ စိကဋ္ဌ၊ မိန်းမနိမိတ်ရုပ်ပုံကိုလည်းကောင်း။ ယမကံကတွာ၊ အစုံ တပ်စွပ်ကုန်၍။ တတ္ထ တတ္ထ၊ လူပေါင်းစုံရာကုသိနာရုံ မဟာဗောဓိစသော ထိုထိုအရပ်တို့၌။ အလဇ္ဇီနော၊ အရှက်မရှိကုန်ဘဲ။ ပူဇေန္တိ၊ ဆီမီးရေချမ်း ပန်းနံ့သာ စသည်တို့ဖြင့် လွန်စွာမြတ်နိုးရှိခိုးပူဇော်ကြကုန်၏။

ဒေးဗစ်သည် ပုဒ္ဓဂယာရှုကွင်းကို မြင်တွေ့ရသောအခါ ဝမ်းနည်းပူဆွေးပြီး "ငါသည် ဤနေရာမှာပင် အခြေတကျ နေထိုင်၍ ပုဒ္ဓသာသနာပျံ့ပွားရေးကို ဆောင်ရွက်တော့မည်" ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။ ၁၈၉၁-ခုနှစ် ဧပြီလတွင် ဘုရားဝတ်ပြုနေရင်း စိတ်နှလုံးကြည်လင်လှသဖြင့် ဒေးဗစ် အမည်မှ "အနာဂါရိကဓမ္မပါလ" (အိမ်ရာမထောင်သော သူတော်စင်ဓမ္မပါလ)သို့ ပြောင်းလိုက်သည်။ မေလတွင် သီဟိုဠ်သို့ ပြန်ပြီး မဟာဗောဓိအသင်းကို ဖွဲ့စည်းသည်။ မဟာဗောဓိ ကျောနယ်ကိုတည်ထောင်၍ ပုဒ္ဓဂယာ၏ အခြေအနေကို ကမ္ဘာသိအောင် လှုံ့ဆော်သည်။ ထိုအချိန်က ပုဒ္ဓဂယာတစ်ခုလုံးကို ဟိန္ဒူဘုန်းကြီး မဟန္တအဆက်ဆက်ကသိမ်းပိုက်ထားချိန်ဖြစ်၏။

အနာဂါရိကဓမ္မပါလသည် ထိုအချိန်မှစ၍ မိမိ၏ အသက်နှင့် ခန္ဓာကို ပုဒ္ဓဘာသာအတွက် စွန့်လွှတ်ထား၏။ အယူအစွဲကြီးလှသော ထမင်းတစ်လုပ် ရေတစ်မှုတ်ရရန်ပင် ခဲယဉ်းလှသော ထိုဒေသတွင် မဖော်ပြနိုင်လောက်အောင်ပင် ကြီးမားလှသော အခက်အခဲများကို ရင်ဆိုင်ခဲ့ရ၏။ သူ၏ ကိုယ်ပိုင် လက်နက်မှာ ခန္တီတရား၊ မေတ္တာတရား၊ ဇွဲလုံ့လ ဝီရိယ တရားတို့သာ ဖြစ်၏။ သူသည် ပုဒ္ဓဘာသာအတွက် သာမက ဆင်းရဲသား အောက်ခြေလူတန်းစားများအတွက် စာသင်ကျောင်းများ၊ စိုက်ပျိုးရေးကျောင်းများအထိ တည်ထောင်ပေးခဲ့၏။ သူ၏ဇာတိ သီဟိုဠ်ကျွန်းတွင်သာမက အင်္ဂလန်၊ အမေရိကန်နိုင်ငံများအထိ သွားရောက်၍ အောင်မြင်သော ပုဒ္ဓဘာသာ မှတ်တိုင်များကို စိုက်ထူပေးခဲ့၏။ အိန္ဒိယမြေပေါ်တွင် ၄၂-နှစ်တိတိ ကြာမြင့်ခဲ့၏။

ကွယ်လွန်ခါနီး ၁၉၃၁-ခုနှစ်တွင် ရှင်သာမဏေပြုခဲ့သည်။ ၂-နှစ်အကြာ ၁၉၃၃-ခုနှစ်ဧပြီလ ၂-ရက်နေ့တွင် ရဟန်းပြုခဲ့သည်။ ဘွဲ့တော်မှာ "ဒေဝ မိတ္တဓမ္မပါလ" ဖြစ်သည်။ ပုံလွန်ခါနီးတွင် ဆေးဝါးကုသပေးသည်ကိုပင် လက်မခံ။ "ဆင်းရဲသားများအား လှူဒါန်းလိုက်ပါ" ဟုမိန့်ကြားခဲ့သည်။ သူ၏ နောက်ဆုံးဆုတောင်းမှာ-

"ကျွန်ုပ်အမြန်သေပြီး အမြန်လူပြန်ဖြစ်ရပါလို၏။ ပုဒ္ဓဂယာ စစ်ပွဲကြီးကို အောင်မြင်အောင် တိုက်ရပါလို၏"ဟူသတည်း။

ဤသို့ဖြင့် အိန္ဒိယမြေပေါ်တွင် နှစ်ပေါင်း (၇၀၀) ကျော် အမှောင်ကျခဲ့သော သာသနာ့အလင်းရောင်ကို တဖန်ထွန်းတောက်အောင် ညှိခဲ့သော သာသနာ့အာဇာနည်ကြီး၊ ယနေ့ အိန္ဒိယနိုင်ငံ ပုဒ္ဓဘာသာဝင်တို့၏ ကျေးဇူးရှင်ကြီး အနာဂါရိကဓမ္မပါလသည် အသက်(၆၉)နှစ်အရောက် ၁၉၃၃-ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့တွင် တစ်ဘဝခရီး အပြီးသတ်ခဲ့ပေသည်။

အပိုင်း(၄)

ဦးစန္ဒိမဏိ (သို့) မြန်မာတို့၏ အဦးဆုံးအိန္ဒိယသာသနာပြု အာဇာနည်ကြီး

ယနေ့မြန်မာနိုင်ငံ၌ ပြည်တွင်းပြည်ပ သာသနာပြု ဆရာတော်များဟူ သမျှတိခံရသောပုဂ္ဂိုလ်များ ဆယ်ဂဏန်းကျော်မျှ ရှိနေသည်။ ပြည်တွင်း၌ကား မဆိုလို။ ပြည်ပ သာသနာပြုအနေဖြင့် မြန်မာနိုင်ငံ ပြည်ပသို့ထွက်၍ သာသနာပြုနေကြသော ပုဂ္ဂိုလ်များအနက် အကြီးမြတ်ဆုံး ဆရာတော်နှစ်ပါးမှာ ဦးစန္ဒိမဏိနှင့် ဦးသေဋ္ဌလာဘိဝံသ တို့သာ ဖြစ်သည်။ တစ်ပါးမှာ အိန္ဒိယသာသနာပြု ဖြစ်၍ ကျန်တစ်ပါးမှာ အင်္ဂလန်စသည့် ဥရောပသာသနာပြု ဆရာတော်ကြီး ဖြစ်သည်။

ဆရာတော်ဦးစန္ဒိမဏိ အိန္ဒိယနိုင်ငံသို့ သာသနာပြုစတင်သော နှစ်မှာ ၁၈၉၀-ခုနှစ်ဖြစ်၏။ ယနေ့ဆိုလျှင် နှစ်ပေါင်း(၁၀၀)ကျော်ပေပြီ။ ထိုအချိန်က အိန္ဒိယရော မြန်မာပါ ကျွန်နိုင်ငံများ ဖြစ်၏။ ဗြိတိသျှတို့၏ အုပ်ချုပ်မှုအောက်တွင် ရောက်ရှိနေသည်။ အုပ်ချုပ်သူတို့၏ သာသနာပြုအဖွဲ့

များကသာ ကျွန်နိုင်ငံများသို့ လာရောက်အခြေချ၍ သာသနာ ပြုနေကြသောအခါဖြစ်၏။ ခရီးလမ်းပန်းခက်ခဲ၍ ဆက်သွယ် ရေးလမ်းကြောင်း မတိုးတက် မထွန်းကားခြင်း ဖြစ်၏။ အမိ နိုင်ငံကို စွန့်၍ရခြားမြခြား တိုင်းတစ်ပါးသွားရောက်ရန်မှာ စိတ်ကူးပင် မဝံ့သော အခါလည်းဖြစ်၏။ အထူးသဖြင့် အိန္ဒိယ နိုင်ငံကဲ့သို့ အယူသည်းဇာတ်အစဲ(Caste)ကြီး လူပတ်ဝန်းကျင် တွင် ရပ်တည်ရန်ပင် ခဲယဉ်းလှ၏။ ထိုအထဲတွင် ပူပြင်းသော ရာသီဥတု၊ ဆင်းရဲသော အစားအစာတို့ကို ထည့်သွင်းစဉ်းစား မိလျှင် မည်သို့မျှ မသွားသင့် မနေသင့်သော အရပ်ဒေသ လည်းဖြစ်၏။

ဦးစန္ဒမဏိ၏ ကျေးဇူးရှင်ကြီး(၂)ဦး

သမိုင်းကြောင်းကိုရေးထိုးသူများမှာ လူညံ့ လူဖျင်းများ မဟုတ်ကြချေ။ စွန့်လွှတ်စွန့်စားအာဇာနည်များပင် ဖြစ်၏။ လူ့သမိုင်းတွင် ထိုကဲ့သို့သော ပုဂ္ဂိုလ်များပေါ်ပေါက်လာကြ သည်မှာ ဓမ္မတာဖြစ်၏။ ယခုလည်း ဦးစန္ဒမဏိ အိန္ဒိယ သာသနာပြုရေးအတွက် ပုဂ္ဂိုလ်ထူး ၂-ဦးပေါ်ထွက်ခဲ့သည်။ တစ်ဦးမှာ ကာနယ်အော်ရက်(လ်)ဟု မြန်မာတို့အသိများ သော အင်္ဂလိပ်လူမျိုး ဗိုလ်မှူးကြီး အော်ရကဲ(လ်)(Col. Oracle) ဖြစ်၏။ အခြားတစ်ဦးမှာ သီဟိုဠ်ကျွန်းသား ဒေးဗစ် တဖြစ်လဲ အနာဂါရိကဓမ္မပါလ သူတော်စင်ဖြစ်၏။ သူတို့ နှစ်ဦးသည် မြန်မာနိုင်ငံသား ကိုရင်ကလေး ရှင်စန္ဒအား စန္ဒြမဏိဘာဘာ ဟူသော သူရဲကောင်းအဖြစ် ထုဆစ်ပေး ကြမည့်ပုဂ္ဂိုလ်များ ဖြစ်သည်။ သူတို့နှစ်ဦးသည် သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ပုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် ရသမျှ အခွင့်အလမ်းများ အသုံးချကာ သာသနာပြုနေကြရာမှ စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြစ်၏။ ထိုအချိန်က ပုဒ္ဓဂယာ တစ်ခုလုံးကို ဟိန္ဒူဘုန်းကြီး မဟန့်တို့ စိုးပိုင်ထားသည်။

မဟာဗောဓိပြန်ရရေးအတွက် ကမ္ဘာကသိအောင် လှုံ့ဆော်မှ သာ အောင်မြင်မည် ဖြစ်၏။ ထို့ကြောင့် သူတို့သည် ရန်ကုန်၊ မန္တလေး၊ စစ်တွေ စသောမြို့ကြီးများ၌ မဟာဗောဓိအသင်း များ တည်ထောင်ရေးအတွက် ရောက်လာခြင်းဖြစ်သည်။

သာသနာရေးအတွက် တကယ်တမ်းလုပ်ဆောင်နိုင် သူများမှာ သာသနာ့ဝန်ထမ်းများသာ ဖြစ်၏။ သာသနာ့ ဝန်ထမ်းများ သာသနာပြု အခွင့်အလမ်းကို အချိန်ပြည့်အသုံး ချနိုင်၏။ ထိုသာသနာ့ဝန်ထမ်းသည်လည်း ပညာပြည့်စုံရုံမျှ ဖြင့်မပြီး၊ ကိုယ်ကျိုးစွန့်ခြင်း၊အနစ်နာခံခြင်း၊ဇွဲလုံ့လပြင်းထန် ခြင်းစသည့် အရည်အသွေးတို့နှင့် ပြည့်စုံရန်လည်း လိုအပ် သေးသည်။ထိုတွင် သန့်စင်ခြင်း၊ဥပဓိအင်္ဂါပြည့်စုံခြင်းတို့ကို လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ မြတ်ဗုဒ္ဓသည် ထူးခြားသော ဥပဓိလက္ခဏာတို့နှင့် ပြည့်စုံသောကြောင့် ကောသလတိုင်းနှင့် မဂဓတိုင်းတို့အတွင်း သာသနာ တဟုန် တည်း ပျံ့နှံ့သွားအောင် စွမ်းဆောင်နိုင်ခဲ့သည်များကို သတိပြု သင့်ပေသည်။

ရှင်စန္ဒသည် အထက်ပါအရည်အသွေးများနှင့် အတော်ပင် ပြည့်စုံသည်။ ထူးခြားသော ဥပဓိလက္ခဏာပိုင်ရှင် ဖြစ်၏။ သန့်စင်သည်၊ဖြူစင်သည်၊ တည်ငြိမ်သည်၊အေးချမ်း သည်။ ဤဂုဏ်ရည်များမှာ သူ၏မျက်နှာပေါ်တွင် အထင်းသား ပေါ်လွင်နေသည်။ ထို့ကြောင့် စစ်တွေရှိ အသင်းသူအသင်း သားတို့နှင့်တကွ အနာဂါရိက ဓမ္မပါလတို့နှစ်ဦးကပါ တော် ကောက်သွားကြခြင်းဖြစ်သည်။ (မှတ်ချက်။ ။စာရေးဆရာ ကြီးမောင်ထင်၏ ဆောင်းပါးတွင် အရိပ်အမြွက်ဖော်ပြထား သည်)

ဧည့်သည်တော်များနှင့် ရှင်စန္ဒ အဖော်ရစေရန် ရှင် သူရိယမည်သော ကိုရင်တစ်ပါးအားလည်း ခေါ်ယူသွားကြ သည်။ စန္ဒနှင့်သူရိယ(နေနှင့်လ)ဟူသည် အဓိပ္ပာယ်ပြည့်ဝ သော နိမိတ်အမှတ်အသားများပင် ဖြစ်သည်။

ပထမအကြိမ် အိန္ဒိယသို့

၁၈၉၀-ခုနှစ် နိုဝင်ဘာလ(၁၂၅၂- ခုနှစ်၊ တန်ဆောင် မုန်းလ)ဖြစ်၏။ ရှင်စန္ဒတို့နှစ်ပါးနှင့် ကျောင်းသားကပ္ပိယ သတိုးဦးတို့သည် ပုဒ္ဓဂယာ မဟာဗောဓိသို့ ရောက်သောအခါ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် မြန်မာကျောင်း(အုတ်ဇရပ်) တွင် နေရသည်။ ထိုကျောင်းတွင် သီဟိုဠ်ဇာတိ ဘိက္ခုစန္ဒ ဇာတိ သီတင်းသုံးနေသည်။ နေ့စဉ်အလုပ်မှာ နံနက်လင်း သည်နှင့်တစ်ပြိုင်နက် မဟာဗောဓိစေတီတော် ပရိဝုဏ်ကို သန့်ရှင်းရ၏။ အမှိုက်သရိုက်များထက် ဟိန္ဒူတို့ဘာသာရေး အစီအရင်များ ပြုလုပ်ပြီးနောက် စွန့်ပစ်ထားသော အစားအစာ များကို ဖယ်ရှားရ၏။ လက်လှမ်းမှီသမျှ စာပေသင်ကြားရ၏။

၁၈၉၃-ခုနှစ် တစ်နေ့တွင် မိုးကုတ်မြို့ ဘုရားဖူး ဧည့် သည်များကို ပုဒ္ဓဝင်နေရာများသို့ လိုက်လံပြသပေးရန် ဆရာ တော်အရှင်စန္ဒဇာတိက မိန့်ကြားသည်။ ခရီးထွက်နေခိုက် ဟိန္ဒူမဟန့်တို့ နှိုးဆွပေးသူများက မြန်မာကျောင်းတိုက်ကို ဝင်စီး၍ ရိုက်နှက်လုယက်ကြသည်။ အာဂန္တုဘုန်းကြီး ဦး

သုမင်္ဂလ ဒဏ်ရာပြင်းထန်၍ ဆေးရုံတက်ရသည်။ ဘိက္ခု စန္ဒဇောတိ အရှောင်အတိမ်းကောင်း၍ လွတ်မြောက်သွားသည်။ ဗုဒ္ဓဘာသာ ကျောင်းဆရာကြီး အိမ်တွင် ခိုလှုံနေရသည်။ ရှင်စန္ဒတို့ အမျိုးမျိုးစုံစမ်းပြီးမှ ဆရာတပည့်တို့ ပြန်လည်ပေါင်းဆုံကာ ငိုကြွေးကြသည်။ ဗိုလ်မှူးကြီးနှင့် အနာဂါရိကတို့ စီစဉ်ပေးချက်အရ ဆရာတပည့်လေးဦး ဗုဒ္ဓဂယာ၌ နေကြရသည်။ သို့ရာတွင် အစားဆင်းရဲ၊ အနေဆင်းရဲ၊ ဘာသာစကားအခက်အခဲများကို နေ့ရှိသမျှ ခံစားနေကြရသဖြင့် ငယ်ရွယ်သူတို့ပီပီ သည်းမခံနိုင်တော့။ စစ်တွေသို့ ပြန်ရန် ပြင်ဆင်ကြသည်။ ဘိက္ခုစန္ဒဇောတိသည်လည်း စိတ်မကောင်းကြီးစွာဖြင့် ခွင့်ပြုလိုက်ရသည်။ ကာလကတ္တားမြို့ရှိ ပွဲစားကြီးတိုက်တွင် ခေတ္တနေထိုင်ကြ၍ စစ်တွေမြို့ ရောက်ရှိကြသည်။ စစ်တွေဆရာတော် ဦးစန္ဒိမာကျောင်း၌ ဝါဆိုကြ၍ ပရိယတ္တိစာပေများ ဆက်လက်ဆည်းပူးသည်။

ဒုက္ခကိုရင်မဆိုင်နိုင်သူသည် သူရဲကောင်းမဟုတ်

ထိုအတွင်းမှာပင် မန္တလေးထုတ် ဂျာနယ်တစ်စောင်၌ "အိန္ဒိယနိုင်ငံ၌သာသနာတော် ထွန်းကားတော့မည်" ဟူသောခေါင်းစဉ်ဖြင့် ရှင်စန္ဒနှင့် ရှင်သူရိယ(နေ၊လ)တို့နှစ်ပါး အကြောင်းခမ်းနားကြီးကျယ်စွာ ရေးသားထားသော ဆောင်းပါးကို ရှင်စန္ဒ ဖတ်ရှုမိသည်။ ထိုသတင်းသည် ရှင်စန္ဒ၏နှလုံးသားကို နှိုးဆွလိုက်သည်။ မျှားစွာလည်း ရှက်ကြောက်သွားသည်။ "ငါကား သူတစ်ပါးထင်သလို မဟုတ်၊ အထင်ကြီးစရာလူမဟုတ်၊ ဒုက္ခ အရင်းမတည်ဘဲ သုခ မရနိုင်။ ဒုက္ခကို မတော်လှန်နိုင်သူသည် သူရဲကောင်းမဟုတ်၊ အာဇာနည်မမည်။ လောကဓံဒဏ်ကို မခံနိုင်သူသည် ယောကျ်ားကောင်းယောကျ်ားမြတ် မပီသရာရောက်သည်၊ ရှင်စန္ဒသည် အိန္ဒိယသို့ မဖြစ်မနေပြန်တော့မည်" ဟု ဆုံးဖြတ်လိုက်သည်။

ဒုတိယအကြိမ် အိန္ဒိယသို့

မိမိဆုံးဖြတ်ချက်ကို ရှင်သူရိယအား ထုတ်ဖော်တိုင်ပင်သည်။ ရှင်သူရိယက ခေါင်းမငြိမ့်။ သတိုးဦးက လိုက်မည်ဟု ကတိပြုသည်။ ထိုအကြောင်းကို ဦးရိုးတော်ဦးစန္ဒိမာအား လျှောက်ထားသောအခါ "ခုမှ ပြန်ရကောင်းလား" ဟု ဆူပူကြိမ်းမောင်းပြန်သည်။ ရှင်စန္ဒက လက်မလျှော့။ စစ်တွေမြို့တွင်း လှည့်လည်အလှူခံသည်။ စရိတ်ငွေ ၁၂ ကျပ် သာရသည်။ ရှင်စန္ဒ ဇွဲကြီးပုံ ကျောင်းဒကာများ သိရှိကြသဖြင့် ငွေ ၁၅၀ စုပေါင်းလှူကြသည်။ အစီအစဉ်များပြီး၍ သင်္ဘောကြီးပေါ် တက်တော့မည့်အခါ သင်္ဘောပေါ်တွင် ကာလဝမ်းရောဂါဖြစ်ပွားနေသောကြောင့် အကြိမ်ကြိမ် တားမြစ်ကြ၏။ တားမရသည့်အဆုံး ဆရာတော်ဦးစန္ဒိမာက ကာကွယ်ဆေးအဖြစ် အုန်းသီးခြောက် ငါးလုံးနှင့် ကြံသကာတစ်ပိဿာ ပေးလိုက်သည်။ သင်္ဘောပေါ်၌ အနီးအနားရှိ လူအချို့ ပျက်စီးသော်လည်း ရှင်စန္ဒတို့နှစ်ဦး သေကံမရောက်ဘဲ နှစ်ညအကြာတွင် ကာလကတ္တားသို့ ရောက်ရှိသည်။

ပညာသင်ယူကြံခြင်း

မဟာဗောဓိအသင်းတိုက်၌ တည်းခိုကြ၏။ ဓမ္မပါလ၏ စီစဉ်ပေးမှုဖြင့် အိန္ဒိယရဟန်းတော် ဘိက္ခုဇိနထံတွင် နေထိုင်ကြ၍ ဗုဒ္ဓစာပေများ သင်ယူကြသည်။ ဘာသာစကား သင်ကြားရေးအတွက် ကျောင်းဆရာကြီး ဂေါဝိန္ဒ စာဆကရိန်း (Govinna Sarsakarean)ထံ အပ်နှံပေးသည်။ ဆရာကြီးထံ၌ လေးလမျှ သင်ကြားကြပြီး၊ ဆရာကြီးက ဇီဝနန္ဒ(BA) ထံ အပ်နှံပေးသည်။ ဆရာတော် မဟာဝိရက ပါဠို၊ ဟိန္ဒူနှင့် ခေတ်သစ် သိပ္ပံပညာများ သင်ယူနိုင်ရန် ဝစီပုရ်(Wachi pur)ခရိုင်၊ ဂမ္ဘကျေးရွာ ပဏ္ဍိတ်ဆရာကြီး ဂျနာကေရထံ အပ်နှံပေးသည်။ အိမ်တစ်အိမ် ငှားရမ်း၍ နေရသည်။ အိန္ဒိယနိုင်ငံ၌ ပဏ္ဍိတ်တစ်ဆူ ဖြစ်ရန်မလွယ်။ ဘာသာစကားလေးငါးမျိုးကို တတ်ကျွမ်းရ၏။ ဘာသာရပ်(Subject) တော်တော်များများလည်း တတ်ကျွမ်းရ၏။ ကျောင်းသားတို့မှာ ပါဠို၊ သက္ကတ၊ဟိန္ဒူ၊ အူရဒူစသည်တို့ကို တစ်ဦးချင်း သင်ယူကြ၏။ ဆရာကလည်း ထောင့်စေ့အောင် သင်ပေး၏။အချိန်စေ့ လျှင် လုံးဝရပ်နားလိုက်၏။

ဂမ္ဘရွာကြီး၌ ပညာသင်နေစဉ် ကာလဝမ်းရောဂါကပ်ဘေးကြီး ကျရောက်သည်။ လူပေါင်း ငါးရာကျော်သေဆုံးသွားသည်။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းတို့ကား ပြောဖွယ်မရှိ။ ထောက်တည်ရာ အားထားရာဟူ၍လည်းမရှိ။ သို့သော် ရှင်စန္ဒကား အာဇာနည်သူရဲကောင်း လောကဓံကို အံတုနိုင်သူသာ သူရဲကောင်းစင်စစ် ဖြစ်သည်။ ထို့ကြောင့် ဇွတ်မှိတ်၍ သည်းခံသည်။ အဖော် သတိုးဦးကိုမူ ကာလကတ္တားရှိပွဲစားကြီးထံ စေလွှတ်လိုက်သည်။ ပွဲစားကြီးထံမှ "ကုသိနာရုံကိုလိုက်သွားပါ။ ဆရာတော်မဟာဝိရအား ကူညီပါ" ဟု စာပါးလိုက်သည်။

ရှင်စန္ဒသည် ရသေ့တစ်ပါးကို အဖော်ပြု၍ ဂမ္ဘရာကြီးမှ ထွက်ခဲ့သည်။ခြေလျင်ခရီးသုံးရက်ကြာမှ ဘူတာရုံရှိသည့်မြို့သို့ ရောက်သည်။ လမ်းစရိတ်ဟူ၍ ပြား ၅၀-သာ ရှိသည်။ ကုလားပဲခြမ်း ပြား ၃၀-ဖိုးဖြင့် ဝမ်းဗိုက်နှစ်လုံးကို ဖြည့်ခဲ့ရ သည်။ သရက်ပင်အောက်မှာ အိပ်သည်။ ရထားစီး၍ ဂေါရပုရိသို့ သွားသည်။ ထိုမှတစ်ဆင့် ဒေဝရိယမြို့သို့ ရောက် သည်။

ဒေဝရိယဘူတာရုံရောက်လျှင်ပင် ဆရာတော်မဟာဝီရ အကြောင်းကြားသည်။ သတင်းကောင်း မဟုတ်။ ဆရာတော်သည် ကုသိနာရုံ၌ ကျောင်းဆောက်ရန် ပွဲစားကြီး လျှုလိုက်သော ငွေတစ်ထောင်ကျပ်ပါကြောင်း ရုံပိုင်ကြီးအား ဖွင့်ဟ ပြောလိုက်၏။ ကုသိနာရုံသို့ ယခုညပင် သွားမည်ဖြစ်ကြောင်းပြောပြ၏။ ရုံပိုင်ကြီးက တားသော်လည်း ဇွတ်အတင်း ထွက်ခဲ့ရာ ဓားပြများ လုယက်သဖြင့် ငွေတစ်ထောင်ပါသွားတော့သည်။ ပွဲစားကြီးက ငွေတစ်ထောင်ထပ်ပို့သည်။ ရှင်စန္ဒသည် ဆရာတော် မဟာဝီရထံ၌ လေးလမျှနေ၍ ကူညီခဲ့သည်။ ထို့နောက် ပညာဆက်လက်သင်ကြားရန် ဂမ္ဘရာကြီးသို့ ပြန်ခဲ့သည်။

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ပြန်လာခြင်း

ဂမ္ဘရာသို့ ရှင်စန္ဒရောက်သောအခါ ရွာပျက်ကြီးဖြစ်နေပြီ။ ခေတ်မီဆေးဝါး ရှားပါး၍ လူနေမှု နိမ့်ကျသော အိန္ဒိယကျေးရွာများတွင် ဤကဲ့သို့သော ကပ်ဘေးကြီး ကျရောက်တတ်သည်မှာ မဆန်းတော့ပေ။ ရှင်စန္ဒအတွက် ကံဆိုးချက်မှာ ပဏ္ဏိတ်ဆရာကြီး ကပ်ရောဂါတွင် ပါသွားခြင်း ဖြစ်သည်။ မျှော်လင့်ချက်များ ကုန်ဆုံးသွားပြီ။ ဤနေရာတွင် ဘာမျှပြုလုပ်ဖွယ် မရှိတော့ပြီ။

မြန်မာနိုင်ငံသို့ပြန်ရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်၏။ ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ပရိယတ္တိ စာပေများဆက်လက်ဆည်းပူးမည်။ ပရိယတ္တိစာပေအတွက် မြန်မာနိုင်ငံထက်ကောင်းသောနေရာမရှိပြီ ရှင်စန္ဒသည် မဆိုင်းမတွပင် ကာလကတ္တားသို့ ပြန်သည်။ ပွဲစားကြီးက မြန်မာနိုင်ငံ၌ သင့်သလို ပညာဆည်းပူးရန် အစီအစဉ်များ ပြုလုပ်ပေးလိုက်သည်။

သာသနာ့ဥယျောင်ဆရာတော်ကြီးများထံ ဆည်းကပ်နွှဲရခြင်း

ရှင်စန္ဒသည် ဝါဆိုခြိန်နီးကပ်လာပြီဖြစ်၍ စစ်တွေတွင် ကြာကြာမနေ၊ ရန်ကုန်ရှိပွဲစားကြီး၏ညီ ဦးဒိုးအောင်ထံ ကြွ၏။ ဦးဒိုးအောင်က မော်လမြိုင်ရှိ မိတ်ဆွေ အုပ်ချုပ်ရေး အရာရှိဦးကျော်ခိုင်ထံသို့ ပို့ပေး၏။ သူတို့၏ကျေးဇူးကြောင့် ကတိုးကော့နှပ်ရှိ ဆရာတော်ဦးသာဂရထံ ရောက်၏။ ထိုကျောင်းတိုက်တွင် စာသင်သား၄၀-ကျော်ရှိရာ ကျာမန်ရဟန်းတော်တစ်ပါး၊ ကျပန်ဆရာတော်တစ်ပါးတို့ပင် ရှိ၏။ ဝါကျွတ်သောအခါ ဆရာတော်၏ စီစဉ်ပေးချက်အရ မန္တလေးမြို့တော်ရှိ ထိပ်သီးစာသင်တိုက်ကြီးများ၏ ဆရာတော်ကြီးများထံရင်းသို့ ခိုလှုံခွင့်ရခဲ့၏။ ဆရာကံကောင်းခြင်းပေတည်း။

လောကတွင်ဖြစ်စေ၊ သာသနာတော်တွင်ဖြစ်စေ ထိပ်တန်းသို့ ရောက်ရန်မှာ ဆရာကောင်းထံပါး၌ ဆည်းကပ်ခွင့်ရရန် အထူးလိုအပ်ပေသည်။ တတိယသံဂါယနာတင်နာယက အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးသည် ဆရာကောင်းဖြစ်သည့် အရှင်သိဂ္ဂဝ၏ စောင့်ရှောက်မှုကို ခံခဲ့ရ၏။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသသည် မြောင်းမြသာသနာပိုင်ဖြစ်မည့် အရှင်ဉာနာဘိဝံသ၏ စောင့်ရှောက်မှုကို ရခဲ့၏။လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏာ၏ အထူးသင်ကြားပေးမှုကို ခံခဲ့ရ၏။ ရှင်စန္ဒသည် မန္တလေး၌ မြတောင် တိုက်၊ အနောက် ခင်မကန်တိုက်၊ ပတ္တမြားတိုက်၊ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်တို့၌ တိုက်ပိုင်ဆရာတော်ကြီးများ၏ အဆုံးအမ နာယူရ၍ ဆရာအသီးသီးထံ နည်းခံခွင့် ရခဲ့၏။

မဟာဝိသုဒ္ဓါရုံဆရာတော်

အထူးသဖြင့် မဟာဝိသုဒ္ဓါရုံတိုက်၌နေစဉ် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ နေနည်း၊ ထိုင်နည်း၊သာသနာပြုနည်းတို့ကို မလွဲမသွေရယူခဲ့သည် ဟု ယူဆရသည်။ စာရေးဆရာကြီး မောင်ထင်က အရှင်စန္ဒိမဏိ၏ ဂုဏ်ပုဒ်ကိုဖော်ထုတ်ရာ၌ "ဝဝဖိုင့်ဖိုင့် သန့်သန့်စင်စင်ကိုယ်တော်ကြီးသည် အိန္ဒိယတိုင်းရင်းသားတို့ ဆက်ကပ်သော ချပါတိ စသည့် ဂျုံကြမ်းမုန့်တို့ကို ဝိနည်းတော်နှင့်လျော်ညီစွာ ဣန္ဒြေရရ ဘုဉ်းပေးတော်မူသည်ကို ဖူးမြော်ခဲ့ရသည်၊ စိတ်ထဲ၌ဆွမ်းဘုဉ်းပေးသည်မှာ မြောင်းမြဆရာတော်ကြီး ဘုဉ်းပေးသည်နှင့်တူလေစွ"ဟု အောက်မေ့မိပါသည်။ တူပေမှာပ-။

ဆရာတော်ကြီးနှစ်ပါးလုံးပင် ဝိသုဒ္ဓါရုံကျောင်းထွက်ချည်း ဖြစ်သောကြောင့်ပင်" ဟုရေးသားခဲ့ပါသည်။ ဆရာမောင်ထင်လို နိုင်ငံ့ထိပ်သီး စာရေးဆရာကြီးတစ်ဦး၏ အထင်ကြီးမှု ခံယူရဖို့မှာ မလွယ်ပါ။

သာသနာပိုင်ငါးပါးက ရဟန်းအဖြစ်ခိုးမြွှင်းခြင်း

ရှင်စန္ဒကား သာသနာရေးနှင့်စပ်၍ ကံကောင်းသူ ဖြစ်ပါ၏။ ရဟန်းအဖြစ် ဥပဇ္ဈာယ်ဆရာမှာ စစ်တွေမြို့ ဆရာတော် ဦးစန္ဒိမာ ဖြစ်၏။ ကာရက သံဃာ လေးဆယ်ကျော်တွင် ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် အရှင်ဝိသုဒ္ဓါစာရ၊ တတိယမြောက် ရွှေကျင် သာသနာပိုင် ဒီပဲယင်းဆရာတော် အရှင်ဉာဏဝရ သတ္တမမြောက် ရွှေကျင်သာသနာပိုင် ကျိုက်လတ်ဆရာတော် အရှင် ကေလာသ၊ အဋ္ဌမမြောက် ရွှေကျင်သာသာပိုင် ကန္ဒီဆရာတော် ဦးကောသလ္လ၊ နဝမမြောက် ရွှေကျင် သာသနာပိုင်စံကင်း ဆရာတော် ဦးစန္ဒတို့ ပါဝင်သည်။ (စံကင်း ဂုရုပွတ္တိ၊၌)။ ထို့ကြောင့် သာသနာပိုင် ငါးပါးက ရဟန်းဖြစ်အောင် ခိုးမြွှောက်ခံရသူဟု ဆိုရပါမည်။ ကံထူးလေစွ။

ပစ္စယဒါယကာများမှာလည်း ရှင်စန္ဒအား ရှေးဦးမဆွ ကပင် အစစအရာရာ ထောက်ပံ့ခဲ့သော အိန္ဒိယ၊ မြန်မာကုန် သည် ပွဲစားကြီး ဦးချိုးဇားရှိ ဇနီးဒေါ်မိချမ်းမြ၊ ညီဦးဒိုးအောင် တို့ဖြစ်ကြသည်။ ပွဲစားကြီးကား အိန္ဒိယသာသနာပြုရေးတွင် သဒ္ဓါရက်ရောစွာ လှူဒါန်းသူဖြစ်၏။ ဤသို့ ဆရာ၊ ဒကာ စုံလင်စွာဖြင့် ရှင်စန္ဒရဟန်းအဖြစ်သို့ ရောက်ခဲ့ရသည်။ ထိုနှစ် ထိုအချိန်မှာ ၁၉၀၄-ခုနှစ်(မြန်မာ ၁၂၆၅-ခုနှစ်၊တပို့တွဲ လဆန်း ၉-ရက်) နံနက်(၈)-နာရီအချိန် ဖြစ်၏။ ရဟန်းခံနှင့် ရှင်ပြုပွဲမှာ တစ်လကျော် ကြာမြင့်၏။ မြန်မာ၊ အိန္ဒိယ၊ (ယခု ဘင်္ဂလားဒေ့ရှ်)တို့မှ ထင်ရှားသောဆရာတော်ကြီးများ၊ လူမိတ်ဆွေသင်္ဃာများ ကြွရောက်ကြ၏။ ကာလတန်ဖိုး နှစ်သောင်းငါးထောင်ခန့် ကုန်ကျသည်။ ပွဲစားကြီးက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ဦးဆောင်သည့် ဘုရားဖူးအဖွဲ့အား မဗျိုမဒေသအထိ အသွား+ အပြန်ခရီးစရိတ်ပါ လှူဒါန်းလေသည်။ အလှူကြီး ဖြစ်မြောက်အောင် အရှင်စန္ဒ၏ ဦးရီးတော် စစ်တွေ-ဦးစန္ဒိမာ ဆရာတော်ကြီးက ကမကထ ပြုပေးသည်။

တတိယအကြိမ် အိန္ဒိယသို့ကြွ၍ ရာဇဂၢဟပန်သီတင်းသုံးခြင်း(၁၉၀၄-၁၄၀၅)

ယခုအခါ ရှင်စန္ဒသည် ဦးစန္ဒြမဏိဘာဘာ ဘဝသို့ ရောက်ရှိသွားပြီ။ (မဟာဝိသုဒ္ဓါရာမိကဌ် သီရိစန္ဒြမုနိ-ဟု ဖော်ပြ၍ ဆရာတော်ကြီးကိုယ်တိုင်ရေး ဂါထာများ၌ စန္ဒြမဏိဟုဖော်ပြထားသည်။) ဦးစန္ဒြမဏိသည် ရဟန်းခံပြီး မကြာမီ အိန္ဒိယသို့ ပြန်ကြွသည်။ ကုသိနာရုံ ဗုဒ္ဓဘာသာကျောင်းတိုက် ဆရာတော် မဟာဝိရထံ ခိုလှုံရင်း စာပေပို့ချသည်။ ပထမဆုံး တပည့်မြန်မာရဟန်းသုံးပါးအား သက္ကတနှင့် ဟိန္ဒီပို့ချပေးသည်။ အိန္ဒိယရဟန်းလေးပါးအား ပုဒ္ဓစာပေများ သင်ကြား ပေးသည်။

စာပေကျမ်းဂန်များ ရေးသားခြင်း

၁၉၀၉-ခုနှစ်မှစ၍ ကျမ်းဂန်များ ရေးသားသည်။ သက္ကတနှင့် ဟိန္ဒူဘာသာကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဖြစ်သဖြင့် ဓမ္မပဒ၊ ဓမ္မစက္ကပဝတ္တနသုတ်၊ အနတ္တလက္ခဏသုတ်၊ မဟာသတိပဋ္ဌာနသုတ် စသည်တို့ကို ဟိန္ဒီဘာသာသို့ ပြန်ဆို ထုတ်ဝေသည်။ သက္ကတဆေးကျမ်းများဖြစ်သည့် သာရောဒယ နှင့် အဋ္ဌနဒါန်းတို့ကိုလည်း မြန်မာပြန်ဆိုသည်။ ကျမ်းစာများ၊ မှတ်တမ်းများ၊ဂျာနယ်များကြောင့် ပုဒ္ဓဝါဒကို လူအများ စိတ် ဝင်စားလာ ကြသည်။

ရတနာဂီရိမှ နန်းကျဘုရင်ထံသို့

ကုသိနာရုံ၌ ဦးစန္ဒြမဏိ အဦးဆုံးရင်ဆိုင်ရသော ပြဿနာမှာ ဗုဒ္ဓဂယာကိစ္စဖြစ်သည်။ ဗုဒ္ဓဂယာသည် ဓမ္မပါလ အိန္ဒိယသို့ မရောက်မီကာလကပင် ဟိန္ဒူ မဟန့်ဘုန်းကြီးတို့ လက်တွင်း ရောက်ရှိနေသည်။ မင်းတုန်းမင်းကြီးလှူဒါန်းထားသော အုတ်ဇရပ်သည် မဟန့်တို့၏ သိုး၊ဆိတ်တို့ထားရာဖြစ်နေသည်။ ထို့ပြင် ဘိက္ခုစန္ဒဇောတိကို မဟန့် လှုံ့ဆော်သော လူဆိုးတို့ လုယက်ရိုက်နှက်ခံရသောအခါ ဓမ္မပါလတို့ အလွန်အမင်း စိတ်ထိခိုက်ခံရသည်။ ထို့ကြောင့် ပုဒ္ဓဂယာပြန်လည် ရရှိရေးအတွက် ဓမ္မပါလသည် အမျိုးမျိုးကြိုးစားအားထုတ်လေသည်။ မဟန့်တို့က တရားစွဲဆိုသောအခါ အရှုံးပေးခဲ့ရသည်။ သီပေါဘုရင်ထံသွား၍ သမိုင်းကြောင်း အမှန်ရယူကာ အုတ်ဇရပ်ပြန်ရလိုကြောင်း ကြံပြန်သည်။ ခရိုင်နုံးကလည်း ဤအတိုင်းညွှန်ကြား၏။

သီပေါဘုရင်သည် ပြိတိသျှတို့၏ အကျဉ်းချဘုရင် အဖြစ် ဘုံဘေအနီး ရတနာဂီရိကျွန်းကလေးတွင် ရှိသည်။ ထို့ကြောင့် ဓမ္မပါလ၊ ဦးစန္ဒြမဏိ အဖော်ရဟန်းတို့အဖွဲ့သည် ကုသိနာရုံမှ ပုဒ္ဓဂယာ၊ ထိုမှ ကာလကတ္တား၊ ယင်းမှတစ်ဆင့် ဘုံဘေ(ယခု မွန်ဘိုင်း)သို့ မီးရထားအဆင့်ဆင့်စီး၍ လာကြသည်။ ဘုံဘေမှ ရတနာဂီရိသို့သဘော်ဂယ်ဖြင့် သွားရသည် လှိုင်းလေပြင်းထန်သဖြင့် အသက်အန္တရာယ်ပင် စိုးရိမ်ရသည်။ ရတနာဂီရိသို့ ည ၁၀နာရီတွင် ရောက်သည်။ နောက်တစ်နေ့ ညနေ ၅-နာရီ ကျမှ သီပေါဘုရင်စံရာသို့ ဝင်ခွင့်ရသည်။ နန်းကျဘုရင်၏ရှုခင်းကား ဝမ်းနည်းကြေကွဲဖွယ်ကောင်းလေစွ။ အချင်းချင်းတွေ့ပြီး ငါးမိနစ်မျှ စကားမပြောနိုင်ကြ။ ခဏကြာမှ ဘုရင်က လာရောက်ကြခြင်းအကြောင်း မေးမြန်း

လျှောက်ထားသည်။ ဦးစန္ဒမဏိက အကြောင်းစုံ ရှင်းပြသည်။ ဘုရင်ကလည်း ပြီးပြည့်စုံအောင် ရှင်းလင်းလျှောက်ထားသည်။ အချုပ်ဆိုရသော် မည်မျှအထောက်အထားခိုင်မာပါသော်လည်း နောက်ဆုံး၌ တရားရုံး၍ ဗုဒ္ဓဂယာသည် မဟန့်တို့၏ လက်ထဲတွင် ဇာတ်သိမ်းခဲ့ရလေသည်။ မင်းတုန်းမင်းကြီး၏ အုတ်ဇရပ်သည်လည်း မဟန့်တို့၏ အိမ်ဟောင်းကြီးတစ်ဆောင်အဖြစ်သို့ ရောက်ရှိသွားခဲ့ပေသည်။

လယ်ယာမြေများ ပန်တီးခြင်း

ရှေးခေတ်က သာသနာပြုရေးမှာ ယခုခေတ်ကဲ့သို့ မခြောမွေ့ပါ။ အငတ်ငတ်အပြတ်ပြတ်ဆင်းရဲမှု အတန်တန်ဖြင့် ရုန်းကန်ရသည်။ ဦးစန္ဒမဏိသည် မိမိနှင့်တကွ ရဟန်းသာမဏေကျောင်းသားတို့အတွက် နေ့စဉ် ကြောင့်ကြနေသော ဆွမ်းစရိတ်အတွက် လယ်ယာမြေများရရှိရန် ကြိုးပမ်းတော့သည်။ ဦးစွာ ကုသိနာရုံမှ မိုင်သုံးဆယ်ကွာဝေးသော မဟီ မြစ်ကမ်းဘေး ရွာကလေးတစ်ရွာအနီးတွင် မြေရိုင်း(၁၄)ဧက ရရှိသည်။ ထိုမြေရိုင်းကို လယ်မြေဖြစ်အောင် ဖန်တီးခဲ့ရ၏။ ၁၂-နှစ်အကြာတွင် ဒေဝရိယမြို့မှ အင်္ဂလိပ် အရေးပိုင်က စာနာထောက်ထားသဖြင့် မြေရိုင်းဧက ငါးဆယ်ရပြန်သည်။ သို့သော် အိန္ဒိသားထုံးစံအတိုင်း အနှောင့်အယှက် အမျိုးမျိုး ကြုံနေရပြန်သည်။ တားဆီးသူများကို ရှင်းရ၏။ မြို့/ခရိုင်ရုံးများမှ တရားလွှတ်တော်အထိ တက်ရ၏။ ၇-နှစ်ကြာမှ လယ်မြေအဖြစ်သို့ ရောက်ရှိသည်။ ၁၉၆၁-ခု အချိန်တွင်ကား ပထမတန်းစား လယ်မြေအဖြစ်သို့ ရောက်ရှိ နေပေပြီ။

စာသင်ကျောင်းများ တည်ထောင်ခြင်း

ဦးစန္ဒမဏိသည် ကုသိနာရုံ၌ ဆင်းရဲဒုက္ခ အမျိုးမျိုးရင်ဆိုင်၍ သာသနာပြုနေသည်ဟု ဆိုသော်လည်း အတိအလင်းဝန်ခံရလျှင် အရာ မရောက်ဟုသာ ဆိုရပါမည်။ ဆယ်ဂဏန်းမျှသော သူတို့ကို စည်းရုံးနိုင်ခဲ့သည်။ သူတို့သည်ပင် အသိုင်းအဝိုင်း၏ အပယ်ခံဆင်းရဲသားများသာ ဖြစ်သည်။ ထိုအကြောင်းသိသော သီဟိုဠ်မှ လာသူ ဒကာတစ်ဦးက "အရှင်ဘုရားသည် အသက်အရွယ်ကြီးသော ဤသူတို့အား ဗုဒ္ဓ၏တရားတော်ကို ဟောကြားနေလျှင် ပင်ပန်းရုံသာရှိမည်၊ လူကြီးများအားသာသနာပြုရန် ခဲယဉ်းသည်။ လူငယ်များကိုသာ ပုံသွင်းနိုင်သည်။ ထို့ကြောင့် ကလေးများအတွက် အခလွတ် မူလတန်းကျောင်း စတင်ထောင်ပါ" ဟု လျှောက်ထား အကြံပေးသည်။

ဆရာတော်သည် ဤအကြံကို အလွန်သဘောကျသည်။ ထို့ကြောင့် မူလတန်းကျောင်းလေးမှ အလယ်တန်းကျောင်း၊အထက်တန်းကျောင်း၊ဒီဂရီကောလိပ်ကျောင်းတို့ကို နှစ်လခြို၍ ဇွဲမချ၊ မာန်မလျှော့ဘဲ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်ကာ တည်ထောင်ခဲ့သည်။ လူသားဆန်သော လူသားတစ်ဦး၏ ကြိုးစားအားထုတ်မှုဟုပင် ဆိုရပါမည်။ အတွေ့မပါသော လောကတွေ့စရိယာ တစ်မျိုးပါပေတည်း။

ဆရာတော်ကြီး၏ ဘဝတစ်လျှောက်တွင် စိုက်ထူသည့်ကြီးမားသောမှတ်တိုင်ကြီး နှစ်ခုမှာ ကုသိနာရုံမြန်မာကျောင်းတိုက်နှင့် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်တို့ကို တည်ထောင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။

ကုသိနာရုံမြန်မာကျောင်းတိုက်

၁၉၂၀-ခုနှစ် ပထမ ကုသိနာရုံဆရာတော်ကြီး မဟာဝီရ(စ၅)နှစ် ပျံလွန်တော်မူသောအခါ ဦးစန္ဒမဏိသည် ကုသိနာရုံ ဗုဒ္ဓဘာသာကျောင်းတိုက်နှင့် သက်ဆိုင်ရာ သာသနိကအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ကျောင်းတိုက်အမည်ကိုလည်း **ကုသိနာရုံမြန်မာကျောင်း** ဟု ပြောင်းလဲလိုက်သည်။ ဆရာတော်လက်ထက်တွင် နှစ်ထပ်တိုက်၊ တစ်ထပ်တိုက်၊ တည်းခိုဇရပ်စသည့် အဆောက်အအုံများ တစ်စတစ်စ တိုးတက်ပေါ်ပေါက်လာခဲ့သည်။

ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်

၁၉၀၅-ခုနှစ်ခန့်တွင် ဦးစန္ဒမဏိသည် မိဂဒါဝုန် ဓမ္မေခစေတီတော်အနီးတွင် ကျောင်းတိုက်တည်ရန် စီစဉ်သည်။ ၁၉၀၈-ခုနှစ်တွင် မိဂဒါဝုန်ဗုဒ္ဓဘာသာအဖွဲ့ကို တည်ထောင်သည်။ ဒကာ လေးဦး၊ ဒကာမ လေးဦးတို့သာ ပါဝင်သည်။ မကြာမီ ၁၉၁၀-ခုနှစ်တွင် စစ်တွေမြို့မှ ဦးမြထွန်းနှင့် ရခိုင်မိသားစုတို့ ကောင်းမှုဖြင့် ဘုရားဖူးတို့ နားနေရန် အဆောက်အအုံတစ်ခု ပေါ်လာသည်။ ပထမတွင် ဆရာတော်ကြီး ကိုယ်တိုင် သီတင်းသုံး၍ နောင် တူတော် ဦးကိတ္တိမာအား လွှဲအပ်ပေးလိုက်သည်။

ဆရာတော်ကြီးသည် ဗာရာဏသီမြို့တွင်လည်း ကျောင်းတစ်ကျောင်းကို စတင်တည်ထောင်သည်။ ကောင်းမှုရှင်များမှာ ကပ္ပလီကျွန်းစုမှ မြန်မာဒကာ၊ဒကာမများ ဖြစ်၏။ **သီဂရ** မြန်မာကျောင်းဟုခေါ်သည်။ ဦးကိတ္တိမာကပင် တာဝန်ခံ အုပ်ချုပ်သည်။ ၁၉၅၈-ခုနှစ်တွင် သူဌေးကြီး ဆာဦးသွင်+ဒေါ်ဒေါ်သိန်း မိသားစုတို့က ဓမ္မာရုံတစ်ခု ဆောက်လုပ်လှူဒါန်းသည်။ ဘင်္ဂလားအဝကျွန်းမှ ရခိုင်တိုင်းရင်းသားသံဃာများ သီတင်းသုံးနေသည်။

နီပေါနိုင်ငံတွင် သာသနာပြုခြင်း

နီပေါနိုင်ငံသည် ဟိန္ဒူဘာသာနိုင်ငံဖြစ်၏။ ဘာသာရေးအတွက် ဥပဒေတင်းကျပ်သည်။ ဟိန္ဒူဘာသာဝင်များကို အခြားဘာသာသို့ဝင်ရောက်ရန် တရားဟောပါက ထောင်ဒဏ်၊ ပြည်နှင်ဒဏ်အထိ ကျခံရမည် ဟု ဥပဒေရှိသည်။ ဤသို့သော အခြေအနေတွင် ဦးစန္ဒိမဏိသည် နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာအုတ်မြစ်ချရန် အခွင့်အလမ်း ပေါ်လာသည်။ ဆရာတော်ကြီး၏ တပည့်တစ်ဦးဖြစ်သူ ကမ္ဘာကျော် ပဏ္ဍိတ် ရာဟုလာ (ရာဟုလာသံကိစ္စည်း)သည် ဉာဏ်ပညာ ထက်မြက်ရုံမျှမက စွန့်လွှတ်စွန့်စား အာဇာနည် တစ်ပါးပင်ဖြစ်သည်။ သူသည်နီပေါပြည်သို့ ဝင်ရောက်သွားသည်။ ထိုအချိန်က နီပေါတွင် မဟာယာနဂိုဏ်းလည်း ရှိသည်။ မဟာယာနဂိုဏ်းဝင်ဖြစ်သော ကုန်သည်ကြီးဒထရဋ္ဌသည် ရာဟုလာအား တွေ့ဆုံ၍ မဟာယာနတို့၏ အယူဝါဒ၊ အကျင့်အကြံများ ထုတ်ဖော်ပြောကြား၍ စစ်မှန်သော ဗုဒ္ဓတရားတော်ကိုနာယူလိုပါသည် ဟု ပြောကြားသည်။ ဤသို့ဖြင့် ဒထရဋ္ဌသည် ကုသိနာရုံဆရာတော်ကြီးထံ ရောက်ရှိလာသည်။

ဒထရဋ္ဌသည် ဆရာတော်ကြီးအား များစွာ ကြည်ညိုသဖြင့် ဆရာတော်ကြီးက ထေရဝါဒဗုဒ္ဓဘာသာ အကြောင်းမျက်မြင်ကိုယ်တွေ့သိရှိစေရန် မြန်မာနိုင်ငံသို့ ခေါ်ဆောင်ခဲ့သည်။စစ်တွေ၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင် မြို့များရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်ကြီးများကို ဖူးတွေ့ရသဖြင့် ဒထရဋ္ဌသည် သဒ္ဓါတရားတိုးပွားသည်ထက် တိုးပွား လာပြီး လူဝတ်ကြောင်ကို စွန့်၍ဓမ္မာလောက ဟူသော ဘွဲ့ဖြင့် သာမဏော ပြုလိုက်သည်။ ဆရာတပည့် မြန်မာနိုင်ငံတွင် လအနည်းငယ်ကြာ နေထိုင်ကာ ကုသိနာရုံသို့ ပြန်သည်။ ရှင်ဓမ္မာလောကလည်း ဦးဓမ္မာလောက ဖြစ်သွား၏။

ဦးဓမ္မာလောကသည် နီပေါနိုင်ငံကို အဝါရောင် သင်္ကန်းဖြင့် ကြွသွားရာ အဖမ်းခံရတော့သည်။ တရားရုံးရောက်မှ သူတော်ကောင်းတရားသူကြီးက အပြစ်မရှိဟု လွှတ်လိုက်သည်။ ဦးဓမ္မာလောကသည် ကုသိနာရုံနှင့် နီပေါအခေါက်ခေါက်အခါခါ ကူးသန်း၍ နီပေါအမျိုးသား၊ အမျိုးသမီးများအား ရဟန်း၊ သာမဏော၊ သီလရှင် လူသူတော် ဖြစ်ရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်သည်။ အစိုးရကလည်း လွတ်လပ်မှုများ ပေးလာသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ဦးဓမ္မာလောက ကတ္ထမန္ဒုမြို့တော်နှင့်တကွ အခြား မြို့ရွာအသီးသီး၌ ထေရဝါဒဗုဒ္ဓဘာသာကျောင်းများ တည်ထောင်လေတော့သည်။

ကုသိနာရုံ ဆရာတော်ကြီးသည် နီပေါနိုင်ငံသို့ သုံးကြိမ်တိုင်တိုင် ကြွရောက်၍ ဟိန္ဒူဘာသာဖြင့် တရားတော်များကို ဟောကြားသည်။

လေးကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးကြီး နီပေါနိုင်ငံတွင် ကျင်းပသောအခါ ဘုရင်မင်းမြတ် ကိုယ်တိုင် အခမ်းအနားဖွင့်ပေးသည်။ ဘုရင်မင်းမြတ်က ကုသိနာရုံဆရာတော်ကြီးအား သရဏဂုံနှင့် ငါးပါးသီလပေးပါ ဟု လျှောက်တော်မူသဖြင့် ပရိသတ်တစ်သိန်းကျော်အား သရဏဂုံသီလပေးခဲ့သည်။ ၁၉၆၀-ခုနှစ် ကျော်တွင် နီပေါနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်ပေါင်း သုံးသောင်းကျော် ရှိနေပြီ။

ဘဝနိဂုံး

ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒိမဏိသည် ၁၉၇၂-ခုနှစ် မေလ ၈-ရက်(၁၃၃၄-ခုနှစ် ကဆုန်လဆုတ် ၁၁-ရက်)နေ့သက်တော် ၉၇၊ ဝါတော် ၇၀-အရွယ်တွင် တစ်ဘဝခရီးငြိမ်းတော်မူသည်။ ဆရာတော်ကြီး၏ တစ်သက်တာ စွမ်းဆောင်ချက်များသည် အတုမဲ့ ဖြစ်သည်။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့သည်လည်း ခိုးကျူးပူဇော်၍မကုန်နိုင်ဖွယ် ဖြစ်သည်။ အနန္တဂုဏ်တော်များနှင့် အနုပ္ပဒကျေးဇူးတော်များအနက် အချို့အဝက်မျှကိုသာ ကမ္ဘည်းတင်၍ ပူဇော်ခွင့်ရခဲ့ပါသည်။

ဆရာတော်ကြီးသည် ၁၅-နှစ်သားအရွယ် သာမဏောဘဝဖြင့် ကုသိနာရုံတွင် ခြေချခဲ့ပါသည်။ သက်တော် ၉၇ - နှစ်တွင် ကုသိနာရုံမှာပင် ဦးခေါင်းချခဲ့ပါသည်။ နှစ်ပေါင်းရှစ်ဆယ်ကျော်ဘဝကို ကုသိနာရုံတွင် မြုပ်နှံခဲ့ပါသည်။ ထို့ကြောင့် ကုသိနာရုံဆရာတော်ကြီးဟူသော ဘွဲ့ထူးနှင့် အမှန်

တကယ်ပင် ထိုက်တန်ပါသည်။ မြတ်ဗုဒ္ဓသည် ၄၅-နှစ်တာ ဘဝခရီးတွင် မိုးသောက်ယံနောက်ဆုံး နာရီပိုင်းလေးမျှသာ ကျိန်းစက် အနားယူခဲ့ကြောင်း ဆောင်းပါးအစတွင် ဖော်ပြခဲ့ပါသည်။ ကုသိနာရုံ ဆရာတော်ကြီးသည်လည်း မြတ်ဗုဒ္ဓသားတော်ကြီး ပိပိ မိမိ၏ဘဝကို ဤနည်းနှင့် အသုံးချခဲ့ပါသည်။

စိုက်ပျိုးခဲ့သောအပင်များ

ရှေးရှေးသောဆရာတော်ကြီးများက **သာသနာတော်မှာနေလျှင် နွားထီးလို မကျင့်နဲ့၊ နွားမလို ကျင့်ကြဲ** ဟု ဩဝါဒ စကားထားခဲ့ပါသည်။ ကုသိနာရုံဆရာတော်ကြီးသည် ဤဩဝါဒအတိုင်း ကျင့်သုံးခဲ့ပါသည်။ မိမိတစ်ကိုယ်ကောင်း ကောင်းစားရေးကို လုံးဝဥပေက္ခာပြုလျက် သာသနာ့မျိုးစေ့၊ သာသနာ့ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးခဲ့ပါသည်။ ဆရာတော်ကြီးသည် အိန္ဒိယ၊မြန်မာ၊ သီဟိုဠ်စသော နိုင်ငံ အသီးသီးမှ သာသနာတော်အတွက် အကျိုးဖြစ်ထွန်းလောက်သည့် မျိုးစေ့ကောင်း သာသနက်ုရအညွှန့် အညောက်ကလေးများကို ရှာကြံရွေးကောက်၍ လူလားမြောက်အောင် မွေးမြူခဲ့ပါသည်။

ဆရာတော်ကြီး၏ ရှေးဦးတပည့်ကြီးများမှာ ကမ္ဘာကျော် ဘိက္ခုရာဟုလာ(နောင်ရာဟုလာသံကိစ္စည်း)အာနန္ဒာ၊ ကောသလ္လာယန၊ တိပိဋကာစရိယ၊ ဗုဒ္ဓရက္ခိတ၊ မိဂဒါဝုန်ဆရာတော်ဦးကိတ္တိမာနှင့် ဦးတိက္ခိန္ဒြိယ၊အစ္စုတာနန္ဒစသည်တို့ ဖြစ်ပါသည်။ ထို ဆရာတော်များသည် ဘာသာစကားပေါင်းစုံကျွမ်းကျင်သူ၊ ဗုဒ္ဓဘာသာကို ဖြစ်ဖြစ်မြောက်မြောက် ခိုင်းမြောက်နိုင်သူ လူရည်ချွန်များ ဖြစ်ကြပါသည်။

ယနေ့သက်ရှိထင်ရှားသာသနာ့ရှေ့ဆောင်များဖြစ်သော ကုသိနာရုံဆရာတော် ဒေါက်တာဉာဏိဿရ၊ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်ဦးဝဏ္ဏဓဇ စသည်တို့မှာ ဆရာတော်ကြီး၏ မြေးတပည့်များ ဖြစ်ကြပါသည်။ ထိုဆရာတော်တို့၏ စွမ်းဆောင်မှုများမှာလည်း ခေတ်နှင့်လိုက်လျောစွာပင် သာသနာ့ရှေ့တန်းသို့ ရောက်ရှိနေသည်မှာ မျက်မြင်ထင်ရှားပင် ဖြစ်ပါတော့သည်။

(ဤဆောင်းပါးဖြင့် အမှောင်လွှမ်းခဲ့သည် အိန္ဒိယဗုဒ္ဓသာသနာကို တစ်ခေတ်ဆန်းအောင် မီးမောင်းထိုးပြခဲ့သည့် ကုသိနာရုံဆရာတော်ဘုရားကြီးဦးစန္ဒြမဏိနှင့်တကွ ယနေ့သက်တော် ၆၀-ပြည့် မွေးနေ့ရှင်ဖြစ်တော်မူသော ဦးဝဏ္ဏဓဇတို့အား အထူးကော်ရော်ပူဇော်ပါသည်။)

ဦးအောင်ထွက်(ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) ကထိက(ငြိမ်း)

ကိုးကားချက်များ

၁။ ဝိနယ၊ မဟာဝဂ္ဂပါဠိ
၂။ ဒီဃ၊ မဟာဝဂ္ဂပါဠိ
၃။ ဒီဃ၊ မဟာဝဂ္ဂအဋ္ဌကထာ
၄။ ဥဒါနအဋ္ဌကထာ
၅။ မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီ (လယ်တီပဏ္ဍိတ . . . .)
၆။ စံကင်းဆရာတော် (ဦးမာနိတသိရိဘိဝံသ . . . . .)
၇။ သင်္ဂြိဟ်ဘာသာဋီကာ အရှင်ဇနကာဘိဝံသ
၈။ သိရိဘဒ္ဒန္တစန္ဒြမဏိ ထေရုပ္ပတ္တိကထာ (ဘဒ္ဒန္တကေသရာဘိဝံသ)
၉။ သိရိဘဒ္ဒန္တ စန္ဒြမဏိ မဟာထေရ်ကျော် (ဦးသဒိုးလှ)
၁၀။ စန္ဒြမဏိဗာဗာ (ပါရဂူ)
၁၁။ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ်တစ်ရာပြည့် ပွဲတော်(အထူးထုတ်မဂ္ဂဇင်း)
၁၂။ ဓမ္မစက္ကဝိဟာရ မြန်မာကျောင်းရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇာစာစောင်
၁၃။ မြတ်ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသ (အရှင်ကေလာသ မြန်မာပြန်)

ဒီမိုကရေစီ

ဗုဒ္ဓဝါဒသည် ဒီမိုကရေစီလှုပ်ရှားမှုဖြစ်ပြီး ဘာသာရေးခွဲလည်းကောင်း၊ လူအဖွဲ့အစည်းခွဲလည်းကောင်း၊ နိုင်ငံရေးခွဲလည်းကောင်း ဒီမိုကရေစီကို ထိန်းသိမ်းကျင့်သုံးခြင်းဖြစ်သည်။

Dr. Ambedkar
အိန္ဒိယနိုင်ငံ တရားရေးဝန်းကြီးဟောင်း

ဘဒ္ဒန္တစန္ဒြမဏိ သိုမဟုတ်
မရိမ္ဘ အရိသို့ ဖော်ဆောင်ပေးသူ

ဒေါက်တာရာဇိန္ဒ

လူမျိုးတိုင်း၊ နိုင်ငံတိုင်း၊ ကိုးကွယ်သည့်ဘာသာတိုင်း ၌ ၄င်းနှင့် သက်ဆိုင်သည့် လူမျိုးအတွက်ဖြစ်စေ၊ နိုင်ငံ အတွက်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအတွက်ဖြစ်စေ၊ စွမ်း စွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို လူစွမ်းကောင်း သို့မဟုတ် အာဇာနည်ပုဂ္ဂိုလ်များအဖြစ် မှတ်တမ်းတင်ကြ ၏၊ ထိုပုဂ္ဂိုလ်များသည် မိမိတို့၏ လူမျိုးအတွက်သော်လည်း ကောင်း၊ နိုင်ငံအတွက်သော်လည်းကောင်း၊ ဘာသာ အတွက်သော်လည်းကောင်း မရှိခဲ့ဖူးသည်ကို အရှိဖြစ်လာ အောင်၊ မဖြစ်ခဲ့ဖူးသည်ကို ထင်ရှားဖြစ်လာအောင် ထူးခြား သည့် အတိုင်းအတာတစ်ခုအထိ ကိုယ်ကျိုးစွန့်၊ အနစ်နာခံ ဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖြစ်၏၊ ထိုပုဂ္ဂိုလ်များအနက် ဘဒ္ဒန္တစန္ဒြမဏိ မထေရ်မြတ်သည်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ဘဒ္ဒန္တစန္ဒြမဏိလောင်းလျာကို ခမည်းတော်ဦးကျော်အောင်၊ မယ်တော် ဒေါ်မိဝင်းယေ တို့မှ မြန်မာသက္ကရာဇ် (၁၂၃၇) ခုနှစ်၊ ကဆုန်လဆုတ် (၆)ရက်၊ ခရစ် သက္ကရာဇ် (၁၈၇၅)ခုနှစ်၊ မေလ (၂၅)ရက်၊ အင်္ဂါနေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦး (မြို့ဟောင်း)မြို့နယ်၊ ပေါက်ပင် ကွင်းကျေးရွာ၌ ဖွားမြင်တော်မူ၏၊ ငယ်နာမည်မှာ သာပန်းဦး ဖြစ်သည်၊ မွေးချင်းသုံးဦးအနက် အကြီးဆုံး သားဦးရတနာ ဖြစ်၏၊ အသက် (၁၂)နှစ် အရွယ်တွင် ဦးရိုးတော် ဖြစ်သော၊ စစ်တွေမြို့၊ တရားသီစု ရပ်ကွက်၊ ဦးစန္ဒိမာကျောင်း တိုက်၏ ပမာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံ၌ ရှင်သာမဏေ အဖြစ်သို့ ဝင်ရောက်တော်မူ၏၊ သက်တော် (၂၈) တွင် ကုန်သည်ကြီး ဦးချစားရှိ + ဒေါ်မိချမ်းမြ၊ ကုန်သည်ကြီး ဦးဒိုးအောင်တို့၏ ပစ္စည်းလေးပါးကိုခံယူကာ ရဟန်းအဖြစ် သို့ ရောက်ရှိတော်မူ၏။

ထူးခြားသည်မှာ ဘဒ္ဒန္တစန္ဒြမဏိ မထေရ်မြတ်သည် သာမန်လူစွမ်းကောင်း၊ သို့မဟုတ် အာဇာနည် ပုဂ္ဂိုလ်များ တို့ထက်ပင် ကျော်လွန်ကာ ဆောင်ရွက်နိုင်ခဲ့သူဖြစ်၏၊ ဆယ်ကျော်သက်အရွယ် ရှင်စန္ဒြမဏိ လျှောက်လှမ်းခဲ့ ရသည့် ဘဝခရီးမှာ အလွန်ပင် ခက်ခဲကြမ်းတမ်းလှ၏၊ လူမျိုးခြား၊ ဘာသာခြား၊ တိုင်းခြားပြည်ခြား၌ သတ်မှတ်စရာ အတည်ကျနေထိုင်သည့် နေရာရယ်လို့ပင် မရှိဘဲ လုံးဝ မပြည့်စုံသော အခြေအနေဖြင့် ထူးချွန် ပေါက်မြောက်သည် အထိ ပညာသင်ယူနိုင်ခဲ့သည်မှာ ဆရာတော်ကြီး၏ အရွယ် နှင့်မမျှအောင် အာဂသတ္တိ၊ အာဂဇဲလုံ့လပင်ဖြစ်သည်။ လူ့ သဘာဝဖြစ်စဉ်အရ အသက် ၁၄/၁၅ နှစ်အရွယ်သည် အဖော်မက် အပျော်မက်သည့် အချိန်အရွယ်ဖြစ်၏၊ သို့သော်လည်း ဘဒ္ဒန္တစန္ဒြမဏိသည် ထိုအရွယ်၌ တစ်ခုတည်းသော မြင့်မြတ်သော မျှော်လင့်ချက်ဖြင့် မိဝေး ဖဝေး တိုင်းတစ်ပါး၌ အခက်အခဲ အမျိုးမျိုးတို့ကို ကြံ့ကြံ့ခံကာ ရုန်းကန်နေခဲ့ရ၏။ ထိုတစ်ခုတည်းသော မျှော်လင့်ချက်မှာ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာပြန်လည် ထွန်းကားလာရေးပင် ဖြစ်၏။

၁၉၅၆ခု၊ အောက်တို ဘာလ (၁၄)ရက်၊ ဂျွန်နေ့တွင် ကမ္ဘာ့သတင်း စာမျက်နှာ၌ ထူးခြားသည့် သတင်းတစ်ခုဖြစ် ပေါ်ခဲ့၏၊ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်တိုင်းက အံ့သြခဲ့ ကြရ၏၊ အလေးထားခဲ့ကြရ၏၊ အကြောင်းမှာ ဂျွှသတင်း မျိုး ကမ္ဘာ့သတင်း စာမျက်နှာ၌ တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးသော ကြောင့်ဖြစ်၏၊ ထိုသတင်းမှာ ၄င်းနေ့ နံနက်(၈) နာရီကျော် အချိန်၌ ဘဒ္ဒန္တစန္ဒြမဏိ မထေရ်မြတ်သည် ဒေါက်တာ အမ်ဘေဒကာ (Dr. Amb- edkar)ဦးဆောင်သော လူပေါင်း နှစ်သိန်း (၂၀၀၀၀၀) ကျော်တို့ကို အိန္ဒိယနိုင်ငံ၊ နာ(ဂ်)ပူ(ရ်) (Nag-pur) မြို့၌ ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ သွတ်သွင်း လိုက်ခြင်းပင် ဖြစ်သည်၊ ဒွေကြေးအမြောက်အများ အကုန် အကျခံကာ သာသနာပြုကြသည့် တစ်ခြား ဘာသာခြား ဘာသာရေး ခေါင်းဆောင်များအဖို့ တစ်နှစ်အတွင်း အများ ဆုံးမှ လူပေါင်းတစ်ရာကျော် နှစ်ရာလောက်သာ သူတို့၏ ဘာသာအတွင်းသို့ သွတ်သွင်းနိုင်ကြ၏၊ သို့သော်လည်း

ဘဒ္ဒန္တစန္ဒြမဏိ မထေရ်မြတ်သည် မည်သည့်ရုပ်ဝတ္ထုပစ္စည်းနှင့်မျှ မက်လုံးပေး ဖျားယောင်းမှုမပါဘဲ တစ်နေ့တည်း တစ်ချိန်တည်း၌ လူပေါင်း (၂၀၀၀၀၀)ကျော်ကို ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးနိုင်ခဲ့သည်မှာ ဆရာတော်ကြီး၏ ထူးခြားသည့် ဂုဏ်သိက္ခာ စွမ်းရည်များပင်ဖြစ်၏။ ဤအဖြစ်အပျက်အကြောင်းအရာများကြောင့်ပင် ဘဒ္ဒန္တ စန္ဒြမဏိသည် ကမ္ဘာ့သမိုင်းမှတ်တမ်းတွင် တစ်နေ့တည်း တစ်ချိန်တည်း၌ လူပေါင်း (၂၀၀၀၀၀) ကျော်တို့အား ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ သွတ်သွင်းပေးနိုင်ခဲ့သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆရာတော် ဘဒ္ဒန္တစန္ဒြ မဏိ၏ သာသနာပြုလုပ်ငန်းသည် အရှိန်ရလာသည်နှင့်အမျှ တစ်နေ့ထက် တစ်နေ့ ကျယ်ပြန့် လာပြီး ဆရာတော်ကြီး၏ဂုဏ်သတင်းမှာလည်း “စန္ဒြမဏိ ဘာဘာဂျီး၊ စန္ဒြမဏိ မဟာ ဂုရုဂျီး” အဖြစ် အိန္ဒိယနိုင်ငံ အတွင်းမှာ သာမက နီပေါ(လ်)နိုင်ငံအတွင်းမှာပါ ကျယ်ကျယ်ပြန့်ပြန့် ထင်ရှားလာခဲ့၏၊ ဆရာတော်ကြီးသည် ၁၉၅၇ ခုနှစ်၊ ဧပြီလတွင် နာ(ဂ်)ပူ(ရ်)မြို့သို့ ဒုတိယအကြိမ်ကြွရပြန်၏၊ လူပေါင်း ငါးသောင်း (၅၀၀၀၀) ကျော်တို့အား ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးရန်အတွက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ကိုယ်စား အိန္ဒိယလူမျိုးရဟန်းတော် အရှင်ရဋ္ဌပါလမှ ပင့်လျှောက်ခြင်းကြောင့် ကြွရောက်ခြင်းဖြစ်၏၊ ၁၉၅၇ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့တွင် သင်္ကဿခရိုင် (Samkasya District) ၊ အူကျာလီ (Ujarly)မြို့၌ လူပေါင်းငါးသောင်း (၅၀၀၀၀)ကျော်တို့အား ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးရ၏၊ ဆရာတော်ကြီးသည် နာ(ဂ်)ပူ(ရ်)မြို့မှ အာဂရာ (Agra) မြို့သို့ ခရီးဆက်ပြန်၏၊ ထိုအာဂရာမြို့တွင်လည်း လူပေါင်း ငါးထောင် (၅၀၀၀)ကျော်တို့အား ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးရ ပြန်၏၊ ၎င်းအပြင် ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့ရှ် ပြည်နယ်မြို့တော် လက်(ခ်)နောင်း (Lucknow) မှ သီရိလင်္ကာနိုင်ငံသား ရဟန်းတော် အရှင်ပညာနန္ဒ၏ ပင့်လျှောက်ချက်အရ လက်(ခ်) နောင်း မြို့တော်သို့ ကြွရောက်ကာ လူပေါင်း ငါးသောင်း (၅၀၀၀၀)ကျော် တို့အား ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးရပြန်သည်၊ ဘဒ္ဒန္တစန္ဒြမဏိသည် မဟာရာ(စ်)ထရာ (Maha-rastra) ပြည်နယ်၊ အူရုနာ (Uruna) မြို့တွင်လည်း လူပေါင်း တစ်သောင်းနှင့် နှစ်ထောင် (၁၂၀၀၀)ကျော်တို့အား တစ်နေ့တည်း တစ်ချိန်တည်း၌ ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေး နိုင်ခဲ့၏၊ ဤသည်တို့မှာ ထင်ရှားသည့် ဗုဒ္ဓဘာသာသွင်းပွဲများသာ ဖြစ်ပြီး တစ်ခြားအိန္ဒိယနှင့် နီပေါ (လ်)နိုင်ငံ နေရာဒေသအနှံ့အပြားတွင်လည်း လူပေါင်းများစွာတို့အား ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးနိုင်ခဲ့၏၊ ဆရာတော်ကြီး မျိုးစေ့ချပေးခဲ့သည့် သာသနာပြုလုပ်ငန်းမှာ ယနေ့တိုင် သက်ဝင်လှုပ်ရှားလျက်ရှိရာ ထိုလုပ်ငန်းတာဝန်များကို ဆရာတော်



မင်းတုန်းမင်းလှူခဲ့သည့် ဗုဒ္ဓဂယာရှိ ဇရပ်



ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းကျောက်စာတိုက်

ကြီး၏ တပည့်များဖြစ်ကြသော ကုသိနာရုံမြန်မာကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဒေါက်တာဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် မိဂဒါဝုန်မြန်မာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တို့က ပခုံးပြောင်း တာဝန်ယူကာ နှစ်စဉ်နှစ်တိုင်း ဗုဒ္ဓဘာသာသွင်းပွဲများ ပြုလုပ်ပေးလျက်ရှိနေကြ၏။

အိန္ဒိယနိုင်ငံ၌ အေဒီ (၁၂)ရာစု အစောပိုင်းမှစတင်ကာ ဗုဒ္ဓသာသနာ လုံးဝပျောက်ကွယ် သွားခဲ့ရ၏၊ ထိုကွယ်ပျောက်သွားခဲ့ရသော ဗုဒ္ဓဘုရားရှင်၏သာသနာတော် ပြန်လည်စည်ပင်ထွန်းကားလာအောင် အသက်သွင်း သာသနာပြုခဲ့သည့်ပုဂ္ဂိုလ်မှာ ဘဒ္ဒန္တစန္ဒြမဏိပင်ဖြစ်၏၊ ဘဒ္ဒန္တစန္ဒြမဏိ၏ မြင့်မြတ်သော မျှော်လင့်ချက်ဖြစ်သည့် သာသနာ့တာဝန်၊ သာသနာ့အရေးကိစ္စများကြောင့် ကိုယ်ကျိုးစွန့်အနစ်နာခံကာ အခက်အခဲ အတားအဆီး အနှောင့်အယှက် အမျိုးမျိုးကြားမှ သာသနာပြုခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ ဗုဒ္ဓဘုရားရှင်သာသနာ ပြန်လည်အသက်ဝင် စည်ပင်ထွန်းကားလာရခြင်းဖြစ်၏၊ ထိုနည်းတူ နီပေါ(လ်)နိုင်ငံတွင်လည်း ထေရဝါဒဗုဒ္ဓသာသနာ လုံးဝပျောက်သွားခဲ့ရ၏၊ ဆရာတော်ကြီးထံ၌ ရဟန်းဝတ်ကာ မိမိနိုင်ငံသို့ ဝါဆိုရန်ပြန်ကြွသွားသည့် နီပေါ(လ်)နိုင်ငံသား ရဟန်းတော် အရှင်ဓမ္မာလောကသည် နီပေါ(လ်)နိုင်ငံသို့ ပြန်ရောက်သည့်နေ့တွင်ပင် ထေရဝါဒ သင်္ကန်းဝတ်ရုံလာသည်ကို အဝတ် အထူးအဆန်း ဝတ်ဆင်လာသည်ဟု စွပ်စွဲကာ ရဲစခန်းတွင် (၆)ရက်ကြာ အချုပ်ခံခဲ့ရပြီး (၇) ရက်မြောက်နေ့တွင် တရားရုံးတင်ကာ အစစ်ဆေးခံပြီးမှ လွတ်မြောက်ခဲ့ရ၏၊ ဤကဲ့သို့ အရဟတ္တဓဇ သူတော်ကောင်းသူမြတ်လောင်းတို့၏ အဝတ်တန်းဆာ ဖြစ်သည့် သင်္ကန်းဝတ်ရုံလာသည်ကိုပင် အမြင်မတော် မြင်နေကြသည့် ထိုနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာ ပြန်လည်အသက်ဝင် စည်ပင်ထွန်းကားလာအောင် သာသနာပြုနိုင်ခဲ့သည်မှာ ကမ္ဘာ့ ဗုဒ္ဓဘာသာသမိုင်းတွင် မှတ်တမ်းတင်ရမည့် ဘဒ္ဒန္တစန္ဒြမဏိ၏ ထူးခြားသော စွမ်းရည်သတ္တိပင်ဖြစ်၏၊ နောက်ပိုင်းတွင် နီပေါ(လ်)နိုင်ငံ ဘုရင်မင်းမြတ်ကိုယ်တိုင် ဆရာတော်ကြီးအား အလေးထားလာခဲ့၏၊ ဆရာတော်ကြီး သည် သာသနာ့ဘောင်အတွင်း ဝင်ရောက်လာကြသည့် မိမိ၏ တပည့်များဖြစ်ကြသော ရဟန်း၊ သာမဏေ၊ ဆရာလေး(သီလရှင်) တို့ကို မြန်မာနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံများသို့ ပို့ပေးကာ ထေရဝါဒဗုဒ္ဓစာပေများကို သင်ယူ စေခဲ့၏၊ ထို့ကဲ့သို့ ထေရဝါဒဗုဒ္ဓစာပေများကို သင်ယူတတ် မြောက်လာကြသည့် ပညာတတ် မိမိ၏ တပည့်ရင်း ရဟန်း၊ သာမဏေ၊ ဆရာလေး(သီလရှင်) တို့ဖြင့် ဘဒ္ဒန္တစန္ဒြမဏိ သည် နီပေါ(လ်)နိုင်ငံတွင် စစ်မှန်သော၊ ခိုင်မြဲသော ထေရဝါဒဗုဒ္ဓသာသနာတော် ကို အခြေခံကျကျ အုတ်မြစ်ချထူထောင်ပေးနိုင်ခဲ့၏၊ ဆရာတော်ကြီး မျိုးစေ့ချ ထူထောင်ပေးခဲ့သည့် ထေရဝါဒ သာသနာတော်သည် နီပေါ(လ်)နိုင်ငံအတွင်း အခြေခိုင်မြဲကာ အရှိန်အဟုန်ဖြင့် တိုးတက်စည်ပင် ထွန်းကားလျက်ရှိနေ၏။

ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြဏိ အိန္ဒိယနိုင်ငံသို့ စတင်ရောက်ရှိသည့်အချိန်တွင် လုံးဝမရှိသည့်အခြေအနေဖြင့် စတင် ခဲ့ရ၏။ နေထိုင်စရာနေရာမရှိ၊ ဗုဒ္ဓဘာသာဝင်မရှိ၊ ကျောင်းမရှိ၊ ပစ္စည်းလေးပါးလှူဒါန်းမည့် ဒါယကာမရှိ၊ သို့သော်လည်း ဘဒ္ဒန္တစန္ဒြဏိသည် ထိုမရှိသည့်အရာများကို ကျော်လွန်ကာအရှိဖြစ်လာအောင် ဖန်တီးနိုင်ခဲ့၏။ ဗုဒ္ဓဘာသာဝင်များအဖြစ်သို့ သွတ်သွင်းပေးနိုင်ခဲ့၏၊ ကျောင်းတိုက်



ဓန္ဒြမဏိလမ်း

အမြောက်အများ တည်ထောင်ပေးနိုင်ခဲ့၏၊ ထိုကျောင်းတိုက်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ကျောင်းပိုင် သို့မဟုတ် အဖွဲ့အစည်းပိုင် လယ်ယာမြေများ ရရှိအောင် ကြိုးစားပေးနိုင်ခဲ့၏၊ ဤကဲ့သို့ အောင်မြင်ခဲ့ရသည်မှာလည်း အလွယ်တကူဖြင့် အောင်မြင်ခဲ့ရခြင်းမဟုတ်ပေ၊ အခက်အခဲ အတားအဆီး အနှောင့်အယှက် အမျိုးမျိုးတို့နှင့် ရင်ဆိုင်ခဲ့ရ၏၊ လယ်ယာမြေများ ရရှိရေးအတွက်မှာလည်း တရားရုံးတော်သို့ပင် တက်ရောက်ကာ တရားရင်ဆိုင်ခဲ့ရ၏၊

ဗုဒ္ဓဘာသာဝင်များအဖြစ် သွတ်သွင်းပေးရာတွင်လည်း မိမိ၏အသက်အန္တရာယ်များနှင့်ပင် နီးစပ်ခဲ့ရ၏၊ အထူးသဖြင့် ဆရာတော်ကြီး သီတင်းသုံးရာ ကုသိနာရုံအနီးအနားရှိရွာများမှ လူငယ်အချို့သည် မိမိတို့၏ဆန္ဒအလျောက် တစ်ချို့မှာ မိဘတို့၏ ခွင့်ပြုချက်ရယူကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြပြီး ဆရာတော်ကြီးထံ၌ ရှင်သာမဏေအဖြစ်ခံယူလျက် သာသနာ့ဘောင်အတွင်းသို့ဝင်ရောက်လာကြ၏၊ ထိုအခါ ၎င်းတို့၏ မိဘ၊ ညီအကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ ရွာသူရွာသားများနှင့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းတို့မှ စုရုံးကာ ကန့်ကွက်ကြ၏၊ ဘဒ္ဒန္တစန္ဒြဇီသည် အရွယ်မရောက်သေးသည့် ခလေးသူငယ်များကို ဖြားယောင်းကာ ဗုဒ္ဓဘာသာအတွင်းသို့ သိမ်းသွင်းနေသည်ဟု စွပ်စွဲကြ၏၊ အမျိုးမျိုးကြုံးဝါးကြ၏ ဆရာတော်ကြီး ကုသိနာရုံ၌ ဆက်လက်မနေထိုင်နိုင်ရေး ကုသိနာရုံမှ ထွက်သွားနိုင်ရေး အထိကိုပင် ခြိမ်းခြောက်ကြ၏၊ သို့သော်လည်း ဆရာတော်ကြီး၏ စစ်မှန်သော မေတ္တာတရားသည် သူတို့အပေါ်မှာ လွှမ်းမိုး လွှမ်းခြုံနိုင်ခဲ့၏၊ ဆရာတော်ကြီးကို ဖမ်းဆီးကျင်ခဲ့ကြသည့် လူအများစုသည် နောက်ပိုင်းတွင် ဆရာတော်ကြီးအား အလေးထား ဆည်းကပ်လာခဲ့ကြ၏၊

ဘဒ္ဒန္တစန္ဒြဇီသည် ဒေသအတွင်း ခလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် အထူးသဖြင့် ဆင်းရဲနွမ်းပါးသည့် ခလေးငယ်များ ပညာသင်ကြားနိုင်ရေး အတွက် အခမဲ့အမြဲခံပညာ မူလတန်းကျောင်းကိုပထမဆုံး ဖွင့်လှစ်ပေး၏၊ ဤကျောင်း စဖွင့်ကာစတွင် ကျောင်းသားဦးရေ ငါးယောက်သာရှိ၏၊ အကြောင်းမှာ 'ဟိန္ဒူဘာသာရေးအစွန်းရောက်သူများက ဤကျောင်း၌ တက်ရောက်ပညာသင်ကြားပါက ကလေးအားလုံး ဟိန္ဒူအယူဝါဒကို စွန့်ကာ ဗုဒ္ဓဘာသာသို့ကူးပြောင်းသွားကြမည်ဖြစ်ကြောင်း စသည်ဖြင့် အမျိုးမျိုးဝါဒဖြန့်ကာ ကျောင်းသွားတက်ကြသည့် ကလေးငယ်များကိုပင် ကိုယ်ထိလက်ရောက် အနှောင့်အယှက်ပေး တားဆီးခဲ့ကြသောကြောင့်ဖြစ်၏၊ သို့သော်လည်း ထိုအစွန်းရောက်သူတို့၏ ကြိုးပမ်းမှုများသည် အချည်းနှီးသာဖြစ်ခဲ့ရပြီး တစ်နှစ်အတွင်း ကျောင်းသားဦးရေ(၄၀) အထိတိုးတက်လာခဲ့၏၊ နောက်ပိုင်းတွင် ကျောင်းသား ဦးရေသုံးရာကျော် လေးရာကျော်အထိပင် များပြားလာခဲ့၏၊ ဆရာတော်ကြီးသည် နောက်ထပ်အလယ်တန်းကျောင်းနှင့် အထက် တန်းကျောင်းများကို ဆောက်လုပ်ကာ နိုင်ငံတော်အစိုးရသို့ လွှဲပြောင်းပေးခဲ့၏၊ ၎င်းနောက် ဒီဂရီကောလိပ်ကျောင်းကို တည်ဆောက်ပေးခဲ့၏၊

အိန္ဒိယနိုင်ငံတွင် ပထမဦးဆုံး မြန်မာကျောင်းတိုက်ကိုတည်ထောင်ခဲ့သည့်ပုဂ္ဂိုလ်မှာလည်း ဘဒ္ဒန္တစန္ဒြမဏိပင်ဖြစ်၏၊ ဆရာတော်စန္ဒြမဏိသည် ဆရာတော်ကြီးဘဒ္ဒန္တ မဟာဝီရနှင့်အတူ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံ၌ (၁၉၀၂)ခုနှစ်တွင် ရခိုင်ကုန်သည်ကြီးဦးချိစားရှိ+ဒေါ်မိချမ်းမြတို့၏ အလှူငွေများဖြင့် ကုသိနာရုံမြန်မာကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့၏၊ ၎င်းနောက်ဘဒ္ဒန္တစန္ဒြမဏိသည်(၁၉၀၈)ခုနှစ်တွင်ဗုဒ္ဓဘုရားရှင်တရားဦး(ဓမ္မစက္ကပဝတ္တနသုတ်တော်ကို)ဟောတော်မူရာ မိဂဒါဝုန်၌ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့၏၊ ဤ ကျောင်းတိုက်တည်ထောင်ခါစတွင် ကျောင်းဆောင်လေးဖြစ်သော်လည်း (၁၉၁၀) ခုနှစ်တွင်မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊စစ်တွေမြို့နေဦးမြထွန်းမှ ဧည့်သည်များ တည်းခိုရန် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်း၏၊မြန်မာရဟန်းတော်များအနက် ပြည်ပတွင် မြန်မာသာသနာပြုစာသင်ကျောင်းများဆောက်လုပ်၍ ပထမဦးဆုံး သာသနာပြုခဲ့သည့်ပုဂ္ဂိုလ်မှာလည်း ဆရာတော်ကြီးဘဒ္ဒန္တစန္ဒြမဏိပင်ဖြစ်၏၊

မြန်မာ သက္ကရာဇ် (၁၃၃၄) ခု ကဆုန်လပြည့်ကျော် (၁၁) ရက် ခရစ်သက္ကရာဇ်(၁၉၇၂) ခု မေလ (၈)ရက်၊ တနလ်ာနေ့၊ ဤနေ့သည် အိန္ဒိယဗုဒ္ဓဘာသာဝင်များအဖို့လကွယ်နေ့ တစ်နေ့ ဖြစ်ခဲ့ရ၏၊ မြန်မာဗုဒ္ဓဘာသာဝင်များအဖို့မူကား ကမ္ဘာကျော် ကမ္ဘာ့သာသနာပြု သာသနာ့အာဇာနည် မြန်မာရဟန်းတော် မထေရ်မြတ်တစ်ပါးအား ထာဝရဆုံးရှုံးလိုက်ရခြင်းပင် ဖြစ်၏၊ အကြောင်းမှာ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ မထေရ်မြတ်သည် ၎င်းနေ့တွင် သက်တော် (၉၈)၊ သိက္ခာ တော်(ဝါတော်)(၇၀) အရတွင် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူရာ ကုသိနာရုံ အင်ကြင်းတော

အတွင်းရှိ ကုသိနာရုံ မြန်မာကျောင်းတိုက်၌ ပျံလွန်တော်မူ သွားခြင်းကြောင့် ဖြစ်၏။ ဘဒ္ဒန္တစန္ဒြမဏိမထေရ်မြတ်သည် နှစ်ပေါင်း (၈၀)ကျော်တိုင် ဆင်းရဲ အပင်ပန်းခံကာ အိန္ဒိယနှင့်နီပေါ(လ်)နိုင်ငံတို့၌ လှည့်လည်ကာ သာသနာပြုရင်း သာသနာ့ တာဝန်များကို ထမ်းဆောင်ရင်း ပျံလွန်တော်မူသွားခြင်းဖြစ်၏။ ဆရာတော်ကြီး ပျံလွန်တော်မူသွားရာ နိုင်ငံပေါင်း (၃၂)နိုင်ငံမှ သံကြိုးစာ (၅၆၉)စောင် စာ(၇၀၉)စောင်၊ ဝမ်းနည်းကြောင်း ပေးပို့ခဲ့ကြ၏။ ဆရာတော်ကြီး ပျံလွန်တော်မူသွားသည်မှာ (၃၇)နှစ်ပင် ပြည့်မြောက်ပြီးဖြစ် သည်။

သော်လည်း ဆရာတော်ကြီး မျိုးစေ့ချ အသက်သွင်းပေးခဲ့သည့်ဗုဒ္ဓဘုရားရှင် သာသနာတော်မြတ်ကြီးသည် အိန္ဒိယနှင့် နီပေါ(လ်)နိုင်ငံတို့၌ အခြေခိုင်မြဲကာ အရှိန်အဟုန်ဖြင့် စည်ပင် ထွန်းကားလျက်ရှိနေ၏။ ဆရာတော်ကြီး အုတ်မြစ်ချ အစပျိုးပေးခဲ့သည့် သာသနာပြုလုပ်ငန်းများမှာလည်း ယနေ့တိုင် သက်ဝင်လှုပ်ရှားလျက်ရှိကြောင်းတွေ့ရှိရသည် (မှတ်ချက်။ The Life Story of Sri Bhaddanta Chandramani Mahathera စာအုပ်မှကောက်နှုတ်၍ ရေးသားခြင်း ဖြစ်သည်။)

ဒေါက်တာရာဇိန္ဒ



ဟရာဇာသီမြို့ စန္ဒြမဏိ ဗုဒ္ဓဘာသာအထက်တန်းကျောင်းမှ ကျောင်းသူ ကျောင်းသားအချို့

ကွာခြားချက်

သာသနာပြင်ပဆရာသည်
တစ်ဘဝအတွက် လောကီပညာကို အခယူ၍
သင်ပေးသည်။
သာသနာတွင်းဆရာသည်
ဘဝများစွာအတွက်
ပိဋကတ်ပညာကို ဆွမ်းသက်နှံးပေး၍
သင်ပေးသည်။

(ပထမရွှေကျင်ဆရာတော်)

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန် ဓမ္မစက္ကာဝိဟာရ ကျောင်းတိုက်ကြီးတည်ထောင်သူ အသျှင်စန္ဒြမဏိ (ဂုရုဂုရု မဟာဂုရု)၏ သမိုင်းဝင်မှတ်တမ်းများ

မောင်ကျော်ကျော်(သရီခေတ္တာ)

၁။ အသျှင်စန္ဒြမဏိလောင်းလျာအား ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ပေါက်ပင်ကွင်း ကျေးရွာတွင် ခမည်းတော် ဦးကျော်အောင်၊ မယ်တော် မိုင်းယေတို့မှ ၁၂၃၇-ခု၊ ကဆုန်လပြည့်ကျော် (၆) ရက်(၂၅-၅-၁၈၇၅) နေ့တွင် မွေးဖွား သန့်စင် ဖွားမြင်တော်မူသည်။

၂။ ၁၂၄၇(၁၈၈၆)-ခုနှစ် (၁၀) နှစ်သားအရွယ်တွင် ခမည်းတော်၏ ညီအရင်းဖြစ်သည့် ပဋ္ဌကတ်အိုး ဆရာတော်-စစ်တွေမြို့ တရားသိစုရပ်ကွက်ရှိ ဦးစန္ဒိမာ ကျောင်းတိုက် ဆရာတော် အသျှင်စန္ဒိမာ ထံပါးဌ္ဌ လောကုတ္တရာ အခြေခံစာပေများကို စတင်သင်ကြားခဲ့သည်။




ဆရာတော် မဟာဝိရ

၃။ သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ အနာဂါရိက ဓမ္မပါလ (ခေါ်)ဦးသူတော်နှင့်၊ အင်္ဂလန်နိုင်ငံမှ ဗိုလ်မှူးကြီး အော်ရက(လ်) (Colonel Oracle)တို့သည် စစ်တွေမြို့ဌ် မြို့လုံးကျွတ် အစည်းအဝေးကျင်းပပြီး ၁၂၄၉ (၁၈၈၈)-ခုနှစ်တွင် မဟာဗောဓိအသင်းကို ထူထောင်ကြသည်။ ဗိုလ်မှူးကြီး အော်ရက(လ်)က မဇ္ဈိမဒေသ၌ ဗုဒ္ဓသာသနာတော် ပြန်လည် ထွန်းကားလာရေးအတွက် ဆောင်ရွက်ရာ၌ ထိရောက်စေရန် သတ္တိ ဗျတ္တိပြည့်ဝ၍ ဟိန္ဒီ၊သင်္ကတ စသော ဘာသာရပ်များကို တတ်မြောက်လွယ်သည့် အရည်အချင်း ကောင်းမွန်သော ရှင်သာမဏေတစ်ပါး ရလိုကြောင်း ဆရာတော်ကြီးများထံသို့ လျှောက်ထားသည်။ ဆရာတော်ကြီးများနှင့် လူထုပရိသတ်တို့က ရှင်သာမဏေ တစ်ပါးရရှိနိုင်ရန် ခုနစ်ရက်ခန့်အချိန်ပေး ဆိုင်းငံ့ပေးဖို့ မေတ္တာရပ်ခံကြပါသည်။ လျှောက်ထားပြီး၍ ပဉ္စမမြောက်နေ့ရက်တွင် အနာဂါရိက (ခေါ်)ဦးသူတော်နှင့် ဗိုလ်မှူးကြီးအော်ရက(လ်)တို့သည် ဦးစန္ဒိမာ ကျောင်းတိုက်သို့ ရောက်ရှိလာကြရာ ရှင်စန္ဒနှင့် ရှင်သူရိယ ရှင်ငယ်နှစ်ပါးတို့အား ဆရာတော်က ဦးကာကျော်စာဝါကို ပို့ချတော်မူနေသည်ကို တွေ့ကြရသည်။ ရှင်စန္ဒထံချည်းကပ်ပြီး လျှောက်ထားကြရာ၌ ရှင်စန္ဒက ရှင်သူရိယနှင့်အတူ(၂)ပါး ဆိုပါက လိုက်ပါနိုင်မည်ဟု ဆရာတော်အသျှင်စန္ဒိမာအား လျှောက်ထားလေသည်။

၄။ စစ်ကဲကြီး ဦးသဒိုးဝေနှင့် အခွန်ဝန်တို့ ခေါင်းဆောင်သည့် ဘုရားဖူးအဖွဲ့နှင့်အတူ ရှင်စန္ဒ၊ ရှင်သူရိယနှင့် ကပ္ပိယကျောင်းသား သတိုးဦးတို့ ကာလကတ္တားမြို့ သို့ ၁၂၅၂-ခု တန်ဆောင်မုန်း (၁၉၉၀ ခု နိုဝင်ဘာလ)တွင် လိုက်သွားကြသည်။ ကာလကတ္တားမှ စောင့်ကြိုနေသော အနာဂါရိက ဓမ္မပါလက ရှင်စန္ဒ၊ ရှင်သူရိယနှင့် ကပ္ပိယ သတိုးဦးတို့ အား ဦးချီးဖားရွှိတိုက်၌ တစ်ညရပ်နားစေ သည်။ နောက်တစ်နေ့၌ မဟာဗောဓိ စေတီ တော်ကြီး အနီးရှိ မင်းတုံးမင်း၏ (ဓမ္မာရုံ) ဇရပ်ကြီးတွင် သီတင်းသုံးနေတော်မူသော အရှင်စန္ဒဇောတိ (သီဟိုဠ် ရဟန်း)ထံ ရှင်စန္ဒ တို့အား ပညာသင်ကြားရန် အပ်နှံပြီး (ဦးသူတော်) အနာဂါရိက ဓမ္မပါလမှာ ကာလ ကတ္တားသို့ ပြန်သွားသည်။

၅။ ၁၈၉၃-ခုနှစ် ဖေဖော်ဝါရီလတွင် မဟန်တို့၏ တပည့်များက မင်းတုံးမင်းဓမ္မာရုံ ဇရပ်အား ဝါးရင်းတုတ်များဖြင့် ဝင်ရောက်၊ မွှေနှောက်၊ ဖျက်ဆီးရိုက်နှက်သည့်အတွက် ဦးသုမင်္ဂလမည်သော အာဂန္တုရဟန်းတော်တစ်ပါး ဒဏ်ရာရရှိ၍ ဆေးရုံတင်ရသည်။ အရှင်စန္ဒဇောတိ၊ ရှင်စန္ဒတို့အား ဓမ္မာရုံသို့ မတက်ရောက်ရန် ရဲဌာနမှ တားမြစ်ခြင်းခံရသည်။ ၁၈၉၃-ခု ဖေဖော်ဝါရီလ (၆)ရက်နေ့ထုတ် အိန္ဒိယန်အစ္စရပ်သတင်းစာ၌ ပါရှိသည်။ ရှင်စန္ဒနှင့်ရှင်သူရိယတို့ စစ်တွေမြို့သို့ ပြန်လည် ကြွရောက်လာသည်။



အရှင် စန္ဒိမလင်္ကာအား ဒေါက်တာ အမ်ဘေကာနှင့် ဇနီးတို့နှင့်အတူ

၆။ ၁၈၉၃ -ခုနှစ်ဒီဇင်ဘာလ (၁၂၅၅-ခုပြာသိုလ)ထုတ် မန္တလေးမြို့မှ သတင်းဂျာနယ် တစ်စောင်တွင် **"အိန္ဒိယနိုင်ငံတော်၌ သာသနာတော်ထွန်းပြောင်တော့မည်"** ဟူသော ခေါင်းစီးဖြင့် ရခိုင်ပြည်၊ စစ်တွေမြို့ ဦးစန္ဒိမာကျောင်းတိုက်မှ လ-နေ နှစ်ပါး အမည်ရှိသော ရှင်စန္ဒနှင့် ရှင်သူရိယနှစ်ပါးတို့သည် မဟာဗောဓိအသင်း အကျိုးဆောင်အနာဂါရိက ဓမ္မပါလ၏ တာဝန်ယူပင့်ဖိတ်ချက်အရ ယခုအခါ အိန္ဒိယနိုင်ငံတွင် ပညာသင်ကြား အားထုတ်နေကြကြောင်း၊ ထို ရှင်သာမဏေနှစ်ပါး ပညာတတ်မြောက်၍ အချိန်အရွယ် ရောက်သောအခါ အိန္ဒိယနိုင်ငံတော်၌ နေ-လနှစ်ပါး ပေါ်ထွက်လာဘိသကဲ့သို့ ဗုဒ္ဓသာသနာတော်အရောင် ထွန်းပြောင်လာမည်မှာ မုချ ဖြစ်ကြောင်း၊ သို့အတွက် မဟာဗောဓိအသင်းကို တိုင်းသူပြည်သားအပေါင်းတို့က စွမ်းစွမ်း စိုက်စိုက် အားပေး ကူညီသင့်ကြောင်းနှိုးဆော်တိုက်တွန်း ပါရှိလေသည်။

ဤ သတင်းကို ဖတ်ရသည့်အခါ ရှင်စန္ဒ၏ စိတ်တွင်-ငါကား မန္တလေးမြို့မှသတင်းဂျာနယ်ပါ ဆောင်းပါးနှင့် ဆန့်ကျင်ခဲ့လေပြီ၊ အဆင်းရဲမခံနိုင်၍ စစ်တွေမြို့သို့ ပြန်ရောက်နေခဲ့လေပြီ။ ဤ သည်ကို အများသိသွားပါက၊ ငါ့အား အထင်သေးကြလေတော့မည်ဟု ရှက်သိစိတ်ပေါ်လာပြီး အိန္ဒိယသို့ ပြန်ကြွရန် ဆုံးဖြတ်သည်။

ဦးစန္ဒိမာကျောင်းတကာကြီး(၅)ဦး၏ အကူအညီဖြင့် ရှင်စန္ဒနှင့် သတိုးဦးတို့ ကာလကတ္တားသို့ ပြန်လည် ရောက်ရှိကြသည်။ ပွဲစားကြီး ဦးချိုးဇားရှိက ရှင်စန္ဒအား ကြည်ညိုသဖြင့် ကာလကတ္တားမြို့၊ ရခိုင်ပွဲစားကြီးများ၏ မဟာဗောဓိအသင်းတိုက်၌ နေရာချထားပေးသည်။ ရှင်စန္ဒသည် အိန္ဒိယနိုင်ငံ သားဦးဇနာနန္ဒထံ၌ ပညာသင်ကြားသည်။ကာလကတ္တား အနီး မဟာဂါမရွာ၌ ပညာဆက်လက် သင်ကြားနေစဉ် ကျောင်းဆရာကြီး ကွယ်လွန်သွားသဖြင့် ပွဲစားကြီးဦးချိုးဇားရှိသည် ရှင်စန္ဒအား မော်လမြိုင်သို့ ပို့လိုက်သည်။ မော်လမြိုင်မြို့ကုတို့ကောဇနပ်ကျောင်း ဆရာတော်ဦးသာဂရထံ ဆက်လက် ပညာ ဆည်းပူးသည်။ ဝါကျွတ်လျှင် မန္တလေးမြို့သို့ သွားရောက်ပြီး ပရိယတ္တိ စာပေများကို မနားမနေ သင်ယူသည်။

၇။ ၁၉၀၂-ခုနှစ်တွင် ဆရာတော်ကြီး၏ ရဟန်းဒါယကာကြီးဖြစ်သော ပွဲစားကြီးဦးချိုးစားရှိက ဆရာတော်ကြီး သီတင်းသုံးတော်မူရန် ကျောင်းတစ်ဆောင်ကို ကုသိနာရုံ၌ တည်ဆောက်လှူဒါန်းသည်။

၈။ ၁၂၆၅-ခု တပို့တွဲလဆန်း (၉)ရက်တနင်္လာနေ့ (၂၅-၁-၁၉၀၄) နံနက်(၈)နာရီအချိန်တွင် စစ်တွေမြို့မှ ဆရာတော် အသျှင်စန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ အရှေ့ပြင် ဝိသုဒ္ဓါရုံတိုက် ရွှေကျင်ဆရာတော် ကြီးမှူးသော သံဃာတော် (၄၀)ပါး တို့သည် ရှင်စန္ဒကို ဥဒကုက္ခေပ(ရေ)သိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ သွတ်သွင်းတော်မူကြသည်။ ဘွဲ့အမည်မှာ ဦးစန္ဒြမဏီ ဖြစ်သည်။ (မဟာဝိသုဒ္ဓါ ရာမိက-ထေရုပ္ပတ္တိဒီပနီ နိဿယ-နှာ ၂၂၂-၂၂၅ လာ စကားရပ်တို့ကိုအနည်းငယ်ဖော်ပြပါမည်၊ (စာတည်း) မဟာဝိသုဒ္ဓါရုံဆရာတော်သည် သက္ကရာဇ် ၁၂၆၅-ခု ဝါဆိုလဆန်း ၁၁-ရက်နေ့တွင် အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်ဟောင်းမှ သံဃာတော် အပေါင်းတို့ဖြင့် ခြံရံတော်မူလျက် သကျပုတ္တိယကြက်သရေဖြင့် ထွက်ကြွတော်မူပြီးကာ အနောက်ပြင်တိုက်သစ်ကို အလှူခံတော်မူ၍၊ ၎င်းနှစ်တွင်းမှာပင် နှေးဦးစွာ ဝါကပ်သီတင်းသုံးတော်မူ၏။ (သက်တော် ၆၅-နှစ်၊ ဝါတော် ၄၅-ဝါ အရဖြစ်သည်) ၁၂၆၅-ခု ပြာသို လဆုတ် (၂)ရက် နေ့တွင် မန္တလေးမြို့ အနောက်ပြင်-မဟာဝိသုဒ္ဓါရုံ ရေဝိုင်း တိုက်မှ

ထွက်တော်မူ၍ ပန်းဝါမြို့သို့ ဝင်ရောက်တော်မူပြီး၊ သက္ကဋ္ဌ ဘာသာတို့၌ လွန်စွာတတ်ကျွမ်းပေသော စစ်တွေမြို့ ဇာတိ သီရိစန္ဒရမုနိ မည်သော သာမဏေကို ဥပသမ္ပဒကံဖြင့် ရဟန်းပဉ္စင်းဘောင်သို့ တင်ဆောင်ချီးမြှင့်တော်မူ၏။)

၉။ ၁၆-၄-၁၉၀၈ -ခု(၁၂၆၉ ခု) မိဂဒါဝုန် ဗုဒ္ဓဘာသာ အဖွဲ့ကို တည်ထောင်သည်။

၁၀။ ၁၂၇၀-ခုနှစ်တန်ခူးလဆုတ်(၁)ရက်နေ့တွင် အသျှင် စန္ဒြမဏိ ကုသိနာရုံမှ မဟာဗောဓိသို့ ရောက်ရှိတော်မူသည်။ ယင်းမှ အနာဂါရိက ဓမ္မပါလနှင့်အတူ ကာလကတ္တား၊ ဘုံဘိုင် မြို့များသို့ သွားရောက်ပြီး သီပေါမင်းရှိရာ ရတနာဂီရီမြို့သို့ ဆက်လက်ကြွရောက်သည်။ တန်ခူးလဆုတ် (၁၀)၊ ၁၉၀၈ - ဧပြီလ၊ ၂၅ ရက် စနေနေ့ ညနေ ၆ း ၀၀ နာရီ သီပေါမင်းနှင့် မင်းတုန်းမင်း၏ ကုသိုလ်တော် ဇရပ်ကြီးအား မဟန့်တို့နှင့် တရားရုံးတော်၌ ရင်ဆိုင်နေရသည့်ကိစ္စကို ညှိနှိုင်းဆွေးနွေးကြသည်။

၁၁။ ၁၉၀၉-ခု(၁၂၇၀ခု)နှစ်တွင် ဆရာတော်ကြီးသည် ဓမ္မပဒပါဠိတော်ကို ဟိန္ဒူဘာသာသို့ ပြန်ဆို ရေးသားထုတ်ဝေသည်။ သောရောဒယကျမ်းနှင့် အဘွန်နိဒါန်းဆေးကျမ်း ကြီးကို သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုတော်မူ သည်။ မဟာသတိပဋ္ဌာနသုတ်၊ အနတ္တလက္ခဏသုတ်၊ သိဂၤီတိသုတ် တို့ကိုလည်း ပါဠိဘာသာမှ ဟိန္ဒီဘာသာ၊ သက္ကတဘာသာတို့သို့ ပြန်ဆိုရေးသားတော်မူသည်။

၁၂။ ၁၉၁၀-ခု (၁၂၇၁ခု) နှစ်တွင် ရခိုင်အမျိုးသား ကြာဇံဖြူဘ(ခေါ်) ဦးမြထွန်းနှင့်မိသားစု လျှဒါန်းသည့် ဘုရား ဖူး နားနေဆောင်ကို မိဂဒါဝုန်၌ ဆောက်လုပ်ပြီးစီးသည်။


၁၃။ ၁၂၉၀ (၁၉၂၈)ပြည့်နှစ်တွင် ကုသိနာရုံဆရာတော်ကြီး မဟာဝိရ ပုံလွန်တော်မူသည်။ ဦးစန္ဒြမဏိက ကျောင်းထိုင် ဆရာတော်အဖြစ် လက်ခံ သီတင်းသုံးတော်မူသည်။

၁၄။ ဆရာတော်ကြီး၏ နှမရင်း မိနှင်းညို၏သား (၂၅)နှစ် အရွယ်ရှိ အသျှင်ကိုတို်မာအား ၁၉၂၈- ခု နှစ်တွင် မိဂဒါဝုန် ကျောင်းတိုက်ကို လွှဲအပ်ပြီး မိဂဒါဝုန် သာသနာပြု ဌာနခွဲကို တိုးတက်စည်ပင်အောင် ဆောင်ရွက်စေသည်။

အသျှင်စန္ဒြမဏိသည် ဗုဒ္ဓသာသနာတော် ရေရှည် ထွန်းကားစည်ပင်ရေးကို ရည်မှော်လျက် သာသနာ့လယ်ယာ မြေများကို ဖော်ထုတ်ခဲ့သည်။ ကုသိနာရုံမှ(၃၀)မိုင်အကွာ ဘာဆာမီရွာ၌ (၁၄)ကော၊ ကျောင်းတိုက်အရှေ့ဘက်မှ(၁၀) ကော အနောက်ဘက်မှ(၁၀)ကော၊ ကုသိနာရုံမှ(၁)မိုင်ခန့် အကွာရှိ ဆီဝရွာ၌ ကော(၅၀)ရှိသည်။ ကုသိနာရုံကျောင်းတိုက် ၌ ဝါးတိုင်ထူ၊ သက်ကယ်မိုး တိုင်းရင်းသား အခလွတ်မူလတန်း ကျောင်းကို စတင်ဖွင့်လှစ်သည်။ ဖလံထောင် မင်းသမီးထံမှ အလှူငွေ - ၂၀၀ကျပ်၊ တရုတ်ဘုရားဖူးအဖွဲ့မှ အလှူငွေ ၅၀၀ကျပ်၊ ဗာရာဏသီမြို့မှ သူဌေးကြီး က ၁၀၀၀ ကျပ်တို့ဖြင့် စန္ဒြမဏိမူလတန်းကျောင်းကို ကမ္ဘည်းစာရေးထိုး ဖွင့်လှစ်သည်။ ကျောင်းကော်မတီနှင့် တိုင်ပင်ပြီး အလယ်တန်း ကျောင်းသစ် တစ်ဆောင် ဆောက်လုပ်ကာ အစိုးရသို့ လွှဲအပ်သည်။ ဆက်လက်ပြီး ကျောင်းကော်မတီနှင့် တိုင်ပင်လျက် အထက်တန်း ကျောင်းဆောင်သစ်ကြီး တစ်ဆောင်နှင့် ပရိဘောဂ အစုံကို အစိုးရသို့ ဆက်လက်လွှဲအပ်ခဲ့ပြန်သည်။ ဆက်လက်



ဆရာတော်၏ ရဟန်းဒါယကာ ပွဲတန်းကြီး ဦးခိုးဇာရှိ



၁၉၀၂ ခုနှစ်က ပွဲတန်းကြီး ဦးခိုးဇာရှိ လှူဒါန်းခဲ့သည့်ကျောင်း (ဆရာတော် ၃၄ နှစ် သီတင်းသုံးခဲ့သည်)

၍ ဂေါ်ရ်ပူမြို့ ကြံစက်သူဌေးကြီးနှင့် မြို့မိမြို့ဘတို့နှင့် တိုင်ပင်ကာ ကျောင်းသား (၅၀၀)လက်ခံနိုင်သည့် ကုသိနာရုံ ဒီဂရီကောလိပ် ကျောင်းကြီးကို တည်ထောင်နိုင်ခဲ့ရာ ယနေ့တိုင် ထင်ရှားကျော်ကြားလျက်ရှိသည်။

၁၅။ ၁၉၂၈ (၁၂၉၀)ခုနှစ်တွင် ကုသိနာရုံဆရာတော်ကြီး အသျှင်မဟာဝီရပျံလွန်တော်မူ၍၊ အသျှင်စန္ဒြမဏိက ကုသိနာရုံ ကျောင်းတိုက်တစ်ခုလုံးကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ရာ ကျောင်းတိုက်အနီးရှိ သစ်ပင်ချုံနွယ် များကို ခုတ်ထွင် ရှင်းလင်းပြီး (၁၈၇၇)ခုနှစ်က ရှေ့ဟောင်း သုတေသန ပညာရှင်တို့တွေ့ရှိထားသော ဘုရားရှင်ပရိနိဗ္ဗာန် ပြုတော်မူသည့် နေရာတော်ကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက် တော်မူသည်။


၁၆။ ၁၉၂၄-ခုနှစ်မေလ (၁၇) ရက်နေ့ (၁၂၈၆ခု) (ကဆုန် လပြည့်နေ့)တွင် မဟာဗောဓိပင် အောက်၌ ဗုဒ္ဓဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရှိသည့် အထိမ်းအမှတ်အဖြစ် ကဆုန် လမှ နယုန်လထိ (၁)လကြာ မဟာဗောဓိပင်အား ညောင်ရေ သွန်းပွဲတော်ကို ကျင်းပတော်မူသည်။

၁၇။ ၁၉၃၀ (၁၂၉၂)-ခု နှစ်တွင် ဗုဒ္ဓဘာသာ ရဟန်းတော် အားလုံးအား မဇ္ဈိမဒေသ သံဃာ့အဖွဲ့တွင် ပါဝင်ကြရန်နှိုး ဆော်သည်။ အိန္ဒိယအစိုးရက မိမိနိုင်ငံသားမဟုတ်သူများဖြင့် ဖွဲ့စည်းသည့် အဖွဲ့ကို လက်ခံမည်မဟုတ်သဖြင့် ကုသိနာရုံ ဆရာတော် အသျှင်စန္ဒြမဏိနှင့် ဗာရာဏသီဆရာတော်တို့ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူကြသည်။ သံဃာ့အဖွဲ့တွင်

(၁) အသျှင်စန္ဒြမဏိ၊ ဥက္ကဋ္ဌ၊ ကုသိနာရုံ ဆရာတော်၊
(၂) အသျှင်မဟိန္ဒ၊ ဒုဥက္ကဋ္ဌ၊ သာဝတ္ထိမြို့၊ ဇေတဝန် ကျောင်းဆရာတော်၊
(၃)အသျှင်စန္ဒိမာ၊ အတွင်းရေးမှူး၊ ဗာရာဏသီဗုဒ္ဓဘာသာ ကျောင်းတိုက်ဆရာတော်၊
(၄)အသျှင်ကိတ္တိမာ၊ ဘဏ္ဍာရေးမှူး မိဂဒါဝုန် ကျောင်းဆရာတော်တို့ ဦးဆောင်ပါဝင်တော်မူသည်။

၁၈။ ၁၉၃၆-ခုနှစ်တွင် စစ်တွေမြို့၊ ပါဒလိတ်ချိတ် ရပ်ကွက်မှ ကုန်သည် ဦးကျော်ဇံနှင့် မိမလှဦးတို့က ဓမ္မစက္ကဝိဟာရ ကျောင်းတော်ကို တည်ဆောက်လှူဒါန်းသည်။

၁၉။ ၁၉၄၅-ခုနှစ်တွင် ရခိုင်ပြည်မှ ဒုတိယကမ္ဘာစစ် စစ်ပြေး ဒုက္ခသည်များက ကုသိနာရုံဓမ္မာရုံကြီး တစ်ဆောင်ကို တည် ဆောက်လှူဒါန်းသည်။



၁၉၆၉ ခုနှစ် ကုသိနာရုံတွင် ကဆုန်ပြောင်ရေသွန်းပွဲ ဘုရားလှည့်ရာ၌ ဆရာတော်ကြီး အပူဇော်ခံယူနေပုံ

၂၀။ ၁၉၄၈-ခုနှစ်တွင် ဗာရာဏသီမြို့၌ ဘင်္ဂလားအဝကျွန်းမှ ရခိုင်ဗုဒ္ဓဘာသာဝင်များက သုန္ဒရဝန ဓမ္မသာလာဆောင်ကို စုပေါင်း ဆောက်လုပ်လှူဒါန်းသည်။

၂၁။ ၁၇-၅-၁၉၅၄ ခု၊ (၁၃၁၆ခုနှစ်ကဆုန်လပြည့်)နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်၌ ကျင်းပသည့် ဆဋ္ဌသံဂါယနာတင်ပွဲတော်သို့ အိန္ဒိယနိုင်ငံတော် ကိုယ်စားလှယ်အဖြစ် ဆရာတော်ကြီး ကြွရောက်တော်မူလာပြီး၊ ဖွင့်ပွဲအခမ်းအနား၌ ဟိန္ဒီဘာသာဖြင့် သန္ဓေသကထာ မြွက်ကြားတော်မူသည်။ တူတော် အသျှင် ကိတ္တိမာက မြန်မာဘာသာဖြင့် ပြန်လည် မြွက်ကြား ပေးတော်မူခဲ့သည်။

၂၂။ ၁၉၅၄-ခု၊ အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့ကူညီ မှုဖြင့် ပရိနိဗ္ဗာနစေတီတော်ကို ပြန်လည်ပြုပြင်ရန်နှင့် လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်ကြီး သီတင်းသုံးတော်မူမည့် ဂူကျောင်းတစ်ဆောင် တည်ဆောက်ရန် စီမံဆောင်ရွက်တော် မူသည်။

၂၃။ ၁၉၅၅(၁၃၁၇)-ခုနှစ်တွင် နီပေါနိုင်ငံ ကာဌမဏ္ဍို မြို့ (ခတ္တမဏ္ဍု)၌ နီပေါဘုရင်မင်းမြတ်ကိုယ်တိုင် ဦးစီးကျင်းပ သည့် ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်များ အစည်းအဝေး ကြီးသို့ ကြွရောက်တော်မူသည်။ ဘုရင်မင်းမြတ်ကိုယ်တိုင် လျှောက်ထားတောင်းပန်ချက်အရ ကြွရောက်လာသော လူထုပရိသတ် (၁)သိန်းကျော်တို့အား သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသီလတော်မြတ်ကိုပါ ချီးမြှင့်ပေးတော်မူပြီးလျှင်၊

ထေရဝါဒပုဒ္ဓဘာသာနှင့်စပ်လျဉ်း၍ လူငယ်များပါ နားလည်လွယ်အောင် ဟိန္ဒူဘာသာဖြင့် ဟောကြားခဲ့မြင့်တော်မူပါသည်။

၂၄။ ၁၉၅၆ (၁၃၁၈)-ခုနှစ် တွင် ပုဒ္ဓသာသနာ (၂၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ပုဒ္ဓဇယန္တီပွဲတော်ကို ကျင်းပသည်။ အိန္ဒိယအစိုးရ၏ ထောက်ပံ့မှုဖြင့် ယင်း ပွဲတော်မှာ အခြားနေရာဒေသများသို့ပါ ပျံ့နှံ့သွားကာ၊ ကဆုန်လတွင် ရိုးရာပုဒ္ဓဇယန္တီပွဲတော်ကို ယနေ့တိုင် ကျင်းပလာခဲ့ကြသည်။ ဘင်္ဂလိုမြို့၊ မဟာဗောဓိအသင်းကို တည်ထောင်သည်။

၂၅။ ၁၉၅၆ ခု အောက်တိုဘာလ(၁၄)ရက်နေ့တွင် ဒေါက်တာအမ်ဘေကာ(Dr. Ambedkar)နှင့် ဇနီး ပရိသတ် (၂)သိန်းကျော်တို့သည် ဟိန္ဒူဘာသာမှ ပုဒ္ဓဘာသာသို့ ကူးပြောင်းသည့် အခမ်းအနား ကျင်းပသည်။

၂၆။ ၁၉၅၆-ခု အောက်တိုဘာလ(၁၆)ရက်နေ့တွင် အသျှင်စန္ဒြမဏိအား ဧလာရာဘုရား၌ ခရစ်ယာန် သာသနာပြု အမေရိကန်လူမျိုး(၆၀) ခန့်ဂါရဝပြုပြီး ဓါတ်ပုံရိုက်ခွင့် တောင်းခံသည်။ ခရစ်ယာန်တို့မှာ လူအား ငွေအား အမျိုးမျိုးဖြင့် ကြီးစားသာသနာပြုသော်လည်း တစ်နှစ်လျှင် အများဆုံး လူ(၁၀၀)(၂၀၀)ရဖို့ ခဲယဉ်းပါသည်။ ဆရာတော်မှာမူ လူအား ငွေအား စိုက်ထုတ်ပင်ပန်းခြင်းမရှိဘဲ လူပေါင်း(၂)သိန်းကျော်ကို ပုဒ္ဓဘာသာဝင်ဖြစ်အောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်ထူးဖြစ်၍ အရှင်ဘုရား၏ ဓာတ်ပုံကို ကမ္ဘာအရပ်ရပ်သို့ သတင်းစာများမှ တစ်ဆင့်ဖြန့်ချိပါမည် ဟု လျှောက်ထားသည်။

၂၇။ ၁၉၅၇ခု-ဧပြီလ(၁၄)ရက်နေ့တွင် နာဂပူရ်မြို့တွင် ဒုတိယအကြိမ် ပုဒ္ဓဘာသာသို့ ကူးပြောင်းသည့် အခမ်းအနားကို ကျင်းပသည်။ လူထု(၅)သောင်းကျော် ပုဒ္ဓဘာသာသို့ ကူးပြောင်းကြပြီး ဆရာတော်ကြီး ချီးမြှင့်တော်မူသည့် သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့၌ တည်ကြသည်။ လက္ကနောင်မြို့တွင် ပုဒ္ဓဘာသာသို့ ကူးပြောင်းသည့် အခမ်းအနားကို ကျင်းပကြသည်။ လူထု (၅)သောင်းကျော်အား ဆရာတော်ကြီးက သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ချီးမြှင့်တော်မူပြီး၊ ပုဒ္ဓဘာသာသို့ ကူးပြောင်းပေးသည်။

၂၈။ ၁၉၅၈-ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆာဦးသွင် မိသားစုက ဗာရာဏသီမြို့ မိဂဒါဝုန်ကျောင်းတိုက်အတွင်း ဓမ္မာရုံတစ်ဆောင် ဆောက်လုပ် လှူဒါန်းသည်။

၂၉။ ၁၉၆၀-ခု ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် မိမိတို့ အမျိုးသားလူပေါင်းများစွာအား ပုဒ္ဓဘာသာသို့ ကူးပြောင်းအောင် စီစဉ်ဆောင်ရွက်ခဲ့သူ ဥပဒေပါရဂူ ဒေါက်တာအမ်ဘေကာ၏ ကျောက်ရုပ်ကို ဘုံဘိုင်မြို့နယ်၊ မင်နာမာဒိပ်မြို့၌ ဆရာတော်ကြီးကိုယ်တိုင် ဖွင့်လှစ်ပေးတော်မူသည်။

၃၀။ ၁၉၆၀-ခုဧပြီလ(၁၃)ရက်နေ့တွင် ပန္နမမြို့၌ ပုဒ္ဓဘာသာကျောင်းတိုက်ဆောက်လုပ်ရန် အုတ်မြစ်ချပေးပြီး ပရိသတ် (၅၀၀၀)ကျော်ကို ဟိန္ဒီဘာသာဖြင့် ငါးပါးသီလချီးမြှင့်ပြီး၊ တရားဓမ္မ ဟောပြတော်မူသည်။

၃၁။ ၁၉၆၀-ခုဧပြီလ(၁၄)ရက်နေ့တွင် ဂျလာနာ မြို့တွင် လူထုပရိသတ်(၃)သိန်းကျော်ကို ငါးပါးသီလ ချီးမြှင့်တော် မူပြီး ကလေးသူငယ်များပါ နားလည်အောင် ဟိန္ဒီဘာသာဖြင့် တရားဓမ္မ ဟောပြတော်မူသည်။

၃၂။ ၁၉၆၀-ခုဧပြီလ(၁၅)ရက်နေ့တွင် ဥရုနာမြို့တွင် လူထုပရိသတ်(၇၀၀၀)ကျော်အား ပုဒ္ဓဘာသာသို့ ကူးပြောင်းပေးတော်မူခဲ့သည်။

၃၃။ ၁၉၆၃ (၁၃၂၅)-ခုနှစ်တွင် ကုသိနာရုံ ဆရာတော် အသျှင်ဉာဏိသရအား ပုဒ္ဓစာပေနှင့် ခေတ်ပညာကို သင်ယူရန် ခေါ်ယူသည်။

၃၄။ ၁၉၆၉ (၁၃၃၀)-ခုနှစ်တွင် အသျှင်စန္ဒြမဏိသည် ကုသိနာရုံကျောင်းတိုက်ဆိုင်ရာအားလုံးကို အသျှင် ဉာဏိသရအား လွှဲအပ်တော်မူသည်။

၃၅။ ၁၉၇၂-ခုမေလ(၈)ရက်နေ့(၁၃၃၄-ခု၊ကဆုန်လပြည့်ကျော်(၁၁)ရက်၊တနလာနေ့ သက်တော်(၉၈) နှစ်တွင် ကုသိနာရုံကျောင်းတော်ကြီး၌ အသျှင်စန္ဒြမဏိမဟာထေရ မြတ်သည် ဘဝနတ်နန်း စံမြန်းတော်မူသည်။ ကမ္ဘာ့နိုင်ငံပေါင်း(၃၂) နိုင်ငံမှ ဝမ်းနည်းကြောင်း ကြေးနန်းစာ(၅၆၉) စောင်၊ ရိုးရိုးစာ(၃၀၉) စောင်ကို ပေးပို့ခဲ့ကြသည်။ အိန္ဒိယနိုင်ငံအစိုးရ၏ ပါလီမန် နှစ်ရပ်စလုံး၌ ဆရာတော်ကြီး ပျံလွန်တော်မူခြင်းအတွက် ဝမ်းနည်းမှု အထိမ်းအမှတ်များ ပြုလုပ်ခဲ့ကြသည်။ ဗာရာဏသီမြို့ရှိ မိဂဒါဝုန် မြန်မာကျောင်းတိုက်သည် ယခုအခါ နှစ်ပေါင်း(၁၀၀)တိုင်ပြည့်ပြီး ဖြစ်သဖြင့် ကျောင်းထိုင်ဆရာတော် အဆက်ဆက်မှာ အသျှင်ကိတ္တိမာ၊ အသျှင်တိက္ခိန္ဒြိယ(ပျံလွန်) နှင့် လက်ရှိကျောင်းထိုင်ဆရာတော် အသျှင်ဝဏ္ဏဓဇ သို့တိုင် ရောက်ရှိလာပြီဖြစ်သည်။ ပုဒ္ဓဘုရားရှင် ပွင့်တော်မူရာ မဇ္ဈိမဒေသသည် ပုဒ္ဓသာသနာတော်မြတ် နှစ်ပေါင်း (၆၀၀)ကျော် ပြတ်တောက် ကွယ်ပနေခဲ့ရာမှ ရခိုင်လူမျိုးဘာသာရေးခေါင်းဆောင်ကြီး အသျှင်စန္ဒြမဏိ၏ ပြန်လည် ကြိုးပမ်းအားထုတ်မှုကြောင့် မဇ္ဈိမဒေသအတွင်း ပုဒ္ဓ



ဆရာတော်ကြီး နီပေါနိုင်ငံမှ ပြည်လည် ကြွလာစဉ်

တက္ကသိုလ်ကြီးများစွာ ပွင့်လန်းလာပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်သည် ကမ္ဘာ့နိုင်ငံ အရပ်ရပ်သို့ပင် ပြန်လည် ထွန်းတောက်နိုင်ခဲ့လေပြီ။

၁၅-၅-၁၉၇၂-ခုနှစ်ထုတ် လုပ်သားပြည်သူနှစ်စဉ် သတင်းစာ (မြန်မာနိုင်ငံ)၌ ပါရဂူက'သက်တော် (၁၀၀)၊ ဝါတော် (၈၀)ရှိ အိန္ဒိယပြည် ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒိမဏိသည် ၈-၅-၇၂ နေ့က ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ ခေါင်းစဉ်ဖြင့် ဆရာတော်ကြီးအား ဤသို့ဂုဏ်ပြုပူဇော်ထားသည်-

"ဗုဒ္ဓဘာသာသည် မိမိ၏ ဇာတိဖြစ်သည့် အိန္ဒိယပြည်၌ အချိန်ကြာမြင့်စွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။ ဗုဒ္ဓဘာသာနိုင်ငံများမှ ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာ တိမ်မြုပ်ပျောက်ကွယ်နေသည့် အိန္ဒိယ၌ ဗုဒ္ဓဘာသာပြန်လည် ထွန်းကားရေးကို ကြိုးပမ်း ဆောင်ရွက်ကြလေသည်။ ယင်းသို့ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအနက် သီဟိုဠ်နိုင်ငံမှ အနာဂါရိကဓမ္မပါလသည် ရှေ့တန်းမှပုဂ္ဂိုလ်တစ်ဦး ဖြစ်သကဲ့သို့ မြန်မာနိုင်ငံမှ ဦးစန္ဒိမဏိသည်လည်း ဦးဆောင်ဦးရွက် တစ်ဦးဖြစ်လေသည်။"

၁၈-၅-၁၉၇၂-ခုနှစ်ထုတ် လုပ်သားပြည်သူနှစ်စဉ် သတင်းစာ (မြန်မာနိုင်ငံ)၌ မောင်ထင်က ပါရဂူ ရေးသား သည့် အထက်ပါ ဆောင်းပါးကို ဖတ်ရှုရသဖြင့် ဆောင်းပါး တစ်ပုဒ်ရေးသား၍ ဆရာတော်ကြီးကို ဂုဏ်ပြုထားပြန်သည်-

"မြန်မာတိုင်းရင်းသား တစ်ဦးက အိန္ဒိယနိုင်ငံ၌ နေထိုင်၍ အိန္ဒိယအမျိုးသား ကလေးသူငယ်များကို ဗုဒ္ဓအဆုံး အမ၌တည်စေ၍ စာသင်ပေးသည်ဆိုသည်မှာ တွေ့ခဲကြုံခဲသော အဖြစ်တစ်ရပ်ပင် ဖြစ်ပါသည်။ သူတပါးနိုင်ငံက မြန်မာနိုင်ငံသို့ လာရောက်၍ သာသနာပြု ကျောင်းများကို ဥဒဟို တည်ထောင်ခဲ့၏။ ကျွန်တော်တို့နိုင်ငံကမူ သူတစ်ပါးနိုင်ငံ၌ ဗုဒ္ဓသာသနာပြုကျောင်း တည်ထောင်သည်မှာ ကျွန်တော်ကိုယ်တွေ့ မျက်မြင်၌ ဦးစန္ဒိမဏိ တစ်ပါးသာဖြစ်သည်။"

၂၃-၆-၁၉၇၂-ခုနှစ်ထုတ် လုပ်သားပြည်သူနှစ်စဉ် သတင်းစာ (မြန်မာနိုင်ငံ)၌ မြင့်ဆွေက အိန္ဒိယနိုင်ငံ ရတနာဂိရိရှိ သီပေါမင်းနှင့် ဆရာတော်ကြီးတို့၏ မင်းတုန်းမင်း ဇရပ်ကိစ္စ တွေ့ဆုံကြရာ၌ ကုသိနာရုံ ဆရာတော်ကြီးက ရတနာဂိရိသွား မှတ်တမ်းအဖြစ် မှတ်တမ်းတင်ထားသည် များမှာ ကြေကွဲစရာ၊ မှတ်သားစရာ၊ စိတ်ဝင်စားစရာ ကောင်း သဖြင့် ကောက်နုတ်ချက်ကို ဖော်ပြကာ ဆရာတော်ကြီးအား ဂုဏ်ပြုထားသည်ကို တွေ့ရပြန်သည်။

ဤသို့ဂုဏ်ပြုမှုများမှာ ဆရာတော်ကြီးကိုယ်တိုင် ဆောင်ရွက်ချက်များအနက် တစ်ချို့တစ်ဝက်၊ တစ်စိတ် တစ်ဒေသမျှကိုသာ မှတ်တမ်းတင်ရေးသား နိုင်ကြမည်ဖြစ်ရာ ဆရာတော်ကြီး၏ ကျေးဇူးတရားများသည်ကား "စာဖွဲ့၍ပင် မကုန်နိုင်ပေါင်" ဟူ၍သာ ဆိုရပေတော့မည်။

မောင်ကျော်ကျော်(သရီခြောင်း)

" မြန်မာတိုင်းရင်းသားတစ်ဦးက အိန္ဒိယနိုင်ငံ၌ နေထိုင်၍ အိန္ဒိယအမျိုးသား ကလေးသူငယ်များကို ဗုဒ္ဓအဆုံးအမ၌ တည်စေ၍ စာသင်ပေးသည် ဆိုသည်မှာ တွေ့ခဲကြုံခဲသော အဖြစ်တစ်ရပ်ပင် ဖြစ်ပါသည်။"

ဆဋ္ဌသံဂါယနာတင်ပွဲတော်၌
ကုသိနာရုံဆရာတော် ဦးစန္ဒမဏိ၏ သန္နေသကထာ



ကြုံကြိုက်ရန် ခဲယဉ်းလှသော ဤဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးသို့ ကိုယ်တိုင် ကွွရောက်လျက် သံဂီတိကာရက မဟာထေရတစ်ပါးအနေဖြင့် အိန္ဒိယနိုင်ငံရှိ မြန်မာ ရဟန်းတော်များကိုယ်စား စကားပြောခွင့်ရသဖြင့် များစွာဝမ်းမြောက် ကျေးဇူးတင်ပါသည်။

အထူးသဖြင့် ဘုန်းတော်ကြီးတို့မှာ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ ကွယ်ပျောက်တိမ်ကောနေလေပြီဖြစ်သော ဗုဒ္ဓသာသနာတော်ကို ပြန်လည် ထူထောင်ကြမည့် ပုဂ္ဂိုလ်များဖြစ်သဖြင့်လည်း အထူးအားတက် ဝမ်းမြောက်လှပါသည်။

ထို့ပြင် စစ်ဘေးဒဏ်ကြောင့် နိုင်ငံရေး မငြိမ်သက်မှု၊ စီးပွားရေးကျပ်တည်းမှု စသော အခက်အခဲ ဘေးအန္တရာယ်များကြောင့် လူးလှိမ့်ခံစားနေရစဉ်အတော အတွင်း၌ ဤမျှ ကြီးကျယ်မြင့်မြတ်၍ ကြုံကြိုက်ခဲလှသော သံဂါယနာတင် ကိစ္စကြီးကို ရှေးအတိတ်ကာလက ပေါ်ပေါက်ခဲ့ကုန်သော အဇာတသတ်၊ ကာလာသောက၊ သီရိဓမ္မာသောက စသော သာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ထုံးကို နှလုံးမူလျက် သာသနာတော်ကြီးကို အနှစ်ငါးထောင် ရှည်အောင်ရည်မှန်းကာ ဖြူစင်လှစွာ သော စေတနာဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ကိုယ်စား အားပေး ဆောင်ရွက် ကူညီလျက် ရှိကြသော နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့နှင့် ပြည်သူလူထု အပေါင်းတို့၏ သာသနမာမက၊ သာသနပါလ၊ သာသနဟိတ စိတ်ကို လွန်စွာ ချီးကျူးပြီး၊ သာဓုအနုမောဒနာ ပြုလိုက်ပါကြောင်း။ ။

(အယ်ဒီတာအဖွဲ့)

ပန်းဝါ ခရီး

အောင်ဆန်းတောရဆရာတော်

၁၂၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် နောက်ပါတပည့်များ လိုက်ပါလျက် မန္တလေးမှ ရန်ကုန်သို့ ကြွရောက်တော်မူသည်။

ဆရာတော်ကြီး၏ နောက်မှ ဝိသုဒ္ဓါရုံ တိုက်အုပ်ဦးကောသလ္လ(ကန္ဒီဆရာတော်)၊ စာချဘုန်းကြီး ဥုံးစန္ဒ၊ အရှေ့ဝိသုဒ္ဓါရုံဖန်ချက်ကျောင်းဘုန်းကြီးနှင့် အနောက်ဝိသုဒ္ဓါရုံ ဝါဆိုကျောင်းမှ ရဟန်းတစ်ပါးတို့ လိုက်ပါကြသည်။

ဆရာတော်ကြီးသည် ရန်ကုန်မှ ပန်းဝါရဟန်းခံပွဲသို့ ကြွရန်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ကာလကတ္တားမြို့၊ချန်ပါတိုလာလမ်းနေ ဗုဒ္ဓဘာသာရခိုင်လူမျိုးပွဲစားကြီးဦးချိုးစား ရွှီက မိမိဇာတိဖြစ်သည့် ရခိုင်တိုင်း၊ ပန်းဝါမြို့တွင် ရဟန်းခံ၊ ရှင်ပြုပွဲကို ကျင်းပပြုလုပ်သည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်



ဒုတိယရွှေကျင်သာသနာဝိုင် မဟာဝိသုဒ္ဓါရုံဆရာတော်
ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ (၁၂၀၈-၁၂၇၈)



တတိယရွှေကျင်သာသနာဝိုင် ဒီပဲရင်းဆရာတော်
ဘဒ္ဒန္တ ဉာဏဝရ (၁၂၁၄-၁၂၈၉)

အမျှးရှိသော မြန်မာနိုင်ငံမှဆရာတော်များ၊ရဟန်းခံ ရှင်ပြုပွဲသို့ ကြွရောက်ချီးမြှောက်ပါရန် ညီဖြစ်သူ ရန်ကုန်မြို့ဦးဒိုးအောင်မှတစ်ဆင့် လာရောက်ပင့်လျှောက် လေသည်။ ရဟန်းခံရှင်ပြုပွဲသို့ ကြွရောက်လာကြသည့် မြန်မာပြည်မှ ဆရာတော်များကို ရဟန်းခံပွဲအပြီးတွင် မဇ္ဈိမဒေသသို့ ဘုရားဖူးပို့ပေးမည့် အစီအစဉ်လည်းပါသည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့်တကွ မိမိစရိတ်ဖြင့် ဘုရားဖူးလိုက်ကြမည့် ဘုန်းကြီး၊ သီလရှင်များ၊ ဒကာ ဒကာမများ တစ်ရာခန့်ရှိလေသည်။ ရန်ကုန်ဆိပ်ကမ်းသို့ အရောက်တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးက "အင်း. လိုက်မယ့်သူတွေက အတော်များနေတယ်၊ဒီတော့ တို့ရဲ့ဥပဒေ- ၅ ချက်လိုက်နာနိုင်မှ လိုက်ကြရမယ်" ဟု မိန့်ဆိုပြီး၊ ခရီးသွားသူများ လိုက်နာရန်ကျင့်ဝတ် ၅-ချက်ကိုထုတ်ပြန်တော်မူသည်။

ခရီးသွား ကျင့်ဝတ် (၅)ပါး

(၁) ခရီးသွားရင်း သူတစ်ပါးအပြစ်ကို မပြောရ။

(၂) တစ်ထပ်သာ စားရမည်။

(၃) သင်္ဘော စသည်မှာ "သဟသေယျ" လောက်သော နေရာတွင် မအိပ်ရ။

(၄) မထေရ်အကြီးအကဲတို့ကို ပန်ကြားပြီးမှသင့်လျော်ရာ အရပ်သို့သာ သွားလာကြရမည်။

(၅) ဂိလာနမဟုတ်ပဲ ခရီးပင်ရှည်သော်လည်း နွားလှည်း မြင်းရထား မစီးသွားရ။

ဂုဏ်ကျင့်ဝတ်(၅)ချက် နှုတ်တက်ဆောင်လွယ်ရန် စာချဘုန်းကြီး ဥုးစန္ဒကို ဂါထာစီကုံးစေရာ အောက်ပါ ဂါထာများ စီကုံးခဲ့ရလေသည်။

ပရဝဇ္ဇံ နာ ဘာသေယျ၊ ဘဝေယျ ဧကဘတ္တိကော။
နာဝါယံ နာ သယေ ရတ္တိ၊ သဟသေယျ ပဟောနကေ။
အာပုစ္ဆိတ္ဝာ မဟာထေရေ၊ အာဟိဏ္ဍော ယုတ္တဒေသကံ။
ဒီယမဂ္ဂမ္ဖိ ယာနေန၊ နာ ဂစ္ဆေယျ အရောဂိကော။
ဂစ္ဆန္တော နော မဟာဗောဓိ၊ဗောဓိ သုလဘ ကာရဏံ။
ပဋွဓေမံ ပူရေယျာမ၊ဝတ္တံ ဂမိက သိက္ခိယံ။



သတ္တမဋ္ဌေကျင်သာသနာဝိုင် ကျိုက်လတ်ပဓိမာရုံဆရာတော်
ဘဒ္ဒန္တ ကေလာသ (၁၂၂၆-၁၃၁၁)



အဋ္ဌမဋ္ဌေကျင်သာသနာဝိုင် ကနီဆရာတော်
ဘဒ္ဒန္တ ကောသလ္လ (၁၂၂၇-၁၃၁၃)



နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်
ဘဒ္ဒန္တ စန္ဒ (၁၂၂၂-၁၃၃၄)

ပရဝဇ္ဇံ-ခရီးအတူသွားသော သူတစ်ပါး၏အပြစ်ကို၊ နဘာသေယျ-တကျက်ကျက် ခိုက်ရန်ဖြစ်အောင် တဖျစ် ဖျစ် မပြောဆို ရာ။ ဧကဘတ္တိ ကော-ချက် ရေးပြုတ် ရေး ဝန်လေးခက်ခဲသည်ဖြစ်၍ တစ်ထပ်တည်းသာ စားသည်။ ဘဝေယျ-ဖြစ်ရာ၏။ နာဝါယံ-မိန်းမပါသော ရေသင်္ဘော ကုန်းသင်္ဘော လှေ၌၊ သဟသေယျ ပဟောနကေ-အယုတ်ဆုံး စတုတ္ထဘာဂ ရွက်ဖျင်ချ၍ သဟသေယျ လောက် သောအရပ်၌၊ ရတ္တိ-ညဉ့်အခါ၌၊ န သယေ-ကိုယ်ကို ဆန့်လျက် မအိပ်စက်ရာ။

မဟာထေရေ၊စောင့်ကြပ်လျက်ပါသော မဟာထေရ်တို့ကို၊ အာပုစ္ဆိတွာ-ပန်ထွာလျောက်ထား၍၊ယုတ္တ ဒေသကံ-သီလမပျက် သင့်လျော်ရာရပ်ကွက်သို့ ။ အာဟိဏ္ဍော-လှည့်လည်သွားရောက်ရာ၏။

ဒီဃမဂ္ဂမ်ပိ-အဝွန့်ယူဇနာ ဝေးကွာသောခရီးကို သော်လည်း၊ အရောဂိကော-အားခွန်ဖြည့်တင်း အနာကင်းသော ရဟန်းသည်။ ယာနေန-ယာဉ်ရထားဖြင့်။ နဂစ္ဆေယျ- မသွားရာ။

မဟာဝေဓာဝီ-ဘုရားပွင့်ရာ အပရာဇိ ဗောဓိညောင်မော် စေတီတော်ကို။ ဂစ္ဆန္တော-ဖူးမြော်ပူဇော်ခြင်းငှာ သွားကြကုန်သော၊ နောမယံ-ငါတို့သည်၊ ဗောဓိ-မဂ်ဉာန်ကို၊သုလဘကာရဏံ-ကာလမညောင်း ရလွယ်ကြောင်းဖြစ်သော၊ ပဌမာ-ပဌဝိဓံ-ငါးပါးအပြားရှိသော၊ ဂမိကသိက္ခိယံ-ခရီးအတူသွားသသူတို့ ပြုကျင့်ရာသော၊ ဣမံဝတ္တံ-ဤကျင့်ဝတ်တရားကို၊ပူရေယျာမ-ပါရမီမြင့် သမ္ဘာရင့်အောင် ဖြည့်ကျင့်ကြကုန်စို့။

(ရွှေကျင်ဝံသာနုရက္ခာနှာ ၃၉၊မန္တလေးမြို့ ကြီးပွားရေး ပုံနှိပ်တိုက်၊၁၃၃၁ခုနှစ်) (စံကင်းဆရာတော် ထေရုပ္ပတ္တိ-၁၂၉-နှာ)

ဥုးစန္ဒသည် ခရီးသွားတိုင်း အထက်ပါခရီးသွားကျင့်ဝတ်များကို ကျင့်သုံးလိုက်နာကာ သွားလေ့ရှိသည်။ အထူးအားဖြင့် မီးရထား၊မီးသင်္ဘောပေါ်တွင်ဘယ်အခါမှ ကျောချကိုန်းစက်လေ့မရှိ၊ သဟသေယျ သိက္ခာပုဒ်ကို အထူးလုံခြုံအောင် စောင့်ရှောက်လေ့ရှိသည်။

ထိုစဉ်က သင်္ဘောခရီးစဉ်မှာ ရန်ကုန်မှ စစ်တကောင်းသို့ သင်္ဘောကြီးဖြင့် သွားရောက်ကြရသည်။ စစ်တကောင်းမှ ပန်းဝါသို့ သင်္ဘောကလေးပြောင်း စီးရသည်။ စစ်တကောင်းနှင့် ပန်းဝါအကြား ဖလောင်းချိပ်သို့ လည်းရောက်သည်။

ဖလောင်းချိပ်နှင့်ပန်းဝါတို့မှာ ရခိုင်-မြန်မာစစ်ပွဲတွင် ရခိုင်တို့ရှုံးနိမ့်ထွက်ပြေးကြပြီး၊ စစ်တကောင်းအနီး “ဖလောင်းချိပ်” “ပန်းဝါ” ဟုရွာတည်နေခြင်းက စခဲ့သည်ဟုဆိုသည်။

ပန်းဝါမြို့ရောက်ပြီးနောက် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးသည် တပို့တွဲလဆန်း(၉)ရက်နေ့တွင် ရခိုင် ကိုရင်ကြီး “ရှင်စန္ဒမုနိ” ကို ဥပသမ္ပဒကံဆောင် ရဟန်းဘောင်အရောက် ချီးမြှောက်တော်မူသည်။ ရှင်စန္ဒမုနိသည် မန္တလေးမြို့ ပတ္တမြားတိုက်တွင် ပညာသင်ယူ နေထိုင်ခဲ့ဖူး၏။

ထိုစဉ်က မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ ပဋိ သမ္ဘိဒါမဂ္ဂအဋ္ဌကထာ ကိုလိုက်ဖူး၍ စာချဘုန်းကြီးဥုးစန္ဒနှင့် သန္ဓိဋ္ဌသမ္ဘတ္တ အဆွေဖြစ်ခဲ့ဖူးသည်။ရှင်စန္ဒမုနိသည် ရဟန်းဖြစ်ပြီးနောက် အိန္ဒိယနိုင်ငံ၊ကုသိနာရုံတွင် သာသနာပြုလျက် သီတင်းသုံးနေထိုင်တော်မူသည်။ ဥုးစန္ဒမုနိသည် ပါဠိစာပေတတ်မြောက်သည့်အပြင် အိန္ဒိယ သက္ကတ ကျမ်းကျင်လှ၍ ဟိန္ဒူတွေသဘောကျအောင် ဗုဒ္ဓဘာသာကို ဟောပြောခဲ့ရာ ဟိန္ဒူအများအပြား ဗုဒ္ဓဝါဒီများ ဖြစ်လာကြလေသည်။

(ဥုးစန္ဒမုနိ၏ရဟန်းခံပွဲ မှတ်တမ်းကို သီးခြားဖော်ပြပေးမည်)

ပွဲစားကြီး ဦးချီးစားရှိက ရဟန်းခံပွဲအပြီးတွင် မြန်မာပြည်မှဆရာတော်များအဖွဲ့ကို ပန်းဝါမြို့မှကာလကတ္တားသို့ သဘော်ဖြင့်ပင့်၍ မိမိတိုက်တွင် တည်းခိုစေပြီး၊မဟာဗောဓိပင်နှင့်တကွ ဗုဒ္ဓ၏ထူးမြတ်သည့်ဌာနများကို ဖူးမြော်ကြည့်ရှု ဂါရဝပြုကြ သံဝေဂယူကြရန် ပို့ဆောင်ပေးပြီး နေရင်းဌာနီ မြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့လေသည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးအား အထူးပင့်လျှောက်ချက်အရ ပန်းဝါမြို့သို့ တဖန်ကြွတော်မူရပြန်သည်။

ပွဲစားကြီးဦးချီးစားရှိသည် ထိုစဉ်က သိန်း(၂၀)ခန့် ချမ်းသာသည်ဆို၏။ ပစ္စည်းဥစ္စာ ချမ်းသာသလောက် သဒ္ဓါကြည်ဖြူသူဖြစ်ရာ မြန်မာပြည်မှ ဘုရားဖူးလာရောက်၍ သူ့တိုက်တွင် တည်းခိုသူများအား အကုန်အကျခံ ကျွေးမွေးစောင့်ရှောက်လေ့ရှိခဲ့ပေသည်။

အရှင်စန္ဒမုနိ၏ရဟန်းခံမှတ်တမ်း စံကင်း - (၄၈-နာ)

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် တကွ သံဃာတော်အရှင်မြတ်တို့၏ ချီးမြှောက်မှုဖြင့် ရဟန်းသစ်ကလေးဖြစ်လာသော အရှင်စန္ဒမုနိ၏ ရဟန်းခံပွဲအကြောင်းကို ကိုယ်တိုင်ဂါထာများသီကုံး၍ မှတ်တမ်းတင်ခဲ့သည်။ ထိုမှတ်တမ်းကလေးကိုလည်း သုတေသီတို့ ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါသည်။

၁။ ဂါထာ// ချဉ်စာရီ ဣတိ နာမေန၊ သံဝါ ပုရ နိဝါသိနာ ။
သဒ္ဓေနစ သမာဒိန်နံ ၊ ဂဟေတွာ ပတ္တ စီဝရံ ။

၂။ ဥုးစန္ဒိမာ မဟာထေရံ ၊ စစ်တွေ နဂရ ဝါသိနံ၊
သိဿာနံ ဟိတကာမံတံ ၊ ကတွာန ဥပဇ္ဈာယကံ

၃။ နဝ မဇ္ဈိမ ထေရေဟိ၊ စတ္တာလီသာယ ဝါရိတော။
ထေရော သေဋ္ဌော ဥဇုဘူတော၊ မိရောစ မိရပူဇိတော။

၄။ သံဝါပုရံ သမာဂန္တွာ၊ ဝိသုဒ္ဓါရာမ နာမကော။
ဝိဿုတော ဇမ္ဗုဒီပေစ ရွှေကျင်နိကာယ နာယကော။

၅။ မတ ခယမိ သမ္ဗုတ္တေ ၊ သင်္ကရာဇေ မဟာသုဘေ။
မာယ မာသေ ဇုဏှပက္ခေ၊ နဝမေ စန္ဒြ ဝါသရေ။

၆။ ပေါသ ဆာယာ ပမာဏေန၊ အမှာဓိ ဒသပါဒကေ။
စန္ဒမုနိ သနာမကံ သမ္ဗာပေတျု ပသမ္ဗဒံ။

၇။ တေသံ ကာရကဘိက္ခူနံ၊ ပစ္စေကံ ပါဒပင်္ကံ
မုတ ပူတ ပဝိတ္တာဒ္ဓ၊ ဝန္ဒေဟံ သိရသာဒရံ။

၈။ သမ္ဗုတ္တောဟံ ယထာကာမံ၊ ဒုလ္လဘံ ဥပသမ္ဗဒံ
တံ ပုည မနုမောဒန္တု၊ ရက္ခန္တု မံ နရာ မရာ။

ဂါထာ၏အနက်

၁။ ချဉ်စာရီ ဣတိ နာမေန--ချဉ်စာရီဟူသော အမည်ရှိသော၊ သဒ္ဓေနစ--သဒ္ဓါတရားနှင့်ပြည့်စုံသည်လည်းဖြစ်သော၊ ပံဝါ ပုရ နိဝါသိနာ--ပံဝါပုရမြို့သား သူဌေးပွဲစားကြီးသည်၊ သမာဒိန်နံ-ကောင်းစွာပေးလှူအပ်သော၊ ပတ္တစီဝရံ-သပိတ်သင်္ကန်းကို၊ ဂဟေတွာ-ခံယူပြီး၍

၂။ စစ်တွေ နဂရ ဝါသိနံ-စစ်တွေမြို့၌နေလေ့ရှိကုန်သော သိဿာနံ-တပည့်တို့၏၊ ဟိတကာမန်္တံ- အကျိုးစီးပွားကို အလိုရှိတော်မူသော၊ ဥုးစန္ဒိမာ မဟာထေရံ-ဥုးစန္ဒိမာ ဘွဲ့အမည်ရှိသော မဟာထေရ်ကို၊ ဥပဇ္ဈာယကံ-ဥပဇ္ဈာယ်ဆရာကို၊ ကတွာန-ပြု၍၊

၃။ စတ္တာလီသာယ-လေးဆယ်အရေအတွက်ရှိသော၊ နဝ မဇ္ဈိမ ထေရေဟိ- နဝ မဇ္ဈိမ ထေရ ဖြစ်ကုန်သော၊ ရဟန်းတော်တို့သည်၊ ဝါရိတော- ခြံရံအပ်သော၊သေဋ္ဌော - ချီးမွမ်းအပ် မြတ်တော်မူသော၊ ဥဇုဘူတော-ဖြောင့်မတ်သည်ဖြစ်၍ဖြစ်သော၊ မိရောစ-ပညာရှိတော်မူသည်လည်းဖြစ်သော၊ မိရပူဇိတောစ-ပညာရှိတို့သည် ပူဇော်တော်မူအပ်သည်လည်းဖြစ်သော၊

၄။ ဇမ္ဗုဒီပေစ- ဇမ္ဗူဒီပ်ကျွန်း၌လည်း၊ ဝိဿုတော- ထင်ရှားတော်မူသော၊ ရွှေကျင်နိကာယ နာယကော- ရွှေကျင်ကိုဏ်းကြီး၏ ဥုးစီးနာယကဖြစ်တော်မူသော၊ ဝိသုဒ္ဓါရာမ နာမကော-ဝိသုဒ္ဓါရုံအမည်တော်ရှိသော၊ ထေရော-မထေရ်မြတ်သည်၊ သံဝါပုရံ-သံဝါပုရမြို့သို့၊ သမာဂန္တွာ-ပေါင်းစုံညီညာ ကောင်းစွာကြွရောက်တော်မူလာပြီး၍၊

၅။ မဟာသုဘေ- အလွန်ကောင်းမြတ်သော၊ မတခယံမှိ-ထောင့်နှစ်ရာ ခြောက်ဆယ့်ငါး(၁၂၆၅) ခုနှစ် ဖြစ်သော၊ သင်္ကရာဇေ-သင်္ကရာဇ်သည်၊သမ္ဗတ္တေ-ရောက်လာသော်၊ မာယမာသေ-တပို့တွဲလ၌၊ ဇုဏှပက္ခေ-လဆန်း ပက္ခဖြစ်သော၊ နဝမေ-(၉)ရက်မြောက်နေ့၌၊ စန္ဒြဝါသရေ- တနလာနေ့၌၊

၆။ ပေါသ ဆာယာ ပမာဏေန-ယောက်ျား၏အရိပ်အတိုင်းအရှည်ဖြင့်၊ အမှာဓိ ဒသပါဒကေ-ဆယ်ဖဝါးခွအချိန်၌၊ စန္ဒမုနိ သနာမကံ- စန္ဒမုနိအမည်ရှိသော ပုဂ္ဂိုလ်ကို၊ ဥပသမ္ပဒံ-ပဉ္စင်းအဖြစ်သို့၊ သမ္ဗာပေတိ-ရောက်စေတော်မူ၏။

၇။ အဟံ-တပည့်တော်သည်၊ တေသံ ကာရက ဘိက္ခူနံ-ထို ကာရကရဟန်းတော်တို့၏၊ ပစ္စေကံ-အသီးအသီး၊

ဖြစ်သော၊ ပါဒပက်ဇ်စ-ခြေတော်တည်းဟူသော ကြာကို ၎င်း၊ ဓုတပူတ ပဝိတ္တဥ္စ-ကိလေသာကို ပယ်ခွာခြင်းဖြင့် အလွန်ဖြူစင်သန့်ရှင်းသောအကျင့်မြတ်ကိုဎင်း၊ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ အာဒရံ-ရိုသေစွာ၊ဝန္ဒေ-ရှိခိုးပါ၏။

၈။ အဟံ-အကျွန်ုပ်သည်၊ ယထာကာမံ-အလိုရှိတိုင်းသော၊ ဒုလ္လဘံ-ရနိုင်ခဲသော၊ ဥပသမွဒံ-ပဉ္စင်းအဖြစ်သို့၊ သမွတ္တော-ကောင်းစွာမသွေ ရောက်ရပေပြီ။ တံ ပုညံ- ထိုရဟန်းပြုရသောကုသိုလ်ကို၊ နရာ မရာ-လူနတ်ဗြဟ္မာ တို့သည်၊ အနုမောဒန္တု-ဝမ်းမြောက်နုမော် သာမုခေါ်ကြပါစေကုန်သတည်း။ မံ-အကျွန်ုပ်ကို၊ ရက္ခန္တု-စောင့်ရှောက်ကြပါစေကုန်သတည်း။

မှတ်တမ်းရှင်ဖြစ်သော ဆရာတော်ကြီး ဥူးစန္ဒမုနိသည် ၁၃၁၆ ခုနှစ်က ရန်ကုန်မြို့ ဆဋ္ဌသံဂါယနာတင်ပွဲသို့ ကြွရောက်တော်မူလာပေသေးသည်။ ယခုအခါတွင် ယင်း ဆရာတော်ကြီး ဥူးစန္ဒမုနိသည်၎င်း၊ ဥူးစန္ဒမုနိ၏ ရဟန်းခံပွဲကို ချီးမြှောက်ဆောင်ရွက်တော်မူခဲ့ကြသော ဝိသုဒ္ဓါရုံဆရာတော်ကြီး မောင်းထောင်ဆရာတော်ကြီး မန္တလေးမြို့ ပတ္တမြားဆရာတော်ကြီး ဒီပဲရင်းဆရာတော်ကြီး စသော ပုဂ္ဂိုလ်ကြီးတို့သည်၎င်း လွန်တော်မူကြလေကုန်ပြီ။ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး တစ်ပါးသာလျှင် ရှေတောင်ကြီးအလား ထီးထီးမားမား တည်ရှိနေပါတော့သည်။ ထိုကြောင့်ပင် မန္တလေးမြို့ မဟာဝိဇိတာရုံဆရာတော်သည် အရှင်စန္ဒမုနိ၏ မှတ်တမ်းတွင် အောက်ပါနှစ်ဂါထာဖြည့်စွက်၍ ဤသို့ မှတ်ချက်ရေးထိုးထားပေသည်-

၁။ ဧကူန စတ္တာလီသဉ္စိ။ စန္ဒမုနိ နဝေါ ယတိ။
သဗ္ဗေ ကာရက ဘိက္ခူ။ တေ အနုတီတာ ဒိဝင်္ဂတာ။

ဟိ-ဆက်၍ဆိုဦးအံ့၊ နဝေါ-ပြုသစ်စဖြစ်သော၊စန္ဒမုနိယတိ-စန္ဒမုနိ ရဟန်းတော်သည်၎င်း၊ ဧကူနစတ္တာ လီသံ-တစ်ပါးယုတ် လေးဆယ်သော၊သဗ္ဗေ-အလုံးစုံကုန်သော၊ တေ ကာရကဘိက္ခူ-ထိုကာရက ရဟန်းတော်တို့သည်၎င်း၊ အနုတီတာ-သေခြင်းသဘောတရားကို မလွန်နိုင်ကြကုန်။ ဒိဝင်္ဂတာ-နတ်ပြည်သို့သာ ပြောင်းကြွတော်မူကြကုန်ပြီ။

၂။ ဧကော စန္ဒ ထေရော၀၊ ဣဒါနိ အဝသေသကော။
ပရောသတံ ဇီဝိတွာန၊ သာသနံ အနုရက္ခတံ။

ဣဒါနိ-ယခုအခါ၌။ ဧကော-တစ်ပါးတည်းသော၊ စန္ဒထေရော၀-အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်ရှေကျင်သာသနာပိုင် စံကင်းဆရာတော်သည်သာလျှင် အဝသေသကော-ကြွင်းကျန်ရစ်တော်မူပါ၏။ (သော- ထို စံကင်းဆရာတော်သည်) ပရောသတံ- အနှစ်တစ်ရာအထက် ကျော်တက်များစွာ ကာလပတ်လုံး၊ဇီဝိတွာန- အသက်ရှည်တော်မူ၍၊ သာသနံ-ဗုဒ္ဓမြတ်စွာ သာသနာကို၊ အနုရက္ခတံ-အစဉ်စောင့်ရှောက်တော်မူနိုင်ပါစေသတည်း။

* ဆရာတော်ဥူးစန္ဒမုနိသည် သက်တော်(၁၀၀) ဝါတော်(၈၀)အရ ၁၃၃၄ ခုနှစ်၊ကဆုန်လပြည့်ကျော်(၁၁) ရက်နေ့တွင် အိန္ဒိယပြည်၊ကုသိနာရုံ၌ လွန်တော်မူသည်။

ဤစာမူမှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု သမ္မုတိ သံဃရာဇာ သာသနာပိုင် သက်တော်ရှည် ရာကျော်စံကင်းဆရာတော် ဂုရုပွတ္တိကထာ-၁၃၃၄ခုနှစ် စာမျက်နှာ-၁၂၇ နှင့် ၄၈၈ တို့၌ ဖော်ပြပါရှိပါ၍၊ စာမူအတိုင်း ထပ်ဆင့်ဖော်ပြပေးရခြင်း ဖြစ်ပါသည်။

အောင်ဆန်းတောရဆရာတော်

ပြုပြင်နိုင်မှ အဖိုးတန်သည်

ပန်းပဲဆရာ အထုမခံရသော သံတုံး လက်နက်မဖြစ်၊
ကျောက်ဆစ်ဆရာ အဖြတ်မခံရသော ကျောက်တုံး ဘုရားမဖြစ်၊
ဆရာကောင်း အဆုံးအမ မခံရသော တပည့် သူတော်ကောင်းမဖြစ်။

(ပထမ ရွှေကျင်ဆရာတော်)

ဆရာတော် ဦးစန္ဒိမာဘိ၏ ထေရုပ္ပတ္တိ
(၁၈၇၅-၁၉၇၂)

ကုသိုနာရုံ မြန်မာဗုဒ္ဓဘာသာကျောင်းတိုက်၊ ဒုတိယကျောင်းထိုင်ဆရာတော်၊ ဓမ္မစက္က ဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် စတင်တည်ထောင်သည့် ပထမဆုံးကျောင်းထိုင် ဆရာတော်၏ထေရုပ္ပတ္တိ



၁-၇-၁၉၅၄ ခုနှစ်၊ ရန်ကုန်မြို့ ကမ္ဘာဒေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်၌
ကျင်းပသည့် ဆဋ္ဌသံဂါယနာ တင်ပွဲတွင်
ဆရာတော်ကြီးက သင်္ဃသကထာကို ဟိန္ဒီဘာသာဖြင့် မြွက်ကြားနေပုံ

ကမ္ဘာတစ်လွှားရှိ ကြည်ညိုစိတ်ပြင်းပြသည့် ဗုဒ္ဓဘာသာဝင်များနှင့် ဦးဆောင်သူများ၏ ကူညီထောက်ပံ့မှုကြောင့် ဗုဒ္ဓသာသနာတော်သည် ယနေ့ထိတိုင် ရှင်သန်လျက်ရှိသည်၊ ယင်းသို့ကြုံးပမ်းခဲ့ကြလင့်ကစား တိုင်းတစ်ပါးသားတို့ ကျူးကျော်ဝင်ရောက်မှု၊ ထီးနန်းအရှုပ်အထွေး၊ လုယက်တိုက်ခိုက်မှုများနှင့် အကြောင်းမဲ့ဖျက်ဆီးမှုများကြောင့် ဗုဒ္ဓ ပရိနိဗ္ဗာန်စံလွန်ပြီးနောက်ပိုင်းကာလတွင် မူလ ဗုဒ္ဓဝင်နေရာတော်များ၊ အထိမ်းအမှတ်များနှင့် အနုပညာလက်ရာများ တည်ရှိသည့် နေရာတော်များ ၏ ဆုတ်ယုတ်ပျက်စီးမှုများကို သမိုင်းတွင် အထင်အရှား တွေ့ရသည်၊ မတည်ငြိမ် မသေချာသည့် ယင်းသို့သော ကာလများအတွင်း ဒေသခံတို့၏ မှားယွင်းစွာ နားလည်မှုသည် ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်မှု၏ အဓိက အကြောင်းဖြစ်သည်။ လိုအပ်သည့်အားပေး ကူညီထောက်ပံ့မှုကို နေရာတိုင်းတွင် တားဆီးခံရ သို့မဟုတ် ကူညီမှုမပြုနိုင်

အောင် ကြည်ညိုသူ ဥပါသကာများနှင့် ဦးဆောင်သူများအား တမင်သက်သက် ပိတ်ဆို့ကြသည်။

ခေတ်အဆက်ဆက်တွင် ဘုရင်မင်းတရားများ၊ ရဟန်းသံဃာတော်များနှင့် ဦးဆောင်သူများသည် သမိုင်းဝင် ဗုဒ္ဓနေရာတော်များအား ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ တိုးတက်အောင် ဆောင်ရွက်ခြင်းများဖြင့် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်ရေးနှင့် ဗုဒ္ဓအဆုံးအမများ တည်တံ့ပြန့်ပွားရေး ကြိုးပမ်းမှုများကို ဆောင်ရွက်ခဲ့ကြသည်။ ရှေးဟောင်းသုတေသန တူးဖော်စဉ်အတွင်း တွေ့ရှိရသည့် ကျောက်စာများ၊ ကျမ်းစာအုပ်များနှင့် ဆောင်းပါးများမှ ယင်းထောက်ပံ့ ဆောင်ရွက်မှုများ အကြောင်းကို သိကြရသည်။

ဗုဒ္ဓဝါဒပြန့်ပွားရေး ဆောင်ရွက်ခြင်းဖြင့် ဘဝကို မြှုပ်နှံခဲ့ပြီး ရှေးဦးဓမ္မအာဇာနည်ဟု ခေါ်ဆိုထိုက်သူ ထူးခြားပြောင်မြောက်သည့် ယင်းသို့သော ပုဂ္ဂိုလ်တစ်ယောက်ကား အိန္ဒိယနိုင်ငံ၊ ဥတ္တာပရာဒ့ေ၌ ပြည်နယ်၊ ကုသိနာရုံမြန်မာကျောင်းတိုက် ကျောင်းထိုင်ဆရာတော် (၁၉၂၀-၁၉၇၂)ရခိုင်နွယ်ဖွားမြန်မာနိုင်ငံသား ဆရာတော်ဘဒ္ဒန္တစန္ဒြမဏိ မဟာထေရ်ဖြစ်သည်။

ဆရာတော်လောင်းလျာကို ၁၈၇၅ခုနှစ်၊ မေလ ၂၅ရက် (၁၂၃၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့)တွင် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ မြို့ဟောင်းမြို့၊ ပေါက်ပင်ကွင်း ကျေးရွာ၌ ခမည်းတော်ဦးကျော်အောင်မယ်တော် ဒေါ်မိဝင်းယေတို့မှ မွေးဖွားခဲ့ပြီး ငယ်မည်မှာ မောင်သာပန်းဦး ဖြစ်သည်။

မိဘများသည် မောင်သာပန်းဦးကို အသက် ၁၀နှစ်အရွယ်၌ စာပေကျမ်းဂန်များကို သင်ယူနိုင်ရန် စစ်တွေမြို့တွင် သီတင်းသုံးလျက်ရှိသော ဗုဒ္ဓစာပေနှံစပ်သည့် စန္ဒိမာရာမကျောင်းဆရာတော် ဦးလေးတော် အရှင်စန္ဒိမာထံ အပ်နှံကြသည်။ ထိုကျောင်းတိုက်၌ (၂)နှစ် ပညာသင်ယူပြီးနောက် ဆရာတော်လောင်းလျာသည် အရှင်စန္ဒိမာထံ၌ပင် သာမဏေအဖြစ်ကို ခံယူသည်။ ဘွဲ့တော်မှာ ရှင်စန္ဒ ဖြစ်ပြီး ကျမ်းစာများ ဆက်လက်သင်ယူသည်။

ငယ်စဉ် ဘဝ

၁၈၈၉ ခုနှစ်လယ်လောက်တွင် အဝါရောင် သင်္ကန်းဝတ်ဆင်ထားသော်လည်း ဗုဒ္ဓဘာသာထုံးစံအတိုင်း ဦးခေါင်းမရိတ်ဘဲ နေထိုင်ပြီး ဗုဒ္ဓသာသနာတော်အတွက် အချိန်ပြည့် အလုပ်လုပ်နေသူ သီရိလင်္ကာနိုင်ငံသား နာမည်ကျော် အနာဂါရိက ဓမ္မပါလသည် အင်္ဂလန်မှ ဗိုလ်မှူးကြီးအော်ရက်ကာ (Colonel Oracle) နှင့်အတူ စစ်တွေ၊ ရန်ကုန်နှင့် မန္တလေးမြို့များ၌ မဟာဗောဓိအသင်းခွဲများ တိုးချဲ့ဖွဲ့စည်းရန် စစ်တွေမြို့သို့ ရောက်ရှိလာသည်၊ မဇ္ဈိမဒေသတွင် ဆုတ်ယုတ်လျက်ရှိသည့် ဗုဒ္ဓသာသနာတော်အား တိုးတက်အောင် ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ထိုနေရာ၌ သင့်တော်သည့်ပုဂ္ဂိုလ်တစ်ယောက်ကို ထားရှိရန် အရေးတကြီး လိုအပ်ကြောင်း သိမြင်ပြီး ထိုပုဂ္ဂိုလ်ကို ရှာဖွေကြတော့သည်။ ၎င်းတို့၏ ဆုံးဖြတ်ချက်မှာ လေ့ကျင့်သင်ကြားပေးမည့် ကိုယ်ကျင့်သိလ ကောင်းမွန်ပြည့်စုံသည့် သာမဏေငယ်တစ်ပါးကို ရွေးချယ်ရန်ပင် ဖြစ်သည်။

စစ်တွေ မဟာဗောဓိအသင်းသည် ၎င်းတို့ လိုအပ်ချက်နှင့်ပြည့်စုံသည့် ကိုရင်ငယ် ရှင်စန္ဒကို တွေ့ရှိကြသည်။ ဧည့်သည်တော်များ၏ ဆုံးဖြတ်ချက်ကို ရှင်စန္ဒ သဘောတူလိုက်ပြီးနောက် ဧည့်သည်များသည် ရှင်စန္ဒနှင့် အဖော်ရစေရန် ရှင်သူရိယအမည်ရှိ မိတ်ဆွေ သာမဏေငယ် တစ်ပါးကို စေလွှတ်ရန် သဘောတူခဲ့ကြသည်။ သို့ဖြင့် ယင်းသာမဏေငယ်နှစ်ပါးကို ရွေးချယ်လိုက်ပြီး မဇ္ဈိမဒေသရှိ ဘုန်းကြီးကျောင်းများသို့ စေလွှတ်ရန် သဘောတူလိုက်ကြသည်။ ဆယ်နှစ်ကျော် အသက်အရွယ်မျှသာ ရှိသေးကြသည့် **နေနှင့်လ**ဟု အဓိပ္ပာယ်ရသော ရှင်သူရိယနှင့် ရှင်စန္ဒတို့သည် မဇ္ဈိမဒေသ၌ သီတင်းသုံးလျက် ဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတာဝန်ကို ထမ်းဆောင်ရန် ပျော်ရွှင်စွာ လက်ခံခဲ့ကြသည်။

၁၈၉၀ ခုနှစ်၊ နိုဝင်ဘာလ (၁၂၅၂ ခုနှစ် တန်ဆောင်မုန်းလ)တွင် ရှင်စန္ဒနှင့် ရှင်သူရိယတို့သည် အစိုးရအရာရှိ ဦးသာဒိုးဝေနှင့် ပြည်တွင်း အခွန်အရာရှိ တစ်ယောက် လိုက်ပါပြီး ပြိတိသျှခေတ် အိန္ဒိယမြို့တော် ကာလကတ္တားမြို့၌ လည်ပတ်ပြီးနောက် ဗုဒ္ဓဂယာရှိ မဟာဗောဓိအသင်းသို့ ရောက်ရှိကြသည်။ ထိုအချိန်က သီရိလင်္ကာနိုင်ငံသား ဘိက္ခုစန္ဒဇောတိသည် မြန်မာဘုရင် မင်းတုန်းမင်းကြီး လှူဒါန်းသည့် ကုသိုလ်တော် မြန်မာကျောင်း၌ သီတင်းသုံးလျက်ရှိသည်။ အနာဂါရိကဓမ္မပါလသည် ရှင်သူရိယနှင့် ရှင်စန္ဒတို့ကို မြန်မာနိုင်ငံမှ သာဒိုးဦးအမည်ရှိ ကပ္ပိယတစ်ယောက်နှင့် မြန်မာကျောင်းရှိ သီရိလင်္ကာရဟန်းတော်နှင့်အတူ သီတင်း

သုံးရန် စီစဉ်ပေးသည်။ ထိုကျောင်း၌ သီတင်းသုံးလျက် သာမဏေကယ်နှစ်ပါးသည် ကပ္ပိယသာဒိုးဦးနှင့်အတူ နေ့စဉ် မဟာဗောဓိ ပရိဝုဏ်အား သန့်ရှင်းကြသည်။ ပြန့်ကျဲနေသည့် အမှိုက်သရိုက်နှင့် သစ်ရွက်များ အကြားတွင် ၎င်းတို့သည် ရိုးရာဘာသာရေးအစီအရင်များ ပြုလုပ်ပြီးနောက် ဟိန္ဒူဘုန်းကြီးများ စွန့်ပစ်ထားသည့် အစား အစာများကိုပါ သန့်ရှင်းကြရသည်။

၁၈၉၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဟိန္ဒူမဟန့်တို့၏ ညွှန်ကြားအားပေးမှုကြောင့် ဒေသခံတို့က မြန်မာကျောင်းတိုက်ကို ဝင်ဗီးလုယက်ပြီး အခန်းထဲ ရှိသမျှ ပစ္စည်းအားလုံး ဓားတုတ်များဖြင့် ဖျက်ဆီးခံရလျက် ကျောင်းအတွင်း ရှိသမျှ လူများလည်း ရိုက်နှက်ခံရသည်။ အလည်အပတ် ကြွရောက်လာသော ရဟန်းတော် အရှင်သုမင်္ဂလသည် ဦးခေါင်းတွင် ပြင်းထန်စွာ ရိုက်နှက်ခံရပြီး ခန္ဓာကိုယ်၌လည်း ဒဏ်ရာများ ရရှိသွားလျက် ဂယာဆေးရုံသို့ ပို့လိုက်ရသည်။ ရှင်စန္ဒနှင့် ရှင်သူရိယတို့နှစ်ပါးမှာ ထိုအချိန်က မိုးကုတ်မြို့မှ ရောက်ရှိနေကြသည့် ဘုရားဖူးများနှင့်အတူ အခြားပုဒ္ဓဝင် နေရာတော်များသို့ သွားရောက်ဖူးမြော်နေကြသဖြင့် လွတ်မြောက်ခဲ့ကြသည်။

ယင်းရှောင်တခင် ဖြစ်ရပ်ပြီးနောက် ရှင်စန္ဒ၊ ရှင်သူရိယနှင့် ကပ္ပိယ သာဒိုးဦးတို့ကို ကာလကတ္တားရှိ ရခိုင်အမျိုးသားကုန်သည်များ ဆောက်လုပ်ထားသည့် မဟာဗောဓိအသင်းတိုက်သို့ ခေါ်ယူထားကြသည်။ ၎င်းတို့သည် ကာလကတ္တားတွင် အိန္ဒိယရဟန်းတော် ဘိက္ခုဇိနနန္ဒနှင့်အတူ သီတင်းသုံးပြီး ထိုအရှင်ထံ၌ ပုဒ္ဓကျမ်းစာများကို သင်ယူကြသည်။ ကာလကတ္တားတွင် နေစဉ် ရှင်စန္ဒသည် အနီးအနား ရှိ ရခိုင်မိသားစုအိမ်များသို့ လှည့်လည်ပြီး ဆွမ်းခံသည်။

တစ်နေ့တွင် မိုးသဲသဲမဲမဲ ရွာသွန်းမှုကြောင့် ကာလကတ္တားရှိ မဟာဗောဓိအဆောက်အအုံ ပြိုကျ ပျက်စီးသွားပြီး ၎င်းတို့ နှစ်ပါးသည် အခြားပုဒ္ဓဘာသာဘုန်းကြီးကျောင်းတိုက်သစ် တစ်ခုသို့ ပြောင်းရွှေ့ရပြန်သည်။ ဘိက္ခုဇိနနန္ဒသည် ၎င်းတို့ နှစ်ပါးအား ကာလကတ္တားမြို့၊ ဝါရိပဂံ (Wari Pagan) လမ်းရှိ မရမာကြီးကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး ကျောင်းထိုင်ဆရာတော် ဦးမဟာဝီရထံ အပ်နှံထားသည်။

ဆရာတော် ဦးမဟာဝီရသည် အိန္ဒိယရခိုင် မိဘမျိုးနွယ်မှ ဆင်းသက်သူ ပုဒ္ဓဘာသာ ရဟန်းတော်ဖြစ်သည်။ ထိုဆရာတော်သည် နောင်အခါတွင် အိန္ဒိယနိုင်ငံသား (မရမာကြီးဗရူဝါး)ဖြစ်လာသည်၊ ဆရာတော် ဦးမဟာဝီရသည် ကိုရင်ငယ်များမှာ ပိုမိုကောင်းမွန်သည့် ပညာရေးလိုအပ်သည်ကို သိမြင်သဖြင့် ပညာသင်ယူရန် စိတ်အားထက်သန်လျက် ရှိကြသည့် ရခိုင် သာမဏေကယ်နှစ်ပါးကို နာယကဆရာဖြစ်သူ ဂေါဝိန္ဒ၊ ဆရဆကရီ (Gawwina Sarsakareen) ထံသို့ စေလွှတ်ပြီး ယင်းမှတစ်ဆင့် အခြားဆရာတစ်ပါးဖြစ်သူ ဇီဝနန္ဒထံသို့ စေလွှတ်သည်။ ဆရာတော် ဦးမဟာဝီရသည် သာမဏေကယ်များ ပါဠိ ဟိန္ဒူနှင့် ခေတ်သစ် သိပ္ပံပညာရပ်များကို သင်ယူနိုင်ရန် ကာလကတ္တားခရိုင် ဝစိပူ(ရ) (Wasipur) မြို့နယ် ဂမ္ဘကျေးရွာ၌ အိမ်တစ်ဆောင် ငှားပေးသည်။

ယင်းကျေးရွာမှာ လူနေထူထပ်ပြီး ဆူဆူညံညံ ရှိသောကြောင့် ဆရာတော် ဦးမဟာဝီရသည် ကုသိနာရုံ၌ နေရာတစ်ခုရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။ ဆရာတော်၏ အစီအမံကိုကြားသိသူ ရခိုင်ကုန်သည်ကြီး ဦးခိုးဇာရွှိက ထိုကိစ္စအတွက် ဝတ္ထုငွေ လှူဒါန်းသည်။ ဆရာတော် ကုသိနာရုံအသွားလမ်းခရီးတွင် မြေကွက်ဝယ်ရန် ဦးခိုးဇာရွှိ လှူဒါန်းသည့် အိန္ဒိယရူပီးငွေတစ်ထောင်ကို ရထား ရုံပိုင်မှူးနှင့် ၎င်း၏ အပေါင်းပါများက လုယူထားလိုက်သည်။ နောက်ဆုံးတွင် လုယက်သူများသည် ဖမ်းခံရပြီး နောက်တွင် ထောင်သုံးနှစ် ကျသွားကြသည်။

သိပ်မကြာမီတွင် ဆရာတော် ဦးမဟာဝီရသည် ရခိုင်ကုန်သည် ဦးခိုးဇာရွှိမှ နောက်ထပ် အလှူငွေ ရူပီးတစ်ထောင် ရရှိပြန်သည်။ ဦးမဟာဝီရသည် ထိုအလှူငွေဖြင့် ကုသိနာရုံတွင် မြေကွက်ဝယ်ယူပြီး ပထမဆုံးသော ကုသိနာရုံ မြန်မာကျောင်းတိုက်ကို တည်ထောင်နိုင်ခဲ့သည်။ ရှင်စန္ဒသည် ကျောင်းတည်ဆောက်ရာတွင် သုံးလတိုင်တိုင် ဆရာတော် ဦးမဟာဝီရအား ကူညီခဲ့သည်။

မော်လမြိုင်သို့ ကြွရောခြင်း

ထိုအချိန်တွင် ကာလဝမ်းရောဂါ ရုတ်တရက် ဖြစ်ပွားသည်။ ရှင်စန္ဒ၏ အသက်အန္တရာယ် လုံခြုံမှုအတွက် ဦးခိုးဇာရွှိသည် အန္တရာယ်ကင်းသည့် နေရာသို့ ပြောင်းရွှေ့ရန် ပြင်ဆင်သည်။ ရှင်စန္ဒကို ဦးခိုးဇာရွှိ၏ ညီငယ် ဖြစ်သူ ဦးဒိုးအောင်နှင့် မော်လမြိုင်မြို့အုပ်ချုပ်ရေးအရာရှိ ဦးကျော်ခိုင်တို့နှင့်အတူ မောလမြိုင်မြို့သို့ စေလွှတ်ခဲ့သည်။ မော်လမြိုင်ရှိ ကတို့ကောနှပ်ကျောင်းတိုက် ဆရာတော် ဦးသာဂရမထေရ်ထံ၌ အပ်နှံကြသည်။ ထိုကျောင်းတိုက်တွင် ဂျာမန် ရဟန်းတော်တစ်ပါး၊ ဂျပန် ရဟန်းတော်တစ်ပါးနှင့်

အခြားသံဃာ အပါးလေးဆယ်မျှ သီတင်းသုံးလျက် ရှိကြသည်။ သီတင်းကျွတ်ပြီးနောက် ရှင်စန္ဒအား အခြားသော ဆရာတော်လေးပါးထံ၌ ပညာသင်ယူနိုင်ရန် မန္တလေးမြို့သို့ ပို့ဆောင်သည်။ ရှင်စန္ဒ သီတင်းသုံးခဲ့သော ကျောင်းတိုက်များမှာ မြတောင်တိုက်၊ ပတ္တမြားတိုက်၊ မြောက်ပြင်ခင်မကန်တိုက်နှင့် ဝိသုဒ္ဓါရုံ ကျောင်းတိုက်များဖြစ်ပြီး ထိုကျောင်းတိုက် ဆရာတော်များထံ၌ ဝိနည်းသုတ္တန် အဘိဓမ္မာကျမ်းစာများကို သင်ယူသည်။

ရဟန်းအဖြစ်သို့ ရောက်ခြင်း

၁၉၀၄ ခုနှစ်၊ မြန်မာ ၁၂၆၅ ခုနှစ် တပို့တွဲ လဆန်း ၉ ရက်နေ့တွင် သက်တော် ၂၈ နှစ်တွင် ရခိုင်ကုန်သည်ကြီး ဦးခိုးဇာရှိနှင့် ဇနီး ဒေါ်မိချမ်းမြ၊ ညီဖြစ်သူ ဦးဒိုးအောင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်စန္ဒသည် ပန်းဝါမြို့ (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ) တွင် ရဟန်းအဖြစ်ကို ခံယူသည်။ ရဟန်းဘွဲ့မှာ ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်နှင့် အခြား ကာရကသံဃာလေးဆယ်တို့၏ ခိုးမြောက်မှုဖြင့် မြန်မာ ၁၂၆၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်နေ့ နံနက် ၈ နာရီတွင် ရဟန်းအဖြစ်သို့ ရောက်သည်။ တစ်ချိန်တည်းတွင် ဦးခိုးဇာရှိ ဒေါ်မိချမ်းမြတို့၏သား ကျော်ဇံလှလည်း ရှင်သာမဏေအဖြစ်သို့ ဝင်ရောက်သည်။ ရဟန်းခံပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသော ဆရာတော် အများအပြားနှင့် ကာလကတ္တားမှ မိတ်ဆွေများ ဘင်္ဂလားဒေ့ရှ်မှ မရမာကြီးလူမျိုး ဗုဒ္ဓဝါဒီ များစွာတက် ရောက်ကြသည်။

စစ်တွေရဟန်းခံပွဲ ပြီးနောက် လအနည်းငယ်အကြာတွင် ဦးစန္ဒိမာသည် ဆရာတော် ဦးမဟာဝိရနှင့် အတူ နေထိုင်ရန် ကုသိနာရုံသို့ ပြန်ကြွခဲ့သည်။ ဦးစန္ဒိမာသည် ကုသိနာရုံကျောင်း တည်ဆောက်ရေး ပြီးဆုံးသည်အထိ ဆရာတော် ဦးမဟာဝိရအား ကူညီလျက် အခြားမြန်မာ ရဟန်းတော်သုံးပါးတို့အား ဟိန္ဒီနှင့်သက္ကတကို သင်ကြားပေးပြီး အခြားအိန္ဒိယရဟန်းတော် လေးပါးတို့အားလည်း ဗုဒ္ဓစာပေ ကျမ်းဂန်များကို သင်ကြားပို့ချပေးသည်။

နောက်ထပ်နှစ်အနည်းငယ်အကြာထိ ဟိန္ဒီနှင့် ပါဠိစာပေတွင် ကောင်းစွာကျွမ်းကျင်သူ ဦးစန္ဒိမာသည် ဓမ္မပဒအပါအဝင် ကျမ်းစာများစွာကို ဟိန္ဒီဘာသာသို့ ပြန်ဆိုထုတ်ဝေသည်။ ထို့ပြင် သက္ကတဘာသာဖြင့်ရှိသည့် လူသုံးများသည့် ရိုးရာဆေးကျမ်းနှစ်စောင် 'သောရောဒယ'နှင့် 'အဋ္ဌန နိဒါန်း'ကိုလည်း မြန်မာပြန်ဆိုခဲ့သည်။ ဘာသာရေးဆိုင်ရာ ကျမ်းစာများမှာ မဟာသတိ ပဋ္ဌာနသုတ်၊ အနတ္တလက္ခဏသုတ်နှင့် သဂီတိ သုတ်တို့ဖြစ်သည်။ ဆရာတော် ဟိန္ဒီဘာသာဖြင့် ရေးသားခဲ့သည့် ဗုဒ္ဓဘာသာကျမ်းစာများ၊ မှတ်တမ်းများနှင့် ဂျာနယ်များကြောင့် ဟိန္ဒူဘာသာဝင်များသည် ဗုဒ္ဓဝါဒကို စိတ်ဝင်စားလာကြသည်။

ဆရာတော်ဦးမဟာဝိရသည် ၁၉၂၀ခုနှစ်၊ သက်တော် ၈၅တွင် ပံ့လွန်တော်မူသဖြင့် ဦးစန္ဒိမဏိသည် ကုသိနာရုံကျောင်းတိုက်ကို ဆက်ခံပြီး ထိုကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဖြစ်လာသည်။

ဗုဒ္ဓဂယာကုသိုလ်တော်ကျောင်း အရေးအခင်း

ဗုဒ္ဓဂယာ မဟာဗောဓိပင်အနီးတွင် မြန်မာဘုရင်မင်းတုန်းမင်းကြီး လှူဒါန်းသည့် အုတ်တိုက် အဆောက်အအုံ ကုသိုလ်တော်ဇရပ်တစ်ဆောင် တည်ရှိခဲ့သည်။ နှစ်များစွာ ကြာပြီးနောက် ဒေသခံ ဟိန္ဒူများသည် တစ်နေ့တွင် ကျောင်းနေပုဂ္ဂိုလ်များအား တိုက်ခိုက်ကြသဖြင့် ကျောင်းထိုင် ဆရာတော် ဦးစန္ဒဇောတိ ထိခိုက်ဒဏ်ရာရသွားပြီး ထို အဆောက်အအုံမှ ထွက်ခွာခဲ့ရသည်။ ဟိန္ဒူဘုန်းကြီး မဟန္တကိက ယင်းအဆောက်အအုံကို ၎င်းပိုင်ဆိုင်သည်ဆိုပြီး အပိုင်စီးထားသဖြင့် ထိုအချိန်မှစ၍ ဗုဒ္ဓဝါဒီများနှင့် ဘုရားဖူးများအား အဆောက်အအုံမှ နှင်ထုတ်ကြသည်။

၁၈၉၁ ခုနှစ်တွင် အနာဂါရိကဓမ္မပါလသည် မဟာဗောဓိစေတီတော်သို့ ဘုရားဖူး ရောက်ရှိလာပြီး မဟာဗောဓိစေတီတော်ကြီး ဟိန္ဒူဘုန်းကြီးများ၏ လက်အောက်သို့ ရောက်ရှိနေရုံမက ဗုဒ္ဓဆင်းတုတော် နေရာတွင် ဟိန္ဒူရုပ်တုကို ပြောင်းရွှေ့ထားသည်ကို တွေ့ရသဖြင့် တုန်လှုပ်သွားသည်။ ထိုနေရာသို့ ဗုဒ္ဓဝါဒီများ မလာရောက်နိုင်အောင် ပိတ်ပင်ထားသည်။ မဟာဗောဓိစေတီ အသင်းကိုယ်စားအနာဂါရိကဓမ္မပါလသည် ၁၉၀၈ ခုနှစ်တွင် မဟာဗောဓိစေတီနှင့် မင်းတုန်းမင်းလှူဒါန်းသည့် မြန်မာကုသိုလ်တော်ကျောင်းကဲ့သို့သော ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများကို ဗုဒ္ဓဘာသာဝင်များ လက်ထဲသို့ ပြန်လည်ပေးအပ်ရန် ဟိန္ဒူဘုန်းကြီးများအား တရားစွဲဆိုရာတွင် ဒေသဆိုင်ရာ တရားရုံး၌ အရေးနိမ့်သည်။

ဟိန္ဒူဘုန်းကြီး မဟန့်သည် နာမည်ကျော် ရှေ့နေများဖြင့် ပြန်လည် ခုခံခဲ့သည်။ မဟန့်၏ ရှေ့နေများက ယင်း အဆောက်အအုံကို ၎င်း(မဟန့်)တို့အား ပေးအပ်ခဲ့ကြောင်း ချေပကြသည်။ အထောက်အထားများအဖြစ် ၎င်းတို့က စာရွက် စာတမ်းမှတ်တမ်းများကို တရားရုံးသို့ တင်ပြကြသည်။ အမှန်စင်စစ် ၎င်းတို့အား ထိန်းသိမ်း စောင့်ရှောက်ရန် အပ်ထားခြင်းသာဖြစ်သဖြင့် ဘုန်းကြီးကျောင်းအား လုံးဝဥဿုံ ပိုင်ဆိုင်ခွင့် မရှိ(ဟုဆိုသည်)။ တရားသူကြီးက ယင်းဘုန်းကြီးကျောင်းကို ဗုဒ္ဓဘာသာရဟန်းတော်များနှင့် ဘုရားဖူးများအား လုံးဝလျှဒါန်းခဲ့ကြောင်း အထောက်အထားများ တင်ပြပေးရန် တောင်းဆိုခဲ့သည်။ ဓမ္မပါလသည် မင်းတုန်းမင်း၏ သားတော် ပြိတိသျှတို့၏ ထိန်းသိမ်းခံသီပေါမင်းသည် ရတနာဂိရိမြို့တွင် အသက်ထင်ရှားရှိသေးသဖြင့် ပိုမိုမှန်ကန်သည့် သတင်းအချက်အလက်များ ရရှိနိုင်ကြောင်း ညွှန်ပြခဲ့သည်။ ဓမ္မပါလသည် ဦးစန္ဒိမဏိအား သီပေါမင်းထံမှ သတင်းမှန်ရရှိရေးအတွက် ကူညီရန် လျှောက်ထားသည်။

ဓမ္မပါလတို့အဖွဲ့သည် ဦးစန္ဒိမဏိနှင့်အတူ ရတနာဂိရိမြို့သို့ သွားပြီး သီပေါမင်းနှင့် တွေ့ဆုံကြသည်။ သီပေါမင်းက မိမိမင်းသားဘဝဖြင့်ရှိစဉ် နန်းတော်မှ မဟာဗောဓိစေတီတော်အား လျှဒါန်းရန် စိန်၊ ပတ္တမြား၊ ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများ စုဆောင်းရေးကို တာဝန်ယူခဲ့ရကြောင်းနှင့် ညောင်ဝန်း မဟာမင်းလှသခ်ယာ ဦးဆောင်သည့် မြန်မာအဖွဲ့တစ်ခုကိုလည်း ရဟန်းတော်များနှင့် ဘုရားဖူးများ သီတင်းသုံးနေထိုင်ရန် ငွေသားရှာပီး ငါးထောင်တန်သည့် ဘုန်းကြီးကျောင်းတိုက်တစ်ခု ဆောက်လုပ်ရန် စေလွှတ်ခဲ့ကြောင်း ရှင်းပြသည်။

ခမည်းတော် မင်းတုန်းမင်းကြီးသည် (၁၁) ဆက်မြောက် ဟေမနရာယန်ဂုရုအမည်ရှိ ဟိန္ဒူ ဘုန်းကြီး မဟန့်အား အဆောက်အအုံကို ထိန်းသိမ်းစောင့်ရှောက်ရန် ငွေသားရှာပီး တစ်ထောင် လျှဒါန်းခဲ့ကြောင်းလည်း သီပေါမင်းက ဦးစန္ဒိမဏိတို့အဖွဲ့အား ရှင်းပြသည်။ (၁၁)ဆက်မြောက် မဟန့်ကို ဆက်ခံသူ တရားခံ(၁၂)ဆက်မြောက် မဟန့်သည် မင်းတုန်းမင်း၏ စီမံမှုကို မသိချေ။ သီပေါမင်းနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဓမ္မပါလက အထောက်အထားအဖြစ် တင်ပြသော်လည်း ယင်းသို့သော အထောက်အထားမှာ လက်ခံနိုင်ဖွယ် မရှိဟု ဆိုပြီး တရားသူကြီးက ဘက်လိုက်ကာ ဟိန္ဒူမဟန့်ကို အနိုင်ပေးလိုက်သည်။ ဤတရားခွဲ အရေးနိမ့်ခြင်းမှာ မင်းတုန်းမင်းက မြန်မာရဟန်းတော်များနှင့် ဘုရားဖူးများအတွက် အဓိက ရည်ရွယ်ဆောက်လုပ်ခဲ့သည့် ဗုဒ္ဓဂယာမြန်မာကျောင်းကို ဟိန္ဒူဘုန်းကြီးမဟန့်နှင့် ယင်းကို ဆက်ခံသူများလက်သို့ အပြီးအပိုင် အပ်နှံလိုက်ရကြောင်း အဓိပ္ပာယ်သက်ရောက်သည်။

မြန်မာကျောင်းများ တည်ဆောက်ခြင်း

အိန္ဒိယအစိုးရက မိဂဒါဝုန်ကို ရှေးဟောင်း သုတေသနဌာနအဖြစ် မကြေညာမီ ၁၉၀၅ ခုနှစ် ခန့်တွင် ဦးစန္ဒြမဏိသည် ဓမ္မဓစေတီတော် အနီးတွင် ကျောင်းတိုက်တစ်ခု တည်ဆောက်ရန် စီမံသည်။ ယင်းမြေနေရာမှာ မိဂဒါဝုန် ဗုဒ္ဓဝင်နေရာတော်နှင့် ထိစပ်နေပြီး ဗုဒ္ဓလက်ထက်တော်က နန္ဒိယသူဌေး လျှဒါန်းခဲ့သည့် နန္ဒိယကျောင်းတော်ရာ အနောက်ဖက်တွင်ဖြစ်သည်။ ၁၉၀၈ခုနှစ်တွင် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိသည် ဒါယကာ လေးယောက် ဒါယကာမလေးယောက်တို့နှင့်အတူ ဗုဒ္ဓဘာသာ၏ မူရင်းဒေသ၌ ဗုဒ္ဓသာသနာတော် ရှင်သန်ထွန်းကားရန် ရည်ရွယ်ချက်ဖြင့် မိဂဒါဝုန် ဗုဒ္ဓဘာသာအဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုနောက် ဦးမြထွန်းနှင့် ရခိုင်မိသားစုများ၏ လျှဒါန်းမှုဖြင့် ဘုရားဖူးများ နားနေဆောင်ကို ဆောက်လုပ်ရာ ၁၉၁၀ ခုနှစ်တွင် ပြီးဆုံးသည်။ ၁၉၂၁ ခုနှစ်တွင် ဦးစန္ဒြမဏိ၏နှမ ဒေါ်နှင်းညို၏သား ဦးကိုတွံမာသည် မိဂဒါဝုန်ကျောင်းတိုက်၌ သီတင်း သုံးရန် ရောက်လာသည်။ ၁၉၂၈ခုနှစ်တွင် ဦးကိုတွံမာသည်(မိဂဒါဝုန်) ဓမ္မစက္ကဝိဟာရကို တာဝန်ယူ အုပ်ချုပ်သည်။

ဦးစန္ဒြမဏိသည် ဗာရာဏသီမြို့၌ ကပ္ပလိကျွန်းစု(မြန်မာ)မှ အလှူရှင်များ၏လျှဒါန်းမှုကြောင့် သိဂရမြန်မာကျောင်းကိုလည်း တည်ဆောက်ပြီး ယင်းကျောင်းတိုက်ကို စောင့်ရှောက်ရန် ဦးကိုတွံမာအား တာဝန်ပေးအပ်သည်။ ၁၉၅၈ခုနှစ်တွင် ဆာဦးသွင်နှင့် မိသားစုတို့က ယင်းကျောင်းတိုက်ဝင်းအတွင်း ဓမ္မာရုံတစ်ခု လှူဒါန်းသည်။ ယင်းကျောင်းတိုက်ကို ဘင်္ဂလားအဝကျွန်းမှ ရခိုင်တိုင်းရင်းသား သံဃာတော်များ ထိန်းသိမ်းစောင့်ရှောက်ဆဲ ဖြစ်သည်။

ကုသိနာရုံ မြန်မာကျောင်းဆရာတော်

၁၉၂၀ ခုနှစ်တွင် ကုသိနာရုံဆရာတော် ဦးမဟာဝိရ

ပျံလွန်တော်မူပြီးနောက် ဦစန္ဒြမဏိသည် ကုသိနာရုံ ဗုဒ္ဓဘာသာ ကျောင်းတိုက်နှင့် သက်ဆိုင်ရာ အဆောက်အအုံများကို ထိန်းသိမ်း စောင့်ရှောက်သည်။ ကျောင်းအမည်ကို ကုသိနာရုံ မြန်မာကျောင်းဟု ပြောင်းလိုက်သည်။ တရားရုံးက ဆရာတော်ဦးစန္ဒြမဏိအား ဘုန်းကြီးကျောင်းတိုက် အနီးရှိ ဗုဒ္ဓဝင်အထိမ်းအမှတ် နေရာတော်များကို စီမံခန့်ခွဲခွင့် မပြုဘဲ အလှူငွေများအား စီမံခန့်ခွဲမှု တာဝန်ကိုသာပေးအပ်သည်။ ဦးစန္ဒြမဏိသည် သစ်ပင် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီး ၁၈၇၇ ခုနှစ်က ရှေးဟောင်းသုတေသန ပညာရှင်တို့ တွေ့ရှိခဲ့သော ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန်ပြုတော်မူသည့် နေရာတော်အား ထိမ်းသိမ်းစောင့်ရှောက်သည်။ မြန်မာနိုင်ငံမှ ကုသိုလ်ရှင်များနှင့် ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်ပွဲ ကျင်းပချိန် ၁၉၅၄ ခုနှစ်တွင် အိန္ဒိယအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ဆရာတော်သည် ပရိနိဗ္ဗာနစေတီတော်ကို ပြန်လည်ပြုပြင်ရန်နှင့် လျောင်းတော်မူ ဗုဒ္ဓဆင်းတုတော်ကြီး သီတင်းသုံးမည့် ဂူကျောင်းတစ်ခု တည်ဆောက်ရန် စီမံသည်။

ဆရာတော်သည် ကုသိနာရုံသံဃာ့အဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ဘုန်းကြီးကျောင်းတိုက်ကို ထိန်းသိမ်းရန် စပါးနှင့် အခြား ကောက်ပဲသီးနှံများ စိုက်ပျိုးနိုင်သည့် မြေကေ ၅၀ကို ဝယ်ယူသည်။ ဆင်းရဲသည့် ကလေးငယ်များ ပညာသင်နိုင်ရန် စန္ဒြမဏိ မူလတန်းကျောင်းကိုလည်း ဖွင့်လှစ်သည်။ တစ်နှစ်အတွင်း ကျောင်းသားဦးရေ(၃၅၀)အထိ တိုးလာပြီး အချိန်ပြည့် ကျောင်းဆရာ(၃)ယောက် ငှားရမ်းရသည်။ ယင်းမူလတန်းကျောင်းကို နောင်တွင် အလယ်တန်း၊ အထက်တန်းများသို့ တိုးမြှင့်ခဲ့ပြီး နောက်ဆုံးတွင် ပြည်သူ့ကျောင်းအဖြစ် ဆက်လက်အသုံးပြုရန် အစိုးရသို့ လွှဲပြောင်းပေးခဲ့သည်။ နှစ်အနည်းငယ်အကြာတွင် ကျောင်းသား (၅၀၀) လက်ခံနိုင်သည့် ကုသိနာရုံ ဒီဂရီကောလိပ်ကို ဒေသခံငွေကြေးပြည့်စုံသူများ၏ အကူအညီဖြင့် စတင် တည်ထောင်သည်။ ယင်းကောလိပ်ကျောင်းသည် ဆရာတော်က ဆင်းရဲနွမ်းပါးသူများအပေါ် ထားရှိသည့် မေတ္တာစေတနာ သင်္ကေတအဖြစ် ယနေ့တိုင် တည်ရှိဆဲဖြစ်သည်။

၁၉၂၄ ခုနှစ်ကတည်းက ဆရာတော်သည် ကဆုန်လပြည့်နေ့တွင် မဟာဗောဓိပင်အောက်၌ မြတ်ဗုဒ္ဓသဗ္ဗညုတဉာဏ်ကို ရရှိခဲ့သည်ကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် ကဆုန်လမှ နယုန်လထိ တစ်လကြာ မဟာဗောဓိပင်အား ဗောဓိညောင်ပင် ရေသွန်းပွဲတော် ကျင်းပသည်။ ၁၉၅၆ ခုနှစ်တွင် ဗုဒ္ဓသာသနာ(၂၅၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဇယန္တိပွဲတော်ကို ကျင်းပပြီး အိန္ဒိယအစိုးရ၏ ထောက်ပံ့မှုဖြင့် ယင်းပွဲတော်မှာ အခြားနေရာများသို့ ပြန့်နှံ့သွားသည်။ ကဆုန်လတွင် ကျင်းပသည့် ယင်းရိုးရာ ဗုဒ္ဓဇယန္တိပွဲတော်ကို ယနေ့တိုင် ကျင်းပကြဆဲ ဖြစ်သည်။

၁၉၃၀ ခန့်တွင် ဆရာတော်သည် ဗုဒ္ဓဘာသာ ရဟန်းတော်အားလုံးအား မဇ္ဈိမဒေသ မဟာသံဃအဖွဲ့တွင် ပါဝင်ကြရန် နှိုးဆော်သည်။ အိန္ဒိယ အစိုးရအနေဖြင့် မိမိနိုင်ငံသား မဟုတ်သူများ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို လက်ခံမည်မဟုတ်သောကြောင့် ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိနှင့် ဗာရာဏသီဆရာတော် ဦးစန္ဒိမာတို့သည် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းသံဃအဖွဲ့တွင် ဆရာတော် ဦးစန္ဒြမဏိက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဦးစန္ဒိမာက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းဆရာတော် ဦးမဟိန္ဒ၊ မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမာတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။

ဆရာတော်သည် ခရစ်နှစ် ၁၉၅၄ ခုနှစ် မေလတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်တွင် ဝန်ကြီးချုပ်ဟောင်း ဦးနု ဦးဆောင်ကျင်းပသည့် ဆဋ္ဌသံဂါယနာတင်ပွဲသို့ အိန္ဒိယရဟန်းတော်များ ကိုယ်စားလှယ် အနေဖြင့် ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ ဆရာတော်က ဟိန္ဒီဘာသာဖြင့် ဆွေးနွေးပြီး မိဂဒါဝုန် ဆရာတော်ဦးကိတ္တိမာက မြန်မာဘာသာ ပြန်ဆိုပေးသည်။ ၁၉၅၅ ခုနှစ်တွင် ဆရာတော်သည် ခတ္တာမန္ဒ၊မြို့၌ နိပေါဘုရင်က ဦးဆောင်ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

ဆရာတော်သည် ဇာတ်နိမ့်အိန္ဒိယလူမျိုး ထောင်ပေါင်းများစွာကို ဗုဒ္ဓဘာသာအဖြစ် ခံယူစေခဲ့ပြီး ယင်းတို့အနက် အကြီးကျယ်ဆုံးမှာ ၁၉၅၈-ခုနှစ်၊ အောက်တိုဘာလတွင် ဇာတ်နိမ့်မျိုး ခေါင်းဆောင် ဒေါက်တာ အမ်ဘေကာနှင့်အတူ ဇာတ်နိမ့်အိန္ဒိယလူမျိုး ၂၀၀၀၀၀(နှစ်သိန်း) ဆရာတော်ထံ၌ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြခြင်း ဖြစ်သည်။

ဆရာတော်ကိုဆက်ခံသူများ

ဘင်္ဂလိုမြို့၊ မဟာဗောဓိအသင်းကို တည် ထောင်သူနှင့် အသင်းဥက္ကဋ္ဌဖြစ်သူ ဆရာတော် ဦးဗုဒ္ဓရက္ခိတသည် အိန္ဒိယ

နိုင်ငံ မဏိပူရမြို့နယ် အရှေ့ပိုင်း အင်ဖာလာ (Imphal) မြို့တွင် ဘင်္ဂလီ မိသားစုမှ ၁၉၂၂ခုနှစ်၊ မတ်လ ၁၂ရက် ၁၂ဝ၃ခု တပေါင်းလပြည့် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။ ထူးချွန်ထက်မြတ်သည့် ကျောင်းသားတစ်ယောက် ဖြစ်၍ ကာလကတ္တား အင်ဂျင်နီယာ စက်မှုသိပ္ပံမှ အင်ဂျင်နီယာဘွဲ့ ရခဲ့ပြီး အိန္ဒိယအစိုးရ၏ ကာကွယ်ရေးအရာရှိအဖြစ် ဆောင်ရွက်သည်။ ဒုတိယကမ္ဘာစစ်အတွင်း အလုပ်တာဝန်ဖြင့် အိန္ဒိယ နေရာအနှံ့သို့ ခရီးသွားရသည်။ စစ်အတွင်း ကြုံတွေ့ရသည့် လူမှုဘဝ၊ စည်းစိမ်ပျက်စီးဆုံးရှုံးမှုနှင့် ဝမ်းနည်းကြေကွဲမှုတို့ကို မြင်တွေ့ရပြီး ယင်းသည် လူငယ်အား စိတ်ပိုင်းဘဝ လေ့ကျင့်မှုဘက်ဆီသို့ ဦးတည်သွားစေသည်။ အလုပ်မှ အငြိမ်းစားယူလျက် သစ္စာတရားနှင့် လွတ်လပ်မှုကို ရှာဖွေရန် အိမ်မှ ထွက်ခဲ့သည်။ နှစ်အတန်ကြာသည်အထိ အိန္ဒိယတစ်လွှား ခရီးရှည် ထွက်ပြီး တက္ကသိုလ်များစွာတို့၏ အိန္ဒိယရှိ ဘာသာတရားများကို လေ့လာသည်။

လူငယ်သည် ကုသိနာရုံရှိ မဟာပရိနိဗ္ဗာန မြန်မာကျောင်းတိုက်ဆရာတော် ဦးစန္ဒြမဏိထံတွင် ရှင်သာမဏေဝတ်ပြီး ပုဒ္ဓဝါဒကို လေ့လာသင်ယူသည်။ ထိုနှစ်တွင်ပင် အိန္ဒိယနှင့် နီပေါနိုင်ငံတို့၌ ပုဒ္ဓဝါဒကို ကျယ်ပြန့်စွာ လေ့လာသည်။ ပါဠိနှင့် ပုဒ္ဓဝါဒကို ဆက်လက်သင်ယူရန် သီရိလင်္ကာသို့ သွားသည်။ ကြိုးစား၍ သင်ယူသဖြင့် ဘာသာရေးဆိုင်ရာ စာမေးပွဲများကို အောင်မြင်ပြီး တိပိဋကာ-စရိယဘွဲ့ကို ရရှိသည်။ ၁၉၄၈ ခုနှစ်တွင် ကုသိနာရုံသို့ ပြန်လာပြီး စစ်တွေမှ မြန်မာဘုရားဖူးများ၏ ပစ္စယာနုဂ္ဂဟ အထောက်အပံ့ဖြင့် ရဟန်းအဖြစ်ကို ရရှိသည်။ ပုဒ္ဓဘာသာစာပေကို လေ့လာရန်နှင့် မဟာစည်ဆရာတော်ထံ၌ ကမ္မဋ္ဌာန်းတရားပွားများနည်းကို သင်ယူရန် ဦးပုဒ္ဓရက္ခိတအား မြန်မာနိုင်ငံသို့ စေလွှတ်သည်။ ဦးပုဒ္ဓရက္ခိတသည် ၁၉၅၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပသည့် ဆဋ္ဌသံဂါယနာတင်ပွဲတွင် အိန္ဒိယသံဃအဖွဲ့ ကိုယ်စားလှယ်အဖွဲ့ဝင် ဖြစ်ပြီး ပြည့်စုံ ကောင်းမွန်သည့် ပါဠိတော် ကျမ်းစာများကို ထုတ်ဝေမည့် တည်းဖြတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အရှင်မြတ်သည် ဗီဟာပြည်နယ်ရှိ နာလန္ဒာပါဠိ တက္ကသိုလ်၌ ပုဒ္ဓကျမ်းစာများကို ပို့ချပေးသည်။

အနာဂါရိကဓမ္မပါလ၏ တူမဖြစ်သူ မစွက်စ် ဘီမွန်းနာသင်္ဂေအမည်ရှိ ဥပါသိကာမကြီးက မိုင်ဆိုင်နယ် မဟာရာဇာထံမှ ရရှိသည့် မြေကွက်အား ပုဒ္ဓဒေသနာကို ငြိမ်းချမ်းစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဘင်္ဂလီမြို့၌ ပုဒ္ဓဘာသာဆိုင်ရာ ဌာနတစ်ခုဖွင့်လှစ်ရန် ရည်ရွယ်ပြီး လှူဒါန်းသဖြင့် ဦးပုဒ္ဓရက္ခိတသည် ယင်း ငြိမ်းချမ်းမြေပေါ်တွင် မဟာဗောဓိအသင်းကို တည်ထောင်လိုက်သည်။ သို့ဖြင့် ဘင်္ဂလီမြို့ မဟာဗောဓိအသင်းကို ၁၉၅၆-ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ရဟန်းကောင်းများ လေ့ကျင့်မှု ပေးရန် လိုအပ်သည်ကို သိမြင်သဖြင့် ဆရာတော် ဦးပုဒ္ဓရက္ခိတသည် ၂၅၄၅နှစ်မြောက် ပုဒ္ဓဇယန္တီ မင်္ဂလာနေ့ အခမ်းအနားများ ကျင်းပသည့်နေ့တွင် ဘင်္ဂလီမြို့ မဟာဗောဓိသံဃတက္ကသိုလ်ကို ဖွင့်လှစ်ခြင်းဖြင့် သမိုင်းဝင်လှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့သည်။ သက်တော် ၈၅ နှစ် ရှိပြီးဖြစ်သော်လည်း ဆရာတော် ဦးပုဒ္ဓရက္ခိတ အရှင်မြတ်သည် ဖြစ်နိုင်သမျှ ကမ္ဘာတစ်လွှားသို့ ပုဒ္ဓဒေသနာ ပြန့်ပွားရန် ရည်ရွယ်ချက်ဖြင့် ဘွဲ့လွန်သင်တန်းများ ပေးအပ်သည့် အိန္ဒိယတွင် ပထမဆုံးသော တက္ကသိုလ်ဖြစ်သော ယင်းမဟာဗောဓိ ပါဠိနှင့် ပုဒ္ဓဘာသာလေ့လာရေးသိပ္ပံကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယင်းသည် ပုဒ္ဓဘာသာရှေးဦးသာသနာပြုပုဂ္ဂိုလ် ဆရာတော် ဦးစန္ဒြမဏိ ပျိုးထောင်ခဲ့သော အိန္ဒိယနိုင်ငံ၌ ပုဒ္ဓဓမ္မလှုပ်ရှားမှု၏ ရလဒ် ဖြစ်သည်။

ဆရာတော် ဦးစန္ဒြမဏိသည် ၁၉၆၃ခုနှစ်တွင် အရှင် ဉာဏိဿရ(လက်ရှိ ကုသိနာရုံဆရာတော်) အား အိန္ဒိယ၌ ပုဒ္ဓစာပေနှင့် ခေတ်ပညာကို သင်ယူရန်နှင့် ဆရာတော်အား ကျောင်းတိုက် စီမံမှုတွင် ပါဝင်ကူညီပြီး ကုသိနာရုံ၌ ဆရာတော်နှင့်အတူ သီတင်းသုံးရန် ခေါ်ယူလိုက်သည်။ ၁၉၆၉-တွင် ဆရာတော် ဦးစန္ဒြမဏိသည် ကုသိနာရုံ မြန်မာကျောင်းတိုက် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်ရာကိစ္စအားလုံးကို အရှင်ဉာဏိဿရအား လွှဲအပ်ခဲ့သည်။

ဆရာတော် ဦးစန္ဒြမဏိသည် ၁၃၃၄၊ ကဆုန်လဆုတ် ၁၁ရက်နေ့(၁၉၇၂ခုနှစ် မေလ ၈ရက်နေ့) သက်တော် ၉၇ ခုနှစ်အရွယ်တွင် ကုသိနာရုံ မြန်မာကျောင်း၌ ပျံလွန်တော်မူသဖြင့် ထိုကျောင်းတိုက်ကို အရှင်ဉာဏိဿရ ဆက်ခံသည်။ ၁၉၈၇ တွင် ဆရာတော် ဦးကိတ္တိမာသည် မြန်မာနိုင်ငံမှ ဆာဦးသွင် လှူဒါန်းသည့် သိဂရကျောင်းတိုက်၊ ဘင်္ဂလားအဝကျွန်းရှိ သုန္ဒရာဘန်ကျောင်းတိုက်နှင့် မိဂဒါဝုန်မြန်မာကျောင်းတိုက်များ၏ စီမံအုပ်ချုပ်မှု တာဝန်ကို ဆရာတော် အရှင်ဉာဏိဿရအား လွှဲအပ်ခဲ့သည်။ လက်ရှိ မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်မှာ ဦးဝဏ္ဏဓဇ ဖြစ်သည်။

ဆရာတော် ဦးစန္ဒိမဏိသည် မိမိ၏ဘဝ တစ်သက်တာကို ဗုဒ္ဓသာသနာတော် ပြန်လည်ရှင်သန် ပြန့်ပွားရေးအတွက် ကိုယ်ကျိုးစွန့်ကာ ပရဟိတ လုပ်ငန်းတွင် မြုပ်နှံခဲ့သည်။ ဆရာတော်သည် လမ်းပျောက်ပြီး တွေဝေ လမ်းမှားနေကြသူများအား လမ်းမှန်ကို ညွှန်ပြပေးသည့် မီးရှူးတန်ဆောင်ကဲ့သို့ တောက်ပသည်၊ ဗုဒ္ဓဝါဒအား မူရင်းဒေသသို့ ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းခဲ့သူဖြစ်သည်။ ဆရာတော်ကား ရခိုင်နွယ်ဖွား မြန်မာလူမျိုးများ၏ ဂုဏ်ယူဖွယ် သားကောင်းဇာနည် ဖြစ်ချေသည်။ ဆရာတော်အား အောက်ပါ ကဗျာတို့ဖြင့် ဂုဏ်ပြုပါသည်။

'အခါအခွင့်၊ ဘုန်းကံရင့်သော်
မလင့်ချိန်ကြာ၊ ထင်ပေါ်လာ၏
ပဒုံကြာရွက်၊ နေရှိန်သက်လည်း
ဆက်လက်ပွားတိုး၊ စည်ပင်ရိုးတည်း။'

ဦးသန်းစိန်နှင့် ဟဲရီသန်းထွတ် စုပေါင်းပြုစုသည်ကို ဆရာတော် အရှင်ကေလာသ ဘာသာပြန်သည်။

အိန္ဒိယနိုင်ငံ၊ ကုသိနာရုံမြန်မာကျောင်းတိုက်၏ ဒုတိယကျောင်းထိုင်ဆရာတော်၊ ဗာရာဏသီမြို့၊ မိဂဒါဝုန်၊ ဆီဂရာမြန်မာကျောင်းတိုက်များ၏ အာဒိကမ္မိက ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒိမဏိမဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်	၁၂၃၇-ခုနှစ်	ကဆုန်လပြည့်ကျော် (၆)ရက် အင်္ဂါနေ့။
	၁၈၇၅-ခုနှစ်	မေလ(၂၅)ရက်နေ့
ဇာတိဌာန		ရခိုင်ပြည်နယ်၊စစ်တွေခရိုင်၊မြို့ဟောင်းမြို့(မြောက်ဦးမြို့)နယ်၊ ပေါက်ပင်ကွင်း ကျေးရွာ၊
မိဘ		ဘုရင်မဟာသမ္မတရာဇာ၏မြစ် ဦးကျော်အောင်၊ ဒေါ်ဝင်းယေ။
ရှင်သာမဏေပြု	၁၂၄၉ခုနှစ်	(၁၂)နှစ်အရွယ်၊ စစ်တွေမြို့ စန္ဒိမာရာမကျောင်းဆရာတော် ဦးစန္ဒိမာထံ ရှင်သာမဏေပြု။
အိန္ဒိယသို့	၁၈၉၀-ခုနှစ်	နိုဝင်ဘာလ
	၁၂၅၂-ခုနှစ်	တန်ဆောင်မုန်းလဆုတ်တွင် စစ်ကဲကြီးဦးသတိုးဝေနှင့် အခွန်ဝန်တို့ ဦးဆောင်၍ လူပေါင်း သုံးဆယ်စီပါသောဘုရားဖူးအဖွဲ့ နှစ်ဖွဲ့နှင့်အတူ ဆရာတော်ဦးစန္ဒိမာ၏ တပည့်ငယ် ရှင်စန္ဒ၊ ရှင်သူရိယ၊ သတိုးဦးတို့ စစ်တွေမြို့မှ ကာလကတ္တားမြို့သို့ ကြွ။
ပုဒ္ဓဂယာ	၁၈၉၃-ခုနှစ်	ဖေဖော်ဝါရီလ (၆-ရက်)
	၁၂၅၄-ခုနှစ်	တပို့တွဲလဆုတ်(၆)ရက်။ မဟန်္တတပည့်များ မင်းတုန်းမင်း ဓမ္မာရုံဇရပ်ကို ဝင်ရောက် မွေနှောက်၊ အန္တရာယ်ပြု သတင်းပါ။
စစ်တွေသို့	၁၈၉၃-ခုနှစ်	ဖေဖော်ဝါရီလ ၆-ရက် နောက်ပိုင်း စစ်တွေသို့ ပြန်လည်ကြွ။
	၁၂၅၄-ခုနှစ်	
မန္တလေးသတင်းစာ	၁၈၉၃-ခုနှစ်	ဒီဇင်ဘာလ ပြာသိုလအတွင်း ထုတ်ဝေသော မန္တလေးသတင်းစာတွင်
	၁၂၅၅-ခုနှစ်	"အိန္ဒိယနိုင်ငံတော်၌ သာသနာတော်ထွန်းပြောင်တော့မည်"ဟု စန္ဒသူရိယတို့အား ချီးမွမ်းသတင်းပါ

အိန္ဒိယသို့ပြန်ကြွ	၁၈၉၃-ခုနှစ် ၁၂၅၅-ခုနှစ်	ဒီဇင်ဘာလ နောက်ပိုင်း အိန္ဒိယ၊ ကာလကတ္တားသို့ပြန်ကြွ။
ကုသိနာရုံကျောင်း တည်ထောင်	၁၂၆၄-ခုနှစ် ၁၉၀၂-ခုနှစ်	၂၇ နှစ်အရွယ်၊ ကျောင်းမြေနေရာဝယ်။
ရဟန်းခံ	၁၂၆၅-ခုနှစ်	တပို့တွဲလဆန်း ၉ (၂၅-၁-၁၉၀၄) တနလ်ာနေ့၊ (၂၈)နှစ်အရွယ်၊ ဘင်္ဂလားအဝကျွန်း ပန်းဝါမြို့။
ဥပဇ္ဈာယ်ဆရာ		စစ်တွေမြို့ စန္ဒိမာရာမကျောင်းဆရာတော် ဦးစန္ဒိမာ။ ရွှေကျင် သာသနာပိုင် (၅)ပါး ပါဝင်သည်။
မိဂဒါဝုန်မြန်မာ ကျောင်းတိုက်တည်	၁၂၆၉-ခုနှစ် ၁၉၀၈-ခုနှစ်	မိဂဒါဝုန်မြန်မာကျောင်းစတည်။ ဧပြီလ(၁၆)ရက်။
သီပေါမင်းနှင့်တွေ့	၁၂၇၀-ခုနှစ် ၁၉၀၈-ခုနှစ်	ဦးတန်ခူးလပြည့်ကျော် (၁၀)ရက် စနေ။ ဧပြီလ (၂၅)ရက်။
မိဂဒါဝုန်ကျောင်း စတင်ဆောက်	၁၂၇၁-ခုနှစ် ၁၉၁၀-ခုနှစ်	ဦးမြထွန်းလှဒါန်းကျောင်း စတင်ဆောက်။
မဟာဝိရပျံလွန်	၁၂၉၀-ခုနှစ်	(၈၅)နှစ်အရွယ်(ဆရာတော်ဦးစန္ဒိမကို ၅၃-နှစ်၊ဆရာတော်ဦးကိုတို်မာ ၂၅ နှစ်)
	၁၉၂၈-ခုနှစ်	တွင် ဆရာတော်မဟာဝိရပျံလွန်တော်မူသည် (မူလထေရုပ္ပတ္တိ)
	၁၂၈၁/၈၂-ခုနှစ်	သက်တော် ၈၅ နှစ်
	၁၉၂၀-ခုနှစ်	(ဆရာတော်ဦးစန္ဒိမကို ၄၅နှစ် ဆရာတော်ဦးကိုတို်မာ ၁၇နှစ်)တွင် ဆရာတော်မဟာဝိရပျံလွန် (ရာပြည့်စာစောင်)
မဇ္ဈိမဒေသမဟာသံဃာ့အဖွဲ့အစည်း ဆီဂရာကျောင်း	၁၂၉၂-ခုနှစ် ၁၉၃၀-ခုနှစ်	ဥက္ကဋ္ဌ အဖြစ်ပါဝင်၊အိန္ဒိယနိုင်ငံသားအဖြစ်ခံယူ။
	၁၂၈၂-ခုနှစ် ၁၉၂၀-ခုနှစ်	ဗာရာဏသီမြို့တွင်၊ စန္ဒဝန် (ဘင်္ဂလားကျွန်း)အဝကျွန်းကျောင်း (ဆီဂရာကျောင်း) စတင်ဆောက်။
	၁၉၄၈-ခုနှစ်	ရခိုင်ဗုဒ္ဓဘာသာတို့မှ သုန္ဒရဝန ဓမ္မသာလာဆောက်လှူ။
	၁၃၂၀-ခုနှစ် ၁၉၅၈-ခုနှစ်	ဆာဦးသွင်ကျောင်း(ဓမ္မသာလာ)ဆောက်လုပ်သည်။
ကဆုန်ညောင်ရေ	၁၉၂၄-ခုနှစ်၊	၁၂၈၆ ခုနှစ် ကဆုန်လမှ နယုန်လထိ တစ်လကြာ ကုသိနာရုံရှိ မဟာဗောဓိပင်အား **သွန်းပွဲစတင်** ညောင်ရေသွန်းလောင်း။
ဗုဒ္ဓဂယာစေတီ	၁၉၅၃ ခုနှစ်	မေလ ၂၃ ရက်(ဗုဒ္ဓပုဏ္ဏမာအခါတော်နေ့)တွင် အိန္ဒိယအစိုးရက ဗုဒ္ဓဘာသာဝင်များလက်သို့ ဗုဒ္ဓဂယာစေတီကို ပြန်လည် အပ်နှံပေး သည်။
ပရိနိဗ္ဗာနစေတီ	၁၈၇၃ ခုနှစ်	ပရိနိဗ္ဗာနစေတီဟောင်းကိုတူးဖော်၊ အလျား(၂၀)ပေခန့်ရှိ ရုပ်ပွားတော်ရရှိ။
	၁၉၂၃ ခုနှစ်	ပရိနိဗ္ဗာနစေတီကို ဟင်္သာတခရိုင်ဝန်ဦးဘိုးကျူတို့ တည်ထား။

	၁၉၂၄ ခုနှစ်	အိန္ဒိယအစိုးရ၏အကူအညီထောက်ပံ့မှုဖြင့် ပရိနိဗ္ဗာနစေတီကို ပြန်လည်ပြုပြင်ရန် လျောင်းတော်မူဗုဒ္ဓဆင်းတုတော်ကြီး သီတင်းသုံးမည့် ဂူကျောင်းတစ်ခု တည်ဆောက်ရန် စီမံသည်။
ဗုဒ္ဓဇယန္တီပွဲတော်	၁၉၅၆ ခုနှစ်	ကဆုန်လ ဗုဒ္ဓသာသနာ(၂၅၀၀)ပြည့်အထိမ်းအမှတ်။ ယနေ့တိုင် အစိုးရမှ ကဆုန်လပြည့်နေ့တိုင်း ကျင်းပခွင့်ပြု။
နိပေါနိုင်ငံသို့	၁၃၁၇-ခုနှစ်	နိပေါနိုင်ငံသို့ကြွ။
ဒုတိယအကြိမ်ကြွ ဗုဒ္ဓဘာသာသို့	၁၉၅၅-ခုနှစ်	
ကူးပြောင်းပေး	(၁၄-၁၀-၁၉၅၆)	နာဂပူရ်မြို့တွင် ဒေါက်တာအမ်ဘေဒကာတို့ ဇနီးမောင်နှံအပါအဝင် နှစ်သိန်းကျော်တို့ ဗုဒ္ဓဘာသာသို့ဝင်။
	(၁၄-၄-၁၉၅၇)	နာဂပူရ်မြို့တွင် လူငါးသောင်း၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်း။ လက္ကနောင်းမြို့တွင် လူငါးသောင်း။
ဆဋ္ဌသံဂါယနာတင်ပွဲသို့ကြွ	၁၃၁၆-ခုနှစ်	ကဆုန်လပြည့်နေ့
	၁၉၅၄-ခုနှစ်	မေလ(၁၇)ရက်၊ တနလ်ာနေ့။
ကျောင်းအပ်ရန်ခေါ်	၁၃၂၄-ခုနှစ်	ဆရာတော်ဦးဉာဏိသရ ကိုခေါ်ယူ။
	၁၉၆၃-ခုနှစ်	
ကျောင်းအပ်	၁၃၃၀-ခုနှစ်	ဆရာတော်ဦးဉာဏိသရကို ကုသိနာရုံကျောင်းတိုက်အပ်။
	၁၉၆၉-ခုနှစ်	
ပျံလွန်တော်မူ	၁၃၃၄-ခုနှစ်	ကဆုန်လပြည့်ကျော် (၁၁)ရက်
	၁၉၇၂-ခုနှစ်	မေလ(၈)ရက် တနလ်ာနေ့ (၉၇)နှစ်တွင် ကုသိနာရုံမြန်မာကျောင်း၌ ပျံလွန်တော်မူသည်။

A BRIEF BIOGRAPHY OF VENERABLE U CHANDRAMANI MAHATHERA (1875- 1972)

Founder and the First Chief Resident Monk, Dhammachakka Vihara Migadawon Myanmar Temple, Second Chief Resident Monk, Burmese Buddhist Temple, Kushinagar.


Born	AD.1875	25th May Tuesday Parents U Kyaw Aung + Mi Win Yay, PaukpinGwin village, Mrauk-U Township, Sittwe District, Arakan(Rakhine) State, Myanmar. The great great grandson of Arakanese king Maha Thamada Raza, Mrauk-U kingdom.
Noviciation	AD.1887	At the age of 12, entered noviciation sponsored by Abbot U Sandima, Sandirrama monastery, Sittwe.
Left For India	AD.1890	Left Sittwe for Calcutta in November with two pilgrimage groups of thirty persons lead by Sitkegree U Tha Doe Wai disciples and revenue officer including Chief Abbot U Sandramani and his two disiples, Shin Sanda, Shin Thuriya.

Bodha Gaya	AD.1893	On 6th February, in wanning day of 6th of Tapotwe, an ugly incident was occured In the building donated by King Min Dun Min Mahan's followers with the intention of dangerous destructiveaction.
Return to Sittwe	AD.1893	After 6th February, returned to Sittwe.
Mandalay News paper	AD.1893	Appreciation about Thuria group was mentioned in Mandalay News paper in December.
Went back to India	AD.1893	Went to Calcutta, India in the late day of December.
Construction of Kushinagar	AD.1892	At the age of 17.
monastery	AD.1902	At the age of 27, bought a plot of land to build a momastery.
Monk-hood	AD 1904	At the age of 28, On 25th January of the year ordained as a monk acted by U Sandima as his Preceptor at Ramu (Pamwar), Cox'sbazar district, Bengladesh
Construct a Myanmar Temple	AD.1908	Started a construction of Myanmar temple of Saranath.
Met with king Thi Baw	AD.1908	25th April, 1908.
Construction of Myanmar	AD.1910	U Mra Tun from Sittwe donated a rest-building for pilgrims in the campus of Dhammachakka Vihara Migadawon Myanmar Buddist Temple chakka Vihara Migadawon Myanmar temple.
Maha Vira passed away	AD.1920	At the age of 85 (At that time U Chandramani was 53, U Kittima was 25)
Myitzima Sangha association was formed	AD.1930	Chairman.U Chandramani decided to become nationalized Indian citizen
Sigara Monastery	AD.1920	Inside of Varanasi city, Sandawon (Bengal Island) construction of Sigara monastery was started.
	AD.1948	Donated the construction of Sundra Van Dhamma Sala.
	AD.1985	A monastery was built by Sir U Thwin.
Byddhagaya pagoda	AD.1953	On May 23rd (Buddha Punnima day) Buddhagaya main Temple was handed over to the Buddhist people by Indian Government.
Parinibbana pagoda	AD.1877	Parinibbana pagoda was excavated and found 20 feet long Buddha image.
	AD.1972	U Pho Kyu, The District Offier, Hunthada District, donated Parinibbana pagoda.
Second to Nepal	AD.1955	Second Trip to Nepal.
Convertion for Buddhist	(14.10.1956)	In city Nagapur, (About 200 thousands of Indian people led by Dr.Ambrdkar and his wife were converted to Buddhist)
	(14.4.1957)	50 thousands of people from Nagapur city and 50 thousands people from Lucknow were converted to Buddhist.
Attended 6th Buddhist Synod held in Myanmar.	AD.1954	Monday, 17th May.
Invitation to take the place of	AD.1963	Invited Saradaw U Nyanissara to look after the monastery.
As abbot.	AD.1969	Accepted Kushinagar Myanmar Buddhist Temple as being an aboot

ဆရာတော် ဦးကိုတ္တိမာ၏ ဘဝရုပ်ပုံ

(၁၉၀၃–၁၉၈၇)

ဒုတိယမြောက်ကျောင်းထိုင်ဆရာတော်
ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်



ဆရာတော် ဦးကိုတ္တိမာသည် ဓမ္မစက္ကဝိဟာရ မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ ဒုတိယမြောက် ကျောင်းထိုင် ဆရာတော်ဖြစ်သည်။ ဆရာတော်သည် မြန်မာပြည်၊ ရခိုင်ပြည်နယ်၊ စစ်တွေ ခရိုင်၊ ရုတ်ချောင်းရွာတွင် ၁၉၀၃ ခုနှစ် ဩဂုတ်လ(၂၄)ရက် တနလ်ာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ မိဘနှစ်ပါးမှာ ဦးကြာထွန်းနှင့် ဒေါ်နှင်းညို ဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်နှင်းညိုမှာ ဆရာတော် ဦးစန္ဒိမဏီ၏ နှမဖြစ်သည်။ ငယ်မည်မှာ အောင်ကျော်ခိုင်ဖြစ်သည်။ အထက်တန်းကျောင်းတက်ပြီး နောက် ၁၉၂၀ ခုနှစ်၊ ၁၇နှစ် သားအရွယ်တွင် အဖိုးဖြစ်သူ ဆရာတော် ဦးစန္ဒိမာထံမှောက်၌ ရှင်သာမဏေ ဝတ်သည်။ ရှင်သာမဏေဘဝ၌မှာ ရှင်ကိုတ္တိမာ ဖြစ်ပြီးဗုဒ္ဓစာပေများ ဆက်လက်သင်ကြား လေ့လာခဲ့သည်။

နေ လ နှစ်ပါးကဲ့သို့ ထင်ပေါ်ကျော်ကြားလျက် ရှိသော မဇ္ဈိမဒေသ၊ ကုသိနာရုံ ဆရာတော် ဦးစန္ဒိမဏီ၏ စီစဉ်မှုဖြင့် ကိုရင် ရှင်ကိုတ္တိမာသည် ၁၉၂၁ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ (၁၈)နှစ်သား အရွယ်ကပင် ရောက်ရှိခဲ့သည်။ ဆရာတော် ဦးစန္ဒိမဏီ ထံတော်ပါး၌ နာဂရီဘာသာကို သင်ကြားပြီးနောက် အိန္ဒိယနိုင်ငံရှိ Lucknow, Haridwa နှင့် Laho မြို့များတွင် ဆက်လက်ပြီး စာပေဆည်းပူးလေ့လာ သင်ကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ရဟန်းခံရန် အဆင်မပြေသည့်အတွက် ၁၉၂၄ ခုနှစ်တွင် စစ်တွေမြို့သို့ ပြန်၍ ကိုရင် ရှင်ကိုတ္တိမာသည် စစ်တွေမြို့၊ စန္ဒိမာရာမကျောင်းတိုက်၌ ရဟန်းခံသည်။ ထို့နောက် အိန္ဒိယသို့ ပြန်ပြီး ဟင်ဒီ၊ သင်္ကတ၊ ပါဠိနှင့်

အင်္ဂလိပ်ဘာသာရပ်များကို Gorakhpur ၌ လေ့လာသင်ကြားခဲ့သည်။

ခရစ်သက္ကရာဇ် ၁၉၀၈ ခုနှစ်တွင် "မိဂဒါဝုန် ဗုဒ္ဓဘာသာအဖွဲ့"တည်ထောင်ပြီးနောက်၊ ဆရာတော် ဦးစန္ဒြမဏိတာဝန်ပေးချက်အရ မြန်မာပြည်မှ အလှူရှင်များ၏ ကူညီမှုဖြင့် ဆရာတော်ဦးကိတ္တိမာသည်၊ မဟာဝိဇိတာဝီသိမ်၊ သဒ္ဓမ္မရံသီ ပိဋကတ် စာကြည့်တိုက်နှင့် ဓမ္မစက္ကဝိဟာရကျောင်းတော်များကို တည်ဆောက်ခဲ့သည်။

၁၉၂၀ခုနှစ် ပတ်ဝန်းကျင်၌ ဆရာတော် ဦးစန္ဒြမဏိသည် ဗာရာဏသီမြို့အတွင်းရှိ Sigara ၌ စန္ဒဝန် (ဘင်္ဂလားအဝကျွန်း) Sandarvan (Bangala-awa island) မှ ရခိုင်တပည့်များ အလှူငွေဖြင့် ဘုန်းကြီးကျောင်း ဆောက်လုပ်ရာ၊ ဆရာတော် ဦးကိတ္တိမာ ကြီးမှူး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ၎င်းကျောင်းကို Sigara မြန်မာဗုဒ္ဓဘာသာကျောင်း ဟု ခေါ်တွင်ကြပေသည်။ ၁၉၅၈ ခုနှစ်တွင် ဆာဦးသွင်နှင့် မိသားစုတို့က ၎င်းကျောင်းတွင် ဓမ္မာရုံတစ်ခု ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဆရာတော် ဦးကိတ္တိမာသည် ဘာသာစကား အမျိုးမျိုးကို တတ်သိကျွမ်းကျင်သည့်ပြင်၊ သာသနာဝင်၊ ရာဇဝင်၊ ဗောဓိဝင် ဒီပဝင်စသော ရှေးဟောင်း ကျောက်စာ သမိုင်းနှင့် မှတ်တမ်းများကိုပါ ကြည့်ရှု၊ မှတ်သားနိုင်သော ဘာသန္တရ၊ ဂန္ထန္တရ ဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ပေသည်။

ထို့ကြောင့် မဇ္ဈိမဒေသရှိ မဟာဗောဓိ စေတီတော်မြတ်ကြီးဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည် ရောက်ရှိအောင် ဆောင်ရွက်ချက် သမိုင်းရာဇဝင်ကို ဆရာတော်ဦးကိတ္တိမာသည် စနစ်တကျ စီမံရေးသား ဖော်ပြထားသည့် "မဟာဗောဓိပ္ပတ္တိ ကထာ"ကျမ်းကို ၁၉၃၇ခုနှစ်က ပြုစုခဲ့ပြီး ၁၉၃၈ ခုနှစ် ပထမဆုံးအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၎င်းစာအုပ်အကြောင်းနှင့် စာရေးသူဆရာတော် ဦးကိတ္တိမာ၏ စိတ်နေစိတ်ထားနှင့် စနစ်တကျဆောင်ရွက်ပုံကို စာဖတ်ပရိသတ်များ သိစေလိုသောဆန္ဒဖြင့် စာအုပ်အစပိုင်းမှ ကောက်နှုတ်ချက်များကို အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ပါသည်။

ခြေတော်စုံဦးခိုက် ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် မိဂဒါဝုန်ဆရာတော်ဘုရား။ ။ အထူးမှာ ဘုရားတပည့်တော်များ၏ ဗုဒ္ဓမြတ်စွာ ဘုရားပွင့်တော်မူရာ ယခုကာလ "ဗုဒ္ဓဂယာ"ခေါ် မဟာဗောဓိစေတီတော်မြတ်ကို ဗုဒ္ဓဘာသာများက လုံးလုံး လျားလျား ဗုဒ္ဓဘာသာများနှင့်သာ ဆိုင်သည်ဟု ဆိုကြပါသည်။ ထို့ပြင် တပည့်တော်တို့ အိန္ဒိယသို့ ဘုရားဖူးရောက်စဉ် ဗုဒ္ဓဂယာ၊ မဟန္တကီ၊ ဇော်ဂျီကြီးကိုယ်တိုင် ပုံနှိပ်ထုတ်ဝေသော အင်္ဂလိပ်ဘာသာ စာအုပ်တစ်အုပ်တွင် ဟိန္ဒူဘာသာဝင်များနှင့်သာ သက်ဆိုင်ကြောင်း ရေးသားထားသည်ကို ဖတ်တွေ့ရပြန်ပါသည်။ သို့နှင့် ဘုရားတပည့်တော်များ၏ သံသယတို့ကို ပြေပျောက်စေရန် တစ်နည်း၊ ဗုဒ္ဓဂယာကို ဗုဒ္ဓဘာသာများ လက်ထဲသို့ရောက်အောင် မည်သို့မည်ပုံ ဆောင်ရွက်သင့်သည်၊ လုံးဝ ရနိုင်မရနိုင်ကို အများသိရှိနိုင်ကြစေရန် ဘုရားလက်ထက်တော်က အစပြု၍ ယခုကာလတိုင်အောင်သော ဗောဓိပင်နှင့် ဆိုင်ရာ အဖြစ်အပျက်တို့ကို စုံလင်စွာ ရေးသားခြီးမြှင့်တော်မူစေလိုပါသည်ဘုရား။

ဦးစံထွန်းအောင်၊ ဘီအေ၊ ကျောင်းဆရာ။
စစ်တွေ (၁၂-၉-၃၆)

ကျွန်ုပ်ကိုယ်တိုင် မဟာဗောဓိဌာနနှင့်ပတ်သက်သော ရှေးဟောင်းရာဇဝင်စာပေများ၊ ကျောက်စာများ အစိုးရရုံးတော်ရှိ "Buddha Gaya Temple Case"အမှုတွဲပါစာတို့စာချွန်များကို စုဆောင်း ရှာဖွေနေခိုက်တွင် အထက်အမည်ပါ ဒါယကာနှင့် အခြားမြန်မာ၊ ရခိုင်ပြည်မှ သိကျွမ်းသော ဒါယကာ၊ ဒါယိကာမ ကြီးငယ်တို့ကလည်း ရေးသားထုတ်ဝေရန် တိုက်တွန်းကြပြန်ပါသဖြင့် မိမိစွမ်းအား ရှိသလောက် ရှေးဟောင်းဓါတ်ပုံ ကျောက်စာတို့ကို ကိုယ်တိုင် သွားရောက်ရှာဖွေလျက် ကူးယူခဲ့ကြောင်း။

သို့သော် စာအုပ်ပုံနှိပ်ထုတ်ဝေရန် ကြေးငွေ အင်အားဖြင့် ကူညီမည့်သူ တစ်စုံတစ်ယောက်မျှ မပေါ်ပေါက်သေးသောကြောင့်၊ အားလျှော့ကာ ရန်ကုန်မြို့ရှိ အချို့စာပုံနှိပ်တိုက်ရှင်များထံ သွားရောက်ပြသလျက်၊ ၎င်းတို့စရိတ်နှင့် ပုံနှိပ်ထုတ်ဝေရန် တိုက်တွန်းပြန်ရာ၊ သက္ကတဘာသာ ကျောက်စာ၊ မြန်မာပြန် အက္ခရာ(သင်္ကေတ)များမရှိ၍ လက်မခံဝံ့ကြ။ ၎င်းတို့၏ စာပုံနှိပ်ရေး၊ လုပ်ငန်းကိုလည်း နိုင်ငံခြားသားများနည်းတူ တိုးတက်လာအောင် ကြံစည်ပြုလုပ်လိုသော ဆန္ဒမရှိကြသည်ကိုသာတွေ့ရကြောင်း။ ထိုသို့ငွေရေးကြေးရေး အခက်အခဲ၊ စာလုံးအခက်အခဲတို့နှင့် တွေ့ကြုံနေရခိုက်၊ ရခိုင်ပြည်၊ စစ်တွေမြို့၊ ပါဒလိတ်ချိတ်ရပ်နေ၊ စက်သူဌေးဦးရွှေထွန်းနှင့် ဇနီးဒေါ်မလုံးတို့က လွန်ခဲ့

သော တန်ခူးလအတွင်းက ဝတ္ထုငွေ ၂၀ဝိ၊ ၎င်းအပြင် မြန်မာပြည်၊ ပဲခူးမြို့၊ အထက်လွတ်တော် အမတ် ဦးဘမောင်က အလှူငွေ ၅ဝိ တို့ကို လှူဒါန်းသည့်ပြင် နောင်ကိုလည်း ကြည့်၍ ကူညီနိုင်သရွေ့ ကူညီပါအုံးမည်ဟု ဝန်ခံစကား ပြောကြား အားပေးကြခြင်း၊ ထို့ပြင် အခြားပုံနှိပ်တိုက်တို့က ငြင်းပယ်ထားသော ဤစာအုပ်ကို ဖြစ်နိုင်သောနည်းဖြင့် ကြံဆောင်ရိုက်နှိပ်ပေးပါမည် ဟု ဝန်ခံအားပေးကြသော သူငွေးဦးဘာသာပိုင်၊ သုဓမ္မဝတီစာပုံနှိပ်တိုက် စာရေးကြီး ဦးပန်းမောင် အယ်ဒီတာ ပဌမကျော် ဦးကြီးဖေတို့၏ ရိုင်း ပင်းကူညီခြင်းဖြင့်၊ ဗုဒ္ဓဘာသာအများ ဖတ်ရှုမှတ်သား သတိတရား ရနိုင်ကြစေရန် ရည်သန်လျက် ပုံရိုက်ထုတ်ဝေ လိုက်ရပါကြောင်း။

ဤစာအုပ်ကို စုဆောင်းရေးသားနေစဉ် မဇ္ဈိမ ဗုဒ္ဓသာသနာပြုစုရေး ကိစ္စကြီးတစ်ရပ်ဖြစ်သော မိလိန္ဒပဉ္ဉာပါဠိတော် ဟိန္ဒီဘာသာပြန် ကျမ်းစာ တစ်စောင်ကို စစ်တွေမြို့နေ ရဟန်းဒါယကာ (မိဂဒါဝုန် ဓမ္မစက္က-ဝိဟာရတိုက်ကျောင်း ဒါယကာ) ဦးကျော်ဇံ ဇနီး ဒေါ်ဒါလှဦးတို့၏ အလှူငွေ တစ်ထောင်ကျော်ကို အရင်းတည်လျက် အလ္လဟာဗာဒ်မြို့၊ လောဂျာနယ် စာပုံနှိပ်တိုက် (Law Journal Press, Allahabad) ၌ ပုံနှိပ်ရေးကိစ္စကြီးကို ဆောင်ရွက်နေခိုက်ဖြစ်၍ အားလပ်ခွင့် ကောင်းစွာ မရပါသဖြင့် အကြမ်းလက်ရေး စာမူကိုပင် ရုတ်တရက် စက်တင်ပုံနှိပ်ရသောကြောင့် စကား လုံး အသုံးအနှုန်း၊ ဝါကျ အသွားအလာ၊ အခန်းကဏ္ဍ၊ အထားအသို စသည်တို့မှာ အချို့အချို့သောနေရာ၌ ပြေပြစ်ချောမောခြင်းမရှိဘဲ ချွတ်ချော်မှားယွင်းခြင်းများ ပါရှိ လိမ့်မည်ဟု မှတ်ယူပါကြောင်း။

ထို့ပြင် သက္ကတဘာသာ ကျောက်စာများကို မူအတိုင်း မြန်မာအက္ခရာဖြင့် ပြန်ဆိုရေးသားရာ၌ "ဩ၊ တြိ၊ ဃြိ၊ နွ၊ တ္မ၊ ဋ္ဌ၊ ဝဏ်" စသော စာလုံးများ မရှိသောကြောင့်၊ ဘလောက်ထုဆရာများထံမှာ သီးခြားအလုပ်ခိုင်းရာ ၎င်းဆရာများမှာလည်း လုပ်ရိုးလုပ်စဉ်မရှိ၍ စာလုံးပုံအနေ အထား ကျန သေချာမရှိကြောင်း။ "ရေဖ"ခေါ် သင်္ကေတမှာလည်း "လုံးတင်"ကို တခြမ်းဖဲ့ထားရသဖြင့် "အသတ်"နှင့် ခွဲခြား၍မရအောင်တူနေရာ၊ ဤစာရေးသူကိုယ်တိုင်ပင်၊ အတော်ခဲခဲယဉ်းယဉ်းနှင့် ဖတ်ယူရသည်ကို ထောက်ဆကာ သက္ကတ ဘာသာကို လုံးဝမသင်ကြားဘူးသော စာဖတ်သူ အပေါင်းတို့မှာကား အတော်ပင် အဖတ်ရခက်ခဲလိမ့်မည် ဟု ယုံကြည်ပါကြောင်း။ သို့သော် စာဖတ်သူတို့သည်၊ အထက်အဆိုပါ မလွဲမရှောင်သာ၍ ဖြစ်ပေါ်လာသော ချွတ်ချော်တိမ်းပါး၊ အပြစ်အနာ အဆာများကို အလွန်ဂရုမပြုဘဲ ထိုထိုဌာနနှင့် ဆိုင်ရာအဖြစ်အပျက်၊ သဘောယူတို့တို့ကို သာ၊ သိရှိနားလည်ကြလေအောင် သည်းခံဖတ်ရှုကြစေလို ကြောင်း။

ဤမျှ အခက်အခဲနှင့် တွေ့ကြုံနေရသော ကိစ္စကို၊ ငွေအားလူအားဖြင့် ထမြောက်အောင် ကူညီကြသော အမျိုး ကောင်းသား အမျိုးကောင်း သမီးတို့အား ဤစာရေးသူက ကျေးဇူးတင်၍ ကုန်နိုင်ဖွယ်ရာမရှိကြောင်း။

ဤ"မဟာဗောဓိပုတ္တိကထာ"ခေါ် ကျမ်းစာအုပ်ကို၊ ဝယ်ယူဖတ်ရှုခြင်းအားဖြင့် စာရေးသူအား ကူညီကြမည် ဟု ဆိုပါလျှင်၊ မကြာခင်ပင် "မဇ္ဈိမဒေသ ဗုဒ္ဓသာသနာခေတ် ကာလ"ခေါ် အိန္ဒိယဘာသာဝင် ရာဇဝင်ကျမ်းစာ ဗဟုသုတ များ ပါရှိသော ကျမ်းစာကြီးတစောင် မြန်မာနိုင်ငံ၌ ထွက် ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ဦးကိတ္တိမာ
မိဂဒါဝုန်၊ ဗာရာဏသီ ဒီစတြိတ်

၁၉၃၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့ထုတ် ဆန်းဒေး ဆတိတ်(စ်)မင်သတင်းစာတွင် ဆရာဝန်အီဝက်(စ်) ရေးသော ဆောင်းပါးနှင့် ပတ်သက်၍ ဆရာတော်ဦးကိတ္တိမာ၏ မှတ်ချက်မှာ -

ဗုဒ္ဓဘာသာမဟုတ်သူ အင်္ဂလိပ်လူမျိုးတစ်ဦးက၊ ဟုတ်တိုင်း မှန်ရာ ရေးသားဖော်ပြရှာသော ဆောင်းပါးဖြစ်၍ မိမိတို့ ဘာသာရေးကို လေးလေးနက်နက် တွေးခေါ်တတ်သူ များအား အလွန်အကျိုးသက်ရောက်စေ၏။ သတိတရား ရစေ၏။ ရှက်လည်း ရှက်စေ၏။

ဘာသာရေးအတွက်ဆိုလျှင် အသက်ကိုပင် စွန့်လွှတ် နိုင်သော လူမျိုးခြားတို့ ကြားသိလျှင် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ဝင်များ ရှက်စရာပင် ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာများအဖို့က ထူးခြားလှမည်မထင်၊ အကြောင်းကိုဆို သော် မိမိတို့ တိုင်းပြည်တွင်းရှိ ဘာသာရေးအဆောက်အဦ အချို့နှင့် စီးပွားရေး အမျိုးဇာတ်အရေးတို့၌ လူမျိုး ခြားများ က ချုပ်ချယ်စော်ကားနေခြင်းကို အောင့်အည်း သည်းခံနိုင် ကြသောကြောင့် ဖြစ်၏။

အို ရဟန်း ရှင်လူအပေါင်းတို့ - မိမိတို့ အမျိုးသား

ဘာသာ သာသနာတော်ရေးအတွက် အရှက်ကြီး ရှက်ကြပါ
လော့၊ သတိတရားရကြပါလော့၊ ကျွန်ုပ်သည် ဤစာအုပ်
ငယ်ကို အပျင်းပြေ ဖတ်ရှုကြဖို့ရန် ရေးသားထုတ်ဝေလိုက်
သည်မဟုတ်၊ စင်စစ်မှာ အသင်တို့ သတိတရားရကြဖို့
အခွင့်အခါ သင့်တိုင်း ဝိုင်းဝန်းဆောင်ရွက်ကြဖို့ရန် ရည်သန်
လျက် ရေးသားရခြင်း ဖြစ်၏။ အသင်တို့သည် မိမိ ကိုယ်တိုင်
ဦးစီးခေါင်းဆောင်ပြု၍ မဆောင်ရွက်စေနိုင်ကာမူ ဆောင်ရွက်
နိုင်သော သူတို့အား စည်းလုံးညီညာစွာ ရိုင်းပင်းကူညီကြပါ။

ဦးကိတ္တိမာ

**ထို့အပြင် ရန်ကုန်မြို့၊ သရက်တောတိုက်၊ ဝိဋ္ဌကတိုက်
သစ် ကျောင်းဆရာတော် ဦးသူရိယ၏ နိဒါန်းသည်
လည်း စိတ်ပါဝင်စားစရာ ကောင်းလှပေသည်။**

နိဒါန်း

နမော မဟာကာရုဏိကဿ တဿ

ကျွန်ုပ်တို့ ဗုဒ္ဓဘုရားသခင် ပွင့်ထွန်းပေါ်ပေါက် တော်မူ
ရာ၊ အဝန်း ယူဇနာ ၉၀၀ ရှိသော မဇ္ဈိမ ဒေသ(အိန္ဒိယ)
ရာဇဝင်၏ အခါကာလကို ပိုင်းခြား ဝေဖန်လိုက်မည် ဆိုပါ
လျှင် ခရစ်တော် မဖွားမီ နှစ်ပေါင်း ၁၄၀၀ မှ အစပြု၍
ဗုဒ္ဓမြတ်စွာဘုရားပွင့် ပေါ်လာသည်အထိ "ဝေဒ အခါကာ
လ" ဗုဒ္ဓမြတ်စွာ စိန္တေယျာသည်၊ ဟောဓိမဏ္ဍိုင်၌ သဗ္ဗညုတ
ရွေဉာဏ်တော်ကို ရပြီးနောက် ဟရာဇာသီပြည်၊ ဂ္ဂသိပ
တန၊ မိဂဒါဝုန်တော၌ အရှင်ကောဏ္ဍည အစရှိသော
ပဉ္စဝဂ္ဂိငါးဦးတို့အား ဓမ္မစက္ကာတရားတော်ကို ဟောဖော်
ညွှန်ပြလျက်၊ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များအဖြစ်သို့
ရောက်စေတော်မူသည် ကစ၍ ကောဇာသက္ကရာဇ် ၅၀၀
တိုင်အောင်သော အခါကာလကို "ဗုဒ္ဓသာသနာခေတ်ကာ
လ" ထိုကောဇာသက္ကရာဇ် ၅၀၀ မှသည် ကောဇာ
သက္ကရာဇ် ၁၁၆၀(ခရာဇ် ၁၇၉၈)ခု တိုင်အောင်သော အခါ
ကာလကို "မဟာမေဒင်ခေတ်ကာလ" ဟူ၍ ယေဘုယျအား
ဖြင့် သုံးမျိုး သုံးစားခွဲခြား ထားရာတွင် ဂေါတမရှင်တော်
ဘုရားနှင့်ဆိုင်ရာ မိဂဒါဝုန်၊ ကုသိနာရုံ စသော ဌာနများရှိ
အဆောက် အဦ ကြီးငယ်တို့သည် ခရာဇ်သက္ကရာဇ် ၁၀၀၀
တိုင်သောအခါ မဟာမေဒင် သူရဲကောင်းများ အိန္ဒိယနိုင်
ငံတွင်းသို့ ဝင်ရောက် တိုက်ဖျက်စဉ် နောင်တဖန် ထူထောင်
ခြင်းငှာ မတတ်နိုင်လောက်အောင် ပျက်စီးတိမ်မြုပ်သွား
သော်လည်း မဟာဗောဓိဌာနမူကား လုံးဝတိမ်ကောခြင်းမရှိ
သေးဘဲ ရှေးထေရဝါဒီ ဗုဒ္ဓဘာသာရဟန်းတော်များသည်
ခရစ် ၁၃၀၀ ခုနှစ်တိုင်အောင် စောင့်ရှောက်လာနိုင်ခဲ့ကြ
သည်မှာ အံ့ဩစရာတစ်ခုပင်ဖြစ်၏။

သို့သော် ခရစ်သက္ကရာဇ် ၁၁၀၀ တွင် ဗုဒ္ဓဘာသာ
သာသနာ ကွယ်ပသွားသည်က အစပြု၍ ဗြဟ္မဏဘာသာ
ဝင်များသည် အားရှိလွန်းမိုးလာခဲ့ခြင်း၊ မဟာမေဒင်နှင့်
ဟိန္ဒူသူပုန်တို့၏ တိုက်ခိုက်မှုတို့ကြောင့် နိုင်ငံရေးမငြိမ်
မသက်ဖြစ်နေခြင်း စသောအကြောင်းတို့ကြောင့် ထိုမဟာ
ဗောဓိ၌ သီတင်းသုံးနေကြကုန်သော ရဟန်းတော်တို့သည်
လည်း ခရစ် သက္ကရာဇ် ၁၃၀၀ ခုနှစ် တိုင်သောအခါ
ဆက်လက်သီတင်းသုံးခြင်းငှာ မစွမ်းနိုင်တော့ဘဲ၊ သီဟိုဠ်၊
နီပေါ၊ တိဗက် စသော နယ်စွန် နယ်ခြား တိုင်းတပါးတို့သို့
တိမ်းရှောင် ခိုဝင်သွားကြရလေတော့သည်။

ဤမှနောက်ကာလ အတန်ကြာပြီးခါမှ ယခုအခါ ကျွန်ုပ်
တို့ တွေ့ကြ မြင်ကြရသော မဟန္တကီ ဇော်ဂျီတို့ ဝင်ရောက်
သိမ်းပိုက်ခဲ့ကြလေသည်။ ထိုသို့ ခေတ်ကောင်း ခေတ်ဆိုး
အမျိုးမျိုးသော ကာလတို့၌ ဖြစ်ပျက်လာခဲ့သော ကျွန်ုပ်တို့
ဗုဒ္ဓ ဘာသာဝင် ရှင်လူအများနှင့် အထူးသဖြင့် သက်ဆိုင်ရာ
ဗုဒ္ဓဂယာ မဟာဗောဓိဌာန အကြောင်းအရာကို စေ့ငုံ့လင်
စွာ ရေးသားရန် အရေးမှာ ဘာသာစာတစ်မျိုးကို တတ်သိရုံ
မျှနှင့် ပြီးစီးနိုင်သည် မဟုတ်ဘဲ သာသနာဝင်၊ ရာဇဝင်၊
ဗောဓိဝင်၊ ဒီပဝင် စသော ရှေးဟောင်း ကျောက်စာ သမိုင်း
နှင့် မှတ်တမ်းများကိုပါ ကြည့်ရှုမှတ်သားနိုင်သော ဘာသန္တရ၊
ဂန္ထန္တရ၊ ဗဟုသုတအရာ လိမ္မာ ကျွမ်းကျင်လူတို့သာ စွမ်း
ဆောင်နိုင်လိမ့်မည်ဟု ဆိုက မှားမည် မဟုတ်ပေ။

ဤ **"မဟောဗောဓိပွတ္တိကထာ"** ခေါ် စာအုပ်ကို စီစဉ်
ရေးသားသော ရဟန်းတော် အသျှင် ကိတ္တိမာသည်၊ အိန္ဒိယ
နိုင်ငံသို့ ၁၈ နှစ်သားအရွယ်ကပင် ရောက်ရှိ၍ နေ လ
နှစ်ပါးကဲ့သို့ ထင်ပေါ်ကျော်ကြားလျက် ရှိတော်မူသော မဇ္ဈိမ
ဒေသ ကုသိနာရုံဆရာတော် ဦးစန္ဒိမဏိထံတော်ပါး၌
နာဂရီဘာသာကို သင်ကြားပြီးနောက် နှစ်ပေါင်း အတော်
ကြာအောင် အိန္ဒိယနိုင်ငံ၌ လှည့်လည်နေထိုင်ကာ ဘာသန္တရ
ပညာများကို ဆည်းပူး စုဆောင်းခြင်း၊ ၎င်းပြင် လွန်ခဲ့သော
၁၀နှစ်ခန့်က စ၍ ယခုတိုင် ဗာရာဏသီမြို့အနီး ဘုရား
သခင် တရားဦးဟောတော်မူရာ မိဂဒါဝုန်ဌာနရှိ ဗုဒ္ဓဘာသာ
မြန်မာကျောင်းတိုက်ကြီးကို ကြီးမှူးစီမံကာ ကျောက်စာ
ဘက်ဆိုင်ရာ စာပေများကို ရှာဖွေစုဆောင်းခြင်း စသော

ဂုဏ်ကျေးဇူးတို့ကို ဤနိဒါန်း ရေးသူနှင့်တကွ မဇ္ဈိဒေသသို့ ဘုရားဖူးရောက်ကြကုန်သော ရှင်လူအပေါင်း တို့ ကောင်းစွာ သိရှိကြသည့်အတိုင်း၊ ထို အသျှင်မြတ်ရေးသားအပ်သော စာပေသည်လည်း အပျင်းပြေမဟုတ်ဘဲ အဟုတ်တကယ် ဗဟုသုတ ရှာဖွေကုန်သော သုတေသီပညာရှင်များအတွက် ကျေးဇူးများမည့် စာတစ်စောင် ဖြစ်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ပေးပို့သော စာမူကို ဖတ်ရှုကြည့်သောအခါ ရှေးဟောင်း ခုခါဖြစ် ပျက်သမျှသော အကြောင်းအရာတို့ကို စကားအပို မသုံးနှုန်း ဘဲ ခုနှစ်သက္ကရာဇ်နှင့်တကွ သေချာဂန၊ အခန်းတို့နှင့် စီစဉ် ဖော်ပြသွားသည်ကို ကြည့်လျှင် စာမျက်နှာပင် မများသော်လည်း ကျမ်းကိုး ကျမ်းကားအထူးများပြား၍ ထိုထို ကျောက်စာ ဓာတ်ပုံစသည်တို့ကို ရှာဖွေစုဆောင်းရာ၌ သည်းခံခြင်းတရားကို လက်ကိုင်ထားလျက် အပင်အပန်းများစွာခံ၍ ရှာဖွေစုဆောင်းခဲ့ရသည်ကို သိရှိနိုင်ကြောင်း။ ဓါတ်ပုံများမှာလည်း ကျောက်စာဝန်များ ပေါက်ရောက်ခါစ စေတီတော် စသည်တို့ကို မပြုပြင်မီ ခရစ် ၁၈၆၃ ခုနှစ်က ရှေးဟောင်းပုံများနှင့် မွမ်းမံပြုပြင်ပြီးဖြစ်သော ယခုကာလ ရှိဓာတ်ပုံများကို နှိုင်းယှဉ်ထည့်သွင်းထားခြင်းဖြင့် ရှေးအခြေအနေနှင့် ယခုအခြေအနေကို ရုတ်တရက် ခွဲခြားဝေဘန်သိစွမ်းနိုင်ကြပေလိမ့်မည်။

ထိုကြောင့် ဗုဒ္ဓဘာသာဝင် ဟူသမျှတို့၏ သရေးရှင်ရေးတမျှ အရေးကြီးလှသော ဗုဒ္ဓဂယာ မဟာဗောဓိဌာန၏ ဟောင်း သစ်သော အခြေအနေ အဖြစ်အပျက်တို့ကို သေချာစွာသိရှိကြပြီးလျှင် **"ဒို့ပြည် ဒို့မြေ"** ဆိုသကဲ့သို့ **"ဒို့ဘုရား ဒို့အဆောက်အဦ"** များကို တရားသဖြင့် ပြန်လည် ရရှိအောင် အားထုတ်လိုသူ ရှင်လူအပေါင်း အမျိုးကောင်းသားသမီးတို့သည် တတ်စွမ်းသမျှ ဖတ်ရှု မှတ်သား အားသစ်ကြီးပမ်းကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်ပါကြောင်း။

ယခုကဲ့သို့ ထူးခြားမွန်မြတ်သော စာအုပ် စီစဉ် ရေးသားခဲ့သည့်အပြင် ဆရာတော်ဦးကိုတို်မာသည် ဗုဒ္ဓဘာသာ၊ ရာဇဝင်သမိုင်း၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကမ္ဘာလှည့်ခရီးသွားလာရေး အကြောင်းအရာများကို ဟင်ဒီ၊ ဆန်ခရစ်၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ဆောင်းပါးများ၊ စာအုပ်များကို စီစဉ် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၄-ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနု ဦးဆောင်၍ ကမ္ဘာအေး ကုန်းမြေ၌ ကျင်းပပြုလုပ်ခဲ့သော ဆဋ္ဌသံဂါယနာတင်ပွဲသို့ ကြွရောက်တော်မူခဲ့သည်။ ၎င်းအစည်းအဝေးပွဲကြီး ၌ ဟင်ဒီဘာသာဖြင့် ဆရာတော်များ မိန့်ကြားသည်များကို ဆရာတော်ဦးကိုတို်မာက မြန်မာဘာသာဖြင့် ပြန်ဆိုပေးရသည်။

ဦးသူရိယ
ပိဋကတိုက်သစ်ကျောင်း
သရက်တောတိုက်၊ ရန်ကုန်မြို့။

အနာဂတ်တွင် ထွန်းတောက်လာမည့် ကိုးကွယ်ရာဘာသာသည် စကြဝဠာနှင့် ဆိုင်သော ဘာသာတရား (Cosmic Religion) ဖြစ်ပေလိမ့်မည်။

ထိုဘာသာတရားသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘုရားသခင် (Personal God) အစွဲကို ကျော်လွန်လျက်၊ တရားသေဝါဒ (dogma) အစွဲနှင့် ဘာသာရေးဆိုင်ရာပညာ (Theology) အစွဲများကို ရှောင်ရှားရပေမည်။ ညီညွတ်အဓိပ္ပာယ်ရှိသည့် သဘာဝတရားနှင့် နာမ်တရားဆိုင်ရာ အတွေ့အကြုံများအပေါ်တွင် အခြေခံသော ဘာသာရေးအသိစိတ် ဖြစ်ရပေမည်။

ဗုဒ္ဓဝါဒက ဤအဖြစ် ဤအခြေအနေများကို ဖြည့်စွမ်းပေးလေသည်။

Albert Einstein
သိပ္ပံပညာရှင် အယ်လ်ဘတ် အိုင်းစတိုင်း

မိဂဒါဝုန်ဦးကိုတ္တိမာ

ကျော်လိုင်

လွန်ခဲ့သောနှစ် ၅၀ ခန့်က တိုးတက်ရေး၊ သူရိယစသည့်မဂ္ဂဇင်းစာဖတ်ပရိသတ်များအဖို့ မိဂဒါဝုန်ဦးကိုတ္တိမာဆရာတော်ကြီးကို သိရှိကြပြီးဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးစအချိန်မှစ၍ ဆရာတော်သည် မြန်မာပြည်နှင့်အဆက်အသွယ်ပြတ်သလိုဖြစ်နေခဲ့ရာမှ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှားမဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံသို့ သွားရောက်ကြရာမှ တဖန်ပြန်လည်၍အဆက်အသွယ် ဖြစ်ခဲ့ပြန်ပါသည်။

ဇာတိ

ဆရာတော်၏ဇာတိမှာ ရခိုင်ပြည်၊ စစ်တွေခရိုင်၊မြို့ဟောင်းမြို့အပိုင် (ယခုမြောက်ဦး)၊ ရှင်ကျော်တိုက်နယ်၊ သရီချောင်း၏ယာဘက်ကမ်းပါးရှိ ရုပ်ချောင်းရွာဖြစ်ပါသည်။ ခမည်းတော်၊ မယ်တော်တို့မှာ ဦးကြာထွန်း+ဒေါ်နှင်းညိုဖြစ်ပါသည်။ ဆရာတော်ကို ကောဇာ ၁၂၆၅ ခု တော်သလင်းလဆန်း ၃ ရက်၊ တနလ်ာနေ့(၂၄-၈-၁၉၀၃)တွင် မွေးဖွားခဲ့ပါသည်။ ငယ်မည်မှာ အောင်ကျော်ခိုင် ဖြစ်ပါသည်။

အိန္ဒိယသို့

ဆရာတော်သည် ငယ်စဉ်ကပင် စာတော်ထူးခွန်သူဖြစ်၍ (၄)တန်း၌ စကော်လာရှစ်ရခဲ့ဖူးသည်။ (၈) တန်းသို့အရောက် အသက်(၁၇)နှစ်အရွယ်တွင် စစ်တွေမြို့ ဆရာတော်ဦးစန္ဒိမာထံ ကိုရင်ဝတ်၊ ဦးရိုးတော်ကို အကြောင်း ပြု၍ အိန္ဒိယနိုင်ငံသို့ ရောက်ခဲ့ရပါသည်။ ဆရာတော်၏ဦးရိုးတော်မှာ အိန္ဒိယပြည်၊ ဒေဝရိုးယားခရိုင်၊ ဗုဒ္ဓပရိနိဗ္ဗာန် စံရာကုသိနာရုံ၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားတိုးတက် ရေးကို ဆောင်ရွက်တော်မူခဲ့သော ဦးစန္ဒြမဏိ ဖြစ်၏။ အိန္ဒိယသို့ရောက်လျှင် ဆရာတော်သည် ဦးရိုးတော် ဆရာတော်ကြီး၏ ဆန္ဒအတိုင်း မိမိ လုံးဝ မပျော်ပိုက်သော အိန္ဒိယနိုင်ငံ၌ သာသနာပြုလုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ရပါသည်။

အိန္ဒိယပြည်မြောက်ပိုင်း၊ ဗိဂျနောက်ခရိုင်၊ ဟရိဒ္ဒါရမြို့နှင့် ၄-မိုင်ကွာရှိ ဟိန္ဒူရသေ့ကြီးဆွာမိဆရ ဒွါနန္ဒတည်ထောင်သော ဂူရုကုလကောလိပ်၌ ပညာသင်ယူခဲ့ပါသည်။ တဖန် ပန်ဂျပ်ပြည်၊ လာဟိုမြို့ရှိ ဒယာနန္ဒဝေဒိကအာ ဆရမ်ကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူခဲ့ပြန်ပါသည်။ ဦးရိုးတော်ဘုရားထံမှလည်း တစ်နှစ်နှင့် လေးလတိုင်သင်္ကတစာပေကို သင်ယူခဲ့ပါသည်။

ရဟန်းဖြစ်တော်မူခြင်း

သက်ရွယ်စေ့သဖြင့် ရဟန်းခံရန်မြန်မာပြည်သို့ ပြန်ခဲ့ပါသည်။ ကောဇာ ၁၂၈၆ ခု၊ ကဆုန်လပြည့်ကျော်(၈)ရက်၊ တနင်္ဂနွေနေ့ (၁၉၂၄ ခု၊ မေလ ၂၅ ရက်)တွင် စစ်တွေမြို့ စန္ဒိမာရာမကျောင်းတိုက်အတွင်း သိမ်တော်ကြီး၌ ရဟန်းအဖြစ် ရောက်တော်မူပါသည်။ စစ်တွေမြို့၌ တစ်လခန့်သီတင်းသုံးပြီး နယုန်လတွင် အိန္ဒိယပြည်သို့ ပြန်ခဲ့ပါသည်။ အိန္ဒိယသို့ရောက်သော် ဦးရိုးတော်ဘုရား၏ အစီအစဉ်ဖြင့် ဂေါရက္ခပူမြို့ရှိ အရိယအသင်းတိုက်၌ သီတင်းသုံးလျက် သင်္ကတဘာသာကို ဆက်လက် ဆည်းပူးတော်မူခဲ့ပါသည်။ ထို့နောက် ဗာရာဏသီသို့ ပြောင်းရွှေ့ကာ ဟိန္ဒူပဏ္ဍိတ်ကြီးများထံမှလည်း သင်္ကတဘာသာကို သင်ယူပြန်ပါသည်။

ဗာရာဏသီတွင်

ဗာရာဏသီ၌ သီတင်းသုံးစဉ်ကပင် ဆရာတော်သည် ခေတ်ကာလအလိုက် ဖြစ်ပေါ်နေသော နိုင်ငံရေးကို စိတ်ဝင်စားခဲ့ပါသည်။ အမေရိကန်သမ္မတ အေဗရာဟင်လင်ကွန်းနှင့် ဝါရှင်တန်တို့၏ အတ္ထုပ္ပတ္တိများ၊ ဦးလေးတွမ်၏တဲကုတ်၊ တူရကီသမ္မတ ကမာလ်ပါရှာ၊ လီနင်နှင့် အိန္ဒိယရှေးဟောင်းရာဇဝင်၊ ရာဇနီတိကျမ်းစသည့်စာအုပ်များ ဖတ်ရှုခဲ့သည်။ အမေရိကန်နိဂရိုး ကျောင်းဆရာ ဗုကာရ်တီဝါရှင်တန်ရေးသော "ကျွန်တွင်းမှတက်လာသူ" Up* From Slavery စာအုပ်ကိုဖတ်ရှုရသောအခါ အထူးနှစ်သက်သည့်အတွက် နောင်အခါ ထိုစာအုပ်ပါဆောင်းပါးအချို့ကို တိုးတက်ရေးမဂ္ဂဇင်း၌ပင် ဘာသာပြန် ထည့်သွင်း ဖော်ပြခဲ့ပါသည်။

မိဂဒါဝုန်

ဆရာတော်သည် မိဂဒါဝုန်၌ ကျောင်းကန်ဇရပ်များကို ပြန်လည်ပြုစုပြီး စာမတတ်သူ ဒေသခံတိုင်းရင်းသားများအတွက် ဗုဒ္ဓဘာသာ သာသနာပြု အထက်တန်းကျောင်းကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

ထိုစဉ်ကပင် ဗုဒ္ဓဘာသာ မြန်မာအမျိုးသားများနှင့်စပ်ဆိုင်ကာ ရာဇဝင်ဟုသုတတိုးပွားမည်အထင်ရှိသဖြင့် မဇ္ဈိမဒေသ ဗုဒ္ဓသာသနာခေတ်ကာလခေါ် မဟာဝင်ကျမ်း၏ အထက် သမိုင်းကျမ်း တစ်စောင်ကိုလည်း ရေးသားခဲ့ပါသည်။

မဟာဗောဓိပွတ္တိကထာ

၁၉၃၇-ခုဧပြီလအတွင်းက မိဂဒါဝုန်ရှိ မဟာဗောဓိအသင်းတိုက်ပိုင် ပိဋကတ်တိုက်တွင်သာသနာပြု အရှင်ဓမ္မပါလ စုဆောင်းထားခဲ့သော ဗုဒ္ဓဂယာ (မဟာဗောဓိ)နှင့် စပ်ဆိုင်သော အင်္ဂလိပ်ဘာသာ စာအုပ်စာတမ်းများကို ထုတ်ယူဖတ်ရှုရာ ဗုဒ္ဓဘာသာဆိုင်ရာ ဘုရားတန်ဆောင်း တို့ကို ချုပ်ကိုင်ပိုင်စိုးနေသော မဟန့် ခေါ်ရသေ့ကြီး၏ ရက်စက်ပုံတို့ကို သိရှိရသောအခါ မခံချင်စိတ်များပေါ်ပေါက်ခဲ့ပါသည်။ သို့ရာတွင် မဟန့်သည် တိုင်းရင်းသားဖြစ်ပြီး၊ ငွေကြေးမှာလည်း ကုဋေချီ၍ ချမ်းသာသူလည်း ဖြစ်၊ နယ်စားစော်ဘွားအကြီးစားမျိုးလည်း ဖြစ်နေပြန်သဖြင့် ပြိုင်ဆိုင်ရန် အခွင့်မသာခဲ့ပေ။ သို့သော်မဟန့်တို့၏ မတရားမှုကို ဗုဒ္ဓဘာသာဝင်တိုင်း သိကြစေရန် ကြေညာမည် ဟူသော သဘောထားနှင့် မဟာဗောဓိပွတ္တိကထာ စာအုပ်ကို ပြုစုတော်မူခဲ့ပါသည်။ ထိုစာအုပ်တွင် နောင်လာနောင်သားများအတွက် အဖိုးတန်လှသော ဘကြီးတော်၏ကျောက်စာနှင့် မင်းတုန်းမင်း၏ကျောက်စာကိုလည်း ခက်ခက်ခဲခဲ ကူးယူကာ ပုံနှိပ်မှုအဖြစ်ရောက်အောင် ကြိုးစားတော်မူခဲ့ပါသည်။ ကျောက်စာကူးရေးရာတွင် မည်မျှခက်ခဲသည်ကို ထိုစာအုပ် စာမျက်နှာ ၉၅ စသည်၌ တွေ့နိုင်ပါသည်။ ဤစာအုပ် စာမျက်နှာ ၁၅၈ ၌ ထိုစဉ်အခါက မဟာဗောဓိစေတီတော်ကြီး ဗုဒ္ဓဘာသာဝင်များလက်သို့ ပြန်လည် ရောက်ရှိစေရန် ဆရာတော်၏ နှိုးဆော်တိုက်တွန်းခဲ့ပုံကို "အခြားအခြားသော ဘာသာဝင်များသည် မိမိတို့ ဘာသာရေးကိုအသည်းစွဲ ယုံကြည်သက်ဝင်သလို အသေခံနိုင်သလို မြန်မာလူမျိုးများ သည် ဘာသာရေး၊ အမျိုးသားဇာတိရေးတို့၌ စွဲမြဲယုံကြည်ခြင်းမရှိသေး ဟု အချို့ နိုင်ငံခြားစာရေးဆရာများက မှတ်ချက်တင်ထားသည်ကို ဖတ်ရှုဖူး၏။ အသင်တို့လည်း ရှက်ကြပါ၊ သတိရကြပါ၊ အခြားသောလူမျိုးများသည် မိမိတို့ ဘာသာရေးဆိုင်ရာဌာနတို့ကို လုံးဝလွတ်လပ်စွာ စီမံအုပ်ချုပ်ကြသကဲ့သို့ ကျွန်ုပ်တို့လည်း လွတ်လပ်စွာ စီမံအုပ်ချုပ်လိုပါသည်" ဟု သောတောင်းဆိုချက်စကားတစ်ခွန်းကို ရည်ရွယ်ချက်ထားပြီး လျှင် တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များ စည်းလုံးရေးကိစ္စကို အမြန်ဆုံးနည်းနှင့် ဆောင်ရွက်ကြစေလိုကြောင်း တောင်းပန်ရပါသည် ရှင်အပေါင်းတို့" ဟူ၍ဖြစ်ပါသည်။

အမျိုးသားရေး ဆောင်ရွက်ချက်များ

ဆရာတော်ဦးကိုတ္တိမာ၏ ထင်ရှားကျော်ကြားမှုတွင် ၁၃၀၀-ပြည့်အချိန်၌ အမျိုးစောင့်ရှောက်ရေး ဟူသော ဝံသာနုရက္ခိတ လုပ်ငန်းကို အမျိုးသား အမျိုးသမီးတို့အား ဆုံးမရေးသားခဲ့ခြင်းသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။ ဆရာတော်၏ လုပ်ငန်းကို မကျေနပ်သူများ ပေါ်ပေါက်ကာ ရန်ကုန်မြို့လယ် ဆူးလေးစေတီတော်အနီး၌ ဆရာတော်ကို ဘိလပ်ရည်ပုလင်းနှင့် ရိုက်မောင်း ပုတ်မောင်း ပြုလုပ်ခဲ့သည်များပင် ရှိခဲ့ပါသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီ၊ မိဂဒါဝုန်စသည်မြို့များ၌ ရဟန်းဖြစ်စကပင် မှီတင်းနေခဲ့ရာ တွင် ဘာသာခြားနှင့် လက်ထပ်မိသည့် ဘာသာမတူ အယူကွဲသည့်အလျောက် စိတ်သောက ရောက်ကြရရှာသော မြန်မာအမျိုးသမီးများကို ထိုမြို့ရွာဒေသတို့၌ တွေ့မြင်နေခဲ့ရပါ သည်။ သို့ဖြင့် မဟာဗောဓိပွတ္တိကထာ စာအုပ် ရိုက်နှိပ်ရန် ရန်ကုန်သို့ ရောက်စဉ် သရက်တောတိုက်၊ ထန်းတောကျောင်း နေ အိန္ဒိယပြန် ဦးစန္ဒဝံသနှင့်တိုင်ပင်လျက် လူမျိုးခြားများနှင့် ထိမ်းမြားပြီး ပျက်စီးဆဲ ပျက်စီးလတ္တံ့ ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတို့၏ ဘဝကို သိနားလည်ကာ တတ်သိနားလည်ကြသော ရဟန်းရှင်လူအပေါင်းတို့က အိမ်တွင်း သာသနာပြုနည်းဖြင့် ဖြေရှင်းနိုင်သမျှ ဖြေရှင်း ပြုပြင်နိုင်ကြစေရန် စာတမ်းငယ်တစ်စောင်ကို ရေးသား ပုံနှိပ်ဝေငှခဲ့ပါသည်။

ထို့ပြင်လည်း ၁၃၀၁-ခု၊ ကဆုန်လအတွင်း၌ အမျိုးဘာသာသာသနာကို တကယ့်တကယ်ချစ်ကြပါ၊ သတိကြီးစွာထား၍ အမျိုးကိုစောင့်ကြပါ ဟူသော ခေါင်းစဉ်ဖြင့် ဝံသာနုစာတမ်း (၂)စောင်ကို အုပ်ရေ (၃၀၀) ရိုက်ပြီး ပုံနှိပ်ဝေငှခဲ့ပြန်ပါသည်။ တချိန်တည်းမှာပင် ဆရာတော်သည် အထက်မြန်မာပြည်၊ မြင်းခြံ၊ ပခုက္ကူ၊ပုဂံ၊ ညောင်ဦး၊ မေမြို့၊ စစ်ကိုင်း၊ မန္တလေးစသည့် မြို့များသို့ လှည့်လည်ကာ လေ့လာကြည့်ရှုတော်မူပြီး မြန်မာအမျိုးသားများ ကိုယ်ပိုင်စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ကြကာ အမျိုးသားရေး စိတ်ဓာတ်ဖြင့် ဓနအင်အား တိုးပွားအောင် လုပ်ဆောင်ကြဖို့ကို တိုး ပွားရန် မြန်မာတို့၏ နိုင်ငံရေးနှင့် စီးပွားရေးစာအုပ်(၃၀၀၀)

ကိုလည်း ရိုက်နှိပ်ဖြန့်ဖြူးခဲ့ပါသည်။

သာသနာရေးစိတ်ထား

ဆရာတော်ဦးကိုတို့မာသည် တစ်ပါးသော တိုင်းနိုင်ငံ၌ မိမိကိုယ်ခန္ဓာကို ပို့ဆောင်ထားရသော်လည်း မြန်မာအမျိုးသားရေး စိတ်ဓာတ်ထက်သန်ကြီးပွားရာ၌မူကား ပြိုင်ဘက်ကင်းလောက်သော ပုဂ္ဂိုလ်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သကဲ့သို့ပင် သာသနာရေးစိတ်ဓာတ်မှာလည်း အလွန်တောင့်တင်းခိုင်မာလှသော ဆရာတော်ကြီးဖြစ်ပါသည်။ ထိုအချက်ကို ထင်ရှားစေရန် ဆရာတော်ကြီးကိုယ်တိုင် ကော်ပီစာအုပ်ဖြင့် ရေးသားထားရှိသော ကိုယ်တွေ့အတ္ထုပ္ပတ္တိစာမူမှ ထုတ်နုတ်တင်ပြပါဦးမည်။

ကျွန်ုပ်တို့ သာသနာမပြုတတ်သေး၊ ကိုယ့်ခြံစည်းရိုးကိုယ် လုံခြုံအောင် မစောင့်ရှောက်နိုင်၊ မစောင့်ရှောက်တတ်သေးဟုသိသင့်၏။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သင့်၏။ ပညာရှိပီပီ ကိုယ့်အပြစ်ကို ကိုယ်သိတတ်မှ ကိုယ့်ကိုယ်ကိုယ် လုံအောင် ထိန်းသိမ်းနိုင်သော အရည်အချင်း ရှိလာပေလိမ့်မည်၊ မြန်မာပြည်၊ မြန်မာတိုင်းရင်းသားတို့အား သာသနာပြုရာ၌ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာရဟန်းတော်တို့နှင့် အခြားဘာသာဝင် သာသနာပြုဆရာများ ယှဉ်ပြိုင်ဟော ပြောကြမည် ဆိုလျှင် ဝိရိယချင်းသာ တူမည်ဆိုပါက ကျွန်ုပ်တို့နှင့် မရေမြေသွေးသား ဘာသာစကား စိတ်နေသဘောထား အားလုံး တူမျှသူများဖြစ်သောကြောင့် ကျွန်ုပ်တို့ဘက်ကိုသာ ပါလွယ်မည် ဧကန်ဖြစ်၏။ သို့သော် ထိုသို့ အစစ်ဖြစ်သော သာသနာပြုလုပ်ငန်းကိုကား ကျွန်ုပ်တို့ ရဟန်းတော်များ မလုပ်လိုကြဘဲ၊ ကျောင်းဆောက်စေတီတည်ရလျှင် ကျေနပ်ပြီး၊ သာသနာထွန်းကားပြီ ဟု မှတ်သားထားကြသည်သာများ၏။ ပခုက္ကူ၊ ချင်းတောင်သာသနာပြုဆရာတော်များကို ကျွန်ုပ်က ဦးအကြိမ်ကြိမ်တိုက်၍ ရှိခိုးသာဓုခေါ်ပါ၏။ တစ်ဖက်ကနေ၍ ပရိယတ္တိသာသနာကို အဟုတ်ကြိုးစားအားထုတ်ကြသော မန္တလေး၊ ပခုက္ကူဆရာတော် အရှင်မြတ်များကို ဦးအကြိမ်ကြိမ်တိုက်ပါ၏။ နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့အား ပစ္စည်းလေးပါးဖြင့် မိမိဝမ်းမှ မွေးဖွားလာသော သားသမီးမက လေးမြတ်ကြင်နာစွာဖြင့် ထောက်ပံ့ဆည်းကပ်နေကြသော မြန်မာတိုင်းရင်းသူ တိုင်းရင်းသားတို့၏ ထမင်းဝရေး၊ အမျိုးသန့်စင်ရေး၊ အသိအလိမ္မာဉာဏ် တိုးတက်ရေးတို့ကို တုတ်မားမဆောင်ဘဲ တရားသဖြင့် ယဉ်ကျေးသော နည်းနှင့် ဟောပြောညွှန်ပြခြင်းသည် ဗုဒ္ဓဘာသာ ရဟန်းတော်တို့နှင့်ဆိုင်သောကိစ္စ လုံးဝမဟုတ်ဟု ခိုင်လုံသော အကိုးအကားနှင့် အကယ်၍ ပြဆိုဆုံးဖြတ်နိုင်မည် ဆိုပါက ကျွန်ုပ်သည် ဤရဟန်းဘဝကို ချက်ချင်းပင် စွန့်ရန်အသင့်ရှိပါ၏။ ဒုတိယအချက် - ရဟန်းဖြစ်စေ၊ လူဖြစ်စေ နိုင်ငံရေး၊ စီးပွားရေး၊ အမျိုးရေး၊ ပညာရေးစသည်ကို လုံးဝမလုပ်အပ် ဟူ၍ အကယ်တန်ဆိုဗုဒ္ဓမြတ်စွာ၏ တရားတော်က အတိအကျ ဆုံးဖြတ်တားမြစ်ထားသည်ကို ခိုင်မာသောသာဓကနှင့် ဆုံးဖြတ်ချက်ချပေးမည်ဆိုပါက ကျွန်ုပ်သည် ဤကဲ့သို့ ဆုံးဖြတ်သော ဗုဒ္ဓဘာသာကိုစွန့်ရန် အသင့်ရှိပါ၏။

(လက်ရေးမူ စာမျက်နှာ ၃၅၈ မှ ၃၆၁)

နိုင်ငံခြားသာသနာပြုလုပ်ငန်း

ဆရာတော်သည် အိန္ဒိယပြည်ကို နှစ်ခြိုက်လွန်း၍ နေသည်မဟုတ်ချေ။ ဘုရားပွင့်ရာဒေသ၌ သာသနာတော်ပြန့်ပွားရေးအတွက်သာ အဆင်းရဲခံ၍ သာသနာပြုနေခြင်းသာ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း လူစားမရ၍ နေရခြင်းသာ ဖြစ်ပါသည်။ နိုင်ငံခြားသာသနာပြုမှန်လျှင် အရည်အချင်းဘက်စုံရှိရသည်။ ဆရာတော်၏ အာဘော်ကို ရှုပါ။

"စိပ်ပုတီးတစ်ကုံးနှင့် ကမ္မဋ္ဌာန်းထိုင်နေမည့်ပုဂ္ဂိုလ်၊ ကော်ဇော မှိအုံး၊ အသုံးအဆောင် ပြောင်ပြောင်လက်လက်တို့ဖြင့် "ဘုန်းကြီးစည်းစိမ် တလိန်လိန်" ဆိုသကဲ့သို့ စည်းစိမ်ခံနေမည့်ပုဂ္ဂိုလ်၊ သားငါးငပိ မပါက မျိုမကျသောပုဂ္ဂိုလ်၊ ဘာသန္တရ၊ ဒေသန္တရ ပညာဗဟုသုတ နည်းပါးသောပုဂ္ဂိုလ်၊ ဘာသာခြားဆိုလျှင် ငဲ့ကျောင်းထဲကို မဝင်စေနှင့်ဆိုသော ပုဂ္ဂိုလ်တို့နှင့် လည်း ထိုက်တန်သော နေရာဌာနမဟုတ်။

(ကိုယ်တွေ့အတ္ထုပ္ပတ္တိစာမျက်နှာ ၂၈၃-၄) "နိုင်ငံခြားသားများနှင့်စာလျှင် မြန်မာရဟန်းတော်တို့မှာ ဒေသန္တရ၊ ဘာသန္တရဗဟုသုတပညာ အလွန်နည်းပါးကြသဖြင့် ဘာသာခြားတို့နှင့် နင်လား၊ ငါလား ပြိုင်ဆိုင်၍ စကားစစ်၊ တရားစစ် ထိုးနိုင်သော အရည်အချင်း မရှိကြပေ။ ဤသို့သော အရည်အချင်း ခို့တဲ့သော ပုဂ္ဂိုလ်သည် သာသနာပြုအလုပ်ကို မည်သည့်နည်းနှင့်မျှ လုပ်နိုင်လိမ့်မည် မဟုတ်ပေ။

(ယင်း ၄၀၆)

အကောင်အထည်မပေါ်ခဲ့သောစေတနာ

ဆရာတော်သည် မြန်မာနိုင်ငံတော်၏ အနာဂတ်အ

တွက် စေတနာကောင်းနှင့် ရေးသားလှုံ့ဆော်ခဲ့၊ အကြံပေးတိုက်တွန်းခဲ့သည်သာ ဖြစ်၏။ အမြော်အမြင်လည်း ကြီးမားခဲ့၏။ သို့ရာတွင် ဆရာတော်၏စကားနှင့်ဆိုရလျှင် ကတုံးပြောင်နှင့်ဘုန်းမောင်တို့ ဂုဏ်မရှိသောခေတ် ဖြစ်ရကား စေတနာကို ရုတ်သိမ်းခဲ့ရသော ဖြစ်ရပ်ကို တင်ပြလိုပါသည်။ ဤဖြစ်ရပ်တွင် ဆရာတော်၏စေတနာမှန်ကို မြင်တွေ့ရပါလိမ့်မည်။

၁၉၃၉-ခု ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့တွင် စည်းဝေးခဲ့သော အရိယမမွသံယအစည်းအဝေး၌ မြန်မာပြည်ရှိ ဟိန္ဒူဘာသာဝင်များ မြန်မာစာနှင့် ပါဠိစာပေကို သင်ကြားထိုက်ကြောင်း၊ ဗုဒ္ဓဘာသာဝင် (အထူးသဖြင့် ရဟန်းတော်များသည်)ဟိန္ဒီစာပေ၊ သက္ကတစာပေတို့ကို သင်ကြားသင့်ကြောင်းကို အဆိုတင်သွင်း ဆုံးဖြတ်ခဲ့ကြပါသည်။

ရဟန်းတော်များ ဘာသန္တရသင်ကြားရေး အဆို၏သဘောကို နားလည်သောကာလကတ္တားမှ ယုဂလ်ကိရွှန်ရီဗရလာက တူဖြစ်သူ လက်ချမီ ဗီရလာမှတစ်ဆင့် ဗုဒ္ဓဘာသာမြန်မာအစစ်၊ ကောလိပ်ကျောင်းသားအချို့ ဘာသန္တရပညာလက်တွေ့ လောကဓာတ်၊ ဆေး၊ အင်ဂျင်နီယာပညာများကို သင်ယူနိုင်ရန်နှင့် ဗုဒ္ဓဘာသာရဟန်းတော်များ သက္ကတ၊ ဟိန္ဒီစာပေများကို သင်ယူနိုင်စေရန်အတွက် တစ်လလျှင် ပညာသင်စရိတ် ၁၇၅ ကျပ် အစမ်း နှစ်နှစ်အတွက် ထောက်ပံ့လှူဒါန်း လိုပါသည်၊ ဘဏ္ဍာထိန်းအဖွဲ့ ဖွဲ့ပေးပါ ဟု တောင်းပန်လာသဖြင့်-

အစိုးရရှေ့နေချုပ် ဦးသိမ်းမောင်
မြို့တော်ဝန်ဟောင်း-ဦးဘဝင်း
မြို့မကျောင်းအုပ်- ဦးဘလွင်

ဒေါ်မြစိန်တို့ကို လွှဲအပ်စီမံရန် အကြံပေးလိုက် ပါသည်။

၁၉၄၀-ခု ၊ဖေဖော်ဝါရီလ ၁ရက်နေ့ ဘားလမ်းရှိ ဦးဘဝင်း၏အလုပ်တိုက်တွင် ပထမအကြိမ် အစည်းအဝေး အပြီး အလှူရှင်ဗီရလာက ပထမအကြိမ် အကြံပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ဆရာတော်က . . . ရဟန်းတော်များနှင့် ပတ်သက်၍ ဆုတောင့်ငွေခြီးမြှင့်ရန်အပြင် ပါဠိဘာသာကိုလည်း လက်မလွှတ်မူ၍ တိုင်းရင်းသားတို့ တည်ထောင်ထားသော မန္တလေးသကျသီဟ၊ ရန်ကုန် စေတီယဂ်ဏပါဠိစာမေးပွဲ၌အောင်မြင်သူတို့အားလည်း တချို့တစ်ဝက်ခွဲကာ ထောက်ပံ့ရန်၊ ထို့ပြင် သူဌေးကြီးက နောက်ထပ် တိုးမြှင့်လိုက်သော တစ်လလျှင် ငွေ ၂၅ ကျပ်ကို "ကောလိပ်ကျောင်းသား မဟုတ်သည့် ဆင်းရဲနွမ်းပါးသော ဗုဒ္ဓဘာသာမြန်မာလူမျိုး စက်မှုလက်မှု ပညာတော်သင် မိန်းကလေးတစ်ဦးဦးအားလည်းကောင်း ထောက်ပံ့ရန်" အကြံပေးလိုက်ပါသည်။ ဤအကြံပေးချက်ကို အလှူရှင်က လက်ခံခဲ့ပါသည်။ သို့သော် ဒုတိယအကြိမ်အစည်းအဝေးတွင် ဦးသိမ်းမောင်၏ ဗီတိုအာဏာဖြင့် ပယ်ချခံခဲ့ရရုံမျှမက "ဘုန်းကြီးပါရင် တပည့်တော်တို့လူများမှာ အလုပ်လုပ်လို့မဖြစ်ဖူး၊ သိပ်ခက်တယ်" ဟူသော စကားကို အထူးလေးစား ရိုသေသောအားဖြင့် ဆရာတော် ထွက်စာတင်ကာ နုတ်ထွက်ခဲ့ရပါသည်။

မြန်မာစာပေမြတ်နိုးပုံ

ရှေးမြန်မာဘုရင်များခေတ်က အစပြု၍ ယနေ့တိုင်အောင် ရာဇာဓိရာဇ တံဆိပ်တော်ရ ဆရာတော်သမားတော်များစွာတို့လည်း သက္ကတ၊ နာဂရီဘာသာများကို သင်ယူလာကြသည့်အပြင် ပေဒင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသည်တို့ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားထားခဲ့ကြသည်မှာ အများအပြားပင် ရှိလေသည်။ တစ်နည်းအားဖြင့် မြန်မာစာပေတိုးတက်ရေးကို အာရုံပြုသူမှန်သမျှ ဘာသန္တရသင်ကြားမှု ကို မုချ လိုလားကြပေလိမ့်မည်။ လူအထဲမှ သခင်ဂိုဏ်းဝင် တက်လူကလေးများသည် နဂါးနီအမည်ဖြင့် နိုင်ငံရေးနှင့် ဆိုင်ရာ ဘာသာခြားစာအုပ်များကို မြန်မာပြန်ဆို ထုတ်ဝေကာ မြန်မာစာပေတိုးတက်ရေးကို တစ်ဖက်ကနေ၍ အားပေးနေကြလေပြီ။ **ကျွန်ုပ်တို့ရဟန်းတော်များဘက်က အာဘယ်နည်းဖြင့်ကူညီကြမလဲ** ဟူ၍တွေးတောကြံဆသင့်၏။

(ကိုယ်တွေ့-၄၀၇)

လွန်ခဲ့သောနှစ်နှစ် (၁၉၃၈-ခု)ခန့်က ကျွန်ုပ်နေရာ မိဂဒါဝုန်၌ ကျောက်စာလုပ်ငန်းနှင့် ပတ်သက်၍ (ယခု မြန်မာပြည် ကျောက်စာဝန်ထောက်) ဦးလူဖေဝင်း အမ်၊ အေ ရောက်နေစဉ် အတောအတွင်း၌ပင် မြန်မာပြည် သမဝါယမဝန်ကြီး ဦးတင်ကြီးနှင့် အထက်လွှတ်တော်အမတ် ပဲခူးဦးဘမောင်လည်း ဘုရားဖူးရန်ဆိုက်ရောက်လာရာ အလာပသလ္လာပစကားပြောဟော နေကြစဉ် ဦးတင်ကြီး က. . .

"ဒါဟာ စာပေရာဇဝင်ကို ဦးမသိလို့ပြောတာ ဖြစ်ပါလိမ့်မယ်။ အင်္ဂလိပ်စာလည်းပဲ ရှေးနှစ်ပေါင်းနှစ်ရာလောက်တုန်းက ကျွန်တော်တို့ ဗမာစာထက်တောင် အောက်ကျပါသေးတယ်၊ သို့ပေတဲ့ အနောက်နိုင်ငံသားများဟာ ဘာမဆို

လိုတာကိုပြုပြင်ပေးတတ်တဲ့အတွက်ကြောင့် မိမိတို့ဘာသာမှာ မရှိတဲ့ ပုဒ်တွေကို အခြားဘာသာတို့က ယူကာ ဖြည့်စွက်ထားလို့ပါ။ လက်တင်၊ ပြင်သစ်၊ ကုလားစာပေထဲက ပုဒ်တွေ အများကြီးယူသုံးထားတာကို ကျွန်တော်တို့ အသေအချာသိရပါတယ်။ ကျွန်တော်တို့ ဗမာများကလဲ ကိုယ့်ဘာသာစာပေကို ဒီလိုပြုပြင်ဖြည့်စွက်ပေးရင် အင်္ဂလိပ်စာပေထက် အပုံကြီး သာနိုင်ပါတယ် ဦးရေ"။ **(ယင်း ၁၅၁-၂)**

ရေးသားခဲ့သောစာများ

၁။ တိုးတက်ရေးဆောင်းပါးများ
၂။ သူရိယဆောင်းပါးများ
၃။ မဟာဗောဓိပွတ်တိကထာ(ပုံနှိပ်ပြီး)
၄။ သစ္စာတ္ထပကာသကျမ်း(ပုံနှိပ်)
၅။ ဂီတာအဖွင့်ကျမ်း
၆။ သုတ္တမာလ(ဟိန္ဒီ)(ပုံနှိပ်ပြီး)(ကျောင်းသုံး)
၇။ ဦးစန္ဒိမာထေရပွတ်တို၊
၈။ မြန်မာအမျိုးသမီးများနှင့် ပသိဘာသာဝင်တို့၏ သဘောထား။
၉။ စာတန်းနှစ်စောင်မှတ်သားဘွယ်၊
၁၀။ ဟိန္ဒူဆိုတာ ဘာလဲ၊
၁၁။ မဇ္ဈိမဒေသဘုရားဌာနလမ်းညွှန်၊
၁၂။ မြန်မာတို့၏နိုင်ငံရေးနှင့်စီးပွားရေး၊
၁၃။ မဇ္ဈိမဒေသဗုဒ္ဓသာသနာခေတ်ကာလ၊
၁၄။ အဋ္ဌနိဒါန်း (ဆေးကျမ်း - မြန်မာပြန်)
၁၅။ ရာမာယဏ(ဂါထာပေါင်း ၂၄၀၀-မြန်မာပြန်)
၁၆။ ကျွန်တွင်းမှလွတ်လာသူ(မြန်မာပြန်)
၁၇။ ကိုယ်တွေ့အတ္ထုပ္ပတ္တိ(၁၉၁၃-၁၉၄၀ ထိ)
၁၈။ ဗုဒ္ဓ၏မူလဝါဒ(ဟိန္ဒီဘာသာရိုက်ပြီး)
၁၉။ မဟာသတိပဋ္ဌာနသုတ်(နာဂရီအက္ခရာ)ရိုက်ပြီး၊
၂၀။ သိဂီလောဝါဒသုတ် (မူရင်းပါဠိနှင့်ဟိန္ဒီဘာသာပြန်) ကျောင်းသုံး။
၂၁။ မဟာပရိနိဗ္ဗာနသုတ်၊ နာဂရီအက္ခရာပါဠိတော်မူနှင့် ဟိန္ဒီဘာသာပြန်) (ရိုက်ပြီး-ကျောင်းသုံး)

ဆရာတော်၏ ကိုယ်တွေ့အတ္ထုပ္ပတ္တိသည် အတ္ထုပ္ပတ္တိမည်ကာမတ္တ မဟုတ်ဘဲ၊ မြန်မာ့ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ သာသနာရေးသာမက၊ ဒေသန္တရ ဗဟုသုတများ ရောပြွမ်းနေသော ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်ပေသည်။ ဘုန်းကြီးရေးသောစာ ဖြစ်၍ "သပိတ်စော်နံမည်" ဟု တွေးထင်ကြပါလျှင် တက်တက်စင် မှားပါလိမ့်မည်။ ထက်မြက်သော အတွေးအခေါ်တို့ဖြင့် ရသမြောက် ခြယ်မှုန်းထားသော ဤအတ္ထုပ္ပတ္တိထူးသည် ကိုယ်တွေ့အတ္ထုပ္ပတ္တိ ခေါင်းပါးလှ သော မြန်မာစာပေအတွက်သာမက သမိုင်းအတွက်ပါ တန်ဖိုးရှိလှသော အတ္ထုပ္ပတ္တိထူး ဖြစ်ပါသည်။ ဤ အတ္ထုပ္ပတ္တိမျိုး မြန်မာစာပေလောက၌ ပေါ်ပေါက်ရန် ခဲယဉ်းလှပါဘိတော်း။

အမျိုးသားရေးအတွက် ထက်မြက်သော ကလောင်ရှင်ဆရာတော် မိဂဒါဝုန်-ဦးကိုတို့မာသည် ၁၉၈၇-ခု၊ မေလ ၂၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဆီဂရာ ဗုဒ္ဓဘာသာမြန်မာကျောင်းတိုက်မှာ သက်တော် (၈၄) ဝါတော် (၆၃)၌ ပျံလွန်တော်မူခဲ့ပါကြောင်း။

ကျော်လှိုင်

(ကျော်လှိုင်၏ဆောင်းပါးသည် ဆရာတော်ဦးကိုတို့မာ ကိုယ်တော်တိုင် တည်းဖြတ်ပြင်ဆင်ပေးခဲ့သော ဆောင်းပါးဖြစ်ပါသည်၊ စာတည်းအဖွဲ့။)

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့မိဂဒါဝုန်မြန်မာကျောင်းတိုက်
ဒုတိယမြောက် ဆရာတော်ဘဒ္ဒန္တကိုတို့မာ၏ ထေရပွတ်အကျဉ်း

ဖွားမြင်	၁၂၆၅-ခုနှစ်	တော်သလင်းလဆန်း(၃)ရက်
	၁၉၀၃-ခုနှစ်	သြဂုတ်လ(၂၄)ရက် တနလ်ာနေ့၊ စစ်တွေခရိုင်၊ မြောက်ဦးမြို့နယ်၊ ရုပ်ချောင်းကျေးရွာ၊ ဦးကြာထွန်း+ဒေါ်နှင်းညို တို့မှဖွားမြင်။
ရှင်သာမဏေ	၁၂၈၂-ခုနှစ်	
	၁၉၂၀-ခုနှစ်	စစ်တွေမြို့ဆရာတော် ဦးစန္ဒိမာထံ ၁၇ နှစ်သားအရွယ် ကိုရင်ဝတ်။


အိန္ဒိယနိုင်ငံသို့	၁၂၈၃-ခုနှစ်	အိန္ဒိယနိုင်ငံသို့ (၁၈ နှစ်အရွယ်)စတင်ကြွ။ မိဂဒါဝုန်ကျောင်းသို့
	၁၉၂၁-ခုနှစ်	သီတင်းသုံးရန်ရောက်။
မိဂဒါဝုန်ကျောင်းအုပ်ချုပ်	၁၂၉၀-ခုနှစ်	
	၁၉၂၈-ခုနှစ်	မိဂဒါဝုန်မြန်မာကျောင်းတိုက် လက်ခံ(၂၅ နှစ်အရွယ်)။
ရဟန်းခံ	၁၂၈၆-ခုနှစ်	
	၁၉၂၄-ခုနှစ်	စစ်တွေမြို့၊ ဦးစန္ဒိမာကျောင်း၌ ရဟန်းခံ။
ဆီဂရာမြန်မာကျောင်း	၁၂၉၀-ခုနှစ်	ဆီဂရာမြန်မာဗုဒ္ဓဘာသာကျောင်းတည်ဆောက်ရန် တာဝန်ပေးသည်ကို
	၁၉၂၈-ခုနှစ်	ခံယူသည်။
	၁၉၄၅-ခုနှစ်	ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အတွင်း ဆီဂရာကျောင်းဆောက်၊
	၁၉၄၇-ခုနှစ်	မေလထိ၊ မိဂဒါဝုန်မြန်မာကျောင်း၌သီတင်းသုံးလျက်ရှိ။
ပျံလွန်	၁၃၄၉-ခုနှစ်	ဦးတန်ဆူးလပြည့်ကျော်(၁၀)ရက်
	၁၉၈၇-ခုနှစ်	ဧပြီလ(၂၃)ရက် ကြာသပတေးနေ့၊ သက်တော်(၈၄) သိက္ခာ (၆၃)ဝါ
		အရတွင်ပျံလွန်။

A brief biography of 2nd Chief Resident Monk Venerable U Kittima Beneres(Sarnath) Migadawon Dhammachakka Vihara Myanmar Temple U Kittima (1903-1987)

Born	AD.1903	Monday, 24 August. parents U Kra Htoon+Mi Hnin Nyo of Roat Chaung Village. Mrauk-U Township, Sittwe District,Arakan (Rakhine) State, Burma (Myanmar).
Noviciation	AD.1920	At the age of 17, entered noviciation Under the guidance of abbot U Sandima.
Went to India	AD.1921	At the age of 18, left for India and stayed in Dhammachakka Vihara Migadawon Myanmar Tample.
Abbot of Myanmar Temple	AD.1928	Took charge of Dhammachakka Vihara Migadawon Myanmar Temple.
Entered into Moonk- hood.	AD.1924	Entered Monk-hood at Sandimarrama monastery in Sittwe.
Sigara monastery	AD.1928	Took the responsibility to construct Sigra Myanmar Buddihist Temble, Sigra, Varanasi city.
	AD.1947	Stayed in Dhammachakka Vihara Migadawon Myanmar Temple upto May of the year.
Attended the 6th Buddhist Council	AD.1954	Monday, the 17th May, Rangoon, Burma (Myanmar).
Passed away	AD.1987	Passed away on the day of the 23rd April 1987.

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊
မမွေစက္ကဝိဟာရ မိဂဒါဝုန်မြိန်မာကျောင်းတိုက်၏
တတိယမြောက် ကျောင်းထိုင်ဆရာတော်
အသျှင်တိက္ခိန္ဒြိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း

ဦးရွှေဖံ



ဇာတိရပ်မြေ

ဆရာတော် လောင်းလျာကို သက္ကရာဇ် ၁၂၆၂ -ခုနှစ်၊ ကဆုန်လပြည့်နေ့ (၁၉၀၀ပြည့်နှစ် မေလ ၁၂ ရက်)တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာ နေအဘခမည်းတော် ဦးမောင်သာ၊ မယ်တော်မိပိန်မရှိတို့မှ သန့်စင်ဖွားမြင်တော်မူသည်။ စနေနေ့သားဖြစ်ပြီး ငယ်မည်မှာ 'စိန်ထွန်းဖြူ' ဖြစ်သည်။ မွေးချင်း(၃)ယောက်အနက် ဒုတိယမြောက် သားရတနာဖြစ်၍ အစ်ကိုကြီးမှာ ဦးသတိုးဦး၊ နှမငယ်မှာ မိမသာနုတို့ ဖြစ်သည်။

သာသနာ့အမွေ ခံယူ

မိဘများက ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာ ကျောင်းထိုင်ဆရာတော် အသျှင်ကေတုထံ စာပေ

ကျမ်းဂန်များကို လေ့လာသင်ကြားနိုင်ရန် အပ်နှံခဲ့သည်။ ကျောင်းထိုင်ဆရာတော် အသျှင်ကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ လောင်းချောင်းကျောင်း တိုက်အတွင်း လောကုတ္တရာ စာပေများကို လေ့လာသင်ယူလျက်ပင် အဘဉီးမောင်သာ၊ အမိ မိပိန်မရှိ တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး၊ ရသေ့တောင်မြို့နယ်၊ ရန်အောင်ပြင်ကျောင်း ဆရာတော်ကြီး အသျှင် ဂုဏာဝန္တကို ဥပဇ္ဈာယ်ပြု၍ လောင်းချောင်းကျေးရွာ ဆရာတော် ကြီးမှူးသော ဆရာတော် အရှင်သူမြတ်များ၏ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့် ရှင်သာမဏေ ရှင်တိကွဲန္ဒြိယသည် ရန်အောင်ပြင်ကျေးရွာ ရန်အောင်ပြင်ကျောင်း ခက္ကာသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ထင်ရှားသောပုဂ္ဂိုလ်

အသျှင်တိကွဲန္ဒြိယသည် လောကုတ္တရာစာပေများကို ရခိုင်ပြည်၊ မန္တလေးမြို့နှင့် မြန်မာနိုင်ငံနေရာ အနှံ့အပြားတွင် လေ့လာသင်ကြားတော်မူခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ကျပန်တပ်မတော်မှ ဗိုလ်မှူး၊ ဗိုလ်ကြီးများ၏ ရိုသေ ကြည်ညိုလေးစားမှုကို ခံယူရပြီး 'ကျပန်ဘုန်းကြီး'ဟုပင် အမည်တွင်ခဲ့သည်။ ကျပန်စာနှင့် ကျပန်စကားကို ကောင်းစွာရေးတတ်၊ ဖတ်တတ်၊ ပြောတတ်သည်။ ၁၉၄၀-ခုနှစ် ဝန်းကျင်က ကုလား-ရခိုင်အဓိကရုဏ်း ဖြစ်ပွားသည့်အခါ ကျူးကျော်သည့် ကုလားများကို နှင်ထုတ်နိုင်ရန် ဒေသခံ ရခိုင်များအား ထုံးမန်းသုတ်ပြီး ဇာတိသွေး ဇာတိမာန် တက်ကြွလာအောင် ဆောင်ရွက်ရင်း အမျိုးဘာသာ သာသနာရေးကို ဆောင်ရွက်တော်မူခဲ့သည်။ ကျပန်များ ဆုတ်ခွာသွား၍ အင်္ဂလိပ်စစ်တပ်များပြန်လည် ဝင်ရောက်လာသည့်အခါတွင် အသျှင်တိကွဲန္ဒြိယမှာ အင်္ဂလိပ်စစ်တပ် ထောက်လှမ်းရေးအဖွဲ့၏ စစ်ဆေး စောင့်ကြည့်မှုကို ခံခဲ့ရသည်။ ထို့ကြောင့် အသျှင်တိကွဲန္ဒြိယသည် အန္တရာယ်ကို ရှောင်ရှားရန်နှင့် အဆင့်မြင့်သည့် စာပေကျမ်းဂန်များကို လေ့လာသင်ကြားနိုင်ရန် အတွက် အိန္ဒိယနိုင်ငံသို့ ၁၉၄၅-ခုနှစ်တွင် ကြွသွားတော်မူခဲ့ သည်။

သာသနာပြု လုပ်ငန်းများ

အသျှင်တိကွဲန္ဒြိယသူမြတ်သည် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၊ ကုသိနာရုံကျောင်းတိုက် ဆရာတော်ကြီး အသျှင်စန္ဒြမဏိထံတွင်လည်းကောင်း၊ ဆရာတော်ကြီး၏တူတော် အသျှင်ကိတ္တိမာထံတွင်လည်းကောင်း ပါဠိ၊ သင်္ကတနှင့် အခြားသောဘာသာစာပေ ကျမ်းဂန်များကို ထူးချွန်စွာ တတ်မြောက်အောင်မြင်သည်အထိ သင်ကြားခဲ့သည်။ အသျှင်စန္ဒြမဏိဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် အသျှင်ကိတ္တိမာ ဆရာတော်က ကုသိနာရုံကျောင်းတိုက် ဆရာတော်အဖြစ် သီတင်းသုံးတော်မူသည်။ ထိုစဉ်တွင်လည်း အသျှင်တိကွဲန္ဒြိယသည် ဆရာတော် အသျှင်ကိတ္တိမာနှင့် လက်တွဲကာ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို အစဉ်တစိုက် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သမိုင်းပေးတာဝန် ထမ်းဆောင်

အသျှင်တိကွဲန္ဒြိယသူမြတ်သည် ဆရာတော်ကြီး ချမှတ်တော်မူခဲ့သည့် သာသနာပြုလုပ်ငန်းများကို ဆရာတော် အသျှင်ကိတ္တိမာသူမြတ်နှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ဆရာတော်အသျှင်ကိတ္တိမာ သူမြတ်မှာ (၁၉၈၇)ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ ထိုအခါ အသျှင်တိကွဲန္ဒြိယသူမြတ်မှာ မိဂဒါဝုန်ဓမ္မစက္ကဝိဟာရ ကျောင်းတိုက်ကြီး၏ပဓာန နာယက ကျောင်းထိုင်ဆရာတော်၏ တာဝန်များကို ရှောင်လွှဲမရဘဲ သမိုင်းပေး တာဝန်တစ်ရပ် အဖြစ် ထမ်းဆောင်ရလေတော့သည်။

ဆရာတော်အသျှင်တိကွဲန္ဒြိယသူမြတ်သည်ကား ဆရာတော်ကြီးများ ချမှတ်ခဲ့သည့် အခြားဘာသာဝင်များအား ဗုဒ္ဓဘာသာသို့ ကူးပြောင်းပေးသည့် လုပ်ငန်း၊ ဆရာတော်ကြီး တည်ဆောက်ထားခဲ့ပြီး ရခိုင်အမျိုးသား ဉီးမြထွန်းလှဒါန်းခဲ့သည့် ရှေးဟောင်းကျောင်းတော်နှင့် ကျောင်းတိုက်များ၊ သိမ်၊ ဘုရား၊ ပုထိုး၊ သာသနာ့မြေများ၊ သာသနိကအဆောက်အအုံများ၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းနှင့် ဒီဂရီ ကောလိပ်များ ရေရှည်တည်တံ့ရေး လုပ်ငန်းများကို အမျိုးဘာသာသာသနာရေး တာဝန်အဖြစ် ရှေ့က ဆရာတော်ကြီးများထက် နိမ့်ကျမှု မရှိစေဘဲ ရွတ်ရွတ်ခွဲခွဲဆောင်ရွက်တော် မူခဲ့လေသည်။ ဆရာတော်အသျှင်တိကွဲန္ဒြိယသူမြတ်သည် အိန္ဒိယနိုင်ငံ၌ အမျိုးဘာသာသာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ၁၃၄၉-ခုနှစ်၊ ဝါဆိုလဆန်း ၈-ရက် (၁၉၈၇-ခုနှစ်၊ ဇူလိုင်လ ၃-ရက်) သောကြာနေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပေသည်။

ဦးရွှေဇံ

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်

တတိယမြောက် ဆရာတော် ဘဒ္ဒန္တတိကိုဇြိန္ဒြိယ၏ သာသနာပြုခရီး

ဦးကောသလ္လ (ရွှေပြည်သာ)

ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ အကြောင်းအရာများကို ရေးသားဖော်ပြမည်ဆိုလျှင် ၎င်းပုဂ္ဂိုလ်နှင့် ထိတွေ့နေထိုင်ရင်းနှီးမှု (သို့မဟုတ်) ၎င်းပုဂ္ဂိုလ်နှင့် ဆက်နွယ်သူ၏ တင်ပြချက်၊ သို့မဟုတ် ၎င်းပုဂ္ဂိုလ်၏အကြောင်းအရာများကို ဖော်ပြရေးသားထားသော စာပေအထောက်အထားရှိမှသာ ဧကန်စင်စစ် မှန်ကန်မှု ရှိနိုင်ပါသည်။

စာရေးသူ၏ ယခု တင်ပြမည့် ဆရာတော် ဘဒ္ဒန္တ တိကိုဇြိန္ဒြိယသည် ဘင်္ဂလားအဝကျွန်း (ဘင်္ဂလားဒေချ့) ဘော်ရီးသတ်ခရိုင်၊ ရောက်မချောင်း(ယောက်မချောင်း) ကျေးရွာနေ၊ စာရေးသူ၏ အဘိုးအဘွားမိဘများ ကိုးကွယ်ဆည်းကပ်ခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

စာရေးသူကိုယ်တိုင်လည်း ၁၉၇၀-ခုနှစ်တွင် မိဂဒါ ဝုန်မြန်မာကျောင်း၏ ဆရာတော်နှင့် အတူနေခဲ့ပြီး ပရိယတ်စာပေနှင့် ဟိန္ဒီ၊ သင်္ကတဘာသာတို့ကို ဆည်းပူးသင် ယူခဲ့ပါသည်။

ဆရာတော်ဘုရား၏ အကြောင်းအရာကို ဖော်ပြရမည်ဆိုလျှင် ဆရာတော်သည်၊ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာနေ အဘ ဦးမောင်သာ + မယ်တော်ဒေါ်ပိန်မချေ တို့မှ ၁၂၆၂-ခုနှစ်၊ ကဆုန်လဆန်း (၁၅)ရက် (၁၂-၅-၁၉၀၀)စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ မောင်သတိုးဦး၊ မောင်စိန်ထွန်းဖြူ။ မသာနု ဟူ၍ မွေးချင်းသုံးဦးရှိသည့်အနက် ဆရာတော်မှာ ဒုတိယမြောက်သား မောင်စိန်ထွန်းဖြူ ဖြစ်ပါသည်။

ဆရာတော်လောင်းလှာ မောင်စိန်ထွန်းဖြူမှာ ငယ်ရွယ်စဉ်ကပင် တည်ငြိမ်ပြတ်သား၊ ဖြတ်ထိုးဉာဏ်ကောင်းသူ တစ်ဦးဖြစ်ပါသည်။ ၁၂၇၉-ခုနှစ် (၁၆)နှစ်သားအရွယ် ရောက်သောအခါ လောင်းချောင်းဆရာတော် ဘဒ္ဒန္တကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ခံယူပြီး ပရိယတ်စာပေနှင့် လောကီရေးရာ စာပေများကို သင်ကြားဆည်းပူးခဲ့ ပါသည်။

ရသေ့တောင်မြို့နယ် ရန်အောင်ပြင် ဆရာတော် ဦးဂုဏာဝန္တကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

၁၂၈၁-ခုနှစ်တွင် ပါဠိအဋ္ဌကထာစာပေများကို သင်အံ ဆည်းပူးရန် ရန်ကုန်မြို့၊ မန္တလေးမြို့စာသင်တိုက်များ၌ ပရိယတ်တိစာပေများ သင်ကြားခဲ့ပါသည်။

၁၂၉၇-ခုနှစ်တွင် ရဟန်းတော်ဦးတိကိုဇြိန္ဒြိယသည် မိမိ၏ မွေးရပ်ဌာနေသို့ ပြန်ကြွလာပြီး စာပေများကို ဖြန့်ဝေသင်ကြားပေးနေစဉ် ကုလား ရခိုင်အဓိကရုဏ်း ဖြစ်စဉ် ထုံးကို မန်းပေးပြီး ဒကာများအား ကုလား၏ရန်ကို ခုခံစေခဲ့ပါသည်။

ရဟန်းတော်ဦးတိကိုဇြိန္ဒြိယသည် ဂျပန်စာပေကိုလည်း ကောင်းစွာ တတ်သိ နားလည်ခဲ့ပါသည်။ ထို့ကြောင့်ပင် အရပ်ထဲ၌ ဂျပန်ဘုန်းတော်ကြီးဟု အများအသိများ ထင်ပေါ်ခဲ့ပါသည်။

၁၃၀၆ (၁၉၄၅)-ခုနှစ်တွင် သာသနာပြုရန်အတွက် ဘင်္ဂလား အဝကျွန်းသို့ ကြွရောက်တော်မူပြီး ရောက်မ (ယောက်မ) ချောင်းကျေးရွာ၌ သီတင်းသုံးနေထိုင်လျက် နေ့စဉ်လောကီ လောကုတ္တရာစာပေများကို သင်ကြားပို့ချပေးခဲ့ပါသည်။ ထိုစဉ်အခါ၌ ဘင်္ဂလားအဝကျွန်းမှာ အလွန်သာယာဖွယ်ကောင်းသော တာဝတိံသာနတ်ဘုံတမျှ စည်ကားခဲ့ပါသည်။

ဆရာတော်ဦးတိကိုဇြိန္ဒြိယသည် သာသနာတော် အဝွန့်ရှည်ရေးအတွက် ဘင်္ဂလားအဝကျွန်း သာသနာနုဂ္ဂဟအသင်းကြီး ဖွဲ့စည်းရာတွင် စိတ်အားထက်သန်စွာ ပါဝင် ဆောင်ရွက်ပြီး ရဟန်းသာမဏေတို့၏ စာမေးပွဲ၊ စာပြန်ပွဲများကို လည်းကျင်းပပေးခဲ့ပါသည်။

၁၃၁၆-ခုနှစ် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတွင် ကျင်းပအပ်သော ဆဋ္ဌသံဂါယနာတင်ပွဲသို့လည်း ဘင်္ဂလားနယ်မြေကိုယ်စားလှယ် အဖြစ်ဖြင့် တက်ရောက်ပါဝင်ခဲ့ပါသည်။

၁၃၂၂-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ သီတင်းသုံးနေထိုင်ရန် အတွက် ကုသိနာရုံဆရာတော် ဘဒ္ဒန္တစန္ဒြမဏိ ဗာရာဏသီမိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တကိတ္တိမာတို့၏ တာဝန်ပေးချက် အရ ဆရာတော် ဘဒ္ဒန္တတိကိုဇြိန္ဒြိယမှာ မလွဲမရှောင်သာပဲ မိဂဒါဝုန်မြန်မာကျောင်းကို လက်ခံ သီတင်းသုံးခဲ့ရပါသည်။

စာရေးသူသည် ၁၉၇၀- ခုနှစ် ဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယ သီတင်းသုံး နေထိုင်တော်မူသည့် မိဂဒါဝုန် မြန်မာကျောင်းသို့ ရောက်သောအခါ ဆရာတော်ဘုရားသည် အလွန်ဆင်းရဲ ခို့တဲ့စွာ သီတင်းသုံး နေထိုင်နေသည်ကို တွေ့ရ၍ အလွန်ပင် စိတ်မကောင်း ဖြစ်ခဲ့ရပါသည်။

ထို့ကြောင့် ဆရာတော်ဘုရားအား 'ဤသို့ ဆင်းရဲပင်ပန်း ခေါင်းပါးခို့တဲ့စွာ ဘာကြောင့်နေပါသလဲ ဘုရား' ဟု မေးလျှောက်ခဲ့ရာ ဆရာတော်ဘုရားက . . . 'ငါတို့ရဲ့ သာသနိက အဆောက်အအုံ နေရာများကို ငါတို့ မထိန်းသိမ်း မစောင့်ရှောက်လျှင် ဘယ်သူက ထိန်းသိမ်း စောင့်ရှောက်မှာလဲ၊ ရဟန်းဘဝဆိုတာ ခြိုးခြံစွာကျင့်ကြံမှ တင့်တယ်တယ်၊ မွန်မြတ်ပါတယ်။ ငါးဖြာအာရုံ ကာမဂုဏ်တရားများကို သာယာခံစားဖို့အတွက် မြတ်ဗုဒ္ဓသာသနာကို ထူထောင်လာခဲ့သည် မဟုတ်။ အသက်ခန္ဓာလဲပြီး မိမိတို့ အမျိုးအနွယ် ဘာသာယဉ်ကျေးမှုများကို ကာကွယ်ရမည့်တာဝန်က ဒို့တာဝန်ပဲ' ဟု မိန့်တော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ ဝေယျာဝစ္စ၊ ကျောင်းတိုက်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးရန် ကုလားအဘိုးကြီး တစ်ယောက်ရှိပြီး ထိုကုလားအဘိုးကြီးနှင့် သီတင်းသုံးရင်း မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ နေထိုင်သည်ကို တွေ့ခဲ့ရပါသည်။

စာရေးသူလည်း မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတိက္ခိန္ဒြိယအား ပြုစုရင်းနှင့် ဟိန္ဒီ၊ သက္ကတ စာပေများကို သင်ကြားရင်း တစ်နှစ်ခွဲ ကာလ နေထိုင်ခဲ့ပါသည်။

၎င်းနောက်ပိုင်း ၁၉၇၉-ခုနှစ်မှစတင်၍ ယခု လက်ရှိ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ ရောက်ရှိလာခဲ့ပြီး ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယ၏ ဝေယျာဝစ္စ၊ ကျောင်းတိုက်၏ဝေယျာဝစ္စများ ဆောင်ရွက်ပေးပြီး နေထိုင်ပေးခဲ့ပါသည်။

ဆရာတော် ဦးတိက္ခိန္ဒြိယသည် မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ပင် ၁၉၈၇-ခုနှစ် ဇူလိုင်လ(၃)ရက်၊ သောကြာနေ့၊ ၁၃၄၉-ခုနှစ် ဝါဆိုလဆန်း (၈)ရက်နေ့တွင် တစ်ဘဝတာ ချုပ်ငြိမ်းပြီး ဇာတ်သိမ်း၍ ဘဝနတ်ထံ ပျံလွန်တော်မူသွားခဲ့ပါသည်။

ဦးကောသလ္လ (ရွှေပြည်သာ)
ဇိနမာရ်အောင်ကျောင်းတော်

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန်မြန်မာကျောင်း တတိယမြောက်ဆရာတော် ဦးတိက္ခိန္ဒြိယ ထေရုပ္ပတ္တိ အကျဉ်း

ဖွားမြင်	၁၂၆၂-ခုနှစ်	ကဆုန်လပြည့် စနေနေ့။
	၁၉၀၀-ခုနှစ်	မေလ ၁၂-ရက်၊ လောင်းချောင်းရွာ၊ ရသေ့တောင်မြို့နယ်။ ခမည်းတော် ဦးမောင်သာ၊ မယ်တော် ဒေါ်ပိန်မရှိ။
ရှင်သာမဏေပြုဥပဇ္ဈာယ်ဆရာ		ဦးကေတု၊ လောင်းချောင်းဆရာတော်ကြီး၊ ရသေ့တောင်မြို့နယ်။
ရဟန်းခံဥပဇ္ဈာယ်ဆရာ		ဦးဂုဏာဝန္တ၊ ရန်အောင်မြင်ဆရာတော်ကြီး၊ ရသေ့တောင်မြို့နယ်။
အိန္ဒိယသို့	၁၉၄၅-ခုနှစ်	အိန္ဒိယနိုင်ငံ ဘင်္ဂလားအဝကျွန်း ယောက်မချောင်းကျေးရွာသို့ ကြွရောက်
	၁၃၀၆/၇	သီတင်းသုံး။
ဆဋ္ဌသံဂါယနာတင်ပွဲကြွ	၁၃၁၆-ခုနှစ်	ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၌ ဘင်္ဂလားနယ်မြေ ကိုယ်စားလှယ်အဖြစ် ဖြင့် တက်ရောက်ပါဝင်ခဲ့သည်။

ဗာရာဏသီသို့	၁၉၂၂-ခုနှစ်	ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံး။
	၁၉၂၄+၁၉၃၃၃ခု	မိဂဒါဝုန်မြန်မာကျောင်း အပ်နှံခြင်းခံရ။
ပုံလွန်	၁၉၀၉-ခုနှစ်	ဝါဆိုလဆန်း (၈)ရက်။
	၁၉၈၇-ခုနှစ်	ဇူလိုင်လ (၃)ရက်၊ သောကြာနေ့၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်၌ ပုံလွန်။

A brief Biography of 3rd Resident Abbot of Beneres (Sarmath) Dhammachakka Vihara Migadawon Myanmar Temple U Teikkhaindriya (1900-1987)

Born	AD.1900	Saturday, the 12th May, Parents: U Maung Tha + Daw Bain Ma Rhee of Laung Chaung village, RaTheDaung Township, Sittwe District, Arakan(Rakhine) State, Burma (Myanmar).
Noviciation		Entered noviciation under the guidance of U Kay Tu, abbot of Lnung Chaung monaster, Rathedaung Townshi.
Monk-hood		Ordained as a monk acted by U Gunawantha, the abbot of Ran Aung Mram monastery, Rathedaung
Went to India	AD.1945	Went to India.
Attend 6th Buddhist Council	AD.1954	Representative of Bengal Area. Monday, the 17th May, Rangoon, Burma (Myanmar).
Abbot of Myanmar Temple	AD.1963	Took charge of Dhammachakka Vihara Temple.
Passed away	AD.1987	Passed away On Friday, the 3rd July.

သာသနာပြုစိတ်

အရှင်သုဇာတ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)

အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဗာရာဏသီမြို့၊ ဆာရ်နတ် ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် မြောက်ဦးဇာတိ ကုသိနာရုံဆရာတော် ဟု လူသိများသော ကမ္မာကျော် ဆရာတော် ဘဒ္ဒန္တစန္ဒိမဏိ အရှင်သူမြတ်သည် ၁၉၀၈-ခုနှစ်က ဗုဒ္ဓသာသနာ တော်ကြီးတိုးတက်စည်ပင် ပြန့်ပွားရေးကို မျှော်ကိုးလျက် မိမိ၏ပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ ပရဟိတအကျိုး ရည်ရွယ်ကိုးကာ အခက်အခဲများစွာကို ရင်ဆိုင်၍ အမျိုးဘာသာသာသနာတော် အတွက် တည်ထောင်ခဲ့ပါသည်။

ထိုဆရာတော် တည်ထောင်ခဲ့သော ကျောင်တိုက်ကြီး အစဉ်မပြတ်တိုးတက်စည်ပင် ရှင်သန်နိုင်ရန် ရခိုင်ဆရာတော်များ အဆက်ဆက်ဖြစ်ကြသော ဆရာတော်ဘဒ္ဒန္တကိတ္တိမာ၊ ဘဒ္ဒန္တ တိက္ခိန္ဒြိယတို့ ထိန်းသိမ်း စောင့် ရှောက်လာခဲ့ကြပြီး ယခုလက်ရှိ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ အရှင် မြတ်က ၁၉၈၇-ခုနှစ်၊ ဇူလိုင်လမှ ဆက်လက်ထိန်းသိမ်း စောင့် ရှောက်လာခဲ့ရာ ယခု ၂၀၀၈-ခုနှစ် တွင် နှစ်တစ်ရာခရီးပြည့်မြောက် ခဲ့ပါသည်။

ထို မိဂဒါဝုန် မြန်မာ ကျောင်းတိုက်ကြီး တည်တံ့ခိုင်မြဲစည်ပင်တိုးတက်အောင် ကြီးမားသော ဆန္ဒ၊သဒ္ဓါ၊သတိ၊ဝီရိယ ဓာတ်ခံတရား တို့ဖြင့် နိုင်ငံရပ်ခြား မြို့ရွာ ဒေသတို့၌ ဘာသာစကား စရိုက်မတူညီသော လူမျိုးများကြားထဲတွင် အဆင်းရဲအပင်ပန်းခံပြီး ထိန်းသိမ်းစောင့်ရှောက် လာခဲ့ကြသော ဆရာတော်များ၏ဇွဲလုံ့လ၊ သတ္တိ ကြီးမားကြပုံကို အထူးတင်ပြ၍ ကုန်နိုင်ဖွယ်ရာ မရှိပါ။ ကျေးဇူးတင်ဂုဏ်ပြုခြီးမွမ်းထိုက်သော အာဂပုဂ္ဂိုလ်ကြီးများသာဖြစ်ကြကြောင်း မည်သူမျှ ငြင်းဆိုနိုင်ဖွယ်မရှိ၊ အမှန်အတိုင်းပင်ဝန်ခံ၊ လက်ခံ ကြရမည်သာ ဖြစ်ပါတော့သည်။ မိဂဒါဝုန်မြန်မာ ကျောင်းတိုက်ကြီး ခိုင်မြဲတည်တံ့အောင် အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော သာသနာပြုပုဂ္ဂိုလ်ကျော်များတွင် တစ်ပါးအပါဝင်ဖြစ်သော ယခုလက်ရှိ သာသနာပြုဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇနှင့် စာရေးသူတို့သည် ၁၃၃၄-ခုနှစ်ကပင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝင်ဆာလမ်း (ယခု ရှင်စောပုလမ်း) ရှင်စောပုမြို့မဝိဟာရတွင် မထင်မှတ်ဘဲ ဆုံမိခဲ့ကြပါသည်။

ထိုအရှင်က သင်္ဃမြို့၊ ဟိတာကာရိပါဠိ တက္ကသိုလ်ကျောင်းတိုက်တွင် ပညာသင်ကြားနေ၍ ပထမလတ်တန်းစာမေးပွဲဖြေဆိုပြီး မိတ်ဆွေ ဦးဝါယမိန္ဒထံ တည်းခိုရန်ရောက်ရှိခိုက် စာရေးသူကလည်း ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက်မှ ဓမ္မာစရိယ စာမေးပွဲ ဖြေဆိုပြီး မိမိ ရန်ကုန်ရောက်စ(၁၃၂၄-ခုနှစ်ကပင်) နေခဲ့သည့် ကျောင်းတိုက်ဖြစ်သည် အားလျော်စွာ စာမေးပွဲ ဖြေဆိုပြီးတိုင်း အမြဲမပြတ် တည်းခိုနေရာ ဖြစ်သည့်အတိုင်း တည်းခိုရန် ရောက်ရှိခိုက် ကြုံကြိုက်တွေ့ ဆုံကြရခြင်းဖြစ်ပါသည်။

ထို အရှင်နှင့် တွေ့လျှင်တွေ့ချင်း တစ်ဦးအပေါ် တစ်ဦး ချစ်ခင်မြတ်နိုးလေး စား ကြည်ညိုခဲ့ကြပါသည်။ ထို အရှင်၏ မြင့်မြတ်သော စိတ်နေစိတ်ထားသဘော ထားနှင့် သာသနာပြုစိတ်ဓာတ် အစဉ် ကိန်းဝပ်နေပုံများကိုလည်း သိရှိခဲ့ရပြီး၊ နောင်တစ်ချိန်တွင် ထင်ရှားသော ပုဂ္ဂိုလ် ကျော်တစ်ပါး ဖြစ်ပေလိမ့်မည် ဟု ယုံကြည်မိခဲ့သည်။ ကျောင်းပိတ်ရက်များအတွင်း ထိုအရှင်နှင့် ရန်ကုန်မြို့တွင် သွားသင့်၊ သွားထိုက်၊ ကြည့်သင့်ကြည့်ထိုက်သော အရပ်ဒေသ နေရာများနှင့် ဘုရားများသို့ ကြည့်ရှုဖူးမျှော်ခဲ့ကြပြီး ကျောင်းပိတ်ရက် များ မကုန်ဆုံးမီ ကိုယ့်နေရာဌာန အသီးသီးပြန်ခဲ့ကြပေမယ့် အချင်းချင်း စာအဆက်အသွယ် မပြတ်ခဲ့ကြပါ။

၁၃၃၅-ခုနှစ်၊ကဆုန်လပြည့်ကျော် ၆-ရက် (၂၂. ၅. ၁၉၇၃) ထိုအရှင်နှင့်အတူ မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက် ကြီးသို့ ပညာများ ဆက်လက်သင်ကြား နိုင်ရန် သင်္ဘော အတူစီး၍ နောက်တနေ့တွင် ရောက်ရှိနေထိုင်ကြကာ တစ်ဦးနှင့် တစ်ဦး အလွန်ရင်းနှီးလျက် လေးလေးစား စား တိုင်တိုင်ပင်ပင် နေထိုင်ခဲ့ကြပါသည်။ စာရေးသူသည် ၁၃၃၃-ခုနှစ်ကပင် ဓမ္မာစရိယစာမေးပွဲ သုံးကျမ်းလုံး အောင်မြင်ခဲ့၍ ပါဠိပါရဂူ၊ သက္ကဋ္ဌ၊ အင်္ဂလိပ် စာများသင်ရန် ရည်ရွယ်ချက်ဖြင့် ရောက်ရှိခဲ့သော်လည်း မူကြို၊မူလတန်းများကို စာပေပို့ချရင်း ပါဠိပါရဂူကျမ်းစာများ လေ့ကျင့်သင်ကြားခဲ့ရာ မျက်စိဝေဒနာကြောင့် ဝါတွင်း တစ်ကြိမ်ဝါပန်၍ ရန်ကုန်သို့ မျက်စိပြသရန် ရောက်ခဲ့ရပြီး မျက်စိဝေဒနာတိုးလာ၍ သီတင်းကျွတ်

လပြည့်ကျော် ၅-ရက် နေ့မှာပင် ကျောင်းတိုက်မှ ထွက်ခွာခဲ့ရာ ထို အရှင်နှင့်ကွဲကွာ သွားခဲ့ကြပါသည်။

ထိုအရှင်သည် ၁၃၄၃ခုနှစ် (၁၉၈၂) ခန့်မှ စာရေးသူ ထူထောင်ထားသော အောင်ဆန်းမြို့၊ အောင်ဆန်းတောရ စာသင်တိုက်သို့ ရောက်ရှိလာခဲ့၍ တဖန် ပြန်လည်တွေ့ဆုံခဲ့ကြရပါသည်။ ထို အရှင်မှာ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန် မြန်မာကျောင်းတိုက်ကြီးတွင် ဆရာတော်ဘဒ္ဒန္တ တိက္ခိန္ဒြိယ နှင့်အတူ သာသနာပြု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေ ကြောင်း သိရှိရပါသည်။ ထိုအရှင်၏ ယခင်မျော်မှန်းထားသော ဆန္ဒအတိုင်း ပြည့်စုံခဲ့သည်။ ပြည့်စုံအောင် အားထုတ်ခဲ့သည် ဟု ပင်ပြောရပါမည်။ "ဆန္ဒပြင်းပြသော ပုဂ္ဂိုလ်၏ ထိုဆန္ဒသည် မိမိ၏စိတ်ဆန္ဒအတိုင်း အရာရာကို ပြီးစီးအောင်မြင်နိုင်သည်" ဆိုသည့်အတိုင်း ထို အရှင်၏ ဆန္ဒသည် ပြည့်ဝခဲ့ပါသည်။

ထိုအရှင်၏ ပင့်လျှောက်ချက်အရ ၁၉၉၂-ခုနှစ်၊ ဒီဇင်ဘာလ ၂၆-ရက်နေ့တွင် မိဂဒါဝုန် မြန်မာကျောင်းတိုက်သို့ သာကေတမြို့ မင်္ဂလာ သီရိဆရာတော် ဘဒ္ဒန္တဣန္ဒာစာရ၊ ရွှေစာရုံ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တအရိယဝံသ ဆရာတော်များနှင့်အတူ ရောက်ရှိခဲ့ကြပါသည်။ ထိုစဉ်က ခရီးသွားလုပ်ငန်းများ မတွင်ကျယ်သေး၍ မဇ္ဈိမဒေသတွင် သာသနာပြုဆရာတော်များအား ဘောဇနသပ္ပါယ်၊ အာဝါသ သပ္ပါယ်၊ စားသောက်စရာ၊ နေထိုင်စရာများ ယခု စာရေးချိန် လောက် ပြည့်စုံလုံလောက်မှု မရှိသေးပါ။ ပင်ပန်းဆင်းရဲစွာဖြင့် သာသနာပြုနေကြရသော အခြိန်အခါ ဖြစ်ပါသည်။ မဇ္ဈိမဒေသရှိ ရောက်သင့် ရောက်ထိုက်သော နေရာဒေသများသို့ ထို အရှင် ကိုယ်တိုင်ပင် လိုက်ပို့ပေးခဲ့ပါသည်။ တချို့နေရာများသို့ တပည့်များအား လိုက်စေ၍ ပို့ပေးစေခဲ့ပါသည်။ ကာလကတ္တား လေဆိပ်အထိ အရှင်နန္ဒ (ယခုသင်္ဃနာယကဂိုဏ်) ဆရာတော်ကို လာကြိုစေခဲ့ပါသည်။

ကျောင်းတိုက်နှင့် အနီးဆုံး (ခြံစည်းရိုးသာခြားသည့်) ဓမ္မစက္ကပဝတ္တနသုတ်နှင့် အနတ္တလက္ခဏသုတ် ဟူသော တရားဦး ဟောကြားခဲ့ရာ သံယရတနာစတင်ပေါ်ထွန်းရာ၊ ဘုရားရှင်၏ ပထမဆုံး ဝါဆိုခဲ့ရာ နန္ဒိယကျောင်းတော်ရာ တည်ရှိရာ စသည့် ဌာနပေါင်းဆုံရာ တည်ရှိရာဌာနဖြစ်သည့် ဓမ္မစက္ကပဝတ္တနကုန်းသို့ ထိုစဉ်က အခမဲ့ ဝင်ရောက် ဖူးမျှော် ခွင့်ရရှိ၍ နေ့စဉ်ပင် သွားရောက်ကာ ဗုဒ္ဓါ နှုသတိဘာဝနာမျှား ပွားများခွင့် ရရှိခဲ့ကြပါသည်။ စာရေးသူတို့အဖွဲ့ ထိုအရှင်၏ ကျောင်းတိုက်တွင် နေစဉ်ကာလအတွင်း ထိုအရှင်၏ မျက်နှာမှာ အမြဲပင် ကြည်လင်သန့်ရှင်း ပြုံးရွှင်နေသည်ကို တွေ့မြင်နေ ရပါသည်။ စာရေးသူတို့အဖွဲ့အား မိတ်ဆွေကောင်း ပီသစွာဖြင့် ဆက်ဆံပြောဆို ကူညီ ထောက်ပံ့ကျွေးမွေး ပေးကမ်းလှူဒါန်း ခဲ့ပါသည်။ စာရေးသူတို့ အဖွဲ့လည်း သုံးလတာ ကာလကို စိတ် ချမ်းချမ်းသာသာဖြင့်ပင် ကုန်မှန်းမသိ ကုန်လွန်ခဲ့ကြရပါသည်။

ထိုစဉ်ကလည်း အရှင်၏ ဆက် လက် လုပ်ဆောင်ရန် မျော်မှန်းထားသည့် သာသနာပြုလုပ်ငန်းကြီးများကို သိရှိခဲ့ ရပါသည်။ စာရေးသူတို့အဖွဲ့သည် (၄. ၃. ၉၃) နေ့ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မှတစ်ဆင့် လေကြောင်း ခရီးဖြင့် ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ မိဂဒါဝုန်မြန်မာကျောင်းမှ စ၍ စာရေးသူတို့ အဖွဲ့အား တကာကြီး ဦးညို၊ ဦးဓမ္မာနန္ဒတို့က ရန်ကုန်ရောက် သည်အထိ ဦးဆောင် ခေါ်ယူခဲ့ကြပါသည်။

လောကမှာ ပုဂ္ဂိုလ်နှစ်ဦး သုံးဦး အတူနေလျှင်ပင် ထိုသူနှစ်ဦး သုံးဦးတို့ စိတ်ဆန္ဒသည် တူညီမှုနိုင်ရန် အလွန်ပင် ခဲယဉ်းလှပါ၏။ တစ်မျိုးတစ်ခြားစီ ဖြစ်ကြပါ သည်။ နာနာဆန္ဒ၊ နာနာအလ္လာသယ၊ တစ်ဦးဆန္ဒနှင့် တစ်ဦးဆန္ဒ တစ်ဦးအလိုနှင့် တစ်ဦးအလို တို့မှာ မတူညီကြပါ။ သဒ္ဓါ၊ စေတနာ၊ မေတ္တာ၊ တရားကိန်းဝပ်တည်လျက် သာသနာပြု စိတ်ဓာတ် စိတ်ထားဖြင့် မြင့်မြတ်သော အလိုအလ္လာသယ ရှိသူများမှသာ လျှင် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း ၊ အသင့်အတင့် နှုတ်ဆွေးနွေးနိုင် ခြင်းများ ဖြစ်နိုင်ပါသည်။

'နာနာကုလာ ပဗ္ဗဇိတာ' ဒေသနာအရ အမျိုးအနွယ် ချမ်းသာဆင်းရဲ၊အနိမ့်အမြင့်ပေါင်းစုံမှ သာသနာအတွင်းသို့ ဝင်လာကြသော ပုဂ္ဂိုလ်အသီးသီးတို့သည် ငါဘုရား၏ သာသနာတွင်းသို့ ဝင်ရောက်လာလျှင် ရဟန်းပြုလာလျှင်၊ ငါဘုရား၏ သားတော်ချည်းပင်၊ အမျိုးအနွယ် အနိမ့်၊အမြင့် ကွဲပြား ခြားနားမှု မရှိတော့ပါ။ ထိုစကားတော်ကို နှုတ်မူကြ လျက် ပြည်တွင်း ပြည်ပ သာသနာပြု ရဟန်းရှင်လူပုဂ္ဂိုလ်တိုင်း၊ အကြီးအကဲ လုပ်လိုသူတိုင်း လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဆင်းရဲချမ်း သာ၊ အနိမ့်အမြင့် ရှေ့တန်းမတင်ကြဘဲ ခွဲခြားမှု မထားကြဘဲ ကြည်လင်သန့်ရှင်းမြင့်မြတ်သော သာသနာပြုစိတ်ဓာတ်ဖြင့် ဆက်ဆံပြောဆို နေထိုင် ဆောင်ရွက်ကြလျှင် မိမိ၏ လုပ်ငန်း တိုးတက်ကြီးပွား အောင်မြင်ကြမည်သာ ဖြစ်သည်။ ကောင်း မြတ်သောဘဝတစ်ခုကို အလွန်ရနိုင်ခဲပါသည်။ ရပြန်သော်လည်း အလွန်တိုတောင်းလှပါသည်။ ရနိုင်ခဲလှသည့်၊ တို တောင်းလွန်းလှသည့် ထိုဘဝတစ်ခုအတွက် အမည်းစက် မထင်စေဘဲ အနှစ်သာရပြည့်ပြည့်ဝဝဖြင့် သက်တမ်းတစ်ခု

ဘဝတစ်ခု ကုန်ဆုံးသွားလျှင် လူ့ဘဝ ရဟန်းဘဝ ဖြစ်ရကျိုး နပ်ကြမည်သာ ဖြစ်သည်။ ထိုအရှင်၏ စိတ်ဓာတ်အစဉ်သည် လည်း မိမိကျောင်းတိုက်သို့ ရောက်ရှိလာသော ရဟန်း ရှင်လူ ပုဂ္ဂိုလ်များအား လူမျိုး ဘာသာ၊ ဆင်းရဲချမ်းသာ၊ အနိမ့်အမြင့် မရွေးချယ်ဘဲ၊ စေတနာ၊ သဒ္ဓါ၊ မေတ္တာအပြည့်အဝဖြင့် ကူညီစောင့်ရှောက်ဆောင်ရွက်ပေးလျက် သာသနာပြုလုပ်ငန်း ဆောင်ရွက်သူတို့ လမ်းစဉ်အတိုင်း နေထိုင်ကျင့်သုံးလာ၍ ယခု ဆိုလျှင် ကျောင်းတိုက်ကြီး တိုးတက်စည်ပင်လျက် ဆရာတော် ဘဒ္ဒန္တစန္ဒြမဏိ၏ ရုပ်တုတော်နှင့်တကွ ရာပြည့်အထိမ်းအမှတ် ကျောက်စာတော် ဖွင့်ပွဲတို့ကိုလည်း နှစ်တစ်ရာပြည့်အထိမ်း အမှတ် ဖွင့်ပွဲကြီးနှင့်အတူ စည်ကားသိုက်မြိုက် ကြီးကျယ် ခမ်းနားစွာ ကျင်းပ ဆင်နွှဲနိုင်ခြင်းပင် ဖြစ်ပါသည်။ (ကျောက်စာ တော်မှာ ပါဠိ၊ မြန်မာ၊ ဟိန္ဒူ။ အင်္ဂလိပ် လေးဘာသာဖြင့် ရေးသားထားပါသည်။)

မိဂဒါဝုန်မြန်မာကျောင်းတော်ကြီး၏ နှစ်တစ်ရာပြည့် ပွဲတော်ကြီးသို့ ကိုယ်တိုင်တက်ရောက်နိုင်ခဲ့၍ ယခင် ၁၉၉၂ခုနှစ် က ရောက်ခဲ့စဉ်နှင့်မတူ တစ်မူထူးခြားလျက် ကျောင်းတိုက်ကြီး အတွင်း အဆောက်အအုံများ ပြည့်ကြပ်လျက် စည်ပင်တိုး တက် သန့်ရှင်းနေသည်ကို တွေ့ရှိရကာ အထူးပင် ဝမ်းမြောက် ကြည်နူး ဂုဏ်ယူမိပါသည်။ ဤကဲ့သို့ တိုးတက်အောင်မြင်နေ ခြင်းသည် မိမိ၏လုပ်ဆောင်ချက်မှန်ကန်ပြီး မိမိကို အားထားမှီခို ရောက်လာကြသော ရဟန်း၊ ရှင်၊ လူ ၇-ရက်သား သမီးများ အပေါ်၌ စေတနာ၊သဒ္ဓါ၊ မေတ္တာ၊ တရားများ အပြည့်အဝ ဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်နိုင်၍ စည်ပင်တိုးတက် အောင်မြင် နေရခြင်းဖြစ်ပါသည်။

အရှင်ဝဏ္ဏဓဇသည် မိမိ သိတင်းသုံးနေထိုင်ရာ မိဂဒါ ဝုန် မြန်မာကျောင်းတိုက်ကြီးကိုသာ စည်ပင်တိုးတက်အောင် ဆောင်ရွက်နေသူမဟုတ် အခြားအခြားသောလုပ်ငန်း ကျောင်း တိုက်များကိုလည်း ကိုယ်အား ဉာဏ်အား ဓနအား တို့ဖြင့် ဦးဆောင်လမ်းပြညွှန်ကြားလျက် တိုးတက်စည်ပင်အောင် ဆောင်ရွက်ပေးတော်မူပါသေးသည်။

(၁) ၂၀၀၀-ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏဓဇ သည် မြတ်စွာဘုရားရှင်၏ခုနစ်ဝါမြောက် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်များ ဟောကြားတော်မူပြီး တာဝတိံ သာနတ်ပြည်မှ ဆင်းသက်ကြွမြန်းတော်မူရာ သင်္ကဿနဂိုရ် အရပ်၌ သင်္ကနိမ္မိတာရုံမြန်မာကျောင်းတိုက်ကို တည်ထောင် ပေးခဲ့သည်။

ဆန္ဒပြင်းပြသော ပုဂ္ဂိုလ်၏ ထိုဆန္ဒသည် မိမိ၏စိတ်ဆန္ဒအတိုင်း အရာရာကို ပြီးစီးအောင်မြင်နိုင်သည် ဆိုသည့်အတိုင်း ထို အရှင်၏ ဆန္ဒသည် ပြည့်ဝခဲ့ပါသည်။

(၂) ၂၀၀၁-ခုနှစ်တွင် ဆရာတော် ဘဒ္ဒန္တ စန္ဒြမဏိ ဖောင်ဒေးရှင်းကိုတည်ထောင်ဖွဲ့စည်းခဲ့ပြီး ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြမဏိ အထိမ်းအမှတ် အထက်တန်း ကျောင်းသစ်ကြီးကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဤကျောင်း၌ ယခုအခါ ကျောင်းသား/သူပေါင်း ၉၀၀-ခန့်ပညာသင်ကြားလျက် ရှိပါ သည်။ ဆရာတော်ဘုရားကြီး၏ ကျေးဇူးကို ပြန်လည်ပေးဆပ် ခြင်း ကတညျတ ကတဝေဒီ မင်္ဂလာပင် ဖြစ်ပါသည်။

(၃) ၂၀၀၂-ခုနှစ်တွင် ဝေဿလီဒေသ၌ တစ်ကော ကျော်ခန့်ရှိ မြေလွတ်ကိုဝယ်ယူ၍ ကူဋာဂါရ ဝိဟာရ (စုလစ် မွန်ချွန်ပြာသာဒ် အထွတ်တင်ကျောင်း) တည်ဆောက်ပေး သည်။ ယခုလည်း လိုအပ်သည့် သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ အုတ်တံတိုင်း စသည်များကို ဆရာတော်မှပင် အလှူခံပေးပြီး လမ်းညွှန် စီစဉ်ပေးလျက်ရှိပါသည်။

(၄) ၂၀၀၃-ခု နှစ်တွင် မိဂဒါဝုန်ကျောင်း ပြတိုက်မှ Munari အရပ်ထိ(၈)ကီလိုမီတာ ရှည်လျားသော လမ်းကို Chandramani Road (ဦးစန္ဒြမဏိလမ်း)အမည်ဖြင့် ပြောင်းလဲ သတ်မှတ်ပွဲကို ခရိုင်ဝန်ကိုယ်တိုင် ကြွရောက်ကာဖွင့်လှစ်ပေး ခဲ့ပါသည်။

(၅) မိမိ၏ ဇာတိဒေသ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကြံတောရွာ၌ အလယ်တန်းကျောင်း ဆောင်တစ်ခုကို ၁၉၉၇-ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့ပြီး သက်ဆိုင်ရာ ပညာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ကာ ပညာပါရမီ ကုသိုလ်ကြီး ကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

(၆) ပရဒေသီ သံဃနာယက အဖွဲ့ အကျိုးတော် ဆောင်အဖြစ်လည်း ဆောင်ရွက်တော်မူဆဲ ဖြစ်ပါသည်။

ဤကဲ့သို့ အမျိုးဘာသာသာ သနာ အကျိုးများကို ဆောင်ရွက် တော်မူခဲ့၍ ဆရာတော်အရှင် ဝဏ္ဏဓဇ အား ၁၉၉၇-ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဦမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၃၆၉ (၂၀၀၈)ခုနှစ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နှစ်တစ်ရာပြည့် ပွဲတော်နှင့် ကြုံကြိုက်သည့်ကာလတွင် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ဟု ဆိုရလောက်အောင် တိုက်ဆိုင်လျက် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ် လှူဒါန်းခြင်းခံခဲ့ ရပါသည်။

စိတ်ကောင်း စေတနာကောင်းထားပြီး အများအကျိုး သယ်ပိုး ရွက်ဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်တိုင်းမှာ ဤသို့အကျိုးထူး ဘွဲ့ထူးဂုဏ်ထူးများကို ရရှိကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုကဲ့သော အများအကျိုး ဆောင်ရွက်ပေးကြရာ၌ မိမိဆန္ဒနှင့် မကိုက်ညီသူများ၏ ဝေဖန်ကဲ့ရဲ့ပြစ်တင် ခြင်းများကို အနည်းအများခံကြရ ကြုံတွေ့ကြရမည်သာဖြစ်ပါသည်။ ထို ဝေဖန်ခြင်း၊ကဲ့ရဲ့ပြစ်တင်ခြင်းများကို မိမိ၏ စိတ်မာတ်အစဉ်တွင် စေတနာ၊ သဒ္ဓါ၊ မေတ္တာ၊ ဝီရိယအပြည့်အဝ ကိန်းဝပ်ခြင်းဖြင့် ဆောင်ရွက်ကြလျှင် အတ္တဟိတ ပရဟိတ အကျိုးနှစ်ဝကို ဆောင်ရွက်ပြီးမြောက် အောင်မြင်နိုင်ကြမည်သာဖြစ်ပါသည်။

သာသနာပြုလိုသော ပုဂ္ဂိုလ်တိုင်း၏ စိတ်မာတ်အစဉ်တွင် ထာဝရကိန်းဝပ်ထားရန် သြဝါဒများ တစ်ဆင့် လက်ဆင့်ကမ်းလိုက်ပါမည်။

- စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ။ (မဟာစည်ဆရာတော်)
- အများအကျိုး ရွက်သယ်ပိုးက၊ ခနိုးခနဲဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။ (ရွှေဟင်္သာဆရာတော်)

သြဝါဒနိဿိတ

သပရတ္ထံ စရေ ဓီရော၊ အသက္ကောန္တော သကံ စရေ။
တမွိစေဝ အသက္ကောန္တော၊ ပါပတ္တာနံ ဝိဝဇ္ဇယေ။

ဉာဏ်ပညာကြီးမားသူနှင့် လုံ့လဝီရိယ ထက်သန်သူတို့သည် ဓိရပုဂ္ဂိုလ်များ ဖြစ်ကြကုန်၏။ (တစ်နည်းအားဖြင့်) အသိပညာရှင်တို့နှင့် စွမ်းအားရှင်တို့သည် ဓိရပုဂ္ဂိုလ်များဖြစ်ကြကုန်၏။

ဓိရမည်သောပညာရှင်၊ စွမ်းအားရှင်တို့၏ လုပ်ငန်းလမ်းစဉ်တို့သည်-

(က) မိမိ၏အကျိုးစီးပွား(အတ္တဟိတ)နှင့် အများ၏ အကျိုးစီးပွား(ပရဟိတ)တို့ကို တိုးတက်အောင် အားထုတ်ကြကုန်၏။

(ခ) အခြေအနေမပေး၍ (ပရဟိတ)အများအကျိုးကို အားထုတ်ခွင့်မရရှိခဲ့လျှင် (ဝါ)အားထုတ်မှု မပြုနိုင်ခဲ့လျှင် အတ္တဟိတ တိုးပွားအောင် အားထုတ်ကုန်ရာ၏။

(ဂ) အခြေအနေအရ အကြောင်း မကိုက်ညီ မတိုက်ဆိုင်သည် ဖြစ်၍ (အတ္တဟိတ၊ပရဟိတ) နှစ်မျိုးစုံတို့ကို အားမထုတ်နိုင်ခဲ့လျှင်(ဝါ)အားထုတ်ခွင့် မကြုံကြိုက်ခဲ့လျှင်မကောင်းမှု အကုသိုလ်တရားများကို အထူးပင်သတိပြု၍ ရှောင်ကြဉ်ကြကုန်ရာ၏။ . . . ဟူသော ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ဒုတိယစံကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏ မဟာထေရ်မြတ်၏ သြဝါဒနီတိအရ-

(၁) အတ္တဟိတ၊ပရဟိတ နှစ်မျိုးလုံးကိုဖြည့်စွမ်းနိုင်သော ပထမတန်းဓိရ။

(၂) အတ္တဟိတ တစ်မျိုးတည်းကိုသာ ဖြည့်စွမ်းနိုင်သော ဒုတိယတန်းစားဓိရ။

(၃) အတ္တဟိတ၊ပရဟိတနှစ်မျိုးလုံးကို မဖြည့်စွမ်းနိုင်သည်ဖြစ်၍ အကုသိုလ်တရား မဖြစ်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်လာသော တတိယတန်းစားဓိရ ဟူသော ဒုတိယစံကျောင်း ဆရာတော် ဘုရား၏သြဝါဒများကို မိမိတို့၏စိတ်အစဉ်မှာ ထာဝစဉ်ကိန်းဝပ်ကြလျက် ပထမတန်းစား ဓိရပုဂ္ဂိုလ်များ ဖြစ်အောင်နေထိုင်လုပ်ဆောင်ကြကာ မှန်ကန်သော သာသနာပြုစိတ်မာတ် ကိန်းဝပ်ပြည့်ဝစွာဖြင့် ကျောင်းတိုက်ကြီးစည်ပင် တိုးတက်အောင် အစဉ်ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပြီး သာသနာပြုကြမည် ဆိုလျှင် မိဂဒါဝုန် မြန်မာကျောင်းတိုက်ကြီးသည် နှစ် ရာ ထောင် သိန်း သန်းမကမြတ်ဗုဒ္ဓသာသနာတော် တည်ရှိသမျှ ကာလပတ်လုံး ထာဝစဉ်တည်တံ့သွားမည်သာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

အရှင်သဇာတ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)
ခေတ္တ ဗာရာဏသီမြို့ (၁၄ - ၃- ၂၀၀၈)

မိဂဒါဝုန်မှ ဗုဒ္ဓသာသနာပြုဆရာတော် ဦးဝဏ္ဏဓဇ

ဦးဘသွင်

ဗုဒ္ဓရှင်တော်မြတ်ဘုရား တရားဦးဟောကြားတော်မူရာ၊ ဘိက္ခုသံဃာ စတင်တည်ထောင်တော်မူရာ၊ ဗုဒ္ဓဘာသာဝင်တို့ သွားရောက်ပူဇော်ဖူးမြော်ထိုက်ရာ၊ သားသမင်တို့အား ဘေးမဲ့ပေးရာ၊ မိဂဒါဝုန်၌ရှိသော ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏဓဇ၏ သက်တော် (၆၀) ပြည့်နှေ့ကို ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ပါသည်။

ဆရာတော် ဦးဝဏ္ဏဓဇသည် မိဂဒါဝုန်ကျောင်းတိုက်၏ စတုတ္ထမြောက် ကျောင်းထိုင်ဆရာတော်ဖြစ်သည်။ ပဌမစတင်တည်ထောင်ခဲ့သည့် ကျောင်းထိုင်ဆရာတော်မှာ ကျေးဇူးရှင် ကုသိနာရုံဆရာတော် ဦးစန္ဒိမဏိဖြစ်သည်။ ဤနေရာ၌ ဦးစန္ဒိမဏိဆရာတော်ကြီး၏ ကျေးဇူးတော်အနန္တကို ဖော်ပြပူဇော်ရပါမည်။ ဆရာတော်ကြီးသည် သက်တော်ငယ်စဉ် ရှင်ဘဝကပင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိပြီး ဘဝနတ်ထံ စံလွန်တော်မူသည့် အသက် (၉၇) နှစ်တိုင် နေထိုင်ပြီး ဗုဒ္ဓသာသနာတော်ကို ထုတ်ဖော်ပြုစု တည်တံ့ခိုင်မြဲ တိုးတက်အောင် ဆောင်ရွက်တော်မူခဲ့ပါသည်။ ပျက်စီးယိုယွင်း ပျောက်ကွယ်လုဆဲဖြစ်သော သာသနိက နေရာဌာနများကို ထုတ်ဖော်ပြင်ဆင် တည်တံ့ခိုင်မြဲစေပြီး ဗုဒ္ဓဘာသာဝင်များ စီမံခန့်ခွဲ လုပ်ဆောင်နိုင်အောင် ဆောင်ရွက်ခြင်း အထူးသဖြင့် ဗုဒ္ဓဂယာမှ စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံ နေရာဌာနများကို ဗုဒ္ဓဘာသာများလက်သို့ ရောက်အောင် သီရိလင်္ကာမှ အနာဂါရိက ဓမ္မပါလ သူတော်စင်ကြီးနှင့်အတူ ကြိုးစားဆောင်ရွက်တော်မူခြင်း၊ ထောင်သောင်းသိန်းရှိသော အိန္ဒိယလူမျိုးများကို ဗုဒ္ဓဘာသာအဖြစ် ခံယူစေခြင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း စသည့်လုပ်ငန်းများကို အခက်အခဲပေါင်းများစွာ ဖြတ်ကျော်၍ ဆောင်ရွက်တော်မူခဲ့ရပါသည်။ မိဂဒါဝုန်ကို အိန္ဒိယအစိုးရက ရှေးဟောင်းသုတေသန ဌာနအဖြစ် ကြေငြာခြင်းမပြုမီ အချိန်မီ ဓမ္မဓဇတိတော်ရာဟောင်းအနီး မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ဆောက်နိုင်ခဲ့ပါသည်။ ၁၉၀၈-ခုနှစ်က တည်ထောင်ခဲ့သော မိဂဒါဝုန်မြန်မာကျောင်းသည် နှစ်တစ်ရာ ပြည့်ပါပြီ။

ဒုတိယမြောက် ကျောင်းထိုင်ဆရာတော်ကား ဆရာတော်ကြီး၏ တူရင်းဖြစ်သော ဆရာတော် ဦးကိတ္တိမာဖြစ်သည်။ ဦးရီးတော် ဆရာတော်ဘုရားကြီး၏ ကျောင်း၊ သိမ်၊ တည်းခိုဆောင် စသည့် လုပ်ငန်းများကို ပြီးပြတ်အောင် ဆောင်ရွက်တော်မူပါသည်။ တတိယကျောင်းထိုင်ဆရာတော်မှာ ဦးတိက္ခိန္ဒြိယ ဖြစ်သည်။ ပဌမဆရာတော်ကြီး ချမှတ်ခဲ့သော လုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်၍ လက်ဆင့်ကမ်း ပေးနိုင်ခဲ့သော ကျေးဇူးကြီးမားသည့် ဆရာတော်ကြီးများဖြစ်ကြောင်း ဖော်ပြရပါသည်။

မိဂဒါဝုန်ကျောင်းတိုက်၏ ယခုလက်ရှိ ဆရာတော်မှာ ဦးဝဏ္ဏဓဇဖြစ်ပြီး ၁၉၈၇-ခုနှစ်မှ စ၍၊ ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံသီတင်းသုံး နေထိုင်တော်မူပါသည်။ ဗုဒ္ဓဂယာသို့ ဘုရားဖူး မရောက်မီက ဆရာတော်ဦးဝဏ္ဏဓဇကို ဖူးတွေ့သိမြင်ဘူးခြင်း မရှိပါ။ ညီမဖြစ်သူ စက်မှုဝန်ကြီးဌာနမှ ဒေါ်ခင်ခင်အိ +ဦးမြသိန်းတို့ကမူ ဆရာတော်နှင့် မောင်ရင်းနှမ ညီရင်းအစ်ကိုတမျှ ရင်းနှီး၍ သူတို့၏အစီအစဉ်ဖြင့် ဘုရားဖူးသွားရပြီး ဆရာတော်နှင့် ရင်းနှီးစွာ တွေ့ဆုံခွင့်ရခဲ့ပါ သည်။ ဘန်ကောက်မှတစ်ဆင့် ကာလကတ္တားသို့ လေယာဉ် ဖြင့် သွားရောက်ပြီး မီးရထားဖြင့် ဗာရာဏသီသို့ ခရီးဆက်ရပါသည်။ နံနက် (၁၀) နာရီရောက်၍ ဘူတာရုံတွင် 'အစားအသောက် စီစဉ်ထားပါသည်။ ကျောင်းသို့ တိုက်ရိုက်လာခဲ့ပါ' ဟူသော စာနှင့် ဧည့်ကြိုကို တွေ့ရသဖြင့် များစွာဝမ်းမြောက်အားတက်သွားပါသည်။ ကာလကတ္တား၊ နယူးဒေလီ၊ ကရာချီ စသည့် လေဆိပ်များတွင်ခေတ္တခဏ ခြေချဘူးသော် လည်း ပြည်တွင်းမရောက်ဘူးသဖြင့် အသစ်အဆန်းဖြစ်နေ သည်။ သို့ဖြင့် မိဂဒါဝုန်ကျောင်းသို့ ရောက်သွားပါသည်။

ဦးမြထွန်း တည်းခိုဆောင်တွင် နေရာရပြီး ဆရာ တော်ကျေးဇူးသော နံနက်စာ စားကြရပါသည်။ စားသောက်ပြီး ဆရာတော်ကို ဖူးမြော်ကန်တော့ကြသည်။ ၁၉၉၃-ခု၊ အောက်တိုဘာလ (၁၀) ရက်နေ့ဖြစ်သည်။ ဆရာတော်ကို ပဌမအကြိမ် ဖူးမြင်ရခြင်းဖြစ်သည်။ ဥပဓိရုပ်သဖွယ်၍ ကြည်လင်အေးချမ်း

မှုရှိ၏။ အပြောချိုသာ၍ သိမ်မွေ့နူးညံ့၏။အသက်အရွယ်ငယ်၍ ကြီးမားသော သာသနာ့ဝန်ထမ်းဆောင်နေသည်မှာ သက်သောင့်သက်သာ ဆောင်ရွက်နိုင်ပုံရ၏။ ရက်ပိုင်းအတွင်း ရန်ကုန်သို့ သာသနာ့အစည်းအဝေးတက်ရန် ပြင်ဆင်နေခြင်းဖြစ်သော်လည်း ကျွန်တော်တို့ ဘုရားဖူးအစီအစဉ်ကို ရေးဆွဲပေး၏။ သွားရမည့်နေရာ၊နားရမည့်အရပ်၊ညအိပ်ရမည့် ဌာနကို တိတိကျကျစီစဉ်ပေး၏။ 'သူတို့ရဲ့ အစာတွေ စားနိုင်မယ်မဟုတ်ဘူး' ဆိုပြီး လမ်းမှာစားရန် နံနက်စာကို ချိုင့်ဖြင့် ထည့်ပေးလိုက်၏။ ဆရာတော်၏ မော်တော်ကား အမ်ဘဆေးဒါး ကားဖြူလေးကိုလည်း ယာဉ်မောင်းနှင့်အတူ သုံးခွင့်ပြု၏။ ဘုရားဖူးလမ်းညွှန်အဖြစ် လက်ထောက်ဦးပဉ္စင်းကိုလည်း တပါတည်းလိုက်ပါစေသည်။ ဘုရားဖူးသွားလိုသည့် နေရာကလည်းများ၏။ ညအိပ်နေနိုင်သည့်ရက်ကလည်းနည်း၏။ ဗုဒ္ဓဂယာ၊ နာလန္ဒာ၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ စသည့် သံဝေဇနိယ လေးဌာနကို ဆရာတော်၏ ကျေးဇူးတော်အနန္တဖြင့် အနှံ့သွားရောက် ဖူးမြော်နိုင်ခဲ့သည်။

ထိုနှစ် ထိုအချိန် ထိုကာလက ယခုအခါ ဘုရားဖူးသွားကြသလို အစုလိုက် အဖွဲ့လိုက်အစီအစဉ်ဖြင့် သွားခြင်းအလွန်နည်းပါသေးသည်။ တည်းခိုရန် ကျောင်း နေရာထိုင်ခင်း ပေါများ၍ ဆိတ်ငြိမ်လှပါသည်။ ရှေးခေတ်ဟောင်း၏ နောက်ပိုင်းအချိန်ကာလတွင် ဘုရားဖူးရောက်ရသည်ဟု ဆိုချင်ပါသည်။ သို့သော် မိဂဒါဝုန် ဗုဒ္ဓဂယာကဲ့သို့ နေရာဌာနများမှာ ဘုရားဖူးပြတ်သည် ပါးသည်ဟု မဆိုသာပါ။ အိန္ဒိယနိုင်ငံသို့ ရောက်သည့် ဗုဒ္ဓဘာသာ မြန်မာများမှာ အထူးအစီအစဉ်ဖြင့် သွားရမည့် သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ မသွားနိုင်သည်သာရှိရမည်၊ မိဂဒါဝုန်နှင့် ဗုဒ္ဓဂယာသို့ ရောက်ကြသည်သာ ဖြစ်သည်။ ထို့ကြောင့် မိဂဒါဝုန် ဆရာတော်မှာ ဘုရားဖူးဧည့်မပြတ်မလပ် ရှိနေသည်သာ ဖြစ်သည်။ ဆရာတော့်အနေဖြင့် ဧည့်ဝတ်ပြုရ စီစဉ်ပေးရနိုင်ငံတော်က ပင့်ဖိတ်သော သာသနာရေးဆိုင်ရာ အစည်းအဝေးတက်ရ၊ အကျိုးဆောင်အဖြစ် ဆောင်ရွက်ရနှင့် အားလပ်သည်ဟူ၍ မရှိနိုင်ပါ။မိဂဒါဝုန်သည် မဇ္ဈိမဒေသဘုရားဖူးဌာန၏ အဓိက ဝင်ပေါက်ကြီးဖြစ်ပါတော့သည်။

ဆရာတော်ဦးဝဏ္ဏဓဇသည် ကျေးဇူးရှင် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယ၊ ကုသိနာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဦးဉာဏိသရထေရ်မြတ်တို့၏ ခိုးမြောက်မှုဖြင့် ဓမ္မစက္ကဝိဟာရ မိဂဒါ ဝုန်ကျောင်းတိုက်တွင် ၁၉၈၇-ခု၊ဇူလိုင်လ်မှစ၍ ပမာန နာယကဆရာတော်အဖြစ် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ တာဝန်ယူ လက်ခံတော်မူစဉ်က ကျောင်းတိုက်အတွင်း ဓမ္မစက္ကဝိဟာရကျောင်း၊ သဒ္ဓမ္မရံသီ ပိဋကစာကြည့်တိုက်၊ မဟာဝိဇ်တာဝီသိမ်တော်၊ ဦးမြထွန်းဘုရားဖူးတည်းခိုဆောင်စသည်များသာ ရှိနေသည်ဟုဆိုရပါမည်။ ယင်းအဆောက်အအုံများကို ဆရာတော်ဦးဝဏ္ဏာဓဇက သေသပ်ခိုင်ခဲ့အောင်၊ လှပတင့်တယ်အောင်၊ ခေတ်မီနည်းစနစ် အဆင်အပြင်များဖြင့် ပြုစုမွမ်းမံပါသည်။ ယခုအခါ လှပခိုင်ခဲ့သော ပြာသာဒ်အမိုးများဖြင့် တွေ့မြင်နိုင်ပါသည်။ ဆက်လက်၍ အလှူရှင်ဒါယကာ၊ ဒါယိကာမများကို ဦးဆောင်ပြီး တိုးချဲ့ဆောက်လုပ်လာရာ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်၊ နှစ်တစ်ရာပြည့် (၁၉၀၈-၂၀၀၈)အချိန်တွင် နီပေါကျောင်းဆောင်သစ်၊ ကျောင်းအဝင် ပြာသာဒ်မုခ်ဦး၊ မိဂဒါဝုန်ဘက်မှအဝင်မုခ်ဦး (၁၉၉၃-ခုနှစ်က ခြံစည်းရိုးတံခါးသာရှိသည်)၊ စွန်းလွန်းဓမ္မဝိဟာရ၊ ဦးစန္ဒြမဏိ တည်းခိုဆောင် ဆရာတော်ကြီးရုပ်တု၊ ဓမ္မစက္က ရာဇမုနိဆုတောင်းပြည့်ဘုရား၊ သုဝဏ္ဏသာမ ဓမ္မဗိမာန်ဓမ္မာရုံ၊ ကမ္မဋ္ဌာန်းကျောင်းဆောင်၊ ငြိမ်းချမ်းရေးခေါင်းလောင်း၊ ကြေးခေါင်းလောင်း စသည်ဖြင့် များစွာတိုးတက်လာပါသည်။ ကျောင်းမျက်နှာစာ လမ်းမကိုလည်း 'ဦးစန္ဒြမဏိလမ်း' ဟု ဆရာတော်ကြီးကို ပူဇော်ဂုဏ်ပြု အမည်ဖြင့် သမုတ်နိုင်ခဲ့ပါသည်။ ဤတိုးတက်မှုများကား မိဂဒါဝုန်ကျောင်း နှစ်တစ်ရာပြည့်တွင် တိုးတက်ဖြစ်ပေါ်လာသည်များကို အကျဉ်းချုပ် ဖော်ပြခြင်းဖြစ်ပါသည်။ ပြည်တွင်း ပြည်ပ စေတနာရှင်အပေါင်းတို့၏ မွန်မြတ်သော အလှူဒါန ကုသိုလ်အစုစုကို ရိုသေလေးမြတ်စွာ သာဓုအနုမောဒနာ ပြုလိုက်ပါသည်။ မိဂဒါဝုန်ကျောင်းတိုက်၏ တိုးတက်မှု အစုစုတို့ကို ဦးစီးဆောင်ရွက်တော်မူသော ပမာန နာယကဆရာတော် ဦးဝဏ္ဏဓဇကို နိုင်ငံတော်အစိုးရက ထိုက်ထိုက်တန်တန် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ချီးမြှင့်ပူဇော်ခြင်းကိုလည်း နှစ်ထောင်းအားရ ဝမ်းမြောက်လှစွာ သာဓုခေါ်ပါသည်။

ဆရာတော်ဦးဝဏ္ဏာဓဇကဲ့သို့ ဆွေမျိုး မိဖ နေရာဌာန မိတ်ဆွေသင်္ဃာတို့ကို ခွဲခွာ၍ နိုင်ငံရပ်ခြား အထူးသဖြင့် အိန္ဒိယနိုင်ငံ၌ သီတင်းသုံးနေထိုင်ပြီး ဗုဒ္ဓသာသနာတော်ကြီးကို တည်တံ့ခိုင်မြဲ ကြီးပွားတိုးတက် စည်ပင်ပြန့်ပွားအောင် ဆောင်ရွက်တော်မူကြသော ရဟန်းရှင်လူ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ကို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုး

ပူဇော်ကန်တော့ပါ၏။ သက်တော်ရာကျော်ရှည်ပါစေကြောင်း - ဘေးရန်ကင်းပါစေ။
ဆုတောင်းပါသည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် - စိတ်ဆင်းရဲကင်းပါစေ။
ဦးဝဏ္ဏဓဇသည် (၁၆-၁၁-၂၀၀၉)တွင် သက်တော်(၆၀) ပြည့် - ကိုယ်ဆင်းရဲကင်းပါစေ။
ပါမည်။ ဆရာတော်အား သက်တော်ရာကျော်ရှည်ပါစေ၊ ဘုန်း - ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာနှင့်။
တန်ခိုးတေဇော်အာနုဘော်ကြီးမားပါစေ၊ ကိုယ်စိတ်နှစ် ဖြာ - ဆရာတော့် ခန္ဓာဝန်ကို
ချမ်းသာပါစေ ဟုဆုတောင်းပါသည်။ ကျွန်တော်တို့ - သာသနာ့ဝန်ကို
ပူဇော်နေကျ ဆိုရိုးလေးဖြင့် မေတ္တာပို့ နိဂုံးချုပ်အပ်ပါသည်။ - လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ။
ဆရာတော်- - သာဓု၊ သာဓု၊ သာဓု ။

ဦးဘသွင် သစ်တောဌာနယွန်ကြားရေးမှူးချုပ်(ငြိမ်း)

'မိဂဒါဝုန်မြန်မာကျောင်း' နှစ်တစ်ရာပြည့်ပွဲတော်
ဗာရာဏသီမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ ရှစ်လုံးဖွဲ့

၁။ သံဝေဇနိယ၊ ဌာနအပါ၊
အဝိဇဟိတ၊ ဒေသမှန်စွာ၊
ဓမ္မတရား၊ ဟောကြားမြတ်စွာ၊
သာတင့်မော၊ သည်တောမိဂဒါ။

၂။ သားသမင်တဲ့၊ ဘေးမဲ့ပေးရာ၊
ရဟန္တာများ၊ ထင်ရှားသက်ရာ၊
နေရာတော်မြတ်၊ ထူးလတ်ဒေသာ၊
ဝနာတော၊ သာမောမိဂဒါ။

၃။ အယုတ်တရား၊ နှစ်ပါးပယ်ခွါ၊
သစ္စာလေးပါး၊ မှတ်သားလိုက်နာ၊
အလယ်လမ်းမှ၊ လှမ်းကြစေရာ၊
မဂ်တရား၊ ထင်ရှားထိုရှစ်ဖြာ။

၄။ ဓမ္မတရား၊ ထင်ရှားပေါ်ပြီ၊
ပဋ္ဌဝဂ်ိများ၊ ဖြစ်ပွားစုံညီ၊
သံဃာရှင်မြတ်၊ ပွင့်လတ်ချိန်မီ၊
သည်အရပ်၊ ထူးမြတ်ပါတော့သည်။

၅။ တရားဓမ္မ၊ သံဃာ့စုံညီ၊
စသည်ပေါ် ပေါက်၊ ထွန်းတောက်ခဲ့ပြီ၊
နေရာမြတ်မို့၊ ဆည်းကပ်ပါမည်၊
အရှည်တွေး၊ လေးစားပူဇော်သည်။

၆။ သုဝဏ္ဏာသာမ၊ မိဘနှစ်ဖြာ၊
မျက်စိနှစ်ကွင်း၊ အလင်းမဲ့ရှာ၊
ပြုစုလုပ်ကျွေး၊ ဟိုရှေးစဉ်ခါ၊
သမင်ပေါ၊ သည်တောမိဂဒါ။

၇။ ပိဋ္ဌိယက္ခ၊ မိုက်လှသူပါ၊
လေးနှင့်ပစ်ခွင်း၊ မယွင်းမှန်ရှာ၊
အလောင်းတော်မြတ်၊ မှန်အပ်သေချာ၊
လဲကာက္၊ မိဂသမ္မဒါ။

၈။ မျှားဒဏ်သင့်လျက်၊ လေးနက်သစ္စာ၊
နှစ်ဖြာမိဘ၊ ဆိုကြခါခါ၊
သေဘေးမှလွတ်၊ မချွတ်မှန်စွာ၊
မြတ်လှသော၊ သည်တောမိဂဒါ။

၉။ ထောင့်ကိုးရာရှစ်၊ ကျောင်းသစ်အခြေတည်၊
မိဂဒါကျောင်း၊ ဂုဏ်ပေါင်းဝေစည်၊
ဦးစန္ဒမဏီ၊ ဘုန်းရှိထေရ်သည်၊
လူအများ၊ ခိုနားဖို့ရွယ်ရည်။

၁၀။ ဦးကိတ္တိမ လက်ထက်၊ တိုးတက်ခဲ့ပြီ၊
ဦးတိက္ခိန္ဒြိယ၊ လုလွှစိုက်သည်၊
ဦးဝဏ္ဏဓဇ၊ မိဂဒါအရှင်သည်၊
စောင့်ရှောက်ထား၊ ထင်ရှားခုတိုင်ပြီ။

၁၁။ ရပ်ဝေးမြေခြား၊ တပါးမြေမှာ၊
ဆရာတော်များ၊ ကြိုးစားနေတာ၊
အယူကွဲပြား၊ တစ်ခြားဘာသာ၊
လေးစား၍ ကြီးလှဂုဏ်ဒြပ်ပါ။

၁၂။ နှစ်ထောင့်ရှစ်ခု၊ ရာစုတိုင်ပြီ၊
ဒီကျောင်းဆောက်ထား၊ ရှည်လျားတာရှည်၊
ရာစုထောင်သောင်း၊ ကြာညောင်းရွယ်ရည်၊
တပည့်ပေါင်း၊ ဆုတောင်းကြပါသည်။

(မိဂဒါဝုန် မြန်မာကျောင်း
နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုလျက်)
လုမ္ဘိနီအင်ဂျင်နီယာ - ဦးမောင်မောင်လေး မှ
ရေးသားပူဇော်ပါသည်။

မဇ္ဈိမဒေသမှ စစ်မှန်ဖြူစင်မေတ္တာရှင်များ

ရွှေအိမ်တော် မိရွှေသက်



အိန္ဒိယသို့ခရီးအစ....

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၁၁) နေ့မှာ အဖွဲ့သူအဖွဲ့သား (၁၄)ဦးရှိတဲ့ ကျွန်မတို့ဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေပြီး GAYA Air Port သို့ ထွက်ခွာလာခဲ့ကြပါတယ်။ ညနေ (၄း၃၀)မှာ ဗုဒ္ဓဂယာ မြန်မာကျောင်းတိုက်သို့ ရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်း ကျောင်းဝင်းထဲမြေကြီးမှာ ထိုင်ချလိုက်ကြပြီး ကျောင်းထိုင်ဆရာတော်ကြီးကို ဝတ်ဖြည့်ဦးချ ဂါရဝပြုကြပါတယ်။ ခရီးစဉ်အတွက် လမ်းညွှန်ပေးမယ့် (ဂိတ်) ဦးပဉ္ဇင်းက(၁၅)ယောက်စီးနိုင်လောက်တဲ့ ကားအလတ်တစ်စီး ငှားပေးဖို့ ဆရာတော်ကြီးကို လျှောက်ထားပါတယ်။ ဆရာတော်ကလည်း ရန်ုင်မယ် ဆိုပြီး ကျောင်းမှာနေတဲ့ ဂန်း(အိန္ဒိယ)လူမျိုး တစ်ယောက်ကို ခေါ်ပြီး စီစဉ်ခိုင်းလိုက်ပါတယ်။ ဗုဒ္ဓဂယာမှ နယူးဒေလီမြို့ ဆန်ချီစေတီနှင့် သံဝေဇနိယ(၄)ဌာနအပါအဝင် (၁၄)ရက် ခရီးစဉ်ကို ငှားရမ်းလိုက်ပါတယ်။ ကျွန်မတို့အတွက် တည်းခိုမယ့်နေရာကို ဦးဇင်းတစ်ပါးက လိုက်ပြပါတယ်။ အထုပ်အပိုး တွေနေရာတကျ ထားပြီးတော့နောက် ရေချိုးကြပါတယ်။ ပြီးတာနဲ့ အဖွဲ့သူ/သားတွေ စုံလင်စွာနဲ့ ညနေ(၆း၃၀)မှာပဲ ဗုဒ္ဓဂယာ မဟာဗောဓိစေတီနဲ့ သတ္တဌာနတွေကို ဖူးမျှော်ဖို့ ထွက်လာခဲ့ကြပါတယ်။ ခရီးမဝေးတဲ့အတွက် သက်ကြီးတွေကို (ရိုးရှား)ဆိုက္လားနဲ့ ပို့ကြပါတယ်။ ငယ်ရွယ်သူတွေကတော့ ခြေလျင်ပဲ လျှောက်ကြပါတယ်။ မဟာဗောဓိစေတီတော်မြတ်ကြီးကို ရောက်တော့ မှောင်ရိပ်ပျိုးနေပြီမို့ ဘုရားဝင်းအတွင်းမှာ မီးရောင်စုံ ထွန်းညှိထားပြီး စေတီတော်ကြီးကိုလည်း ထောင့်လေးထောင့်က ဆလိုက်မီးတွေ ထိုးပြီး ပူဇော်ထားတာ အင်မတန်ကြည်ညှိစရာ မြင်ကွင်းပါပဲ။ စေတီအတွင်းမှာ ကိန်းဝပ်တဲ့ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ ဝတ်ပြုကြပါတယ်။ အဖွဲ့သူ အဖွဲ့သားတွေမှာတော့ တအံ့တသြနဲ့ ကြည်ညိုလို့ မဆုံးနိုင်အောင်ပါပဲ။ ဗောဓိပင်ခြေရင်းမှာ တည်ရှိတဲ့ ရွှေပလွင်နားမှာ တရားထိုင်ကြပါတယ်။ ပဌာန်းတရားတော်ကို သုံးသပ်ဆင်ခြင်တော်မူခဲ့တဲ့ ရတနာယရ ရွှေအိမ်တော်နေရာမှာ (၂၄) ပစ္စည်းအပါအဝင် ပစ္စယ

နိဒ္ဒေသကို သံပြိုင်ရွတ်ဖတ် ပူဇော်ကြပါတယ်။ ရောက်ခဲလှတဲ့ နေရာထူး နေရာမြတ်မှာ ဟိုဟိုဒီဒီ လှည့်လည်နေလိုက်ကြတာ (၉း၀၀)နာရီထိုးမှ ဘုရားအတွင်းမှ ပြန်ထွက်လာ ခဲ့ကြပါတယ်။ ။ ဗုဒ္ဓဂယာမှာ (၃)ရက် နေခဲ့ကြပါတယ်။ အဲဒီ(၃)ရက်အတွင်းမှာ တစ်နေ့(၃)ခေါက် ဘုရားသို့ မှန်မှန်သွားရောက်ခဲ့ကြပြီး တရားအားထုတ်ခြင်း၊ ဘုရားစာများရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ အမျှမေတ္တာပေးဝေခြင်း၊ ဆုတောင်းခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။ ဗုဒ္ဓဂယာမှာ နေခဲ့ကြတဲ့ (၃)ရက်မှာ အဖွဲ့ဝင်တွေအားလုံး အလွန်ပင် ဝမ်းသာပျော်ရွှင် ခဲ့ကြပါတယ်။ တန်ဖိုးလည်း ရှိခဲ့ရပါတယ်။ ဂယာမြို့အနီးတစ်ဝိုက်မှ ဥရုဝေလတောရယ် ဃနာနဒီဆွမ်းကပ်တဲ့နေရာ ဘုဉ်းပေးပြီးတော့ ရွှေခွက်ကို သစ္စာအဓိဋ္ဌာန်ပြီး ရေထဲမှာ မျှောတဲ့နေရာအပါအဝင်ကိုတော့ ကားသေး(၂)စီးနဲ့ လှည့်လည် ဖူးမြော်ခဲ့ကြပါတယ်။

ဂယာမှသည် ဗာရာဏသီသို့....

နိုဝင်ဘာ(၃၀) ရက်နေ့ နံနက်မှာတော့ ကျွန်မတို့ဟာ ကိုယ်ရောစိတ်ပါ လန်းဆန်း တက်ကြွနေကြပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီးကို ဦးချဝတ်ဖြည့်ဂါရဝပြုနှုတ်ဆက်ကြပါတယ်။ မြန်မာအစားအစာများနှင့် အလှူငွေအချို့ကိုလည်း လှူဒါန်းကြပါတယ်။ ဆရာတော်ကြီးကလည်း မေတ္တာပို့ပြီး နောက်နှစ်တွေမှာလည်း ရောက်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။ နံနက်(၇)နာရီမှာ ဗုဒ္ဓဂယာမှ မိုင်(၁၀၀)ကျော်ဝေးတဲ့ ဗာရာဏသီမြို့သို့ ခရီးထွက်လာခဲ့ကြပါတယ်။ နှင်းတွေအုံဆိုင်းပြီး ကျယ်ပြော ရှည်လျားလှတဲ့ ကွင်းပြင်ကြီးတွေကို ငေးကြည့်လိုက်၊ ဗုဒ္ဓဂယာရဲ့ ထူးခြားအံ့မခန်းနိုင်တဲ့ကြောင်းတွေကို တစ်ယောက်အမြင်ချင်းစီပြောလိုက်နဲ့ ခရီးဆက်လာလိုက်ကြတာ ညနေ(၃း၃၀)မှာတော့ လမ်းညွှန် ဦးဇင်းက ဗာရာဏသီကို ရောက်ပါပြီလို့ပြောတော့ အဖွဲ့ဝင်တွေဟာ နှိုးကြားတက်ကြွစွာနဲ့ ကားဝဲယာကို ဟိုငေးဒီကြည့်နဲ့ ကြည့်ပါတယ်။ ဗာရာဏသီမြို့ဟာ အတော်လေးကို စည်ကားပါတယ်။ လူဦးရေလည်း ထူထပ်ပါတယ်။ ရှေးဟောင်းအဆောက်အအုံတွေလည်း အတော်များပါတယ်။ ကျွန်မတို့ဟာ ကားပေါ်က ဟိုဒီငေးပြီးတော့ လာလိုက်ကြတာ အတန်ငယ်ကြာတော့ ကားစက်ကို လျှော့ချလိုက်တော့တာကို အားလုံး သတိထားမိကြပြီး ဦးဇင်းဘာပြောမလဲလို့ နားစွင့်ရင်းနဲ့ စိုက်ကြည့်နေကြပါ တယ်။ ဦးဇင်းက "အခုရှေ့မှာ မြင်နေရတဲ့စေတီဟာ ချောက်ခဏ်းစေတီလို့ ခေါ်တယ်. . . ပဉ္စဝဂ္ဂီ (၅)ဦးတို့အား တရားဦးဓမ္မစက်ကို ဟောကြားမယ် ဆိုပြီးတော့ မိဂဒါဝုန်တောကို ကြွလာတဲ့အခါမှာ ပဉ္စဝဂ္ဂီ(၅)ဦး တို့က ခရီးဦးကြိုဆိုကြတယ်။ ဒီနေရာမှာ ခရီးဦးကြိုဆိုပြီးတော့ မိဂဒါဝုန်တောကို ဘုရားရှင်ရဲ့ နောက်တော်က လိုက်သွားကြတယ်ပေါ့။ ဒါကိုပဲ အထိမ်းအမှတ်နဲ့ တည်ထားတဲ့စေတီ ဖြစ်တယ်။ ပြောမယ် ဆိုရင်တော့ အရှည်ကြီးမို့ တိုတိုနဲ့ပဲ မှတ်ထားကြပေါ့။ ကဲ . . . ခရီးကလည်း ပန်းလာတော့ ကျောင်းကိုပဲ ခရီးဆက်ကြတာပေါ့" ဟု ပြောပြပါတယ်။ ကားမောင်းတာ ခဏပဲ ကြာပါတယ်။ မိဂဒါဝုန် မြန်မာကျောင်းတော်ကြီးသို့ ညနေ(၄း၀၀)နာရီမှာ အဆင်ပြေစွာရောက်ခဲ့ကြပါတယ်။

စီစဉ်ပေးတဲ့နေရာတွေမှာ အထုပ်အပိုးတွေကို ထားပြီးတော့ အဖွဲ့ဝင်တွေစုံညီစွာနဲ့ပဲ ဆရာတော်ကို သွားရောက်ဦးတင်ဖူးမြင်ကြပါတယ်။ ကျွန်မတို့အဖွဲ့က လူတွေကိုလည်း ဆရာတော်တစ်ခါမှ မတွေ့ဖူးသလို ဆရာတော်ကလည်း ကျွန်မတို့ကို မသိပါဘူး. . . မြန်မာပြည်(ကိုယ့်ဇာတိ)မြေက ဆိုတဲ့ အသိနဲ့ပဲ ခင်မင်ရင်းနှီးစွာနဲ့ပဲ ပြောဆိုကြပါတယ်။ ဆရာတော်က "အိန္ဒိယကို ရောက်လာခဲ့ပြီး ဗုဒ္ဓဂယာမှာလည်း ဘုရားဖူးခဲ့ကြပြီဆိုတော့ မနက်ဖြန် မိဂဒါဝုန်မှာ ဘုရားဖူးကြပေါ့။. . . ပြီးရင် ဘယ်နေရာတွေကို ခရီးစဉ်ပါသေးလဲ"ဟု မေးလာပါတယ်။ ကျွန်မကပဲ လက်အုပ်လေးချီပြီးတော့ "မှန်ပါ့ တပည့်တော်တို့ နယူးဒေလီရယ် ဆန်ချီစေတီ ရယ် ဘုရားဖူးဌာနအစုံကို သွားကြပါမည် ဘုရား"လို့ တရိုတသေပြန်လျှောက်ပါတယ်။

ကျွန်မ လျှောက်တဲ့စကားကို ဆရာတော်ကြီး ကြားတော့- ဆရာတော်ကြီးရဲ့ မျက်နှာက ကျွန်မတို့ကားကို ကြည့်ပြီး စိုးရိမ်စိတ်ဖြစ်ကာ စကားဆက်ပြောပါတယ်။ "သံဝေဇနိယဌာနတွေကိုတော့ ကားနဲ့သွားကြပါ။ ဒေလီရယ်၊ ဆန်ချီစေတီခရီးကိုတော့ ရထားနဲ့ပဲ သွားကြဖို့ တိုက်တွန်းချင် တယ်။ ဘာပြုလို့လဲဆိုတော့ ဌားလာတဲ့ ကားရဲ့ ကြံ့ခိုင် မှုကို သိပ်ပြီးတော့ အားမရချင်ဘူး" ဆိုပြီးတော့ အမိန့်ရှိပါ တယ်။

ကျွန်မတို့ကလည်း အချင်းချင်း တိုင်ပင်ကြပြီး ဘယ်လိုလုပ်သင့်တယ်ဆိုပြီးတော့ ပြောကြပါတယ်။ ဌားထားပြီးသားငွေကြေးချေပြီးသား ဆိုတော့ ဘာမှထပ်ပြီးပြောဖို့ မကောင်းတဲ့အတွက် ဒီကားနဲ့ပဲ ဆက်ပြီးသွားကြဖို့ သဘောတူလိုက်

ကြပါတယ်။

ဆရာတော်က ဆက်ပြီးတော့ ကဲ. . . ဒီလိုဆိုတော့လည်း သွားကြပေါ့ ကဲကဲ ခရီးလည်း ပင်ပန်းလာကြတယ်။ ညနေစာ စားဖို့ အဆင်သင့်ဖြစ်နေပြီတဲ့ သွားစားကြ၊ သွားစားကြပါဟု ဆရာတော် အမိန့် ရှိပါတယ်။ ကျွန်မတို့တတွေအကုန် ဗိုက်ဆာဆာနဲ့ စားလိုက်ကြတာ အတော့်ကို စားလို့ကောင်းပါတယ်။ ညနေစာ စားပြီးတာနဲ့ ကိုယ့်နေရာကို ပြန်လာကြပြီး ပင်ပန်းလာတာရယ်၊ စားကောင်းကောင်းစားလိုက်တဲ့ ထမင်းရယ်ကြောင့် အိပ်ရာဝင်အနားယူ အိပ်စက်လိုက်ကြပါတယ်။ ၂၀၀၆ ခု၊ ဒီဇင်ဘာ (၁)ရက်နေ့ နံနက် အိန္ဒိယရာသီက ဆောင်းရာသီရောက်နှင့် နေပြီမို့ ဒီဇင်ဘာနှင်းတွေ တဖွဲဖွဲကျနေကြတယ်။ ချမ်းလည်း ချမ်းပါတယ်။ အဖွဲ့သားတွေ အားလုံးပဲ အနွေးထည် ဝတ်ကြရပါတယ် လမ်းညွှန်ဦးဇင်းက မိဂဒါဝုန်သို့ ဘုရားဖူးထွက်ကြမယ် ဆိုပြီးတော့ ထွက်လာလိုက်ကြတာ မိဂဒါဝုန်သို့ ရောက်ကြပါတယ် ။ပဉ္စဝဂ္ဂီ ၅ ဦးတို့အား တရားထူး ဓမ္မစက်ကို ဟောကြားတော်မူရာဖြစ်တဲ့ ဣသိပတန သားမျိုးစုံတဲ့ တောရဂုံ မိဂဒါဝုန်မှာ အမွှေးနံသာတိုင် ဆီမီးတိုင် ပန်းရေချမ်းနဲ့ မုန့်ဆွမ်းတွေကို ဦးတင်ကာရည်မှန်းလို့ သံပြိုင်ကာ ဓမ္မစကြာ ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြပါတယ်။ အဲဒီအချိန်မှာတော့ စိတ်ထဲမှာ တကယ်ပဲ ကြည်နူးမှုတွေ ဖြစ်မိပါတယ်။

အဲဒီမှတစ်ဆင့် ဓာတ်တော်များ ကိန်းဝပ်တော်မူရာ ဓာတ်တော်တိုက်သို့ သွားရောက်ဖူးမျှော်ကြပြီး ဘေးမဲ့မွေးထားတဲ့ တိရစ္ဆာန်တွေကိုလည်း ကြည့်ခဲ့ကြပါတယ်။ ဗာရာဏသီမြို့တွင်းနဲ့ နန်းတော်ဟောင်းကိုလည်း ကြည့်ရှုလေ့လာခဲ့ကြပါတယ်။

နိဝင်ဘာလ (၁) ရက်နေ့ ညနေစာ စားပြီးတဲ့အခါမှာ အဖွဲ့ သူအဖွဲ့သားတွေအားလုံး စုံလင်စွာနဲ့ပဲ မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ) ကို သွားရောက်တွေ့ဆုံနှုတ်ဆက် ဂါဝရပြုကြပါတယ်။ လှူဒါန်းဖွယ်ရာများနဲ့ နဝကမ္မအလှူငွေတွေကို ဆက်ကပ်လှူဒါန်းကြပါတယ်။

တပည့်တော်တို့ ဒီညပဲ ခရီးဆက်ကြပါမယ် . . . ဆိုပြီး လျှောက်ထားတော့ ဆရာတော်က "အဲ အဲ သွားလမ်းသာယာလို့ လာလမ်းမှာ ဖြောင့်ဖြူးနိုင်ကြပါစေ". . ဆိုပြီး မေတ္တာပို့ ဆုတောင်းပေးပါတယ်၊ ပေးတဲ့ဆုနဲ့ပြည့်ရပါစေ ဘုရား ဟု ခံယူကြပြီး သာဓုခေါ်ဆိုကာ ဦးသုံးကြိမ်ချကန်တော့လိုက်ကြပါတယ်။ အဖွဲ့သားတွေ ကားပေါ်တက်ပြီး နေရာယူနေကြပါပြီ၊ ဆရာတော်ကတော့ စိတ်မချနိုင်သလို စိုးရိမ်စိတ်တွေ ဝင်နေသလိုနဲ့ ကားနားထိ ကြွလာပြီး. . အရေးကြုံလျှင် ဖုန်းဆက်ကြပါ ဒါက ဆရာတော်ရဲ့ ဖုန်းနံပါတ်။ ဟောဒါက ကျောင်းဖုန်း ဆိုပြီး ကိုယ်တိုင် ရေးကူးပေးပါတယ်။ ဖုန်းကိုလည်း အမြဲတမ်းဖွင့်ထားပါမယ်. . . လို့ပြောလိုက်ပါသေးတယ်။ ဆရာတော်ရဲ့ စစ်မှန်ဖြူစင်တဲ့ မေတ္တာစေတနာတွေကို မြင်ကြရ တွေ့ကြရပါတယ်။ ။ ကျွန်မတို့ ရင်ထဲ ကိုယ်စီမှာတော့ သြော်. . . ဆရာတော်ရဲ့ ဖြူစင်တဲ့ မေတ္တာစေတနာတွေဟာ ကြီးမားလှပါလားလို့ တွေးမိပြီး မျှားစွာသော ဝမ်းသာကြည်နူးမှုတွေ ဖြစ်ကြရပြန်ပါတယ်။ ဝမ်းသာကြည်နူးမှုတွေကိုယ်စီနဲ့ပဲ ညနေ (၇:၀၀)နာရီမှာ မိဂဒါဝုန်မြန်မာကျောင်းမှ သက်ဿနဂိုရ်ပြည်သို့ ပျော်ရွှင်စွာနဲ့ ခရီးဆက်ထွက်ခွာလာခဲ့ကြပါတယ်။

ကံကြမ္မာရဲ့လှည့်ကွက်ထဲမှာ

ကျွန်မတို့ဟာ ခရီးစထွက်ပြီ ဆိုတာနဲ့ ပဌာန်းဒေသနာတော်ကို သံပြိုင်ရွတ်ဖတ် ပူဇော်ကြပါတယ်။ အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့ကြပါတယ်။ အမျှပေးဝေကြ ဆုတောင်းမှုတွေကို ပြုကြနဲ့ လာလိုက်ကြတာ ခရီးလည်းအတော်ပေါက်ခဲ့ပြီလို့ ထင်ပါတယ်၊ ညဘက် အချိန်မို့ အအေးဒဏ်က ကြီးသထက်ကြီးလာပြီးတော့ အနွေးထည်နဲ့ မနိုင်လို့ စောင်ပါထပ်ခြုံရပါတယ်။ အားလုံးပဲ ချမ်းအေးအေးနဲ့ ကွေးကွေးလေးပါပဲ။ တစ်ဦးတစ်ယောက်မှ မအိပ်စက်သေးကြဘဲ တိုးတိုးပဲ မိမိကြိုက်နှစ်သက်ရာ တရားစာများ၊ ဂါထာများကို ရွတ်ဆိုနေကြပါတယ်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း တိတ်ဆိတ်နေပါတယ်။ နှင်းတွေကလည်း ထူထပ်စွာပင် ကျနေပါတယ်။ ဘာဆိုဘာမှ သေးသေးကွေးကွေး မမြင်ရဘဲ လူခြေတိတ်ဆိတ်ပြီး သန်းခေါင်ကျော်ကျော်ကို ရောက်နေလောက်တဲ့ အချိန်မှာတော့ ရုတ်တရက်ကြီး ဝုန်းဒုံး ဒုံးဆိုတဲ့ မြည်သံကြီးနဲ့အတူ ကျွန်မတို့ စီးလာတဲ့ကားဟာ ကျွန်မထိုင်နေတဲ့ဘက်ကို ဝုန်းကနဲဆို လဲကျပြန်ပါလေရော။ ကားမှောက်ပြီ ဆိုတာကို သိသိကြီးနဲ့ ကားမှောက်တယ်လို့ တောင်မထင်ဘဲ ဘာဝေဒနာမှ မခံစားဘဲ ကားရှေ့မှန်ပေါက်အရင်ဦးဆုံး ထွက်လိုက်ပါတယ်။ ကျွန်မရဲ့ တူမ ညီမ

သူငယ်ချင်းတွေကို တကြော်ကြော်အော်ခေါ်နေမိပါတယ်။

ကျွန်မ ခေါ်နေစဉ်မှာပဲ သူတို့တွေလည်း ကားထဲမှ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရရှိဘဲ ဒီအတိုင်းကြီးထွက်လာနေတာကို ကျွန်မကိုယ်တိုင် တွေ့မြင်နေရပါတယ်။ ။ ကျန်တဲ့သူတွေကိုလည်း ကိုယ့်လိုပဲ ဘာမှမဖြစ်ဘဲနဲ့ အားလုံးပဲ ထွက်လာနိုင်ကြလိမ့်မယ် လို့ ကျွန်မ ထင်နေပါတယ်။ တကယ်ပဲ ကြည့်နေမိပါတယ်။ ။

ကျွန်မအထင်နဲ့အမြင်ဟာ (လုံးဝ) ခြားနားသွားပါပြီ ကားထဲကို ပြန်ပြီးကြည့်လိုက်တဲ့အခါမှာတော့ မလှုပ်မယှက်နဲ့ ကွေးကွေးလေးဖြစ်နေတဲ့ ဦးဇင်းနှစ်ပါးနဲ့ အမေကြီး တစ်ယောက်ကို မြင်တွေ့ရပါတယ်။ အထဲမှ ခေါ်သံတွေကိုလည်း နားထဲမှာ ကြားနေရပေမယ့် လူကိုတော့ သဲသဲကွဲကွဲ မမြင်ရသေးပါဘူး။ ။ ကျွန်မတို့ တူဝရီး (၃) ယောက်နဲ့ သူငယ်ချင်းက ကားမှောက်တဲ့နေရာကို ရောက်လာကြတဲ့ အိန္ဒိယလူမျိုးတွေကို လက်ဟန်ခြေဟန်တွေနဲ့ ကားထဲကလူတွေ ကို ကူထုတ်ပေးဖို့ တောင်းပန်ကြပေမယ့် သူတို့နဲ့ လုံးဝ မသက်ဆိုင်သလို လက်ပိုက် ကြည့်နေကြပြီး (လုံးဝ)ကူညီမှုကို မရခဲ့ကြပါဘူး။

ကျွန်မတို့ဟာ သူတို့ မကူညီပေမယ့် ဒဏ်ရာရနေတဲ့ ဦးဇင်းနှစ်ပါးနဲ့ အမေအိုကြီးကို မနိုင်မနင်းနဲ့ ကြိုးစား ဆွဲထုတ်နိုင်ကြပါတယ်။ အဲဒီအချိန်မှာတော့ ကားက မီးခိုး ငွေ့တွေ တလိမ့်လိမ့်ထွက်နေတာကို တွေ့မြင်နေရပါတယ်။ ဒါကိုတောင် ကြောက်လန့်ရမှန်း မသိနိုင်ဘဲ ခရီးဆောင်အိတ်ကို ရှာဖို့ ကားထဲကို ဝင်လိုက်ပါတော့တယ်။ ပြီးတော့မှ ဆရာတော်ဆီကို ဖုန်းဆက်ဖို့ သတိရလာပါတယ်။ ဆရာတော်ပြောလိုက်တဲ့ ဖုန်းနံပါတ်ကို အမြန်ရှာပြီးတော့ ဖုန်းဆက်ပါတော့တယ်၊ ဖုန်းခေါ်လို့ မရပါဘူး၊ နောက် နံပါတ်တစ်ခုကို ခေါ်ပေမဲ့လည်း ခေါ်လို့မရပါဘူး။ ဒါနဲ့ ကျွန်မ လည်းလာကြည့်နေကြတဲ့ အိန္ဒိယလူမျိုးတစ်ယောက်ဆီက ဖုန်းကို ခဏငှားပြီး ခေါ်ပါတယ်၊ မိဂဒါဝုန်ကျောင်းက ဦးဉာဏဝရဆီကို ဖုန်းဝင်ပါတယ်၊ အကျိုးအကြောင်းကို ကျွန်မပြောပြလိုက်ပါတယ်၊ အဲဒီအချိန်မှာ ဦးဇင်းဟာ ဘာပြန်ပြောရမှန်းမသိဘဲ အတန်ငယ်ကြာမှ ကျွန်မကို ပြန်ပြောလာပါတယ် "ဘာမှ မကြောက်ပါနဲ့၊ ဘာကိုမှလည်း မစိုးရိမ်ပါနဲ့၊ ခဏနေရင် ဦးဇင်းလိုက်လာပါမယ်၊ ဘယ်သူပဲလာခေါ်ခေါ် လိုက်မသွားပါနဲ့၊ အဲဒီနေရာမှာပဲ စောင့်နေကြဖို့ အကြိမ်ကြိမ်ပြောပြီးတော့ ဖုန်းချသွားပါတယ်။

နောက်တော့ ဆရာတော်ကြီးဆီက ဖုန်းလာပါတယ် အကူအညီတွေ လွှတ်ပေးထားတယ်၊ ဘာမှ ကြောက်နေစရာမလိုဘူး၊ သူတို့တွေ ရောက်အောင်ထိ စောင့်နေကြပါဆိုပြီး ဖုန်းချသွားပါတယ်။

ကျွန်မလည်း ဖုန်းနံပါတ်တွေကို တစ်ခုပြီးတစ်ခု ပြောင်းပြီး ဆက်တော့တာပါပဲ၊ ကျွန်မတို့ ကားမှောက်တဲ့နေရာနဲ့ အနီးဆုံးဖြစ်တဲ့ ဗာရာဏသီက ဦးဇင်းတွေဆီကို ဆက်ပါတယ်၊ သူတို့တွေလည်း အားပေးစကားပြောကြပါတယ်။ မစိုးရိမ်ဖို့အကြောင်း စောင့်နေဖို့အကြောင်းကို ပြောကြပါတယ်။ ကျွန်မဖုန်းချလိုက်ချိန်မှာပဲ ဦးဉာဏဗလဆီက ဖုန်းဝင်လာပါတယ်၊ လာနေပြီဆိုတဲ့အကြောင်းရယ်၊ ခဏနေ ရောက်လာမယ် ဆိုတဲ့အကြောင်းကို ပြောပြီးတော့ ဖုန်းချသွားပါတယ်။

ကျွန်မလည်း ဦးဇင်းတွေနဲ့ အဆက်အသွယ် ရပြီး စကားပြောလိုက်ရတော့မှ အားရှိလာပါတယ်။ ကျွန်မစိတ်ကို ကျွန်မ အတတ်နိုင်ဆုံးအားတင်းထားပါတယ်။ အဲဒီအချိန်မှာတော့ လမ်းညွှန်တဲ့ဦးဇင်းက သူ့ရဲ့ရဟန်းဒကာမကြီးကို ဝိုင်းကူထုတ်ပေးဖို့ ပြောလာပါတယ်။ ကျွန်မတို့လည်း ခက်ခက်ခဲခဲနဲ့ ဝိုင်းကူထုတ်ပေးကြပါတယ်။ ဂယာမှပါ လာတဲ့ ဇော်လင်း က ဦးဇင်းနှစ်ပါးနဲ့ အမေကြီးကို ဆေးရုံသို့ ခေါ်သွားကြပါတယ်၊ ထပ်ပြီးတော့ ဖုန်းဝင်လာပါတယ်၊ ဦးဉာဏဗလဆီကပါ နောက် ၁၅ မိနစ်အတွင်းမှာပဲ အရောက်လာပါမယ်၊ ဘာမှမစိုးရိမ်ပါနဲ့ ဆိုတဲ့ စကားကို ထပ်ခါထပ်ခါပြောပြီးတော့ ဖုန်းချသွားပါတယ်။ ကျွန်မတို့ဟာ ကြောက်စိတ်တွေလည်း အတော်အတန် ပြေပျောက်သွားပါတယ် အားရှိလာသလို ခံစားရပါတယ်။ ပတ်ဝန်းကျင်မှာတော့ နှင်းတွေပိတ်ဖုန်းနေတယ်။ ချမ်းတာလည်း အရိုးကွဲမတတ်ပါပဲ။ ကားထဲမှခရီးသည်တွေ အားလုံးကိုလည်း ထုတ်ပြီးပြီမို့ ကျွန်မတို့ဟာ ကြောက်ကြောက်နဲ့ ကားဘေးနားမှာ ကုပ်ကုပ်လေး ဝိုင်းဖွဲ့ထိုင်ပြီး စိတ်မကောင်းစွာ အံ့သြမှု ဝမ်းနည်းမှုမျှားစွာနဲ့ ကူညီလာမယ့် ဦးဇင်းကို စောင့်နေလိုက်ကြပါ တယ်။

ခဏကြာတော့မှ အိန္ဒိယရဲတွေ ရောက်လာကြပါတယ်၊ ဒဏ်ရာပြင်းထန်တဲ့ ရဟန်းဒကာမကြီးနဲ့ နှုတ်ခမ်းကွဲ လက်ကျိုးသွားတဲ့ သားအမိနှစ်ယောက် ပေါင်းသုံးယောက်ကို ဆေးရုံခေါ်သွားကြပါတယ်။ ကျွန်မတို့ကိုလည်း လိုက်ခဲ့ဖို့ ခေါ်ပါတယ်။ ကျွန်မတို့က လာခေါ်မယ့် ဦးဇင်းနဲ့ လွဲသွားမှာ စိုးတဲ့အတွက် လိုက်မသွားကြပါဘူး၊ လက်မှာဒဏ်ရာရ

ထားတဲ့ ဦးဇင်းအပါအဝင် ငါးယောက်ကျန်နေခဲ့ကြပါတယ်။ အအေးဒဏ်ရယ် ကြောက်စိတ် အားငယ်စိတ်တွေ ပေါင်းလိုက်တဲ့အခါမှာတော့ တစ်ကိုယ်လုံးချမ်းပြီး ခိုက်ခိုက်တုန်နေကြပါတယ်။ ဒီအဖြစ်တွေကို မြင်တဲ့ ရဲတစ်ယောက်က ကော်ဖီပူပူတွေ လာပေးပါတယ်။ အနားမှာ မီးတစ်ဖိုလည်း မွေးပေးပါတယ်၊ မီးအပူရှိန်နဲ့ အအေးဒဏ်သက်သာသွားပြီး နေသာထိုင်သာ ရှိလာကြပါတယ်။

ကျွန်မတို့ ၆း၀၀ နာရီလောက် မောင်းလာတဲ့ ခရီးကို ဦးဉာဏဗလ ဦးဆောင်တဲ့ကားက ၃း၃၀ လောက်နဲ့ အရောက် မောင်းလာကြပါတယ်၊ ဦးဇင်းရောက်လာတဲ့အချိန်ကို ကြည့်လိုက်တော့ မနက်ဘက်က ၃ နာရီ ကျော်နေပါပြီ၊ ဦးဇင်းရောက်တယ် ဆိုရင်ပဲ သူနဲ့ပါလာတဲ့ ဦးဇင်းတွေ ကျောင်းသားတွေကို လဲနေတဲ့ကားထဲက ပစ္စည်းတွေကို တင်ခိုင်းပြီး သူကိုယ်တိုင်ပဲ ဝိုင်းကူတင်ပေးပါတယ်၊ အားလုံး တင်ပြီးသွားတဲ့အခါမှာ ကျွန်မတို့ ငါးယောက်ကို ကားပေါ်ကို တက်စေပြီး ဆေးရုံကို လိုက်သွားကြပါတော့တယ်။

အံ့သြဖွယ်တုန်လှုပ်ဖိခြင်း

ဆေးရုံကိုရောက်တော့ ကျွန်မတို့ ဗုဒ္ဓဘာသာမှာ အထွတ်အမြတ်ထားတဲ့ သံဃာကို ညစ်ပတ်ပေတေရှုပ်ပွနေတဲ့ ကြမ်းပြင်မှာ အခင်းမပါဘဲ ဒီအတိုင်းပစ်ထားတာကို စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းကို ပထမဆုံး မြင်လိုက်ရပါတယ်။ ကျွန်မတို့အားလုံး စိတ်မကောင်းစွာနဲ့ ဝမ်းနည်းကြရပါတယ်။ သံဃာကိုမှ ဒီအတိုင်းပစ်ထားရသလား ဆိုတဲ့ မကျေနပ်တဲ့ စိတ်က အလိုလိုဝင်လာပေမဲ့ တစ်ဖက်အခန်းမှာတော့ အမေသေသွားလို့ ငိုနေတဲ့ သမီးငိုသံကို ကြားရပြန်တော့ စိတ်တွေဟာ ဆောက်တည်ရာမရ ဖြစ်ရပါတယ်၊ ကျွန်မလည်း ငိုသံကို မကြားရက်၊ ကြည့်နိုင်တဲ့ အားအင်တွေ မရှိတော့တဲ့အတွက် ဆေးရုံရှေ့မှာ ရပ်ထားတဲ့ ကားရှိရာ မှောင်မဲမဲကြီးထဲကို ထွက်လာလိုက်ပါတယ်။ ရင်ထဲမှာလည်း ပူပင်သောကတွေက ပြည့်လျှံနေပါတယ်။ အဲဒါကို မြင်တဲ့ ဦးဉာဏဗလက နောက်မှ လိုက်လာပြီး ဒရိုင်ဘာ ဘေးနားက ခုံမှာထိုင်နေဖို့ကို ပြောပြီး ပြန်သွားပါတယ်။ ကျွန်မမှာတော့ ချမ်းကလည်းချမ်း စိတ်ထဲမှာလည်း ရပ်တည်နိုင်စွမ်းမရှိ လောက်အောင် ခိုက်ခိုက်တုန်နေပါတယ်။ ကားပေါ်မှာ ထိုင်နေတဲ့ ကျွန်မရဲ့စိတ်မှာ အားကိုးအားထားရာရပြီ ဆိုတဲ့ အသိစိတ်ကလေး ဝင်လာပြီးတော့ တင်းထားတဲ့ စိတ်တွေကို လျှော့ချလိုက်မိတယ်နဲ့ တူပါတယ်။ တူမ ညီမ သူငယ်ချင်းတွေနဲ့ အဖွဲ့သားတွေ ဘယ်ကိုရောက်သွားမှန်းကိုတောင် မသိတော့ဘဲ ငိုင်တိုင်တိုင်ကြီး ကားပေါ်မှာ တစ်ယောက်တည်း ထိုင်နေလိုက်ပါတယ်။ ငိုရမှန်းကိုလည်း သတိမရတော့ပါဘူး။ အဲဒီလိုနဲ့ အရှက်ဦး ရောင်ခြည်တွေနဲ့အတူ မိုးစင်စင်လင်းသွားပါပြီ။ နှင်းတွေကတော့ ကျနေဆဲပါ။

ဗာရာဏသီက နောက်ထပ်ပြီး ဦးဇင်းတွေ ကြွလာတယ်ဆိုတဲ့ အသံကို ကြားလိုက်ရပါတယ်၊ ဘယ်နှစ်ပါး ကြွလာတယ် ဆိုတာကို မူးနောက်ရီဝေနေတဲ့ ကျွန်မဟာ သဲသဲကွဲကွဲ မသိလိုက်ပါဘူး၊ နားထဲမှာတော့ ဦးဉာဏဗလနဲ့ မိဂဒါဝုန် ဆရာတော်တို့ ဖုန်းထဲမှာ အပြန်အလှန်စကားပြောသံ ဝဲဝဲကိုတော့ မကြားတစ်ချက် ကြားတစ်ချက်နဲ့ ဖြစ်နေပါတော့တယ်။

နောက် မကြာခင်မှာပဲ ဆေးရုံမတက်ရသေးတဲ့ လူတွေ အားလုံးကို ဗာရာဏသီသို့ ပြန်ခေါ်လာဖို့ အမိန့်ရှိလိုက်တာကြောင့် လူတွေအားလုံးကို ကားပေါ်တက်ခိုင်းပြီး ဒရိုင်ဘာနေရာမှာ ထိုင်နေတဲ့ ကျွန်မကို နေရာဖယ်ပေးဖို့ ပြောတဲ့ ဦးဇင်းအသံကို ကြားလိုက်တော့မှ သတိပြန်ဝင်ကာ နေရာမှ ကျွန်မ ထလိုက်ပေမဲ့ ထလို့ မရမှန်းကို သိလိုက်ရပါတယ်။ အိပ်ရေးပျက်တဲ့ဒဏ်၊ စိတ်ထိခိုက်မှု ဒဏ်တွေနဲ့ ခြေလက်တွေဟာ လှုပ်ရှားလို့ မရတော့ပါဘူး အားတင်းပြီး ထပေမဲ့လည်း လုံး၀ ထလို့မရတဲ့အတွက် ကျွန်မကို ဝိုင်းထူပေးကြပြီးတော့ နေရာပြောင်းပေးကာ ဗာရာဏသီပြည်သို့ ပြန်လှည့်လာခဲ့ကြပါတယ်။ ကျွန်မရဲ့ အသိအာရုံမှာတော့ ဗာရာဏသီသို့ ကားမောင်းနေတယ် ဆိုတာကလွဲလို့ ဘာဆို ဘာကိုမှ မသဲကွဲတော့ပါဘူး။

ကူညီစောင့်ရှောက် ဘေးမရောက်

ဗာရာဏသီဆေးရုံသို့ ရောက်ပြန်တော့လည်း ဆေးရုံဝန်ထမ်းတွေ ဆရာတော်ရဲ့ ဒကာတွေက ထမ်းခေါ်သွားကြတာ ကို ကျွန်မ သတိရလာတဲ့အခါ တူမနဲ့ သူငယ်ချင်းက ပြောပြကြတယ်။ အဲဒီ ဆေးရုံမှာပဲ ကျွန်မ အပါအဝင် (၅) ယောက်လုံးကို ဆေးရုံ တင်လိုက်ကြတယ် ဆိုတာ သိလိုက်ရတယ်။ မိဂဒါဝုန် မြန်မာကျောင်းဆရာတော်ရဲ့ကူညီဖေးမှုနဲ့ ဆရာဝန်တွေ သူနာပြုဆရာ ဆရာမတွေက လိုအပ်သလို ပြုစုကုသပေးကြပါတယ်၊ ကျွန်မမှာတော့ ၂၀၀၆ နိုဝင်ဘာ (၂)ရက်နေ့ တစ်နေ့လုံး သတိမရဘဲ လူနာကုတင်ပေါ်မှာပင်

သတိလစ်ပြီး အိပ်ပျော်နေခဲ့ပါတယ်။ ဆရာတော်လည်း လူနာတွေကို အလှည့်ကျလာကြည့်ပြီး စောင့်ရှောက်ပေးပါတယ်။ သတိရနေတဲ့ လူနာတွေကို အားပေးစကားတွေ ပြောပါတယ်။ (၂)ရက်နေ့ ညနေ ၈း၀၀ နာရီလောက်မှာတော့ ဦးဇင်းတွေရယ် ဆရာတော်ရယ် ကျွန်မကို လာခေါ်ကြပါတယ်။ အဲဒီအခိုန်ကျမှ ကျွန်မ သတိရလာပါတယ်။ကျွန်မကိုယ်မှာ သွင်းထားတဲ့ ဆေးမကုန်သေးတာနဲ့ ဆရာတော်လည်း ထိုင်စောင့်နေပါတယ်။ ကုန်ပြန်တော့လည်း ဆရာ၀န်က စိတ်မချရသေးလို့ နောက်ထပ် တစ်ပုလင်းသွင်းပြန်ပါတယ်။ ကျွန်မမှာတော့ မငြိုငြင်ဘဲ ထိုင်စောင့်နေတဲ့ ဆရာတော်ကို စိတ်ထဲမှာ အလွန်ပင် အားနာနေမိပါတယ်၊ ဆရာတော်မှာ စိတ်ရှည်ရှည်ထားပြီး ဆက်စောင့်နေတာကို အလွန်ပင် အားနာနေရ ပြန်ပါတယ်၊ ဆေးကုန်ပြန်တော့လည်း လမ်းလျှောက်နိုင်မှ ဆင်းရမယ် ဆိုတော့ ဦးပဇင်း နှစ်ပါးအကူအညီနဲ့ ဆရာ၀န်ရှေ့မှာ အားတင်းပြီး လမ်းလျှောက်ပြခဲ့ရပါသေးတယ်။ အားမငယ်ဖို့နဲ့ ကျန်းမာရေးကောင်းလာဖို့ကိုလည်း လိုအပ်သလို ကူညီပေးဖို့ ပြောပြပါတယ်။ တကယ်တော့ မိဂဒါဝုန် မြန်မာကျောင်းဆရာတော်ရဲ့ ကျွန်မတို့ အပေါ် ထားတဲ့ မေတ္တာစေတနာတွေဟာ တကယ့်ကို လေးနက်တဲ့ မေတ္တာစေတနာတွေပဲလို့ ထင်မိပါတယ်။ လူနာတွေရဲ့ စားသောက်စရိတ်ကအစ ဆေးဖိုးကုန်ကျ ငွေကို ဆရာတော်ရဲ့တပည့် ဒကာတစ်ဦး (အိန္ဒိယ) လူမျိုးက လှူဒါန်းသွားတယ်လို့ သိရပါတယ်။ ကျွန်မတို့မှာ ကျေးဇူးတင်လို့ မဆုံးပါဘူး။

ကျွန်မတို့ကားမှောက်လို့ ဒုက္ခရောက်နေတဲ့အခိုန်တွေမှာ ဆရာတော်နဲ့ ဦးပဇင်းတွေ ကျောင်းသားတွေရဲ့ ကူညီစောင့်မမှုတွေကတော့ တကယ် လေးစားစရာကောင်းပါတယ်။ ဘယ်တော့မှလည်း မမေ့ပျောက်နိုင်ပါဘူး။ အမြဲတမ်း အမှတ်တရ ရှိနေကြမှာပါ။

ဒီကျေးဇူးတွေကို သတိရတိုင်း အကြိမ်ကြိမ် ဦးနှိမ်ချပြီး ဂါ၀ရပြုရပါတယ်။ ကျွန်မမှာတော့ ဖြစ်ပြီးတာတွေကို တွေးကြည့်မိတဲ့ အခါတိုင်းမှာ ဆရာတော်ရဲ့ ကရုဏာစကားနဲ့ ပေးပြီးသား ကတိစကားတစ်ခွန်းကို မလဲမိတဲ့ အကျိုးရလဒ်တွေပဲလို့ နောင်တရနေမိပါတယ်၊ ယုံတောင်မယုံနိုင်စရာ ဖြစ်ရပ်တစ်ခု တကယ်ဖြစ်ခဲ့ပြီးပြီ။ ။

မိဂဒါဝုန်ကျောင်းကိုရောက်တော့ ကျောင်းသားတွေ ဦးပဇင်းတွေက ညနေစာကို ပြင်ဆင်ကျွေးမွေးကြပါတယ်။ စားပြီးတာနဲ့ ဆရာတော်က စိတ်ပန်း လူနွမ်းနေတဲ့ ကျွန်မတို့ကို စောစီးစွာပဲ အိပ်ရာ၀င် အနားယူခိုင်းလိုက်ပါတယ်။ အပြင်မှာတော့ သတင်းလာယူတဲ့ သတင်းထောက်တွေ လူနာလာမေးတဲ့လူတွေနဲ့ ဆရာတော်မှာ အလုပ်ရှုပ်ကျန်ရစ်ခဲ့ပါတော့တယ်။ အိပ်ရာပေါ် ရောက်တော့ ဆရာတော်ရဲ့ ကျေးဇူးတရားတွေ ကြီးမားပုံတွေကို စဉ်းစားရင်းနဲ့ အိပ်ပျော်သွားပါတော့တယ်။ (၃)ရက်နေ့မှာတော့ ကျွန်မတို့ဟာ အတော်လေး နေကောင်းသွားပါပြီ။ အဲဒီနေ့ မနက်မှာပဲ ဆရာတော်က ကျွန်မတို့ကို ခေါ်တွေ့ပါတယ်။ ဖြစ်ပြီးတာတွေလည်း ဖြစ်ခဲ့ပြီးပြီ၊ ဒီတော့ ရှေ့ဆက်ပြီး ဘာအစီအစဉ်များရှိကြသလဲ ဖြစ်ချင်တဲ့ဆန္ဒကိုသာ ပွင့်လင်းစွာပြောကြပါ၊ ဘာမှ အားမနာကြနဲ့၊ တတ်နိုင်တဲ့ဘက်က ကူညီမှာတော့ ဆရာတော့်အနေနဲ့ အသင့်ပါပဲ ဆိုပြီး အမိန့်ရှိလာပါတယ်။ အဲဒီမှာတော့ သေဆုံးသွားတဲ့ အမေကြီးရဲ့ သမီးနဲ့မြေးက အိမ်ပြန်ချင်တဲ့ အကြောင်းကိုလျှောက်ပါတယ်၊ ဆရာတော်ဟာ ချက်ချင်းကြီးပဲ ဖုန်းကောက်ဆက်ပါတယ်၊ လေယာဉ်လက်မှတ်စီစဉ်ပါတယ်၊ ဗာရာဏသီနဲ့ ရန်ကုန်က လေယာဉ်မရှိတော့ ဗာရာဏသီမှ ဘန်ကောက်မှတစ်ဆင့် ရန်ကုန် ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ကို မြန်မာသံရုံးမှ ကောင်စစ်၀န် ဦးခင်ထွန်းက ကူညီပေးတာနဲ့ ပြေလည်ခဲ့ရပါတယ်။ ဦးခင်ထွန်းကိုလည်း အမျှားကြီး ကျေးဇူးတင်မိပါတယ်။ အစစအရာရာ အဆင်ပြေဖို့အတွက် ဆရာတော်မှာလည်း အတော့်ကို ခေါင်းစား အလုပ်ရှုပ်တာကို မြင်ရပါတယ်။

နောက်တစ်နေ့မှာ လေယာဉ်လက်မှတ် ရထားတဲ့ အိမ်ပြန်မယ့် သုံးဦးကိုတော့ ဦးဇင်း ဉာဏဗလက ဦးဆောင်ပြီး လေဆိပ်သို့ လိုက်ပို့ကြပါတယ်၊ ပြန်မယ့်သူနဲ့ လိုက်ပို့သူတွေမှာ ၀မ်းနည်းမျက်ရည်တွေအပြည့်နဲ့ ငိုခဲ့ကြရပါတယ်။

ဧလာဟာဘတ်ဆေးရုံက ပြောင်းလာတဲ့ ဦးပဇင်းကို တစ်ခါ ဗာရာဏသီမြို့ B.H.U ဆေးရုံသို့ ထပ်ပို့ရပါသေးတယ်။ အဲဒီမှာလည်း ဆရာတော်ဟာ ဆေးရုံသို့ ရောက်လာပြီး ပွင့်လင်းစွာနဲ့ အမိန့်ရှိလာပါတယ်။ လူနာစောင့်ပေးဖို့အတွက်တော့ လူစား မပေးနိုင်ပါဘူး၊ ဒါပေမဲ့ တစ်နေ့တစ်ခေါက်တော့ ရောက်အောင် လာကြည့်မယ်၊ လိုအပ်သမျှ အားလုံးကိုလည်း ကူညီပါ့မယ်၊ ဆိုတာကိုပြောပါတယ်။ ဟုတ်တော့လည်းဟုတ်ပါရဲ့၊ ဆရာတော်ရဲ့ ကျောင်းမှာ ဘုရားဖူးရာသီမို့ ဧည့်သည်တွေကများ အလုပ်တွေကများ

လူကနည်းနည်းပဲလို့ နားလည်ပေးရပါတယ်။ လူနာဦးဇင်းကို မခွဲခင်ရော၊ ခွဲစိတ်လို့ အပြီးမှာပါ ကျွန်မတို့ဟာ ဆရာတော်နဲ့အတူ ဆေးရုံကို လိုအပ်တဲ့အကူအညီတွေပေးဖို့ တစ်နေ့ကို တစ်ခေါက် မှန်မှန်ရောက် ဖြစ်ခဲ့ကြပါတယ်။ လူနာအတွက် စိတ်အေးရတဲ့အခါမှာတော့ အင်မတန်မှ ရောက်ဖို့ခက်ခဲလှတဲ့ သံဝေဇနီယ၊ အဝိဇ္ဇာဘုရားဌာနတွေကို ဆရာတော်ရဲ့ စီစဉ်ပေးမှုနဲ့ပဲ ခရီးဆက်ထွက်လာခဲ့ကြပါ တယ်၊ အန္တရာယ်ကင်းလို့ ဘေးရှင်းပါစေ ဆိုပြီး ဆရာတော်နဲ့ ဦးပဇင်းတွေက မေတ္တာပို့ ဆုတောင်းပေးလိုက်ကြပါတယ်။

ဖူးခဲ့ရပါသည် လုမ္ဘိနီ

ကျွန်မတို့အဖွဲ့ကို ဦးဆောင်လာတဲ့ ဦးဇင်းရဲ့ ဘာသာစကား ကျွမ်းကျင်မှုက အစစအရာရာမှာ အဆင်ပြေစွာနဲ့ ဘုရားအလောင်းတော်မြတ်ကို ဖွားမြင်တော်မူခဲ့တဲ့ လုမ္ဘိနီသာမော အင်ကြင်းတောကို ရောက်ခဲ့ကြပါတယ်၊ နီပေါနိုင်ငံထဲမှာပါ။ လုမ္ဘိနီမြန်မာကျောင်းတိုက်ကိုလည်း ရောက်ခဲ့ကြပါတယ်၊ ဆရာတော်နှစ်ပါးရဲ့ အားပေးကူညီမှုတွေကလည်း အားငယ်နေတဲ့ ကျွန်မတို့ကို ကြည်နူးဝမ်းသာစိတ်ချမ်းသာမှုကို ရကြပါတယ်။ စားစရိတ်၊ နေစရိတ်တွေကို လက်မခံတဲ့အပြင် လမ်းခရီးမှာ စားဖို့အတွက် မုန့်တွေလည်း အများကြီး လက်ဆောင်ပေးလိုက်ပါသေးတယ်၊ ဒီဆရာတော်နှစ်ပါးရဲ့ ကျေးဇူးတရားတွေကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုရပါတယ်၊ ကျွန်မတို့ဟာ လုမ္ဘိနီမှာ နှစ်ရက်ကြာနေခဲ့ကြပြီး ကုသိနာရုံသို့ ခရီးဆက် ထွက်ခွာလာခဲ့ကြပါတယ်။

လုမ္ဘိနီမှသည် ကုသိနာရုံသို့

ညနေစောင်းလေးမှာ လုမ္ဘိနီကျောင်းဆရာတော်ကို ဦးချဂါဝရပြု နှုတ်ဆက်ကြပြီးတော့ ကုသိနာရုံသို့ ခရီးထွက်ခွာလာခဲ့ကြပါတယ်။ ကုသိနာရုံကျောင်း ဆရာတော်ကြီးထံသို့ ကြိုတင် ဖုန်းဆက်ထားပါတယ်။ ကားလမ်းမှာ ပိတ်ဆို့နေတာနဲ့ ခရီးထောက် ကြန့်ကြာနေခဲ့ပါတယ်။ ရောက်ချိန်တန်လို့ မရောက်တော့ ဆရာတော်ကြီးထံမှ ဖုန်းခဏခဏဆက်ပါတယ်။ လမ်းမှာ ကားလမ်းပိတ်နေတဲ့အတွက် ခရီးကြာနေတာ ဖြစ်ပါတယ် လို့ ဆရာတော်ကြီးကို ပြန်လျှောက်လိုက်ပါတယ်။ ကျောင်းကိုရောက်ပြန်တော့ ဆရာတော်ကြီးကို ဦးချ ဝတ်ဖြည့်နှုတ်ဆက်ကြပါတယ်၊ ဆရာတော်ကြီးက ဒီအထဲမှာ နေမကောင်းတဲ့လူ ပါသေးရဲ့လားလို့ အမိန့်ရှိလာ

တကယ်တော့
မိဂဒါဝုန် မြန်မာကျောင်းဆရာတော်ရဲ့
ကျွန်မတို့အပေါ်ထားတဲ့ မေတ္တာစေတနာတွေဟာ
တကယ့်ကို လေးနက်တဲ့ မေတ္တာစေတနာတွေပဲလို့
ထင်မိပါတယ်။
လူနာတွေရဲ့ စားသောက်စရိတ်ကအစ
ဆေးဖိုးကုန်ကျငွေကို
ဆရာတော်ရဲ့တပည်ဒကာတစ်ဦး (အိန္ဒိယ) လူမျိုးက
လှူဒါန်းသွားတယ်လို့ သိရပါတယ်။
ကျွန်မတို့မှာ ကျေးဇူးတင်လို့ မဆုံးပါဘူး။

တော့ ကျွန်မရဲ့အဒေါ်မှာ မျက်နှာနဲ့ မျက်လုံးတွေဟာ ညိုမဲကွင်းတွေ ဖြစ်နေတာနဲ့ ဆရာတော်ကြီးက ဆရာဝန်ကို ချက်ချင်း ဖုန်းဆက်ပြီးခေါ်ပါတယ်။ ရောက်တာနဲ့ ကြည့်ခိုင်းပါတယ်။ ဆရာဝန်က ဆေးထိုးပေးပြီး သောက်ဆေးတွေလည်း ပေးပါ တယ်၊ မစိုးရိမ်ဖို့ အကြောင်းကို ပြောပါတယ်။ ကျွန်မတို့ကို ဆရာတော်ကြီးကိုယ်တိုင်ပဲ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာသို့ လိုက်ပို့ပါတယ်။ လျှောင်းတော်မူရုပ်ပွား တော်မြတ်ကြီးကို အားပါးတရ ဖူးမျှော်ကြည်ညိုကြပါတယ်၊ ဆရာတော်ကြီးက ရှည်လျားလှတဲ့ ကုသိနာရုံရဲ့ သမိုင်းကြောင်းကို ပြောပြပါတယ်။ ကျွန်မတို့ကိုလည်း အားပေးစကားတွေပြောပြလို့ မဆုံးနိုင်အောင်ပါပဲ။ ကျွန်မတို့မှာ ဖြစ်နေကြတဲ့ ဝမ်းနည်းစိတ်တွေ အားငယ်စိတ်တွေ ပြေပျောက်စေခဲ့ပါတယ်။ ကုသိနာရုံ ဆွမ်းစားကျောင်း ဦးဇင်းတွေရဲ့ စေတနာတွေကို အသိအမှတ်ပြုကြရပါတယ်။ လမ်းခရီးမှာ စားဖို့အတွက် ကျွန်မတို့တောင် မသိလိုက်ရဘဲ ထမင်းဟင်းပူးတွေကို ကားပေါ်အရောက်ပို့ထားကြတဲ့ စေတနာတွေကို လေးစားရပါတယ်၊ ကျွန်မတို့ အားနာလိုက်ရအောင် စားရေးနေရေးတွေကို လုပ်ကိုင်ဆောင်ရွက်ပေးကြတဲ့ မေတ္တာစေတနာတွေကို အမြဲတမ်းအမှတ်တရရှိနေကြပါတယ်။ ပြန်ခါနီးမှာ ဆရာတော်ကြီးကို နှုတ်ဆက်ကြပါတယ်။ ပန်းသီးနဲ့ သလဲသီးတွေလည်း အများကြီး

ဦးဝဏ္ဏဓဇနဲ့ ဦးဉာဏဝရ အပါအဝင် ဦးဇင်းများနဲ့ ကျောင်းသားများကို ကျေးဇူးတင်စကားတွေ အထပ်ထပ် အခါခါ ပြောကြားရင်း

ပေးလိုက်ပါသေးတယ်။ ပရိတ်ကြိုး ချည်မျှင်များ၊ ပဝါများ ကိုလည်း အန္တရာယ်ကင်းရှင်းစေဖို့ အဆောင်အဖြစ် ပေးလိုက်ပါတယ်။ စားစရိတ်ကအစ ဘာတစ်ခုမှ လက်မခံပါဘူး။ အဲဒီကမှတဆင့် ကျွန်မတို့ဟာ ဗာရာဏသီ မိဂဒါဝုန်ကျောင်းသို့ ခရီးဆက်လာခဲ့ကြပါတယ်။ မိဂဒါဝုန်မှာ နှစ်ရက်ကြာနေခဲ့ပါသေးတယ်၊ ကျွန်မတို့ သေဘေးနဲ့ ကြုံတွေ့ခဲ့ရစဉ်က လိုအပ်သလို အဖက်ဖက်က ကူညီပေးတဲ့ ဆရာတော် ဦးဝဏ္ဏဓဇနဲ့ ဦးဉာဏဝရ အပါအဝင် ဦးဇင်းများနဲ့ ကျောင်းသားများကို ကျေးဇူးတင်စကားတွေ အထပ်ထပ် အခါခါ ပြောကြားရင်း (၁၂) ရက်၊ ဒီဇင်ဘာ၊ (၂၀၀၆) မနက်မှာ ဗာရာဏသီကနေပြီး ဗုဒ္ဓဂယာသို့ ပြန်လာခဲ့ကြပါတယ်။အပြန်လမ်းခရီးမှာတော့ ကျွမ်းကျင်တဲ့ ကားမောင်းသမား တစ်ယောက်ကို ငှားပေးလိုက်ပါတယ်။ လမ်းခရီးမှာ စားသောက်ဖို့ ထမင်းဆိုင်ကိုပါ အသေးစိတ် စီစဉ်ညွှန်ကြားပေးလိုက်ပါတယ်။ ခရီးတစ်ထောက်နားတိုင်း ဆရာတော်နဲ့ ဦးဇင်းတွေ ကျောင်းသားတွေဆီသို့ ဖုန်းလှမ်းဆက်ပြီး အကျိုးအကြောင်းကို ခဏခဏ ပြောဖြစ်ပါတယ်။ကျွန်မတို့စိတ်ထဲမှာ ဒီဆရာတော် ဒီဦးပဇင်းတွေ ကျောင်းသားတွေနဲ့ ခွဲခွာလာရခြင်းဟာ မိဘ ညီအစ်ကိုမောင်နှမ သားချင်းတွေနဲ့ ခွဲခွာလာရသလို ဝမ်းနည်းကြေကွဲစွာနဲ့ ခံစားကြရပါတယ်။ ဘယ်တော့မှလည်း မမေ့နိုင်တဲ့ ကျေးဇူးတရားတွေကို အမြဲတမ်း အမှတ်တရ ရှိနေကြပါတယ်။

ဗုဒ္ဓဂယာမှာ လေးရက်ကြာ နေခဲ့ကြပါသေးတယ်။ မိဂဒါဝုန်မှာ နေခဲ့စဉ်က သေဆုံးသွားသော ဦးပဇင်းနဲ့ အဘွားကြီးတို့ မြေကျရေးအတွက် ဆရာတော်နဲ့ ဦးဉာဏဝရရဲ့ အကူအညီတောင်းမှုနဲ့ ကုသိနာရုံဆရာတော်ကြီးက သူ့ဒကာတွေကို အကူအညီတောင်းပြီးတော့ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးကြပါတယ်။ ဆရာဝန် တွေ သတင်းထောက်တွေကအစ အားလုံးအကူအညီပေးလို့ အဆင်ပြေခဲ့ကြပါတယ်။ ဆေးရုံတင် ခွဲစိတ်ရတဲ့ လူနာ ဦးဇင်းကိုလည်း M.M.W.A.I အဖွဲ့က ဦးဇင်းတွေရဲ့ တာဝန်ယူကူညီမှုတွေက အများကြီးပါ။ (၁)လကျော် မထနိုင်တဲ့ လူနာကို လူအား ငွေအား သွေးကအစ ကူညီပေးတဲ့ M.M.W.A.I အဖွဲ့က ဦးဇင်းတွေရဲ့ စေတနာမေတ္တာတရားတွေကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုရပါတယ်။

ဗုဒ္ဓဂယာမှာ လေးရက်ကြာနေခဲ့စဉ်က အရာရာမှာ အားပေးကူညီတဲ့ ဦးစိတ္တ(ရွှေဘို)နဲ့ အာသံ ဘုန်းတော်ကြီးတို့ရဲ့ စေတနာတရားတွေဟာလည်း ကျွန်မတို့အတွက် သတိရ အမှတ်တရ ဖြစ်စေခဲ့ပါတယ်။ နာလန္ဒာမှ ဗာရာဏသီအထိ အရောက်လာပြီး အားပေးစကားပြော အကူအညီတွေပေးတဲ့ ဦးသုမနနဲ့ ရဟန်းတော်များကိုယ်တိုင်ကိုယ်ကျ မရောက်နိုင်ကြပေမယ့် ဖုန်းနဲ့တဆင့် အမှာစာနဲ့တစ်တန် အားပေးစကား ပြောကြားတဲ့ ဦးပဇင်းတွေရဲ့ မေတ္တာစေတနာတွေကို ကျွန်မတို့အဖွဲ့သားတွေ အားလုံး အမှတ်တရ ရှိနေကြဆဲပါ။

မြတ်စွာဘုရားရှင်ရဲ့ သားတော်တွေ ပီသစွာနဲ့ ကျွန်မတို့လို ဒုက္ခအခက်အခဲ သောကပရိဒေဝမီးတွေနဲ့ ကြုံနေရတဲ့အချိန်မှာ ဘယ်အရာကိုမှ မျှော်ကိုးမထားဘဲ တကယ် လေးနက်တဲ့ စေတနာမေတ္တာတရား သန့်သန့်နဲ့ ကူညီဖေးမမှုတွေဟာ ဘုရားရှင်ရဲ့ ဆုံးမစကားတွေကို လိုက်နာကျင့်သုံးကြသူများဖြစ်ကြတဲ့ စစ်မှန်ဖြူစင် မေတ္တာရှင်များအားလုံးကို မိဂဒါဝုန်မြန်မာကျောင်းမော်ကွန်းမှ တစ်ဆင့်မှတ်တမ်းတင် ဂုဏ်ပြုလိုက်ရပါတယ်။


မဇ္ဈိမဒေသရဲ့ စစ်မှန်ဖြူစင်မေတ္တာရှင်များ အားလုံး ကာယစိတ္တ နှစ်ဖြာသောသုခနဲ့ ပြည့်ဝနိုင်ကြပါစေ လို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

မှတ်ချက် ။ ။ ဤဆောင်းပါးပါ အဖြစ်အပျက်များသည် (၂၁.၁၂.၂၀၀၆)မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်၏ ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုဟု ရိုးသားစွာဖြင့် ဝန်ခံပါသည်။

ရွှေအိမ်တော် မိရွှေသက်

ထူးခြားဂုဏ်ရှင် မှတ်တမ်းတင်

သာကေတမြို့ ရွှေစာရံဆရာတော်



မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ - ၁၃၃၃ခုနှစ် (၃) ဝါရစဉ် ရိုက်ကူးပုံတော်

လက်ရှိခေတ်၌ မွေးနေ့အထိမ်းအမှတ် (အဘိဇာတ) မင်္ဂလာကို ထင်ရှားသော ဆရာတော်သံဃာတော်များနှင့် လူပုဂ္ဂိုလ်များသာ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လေ့ရှိကြပါ သည်။ အကျွေးအမွေးမျိုးစုံ လှူဖွယ်တန်းရာ အဖြာဖြာတို့ဖြင့် ကျွေးမွေးလှူဒါန်းလေ့ရှိကြပါသည်။ မွန်မြတ်တဲ့ ဒါနမင်္ဂလာတစ်ခုဖြစ်သည်။

ယခုလည်းပဲ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်ကျောင်း၊ ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ-MA)၏ သက်တော်(၆၀)ပြည့် မွေးနေ့မင်္ဂလာအခါတွင် အမှတ်တရ စာအုပ်တစ်အုပ် ထုတ်ဝေရေးအတွက် စာစောင် ဖြစ်မြောက်ရေးအဖွဲ့ဝင်များ ဆွေးနွေးကြရာ (က) လက်ရှိ မိဂဒါဝုန်မြန်မာကျောင်းဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ၏ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်း (ခ) မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ နောက်ခံသမိုင်းဖြစ်ရပ်မှန်များနှင့် (ဂ)လွန်တော်မူကြကုန်ပြီးသော မိဂဒါဝုန်နှင့် ကုသိနာရုံဆရာတော်ကြီးများ၏ သာသနာပြုလုပ်ငန်းစဉ် နောက်ခံသမိုင်းများကို ရေးသားကြရန် ဆုံးဖြတ်ချက်ချတော်မူကြလေသည်။

အဆိုပါသုံးချက်ထဲက စာရေးသူ လက်လှမ်း မီခဲ့သော ဆရာတော်ဦးဝဏ္ဏာဓဇရဲ့ ဘဝဖြစ်စဉ်နှင့် သာသနာပြုလုပ်ငန်းစဉ်ကိုပဲ ရေးမှာဖြစ်ပါသည်။

လက်လှမ်းမီဆိုလို့ စာရေးသူဟာ လွန်ခဲ့သော နှစ် (၄၀)ခန့်၊ အတိအကျဆိုရသော် ၁၉၇၀-ပြည့်နှစ်က သထုံမြို့ ဟိတကာရီ ပါဠိတက္ကသိုလ်သို့ စာသင်ရောက်စဉ် ကပင် ဆရာတော်လောင်းလျာ ဦးဝဏ္ဏာဓဇနှင့် တွေ့ဆုံရင်းနှီးခွင့်ရရှိခဲ့ပါသည်။

ထိုစဉ်က ပါဠိပထမပြန် ပထမငယ်တန်းတွင် စာတက်လည်းအတူတူ စာပြန်ကြတော့လည်း အတူတူ ဆွမ်းခံကြွလည်းအတူတူ၊ နောက်ဆုံး သထုံကနေ ရန်ကုန်သို့ အတူတူပင်ပြောင်းရွှေ့ဖြစ်ခဲ့လေသည်။ ဒါကြောင့်မို့ ထိုစဉ်ကပင် ဆရာတော်ဟာ ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကြံတောရွာမှာ မွေးဖွားခဲ့ကြောင်း ဦးမောင်ထွန်းဦးနှင့် ဒေါ်စိန်စိန် တို့ဟာ သူ့မိဘများဖြစ်ကြကြောင်း သူ့မှာ မွေးချင်း (၉)ယောက်ရှိကြောင်း သိရှိခဲ့ရပါသည်။

ဆရာတော်ငယ်စဉ်က ရွာဦးကျောင်း ဆရာတော် ဦးပညာသာမိထံ အခြေခံစာပေများ သင်ယူခဲ့ပုံ မင်းပြားမြို့၊ ရေတံခွန်ကျောင်းသစ် ဆရာတော်ဦးပညာဝံသ ထံတော်တွင် ရှင်သာမဏေဝတ်ခဲ့ စာသင်ခဲ့ပုံ။ သက်တော်(၂၀)ပြည့်ခြိန် ၁၃၃၀-ပြည့်နှစ်၊ နတ်တော်လတွင် မြောင်းဘွေ ရွာဦးကျောင်း ဆရာတော် ဦးဂုဏာဘိစ္စိတကို ဥပဇ္ဈာယ်ပြု၍ မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းတော် ဦးဝဏ္ဏာဓဇဖြစ်လာပုံတို့ကို သိရပါတယ်။ စာရေးသူနှင့် တွေ့စဉ်က မိဂဒါဝုန်ဆရာတော်

ဤအရွင်ကား သူဟာဖြစ်နိုင်ရင် သာသနာပြုမထေရ်ကျော်တစ်ပါး ဖြစ်လိုကြောင်း အများအကျိုးကိုဆောင်ရွက်လိုကြောင်း၊ အမျိုးဘာသာသာသနာအတွက် ရွေ့တန်းကနေ ခေါင်းဆောင်လိုကြောင်းစသည်ဖြင့် သူ့ရည်မှန်းချက်တွေကို ခဏခဏ ပြောပြ၏။

ဥု့ တိ ဓိ ညာ၊ ညာ တိ ဓိ၊ ဓိ တိ ညာ ဥု့- ဆိုတဲ့ ဂါထာကို စာဖတ်သူတိုင်း တွေ့မိ ဖတ်မိ ကြမှာပါ။အဆိုပါ ဂါထာများဟာ ဆရာတော်များသာသနာပြုရာ၌ မည်မျှ အထောက်အကူပြုပြီး မည်မျှစွမ်းအားရှိတယ်ဆိုတာ သာမန် ပုဂ္ဂိုလ်များ သိရှိနိုင်ကြမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ မွေးနေ့ရှင် ပြည်ပသာသနာပြု မိဂဒါဝုန် ဆရာတော်ဘုရားကြီးရဲ့ ကြီးကျယ်တဲ့သာသနာပြုလုပ်ငန်း တွေ အောင်မြင်မှုရနေခြင်းဟာ သူ့ရဲ့ အဖျတ္တသတ္တိ ဗျတ္တိ အပြင် ဤ သီဟနာဒ ဂါထာနဲ့ ပတ္ထနာတို့ရဲ့ အထောက်အကူ ပြုမှုလည်း ဧကန်ပါမှာပါ။

ပြောရပါဦးမည်။ စာသင်သားရဟန်းငယ် ဘဝကပင် သာသနာပြုလို အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လိုခဲ့ တဲ့ ဆရာတော်ဟာ အခုသက်တော်(၆၀)ပြည့်လာချိန်မှာ သူ့ ဆန္ဒတွေ ဘယ်၍ ဘယ်မျှ အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ ပြီလဲ ဆိုတာကို စာရှုသူများကိုယ်တိုင် ရှုမြင်ကြည့်ပါ။

စိစစ်ကြည့်ရအောင်-

ရွေ့ကံရှိက-တားမရ ရောက်ရနေရာမှန်

မိဂဒါဝုန်ဆရာတော်လောင်းလျာ ဦးဝဏ္ဏဓဇဟာ စာသင်သားဘဝဖြင့် သထုံမြို့ ဟိတကာရီ ပါဠိတက္ကသိုလ်၊ ရန်ကုန်မြို့၊ ဗားကရာကျောင်းတိုက်၊ မြောင်းမြမြို့ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်၊ကျောင်းတိုက်တို့တွင် ပညာဆည်းပူးရင်း ပါဠို ပထမပြန်'ပထမကြီး'တန်းကို ဖြေဆိုအောင်မြင်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံကို ကြွရောက်ကာ ဗာရာဏသီမြို့(SAM PURNANAND SANDSIKRIT UNIVERSITY) သက္ကတ တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားပြီး (M.A)ဘွဲ့ကို သက္ကတ ဘာသာဖြင့် ရရှိခဲ့ပါသည်။

လောင်းလျာ အရှင်ဝဏ္ဏဓဇဟာ ရဟန်းသိက္ခာ(၂)ဝါသာ ရှိပါသေးသည်။ စာသင်သား ရဟန်းငယ်ဘဝကပင် ဆရာတော် ဦးဝဏ္ဏဓဇရဲ့ ထူးခြားချက်ကတော့ သန့်သန့်ရှင်းရှင်းနှင့် သေသပ်စွာ နေထိုင်တတ်ခြင်း။ သည့်အပြင် အများအပေါ် စေတနာ သဒ္ဓါတရားထားနိုင်ခြင်း၊ မေတ္တာ ဓာတ်အားကြီးခြင်း၊ သည်းခံနိုင်ခြင်းနှင့် ပရဟိတစိတ် အားကြီးခြင်းတို့ပဲ ဖြစ်သည်။

နေ့ဆွမ်းခံအတူကြွရင်း စာရေးသူအား ဤအရှင်မှ သူဟာဖြစ်နိုင်ရင် သာသနာပြုမထေရ်ကျော် တစ်ပါးဖြစ်လို ကြောင်း အများအကျိုးကို ဆောင်ရွက်လိုကြောင်း၊ အမျိုး ဘာသာ သာသနာအတွက် ရှေ့တန်းကနေ ခေါင်းဆောင်လို ကြောင်း စသည်ဖြင့် သူ့ရည်မှန်းချက်တွေကို မကြာခဏ ပြော ပြတတ်သည်။

သူ့ ဆရာတစ်ပါးကလည်း ဦးဇင်း ကြီးကြီးမားမား သာသနာပြုလိုလျှင် ဤဂါထာကို မြဲမြဲရွတ်လျှင် သာသနာပြု ရလိမ့်မည်ဟုဆိုကြောင်း မကြာခဏရွတ်ပြနေသဖြင့် ဤ စာရေးသူပင် ထိုဂါထာကို အာဂုံနှုတ်တက် ရနေမိ၏။ ခုတိုင် မှတ်မိ နေသေး၏။ ရည်မှန်းချက် ကြီးမားသူများနှင့် ယုံကြည် သူများ ရွတ်ဖွားနိုင်ကြရန် ဤနေရာ၌ ဖော်ပြပေးပါ့မယ်။

မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏဓဇ(အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)အမြဲရွတ်ပွားတော်မူခဲ့သော သီဟနာဒ (ခြင်္သေ့မင်းပမာ ရဲရင့်စွာ) နှင့် လိုလားမှု ပတ္ထနာ ဂါထာကား

ဥု့ ဗုဒ္ဓေါ ဗောဓေယ္ယံ၊ မုတ္တော မောစေယ္ယံ၊
တိဏ္ဏော တာရေယ္ယံ (သုမေဓာရှင်ရသေ့)
အဟံ ဇေယ္ယော၊ အဟံ ဇေဋ္ဌော၊ အဟံ သေဋ္ဌော။
အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ။
သေဋ္ဌော ဟ မသ္မိ လောကဿ။ (သိဒ္ဓတ္ထကုမာရ)
ဗုဒ္ဓမေတ္တာ၊ ဗုဒ္ဓကရုဏာ၊ ဗုဒ္ဓသိနေဟံ
ဣတ္ထိရာဇ သဗ္ဗမိတ္တံ ဝိယံ မမ။။ (ပတ္ထနာ) တဲ့

မှန်ပါတယ်။ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးများ ကြီးမားသော လုပ် ငန်း ဆောင်တာများကို ဆောင်ရွက်ကြရာ၌ ကြီးကျယ်သော အောင်မြင်မှုတွေကို ရရှိနေကြခြင်းဟာ ဤကဲ့သို့ မျှော်မှန်း ချက် အာသီသဆန္ဒ စရဏ တွေကလည်း အထောက်အကူပြု လိမ့်မယ်ထင်ပါတယ်။

သာဓကများစွာထဲက သာဓကတစ်ခု ပြပါအံ့။ မြန်မာ နိုင်ငံ ပရိယတ္တိနယ်ပယ်မှာ သူ မတူအောင် ကျော်ကြားတဲ့ သာသနာပြု မင်းကွန်းတိပိဋကဆရာတော်ကြီးရဲ့

(M.A)ဘွဲ့ရပြီးနောက် ကုသိနာရုံဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရ၏ ခိုးမြောက်မှုကြောင့် ဗာရာဏသီမြို့ရှိ သမိုင်းဝင် မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး ရဲ့ ဦးစီးပဓာန နာယကအဖြစ်ဖြင့် ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။ ဘူမိနက်သန် နေရာမှန်သို့ ရောက်ရှိခဲ့ခြင်းပင်၊ ဒါကြောင့်မို့ **'ရွေ့ကံရှိက တားမရ ရောက်ရ နေရာမှန်'** ဟု ဆိုသလို၊ ဘုန်းကံရှိက အားထားကြ ပြုရမှန်စွာ သာသနာ လို့ ပြောလို လျှင် ပြော၍ ရနိုင်ပါသည်။

သည်တော့ ဘုန်းကံ ဆိုတာဘာလဲ။ ဘုန်းကံ ဆိုတာ ကောင်းတဲ့ အလုပ်တွေကို လုပ်လို့ ကောင်း ကျိုးတွေ ရရှိနေတာကိုပင် 'ဘုန်းကံ' လို့ ခေါ်ရခြင်းဖြစ်သည်။

ထိုအရှင်ရဲ့ ဘုန်းကံစွမ်းကြောင့် မိဂဒါဝုန်မြန်မာ ကျောင်းတိုက်ကြီးအတွင်း ရှိရင်းစွဲအဆောက်အအုံ ဟောင်း တွေ အစား အသစ်အသစ်တွေ ဖြစ်ထွန်းပေါ် ပေါက်လာပုံကို စာရေးသူ မိဂဒါဝုန်ကို ရောက်ရှိစဉ်က မုဒိတာပွား စရာ တွေ့မြင်ခဲ့ရလေသည်။

ထို့အပြင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အဘိဓမ္မာတရားမြတ် ဟောကြားပြီးနောက် တာဝတိံသာ နတ်ပြည်မှ ဆင်းသက်ရာ သင်္ကဿနဂိုရ်ရှင့် ဒုတိယသင်္ကီ ယနာ တင်တော်မူရာ ဝေသာလီမြို့ဟောင်းတို့မှာလည်း ဗုဒ္ဓ သာသနိက အဆောက်အအုံများ ဆောက်လုပ်၍ တပည့် ရဟန်းတော်များအား စေလွှတ်ကာ သာသနာပြုလျက်ရှိ ကြောင်း သိရှိရလေသည်။

ဒီထက်မက ဆရာတော်ဦးဝဏ္ဏဓဇဟာ ကမ္ဘာ့သာသ နာပြု ကုသိနာရုံဆရာတော် ဘုရားကြီး ဦးစန္ဒြမဏိရဲ့ ဂုဏ် တော်၊ ကျေးဇူးတော်ကို ဦးထိပ်ပန်ဆင်၍ 'စန္ဒြမဏိဖောင် ဒေးရှင်း' ကို ဦးစီးတည်ထောင်ကာ စန္ဒြမဏိ အထက်တန်း ကျောင်းဆောင်သစ်ကြီးကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း။

'ဦးဇင်း ကိုယ့်ဇာတိနှင့် ကိုယ့် မိဘတွေကို မမေ့နှင့် ကျေးဇူးဆပ်ပါ' ဟူသော မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးရဲ့ ဩဝါဒကို ဦးထိပ်ပန်ဆင်ပြီး ဆရာတော်ဟာ သူဇာတိရွာမှာ အလယ်တန်းကျောင်း ဆောင်သစ် တစ်ဆောင် ဆောက်လုပ်၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလှူဒါန်း ခဲ့ကြောင်း။

အိန္ဒိယနိုင်ငံရောက် မြန်မာရဟန်းတော်များ အဖွဲ့၌ လည်း အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ဆဲဖြစ်ကြောင်း တို့ကို အားတက်ဂုဏ်ယူဖွယ် ကြားသိရလေသည်။

ဤကား မွေးနေ့ရှင် ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာ ကျောင်းတိုက် ပဓာန နာယကဆရာတော် ဦးဝဏ္ဏဓဇ၏ သက်တော်(၆၀)ပြည့် နှစ်ခြောက်ဆယ်ဘဝခရီးစဉ်၏ မြင်ကွင်း တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဦးဝဏ္ဏဓဇ၏ နှစ်ခြောက်ဆယ် ဘဝခရီးကိုမျှော်ကြည့် ရင်း စာရေးသူ ဤအရှင်တို့၏ ကျေးဇူးရှင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ စတုတ္ထ စံကျောင်းဆရာတော်(အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလ) ၏ မကြာခဏ ပေးလေ့ရှိတဲ့-

သ ပရတ္ထံ စရေ ဓီရော၊ အသက္ကောန္တော သင် စရေ။
တမ္မိစေဝ အသက္ကောန္တော၊ ပါပတ္တာနံ ဝိဝဇ္ဇယေ-

ဆိုတဲ့ တစ်သင်္ကာ လိုက်နာကျင့်သုံးရမဲ့ ဘဝလမ်းညွှန် ဩဝါဒ ကထာနဲ့ တိုက်ဆိုင်ကြည့်နေမိပါ၏။ ရှုပါဦး = ဓီရော၊ ပညာရှိသည်၊ သပရတ္ထံ၊ မိမိသူတစ်ပါး နှစ်ဦးသား အကျိုးစီး ပွါးကို။ စရေကျင့်ရမယ်တဲ့။ (ကိုယ့်အကျိုး စီးပွါး -သူ့ အကျိုး စီးပွါး နှစ်မျိုးစလုံးကို ကျင့်နိုင်မှ ဓီရခေါ်လောက်တဲ့ ပဂ္ဂိုလ်ပါ)

သပရတ္ထံ၊ မိမိသူတစ်ပါးနှစ်ဦးသားအကျိုးကို၊စရိတုံ၊ ကျင့်ခြင်းငှာ၊ အသက္ကောန္တော၊ မစွမ်းနိုင်သောသူသည်၊ သင်္ကံ၊ ကိုယ့်အကျိုးတစ်မျိုးတည်းကိုသာ၊ စရေ၊ ကျင့်ပါတဲ့။

တမ္မိစေဝ၊ ထိုကိုယ့်အကျိုး တစ်မျိုးတည်းကိုသာ။ စရိတုံ၊ ကျင့်ခြင်းငှာ၊ အသက္ကောန္တော၊ မစွမ်းနိုင်ခဲ့ပါမူ။ အတ္တာနံ၊ မိမိကိုယ်ကို၊ ပါပါ။ မကောင်းမှုမှ။ ဝိဝဇ္ဇယေ၊ ကင်းစေရာ၏၊ ကင်းအောင်နေရာ၏။ တဲ့။(ပါပတ္တာနံ=ပါပါ+ အတ္တာနံ)

ဆိုလိုတာက စွမ်းနိုင်ခဲ့မယ်ဆိုရင် မိမိအကျိုး သူတစ် ပါး အကျိုး နှစ်မျိုးစလုံးကို ဆောင်ရွက်ပါ၊ ကျင့်ပါတဲ့။ ဒီနှစ် မျိုးလုံး မဆောင်ရွက်နိုင်ဘူးဆိုရင်တော့ ကိုယ့်ကျိုးတစ်မျိုး တည်းကိုသာ ကျင့်ပါတဲ့။ မိမိသူတစ်ပါး အကျိုးနှစ်ပါးလုံးကို မဆောင်ရွက်နိုင်ဘူးဆိုရင် အပြစ်ကင်းအောင်နေပါ။ ကုသိုလ် ရအောင်နေပါလို့ ဆိုဆုံးမလိုက်တဲ့ ဩဝါဒဖြစ်သည်။

သည် ဩဝါဒကို တစိမ့်စိမ့်တွေးပြီး စဉ်းစားကြည့် လိုက်တိုင်း 'ဘဝနေနည်း' အသစ်အသစ်တွေ ထပ်မံတိုးပွါး လာသလို ခံစားရပါတယ်။

သည် ဩဝါဒ နဲ့ တိုက်ဆိုင်ကြည့်ပါလျှင် အခုနှစ် (၆၀) ပြည့် မွေးနေ့ရှင် ဆရာတော်ဟာ ဘယ်အမျိုးအစားထဲ ပါတယ်ဆိုတာ စာရှုသူများ ဆုံးဖြတ်နိုင်ကြပါစေ၊ ရွေးချယ် နိုင်ကြမှာပါ။ နိဂုံးချုပ်အားဖြင့်ဆိုရပါမူ အခုနှစ် (၆၀)ပြည့် ဘဝ ခရီးသည်ကြီး ဆရာတော်ဦးဝဏ္ဏဓဇဟာ လက်ရှိ ပစ္စုပ္ပန်

တည့်တည့်မှာ လောကရဲ့ အတွင်-ပရ ကျိုးနွှစ်ဝကို မျှမျှတတ ဆောင်ရွက်နိုင်ခဲ့သလို နောင်အနာဂတ်ဘဝမှာလည်း ဘယ်ပုံ ဘယ်နည်းဘဝခရီးဆက်ရမယ်ဆိုတာကို မှန်ကန်သော အတွေးအမြင် ထက်မြက်သော အသိပညာဉာဏ်တို့ဖြင့် အောင်မြင်သော ဘဝခရီးကို ဆက်လက် လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း။

သာကေတမြို့၊ ရွှေစာရံဆရာတော်။



ကမ္ဘာ့အေးကျန်းမြေတွင် ဆောင်းပါးရှင်နှင့် မိဂဒါဝုန်ဆရာတော် (၂၃-၁-၂၀၀၈)

မုချချမ်းသာမည့်တရား

အလုံးစုံသော သတ္တဝါအပေါင်းတို့သည်
တစ်ဦးနှင့် တစ်ဦး အမုန်းတရားဆိုးများ၊
မကျေနပ်ခြင်း တရားဆိုးများ ကင်းဝေးကြပါစေ။
အပြစ်မမြင် ချစ်ခင်ညီညွတ်ကြပါစေ။
တစ်ဦးအကျိုး တစ်ဦးက လိုလားနှစ်သက်ကြပါစေလို့
နေ့စဉ်ပုံတိုးစိတ်ပါ။
အဖန်တလဲလဲ ဤအတိုင်းမေတ္တာပွားများ၍
မေတ္တာသတိနှင့်နေကြပါ။

မမြင်မီရှေ့ဦးက
ကျေးဇူးပြုတတ်သော ဆရာတော်

အရှင်စန္ဒဝရ(မြောင်းမြ)

မှတ်မှတ်ရရ ၉-၉-၀၉ နေ့ညတွင် ရွှေပြည်သာမြို့၊ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော်ဖြစ်သော နောင်တော်ကြီး ဘဒ္ဒန္တသုဇာတမှ မိမိထံ ဖုန်းဆက်သည်။ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန် မြန်မာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ (မဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ သက်တော်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် "မိဂဒါဝုန် မြန်မာကျောင်းမော်ကွန်း" စာအုပ် ထုတ်ဝေမည်ဖြစ်၍ စာမူတစ်ခုခု ရေးပေးရန် တောင်းဆိုခြင်းဖြစ်၏။ ဖုန်းဆက်ပြီး နောက်တစ်နေ့တွင် မိဂဒါဝုန်နှင့်ပတ်သက်၍ ထုတ်ဝေပြီး စာအုပ် နှစ်အုပ်အပါအဝင် အခြားစာအုပ်များကိုပါ မိမိထံ ပို့ပေးလိုက်သည်။ အောင်ဆန်းတောရဆရာတော်သည် မိဂဒါဝုန်ဆရာတော်နှင့် အလွန်ရင်းနှီးသော စာသင်ဖက် မိတ်ဆွေဖြစ်ရုံသာမက ယခုစာအုပ်ဖြစ်မြောက်ရေးတွင် လည်း တာဝန်ရှိသူအဖွဲ့ဝင်အဖြစ် ပါဝင်နေ၏။ ထို့ကြောင့် မိမိဆီကသာမက အခြားဆက် စပ်ရာ စာရေးသူများဆီကပါ စာမူများရလျှင် လိုချင်ကြောင်း တောင်းဆိုခြင်းဖြစ်၏။ မိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇဟု ဆို လိုက်သည်နှင့် မိမိစိတ်၌ အမှတ် ထင်ထင် စွဲထင်နေသော မိဂဒါဝုန် ဆရာတော်၏ မိမိကို မမြင်မတွေ့ ဖူးသေးမီကပင် ကျေးဇူးပြု ကူညီ စောင့်ရှောက်ဖူးသည့် အကြောင်း အရာတစ်ခုကို မှတ်တမ်းတင် ရေးသားရန် ချက်ချင်းစိတ်ရောက် သွား၏။

မိမိသည် ဗုဒ္ဓဂယာ၊ မိဂဒါဝုန်တို့နှင့် အတိတ်ဘဝ ရေစက် အထုံ နီးစပ်ခဲ့ပုံရ၏။ အကြောင်း မှာ ယခုဘဝတွင် စာတွေ့ လက် တွေ့အားဖြင့် ရင်းနှီးနေသောကြောင့်ဖြစ်၏။ စာတွေ့အားဖြင့် ကိုရင်ဘဝ သာမဏေသက္ခသီဟ စာမေးပွဲအတွက် ဝိနည်း မဟာဝါ သင်ယူစဉ်ကပင် ဗုဒ္ဓဂယာ၊ မိဂဒါဝုန်တို့နှင့် အကျွမ်း ဝင် ရင်းနှီးခဲ့ရသလို ယခုစာပေပို့ချာ၌လည်း နှစ်အတော် ကြာမှစ၍ ယနေ့တိုင် နှစ်စဉ် ဝိနည်းမဟာဝါကို ပို့ချပေးနေရ သည်ဖြစ်ရာ ဗုဒ္ဓဂယာ၊ မိဂဒါဝုန် တို့နှင့် အမြဲလိုလို အကျွမ်း ဝင် ရင်းနှီးနေလေ၏။ လက်တွေ့အားဖြင့် အကြောင်း အမျိုးမျိုးဖြင့် အိန္ဒိယသို့ ခုနှစ်ခေါက်မျှ သွားရောက်ခဲ့လေရာ ဗုဒ္ဓဂယာသို့ ခြောက်ကြိမ်၊ မိဂဒါဝုန် အပါအဝင် သံဝေဇနိယ ဌာနများသို့ လေးကြိမ်ရောက်ရှိ ဖူးမြင်ခွင့်ရခဲ့လေ၏။

"ဘုရားရှင်နှင့်ဆက်စပ်ရာ နေရာဌာနတို့ကား တစ်ခါ ရောက်ဖူးရုံမျှဖြင့် တစ်သက်မေ့မရသည့်ဌာနများသာ ဖြစ်ပါ၏။" ဤသည့်ခံစားချက်ကို ထိုဌာနများသို့ ရောက်ဖူးသည့် ဗုဒ္ဓဘာသာဝင်တိုင်း ခံစားဖူးကြမည်သာဖြစ်ပါသည်။ မေ့မရသည့်အရာများတွင် ဌာနမျှသာမဟုတ်ဘဲ၊ ဌာနနှင့်စပ်ရာ ဌာနီပုဂ္ဂိုလ်များလည်း ပါဝင်ကြသည်သာဖြစ်၏။ ဌာနကို မေ့မရခြင်းမှာ နေရာဌာနအသီးသီးက ဘုရားရှင်နှင့် ဆက်စပ်နေ၍ ထူးခြားမြင့်မြတ်သည့်နေရာဌာနများ ဖြစ်သောကြောင့်ဖြစ်၏။ ဌာနီပုဂ္ဂိုလ်များကို မေ့မရခြင်းမှာ ထိုပုဂ္ဂိုလ်တို့၏ ရိုင်းပင်းကူညီတတ်သည့် မေတ္တာရှေ့သွား စိတ်ဓာတ်များကြောင့် ဖြစ်၏။

ဘုရားရှင်နှင့်ဆက်စပ်ရာ နေရာထူးများ၌ ဘုရားရှင်၏ ခန္ဓိမေတ္တာစသော ဓမ္မအထုံဓာတ်များ ပြန့်နှံ့နေပြီး ထိုဓမ္မ အထုံဓာတ်များသည် ယူတတ်သူ အခံဓာတ်နှလုံးသွင်း ကောင်းသူများထံသို့ ကူးစက် ကိန်းဝင်နိုင်ပေလိမ့်မည် ဟု ယုံကြည်မိ၏။ ထိုဘုရားရှင်၏ ခန္ဓိမေတ္တာစသော ဓမ္မ အထုံဓာတ်များသည် ထိုဌာနများကို ကာလရှည်ကြာစွာ စောင့်ရှောက်နေသော ပုဂ္ဂိုလ်များထံသို့လည်း ကူးစက် ကိန်းဝင်နေပုံရ၏။ ထိုသို့ ကူးစက်ခံယူထားသောကြောင့် သာ တစ်ချိန်က ဆင်းရဲဒုက္ခခံနေနိုင်ခဲ့ပြီး ယခုအခါ ဝင် ရောက်လာသူတို့ကို စိတ်ချမ်းသာအောင် မေတ္တာဖြန့် ဝေနိုင်ခြင်း ဖြစ်ပုံရပါ၏။ အထူးသဖြင့် မိဂဒါဝုန်နှင့် မိဂဒါဝုန် ဝန်းကျင်သည် တစ်ချိန်တစ်ခါက ဘုရားအလောင်းတော် သုဝဏ္ဏသာမနှင့် ခမည်းတော်မယ်တော်ဖြစ်ကြသော ဒုကူလ ပါရိကာ သူတော်စင်တို့၏ မေတ္တာဓာတ်များ တောရိုင်း တိရစ္ဆာန်များထံသို့ပင် ကူးစက်ပြန့်နှံ့ခဲ့လေရာ ဌာနမြေမွန် လည်း ဖြစ်ခဲ့ဖူးပါ၏။

မိဂဒါဝုန်နှင့် ရေစက်အထုံပါခဲ့ပုံရသော မိမိသည် ယခု မိဂဒါဝုန်နှင့်ပတ်သက်၍ စာရေးရန် အကြောင်းကြုံလာပြန်

၏။ ဘုရားရှင်၏သာသနာတော်၌ မိဂဒါဝုန်၏ဂုဏ်ကား ကြီးမားကျယ်ပြန့်လွန်းလှ၏။ ဘယ်ပုဂ္ဂိုလ်တို့ ဘယ်လိုပင် ချီးမွမ်းသော်လည်း ကုန်ဆုံးဖွယ်မရှိပါချေ။ ဤဘုရားရှင် သာသနာတော်ကွယ်၍ နောင်ပွင့်တော်မူမည့် ဘုရားရှင်၏ သာသနာတော်တွင်လည်း မိဂဒါဝုန်၏ဂုဏ်သည် အရှိန်အဟုန်ဖြင့် သင်းထုံနေဦးမည်သာ ဖြစ်၏။ မှန်ပါ၏။ ဤဘဒ္ဒကမ္ပာဝယ် နောက်ဆုံးပွင့်တော်မူမည့် ကုံကော်သခင် မေတ္တောရှင်သည်လည်း သာမောရဂုံ ဤမိဂဒါဝုန်၌ပင် တရားဦး ဓမ္မစက်ကို ဟောမြွက်တော်မူဦးမည်သာ ဖြစ်ပါ၏။ ဤသို့ဤပုံ မြင့်မြတ်သည့်နေရာထူးကို အကြီးအမှူးပြု စောင့်ရှောက်ခွင့်ရသည့် ပုဂ္ဂိုလ်များမှာလည်း ဘုန်းကံထူးသည့်ပုဂ္ဂိုလ်များဟု ဆိုရမည်သာ ဖြစ်ပါ၏။

မိမိသည် ဌာနမိဂဒါဝုန်နှင့် မရောက်ဖူးသေးမီကပင် ရင်းနှီးကျွမ်းဝင်ခဲ့ရသလို ဌာနိမိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏဓဇနှင့်လည်း တစ်ဦးနှင့်တစ်ဦး မဆက်သွယ်ဖူး၊ မတွေ့မမြင်ဖူးသေးမီကပင် ထူးထူးခြားခြား ကြိုဟာင်၍ ရင်းနှီးခင်မင်ကျွမ်းဝင်နေနှင့်ပြီးသော အဒိဋ္ဌသဟာယက(= မမြင်ဖူးသေးမီ ကြိုတင်ရင်းနှီးသည့်မိတ်ဆွေ)များဖြစ်ခဲ့ကြပါ၏။

အချိန်ကာလကလည်း အတန်ငယ်ကြာခဲ့ပြီး ဖြစ်၏၊ ဤလို ကူညီမှုကိစ္စတွေကို အများအပြား လုပ်ဆောင်နေကျလည်း ဖြစ်ပုံရ၍ မိဂဒါဝုန်ဆရာတော်အနေဖြင့် ထိုကိစ္စကို အမှတ်မထား မေ့များပင် မေ့လောက်ပြီ ဖြစ်နိုင်၏။ မိမိအနေဖြင့်မူ ထိုအကြောင်းအရာကို အသက်ထက်ဆုံး အမှတ်ရဖွယ် အတုယူဖွယ်အဖြစ် သိမ်းဆည်းထားရင်း ဆက်စပ်သူများနှင့် တပည့်များကို မကြာမကြာ ဂုဏ်တင်ပြောဖြစ်ခဲ့ပါ၏။ လက်တွေ့လည်း အတုယူကျင့်သုံးဖြစ်ခဲ့ပါ၏။

၁၉၉၂-ခု၊ မတ်လ. . . ။ မိမိ အိန္ဒိယသို့ အဦးဆုံးရောက်သည့်အခါက ဖြစ်၏။ ရန်ကုန်မြို့၌ ဓမ္မဇောတိဝိပဿနာရိပ်သာဖွင့်နိုင်ရန် စီစဉ်ဆောင်ရွက်နေချိန်ဖြစ်သည်။ ဓမ္မဂီရိဝိပဿနာအဖွဲ့ခွဲ (ရန်ကုန်)၏ အတွင်းရေးမှူး ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး မြောင်းမြ)နှင့် ဒကာ ဗန္ဓုလဦးရွှေ၊ ဝိပဿနာဆရာကြီး ဦးဂိုအင်ကာတို့၏ ကျေးဇူးကြောင့် ဓမ္မဂီရိဝိပဿနာအဖွဲ့ စပွန်ဆာဖြင့် အိန္ဒိယသို့ သွားရောက်ခြင်းဖြစ်၏။ ကိုးလ်ကတ္တား၊ အီဂတ်ပူရီ၊ မွန်ဘိုင်းနှင့် သံဝေဇနိယ လေးဌာနအစုံ အားလုံးတာဝန်ယူ ပို့ပေးသဖြင့် လိုလေသေးမရှိ စိတ်ချမ်းမြေ့စွာဖြင့် အိန္ဒိယ၌ တစ်လတိတိနေထိုင်လှည့်လည်ခဲ့ရသည်။

နိုင်ငံရပ်ခြားခရီးအတွေ့အကြုံမရှိသေးသည့် ထိုခရီးစဉ်၌ ဂိုက်ပုဂ္ဂိုလ်၏ ဦးဆောင်ရာသို့သာ လိုက်ခဲ့ကြရ၏။ ထိုအချိန်က ရန်ကုန်-ကိုးလ်ကတ္တား တိုက်ရိုက်လေယာဉ်မရှိသေး၍ ဘီမန်းအဲယားလိုင်းဖြင့် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံ၊ ဒါကာမြို့၌ အသွားအပြန် တစ်ညစီ ဝင်အိပ်ရ၏။ ရန်ကုန်မှ ဒါကာ၊ ဒါကာမှ ကိုးလ်ကတ္တားမြို့ရှိ ဓမ္မဂင်္ဂါဝိပဿနာရိပ်သာ၊ ဓမ္မဂင်္ဂါမှ အီဂတ်ပူရီမြို့ရှိ ဓမ္မဂီရိဝိပဿနာ ရိပ်သာသို့ ရောက်ရှိကာ ဓမ္မဂီရိဝိပဿနာရိပ်သာ၌ (၁၂) ရက်ကြာနေ၍ တရားထိုင်လေ့လာဖြစ်၏။ ထိုမှ မွန်ဘိုင်းမြို့သို့ သွားရောက်ကာ သုံးရက်ကြာ လည်ပတ်လေ့လာခဲ့ကြ၏။ ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ အိမ်၌ပင် ချမ်းသာစွာ တည်းခို ကြရ၏။

မွန်ဘိုင်းဝန်းကျင်ရှိ ရောက်သင့်သည့်နေရာများ လည်ပတ်လေ့လာပြီးနောက် သံဝေဇနိယဌာနများသို့ ဘုရားဖူးရန် မွန်ဘိုင်းမှ ရထားဖြင့် ခရီးဆက်ခဲ့ရာ. . မိမိတို့စာသင်စဉ်က "အတိတေ ဗာရာဏသိယံ"ဟု တကျော်ကျော်အော်ခဲ့သော လွမ်းမောဖွယ် ဗာရာဏသီသို့ ရောက်ရှိခဲ့ပါ၏။ ဗာရာဏသီတွင် ဂိုက်သူငယ်၏ ဦးဆောင်ရာ မြို့တွင်းရှိ ဆရာတော် ဦးဂမ္ဘီရဗုဒ္ဓိကျောင်း၌ တည်းခိုကြ၏။ ရေမိုးချိုး၊ ခေတ္တအပန်းဖြေပြီး တရားဦးဌာနကို ဖူးလိုဇောဖြင့် ညနေစောင်းတွင် မိဂဒါဝုန်သို့ သွားကြ၏။ လမ်းတွင် ကားအလွန်ကျပ်သောကြောင့် မှန်းသည့်အချိန်မရောက်ဘဲ လရောင်ဆမ်းသည့် ညဦးအချိန်တွင်မှ မိဂဒါဝုန်သို့ ရောက်၏။ တပေါင်းလဆန်း၏ ကြည်နူးဖွယ်လရောင်အောက်ဝယ် ဦးဦးဖျားဖျား ဖူးမြင်ခွင့်ရသည်ဖြစ်သော မိဂဒါဝုန်သံဝေဇနိယဌာနသည် မိမိအတွက် ပို၍ အမှတ်ရဖွယ်ဖြစ်ခဲ့ရပါ၏။ ဤသို့ဖြင့် လရောင်ဝေဝါးတွင် ပတ်ဝန်းကျင်ကို အာရုံမပြုအားဘဲ ဓမ္မရာဇိကစေတီရာနှင့် ဓမ္မေခစေတီတို့ကိုသာ အားမရတရဖြင့် ထိုညအတွက် ဖူးမြော်ခဲ့ရပါ၏။

မိမိတို့လိုပင် အချိန်ရခိုက် ညဘက်မှာ ဘုရား လာဖူးကြသည့် အီဂတ်ပူရီမှာ ဆုံဆည်းရင်းနှီးခဲ့သော ဧည့်သည်များနှင့် ဓမ္မရာဇိကစေတီရာ၌ မမျှော်လင့်ဘဲ ပြန်ဆုံကြရ၍ ဝမ်းသာမှုတစ်မျိုး တိုးခဲ့ရပါသည်။ သူတို့က ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ ၏ မိဂဒါဝုန်မြန်မာကျောင်း၌ တည်းခိုကြ၏။ ထိုညတွင် မိုးအတော်ချုပ်နေပြီဖြစ်၍ မိမိတို့အဖွဲ့ မိဂဒါဝုန်မြန်မာကျောင်းသို့ ဝင်လိုသော်လည်း နောက်တစ်နေ့မနက်မှ မြင်မြင်ထင်ထင် တစ်ခေါက် ပြန်လာမည်ဟု တိုင်ပင်ပြီး

တည်းခိုကျောင်းသို့ ပြန်ခဲ့ကြ၏။ ရန်ကုန်ရှိ မိတ်ဆွေ ဘုန်းကြီးများမှ ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇသို့ ပေးရန် မိမိနှင့်အတူ ပါးလိုက်သော မိတ်ဆက်စာကိုမူ မိဂဒါဝုန်မြန်မာကျောင်းသို့ ပြန်မည့်ဘုရားဖူးများဖြင့် တဆင့်ပေးလိုက်၏။

နောက်တစ်နေ့ နံနက်စောစောတွင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇကျောင်းမှ ဦးဇင်းတစ်ပါးနှင့် ကျောင်းသားတစ်ယောက် မိမိအမည်ကို မေး၍ မိမိတို့တည်းခိုရာ မြို့တွင်းကျောင်းသို့ ရောက်ရှိလာကာ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇမှ မိမိအား ရှုပိဋ္ဌေ ငါးရာ လျှုခိုင်းလိုက်၍ လာလျှုပါကြောင်း ပြောပြ၏။ မိမိမှာ အံ့အားသင့်၍ "လူများများပြီးပေးတာလား၊ လူကြုံပေးခိုင်းတာလား"ဟု မေးမိ၏။ လာပို့သူများက "လူကြုံပေးခိုင်းခြင်းမဟုတ်ပါ၊ ဘုန်းကြီး လိုတာသုံးရန်အတွက် လျှုခိုင်းလိုက်ခြင်းဖြစ်ပါသည်"ဟု အသေအချာပြောမှ လက်ခံဖြစ်၏။ ထိုအချိန်အထိ မိမိနှင့် ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇတို့ မတွေ့မမြင်ဖူးသေးပါချေ။ မမြင်ဖူးမတွေ့ဖူးသေးသောကြောင့်ပင် တည်းခိုဖို့ လိုအပ်ပါက အဆင်ပြေစေရန် ရန်ကုန်ရှိ ဆရာတော်နှင့် ရင်းနှီးသော မိတ်ဆွေဘုန်းကြီးများမှ မိတ်ဆက်စာရေးပေးလိုက်ခြင်းဖြစ်၏။ ဘယ်လိုပင် မိတ်ဆက်စာရေးပေးသော်လည်း မိမိကျောင်း၌ မတည်းခိုဖြစ်သည့်, မိမိနှင့်လည်း မသိဖူးသေးသော ပုဂ္ဂိုလ်အား မသိမသာ နေလိုက်လျှင်ဖြစ်ပါလျက် တကူးတက အခြား တည်းခိုသည့် နေရာကို လူလွှတ်၍ ငွေအရောက်ပို့ ကူညီစောင့်ရှောက်မှုသည် သာမန်ထက်ထူးသည့် ကူညီစောင့်ရှောက်မှုဖြစ်၍ အတုယူဖွယ်အဖြစ် မိမိ စိတ်အစဉ်၌ စွဲထင်လျက်ရှိပါ၏။

ထိုနေ့နံနက်မှာပင် မိမိတို့လည်း မိဂဒါဝုန်သို့ ထပ်မံသွားရောက်ပြီး ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ ကျောင်းသို့ ရောက်ခဲ့ပါ၏။ ထိုအခါ ဆရာတော်၏ ပြောစကားမှာ "ညကမဝင်ဖြစ်တော့၊ ဒီမနက်ပဲ ခရီးဆက်ထွက်မယ်ထင်လို့၊ ဘာမှအကူအညီမပေး လိုက်ရသောကြောင့် လိုလိုမယ်မယ် ခရီးသွားရင်း လိုအပ်ရာရာအသုံးပြုနိုင်ရန် စိတ်ကူးရ၍ အချိန်မီရှုပိုးငွေကိုသာ ပို့လှူခိုင်းရခြင်းဖြစ်ပါတယ်"ဟူ၍ ဖြစ်ပါ၏။

ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇအနေဖြင့် ဤကိစ္စမျိုးသည် လုပ်ရိုးလုပ်စဉ်ကိစ္စမျိုးဖြစ်၍ အထူးအဆန်း ဟု မထင်မှတ်သော်လည်း မိမိနှင့်အတူသွားသည့် ပုဂ္ဂိုလ်များရော၊ တည်းခိုကျောင်း၌ရှိသည့် အခြားဧည့်သည်များကပါ ဆရာတော်၏ မိမိအပေါ် ပြုမူဆောင်ရွက်ချက်ကို အမှတ်ထင်ထင် ပြောစရာစကားတစ်ခုအဖြစ် ပြောဆိုချီးမွမ်းခဲ့ကြပါ၏။

"အထက်တန်းသို့ တက်လှမ်းရောက်ရှိသူများသည် အကြောင်းမဲ့သက်သက် သူ့အလိုလိုရောက် ရှိလာကြသည် မဟုတ်ဘဲ၊ ရောက်သင့်ရောက်ထိုက်သော အကြောင်းအရာ အရည်အချင်းများနှင့် ပြည့်စုံ၍သာ ရောက်ရှိလာကြခြင်း ဖြစ်ပါပေ၏။"

ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ သက်တော် ၆၀မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာသာသနာအကျိုး ဆထက်တိုး၍ သယ်ပိုးရွက်ဆောင်နိုင်ပါစေဟု ဆုတောင်းမေတ္တာပို့သလျက်...

မေတ္တာမွန်ဖြင့်...

အရှင်စန္ဒဝရ(မြောင်းမြ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်

ယံ ကိဉ္စိ သမုဒယ ဓမ္မံ
သဗ္ဗံ တံ နိရောဓ ဓမ္မန္တိ။

အမှတ်မထား၊ ကြိုးစားပြုရာ
ရုပ်နာမ်နှစ်ဝ၊ မုချ ဖြစ်လာ
ဖြစ်လာအားလုံး၊ ပျက်သုဉ်းမည်သာ
အနိစ္စ၊ ဒုက္ခ အနတ္တာ။

(ဓမ္မစကြာဒေသနာတော်)

ရက္ခိတာသဇင်
ပြည်ဗာရာတွင် ပွင့်ပါသည်

အရှင်သာသနသီရိ

ဂယာဘူတာမှ မနက်စောစောကပင် ခုတ်မောင်းလာသော မဟာဗောဓိအတ်စ်ပရက်ရထားကြီးသည် ဂင်္ဂါမြစ်ကို ဦးခိုက်တော့မည်မို့ အရှိန်လေ လျော့လိုက်၏။ အခြိန်မှာ ညနေ ၄-နာရီခွဲခန့်၊ စိမ်းညို့ညို့နှင့် လူးလွန်းပြီး တအိအိ၊ စိစိရိရိတက်လာသော ဂင်္ဂါရေ လှိုင်းများက ရွှေကြာ၊ ပေဒါနှင့် ဆော့ကစားလျက်။ သူ တနေ့တာအလုပ် ပြီးပြီမို့ ဝင်လုဆဲ ဘာဏုရာဇာ၏ ရောင်ခြည် ဆလိုက်များက လိမ္မော်ရောင် လိုလို ပန်းနုရောင်လိုလို ဖျော့တော့တော့ ကလာများဖြင့် 'ဂင်္ဂါမြစ်ရေ မနက်ဖြန်မှ ပြန်တွေ့ကြတာပေါ့နော်' ဟု နှုတ်ဆက်နေသယောင်ယောင်။

ဟိန္ဒူခရီးသည်များသာမက အခြားဘာသာဝင်များပါမကျန် ဂင်္ဂါနဒီကို ပူဇော်လုပ်သည့် ဓမ္မတေးအသီးသီးကို ကိုယ်စီ ညည်းနေကြ၏။ ဂင်္ဂါမြစ်ရေကို ချိုးလိုက် လျှင်ကိလေသာ ဆိုးပြစ်များ ပျောက်သည်ဟု အယူရှိကြဟန်တူ၏။ မည်သို့ပင်ဆိုစေ ဂင်္ဂါနဒီသည် အိန္ဒိယ၏ ခေတ်အဆက်ဆက် ရာဇဝင်အစောင်စောင်၌ အဓိက ဇာတ်ကောင်တစ်ခု အဖြစ်ပါဝင် သရုပ်ဆောင်ခဲ့သည် မဟုတ်လော။ ယနေ့ အခြိန်ထိလည်း ဦးခိုက်မှီခိုရာ တစ်ခုဖြစ်နေဆဲ။

ဂင်္ဂါနှင့်ပတ်သက်၍ လက်လှမ်းမှီသမျှ အတိတ်ပုံရိပ်တို့ဆီကို ပြန်တွေးနေမိ၏။ ကြည့်မမြင်ရတော့သည်မို့ 'ဦးညွတ်နှုတ်ဆက်ခဲ့ပါတယ် ဂင်္ဂါရယ်' ဟု မနောဒွါရဖြင့် ဂါရဝပြုခဲ့၏။ မဟာဗောဓိအက်စ်ပရက်သည် ကျောက်ကျက်ကျောက်ကျက် အသံပေးလျက် ဗာရာဏသီမြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်လာနေပြီ။

ရာဇဝင်ဇာတ်ကားထဲက ဗာရာပြည်ကို ပထမဆုံး အကြိမ် ရောက်ခြင်းဖြစ်၏။ တောသား မြို့ရောက်ပမာ ကျွန်ုပ်၏မျက်လုံးအစုံသည် မြို့တော်ကြီး၏ တမျှော်တခေါ် အရပ်များဆီအထိ အပြေးအလွှား ကျက်စားနေမိ၏။

ဓမ္မစကြာ ရထားဘူတာ

အခြိန်မှာ ညနေ ၅-နာရီခွဲခန့်ဖြစ်၏။ အတွဲ-၂၀ ပါခရီးသည်အပြည့်ကို ညင်သာစွာတင်ဆောင်လာသည့် မဟာဗောဓိအက်စ်ပရက်သည် သူ့တာဝန် ကျေပွန်ပြီမို့ အသာအယာ ဘူတာမှာ နားခိုလိုက်သည်။ ဘူတာကြီးသည် ပျားပန်းခတ်မျှသော ခရီးသွားများနှင့် သတင်းကြီးလှသော ဗာရာဏသီမြို့သား များဖြင့် အလုပ်ရှုပ်နေ၏။ ကြိတ်ကြိတ်တိုးနေသော ခရီးသည်များကြား တွင် ပလက်ဖောင်းမှ ဘူတာအပြင်ရောက်အောင် ခရီးဆောင်အိတ်ဖြင့် ဖြတ်လျှောက်ရသည်မှာ မသက်သာလှ။ ခရီးသည်နားနေဆောင် တစ်ခုလုံးသည် များပြားလှသော ခရီးသွားများ၏ ဟိန္ဒူ။ အင်္ဂလိပ်၊ ဘင်္ဂါလီ စသောဘာသာစကားသံများ၊ လော်စပီကာကြီးများမှ ရထားခရီးစဉ်များကို ကြော်ငြာ ပေးနေသံများဖြင့် အပြင်မှပင်ညံနေသည်။

အပြင်ထွက်လိုက်ပြီး Taxi အငှားရုံလေးဆီ ဦးတည်လိုက်သည်။ အမှတ်မထင် နောက်သို့တစ်ချက် ပြန်လှည့်ကြည့်မိ၏။ နားနေဆောင်မျက်နှာစာကြီး၏ အလယ်ဗဟို တည့်တည့်ထိပ်တွင် ခန့်ညားဝင့်ထယ်စွာ သီးခြားအပေါ်သို့ မောက်တက်လျက် နေရာယူထားသည့် ဓမ္မစကြာအဝိုင်းကြီးကို အံ့သြဖွယ်ရာတွေ့ရသည်။ ဓမ္မကို ကိုယ်စားပြုသော ထိုအဝိုင်းကြီးက ကျွန်ုပ်အား ဦးခိုက်ရန်ဖိတ်ခေါ်နေသယောင်ယောင်။ ကားဌားရမည်ကို မေ့မျောသွား၏။ လက်ဆွဲအိတ်ကို ချပြီး ကျေနပ်သည်ထိ ဓာတ်ပုံရိုက်ယူသည်။

Taxi သမားများက ဘေးကရစ်ဝဲနေသည်ကို မြင်မှ မိဂဒါဝုန်မြန်မာကျောင်းသို့ ကားငှားရမည်ကို သတိပြန်ဝင်လာ၏။ 'ဘူတာကိုရောက်နေပြီ၊ ကျောင်းသို့ ကားခ ဘယ်လောက်ပေးရမလဲ' ဟု မြန်မာကျောင်းမှ မိတ်ဆွေ ဦးညာဏာဇလ ဆီဖုန်းခေါ်ပြီး ခရီးဆက်ခဲ့၏။

အိန္ဒိယအကောင်းဆုံး ရွှေမြန်မာ ဝိဟာရ

ကျောင်းပေါက်ဝတွင် ကားရပ်တော့ ည ၆-နာရီခွဲ ခန့်။ ညအမှောင်ပျောက်၍ လတန်ဆောင် ဆောက်ခါနီးဆဲ ဆဲ။ မဟာရံတံတိုင်းဆင့်ရှည်ကြီးသည် မြန်မာ့ဟန်ပန်အပြည့် ဖြင့် ပနံတင့်နေပြီး သူ၏လုံခြုံရေးတာဝန်ကို အပြည့်အဝ ယူထား၏။ အလယ်ဗဟိုတည့်တည့်တွင်ကား ထီးဟန်၊ နန်းဟန်၊ မြန်မာ့ဟန်တို့ဖြင့် သပ်ရပ်ခန့်ညားသော စာပန်းခြံ အခြယ်အမှုန်းတို့ဖြင့် အခန့်သား တည်ငြိမ်နေသည့်မုခ်ဝကြီး ရှိသည်။

'မိဂဒါဝုန်မြန်မာကျောင်းတိုက်' ဟူသော တရားဦး ဓမ္မစကြာကို အမှတ်ရစေမည့် နဖူးစည်းစာတမ်းရှိ၏။ ထိုအထဲမှ မြန်မာ ဟူသောစာနှစ်လုံးက ဘုရားဖူးများအား ဝမ်းပန်းတသာဖြင့် ပျူငှာစွာကြိုဆိုနေသယောင်ယောင်။

ဝင်ထယ်တင့်တယ်လွန်းသည့် မုခ်ဝကြီး၏အလှကို တဝကြီးရှုစားပြီး ကျောင်းဝင်းကျယ်ကြီးထဲသို့ ဝင်လိုက်၏။ မြန်မာဘုရားဖူးအဖွဲ့ဝင်လား မပြောတတ် လူရည်သန့် ဒကာတစ်ယောက်ကိုတွေ့၏။ ဆရာတော် အဆောင်ကိုမေးကြည့်တော့ သူကညွှန်ပြသည်။

အဆင်းတင့်၍ အချင်းပြည့်သောဆရာတော်

လောကဌ် အရည်အချင်းနှင့်အလှတရားသည် ယှဉ်တွဲပြီးေ တွ့ရခဲ၏။ (ပြင်သစ်စကားပုံ)၊ 'တောင်းမှာ အကွပ်၊ လူမှာအဝတ်' ဆိုသည်ကို အမြဲတစေ ကျင့်သုံး၍လား၊ 'ပရိမဏ္ဍာလံ နိဝါသေသာမီတိ သိက္ခာ ကရဏီယာ' အတိုင်း တသွေမတိမ်း လိုက်နာ၍လား မဆိုနိုင်။ ဆရာတော်မှာ ရေချိုးပြီးခါစ ထင်ရလောက်အောင် အခေါက်မပျက်သေးသော သန့်ရှင်းသောသင်္ကန်းကို ဆင်မြန်းထား၏။သူ့မျက်နှာဌ် ကြည်လင်အေးချမ်းသော အငွေ့အသက်အပြည့် ပေါ်လွင်နေ၏။

ရာဇ လီဠာကဲ့သို့ တင့်တယ်ခြင်းမျိုးဖြင့် သူ့အဆောင် ဝရံတာရှိ ကုလားထိုင်ကြီးပေါ်တွင် စံပယ်နေ၏။ ကုလားထိုင်ကြီးဟုဆိုခြင်းထက်ပလ္လင်ငယ်ဟုဆိုက ပိုသင့်တော်မည် ထင်၏။

ထိခြင်းငါးပါးဖြင့် ဦးသုံးကြိမ်ချပြီး 'ဘုရားတပည့်တော် ဆရာတော်နှင့် ဘုံဘေမြို့ ဘုရားထီးတော်တင်ပွဲမှာ ဆုံခဲ့တဲ့ဦးဇင်းပါ အရှင်ဘုရား' ဟု စတင်လျှောက်ထားလိုက်၏။ ဆရာတော်က 'သိပါတယ်၊ မဒရပ်စ်မှာ ဦးဝါသဝဆီမှာ ရောက်နေတဲ့ ဦးဇင်းမဟုတ်လား၊ မောင်ရင် ခု ဗုဒ္ဓဂယာကလာတာလား' ဟု မေး၏။ 'မဟုတ်ပါ အရှင်ဘုရား၊ တပည့်တော် နာလန္ဒကို ရောက်နေတာ ၅-ရက်လောက်ရှိပါပြီ၊ ခု အဲဒီက မနက်စောစောကပင် ရထားနှင့် ထွက်လာပါတယ် အရှင်ဘုရား'၊ 'မောင်ရင့် သူငယ်ချင်း မောင်ဉာဏဗလ နေရာ လုပ်ပေးလိမ့်မယ်၊ သူ အပြင်ရောက်နေတယ်၊ ခဏနေပြန် ရောက်လာလိမ့်မယ်၊ ဟိုဘက်အဆောင်သွားပြီး ခဏစောင့်နေ' ဟု ပြော၏။

ရှေးဟောင်း မိဂဒါဝုန် ကျောင်းတိုက်လား

ဦးဉာဏဗလအလာကို စောင့်ရင်းကျောင်းစဉ် လှည့်၍ လျှောက်ကြည့်နေမိသည်။ မြန်မာ လက်ရာအပြည့် ဖြင့် ခမ်းနားထယ်ဝါနေသော သုံးထပ်ကျောင်းဆောင်ကြီးများ၊ နှစ်ထပ်ဆောင်ကြီးများက စိမ်းလန်းနေသော ကုံကော်၊ ပိတောက်၊ ခရေ စသည့်အပင်ကြီးများနှင့် ဇလပ်၊ ဇီဇဝါ၊ ရွှက်လှပန်းများကြားတွင် စီစီရီရီ စနစ်တကျ နေရာယူထားကြသည်။ ပြေပြစ်ညီညာသော နတ်လမ်းတံတားကြီးများက တစ်ဆောင်နှင့် တစ်ဆောင်ကို ပေါင်းကူးပေးထားသည်။ တိုင်းတပါး၏ ရှေးဟောင်းသုတေသန နယ်မြေတစ်ခုဌ် ဤကဲ့သို့ ထပ်မြင့်ဆောင်ကြီးများ ဆောက်လုပ်ခွင့်ရအောင် ဆရာတော်၏ကြိုးပမ်းမှုကို အံ့သြနေမိ၏။

သာဓုသံ ညံမစဲ

ထိုစဉ် ဆရာတော်ဦးစန္ဒိမာကို အမှတ်တရကျောင်းဆောင်ကြီး၏ အပေါ်ထပ်မှ ဆရာကန်တော့ တရားနာ၊ ရေစက်ချသံများအဆုံးဌ် သာဓုခေါ်သံ သုံးကြိမ် ကြားလိုက်ရ၏။ ဆက်တိုက်ဆိုသလို နောက် ဘုရားဖူးအဖွဲ့တစ်ဖွဲ့ ကျောင်း ပေါ်တက်ကြသည်။ ထိုအဖွဲ့များသည် မိဂဒါဝုန် တစ်ဝိုက် လှည့်လည်ဘုရားဖူးကြပြီး မနက်ဖြန် မနက်ခရီး ဆက်မည်ဖြစ်၍ ဆရာတော်အား နှုတ်ဆက်ဖူးမြော်ကန်တော့ ကြခြင်း ဖြစ်၏။

ထိုစဉ် အတိတ်မိဂဒါဝုန်ဆီသို့ စိတ်ကူးမိလိုက်၏။ မြစ်တို့သည် မြင့်မောက်ရာအရပ်၊ ရေထွက်ရှိရာအရပ်မှ မြစ်ဖျားခံ၍စီးသကဲ့သို့ ဗုဒ္ဓသာသနာသည်လည်း ဤအရပ်မှ အစပြုပြီး ပြန့်နှံ့ခဲ့၏။

ရတနာသုံးပါးအနက် ဓမ္မရတနာနှင့် သံဃရတနာ စတင်ပေါ်ထွန်းရာအရပ် ဖြစ်၏။ အိန္ဒိယတိုက်ငယ်နှင့် ထိုထိုနိုင်ငံအရပ်ဒေသများဆီသို့ ပြန့်နှံ့ ခဲ့၏။ ဗုဒ္ဓသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်က ဤအရပ်၌ စကျွကရဏီ၊ ဉာဏကရဏီ အစချီ၍ အစွန်းနှစ်ဘက်ကို လွတ်အောင် ရှောင်ရမည့် အလယ်အလတ်လမ်းစဉ်(မဇ္ဈိမပဋိပဒါ)ကို ကမ္ဘာသိကြေညာခဲ့၏။ ပထဝီမြေကြီး က သွက်သွက်ခါ တုန်လှုပ်ပြီး ရာနှုန်းပြည့် ထောက်ခံသည့် သဘောဖြင့် ကောင်းချီးပေးခဲ့၏။

ဗြဟ္မဏဝါဒ(အတ္တ)ကြီးစိုး လွှမ်းမိုးနေသည့် အိန္ဒိယဒေသကြီး၌ အနတ္တဝါဒကို ကြေညာခြင်းသည် မည်မျှ အန္တရာယ်များလေမည်နည်း၊ သို့သော်လည်း ဗုဒ္ဓသည် အနတ္တဝါဒကိုတည်ထောင်ခဲ့ရာ၌ သွေးမြေတစ်စက်မျှ မကျဘဲ အောင်မြင်ခဲ့၏။ စိတ်ပညာ ရှုထောင့်အရ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ ဦးစွာပထမ ပြောဆိုသည့် စကားရပ် များသည် အရေးကြီးတတ်၏။ ဥပမာကား နိုင်ငံတော်အကြီးအကဲများ၏ မဲဆွယ်ပွဲများ၌ မူဝါဒရေးရာ တင်ပြချက်၊ အကြီးအကဲအဖြစ် ကျမ်းကျိန်ပွဲများ၌ ပေါ်လစီကြေညာချက်များသည် အရေးကြီးသည့် အတိုင်းပင်တည်း။

ရန်ကုန် မဟာစည်ရိပ်သာကြီးမှ နာယက ဆရာတော်တစ်ပါးက 'မောင်ရင် မှတ်ထား သာသနာတော်မှာ အရေးအကြီးဆုံး သုတ်သုံးသုတ်ရှိတယ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ မဟာသတိပဋ္ဌာနသုတ်' ဟုမိန့်ဖူး သည်။ မည်မျှမှန်ကန်သည်ကိုမူကား ပရိယတ်၊ ပဋိပတ် နှံ့စပ်သူမဟုတ်၍ မဆုံးဖြတ်နိုင်ပါ။ မည်သို့ဆိုစေ ဤအရပ်၌ ဟောကြားခဲ့သော ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်တို့သည် ထိုထိုသုတ္တန် များအနက် လွန်စွာအရေးပါ၏။

ဆရာတော်ဦးစန္ဒိမကို (သို့) မီးအိမ်ရှင်

ဤကျောင်းတိုက်ကြီးကို (၁၉၀၈) ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်းသိရ၏။ အာဒိကမ္မိကပုဂ္ဂိုလ်ကား အရှင်စန္ဒိမကိုမထေရ်ဖြစ်၏။ လေ့လာသိရှိရသူတိုင်း မကြည်ညိုဘဲမနေနိုင်သည့်ဆရာတော်တစ်ပါးဖြစ်၏။ ပုဂ္ဂလဝိသေသောဇာနိတဗ္ဗော-ဆိုသည့်အတိုင်းပင် ကြည်ညိုထိုက်ရုံမက

လက်ရှိဆရာတော်ဦးဉာဏိသရက ဝင်ကြေး မကောက်ခံသည်ကိုပင် ဥပဒေကြောင်းအရ အိန္ဒိယအစိုးရက မတတ်နိုင်။ မဟာပရိနိဗ္ဗာနစေတီဝင်း တံခါးသော့သည်ပင် ဆရာတော်လက်ဝယ်တွင် ရှိ၏။ မည်သည့်ဗုဒ္ဓဘာသာကျောင်းတိုက်မျှ ကုသိနာရုံမြန်မာကျောင်းနှင့် မိဂဒါဝုန် မြန်မာကျောင်းများကဲ့သို့ ဗုဒ္ဓဌာနများနှင့် တစပ်တည်း ထိစပ်လျက်မရှိ။

လေးစားမှု၊ အမှတ်ရမှု၊ အတုယူမှု၊ အားကျမှုတို့ဖြင့် ဂုဏ်ပြုထိုက်သူဖြစ်၏။ ဤနေရာ၌ ကိုယ်တွေ့ ဆရာတော်ဦးစန္ဒိမကို၏ ပုံရိပ် အနည်းငယ်ကိုသာ တင်ပြအံ့။

ထိုအရှင်၏ အလွန်ကြည်ညိုလေးစားအောက်မေ့ဖွယ်ရာအဖြစ် ကုသိနာရုံဘုရားဝင်းအကြောင်းကို အနည်းငယ် တင်ပြချင်၏။ သံဝေဇနိယလေးဌာနသည် သက်ဆိုင်ရာနိုင်ငံအစိုးရလက်ထဲတွင်ရှိပြီး၊ ၎င်းတို့၏ ရှေးဟောင်းသုတေသနဌာနအောက်တွင် ထားရှိကာ ဝင်ကြေးများပင် ကောက်ခံလျက်ရှိသည်ကို ဘုရားဖူးများအသိဖြစ်၏။ သို့သော် ကုသိနာရုံ မြန်မာကျောင်းနှင့် ကုသိနာရုံဘုရားဝင်း (မဟာပရိနိဗ္ဗာနစေတီ)သည် အရှင်စန္ဒိမကို၏ကြိုးပမ်းမှုကြောင့် ယခုတိုင် လက်ရှိကုသိနာရုံဆရာတော်၏ စီမံမှု၊ အုပ်ချုပ်မှုအောက်တွင်ရှိ၏။

လက်ရှိ ဆရာတော် ဦးဉာဏိသရက ဝင်ကြေး မကောက်ခံသည်ကိုပင် ဥပဒေကြောင်းအရ အိန္ဒိယအစိုးရက မတတ်နိုင်။ မဟာပရိနိဗ္ဗာနစေတီဝင်း တံခါးသော့သည်ပင် ဆရာတော်လက်ဝယ်တွင် ရှိ၏။ မည်သည့်ဗုဒ္ဓဘာသာကျောင်းတိုက်မျှ ကုသိနာရုံမြန်မာကျောင်းနှင့် မိဂဒါဝုန် မြန်မာကျောင်းများကဲ့သို့ ဗုဒ္ဓဌာနများနှင့် တစပ်တည်း ထိစပ်လျက်မရှိ။ ထိုဌာနများကို အရအမိ ထိန်းသိမ်း၊ စောင့်ရှောက်၊ သာသနာပြုခွင့်ရအောင် အရည်အချင်းရှိရှိ ကြိုးပမ်းရယူနိုင်ခဲ့သော ထိုအရှင်မြတ်၏စွမ်းပကားကား တစိမ့်စိမ့်တွေးကြည့်မှ တရေးရေး မြင်နိုင်၏။

လွန်ခဲ့သော ဇန်နဝါရီလက အိန္ဒိယတောင်ပိုင်း မြို့တစ်မြို့ဖြစ်သော ဘန်ဂလိုမြို့သို့ တစ်ပတ်ကြာရောက်ခဲ့၏။ Mahabodhi Society ကျောင်းတိုက်သည် မြို့လယ်တွင် တည်ရှိ၏။ သံဃာ(၁၀၀)ခန့် သီတင်းသုံးသည်။ ကျောင်းတွင် ညမအိပ်ခဲ့သော်လည်း နေ့တိုင်းလိုလို ရောက်ဖြစ်ခဲ့သည်။ ဆွမ်းလည်း ၃-ကြိမ်မျှ သုံးဆောင်ခဲ့၏။

ဆရာတော်ဘွဲ့မှာ အာစရိယဗုဒ္ဓရက္ခိတ။ (၂၀၀၉ ခုနှစ် မြန်မာအစိုးရမှ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ကပ်လှူ) သံဃာတော်အားလုံး မြန်မာသက်နှံး နီညိုရောင်ဝတ်ဆင်ကြသည်။ ထို အခြင်းအရာကို တွေ့မြင်ရသောအခါ ဝမ်းသာမျက်ရည်များ ဝိုင်းလာပြီး မင်သက်သွား၏။ မြန်မာပြည်နှင့် မည်သို့ ဆက်စပ်မှုရှိသည်ကို သိချင်စိတ်ပြင်းပြလာ၏။ ရှက်လည်း ရှက်မိသည်။ အကြောင်းမှာ မိမိက နီညိုရောင်သက်နှံး မဟုတ်ဘဲ အဝါရောင် (ပိန္နဲရောင်) ကို ဝတ်ဆင်ခဲ့၍ လျှပ်ပေါ်သောပဉ္စင်းတစ်ပါး ဟု ထင်ကြလေမည်လား စသည်ဖြင့် တွေးတောရင်းအနီးတွင် ဝိုင်းနေကြသော ထိုသံဃာတော်များကြားတွင် မနေတတ်၊ မထိုင်တတ်ဖြစ်နေမိ၏။

မြန်မာ့ဗုဒ္ဓဘာသာကို တိုင်းတပါးသံဃာတော်များကပင် အထင်ကြီး၍ ဤသို့ တုပနေကြသည်ကြားခဲ့ အဝါရောင် သက်နှံးဝတ်ခဲ့မှုအတွက် အပြစ်တစ်ခုပမာ ကျွန်ုပ်ခံစားမိ၏။ပဓာနထေရ်ကြီးမှာ အသက်(၈၀)ကျော်ပြီ ဖြစ်၍ ကျန်းမာရေးအရ ပြင်ပ ဧည့်သည်များကို လက်ခံစကားမပြောတော့ပေ။ 'ခဏထိုင်ပါ အရှင်ဘုရား တိုက်အုပ်ဘန္တေ ကြွလာလိမ့်မယ်' ဟု ဆိုပြီးသတင်းစာများ၊ ထိုကျောင်းတိုက်ထုတ်စာစောင်၊ မဂ္ဂဇင်းများ စားပွဲပေါ် ချပေးသည်။ ကျောင်းတိုက်ထုတ်စာစောင်၊ စာအုပ်အားလုံး၏ လက်ျာဘက်အထက်ထောင့်၌ အရှင်စန္ဒြမဏိမထေရ်၏ဓာတ်ပုံကိုဖော်ပြထား၏။ လက်ဝဲဘက်အထက်ထောင့်၌ကား Mahabodhi Society ၏ ဆရာတော်နှင့် တပည့်များက ဂါရဝပြုနေကြသည့် ပုံပါရှိသည်။ အရှင်စန္ဒြမဏိမထေရ်နှင့် ဤကျောင်းတိုက်၏ ဆက်စပ်မှုကို သိချင်စိတ်က ပြင်းပြလာပြန်သည်။

(အာစရိယဗုဒ္ဓရက္ခိတ-ဇာတိ-Imphal မြို့၊ မဏိပူရ၊ အိန္ဒိယ၊ ဥပဇ္ဈာယ်=အရှင်စန္ဒြမဏိ၊ပရိယတ်=သီရိလင်္ကာ၊ ပဋိပတ်-မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်)

မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ကျင့်ကြံနေထိုင်သာသနာပြုနေပြီး၊ အထူးအောင်မြင်လျက်ရှိသည်။ အထူးရည်ရွယ်ချက်မှာ အိန္ဒိယတွင် သာသနာပြန်လည် ထွန်းကားရန်ဖြစ်သည်။ အိန္ဒိယသား ရဟန်းသံဃာ(၁၀၀)ခန့်နှင့် လူပုဂ္ဂိုလ်များစွာကို သာသနာပြုနိုင်ရန် စာပေပို့ချပေးလျက်ရှိ၏။

အရှင်စန္ဒြမဏိမထေရ် မိဂဒါဝုန်မြန်မာကျောင်းကို တည်ထောင်သည့် ၁၉၀၈ ခုနှစ် အချိန်သည် အိန္ဒိယလွတ်လပ်ရေးမတိုင်မီကာလဖြစ်၏။ (သို့မဟုတ်) မဟတ္တမဂန္ဓီစသော အိန္ဒိယ မျိုးချစ်များသည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေကြသည့်ကာလ။ အိန္ဒိယအနေဖြင့်ပင် ကိုယ့်ကြမ္မာကို ကိုယ်မဖန်တီးနိုင်သည့် အခြေအနေ။ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများသည်ပင် အင်္ဂလိပ်အရာရှိများ ခွင့်ပြုချက်မရပါက လာရောက်နိုင်မည် မဟုတ်။ အင်္ဂလိပ်အရာရှိများထံမှ ထိုဗုဒ္ဓဌာနများ(ရှေးဟောင်းနယ်မြေများ) ကို ကြိုးပမ်းခဲ့သော ထိုအရှင်၏ အရည်အသွေးများကား အထူးအံ့သြဖွယ် (၀၊) အနန္တကျေးဇူးတော်များပင်။

လယ်လုပ်မခက် လယ်တည်ခက်

အထက်ပါဆိုရိုးအတိုင်းပင် ကျောင်းတိုက်တစ်ခုတည်ထောင်ရေးမှာ တိုင်းတပါးတွင် မဆိုထားဘိ ပြည်တွင်း၌ပင် လွယ်ကူသောအရာမဟုတ်။ ထိုအချိန်ခါမျိုး၌ ထိုဒေသတွင် ကုသိနာရုံနှင့် မိဂဒါဝုန်ကျောင်းများ၊ အခြားသောစာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းတို့ ပေါ်ပေါက်ခဲ့မှုကထိုအရှင်၏ အမြော်အမြင်ကြီးမှု၊ ဘာသန္တရကျွမ်းကျင်မှု၊ စည်းရုံးရေး စွမ်းရည်ကောင်းခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်မှု ဦးဆောင်နိုင်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း စသည်တို့ကို သက်သေထူခဲ့၏။ ဒေါက်တာအမ်ဘေကာ (အိန္ဒိယ တရားရေးဝန်ကြီးဟောင်း)နှင့် ပရိသတ် (၂)သိန်းကျော်တို့ အရှင့်ထံ၌ ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သည့် ဖြစ်ရပ်သည် အထင်ရှားဆုံး သာဓကတစ်ခု။ အိန္ဒိယအစိုးရက ဂုရုဂုရု မဟာဂုရုဘွဲ့ဖြင့် ဂုဏ်ပြုခဲ့၏။

လူသား၏ တန်ဖိုး

'လူတစ်ယောက်ရဲ့တန်ဖိုးဟာ အသက်ရှင်နေထိုင် စဉ်အမျှားအကျိုးအတွက်ဘယ်လောက်လုပ်နိုင်သလဲ ဆိုတာမှာတည်တယ်' လူထုဒေါ်အမာ မကြာခဏ ပြောလေ့ ရှိသောစကားဖြစ်၏။ 'ဘဝမှာအသက် ရှည်ရှည်နေရဖို့ထက် အသက်ရှင်နေစဉ်အတွင်းမှာ အကျိုးရှိဖို့က ပိုအရေးကြီး၏' (မာတင်လူသာကင်း၊ အမေရိကန်လူမည်းခေါင်းဆောင်)။

ဤအဆိုမှန်ခဲ့အံ့၊ ဆရာတော်သည်လည်း ပြည်တန်ပတ္တမြားကြီးပင် မဟုတ်ပါလော့။ အောင်မြင်သောသာသနာပြုဦးဆောင်လမ်းပြကြီးပါပေတည်း။

အောင်မြင်သောသူတို့၏ လမ်းစဉ်အတိုင်း တိကျသောရည်မှန်းချက်ပန်းတိုင် ရှိခဲ့ရမည်။ ယင်းပန်းတိုင်သို့ ရောက်အောင် ခြီတက်မည့်အစီအစဉ်များလည်း ချမှတ်ခဲ့ရလိမ့်မည်။ စိုင်ကော်လို့ ချုံပေါ်ရောက်ရုံသက်သက်ဖြင့်ကား ထိုသို့ အောင်မြင်နိုင်မည် မဟုတ်သည်အမှန်။ အရှင်၏ စိတ်ကောင်းခြေရာလေးများသည် အတိတ်တွင် သမိုင်းဝင်ခဲ့၏။ မျက်မှောက်တွင် သမိုင်းတင့်နေဆဲ။ အနာဂတ်တွင်လည်း လှုပနေဦးမည်သာတည်း။ အရှင်သည် ဗုဒ္ဓဝင်ကြိတာ၊ ဓမ္မဒူတ-အစစ်ပါတကား။

ဆရာတော်စန္ဒိမဏိသည် ရခိုင်မိဘနှစ်ပါးဖြစ်သောဦးကျော်အောင်နှင့် ဒေါ်ဝင်းယေတို့မှ(၂၅-၅-၁၈၇၅)နေ့တွင် ပေါက်ပင်ကွင်းကျေးရွာ၊ မြောက်ဦးမြို့နယ်တွင် မွေးဖွားပြီး (၈-၅-၁၉၇၂)နေ့တွင် ကုသိနာရုံ မြန်မာကျောင်း၌ ပျံလွန်တော်မူသည်။ ◄ နိုင်ငံပေါင်း(၃၂)နိုင်ငံမှ ဝမ်းနည်းကြောင်းသဝဏ်လွှာ(ကြေးနန်း၅၆၉၊ ရိုးရိုး စာမူ ၇၀၉) စောင် ပေးပို့ခဲ့ကြသည်။◄(နှာ ၁၄၉-၁၅၀၊ သတိုးလှ၊ သီရိဘဒ္ဒန္တစန္ဒိမဏိထေရုပ္ပတ္တိ၊၁၉၇၅-ထုတ်) အိန္ဒိယအစိုးရ၏ လွှတ်တော်နှစ်ရပ်လုံးတွင် ဝမ်းနည်းခြင်းအခမ်းအနားများ ကျင်းပခဲ့ကြပြီး၊ မူလတန်းမှတက္ကသိုလ်အထိ ကျောင်းပိတ်ရက်ကြေညာခဲ့ကြောင်း ဆောင်းပါးတချို့အရ သိရ၏။

မိဂဒါဝုန်မြန်မာကျောင်းအကြောင်း တစေ့တစောင်း

လယ်လုပ်မခက် - လယ်တည်ခက်၏၊
အတည်မခက် - အရှည်ခက်၏၊
သူတော်မခက် - ပညာရှိခက်၏။
(မဟာဝိသုဒ္ဓါရုံ ဆရာတော်)

ဤသို့လျှင် ဆရာတော်ကြီးတည်ထောင်ခဲ့သောဤကျောင်းတိုက်၏ တိုင်းတစ်ပါးတွင် အရှည်ခံတည်တံ့ ရန်ပို၍အရေးကြီးလာပြန်၏။ တိုက်တည်ဆရာတော်၏ အမြော်အမြင်ကြီး၍ အစကောင်းခဲ့သော ဤကျောင်းတိုက်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ပညာတတ် အကျင့်ကောင်းရုံနှင့်မပြီးဘဲ စည်းရုံးရေးစွမ်းရည်ပါ ပြည့်ဝသူဖြစ်ရန် လိုအပ်လာပြန်သည်။ အကြောင်းမှာ ဒေသခံပုဂ္ဂိုလ်များကကျောင်းနေဆရာတော်ကို ပစ္စည်းလေးပါး ထောက်ပံ့ကြမည်မဟုတ်။ သို့အတွက် စည်းရုံးရေးစွမ်းရည်မရှိဘဲ ထိုင်နေရုံသက်သက်ဖြင့် ဤအရပ်ဒေသ၌ ထိုအချိန်ခါမျိုးတွင် ဘာမျှဖြစ်လာလိမ့်မည် မဟုတ်။

မြန်မာဘုရားဖူးများလည်း ယခုကဲ့သို့ မရောက်လာကြသေး။ ထို့ကြောင့်ဆရာတော်ကြီးသည် ရေရှည်တည်တံ့ရေးအတွက် ၁၉၀၈-ခုတွင် စရိုက်တူ၊ ဝါသနာတူ ဒါယကာ ၄ဦး၊ ဒါယိကာမ ၄ ဦး ပါဝင်သော မိဂဒါဝုန် သာသနာပြုအဖွဲ့ကို ဖွဲ့စည်းလိုက်၏။ သာသနာတော်၌ တစ်ဦးတစ်ယောက် အင်အားထက် အများအင်အားသည် ပိုအရေးကြီး၏။ ကျယ်ပြန့်သောသာသနာပြုလုပ်ငန်းကြီးကို ပုဂ္ဂိုလ်တစ်ဦးတည်းစွမ်းအားဖြင့် အကောင်အထည်မဖော်နိုင်။ စရိုက်တူ၊ ဝါသနာတူပုဂ္ဂိုလ်များ၏ ညီညွတ်သောအင်အားသည် လိုအပ်၏။ (ဓာတုသော၀ ဘိက္ခ၀े သတ္ထာ သံသန္ဒန္တိ၊ သမေန္တိ။ သံ၊ ၁။၃၆၈။)

ညီညွတ်သူတို့၏အလုပ်သည် အောင်မြင်မည်၊ စိတ်ချမ်းမြေ့မှုရမည်၊ အဓွန့်ရှည်မည်။ (သမဂ္ဂါနံ တပေါ သုခေါ) ဗုဒ္ဓလက်ထက်၌ ဝဇ္ဇီ (လိစ္ဆဝီ)မင်းတို့၏ မြို့တော် ဖြစ်ခဲ့သော ဝေသာလီသည် အပရိဟာနိယတရားကို ကျင့်သုံးခဲ့ကြ၍ ညီညွတ်၊ အောင်မြင်၊ ဖွံ့ဖြိုး၊ စည်ပင်ခဲ့သော သာဓကသည် ထင်ရှား၏။

တိုက်တည်အရှင်သည် ထိုထုံးများကို နှလုံးမူပြီး ဝါသနာတူ၊ စရိုက်တူ ဖြစ်သည့် သိဿာနုသိဿ-တပည့်များဖြစ်သည့် ဦးကိုတ္တိမာ (၁၉၀၃-၁၉၈၇)၊ ဦးတိက္ခိန္ဒြိယ (၁၉၀၀-၁၉၈၇)တို့အား မှန်ကန်စွာ ပခုံးပြောင်းခဲ့၏။ ၁၉၈၇ ခု ဇူလိုင်လတွင် ဆရာတော်ဦးတိက္ခိန္ဒြိယက အားမာန်အပြည့်ဖြင့် ထမ်းရွက်သွားနိုင်မည့် လက်ရှိအရှင်ဝဏ္ဏာဓဇထံသို့ ထာဝရထွန်းလင်းတောက်ပြောင်နေမည့် မိဂဒါဝုန် မီးရှူး တိုင်ကြီးကို လက်ဆင့်ကမ်း အပ်နှင်းခဲ့၏။

အရှင် ဂုဏာရည်

လူတော်များစွာရှိ၏။ တော်သူတိုင်းမကျော်ကြသကဲ့သို့ ဟုတ်တိုင်းလည်း မထင်ပေါ်ကြပါ။ ထိုတော်ခြင်းစသည့် ပင်ကိုယ်အရည်အသွေးများပေါ်၌ စိတ်ကောင်းလေး တစ်ခုထပ်မံလိုအပ်၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အသက် ရှင် နေထိုင်စဉ်အတွင်း ပြောခဲ့ကြသည်၊ ဆိုခဲ့ကြသည်၊ လုပ်ခဲ့ကြသည်၊ ယင်းတို့သည် လူသားတို့၏ခြေရာများ။ ယင်းတို့သည် ကာယကံရှင်တို့၏ စိတ်ဓာတ်ပေါ်မူတည်၍ လှုပသောသမိုင်းလည်း ဖြစ်နိုင်၏။ ယင်းတို့၏အကျိုးဆက်ကို

လည်း ထိုကာယကံရှင်များ ကိုယ်တိုင် ခံယူကြရ၏။ ဤသည်ကို **ပုဒ္ဓက ဇနေတိ သဒိသံပါဂံ** (ကံအကြောင်းနှင့် တူသော အကျိုးတရားကို ကိုယ်တိုင် ခံယူအပ်၏) ဟူ၍လည်းကောင်း၊ သဗ္ဗေသတ္တာ ကမ္မဿကာ (ကံသာလျှင်မိမိဥစ္စာရှိကုန်၏) ဟူ လည်းကောင်းမိန့်ကြားခဲ့၏။

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သိပ္ပံ၊ စာပေစသောနယ်ပယ်အသီးသီး၌ ထင်ပေါ်ကျော်ကြားသောခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများသည် သူတို့ချစ်သောလောကကို သမိုင်းကောင်းကောင်းဖြင့် အလှဆင်ခဲ့ကြ၏။ သူတို့သည် ပေးဆပ်သူများဖြစ်ကြ၏။ တစ်နည်း ဥယျာဉ်မျူးများနှင့်တူ၏။ သူတို့၏ပေးဆပ်မှုဖြင့် လောကသားများအဆင်ပြေချောမွေ့နေကြသည်ကိုမြင်လျှင် သူတို့ကြည်နူးကြ၏။ လောကဆီမှ သူတို့ ဘာမျှမမျှော်လင့်။

ဖယောင်းတိုင်တစ်ချောင်းပမာ သူတို့၏ဘဝကို အလောင်ကျွမ်းခံပြီး လောကကို အလင်းပေးရုံသက်သက်ဖြစ်၏။ ဤကား မြင့်မြတ်သူတို့၏စိတ်ဓာတ်။ 'အမေရိကက သင့်ကိုဘာလုပ်ပေးသလဲ ဆိုတာထက် အမေရိကအတွက် သင် ဘာတွေလုပ်ပြီးပြီလဲ' (ကနေဒီ၊ သမ္မတဟောင်း) ပေးဆပ်မှုအလှကို သရုပ်ပေါ်စေသည့် အလွန်ချစ်စရာကောင်းသောမိန့်ခွန်းဖြစ်၏။ ထို့ကြောင့် လောကက ပေးဆပ်ချင်သူများကို တောင်းဆိုလျက်ရှိ၏။ ပေးဆပ်မှုသည် ဒါနကို သက်သေထူ၍ ရယူမှုက လောဘကို ကိုယ်စားပြုသည်။ ပေးဆပ်သူများလျှင် လောကအေးချမ်းမည်၊ ရယူလိုသူများလျှင် လောက ဆူပွက်လိမ့်မည်။ ဤလောကသည် အားလုံးအတွက် ပြည့်စုံ လုံလောက်၏။ လူတစ်ယောက်၏လောဘကိုကား မဖြည့်ဆည်းနိုင် (ပဏ္ဍိတ်နေရူး၊ အိန္ဒိယဝန်ကြီးချုပ်ဟောင်း)

အကြောင်း နှင့် အကျိုး

ဗုဒ္ဓဝါဒအရ အကျိုးတရားဟူသမျှသည် အကြောင်းနှင့် ကင်းကောင်းသည်ဟူ၍ မရှိ။ ဤအဆိုကိုမှီး၍ ဆရာတော် အရှင်ဝဏ္ဏဓဇ၏ သာသနာပြုခရီး အလွန်အောင်မြင်နေခြင်းကို အနည်းငယ်ပြန်ပြောင်းသုံးသပ်ကြည့်ကြအုံ၊ အရှင် သည် ဥပဓိသမ္ပတ္တိနှင့်ပြည့်စုံ၏။ ထိုအရာသည် ထိုထိုကာယကံရှင် တို့ကို လောကက အပ်နှင်းထားသောအခွင့်အရေး၊ လူတိုင်း ရပိုင်ခွင့်ကားမဟုတ်၊ ထိုအတွက် တပည့်ဒကာများ၏ ပသာဒနီယဂုဏ်ကို ဆောင်၏။

ပဋိပတ်မကင်းသောပရိယတ်မူကို ကျင့်သုံးသည့်သဏ္ဌိ၊ ဟိတကာရီပါဋိတက္ကသိုလ်နှင့် မြောင်းမြပဇ္ဇောတာရုံတို့၌ ပရိယတ်သန္ဓေယူခဲ့သည်။ ထိုတိုက်များသည် အသိ၊ အကျင့် ဂုဏ်နှစ်ဆင့်ဖြင့် မြန်မာပြည် သာသနာလောက၌ သတင်းကြီး၏။

'အနေရိုးစေ၊ အသိဆန်းစေ၊
ဂုဏ်နောက်ကို လူမလိုက်နဲ့၊
လူနောက်ကို ဂုဏ်ကလိုက်ပါစေ'
(ဒသမမြောက် ရွှေကျင်သာသနာပိုင်)

ထိုဩဝါဒကဲ့သို့ အဆုံးအမ ကောင်းကောင်းရခဲ့သူ ပီပီ အနေအထိုင်သိမ်မွေ့၏။ အသွားအလာ ယဉ်ကျေး၏။ အပြောအဆို ညင်သာ၏။ ဟန်ဆောင်ကြွားဝါမှုကို အလွန်မုန်း၏။ အဝတ်အနေရိုး၏။ (သင်္ကန်း နီညိုရင့်ရောင်ကို သပ်သပ်ရပ်ရပ်၊ စမတ်ကျကျ အမြဲဝတ်ဆင်လေ့ရှိခြင်းကား မသိဖူးပါက နိုင်ငံခြားသာသနာပြုဟုပင် မည်သူမျှ ခန့်မှန်း နိုင်မည်မဟုတ်)၊ ကွမ်း၊ ဆေးမသုံး၊ အမြဲစင်ကြယ်သန့်ရှင်း၏။ ရိုးသားဖြောင့်မတ်စွာ အမှန်အတိုင်း၊ အရှိအတိုင်း ပွင့်လင်း၏။ (အရှင်ဘုရား ဒီမှာနေတာ ဘာအကျိုးတွေရှိလဲ၊' 'ဘာမှအကျိုး မရှိပါဘူး အရှင်ဘုရား၊ ဘုရားတပည့်တော် ကိုယ့်ကိုယ်ကိုယ် ဥစ္စာစောင့်တစ်ယောက်လို့ပဲ ထင်မြင်၊ ခံစားမိတယ်၊' အရှင် ဘုရားကို တပည့်တော် ကြည်ညိုတယ်၊ လေးလည်း လေးစား တယ်၊ အရှင်ဘုရားဟာ အမှန်အတိုင်း၊ ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်းကိုယ့်အဖြစ်ကို ကိုယ်ပြောရဲတယ်၊ဘုရားဖူးဆရာတော်ကြီးတစ်ပါး မေးမြန်းချက်ကို ဆရာတော်ဦးဝဏ္ဏာဓဇဖြေကြားချက်)

အပင်ပန်းခံနိုင်ပြီး ဇွဲလုံ့လရှိရှိ အလုပ်လုပ်၏။ ('နဖူးက ချွေး ခြေမဦးကျတယ်ဆိုတာ ဒီမှာ သရုပ်ပေါ်တယ်ကွာ၊ ဒီချွေးဟာ ချိုသလား၊ ငန်သလား ဆိုတာကို အရူးတစ်ယောက်လို ငါ လျှာနှင့် တို့ကြည့်မိတယ်ကွာ၊' ဟု စာရေးသူအား အရှင်မိန့်ကြားချက်) အခက်အခဲမျိုးစုံကြားမှ စား၊ ဝတ်၊ နေရေးကို ကိုယ်တိုင်ဖန်တီးပြီး ကျောင်းတိုက်၏ ရှေ့ရေး ကို သူဆက်ခဲ့၏။ တစ်ဖက်တွင်လည်း Baranasi Sanskrit University ၌ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရာ (၁၉၈၂ခု) တွင် M.A.(Philosophy-Sanskrit ရရှိခဲ့၏။ဘာသန္တရ၌လည်း ကျွမ်းကျင်၏။ လူကြီး၊ လူငယ် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံတတ်၏။

စည်းရုံးရေး စွမ်းရည်အလွန်တော်၏။ ဧည့်ဝတ်အလွန်ကျေပွန်သည်။ ဘုရားဖူးကြွလာသော ထေရ်ကြီးဝါကြီး ဆရာတော်များထံချည်းကပ်ပြီး၊ ဩဝါဒများကို ရိုသေစွာနာယူ၏။ ပစ္စည်းဝတ္ထုဌ္ဌ ရိုသေ၏။ အိန္ဒိယတခွင် သာသနာပြန့်ပွားရေးအတွက် ကျောင်းတိုက်သစ်များ တည်ထောင်၏။ ဤသည်တို့ကား အတူနေခွင့်ရခဲ့စဉ်က သိရှိခဲ့ရသည့် တစေ့တစောင်းဖြစ်၏။

သစ်တစ်ပင်ကောင်း ၎က်တစ်သောင်းနှား

မည်သို့ဆိုစေ ရွှေမြန်မာတို့၏ မိဂဒါဝုန် ကျောင်း နှင့်ထိုအရှင်တို့သည် စာသင်သံဃာတော်များ၊ ဘုရားဖူးဧည့်သည်များတည်း ဟူသော ကျေးဇူးအပေါင်းတို့၏ နားခိုရာ အရိပ်ပေးသော သစ်တစ်ပင်ကား အမှန်။

ထိုသစ်ပင်ကြီးဌ္ဌနားခိုပြီး သောတုဇနသံဃာတော်များသည် B.A, M.A, PhD စသော ဒီဂရီထူးများကို ရရှိကြ၏။ ဘုရားဖူးများအနေဖြင့်လည်း သံဝေဇနီယဌာနများကို ဖူးမြော်ရသဖြင့် ကုသိုလ်အကျိုးထူးများကိုရရှိကြ၏။ ထို သစ်ပင်ကြီး ရေရှည်တည်တံ့ရန်အတွက် ခိုနားခဲ့ဖူးသည့် ကျေးဇူးတည်းဟူသော ကျွန်ုပ်တို့တွင် တာဝန်ရှိကြသည် မဟုတ်ပါလော့။

ဘဝခန္ဓာတစ်သက်တာကို ဗုဒ္ဓ၏အမြိုက်ရေများ ခန်းခြောက်ခဲ့သော မဇ္ဈိမ ကန္တာရ ရင်ပြင်ဌ္ဌ အလှဝိညာဉ်တို့ကို ကြိုးစားပုံဖော်ပြီး မေတ္တာ၊ ကရုဏာမိုးတို့ဖြင့် ပြန်လည် စိုစွတ်စေခဲ့သော(ဝါ) အဖြည့်ခံသက်သက် (သို့မဟုတ်) ဖယောင်းတိုင်တစ်ချောင်းပမာ သူဘဝကို အလောင်ကျွမ်းခံကာ အိန္ဒိယတိုက်သားများကို အလင်းပေးသွားပြီး ထိုအရပ်ဌ္ဌပင် ဘဝကန့်လန့်ကာချသွားသော အရှင်စန္ဒြမဏိမဟာထေရ်မြတ်၏ အလှမေတ္တာ၊ မဟာအောင်ပွဲများကို အောက်ပါ လက်ာငယ်ဖြင့် ဦးညွတ်ပါ၏။ မြန်မာ့သားကောင်းတစ်ယောက်အဖြစ်လည်း အပြည့်အဝဂုဏ်ပြုအပ်ပါ၏။

အရှင် ကောင်းရာ သုဂတိလားပါစေ။

အရှင်စန္ဒြမဏိ(သို့)မီးအိမ်ရှင်သို့ ဦးညွတ်ခြင်း

သာသနာရေး၊ အသက်သွေးသို့
လေးစားဆန္ဒ၊ ဂါရဝဖြင့်
ဘဝခန္ဓာ၊ တစ်သက်တာကို
ကြည်သာရွှင်ပျ၊ ဟဒယကြောင့်
ဗုဒ္ဓထံတော်၊ အပ်နှံပျော်၍
လိုတော်မတူ၊ များပိုလိ်လူထဲ
ဆင်းရဲမျိုးစုံ၊ အဖုံဖုံကို
အာရုံထဲမှာ ဥပေက္ခာပြု၊ လျစ်လျူရှုလျက်
ပျောက်သောဘာသာ၊ သူပြန်ရှာခဲ့။
ဘဂဝါအုတ်မြစ်၊ သူပြန်လှစ်ခဲ့။
အဆစ်အပိုင်း သမိုင်းတစ်ခေတ်၊ ပြန်ဆန်းသစ်ခဲ့။

ဘာသာမတူ၊ များဟန္ဒူကို
ကြည်ဖြူဟဒယ၊ ရွှင်ပျပျဖြင့်
ဓမ္မနှိုရေ၊ တိုက်ခဲ့ပေသည်
မှောင်ခွေအလင်း၊ ဖန်ဆင်းခြင်းတည်း။

ထန်ပြင်းဆန္ဒ၊ မဇ္ဈိမတွင်
ဗုဒ္ဓသာသနာ၊ ပြန်ထွန်းလာဘို့
ကောင်းစွာပြုပြင်၊ ထေရ်အရှင်သို့
ဖူးမြင်ဦးခိုက်၊ ဉာဏ်ဖြင့် ညှိသည်
ကြိမ်ကြိမ်ဦးခိုက်၊ မိပါတကား။

ဤသို့ဖြင့် ကျွန်ုပ်သည် မိတ်ဆွေအလာကို စောင့်ရင်းတစ်နေ့တာ ရထားစီးလာခဲ့သည့် လမ်းတလျှောက် ခရီးစဉ်အတွေ့အကြုံများ၊ ဂင်္ဂါနဒီအလှ၊ နတ်ဘုံတမျှ ခမ်းနားသော မိဂဒါဝုန်အလှများ၊ တိုက်တည်ဆရာတော်မှသည် အစဉ်အဆက် လက်ရှိဆရာတော်ထိ ကျေးဇူးတရားများကို အောက်မေ့တသပြီး၊ ကဗျာဖွဲ့စာဖွဲ့နေရင်း အို. . . မိတ်ဆွေကြီး စောင့်နေတာ ကြာလို့ပျင်းနေပြီထင်တယ် ဟု အပြင်မှ ပြန်ရောက်လာသည့် မိတ်ဆွေကြီး ဦးဉာဏဗလ၏ တအံ့တသြ ခေါ်သံကိုကြားလိုက်၏။ အတွေးအိပ်မက်တို့ လွင့်ပြယ်လေပြီ။


ရက္ခိတတို့ကို ကိုယ်စားပြုသည့် မြန်မာပြည်အနောက်ရိုးမ၏ တောင်ဝင်သဇင်တို့သည် ဂုဏ်သတင်းကြီးသည့် ပြည်ဟာရာဌ္ဌ နှစ်တစ်ရာတိုင်တိုင် ဖူးပွင့်၍ ရနံ့သင်းပျံ့ခဲ့ပေပြီ။ ရာစုမှသည်- ထောင်စုဆီသို့၊ ထောင်စုမှသည်- ကမ္ဘာတည်သရွေ့ ဖူးပွင့်ဝေဆာ သင်းပျံ့နိုင်ပါစေ ဟု အာသီသ ဆန္ဒမွန်ဖြင့်-

အရှင်သာသနသီရိ(မေယမြေ)

မိဂဒါဝုန် မြန်မာကျောင်းတိုက်

ဘုန်ဆောင်ကြီးတော် ဆရာတော်ဦးဝဏ္ဏဓရ

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ထေရပ္ပတ္တိ



မွေးရပ်ဇာတိဒေသ

ဆရာတော်လောင်းလျာကို ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက်(၁၆-၁၁-၁၉၄၉)ဗုဒ္ဓဟူးနေ့တွင် မင်းပြားမြို့နယ်၊ ကြံတောရွာနေ ခမည်းတော် ဦးမောင်ထွန်းဦး၊ မယ်တော်ကြီး ဒေါ်စိန်စိန်တို့မှ ဖွားမြင်ခဲ့သည်။ ဒေါ်မိုးဇံဦး၊ ဒေါ်အနုချေ၊ ဦးမောင်ရွှေလုံး၊ ဦးမောင်ပုချေ၊ ဦးမောင်ကျော်စိန်၊ ဦးကျော်မြ၊ ဦးသာမြ၊ ဦးထွန်းမြ၊ ဦးရွှေဝင်းဟူ၍ မွေးချင်းညီအစ်ကို မောင်နှမ (၉)ယောက် ရှိရာ ဆရာတော်သည် သတ္တမမြောက် သားရတနာဖြစ်၏။ အရွယ်ငယ်စဉ်ကလေးသူငယ်ဘဝ၌ မိဘများက ကြံတောရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိ မထေရ်ထံ၌ အခြေခံစာပေများကို သင်ယူလေ့လာနိုင်ရန် အပ်နှံပေးခဲ့သည်။

ရှင်သာမဏေပြုခြင်း

အသက်(၁၄)နှစ်အရွယ်ရောက်သောအခါ မင်းပြားမြို့၊ သိဂုံတွာရ ရေတံခွန်ကျောင်းသစ် ဆရာတော် ဘဒ္ဒန္တပညာဝံသ ထံတော်၌ ရှင်သာမဏေအဖြစ် ခံယူ၍ သာသနာ့ဘောင်တွင်းသို့ ဝင်ရောက်တော်မူခဲ့၏။ ရေတံခွန်ဆရာတော် ထံပါး၌ (၂)နှစ်ကြာမျှနေ၍ အခြေခံသဒ္ဒါ-သဂြိုဟ်နှင့် ပိဋကစာပေများကို လေ့လာသင်ယူခဲ့သည်။

ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

မြောက်ဦးမြို့အပိုင်၊ မြောင်းဘွေမြို့ဆရာတော် ဦးဂုဏာစိဿတ အရှင်မြတ်ထံ၌ ဆက်လက်၍ ပရိယတ္တိပညာများကို လေ့လာသင်ကြားခဲ့၏။ ၁၃၃၀ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်နေ့တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော် ဦးဂုဏာစိဿတကို ဥပဇ္ဈာယ်ပြု၍ ကြံတောရွာ ခဏ္ဍာသိမ်တော်၌ ဥပသမ္ပဒဏာတ် မြင့်မြတ်သော ရဟန်းတော်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပညာသင်ကြားခြင်း

သထုံမြို့၊ ဟိတကာရိပါဠိတက္ကသိုလ်စာသင်တိုက်သို့ ၁၃၃၀ ခုနှစ်၌ ပါဠိပထမပြန်ဆိုင်ရာ ပရိယတ္တိစာပေများ လေ့လာသင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး နိုင်ငံတော်အစိုးရ ပထမငယ်၊ ပထမလတ် တန်းများကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၃၃ ခုနှစ်အထိ ဟိတကာရိပါဠိတက္ကသိုလ်၌ နေထိုင် သီတင်းသုံးခဲ့၍ ၁၃၃၄ ခုနှစ်တွင် ရန်ကုန်မြို့၊ စမ်းချောင်း၊ ဗားကရာတိုက်၌ သီတင်းသုံးနေထိုင်ခဲ့ပြီး မြောက်ဥက္ကလာပ ပရိယတ္တိစာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။

၁၃၃၅-ခုနှစ်တွင် ဧရာဝတီတိုင်း၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံ ပါဠိတက္ကသိုလ်တိုက်သို့ ရောက်ရှိကာ ဆရာတော် ဦးဥာဏိက မဟာထေရ်ထံတော်၌ ဆက်လက်၍ ပရိယတ္တိစာပေများကို ဆည်းပူးလေ့လာခဲ့ရာ ပထမကြီးတန်းကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ပထမပြန်စာမေးပွဲအပြီး မိမိ၏ဇာတိဒေသ ရခိုင်ပြည်နယ်သို့ ပြန်ကြွကာ ၁၃၃၆-ခုနှစ်၊ စစ်တွေမြို့၊ တရားသိစုရပ်ကွက် စန္ဒိမာရာမ (ခြင်္သေ့နှစ်ကောင်)ကျောင်း၌ ဝါဆို၍ သီတင်းသုံးပါသည်။ ၁၃၃၇-ခုနှစ်တွင် မင်းပြားမြို့ သိဂုံတွာရ ရေတံခွန်ကျောင်းသစ်၌ ဝါဆိုပါသည်။

အိန္ဒိယနိုင်ငံသို့ သာသနာပြုရောက်ရှိခြင်း

၁၉၇၅-ခုနှစ် ဒီဇင်ဘာလတွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူ၍ တရိပူရပြည်နယ်တွင် (၂)နှစ်ကြာမျှ တောင်တန်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

၁၉၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်းသို့ ရောက်ရှိ၍ အလယ်တန်းပညာကို (Hindustani) ဘာသာဖြင့် စတင်သင်ကြားသည်။ ၁၉၇၈-ခုနှစ်တွင် ဗာရာဏသီမြို့၊ (Sampurnanand Sandskrit University) သက္ကတတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ပညာသင်ကြားခဲ့ရာ (M.A) ဘွဲ့ကို ၁၉၈၂ ခုနှစ်၌ Buddhist Philosophy (Sanskrit) ဘာသာဖြင့် ရရှိခဲ့သည်။ ကျေးဇူးရှင် မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမာ၊ ဦးတိက္ခိန္ဒြိယနှင့် ကုသိနာရုံဆရာတော် ဦးဉာဏိဿရ (အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) မဟာထေရ်မြတ်တို့၏ ချီးမြှောက်မှုဖြင့် ဗာရာဏသီမြို့၊ မြတ်စွာဘုရား တရားဦးဟောတော်မူခဲ့ရာ သံဝေဇနီယဌာန၌ ဆရာတော် ဦးစန္ဒိမဏိ မဟာထေရ် တည်ထောင်တော်မူခဲ့သော ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက်တွင် ၁၉၈၇-ခုနှစ်၊ ဇူလိုင်လမှစ၍ ပဓာန နာယကဆရာတော် အဖြစ်ဖြင့် သီတင်းသုံးနေထိုင်ကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ဆောင်ရွက်ချက်များ

ဆရာတော်သည် ဓမ္မစက္ကဝိဟာရကျောင်း၌ သီတင်းသုံးခြိန်မှစ၍ ပြုပြင်ရန် လိုအပ်နေသော ကျောင်းအဆောက်အဦဟောင်းများကို အသစ်မွမ်းမံပြင်ဆင်ခြင်း၊ ဘုရားခန်းမဆောင်၊ ဆွမ်းစားဆောင်၊ ဧည့်ဆောင်၊ ဓမ္မာရုံခန်းမများကို အသစ် တိုးချဲ့ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းရပ်များကို စေတနာရှင် ဗုဒ္ဓဘာသာဝင်သူတော်စင်များ၊ ဘုရားဖူးအဖွဲ့များ၏ လှူဒါန်းပံ့ပိုးမှုဖြင့် ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော် ဆောင်ရွက်ချက်များကို ဓာတ်ပုံများနှင့်တကွ ဓမ္မစက္ကဝိဟာရကျောင်း သမိုင်းတွင် အသေးစိတ် ရေးသားဖော်ပြထားပြီး ဖြစ်ပါသည်။

သက်သနဂိုဏ်ကျောင်း

၂၀၀၀ ခုနှစ်၌ မြတ်စွာဘုရားရှင် ဝါတွင်း သုံးလ ပတ်လုံး အဘိဓမ္မာဒေသနာတော်များ ဟောကြားတော်မူပြီး တာဝတိံသာ နတ်ပြည်မှ ဆင်းသက် ကြွမြန်းတော်မူရာ သင်္ကန်းသနဂိုဏ်



အရပ်၌ သက္ကနိမ္မိတာရုံ မြန်မာကျောင်းတိုက်ကို တည်ထောင်တော်မူခဲ့၏။

U Chandramani Foundation

၂၀၀၁-ခုနှစ်၌ ဦးစန္ဒြမဏိဖောင်ဒေးရှင်းကို ဦးစီးတည်ထောင် ဖွဲ့စည်းခဲ့ပြီး ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးစန္ဒြမဏိ အထိမ်းအမှတ် အထက်တန်းကျောင်းဆောင် သစ်ကြီး (U Chandramani Memorial High School) ကို ဖွင့်လှစ်ခဲ့၏။ ဤကျောင်း၌ ယခုအခါ ကျောင်းသားပေါင်း (၉၀၀)ခန့် တက်ရောက်၍ ပညာသင်ကြားလျက်ရှိပါသည်။

ဝေသာလီကျောင်း

၂၀၀၂-ခုနှစ်၌ ဝေသာလီဒေသ၌ တစ်စေကကျော်ခန့်ရှိသော မြေကွက်ကို ဝယ်ယူ၍ ကူဋဂါရဝိဟာရ (စုလစ်မွမ်းချွန်ပြာသာဒ်အထွတ်တင်သောကျောင်းဟု အဓိပ္ပါယ်ရ၏)။ မြန်မာကျောင်းကို တည်ထောင်တော်မူသည်။ တံတိုင်း၊ မုခ်ဦးများ ဆောက်လုပ်ပြီး ကျောင်းထိုင်ရဟန်းတော် သီတင်းသုံးနေပြီး ဖြစ်သော်လည်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများစွာ ကျန်ရှိနေသေးပါသည်။

စန္ဒြမဏိလမ်း

၂၀၀၃ ခုနှစ်တွင် ဆရာတော်သည် မိဇဝိုဝန် ပြတိုက်မှ Munari အရပ်အထိ (၈) ကီလိုမီတာရှိသော လမ်းကို (Chandramani Road) လမ်းအမည်ဖြင့် ပြောင်းလဲ သတ်မှတ်ပေးပွဲကို Varanasi Commissioner ကိုယ်တိုင်ကြွရောက်ကာ ဖွင့်လှစ်စေခဲ့သည်။

မင်းပြားမြို့ အလယ်တန်းကျောင်း

ဆရာတော်သည် မိမိ၏ ဇာတိဒေသ ရခိုင်ပြည်နယ်၊ မင်းပြားမြို့၌ ကျောင်းသားသူငယ်များအတွက် အလယ်တန်းကျောင်းဆောင်တစ်ခုကို ၁၉၉၇ ခုနှစ်က ဆောက်



မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏဓဇ၏ ဖခမည်းတော် ဦးမောင်ထွန်းဦး



မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏဓဇ၏ မယ်တော် ဒေါ်စိန်စိန်

မိဂဒါဝုန် ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏဓဇ၏ မွေးချင်းများ



၂။ အစ်မကြီး ဒေါ်အန်ချေ



၃။ အစ်ကိုကြီး ဦးမောင်ဇွန်လုံး



၅။ အစ်ကိုလတ် ဦးမောင်ကျော်စိန်



၆။ အစ်ကိုငချေ ဦးကျော်မြ



၈။ ညီကလေး ဦးမောင်ထွန်းမြ



၉။ ညီထွေး ဦးဇွဲဝမ်း

လုပ်လျှဒါန်းခဲ့ပြီး သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ကာ ပညာပါရမီကုသိုလ်ကြီး (၂)ရပ်ကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်အားထုတ်တော်မူခဲ့ပါသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံရောက် မြန်မာ ရဟန်းတော်များ (ပရဒေသိသံဃနာယကအဖွဲ့) ၌ အကျိုးတော် ဆောင်ဆရာတော်အဖြစ်ဖြင့်လည်း သာသနာ့တာဝန်များကို ဆောင်ရွက်လျက် ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ၁၉၉၇ ခုနှစ်တွင် မဟာသဒ္ဓမ္မ ဇောတိကဓဇနှင့် ၂၀၀၈ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတို့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။





၉-၁၂-၂၀၀၈ အစ်ကိုမိသားစုနှင့်အတူ

ရွှေမိုဝရိဘောဂတိုက်တွင် မြေးများနှင့်အတူ (၂၀၁၀ ဇန်နဝါရီလ)

အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ မိဂဒါဝုန်မြန်မာကျောင်း စတုတ္ထမြောက် ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်	၁၃၁၁-ခုနှစ်	တန်ဆောင်မုန်းလပြည့်ကျော် (၁၂)ရက် ဗုဒ္ဓဟူးနေ့
	၁၉၄၉-ခုနှစ်	နိုဝင်ဘာလ (၁၆)ရက်၊ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကြံတောရွာ။
ရှင်သာမဏေ	၁၃၂၅-ခုနှစ်	
	၁၉၆၄-ခုနှစ်	ကိုရင်ဝတ်၊ ၁၄ နှစ်အရွယ်၊
ဥပဇ္ဈာယ်ဆရာ		မင်းပြားမြို့၊ သိဂုံတွာရ ရေတံခွန်ကျောင်းသစ်၊ ဘဒ္ဒန္တပညာဝံသ
ရဟန်းခံ	၁၃၃၀-ခုနှစ်	နတ်တော်လဆန်း (၈)ရက် ဗုဒ္ဓဟူးနေ့
	၁၉၆၈-ခုနှစ်	နိုဝင်ဘာလ ၂၇ ရက်၊
ဥပဇ္ဈာယ်ဆရာ		မြောက်ဦးမြို့နယ်-မြောင်းဘွေမြို့ဆရာတော် ဦးဂုဏ်စိန္ဓိတထံ ပညာသင်ကြား၊ ဥပဇ္ဈာယ်ပြု၊ ကြံတောရွာ ခဏ္ဍသိမ်၌ ရဟန်းခံ၊
ပြည်မသို့ကြွ	၁၃၃၀/၁၉၆၈-ခုနှစ်	သထုံမြို့၊ ဟိတကာရိစာသင်တိုက်

	၁၃၃၄/၁၉၇၂-ခုနှစ်	ရန်ကုန်မြို့၊ ဗားကရာတိုက်၊ ပိန္နဲကျောင်း
မြောင်းမြသွား	၁၃၃၅-ခုနှစ်	ကဆုန်လပြည့်ကျော် (၆)ရက်
	၁၉၇၃-ခုနှစ်	မေလ (၂၂)ရက်၊ သင်္ဘောစီး၊
မြောင်းမြ		ကဆုန်လပြည့်ကျော် ၇ ရက်(၂၃-၅-၁၉၇၃)
ပဇ္ဇောတာရုံရောက်		
စစ်တွေ	၁၃၃၆-ခုနှစ်	
	၁၉၇၄-ခုနှစ်	စစ်တွေမြို့၊ တရားသီးစုရပ်ကွက်၊ စန္ဒိမာရာမ (ခြင်္သေ့နှစ်ကောင်)ကျောင်း၌ ဝါဆိုတော်မူသည်။
မင်းပြား	၁၃၃၇-ခုနှစ်	
	၁၉၇၅-ခုနှစ်	မင်းပြားမြို့၊ သိင်္ဂုတ္တရ ရေတံခွန်ကျောင်းသစ်၌ ဝါဆိုတော်မူသည်။
အိန္ဒိယနိုင်ငံ		
ထရိပူရသို့ကြွ	၁၃၃၇-ခုနှစ်	
	၁၉၇၅-ခုနှစ်	ဒီဇင်ဘာလ၊ ထရိပူရသို့ကြွ၊ (၂)နှစ် ဝါဆို
ကုသိနာရုံသို့	၁၃၃၉-ခုနှစ်	
	၁၉၇၇-ခုနှစ်	ကုသိနာရုံသို့ကြွ၊
ဗာရာဏသီသို့	၁၃၄၀-ခုနှစ်	
	၁၉၇၈-ခုနှစ်	မိဂဒါဝုန်၊ ဗာရာဏသီသို့ကြွ၊
ရန်ကုန်သို့	၁၉၈၁-ခုနှစ်	ပထမအကြိမ် စတင်ကွ
ဘွဲ့.ရ	၁၉၈၂-ခုနှစ်	M.A. ဘွဲ့ရ
	၁၉၉၇-ခုနှစ်	မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့
	၂၀၀၈-ခုနှစ်	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့
ပဓာန နာယက	၁၃၄၉-ခုနှစ်	ဝါဆိုလ
	၁၉၈၇-ခုနှစ်	ဇူလိုင်လမှစ၍ မိဂဒါဝုန်မြန်မာကျောင်း၊ ပဓာန နာယကဖြစ်သည်။
ပရဟိတလုပ်ငန်း	၁၃၅၈/၅၉-ခုနှစ်	
	၁၉၉၇-ခုနှစ်	မင်းပြားမြို့နယ်၊ ကြံတောရွာအလယ်တန်းကျောင်း ဆောက်လုပ်လှူဒါန်းသည်။
	၂၀၀၀-ခုနှစ်	သင်္ဃနဂိုရ်အရပ်၌ သက္ကန်မြို့တာရုံ မြန်မာကျောင်းတိုက် တည်ထောင်ပေးသည်။
	၂၀၀၁-ခုနှစ်	ဘဒ္ဒန္တစန္ဒြမဏိ ဖောင်ဒေးရှင်း ဦးစီးတည်ထောင်ဖွဲ့စည်း၊
	၂၀၀၂-ခုနှစ်	ဝေဿလီဒေသ၌ (၁) ကကျော်ခန့် မြေကွက်တွင် ကူဋာဂါရဝိဟာရကျောင်း တည်ထောင်ပေးထားသည်။
	၂၀၀၃-ခုနှစ်	မင်းပြားမြို့နယ် ကြံတောရွာ၊ အလယ်တန်းကျောင်း၊ ကျောင်းဆောင်သစ်တဖန်ဆောက်လုပ်လှူဒါန်း

A brief biography of
4th Chief Abbot of Dhammachakka Vihara Migadawon Myanmar Temple
U Wunnadaza

Born	AD.1949	Wednesday, 16th November. Parents: U Maung Tun Oo + Mi Sein Sein of Kran Taw village, Munbra Township, Sittwe District, Arakan(Rakhine) State, Burma (Myanmar).
Noviciation	AD.1964	At the age of 14, stayed at a new Thingutlaragwan monastery For two years under the guidance of abbot U Pinnyawantha
Monk-hood	AD.1968	On 27th November of the year, went to Mraung Bwe village, Mrauk-U Township and Learned Buddhist literature from abbot U Gunicchita and entered monk-hood acted by the same abbot as his preceptor in Khanda Sima hall of Kran Taw Village. Went to Thaton and continued his study of Pali literature at Hitakari monastery
	AD.1972	Moved to Panei monastery, Bargara Taik, Sanchaung township, Yangon, to pursure his study
To Myaung Mya	AD.1973	Went to Myaung Mya by steamer in 22nd May, 1973.
Arrived Pitzawtarone monastery	AD.1973	Stayed there up to 23.5.1973.
Sittwe	AD.1974	Monsoon retreat in Sittwe.
Munbra	AD.1975	Monsoon retreat in Munbra.
Went to Tripura, India	AD.1975	Went to Tripura, India in December, 1975.
Kushinagar	AD.1977	Went to Kushinagar in 1977.
To Varanasi	AD.1979	Went to Varanasi
Attained M.A. degree	AD.1982	Obtained M.A. degree from Sampurnand Sanskrit University.
Chief of Abbot	AD.1987	From July (during monsoon retreat) of the year, became Chief Abbot of Dhammachakka Vihara Migadawon Myanmar Temple.
	AD.1987	In the month of July.
Meritorious Deeds	AD.1997	Donated a Middle School building at KranTaw village of Munbra Township.
	AD.2000	Founded A Thetka Nimmitaryone Myanmar Buddhist Temple at Sankasya
	AD.2001	Founded U Chandramani Foundation.
	AD.2002	Constructed The Kudagaravihara Temple in Visali.

စတုတ္ထမြောက် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ၏ သာသနာပြုခရီး

သီရိထွန်း (တောင်ကုတ်)

"ရဟန်းတို့ သတ္တဝါများစွာတို့၏ အစီးအပွားအလို့ငှာ၊ ချမ်းသာအလို့ငှာ၊နတ်လူတို့ ကောင်းကျိုးချမ်းသာအလို့ငှာ၊ လောကကိုစောင့်ရှောက်ရန် အလို့ငှာ ပြည့်စုံစင်ကြယ်သည့် သဒ္ဓမ္မနှင့် ပြဟ္မ စရိယကို ဟောကြားရန် ခရီးဒေသစာရီကြွခြီလော့" ဗာရာဏသီမြို့ မိဂဒါဝုန်တောတွင် ပထမဆုံး ဝါကျွတ်ပြီး ရဟန္တာခြောက်ပါးတို့အား ဗုဒ္ဓ၏ မိန့်မှာချက် ဖြစ်ပါသည်။

မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ သည် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၁၂) ရက်၊ ဗုဒ္ဓဟူးနေ့တွင် မင်းပြားမြို့နယ်၊ကြံတောရွာ၌ ခမည်းတော်ဦးမောင်ထွန်းဦး+မယ်တော်ကြီးဒေါ်စိန်စိန်တို့မှ ဖွားမြင်ခဲ့ပါသည်။

အသက်(၁၄)နှစ်အရွယ် ရှင်သာမဏေ ပြုပြီးချိန်မှစ၍ ၁၃၃၆-ခု(၁၉၇၄)ခုနှစ်ထိ ပထမကြီးတန်းအောင် ဓမ္မာစရိယ တန်းရောက်သည်အထိ ဗုဒ္ဓစာပေ ပရိယတ္တိများ သင်ကြားခဲ့ပါသည်။

၁၃၃၆-ခု(၁၉၇၄)ခုနှစ် စစ်တွေမြို့၊ ၁၃၃၇-ခု(၁၉၇၅) ခုနှစ် မင်းပြားမြို့၊ ၁၃၃၇-ခု(၁၉၇၅)ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ကြွတော်မူ၍ တရိပူရပြည်နယ်တွင် (၂)နှစ်တာမျှ သာသနာပြု နေထိုင်ခဲ့ပါသည်။

၁၃၃၉/၁၉၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကုသိနာရုံကျောင်းသို့ ရောက်ရှိပြီး အလယ်တန်းပညာကို ဟိန္ဒူဘာသာ (Hindustani) နှင့် သက္ကတဘာသာ (Sanskrit)တို့ဖြင့် စတင်သင်ကြားပါသည်။



ဘဒ္ဒန္တဝဏ္ဏဓဇ ၁၃၃၃ ခုနှစ် (၃)ဝါရောဂို

ဗာရာဏသီသို့ ဝတ်ရောက်ရှိခြင်း

၁၉၇၈-ခုနှစ်တွင် ဗာရာဏသီမြို့ မိဂဒါဝုန်ကျောင်း တတိယမြောက်ဆရာတော်ဘဒ္ဒန္တတိက္ခိန္ဒြိယထံ ရောက်ရှိ နေထိုင်ခွင့်လျှောက်ထားခဲ့ရာ ဆရာတော်က မြင်လျှင်မြင်ခြင်း ရင်ဝယ်သားတပည့်ရင်းပမာ စိတ်မှာစွဲထင်ပြီး "မင်း ဒီမှာအမြဲ နေမယ်ဆိုရင် လက်ခံမည်၊ပညာသင်ကြားရုံ အခိုက်အတန့်မျှ သာ နေမည်ဆိုလျှင်တော့ လက်မခံနိုင်ဘူး" ဟု အမိန့်ရှိပါသည်။ ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္ဆာပ္ပန္န ဟိတေနဝါ၊ ဆိုသည့် ဒေသနာတော်အတိုင်း ရှေးဘဝတုန်းက သားအဖ၊ ဦးလေး၊ ဦးကြီး စသည် ဖြစ်ခဲ့ကြခြင်း၊ ယခုဘဝမှာလည်း တစ်ဦး အကျိုးတစ်ဦး ဆောင်ရွက်ပေးကြခြင်းတို့ကြောင့် တစ်ဦးနှင့် တစ်ဦး တွေ့လျှင် တွေ့ခြင်း မြင်လျှင် မြင်ခြင်း ခင်မင် ရင်းနှီးခြင်း ဖြစ်ကြပါသည်။

အရှင်ဝဏ္ဏမဇ္ဈမာ ဆရာတော်၏ စကားကို ကြားလိုက်ရသော အခါ မိမိအား မြင်လျှင် မြင်ခြင်း အားကိုးလို၊ နေစေလို သောဆန္ဒဖြင့် ဖိတ်မန်နေသည်ကို သိရှိရ၍ ဝမ်းမြောက် ဝမ်းသာဖြင့်ပင် အမြဲနေပေးမည်ဟု အရှင်ဝဏ္ဏဓဇက ဝန်ခံကတိပြုလိုက်ပါ သည်။ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာ ကျောင်း ဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယထံ နေပြီး ကျောင်းတိုက် ကိစ္စအဝဝကို ကူညီဆောင်ရွက်ရင်း ဗာရာဏသီမြို့ Sampurnan -and Sanskrit University သက္ကတ တက္ကသိုလ်သို့ တက်ရောက်သင်ကြားခဲ့ရာ (M.A) ဘွဲ့ကို ၁၉၈၂-ခုနှစ်၌ Buddhist Philosophy- Sanskrit ဘာသာဖြင့် ရရှိခဲ့ပါသည်။

၁၉၈၇-ခုနှစ်၊ ဇူလိုင်လမှစ၍ မိဂဒါဝုန် မြန်မာကျောင်း၏ စတုတ္ထမြောက် ပဓာနနာယကဆရာတော် ဖြစ်လာခဲ့ပါ သည်။

စတုတ္ထမြောက် မိဂဒါဝုန်ဆရာတော် ဖြစ်လာသည်မှ ပြည်တွင်း ပြည်ပသာသနာပြုလုပ်ငန်းများ ပြုလုပ်ခဲ့သည်များကို ဆရာတော်၏ ပြောပြချက်နှင့် မိမိနှင့်အတူကြွရောက်ခဲ့စဉ်များ ကို ရေးသားတင်ပြပေးပါမည်။

ပရဟိတ လုပ်ငန်းများ

၂၀၀၀-ခုနှစ်တွင် သက်သနဂိုရ်အရပ်၌ သက္ကနိမ္မိတာရုံ မြန်မာကျောင်းတိုက် တည်ထောင်ပေးခဲ့သည်။ ၂၀၀၁-ခုနှစ်၊ ဘဒ္ဒန္တစန္ဒြိမဏိဖောင်ဒေးရှင်းကို ဦးစီးတည်ထောင်ဖွဲ့စည်းခဲ့ပြီး ကျေးဇူးရှင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒြိမဏိ အထိမ်းအမှတ် အထက်တန်းကျောင်းဆောင်သစ်ကြီး(U Chandramani Memorial High School)ကို ဖွင့်လှစ်ခဲ့ပါသည်။

ဤကျောင်း၌ ကျောင်းသားပေါင်း(၉၀၀)ကျော် တက် ရောက်၍ ပညာသင်ကြား လျက်ရှိပါသည်။

၂၀၀၂-ခုနှစ်၊ဝေသာလီဒေသ၌ တစ်ဧကကျော်ခန့်ရှိ မြေကွက်တွင် ကူဋာဂါရဝိဟာရ (စုလစ်မွန်ချွန် ပြာသာဒ် အထွတ် တင်ကျောင်း) ကို တည်ထောင်ပေးခဲ့ပါသည်။ လိုအပ်သော သိမ်၊ကျောင်း၊မဟာရာမ်၊ တံတိုင်း၊ ရေတွင်း၊ ရေကန်များကိုလည်း ဆရာတော်မှပင် ဦးဆောင်၍ အလှူခံကာ ပြီးမြောက်အောင် ဆောင်ရွက်ပေးလျက်ရှိနေ ပါသည်။ ယခုလည်း ဘုရားဖူးကြွလာသော ရဟန်းရှင် လူပြည် သူအများ ချမ်းချမ်းသာသာ တည်းခိုနိုင်ရန် ကျောင်းဆောင် သစ်တစ်ဆောင်ဆောက်လုပ်ရန် စီမံဆောင်ရွက် လျက်ရှိနေရာ စေတနာရှင်များ ပါဝင် လှူဒါန်းနိုင်သည်ဟု သိရှိရပါသည်။

၂၀၀၃-ခုနှစ် တွင် မိဂဒါဝုန်ပြတိုက်မှ မုန်နရီ (Munari) အရပ်ရှိ (၈)ကီလိုမီတာရှိလမ်းကို ဦးစန္ဒြမဏိလမ်း အမည်ဖြင့် ပြောင်းလဲသတ်မှတ်ပွဲကို ဗာရာဏသီမြို့ ခရိုင်ဝန်ကိုယ်တိုင် ကြွရောက်ကာ ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၃-ခုနှစ်၊မင်းပြား မြို့နယ်၊ ကြံတောရွာ၌ အလယ်တန်းကျောင်းဆောင်သစ် တစ်ခုကို ဆောက်လုပ်စေပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲ ပြောင်းပေးအပ် ခဲ့ပါသည်။

သာသနာပြု ဆိုင်းစဉ်များ

၁၉၈၉-ခုနှစ် ဧပြီလတွင် ကမ္ဘာ့ဗုဒ္ဓဘာသာ သံဃာ့ ကောင်စီ၏ ပင့်ဖိတ်ချက်အရ ထိုင်ဝမ်နိုင်ငံသို့ ကြွရောက် ခဲ့ပါသည်။ စက်ာပူ၊ ထိုင်းနိုင်ငံများသို့လည်း ဝင်ရောက်ခဲ့ ပါသည်။

၂၀၀၀-ခုနှစ် မြန်မာဗုဒ္ဓဘာသာအသင်းမှ ပင့်ဆောင် ၍ ၂၀၀၁-ခုနှစ် ဘာမင်ဂန် (အင်္ဂလန်) ထီးတော် တင်ပွဲအတွက် အင်္ဂလန်နိုင်ငံ မြန်မာကျောင်း (ချမ်းမြေ့တရားပြဆရာတော် ဦးသောဘိတ သီတင်းသုံးစဉ်) အင်္ဂလန်ရှိ လန်ဒန်ဝိဟာရ၌ ၆-လတိတိ နေထိုင်ခဲ့ပါသည်။ဒေါက်တာဦးရေဝတမမှ သီတင်း သုံးစဉ်ကလည်း တစ်ခေါက် သွားရောက်ခဲ့ပါသေးသည်။


၂၀၀၄-ခုနှစ် ကမ္ဘာ့ဗုဒ္ဓဘာသာအသင်းမှပင် ပင့်ဆောင် ၍ မလေးရှားနိုင်ငံသို့ သွားရောက်ခဲ့ပါသည်။ ၂၀၀၅-ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်မှ (၁၂)ရက်နေ့ထိ မလေးရှားနိုင်ငံသို့ တစ်ခေါက်ရောက်ခဲ့ပါသည်။

၂၀၀၆-ခုနှစ်၊ စင်္ကာပူမလေးရှားနိုင်ငံများသို့ မေလ (၇) ရက်မှ(၂၆)ရက်နေ့ထိ တစ်ခေါက် ရောက်ခဲ့ပြန်ပါသည်။

၂၀၀၆-ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ တွင် ခြောက်လတိတိ နေထိုင်ခဲ့ပါသည်။ တောင်ပုလုကျောင်း နှင့် အမေရိကန်နိုင်ငံရှိ မြန်မာကျောင်းများသို့လည်း ရောက်ရှိခဲ့ ပါသည်။ ၂၀၀၇-ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်မှ (၅)ရက်နေ့ အထိ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခဲ့ပါသည်။

၂၀၀၇-ခု၊စက်တင်ဘာလ(၂၄)ရက်မှ အောက်တို ဘာလ(၉)ရက်နေ့အထိ ကနေဒါနိုင်ငံ တိုရမ်တိုမြို့ (Toranto)သို့ ရဟန်းပျိုအသင်းဥက္ကဋ္ဌ ဆရာ တော် ရွှေမန်းဦးကောဝိဒ၊ ဦးနန္ဒ တို့ ပင့်ဖိတ်၍ ရောက်ရှိခဲ့ပါသည်။

၂၀၀၈-ခုနှစ်၊မတ်လ(၁၇) ရက်နေ့မှ(၁၉) ရက်နေ့ထိ (၂)ရက် ထိုင်းနိုင်ငံသို့ ကြွရောက်ခဲ့ပါသည်။ ၂၀၀၈-ခုနှစ် ဖေဖော်ဝါရီလ ၂၈/ ၂၉ ရက်များတွင် မိဂဒါဝုန်မြန်မာကျောင်း



သက်တော် (၄၄)နှစ်၊ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇအား (အလှပန့်၊ လက်မပြတ်ဖူးတွေ့ရစဉ်)

ကျင်းပ ပေးကြရာ နီပေါနိုင်ငံရှိ သံဃာ တော်များနှင့် သီလရှင်များ၊ နီပေါနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ထိုင်း၊ မြန်မာ၊ သီဟိုဠ်သံ အမတ်ကြီးများ တက်ရောက် ကြည်ညို ဖူးမြော် ပူဇော် အားပေး ခိုးမြောက်ခြင်း ခံယူခဲ့ ပါသည်။

ထိုသို့ ဆရာတော်အား နီပေါနိုင်ငံရှိ ဆရာတော်များ၊ သီလရှင်များ၊ ဒကာ၊ ဒကာမ အပေါင်းတို့က ကြည်ညို လေးစားမှု ရှိခြင်းကြောင့် မဂဒါဝုန် မြန်မာကျောင်းဝင်းအတွင်းရှိ နီပေါကျောင်းဆောင်ကို နီပေါနိုင်ငံ သီလရှင်များ၏ မိခင်ဟု ခေါ်ဆို ထိုက်သော နီပေါနိုင်ငံ သာသနာပြုအကျော် ဒေါ်ဓမ္မဝတီ (သမီးချစ်) ဦးစီး ဦးဆောင်ပြုကာ အများဒကာ၊ဒကာမတို့ပါဝင် လှူဒါန်းမှုဖြင့် ၁၉၉၁-ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ ကြပါ သည်။ ထိုသို့ ဆောက်လုပ်လှူဒါန်းထားမှုကို ကြည့်သောအားဖြင့် ဆရာတော်ကို နီပေါနိုင်ငံရှိ ဒကာ၊ ဒကာမများက အထူးပင် ကြည်ညိုကြသည်ကို သိရှိနိုင်ပါသည်။

တိုက်ကြီး၏ နှစ်တစ်ရာ ပြည့်မြောက်သည့် ရာပြည့်ပွဲတော်ကို ခမ်းနားကြီးကျယ်မှုဖြင့် အောင် မြင်စွာကျင်းပ နိုင်ခဲ့ပါသည်။

ထို ရာပြည့်ပွဲတော်တွင် နိုင်ငံပေါင်းစုံမှ ဆရာတော် (၈၉)ပါး တို့အား ပင့်ဆောင်၍ လက်ဆွဲ အိတ်ကြီး၊ စီဝိုင်စီ သက်နှံး ဒွိစုံ၊ ခြုံထည် သက်နှံး၊ထီး၊ဖိနပ်၊ရူပီးငွေများ လှူဒါန်း နိုင်ခဲ့ပါသည်။

နီပေါနိုင်ငံသို့ သာသနာပြုခရီးကြွ

၁၉၈၃-ခုနှစ် နီပေါနိုင်ငံသို့ စတင်ခရီးသွားခဲ့ပါသည်။ သမီးချစ်(ခ)ဒေါ်ဓမ္မဝတီ၏ တပည့်ဖြစ်သော နီပေါနိုင်ငံရှိ သီလရှင်များတွင် ပထမဦးဆုံး ဒေါက်တာဘွဲ့ရ ဒေါ်အနော်ဇာ၏ ကျောင်းတိုက် တည်ထောင်ရန် မဟာရိမာန်အမည်ရှိ ဒါယကာကြီး နှင့် ကျောင်းမြေနေရာကြည့်ရှုကြပြီး ကျောင်း ဆောက်ရန် ရူပီးငွေ ရှစ်သောင်း (နီပေါအခေါ် ထောင်ပေါင်း ရှစ်ဆယ်) မ,တည် လှူဒါန်းပေးခဲ့ပါသည်။ မိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ၏ သက်တော်(၅၇)နှစ်ပြည့် မွေးနေ့ပွဲကိုလည်း နီပေါနိုင်ငံ၊ ခတ္တာမန္ဒူမြို့ ကျော်ဘား(ခ) ဆုန္ဒရိကာအရပ် သုလကဏ္ဍာ ကိတ္တိဝိဟာရ သီလရှင်ကျောင်းတွင် ဓမ္မကိတ္တိဝိဟာရ သီလရှင်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီ (သမီးချစ်)နှင့် သုလကဏ္ဍာ ကိတ္တိဝိဟာရသီလရှင်ကျောင်း ဒေါက်တာ အနော်ဇာ တို့မှ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်

နီပေါကျောင်းဆောင် အလှူရှင်သစ်ပေါ်ခြင်း

၁၉၉၁-ခုနှစ်က ဆောက်လုပ်လှူဒါန်းသော နီပေါကျောင်းဆောင်သည် ဟောင်းယွင်းနေခြင်း၊ အခန်း ဖွဲ့စည်းပုံစနစ်မကျခြင်း၊ခေတ်နှင့်အညီ ကုဋီ၊ရေချိုးခန်းများမပါရှိခြင်းတို့ကြောင့် ခေတ်ကာလနှင့် သင့်လျော် ညီညွတ်မှုမရှိသည့်အတွက် အလှူရှင်များပေါ် ပေါက်လာပါက ခေတ်မီသော အဆောက်အအုံအဖြစ် ပြန်လည်ဆောက်လုပ်နိုင်ရန် ၂၀၀၈-ခုနှစ်ဧပြီလ(၂၀)ရက်နှင့်(၂၆)ရက်များ၌ဒေါ်ဓမ္မဝတီ(သမီးချစ်) အားခွင့်ပန် ပြောကြားခဲ့ပါသည်။ ဒေါ်ဓမ္မဝတီဆရာကြီးမှလည်း ကျေကျေနပ်နပ်ဖြင့်ပင် ခွင့်ပြုခဲ့ပါသည်။ များမကြာမီ မိဂဒါဝုန် ဆရာတော်အား ရာပြည့်အောင်ပွဲနှင့်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘွဲ့ရသည့်အတွက် ဂုဏဝိသိဋ္ဌ ပူဇာပူဇော်ပွဲ ကျင်းပ ပူဇော်မှုပြုလုပ်ခွင့်ပေးပါရန် ရန်ကုန်မြို့ရှိ ဒကာ၊ ဒကာမအပေါင်း

တို့က လျှောက်ထားချက်အရ ၁၃၇၀-ခု၊ နတ်တော်လဆန်း (၁၀)ရက်(၇-၁၂-၂၀၀၈)တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့၊ ခိုင်ဇံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ပူဇော်ပွဲအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

၂၂-၁၁-၂၀၀၈ နေ့ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း (ငြိမ်း) ဒေါ်တင်တင်စိန်မိသားစုတို့မှ နေ့ဆွမ်းကပ်လှူပြီး၊ မိဂဒါဝုန်ကျောင်းဝင်းအတွင်း ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားကြရာ ဆရာတော်မှ မူလ ကျောင်းဒကာများ၏ ခွင့်ပြုထားသော နီပေါကျောင်းကို ခေတ်ကာလနှင့် လျော်ညီစွာ ဆောက်လုပ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။



သက်ဿနဂိုရ် သက္ကန်ဖိုတာရုံကျောင်းမှ ပင်မကျောင်းဆောင်ကြီး

ပဲခူးမြို့တွင် သိက္ခာထပ် တော်မူခြင်း

၃၀-၁၁-၂၀၀၈ ဆရာတော် ရန်ကုန်သို့ ရောက်ရှိလာခိုက် ပဲခူးမြို့နေ ဒုတိယဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)ဒေါ်ခင်မြင့်နှင့် သားသမီးများဖြစ်ကြသော ဗိုလ်မှူး အေးချို+ ဒေါ်နွယ်နီလှိုင် မိသားစု တို့မှ ပဲခူးမြို့၊ မင်းကျောင်းစာသင် တိုက်တွင် သိက္ခာထပ်၊ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြပါ သည်။

မန္တလေး မုံရွာသို့ကြွတော် မူခြင်း

၉-၁၂-၂၀၀၈၊ နံနက် (၈)နာရီတွင် အဲယားပုဂံလေယာဉ် ဖြင့် မန္တလေးသို့ကြွ၊ မန္တလေးမှ မုံရွာသို့ ကားဖြင့်ကြွ၊ မုံရွာမြို့ 'ဝင်းယူနတီဟိုတယ်'တွင် နှစ်ပါးနေ သီးခြားအဆောင် ၌ သီတင်းသုံးရန် စီမံထားပါသည်။ လေယာဉ်လက်မှတ် အသွားအပြန်နှင့် တည်းခိုနေထိုင်သွားလာရန် ကိစ္စများအတွက် ဦးမျိုးမင်းတင်ထွန်း + ဒေါ်တင်တင်မိုး မိသားစုတို့မှ တာဝန်ယူလှူဒါန်း စီစဉ်ပေးပါသည်။

၁၀-၁၂-၂၀၀၈၊ ညနေ စစ်ကိုင်းတိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ထိုး + ဒေါ်ခင်မြဦးအိမ် မိဂဒါဝုန်ဆရာတော်၊ အောင်ဆန်းတောရဆရာတော်၊ ဦးအာဝုဓ (ဂဏဝါစက) မဟာဂန္ဓာရုံ ကျောင်းတိုက် အမရပူရမြို့တို့ ကြွရောက်၍ ပရိတ်တရား ချီးမြှင့်ပေးခဲ့ရပါသည်။

၁၁-၁၂-၂၀၀၈၊ မုံရွာမြို့ သျှဝတီ သီလရှင်စာသင်တိုက်(အဂ္ဂမဟာဂန္ဆဝါစကပဏ္ဍိတာ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ) သက်တော် (၉၀)ရှိ ဆရာကြီး ဒေါ်သျှဝတီ အမျှူးပြုသော သီလရှင်များထံ အရုဏ်ဆွမ်း ဘုဉ်းပေးပြီး မန္တလေးသို့ ကြွကာ ဒကာများ စီစဉ်ထားကြသည့်အတိုင်း "ဟိုတယ် မန္တလေး" တွင် တစ်ည တည်းခိုလျက် ၁၂-၁၂-၂၀၀၈ နေ့ညနေ ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လည် ကြွခဲ့ကြပါသည်။

နီပေါကျောင်းဆောင်အလှူငွေ လက်ခံခြင်း

၁၄-၁၂-၂၀၀၈ ညနေ ဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း+ ဒေါ်တင်တင်စိန် မိသားစုမှ အိမ်သို့ပင့်၍ မိဂဒါဝုန်ဆရာတော် က သီလပေးပြီး အောင်ဆန်းတောရဆရာတော်မှ ရေစက်ချ တရားဟောကြားကာ ကျောင်းဆောက်ရန် ဝတ္ထုငွေကျပ်သိန်း သုံးရာကျော်တန်ဖိုးရှိ (အမေရိကန်ဒေါ်လာ ၂၃၀၀၀/-)ကို အလှူရှင် မိသားစုတို့က လှူဒါန်းကြပါသည်။"ကျောင်းကောင်း အောင်၊ ပြီးစီးအောင် စီမံပေးပါ၊ လိုအပ်သလောက် လှူဒါန်း သွားပါမည်" ဟု လျှောက်ထားကြပါသည်။ ဤကား နီပေါကျောင်း အသစ်ပြန်လည်ဆောက်လုပ်ရန် အလှူရှင် ပေါ် လာခြင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။

နိပေါသို့ ထပ်မံကြွရောက်ခြင်း

၁၉-၄-၂၀၀၈ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇသည် ဗာရာဏသီမြို့မှ နိပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ အောင်ဆန်းတောရဆရာတော်၊မြိတ်ထားဝယ်ကမ်းဆရာတော်တို့ နှင့်အတူ သာသနာပြုခရီး ကြွခဲ့ကြပါသည်။ တရုတ်ပြည် တိဗက်နယ်စပ်ရှိမြို့များ၊ ဆတ္တောပါဏိ၊ ရေပူကမ်းထိအောင် ဒကာ၊ဒကာမများက လိုက်လံ ပို့ဆောင်ပြသပေးကြပါသည်။ နိပေါနိုင်ငံတွင် နေစဉ် မိဂဒါဝုန်ဆရာတော်၏ ဒကာ၊ဒကာမများက အိမ်များ၊ သီလရှင်ကျောင်းများသို့ ပင့်၍ ဆွမ်းများလှူဒါန်းကာ တရားများ နာယူကြပါသည်။ ဓမ္မကိတ္တိဝိဟာရကျောင်း၊ သုလက္ခဏကိတ္တိဝိဟာရကျောင်းတို့၌ ပူဇော်ပွဲများ(ဓမ္မပူဇော၊ဂိတပူဇော်ပွဲများ)လည်း ကျင်ပ ပေးကြပါသည်။ ပရိနိဗ္ဗာနစေတီ တည်ထားရန် အုတ်မြစ်ချပွဲလည်း ကျင်းပကြပါသည်။

၁-၅-၂၀၀၈၊နိပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ နေ့လည် ၃-နာရီခွဲလေယာဉ်ဖြင့် ပြန်ကြွခဲ့ရာ ညနေ ၄-နာရီ ၁၅ အတွင်း ဗာရာဏသီလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

နိပေါဘာသာဖြင့် ကျောက်စာရေးရန် အကျိုးဆောင်ပေးခြင်း

နိပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ရောက်ရှိခဲ့စဉ်က နိပေါနိုင်ငံရှိ ဆရာတော်များ၊ သီလရှင်များ၊ ဒကာ၊ ဒကာမ တို့၏ ဆန္ဒပြင်းပြနေကြသည်မှာ ဗာရာဏသီမြို့၊မိဂဒါဝုန်တော ဗောဓိပင်အနီးတွင် ထိုင်း၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ မြန်မာ စသောနိုင်ငံများမှ "ဓမ္မစက္ကပဝတ္တနသုတ္တန်" ကို မိမိတို့ နိုင်ငံသုံးအက္ခရာ၊ ဘာသာ၊ စာပေများဖြင့် ကျောက်စာထုထွင်း ပြုလုပ်လှူဒါန်းထားကြသလို၊ နိပေါရဟန်း၊ သီလရှင်၊ ဒကာ၊ ဒကာမ များကလည်း နိပေါနိုင်ငံသုံးဘာသာစာပေဖြင့် ကျောက်စာပြုလုပ်လှူဒါန်းလိုသော ဆန္ဒပြင်းပြနေကြောင်း လျှောက်ထား ကြရာ ထိုဆန္ဒပြင်းပြမှုကို မိဂဒါဝုန် ဆရာတော် မှ ထိန်းသိမ်းစောင့်ရှောက်နေသော သီဟိုဠ်ရဟန်း တော်နှင့် တိုင်ပင်ဆွေးနွေးပြီး၊ ကျောက်စာကို စီစဉ်ပြုလုပ်ပေး ၍ နိပေါနိုင်ငံ ဆရာတော်ဦးဉာဏ ပုဏ္ဏိက အမျှးရှိသော ဆရာတော်များ သီလရှင်များ၊ ဒကာ ဒကာမများ လာ ရောက်ကာ နိပေါ ဘာသာဖြင့်ရေးထွင်းထားသော "ဓမ္မစက္က ပဝတ္တန သုတ္တန်" ကျောက်စာဖွင့်ပွဲကို ၁၇-၁-၂၀၀၉ နေ့တွင် ကျင်းပပေးနိုင်ခဲ့ပါသည်။ ဆရာတော်များနှင့် သီလရှင်များ၊ ဒကာ၊ ဒကာမများ တို့ကလည်း





Honorable Krishna Prasad Sitaula receiving Sacred thread from Venerable U. Vannadhaja.



A Group photo on the Final Day of Mahaparitrana Week

မိမိတို့နိုင်ငံသုံး ဘာသာစာပေဖြင့် ရေးသားသည့် ကျောက်စာကို ထားရှိခွင့် ရရှိကြသည့်အတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာကြရပါသည်။စတုတ္ထမြောက် မိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇနှင့် နိုပေါနိုင်ငံရှိ ဆရာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များတို့ ရင်းနှီးကြသလို ကုသိနာရုံ မြန်မာကျောင်း၊ မိဂဒါဝုန်မြန်မာ ကျောင်း၊ ဆီဂရာကျောင်းများကို စတင် တည်ထောင်၍ တိုးတက်စည်ပင်အောင် ကိုယ်အား ဉာဏ်အား ဝီရိယအားဖြင့် ဆောင်ရွက်ခဲ့သော ကမ္ဘာ့သာသနာပြုဆရာတော် ဘဒ္ဒန္တ စန္ဒိမဏီအရှင် မြတ်သည်လည်း ၁၉၅၅-ခုနှစ်ကပင် ခတ္တာမန္ဒုမြို့၌ နိုပေါ ဘုရင်မင်းမြတ် ဦးဆောင်ကျင်းပသည့် ကမ္ဘာ့ပုဒ္ဓဘာသာ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ ဒုတိယအကြိမ် ကြွရောက်ပေးခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင်လည်း နိုပေါနိုင်ငံသို့ အခေါက်ခေါက်အခါခါ ကြွရောက်ကာ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါ သည်။

မိဂဒါဝုန်ဆရာတော်၏လူမှုရေးထောက်ပံ့မှုများ

စတုတ္ထမြောက် မိဂဒါဝုန်မြန်မာကျောင်းဆရာတော်သည် ၁၉၈၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံလူငယ် ပုဒ္ဓဘာသာအသင်းကို စတင်တည်ထောင်ပေးခဲ့ပါသည်။၁၉၆၁-ခုနှစ်ကပင် တည်ထောင်သော ရခိုင်သဟာယအသင်း(ရန်ကုန်)၏ပညာရေးအထောက်အကူ ပြုလုပ်ငန်းများအတွက် မွန်မြတ်သောစေတနာဖြင့် "တက္ကသိုလ်ပညာသင်ဆု" များကိုလည်း ထောက်ပံ့လှူဒါန်းပေးခဲ့ပါသည်။ ဆက်လက်၍လည်း လှူဒါန်းပေးနေဦးမည်ဖြစ်ပါသည်။

မင်္ဂလာဦးဆွမ်းခံမြို့ရန် ကြွတော်မူခြင်း

မိဂဒါဝုန်မြန်မာကျောင်းဆရာတော်သည် ၂၀၀၉-ခုမေလ(၄)ရက်နေ့က အိန္ဒိယနိုင်ငံ ကာလကတ္တား မှတစ်ဆင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပါသည်။ ယခုတစ်ဖန် ကြွလာရခြင်းမှာ အောင်ချမ်းသာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ အကျိုးဆောင် ဒေါ်သဇင်မြင့်အောင်၏ သမီးရတနာ မပိုမိုမြင့်အောင်နှင့် မောင်ဇင်ကျော်လွင် တို့၏ မင်္ဂလာဦးဆွမ်းကပ်အလှူမှ ပင့်လျှောက်ထား၍ ခိုးမြင့်ပေးရန်နှင့် အင်ဒိုနီးရှား၊ကမ္ဘောဒီးယား၊ စင်္ကာပူ နိုင်ငံများသို့ သာသနာရေးကိစ္စများ ဆောင်ရွက်နိုင်ရန် ကြွရောက်လာခြင်းဖြစ်ပါသည်။မောင်ဇင်ကျော်လွင်+ မပိုမိုမြင့်အောင်(ဘုတ်ဘုတ်)တို့ ၁၈-၆-၂၀၀၈၊၁၃၇၀-ခုနယုန်လပြည့်ဗုဒ္ဓဟူးနေ့တွင် စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ခဲ့ပြီး၊၉-၅-၂၀၀၉ နေ့ မင်္ဂလာဦးဆွမ်းကပ်အလှူတွင် သံဃမဟာနာကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋ္ဌကဓရ၊ဒွိပိဋ္ဌကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ နှင့် ရန်ကုန်၊မန္တလေး၊ ဗာရာဏသီမြို့မှူးမှူးဆရာတော်(၁၁)ပါးတို့အားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပါသည်။ ၁၆-၅-၂၀၀၉နေ့တွင်ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ မင်္ဂလာဧည့်ခံပွဲ ကျင်းပကြပါသည်။ ၎င်းနေ့မှာပင် မိဂဒါဝုန် ဆရာတော်သည် မော်ဘီမြို့၊ပန်းကုံးဆရာတော်ဘဒ္ဒန္တကုမာရ ၏တပည့် ဦးဉာဏိက(ဓမ္မာစရိယ၊ပါဠိပါရဂူ)အားဒေါ်ကြည်လေး မိသားစုမှလှူဒါန်းထားသော ရွှေပြည်သာမြို့လှော်ကား တောရွာလေးရှိ ရတနာပန်းကုံး ကျောင်းတိုက်၌ ပထမဆုံး သိမ်သမုတ်ပွဲသို့လည်း ကြွရောက် ခိုးမြင့်ပေးခဲ့ပါသည်။

စင်္ကာပူ ကမ္ဘောဒီးယား သာသနာပြုခရီး

၂၀၀၉-ခုမေလ(၁၉)ရက်နေ့တွင် စင်္ကာပူနိုင်ငံသို့ကြွရောက်၍ ဂျူ ရောင်းဝေ့စ်(Jurong West)ရပ်ရှိ ပုဒ္ဓဂယာသုခါရာမ ကျောင်းတိုက် ဆရာတော် ဒေါက်တာသုပိယ ထံတွင်တည်းခိုပြီး ထိုမှ တစ်ဖန် ဇွန်လ(၉) ရက်နေ့တွင် အောင်ဆန်း တောရဆရာတော်နှင့် ကမ္ဘောဒီးယားနိုင်ငံသို့ သာသနာပြုခရီး ကြွရောက်ခဲ့ကြပါသည်။ ကမ္ဘောဒီးယားနိုင်ငံ အင်္ကော်အိုင်အီးအစ်မြို့ရှိ(အန်ကောဝပ်)ရှေးဟောင်းဘုရားကျောင်း (ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်လျက်၊ပန်းခြံ၊ပန်းပုလက်ရာများစွာဖြင့် တည် ဆောက်ထားသောအံ့ဩဖွယ်) ရှေးဟောင်း ကျောင်းတော်ကြီးကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြပါသည်။

ရှေးဟောင်းအဆောက်အအုံများအား သုံးရက်လည်ပတ်ခွင့်ရှိသော လက်မှတ်မှာ တစ်ဦးလျှင် ဒေါ်လာ ၄၀-စီပေးရ၍၊ ကြည့်ရှုလိုသူအား ဓာတ်ပုံရိုက်ပြီး လက်မှတ်တွင် ပုံနှိပ်ပေးလိုက်ပါသည်။ စင်္ကာပူ၊ မလေးရှား၊ ကမ္ဘောဒီးယား နိုင်ငံများတွင် အမေရိကန်ဒေါ်လာကို တရားဝင် သုံးစွဲခွင့် ပြုပေးထားပါသည်။ ဇွန်လ (၁၁)ရက်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်းပင်မြို့သို့ကြွ၍၊ ဝပ်လက်ာကျောင်းတွင် တည်းခိုကြပါသည်။ ဦးစိုးမြင့် ဇနီးဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်အေးအေးကျော်၊ ဒေါ်အေးအေးဝင်း၊ အခြား ဆရာမလေးတစ်ဦးတို့ လာကြိုပြီး၊ သွားသင့်၊ သွားထိုက်၊ ပြသသင့်၊ ပြသ ထိုက်သော နေရာများသို့ အထူးတလည် လိုက်လံပြသပေးကြပါ သည်။ ၁၂-၆-၂၀၀၉၊ ညတွင် ဦးစိုးမြင့် တို့အဖွဲ့ ဝပ်လက်ာကျောင်းမှ ရဟန်းတော်

ဦးစမွန့် အခြားတစ်ပါးတို့ အပါအဝင် မိဂဒါဝုန်ဆရာတော်၊ အောင်ဆန်းတောရဆရာတော်တို့သည် သင်္ဘောတစ်စီးငှား၍ ဖနောင်းပင်မြို့ဆိပ်ကမ်းမှ မဲခေါင်မြစ် နှင့် ဖနောင်းပင်မြစ်တို့ ဆုံတွေ့ရာ မြစ်ရိုး တလျောက် လိုက်လံ ကြည့်ရှုကြပါသည်။ လျှပ်စစ်မီးအလှများဖြင့် လှပနေသော ဖနောင်းပင်မြို့တော်ကိုလည်း မြစ်လယ်မှ နေ၍ ကြည့်ရှု ကြရပါသည်။ သင်္ဘောခမှာ တစ်နာရီဒေါ်လာ ၅၀-ပေးရပါသည်။ သင်္ဘောခများကို ဦးစိုးမြင့် တို့အဖွဲ့မှပင် လှုဒါန်းကြပါသည်။

ထိုနေ့က ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖနောင်းပင်မြို့သို့ ရောက်နေ၍ မအား မလပ်တဲ့ကြားကပင် မြန်မာသံအမတ်ကြီး ဗိုလ်မှူးချုပ်ဝင်းရှိန်လည်း မိဂဒါဝုန်မြန်မာကျောင်းဆရာတော်အားလာရောက် တွေ့ဆုံ ဖူးမျှော်ခဲ့ပါသည်။

၁၃-၆-၂၀၀၉နေ့ဦးစိုးမြင့်+ဒေါ်မြင့်မြင့်သန်းမိသားစုမှ ဝပ်လက်ာကျောင်းသို့ လာပင့်ပြီး အရုဏ်ဆွမ်း အိမ်တွင်ကပ်လှူကာ စက်ာပူနိုင်ငံသို့ ကြွရန် ဖနောင်းပင်လေဆိပ်သို့ လိုက်ပို့ကြပါသည်။ဖနောင်းပင်မြို့တွင် သံဃာတစ်ရာဝန်းကျင်နှင့် အထက်ရှိ ကျောင်းတိုက်ပေါင်း (၂၄)တိုက်ရှိသည်ဟု သိရပါသည်။ တည်းခိုခဲ့သော ဝပ်လက်ာကျောင်းတိုက်တွင် ကျောင်းအဆောက်အအုံ(၂၈)ခုရှိ၍ သံဃာတော်(၃၀၀) ကျော် သီတင်းသုံး နေထိုင်ကြပါသည်။ ဖနောင်းပင်မြို့တွင်းတွင် ငါးရာကျော်ရှိ ကျောင်းတိုက်လည်း ရှိသည်ဟုသိရပါသည်။ တစ်နိုင်ငံလုံးတွင် သံဃာတစ်သိန်းကျော်ရှိ၍ များသောအားဖြင့် သံဃာတော်များ ဆွမ်းခံမထွက်ကြပါ။ ဆွမ်းခံထွက်နေသော သံဃာအနည်းငယ်မျှလောက်သာ တွေ့ရပါသည်။ စာဝါများ၊ ကျောင်းများ ပိတ်ခြိုန်တောရွာများတွင်ဆွမ်းဆန်စိမ်း အလှူခံ ထွက်ကြရသည်။ အရုဏ်တွင် ဆန်ပြုတ် ဆွမ်းဘုဉ်း ပေးကြရသည်။ တစ်နိုင်လုံးရှိ သံဃာတော်များသည် မိမိတို့ နေထိုင်ရာ ကျောင်းအသီးသီးတွင် ညကိုးနာရီမှာ ဘုရားဝတ် တက်ကြရသည်။ လပြည့်၊ လကွယ်နေ့များတွင် စုပေါင်း၍ ဝတ်တက်၊ ဥပုသ်ပြုကြရသည် ဟု သိရှိခဲ့ရပါသည်။

၂၁-၆-၂၀၀၉နေ့တွင် မိဂဒါဝုန်ဆရာတော်ဘဒ္ဒန္တ ဝဏ္ဏမဇ နှင့် မဂ်လသုခဆရာတော်ဘဒ္ဒန္တနန္ဒဝံသတို့ စက်ာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ကြွလာခဲ့ကြပါသည်။ စက်ာပူခရီးစဉ်လေဆိပ်သို့ အသွား၊အပြန်၊အကြို၊အပို့ ကားကိစ္စဟူသမျှတို့ကို ဦးသိန်းထွန်းအောင်နှင့် ကိုမျိုးညီ မိသားစုမှ ဆောင်ရွက်ပေးကြပါသည်။

ညောင်တုန်မြို့ ရွှေဟင်္သာတောရတိုက်၌ သီကျွာထပ် ထော်မူခြင်း

၂၈-၆-၂၀၀၉တွင်ရွှေဟင်္သာတောရတိုက်၊ သတ္တမမြောက်ဆရာတော်နှင့် တိုက်အုပ်ဆရာတော်၊ မိဂဒါဝုန်မြန်မာကျောင်း ဆရာတော်ဘဒ္ဒန္တဝဏ္ဏမဇတို့အား ကြို့ကုန်းအနောက်ဗဟိုလမ်း ၃၉၁-နေ အနာပေါက် ဆရာဦးခင်မောင်တင့်+ဒေါ်အုန်းကြည်မိသားစုတို့မှ ပစ္စယာနုဂ္ဂဟခံယူ၍ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် တောရကိုဏ်းများထူထောင်ခဲ့သော ဘုန်းတော်ကြီးဦးသီလ ဦးစီးသမုတ်ခဲ့သော သိမ်တော်၌ သီကျွာထပ် နေ့ဆွမ်းကပ် အလှူမင်္ဂလာတရားပွဲပါသည်။

မိဂဒါဝုန်သို့ အပြန်

၁၃၇၁-ခုနှစ်ဝါဆိုလပြည့်(၆-၇-၂၀၀၉)နေ့တွင်ကာလကတ္တားမြို့သို့ လေယာဉ်စီး၍ ညရထားစီးကာ ဝါဆိုအမီ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်းတိုက်သို့ ပြန်လည်ကြွသွားခဲ့ပါသည်။ ဆရာတော်၏ လေယာဉ်ကွင်း လေဆိပ်ကြိုပို့ကိစ္စများကို ဗိုလ်ချုပ်စိန်ထွား(သာသနာရေးဝန်ကြီးဌာနငြိမ်း) မိသားစုနှင့်အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မိသားစုတို့မှ ဆောင်ရွက်ပေးကြပါသည်။ ဆရာတော်ကြွလိုသော ကိစ္စအဝဝသွားလာနိုင်ရန် ဒေါ်ဖြူဖြူဝင်း မိသားစုမှ ဒရိုင်ဘာနှင့်တကွကား၊ ဆီတို့ကို ရန်ကုန်နေစဉ်ကာလအတွင်း လှူဒါန်းပေးထားပါသည်။

မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ရန်ကုန်တွင် သီတင်းသုံးစဉ်အတွင်း စိတ်ချမ်းချမ်းသာသာဖြင့် သီတင်းသုံးနေထိုင်နိုင်ရန် တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ရွှေမိုဃရိဘောဂတိုက် ဦးရွှေမှိ+ဒေါ်တင်တင်မိသားစုမှ တတိယထပ်တွင် သီးခြားအခန်းနှစ်ခန်းကို ယာယီစံကျောင်းအဖြစ် လှူဒါန်းထားပါသည်။ဆွမ်းအလှူရှင် မရှိသောနေ့များတွင် ဆွမ်းများလည်း အမြဲပင် ဆက်ကပ်လှူဒါန်းကြပါသည်။ ၁၉၈၂-ခုနှစ်လောက်ကစ၍ ယနေ့ထိပင် ဆရာတော်သည်လည်း ရွှေမိုဃရိဘောဂတိုက် မိသားစုကို ချီးမြှောက်သောအားဖြင့် ရန်ကုန်ရောက်တိုင်း သီတင်းသုံးနေထိုင်ပေးပါသည်။ ဤသည်ကား မိဂဒါဝုန်မြန်မာ ကျောင်းဆရာတော်၏ သာသနာပြုခရီးအကျဉ်းမျှသာဖြစ်ပါ သတည်း။ ။

ကိုယ် စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လိုရာဆန္ဒ ပြည့်ဝကြပါစေ။

သီရိထွန်း(တောင်ကုတ်)



နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ သုလက္ခကီတ္တိဝိဟာရ သီလရှင်ကျောင်း




ဓမ္မစက္ကပဝတ္တနသုတ်တော်ကို နီပေါဘာသာဖြင့် ကျောက်စာရေးသားဖွင့်လှစ် (၁၇-၁-၂၀၀၇)



နီပေါနိုင်ငံရောက် အမှတ်တရ



ကျောက်စာဖွင့်လှစ်ပွဲသို့ တက်ရောက်လာကြသူများ (၁၇-၁-၂၀၀၇)



ကမ္ဘောဒီးယားနိုင်ငံရောက် အမှတ်တရ (၁၂-၆-၂၀၀၉)



ကမ္ဘောဒီးယားမြစ် သင်္ဘောပေါ်တွင်အမှတ်တရ (၁၂-၆-၂၀၀၉)



မွန်ဘိုင်းမြို့ ရွှေတိဂုံစေတီထီးတင်ပွဲသို့ကြွ၊ မိဂဒါဝုန်ဆရာတော်နှင့် မြန်မာဆရာတော်များ (၇-၂-၂၀၀၉)



ဝက်ပျဉ်မြို့ ဗုဒ္ဓဂယာ သုခါရာမကျောင်းတွင် အမှတ်တရ (၂၀၀၉ မေလ)



ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကြံတောရွာ အလယ်တန်းကျောင်း (၁၉၉၇)



ပူဇော်ပွဲ

မင်းကြည်(ဓမ္မာစရိယဘီအော)

သက်ကြီးပူဇော်ပွဲ၊ ဆရာပူဇော်ပွဲ၊ ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲ၊ စာအောင်ဂုဏ်ပြု ပူဇော်ပွဲ၊ မွေးနေ့အထိမ်း အမှတ် ဝိဇာတမင်္ဂလာ ပူဇော်ပွဲ၊ ပရိယတ္တိစာသင်တိုက် တည်ထောင်၍ စာပေပို့ချ သာသနာပြုလာခဲ့သော (၂၅)နှစ် ပြည့် အထိမ်းအမှတ် ငွေရတုသဘင်ပူဇော်ပွဲ၊ နှစ်(၅၀) ပြည့် အထိမ်းအမှတ် ရွှေရတုသဘင်ပူဇော်ပွဲ (၇၅) နှစ်ပြည့်အထိမ်း အမှတ် စိန်ရတုသဘင်ပူဇော်ပွဲ အစရှိသော ပူဇော်ပွဲပေါင်း များစွာတို့ကို စာရှုသူကိုယ်တိုင် တွေ့ဖူး၊ကြုံဖူး တက် ရောက်ဖူး လိမ့်မည်ဟု စာရေးသူက ထင်မြင်ယူဆမိပါ သည်။ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ဖူးသူများလည်း ရှိပါလိမ့်မည်။

ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ဂီတအနုပညာဖြင့် ညှဉ်ခံသီဆိုဖျော် ဖြေပွဲများကတော့ ကြိုတင်လေ့ကျင့်ထားပြီးသား ပုဂ္ဂိုလ်တွေ က ဆောင်ရွက်ကြရသည်ဖြစ်သောကြောင့် သိပ်ပြီး ခဲယဉ်း မည် မဟုတ်ပါပေ။

ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲ၊ စာအောင်ဂုဏ်ပြု ပူဇော်ပွဲ၊ အန္တိမစ္စာပန သာဓုကီဠန ပူဇာသဘင် ပွဲများမှာမူ ကြိုတင်လေ့ကျင့်ထားပြီးသား ပုဂ္ဂိုလ်တွေမဟုတ်ကြဘဲ သက် ဆိုင်ရာပုဂ္ဂိုလ်များက မဖြစ်မနေ ဆောင်ရွက်ကြရသည်ဖြစ် သောကြောင့် မလွယ်ကူလှပါ။

အချိန်ယူရပါသည်။ ရရှိမည့်ငွေကြေး ခန့်မှန်းရပါ သည်။ ပြုလုပ်မည့်နေရာ၊ပြုလုပ်မည့် နေ့ရက် သတ်မှတ်ရ ပါသည်။ ဂီတအနုပညာဖြင့် သီကျူးပူဇော်မှုပါမည်ဆိုလျှင် ပို၍ မလွယ်ကူပါ။

မိမိပြုလုပ်မည့် ပူဇော်ပွဲနှင့် လိုက်လျောညီထွေဖြစ် အောင် ရတု၊ တေးထပ်၊ မင်္ဂလာစည်တော်သံ စသည်တို့ကို ရုတ်တရက် ချက်ချင်း ရေးသားနိုင်သည့်ပုဂ္ဂိုလ်ကို စဉ်းစားရှာ ဖွေရပါသည်။ ပီပီပြင်ပြင် မရေးသားတတ်ဘဲ ပါဝင်ရေးသား လိုသူ များကိုလည်း သတိထားရပါသည်။ ပူဇော်ပွဲဆိုတာ ဧည့်ခံ သီဆိုဖျော်ဖြေပွဲနှင့် မတူပါ။ သီဆိုဧည့်ခံဖျော်ဖြေပွဲမှာ ရပြီး သားသီချင်းများကိုသီဆိုရသော်လည်း ပူဇော်ပွဲမှာတော့ ရပြီး သားသီချင်းကို ဆို၍ မဖြစ်ပါ။ ပူဇော်ပွဲနှင့် လိုက်ဖက် အောင် ရေးသားထားသည်ကိုသာ တေးသံရှင်အဆိုတော်က ဆိုရပါ သည်။ ချက်ချင်းလက်ငင်း ကျင်းပသည့်ပူဇော်ပွဲနှင့် လိုက်ဖက်အောင် ရေးသားထားသည်မို့ တေးသံရှင် အဆို တော်တိုင်း ပရိသတ်စိတ်ဝင်စားအောင် ပီပီပြင်ပြင်မဆိုနိုင်ပါ။ မေးလျှင်တော့ ဆိုနိုင်ပါသည်ဟု ပြောသော်လည်း တကယ့်ပွဲ ကျတော့ ပရိသတ်စိတ်ဝင်စားအောင် ပီပီပြင်ပြင် မဆိုနိုင်ကြပါ။

တစ်နေ့တွင် ရွှေပြည်သာမြို့နယ်၊ အောင်ဆန်း တောရပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သာသနပါလ ဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယပါရဂူ ဘဒ္ဒန္တသုဇာတ မဟာထေရ်မြတ်က စာရေးသူထံ ဖုန်းဆက်၍ သူ့ဆီလာခဲ့ဘို့ ခေါ်ပါသည်။ အောင်ဆန်းတောရသို့ မဟုတ်ပါ။ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ သံဃာ့ ဆေးရုံနောက်ဖက်ရှိ ကျောင်း ဆောင်တစ်ဆောင်သို့ လာခဲ့ဘို့ အချိန်နာရီပါပြော၍ ခေါ် ခြင်းဖြစ်ပါသည်။ ဆရာတော်ဦးသုဇာတသည် နဂိုကတည်း က မိမိနှင့်ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါသည်။

ကမ္ဘာအေးကုန်းမြေကျောင်းဆောင်သို့သွား၍ ရောက်သောအခါ ဦးသုဇာတအပြင် အခြား ဆရာတော်တစ် ပါးကိုလည်း တွေ့ရပါသည်။ မိမိက ပဉ္စပတိဋ္ဌိတ- ထိခြင်းငါးဝ နှင့် ပြည့်စုံအောင် ဆရာတော်နှစ်ပါးအား ရှိခိုးဦးချပြီးသော အခါ ဆရာတော်ဦးသုဇာတက အခြားဆရာတော်တစ်ပါး နှင့် မိမိကို မိတ်ဆက်ပေးပါသည်။

အခြားဆရာတော်တစ်ပါးမှာ အိန္ဒိယနိုင်ငံ၊ ယူပီပြည် နယ်၊ ဗာရာဏသီမြို့အနီးရှိ ဘုရားရှင် တရားဦး ဓမ္မစကြာ တရား ဟောကြားတော်မူခဲ့သည့်နေရာ (မိဂဒါဝုန်တော)ရှိ မိဂဒါဝုန်မြန်မာကျောင်း၏ စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏဓဇ မဟာထေရ် (M.A) ဖြစ်ပါသည်။ ဦးသုဇာတနှင့် ဦးဝဏ္ဏဓဇ တို့သည် ငယ်စဉ်က စာသင်ဖက် သီတင်းသုံးဖော် များ ဖြစ်ကြပါသည်။ လူဝတ်ကြောင်များ အသုံးအနှုန်းဖြင့် ပြောရပါက အလွန်ရင်းနှီးသော ကျောင်းနေဖက် ငယ်သူငယ် ချင်းများ ဖြစ်ကြပါသည်။

၂၀၀၇-ခုနှစ်၊ စက်တင်ဘာလတွင် မိမိသည် ဗာရ ဏသီမြို့အနီး မိဂဒါဝုန်သို့ရောက်သောအခါ ရန်ကုန်မြို့မှ ရွှေသုဝဏ်ကျောင်းဆရာတော် ဦးသဒ္ဓိယက ဦးဝဏ္ဏဓဇထံ မိတ်ဆက်စာရေးပေးလိုက်သည်ကို ပေးဖို့ စုံစမ်းကြည့်ရာ

ဦးဝဏ္ဏဓဇ ခရီးထွက်နေကြောင်း သိရ၍ စာလည်းမပေးဖြစ်၊ တွေ့လည်းမတွေ့ခဲ့ရပါ။ ယခု ကိုယ်တိုင်တွေ့ရ၍ ဝမ်းသာကြောင်း လျှောက်ထားရပါသည်။

ဦးဝဏ္ဏဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ဝိသိဋ္ဌပူဇာသဘင် အခမ်းအနား ကျင်းပမည်ဖြစ်ရာ အကူအညီပေးဘို့ မိမိကို ခေါ်ရခြင်းဖြစ်ကြောင်း ဆရာတော်ဦးသုဇာတ ကရှင်းပြပါသည်။ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး မိဂဒါဝုန်မြန်မာကျောင်း သက်တမ်းနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အောင်ပွဲလည်း ပူးတွဲပါဝင်မည်ဟု သိရပါသည်။

ပူဇော်ပွဲကျင်းပမည့် နေ့ရက်၊ နေရာ၊ ဖိတ်စာတို့ကို မေးသောအခါ ဖိတ်စာ စီစဉ်နေဆဲ ဖြစ်ကြောင်း သိရပါသည်။

နိုင်ငံကျော်အဆိုတော် ရီရီသန့် ဦးဆောင်သော မြန်မာဂီတအနုပညာအဖွဲ့ဝိုင်း ခေါ်ထားကြောင်းကိုလည်း သိရပါသည်။

အကျိုးအကြောင်း စုံစုံလင်လင်သိရသောအခါ မိမိက ဆရာတော်ဦးဝဏ္ဏဓဇ၏ ထေရုပ္ပတ္တိ အကျဉ်းကို မေးမြန်း လျှောက်ထား ရေးသားယူလာခဲ့ပြီး အိမ်ပြန်လာခဲ့ပါသည်။ ထေရုပ္ပတ္တိအကျဉ်း ရေးသားပြီး ယူလာခဲ့သော်လည်း ပူဇော်ပွဲအတွက် စာများရေးသားသောအခါ သိလိုသော အချက်အလက်များ ထပ်မံပေါ်ပေါက်လာပါက တယ်လီဖုန်းဆက်၍ မေးမြန်း လျှောက်ထားရပါသည်။

ဆရာတော်ဦးဝဏ္ဏဓဇ ကို ပူဇာသန ပလ္လင်ပေါ်သို့ ကနက်ဂဒဏ် ထီးဖြူတော်(၂)လက် ဆောင်းမိုးပူဇော်လျက် အခမ်းအနားဖြင့် ခမ်းခမ်းနားနား ပင့်ဆောင်ရာတွင် ဂီတအနုပညာအဖွဲက သီကျူးပူဇော်နိုင်ရန် အပင့်မင်္ဂလာစည်တော်သံ(၆) ပုဒ်ကိုသီကုံး နှုန်းဖွဲ့ရေးသားပါသည်။ "ဂုဏ်ပြု လမ်းမှန် ကုသိုလ်ကံ" ဟူသော(၄၄)ပဒစီ အခွီ အချည်ပိုဒ်စုံရတုနှင့် "လှမ်းစိတ်အကြံ နန်းနိဗ္ဗာန်" ဟူသော လူးတားညှပ်ထပ်ကွန့် ၈၀-ပေါ် တေးထပ်ကိုရေးသားပြီးနောက် မိမိကိုယ်တိုင် ဖတ်ကြားပူဇော်နိုင်ရန်အတွက် ထေရုပ္ပတ္တိကထာ ထုတိမင်္ဂလာသြဘာ စာတမ်းကို ရေးသားပါသည်။ ထိပ်ပိုင်းဆရာတော်ဘုရားများနှင့် ဝန်ကြီးပါ တက်ရောက်မည့်ပူဇော်ပွဲအခမ်းအနားဖြစ်သောကြောင့် ရသမြောက်စာများကို ရေးသားသောအခါ မရှည်လျားအောင်လည်း သတိထား၍ ရေးသားရပါသည်။

ရေးသားပြီးစာများကိုယူ၍ ကမ္ဘာအေးကုန်းမြေ၊ သံဃာ့ဆေးရုံနောက်ဖက်ရှိ ကျောင်းဆောင်သို့ သွားလျှက် ဆရာတော်ဦးဝဏ္ဏဓဇ နှင့် ဦးသုဇာတတို့ထံ ပေးအပ်လိုက်ပါသည်။

ဆရာတော်နှစ်ပါး၏ ညွှန်ကြားချက်အရ ဆရာတော်နှစ်ပါး၏ ရှေ့မှောက်မှာပင် မိမိက မိဂဒါဝုန်မြန်မာကျောင်း သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အောင်ပွဲနှင့် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်အား စုပေါင်းခွီးကျူးဂုဏ်ပြုပူဇော်ပွဲ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ် ဝိသိဋ္ဌပူဇာ အခမ်းအနားအစီအစဉ်ကို လိုတိုး၊ ပိုလျှော့ ပြုလုပ်နိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။

၁၃၇၀-ပြည့်နှစ် နတ်တော်လဆန်း(၁၀) ရက်(၇-၁၂-၂၀၀၈)တနင်္ဂနွေနေ့၊နေ့လည်(၂)နာရီ အချိန်တွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီး၊ မိဂဒါဝုန် မြန်မာကျောင်း သက်တမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အောင်ပွဲနှင့် မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်အားစုပေါင်းခွီးကျူး ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါသည်။ ကျင်းပမည့် နေရာမှာ ရန်ကုန်မြို့၊သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမကြီးဖြစ်ပါသည်။

မိမိကနေ့(၁)နာရီအရောက် ဘွဲ့နှင်းသဘင်ခန်းမကြီး သို့ သွားပါသည်။ ပွဲတော်အခမ်းအနားတွင် ပါဝင်ကူညီ ဆောင်ရွက်သည့် ပုဂ္ဂိုလ်များကလည်း မိမိတို့ တာဝန်ယူထားသည့် လုပ်ငန်း မပျက်မကွက် မလစ်ဟင်းရအောင် လှုပ်ရှား နေကြပါပြီ။ ဆရာတော်သံဃာတော်များ ပင့်သည့်တာဝန်၊ ဝန်ကြီးအစရှိသော ပူဇော်ပွဲသို့ လာရောက်ကြသည့် ပုဂ္ဂိုလ်များကို ကြိုဆိုရသည့်တာဝန် စသည်ဖြင့် အသီးသီးဆောင် ရွက်နေကြပါပြီ။ ရီရီသန့် မြန်မာမှုဂီတအနုပညာ အဖွဲ့က လည်း ဓမ္မတေးများဖြင့် အခမ်းအနား မစတင်မီ ဖျော်ဖြေ ဧည့်ခံနေပါပြီ။

ဆရာတော်ဦးဝဏ္ဏဓဇကို အခမ်းအနားဖြင့် ပင့်ဆောင်နိုင်ရေးအတွက် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ ရှေ့ မျက်နှာစာရှိ ကားလမ်းသာ ခြားနေသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်စာကြည့်တိုက် အောက်ထပ်မှာ ကြိုတင်ပင့်ထားပါသည်။

သာသနာ့နုဂ္ဂဟဘွဲ့တံဆိပ်တော်ရ ရွှေမြင်တင်ဦးညို၊ ဦးရွှေမို့(ရွှေမို့ပရိဘောဂ)၊ ဦးသန်းထွန်း(ရွှေပင်ငွေပင်ပရိဘောဂ)၊ သမားတော်ဦးဘိုကြီး (ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်)၊ ဦးကျော်မင်း အစရှိသော လူကြီးမင်းများကလည်း သူတို့၏ ဘွဲ့တံဆိပ် အဆောင်အယောင်များဖြင့် ခမ်း

ခမ်းနားနား ပင့်ဆောင်နိုင်ကြရန် ကြိုတင်ပြင်ဆင်နေရာယူ ထားကြပါပြီ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော် ဆောင် ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩသမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၊ ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၊ ရွှေသုဝဏ်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ၊ မဂ်လာရာမ၊ မဂ်လာသုခဆရာတော်များ၊ ကေ ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တကုန္ဒပါလ အစရှိသော ပင့်သံဃာတော် (၅၂) ပါးတို့သည် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ သံဃာစင်ပေါ်မှာ ရောက်ရှိ နေကြပါပြီ။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ အထူးအကြံပေးအရာရှိ ဦးအံ့မောင်၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်၊ အောင်ချမ်းသာဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှ ဒေါ်သဇင်မြင့်အောင်နှင့် ဘုရားဖူးအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအစရှိသော လူပရိသတ်များလည်း သံဃာစင်ရှေ့တွင် အသင့် ရောက်ရှိ နေကြပါပြီ။

နေ့လည်(၂)နာရီလည်းထိုးပြီမို့ အခမ်းအနားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က ပူဇာသန ပလ္လင်ပေါ်သို့ ကြွရောက်တော်မူပါမည့်အကြောင်း တောင်းပန် လျှောက်ထားသည့် အဘိယာစနနိမန္တနဂါထာကို ဖတ်ကြား လျှောက်ထားပါသည်။ဂါထာဆုံး၍ သာဓုသုံးကြိမ်ခေါ်ဆိုပြီး သည်နှင့် တပြိုင်နက် ရိရိသန့်မြန်မာမှုဂိတအနုပညာအဖွဲ့က မင်္ဂလာစည်တော်သံ ထွက်ပေါ်လာပါသည်။

(ရိရိသန့်မြန်မာမှုဂိတအနုပညာအဖွဲ့တွင် လှမြင့်ဝင်း၊ ဘသန်းတင်၊ ရိရိသန့်၊ နှင်းရိသန့်၊ ခင်ညွှန့်ရီ၊ ပိုးအိစံ၊ အိုပြည့်ရှင်း၊ စိမ်းလဲ့လဲ့ အစရှိသော တေးသံရှင်အဆိုတော် အစုံအလင် ပါဝင်ပါသည်။)

မင်္ဂလာ စည်တော်သံ တီးလုံးနှင့်အတူ "မင်္ဂလာအခါတော် ရောက်ပြီမို့၊ ရွှင်ဝမ်းမြောက်ညီတညာ၊ တွေးပိတိဖြာ ဦးဝဏ္ဏဓဇ စွမ်းဂုဏ်ဝါ လျှမ်းထုံပါလို့ ကြိုင်ပျံ့မွှေး ဘွဲ့တံဆိပ် ဂုဏ်ဖော် ပူဇော်ပွဲကိုလ ကြည်နူးရွှင် ရွှေလက်တွဲလို့ရယ် (ကွယ်)နဲ့ကြပြီလေး" စသည်ဖြင့် သီကျူးပူဇော် နေစဉ်မှာပင် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးရှေ့ရှိ(နှ-ပ-သ)စာကြည့်တိုက် အောက်ထပ်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်(M.A)ကို ထီးဖြူနှစ်လက်ဆောင်းမိုးပူဇော်လျက် ခမ်းခမ်းနားနား ပင့်ဆောင်လာပါပြီ။

အခမ်းအနားဖြင့် ပင့်ဆောင်လာရာတွင်ဒေါ်သဇင်မြင့်အောင်၏ အောင်ချမ်းသာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့ လူငယ်များက ရှေ့ဆုံးမှ အလှပန်းစိုက်ငွေဖလားကြီး ပိုက်လျက် သာသနာ့အလံတော် ကိုင်(၆)ဦး၊ ဘွဲ့တံဆိပ်အလံတော်၊ ဘွဲ့တံဆိပ်တော်၊ ဘွဲ့တံဆိပ်သေတ္တာတို့ကို တစ်ဦးစီ တန်းစီ ကိုင်ဆောင်ကြပြီး၊ တစ်ဦးက ဆရာတော် ဦးဝဏ္ဏဓဇ ကြွရောက်လာသည့် လမ်းရှေ့တွင် ငွေဖလားကြီးဖြင့် ပန်းခင်းပြီး ခမ်းခမ်းနားနား ပူဇော် ပင့်ဆောင်လာပါသည်။ (၂)ဦးက ဆရာတော် ဦးဝဏ္ဏဓဇ၏ ဝဲယာတစ်ဖက်စီမှ ကနက်ဒဏ်ထီးဖြူတော်ကြီး ဆောင်းမိုးပူဇော်လျက် ဆရာတော်ဦးဝဏ္ဏဓဇ၏ နောက်မှ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ ဦးကျော်မင်း၊ သမားတော် ဦးဘိုကြီး၊ ရွှေမြင်တင်ဦးညို၊ ဦးရွှေမို့၊ ဦးသန်းထွန်း တို့က ဘွဲ့တံဆိပ်အဆောင် အယောင်များ ဝတ်ဆင်လျက် တန်းစီ၍ ခမ်းနားစွာ ပင့်ဆောင်လာကြပါသည်။ ပူဇာသနပလ္လင်ပေါ်သို့ ခဲရာတော် ဦးဝဏ္ဏဓဇ ရောက်ရှိပြီးသောအခါ ရိရိသန့် မြန်မာမှုဂိတအနုပညာအဖွဲ့က မင်္ဂလာစည်တော်သံဖြင့် သီကျူးပူဇော်မှု အသံ ရပ်သွားပါသည်။

ထိုအခါ အခမ်းအနားမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြလျှောက်ထားပြီး လျှင် သံဃာတော်အရှင်မြတ်တို့ နှင့်တကွ ပရိသတ်အားလုံး ကသက်တော်ထင်ရှား မြတ်စွာဘုရားသို့ ရည်မှန်းပြီး "နမောတဿ"သုံး ကြိမ်ပြုင်တူရွတ်ဆိုရှိခိုး၍ ပူဇော်ပွဲအခမ်းအနားကို ဖွင့်လှစ်ပါသည်။ "နမော တဿ" သုံးကြိမ်ဆုံး သည်နှင့် တပြိုင်နက် နိုင်ငံကျော် အဆိုတော် ရိရိသန့်က ထူးမခြားနားသီချင်းခန့်ကြီး သုံးပိုဒ်မျှဖြင့် ဗုဒ္ဓရောင်ခြည်တော်ဖွင့် သီကျူးပူဇော်ပါသည်။

ထို့နောက်နံပါတ်(၂) အစီအစဉ်အရ ပရိသတ်များ ကနိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ

မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါပါးသီလ ခံယူဆောက်တည်ကြပါသည်။

နံပါတ်(၃)အစီအစဉ်အရ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋ္ဌကဓရ၊ ဒွိပိဋ္ဌကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်မြတ်က သာရဏီယကထာ မိန့်ကြားတော်မူပါသည်။

နံပါတ်(၄)အစီအစဉ်အရ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပါသည်။

နံပါတ်(၅) အစီအစဉ်အရ ဒဂုံမြို့သစ်၊ ဆိပ်ကမ်းမြို့နယ် အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ အရှင်မြတ်က အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ အနီးရှိ မိဂဒါဝုန်မြန်မာကျောင်းကို စတင်တည်ထောင်သွားတော်မူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိ၏ထေရုပ္ပတ္တိ အကျဉ်းနှင့် မိဂဒါဝုန်မြန်မာကျောင်း သမိုင်းစဉ်ကို လျှောက်ထားတင်ပြပါသည်။

နံပါတ်(၆) အစီအစဉ်အရ မိမိက ထေရုပ္ပတ္တိကထာထုတိမဂ်လာဩဘာစာတမ်းကို ဖတ်ကြား ပူဇော်ပါသည်။

နံပါတ်(၇)အစီအစဉ်အရ နိုင်ငံကျော် အဆိုတော် ရိရိသန့်နှင့်တေးသံရှင်အဆိုတော် စိမ်းလဲ့လဲ့တို့က ပိဒ်စုံရတုကို တစ်ပိဒ်စီ ဖတ်ကြားသီကျူး ပူဇော်ကြပါသည်။

နံပါတ်(၈)အစီအစဉ်အရ နိုင်ငံကျော် အဆိုတော် ရိရိသန့်က လူးတားညှပ်ထပ်ကွန့် ၈၀-ပေါ် တေးထပ်ကို ဖတ်ကြား သီကျူး ပူဇော်ပါသည်။

နံပါတ်(၉)အစီအစဉ်အရ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏဓဇနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပါသည်။ဖိတ်စာထဲတွင် ပင့်သံဃာတော် (၅၉)ပါးဟု ရေးသားထားသော်လည်း တကယ်ပင့်သောအခါ ပင့်သံဃာတော် အပါး(၇၀)ဖြစ်ပါသည်။ ပင့်သံဃာတော်(၅၂)ပါး ကြွရောက်ပါသည်။ ပင့်သံဃာတော်အပါး(၇၀) တို့အား တစ်ပါးလျှင် လက်ဆွဲအိတ်တစ်လုံး၊ ခြံုစောင်ကြီးတစ်ထည်၊ယပ်တောင်တစ်ချောင်း၊နဝကမ္မဝတ္ထုငွေ ၂၀၀၀၀ိ-(ကျပ်နှစ်သောင်းတိတိ)နှင့် ရာပြည့် အောင်ပွဲနှင့် ဂုဏ်ပူဇော်မဂ္ဂဇင်းတစ်အုပ် တို့ကို လှူဒါန်းပါသည်။ မဂ္ဂဇင်းစာအုပ်ကိုမူ လူပရိသတ်များအားလည်း တစ်အုပ်စီ ကမ်းဝေပါသည်။

နံပါတ်(၁၀)အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒ မာလာဘိဝံသ မဟာထေရ်မြတ်က အနုမောဒနာ တရားဟောကြား၍ ရေစက်ချ ချီးမြှင့်ပေးတော်မူပါသည်။


နံပါတ်(၁၁)အစီအစဉ်အရ ပရိသတ် အားလုံးက "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ပြုံတူ ရွတ်ဆို၍ ပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းပြီးလျှင် ပူဇော်ပွဲအောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးလျက် ရိရိသန့် မြန်မာမှုဂီတအနုပညာအဖွဲ့က ရွှေမိုး ငွေမိုးရွာသွန်းဖြိုးနေစဉ် "အောင်စေ ပိုင်စေ" သီချင်းကို သီကျူးနေပါသည်။

မိဂဒါဝုန်မြန်မာကျောင်း သက်တမ်း နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အောင်ပွဲနှင့် ဘဒ္ဒန္တဝဏ္ဏဓဇမဟာထေရ်မြတ် (M.A)အား စုပေါင်းချီးကျူး ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားပြီးဆုံးသောအခါ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မိုးကုတ် ဆွမ်းစားဆောင်၌ ကြာဇံဟင်းခါး ချိုချည်ပွဲများဖြင့် ပရိသတ်များအား ဧည့်ခံကျွေးမွေးပါသည်။ ပရိသတ်များကလည်း အချင်းချင်းနှုတ်ဆက်ကြလျက် ဝမ်းမြောက်ဝမ်းသာသုံးဆောင်၍ အသီးသီး ပြန်သွားကြပါသည်။

ဤ ပူဇော်ပွဲအခမ်းအနားကို ဤသို့တင်ပြမှတ်တမ်းတင်လျက် အခမ်းအနားတွင် ပါဝင်သော ဖိတ်စာ၊ မိန့်ကြားလွှာ၊လျှောက်ထားလွှာ၊ မဂ်လာစည်တော်သံ၊တေးထပ်၊ရတု၊ ဩဘာစာနှင့် အခမ်းအနားအစီအစဉ်တို့ကိုလည်း သမိုင်းအဖြစ် တည်ရစ်စေရန် ရည်ရွယ်၍ စာစောင်တွင် ထည့်သွင်းတင်ပြလိုက်ရပါသည်။

မင်းကြည်(ဓမ္မာစရိယ၊ဘီအေ)





အိန္ဒိယနိုင်ငံ၊ တရုတ်သီဖြူး မိဂဒါဝုန် မြန်မာကျောင်းတိုက်

ပဓာန နာယက ဆရာတော်

(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)



ဘဒ္ဒန္တဝဏ္ဏဓဇ

၏

ဂုဏဝိသိဋ္ဌပူဇာသဘင်

ဓိတ်ကြားလွှာ

၁၃၇၀-ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် ဂု-၁၂-၂၀၀၈ (တနင်္ဂနွေ

ဂုဏဝိသိဋ္ဌပူဇာသဘင်ဆင်ယင်ကျင်းပမည့် အစီအစဉ်

ကျ

၁၃၇၀ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်
(ဂု-၁၂-၂၀၀၈) တနင်္ဂနွေနေ့

အစဉ် (၁)

ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနား (ပဉ္စသံယာ ၅၉ ပါး)

နာ

နေ့လည် (၂) နာရီမှ (၃း၃၀) နာရီ

ကု

နိုင်ငံခြားပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်
ကမ္ဘာအေးကုန်းမြေ

အစဉ် (၂)

ဆွမ်းကပ်လှူခြင်း

နာ

ညနေ (၃း၃၀) နာရီမှ (၅း၀၀) နာရီ

ကု

မိုးကုတ်ချောင်းစေတီဆောင်၊ နိုင်ငံခြားပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေးကုန်းမြေပြင်

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

ဂုဏဝိသိဋ္ဌပူဇာသဘင် ဓိတ်ကြားလွှာ

နိုင်ငံတော်အစိုးရမှ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈) ဖြင့်

'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်

ဆက်ကပ်ခြင်းခံရသော

အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရဒေ့ရှ်ပြည်နယ်၊ ဇာရာဏသီမြို့၊ မွေစက္ကဝိဟာရ

မိဂဒါဝုန်မြန်မာကျောင်းတိုက် ပဓာန နာယက

ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ

(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)

အား

မြန်မာပြည်အရပ်ရပ်ရှိ ဗုဒ္ဓဂယာဘုရားဖူး တပည့်ဒါယကာ၊
ဒါယိကာမ အများတို့က စုပေါင်း၍ တစ်ဖက်ပါအစီအစဉ်အတိုင်း
'ဂုဏဝိသိဋ္ဌပူဇာသဘင်' ဆင်ယင်ကျင်းပမည်ဖြစ်ရာ အမျှကုသိုလ်
ရယူစေလိုသော စိတ်ထားဖြင့် လေးစားစွာ ဓိတ်ကြားအပ်ပါသည်။

ဂုဏဝိသိဋ္ဌပူဇာသဘင် ဆင်ယင်ကျင်းပရေးကော်မတီ
ရန်ကုန်မြို့



အိန္ဒိယနိုင်ငံ၊ မိဂဒါဝုန်မြန်မာကျောင်းတိုက်

ရာပြည့်အောင်ပွဲအထိမ်းအမှတ်နှင့် ထေရဝုဏ်ဟူဏမဂ်ိဳလာ

ဆရာတော်များ၏ဘဝအကြောင်းအရာများ

ရှိသေစွာဦးညွှတ်၍ ပင့်လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ် ဟရာဏသီမြို့ တရားဦးဓမ္မစကြာ ဟောကြားရာဌာန မိဂဒါဝုန် ဓမ္မပရိဝုဏ်ဝန်းကျင်တွင် သံယရတနာနှင့် နှစ်ပေါင်းများစွာ ကင်းကွာခဲ့ရာ မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော်ဘုရားကြီးဘဒ္ဒန္တစန္ဒိမဂ်ီ မဟာထေရ်သည် ခရစ်နှစ် ၁၉၀၈ - ခုနှစ်တွင် မိဂဒါဝုန်ဓမ္မစကြာကျောင်းတိုက်ကြီးကို စတင် တည်ထောင်ခဲ့၍ ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) လက်ထက်တွင် ကျောင်းတိုက်ကြီး၏ သက်တမ်းနှစ်ပေါင်း (၁၀၀) ပြည့်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ရာပြည့်အောင်ပွဲ အထိမ်းအမှတ် ဂုဏယမင်္ဂလာနှင့် "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဂုဏဟူဏအခမ်းအနားတွင် ဆရာတော်တို့အား ဦးခိုက်ပူဇော်လိုပါသောကြောင့် ကြွရောက်ချီးမြှင့်တော်မူပါရန် ရှိသေစွာ ပင့်လျှောက်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား....။

ရက် ● ၁၃၇၀ ခုနှစ်၊ နတ်တော်လဆန်း (၁၀) ရက်
၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်၊ တနင်္ဂနွေနေ့

ကရုဏာရဝသဏ္ဌာန်ဖြင့်
ဘဒ္ဒန္တဝဏ္ဏဓရ
တပည့်ဒါယကာ/ဒါယိကာမများ

အိန္ဒိယ ● နေလည် (၂း၀၀) နာရီ

နေရာ ● နိဂဉ်တော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
ကမ္ဘာအေးကုန်းမြေ၊ နိဂဉ်တော်ပရိယတ္တိသာသနာ့တက္ကသိုလ်

၁၃၇၀-ပြည့်နှစ် နတ်တော်လဆန်း (၁၀)ရက် (၇-၁၂-၂၀၀၈)တနင်္ဂနွေနေ့တွင်
ရန်ကုန်မြို့ သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ
နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ကျင်းပသော
အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီး
မိဂဒါဝုန်မြန်မာကျောင်း၊ သက်တမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အောင်ပွဲနှင့်
မိဂဒါဝုန် မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်အား
စုပေါင်းချီးကျူးဂုဏ်ပြုပူဇော်ပွဲ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏဝိသိဋ္ဌပူဇာသဘင်
အခမ်းအနားအစီအစဉ်

အခမ်းအနားစတင်ချိန်(၁၄း၀၀)နာရီ

ပထမပိုင်း(အခမ်းအနားဖြင့်ပင့်ဆောင်ခြင်း)


ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး-ပထမကျော် ဦးစံသင်းလှိုင်က မိဂဒါဝုန်မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်အား ပူဇာသနပလ္လင်ပေါ် သို့ကြွရောက်တော်မူပါမည့် အကြောင်း တောင်းပန်လျှောက်ထားသည့် အဘိယာစန နိမန္တနဂါထာကို ဖတ်ကြားလျှောက်ထားပြီးလျှင် ဂါထာဆုံး၍ သာဓုသုံးကြိမ် ခေါ်ဆိုပြီးသည်နှင့် တပြိုင်နက် အခမ်းအနားဖြင့် ပင့်ဆောင်ရန်မှာ-

(က) **အလှပန်းစိုက်ငွေဖလားကြီး** ဦးသိန်းမြင့်
(ခ) **သာသနာ့အလံတော်ကြီး(၆)ခု** ဦးဘိုဘိုအောင်၊ ဦးလွင်မင်းမြတ်၊ ဦးသူရမျိုး၊ ဦးဝင်းဇော်
(ဂ) **ဘွဲ့တံဆိပ်အလံတော်** ဦးဟန်လင်းအောင်
(ဃ) **ဘွဲ့တံဆိပ်** ဦးနိုင်ဝင်း
(င) **ဘွဲ့တံဆိပ်သေတ္တာ** ဒါယကာတစ်ဦး
(စ) **ငွေဖလားကြီးဖြင့်ပန်းခင်းသမား** ဦးဝေလင်း
(ဆ) **ဘဒ္ဒန္တဝဏ္ဏဓဇ ယာထီးဖြူ** ဦးလွင်ထွန်း
ဘဒ္ဒန္တဝဏ္ဏဓဇ ဝဲထီးဖြူ ဦးသက်သက်ဦး
(ဇ) ကျင်းပရေးဦးစီးကော်မတီဝင်များ


မှတ်ချက်။ ဆရာတော်ကို အခမ်းအနားဖြင့် ပင့်ဆောင်နေချိန်အတွင်း နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့် ဓမ္မတေးအဖွဲ့က ဦးမင်းကြည်သီကုံးရေးသားထားသော မင်္ဂလာစည်တော်သံများကို ဆရာတော် ပလ္လင်ပေါ်သို့ ရောက်သည်အထိ ဖတ်ကြားသီကျူးပူဇော်နေရပါမည်။

ဒုတိယပိုင်း (ချီးကျူးဂုဏ်ပြုပူဇော်ခြင်း)

၁။ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း။ (နမောတဿ သုံးကြိမ်ရှိခိုး ပြီးဆုံးသည်နှင့်တပြိုင်နက် နိုင်ငံတော်အဆိုကျော် ဒေါ်ရီရီသန့်က ထူးမခြားနား သီချင်းခန့်ကြီး ဗုဒ္ဓရောင်ခြည်တော်ဖွင့်ဖြင့် သီကျူးပူဇော်ပေးပါသည်)



သီရိဘဒ္ဒန္တစန္ဒိမကျော် မဟာထေရ်မြတ်ကြီး



ဘဒ္ဒန္တဝဏ္ဏဇေ

၂။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တဩဘာဘိဝံသ ထံမှငါးပါးသီလ ခံယူဆောက်တည်ခြင်း။

၃။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသက သာရဏီယကထာမိန့်ကြား တော်မူခြင်း။

၄။ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားခြင်း။

၅။ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသက၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်မြန်မာကျောင်းကို စတင်တည်ထောင်သွားတော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဦးစန္ဒိမဏိ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် မိဂဒါဝုန်မြန်မာကျောင်းသမိုင်းစဉ်ကို တင်ပြလျှောက်ထားခြင်း။





သံဃမဟာနာယက အကျိုးတော်ဆောင် ဘဒ္ဒန္တ သြသဓာဘိဝံသမှ ငါးပါးသီလခံယူမှုပြုခြင်း

၆။ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် (ဓမ္မာစရိယ၊ဘီအေ)က ထေရုပ္ပတ္တိကထာ သြဘာစာတမ်းကိုဖတ်ကြားပူဇော်ခြင်း။

၇။ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်နှင့် တေးသံရှင်အဆိုကျော် စိမ်းလဲ့လဲ့တို့က မင်္ဂလာပိုဒ်စုံရတုကို ဖတ်ကြားသီကျူးပူဇော်ခြင်း။

၈။ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့် ဓမ္မတေးအဖွဲ့က လူးတားညှပ်ထပ်တွန့်ရှစ်ဆယ်ပေါ် တေးထပ်ကိုဖတ်ကြားသီကျူးပူဇော်ခြင်း။

၉။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇနှင့် ပင့်သံယာတော်များအား လျှုဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း။

၁၀။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မဟာထေရ်က အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း။

၁၁။ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခြင်း။

၁၂။ အခမ်းအနားပြီးဆုံးအောင်မြင်သည့်အထိမ်းအမှတ်အဖြစ်ဖြင့် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးခြင်း။
(ထိုအချိန်တွင် ဒေါ်ရီရီသန့် ဓမ္မတေးအဖွဲ့က အောင်စေပိုင်စေဖြင့် သီဆိုပူဇော်ခြင်း။)





ကိုယ်တော်မြတ်ဘုရားအား ဦးခိုးဦးချကြစဉ်



အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဝဏ္ဏဓဇ (မိဂဒါဝုန်ဆရာတော်) အား ပူဇာသနပလ္လင်တော်သို့ ကြွချီတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားအပ်သော အာဘိယာစနိ နိမန္တန ဂါထာတော်

ပူဇိတုံ ပူဇကာမာနံ၊ ကာလော နိမန္တိတုံ ဂုရုံ၊
တသ္မာ ဒါနိ မဟာထေရ၊ တိဋ္ဌ ပလ္လင်္ကမာသနေ။

ဘောန္တော = ပူဇာသန ပူဇော်ရာဌာနသို့ ညီညာဖြဖြ ကြွရောက်တော်မူလာကြသည့် ကလျာဏမိတ် အပေါင်း အိုး . . သူတော်ကောင်းတို့၊

ပူဇ ကာမာနံ = ဆရာတော်ဘုရားဂုဏ်ရည်ကို ယုံကြည်ကိုးစား အလေးထား၍ ထူးခြားကြည်ညို၊ ပူဇော်လိုကြောင်း တပည့် ဒကာ ဒကာမ အပေါင်းတို့၏၊

ပူဇိတုံ = အာမိသ ဓမ္မ-ဒုစ်ဌာနတို့ဖြင့် ဂါရဝရှေ့ထား လေးစားကော်ရော် ပူဇော်ကြဖို့ရန်အလို့ဌာ၊

ဂုရုံ = သာသနာပြုအကျော် ပုံဖော်ညွှန်ပြ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်သ၍ နာယကထေရ်ကျော် ဘဒ္ဒန္တဝဏ္ဏဓဇ ဆရာတော်ကို၊

နိမန္တိတုံ = ဘာသာသာသနာ ထုံးစဉ်လာနှင့် ညီညာသင့်အောင် ပင့်ဆောင်ရန်အလို့ဌာ၊

ကာလော = အခါအခွင့် ပဏာတင့်၍ အသင့်လျော်ကန် အချိန်တန်ပါပြီ ဘုရား။

တသ္မာ = ထိုသို့အခါအခွင့် ပဏာတင့်၍ အသင့်လျော်ကန် အချိန်တန်ပြီဖြစ်သောကြောင့်၊

မဟာထေရ = ပရိယတ်အမြင့်ဂုဏ်တွင် ပဋိပတ်ဆင့်၍ ကုံလုံပြည့်ဝ ဂုဏမြင့်မော် ဆရာတော် အရှင်သူမြတ်ဘုရား။

တိဋ္ဌ = အရှင်သူမြတ်ဘုရားသည်၊

ဒါနိ = ပူဇော်ဖို့ရာ ပြင်ဆင်ကာဖြင့် ၁၃၇၀-ခု ဥတုဟေမန္တ နတ်တော်လ၏ ဆန်းပရေတွက် (၁၀)ရက်နေ့ ရောက်လာ ဤယခုအခါ၌၊

ပလ္လင်္ကမာသနေ = ပလ္လင်နန်းမှန်ကင်း၊ ပူဇော်ခြင်းမင်္ဂလာပြုရာ ပူဇာသန ပူဇော်ရာဌာန၌၊

တိဋ္ဌ = တပည့်များ အပူဇော်ခံရန် အချိန်တန်ကျရောက်ပြီမို့ ကြွချီစံနေတော်မူပါ ဆရာတော်သခင် အရှင်သူမြတ်ဘုရား။

ပထမကျော်-ဦးစံသင်းလှိုင် (ဒုတိယညွှန်ကြားရေးမှူး)



ပထမကျော်-ဦးစံသင်းလှိုင် (ဒုတိယညွှန်ကြားရေးမှူး)မှ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်စဉ်

ဒုတိယသားတော်ဘုရား ပုဗ္ဗဏှသုခဘောဇနီးတော်မြတ်ကြီး





...ဦးဂုဏဒဿိလင်္ကာဇာ၏ ခစ်ဆိုပွဲတော်...



"အပင်မဂ်လာစည်တော်သံများ"

၁။ မဂ်လာအခါတော်ရောက်ပြီမို့ ရွှင်ဝမ်းမြောက် ညီတညာ တွေးပိတိဖြာ၊
ဦးဝဏ္ဏဓဇ စွမ်းဂုဏ်ဝါ၊ လျှမ်းထုံပါလို့ ကြိုင်ပျံ့မွှေး
ဘွဲ့တံဆိပ်ဂုဏ်ဖော်၊ ပူဇော်ပွဲကိုလ
ကြည်နူးရွှင် ရွှေလက်တွဲလို့ရယ်(ကွယ်) နွဲကြပြီလေး။

၂။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတံဆိပ်တော် ဘွဲ့ဂုဏ်ထူးကိုလ
ချီးကျူးမြွှင့် နိုင်ငံတော် ဆက်ကပ်ပူဇော်
အိန္ဒိယ၊ မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဖူးမျှော်ဘို့ ခုလို အထူး
ပင့်ဆောင်လာ ရှုမြင်စမ်းပါတော့
ဖူးမျှော်သူ ကုသိုလ်ပန်းတို့မှာ(ကွယ်) လန်းပွင့်ရွှင်မြူး။

၃။ သာသနာ ရောင်ဝါလင်းပါလို့ မှောင်ကွာရှင်း ခုချိန်ခါ
ရှင်းသန့်စွာ အရှည်ခံလို့ရယ်(ကွယ်) ပြန့်စေဘို့ရာ
အချိန်ကောင်း သည်အခါ စည်ပါဘိသာသနာရေး။
ပေါင်းစုရွှင် ကြည်သဒ္ဓါဖြင့်
ထေရ်မဟာ ပူဇော်ပွဲကို(ကွယ်) နွဲကြပြီလေး။

၄။ အိန္ဒိယနိုင်ငံတွင် နှစ်(၁)ရာပြောင်းခဲ့တဲ့ မိဂဒါဝုန် မြန်မာကျောင်းမှာလ
ခိုအောင်းသည့် သာသနာပြုထေရ်မဟော် များခုဖူးမျှော်
ဘဒ္ဒန္တဝဏ္ဏဓဇ ဆရာတော် ပူဇော်တဲ့ သည်ပွဲ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတံဆိပ်တော် ဂုဏ်ပြုခြင်းကိုလ
ကုသိုလ်ဟုန် ထုံထုံသင်းအောင်(ကွယ်) ကျင်းပဆင်နွဲ။

၅။ ကနက္ကဒဏ် ထီးဖြူမိုးပါလို့ ရိုကျူးလျက် ခမ်းနားစွာ ပင့်ဆောင်လို့လာ
လမ်းတွင်းမှာ ပန်းခင်းပါလို့ ခုလိုအထူး
ဖူးမျှော်ကာ လက်အုပ်ပန်းတွေဖြင့်
ပြည်နိဗ္ဗာန် ရည်မြော်မှန်းကြတယ်(ကွယ်) လန်းကြွ ရွှင်မြူး။

၆။ အောင်ဘိသေ စက်အာယုရယ်နှင့် လက်ျာခရုငွေသခ်ီ သွန်းဆုချွေကာ
သာသနာ့ရောင်ဝါ ပြောင်ပါဘိ နေတန့်နူန်း
မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ပူဇော်ပွဲကိုလ
ပေါင်းစုရွှင် ရွှေလက်တွဲလို့ရယ်(ကွယ်) နွဲကြ ရွှင်ပြုံး။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်
ကလေးဝတောရဆရာတော်
ဘဒ္ဒန္တဂဂရာဘိဝံသမှ သာရဏီယကထာမြွက်ကြားတော်မူစဉ်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ၊ ဒွိဝိဋ္ဌကဓရ၊ ဒွိဝိဋ္ဌကကောဝိဒ ကလေးဝတောရ ဆရာတော် ဘဒ္ဒန္တဂဂရာဘိဝံသ၏ သာရဏီယကထာ

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာ ကျောင်းတော်၏ သက်တမ်းတစ်ရာပြည့် ရာပြည့်အောင်ပွဲ အထိမ်းအမှတ်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝဏ္ဏဓဇအား ဂုဏ်ဗူဇာမဂ််လာ အခမ်းအနား။

မြန်မာနိုင်ငံတော် အစိုးရက မိဂဒါဝုန်မြန်မာကျောင်းဆရာတော် အရှင်သူမြတ်အား အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ လို့ခေါ်တဲ့ သာသနာပြုဘွဲ့ တံဆိပ်။

သာသနာပြုဘွဲ့တံဆိပ်

ရဟန်းတော်များဆိုင်ရာ-လူပုဂ္ဂိုလ်များဆိုင်ရာ ဘွဲ့တံဆိပ်တော် ပေးတဲ့အခါမှာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဟူ၍ အဆင့်သုံးဆင့်ရှိတာထဲက အရှင်ဝဏ္ဏဓဇအား "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ"ဆိုတဲ့ ပထမဆင့် သာသနာပြုဘွဲ့တံဆိပ် အပ်နှင်းပူဇော်ထားပါတယ်။ သဒ္ဓမ္မ ဆိုတာ-သူတော်ကောင်းတရား၊ ထင်ရှားရှိတဲ့တရား၊ အဲဒီ သူတော်ကောင်းတရားဆိုတာဟာလည်းပဲ လောကီယ သဒ္ဓမ္မ-လောကီနယ်ပယ်က ချမ်းသာကောင်းကျိုး ရရှိရန်အတွက် ညွှန်ပြတတ်တဲ့ သူတော်ကောင်းတရား၊ သာသန သဒ္ဓမ္မ-ဗုဒ္ဓဘုရားရှင် ထွန်းပေါ်တော်မူလာမှ ဖြစ်ထွန်း ပေါ်ပေါက်ပြီးတော့လာတဲ့ သာသနာတော်ဆိုင်ရာ သဒ္ဓမ္မ။ တစ်နည်းအားဖြင့် ဘုရားရှင်တို့ ပွင့်ထွန်းလာမှ ဖြစ်ပေါ်နိုင်တဲ့ သူတော်ကောင်းတရားကိုဖြစ်စေ၊ ဘယ်သူတော်ကောင်း တရားကိုပဲဖြစ်ဖြစ် ပြောပြနိုင်တဲ့ ပုဂ္ဂိုလ်လည်း ရှားပါးပါတယ်။ ကြားနာခွင့်ရရှိတဲ့ ပုဂ္ဂိုလ်လည်း နည်းပါးပါတယ်။

ဒီသူတော်ကောင်းတရားအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာလည်း အင်မတန် နည်းပါးပါတယ်။ အဲဒီသူတော်ကောင်းတရားတွေကို သိမြင်နိုင်တဲ့ ပုဂ္ဂိုလ် အလွန်နည်းပါတယ်။

အဂ္ဂမဟာဆိုတဲ့ ဂုဏ်ပုဒ်တော်ကြီး

နိုင်ငံတော်အစိုးရက အဂ္ဂမဟာဆိုတဲ့ ဂုဏ်ပုဒ်တော်ကြီး ဘွဲ့တံဆိပ်အပ်နှင်းပြီးတော့ ပူဇော်ထားတယ်။ အဂ္ဂမဟာဆိုတာ ကောင်းမွန်မြင့်မြတ်သော သူတော်ကောင်းတရား တွေ၊ ကောင်းမွန်မြင့်မြတ်သော သဒ္ဓမ္မတရားတွေ၊ ကောင်းမွန်မြင့်မြတ်သော တရားတွေကို ထွန်းပစေတတ်သော အရှင်မြတ်၊ ကောင်းမွန်မြင့်မြတ်သော အရှင်မြတ်၊ အဲဒီ သဒ္ဓမ္မ-သူတော်ကောင်းတရားကို နာကြားရတဲ့ ပုဂ္ဂိုလ်ဟာလည်း ရှားပါးပါတယ်။ သူတော်ကောင်းတရားကို ထိန်းသိမ်းစောင့်ရှောက်ကြ၊ အမြင့်မြတ်ဆုံး၊ အမွန်မြတ်ဆုံးဖြစ်သော သဒ္ဓမ္မတရားကို တွေ့နေကြရပါပြီ။

ကောင်းမွန်မြင့်မြတ်သော သူတော်ကောင်းတရားကို အောင်လံတော်သဖွယ် တလူလူထူနိုင်သော၊ ထွန်းပစေ တတ်သော၊ ထွန်းတောက်စေတတ်သော၊ တိုးပွားစေတတ်သော အရှင်သူမြတ်ဟူသော အဓိပ္ပာယ်ရတယ်။ အမွန်ဆုံး အမြတ်ဆုံး ဖြစ်သော သူတော်ကောင်းတရားကို ထွန်းပစေတတ်သော အရှင်မြတ်။

မိဂဒါဝုန်မြန်မာကျောင်းကြီး နှစ်တစ်ရာ ပြည့်မြောက်ခဲ့ပြီ။ အဲဒီရာပြည့် အထိမ်းအမှတ်နှင့်အညီ အရှင်မြတ်အားမြန်မာနိုင်ငံတော်အစိုးရမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အမွန်ဆုံး၊ အမြတ်ဆုံးဖြစ်တဲ့ အောင်လံသဖွယ်ဖြစ်သော သူတော်ကောင်းတရားကို ထွန်းပစေတတ်သောအရှင်မြတ်ဆိုတဲ့ ဘွဲ့တံဆိပ်နှင့် ဆက်ကပ်ပူဇော်ထားပါတယ်။

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆိုတဲ့ စကားလုံးဖြင့် ဘွဲ့တံဆိပ်တော်အပ်နှင်းပြီးတော့ ပူဇော်ထားပါတယ်။ ဘွဲ့တံဆိပ် အပ်နှင်းပြီးတော့ ချီးမြှင့်ခြင်း၊ အပ်နှင်းခြင်း ပူဇော်ထားခြင်းဟာ အင်မတန်လျော်ကန်သင့်မြတ်ပါတယ်။

အဲဒီနောက် သဒ္ဓမ္မဆိုတဲ့ သူတော်ကောင်းတရား သဒ္ဓမ္မတရား . . .

ငါးပါးသီလဆောက်တည်ကြ၊ ရှစ်ပါးသီလ ဆောက်တည်ကြ၊ ဆယ်ပါးသီလဆောက်တည်ကြ စတဲ့ အဲဒီသဒ္ဓမ္မ အမွန်မြတ်ဆုံးဖြစ်တဲ့ သူတော်ကောင်းတရားတွေကို အောင်လံတော်သဖွယ် ထွန်းပစေတတ်သောအရှင်၊ သဒ္ဓမ္မနဲ့ပတ်သက်လို့ နတ်သားခြောက်ယောက် လျှောက်ထားချက်ကို ဆက်ပြောလိုပါတယ်

သင်္ဘီရေဝ သမာသေထ၊ သင်္ဘီ ကုပ္ပေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယ္ယော ဟောတိ နု ပါဝိယော။
(သံ၊ ၁။ နှာ - ၁၆)

နတ်သားကြီးတစ်ယောက်ကတော့-

၁။ သေယ္ယော ဟောတိ နုပါဝိယော = သူတော်ကောင်းတရားကို သိတဲ့သူဟာ မြတ်၏၊ ယုတ်မာခြင်းမှ ကင်းပါ၏ဘုရား။

နတ်သားကြီးတစ်ယောက်ကတော့-

၂။ ပညာ လဗ္ဘတိ နာညတော - သူတော်ကောင်းတရားကိုသိတဲ့အတွက် သူတော်ကောင်းတရားကို အမှီပြုပြီးတော့ အသိဉာဏ်တွေကို ရရှိစေပါတယ်ဘုရား။ အသိဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတရားကြောင့် အသိဉာဏ် ရရှိကြတယ်ဘုရား။

နောက်နတ်သားကြီးတစ်ယောက်ကတော့

၃။ သောကမဇ္ဈေ နု သောစတိ = လောကကြီးဟာ တအုံနွေးနွေး ပူဆွေးညှိုးမှိန် နေကြတဲ့ လောကကြီးပါဘုရား။ အဲဒီလို တအုံနွေးနွေး ပူဆွေးနေကြတဲ့ လူတွေထဲမှာ မစိုးရိမ်ဘဲ၊ မပူပန်ဘဲ နေနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်တာဟာ သူတော်ကောင်းတရားကြောင့်ပါဘုရား။



နောက်နတ်သားကြီးတစ်ယောက်ကတော့

၄။ ဉာတိ မဿွေ ဝိရောစတိ = လူ့ပြည်မှာလူတွေ တန်ခိုးကြွယ်ပြီးတော့ အင်မတန် တင့်တယ်တဲ့ ပုဂ္ဂိုလ်ဖြစ်တာလည်းပဲ သူတော် ကောင်းတရားတွေကြောင့်ပါ ဘုရား။

နောက်နတ်သားကြီးတစ်ယောက်ကတော့၊

၅။ သတ္တာ ဂန္ဆန္တိ သုဂ္ဂတိ - သူတော်ကောင်းတရားကြောင့် သတ္တဝါတွေဟာ လူချမ်းသာ နတ်ချမ်းသာ ပြဟ္မာချမ်းသာဆိုတဲ့ ချမ်းသာထူး ချမ်းသာမြတ်ကြီးကို ရရှိနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်ဘုရား။

နတ်သားကြီးတစ်ယောက်ကတော့၊

၆။ သတ္တာ တိဋ္ဌန္တိ သာတတံ = သူတော်ကောင်းတရားကြောင့် သတ္တဝါတွေဟာ ချမ်းသာမြတ်ကြီးကို ရရှိကြတဲ့ ပုဂ္ဂိုလ်တွေ-ဖြစ်ကြရပါတယ်ဘုရား။

ဒီတော့ ပြဟ္မာကြီးခြောက်ယောက်တို့ သူတော်ကောင်းတရားကို အမှီပြုပြီး သူတော်ကောင်းတရားအားထုတ်ပြီးတော့ ရရှိတဲ့ အကျိုးအာနိသင်တွေကို ပြောကြားကြပြီ၊ ဤသို့ ပြောကြားကြပြီး၊

ဘုရားရှင်၏ အဆိုအမိန့်

နတ်သားကြီး(၆)ယောက် အသီးသီး သူတော်ကောင်းတရား သဒ္ဓမ္မကို အမှီပြုပြီး ရရှိနိုင်တဲ့ အကျိုးတရားတွေ လျှောက်သွားကြတာ မမှားပါဘူး၊ ငါဘုရားရဲ့ မိန့်ကြားချက် ဖြည့်စွက်လိုက်ဦးမယ်၊ **(သဗ္ဗ ဒုက္ခာ ပမုစ္စတိ)** သဒ္ဓမ္မ သူတော်ကောင်းတရားရှိသူတွေနဲ့ ပေါင်းကြ ဆက်ဆံကြ၊ ကိုးကွယ်ကြ၊ အဲဒီသဒ္ဓမ္မ- လောကီယသဒ္ဓမ္မ သာသနသဒ္ဓမ္မ ၂ မျိုးကို သိပြီး ကျင့်ကြံပြီး သိသူ ကျင့်ကြံသူတို့ဟာ လောကရှိသမျှ ဒုက္ခ၊ တန်ခိုန်ဖွဲ့ လို့ မရနိုင်တဲ့ ဒုက္ခတွေမှ လွတ်မြောက်နိုင်တယ်လို့ ဖြည့်စွက် ဟောကြားပါတယ်၊ ပဉ္စဝဂ္ဂီ(၅)ဦးတို့အား တရားဦးဓမ္မစကြာ အနတ္တလက္ခဏာသုတ်တရား ၂ ပုဒ်မှာပင် ဒုက္ခဆိုတဲ့ စာလုံး (၃၅)ကြိမ် သုံးနှုန်းပြီး တရားရစေခဲ့ပါတယ်။ အဲဒီ ဒုက္ခတွေမှ လွတ်စေနိုင်တဲ့ သဒ္ဓမ္မ - သူတော်ကောင်းတရားကို ဖြန့်ဝေခဲ့ရာ ဒေသထူး၌ အရှင်ဝဏ္ဏဓေ သီတင်းသုံးလျက် ရာပြည့်ကျောင်းတိုက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ရင်း သဒ္ဓမ္မ သူတော်ကောင်းတရားကို အောင်လံသဖွယ် လွှင့်ထူနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ဘုန်းကြီးရဲ့ အသက် ရွှေ့ယိုင် မမှေ့နိုင်အောင် ကြံမှိုင်ငေးမှတ် အောက်မေ့အပ်သော စကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ၏
သာသနာရေးဆိုင်ရာလျှောက်ထားလွှာ

{၁၃၇၀-ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက် (၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၇-ရက်)တနင်္ဂနွေနေ့}

ယနေ့ ကျင်းပပြုလုပ်အပ်သည့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်မြန်မာကျောင်း သက်တမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အောင်ပွဲနှင့် မိဂဒါဝုန်မြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်အား စုပေါင်းချီးကျူး ဂုဏ်ပြုပူဇော်ပွဲ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏဝိသိဋ္ဌ ပူဇာသဘင်အခမ်းအနားသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမျှားပြုသည့် ဆရာတော်သံဃာတော်များအား ယခုကဲ့သို့တစ်နေရာ



သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို မှ သာသနာရေးဆိုင်ရာများလျှောက်ထားစဉ်

တစ်ချိန်တည်း၌ စုံစုံညီညီ ဖူးမြော် ကြည်ညိုခွင့်ရရှိပြီး ဓမ္မမိတ်ဆွေများနှင့်အတူ သာသနာပြု ကုသိုလ်အထု မြတ်ကောင်း မှုတို့ကို ဖြည့်ဆည်းပူးခွင့် ရရှိသဖြင့် အထူးပင်ကြည်နူးခြင်း ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည် ဘုရား။

တပည့်တော်များ၏ ထေရဝါဒဗုဒ္ဓသာသနာ သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်သောအခါ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသမှ စတင်ခဲ့၍ ကမ္ဘာအရပ်ရပ်သို့ ပြန့်ပွားခဲ့ပြီး မထေရ်အဆက်ဆက်တို့ သံဂါယနာခြောက်တန် အဆင့်ဆင့် တင်ကာထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်ကို တွေ့ရှိရပါသည် ဘုရား။ အရှင်မဟာကဿပ အစရှိသော မထေရ် အဆက်ဆက်တို့ တညီတညွတ်တည်း လက်ခံကျင့်သုံး လာသော သံဂါယနာခြောက်တန်ဝင် ဝါဒလမ်းစဉ်အတိုင်း ကျင့်သုံး သောဗုဒ္ဓသာသနာကို ထေရဝါဒ ဗုဒ္ဓသာသနာဟု ခေါ်တွင်ကြောင်း နားလည်မိပါသည်ဘုရား။ အဆိုပါ ထေရဝါဒဗုဒ္ဓ သာသနာမြတ်ကြီးသည် ဗုဒ္ဓဘာသာ မင်းကောင်းမင်းမြတ်များ၏ အားပေးထောက်ပံ့မှုကို ရသောအခါ တိုးတက်စည်ပင် ပြန့်ပွားခဲ့ပြီး သာသနာပ အညတိတ္ထိယ မင်းညစ် မင်းယုတ်များ၊ တိုင်းတစ်ပါးသား အုပ်ချုပ်သူများ လွှမ်းမိုးအုပ်ချုပ်သောအခါ၊ ယင်း အုပ်ချုပ်သူများ၏ ဟန့်တား နှောင့်ယှက်မှုကို ခံရသောအခါ ဆုတ်ယုတ် နိမ့်ကျခဲ့ရသည်ကို သမိုင်းအတွေ့အကြုံများ အရ သိရှိရပါသည် ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ ဘုရား

ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး ယနေ့အချိန်အခါထိ နေအထောင် လအထောင်ပမာ ထွန်းလင်းတောက်ပြောင်နေသည်မှာ ဆရာတော်သံဃာတော်အရှင်မြတ်များ၏ ကျေးဇူးတော်ကြောင့်ပင် ဖြစ်ပါသည်ဘုရား။မြန်မာပြည်ဖွား ဆရာတော်များက တရားဦးဓမ္မစကြာဟောတော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်ဒေသတွင် မိဂဒါဝုန်မြန်မာကျောင်းကို တည်ဆောက်တော်မူခဲ့ကြပြီး သစ္စာပန်းများ ထာဝရ ပွင့်လန်းအောင် စွမ်းဆောင်တော်မူခဲ့ကြသည်မှာ အနှစ် (၁၀၀)ကျော်သို့ တိုင်အောင် ခရီးပေါက်ခဲ့ပြီဖြစ်၍ အတိုင်းမသိသော ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်ဘုရား။ ဗုဒ္ဓမြတ်စွာမိဂဒါဝုန် ဒေသတွင် တရားဦးဓမ္မစကြာကို ဟောတော်မူခြင်းသည် ဘယ်တုန်းကမှ မသိမမြင် မကြားခဲ့ဘူးသော ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ မဂ္ဂသစ္စာ ဟူသော သစ္စာလေးပါး သစ္စာပန်းများကို ပွင့်လန်းလာအောင် ဓမ္မပန္နက်ကို စတင် ရိုက်နှက်ပေးတော်မူခြင်းဖြစ်၍ မိဂဒါဝုန်မြန်မာကျောင်း တည်ဆောက်တော်မူခြင်းကိုလည်း သစ္စာပန်းများ ထာဝရပွင့်လန်းအောင် စွမ်းဆောင်ခြင်းအဖြစ် လျှောက်ထားရခြင်းဖြစ်ပါသည်ဘုရား။

ဆရာတော်ဘဒ္ဒန္တစန္ဒိမဏိသည် အိန္ဒိယအစိုးရက မိဂဒါဝုန်ဒေသကို ရှေးဟောင်းသုတေသနဌာန မြေအဖြစ် ကြေငြာခြင်းမပြုမီအချိန် ခပ်စောစောကပင် မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် မြေနေရာရရှိရန် စီမံခဲ့ပြီး ၁၉၀၈-ခုနှစ်တွင် "မိဂဒါဝုန်ဗုဒ္ဓဘာသာအဖွဲ့" ကို ဖွဲ့စည်းတည်ထောင်ကာ သာသနိကအဆောက်အအုံများကို စတင်ပုံဖော်ခဲ့ရာ ယခုအခါ ဘုရားတန်ဆောင်း၊ သိမ် ကျောင်း ပြာသာဒ် အရပ်ရပ်သော သာသနိကအဆောက်အုံများနှင့် ဥယျာဉ်ပန်းမာလ၊ ရေတွင်း ရေကန် အတန်တန်တို့ဖြင့် နဘံထက်မိုး တိုးတော့မယောင် ပုံဆောင်ဝင့်ကြွား အထင်အရှား တွေ့မြင်နေရပါသည်ဘုရား။ ဆရာတော်ဘဒ္ဒန္တစန္ဒိမဏိမှစ၍ ဆရာတော်ဘဒ္ဒန္တကိတ္တိမာ၊ ဆရာတော်ဘဒ္ဒန္တတိက္ခိန္ဒြိယတို့ အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက် သာသနာပြုတော်မူခဲ့ကြရာ ယခု ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ လက်ထက်တွင် နှစ်(၁၀၀) ပြည့်မြောက်၍ ခရီးပေါက်အောင်မြင် သာသနာ့သမိုင်းစဉ်တွင် မှတ်တမ်းဝင်သဖြင့် သာသနာ့သမိုင်းမှတ်တိုင် တစ်ခုကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။

ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇသည် ၁၉၄၉-ခုနှစ်တွင် မွေးဖွားသည့် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ဇာတိဖွားဖြစ်ပြီး အသက် (၁၄)နှစ်သားအရွယ်မှစ၍ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ မင်းပြားမြို့ ရေတံခွန်ကျောင်း၊သထုံမြို့ဟိတကာရီ ပါဠိတက္ကသိုလ်စာသင်တိုက်၊ရန်ကုန်မြို့ ဗားဂရာကျောင်းတိုက်၊ မြောင်းမြမြို့ ပဇ္ဇောတာရုံပါဠိတက္ကသိုလ် စာသင်တိုက်တို့၌ ပရိယတ်စာပေများကို လေ့လာဆည်းပူးခဲ့ရာ ပထမပြန်စာမေးပွဲပထမငယ်၊ပထမလတ်၊ပထမကြီးတန်းတို့ကိုအောင်မြင်တော်မူခဲ့ကြောင်း၊ ၁၉၇၅-ခုနှစ်မှစ၍ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူပြီး တရိပူရပြည်နယ်တွင် (၂)နှစ် တောင်တန်းသာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ကြောင်း၊ ၁၉၇၉-ခုနှစ်တွင် ဗာရာဏသီမြို့ သက္ကတတက္ကသိုလ်သို့ တက် ရောက်ပညာသင်ကြားခဲ့ရာ(M.A)ဘွဲ့ကိုရရှိခဲ့ကြောင်း၊ ၁၉၈၇-ခုနှစ်မှစ၍ မိဇဒါဝုန်မြန်မာကျောင်းတိုက်၏ ပဓာနနာယက ဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူခဲ့ရာ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံခြင်း၊အသစ်တိုးချဲ့ဆောက်လုပ်ခြင်းစသည့် ဗုဒ္ဓသာသနာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ ကြောင်း လေ့လာသိရှိရပြီး မိဇဒါဝုန်မြန်မာကျောင်းတိုက် အနှစ်(၁၀၀) ပြည့်အထိမ်းအမှတ် သာသနာသမိုင်းမှတ်တိုင် စိုက်ထူပွဲကြီးကို အောင်မြင်စွာ ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်၏ သာသနာပြုစွမ်းရည်ကို ကြည်ညိုဖွယ်ရာ ဖူးမြင် တွေ့ရှိခဲ့ရပါသည်ဘုရား။

ဆက်လက်၍ ပြည်ပနိုင်ငံရပ်ခြားတွင် သက်ဿနဂိုရ်၌ သက္ကနိမ္မိတာရုံ မြန်မာကျောင်းကို တည်ထောင်ခြင်း၊ ဆရာတော်ဦးစန္ဒြမဏိဖောင်ဒေးရှင်းကို ဦးစီးတည်ထောင်ဖွဲ့စည်းပြီး ဆရာတော်ကြီး အထိမ်းအမှတ် အထက်တန်းကျောင်းဆောင်သစ်ကြီး တည်ထောင်ဖွင့်လှစ်ခြင်း၊ ဝေသာလီ ဒေသ၌ ကူဋာဂါရ မြန်မာကျောင်းကို တည်ထောင်ခြင်းစသည့် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်တော်မူနိုင်ခြင်း၊ သီလ သမာဓိ ပညာသိက္ခာသုံးရပ်အကျင့်မြတ်တို့နှင့် ပြည့်စုံတော်မူခြင်း စသော ဆရာတော်၏ ဂုဏ်အင်္ဂါအရည်အချင်းများကို ယုံကြည်လေးမြတ်အသိအမှတ်ပြုသောအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၂၀၀၈-ခုနှစ် လွတ်လပ်ရေးနေ့အခါသမယတွင် ဆရာတော်အား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြု ပထမဆင့်ဘွဲ့ထူးဖြင့် ဦးညွတ်ကော်ရော် ပူဇော်ခဲ့ခြင်းဖြစ်ပါ သည် ဘုရား။

နိဂုံးချုပ်အားဖြင့် လျှောက်ထားရပါလျှင် မိဇဒါဝုန်မြန်မာကျောင်းတိုက်၏ ပဓာန နာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇသည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံတော်မူပြီး သက်တော်ရာကျော်ရှည်တော်မူကာ အမျိုးဘာသာသာသနာအကျိုးကို ဆထက်တိုး၍ သည်ပိုးထမ်းဆောင်တော်မူနိုင် ပါစေကြောင်း ဆုမွန်တောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ ဘုရား။

* * *

ရန်ကုန်မြို့၊ ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတ္တာဘိဝံသ ရေးသားပူဇော်အပ်သော မိဇဒါဝုန်မြန်မာကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သော သာသနာ့အာဇာနည် ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ဘုရားကြီး သီရိဘဒ္ဒန္တစန္ဒြမဏိ မဟာထေရ်မြတ်၏ ထေရပွတ္တိအကျဉ်းနှင့် မိဇဒါဝုန် မြန်မာကျောင်း သမိုင်းစဉ်အကျဉ်း

အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၌ ဗုဒ္ဓဝါဒပြန့်ပွားရေး ဆောင်ရွက်ခြင်းဖြင့် ဘဝကိုမြှုပ်နှံခဲ့ပြီး ရှေးဦးဓမ္မ အာဇာနည်-ဟု ခေါ်ဆိုထိုက်သူ ထူးခြားပြောင်မြောက်သည့် ယင်းသို့သောပုဂ္ဂိုလ်တစ်ယောက်ကား အိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ကုသိနာရုံမြန်မာကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ရခိုင်နွယ်ဖွား မြန်မာနိုင်ငံသား ဆရာတော် သီရိဘဒ္ဒန္တစန္ဒြမဏိ မဟာထေရ်ဖြစ်သည်။

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာကို မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် မြို့ဟောင်းမြို့နယ်၊ ရှင်ကျော် တိုက်၊ ရမ်းချောင်း ပေါက်ပင်ကွင်းရွာ၌ **ခမည်းတော် ဦးကျော်အောင်+မယ်တော် မိုဝင်းယေ** တို့မှ ၁၂၃၇-ခု ကဆုန်လပြည့်ကျော်(၆)ရက်၊ (ခရစ်နှစ် ၁၈၇၅-ခုမေလ-၂၅ ရက်) အင်္ဂါနေ့၊ နေ့လည်အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်မည်မှာ **သာပန်းဦး** ဖြစ်ပါသည်။


မောင်သာပန်းဦး၊ မနှင်းညို၊ မောင်သာပန်းအောင် ဟူ၍မူးချင်း(၃)ယောက်အနက် အကြီးဆုံးသားရတနာဖြစ်သည်။

သာသနာ့ဘောင်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် သက်တော် (၁၀)နှစ်သားအရွယ်တွင် ခမည်းတော်၏ ညီတော် အရင်းဖြစ်သော စစ်တွေမြို့၊ တရားသိစုရပ်၊ **စန္ဒိမာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ** ထံ၌ (၂)နှစ် ပညာသင်ကြားပြီးနောက် ဆရာတော်ဦးစန္ဒိမာ မထေရ်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေဘောင်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှာ ရှင်စန္ဒ ဖြစ်ပါသည်။

အိန္ဒိယသို့ ရောက်ရှိတော်မူခြင်း

ရှင်စန္ဒ (၁၂)နှစ်အရွယ်တွင် အိန္ဒိယနိုင်ငံအတွင်းရှိ ဗုဒ္ဓသာသနာတော်နှင့် သက်ဆိုင်သော နေရာဒေသ ဌာနအားလုံးကို ပုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတို့ လက်တွင်းသို့ ရောက်ရှိအောင် "မဟာဗောဓိ အသင်း" ကိုတည်ထောင်လျက် "မဟာဗောဓိဂျာနယ်" စာစောင်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေကာ ကြိုးစားနေကြသော သီဟိုဠ်နိုင်ငံမှ သူဌေးသား **အနာဂါရိကဓမ္မပါလ-ခေါ် ဦးသူတော်နှင့် အင်္ဂလန်မှ ဗိုလ်မှူးကြီး အော်ရက(ဂ်)**-တို့၏ စစ်တွေမြို့သို့ ကိုယ်တိုင် လာရောက် ပင့်လျှောက်ချက်အရ (၁၈၉၀-ခုနှိုဝင်ဘာလ) ၁၂၅၂-ခုတန်ဆောင်မုန်းလတွင် သူငယ်ချင်းဖြစ်သူ ရှင်သူရိယ နှင့်အတူ အိန္ဒိယ နိုင်ငံသို့ရောက် ရှိခဲ့ပါသည်။



ဓမ္မာစရိယတက္ကသိုလ် နာယကချုပ် ဘဒ္ဒန္တသစိတ္တာဘိဝံသမှ ဆရာတော်ကြီး အရှင်စန္ဒမဟာထေရပွတို့အား ပိဂဒါဝုန်ကျောင်းသမိုင်းစဉ်ကို တင်ပြလျှောက်ထားစဉ်

ပညာသင်ကြားဆည်းပူးခြင်း

ရှင်စန္ဒသည် ဗုဒ္ဓဂယာ၊ မဟာဗောဓိပင်အနီး **မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ဓမ္မာရုံ၌** သီဟိုဠ် နိုင်ငံသား အရှင်စန္ဒဇောတိထံ၌လည်းကောင်း၊ ကာလကတ္တားမြို့၌ အိန္ဒိယနိုင်ငံသားဘုန်းတော်ကြီး ဥိးဇိနာနန္ဒ ထံ၌လည်းကောင်း၊ မရမာကြီးဗရုဝါးဆရာတော် မဟာဝိရထံ၌လည်းကောင်း၊ကျောင်းဆရာကြီး ဂေါဝိန္ဒ ဆရဆရီ ထံ၌လည်းကောင်း၊ ဝါစီပူခရိုင်၊ ဂါမရွာ၌ ကျောင်းဆရာကြီး ဂျနာဂေရံပဏ္ဍိတ် ထံ၌လည်းကောင်း ပါဠိ၊ ဟိန္ဒီ၊ ဘင်္ဂလီ၊သင်္ဃရိုက် ဘာသာတို့ကို သင်ယူခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၂၆၄-ခု၊ ခရစ် ၁၉၀၂-ခုနှစ် ရှင်စန္ဒ (၂၇)နှစ်အရွယ်တွင် ဆရာဖြစ်သူ ဗရုဝါး ဆရာတော်မဟာဝိရနှင့်အတူ ကုသိနာရုံကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့ကြသည်။ ကျောင်းဒါယကာကြီးမှာ ကာလကတ္တားမြို့နေ ရှင်စန္ဒ၏ ရဟန်းဒါယကာ၊ရခိုင်အမျိုးသားပွဲစားကြီး ဥိးချိုးဇားရှိ၊ ဇနီးမိချမ်းမြဥိးတို့ ဖြစ်ပါသည်။

ရှင်စန္ဒသည် အိန္ဒိယမှတဖန် မြန်မာနိုင်ငံသို့ပြန်ကြွပြီး မော်လမြိုင်မြို့နယ်၊ ကတို့ကော့နှပ်ကျောင်း ဆရာတော် ဥိးသာဂရထံ၌လည်းကောင်း၊မန္တလေးမြို့ မြတောင်ကျောင်းတိုက်၊ အနောက်ခင်မကန်ကျောင်းတိုက်၊ ပတ္တမြားကျောင်းတိုက် နှင့်မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့၌ စာချအကျော်ဆရာတော် အသီးသီးထံ၌လည်းကောင်း ပါဠိ၊ ပိဋကစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

ရဟန်းအဖြစ်သို့ရောက်ရှိခြင်း

(၁၉၀၄ -ခုနှစ်) ၁၂၆၅-ခု တပို့တွဲလဆန်း (၉)ရက်၊ တနလ်ာနေ့ နံနက် (၈)နာရီအချိန်၊သက်တော် (၂၈)နှစ်အရွယ်တွင် အိန္ဒိယနိုင်ငံ၊ ပန်းဝါမြို့၊ ဥဒကုက္ခေပရေသိမ်တော်၌ **စစ်တွေမြို့၊ စန္ဒိမာရာမကျောင်းတိုက် ဆရာတော်ဥိးစန္ဒိမာ** မထေရ်မြတ်ကိုပင် ဥပဇ္ဈာယ်ပြု၍ **အိန္ဒိယနိုင်ငံ၊ကာလကတ္တားမြို့၊ ရခိုင်သူဌေး ပွဲစားကြီး ဥိးချိုးဇားရှိ၊ဇနီးမိချမ်းမြဥိးနှင့် ညီပွဲစားကြီး ဥိးဒိုးအောင်** မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးမျှသော သံဃာတော် (၄၀)ကျော်တို့၏ ချီးမြှောက်မှုဖြင့် မြင့်မြတ်သော ဥပသမ္ပဒဇာတ်ရဟန်းမြတ်ဘဝသို့ ရောက်ရှိခဲ့ပါသည်။ ရှင်စန္ဒအား **ဥိးစန္ဒိမဏီ** ဟူသောဘွဲ့ အမည်သစ်ကို ပေးတော်မူကြလေသည်။

စာပေ ပို့ချသင်ကြားပေးခြင်း

ရဟန်းတော်ဥိးစန္ဒိမဏီသည် ရဟန်းဖြစ်ပြီး ထိုနှစ်မှာပင် ကုသိနာရုံဆရာတော် မဟာဝိရထံသို့ ကြွရောက်နေထိုင်ပြီး သီတင်းသုံးဖော် ရဟန်းသာမဏေ ကျောင်းသားတို့အား ဟိန္ဒီဘာသာ, သင်္ကတ, ဘာသာနှင့် ပါဠိဘာသာစာပေတို့ကို ပို့ချသင်ကြားပေးလေသည်။

ကျမ်းဂန်များရေးသားပြုစုလျက် သာသနာပြုတော်မူခြင်း

ဆရာတော် ဥိးစန္ဒိမဏီအရှင်မြတ်သည် ၁၉၀၈-ခုနှစ်မှစ၍-

၁။ ဓမ္မပဒပါဠိတော်ကို ဟိန္ဒီဘာသာသို့လည်းကောင်း၊

၂။ သောရောဒယကျမ်းနှင့် အစ္စန နိဒါန်းဆေးကျမ်းတို့ကို သင်္ကဋဘာသာမှ မြန်မာဘာသာသို့ လည်းကောင်း၊

၃။ မဟာသတိပဋ္ဌာနသုတ်၊ အနတ္တလက္ခဏသုတ်၊ သိဂၤီတိသုတ် စသည်တို့ကိုလည်း ပါဠိဘာသာမှ ဟိန္ဒီဘာသာ၊ သင်္ကဋဘာသာသို့လည်းကောင်း ပြန်ဆိုရေးသားပြုစုခဲ့ပါသည်။

၄။ ထို့အပြင်ဗုဒ္ဓဘာသာတရားတော်များကို လေ့လာကြသူ အိန္ဒိယတိုင်းရင်းသားများ နားလည်သိရှိ သက်ဝင်လာအောင် ဟိန္ဒီဘာသာ၊ သင်္ကဋဘာသာတို့ဖြင့် ရေးသားကာ ဗုဒ္ဓသာသနာတော်စည်ပင်ပြန့်ပွားတိုးတက်ရေးကို ရှေးရှုလျက် ကြီးစွာသောလုံ့လဖြင့် မနားမနေဆောင်ရွက်တော်မူခဲ့ပါသည်။

အခလွတ်မူလတန်းကျောင်းမှစ၍ ကောလိပ်ကျောင်းထိ တည်ထောင်ဖွင့်လှစ်ကာ သာသနာပြုတော်မူခြင်း

ဆရာတော်ဦးစန္ဒိမဏိ မထေရ်မြတ် သည် ၁၂၉၀-ခုနှစ်ဆရာတော် မဟာဝိရပုံ့ လွန်တော်မူ၍ ကုသိနာရုံကျောင်းတော်ကြီး၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာသောအခါ ကျောင်းအမည်ကိုလည်း "ကုသိနာရုံ မြန်မာ ကျောင်း" ဟု အမည်ပြောင်းပြီး "ကုသိနာရုံ သံဃာ့အဖွဲ့အစည်း" ကိုဖွဲ့စည်းခဲ့သည်။ ပုဒ္ဓဘာသာ တိမ်မြုပ်ပျောက်ကွယ်နေသည့် အိန္ဒိယနိုင်ငံ၌ ပုဒ္ဓဘာသာပြန်လည်ထွန်း ကားလာရေးအတွက် **စန္ဒိမဏိ မူလတန်း ကျောင်း၊ အလယ်တန်းကျောင်း၊ အထက် တန်းကျောင်း**တို့ကို တည်ထောင်ဖွင့်လှစ်ပြီး အစိုးရထံသို့ လွှဲအပ်ကာ အစိုးရအထက်တန်း ကျောင်းအဖြစ်သို့ ရောက်အောင်ကြိုးပမ်းခဲ့ ပါသည်။ ဤမျှသာမကသေး **ကုသိနာရုံ ဒီဂရီကောလိပ်ကြီး** ကိုပင်ဖွင့်လှစ်ခဲ့ပါသည်။

ဆရာတော်တည်ထောင် ဖွင့်လှစ် ခဲ့သော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်း အသီးသီးနှင့် ကုသိနာရုံဒီဂရီကောလိပ် ကျောင်းကြီးမှ ထွက်လာခဲ့ကြသော တပည့် ပေါင်း မြောက်များစွာတို့မှာလည်း အိန္ဒိယနိုင်ငံ အနှံ့အပြားတွင် ရှိနေကြပြီးဖြစ်ပါသည်။

မဇ္ဈိမဒေသ-မဟာသံဃာ့အဖွဲ့ ဖွဲ့စည်း၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၉၃၀(၁၂၉၂)-ခုနှစ်တွင် **မဇ္ဈိမဒေသ-မဟာသံဃာ့အဖွဲ့** ကို ဖွဲ့စည်းပြီး အိန္ဒိယနိုင်ငံရှိ ပုဒ္ဓဘာသာရဟန်းတော် အားလုံးအား မဇ္ဈိမဒေသ-မဟာသံဃာ့အဖွဲ့တွင် ပါဝင်ကြရန် နှိုးဆော်သည်။အိန္ဒိယ အစိုးရအနေဖြင့် မိမိနိုင်ငံသား မဟုတ်သူများ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို လက်ခံမည်မဟုတ်သောကြောင့် ကုသိနာရုံဆရာတော် ဦးစန္ဒိမဏိနှင့် ဗာရာဏသီဆရာတော်ဦးစန္ဒိမာ တို့သည် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းသံဃာအဖွဲ့တွင် ဆရာတော်ဦးစန္ဒိမဏိ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ဦးစန္ဒိမာက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။

၁၉၅၄-ခုနှစ်၊မေလ တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်းပသော ဆဋ္ဌသံဂါယနာတင် ပွဲသို့ အိန္ဒိယရဟန်းတော်များ ကိုယ်စားလှယ်အနေဖြင့် ပါဝင်တက်ရောက်ပြီး၊ ဟိန္ဒီဘာသာဖြင့် ဆွေးနွေးတင်ပြခဲ့ပါသည်။ ၁၉၅၅-ခုတွင် လည်း နီပေါလ်နိုင်ငံ၊ ခတ္တမန္ဒူမြို့၌ နီပေါလ်ဘုရင်ဦးဆောင် ကျင်းပသည့် ကမ္ဘာ့ပုဒ္ဓဘာသာ ညီလာခံအစည်းအဝေးသို့လည်း တက်ရောက်ပြီး သရဏာဂုံ သီလပေးခဲ့ပါသည်။

ဆရာတော်ရေးမှာက်၌ ပုဒ္ဓဘာသာအဖြစ်ခံယူကြခြင်း

ဆရာတော်၏ အဆုံးအမကြောင့် အိန္ဒိယအမျိုးသားများထဲမှ ပုဒ္ဓဘာသာဝင်အဖြစ် ရဟန်း၊ သာမဏေအဖြစ်ကို ခံယူခဲ့ကြသူတို့တွင် အိန္ဒိပြည်ပုဒ္ဓဘာသာလောက၌ ထင်ပေါ်ကျော်ကြားနေကြသူများမှာလည်း ရာထောင်မက များလှပြီ။ **အိန္ဒိယပြည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ဖိသုကာကြီး** ဟု အမည်တွင်သော အိန္ဒိယဇာတ်နိမ့်ခေါင်းဆောင် **အိန္ဒိယတရားရေးဌာနဝန်ကြီး ဥပဒေပါရဂူ ဒေါက်တာ အမ်ဘေဒကာ** သည် အဖိနှိပ်ခံ ဇာတ်နိမ့်လူမျိုး(၂)သိန်းကျော်နှင့်အတူ ဆရာတော်စန္ဒိမဏိထံမှောက်၌ သရဏာဂုံ ရွတ်ဆိုကာ ပုဒ္ဓဘာသာ အဖြစ်ကိုခံယူခဲ့ကြသည်။

ထို့ပြင် ဝိသုဒ္ဓိမဂ်ကျမ်းစာတို့ကို ပါဠိဘာသာမှ ဟိန္ဒီဘာသာသို့ ပြန်ဆိုခဲ့သူ **မိဂဒါဝုန် မဟာဗောဓိ ကောလိပ်ကျောင်း ပါဠိပါမောက္ခ၊ ဓမ္မဒူတပုဒ္ဓဘာသာမဂ္ဂဇင်း အယ်ဒီတာချုပ် (အိန္ဒိယနိုင်ငံသား) အမ်-အေ ဘိက္ခုဓမ္မရက္ခိတ** သည်လည်း ကုသိနာရုံ စန္ဒိမဏိ အလယ်တန်းကျောင်းမှ အခြေခံရပြီး ဆရာတော်ကြီးထံမှာပင် ပုဒ္ဓဘာသာအဖြစ်ကို ခံယူလျက် သာသနာ့ဘောင်သို့ ဝင်ရောက်လာသူဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော်ဦးစန္ဒိမဏိ၏ အမည်နာမသည်-

၁။ **အိန္ဒိယအဖိနှိပ်ခံ ဇာတ်နိမ့်တို့၏ ထုတ်ဆောင်ကယ်တင်ရေးသမိုင်းနှင့်လည်းကောင်း**

၂။ **အိန္ဒိယထေရဝါဒပုဒ္ဓဘာသာ တိုးတက်ပြောင်းလဲရေးသမိုင်း** နှင့်လည်းကောင်း ဆက်စပ်လျက် ရှိပါသည်။

နီပေါနိုင်ငံ၌ သာသနာပြု အသင်းဖွဲ့စည်းတည်ထောင်လျက် ထေရဝါဒကျောင်းတိုက်အသီးသီးကို အုတ်မြစ်ချပေးတော်မူခြင်း

ဆရာတော် ဦးစန္ဒိမဏိသည် နီပေါလ်ပြည်သို့ ကြွရောက်ပြီး အမျိုးသား (၅)ဦးတို့အား သက္ကန္ဒ၊ သုဘောဂ၊ အမိတ္တာနန္ဒ၊ မဟာပဏ္ဏာက၊ စူဠပဏ္ဏာက ဟူ၍ ဘွဲ့အမည်ပေးပြီး ရှင်ရဟန်းအဖြစ်သို့ ကူးပြောင်း စေခဲ့လေသည်။

ထို့အပြင် နီပေါလ်ပြည်၌ သာသနာပြုရာတွင် ပိုမိုထိရောက်အောင် **ဓမ္မောဒယသဘာ** ဟူသော အမည်ဖြင့် အသင်းတစ်ခုဖွဲ့စည်းကာ ယင်းအသင်း၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးချိန် နောက်ကာလ၌ကား နီပေါလ်ပြည် **ဓမ္မောဒယသဘာ** အသင်းနှင့် ထေရဝါဒဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ ပင့်လျှောက်ချက်အရ အိန္ဒိယ၊ ကုသိနာရုံမှ နီပေါလ်ပြည်သို့ ခြေလျင်ခရီးဖြင့် ကြွရောက်ကာ တရားရေအေးတိုက်ကျွေး ရုံသာမက-

၁။ **ဗုဒ္ဓဝတီမြို့၌ ပဒုမစေတိယ မဟာဝိဟာရကျောင်း** ကိုလည်းကောင်း၊

၂။ **ကာနသေနမြို့၌ သက္ကန္ဒာဝိဟာရကျောင်း** ကိုလည်းကောင်း၊

၃။ **ပေါက္ခရာမြို့၌ ဗုဒ္ဓဝိဟာရကျောင်း** ကိုလည်းကောင်း၊

၄။ **ဘောဂျပူရ်မြို့၌ သက္ကမုနိဝိဟာရကျောင်း** ကိုလည်းကောင်း ဆောက်လုပ်ရန် အုတ်မြစ်တော်အသီးသီးချပေးတော်မူခဲ့လေသည်။

ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ ပျောက်ကွယ်တိမ်ကောနေသော အိန္ဒိယနိုင်ငံ၊ နီပေါလ်နိုင်ငံတို့၌ ထေရဝါဒဗုဒ္ဓဘာသာကို စတင်မြေတောင်မြှောက်ပေးခဲ့သူမှာ မြန်မာနိုင်ငံ၊ ရခိုင်ပြည်ဇာတိ၊ ဆရာတော် ဦးစန္ဒိမဏိ မထေရ်မြတ်သာ ဖြစ်ပါသည်။

မိဂဒါဝုန် သာသနာပြုဌာနခွဲ အဖြစ် မိဂဒါဝုန် မြန်မာကျောင်းတိုက်ကို တည်ထောင်တော်မူခြင်း

ဆရာတော်ဦးစန္ဒိမဏိ မထေရ်မြတ်သည် အိန္ဒိယနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော် ပြန်လည် ပံ့နှံ့ထွန်းကားရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်တော်မူခဲ့ရာတွင် မိဂဒါဝုန်သည်လည်း အဓိက တစ်ဌာနအဖြစ်ပါဝင်ခဲ့သည်။

ဗာရာဏသီမြို့အနီးရှိ ဣသိပတနအမည်ရသည့် မိဂဒါဝုန် ရဂုံသာမော စုံမြိုင်တောသည်ကား-

၁။ ဘုရားရှင်တိုင်း ဓမ္မစကြာတရားဦးဟောကြားတော်မူရာဌာနဖြစ်ခြင်း၊

၂။ ပဉ္စဝဂ္ဂိဂါးဦးတို့ တရားထူးရ၍ ပထမဆုံးရဟန္တာ ဖြစ်ကြခြင်း၊

၃။ ဓမ္မရတနာ၊ သံဃရတနာတို့ စတင်ပေါ်ပေါက်ရာဌာနဖြစ်ခြင်း၊

၄။ ဘုရားဖြစ်ပြီး ရှေးဦးအစ ပထမဝါကပ်တော်မူရာဌာနဖြစ်ခြင်း၊

၅။ ပထမဝါ(၃)လအတွင်း ရဟန္တာဖြစ်ကြသော(၆)ကျိပ်သော မထေရ်မြတ်တို့အား သာသနာပြုခရီး စတင်စေလွှတ်ရာဌာနဖြစ်ခြင်း၊

၆။ ဗုဒ္ဓဘာသာဝင်သူတော်စင်များအတွက် အလေးဂရုပြု၍ သွားရောက်ဖူးမြော်ရာ သံဝေဂယူရာသံဝေဇနီယ (၄)ဌာနတွင် တစ်ဌာနအဖြစ်ပါဝင်ခြင်း၊

၇။ သံဝေဂဉာဏ်ဖြင့် လာရောက်ဖူးမြော်ကြသူတိုင်း သုဂတိဘုံဌာနသို့ လားရောက်ရခြင်း၊

၈။ ပွင့်ကြအဆူဆူ သယမ္ဘူဘုရားရှင်တို့ ထာဝရမစွန့်အပ်သော အဝိဇဟိတ(၄)ဌာနတွင် တစ်ဌာန အဖြစ်ပါဝင်ခြင်း။

ဤသို့စသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံနေရကား မိဂဒါဝုန်သည် ဗုဒ္ဓဘာသာအားလုံးတို့၏ အလေးအမြတ်ထားရမည့် နေရာဌာနတစ်ခုဖြစ်သင့်သည်၊ ဖြစ်အောင်လည်း ငါကြိုးစားဆောင်ရွက်မည်ဟု ဆုံးဖြတ်ချက် ချခဲ့သည်။

ဗုဒ္ဓခေတ် မိဂဒါဝုန်သာသနာ နေရောင်လရောင် ထွန်းပြောင်သလို ထွန်းကားခဲ့သည်မှာ သံသယဖြစ်စရာမလိုသော်လည်း ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း(၂၀၀)ကျော် သမိုင်းထင်ရှားခြင်း မရှိခဲ့ပါ။ ဘီစီ(၃)ရာစု သီရိဓမ္မာသောကမင်းကြီး လက်ထက်တွင် မဇ္ဈိမဒေသအတွင်းအပြင် စေတီပုထိုး ကျောင်းကန်ဘုရားများစွာ ဆောက်လုပ်လှူဒါန်းထားခဲ့သော်လည်း ဘာသာရေးအစွန်းရောက် လူသားများနှင့် သဘာဝဘေးဆိုးဒဏ်ကြောင့် မိဂဒါဝုန်(သာသနာ)၏ ခမ်းနားကြီးကျယ်မှု တစ်ခန်းရပ်ခဲ့ရပြန်သည်။

ထို့ကြောင့် ဆရာတော်ဦးစန္ဒိမဇောိမဟာထေရ်မြတ်သည် ၁၉၀၈-ခုနှစ်တွင် ဗုဒ္ဓမြတ်စွာ တရားဦး ဟောတော်မူရာ မိဂဒါဝုန်၌ မူရင်းဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရန် 'မိဂဒါဝုန်ဗုဒ္ဓဘာသာအသင်း' ကို ဖွဲ့စည်းပြီးလျှင် ဆရာတော်၏ သာသနာ ပြုဌာနခွဲတောရကျောင်းအဖြစ်ဖြင့် ကြွရောက်သီတင်းသုံးတော်မူခဲ့သည်။ မိဂဒါဝုန်မြန်မာကျောင်းတော်ကြီး၏ မူလအစ ကျောင်းဒါယကာမှာ စစ်တွေမြို့၊ သင်္ဘောစုရပ်မှ ကြာဇံဖြူဘ ခေါ် ဦးမြထွန်းဖြစ်ပါသည်။

ထို့နောက် ဆရာတော်ကြီးသည် တူအရင်းဖြစ်သူ တပည့်ဦးကိုတို်မာအရှင်မြတ်အား ပါဠိဘာသာနှင့် ဟိန္ဒီ၊ သင်္ကရိုစသော ဘာသန္တရစာပေများကို သင်ကြားပို့ချပြီး ၁၉၂၈-ခုနှစ်တွင် မိဂဒါဝုန်ကျောင်းတိုက်ကို အပြီးပိုင်လွှဲအပ်ခဲ့ပါသည်။

မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး၏ ကျောင်းထိုင်ဆရာတော် အဆက်ဆက်မှာ ဦးစန္ဒိမဇော၊ ဦးကိုတို်မာ၊ ဦးတိက္ခိန္ဒြိယ မထေရ်မြတ်များနှင့် ယခု ပူဇော်သနပလ္လင်တော်၌ အပူဇော်ခံလျက်ရှိသော ဦးဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဖြစ်ကြပါသည်။

ဤဆရာတော်များသည် ဗုဒ္ဓဘာသာဝင်အလွန်နည်းပါးသော အိန္ဒိယနိုင်ငံ၌ အခက်အခဲပေါင်းများစွာဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း မလျော့သော ဇွဲ၊ လုံ့လဝီရိယဖြင့် ကမ္ဘာအရပ်ရပ်မှ မြန်မာဘုရားဖူးများ ဂုဏ်ယူဝင့်ကြွားစွာဖြင့် အခက်အခဲမရှိ ငြိမ်းချမ်းစွာ ခိုနားနိုင်ရန် မလျော့သော ဇွဲလုံ့လဝီရိယတို့ဖြင့် ကြိုးပမ်းလာခဲ့ကြသူများ ဖြစ်ကြသည်။

ယခုအခါ မြေမြတ်မဟာ မိဂဒါဝုန်အတွင်း မြန်မာကျောင်းတိုက်ကြီး စတင်တည်ထောင်ခဲ့သည်မှာ (၂၀၀၈)ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မြောက်ခဲ့သည်ဖြစ်၍ ရာပြည့်ပွဲတော်အခမ်းအနားကို (၂၀၀၈)ခု၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

ဆရာတော် ဦးစန္ဒိမဇောိမထေရ်မြတ် ပျံလွန်တော်မူခြင်း

အိန္ဒိယပြည်၊ နီပေါလ်ပြည်တို့၌ ဗုဒ္ဓဘာသာ ပြန်လည်ရှင်သန်ရေး ကြိုးစားခဲ့သူ သာသနာ့အာဇာနည် ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီရိဘဒ္ဒန္တစန္ဒိမဇောိမထေရ်မြတ်သည် 'ဇာတိမူလ၊ ရှိကြသူငါ၊ အိုနာသေဘေး၊ ပြေးမလွတ်ပါ' ဟူသော ဒေသနာတော်အတိုင်းပင် အိန္ဒိယပြည်၊ နီပေါပြည်တို့၌ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး တိုးတက်စည်ပင်ထွန်းကားရေးကို ဓမ္မသူရဲကောင်းကြီးတစ်ဦးအနေဖြင့် ကြိုးပမ်းအားထုတ် နေစဉ်မှာပင် ၁၃၃၄-ခု၊ကဆုန်လဆုတ်(၁၁)ရက်၊ (၈-၅-၇၂) တနလ်ာနေ့ နံနက်အချိန် သက်တော် (၉၇) နှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်းတော်၌ ပျံလွန်တော်မူခဲ့ပါသည်။

ထိုကျောင်းတိုက်ကို ယခုလက်ရှိဆရာတော် ဒေါက်တာဉာဏိဿရ(အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်မှ ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံခဲ့ပါသည်။

တိုက်တွန်းနှိုးဆော်လွှာ ဥယျောဇနကထာ

အို-သပ္ပုရိသအပေါင်းသူတော်ကောင်းတို့-

ကိုယ်ကျိုးမဖက် ဗုဒ္ဓသာသနာတော်အတွက် ဆောင်ရွက်အားထုတ်တော်မူခဲ့ကြသော နှောင်းခေတ် မျက်မှောက်ခေတ် သာသနာပြု ဆရာတော် သံဃာတော်များအားလုံးနှင့် သာသနာပြု မင်းကောင်းမင်းမြတ်၊ သူဌေးသူကြွယ်၊ ဒါယကာဒါယိကာမများတို့ကား အမျိုးဘာသာ သာသနာတော်အတွက် တာဝန်ကျေပွန်ခဲ့ကြပါပြီ။

ထိုပုဂ္ဂိုလ်ထူးများ၏ မြင့်မြတ်သော သာသနာရေးဆိုင်ရာ လုပ်ငန်း များ ပုဒ္ဓမြတ်စွာ၏ မြင့်မြတ်လှသော သံဝေဇနိယ ဌာနများ ထိန်းသိမ်း စောင့်ရှောက်ရေးတာဝန်များသည် အများသူငါ တက်ကြွစွာ ဖြင့် ဝိုင်းဝန်းပါဝင်ကာ လုပ်ဆောင်ရမည့် တာဝန်ကြီးတစ်ရပ်ဖြစ်ပေသည်။

'ဘိုးဘွားလက်ထက်၊ ချွေးအသက်နှင့်
ပေးဆက်ပြုလာ၊ သာသနာကို
ငါတို့တာဝန်၊ စိတ်ရင်းခံ၍
ဇွဲသန်လုံ့လ၊ ပြုနိုင်မှလျှင်
ရှေးကအမွေ၊ နောင်ဝယ်မပျက်
ရွှေလက်ဆက်မည်' ဖြစ်ကြောင်း ဖတ်ကြားတင်ပြရင်း အောက် ပါ ဥယျောဇန ဂါထာဖြင့် နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော်များနှင့် ပရိသတ်သူတော်ကောင်းအပေါင်းတို့ . . . . ။

ဥယျောဇဉ်

ယထာ ဝဟီသု ပေါရာဏာ၊ သမဂ္ဂါ သန္တမာနသာ။
အာဝဟာမ အသမ္မုဠှာ၊ ဥဘော အညောညနိဿိတာ။

သာဓဝေါ- ရဟန်းရှင်လူ၊ ပြည်သူအပေါင်း၊ သူတော်ကောင်းတို့။
ပေါရာဏာ- သာသနမာမက၊ သာသနာ့ဒါယကာဖြစ်ကြကုန်သော၊ ရှေးသူတော်ကောင်းတို့သည်။
ဘာရံ- ရှင်တော်မြတ်ဘုရား၊ တည်ထားသာသနာ၊ မြတ်ဝန်တာကို။
ဝဟီသု ယထာ- 'သာသနာအရေး၊ ဒို့အရေး'ဟု၊ ညီညာဖြဖြ၊ ဆောင်ရွက်တော်မူခဲ့ကြကုန်သကဲ့သို့။
ဒါနိ- မိဂဒါဝုန်မြန်မာကျောင်းတော် နှစ်တစ်ရာပြည့်အောင်ပွဲနှင့် 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ'
ဂုဏဝိသိဋ္ဌပူဇာ၊ မဟာသဘင်၊ ဆင်ယင်ကျင်းပ၊ ဤအချိန်အခါသမယ၌၊
(ဝါ)ဒါနိ- ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ မနုဿတို့၊ လူဘဝကို၊ ရရှိကြရာ၊ ကောင်းမြတ်သော၊ ဤအချိန်အခါ၌။
မယံ- ဆရာတော်များ၊ အမျှူးထား၍၊ ရှိငြားဝန်တာ၊ ဆရာ ဒကာဖြစ်ကြကုန်သော အကျွန်ုပ်တို့သည်။
သမဂ္ဂါ- 'ညီညွတ်သူဆောင်၊ ကြံတိုင်းအောင်' ဟု၊ ကိုယ်စိတ်နှစ်ရပ်၊ ညီညွတ်ခြင်းရှိကြကုန်သည် ဖြစ်၍။
သန္တမာနသာ- အပူမလိမ်း၊ ငြိမ်းငြိမ်းအေးအေး၊ ဖြူဖွေးသော စိတ်ဓာတ် ရှိကြကုန်သည်ဖြစ်၍။
ဥဘော အညောညနိဿိတာ- ကိုင်းကို ကျွန်းမှီ၊ ကျွန်းကိုင်းမှီသို့၊ ဆရာ ဒကာ၊ ညီညာလက်တွဲ၊ ဆင်နွဲ နိုင်ကြကုန်သည်ဖြစ်၍။
အသမ္မုဠှာ- နေရာခပ်သိမ်း၊ ချွတ်ချော်တိမ်းပါး၊ မရှိငြားအောင်၊ သတိဆောင်ကြကုန်လျက်။
ဘာရံ- ဘုရားတစ်ဆူ၊ ပွင့်တော်မူမှ၊ ထမ်းရအမွန်၊ သာသနာ့တာဝန်ကို။
အာဝဟာမ- ငါးထောင်သာသနာ၊ မကကြာအောင်၊ ထမ်းဆောင်သယ်ပိုးကြပါကုန်စို့။

(ကိုယ်တိုင်စီစဉ်ရေးသား ဖတ်ကြားတင်ပြသူ) - ဘဒ္ဒန္တသုစိတ္တာဘိဝံသ(နာယကချုပ်)

ဦးမင်းကြည်(ဓမ္မာစရိယ၊ဘီအေ) သီကုံးရေးသားပူဇော်သော
ဆေရှုပွတ္တိကထာ ထုတိမင်္ဂလာ ဩဘာစာတမ်း

ကြည်နူးဖွယ်ကောင်းလှသော သည်အချိန်ကာလ ခါသမယတွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ အနီး၊ မိဂဒါဝုန်မြန်မာကျောင်း သက်တမ်းနှစ်(၁၀၀)ပြည့်အထိ ဆက်လက် ရှင်သန်ခိုင်မြဲနေအောင် စတုတ္ထမြောက်ဆရာတော်အဖြစ် သာသနာပြု

နေတော်မူ သော ဘဒ္ဒန္တဝဏ္ဏဓဇမဟာထေရ်ကို သာကြည်ရွှင်ပျ ဂုဏ်ပြုပူဇော်လိုကြ၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဂုဏဝိသိဋ္ဌ ပူဇာသဘင် အခမ်းအနားသို့ လာရောက်ကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်-

'ပူဇာတိသက္ကာရ ဂရုကာရ မာနနဝန္ဒနာ'ဟူသော အဆိုနှင့်အညီ ပစ္စည်းဝတ္ထုတို့ဖြင့် လျှဒါန်းပူဇော်ခြင်း အာမိသပူဇာနှင့် ရှိခိုးဦးချခြင်း သီလဆောက်တည်ခြင်းစသော အကျင့်မြတ်ဖြင့် ပူဇော်ခြင်း ဓမ္မပူဇာ။ ဤသို့လျှင် အာမိသပူဇာ ဓမ္မပူဇာ ဤနှစ်ဖြာတို့ကို ကြည်သာရွှင်ပျ ပြုနိုင်ကြလို့ ဟဒယနှလုံး ပီတိဖုံးပြီး သည်ပရိသတ်တွေ ကုသိုလ်ဇောဖြင့် ရွှင်ပြုံးကြည်နူး နေကြပါပြီ။

ဩဇာမာတ် ကောင်းမွန်သော မြေပြင်တွင် စိုက်ပျိုးထားသော သစ်ပင်တို့သည် ရှင်သန်ဖွံ့ဖြိုး ကောင်းမွန်သော သီးနှံမျိုးတို့ကို ကျိုးရှိပိုင်ပိုင် ရစေနိုင်ဘိသကဲ့သို့-

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

စသော ဒေသနာတော် အသံနှင့်အညီ လက်ာသီကုံးရပါက "အသက်သီလ စသည်ကြီးမား ပုဂ္ဂိုလ်များကို ညွှတ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးရုံသေ ပြုပါလေက သက်ရှေဆင်းလှ ချမ်းသာရလျက် ဗလခွန်အား စွမ်းပကားနှင့် သင်ကြားပညာ ပြည့်စုံပါသည့် ငါးဖြာကောင်းကျိုး သီးနှံမျိုးတို့ကို ဖွံ့ဖြိုးရရှိ စေနိုင်လောက်သည်" သီလ သမာဓိ ပညာ ရဟန်းတော်တို့၏ အမြတ်ဆုံးရတနာဟူသော ဩဇာမာတ် ဂုဏ်အင်္ဂါတို့ စုံလင်စွာ ရှိတော်မူသော နိုင်ငံခြားသာသနာပြု ဘာသန္တရဆေက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သက္ကတ ဘာသာဖြင့် Buddhist Philosophy (M.A) ဘွဲ့ရ ဘဒ္ဒန္တဝဏ္ဏဓဇ မဟာထေရ်မြတ်ကို ဆက်ကပ်ပူဇော်ခွင့် ရရှိခြင်းသည် တန်ဖိုး မဖြတ်နိုင်သော ရလဒ်ကောင်းတစ်မျိုး ဖြစ်ပါပေ၏။

သေလေ သေလေ နု မဏိကံ၊ ဂဇေ ဂဇေ နု မုတ္တိကံ။
ဝနေ ဝနေ နု စန္ဒနံ၊ ဌာနေ ဌာနေ နု ပဏ္ဍိတော။

ဆင်တိုင်း ဆင်တိုင်းမှာ ပုလဲအမြဲတေရတနာ မပါနိုင် သည့်နည်းတူ မွေးကြွေသင်းကြိုင် ရနံ့လှိုင်သော အဖိုးတန်စန္ဒကူးပင်တို့သည် မြိုင်ခွင်နက်ရှိုင်းသည့် တောတိုင်းတောတိုင်းမှာ မပေါက်ရောက်နိုင် သကဲ့သို့ လူတို့မြတ်နိုး အဖိုးထိုက်တန် ကျောက်သံပတ္တမြား ရတနာအစားစားတို့သည် ကျောက်သားတွေ ရစ်ဝိုင်းသည့် တောင်တိုင်းတောင်တိုင်းတွင် မတွေ့မြင်မရရှိနိုင်သည့်ပမာ-



ဦးဓင်းကြည်မှ ဘဒ္ဒန္တဝဏ္ဏဓဇ၏ ထေရုပ္ပတ္တိကထာ ဩဘာစာတမ်းကို ဖတ်ကြားပူဇော်ဝဲ့

'ဒုလ္လဘော ပုရိသာဇညော၊ နု သော သဗ္ဗတ္ထ ဇာယတိ'

ဟူသောအဆိုရှိသည့်အတိုင်း အရပ်ဒေသတိုင်းမှာ ပေါ်မလာ မိဘတိုင်းမှာ ထွန်းကားလို့ မလာနိုင်သော အဖိုးတန်သားသမီး ရတနာမျိုးကို ဤလောကတွင် ပို၍ပင် ရရှိဖို့ရန် ခဲယဉ်းလှပါပေ၏။

ဤသို့လျှင် ခဲယဉ်းလှသည့်ကြားမှ-

ရခိုင်ပြည်နယ် မင်းပြားမြို့အပိုင်၊ ကြံတောရွာနေ ဦးမောင်ထွန်းဦး + ဒေါ်စိန်စိန်တို့မှ ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၁၂)ရက်၊ (၁၆-၁၁-၁၉၄၉) ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာသည် အိန္ဒိယနိုင်ငံ၊ မိဂဒါဝုန် မြန်မာကျောင်း စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ လောင်းလျာသတိုးသား ဖြစ်ပါပေ၏။ သားချင်း(၉)ဦးအနက် ပဉ္စမမြောက် သားရတနာ ဖြစ်ပါပေ၏။

ဆရာတော်လောင်းလျာသတိုးသား (၉)နှစ်သားအရွယ် ၁၃၂၀-ပြည့်နှစ်တွင်-
'သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြေ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည်း' ဟု ဆိုရိုးရှိသည့်အတိုင်း ဦးမောင်ထွန်းဦး+ ဒေါ်စိန်စိန်ဟူသော မိဘနှစ်ပါးတို့သည် သား၏ရှေ့ရေး မြော်မြင်တွေးလျက် ဆွေးနွေးတိုင်ပင်ကြကာ ဆရာတော်လောင်းလျာ သတိုးသားကို ဇာတိချက်ကြွေ မွေးရပ်မြေ ကြံတောရွာဦးကျောင်းဆရာတော် ဦးဝဏ္ဏသာမိထံ ပညာသင်ရန် အပ်နှံလိုက်ကြပါပေ၏။ ဘုန်းတော်ကြီးကျောင်းသားဘဝဖြင့် (၄)နှစ်တာမျှ ပညာသင်ခဲ့ရပါပေ၏။

ဆရာတော်လောင်းလျာသတိုးသား (၁၄)နှစ်သားအရွယ် ၁၃၂၅-ခုနှစ်တွင် မင်းပြားမြို့၊ သိဂုံတွာရ ရေတံခွန်ကျောင်းသစ်ဆရာတော်ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပါပေ၏။ ဘွဲ့မည်တော်မှာ ရှင်ဝဏ္ဏဓဇ၊ သိဂုံတွာရ ရေတံခွန်ကျောင်းသစ်တွင် (၂)နှစ်တာမျှ ပညာသင်ခဲ့ရပါပေ၏။

၁၃၂၇-ခုနှစ်တွင် ဆရာတော်လောင်းလျာ ရှင်ဝဏ္ဏဓဇသည် မြောက်ဦးမြို့အပိုင် မြောင်းဘွေမြို့ဆရာတော်ဦးဂုဏ်စိုတထံ ပြောင်းရွှေ့နေထိုင်လျက် သာမဏေဘဝဖြင့်(၄)နှစ်တာမျှ လောကုတ္တရာ ကျမ်းဂန်စာပေများကို သင်ကြားပြီးလျှင် ၁၃၃၀-ပြည့်နှစ်၊ နတ်တော်လဆန်း(၈)ရက်နေ့တွင် ကြံတော ရွာဦးကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဦးဂုဏ်စိုတကို ဥပဇ္ဈာယ်ပြု၍ ဦးမောင်ထွန်းဦး+ ဒေါ်စိန်စိန်ဟူသော မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ခဲ့ရပါပေ၏။

'ရိုသေကြည်စွာ၊ မြတ်ဆရာ၏၊ မကွာထံပါး၊ ပြတ်ဝပ်တွားလျက်၊ တည်ငြားကြံ့ကြံ့၊ မယွင်းလုံ့လျှင်၊ နှုတ်တုန့်မလှန်၊ ပန်းသို့ပန်၍၊ နေဟန်ကြစ်လစ်၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ မြတေလျှံပြေး၊ ကျောက်ကောင်းသွေးသို့' ဟူသော မာတောဝါဒပျို့လင်္ကာနှင့်အညီ သာမဏေဘဝဖြင့် စာပေပညာကို ဆက်တိုက်ကြိုးစားလေ့လာခဲ့သော ရှင်ဝဏ္ဏဓဇသည် ရဟန်းဖြစ်ပြီးနောက် ၁၃၃၀-ပြည့် နှစ်မှာပင် သထုံမြို့၊ ဟိတကာရီပါဠိတက္ကသိုလ်သို့ ပြောင်းရွှေ့ ပညာသင်ကြားခဲ့ရာ အစိုးရပါဠိပထမပြန် စာမေးပွဲ ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့ကို ဆက်တိုက် အောင်ပန်းဆင်နိုင်ခဲ့ပါပေ၏။

၁၃၃၄-ခုနှစ်တွင် ရန်ကုန်၊ စမ်းချောင်း ဗားကရာတိုက်သို့ ပြောင်းရွှေ့နေထိုင်ပညာသင်၍ မြောက်ဥက္ကလာပရိယတ္တိ စာမေးပွဲများ အောင်မြင်ခဲ့ပါပေ၏။

၁၃၃၅(၁၉၇၃)-ခုနှစ်မှာ၊ မြောင်းမြမြို့၊ ပဇ္ဇောတာရုံပါဠိတက္ကသိုလ်သို့ ပြောင်းရွှေ့နေထိုင် ပညာသင်ခဲ့ရာ အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်းအောင်မြင်ခဲ့ပါပေ၏။

ပထမကြီးတန်းအောင်မြင်ပြီးနောက် ၁၃၅၆-ခုနှစ် စစ်တွေမြို့၊ တရားသီးစုကျောင်းမှာ ဝါဆို၍ ၁၃၅၇-ခုနှစ်၊ခရစ်နှစ် ၁၉၇၅ -ခုနှစ်တွင် မင်းပြားမြို့၌ ဝါဆိုခဲ့ပါပေ၏။

၁၉၇၅-ခုနှစ်၊ဇီဇင်ဘာလတွင် ဆရာတော်လောင်းလျာ ရဟန်းတော်ဘဒ္ဒန္တဝဏ္ဏဓဇသည် အိန္ဒိယ နိုင်ငံသို့ကြွ၍ ထရိပူရပြည်နယ်မှာ (၂)နှစ်တာမျှ တောင်တန်းသာသနာပြုလုပ်ငန်းများကို ကြိုးစားတော်မူ ခဲ့ပါပေ၏။

၁၉၇၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကုသိနာရုံကျောင်းသို့ ပြောင်းရွှေ့နေထိုင်၍ အလယ်တန်းပညာကို ဟိန္ဒီဘာသာဖြင့် (၂)နှစ်ကြာအောင် သင်ကြားခဲ့ပါပေ၏။

၁၉၇၉-ခုနှစ်တွင် ဗာရာဏသီမြို့၊ Sanskrit University သက္ကတတက္ကသိုလ်သို့ တက်ရောက် ပညာသင်ခဲ့ရာ ဆရာတော်လောင်းလျာ ရဟန်းတော်ဘဒ္ဒန္တဝဏ္ဏဓဇသည် သက္ကတဘာသာဖြင့် Buddhis Philosophy (M.A) ဘွဲ့ရခဲ့ပါပေ၏။

ဤသို့လျှင် ပညာစုံလင်သော ဘဒ္ဒန္တဝဏ္ဏဓဇသည် ၁၉၈၇-ခုနှစ်၊ ဇူလိုင်လတွင် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ဗာရာဏသီမြို့အနီး ဘုရားရှင်တရားဦး ဓမ္မစကြာဟောရာဌာန၊ သံဃရတနာ စတင်ပေါ်ပေါက်ရာဌာန မိဂဒါဝုန်မြန်မာ ကျောင်း၏ စတုတ္ထမြောက်ဆရာတော် ဖြစ်လာခဲ့ပါပေ၏။ အိန္ဒိယအစိုးရက မိဂဒါဝုန်ကို ရှေးဟောင်းသုတေသနအဖြစ် မကြေငြာမီအချိန် ခရစ်နှစ် ၁၉၀၈-ခုနှစ်တွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိ စတင်တည်ထောင်လာခဲ့သော မိဂဒါဝုန်မြန်မာကျောင်းသည် ဒုတိယမြောက် ဆရာတော် ဦးကိတ္တိမာ၊ တတိယမြောက် ဆရာတော်ဦးတိက္ခိန္ဒြိယတို့နောက်

ယခုလက်ရှိ စတုတ္ထမြောက် ဆရာတော်ဦးဝဏ္ဏဓဇ လက်ထက်တွင် မိဂဒါဝုန်မြန်မာကျောင်း သက်တမ်း နှစ်(၁၀၀)ပြည့်ခဲ့ပါပေ၏။ နှစ်(၁၀၀)ပြည့် အောင်ပွဲကိုလည်း ဆင်နွှဲကျင်းပ နိုင်ခဲ့ပါပေ၏။

မိဂဒါဝုန်မြန်မာကျောင်း စတုတ္ထမြောက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇသည် သူ့ လက်ထက်နှစ်ပေါင်း (၃၁)နှစ်အတွင်း မိဂဒါဝုန်မြန်မာကျောင်းဝင်းအတွင်းရှိ သာသနိကအဆောက်အုံ(၁၇)ခုကို တောက်ပ သစ်လွင်အောင် ဘက်စုံပြုပြင်နိုင်ခဲ့သည် အပြင်-

၁။ နတ်ပြည်တွင် ဝါတွင်းသုံးလ အဘိဓမ္မာတရားဟောကြားပြီး တာဝတိံသာမှ ဘုရားရှင်ကြွလာတော်မူရာ သင်္ကဿနဂိုရ် အရပ် ယခုအိန္ဒိယနိုင်ငံ၊ ဥတ္တရာပရာဒတ်ရှ့ပြည်နယ်၊ ပကာပရူမြို့၌ သင်္ကနိမ္မိတာရုံ မြန်မာကျောင်းကို တည်ထောင်နိုင်ခဲ့ပါပေ၏။

၂။ မိဂဒါဝုန်မြန်မာကျောင်း အနီးတွင် ကျွးဇူးရှင်ဆရာတော်ကြီးဦးစန္ဒိမဏီ အထိမ်းအမှတ် အထက်တန်းကျောင်းဆောင် သစ်ကြီးကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါပေ၏။ ယခု ကျောင်းသူ/ကျောင်းသား (၉၀၀)ကျော်။

၃။ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊မြို့တော်ပတ္တနားနှင့် (၄၅)မိုင်အကွာ ဝေသာလီဒေသ၌ ကူဋာဂါရဝိဟာရ ကျောင်းကို တည်ထောင်နိုင်ခဲ့ ပါပေ၏။

၄။ မိဂဒါဝုန်ပြတိုက်မှ Munari ရွာအရပ်အထိ (၈)ကီလိုမီတာအရှည်ရှိလမ်းကို Chandramani Road အမည်ဖြင့် လမ်းဖောက်ပေးနိုင်ခဲ့ ပါပေ၏။

ဤသို့လျှင် သာသနာပြုစွမ်းအား ကြီးမားတော်မူလှသော အိန္ဒိယနိုင်ငံ၊ မိဂဒါဝုန်မြန်မာကျောင်း စတုတ္ထမြောက်ဆရာ တော်ဘဒ္ဒန္တဝဏ္ဏဓဇမဟာထေရ်မြတ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ယခု ၂၀၀၈-ခုနှစ်တွင် သာသနာပြု အဆင့်မြင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်ပူဇော်ခဲ့ပါပေ၏။

ဝဏ္ဏဓဇတ္ထေရာယသ္မာ ၊ သာသနဿ ဟိတံဓရော။
သော အဂ္ဂမဟာသဒ္ဓမ္မ-ဇောတိကဓဇ ပူဇိတော။
တာဒိသံ တံ မဟာထေရံ၊ မယံ ပူဇေမ သမ္မတိ ။

အာယသ္မာ ဝဏ္ဏဓဇတ္ထေရော၊ ရခိုင်ပြည်နယ်မှာ မင်းပြားမြို့အပိုင် ကြံတောရွာဇာတိဖွား ဦးမောင်ထွန်းဦး +ဒေါ်စိန်စိန်တို့၏ ရတနာသားတည်း။ ဘုရားသာသနာ ခုခြိန်ခါဝယ် မိဂဒါဝုန်မြန်မာကျောင်း၏ ထိပ်ဆောင်းပမာန နာယက ဘဒ္ဒန္တဝဏ္ဏဓဇဟု နာမထင်ရှား ဆရာတော်ဘုရားသည်။ သာသနဿ ဟိတံဓရော၊ အိန္ဒိယနိုင်ငံတွင် ဘုရားရှင်တရားဦး ဓမ္မစကြာဒေသနာကို ဟောခဲ့ရာဌာန ရပ်ဒေသဝယ် ဗုဒ္ဓသာသနာ မြင့်ရှည်ကြာဘို့ ဖြာဖြာကောင်းကျိုး အမျိုးမျိုးတို့ကို သည်ပိုးကောင်းအောင် ရွက်ဆောင် တော်မူနိုင်ပါပေ၏။

သော မဟာထေရော၊ အမိမြန်မာနိုင်ငံတွင် ပါဠိစာပေ ပထမကြီးတန်းအောင်မြင်၍ တိုင်းခွင်ရပ်ခြား ပညာများကို သင်ကြားသောအခါ သင်္ကတ(M.A) အောင်မြင်လာပြီး အသီးသီးသော သာသနာပြု ကောင်းကျိုး အမျိုးမျိုးတို့ကို သည်ပိုးထင်ရှား ဘဒ္ဒန္တဝဏ္ဏဓဇအမည်ရှိသော ထိုဆရာတော်ဘုရားကို၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇပူဇိတော၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဟု နာမခပ်နှိပ် ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ဟိတ် အလျော် နိုင်ငံတော်က ပူဇော်ကောင်းစွာ ဂုဏ်ပြုတော်မူအပ်ခဲ့ပါပြီဘုရား။

တံ တာဒိသံ မဟာထေရံ၊ ထိုသို့စွမ်းဟုန် သတ္တိဂုဏ်တို့ ပြည့်စုံထင်ရှား ဘဒ္ဒန္တဝဏ္ဏဓဇ အမည်ရှိသော ဆရာတော်ဘုရား ကို၊ သမ္မတိ၊ ပရိသတ်စုံရာ ခုခြိန်ခါ၌၊ သမ္မတိ၊ ၁၃၇၀-ပြည့်နှစ် သင်္ကြာဇ်တွင် နှင်းသစ်စိုဖျန်း သဇင်ပန်းတို့ လန်းဆန်းရွှင်ပျ နတ်တော်လဆန်း(၁၀)ရက် နေ့လည်ဘက်တွင် နှစ်သက်ကြည်နူးဖွယ်ရာ ပရိသတ်စုံလင်သော သည်အချိန်သည်အခါ၌။ မယံ၊ ဆရာတော်ဂုဏ် အဖုံဖုံတို့ကို အာရုံယူမြော် တပည့်တော်တို့သည်။ ပူဇေမ၊ အာမိသ ဓမ္မ ဤနှစ်ဝတို့ဖြင့် ထေရဂုဏ်တော် ဖူးကာမြော်ပြီး ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်၏ အရှင်ဘုရား။ ။

မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည် (ဓမ္မာစရိယ၊ ဘီအေ)သီကုံးရေးသား၍ တေးသံရှင် နိုင်ငံကျော် အဆိုတော် ရီရီသန့်နှင့် စိမ်းလဲ့လဲ့တို့ ဂုဏ်ပြု ဖတ်ကြား သီကျူးပူဇော်သော ဂုဏ်ပြုလမ်းမှန် ကုသိုလ်ကံ

(၄၄ ပဒ,စီ အခြို အချည် ပိုဒ်စုံရတု)

"ကြောင်းပြုညီညာ၊ ရှေးဇာတာကြောင့်၊ မြန်မာပြည်ဝယ်၊ ရခိုင်ပြည်နယ်တွင်၊ တင့်တယ်မချို့၊ မင်းပြားမြို့မှာ၊ ကြံတောရွာတွင် သဒ္ဓါရှင်မြူး ဦးထွန်းဦးနှင့်၊ ကြည်နူးတူညီ၊ ပါရမီရွယ်ခြိန်၊ ဒေါ်စိန်စိန်တို့၊ မနိန္ဒြေမြူးကြွ၊ ခြိန်ကာလကား၊ မြန်မာ့ကောဇာ ထောင့်သုံးရာတစ်ဆယ့်တစ်(၁၃၁၁)၊ သက္ကရာဇ်တွင်၊ နှင်းသစ်ရွှင်ပြူး၊ တန်ဆောင်မုန်းလ,ထွက်၊ ပြည့်ကျော်တက်၍ (၁၂)ရက်ခြိန်စေ့၊ ဗုဒ္ဓဟူးနေ့တွင်၊ ချမ်းမြေ့မြင်ဖွား၊ သတိုးသားကား၊ ဘုရားသာသနာ၊ ခုခါကာလ၊ အိန္ဒိယမှာ <u>မိဂဒါဝုန်မြန်မာကျောင်း၊</u> နေရာကောင်း၌၊ ခိုအောင်းရွှင်ပျ၊ ဦးဝဏ္ဏာဓဇဟု၊ နာမထင်ပေါ်၊ ဆရာတော်တည်း။။ နှစ်ဖော်မိဘ၊ မွေးဖွားစတွင် ထေရလောင်းလျာ၊ သားရတနာဟု၊ သေချာတိကျ၊ မသိရလည်း၊ သားလှလွန်းသွေး၊ ရှင်ပြုပေးဘို့၊ မျှော်တွေးဆကြံ၊ တည်ခိုဌာန်သည် **စိတ်သန်လျှမ်းကြွမြူးသည်ဘုရား။**

တောင်းဆုရည်ကာ၊ ပြည့်စုံလာထင့်၊ လောင်းလျာသတိုးသား၊ ဇာနည်ဖွါးကို၊ နှစ်ပါးမိဖ၊ တိုင်ပင်ကြလျက်၊ ဗုဒ္ဓပေးဝေ ယဉ်ကျေးမွေကို၊ ရစေလိုလို့၊ ပညာနှံကို၊ စို့နိုင်စေရန်၊ စိတ်ရည်သန်၍၊ ကြံတောရွာဦးကျောင်း၊ ဆရာကောင်းထံ၊ ပို့အပ်နှံ၏။။ စာအံကျောင်းသား၊ ပညာပွားခဲ့၊ ရွယ်ကား(၁၄)နှစ်၊ သာမဏေဖြစ်လို့၊ မင်းပြားမြို့မှာ၊ သာမဏေရ၊ ရှင်ဝဏ္ဏာဓဇသည်၊ <u>သိဂုံတွာရ ရေတံခွန်၊</u> ကျောင်းမြတ်မွန်၌၊ **ကျိုးနွံ**ပညာ၊ သင်ခဲ့ပါ၏၊ တစ်ဖြာပြောင်းလို့၊ မြောင်းဘွေမြို့တွင်၊ ပညာသင်၍၊ ရှင်ဘဝမှန် စာရပြန်၍၊ ကြံတောဝိဟာရ၊ သိမ်ခဏ္ဍာ၌၊ ဥပမွဲဒံ၊ ရဟန်းခံ၍၊ တစ်ဖန်သထုံ၊ <u>ရန်ကုန်စမ်းချောင်း၊</u> မြောင်းမြပဇ္ဇောတရုံ၊ ကျောင်းရွှေဘုံ၌၊ ခိုလှုံနေကာ မြတ်ပညာကို၊ ကောင်းစွာသင်ပြန်၊ ကျင့်မှုမှန်သည် **ဓိဋ္ဌာန် စွမ်းလှထူးသည်ဘုရား။**

ကောင်းမှုစည်ဖြာ၊ သာသနာ၌၊ ပညာသင်ရ၊ ဦးဝဏ္ဏာဓဇသည်၊ စာလှ အောင်ပန်း၊ ပထမကြိုးတန်းကို၊ ဆင်မြန်းအောင်လို့ စစ်တွေမြို့ပြောင်း၊ ကျောင်းတရားသီစု၊ ဝါဆိုပြုခဲ့၊ ကုသိနာရုံကျောင်း၊ အိန္ဒိယပြောင်း၍၊ မျိုးစေ့ပညာ၊ သင်ယူရာဝယ် ဘာသာသက္ကတ၊ ခြေခံမှလျှင်၊ သင်ယူတတ်ကျွမ်း၊ M.A တန်းပင်၊ လှမ်းအောင်မြင်ခဲ့၊ အရှင်ဝဏ္ဏာဓဇ၊ ထေရစွမ်းဟုန်၊ ပညာစုံ၍ မိဂဒါဝုန်မြန်မာကျောင်း၊ ထိပ်ဆောင်းပဓာန၊ နာယကတည်း၊ ထေရစွမ်းအား၊ နိုင်ငံခြားတွင်၊ ဘုရားသာသနာ၊ မြင့်ရှည်ကြာအောင် ကောင်းစွာပြုပုံ၊ ကျေးဇူးဂုဏ်ကို၊ အာရုံယူမျှော်၊ နိုင်ငံတော်က၊ ပူဇော်ကောင်းစွာ၊ အဂ္ဂမဟာသဒ္ဓမ္မ၊ ဇောတိကဓဇ ဟု၊ နာမခပ်နှိပ် ဘွဲ့တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ထင်ပေါ်၊ ဆရာတော်သို့၊ ဖူးမျှော်ယခု၊ ဂုဏ်ပြုလမ်းမှန်၊ ကုသိုလ်ကံသည်၊ **နိဗ္ဗာန်နန်းမ ကူးမည်ဘုရား။**



အဆိုကျော် ရီရီသန့်နှင့်အဖွဲမှ မင်္ဂလာပိုဒ်စုံရတုနှင့် လူးတားညှပ်ထပ်ကွန် ရှစ်ဆယ်ပေါင်းတားထပ်ကို သီကျူးပူဇော်စဉ်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏဝိသိဋ္ဌပူဇာသဘာင်အခမ်းအနားတွင်
မဟာသဒ္ဓမ္မဇောတိကဓဇ ဦးမင်းကြည်(ဓမ္မာစရိယဘိအေ)သိတုံးရောသား၌
နိဂုံးတော်အဆိုတော် ဒေါ်ရီရီသန့် ဂုဏ်ပြုဖတ်ကြားသီတူးပူဇော်သော
လှမ်းစိတ်အကြံ နှန်းနီဗွာန်

(လူးတားညွှပ် ထပ်တွန့် ၈၀-မေါ်တေးထပ်)

။ မင်းပြားမြို့နယ် ကြံတောရွာမှ အမှန်သဘော သာသနာ့ ကြယ်တံခွန်ပမာ
။ ကြံတောရွာမှ တကယ်ချွန်လာသည် ကြယ်တံခွန်ပမာ ရတနာတစ်ပါး
။ သာဟတ္တိက သဒ္ဓါ မပြတ်ရှိကြ ရွာရပ်မိဘ ထုံးစံအလာမှာ
သုံးတန်ရတနာ ဆည်းကပ်လူအများ

လူးတား

ရခိုင်ပြည်နယ်မှာ မင်းပြားမြို့အပိုင် ကြံတောရွာသည် ရှေးခါခြိန်မှ ယနေ့ကြအောင် သာစွလေ၊ မြန်မာ့ကောဇာ ထောင့်သုံးရာတစ်ဆယ့်တစ်(၁၃၁၁) သက္ကရာဇ်တွင် ဆောင်းသစ်ရွှင်ပြုံး စပါးနှံတွေ ရွှေဝါရောင်ဖုံးပါသည့် တန်ဆောင်မုန်းလထွက် ပြည့်ကျော်တက်၍ (၁၂)ရက်ခြိန်စေ့ ဗုဒ္ဓဟူးနေ့တွင် ချမ်းမြေ့နှလုံးအိမ် ဦးထွန်းဦး+ ဒေါ်စိန်စိန်တို့ မနီန္ဒြေမြူးကြွ ပဥ္စမမြောက်သားပုတ္တာကို ရခဲ့လေရာ ခုခြိန်ခါမှ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဟု နာမခပ်နှိပ် ဘွဲ့တံဆိပ်ဖြင့် ဂုဏ်ဟိတ်ထင်ပေါ် ဦးဝဏ္ဏဓဇဆရာတော်သို့ ပူဇော်လက်တွဲ ဂုဏ်ပြုပွဲကို ဆင်နွှဲရွင်လန်း ကုသိုလ်ပန်းသည် တင့်ဆန်းဖူးငုံ ပွင့်တည့်လေ၊ ပန်ခွင့်ရသူတို့ နှလုံးသား ပီတိပွါး။

ကုသိုလ်ဖူးပွင့် နုပျိုမြူးရွှင် ဆုဆိုထူးအခွင့် ပူဇော်ပွဲသဘင်ကို
တူပျော်နွဲဆင် ညီညာအများ
ပူဇော်ပွဲသဘင် ကြည်သဒ္ဓါပွားသမို့ ညီညာအများ သာဓုသံ

သာသနာပြုဂုဏ် အစွမ်းကုန်မြှင့် လွှမ်းခြုံအသင့် ပါရမီရင့်ဘို့ဖန်

ဦးဝဏ္ဏဓဇ ဂုဏ်ထူးအမှန်ကို အစုံဖူးရန် အသိသဒ္ဓါပွားလို့
တပည့်ဒကာအများ ပေါင်းစုတူပျော်ရွှင် ကောင်းမှုပူဇော်သဘင်

ထေရ်မဟာဂုဏ်ထူး သည်မှာအကုန်ဖူး ကြည်သဒ္ဓါအစုံမြူး ကောင်းမှုယူငင်သည်
ပေါင်းစုတူယှဉ် ပူဇော်ပွဲပါဘုရားလေး။

တပည့်အများတို့ အသိတရားမခို့ သတိထားလို့ သည်နေရာမှာ
ကြည်စေတနာ ကွန့်မြူးပြီဘုရားလေး။

ပူဇော်ကောင်းမှု ယူမြော်ကြောင်းပြု တူပျော်ပေါင်းစု နန်းနီဗွာန်ကို
လှမ်းစိတ်အကြံ ရွှင်မြူးသည်ဘုရားလေး။



ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပါမောက္ခချုပ်

ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ၏ အနုမောဒနာတရား

အိန္ဒိယနိုင်ငံ မိဂဒါဝုန်ဒေသ မိဂဒါဝုန် မြန်မာကျောင်းတိုက်ကြီး တည်ထောင်ခဲ့တဲ့ ရာပြည့်နှစ် အောင်ပွဲအထိမ်းအမှတ်နှင့် စတုတ္ထမြောက် မိဂဒါဝုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝဏ္ဏဓဇရဲ့ ထေရဂုဏ်ပူဇာ မင်္ဂလာအခမ်းအနား အနုမောဒနာ တရား

"ဂုဏ်ပူဇာဆိုတဲ့နေရာမှာ ဂုဏ် ဆိုတာ အရည်အချင်းနှင့် ကျေးဇူးတရားလို့ ဒီလို အဓိပ္ပါယ် နှစ်မျိုး ရတယ်။ ဒီကနေ့ ပူဇော် ထိုက်တယ် ဆိုတဲ့ အရည်အချင်းက ဘာလဲဆိုရင် ထိုအရှင်မြတ်မှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အရည်အချင်းတွေ ရှိတယ်၊ ဒီအရည်အချင်းမျှ သာမက ၁၉၀၈-ခုနှစ်က တည်ထောင်ခဲ့လို့ နှစ်ပေါင်း တစ်ရာသက်တမ်းရှိပြီဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ အဖိုးတန် သာသနာ့အမွေအနှစ် ဓမ္မစက္ကပဝတ္တနဝိဟာရကျောင်းတိုက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ အရည်အချင်းလည်း ရှိတယ်၊ ဒီအရည်အချင်းဟာ အင်မတန်ကြီး မားတဲ့ အရည်အချင်း ဖြစ်ပါတယ်။

ဒီလို အရည်အချင်းမျိုးမရှိဘဲ ပြည်ပနိုင်ငံတစ်နိုင်ငံမှာရှိတဲ့ ကျောင်းတိုက်ကြီး တစ်တိုက်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ မဟုတ်ပါဘူး။ ဒီ ဓမ္မစက္ကပဝတ္တနဝိဟာရ ကျောင်းတိုက်ကြီးကို လွန်ခဲ့တဲ့ နှစ် ပေါင်းတစ်ရာက ဘဒ္ဒန္တစန္ဒိမဏိဆရာတော် အရှင်မြတ်ကြီး တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ယခုအခါ သက်တမ်း တစ်ရာရှိပြီဖြစ်ပါတယ်။ မြန်မာလူမျိုးတွေရဲ့ အမွေအနှစ်ဖြစ်တဲ့ ဒီ ကျောင်းတိုက်ကြီးကို ဘဒ္ဒန္တဝဏ္ဏဓဇ အရှင်မြတ်ရဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ စွမ်းရည်သတ္တိဟာ ဂုဏ်ပြုထိုက်တဲ့ အရည်အချင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခုက ထိုအရှင်မြတ်၏ ကျေးဇူးတရားပဲ။ ကျေးဇူးတရားဆိုတာ မြန်မာနိုင်ငံ တမျိုးသားလုံးရဲ့ အမွေအနှစ်ကြီး တစ်ခုကို မပျောက် မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း ဖြစ်ပါတယ်။ ဒီလို အများကို ကိုယ်စားပြုပြီး ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့ ကျေးဇူးတရားဟာ အလွန်တရာမှ ကြီးမားပါတယ်။

ယခုလို ကျေးဇူးတရားနှင့် အရည်အချင်းများကြောင့် ထိုအရှင်မြတ်ဟာ ဂုဏ်ပြုထိုက်တယ်၊ အဲဒါကြောင့်မို့ ထိုအရှင်မြတ်၏ ကျေးဇူးတရားကို အသိအမှတ်ပြုသောအားဖြင့် ထိုအရှင်မြတ်ကို ဂုဏ်ပြုတဲ့ ထေရဂုဏ်ပူဇာမင်္ဂလာပွဲမှာအရည်အချင်းနှင့် ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ပြောဆို ဂုဏ်ပြုခြင်းဖြင့် ဂုဏ်ပြုကြတဲ့ ပုဂ္ဂိုလ်တွေမှာ ပူဇာစ ပူဇ နေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ ဆိုတဲ့ ပူဇနိယ ပူဇာ မင်္ဂလာဖြစ်ပွား၊ ကုသိုလ်အထူး ဆည်းပူးရရှိကြပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ် အနုမောဒနာ စကား ပြောကြားအပ်ပါတယ်။

၇ - ၁၂- ၂၀၀၈ ရာပြည့်အောင်ပွဲနှင့် ဂုဏဝိသိဋ္ဌပူဇော မှတ်တမ်း









လူစုံယဉ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြစဉ်



ရေဝက်သွန်းချ အမျှပေးဝေကြစဉ်

၇ - ၁၂- ၂၀၀၈ ရာပြည့်အောင်ပွဲနှင့် ဂုဏ်ဝိသိဋ္ဌပူဇော မှတ်တမ်း









လူစွမ်းကောင်းပွဲများ ဆင်ကယ်လူဒါန်းကြစဉ်



ရွှေမိုးငွေမိုး ရွာသွန်းပြီးစဉ်

အိန္ဒိယနိုင်ငံ မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်မှတ်တမ်း ဓာတ်ပုံများ







အိန္ဒိယနိုင်ငံ မိဂဒါဝုန်မြန်မာကျောင်း ရာပြည့်မှတ်တမ်း ဓာတ်ပုံများ











ဦးစန္ဒိမကို အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာမကြီးနှင့် အမှတ်တရ



မိဂဒါဝုန် ရာပြည့်ရောက် ဆရာတော်များနှင့် ည့ီသည်များ ကောသမ္ဗီ လေဘာသိတာရုံကျောင်းနေရာတွင်

DHAMMACHAKKA VIHARA MYANMAR BUDDHIST TEMPLE

Dhammachakka Vihara

Myanmar Buddhist Temple

Sarnath, Varanasi 221007 U.P. India Tel: (91) 542-2595199 Fax: (91) 542-2595100

dhammachakkavihara@yahoo.co.in

နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော်

ပင့်လျှောက်လွှာ

နေ့စွဲ ၂၅-၁-၀၈

အိန္ဒိယနိုင်ငံ၊ ဥတ္တရာ ပရာဒေ့(ခ်ျ) ပြည်နယ်၊ ဗာရာဏသီမြို့အနီး၊ မိဂဒါဝုန်တောင်၌ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ပြီး ဖြစ်ပါသည်၊ ယခုအခါ မိဂဒါဝုန်မြန်မာကျောင်းတိုက်၏ ပဓါန နာယက ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏာဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်ကာ ခရစ်သက္ကရာဇ် (၂၀၀၈) ခု၊ ဖေဖော်ဝါရီလ (၂၈) ရက်နှင့် (၂၉) ရက်နေ့များတွင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ခရစ်သက္ကရာဇ် (၂၀၀၈) ခု၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့ အရောက်ကြွရောက်ကာ ချီးမြှင့်ပေးတော်မူပါရန် ရိုသေစွာ ပင့်လျှောက်အပ်ပါသည် ဘုရား။

(မှတ်ချက်) – ပြည်ဝင်ခွင့် (ဗီဇာ) ကြေးနှင့် အသွားအပြန် လေယာဉ်လက်မှတ် ကုန်ကျစရိတ်များကို တာဝန်ယူမည်မဟုတ်ပါ။ အိန္ဒိယနိုင်ငံသို့ ရောက်ပြီးမှ အိန္ဒိယနိုင်ငံအတွင်း တည်းခိုနေထိုင်ရေးနှင့် လှည့်လည်ဘုရားဖူးနိုင်ရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပါသည်၊ ကြိုတင်စီစဉ်နိုင်ရေးအတွက် ကြွရောက်နိုင်၊ မကြွရောက်နိုင် ဆိုသည်ကို အမြန်ဆုံး အကြောင်းပြန်ကြားပေးစေလိုပါသည်။

ပွဲတော်ကျင်းပမည့်နေရာ


မိဂဒါဝုန်မြန်မာကျောင်းတိုက်
ဆာရာနာ့(ထ်)၊ ဗာရာဏသီမြို့၊
ဥတ္တရာ ပရာဒေ့(ခ်ျ) ပြည်နယ်
အိန္ဒိယနိုင်ငံ၊

ပင့်လျှောက်သူ

ရာပြည့်အထိမ်းအမှတ်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ
မိဂဒါဝုန်မြန်မာကျောင်းတိုက်၊



မိဂဒါဝုန်ဆရာတော်ပညာသင်ကြားခဲ့သော သထုံမြို့ဟိတကာရိဆရာတော် ဦးဥတ္တရ (၁၂၈၀-၁၃၄၃)ခုနှစ်၊ တော်သလင်းလဆုတ် (၇)ရက် တနင်္ဂနွေနေ့နံနက် ၈ နာရီ၊ မိနစ် ၃၀ အချိန်သက်တော် (၆၄)နှစ် တွင် ပျံလွန်တော်မူသည်။




မိဂဒါဝုန်ဆရာတော်ပညာသင်ကြားခဲ့သော မြောင်းမြဆရာတော် ဉာဏာနိက (ဘာသန္တရဆေက)




ဦးစန္ဒိမကို အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ရာပြည့်ပွဲတွင်အမှတ်တရ


မိဂဒါဝုန်ဆရာတော် ဦးဝဏ္ဏဓဇ၏
တပည့်ရဟန်းတော် (၅)ပါး



ဘဒ္ဒန္တရာဇိန္ဒ Ph.D (နာလန္ဒာ)




ဘဒ္ဒန္တယသ M.A (မဂဓ)



ဘဒ္ဒန္တပညာဓဇ M.A (နာလန္ဒာ)



ဘဒ္ဒန္တဉာဏဝီရ M.A (နာလန္ဒာ)



ဘဒ္ဒန္တဥတ္တရ (နာလန္ဒာ)

ဗာရာဏသီမြို့ မိဂဒါဝုန် မြန်မာကျောင်းတိုက်
ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇ၏
၂၀၀၉ နှစ်ကုန်နှင့် ၂၀၁၀ နှစ်ဦး မြန်မာပြည်ခရီး
အာရာမ အာရာမိက ကျောင်းခြံမြေ ကျောင်းခြံမြေရှိ ခံစားခွင့်အားလုံး
အလှူခံမှုမှတ်တမ်း


ဘဒ္ဒန္တသုဇာတ(အောင်ဆန်းတောရဆရာတော်)

အိန္ဒိယနိုင်ငံ မိဂဒါဝုန်ဒေသ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကို ဘဒ္ဒန္တ စန္ဒြမဏိဆရာတော်ကြီးသည် ၁၉၀၈ ခုနှစ်ကပင် တည်ထောင်ခဲ့ပြီး ရခိုင်ဆရာတော်များဖြစ်ကြသော အရှင်ကိတ္တိမာ အရှင်တိက္ခိန္ဒြိယတို့က ဆက်လက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့၍ မိဂဒါဝုန်မြန်မာကျောင်းတိုက်ကြီး တည်တံ့ခိုင်မြဲတိုးတက် စည်ပင်ခဲ့ပါသည်။ ယခုတဖန် မပျောက်မပျက် တိုးတက်စည်ပင်ပြန့်ပွားလာစေရန် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လာသူမှာ စတုတ္ထမြောက် မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇ ပင်ဖြစ်ပါသည်။ စောင့်ရှောက်လာခဲ့သည့် ကာလမှာလည်း နှစ်ပေါင်းသုံးဆယ်ကျော်ကာလသို့ ရောက်ရှိခဲ့ပါသည်။ ကျောင်းတိုက်သက်တမ်းမှာမူ နှစ်တစ်ရာ ပြည့်မြောက် ကျော်လွန်ခဲ့ပါပြီ။ နိုင်ငံခြားသာသနာပြု ပုဂ္ဂိုလ်များသည် ကျန်းမာရေးကောင်းမွန်စဉ် အခါများမှာသာ ဒေသစာရီကြွရောက်လျက် သာသနာပြုလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ပြုလုပ်နိုင်ကြပါသည်။ အသက်အရွယ်ကြီးရင့်၍ ကျန်းမာရေးချို့လာသော အခါများတွင် မိမိတို့ မွေးရပ်ဌာနီမြန်မာပြည်တွင်သာ သီတင်းသုံးနေထိုင်ရန် သင့်လျော်သည့်အားလျော်စွာ မြန်မာပြည်တွင်လည်း ကိုယ်ပိုင်နေရာ ထိုင်ခင်း ကျောင်း အဆောက်အအုံများ လိုအပ်ကြပါသည်။

ထိုသို့လိုအပ်သည့်အားလျော်စွာ နိုင်ငံခြားသာသနာပြုဆရာတော်များသည် မိမိတို့နှင့် သင့်တော်မည့် မြန်မာပြည် နေရာဌာနအသီးသီးတွင် ကျောင်းတိုက်များတည်ထောင်ကာ တပည့်ရဟန်းများအား စောင့်ရှောက် နေထိုင်စေခဲ့ကြပါသည်။

နိုင်ငံတော်အစိုးရမှ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ ရွှေပြည်သာစသော မြို့သစ်များ ဖော်ထုတ်ရာတွင် ဘုန်းတော်ကြီးကျောင်းဝိုင်း၊ ကျောင်းမြေများကိုလည်း ဖော်ထုတ်ပေးလျက် ပြည်တွင်း/ပြည်ပ သာသနာပြု ဆရာတော်များအား ထိုက်သည့်အားလျော်စွာ မြေကွက်များ လှူဒါန်းလျက်ရှိရာ မိဂဒါဝုန်ဆရာတော်အားလည်း ၈က ၂၀ ခန့်ရှိ မြေကွက်ကို ဒဂုံမြို့သစ်တောင်ပိုင်းမှာ လိုအပ်လျှင် လှူဒါန်းမည်ဟု လျှောက်ထားခဲ့ရာ တာဝန်ကြီးပြီး ပလိဗောဓများမည်ကို စိုးရိမ်သောကြောင့် ဆရာတော်က လက်ခံခြင်းမရှိခဲ့ပါ။





မိဂဒါဝုန်ဆရာတော်အား ဒေါ်ဝါယာမိမှ ကျောင်းခြံမြေလှူဒါန်းစဉ် (၄-၁-၂၀၁၀)



ဒေါ်ဝါယာမီအား ကျောင်းခြံမြေလှူဒါန်းမှုအကျိုးကို တရားဟောကြားနေစဉ် (၁၇-၁-၂၀၁၀)

ဆရာတော်၏ ရည်ရွယ်ချက်က ခဏတဖြုတ် ခေတ္တခဏ ရန်ကုန်စသောမြို့များသို့ အလည်အပတ် လာရောက်တဲ့အခါ ဖူးမျှော်လို လှူဒါန်းလိုသော ဒကာ ဒကာမများ လွယ်လင့်တကူ သွားလာနိုင်မည့် သွားရေး လာရေး လွယ်ကူချောမွေ့သော နေရာဌာနများတွင် ပေ (၁၀၀)ပတ်လည် မြေကွက်ရလျှင် ပြည့်စုံလုံလောက် ပါပြီဟု သဘောပိုက်ထားခဲ့သည့်အတွက် အလှူမခံခဲ့ခြင်းလည်းဖြစ်ပါသည်။

ဦးကိုကို + ဒေါ်မြခင်ရီမိသားစုတို့က ဘားအံမြို့ တောင်ကလေးဆရာတော် ဘဒ္ဒန္တပညာသာမိ(တောမှီရဟန်း)အား ရန်ကုန်မြောက်ပိုင်းခရိုင်၊ လည်းကူးမြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ ရေတလဘောင်ကွင်းအမှတ် (၅၀၅) ဦးပိုင်အမှတ် လ/ရ(ခ)၊ ၆.၀၃ ဧက မြေကွက်ကို အကျိုးခံစားခွင့် ဂရုဘဏ်လဟုဘဏ်အားလုံးနှင့်တကွ လှူဒါန်းထားပြီးဖြစ်ပါသည်။

ယင်းကဲ့သို့ လှူဒါန်းထားပြီးသော မြေကွက်ကို တောင်ကလေးဆရာတော် ဦးပညာသာမိအရှင်မြတ်က မိဂဒါဝုန်မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဝဏ္ဏဓဇအား သုဒိန္နသုဂ္ဂဟိတမြောက် လှူဒါန်းခဲ့ပါသည်။ သို့သော် စာရွက်စာတမ်းများမှာ အလှူရှင်ဦးကိုကို ထံမှာရှိ၍ သွားယူပြီး ဦးပညာသာမိအမည်ပယ်ဖျက်၍ ဦးဝဏ္ဏဓဇ အမည်ကို စာရွက်စာတမ်းမှာ ထည့်သွင်းရေးသားရန်ကိုလည်း ဦးပညာသာမိက ဦးဝဏ္ဏဓဇအား လျှောက်ထားခဲ့ပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များကိုလည်း ဦးပညာသာမိက အကြောင်းကြားထားပြီး ဖြစ်ပါသည်။ ဦးဝဏ္ဏဓဇမှာ မြန်မာပြည်တွင် ကိုယ်ပိုင်ကျောင်းမြေမရှိသေးတာကို သိသောကြောင့် ဦးပညာသာမိက ဤကဲ့သို့ လှူဒါန်းခြင်းဖြစ်ပါသည်။

(၁၂.၁.၂၀၁၀)ရက်နေ့ နေ့(၁း၃၀)နာရီအချိန်တွင် ဦးကိုကို+ဇနီးဒေါ်မြခင်ရီတို့က မြေကွက်လှူဒါန်းထားသည့် စာရွက်စာတမ်းများကို ဆရာတော် ဦးဝဏ္ဏဓဇအား သူတို့၏ နေအိမ်တွင် ဆက်ကပ်ခဲ့ပါသည်။

သို့ဖြစ်၍ (၂၅.၁၂.၂၀၀၉)နေ့က အိန္ဒိယမှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဦးဝဏ္ဏဓဇ ကြွရောက်လာခဲ့ပါသည်။ (၂၅.၁၂.၂၀၀၉)ကြွရောက်လာသောနေ့တွင် ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဆရာတော်ဦးမဟာနာမ်၊ အောင်ဆန်းတောရ ဆရာတော် ဦးသုဇာတ၊ ပုညသီရိ အောင်ချမ်းသာကျောင်းဆရာတော် ဦးနာရဒ၊ ဒေါ်တင်တင်လှတို့နှင့် အောင်ချမ်းသာဘုရားဖူးအဖွဲ့တို့က သွားရောက်ကြိုခဲ့ကြပါသည်။ တာမွေမြို့နယ် ရွှေမှိုပရိဘောဂတိုက်၌ပင် တည်းခိုခဲ့ပါသည်။


(၂၆.၁၂.၂၀၀၉)နေ့ဆွမ်းကို ရွှေမှိုပရိဘောဂမိသားစုကပင် ဆက်ကပ်ပါသည်။ နေ့လည်တွင် အမှတ် (၃)လမ်းမကြီးရှိ တောဂိတ်အလွန် မိုးကောင်းဘုရားအနီးကျောင်းခြံမြေနေရာကို သွားကြည့်ကြပါသည်။ သွားရောက်ကြည့်ရှုရာတွင် သာကေတမြို့ မင်္ဂလာသီရိဆရာတော် ဦးကဿာစာရ၊ ရွှေစာရံကျောင်းဆရာတော် ဦးအရိယဝံသ၊ အောင်းဆန်းဆရာတော်

ဦးသုဇာတ၊ ပုညသီရိအောင်ချမ်းသာကျောင်း ဦးတေဇဝန္တ၊ ရွှေမြို့ပရိဘောဂတိုက် ဦးရွှေမြို့၊ အောင်ချမ်းသာဘုရားဖူးအဖွဲ့ ကိုဇင်ကျော်လွင် မပိုမိုမြင့်အောင်တို့နှင့် ခြံမြေနေရာကို သွားရောက်ကြည့်ရှု လေ့လာခဲ့ကြပါသည်။

(၂. ၁. ၂၀၁၀)နေ့ နေ့လည်တွင် မိဂဒါဝုန် ဆရာတော် ဦးဝဏ္ဏာဓဇနှင့် ဦးမောင်မောင်၊ အောင်ချမ်းသာဘုရားဖူးအဖွဲ့ဒေါ်သဇင်မြင့်အောင်တို့ ကျောင်းခြံနေရာ အပိုင်းအခြားတိတိကျကျ သိရှိနိုင်ရန် သွားကြည့်ကြပါသည်။

(၃. ၁. ၂၀၁၀)နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဝိပဿနာဗိမာန်ကျောင်းတိုက်နေ သီလရှင် ဆရာလေးဒေါ်ဟဒယညာဏီနှင့် ဒေါ်ဥမာရီတို့ အရှေ့ဆွမ်းလာကပ်ကြပါသည်။ လာရင်းကိစ္စ ပြောကြား ရင်း သွားရေးလာရေးလွယ်ကူသောနေရာတွင် ကျောင်းမြေ နေရာရရှိလျှင် အဆင်ပြေမည်ဖြစ်ကြောင်း အမိန့်ရှိရာ သူတို့ ဆရာကြီးပိုင်ဆိုင်သောမြေကွက် မြောက်ဒဂုံတွင်ရှိကြောင်း၊ ဆရာကြီး သဒ္ဓါတရား ထက်သန်သူဖြစ်ကြောင်း၊ ငွေကြေး ချမ်းသာကြွယ်ဝသော အမျိုးအနွယ်မှ သဒ္ဓါတရားဖြင့် သီလရှင်ဝတ်လာသူဖြစ်ကြောင်း လျှောက်ထားကြပါသည်။ ဆရာတော်ကို ဖူးမြင်ရန် ဆရာကြီးထံ ဖုန်းဆက်မည်ဖြစ်ကြောင်း လျှောက်ပြီး ဖုန်းဆက်ရာ ဆရာကြီးကလည်း ဆရာတော်အား ဖူးမျှော်လိုကြောင်း ယခုပင်လာခဲ့မည်ဟု အမိန့်ရှိပြီး မကြာမီရောက်လာခဲ့ပါသည်။ ဆရာကြီး ဒေါ်ဝါယာမီက ဆရာတော်အား ဖူးမြင်ပြီး ဆရာလေးများက ကျောင်းမြေအကြောင်းပြောကြရာ၊ ဆရာတော်လိုအပ်လျှင် လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဆရာကြီး ဒေါ်ဝါယာမီမှပင် ကျောင်းမြေနေရာ လိုက်ပြမည်ဖြစ်ကြောင်း လျှောက်ထားပြီး မြေနေရာရှိရာ ဒဂုံမြောက်ပိုင်း (၄၈)ရပ်ကွက်ရှိ မြေကွက်ကို ဆရာကြီးဒေါ်ဝါယာမီ လိုက်လံပြသခဲ့ပါသည်။

သွားလာရ လွယ်ကူသည့် မြေနေရာဖြစ်၍ ဆရာတော်က သဘောကျသည့်အတွက် သီလရှင်ဆရာကြီး



ကလေးဝတောရ စာသင်တိုက်ဆရာတော် ဘဒန္တ ဇာဂရာဘိဝံသ
(နိုင်ငံတော် သံဃမဟာ နာယက တွဲဖက်အကျိုးတော်ဆောင်) လက်မှတ်ရေးထိုးစဉ်



ဒေါ်ဝါယာမီ ကျောင်းခြံမြေစာချုပ်တွင် လက်မှတ်ရေးထိုးစဉ် (၁၇-၁-၂၀၁၀)



အောင်ခြင်းစာသင်တိုက်ဆရာတော် ဦးပုညသေဋ္ဌ လက်မှတ်ရေးထိုးစဉ် (၁၇-၁-၂၀၁၀)



ရွှေပြည်သာမြို့ အောင်ဆန်းတောရစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သုဇာတ အသိသက်သေ လက်မှတ်ရေးထိုးစဉ်



ရွှေသုဝဏ်ဆရာတော် ဦးသဒ္ဓိယ လက်မှတ်ရေးထိုးစဉ် (၁၇-၁-၂၀၁၀)

ဒေါ်ဝါယာမိက မြေကွက်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လျှုဒါန်းရန် ဆရာကြီးနေထိုင်သော စမ်းချောင်းမြို့နယ်၊ အောင်ခြင်း စာသင်တိုက်သို့ ပင့်၍ ကြွလိုက်ခဲ့ပြီး၊ ဆရာတော်ကားပေါ်တွင် နေရစ်ခဲ့ပြီး အောင်ဆန်းတောရ ဆရာတော်က ကျောင်းပေါ် လိုက်ခဲ့ရာ စာရွက်စာတမ်းများ ကပ်လှူပြီး မိဂဒါဝုန်ဆရာတော်ဦးဝဏ္ဏဓဇ သာသနာပြုနိုင်ရန်အတွက် ဤဖော်ပြပါ မြေကွက်ကို လှူဒါန်းပါသည်ဘုရားဟု လျှောက်ထားပြီး အောင်ဆန်းဆရာတော်အား စာရွက်စာတမ်းများကိုပေးလှူလိုက်ပါသည်။ မိဂဒါဝုန်ဆရာတော် ရှိရာနေရာသို့ လိုက်ပါပြီး ကားပေါ်တွင် သီတင်းသုံးနေသော ဆရာတော်အား မြေကွက်နှင့်တကွ စာရွက်စာတမ်းများကို နှုတ်မှ လျှောက်ထား၍ တစ်ဖန်လှူဒါန်းပြန်ပါသည်။

(၄. ၁. ၂၀၁၀)လွတ်လပ်ရေးနေ့ နံနက် ရွှေမြိုပရိဘောဂတိုက်တွင် အသိသက်သေများရှေ့မှောက်၌ စာချုပ်စာတမ်းဖြင့် ချုပ်ဆိုလက်မှတ်ထိုး၍ လှူဒါန်းပါသည်။



ဝိုလ်ချုပ်စိန်ထွား (ငြိမ်း) ကျောင်းခြံမြေ လှူဒါန်းပွဲတွင် အသိသက်သေ လက်မှတ်ရေးထိုးစဉ်

လှူဒါန်းသူကလှူ လက်ခံသူက လက်ခံလျှင်ပင် သုဒိန္နသုဂ္ဂဟိတ မြောက်ပါတော့၏။ သို့ပေမဲ့ လုပ်ရိုးလုပ်စဉ်အတိုင်း ခိုင်မြဲတည်တံ့ ယုံကြည်မှုရှိအောင် စာချုပ်စာတမ်းဖြင့် ပြုလုပ်ရခြင်းသာ ဖြစ်ပါသည်။

(၁၇. ၁. ၂၀၁၀)နေ့ နေ့(၂)နာရီအချိန် တာမွေမြို့နယ် သမိန်ဗရမ်းလမ်း ရွှေမြိုပရိဘောဂတိုက်တွင် အောင်ခြင်းစာသင်တိုက် ဆရာတော်ဦးပုညသေဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဘက်အကျိုးတော်ဆောင် ကလေးဝ-တောရဆရာတော်ဦးဇာဂရာဘိဝံသ ရွှေသုဝဏ်ဆရာတော် ဦးသဒ္ဓိယ၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆယ်တောင်ပြည့်ဆရာတော် ဦးကဿဒ္ဓိဗလ၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးသုဇာတ၊ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်ဆရာတော် ဦးသုစိတ္တာဘိဝံသစသော ဆရာတော်များ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)၊ ဦးရွှေမြို၊ ဦးသန်းထွန်း၊ ဦးမင်းကြည်၊

ဒေါ်သဇင်မြင့်အောင်၊ သီလရှင် ဆရာကြီး ဒေါ်ဝါယာမီ၏ အစ်မညီမများ ရှေ့မှောက်၌ တစ်ဖန် လက်မှတ်ရေးထိုး၍ အခမ်းအနားခ်ု

ပုဗ္ဗ - မူဋ္ဌ အပရ စေတနာ သုံးတန် ထက်သန်စွာဖြင့် နှုတ်မြွက်၍ သုဒိန္န သုဂ္ဂဟီတမြောက် ရေစက်သွန်းချ၍ လှူဒါန်းပါသည်။

ဆရာကြီး ဒေါ်ဝါယာမီ၏ စေတနာ သဒ္ဓါတရား အလွန်ပင် ထက်သန်လှပါသည်။ ခရီးကျူးဂုဏ်ပြုထိုက် လှပါသည်။ မိဂဒါဝုန်ဆရာတော်ကို တစ်ခါမျှလည်း မမြင်ဘူး၊ မသိဘူး ဆက်သွယ်မှုလည်းမရှိခဲ့ပဲနှင့် မြင်ကာမတ္တာ/တွေ့ကာမတ္တာဖြင့်ပင် ကြည်ညိုပြီး ထက်သန် သောသဒ္ဓါတရားဖြင့် ကျောင်းအကြီးအဖြစ် ခံယူခြင်းဖြစ်ပါသည်။

ဘဝအဆက်ဆက် ဆည်းပူးပြုလုပ်ခဲ့သော ကုသိုလ်/အကုသိုလ်နှင့် ယခုဘဝတွင် ပြုလုပ်သည့် ကုသိုလ်/အကုသိုလ် တရားတို့၏ အကျိုးပေးခြိန်ရောက်သည့်အခါမှာ အကျိုးပေးမြဲ ဓမ္မတာဖြစ်သည်။ မူလကျောင်းခြံ မြေအလှူခံရန် ကြွလာခြင်းက တစ်နေရာ၊ ယခုအကျိုးပေးတာကတစ်နေရာမက သုံးနေရာဖြစ်နေပါသည်။ ဆရာတော်၏ အတိတ်ကံ၊ယခုပစ္စုပ္ပန်ကာလ တွင်လည်း အများအကျိုးအမြဲမပြတ် ဆောင်ရွက်ပေးနေသော ဆရာတော်ဖြစ်သည့်အားလျော်စွာ လိုအပ်ချက် အရာမှန်သမျှ အရာဝတ္ထုတို့ကို လှူဒါန်းလိုသောအလှူရှင်များ ပေါ်ပေါက်လာကြခြင်းဖြစ်ပါသည်။ (အခမ်းအနား အစီရင်များနှင့်စာချုပ် စာတမ်းများကိုသီးခြားဖော်ပြပါသည်)။

အလားတူပင် ဒဂုံမြို့နယ်၊ ဇီဝကလမ်း(၁၀/၁) နေ ဆရာတော်၏ မိခင်အရင်းသဖွယ်ဖြစ်သော (ဗိုလ်မှူးကြီး ထင်အောင်) ဒေါ်မြင့်မြင့်သိန်း မိသားစုတို့ကလည်း ၎င်းပိုင်ဆိုင်ထားသော သန်လျင်၊ ကျောက်တန်း ပါဒကြီးဘုရားအနီး သုံးဧကခန့်ရှိ မြေကွက်ကို ဆရာတော် သာသနာပြုနိုင်ရန် (၂၇. ၁၂. ၂၀၀၉) နေ့တွင် လှူဒါန်းလိုသည်ဟု လျှောက်ထားရာ ရန်ကုန်နှင့် အလှမ်းကွာဝေးနေ၍ ၎င်းမြေကွက်မှ ရရှိသော ဝတ္ထုငွေဖြင့် ကျောင်းဆောက်လှူရန် အမိန့်ရှိရာ ဝမ်းမြောက် ဝမ်းသာစွာဖြင့် သဘောတူ၍ ဆရာတော် အလိုရှိသလို စီမံဆောင်ရွက်နိုင်ကြောင်း လျှောက်ထားလှူဒါန်းပါသည်။

(၁၅. ၁. ၂၀၁၀) ရက်နေ့တွင် ဆရာတော် ဦးဝဏ္ဏဓဇမှာ ကျောင်းဆောက်ရန် မြေကွက်များ အလှူခံရရှိပြီးပြီ ဖြစ်၍ ရွှေမြို့ပရိဘောဂတိုက်ပိုင်ရှင် ဦးရွှေမြို့+ဒေါ်တင်တင် မိသားစုတို့ကလည်း ဆရာတော် ဦးဝဏ္ဏဓဇအား ပုဒ္ဓဆင်းတု ရုပ်ပွားတော်တစ်ဆူနှင့် ဘီရို၊စားပွဲ၊ ကုလားထိုင်၊ ညောင်စောင်း၊ ကုတင် စသော ပရိဘောဂများ၊ ကျောင်းတိုက်မုခ်ဦးနှင့် မဟာရာမ်တံတိုင်းများ (ကျပ်သိန်းနှစ်ရာခန့် တန်ဖိုးရှိ) ကို လှူဒါန်းပါမည်ဟု လျှောက်ထားခဲ့ပါသည်။

မန္တလေးမြို့နေ ဦးခင်မောင်ဝင်း မသီသီဝင်းမိသားစုကလည်း ဆရာတော် ဦးဝဏ္ဏဓဇ၏ ကျောင်းတိုက်အတွင်း ရေတွင်း ရေကန်၊ အဝီစိတွင်းများကို လှူဒါန်းပါမည်ဟု လျှောက်ထားပါသည်။





ဓိဂဒါဝုန်ဆရာတော်အား ဒေါ်ဝါယာဓိမှ ကျောင်းခြံမြေ၏ မြေဝိုင်းဆိုင်မှုနှင့် သက်ဆိုင်သော စာရွက်စာတမ်း စာချုပ်များကို လှူဒါန်းစဉ် (၁၇-၁-၂၀၁၀)



ဦးကိုကို (ထိပ်တန်းရပ်ရွာ)၊ ဒေါ်မြခင်ရီ မိသားစုမှ မိဂဒါဝုန်ဆရာတော်အား လှည်းကူးမြို့နယ် တံခွန်တိုင်ကျေးရွာရှိ မြေကွက်လှူဒါန်းစဉ် (၁၂-၁-၂၀၁၀)





ကျောက်တန်းမြို့ ပါဒကြီးဘုရားအနီး မြေကွက်လှူရန် လျှောက်ထားသော ဒေါ်မြင့်မြင့်သိန်းမိသားစုနှင့် အပေါင်းအသင်းများ ဆွမ်းကပ်လှူဒါန်းစဉ် (၇-၁-၂၀၁၀)



ဒေါ်သင်းမြင့်အောင်လက်မှတ်ရေးထိုးနေစဉ် (၁၇-၁-၂၀၁၀)



ဦးရွှေမိုလက်မှတ်ရေးထိုးနေစဉ် (၁၇-၁-၂၀၁၀)

ဝိဟာရဒါန် သံဃဿ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ

သံဃာတော်များအား
ကျောင်းအဆောက်အအုံ၊ ကျောင်းမြေ လှူဒါန်းခြင်းကို
ဘုရားရှင်တိုင်း ချီးမွမ်းတော်မူပါသည်။
ကျောင်းမြေလှူဒါန်းခြင်းသည်
အရာခပ်သိမ်းကို လှူဒါန်းရာရောက်ပါသည်။
သောတာပန်ပုဂ္ဂိုလ်များနည်းတူ လားရာဂတိမြဲပါသည်။
အသက်ရှည်ကြောင်းလည်း ဖြစ်ပါသည်။
မိခင်ဝမ်း၌ပဋိသန္ဓေနေရသောအခါမှာလည်း
(၁၂) တောင်ရှိ တိုက်ခန်းတွင်
ချမ်းသာစွာနေထိုင်ရသကဲ့သို့ ချမ်းချမ်းသာသာဖြင့်
ပဋိသန္ဓေနေရပါသည်။
သို့ဖြစ်၍ကျောင်းမြေလှူဒါန်းသူများသည်
ဝမ်းမြောက်ဝမ်းသာဖြစ်ကြစေရန် အောက်ပါလက်ာများကို
ဖော်ပြပေးလိုက်ရပါသည်။

*** နိဗ္ဗဒါန ကုသိုလ်(၇)မျိုး***

တိသရဏ၊ ငါးသီလ၊ မဲချစာရေးတန်
ဆယ့်ငါးရက်ဆွမ်း၊ ဝါသက်န်း၊ လှူဒါန်းသောက်ရေကန်
ကျောင်းလှူတဝ၊ နိဗ္ဗဒ္ဓ ပုညရှိသူမှန်
သောတာလိုပဲ၊ ဂတိမြဲ၊ သူလဲပါယ်မပြန်

ဒီဃာယုက ကုသိုလ်(၆)ပါး

ရေစစ် ဆေး ကျောင်း၊ အဟောင်းပြုပြင်
ဥယျာဉ်တဝ သီလမည်သာ
ဤခြောက်ဖြာသည် ဒီဃာယုက
အာရောဂျဟု ပုညခေါ်ရိုး
အကျင့်မျိုးမို့ အားကြိုးထက္ကြ
ဆောက်တည်ကြလော့။


မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒ

ဥစ္စာပစ္စည်း၏ အနှစ်သည် **ဒါန**
မိမိခန္ဓာကိုယ်၏ အနှစ်သည် **သီလ**
မိမိအသက်၏အနှစ်သည် **ဘာဝနာ**
အနှစ်သုံးပါး အရင်းထား၍
နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြရန်
အားထုတ်ကြပါ။
ဗုဒ္ဓမြတ်စွာ ဒေသနာ ကမ္ဘာအနှံ့ ပြန့်စေသော်။

သတိပြုဖွယ်

ဥစ္စာစုက ထိုက်သူစား၏
ခန္ဓာစုက မြေစာစား၏
တစ်စတစ်စ လှူဖန်များက
ဘဝနောင်ခါ သံသရာဝယ်
ရိက္ခာပမာ သုံးဆောင်ရာ၏။

ဘဒ္ဒန္တသုဇာတ(အောင်ဆန်းတောရဆရာတော်)



ဒဂုံမြို့သစ်မြောက်ပိုင်း (၄၈) ရပ်ကွက်
ဒေါ်ဝါယာမိပု လှူဒါန်းသော
မြေကွက်၏ မြေပုံနှင့် ဓာတ်ပုံ

မိဂဒါဝုန် မြတ်ရိပ်ပြု

* ဇမ္ဗူဒိပ်တွင် အနှိုင်းမြေဘုရင့်
သမိုင်းအခြေဖွင့် အသိဖြာစရာပုံ၊
အပိုင်းအနေတင့် အကြည့်သာပအစုံသည်
မိဂဒါဝုန် မြန်မာကျောင်း၊
တွေးဆရေးကြ မော်ကွန်းတင်သည်
ဖော်ညွှန်းမြင်ပြီ စာအလှစုံလို့ကောင်း၊

* မြေမြတ် မြေဦး မြေမှုန်းအောင်ချာ
မြေထူးအခေါင်ရတနာ ဂုဏ်ရည်လောင်း၊
အသရေ မြူးဆောင်ကာ စုံညီပေါင်းတဲ့
ဘုံမဟီတစ်သောင်း မျှားဝေနေ၊
သစ္စာလေးလီ ပွားကူးစေမပျက်
တရားဦးရွှေစက် ဟောမြတ် ဝနာဗွေ...၊

* အနတ္တလက္ခဏာ သုတ္တန်ဓမ္မေကို
ထုတ်ပြန်မှန်ပေ မပျက်တစ်လီအထူး၌
ဝဂ္ဂိဒါးဦး အဟုတ်ပ ဆိုလင့်စရာ
စတုတ္ထဖိုလ် အဆင့်ပါ၊

* ဤမှအစ သံဃာ့ရတနာသည်
မှန်လှမကွာ ပေါ်ထွန်းလာခဲ့လေး...။

* ဤမြေမြတ်ထူး ရှင်သန်အရာကို
မြင်ဉာဏ်ပါပါ မျှော်မှန်းပါစို့လေး...။

* ရတနာသုံးရပ် သိသာစုံအောင်
မိဂဒါဝုန်မှာ ပေါ်ထွန်းလာခဲ့လေး...။

မောင်ဘုန်းဝေ (တောင်ကုတ်)
(၂၃-၄-၂၀၁၀)

ဂုဏ်ပြုဖော်ညွှန်း တည်ဖော်ကွန်း

တပည့်တော်ရွှေမှီ၊ စာရေးသီ၍၊ ဂုဏ်ရည်ရွှန်းပ၊ အရှင်ဝဏ္ဏဓဇ၏။ ဗုဒ္ဓသာသနာ၊ စည်ပင်ဖြာဖို့ ကောင်းစွာလုံ့လ၊ အသုံးချကာ၊ သာသနာပြုပုံ၊ တွေ့အကြုံကို အာရုံပြုကာ၊ ဖော်ပြပါအံ့ ....

ထောင်ကိုးရာရှစ်ဆယ်နှစ်၊ (၁၉၈၂) တွက်စစ်ခါသမယ၊ အချိန်ကလျှင်၊ ဗုဒ္ဓတရားဦး၊ ဟောမိန့်ဖူးသည့် ထူးခြားနေရာ မိဂဒါဝုန် တောရဂုံဟု အာရုံပြုက ကြားသိကြသည့် ဒေသမြင့်မြတ် ထိုအရပ်သို့ စိတ်ဓာတ်ရွှင်မြူး သဒ္ဓါထူးကြောင့်၊ ကြည်နူးရွှင်ပျော်၊ တပည့်တော်ရွှေမှီ၊ ရောက်ခဲ့သည်ကို၊ ပြန်လည်တွေးဆ၊ ကြည်နူးလှ၏။။

ထိုစဉ်ခါက၊ အရှင်ဝဏ္ဏဓဇသည်၊ ဗုဒ္ဓတရားဦး၊ ဟောခဲ့ဖူးသည့်၊ ကြည်နူးဖွယ်ရာ၊ မိဂဒါဝုန်မြန်မာကျောင်း နေရာကောင်း၌ ၊ ကျောင်းဟောင်းနှင့်မျှ၊ နေထိုင်ရလည်း၊ လုံ့လမကွာ၊ သာသနာပြုပုံ၊ သရုပ်စုံကို၊ အာရုံပြုကာ ခုနေခါတွင်၊ ပြန်ကာတွေးဆ၊ ကြည်နူးလှ၏။။

ခုနေချိန်ခါ၊ မိဂဒါဝုန်မြန်မာကျောင်း၊ နေရာကောင်း၌ ၊ ကျောင်းသစ်ဆောက်ဦး၊ အထူးထူးတို့၊ ကြည်နူးဖုံဖုံ တွေ့မြင်စုံ၍၊ အာရုံပြုက၊ အရှင်ဝဏ္ဏဓဇ၏။ လုံ့လရှေ့ထား၊ ဇွဲမာန်အားဖြင့်၊ ဘုရားသာသနာ၊ တိုးပွားလာအောင်၊ ဉာဏ်ရှေ့ဆောင်၍ ရွက်ဆောင်ဖုံဖုံ၊ ကျေးဇူးဂုဏ်ကို၊ အာရုံပြုက၊ ကြည်နူးလှ၏။။

ခုနေချိန်ခါ၊ ရပ်ဖြာဖြာမှ၊ မိဂဒါဝုန်မြန်မာကျောင်း၊ နေရာကောင်းသို့၊ စုပေါင်းအထူး၊ ဘုရားဖူးတို့ ကြည်နူးသဒ္ဓါ၊ စေတနာဖြင့်၊ ရောက်လာပါက၊ နေထိုင်ကြဖို့၊ ခန်းမဖြာဖြာ၊ တည်ခိုစရာနှင့်၊ နေရာကျောင်းဆောင် ထွန်းတောက်ပြောင်သည့်၊ ဂုဏ်ရောင်မြင့်မား၊ ကျောင်းဆောင်များကို၊ ဘွားကနဲလျှင်၊ တွေ့အမြင်ကြောင့် ဘဝင်ဟဒယ၊ အံ့သြကြလိမ့်၊ ထိုမှမြင်ရှေး၊ ဆက်၍တွေးက၊ အရှင်ဝဏ္ဏဓဇ၏။ လုံ့လထကာ၊ သာသနာပြုပုံ ကျေးဇူးဂုဏ်ကို၊ အာရုံထဲမှာ၊ မြင်ပေါ်လာလိမ့်၊ နှစ်သိမ့်ရွှင်ပျော်၊ တပည့်တော်ရွှေမှီ၊ တွေးမြင်သည်ကို ပြန်လည်မှန်းဆ၊ ကြည်နူးလှ၏။။

မိဂဒါဝုန်မြန်မာကျောင်း၊ နေရာကောင်းတွင်၊ စုပေါင်းရွှင်ပျော်၊ ကုသိုလ်ပေါ် အောင်၊ တပည့်တော်ရွှေမှီ အပါတည်ပြီး၊ ကျောင်းအနီးဝယ်၊ သီးသီးရွှင်ပျ၊ ပါဝင်ကြလျက်၊ ပဉ္စဝဂ္ဂီ၊ ငါးမထေရ်တို့၊ သာကြည်ဟဒယ၊ ရိုသေကြ၍ ဗုဒ္ဓတရားဦး၊ ဟောဖော်ကျူးလျှင်၊ ကြည်နူးရွှင်ပျ၊ နာယူကြသည့်၊ ရှေ့ကပုံတော်၊ သရုပ်ပေါ် အောင်၊ ထုတ်ဖော်ရုပ်ပြ တွေ့မြင်ရဖို့၊ ဒါနမြတ်ပန်း၊ ပန်ဆင်မြန်း၍၊ ရွှင်လန်းခဲ့ပုံ၊ ရှေးဖြစ်စုံကို၊ အာရုံပြုကာ၊ ခုချိန်ခါဝယ်၊ သဒ္ဓါရွှင်ပျ ကြည်နူးလှ၏။။

တပည့်တော်ရွှေမှီ၊ မိဂဒါဝုန်ဆီသို့ မနသီရွှင်ပြ၊ ရောက်ခဲ့ရ၍၊ ဗုဒ္ဓသာသနာ၊ ပြုနေပါသည့်၊ မဟာထေရ အရှင်ဝဏ္ဏဓဇနှင့်၊ ဆန္ဒရွှင်ကြည်၊ ရင်းနှီးသည်မှ၊ ထိုချိန်စ၍၊ ထေရမဟာ၊ ပြည်မြန်မာသို့၊ ကြွလာသောအခါ စေတနာဖြင့်၊ သဒ္ဓါရွှင်ကြည်၊ ကြည်ညိုသည်ကြောင့်၊ ရွှေမှီပရိဘောဂ၊ မြင့်ခန်းမ၌ ၊ ထေရမဟာ၊ ကျောင်းနေရာဟု သေချာသပ်ရပ်၊ ကျောင်းအမှတ်ဖြင့်၊ စိတ်ဓာတ်ရွှင်ပြီး၊ သီတင်းသုံးကာ၊ နေထိုင်ပါဟု၊ ကောင်းစွာစဉ်းစား၊ သဒ္ဓါပွား၍၊ လျှောက်ထားသောအခါ၊ လက်ခံခါလျှင်၊ လာတိုင်းမဟာထေရ်၊ ရွှင်ကြည်ကြည်ဖြင့်၊ ရွှေမှီပရိဘောဂ၊ မြင့်ခန်းမ၌ ၊ ဆန္ဒရွှင်ပြီး၊ သီတင်းသုံးကာ၊ နေခဲ့ပါ သည်၊ နှစ်တာရေသော်၊ နှစ်ဆယ်ကျော်ပြီး၊ သုံးဆယ်နီးခဲ့၊ ပြန်ပြီးတွေးသော်၊ တပည့်တော်ရွှေမှီ၊ မနသီရွှင်ပျ၊ ကြည်နူးလှ၏။။

တပည့်တော်ရွှေမှီ၊ မနသီရွှင်သော၊ စိတ်မနောကြောင့်၊ ပုနောပသမ္ဘဒံ၊ ရဟန်းခံ၍၊ ဆန္ဒရွှင်လန်း၊ ရဟန်းဒါယကာ၊ ခံယူကာလျှင်၊ မဟာထေရ၊ အရှင်ဝဏ္ဏဓဇကို၊ ကြွလာတိုင်းမှာ၊ စေတနာဖြင့်၊ သဒ္ဓါရွှင်ကြည် မနသီဖြင့်၊ ရွှေမှီပရိဘောဂ၊ မြင့်ခန်းမ၌ ၊ ထေရမဟာ၊ ကျောင်းနေရာဟု၊ ကြည်သာရွှင်ပြီး၊ သီတင်းသုံးတော့ နှလုံးရွှင်ကြည်၊ တပည့်တော်ရွှေမှီက၊ ထေရ်မဟာသွားရာ၊ လိုက်ပို့ကာလျှင်၊ ယာဉ်အလှူကို၊ ကြည်ဖြူရွှင်ပျ၊ ပေးလှူ၍၊ ဒါနမြတ်ဆွမ်း၊ လှူဒါန်းခဲ့ပုံ၊ ရှေးဖြစ်စုံကို၊ အာရုံပြုကာ၊ ခုချိန်ခါဝယ်၊ သဒ္ဓါရွှင်ပျ၊ ကြည်နူးလှ၏။။ ဟဒယ ရွှင်ကြည်၊ တပည့်တော်ရွှေမှီနှင့်၊ ပါရမီတူယှဉ်၊ ဒေါ်တင်တင်ဟု၊ မိသားစုတို့ တောင်းဆုရည်မျှော်၊ ဆရာတော်အရှင်ဝဏ္ဏဓဇ၊ မြတ်ထေရသည် ဗုဒ္ဓသာသနာ၊ မြင့်ရှည်ကြာအောင်၊ သာသနာပြုလုပ်ငန်း၊ အခန်းခန်း၌ ၊ ကြိုးပမ်းရွှင်ပျော်၊ ရွယ်သက်တော်လည်း၊ ရာကျော်တည်လျက်၊ သာသနာအတွက်ကို၊ ဆောင်ရွက်ကြိုးပမ်း ထမ်းနိုင်ပါစေ၊ ဆုမှန်ချွေ၍၊ ထေရမဟာ၊ အကျင့်လွှာကို၊ ကောင်းစွာလေးစား၊ အရေးထားသည်၊ မျှားပြားပေါင်းစု၊ မြတ်ကောင်းမှုကြောင့်၊ လေးခုအပါယ်၊ ဝင့်မိုးကွယ်၍၊ စင်ကြယ်လှုရပ်၊ ဖြဟ္မာနတ်နှင့်၊ နန်းမြတ်နိဗ္ဗာန် ရောက်စေရန်ဟု၊ ရည်သန်ဖော်ညွှန်း၊ ဤမော်ကွန်းသည်၊ တည်ထွန်းကမ္ဘာ တိုင်စေသော်။

ရွှေမှီ

(ရွှေမိုးပရိဘောဂ)

သုံးလီဖော်ပြ ချီချန့်လီ ပဒေသျာက် (၄၃)ပိုဒ်စီဖြစ်အောင်
သိကုံးထားသည့် စက်ဝန်းဦးစွေ(၁၃)လုံး(၃)ဆင့်(၃)ပိုဒ် ပေါင်း(၁၁၇)လုံး
သုံးဆင့်ချန်ချ
ဆရာတော်ဘဒ္ဒန္တဝဏ္ဏဝေ၏ မိဂဒါဝုန်မော်ကွန်း
(၃၈၈ဘီဘွဝ သမ္မမာ်လာ ပိုဒ်စုံရတု)

၁။**ဖော်ညွှန်းလှိုက်ကူ**၊ စာပေမူတည့်၊ ရေးသူထွေထွေ၊ ပါဝင်စေဖို့၊ ဖြန့်ဝေ နီးဝေး၊ အသိပေးရှင့်၊ မြတ်လေးမေတ္တာ၊ စေတနာကြောင့်၊ လက်ရာဖုံဖုံ၊ စာမျိုးစုံတို့၊ သင်းထုံမွှေးမွှေး၊ တည်စုဝေးခဲ့၊အတွေးပါပါ၊ အရေးသာသည့်၊ လက်ရာစာမူ၊ ရွှေးချယ်ယူလျက်၊ ကြူကြူသင်းသင်း၊ စာပန်းခင်းၦ၊ ထည့်သွင်းဖော်ပြ၊ ဂုဏ်အလှတည့်၊ စုံစွစာပေ၊ ပန်းခင်းမြေၦ၊ အခြေတင့်တင့်၊ သရေဝင့်လျက်၊ ပန်းပွင့်တစ်ခု၊ ပမာပြုသို့၊ အနုပညာ၊ ဟန်မူပါလျက်၊ ဝတ်လွှာရိပ်မြုံ၊ ရနံ့လှုံ၍၊ အငုံမှဆင့်၊ ကားကားပွင့်သည့်၊ နောင်တင့်ဖွယ်ရာ၊ ပန်းမြတ်စာသည်၊ ဂုဏ်ဝါနှင့်ညီ၊ နှစ်မျှားရှည်၍၊ တည်တည်တံ့တံ့၊ သင်းပျံ့ပျံ့ဖြင့်၊ ရနံ့လှိုင်တူ၊ မွှေးသင်းကြူမည်၊-

♠ **လှိုက်ကူဖော်ညွှန်း၊ စာပန်းအလှ၊ မွှေးမြ ပေါင်းစုပွင့် . . . ၊**
♠ **စိုက်ထူမော်ကွန်း၊ သာဆန်းမက၊ တွေးဆကောင်းမှုဖြင့် . . . ၊**
♠ **မြိုက်ဌူမျှော်မှန်း၊ ရာတန်းဘဝ၊ ဘေးပ တောင်းဆုဆင့် . . . ၊ (၄၃ ပိုဒ်)**

၂။**မျှော်မှန်းမြိုက်ဌူ**၊ တောင်းဆုယူတည့်၊ ဇမ္ဗူလက်ယာ၊ တောင်ကျွန်းသာဝယ်၊ လောင်းလျာဗုဒ္ဓင်၊ ပွင့်ထွန်းထင်သည့်၊ ဂုဏ်လျှင်မွှေးမြ၊ မဇ္ဈိမဟု၊ ဒေသရပ်ဌာန်၊ မြေမြတ်မွန်ဝယ်၊ သုံးတန်သာသနာ၊ စည်ပင်ဖြာဖို့၊ သဒ္ဓါရှေ့ထား၊ လုံ့လအားဖြင့်၊ ကြိုးစား၍လာ၊ နှစ်ရှည်ကြာခဲ့၊ မှန်စွာပြုဖူး၊ ကုသိုလ်ထူးဖြင့်၊ ရွှေဦးပြုရာ၊ မြတ်ဒါနနှင့်၊ သီလစသည်၊ ပါရမီကြောင့်၊ လေးလိနှစ်ဝ၊ မဂ်ဖိုရ၍၊ ဘဝမလွန်၊ ပစ္စုပ္ပန်ဝယ်၊ နိဗ္ဗာန်မြိုက်ဌူ၊ ရောက်စေဟူ၍၊ ရွယ်ချူသမျှ၊ တောင်းဆုပြုရှင့်၊ ဖတ်ရှုဖွယ်ရာ၊ မော်ကွန်းစာဖြင့်၊ စဉ်လာရှိတိုင်း၊ ဆစ်အပိုင်းကို၊ မဆိုင်းအမြင်၊ သမိုင်းတင်သည့်၊ သစ်လွင်တင့်ဆန်း၊ ဤစာပန်းတို့၊ ပွင့်လန်းလှိုင်ကြူ တံခွန်ထူမည်၊ -

♠ **မြိုက်ဌူမျှော်မှန်း၊ ရာတန်းဘဝ၊ ဘေးပ တောင်းဆုဆင့် . . . ၊**
♠ **လှိုက်ကူဖော်ညွှန်း၊ စာပန်းအလှ၊ မွှေးမြ ပေါင်းစုပွင့် . . .**
♠ **စိုက်ထူမော်ကွန်း၊ သာဆန်းမက၊ တွေးဆကောင်းမှုဖြင့် . . ။ (၄၃ ပိုဒ်)**

၃။**မော်ကွန်းစိုက်ထူ**၊ ကောင်းမြတ်မူတည့်၊ အယူရေးရာ၊ အတွေးဖြာသည့်၊ ဆရာတော်ဘဒ္ဒန္တ၊ ဝဏ္ဏဓဇလျှင်၊ မိဂဒါဝုန်၊ ဝိသေသ်ဂုဏ်ဖြင့်၊ စွမ်းဟုန်ခိုင်ကြည်၊ ရိပ်မြုံတည်လျက်၊ ဇာနည်စိတ်ထား၊ ဘုန်းကံများဖြင့်၊ သုံးပါးသာသနာ၊ ပွားစည်ရာကို၊ စဉ်လာအမှု၊ မြင်သာပြုရှင့်၊ ပေါင်းစုထွေထွေ၊ သမိုင်းမွေကို၊ အခြေခံခိုင်၊ တည်ကျောက်တိုင်သို့၊ တူပြိုင်အမြင်၊ သမိုင်းတင်လျက်၊ များဖြင်ဗိုလ်လူ၊ ကုသိုလ်ယူဖို့၊ စိုက်ထူတည်ထွန်း၊ စာမော်ကွန်းဖြင့်၊ ဖော်ညွှန်းသမျှ၊ သာဓကကား၊ အလှတံခွန်၊ ဘဝဟန်တည့်၊ မြကန်သာပေါ်၊ ကြာများပျော်သို့၊ ထေရ်မော်ဘဒ္ဒန္တ၊ ဝဏ္ဏဓဇ လျှင်၊ ဇီဝအာယု၊ သက်ရှည်မှုဖြင့်၊ အပြုဆင့်ဖြာ၊ သာသနာကို၊ တိုးကာဆင့်ကူ၊ တံခွန်ထူမည်၊-

♠ **စိုက်ထူမော်ကွန်း၊ သာဆန်းမက၊ တွေးဆ ကောင်းမှုဖြင့် . . . ၊**
♠ **မြိုက်ဌူမျှော်မှန်း၊ ရာတန်းဘဝ၊ ဘေးပ တောင်းဆုဆင့် . . . ၊**
♠ **လှိုက်ကူဖော်ညွှန်း၊ စာပန်းအလှ၊ မွှေးမြ ပေါင်းစုပွင့် . . . ၊ (၄၃ ပိုဒ်)**

မောင်ဘုန်းဝေ(တောင်ကုတ်)

ကုသိုလ်စိတ်ထား ပုံရိပ်များ

➤ ကျွန်မတင်တင်၊ အတွေးမျှင်မှ
စိတ်တွင်ဖြစ်ပွား၊ ပုံရိပ်များရှင်. . .

➤ ရှေးကုသိုလ်ကံ၊ နှိုးဆော်ဖန်တော့
ရပ်မွန်ရိပ်မြို့၊ မိဂဒါဝုန်မှ
ဘုန်းဟုန်ကြီးလှ၊ အရှင်ဝဏ္ဏဓဇ အား
စိတ်ကကြည်ညို၊ သဒ္ဓါပို၍
သားလိုလည်းခင်၊ မောင်လိုမြင်မိ
ကြည်လင်စိတ်ဇော၊ မြတ်မနောမှ
ပုနောပသမ္ဘဒါ၊ မဂ်လာကို
လျှင်စွာဖြစ်စေ၊ ပြုလိုပေ၍
အခြေသာခိုက်၊ လုံ့လစိုက်သည်
သိုက်မြိုက်စည်စွာ၊ မျှားဒကာနှင့်. . .

➤ အရှင်ဝဏ္ဏဓဇ၊ မြတ်ထေရသည်
သာလှမြေလွှာ၊ ပြည်မြန်မာသို့
ကြွလာခဏ၊ ထိုကာလဝယ်
လေးဝဏ္ဏရိယာ၊ မျှစေဌာလျှင်
ဝိဟာ သမု၊ အိမ်ကိုပြု၍
စတုပစ္စယာ၊ လှူဒါန်းကာဖြင့်
သွားလာရေးကူ၊ ယာဉ်လည်းလှူလျက်
ကြည်ဖြူမပျက်၊ ကုသိုလ်ဆက်သော်
မိုးထက်မြေပြင်၊ အလှထင်သည်
စိတ်တွင်ခံစား ပုံရိပ်များ
ရိပ်ခွင်နိဗ္ဗာန်တိုင်စေသား။ ။ ။

တင်တင်(ရွှေမှိုပရိဘောဂ)

အဝေးက ကန်တော့ပန်း



* ဘီစီ ၆-ရာစု
"ဗာရာဏသီ ဣသိပတနမိဂဒါဝုန် "
သားမျိုးစုံပေါ ဘေးမဲ့တောတွင်
ဘုရားရှင်မြတ်ဗုဒ္ဓ
တရားဦးဟောပြခဲ့အမှန်
ဓမ္မစက္ကပဝတ္တနသုတ္တန်။
* တရားဦးနာရန် ဆုပန်ထူးတာက
ကောဏ္ဍည၊ဝပ္ပ၊ဘဒ္ဒိယ၊
မဟာနာမ်နှင့်အဿဇိ ပါ
မဟာသက္ကရာဇ် ခုနှစ် တစ်ရာ့သုံး(၁၀၃)
စုရုံးရောက်လာနတ်ပြဟ္မာ
ဝါဆိုလပြည့် ဥာဉ်ဦးယံ။



* ဗုဒ္ဓဘုရားရှင်
ဖွားမြင်ရာလုမ္ဗိနီအင်ကြင်းတော
သုံးလောကထွတ်ထား ဘုရားဖြစ်လာ
ဗုဒ္ဓဂယာနှင့် တရားဦးဟော
တော မိဂဒါဝုန်
ကုသိနာရုံ ပရိနိဗ္ဗာန်စံဝင်
သံဝေဇနိယ လေးဌာနတွင်
တစ်ဌာနပါဝင်သည့်
အဝိဇဟိတ ဘုရားရှင်တို့မစွန့်အပ်
မြင့်မြတ်သည့်မြေနှင့် တစ်ဆက်တစ်စပ်တည်း
မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်း
ထောင်သောင်းမက အလှူရှင်
ဖြူစင်တဲ့ စိတ်ရင်း
သေခြင်းကင်းရာအမှန်
ပြည်နိဗ္ဗာန်ကို စိတ်ကမှန်း
* ဘဒ္ဒန္တသုဇာတ ဆရာတော်လက်ဆောင်
ရာပြည့်အောင်ပွဲနှင့် ဂုဏ်ပူဇာမဂ္ဂဇင်း
ဖတ်ရင်းဖတ်ရင်း ကြည်နူးမိ
သံဝေဇနိယ၊ လေးဌာနမြတ်အထွတ်ကို
ဦးညွတ်ဝန္ဒနာ ဖူးချင်ပါသော်လည်း
မစွမ်းသာ ခရီးကကွာလှမ်း
ဗုဒ္ဓအဘိဓမ္မာကဝိအကျော်၊
မိဂဒါဝုန်ကျောင်ဆရာတော်
ဘဒ္ဒန္တဝဏ္ဏဓဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ကိုလ
(ဘုရားတပည့်တော်) အဝေးက ကန်တော့ပန်း။

တင်ရွှေဦး(ရှေ့နေ)

မိဂဒါဝုန်အား ဂုဏ်ပြုပူဇော်ခြင်း

➤ မြေမြတ်မြေထူး၊ မြေထွတ်ဖူးဟု
မြေမှူးသူဂုဏ်၊ မိဂဒါဝုန်. . . ။
➤ မိဂဒါဝုန်၊ အေးရိပ်မြုံလျှင်
ရဂုံသာမော၊ ထူးသည့်တော. . . ။
➤ သားပေါင်းစုံစု၊ ဤရိပ်မြုံဝယ်
ခိုလှုံကျက်စား၊ နေပျော်ပါးလျက်
ဟိုသွားသည်လာ၊ ဘေးရန်ကွာသည်
သာယာအေးမြ၊ တောအလှ . . . ။
➤ ဤရိပ်မြုံတွင်း၊ သာယာညင်းဖြင့်
စီးဆင်းရစ်ခွေ၊ စမ်းချောင်းရေလည်း
သောက်စေသုံးစေ၊ မေတ္တာဝေသို့
အနေဖွေးကြည်၊ ချိုတေးသီသည်
ဝေစည်အေးမြ၊ သဘာဝ. . . ။
➤ သူပွင့်ငါပွင့်၊ အားမာန်ဝင့်လျက်
ထူးတင့်ပန်းစုံ၊ ဖူးပွင့်ထုံသည်
ရဂုဏ်ဌာန၊ မွှေးမြမြ . . . ။
➤ စျာန်ရဟာဟီ၊ တပသီတို့
အလီလီတက်၊ ဖန်ဖန်သက်၍
မိုးထက်ဝဠာ၊ ပြိုးပြက်ဖြာသည်
မြင်သာအလှ၊ဤဌာန. . . ။
➤ ဆန်းသွင်အလှ၊ ကောဏ္ဍညနှင့်
ဝပ္ပစသား၊ ရသေ့များလျှင်
တရားကျင့်ရန်၊ အဓိဌာန်ဖြင့်
ရပ်မွန်ရဂုံ၊ ဤရိပ်မြုံသို့
တူစုံညီမျှ၊ ရောက်နှင့်ကြသည်
ကာလထိုခါ၊ မိဂဒါဌ်. . . ။
➤ ခုနှစ်ကိုရှု၊ ရာသုံးခုတည်
ဥတုဂိမှ၊ ဝဿာန၏
ဆုံးစနှင့်ညီ၊ အာသဠှဟု
ရာသီကက္ကဋ၊ ဝါဆိုလတွင်
ပုဏ္ဏမာသာ၊ ပြည့်နေ့မှာလျှင်
ရောင်ဝါဖြန့်ခင်း၊ နေလမင်းတို့
ထင်လင်းထွန်းပ၊ ဆည်းဆာည. . . ။

➤ ဆည်းဆာအိုစ၊ ထိုသည့်ညဝယ်
ဗုဒ္ဓခြေရင်း၊ ခဝပ်စင်းသည့်
သင်းပင်းစုံညီ၊ ငါးဝဂ္ဂိနှင့်
စီရီရောက်လာ၊ နတ်ပြဟ္မာအား
စကြာဓမ္မ၊ ဟောမိန့်ပြသော်
နာကြတူစုံ၊ မိဂဒါဝုန်၌. . . ။
➤ ထိုမှတစ်ချက်၊ ဆုတ်ငါးရက်ဝယ်
ဆက်လက်ဟောညွှန်၊ မြတ်သုတ္တန်ကား
ရုပ်နာမ် နှစ်ဝ၊ မပိုင်သသည့်
အနတ္တလက္ခဏာ၊ ဒေသနာ. . . ။
➤ ဗုဒ္ဓဟောကြား၊ မြတ်တရား၌
ရှုအားဉာဏ်မှီ၊ ကျင့်ကြံညီသည့်
ဝဂ္ဂိငါးဦး၊ သိဉာဏ်ကူး၍
ထွတ်ဖူးရတနာ၊ မြတ်သံဃာဟု
ထိုခါမှလျှင်၊ ပေါ်ထွန်းထင်သည်
စံဝင်ရိပ်မြုံ၊ မိဂဒါဝုန်၌. . . ။
➤ မိဂဒါဝုန်၊ နှောင်းခေတ်ပုံကို
လွမ်းခြိုအားလုံး၊ ဆေးချယ်မှုန်းသို့
ယူကြုံးနှစ်သက်၊ ဂုဏ်လျှင်စွက်သော်
ကျေးငှက်သားပေါင်း၊ သံစုံလောင်းသည့်
ငြိမ့်ငြောင်းသာစွ၊ တေးအလှနှင့်
မွှေးမြပန်းသင်း၊ လေပြည်ငင်းနှင့်
ထင်လင်းအမြင်၊ များသစ်ပင်နှင့်
သွင်သွင်စီးခွေ၊ စမ်းချောင်းရေနှင့်
အနေမျှညီ၊ ငါးဝဂ္ဂိနှင့်
မဟီမြေပြင်၊ ထက်ဝေဟင်၌
စျာန်ယဉ်ပျော်ပါး၊ ရသေ့များနှင့်
နှစ်ပါးနေလ၊ ရောင်ဝေဌသည့်
ကာလချိန်တာ၊ ညဆည်းဆာနှင့်
သစ္စာအလင်း၊ ဖြန့်ကျက်ခင်းသည့်
မြေမင်းမဟာ၊ မိဂဒါကို
ကဗျာအနု၊ ဤစာစုဖြင့်
ဂုဏ်ပြုပူဇော်အပ်ပါသတည်း။ ။ ။

မိဂဒါဝုန်မော်ကွန်းဝိုင်းတော်သားများ

မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ၏ ညှိနှိုင်းပွဲမှတ်တမ်းမော်ကွန်း

အိန္ဒိယနိုင်ငံမှ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် မော်ကွန်းစာအုပ် ထုတ်ဝေနိုင်ရေးအတွက် စာရေးဆရာများထံမှ စာမူများတောင်းခံခဲ့ရာ ကဗျာ(၂၅)ပုဒ်၊ ထေရုပ္ပတ္တိ (၄) စောင်နှင့် ဆောင်းပါး (၆၅) ပုဒ်တို့ကို မော်ကွန်းစာအုပ် ဖြစ်မြောက်ရေးကော်မတီမှ လက်ခံရရှိခဲ့ပါသည်။ စာမူများပေးပို့ကြသည့် စာရေးဆရာများအား ဤမော်ကွန်းစာအုပ်ကော်မတီအနေဖြင့် ကျေးဇူးတင်ပါကြောင်းပြောကြားလိုပါသည်။ အောင်ဆန်းတောရဆရာတော်၏ လမ်းညွှန်ချက်ဖြင့် အထက်ဖော်ပြပါစာမူများ အားလုံးကိုပထမ မူကြမ်းအဖြစ် ကွန်ပျူတာစာစီခဲ့ရာ စာမျက်နှာလေးရာကျော်ပေါ် ထွက်လာပါသည်။မော်ကွန်းစာအုပ်ထုတ်ဝေလိုသည့် ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ ကမော်ကွန်းစာအုပ်စာမျက်နှာကို အနည်းဆုံးနှစ်ရာ့ငါးဆယ်၊အများဆုံး သုံးရာအထိရိုက်ရန် မော်ကွန်း စာအုပ် ထုတ်ဝေရေးဆိုင်ရာ ပထမအစည်းအဝေး၌ သတ်မှတ်ပေးခဲ့ပါသည်။ ယခု ပထမမူကြမ်း ကွန်ပျူတာစာစီ စာမျက်နှာလေးရာကျော်သည် ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇသတ်မှတ်ပေးထားသည့် စာမျက်နှာထက် စာမျက်နှာ တစ်ရာကျော်ခန့်ပိုလွန်နေရာ ယင်းကို မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ၏ သဘောထားဖြင့် ဆောင်ရွက်ရမည်ဖြစ်၍ အောင်ဆန်းတောရဆရာတော်သည် မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီဝင်များအား ၂၀၁၀ခုနှစ်၊ မေလ-၁၇ရက်နေ့ကအောင်ဆန်းတောရ စာသင်တိုက်သို့ ပင့်ဖိတ်ခဲ့ပါသည်။ အဆိုပါညှိနှိုင်းပွဲသို့-

၁။ ဆရာတော်ဘဒ္ဒန္တဣန္ဒာစာရ - မင်္ဂလာသီရိ၊ သာကေတမြို့နယ်
၂။ ဆရာတော်ဘဒ္ဒန္တသုဇာတ - အောင်ဆန်းတောရ၊ ရွှေပြည်သာမြို့နယ်
၃။ ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ - ဓမ္မာစရိယတက္ကသိုလ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်
၄။ ဆရာတော်ဘဒ္ဒန္တဒေါက်တာရာဇိန္ဒ - မိဂဒါဝုန်၊ ဗာရာဏသီမြို့
၅။ ဆရာတော်ဘဒ္ဒန္တနာရဒ - ပုည်သီရိအောင်ချမ်းသာ၊ လှိုင်မြို့နယ်
၆။ ဆရာကြီးဦးရွှေဇံ - (ရခိုင်စာပေပညာရှင်)
၇။ ဆရာကြီးဦးမင်းကြည် - (ဓမ္မာစရိယ၊ ဘီအေ မဟာသဒ္ဓမ္မဇောတိကဓဇ)
၈။ ဆရာကြီးဦးမောင်ထွန်း - (မြတ်သာထွန်း)

၉။ ပြင်ပ စာပေဝါသနာရှင် စာရေးဆရာမောင်ဘုန်းဝေ(တောင်ကုတ်)တို့တက်ရောက်ခဲ့ကြပါသည်။ မော်ကွန်းစာအုပ် ကော်မတီဝင် ဆရာတော်ဘဒ္ဒန္တအရိယဝံသ မှာမအားလပ်၍ဤညှိနှိုင်းပွဲသို့ မတက်ရောက်နိုင်ခဲ့ပါ။

မော်ကွန်းစာအုပ်ကော်မတီဝင်ဆရာတော်များနှင့်လူပိုဂ္ဂိုလ်များသည် ဝန်နှင့်အားညီညွတ်မှုတစေရန် နံနက်ပိုင်းနှင့် နေ့လည်ပိုင်း(၂)ပိုင်းခွဲ၍ ညှိနှိုင်းဆောင်ရွက်မှုကိုအထက်ပါနေ့တွင်အပြီးသတ်ပြုလုပ်ခဲ့ကြပါသည်။

ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ သတ်မှတ်ပေးထားသောစာမျက်နှာနှင့်ညီညွတ်စေရန် မော်ကွန်းစာစောင် ဖြစ်မြောက်ရေးကော်မတီ၏ သဘောထားဖြင့် ညှိနှိုင်းဆောင်ရွက်မှုမှ အတည်ပြုသောစာမူများကို ကွန်ပျူတာ၌ ပြင်ဆင်ပြီး၊ စာမူအချောကို စီဒီခွေသွင်းခြင်းစသည်ဖြင့် လိုအပ်သည်များကို ပထမတာဝန်ယူထားသော ကိုဇော်မင်းဦးသည် ၂၀-၅-၂၀၁၀နေ့က စက်ာပူနိုင်ငံသို့ လုပ်ငန်းဖြင့် သွားရောက်ရ၍ မောင်စိုးမိုးဌေးနှင့် မနှင်းသဇင်အေးတို့မှ စာအုပ်ဖြစ်မြောက်အောင် ပြင်ဆင်ပြုပြင်၍ ဓမ္မစက္ကဝိဟာရ မိဂဒါဝုန်မြန်မာကျောင်းတိုက် မော်ကွန်းစာအုပ်စာမူကို ဆရာတော်ဘဒန္တဝဏ္ဏဓဇ ထံပို့ပေးခဲ့ပါကြောင်း မော်ကွန်းမှတ်တမ်းပြုအပ်ပါသတည်း။

ဆရာတော်ဘဒ္ဒန္တသုဇာတ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊
အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းတိုက်မော်ကွန်း
စာမျက်နှာအညွှန်း

စာမျက်နှာ	အကြောင်းအရာ
၁။	စာအုပ်အမည်
၂။	ပုံနှိပ်ရာဌာန မှတ်တမ်း
၃။	ဆရာတော် ဘဒ္ဒန္တစန္ဒိမဏိ ပုံတော်
၅။	ဆရာတော် ဘဒ္ဒန္တကိတ္တိမာ ပုံတော်
၇။	ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယ ပုံတော်
၉။	ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇ ပုံတော်
၁၁။	မိဂဒါဝုန်မြန်မာကျောင်းတိုက်မုခ်ဦး
၁၃။	ချိုမြဆင့်ကူး စကားဦး
၁၄။	မာတိကာ
၁၈။	ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းမော်ကွန်း စာအုပ်ထုတ်ဝေရခြင်းအကြောင်း
၂၃။	မိဂဒါဝုန်စခန်းကဗျာ
၂၄။	မိဂဒါဝုန် မြန်မာကျောင်းမော်ကွန်း
၂၅။	အလင်းပြသခင်၏ မြတ်မော်ကွန်း
၂၆။	နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ် မိဂဒါဝုန် ဓမ္မအလင်း
၂၈။	အလင်းအိမ်
၂၉။	ဘဒ္ဒန္တစန္ဒိမဏိရုပ်တုတော်နှင့်မော်ကွန်းစာ
၃၆။	အာဇာနည်ပုဂ္ဂိုလ်ထူးများကို ပူဇော်ဂုဏ်ပြုခြင်း
၄၅။	ဗုဒ္ဓမာတ်တော်များ ကမ္ဘာအနှံ့ခရီးဆန့်ပြီ
၅၀။	မိဂဒါဝုန်မြန်မာကျောင်းတိုက်အကြိုမော်ကွန်း
၅၄။	ပရဟိတ အစ အဆုံး
၅၈။	ဝသုန္ဓရေ
၆၁။	မဟာတော်ဝင်ဘုရင်မျိုးနွယ်တော်များ
၆၄။	မျိုးစေ့လည်းမှန် အပင်သန်
၇၀။	ရွှေဝါရောင်လွှမ်း ဒီပါကျွန်းသို့
၇၆။	မင်္ဂလိမဒေသ စတုတ္ထသံဂါယနာ မော်ကွန်းတင် မေဓပညာမော်ကွန်းလက်ာ
၇၉။	ရှေးခေတ် ရက္ခသ္ဘဒေသ (အာရကန်)နှင့် သီဟိုဠ် အိန္ဒိယနိုင်ငံသို့ သာသနာဆက်ဆံရေး
၉၃။	မိဂဒါဝုန်ကျောင်းတိုက်နှင့် အမျိုးဘာသာ စောင့်ထိန်းမှုများ
၉၇။	ဖြည့်စွက်သင့်သော ကွက်လပ်တစ်ခု
၁၀၃။	မိဂဒါဝုန်ဓမ္မစကြာမုဠာနှင့် ရခိုင်ဗုဒ္ဓယဉ်ကျေးမှု

စာမျက်နှာ	အကြောင်းအရာ
၁၀၆။	မင်္ဂလိမဒေသယဉ်ကျေးမှုမှသည် ကစ္ဆပနှင့် အဋ္ဌန မဟိများဆီသို့
၁၁၁။	ရင်ဖွင့်သံ
၁၁၂။	ရခိုင်တို့၏ အတိတ်ကာလဂေါတမမြတ်စွာဘုရား မပွင့်မီနှင့်ပွင့်ပြီးစ တတိယဓမ္မသင်္ဂါယနာကာလ
၁၂၀။	ဗုဒ္ဓသာသနာတော်နှင့် သံဃရတနာ
၁၂၃။	နိဗ္ဗာန်ဆိပ်ဦးနေရာထူးပေမို့
၁၂၅။	မြတ်သာသနာ
၁၂၆။	မိဂဒါဝုန်နှင့် လောကအမြင်သစ်
၁၃၀။	ထိုက်မှ တန်ပါသည်
၁၃၂။	တန်ဖိုးသိသူတို့အတွက်သာ
၁၃၅။	အို-မြတ်အရှင်သို့ ကန်တော့ပန်း
၁၃၆။	မိဂဒါဝုန်မှ ရောင်ခြည်တော်များ
၁၃၉။	ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဂယာ
၁၄၁။	သားသမင်တို့ပျော်ရာ မိဂဒါဝုန်မှ သာသနာ့အာဇာနည်
၁၄၇။	မြတ်ဆရာတော်
၁၄၈။	မိဂဒါဝုန်
၁၅၄။	ခေတ်သမိုင်းအလိုက် သင်္ကေတများ
၁၆၁။	ပျောက်ကွယ်လုဆဲ သာသနာမှသည်
၁၆၄။	ဘဒ္ဒန္တဝဏ္ဏာဓဇသင်္ကေတ်(၆၀)ပြည့် ဂုဏ်ပူဇော
၁၆၅။	ကျေးဇူးရှင်ဆရာတော်ကြီး အသျှင်စန္ဒိမာ
၁၆၉။	ကြည်ဖြူနှလုံးအေးနိုင်ပြီ
၁၇၄။	သံဃနိယလေးဌာန
၁၇၅။	မြတ်နေရာ
၁၇၆။	ဘဒ္ဒန္တဝဏ္ဏာဓဇ မဟာထေရ်မြတ်၏ထေရုပ္ပတ္တိ
၁၇၇။	စန္ဒြမဏီဘာဘာ
၁၈၀။	စန္ဒြမဏီ (သို့) အိန္ဒိယဗုဒ္ဓသာသနာ မီးရှူးတန်ဆောင်ကြီး
၁၉၁။	ဘဒ္ဒန္တစန္ဒြမဏီ (သို့) မရှိမှအရှိသို့ ဖော်ဆောင်ပေးသူ
၁၉၆။	ဓမ္မစက္ကဝိဟာရကျောင်းတိုက်ကြီး တည်ထောင်သူ အရှင်စန္ဒြမဏီ (ဂုရုဂုရုမဟာဂုရု)၏သမိုင်းဝင်မှတ်တမ်းများ

စာမျက်နှာ အကြောင်းအရာ

၂၀၂။ ဆဋ္ဌသံဂါယနာတင်ပွဲတော်၌ ကုသိနာရုံ ဆရာတော်ဦးစန္ဒြမဏိ၏ သန္နေသကတာ
၂၀၃။ ပန်းဝါခရီး
၂၀၈။ ဆရာတော်ဦးစန္ဒြမဏိ၏ ထေရုပ္ပတ္တိ
၂၁၉။ ဆရာတော်ဦးကိတ္တိမာ၏ ထေရုပ္ပတ္တိ
၂၂၄။ မိဂဒါဝုန် ဦးကိတ္တိမာ
၂၂၈။ ဒုတိယမြောက်ဆရာတော် ဦးကိတ္တိမာ၏ ထေရုပ္ပတ္တိအကျဉ်း
၂၃၀။ အသျှင်တိက္ခိန္ဒြိယ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်း
၂၃၂။ ဘဒ္ဒန္တ တိက္ခိန္ဒြိယ၏ သာသနာပြုခရီး
၂၃၃။ ဆရာတော်တိက္ခိန္ဒြိယ ထေရုပ္ပတ္တိအကျဉ်း
၂၃၅။ သာသနာပြုစိတ်
၂၃၉။ မိဂဒါဝုန်မှ သာသနာပြု ဆရာတော်ဦးဝဏ္ဏဓဇ
၂၄၁။ မိဂဒါဝုန် မြန်မာကျောင်း နှစ်တစ်ရာ ပြည့်ပွဲတော်
၂၄၂။ မဇ္ဈိမဒေသမှ စစ်မှန်ဖြူစင်မေတ္တာရှင်များ
၂၅၀။ ထူးခြားဂုဏ်ရှင် မှတ်တမ်းတင်
၂၅၄။ မမြင်မီရှေးဦးက ကျေးဇူးပြုတတ်သောဆရာတော်
၂၅၇။ ရက္ခိတသဇင် ပြည်ဘရာတွင်ပွင့်ပါသည်
၂၆၄။ စတုတ္ထမြောက် ဆရာတော်ဦးဝဏ္ဏဓဇ ထေရုပ္ပတ္တိ
၂၆၉။ စတုတ္ထမြောက် ဆရာတော်ဦးဝဏ္ဏဓဇ ထေရုပ္ပတ္တိအကျဉ်း
၂၇၂။ ဘဒ္ဒန္တဝဏ္ဏဓဇ၏ သာသနာပြုခရီး
၂၈၃။ ပူဇော်ပွဲ
၃၂၂။ ဘဒ္ဒန္တဝဏ္ဏဓဇ၏ မြန်မာပြည်ခရီး ကျောင်းခြံမြေ အလှူခံမှတ်တမ်း
၃၂၉။ မိဂဒါဝုန်မြတ်ရိပ်မြို
၃၃၀။ ဂုဏ်ပြုဖော်ညွှန်း တည်မော်ကွန်း
၃၃၁။ ဆရာတော်ဘဒ္ဒန္တဝဏ္ဏဓဇ၏မိဂဒါဝုန်မော်ကွန်း
၃၃၂။ ကုသိုလ်စိတ်ထား ပုံရိပ်များ
၃၃၃။ အဝေးက ကန်တော့ပန်း
၃၃၄။ မိဂဒါဝုန်အား ဂုဏ်ပြုပူဇော်ခြင်း
၃၃၅။ မော်ကွန်းစာအုပ်ဖြစ်မြောက်ရေးကော်မတီ၏ ညှိနှိုင်းပွဲ မှတ်တမ်းမော်ကွန်း

ခရစ်ယာန်သာသနာပြုအဖွဲ့က

"တပည့်တော်တို့သည် လူအား ငွေအားဖြင့် အမျိုးမျိုး ကြိုးစားအားထုတ်ပါသော်လည်း
တစ်နှစ်လျှင် အများဆုံးလူပေါင်း (၁၀၀/၂၀၀) လောက်ကို ရဖို့ပင် များစွာခက်ခဲလှပါသည်။
ဆရာတော်ကြီးမှာ မူကား လူအားငွေအား ပင်ပန်းစိုက်ထုတ်ရန် မလိုအပ်ဘဲ
တစ်နေ့တည်း၌ပင် လူပေါင်း(၂)သိန်းကျော်ကို
ဗုဒ္ဓဘာသာသို့ သွတ်သွင်းနိုင်သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းဖြစ်ပါသည်။"